## အခန်း (၁)

ကိုစံထွန်းဟာ သူ့သားကြီးသြရသကို အရမ်းချစ်တယ်။ မောင်နုဆိုးတာကို တယောက်ယောက်က ပြောရဂ်င် ကျေးဇူးရှင်ဦးရွှေကုန်းက အလိုလိုက်လွန်းလို့။ ဦးရွှေကုန်းရဲ့ ဇနီးက အလိုလိုက်လွန်းလို့ အစရှိသဖြင့် ကိုစံထွန်းဟာ အခြား လူတွေကို လွှဲချလေ့ရှိတယ်၊ သူနဲ့ ဇနီး မစောခင်တို့ အလိုလိုက်တာလဲ ထူးမခြားနားပါဘဲ၊ ကိုစံထွန်းဟာ သူ့သားမောင်နုကို စိတ်ဆိုးရင် မျက်နှာကြီး မှုန်ကုပ်ကုပ်လုပ်ထားတယ်၊ ဒါထက်ပိုပြီး စိတ်ဆိုးလာရင် မောင်နုကို ဘာမှ မပြောဘူး။ အနီးအနားလူတွေကို မဲပြီး အော်လားငေါက်လား လုပ်တယ်။ ဒါထက် မခံမရပ်နိုင်အောင် ပိုပြီးစိတ်ဆိုးလာရင် ရှူးရှူးရှားရှားနဲ့ အိမ်အပြင်ဘက်ကို ထွက်သွားတာဘဲ၊ ဒါပေမယ့် အိမ်ပြန်လာရင် သားစားဘို့၊ သားကြိုက်တတ်တဲ့ အစားအသောက်တခုခုကို ဝယ်လာတယ်။ သားကြိုက်တတ်တဲ့ ပစ္စည်းတခုခုဝယ်လာတယ်။ ဒါမှမဟုတ်ရင်လည်း ဟင်းချက်စရာ တွေဝယ်လာပြီး ဟင်းအထူးအဆန်းတွေကို သူကိုယ်တိုင်ချက်ကျွေးတယ်။ ဘယ်လောက်အလိုလိုက်တယ်ဆိုတာ ထင်ရှားအောင် သာဓကတခု ထုတ်ပြဦးမယ်။ ကိုစံထွန်းဟာ ချမ်းသာကြွယ်ဝသူမဟုတ်ပါဘူး။ ဝါးခယ်မ ဈေးထဲမှာ အထည်ဆိုင်ကလေးနဲ့ သဃ်္ကန်းပရိကရာဆိုင်ကလေးသာရှိတဲ့ ဆိုင်ပိုင်ရှင်ကလေးမျှသာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူချစ်တဲ့ သားမောင်နုအတွက် ရီစုမဲ့စုကလေးကို ခြစ်ချုပ်ပြီး မြင်းတကောင်နဲ့ အမိုးဖွင့်ရထားတစင်းကို ဝယ်ပေးတယ်။ ဝါးခယ်မမြို့ကလေးက ကျဉ်းကျဉ်းလေး။ ရထားစီးစရာနေရာမရှိပါဘူး။ ဒါကြောင့် ကိုစံထွန်းထက် အဆပေါင်းများစွာချမ်းသာတဲ့ သူဌေးတွေထဲမှာတောင် အရှေ့ပိုင်းကသူဌေး ဦးဖေကြီး တယောက်ထဲမှာသာ မြင်းရထားတစင်းရှိတယ်။ သူကတော့ အပျော်စီးဘို့ ဝယ်ထားတာမဟုတ်ပါဘူး။ ဝါးခယ်မအနောက်ဖျားမှာ သူဆောက်ထားတဲ့ ဘုန်ကြီး ကျောင်းကြီးတကျောင်းရှိတယ်။ သူဟာအသက်ကြီးလာတော့ အဲဒီဘုန်းကြီးကျောင်း ကို မြင်းရထားနဲ့ဘဲ သွားနိုင်တော့တယ်။ အဲဒါကြောင့် ရထားတစင်းကို ဝယ်ယူထားတာဖြစ်တယ်။ ကိုစံထွန်းကတော့ ဒီလိုသွားစရာ ဘယ်မှာမှ မရှိပါဘူး။ မရှိဘူးဆိုတာလည်း သူသိပါတယ်။ ဒါပေမဲ့ သူချစ်တဲ့သား မောင်နု အတွက် သူတခုခုလုပ်ပေးချင်တဲ့ ဆန္ဒဟာ သူ့မှာ အင်မတန် ပြင်းပြနေပါတယ်။အဲဒီဆန္ဒကို နှစ်သိမ့်တဲ့အနေနဲ့ ရှိစုမဲ့စုကလေး စုဆောင်းပြီး အဲဒီမြင်းရထားကို ကိုစံထွန်း ဇွတ်အတင်းဝယ်လိုက်တာ်ပါပဲ။ သူ့မြင်းကို မိုင်ပျောက် လို့နံမည်ပေးထားတယ်။ မိုင်ပျောက်ကလည်း အလိုလိုက်ထားလို့ထင်ပါရဲ့ ခပ်ဆိုးဆိုးပဲ။ မြင်းစောင်းထဲက ထုတ်တိုင်း တော်တော်ဆွဲဆွဲပြီး ထုတ်ရတယ်။ ဒါတောင် တခြားလူ ထုတ်လို့ မရဘူး။ သူ့ကိုထိမ်းနေတဲ့ ရှူးပေါပေါ စောလှိုင်ကိုယ်တိုင်တောင် ချော့မော့ပြီးထုတ်မှ ရတယ်။

တခြားသူဆိုရင် မြင်းစောင်းထဲမှာ အော်ဟစ်ခုံပေါက် ကန်ကျောက်နေတာဘဲ။ မောင်နုရဲ့ အမေ မစောခင်ကတော့ ကိုစံထွန်းလို မဟုတ်ဘူး။ တခါတခါ သူ့သားကို ပြောမရရင် ဒုတ်တွေ့ရင် ဒုတ်နဲ့၊ ဒုတ်မရှိရင်လက်နဲ့ တအားရွယ်ပြီး မောင်နုရဲ့ ကိုယ်ကိုထိတဲ့အခါကြတော့ ရေကိုဂွမ်းနဲ့တို့သလို အသာကလေးတို့တယ်။ အဲဒီလိုရိုက်နေတုန်း မောင်နုရဲ့ အမဝမ်းကွဲ မသိန်းတင် အနားမှာရှိနေရင် အဒေါ်ခလေးကို သိပ်မရိုက်ပါနဲ့၊ ပေါက်ပြကုန်ဦးမယ်လို့ အမြဲတမ်းဝင်ပြောလေ့ရှိတယ်။

၁၉၁၂ ခုနှစ်အတွင်း မောင်နုကို ဝါးခယ်မမြို့ အင်္ဂလိပ် -မြန်မာ အလယ်တန်းကျောင်းမှာ အပ်လိုက်တယ်။ မောင်နုဟာ စာတော်သူလည်းမဟုတ်၊ ဘုတ်ထိုင်းလည်းမဟုတ်၊ နှစ်စဉ်နှစ်တိုင်း အတန်းတင်စာမေးပွဲလုပ်တဲ့အခါ သာမာန်အောင်တဲ့ ကျောင်းသားစာရင်းမှာ အောက်နားက အမြဲတမ်း ကပ်လိုက်နေသူဖြစ်တယ်။ ကျောင်းကို ရောက်တဲ့အချိန်ကစပြီး သူဟာ လူကြီးတွေကို မဆဲတော့ဘူး။ ကော့ပြတာတွေ တခြားတနည်းနည်းနဲ့ စော်ကားတာတွေလည်း သူ့မှာ မရှိတော့ဘူး။ ဒါဟာ သူ့အတွက် ထူးခြားတဲ့အချက်တခုပဲ။ အဲဒါကြောင့် နေ့တနေ့မှာ ကျွန်တော်ဟာ ကိုစံထွန်းဆီသွားပြီး ခင့်ဗျားသားဟာ အခု လူကြီးတွေကို မဆဲတော့ဘူး။ ကော့လည်း မပြတော့ဘူး။ စော်လည်း မစော်ကားတော့ဘူး။ ခင်ဗျားသတိထားပြီး ကြည့်မိရဲ့လားလို့ ကျွန်တော်မေးတယ်။

ထွန်း ။ ။အေး။သတိထားမိတယ်။

နု ။ ။အဲဒါဟာခင်ဗျားသားအတွက်အရေးကြီးတဲ့ထူးခြားချက်တခုပဲ။

ထွန်း ၊ ။ဘယ်လိုအရေးကြီးတဲ့ထူးခြားချက်မျိုးလဲကွ။

နု ။ ။ ခင်ဗျားသားရဲ့ နဂိုရ်စိတ်ရင်းထဲမှာ ဆိုးတဲ့စိတ်ရှိရင် လူကြီးတွေကို အခုထက်ထိဆက်ပြီး စော်ကားနေဦးမှာဘဲ။ အခုမစော် ကား တော့ တာကို ထောက်ကြည့်ရင် အရင်တုန်းက စော်ကားခဲ့တာဟာ သူကိုယ်တိုင်က ဆိုးလို့မဟုတ်ဘူး။ သူ့ဘကြီး မြောက်ပေးခဲ့လို့ဆိုတာထင်ရှားနေတယ်။ အဲဒီတော့ ခင်ဗျားသားဟာ လူဆိုးမဟုတ်ဘူး။ ကောင်းတဲ့ပတ်ဝန်းကျင်ထဲမှာ ထားနိုင်ရင် လူကောင်းကလေးဖြစ်လာလိမ့်မယ်။ ဆိုးတဲ့ပတ်ဝန်း ကျင်ထဲမှာထားရင် လူဆိုးကလေး ဖြစ်သွားနိုင်စရာအကြောင်းရှိတယ်လို့ ကျနော်ယူဆတယ်။ ဒါပေမဲ့ အခုပြောတာဟာ အတည်တော့မဟုတ်သေးဘူး။ ငါးနှစ်သားဆိုတာ ငယ်သေးတယ်။ နောက်ထပ်နဲနဲလောက် စောင့်ကြည့်ချင်သေးတယ်။

ငါးနှစ်သားမှ ကိုးနှစ်သားအထိ မောင်နုမှာ ကောင်းတာကိုလဲ ထူးထူးခြားခြားမတွေ့ရ၊ ဆိုးတာကိုလည်း ထူးထူးခြားခြားမတွေ့ရ။ ကိုးနှစ်သား ဖြစ်လာတဲ့အခါမောင်နုဟာ လေးတန်းကို ရောက်နေပြီ။ အဲဒီတော့ မောင်နုမှာ ကျောင်းသားသူငယ်ချင်းတွေလည်း ရှေးကထက်ပေါလာတယ်။ အရပ်သား မိတ်ဆွေတွေလည်း ရှေးကထက် ပေါလာတယ်။

ဒီအရပ်သားမိတ်ဆွေတွေထဲက ပန်းရီဆိုတဲ့ မိတ်ဆွေဟာ တခြား မိတ်ဆွေတွေထက် ထူးခြားတယ်။ အဲဒါကြောင့် ဒီနေရာမှာ ပန်းရီအကြောင်းကို နဲနဲလောက်ဖေါ်ပြသင့်တယ်။

ပန်းရီဟာ ပင်လယ်ပိုင်းက အလုပ်ကြမ်းသမားတဦးဖြစ်တယ်။ ပင်လယ်ကုန်လှေ တစင်းမှာ လှေထိုးသားအဖြစ်နဲ့ ဝါးခယ်မကိုရောက်လာတယ်။ ငှက်ဖျားရောဂါ အပြင်းအထန်ဖြစ်တာနဲ့ သူ့လှေသူကြီးဟာ သူ့ကိုဆေးရုံတင်တယ်။ သူဆေးရုံက မဆင်းခင် လှေထွက်သွားတယ်။ ဆေးရုံကဆင်းတဲ့အခါ ကိုစံထွန်းနဲ့တွေ့ပြီး ထမင်းချက်အဖြစ်နဲ့ အိမ်ကိုရောက်လာတယ်၊ ပန်းရီဟာ မောင်နုထက် (၁၅)နှစ် လောက်ကြီးတယ်။

ပန်းရီဟာ အလုပ်သိပ်လုပ်တယ်။ ထမင်းချက် ဆိုပေတဲ့ အားတာနဲ့ တပြိုင်နက် အလကားထိုင်မနေဘူး။ ရေထမ်းတယ်။ အဝတ်ဖွတ်တယ်။ အိမ်မှာသန့်ရှင်းရေး လုပ်တယ်။ အိမ်ရှေ့က ပန်းခြံကလေးထဲမှာ သစ်ပင်ရေလောင်းတယ်။ ဆိုင်ထွက်နေတဲ့ မစောခင်ဆီကို ထမင်းပို့တယ်။ မောင်နုနဲ့သူ့ထက် တနှစ်ငယ်တဲ့ ညီမောင်ဥ တို့ကို ကျောင်းလိုက်ပို့တယ်။ ကျောင်းအပြန်အသွား ကြိုတယ်။ အရပ်စကားနဲ့ပြောရရင် ပန်းရီဟာ 'ဖင်သိပ်ပေါ့တယ်'။ အဲဒီလို ဖင်ပေါ့တာကြောင့် ညဘက်အလုပ်ပြီးတဲ့ အချိန်မှာ သူဟာ ကစော်နဲနဲသောက်လေ့ရှိတာကို အိမ်သူအိမ်သားတွေ မကြိုက်ပေမဲ့ ဘာမှမပြောကြဘူး။လျစ်လျူရှုထားကြတယ်။

တခါမှာတော့ ပန်းရီဟာ ပုညကောသလအသင်းရဲ့ ကထိန်မှာ ပတ်စာခွာ ဖျာသိမ်းတဲ့အထိ မနေမနား သွားပြီး ကူတဲ့အတွက် အသင်းလူကြီး တဦးဖြစ်တဲ့ ဦးလူကလေးက ပန်းရီကို သူတို့လူကြီးတွေသောက်ပြီးလို့ ပုလင်းထဲမှ နဲနဲ ကျန်နေသေးတဲ့ မြင်းဖြူတံဆိပ် ဘိလပ်အရက်ကို ပေးလိုက်တယ်၊ ပန်းရီဟာ ဘိလပ်အရက်ကို အခွင့်ကောင်းရမှ ကျကျနန သောက်မယ်ဆိုပြီး အိမ်အပြင်ဘက် ထင်းစင်နဲ့ ကပ်ဆောက်ထားတဲ့ သူ့အခန်းလေးထဲမှာ သိမ်းထားလိုက်တယ်။ ညတည ရောက်တဲ့အခါ မန၊လေး ကတရားဟောကောင်းတဲ့ ဆရာတော်တပါး ပုညကောသလ အသင်းမှာ တရားဟောတယ်။ ဒေါ်ကြီးဟာ နားလေးနေတဲ့အတွက် တရားပွဲ မသွားနိုင်ဘူး။ အဲဒါကြောင့် အိမ်မှာ အိမ်စောင့်အဖြစ် ဒေါ်ကြီး၊ မောင်နု၊ မောင်ဥနဲ့ ပန်းရီတို့ပဲကျန်ရစ်တယ်။

ညတိုင်းကိုးနာရီလောက်မှာ မောင်နုနဲ့ မောင်ဥ အိပ်ရာဝင်ကြရတယ်၊ မဝင်ခင် ပန်းရီဟာ သူတို့ကို အိမ်သာထဲခေါ်သွားပြီး သေးတယ်ရတယ်။ အဲဒီညမှာ အိမ်သာကအပြန် ပန်းရီဟာ မောင်ဥကို အိပ်ရအောင် လွှတ်လိုက်ပြီး မောင်နုကို သူ့အခန်းထဲလက်တို့ခေါ်သွားတယ်။ အခန်းထဲရောက်တဲ့အခါ အခန်းတခါးကို ပိတ်လိုက်ပြီး ပန်းရီဟာ သခွားသီးတလုံးရဲ့ထိပ်ကို ဒါးနဲ့ဖြတ်တယ်၊ အဲဒီထိပ် နဲ့သခွားသီးရဲ့ ဖြတ်ထားတဲ့နေရာကို ပွတ်ပေးတဲ့အခါ အစီးတွေထွက် လာတယ်။ အဲဒီအစီးတွေကို ရေစင်အောင်ဆေးပစ်လိုက်ပြီး ပန်းရီဟာ သခွားသီးကို အစိပ်စိပ်

လေးတွဖြစ်အောင် လှီးတယ်။ နောက်ပြီးတော့မှ အသင့်လုပ်ထားတဲ့ ဖန်ခွက်တခွက်ထဲကို ဘိလပ်အရက် လက်တလုံး မရှိတရှိလောက်ထဲ့ပေးတယ်။ အဲဒီအရက်ကိုမှ မောင်နုသောက်နိုင်အောင် သံပုရာနဲ့ သကြားရေရောထားတဲ့ ဖျော်ရေတွေနဲ့ ရောပြီး ဖျော်ပေးတယ်။ သူ့ရဲ့ညွှန်ကြားပြသချက်အရ မောင်နုဟာ အရက်ကို သခွားသီး အမြည်းနဲ့ သောက်ရတယ်။ အဲဒီအချိန်ကစပြီး မောင်နုနဲ့ ပန်းရိတို့ဟာ မိတ်တွေရင်းချာတွေဖြစ်သွားကြတယ်။

ပန်းရီမှာ စေတနာရှိပေတဲ့ လူကြီးတွေ သိသွားမှာစိုးတဲ့အတွက် ပန်းရိဟာ မောင်နုကို သူသောက်သလို ညတိုင်းအ ရက်မတိုက်နိုင်ဘူး။ လူကြီးတွေ လစ်တဲ့အချိန်မျိုးမှာသာ မောင်နုကို သူရဲ့အခန်းထဲလက်တို့ ခေါ်သွားခွင့်ရတယ်။ ဘိလပ်အရက်ကုန်တဲ့အခါ ပန်းရိနဲ့ မောင်နု တို့ဟာ ကစော်ဘက်ကို လှည့်ကြရပြန်တယ်။ မောင်နုအတွက် ကစော်ဟာ သိပ်လဲမများ၊ အဲဒီအထဲမှာ သံပုရာဖျော်ရေတွေ ခပ်များများနဲ့ ရောပေးထားတဲ့အတွက်မောင်နုအဘို့အဝင်မဆိုးလှဘူး။

ပုလင်း မိတ်ဆွေတွေ အဖြစ် ပန်းရီနဲ့မောင်နုတို့ဟာ အတော်ရင်းနှီးလာတဲ့အခါ ပန်းရီဟာ ရှေ့ကို ခြေတလှမ်းတိုးတဲ့အနေနဲ့ မောင်နုကို သူ့အမေဆိုင်က ပိုက်ဆံအခိုးခိုင်းတယ်။ မောင်နုက ၂ ရက်တခါ၊ ၃ ရက်တခါခိုးခိုးပေးရတယ်။ တခါတလေ တကျပ်၊ နှစ်ကျပ်၊ တခါတလေ ၄–၅ကျပ်။ တခါတလေ တဆယ်ကျော်လောက်အထိ ခိုးလို့ရလာတယ်။ အဲဒါတွေအားလုံးပန်းရီကို ပေးလိုက်ရတယ်။ ခိုးတာမှ မက်လုံးရှိအောင် မောင်နုကို ပန်းရီက ဒီပိုက်ဆံနဲ့ ငါဝယ်ပေးမယ်။ ဘာလိုချင်သလဲ လို့မေးတယ်။ မောင်နုက ခလေးတွေကစားတဲ့ ဘောလုံးနဲ့ မောင်းချဒါးကို လိုချင်တယ်လို့ပြောတယ်။ ပန်းရိက လူပါး။ အဲဒီတော့ မောင်နု ခိုးပေးလိုက်တဲ့ ပိုက်ဆံနဲ့မဝယ်ဘူး။ ဘောလုံးနဲ့မောင်းချဒါးကု ိခိုးတတ်အောင် မောင်နုကိုသင်ပေးတယ်။သင်ပုံကဒီလို။

ဝါးခယ်မဈေးက လေးဒေါင့်ပုံသဏ္ဍာန်ရှိတဲ့ အထည်ဈေးရုံကြီးထဲကို ဝင်ဘို့ အရှေ့ဘက်မှာလေးပေါက်။ အနောက်ဖက်မှာ လေးပေါက်။ ဝင်ပေါက် ပေါင်း ၈ပေါက် ရှိတယ်။ အဲဒီအဝင်ဝတွေမှာကျူလီယာ ကုန်စုံဆိုင်လေး တွေရှိတယ်။ အဲဒီ ကျူလီယာလေးတွေဟာ မူဆလင်တွေဖြစ်တဲ့အတွက် သောကြာနေ့တိုင်း နေ့လည် တချက်တီးမှ သူတို့ရဲ့ဆိုင်တွေကို ဖွင့်တယ်။ မောင်နုရဲ့အမေ မစောခင် အထည်ဆိုင် တန်းကို ဝင်တဲ့အပေါက်ဝမှာ ကျူလီယာ ကုန်စုံဆိုင်တဆိုင် ရှိတယ်။ ပန်းရီဟာ မစောခင်ဘို့ နေ့စဉ်ထမင်းသွားပို့ရတဲ့အတွက် သောကြာနေ့တိုင်းမှာ ဒီဆိုင်ရဲ့ အနေအထားကို လေ့လာခွင့်ရတယ်။ အဲဒါကြောင့် ဒီဆိုင်ရဲ့ပျော့ကွက်ဟာ ဘယ်နေရာမှာရှိတယ်ဆိုတာ သူကောင်းကောင်းသိတယ်။ ဒီဆိုင်ကလေးတွေရဲ့ နောက်ကျောဟာ အထည်ဈေးရုံကြီးရဲ့ နံရံဖြစ်တယ်။ အဲဒီနံရံကို ကပ်ပြီး အင်္ဂတေ ဆိုင်ခုံကလေးတွေ ဆောက်ထားတယ်။ အဲဒီဆိုင်ခုံတခုပေါ်မှာ ကုန်စုံဆိုင် တခုကျစီ စပ်ထားတဲ့ တံခါးအရှင်ဖြစ်တယ်။ ဆိုင်ပိတ်ချိန်ကျရင် အဲဒီပျဉ်ပြားတွေကို

ဆိုင်ခုံအောက်ကထုတ်။ ဆိုင်ရဲ့ ဘေး ၂ ဘက်နဲ့ရှေ့မှာ သူတို့ကို ထိန်းထားပေးဘို့ တပ်ထားတဲ့ သစ်သားတန်းတွေရဲ့ ကြားထဲကို ထဲ့လိုက်ပြီး မျောက်လက်တပ်ထားတဲ့ ပျဉ်ပြား ၂ချပ်ကို သော့ခတ်လိုက်တာပါဘဲ။ ဆိုင်ဖွင့်ချိန်ကျရင် သော့ခလောက်ကို ဖွင့် ပျဉ်ပြားတချပ်စီ ထုတ်ပြီး ထိုင်ခုံအောက်သွင်းထားလိုက်ကြတယ်၊ နှစ်တွေ ကြာလာတော့ ဒီပျဉ်ပြားတွေထဲမှာကျုံ့တဲ့ဟာ ကကျုံ့၊ လိမ်တဲ့ဟာက လိမ်၊ ကောက်တဲ့ဟာ ကောက်ကုန်ကြပြီ။ ဒီပျဉ်ပြားတွေထဲက တချို့ပျဉ်ပြားကို အားကောင်းကောင်းနဲ့ ဖိပြီးတွန်းလိုက်ရင် ခလေးလက် တချောင်းဝင်နိုင်အောင် အပေါက်ကလေးဖြစ်သွားတယ်။

မောင်နုလိုချင်တဲ့ ဘောလုံးတွေကို ပိုက်ကွန်လိုဟာမျိုးနဲ့ အုပ်ပြီး ဆိုင်ရဲ့ မျက်နှာကျက်မှာဆွဲထားတယ်။ မောင်းချဒါးကလေးတွေကျတော့ ဆိုင်ခုံပေါ်မှာ တင်ထားတယ်။ အဲဒီတော့ ဘောလုံးကို ခိုးချင်ရင် ပန်းရီဟာ သူ့ဂုတ်ပေါ်မှာ မောင်နုကို ခွထိုင်ခိုင်းပြီး သူကခွေးခြေတခုပေါ်မှာ ရပ်ရတယ်။ ပြီးတော့မှ တံခါးတချပ်ကို သူကတအားဖိတွန်းတယ်။ ပွင့်လာတဲ့ အပေါက်ကလေးက မောင်နုဟာ ဘောလုံးကိုခိုးရတယ်။ မောင်းချဒါးကို ခိုးတဲ့အခါကျ တော့ ဒီလောက်ခဲခဲယဉ်းယဉ်း မကြံရဘူး။ ပျဉ်ပြားရဲ့ အောက်ပိုင်းကို ပန်းရီက ဖိတွန်းပေးပြီးမောင်နု က အသာကလေး နိုက်ယူရတာပါပဲ။ ခိုးရင် ဒီဘဝမှာ ထောင်ကျနိုင်တယ်။ နောက်ဘဝမှာ ငရဲကျနိုင်တယ်။ ဆိုတာတွေကို မောင်နု မကြားဖူးဘူး။ အဲဒါကြောင့် ဒီလိုခိုးရတာကို သိပ်ပျော်ပြီး သွားခိုးရအောင် ပန်းရီကို ခဏခဏ ပူဆာတယ်။ ဒါပေမဲ့ ခိုးချင်ရင် ဈေးမစည်ခင် ခြောက်နာရီနဲ့ ခြောက်နာရီခွဲ အတွင်းမှာ ခိုးရမယ် အဲဒီအချိန်မှာ မောင်နုရဲ့ အမဝမ်းကွဲ မသိန်းတင်ကိုယ်တိုင် ကွပ်ကဲပြီး အတင်း စာကြည့်ခိုင်းထားတာဆိုတော့ မောင်နုဟာ ခိုးချင်တိုင်း ခိုးခွင့်မရရှာဘူး။ တလနှစ်လကြာမှတခါလောက်ပဲရတယ်။

နောက်ထပ် သုံးကြိမ်လောက်ခိုးပြီးတဲ့အခါ ခိုးနေတာကို မြင်ရတဲ့ မိတ်ဆွေတွေက ပြန်ပြောကြတယ် ထင်ပါရဲ့။ ဆိုင်ရှင် ကျုလီယာကုလားတွေ သိသွားကြတယ်၊ သူတို့က မောင်နုရဲ့ မိဘတွေကို တိုင်ကြတဲ့အတွက်နောက်ထပ်ခိုးခွင့်မရဘူး။ အဲဒါကြောင့် ပန်းရီရဲ့ ခြေဦးဟာ တဘက်ကို ဒီလို လှည့် သွားပြန်တယ်။

ဝါးခယ်မ ကမ်းနားလမ်းညဈေးတန်းမှာ အသုပ်ရောင်းတဲ့ တရုပ်ဆိုင်တဆိုင်ရှိတယ်။ ဒီဆိုင်ရှင် တရုပ်ဟာ သွပ်လင်ပန်းကြီးထဲမှာ အသားမျိုးစုံ ထည့်ထားပြီး ဝယ်စားသူ လာရင် ကြိုက်ရာအသားကို သုပ်ကျွေးတယ်။ များသောအားဖြင့် ဒီတရုပ်ဟာ ဘိန်းငိုက်နေတယ်။ အဲဒါကြောင့် ပန်းရီနဲ့ မောင်နုဟာ တပဲဘိုးစီလောက်စားပြီး တရုပ်ဘိန်းအငိုက်မှာ သွပ်လင်ပန်းထဲကသူတို့ကြိုက်ရာ အသားတွေကို သူတို့ ပန်းကန်ထဲ ခိုးခိုး ထည့်ကြတယ်။ ဝတော့မှ ထပြန်ကြတာပဲ။ အဲဒီတရုပ်ဆိုင်မှာ ခိုးရတာဟာ ပိုင်ရှင်ကို ရှေ့မှာထားပြီး ခိုးရတာကြောင့် ကျုလီယာကုလားဆိုင်မှာ ခိုးရတာထက် ပိုပြီးကြီးကျယ်တယ်။ ခက်ခဲတယ်။ သတိနဲ့ စွမ်းရည်ပိုလိုတယ်လို့

ပန်းရိက မောင်နကို လိုမ့်ထားတယ်။ အဲဒီလိုမ့်တာကို အဟုတ်ကြီးထင်နေတဲ့အတွက် သူဟာ ကြီးကျယ်တဲ့ ခက်ခဲတဲ့ အလုပ်ကြီးတခုကို လုပ်ရပေပြီ။ သတိနဲ့ အစွမ်းရှိတဲ့လူတယောက် ဖြစ်နေပြီလို့ ယူဆပြီး မောင်နဟာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်။ နဲနဲဘဝင်မြင့်ချင်သလိုလိုလဲ ဖြစ်လာတယ်။

နောက်များမကြာမီ ပန်းရီဦးနောက်ထဲမှာ အကြံသစ်တခုပေါ်လာပြန်တယ်။ ဒီအကြံသစ်အရ မီးဖိုချောင်ရဲ့ လက်တလုံးလောက်စိ ကြဲနေတဲ့ ပျဉ်ကြားတွေထဲက ပိုက်ဆံကြိုးကို ဂွင်းလျှောလုပ်ပြီး မြေကြီးပေါ်ကို ချထားတယ်။ အဲဒိဂွင်းလျှောထဲမှာ ဆန် လေးငါးစေ့ကြဲထားတယ်။ မီးဖိုအောက်ကို ရောက်လာတဲ့ အိမ်နီးချင်းအိမ်က ကြက်တွေဟာ ဂွင်းလျှောထဲကဆန်ကို စားတာနဲ့ တပြိုင်နက်ပန်းရီဟာ ကြိုးကို တအားတုပ်ဆွဲလိုက်တယ်။ မောင်နက ဂွင်းလျှောထဲမှာ မိနေတဲ့ ကြက်ကို ဆင်းဖမ်းရတယ်၊ ပြီးတော့မှ သူတို့နှစ်ယောက်ချက်ပြီး တချို့ကို ထမင်းနဲ့စားတယ်။ တချို့ကို ကစော်နဲ့မြည်းကြတယ်။ ဒီအကြံသစ်ဟာ ဘဲသားသုတ်ကောင်းတဲ့ တရုတ်ကြီး ကုသိုလ်ကောင်းဘို့ဖြစ်လာရတယ်၊ အိမ်မှာကြက်သားကို ဖိုက်ကားနေအောင် တုပ်နေကြရတဲ့အတွက် မသူတော်နှစ်ယောက်ဟာ ညဈေးတန်းကို ခါတိုင်းလိုသွားပြီး ခိုးစားဘို့မလိုတော့ဘူး။
နောက်များမကြာခင် ပန်းရိနဲ့မောင်နဟာ ထိုင်ပြီး ကစော်သောက်နေကြရင်း ပန်းရိက ဟော့ကောင် မောင်န မင်းလင်မယားလုပ်တမ်းကစား ပါလားလို့ အကြံ ပေးလိုက်တယ်။
ဘယ်လိုကစားရမှာလဲ။
ဒီကောင်ဟာ စောက်အပဲ။ လင်မယားလုပ်တမ်းကစားတယ်ဆိုတာ ဒီလို လုပ်ရတယ်ကွလို့ အစချီပြီး သူတတ်သော နည်းမျိုးစုံကို လျှောက်သင်တော့တာဘဲ။ ဒီလောက်ကြာအောင်ပေါင်းလာပြီးတဲ့အခါ မောင်နဟာ ပန်းရိကို အတော်ကြီး ကြည်ညိုနေပြီ။ တော်တော်စွမ်းတဲ့လူ။ အကြံကောင်းဉာဏ်ကောင်းတွေ အများကြီး ပေးနိုင်တဲ့လူလို့ သူ့စိတ်ထဲမှာ ယူဆထားပြီးပြီ။အဲဒါကြောင့် ပန်းရီပြောပြီးတဲ့အခါ ခါတိုင်းထက် ပိုပြီးကြည်ညိုနေတဲ့စိတ်နဲ့ ဘယ်သူနဲ့ကစားရမလဲလို့ မောင်နက ပြန်မေးတယ်။ အဲဒီအချိန်က မောင်နတို့အိမ်မှာ အစေခံ မိန်းကလေး ၂ယောက် လောက်ရှိတယ်။ တယောက်က အသက်၂၀လောက်ရှိနေပြီ။ တယောက်ကတော့ မောင်နနဲ့ ရွယ်တူလောက်ဘဲ။ ကိုးနှစ် ကျော်ကျော်လောက် သာရှိသေးတယ်။ သူတို့ရဲ့ နာမည်အမှန်ကို မပြောချင်ဘူး။ အဲဒိတော့ အကြီးမကို မယ်တင်။ အငယ်ကို လုကြွေလို့ပဲခေါ်ကြပါစို့။
ပန်းရီဟာ နောက်တနေ့ကျတော့ လုကြွေရဲ့ပန်းကန်ထဲကို ဟင်းတွေအများကြီး ထည့်ပေးရင်း လုကြွေ ငါ့ပြောတဲ့စကားကို နင်နားထောင်နော်။ နင့်ကို နေ့တိုင်း ဒီလိုပဲ ဟင်းတွေအများကြီး ထည့်ပေးမယ်လို့ ပြောတယ်။လုကြွေက ဟုတ်ကဲ့လို့ ဖြေတယ်။

ထမင်းစားပြီးတဲ့အခါ ပန်းရီဟာ လှကြွေကိုပိုက်ဆံတပြားပေးတယ်။ လှကြွေဟာ သိပ်ဝမ်းသာသွားတယ်။ နောက်ကိုလည်း သုံးလေးရက်ဆက်ပြီးပန်းရီဟာ လှကြွေကို ဒီလိုဘဲ လောကွပ်လုပ်တယ်။ စနေနေ့ကျောက်လာတဲ့အခါ နေ့လည် တချက်တီးလောက်မှာ ကိုစံထွန်း ၊ မစောခင်တို့ကဆိုင်မှာရှိနေတယ်။ ဒေါ်ကြီးက အိပ်နေတယ်။မသိန်းတင်နဲ့ မယ်တင်တို့က ဈေးထွက်ဝယ်ကြတယ်။ မောင်နုရဲ့ညီ မောင်ဥကလည်း အိမ်ရှေ့မှာ ဖန်ဒိုးပစ်တမ်းကစားနေတယ်။ ပန်းရီဟာ လှကြွေနဲ့ မောင်နုတို့ကို နင်တို့လင်မယားလုပ်တမ်း ကစားရမယ်လို့ပြောပြီး သူ့အခန်းထဲက ဈေးလက်လေးသစ်တက်ချင်စော်နံနေတဲ့ သူ့ခြင်ထောင်ထဲ သွင်းပေးလိုက်တယ်။ သူတို့နှစ်ဦးစလုံးဟာ ခလေးတွေ ရှိကြသေးတာဘဲ။ အဲဒိလောက်တော့ ပန်းရီက ဘာတွေကို သင်ပေး သင်ပေး၊ သူတို့နှစ်ဦးရဲ့ လင်မယားလုပ်တမ်းကစားတာဟာ လူကြီးတွေကစားတာမျိုးတော့ဘယ်ဖြစ်မလဲ။
ခလေးကစားတာမျိုးလောက်ဘဲဖြစ်တာပေါ့။
တနေ့မှာ ပန်းရီဟာ အိမ်ကို တံမျက်စီးလှည်းရင်း အိမ်ခေါင်းရင်းက စားပွဲခုံ တခုပေါ်မှာ ငွေဒင်္ဂါးတွေနဲ့ ငွေစတွေကို တွေ့တယ်။ အားလုံးပေါင်း တစ်ရာဘိုး လောက်ရှိလိမ့်မယ်။ အဲဒီငွေတွေကို သူလိုချင်တယ်။ အဲဒါကြောင့် မောင်နုကို ခေါ်ပြီး ဒီငွေတွေကို အခိုးခိုင်းတယ်။မောင်နုကလည်း ပန်းရီပြောတဲ့အတိုင်းလုပ်တာဘဲ။ မောင်နုရဲ့ ဦးလေး ကိုဘဟာ မောင်နုတို့ကျောင်းမှာ လေးတန်းပြဆရာ လုပ်နေတယ်။ အဲဒိငွေတွေဟာ ကျောင်းပိုင်ငွေတွေ။ လွန်ခဲ့တဲ့နေ့ ကျောင်းစာရေး အိမ်ပြန်သွားတဲ့ အတွက် မအပ်ခဲ့ရသေးဘဲ အိမ်ကိုယူလာတာဖြစ်တယ်။ နောက်တနေ့ ကျောင်းသွား ခါနီးမှာ ငွေတွေကို ရှာမတွေ့တဲ့အတွက်၊ ကိုဘဟာ မောင်နုနဲ့ မောင်ဥကို ခေါ်ပြီးမေးတယ်။
မောင်ဥ၊ဒီအပေါ်ကငွေတွေကိုယူသလား။
ကျွန်တော်မယူဘူး၊ဦးလေး။
မောင်နုမင်းယူသလား။
ယူတယ်။
ဘယ်မှာလဲ။
ကိုပန်းရီဆီမှာ။
ပန်းရီမောင်နုပေးထားတဲ့ငွေတွေဘယ်မှာလဲ။
ကျွန်တော်မသိဘူး။
ခလေးကမင်းကိုပေးထားတယ်လို့ပြောနေပြီ။မင်းမလိမ်နဲ့။
ကျွန်တော်မလိမ်ဘူး။ ဟော့ကောင် မောင်နု မင်းဘာမဟုတ်တာတွေ လျှောက်ပြော နေတာလဲ။(မျက်လုံးပြူးပြီး)မင့်ငါ့ငွေပေးသလား။
ပေးတယ်။
မင်းမလိမ်နဲ့။

မလိမ်ဘူး။
ဟော့ကောင် ပန်းရီ ။အခုငွေထုတ်ပေးရင် မင်းသက်သာမယ်။ ဂါတ်တိုင်ပြီးမှ ဆိုရင် မင်းဒုကရောက်လိမ့်မယ်။
ကျွန်တော်မှမသိပဲ။
ကိုဘဟာ ဂါတ်တိုင်တဲ့အတွက် ဂါတ်က စာသင်တယောက်လိုက်လာပြီး ပန်းရီကို ခေါ်သွားတယ်။ ဂါတ်ကိုရောက်တဲ့အခါ ဘေးကို လက်သီးနဲ့ သုံးလေးချက်လောက်ပဲ ထိုးရတယ်။ ဝှက်ထားတဲ့ငွေကို ပြပါမယ်ဖြစ်လာတယ်၊ ငွေပြန်ရပြီးတဲ့နောက် ဦးလေးဟာ သူအစ်ကို ကိုစံထွန်းကို အကျိုးအကြောင်း ရှင်းပြပြီးပန်းရီကို နှင်ထုတ်ပစ်လိုက်တယ်။အမှုဆက်မလုပ်တော့ပါဘူး။
ပန်းရီထွက်သွားလို့ သုံးလေးရက် ကြာတဲ့အခါ မီးဖိုထဲမှာ ထမင်းချက်နေရင်း မယ်တင်ကမသိန်းတင်ကိုဒီလိုစပြောလိုက်တယ်။
တင်တင်ရယ်၊ ကိုပန်းရီကိုနှင်ထုတ်လိုက်တာ ကျမသိပ်ဝမ်းသာတါဘဲ။ ဒီလူဟာ မကောင်းဘူး။လူယုတ်မာ။
အင်း.....။
မောင်နုကိုသူ့အခန်းထဲခေါ်ပြီးအရက်ချော့တိုက်တယ်။
ဘယ်တုန်းကလည်း။
တင်တင်ရယ်။ဒီလိုတိုက်နေတာကြာလှပြီ။
ညီးငါ့ကိုချက်ချင်းဘာလို့မတိုင်သလဲ။
မောင်နုအရိုက်ခံရမှာသနားလို့။
ညီးကလဲအေ။ချက်ချင်းတိုင်ရောပေါ့။
ဒီထက်ဆိုးတာတောင်ရှိသေးတယ်။ တင်တင့်ကို ကျမ အခုမှ ဖွင့်ပြောမယ်။
ဘာလဲ။
ဒီပန်းရီဆိုတဲ့ကောင် ဟာ ကျမကို လူပျိုစကားပြောတယ်။ ညဘက်မှာ လူကြီး တွေ အိပ်ပျော်နေတုန်း သူ့အခန်းထဲမှာ သူနဲ့ လာအိပ်ဘို့ ခဏခဏ ခေါ်တယ်။ သူခေါ်တိုင်း ကျမက သူ့ကို အမေနဲ့ချည်းပဲ ကလော်တုတ်တာပဲ။
မယ်တင်ရယ်၊ငါ့ကိုချက်ချင်းတိုင်ရောပေါ့။
တနေ့မှာ မီးဖိုချောင်ထဲမှာ ကျမလက်ကို ဆွဲတယ်။ ကျမက ဘယ်ခံမလဲ။ မအေနဲ့ ကလော်တုပ်ပြီး ပါးပြန်ရိုက်တာပေါ့။ အဲဒီတော့ သူက ကျမကို စောက်ကမြင်းမ လို့လည်း ဆဲတယ်။ နင်ကောင်းကောင်း သတိထား။ နင့်ခြင်ထောင်ထဲကို ငါမောင်နုလွှတ်လိုက်မယ်လို့ ကျမကို ကြိမ်းတယ်။ နောက် ၂ရက်လောက်ကြာတော့ သန်းကောင် ကျော်ကျော်လောက်မှာ မောင်နု ကျမခြင်ထောင်ထဲ ဝင်လာပြီး ကျမကို အတင်းဖက်ထားတယ်။ ကျမလဲလန့် နိုးပြီး သူ့ကို တွန်းပစ်လိုက်တယ်။ ပထမတော့ အိမ်မက်မက်သလိုလို ဖြစ်နေတယ်။ နောက်ကို မောင်နုမှန်းသိတော့မှ ဒီကောင်လေး ဒီမှာ ဘာလာလုပ်တာလဲ၊ နင့်အိပ်ယာနင်ပြန်သွား တင်တင့်ကို အော်ပြီးတိုင်လိုက်

ရမလားဆိုတော့မှ မောင်နုထွက်သွားတယ်၊ ပန်းရီလွှတ်လိုက်တာဖြစ်မှာပေါ့၊ ဒါပေါ့တင်တင်ရဲ့၊ ဒီအကောင်ဟာ အလုပ်တော့လုပ်ပါရဲ့။ ဒါပေမဲ့ သိပ်ရှုတ်တယ်။ သူကိုနှင်ပစ်လိုက်တာကျမသိပ်ဝမ်းသာတာပဲ။
ဒီလိုဟာတွေ ဖြစ်ဖြစ်ချင်း ငါ့ကို တိုင်ရောပေါ့အေ။ ဒါတွေ ငါ့အိမ်မှာဖြစ်တာ ငါ မကြိုက်ဘူး။
ကျောင်းပြန်လာတဲ့အခါ မသိန်းတင်ဟာ မောင်နုကို ခေါ်လိုက်တယ်။ မသိန်းတင်ဟာ အင်မတန်စည်းကမ်း ကြီးတယ်။ အပြစ်ရှိရင်လည်းမျှ ဘူး။ ခေါင်းကိုသူ့လက်နဲ့က ခေါက်တဲ့ အခါခေါက်။ ပေါင်ကို ဆွဲလိမ်တဲ့ အခါလိမ်။ ကြက်မွေး တံမြက်စီးနဲ့ ရိုက်တဲ့အခါ ရိုက်တဲ့အတွက် အဖေကိုလဲ မကြောက်။ အမေကိုလည်းမကြောက်။ အမေရဲ့ အမကြီးဒေါ်ကြီးဆိုရင် ဖုတ်လေတဲ့ ငပိ ရှိတယ်လို့တောင် မမှတ်တဲ့၊ မောင်နုနဲ့ မောင်ဥတို့ ညီအကိုနှစ် ယောက်ဟာ မသိန်းတင်ကို သိပ်ကြောက်တယ်။ မောင်နုမင်းပန်းရီတိုက်တဲ့အရက်သောက်သလား။
သောက်တယ်။
ဘယ်နှစ်ခါလောက်ရှိသလဲ။
ခဏခဏပဲ။
မယ်တင် ရဲ့ခြင်ထောင်ထဲကိုလဲ မင်းဝင်တယ်ကြား၇တယ်။ ဟုတ်သလား။ ဟုတ်တယ်။
သွား။ကြက်မွေးတံမျက်စီးသွားယူချီ။
တင်တင်ရယ်။ မောင်နုဟာ ခလေးပဲရှိပါသေးတယ်၊ ဒီတခါတော့ ချမ်းသာပေးပါ။ မယ်တင်ညီးအသာနေ။
(မောင်နုဘက်သို့) သွား၊ ကြက်မွေး တံမျက်စီးသွားယူချီ။ မောင်နုဟာ ကြက်မွေးတံမြက်စီး ယူလာရတယ်။ မသိန်းတင်က ကြက်မွေးတံမျက်စီး ကို ကြက်မွေးဘက်ကကိုင်။နောက်ကိုဒါမျိုးမလုပ်နဲ့လို့ဆုံးမပြီး၊ မောင်နုရဲ့တင်ပါးကို ငါးချက်ရိုက်တယ်။ မောင်နုဟာ မသိန်းတင်ကိုတော့ ကြောက်တယ်။ ဒါပေမဲ့ မသိန်းတင်က ခေါက်ခေါက်လိမ်လိမ် ရိုက်ရိုက် ဘယ်တော့မှ မငိုဘူး။ မသိန်းတင်ရိုက်တာကို ဒေါ်ကြီးသိသွားတဲ့အခါ သူတူချစ်ရဲ့ တင်ပါးက အရှိုးရာတွေကို ကြည့်ပြီး မျက်ရည်ကျရာတယ်။

## အခန်း (၂)

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလထဲမှာ ပထမတက၊သိုလ် သပိတ်ပေါ်လာတယ်၊ မကြာခင်ဒီသပိတ်ဟာ အလယ်တန်းနဲ့ အထက်တန်းကျောင်းတွေကို ကူးစက်သွားပြီး မောင်နုတို့လည်း သပိတ်ထဲပါသွားကြတယ်၊ မောင်နုဟာ ဒီအချိန်မှာ ၇ တန်း။ အသက်ကတော့ ၁၃နှစ်ကျော်နေညပိ။
အဲဒီအချိန်မှာ မောင်နု ရဲ့ လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံတွေဟာ ရှေးကနဲ့

မတူတော့ဘဲအနည်းငယ် ပြောင်းလဲလာတာသူ့ကို အ့ခြတ်မိတဲ့လူတွေ
တွေ့လာကြတယ်၊ ဒီလိုပြောင်းလဲလာတာဟာ ကျောင်းသားသပိတ်ကြောင့်
ဖြစ်တယ်လို့ အဲဒီအကဲခတ် မိသူတွေက ယူဆကြတယ်၊ တက၊သိုလ်
သပိတ်ခေါင်းဆောင်တွေက ဟောပြောပြသတဲ့၊ လွတ်လပ်ရေးတရားတွေ။
အမျိုးသားကျောင်းမှာ၊ မောင်နုတို့သင်ရတဲ့အာဇာနည်များ၊ လွတ်လပ်ရေး တိုက်ပွဲများ၊
အစရှိတဲ့ စာအုပ်တွေဟာ မောင်နုရဲ့စိတ်ကို တမျိုးတဖုံ ပြောင်းပစ်လိုက်တယ်လို့
အဲဒီအကဲခတ်မိသူတွေက ယုံကြည်နေကြတယ်။ အကယ်လို့ရာခိုင်နှုန်း အပြည့်
မှန်တယ်ဆိုရင် ဒီဟောပြောချက်တွေ၊ ဒီစာအုပ်တွေကြောင့် မောင်နုဟာ
ကောင်းတာတွေကိုပဲလုပ်ရမယ်။ မကောင်းတာတွေကို မလုပ်ရဘူး။ အခုတော့
သူပြောတာဆိုတာတွေ၊လုပ်တာကိုင်တာတွေထဲမှာ အကောင်းတွေလည်း ပါနေတယ်။
အဆိုးတွေလည်း ပါနေတယ်။

အခုလို ပြောင်းလဲလာတာနဲ့ပတ်သက်ပြီး မောင်နုအကြောင်းကို ကောင်းကောင်းသိတဲ့
သူ့ဆွေမျိုးရင်းခြာတယောက် ပြောပြတာဟာ စိတ်ဝင်စားစရာကောင်းတယ်။ အဲဒီ
ဆွေမျိုးဂုင်းခြာ ပုဂ္ဂိုလ်က မောင်နုနဲ့ပတ်သက်ပြီး ဒီလိုပြောတယ်။

လူတိုင်းမှာ ဦးနှောက်နဲ့ နှလုံးသားဆိုပြီး အဓိကအစိပ်အပိုင်းကြီးနှစ်ခုရှိတယ်။
အသက်အရွယ်ကြီးမားလာတာနဲ့အမျှ တချို့လူတွေမှာ ဦးနှောက်နဲ့ နှလုံးသားဟာ
တညီတညာထဲ ကြီးထွားလာကြတယ်၊ တချို့မှာ ဦးနှောက်
ကနှလုံးထက်ပိုပြီးကြီးထွားလာကြတယ်၊ တချို့မှာတော့ ဦးနှောက်ထက် နှလုံးက ပို
ပြီးကြီးထွားလာကြတယ်၊ အဲဒီလို လူသုံးစားရှိတဲ့အထဲမှာ မောင်နု ဟာ တတိယ
အမျိုးအစားထဲမှာရောက်နေတယ်။ အရွယ်ကြီးလာတာနဲ့အမျှ သူ့နှလုံးဟာ
သူ့ဦးနှောက်ထက် အဆမတန် ပိုပြီးကြီးထွားလာတယ်။ ထူးထူးခြားခြား
ပိုမိုကြီးထွားနေတဲ့အတွက် လူများစုက အသေးအဖွဲလို့ယူဆထားတဲ့
ပြ၊နာကလေးတွေဟာ မောင်နုမှာ အကြီးကြီးတွေ ဖြစ်တဲ့အခါဖြစ်ပြီး အကျိုးရှိမဲ့
ကိစ၊မျိုးလဲမဟုတ်ဘူးဆိုတဲ့အချက်တွေကို သူ့ဦးနှောက်က မစဉ်းစားနိုင်သေးခင်
သူ့နှလုံးထိခိုက် တာကို မှိပြီး မောင်နုဟာ တခုခုပြောဘို့ ဒါမှမဟုတ်ရင်လည်း
တခုခုကို လုပ်ဘို့ ချက်ခြင်း ချက်ခြင်း ဆုံးဖြတ်ချက်ချလေ့ရှိတယ်။
သူ့ရဲ့ဆုံးဖြတ်ချက်တွေဟာ ဘာကြီး ဖြစ်သွားဖြစ်သွား။ လုပ်မယ်ဆိုတဲ့
ဆုံးဖြတ်ချက်တွေ ဖြစ်နေတဲ့အတွက် ဆုံးဖြတ်ချက်တခုကို ချပြီးရင်
ပြင်ဘို့မလွယ်တော့ဘူး။ အဲဒီဆုံးဖြတ်ချက်အတိုင်း တခုခုကို ပြောပြီး လုပ်ပြီးမှ
သူ့ဦးနှောက်က ကျကျနန စဉ်းစားနိုင်တဲ့ အခါသူပြောမိတာ လုပ်မိတာဟာ
မှားမှန်းသိရင် မောင်နု အများကြီးဝမ်းနည်းပက်လက်ဖြစ်နေတတ်တယ်။ အဲဒီလို
မှားပြီးရင် နောက်ထပ်မမှားဘို့ မောင်နုဟာ အများကြီးကြိုးစားလေ့ရှိတယ်။ ဒါပေမဲ့
နှလုံးက ဦးနှောက်ထက် ကြီးနေတဲ့ မောင်နု ဟာ  ကြိုးစားလို့ မအောင်မြင်နိုင်ဘူး။
မှားမှားပြီးသမှ နောင်တရတာတွေ ဟာ အင်မတန်များတယ်။ အဲဒီလိုဖြစ်တာဟာ ၁၃–

၁၄နှစ်သား အရွယ် ငယ်ငယ်တုန်းကသာ ဖြစ်တာ မဟုတ်ဘူး ။ အသက်အရွယ် ကြီးပြင်းလာတဲ့အခါမှာလည်း ဖြစ်တုန်းဘဲရှိသေးတယ်။ ငယ်ငယ်တုံးက ဒီလိုဖြစ်ခဲ့ဘူးတာတွေနဲ့ အသက်အရွယ်ကြီးပြင်းလာတဲ့အခါမှာ ဖြစ်ခဲ့ကြတာတွေဟာ အချက်တချက်မှာဘဲ ခြားနားချက်ရှိတယ်။ နှလုံးသား ကို ထိခိုက်လာရင် အလျှင်စလိုဆုံးဖြတ်တဲ့အတိုင်း ပြောတာဆိုတာ လုပ်တာကိုင်တာမှာတော့ မခြားနားဘူး။ အတူတူပဲ။ ဒီလိုဆိုရင် ခြားနားချက်ဆိုတာ ဘယ်လိုဟာမျိုးလည်း။ ငယ်ငယ်တုံးကဆိုရင် မောင်နုဟာ ကုသိုလ် အကုသိုလ်ကို မသိသေးဘူး။ သုစရိုက်- ဒုစရိုက်ကို ကြားတောင်မကြားဖူးဘူး။ အဲဒီတော့ တခုခုကို လုပ်ချင်လာရင် ကုသိုလ်ကိုပဲဖြစ်ဖြစ်၊ အကုသိုလ်ကိုပဲဖြစ်ဖြစ်။ သုစရိုက်ကိုပဲဖြစ်ဖြစ်။ဒုစရိုက်ကိုပဲ ဖြစ်ဖြစ်။ မြင့်မြတ်တာကိုပဲဖြစ်ဖြစ်။ ယုတ်ညံ့တာကိုပဲဖြစ်ဖြစ်။ ဇွတ်တရွတ် လုပ်ပစ်လိုက်တာပဲ။ အသက်အရွယ်ကြီးပြင်း လာတဲ့အခါကျတော့ ကျေးဇူးရှင် သူ့ဖခင်နဲ့သူ့ဆရာ ဒီဒုတ် ဦးဘချို့တို့ရဲ့ သွန်သင် ဆုံးမတာတွေကို ကြားနာရပြီးတဲ့အခါ မောင်နုဟာ ကုသိုလ်နဲ့ က အကုသိုလ်၊ သုစရိုက်နဲ့။ ဒုစရိုက်၊ မြင့်မြတ်တာနဲ့ ယုတ်ညံ့တာတွေကို အတော်အတန်သိလာတယ်။ ဒီလိုသိလာတဲ့အတွက် အကုသိုလ် တို့၊ ဒုစရိုက်တို့ ယုတ်ညံ့တာတို့ ကို လုပ်ချင်တိုင်း ဇွတ်တရွတ်မလုပ်မိအောင် သူ့ကိုယ်သူ အထူးထိန်းသိမ်းလာနိုင်တယ်။ ကွာခြားချက်ဆိုတာဒါပါဘဲ။

နှလုံးသားဟာ ဦးနှောက်ထက် ကြီးနေတဲ့ မောင်နုဟာ နှလုံးသားကို ထိခိုက်လာတိုင်း စိတ်လိုက်မာန်ပါ လုပ်ခဲ့တာတွေဟာ အများကြီးပါဘဲ။ အဲဒီအများကြီးထဲက စိတ်ဝင်စားစရာ ကောင်းမယ်လို့ထင်တဲ့ သာဓကလေးတွေ အနည်းငယ်ကို သူ့အခန်းနဲ့သူ ဖေါ်ပြသွားချင်တယ်။

(က)

သပိတ်ပေါ်လာပြီးလို့ မကြာခင်နေ့တနေ့မှာ သူ့စိတ်ကို ဘယ်လိုထိခိုက်တယ် မဆိုနိုင်ဘူး။ မောင်နုဟာ သူ့သူငယ်ချင်း ၄-၅ယောက်နဲ့ထိုင်ပြီး စကားပြောရင်း သူ့သူငယ်ချင်း တွေကို ဟော့ကောင်တွေ ငါတခုလုပ်ချင်တယ်လို့ ရုတ်တရက်ပြောလိုက်တယ်။ အဲဒီနောက်ဆက်ပြီး ဒို့အားလုံး ကတုံးပြောင်အောင်ရိတ်ရမယ်။ ခါးတောင်းမြောင်အောင် ကြိုက်ရမယ်။ ကိုယ်တုံးလုံးချွတ်ထား၇မယ်။ တရုတ်ထိုး ၊ နောက်ပိတ်ဘိနပ် စီးရမယ်။ လက်တဘက်မှာ ခဲတလုံးစီကိုင်ပြီး ဈေးထဲကို သွားမယ်လို့ မောင်နုက ကျေညာပြန်တယ်။ သူ့သူငယ်ချင်းတွေထဲမှာ ထွန်းရင်ကလွဲပြီး အားလုံးသဘောတူတယ်။ ထွန်းရင်ဟာ ခါးတောင်းမြောင်အောင် ကြိုက်ဘို့နေနေသာသာ လုံချည်ဝတ်ရင် သူ့လုံချည်စဟာ ခြေမျက်စိပေါ်ဘယ်တော့မှ မတက်ဘူး။ သူ့ဆံတောက်ကိုလည်း ကော့စမတ်တစ်နဲက တိုက်ပြီး အမြဲတမ်း

သပ်သပ်ရပ်ရပ်ခွဲထားလေ့ရှိတယ်ဆိုတော့ ဘယ်မှာ ကတုံးရိတ်ချင်ပါ့မလဲ။ နောက်ပြီးတော့ ကို့ယို့ကားယားလုပ်ပြီး သူတို့သွားရမဲ့နေရာဟာ အပျိုလေးတွေ သိပ်ပေါတဲ့ ဈေးဖြစ်နေပြန်တယ်ဆိုတော့ မိန်းခလေးတွေ ရှေ့မှာ အင်မတန် ရှက်တတ်တဲ ထွန်းရင်အတွက် မောင်နုရဲ့ ကျေညာချက်အတိုင်း လိုက်လုပ်ဘို့ဆိုတာမပြောနဲ့စဉ်းစားဘိုဆိုတာတောင် မဖြစ်ဘူး။ ဒါပေမဲ့ မောင်နုဟာဆုံးဖြတ်ပြီးဖြစ်နေတဲ့အတွက် ထွန်းရင် ညင်းလို့မရတော့ဘူး။ စိတ်မပါ့တပါ ရှက်ကိုးရှက်ကန်းနဲ့ လိုက်လုပ်ရရှာတယ်။

နောက်တခါကျတော့ သူငယ်ချင်းတွေ စကားပြောနေကြေ ၇င်း မောင်နုဟာ သူဟာ အရက်ကိုသာ သောက်ဖူးတယ်။ ကုတ်ကင်းကို တခါမှ မပွတ်ဘူးဘူး။ အနည်းဆုံး တခါတော့ ပွတ်ကြည့်ချင်တယ်။ အဲဒါကြောင့် သူ့သူငယ်ချင်းမောင်ဟန် က ကုတ်ကင်းကို သွားဝယ်ချေပါလို့ မောင်နုကပြော တယ်။ သူငယ်ချင်းအချို့က ကုတ်ကင်း ပွတ်တာမကောင်းဘူး။ ရူးတတ်တယ်လို့ ကန့်ကွက်ပါသေးတယ်။ ဒါပေမဲ့ မောင်နုဟာ ဆုံးဖြတ်ပြီးဖြစ်နေတဲ့ အတွက် သူတို့ကန့်ကွက်လို့ မရတော့ဘူး ။ မောင်ဟန်က ကုတ်ကင်း ဝယ်ပေးတယ်။ ကုတ်ကင်းရလာတဲ့အခါ ဂနီဆိုတဲ့ ကလားလဘက်ရည်ဆိုင်မှ မြောင်နုနဲ့ သူငယ်ချင်းတွေအားလုံး ဝိုင်းပြီးကုတ်ကင်း ပွတ်ကြတယ်။ ပွတ်ပြီးတဲ့အခါ စကားပြောလို့ မရဘူး ။ နှုတ်ခမ်းတွေထူနေတယ်။ မကောင်းဘူးလို့ မောင်နုက မှတ်ချက်ချတယ်။

နောက်တခါမှာတော့ အခုလိုပဲ သူငယ်ချင်းတွေ ဝိုင်းဖွဲ့ပြီး စကားပြောနေကြတုန်း မောင်နုက သူဟာ အရက်လည်းသောက်ဖူးပြီးပြီ။ ကုတ်ကင်းလည်း ပွတ်ဘူးပြီးပြီ။ ဘိန်းကို မရှူဘူးသေးဘူး။ တခါလောက်တော့ ရှူကြည့်ချင်တယ်လို့ ကျေညာပြန်တယ်။ ဘယ်သူမှ ကန့်ကွက်လို့မရဘူး။ ဒါပေမဲ့ ဘိန်းရှူတာကို မကြိုက်တဲ့သူငယ်ချင်းတွေ ကံကောင်းချင်တော့ ဘိန်းခန်းထဲ ရောက်တဲ့အခါ ဘိန်းရှူမဲ့ လူတွေအတွက် ခင်းထားတဲ့ ဖျာစုတ်တွေ။ ချေးတွေနဲ့ မဲနေတဲ့ ခေါင်းအုံးတွေ၊ ဘိန်းဆီတွေ အလိမ်းလိမ်းကပ်နေတဲ့ ဘိန်းပြောင်းတွေကို ကြည့်ပြီး မောင်နုဟာ အော်ဂလီ ဆန်နေတယ်။ အဲဒါကြောင့် သူတို့ဟာ ဘိန်းမရှူဖြစ်ပဲ ဘိန်းခန်းထဲက ပြန်ထွက်လာကြတယ်၊

(ခ)

တနေ့သောအခါ သဘော်ဆိပ်နားမှာ ကူလီကုလားတယောက်ကို ဗမာ ၄-၅ယောက် ဝိုင်းရိုက်နေတာ မောင်နုတွေ့တယ်။ မောင်နုဟာ ဘိုင်စကယ်ပေါ်က ကဗျာကယာဆင်းပြီး ဗမာတွေကို အတင်းလိုက်ထိုးတယ်။ ဒီဗမာတွေဟာ ဝါးခယ်မမြို့ သု၊န်နဲ့ မျက်စောင်းထိုး မြစ်တဘက်ကမ်း တလိုင်းဟုရွာက လူဆိုးရန်ရှင်းရဲ့ ညီလူဆိုးဘိုးချစ်နဲ့ သူ့ငယ်သားလူဆိုးတစုဆိုတာ မောင်နုမသိဘူး။ ဝါးခယ်မမှာ ဝါးခယ်မသား တောတော်များများက ဒီကောင်တွေနဲ့သာဆိုရင် မျက်နှာချင်းမဆိုင်ချင်ကြဘူး ဆိုတာလည်း မောင်နုမသိဘူး။ မကြာသေးခင်ကပဲ

ဦးဘမြစ် ဆိုတဲ့ ပုလိပ်စာသင်တယောက်ကို ဘိုးချစ်ဆိုတဲ့လူဆိုးဟာ ကွမ်းခြံကုန်း ဘုန်းကြီးကျောင်းနားမှာ ချောင်းပြီးရိုက်လိုက်တာကံကောင်းလို့ မသေတယ်ဆိုတာလည်း မောင်နုမသိဘူး ။ ကူလီကုလားကမှားနေသလား ၊ ဒီလူဆိုးတွေက မှားနေသလားဆိုတာကိုလည်း မောင်နုမသိဘူး။ ကူလီကုလားတယောက်ထဲကို ဗမာ အများက ဝိုင်းရိုက်နေတာ မြင်ရတာနဲ့ သူ့နှလုံးသားဆွေ့ဆွေ့ခုန် ဖြစ်လာပြီး ဗမာတွေကို အတင်းဝင်ထိုးတာပါဘဲ။ ကိုစံထွန်းရဲ့ သားဆိုတာ အဲဒီလူဆိုးတွေ သိနေကြလို့ သူလွတ်သွားတာပဲ။ ဒီလိုသာ မဟုတ်ရင် အဲဒီနေရာမှာ သူအတော်နာမယ်။

နောက်ပြီးတော့လည်း ။ ဝါးခယ်မ တဘက်ကမ်း ရွာသစ်ရွာမှာ အောင်သင်းဆိုတာ ရှိတယ်။ အောင်သင်းက မောင်နုထက် နှစ်နှစ်လောက်ကြီး တယ်၊ အရပ်လည်းအတော်ရှည်တယ် အားလည်းသိပ်ကောင်းတယ်။ လက်လည်းသိပ်မြန်တယ်။ သူနဲ့စကားပြောရင် တဘက်သားဟာ အင်မတန် သတိထားပြောရတယ်။ စိတ်မထင်ရင် ဘာမဟုတ်တာလေးနဲက ထချတာပဲ။ သူချိုက်ရင်လည်း မသက်သာဘူး။ လက်ဝါးရေ၊ လက်သီးရော၊ ဒူးရော၊ ဖနောင့်ရော၊ အကုန်သုံးတယ်ဆိုတော့ ချပြီးရင် တဘက်သားကို နှာနှပ်ယူရတာချည်းဘဲ။ စိတ်အထိအခိုက် အင်မတန် မြန်တဲ့ မောင်နုဟာ တနေ့သောအခါ ၊ အဲဒီအောင်သင်းနဲ့ ကမ်းနားလမ်း ကျောက်မီးသွေးရုံအနားမှာ သွားပြီး ရင်ဆိုင်မိကြတယ်။ မောင်နုနဲ့ပါလာတဲ့ သူငယ်ချင်းကို အောင်သင်းက  သူ့စာအုပ်တွေ ပြန်ပေးဘို့တောင်းတယ်။ အဲဒီသူငယ်ချင်းကလည်း အောင်သင်းကို သိပ်ကြောက်ပြီး ပြန်ပေးပါ့မယ်လို့ တုန်တုန်ရီရီနဲ့ ပြန်ပြောတယ်။ ဒါပေမဲ့ အောင်သင်းဟာ ဒေါသထွက်ပြီး မင်းယူသွားတာကြာပြီ၊ ဒီကနေ့ လာပေးချင်ပေး။ မပေးရင် မင်းကို တီးရလိမ့်မယ် လို့စိတ်လိုက်မာန်ပါ ကြိမ်းမောင်းတယ်။ ဒီလို ကြိမ်းမောင်းတာကို မောင်နု မကြိုက်ဘူး။ အဲဒါကြောင့် ဘာစာအုပ်မှန်းလည်း မသိဘူး။ ယူထားတာ ဘယ်လောက်ကြာနေပြီဆိုတာလည်း မသိဘူး ။ ဟေ့ကောင်–စာအုပ်ကို ပြန်မပေးနဲ့လို့ မောင်နုက သူ့သူငယ်ချင်းကို လှမ်းပြောလိုက်တယ်။ အင်မတန် လက်မြန်တဲ့ အောင်သင်းဟာ အချေအတင် စကား ပြောနေဘို့ မောင်နုကို ခွင့်မပေးဘူး။ သူ့ဗလနဲ့ မောင်နု ရဲ့ ဘယ်ဘက်မေးရိုးကို တအားထိုးလိုက်တာမောင်နုလည်း အဲဒီနေရာက ဒီခဲလုံးပုံပေါ် ပုံလျက်သားကျသွားတယ်။ မောင်နုဟာလက်သီးဒဏ်ကြောင့် မူးမူးနောက်နောက် ဖြစ်နေရာ က ဆွဲမိဆွဲရာကို ဆွဲလိုက်တာ ဒီခဲလုံးတလုံးကို ဆွဲမိတယ်။ အဲဒါကြောင့် အတင်းကုန်းထပြီး ဒီခဲလုံးနဲ့ အောင်သင်းရဲ့ နားထင်ကို တချက်ဘဲထုနိုင်တယ်။ သူ့ထက် အရပ်နဲ့ ဗလကောင်းတဲ့ အောင်သင်းဟာ အပေါ်ကစီးပြီး လက်သိးမိုး၊ ဒူးမိုး၊ ခြေထောက်မိုးတွေ ရွာချနေလိုက်တာ မောင်နုရဲ့ညီမောင်ဥသာ အဲဒီနေရာကို နှစ်မိနစ်လောက်နောက်ကျပြီး ရောက်လာမယ်ဆိုရင် မောင်နုရဲ့အသက်ဟာ ထွက်သွားနိုင်စရာ

အကြောင်းရှိတယ်။သူ့ညီမောင်ဥဟာ ရန် ဖြစ်နေရာကို ရောက်လာပြီး ဒီခဲလုံးတလုံးနဲ့ တအားလွှဲပေါက်လိုက်တာအောင်သင်းလည်း အဲဒီနေရာမှာ ပုံလျက်သားကျသွားတယ် ထင်တယ်။ အောင်သင်းရဲ့ လက် ကလွတ်တဲ့အချိန်မှာ မောင်နုဟာ သတိမရတော့ဘူး။ အတော်နာနာနပ်ယူရတယ်။

နောက်တခုပြောဂျဦးမယ်။ ၁၉၂၁ ခုနှစ်ထဲမှာ ဂိုက် (ျပအန) ကော်မရှင်လို့ခေါ်တဲ့ စုံစမ်းရေးအဖွဲ့တခုကို ဘိလပ်အစိုးရတို့က ဖွဲ့ပေးလိုက်တယ်။ အဲဒီအဖွဲ့ကို ဂျီစီဘီအေ အသင်းချုပ်က သပိတ်မှောက်တယ်။ အဲဒါကြောင့် ဒီအဖွဲ့ဟာ ဝါးခယ်မကို ရောက်လာရင် သံပုံးတီးပြီး ဆန့ကြဲကြဖို့ ဝါးခယ်မ ဂျီစီဘီအေ အသင်းခွဲရဲ့ ခေါင်းဆောင်တချို့ ကစီစဉ်ကြတယ်။ အဲဒီလို သံပုံးတီးမဲ့လူတွေထဲမှာ နေရှင်နယ် ကျောင်းက မောင်နုတို့လူစုလည်းပါယတ်။ ဂိုက်ကော်မရှင်ဟာ ၁၉၂၁ ခုနှစ် ဒီဇင်ဘာလထဲမှာ ပုသိမ် ကိုအသွား ဝါးခယ်မမှာ ခဏ နားတယ်။ သူတို့ရဲ့ သင်္ဘောဟာ ဝါးခယ်မမြို့ထိပ် ဝင်လာတဲ့အချိန်ကစပြီး တမြို့လုံးဆူညံသွားအောင် သံပုံးတွေ တီးကြတာပဲ။ မောင်နုတို့လူစုဟာ သင်္ဘောဆိပ်နားကပ်ပြီး တာဝန်ယူရတယ်။ အထက်အမိန့်အရ သူတို့ဟာ သံပုံးတွေကိုသာ မရပ်မနားတီးနေရမယ်၊ တခြားဘာမှ မလုပ်ရဘူး။ ဒါပေမဲ့ မောင်နုဟာ သံပုံးတီးနေရင်း နှလုံးသားတွေ ဆွေ့ဆွေ့ ခုန်လာတယ်ထင်တယ်။ ဘာမှ မပြောပဲ သူတို့လူစုထဲက ထွက်ပြီး အနားမှာရှိတဲ့ ဆိုင်တဆိုင်က ဘိလပ်ရည်ပုလင်းကို အတင်းဆွဲပြီး ဂိုက်ကော်မရှင်စီးလာတဲ့ သင်္ဘောကို တအားပေါက်လိုက်တယ်။ ပုလင်းဟာ သင်္ဘောကို ထိပြီး အစိပ်စိပ်ကြေမွသွားတယ်။ မောင်နုလည်း ခဏတော့ အဖမ်းခံလိုက်ရသေးတယ်။

(ဂ)

၁၉၂၂ခုနှစ်။ မတ်လထဲမှာ မောင်နုဟာ နေရှင်နယ်ကျောင်းက ၈ တန်းအောင်တယ်။ အဲဒီအချိန်က မောင်နုမှာ ပညာဆက်သင်ဘို့ ရည်ရွယ်ချက်မရှိဘူး။ ပညာရဲ့တန်ဘိုးကိုလည်း သူမသိဘူး ဒါပေမဲ့ သူ့မိဘတွေက အထူးသဖြင့် သူ့အဖေက ကျောင်းဆက်ထားချင်တယ်။ ဖြစ်နိုင်ရင်သူ့သားကို ဝတ်လုံဖြစ်စေ ချင်တယ်၊အဲဒါကြောင့် ရန်ကုန်သရက်တောကျောင်းတိုက်ထဲမှာ ဖွင့်ထားတဲ့အမျိုးသာကျောင်းမှာ ပညာဆက်သင်ဘို့ သူ့အဖေ ကိုစံထွန်းက စီစဉ်တယ်။

ရန်ကုန်ကို မသွားခင် လေးငါးရက်လောက်အလိုမှာ ဝါးခယ်မကုန်းလမ်းက ၊ ကုလားမ ဘမောင် လို့ခေါ်တဲ့ သူငယ်ချင်းတယောက်ကရဲ့ အိမ်မှာ ဘုရားကိုးဆူ ကပ်တယ်။

အဲဒီအိမ်မှာ သူငယ်ချင်းတွေ စုပြီး စကားပြောနေကြ ၇င်း အေးမောင် စက်ကင်းဟာ မောင်နုကို လက်တို့ပြီး အပြင်ခေါ်သွား တယ်၊ မောင်နုတို့အတန်းထဲမှာ အေးမောင်နှစ်ယောက်ရှိတယ်။ အဲဒါကြောင့် ဒီအေးမောင်နှစ်ဦးကို ခွဲခြားတဲ့အနေနဲ့ သူ့ကို စက်ကင်း အေးမောင်လို့ ခေါ်တာဖြစ်တယ်။ အိမ်အပြင်ဘက် ရောက်တဲ့အခါ အေးမောင် စက်ကင်းက မောင်နု မင်း၇န်ကုန်မှာ ကျောင်းသွားနေတော့မယ်၊ အဲဒီတော့ မင်းကို ငါအကောင်းဆုံးနဲ့ ဧည့်ခံမယ်လို့ပြောတယ်။ ဘယ်လိုဧည့်ခံမှာလဲ လို့ မောင်နုကမေးတဲ့အခါ အိမ်မဲက ကောင်မအသစ်လေးတယောက်ရောက်လာတယ် လို့ ငါကြားရတယ်။ မင်းကို အဲဒီခေါ်သွားမယ်လို့ အေးမောင်စက်ကင်းက ပြန်ပြောတယ်။ အေးမောင်စက်ကင်းဟာ မောင်နုကို ဂျေးဦးစွာ သူ့အိမ်ခေါ်သွားတယ်။ မောင်နုဟာ အေးမောင်စက်ကင်းရဲ့ ညွှန်ကြားချက်အတိုင်း ခေါင်း၇င်းဘက်က အိမ်ကြားထဲကိုသွားပြီး ပြူတင်းပေါက်အောက်မှာ စောင့်နေ၇တယ်။ အေးမောင် စက်ကင်းဟာ သူ့တာဖက်တာ အပေါ်အကျီ အသစ်တ ထည်ကို ဘုရားကြီးလမ်းနားက တ၇ုပ်အပေါင်ဆိုင်မှာ သွားပေါင်ကြတယ်။ ရတဲ့ငွေလေးကျပ်ယူပြီ းဝါးခယ်မအရှေ့ပိုင်းမှာ ရှိတဲ့ အိမ်မဲက ကောင်မအသစ်ကလေးဆီကို သူတို့သွားကြတယ်။

အဲဒီညက မောင်နု တွေ့ခဲ့ရတဲ့ အတွေ့အကြုံဟာ သူလူလားမြောက်တဲ့ အရွယ်မှာ ပထမဆုံးတွေ့ကြုံရတဲ့အတွေ့အကြုံ ဖြစ်တယ်။ အဲဒါကြောင့်ထမင်းချက်ပန်းရီရဲ့ တိုက်တွန်းချက်အရ လုကြွေဆိုတဲ့ ကောင်မလေးနဲ့ လင်မယားလုပ်တမ်း ကစားခဲ့ကြစဉ်က တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံ နဲ့ တခြားစီ၊ တဘာသာစီ ဖြစ်နေတာကို တွေ့ရပြီး မောင်နုရဲ့စိတ်ထဲမှာ ဝမ်းသာတာရော၊ အံ့အားသင့်တာရော။ကြိုက်တာရော ဗျောင်းဆန်သွားတာပဲ။

အခန်း(၃)

(က)

မောင်နုဟာ ၁၉၂၂ မေလ အစလောက်မှာ သရက်တောကျောင်းတိုက်ထဲက နေရှင်နယ်ကျောင်း ကို ရောက်လာတယ်၊ ရပ်ဝေးက ရောက်လာကြတဲ့ ကျောင်းသားတွေ နေဘို့ စားဘို့အတွက် ကျောင်းအုပ်ချုပ်ရေးအဖွဲ့က လှည်းတန်းထဲမှာ တိုက်တလုံးငှားပေးထားတယ်၊ နောက် ခြောက်လ ကြာတဲ့အခါ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ဟာ အဲဒီတိုက်ကို ဆက်မငှားနိုင်တော့ဘူး။ အဲဒါကြောင့် မောင်နုတို့လူစုဟာ သရက်တော ကျောင်းတိုက်ထဲက ဘုန်းကြီးကျောင်းမှာ လှည်းတန်းတုန်းကလို ကျောင်းအိပ်ကျောင်းစားတွေအတွက် စည်းကမ်း သိပ်မကြီးတော့ဘူး။

ညတညတော့ ရန်ကုန်အရှေ့ပိုင်းမှာ မီးအကြီးအကျယ်လောင်တယ်၊ မောင်နုနဲ့ သူ့သူငယ်ချင်းဟာ သရက်တောကျောင်းရဲ့ အပြင်ဘက်ကို ထွက်ပြီး အပေါ်ကို

ထိုးတက်နေတဲ့ မီးရောင်တွေကို လှမ်းကြည့်နေကြတယ်၊ မောင်နုကို ဒီလူရဲ့နာမည်မေးလို့မရဘူး။ မီးလောင်တာကို လှမ်းကြည့်လို့ အတော်ကလေး ကြာလာတဲ့အခါ မောင်နုက အဲဒီသူငယ်ချင်းကို လှမ်းပြီး။ ပြည့်တန်ဆာမတွေ ဘယ်မှာရှိသလဲ။ ခင်ဗျားသိသလား လို့မေးတယ်။ သိတယ်လို့ အဲဒီလူက ဖြေတယ်။ အဲဒီကို ကျနော်သွားချင်တယ်၊ ခင်ဗျားလိုက်ပို့မလား လို့ မောင်နုက ထပ်မေးတဲ့အခါ ချာတိတ် မင်းသွားချင်လိုက်ပို့ မယ်၊ ဒါပေမဲ့ ငါပို့တယ်ဆိုတာ မင်းဘယ်သူ့ကိုမှ မပြောရဘူးလို့ ဒီသူငယ်ချင်းက ကတိတောင်းတယ်၊ မောင်နုကလည်း မပြောပါဘူး လို့ ကတိပေးပြီး သူတို့နှစ်ယောက် ထွက်သွားကြတယ်၊ လမ်းမှာ မောင်နု အရက်သောက်ချင်တယ်ဆိုတဲ့အတွက် သူ့သူငယ်ချင်းဟာ မောင်နုကို တရုတ်ပျော်ပွဲစားဆိုင် တဆိုင်ခေါ်သွားတယ်၊ မောင်နုဟာ အရက်ကို မချိန်ဆတတ်ဘူး။ အရမ်းသောက်ချင်တယ်၊ သူ့သူငယ်ချင်းက ထိန်းထားတဲ့အတွက် နဲနဲသောက်ပြီး ပြည့်တန်ဆာတန်းကို ထွက်သွားကြတယ်၊

အရက်သောက်တာ ဘယ်လောက်အပြစ်ကြီးတယ်ဆိုတာ မောင်နုမတွေးမိဘူး။ ပြည့်တန်ဆာတန်းကို သွားတာကလည်း ဘယ်လောက်ဆိုတယ် ဆိုတာမောင်နု မတွေးမိဘူး။ တွေးနိုင်လောက်တဲ့ ဉာဏ်လည်း သူ့မှာ မရှိဘူး။ အဲဒါကြောင့် သူဟာ ရန်ကုန်မြို့ကြီးထဲက တရုပ်ပျော်ပွဲစားရုံတရုံမှာ အရက်ကိုလည်း သောက်ဖူးပြီ။ ပြည့်တန်ဆာတန်းမှာ ပြည့်တန်ဆာမ တယောက်နဲ့လည်း ပျော်ပါးဘူးပြီ။ သူဟာ လူလည်တယောက်ဖြစ်လာပြီ ဆိုပြီး မောင်နုဟာဘဝင်မြင့်နေတယ်။ သူ့ကိုယ်သူ အတော်ဟုတ်လှပြီလို့ထင်ပြီး ကျောင်းပိတ်လို့အပြန် သူ့မြို့ က သူငယ်ချင်းတွေကို ဖောက်သည် ချဘို့တောင် သူစိတ်ကူးထားလိုက်သေးတယ်၊

အဲဒီနောက် မောင်နုဟာ ငွေလည်းရှိမယ်။ အဖေါ်လည်းကောင်းမယ်ဆိုရင် အရက်ဆိုင်နဲ့ ပြည့်တန်ဆာမအိမ်ကို မရှောင်မလွှဲ သာတဲ့အ လုပ်တခု အဖြစ်နဲ့ သူ့ကိုယ်သူ ထိန်းသိမ်းခြင်းမရှိပဲ သွားနေတာပဲ။ ၁၉၂၃ခုနှစ်လောက်ရောက်တဲ့အခါ မောင်နုမှာ ရောဂါတခု ရလာတယ်၊ သူ့သူငယ်ချင်းကို မေးကြည့်တဲ့အခါ ဒါဟာ ဂနို ရောဂါလို့ဖြေတယ်။ ပေါင်ထိပ်မှာလည်း အကြိတ်တလုံးထွက်တယ်လို့ မောင်နုက ထပ်ပြောတဲ့အခါ ဒီ ရောဂါက ဒီလိုဘဲလို့ သူသူငယ်ချင်းက ပြန်ဖြေတယ်၊ အဲဒိနောက် ဒိသူငယ်ချင်းရဲ့ အကူအညီနဲ့ မဂိုလမ်း၊ ဘင်ဂျမင်ဆေးဆိုင်က ဆေးတပုလင်း ဝယ် တယ်၊ ဆေးနာမည်ကိုတော့ မောင်နု ကောင်းကောင်းကြီး မမှတ်မိဘူး။ ဘဲလဆမ်း အွှောဖ်ကို ပေဘာလို့ခေါ်တယ်ထင်တယ်လို ့ပြောပြဘူးတယ်။ ပေါင်က အကြိတ်ပေါ်မှာ တော့ အဲဒိသူငယ်ချင်းက ရေခဲတင်ပေးတယ်၊

လူငယ်တွေရဲ့စိတ် ဟာ ဘယ်လိုစိတ်လည်း မဆိုနိုင်ဘူး။ အပြောရ အတော်ခက်တယ်။ ဒီဘဝကျောက်နေတာတောင် သံဝေဂ မရနိုင်သေးဘူး။ ဒီဆေးစားပြီး ရေခဲအုံနေရတာကို အောက်ကျနောက်ကျ အခြေအနေက အထက်တန်းကို တိုးတက်လာတဲ့ အထိမ်းအမှတ်တခုအဖြစ်နဲ့ တောင် မောင်နုဟာ ကြိတ်ပြီး ဂုဏ်ယူနေလိုက်သေးတယ်။

‘

အဲဒီနှစ် မတ်လ စာမေးပွဲအပြီး ကျောင်းပိတ်ရက်အတွင်း မောင်နုဟာ ဝါးခယ်မကို ပြန်သွားတယ်။ ဧပြီ လ ၁၃ရက် သင်္ကြန်အကြိုရက်ကို ရောက်တဲ့အခါ မောင်နုနဲ့ သူငယ်ချင်း လေးငါးယောက်ဟာ ရယ်စရာ အဝတ်အစားမျိုးစုံတွေကို ဝတ်ပြီး မြို့ထဲမှာ ရေပက်ခံထွက်ဘို့ ဆုံးဖြတ်ကြတယ်၊ အဲဒီ ဆုံးဖြတ်ချက်အရ မြို့ထဲကို မထွက်ခင် ကမ်းနားလမ်းက တရုတ်ခေါက်ဆွဲဆိုင်ကို သွားပြီး မောင်နုတို့လူစုဟာ အရက်တွေကိုသောက်ကြတယ်၊ အသောက်လွန်သွားတဲ့အတွက် ဒီကောင်တွေဟာ မြို့ထဲကို ရေပက်ခံ မထွက်နိုင်တော့ဘူး။ ခေါက်ဆွဲဆိုင်ထဲမှာဘဲဝတ်လစ်စလစ် ကြည့်မကောင်း ရှုမကောင်းတွေဖြစ်ပြီး သူတို့ရဲ့ အန်ဖတ်ပုံတွေပေါ်မှာ လဲနေကြတယ်၊ သူတို့ရဲ့မိဘတွေသိတော့မှ ဒီကောင်တွေကို ထမ်းပြီးခေါ်သွားကြရတယ်၊ မောင်နုဟာ အဲဒိနေ့ကတဲက မူးနေလိုက်တာ သင်္ကြန် ဘယ်လိုတက်သွားတယ် ဆိုတာ မသိလိုက်ဘူး။ သူ့မိဘတွေလည်း အင်မတန် စိတ်ပူပြီး အမူးပြေအောင် ဧကရာဇ်မြစ်တို့ သံပုရာရည်တို့ အစရှိတဲ့ အိမ်နီးနားချင်း တွေ ပြောသမျှ ဆေးမီးတိုတွေနဲ့ အတော်ဖြေယူရတယ်။ အိမ်မှာနေရင် နောက်ထပ်အရက်မူးနေမှာ စိုးတဲ့အတွက် မောင်နုရဲ့အဖေ ကိုစံထွန်းဟာ ကျောင်းပိတ်ရက်အတွင်း တလိုင်းရွာစုအနားက စပါးကျည်မှသွားနေဖို့ သူ့သားကို နားချတယ်။ သူ့သူငယ်ချင်းတွေပါမှ လိုက်သွားမယ်ဆိုလို့ ကိုစံထွန်းဟာ သူ့သားရဲ့အလိုကို လိုက်ပြီး သူငယ်ချင်းတွေကို ခွင့်ပြုခဲ့ ရတယ်၊ စပါးကျည်ဟာ ဝါးခယ်မသု၊န် နဲ့မျက်စောင်းထိုးမြစ်တဘက်ကမ်းမှာ ရှိတယ်၊ အတော်သာယာတဲ့နေရာလေးပါပဲ။ စပါးကျည်ရဲ့ ရှေ့မှာနှစ်ထပ်အိမ်ကလေးတအိမ်ရှိတယ်၊ အဲဒီအိမ်မှာ မောင်နုနဲ့ သူငယ်ချင်းတွေ နေကြတယ်၊ ကိုစံထွန်းဟာ သူ့သားနဲ့ သူငယ်ချင်းတွေ စားဖို့ဆိုပြီး စားစရာတွေ အပြည့်အစုံ ဝယ်ပေးထားတယ်၊ အဲဒီနောက် စပါးကျည်ကိုစောင့်နေတဲ့ သူ့ရဲ့ညီ ဝမ်းကွဲ ကိုဘဝိုင်းကို ခေါ်ပြီး၊ ဟေ့ ဘဝိုင်း ဒီကောင်တွေကို ဒီမှာ ပျော်အောင်ထားနော်။ မြို့ဖက်ကမ်းကို မသွားစေနဲ့လို့မှာသွားတယ်၊ ညီဘဝိုင်းဟာ အကိုရဲ့အမိန့်ကို အမိပါယ်ပြန်တာလွဲနေတယ်။ ဒိအချက်အရ ဒိကောင်တွေ လိုချင်တာ ဘာမဆို လုပ်ပေးလိုက်။ ဒီကောင်တွေ မြို့ဘက်ကမ်းကို ကူးမသွားရင် ပြီးရောလို့ မှတ်ထားလိုက်တယ်၊ အဲဒါကြောင့် နှစ်ရက်လောက်ကြာတော့ မောင်နုက မြို့ဖက်ကို ကူးချင်တယ် လိုက်ပို့စမ်းပါလို့ ပြောတဲအခါ မင့်အဖေ ငါ့ကိုတီးလိမ့်မယ်။ ငါမပို့နိုင်ဘူး။ လို့ ကိုဘဝိုင်းက ပြန်ပြောတယ်။ ဒီလိုဆိုရင် အရက်သောက်ချင်တယ် ရှာပေးပါလို့ မောင်နုကပြောတဲ့အခါ အေးဒါတော့ ငါရှာပေးမယ်ဆိုပြီး ချက်အရက်တပုလင်းကို ကိုဘဝိုင်းရှာပေးတယ်။ နောက်နှစ်ရက်လောက်ကြာလို့ မောင်နုက ဦးလေး မိန်းမမရှိဘူးလား၊ ရှာပေးစမ်းပါလို့ ပူဆာတဲ့အခါမှာလည်းကိုဘဝိုင်း အေး၊ဒါတော့ ငါရှာပေးမယ်ဆိုပြီး မိန်းမတယောက်ကို ခေါ်လာတယ်၊ ကိုဘဝိုင်းကလည်းတူတော်မောင်

ပျော်ပါစေဆိုတဲ့ စေတနာနဲ့ မရမကဆွဲလာတယ် ထင်ပါရဲ့၊ မျက်နှာကလည်း သနပ်ခါးဘဲကြား လူးလာပြန်ဆိုတော့ အတော်ကြည့်ရဆိုးတာဘဲ။ ဒါပေမယ့် ဒီကောင်ကလေးတွေက စောက်ငတ်ကလေးတွေ အဲဒါကြောင့် တော်သလင်းလထဲမှာ ခွေးမကို မမြင်ဘူးတဲ့ခွေးသိုးအုပ်တအုပ်လို ထိုးထိုးထန့်ထန့်ဖြစ်နေကြတယ်၊ သူတို့ဟာ အကြာကြီး စဉ်းစားမနေဘူး။ ရောက်လာတာနဲ့ အိမ်ပေါ်ခေါ်သွားပြီး ဘယ်သူပြီးဘယ်သူ ဆိုတာ မဲချတယ်၊ သူငယ်ချင်းငါးယောက်ရှိတဲ့အနက် မောင်နုက နံပါတ်ငါးကျတယ်။

နောက်တနေ့ကျတော့ ကောင်ကလေးတွေကိုစုပြီး ဟောကောင်တွေ၊ ဝယ်တဲ့အရက်က မကောင်းဘူး။ မင်းတို့ကို ငါကိုယ်တိုင် အရက်ကောင်းကောင်းချက်တိုက်မယ်လို့ ဦးလေးကိုဘဝိုင်းက ကြေညာတယ်၊ဒီကြေညာချက် အတိုင်း ဂျုံနဲ့ဆီပုံးအလွတ်တခုထဲကို ရှေးဦးစွာ ထန်းလျှက်ထည့်တယ်၊ ရေကို ပုံးတဝက်လောက်ထည့်တယ်။ အဲဒီပုံးကို စပါးကျီထဲက စပါးပုံတွေထဲမှမြုပ်ထားတယ်၊ သုံးရက်လောက်ကြာလို့ ဖွင့်ကြည့်တဲ့အခါ ထန်းလျှက်တွေ ဟာ အချဉ်ပေါက်နေပြီ။ အဲဒီသံပုံးပေါ်မှာ ပေါင်းချောင်အိုးတင်ပြီး ထန်းလျှက်ရေရဲ့ ရေခိုးရေငွေ့တွေဟာ အပြင်ဘက်မထွက်ရအောင် ပေါင်းချောင်အိုးရဲ့ အပေါက်ကလေးတွေထဲကို အကုန်ဝင်အောင် သံပုံးနဲ့ အိုးနဲ့ထိတဲ့နေရာတွေကို အဝတ်စုတ်တွေနဲ့ အလုံလျှောက်ပတ်တယ်၊ အဲဒီပေါင်းချောင်အိုးထဲမှာ ပန်ကန်လုံးအကြီးတလုံးထည့်တယ်၊ ဒီလို အချဉ်ပေါက်နေတဲ့ ပုံးကို အောက်ကမီးပြင်းပြင်းမြိုက်တဲ့ အခါ အငွေ့တွေဟာ ပေါင်းချောင်အိုးရဲ့ အပေါက်တွေထဲ ကိုဝင်ပြီး ဒယ်အိုးဖင်ကို ထိတယ်။ အဲဒီဒယ်အိုးဖင်ကမှ ချွေးအဖြစ်နဲ့ အောက်က ပန်းကန်လုံးကြီးထဲကို ကျလာတယ်။ အဲဒါဟာ ချက်အရက်ဖြစ်လာတယ်၊ ချက်အရက်ဟာ သိပ်ပြင်းတယ်၊ အဲဒါကြောင့် ကိုဘဝိုင်းဟာ သူတူနဲ့ သူငယ်ချင်းတွေကို အဲဒီအတိုင်း မတိုက်ဘူး။ ဖန်ခွက်ထဲမှာ အရက်လက်တလုံးလောက်ထည့်ပြီး သကြားရေတွေ အများကြီးရောတိုက်တယ်၊ လွန်ခဲ့တဲ့ သကြိန်တုန်းက လူမှန်းမသိအောင် မူးခဲ့တာကို သတိရကြပြီး မောင်နုတို့လူစုကလည်း အရင်လို အရမ်းမသောက်ကြတော့ဘူး။ ဦးလေးဦးဘဝိုင်း တိုက်သလောက်ဘဲ သောက်ကြတယ်၊

ဘဲကြားမကြီးကို ကိုဘဝိုင်းခေါ်လာတဲ့နေ့က စပြီး မြို့ဘက်ကို ပြန်ကြတဲ့အထိ ဆယ်ရက်လောက်အတွင်း သူတို့ရဲ့ လုပ်ငန်းစဉ်က ထူးထူးခြား ခြားတွေမဟုတ်ပါဘူး။ ခပ်ရိုးရိုးကလေးပါဘဲ။ အိပ်ယာက ၇နာရီလောက်ထပြီး မြစ်ထဲမှာ ရေကူးတယ်။ တံတားပေါ်က ဒိုက်ဗင်ထိုးတယ်။ လှေလှော်တယ်။ ကမ်းခြေကလတာတွေပေါ်မှာ လူနှစ်စုခွဲ၊ ရွှံ့ခဲတွေနဲ့ပေါက်ပြီး စစ်တိုက်တမ်းကစားကြတယ်၊ အတော်လေးမောလာတဲ့အခါ အိမ်ပေါ်တက်လာပြီး ဦးလေးကိုဘဝိုင်း ကျွေးတဲ့အစာကို ချက်အရက်နဲ့ စားကြသောက်ကြတယ်။ စားလို့ဝပြီဆိုရင် မဲကျတဲ့အတိုင်း

ဦးလေးဘဝိုင်း ခေါ်လာတဲ့ ဟာမကြီးရဲ့ အခန်းထဲကို စောက်ငတ်ကလေးတွေ
တယောက် တလှဲ့စီဝင် တာ ညနေအထိပါပဲ။ ကြားထဲမှာ ဟာမကြီးကို ရေချိုးဘို့။
သနပ်ခါးလူးဘို့၊ ဆေးလိပ်သောက်ဘို့။ ထမင်းစား၊ ကော်ဖီသောက်ဘို့၊ လောက်ဘဲ
အနားပေးတယ်၊ ညနေ ငါးနာရီလောက်ကြတော့ ဒီဘဲကြားမကြီးကို ကိုဘဝိုင်းဟာ
ရွာထဲပြန်ပို့ရတယ်၊
ဝါးခယ်မကို ပြန်ရောက်ပြီး နှစ်ရက်လောက်ကြာတော့
မောင်နုနဲ့သူငယ်ချင်းတယောက်ဟာ ရှန်ကာတွေ ပေါ်လာတယ်။ ဗဟုသုတရှိတဲ့
မိတ်ဆွေတယောက်ကိုချဉ်းကပ်ပြီး တည့်ခဲ့တဲ့အခါ မိတ်ဆွေက ရှန်ကာကို
ဟိုက်ဒရိုဂျင်ပါရိုဆိုက် ဆိုတဲ့ ဆေးရေနဲ့ ဆေးပြီး တရုတ်မျက်နှာတမျိုးကို ဖြူးပေးဘို့
ညွှဝါဒပေးတယ်၊ ဒီညွှဝါဒအတိုင်း လိုက်နာတဲ့အခါ
မောင်နုမှာအတော်သက်သာသွားတယ်၊ ဒါပေမဲ့ လုံးဝမပျောက်သေးခင်
ကျောင်းဖွင့်တဲ့အတွက် ရန်ကုန်ကို ပြန်လာခဲ့ရတယ်၊ ရန်ကုန်ရောက်တော့
သူ့မိတ်ဆွေကို အကျိုးအကြောင်းပြောပြတဲ့အခါ သူ့မိတ်ဆွေဟာ မောင်နုကို
ဆရာဝန်တယောက်ဆီ ချက်ချင်းခေါ်သွားတယ်။ ဆရာဝန်က နိယိုဆာလဗာဆင်
ဆေးကို ထိုးပေးတယ်၊ အားလုံးပေါင်း ခြောက်ကြိမ်လောက်ထိုးလိုက်ရတယ်၊
သောက်ဆေးအဖြစ်နဲ့လည်း ချင်ဒူရှိုင်ဆေးဆိုင်က ဆေးရေကိုတိုက်တယ်၊
ရှန်ကာပျောက်သွားတဲ့အခါ အဲဒီမိတ်ဆွေ က မောင်နု မင်းဆင်ခြင်တော့
ဒီကာလသားရောဂါ ဟာ မင်းကိုရော၊ နောင်အခါ မင်းရလာမဲ့ သားသမီးတွေကိုရော၊
အကြီးအကျယ် ဒုက္ခပေးနိုင်တယ်လို့ အစချီပြီး ကာလသားရောဂါရဲ့
ကြောက်စရာကောင်းပုံတွေကို လျောက်ပြောပြတယ်။ မောင်နုဟာ အစက ဒါတွေကို
ဘာမှ မသိဘူး။ သိရတဲ့အခါ သိပ်လန့်သွားတယ်။ သိပ်လန့်နေတာကို
တွေ့တဲ့အတွက် သူ့မိတ်ဆွေက မင့်ကို အလိုလိုက်မိတာ ငါမှားသွားတယ်။
အဲဒီနေ့ညမင်းပြောတုန်းက ငါငြင်း လိုက်ရင် မင်းဒီလို ဖြစ်ရမှာ မဟုတ်ဘူး လို့
မောင်နုကို ပြောတယ်။ ခင်ဗျား အလိုမလိုက်ရင်လည်း ကျွန်တော်ဟာ ကျွန်တော်
တနည်းနည်းနဲ့ ရောက်အောင်သွားခဲ့တာဘဲ။ ခင်ဗျားနဲ့ မသွားခင်
ဝါးခယ်မမှာကတည်းက ကျွန်တော်သွားဖူးနေပြီ။ အဲဒီတော့ ဒီလိုဖြစ်ရတာ ခင်ဗျားနဲ့
ဘာမှ မဆိုင်ဘူး။ ဒါဟာ ကျနော့ အပြစ်ဘဲလို့ မောင်နုက ပြန်ပြောတယ်။ အဲဒီတော့
မောင်နုရေ၊ မင်းမနေနိုင်ရင် မိန်းမယူပါလားကွာ။
ဒီပြည့်တန်ဆာမတွေဆီတော့မသွားပါနဲ့၊
ခင်ဗျားပြောတာကို ကြားရပြီးကတည်းက ဒီဟာတွေဆီကို ထပ်ပြီးသွားဂုမှာ
ကျွန်တော်သိပ်ကြောက်နေတယ်။
အဲဒီတော့ ဒါတွေဆိကို မသွားတော့ဘူးလို့ မင်းငါ့ကို ကတိပေးမလား။
ကတိတော့ မပေးသေးဘူး။ ကျွန်တော်စဉ်းစားဦးမယ်။
မိန်းမလိုက်ချင်တဲ့စိတ်ကို တခြားဘက် လှည့်ပေးပါလားကွာ။

ဘယ်လို လှည့်ပေးရမလည်း။
လက်ဖ့ေသင်ကွာ။ နောက်ပြီးတော့ ဘောကန်ကွာ။ ဒါတွေလုပ်နေဂ်င်
မိန်းမလိုက်ချင်တဲ့စိတ်တွေ ပျောက်ကုန်မှာဘဲ။
နောက်တနေ့ကစပြီး မောင်နုဟာ လက်ဖ့ေထိုးတာလည်းသင်တယ်။ ဘောလုံးလည်း ကစားတယ်။ လက်ဖ့ေထိုးတဲ့အခါ ဘောလုံးကစားတဲ့ အခါ အားရှိအောင် အမောခံနိုင်အောင်ဆိုပြီး အပြေးကျင့်ရတယ်။ ကြိုးခုန်ရတယ် ဘားတန်းပေါ်မှာကစားရတယ်။ အဲဒိလိုလုပ်ရတဲ့အတွက် မိန်းမလိုက်တဲ့ ဘက်ကို သူ့စိတ်တွေ လွှင့်နေတာ အတော်ကြီးနည်းသွားတယ်။
(ခ)
ရန်ကုန်နေရှင်နယ်ကျောင်းကို ရောက်တဲ့အခါ အနိုင်ကျင့်ခံ လူတန်းစားဘက်ကလူရဲကြီးလုပ်ချင်တဲ့ စိတ်ဟာ ရေးတုန်းကထက် မောင်နုမှာပြင်းထန်လာတယ်။ ဒါပေမဲ့ သူ့ နှလုံးသားဟာ သူ့ဦးနှောက်ထက် ပိုပြီးကြီးနေတဲ့အတွက် သူသွားပြီးကာကွယ်တဲ့သူဟာ တကယ်အနိုင်ကျင့်ခံရတဲ့သူ ဟုတ်သလား။ မဟုတ်ဘူးလားဆိုတာ သူမစဉ်းစားနိုင်ဘူး။ စွာတယ်လို့ သူယူဆတဲ့သူဟာ တကယ့် လူစွာဟုတ်သလား မဟုတ်ဘူးလားဆိုတာသူမတွေးတတ်ဘူး။ အနိုင်ကျင့်နေတယ်လို့ သူသတင်းရတဲ့သူဟာ အနိုင်ကျင့်တဲ့သူဟုတ်သလားမဟုတ်ဘူးလားဆိုတာ သူမတွေးတတ်ဘူး။ ကျောင်းသားတယောက်ဟာ သိပ်ပြီးစွာတယ်လို့သူ့စိတ်ထဲက ထင်ရုံနဲ့ သူနဲ့ဆိုင်ဆိုင် မဆိုင်ဆိုင် အတင်းဝင်ပြီးရန်ဖြစ်တာပဲ။ အဲဒိလိုပဲ ကျောင်းသားတယောက်ဟာ ဘယ်သူ့ကို အနိုင်ကျင့်လိုက်တယ်လို့ တယောက်ယောက်က လာပြောရင်လည်း သူနဲ့ဆိုင်ဆိုင် မဆိုင်ဆိုင် သွားပြီးရန် ဖြစ်တာပဲ။ ရန်ဖြစ်တဲ့အခါ သူကချည့်နိုင်တာမဟုတ်ပါဘူး။ သူနှံတဲ့အခါ နှံခဲ့ဂ်တယ်။ ခံတဲ့အခါ ခံခဲ့ဂ်တယ်။ ဘယ်လောက်ပဲခံရခံရ သူသံဝေဂမရဘူး။ ဖြစ်ချင်လာရင် ဇွတ်တရွတ်ဖြစ်တာပဲ။
ဒီလိုဖြစ်ခဲ့တာတွေ လျှောက်ပြောရရင် ဆုံးမှာ မဟုတ်ဘူး။ အဲဒီတော့ အဲဒါတွေထဲက လူသိအတော်များတဲ့ အဖြစ်အပျက် တခုနှစ်ခုလောက်ကို ပြောပြရဦးမယ်။
၁၉၂၃ ခုနှစ်ထဲမှာ နေရှင်နယ်ကျောင်းတွေကို အစိုးရက အသိအမှတ်ပြုတယ်။ အဲဒါကြောင့်အသိအမှတ် ပြုတဲ့ကျောင်းနဲ့ အသိအမှတ် မပြုတဲ့ ကျောင်းဆိုပြီး။ နေရှင်နယ်ကျောင်းတွေဟာ ၂ခြမ်းကွဲသွားကြတယ်၊ သရက်တောကျောင်းတိုက် က ရဟန်းတော်တွေဟာ အသိအမှတ်အပြုမခံဂ်တဲ့ နေရှင်နယ်ကျောင်းကို ထောက်ခံတယ်။ အဲဒါကြောင့် အသိအမှတ် အပြုခံရတဲ့ နေရှင်နယ်ကျောင်းဟာ အထက်တန်းကို ရွှေတိဂုံစေတီ အနောက်ဘက်စောင်းတန်း နဲ့မျက်နှာချင်းဆိုင်မှာရှိတဲ့ အင်္ဂလိပ်စစ်သားတွေရဲ့ စစ်တန်းလျားတခုမှာ ဖွင့်ဂ်တယ်၊ အဲဒီစစ်တန်းလျားရဲ့ အနောက်ဘက်ခြမ်းမှာ ကျောင်းအိပ်ကျောင်းစားတွေနေတယ်။ မောင်နုဟာ အဲဒိမှာ

ကျောင်းအိပ်ကျောင်းစား အဖြစ်နဲ့နေတယ်။ သူ့အတန်းက ဆယ်တန်း။ သူ့အသက်က တဆယ့်ခြောက်နှစ်ရှိသွားပြီ။ အဲဒီဘော်ဒါမှာ ဘော်ဒါဆရာက ဆရာတင့်ဖြစ်တယ်။ ဆရာတင့်ဟာ ကျောင်းအိပ်ကျောင်းစားတွေကို သိပ်ဂရုစိုက်တယ်။ အဲဒါကြောင့် ကျောင်းအိပ်ကျောင်းစားတွေကသူ့ကို သိပ်ချစ်တယ်။ ဒါပေမဲ့ ဆရာတင့်ဟာ သိပ်စည်းကမ်းကြီးတဲ့အတွက် စည်းကမ်း ဖောက်ဖျက်လာရင် ဘယ်သူကိုမှ ညှာလေ့မရှိဘူး ဧရာမကျောင်းသားကြီးတွေကိုလည်း တီးတာပဲ။ ငပုတောက ကျောင်းသားကြီးတယောက်ဟာ အသက် ၂၀လောက်ရှိပြီ။ တညမှာ ခွင့်ပြုထားတဲ့အချိန်ထက် နာရီဝက်လောက်နောက်ကျပြီး ပြန်ရောက်လာတယ်။ ဆရာတင့်ဟာ အကြွေးမထားဘူး။ ဒီကျောင်းသားကို စာကြည့်ခန်းထဲက ခုံမြင့်ပေါ်မှာ မတ်တပ်အရပ်ခိုင်းပြီး ကျောင်းအိပ်ကျောင်းစားတွေ မျက်နှာ စုံညီ ရှေ့မှာ ကြိမ်လုံးနဲ့ တအား လွှဲပြီးချတာ ။ ကျောနဲ့တင်ပါးမှာ အရိုးတွေ ပြိုင်းပြိုင်းထသွားတာပဲ။ အဲဒီညက ကျောင်းသားတွေဟာ အသက်ကို ပြင်းပြင်းတောင် မရှူဝံ့ဘူး။ တနေ့ကျတော့ ဆရာတင့်ဟာ သူ့အဖေ နေမကောင်းလို့ မင်းလှကို ခဏပြန်သွားတယ်၊ လက်ထောက်ဘော်ဒါ ဆရာ ဆရာဘကျော် က ဘော်ဒါဆရာတက်လုပ်ရတယ်။ အဲဒီညမှာပဲ ဆရာဘကျော်ဟာ တခြားဘယ်ကျောင်းသားကိုမှ ခွင့်မပေးဘဲသူ့အချော် (လူကြီးနားတွင် ကပ်၊နေသောသူ) တယောက်ကို ဂျူဗလီဟောမှာ ဖိုးစိန်ပွဲကြည့်ဘို့ ခွင့်ပြုလိုက်တယ်။ ဒါကိုသိတဲ့ ကျောင်းသားတဦးဟာ မောင်နုဆီကို ပြေးလာပြီး သတင်းပေးတယ်။ မောင်နုဟာ ဆရာဘကျော်ရဲ့ အခန်းဝကို သွားပြီး၊ ငါဖိုးစိန်ပွဲသွားမလို့ဟေ့၊ ဘယ်သူလိုက်မလဲ။ လိုက်ချင်တဲ့သူတွေ လာကြ ။ ငါခွင့်ပေးတယ်လို့ လေးငါးကြိမ်လောက် အော်တယ်။ ကျောင်းအိပ်ကျောင်းစားတွေရဲ့ ခန်းမကြီးထဲမှာလည်း သွားအော်တယ်။ သုံးခွက သိန်းမောင်တယောက်ဘဲ မောင်နုနဲ့လိုက်ဝံ့တယ်။ တခြားဘယ်သူမှ မလိုက်ဝံကြဘူး။ မောင်နုနဲ့ သိန်းမောင်ဟာ ဖိုးစိန်ပွဲကို မကြည့်ချင်ပါဘူး။ ဆရာဘကျော်ဟာ မတရားလုပ်လို့ သက်သက် အာ့ဂျတိုက်တာ။ အဲဒါကြောင့် သူတို့နှစ်ယောက်ဟာ ဖိုးစိန်ပွဲကို မသွားပဲ ရွှေတိဂုံစေတီတော်ကို သွားပြီးဖူးကြတယ်။ ည ၁၁ နာရီလောက်မှ ဘော်ဒါကို ပြန်လာကြတယ်။

ဒေါသအမျက်ချောင်းချောင်းထွက်နေတဲ့ ဆရာဘကျော်ဟာ သူတို့နှစ်ယောက်ထွက်သွားတာနဲ့ တပြိုင်နက် ကျောင်းသားစာရင်းကိုခေါ်တယ်။ ဒီကောင်နှစ်ကောင်ကိုသာသိပ်ပြီး မဲနေတဲ့အတွက် စာရင်းခေါ်တယ်လို့သာ ပြောရတယ်။ အကုန်ခေါ်တာမဟုတ်ဘူး။ မောင်နု၊သိန်းမောင်ဆိုတဲ့ နံမယ် ၂ခုထဲကိုသာ ခေါ်၊ သူတို့မရှိဘူးလို့ စာရေးမှတ်ထားလိုက်ပြီး ကျောင်းသားတွေကို သူတို့ရဲ့ အခန်းပြန်လွှတ်လိုက်တယ်။

ဆရာဘကျော်ဟာ နောက်တနေ့မနက်ကျရင် သူတို့နှစ်ယောက်ကိုခေါ်မယ်။

အဲဒိလိုခေါ်ပြီး သူတို့ကိုခေါ်ဂင် ဘာဖြစ်လို့ ဆရာ မတရား လုပ်ရသလဲလို့
သူတို့ပြန်ပြောမယ်။ ဆရာကသူတို့ကို အကြမ်းကိုင်ရင် သိန်းမောင်က
ဆရာဘကျော်ရဲ့ ခေါင်းကို ဒုတ်နဲ့ရိုက်ရမယ်။ မောင်နုက မျက်နှာ ကို
လက်သီးနဲ့ထိုးရမယ်၊ ပြီးတော့မှ အာဏာပိုင်တွေက သူတို့ကို ကျောင်းက မထုတ်ခင်
သူတို့က အရင်ထွက်မယ်။ အဲဒိလိုတိုင်ပင်ထားတယ်။ ဒါပေမဲ့ နောက်တနေ့မှာ
ဆရာဘကျော်ဟာ သူတို့နှစ်ယောက်ကို မခေါ်ဘူး။ နောက်တနေ့မှာလည်း မခေါ်ဘူး။
အဲဒါကြောင့် ဒီဆရာဟာသူတို့ကုိ မခေါ်ရဲပါဘူး ဆိုပြီး သူတို့နှစ်ဦး
စိတ်လျော့လိုက်ကြတယ်၊ နောက် ၃ရက်လောက် ကြာတော့ ဆရာ တင့်ဟာ မင်းလုက
ပြန်ရောက်လာတယ်။ ညနေ ထမင်းစားပြီးချိန် လောက်ကြတော့ မောင်နုနဲ့
သိန်းမောင်တို့ဟာ စစ်တန်းလျားရဲ့ အရှေ့မြောက်ဒေါင့်ကဝရန်တာမှာ
စကားထိုင်ပြောနေတုန်း။ ဟိုတနေ့ညက ဖိုးစိန်ပွဲကို သွားခွင့်ရတဲ့ ဆရာဘကျော်ရဲ့
အချော်ဟာ ဆရာတင့်က ခေါ်နေတယ်လို့။ မောင်နုနဲ့သိန်းမောင်တို့ကို
အကြောင်းကြားတယ်။ မလာဘူးလို့ မောင်နုက စကားပြန်တယ်။ ဒီအချော်ဟာ
လှည့်ထွက်သွားပြီး ဆယ်မိနစ်လောက်ကြာတော့ အခါတခေါက် ရောက်လာပြန်တယ်။
မင်းတို့ကို ဆရာတင့် သိပ်စိတ်ဆိုးနေတယ်။ မင်းတို့နှစ်ယော်ကငါနဲ့ အခု
လိုက်ခဲ့ပါလို့ အဲဒိအချော်က ထပ်ပြောတယ်။ မလိုက်ဘူး။ သွား။
နောက်တခါထပ်လာရင် မင်းကို ပါးရိုက်မယ်လို့ မောင်နုက စကားပြန်တယ်။ အဲဒါနဲ့
အချော်လည်း လှည့်ထွက်သွားပြန်တယ်။ နောက် ၁၅မိနစ်လောက်ရှိတဲ့အခါ
ကိုမောင်ကလေးဆိုတဲ့ ကျောင်းသားကြီးတယောက်ရောက်လာပြီး
မောင်နုနဲ့သိန်းမောင်ရေး ဆရာတင့်ဆီ သွားလိုက်ကြပါကွာ။ ဟိုကြတော့
ဆရာဘကျော်မတရားတာတွေကို ရှင်းပြလိုက်ပေ့ါလို့ ပြောတယ်။ ကိုမောင်ကလေးဟာ
သူတို့နဲ့ ခင်နေကြတဲ့အတွက် သူတို့လည်း ဆက်ပြီး မငြင်းဆန်တော့ဘူး၊
ဆရာတင့်အခန်းထဲကို မောင်နုကရှေ့က။ သိန်းမောင်က နောက်က ဝင်သွားကြတယ်။
သိန်းမောင်ကတော့ သူတာဝန်ယူထားတဲ့ ကိစ၊ကို လိုရင်
အဆင်သင့်ဆောင်ရွက်ဘို့အတွက် သူ့လုံချည်ထဲမှာ ဝရန်တာက ပြုတ်ကျနေတဲ့
သစ်သားချောင်းကို ဝှက်ပြီးယူသွားတယ်။
ဆရာတင့်ဟာ မျက်နှာကြီးတင်းပြီး အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန်
လျှောက်နေတယ်၊ အခန်းရဲ့တနေရာမှာ ထားဝယ်ကြိမ်လုံးကြီးကို ထောင်ထားတာ
အထင်းသား မြင်နေရတယ်၊
မောင်နုဟို နေ့က မင်းဘယ်သွားလဲ။
ဖိုးစိန်ပွဲ။
သိန်းမောင်
ဗျာ။
မင်းကောပါသလား။

ပါတယ်။
မင်းတို့ခွင့်ရသလား။
မရဘူး။
မင်းတို့ အပြစ်ရှိသလား။
မရှိဘူး။
ဘာဖြစ်လို့ မရှိသလဲ။
ဆရာဘကျော်ရဲ့ တပည့်ဟာ ဖိုးစိန်ပွဲကို သွားနိုင်တယ်ဆိုရင်
တခြားကျောင်းသားတွေလည်း သွားနိုင်ရမယ်။
ဆရာဘကျော်ကို ဆွဲသွင်းမလာနဲ့။ ဆရာဘကျော်မှာ အပြစ်ရှိရင် သူ့ကို
တခြားသပ်သပ် အပြစ်ပေးရမယ်။ မင်းတို့ရဲ့ကိစ၊သာမင်းတို့ဖြေ။မင်း
တို့မှာအပြစ်ရှိသလား။
မရှိဘူး။
ဘယ်ကျောင်းသားမဆို အခွင့်မရပဲ ပွဲထွက်ကြည့်တယ်ဆိုရင် အပြစ်ရှိတယ်။
မင်းတို့အရိုက်ခံရမယ်။
ကျွန်တော်တို့ အရိုက်မခံဘူး။
မင်းတို့ကို မရိုက်ရအောင် မင်းတို့က ငွေမှုန်စားပြီး မွေးထားတာလား။
ကျွန်တော်တို့ ကို ရွှေမှုန်စားပြီး မွေးထားတယ်လို့ ကျွန်တော်တို့ တခါမျှ
မပြောဘူးဘူး။ ဒါပေမဲ့ အရိုက် တော့ ဘယ်နည်းနဲ့မှ မခံဘူး။
ဆရာဘကျော် မတရားတာလုပ်တယ် ဆိုရင် ငါပြန်လာအောင် စောင့်ပြီး ငါ့ကို
မင်းတို့တိုင်ပါလား။ ဆရာဘကျော်ကို အရေးမယူရင် ငါ့အဆိုးပေါ့။ အခုတော့
မင်းတို့က ဒီလိုအရွဲ့တိုက်တာ ကောင်းသလား။
မောင်နုလည်းဘာမှ ပြန်မပြောဘူး။ ခပ်တည်တည်ရပ်ကြည့်နေတယ်။
အတော်လေးကြာတဲ့အခါ ဆရာတင့်က သွားကြ။ သွားကြ။ ဒါဟာ နောက်ဆုံးပဲ။
နောက်တခါဒါမျိုးဖြစ်ရင် မင်းတို့နဲ့ ငါနဲ့တွေ့မယ်လို့ မောင်နုနဲ့ သိန်းမောင်ကို
ကြိမ်းမောင်းလွှတ်လိုက်တယ်။
နောက်တခုကတော့ အတော်ရယ်စရာကောင်းတယ်။ အဲဒီအဖြစ်အပျက်ကို သတိရတိုင်း
သူမှားလေခြင်းလို့ တွေးမိပြီး မောင်နုဟာ နောင်တရနေတယ်။
၁၉၂၄ခုနှစ်မှာ မေးခွန်းတွေ ပေါက်ကြားတဲ့အတွက် ဆယ်တန်းစာမေးပွဲကို
နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းပစ်ရတယ်။ အဲဒီလို ရွှေ့ဆိုင်းပြီးတဲ့ နောက်
စာမေးပွဲလုပ်ရင် ဖြေဘို့ မောင်နုဟာ ကျောင်းမှာအသင့်စောင့်နေရတယ်။ ဆယ်တန်းမှာ
မောင်နုဟာ သုံးနေရာပြောင်းခဲ့ရတယ်။ ရှေးဦးစွာ ရွှေတိဂုံစေတီတော်နားက
အင်္ဂလိပ်စစ်သား စစ်တန်းလျားကို ပြောင်းရတယ်။ ခြောက်လကြာတဲ့အခါ
အဲဒီနေရာက ပြည်လမ်း ဂေါ်ရခါး စစ်တန်းလျားကို ပြောင်းရတယ်။
စာမေးပွဲနှစ်ကြိမ်ရွှေ့ပြီးနောက်တကြိမ်အတွက် စောင့်ရတဲ့အခါ ပြည်လမ်း

ဂေါ်ရခါးစစ်တန်းလျားကန့်ပါတ် ၁ ဗိုင်းလမ်း အဆောက်အဦးကို ပြောင်းရတယ်။
အဲဒီ နံပါတ်၁ ဗိုင်းလမ်း ကို ပြောင်းတဲ့အချိန်မှာ ၁၉၂၄ခုနှစ်အတွက် ကျောင်းတောင်
ပြန်ဖွင့်နေပြီ။ ကျောင်းသားအသစ်တွေလည်းရောက်လာ ကုန်ကြပြီ။
အဲဒီကျောင်းသားအသစ်တွေ ထဲမှာ မော်လမြိုင်က ကျောင်းသား တဦးပါလာတယ်။
သူဟာ တရုပ်ကပြား၊ မောင်နုဟာ အဲဒီအချိန်မှာ
ကျောင်းအိပ်ကျောင်စားသာဖြစ်တယ်။ကျောင်းသားမဟုတ်တော့တဲ့အတွက်
အဲဒိကျောင်းသားအသစ်နဲ့ မသိကြသေးဘူး။ တနေ့တော့ သူငယ်ချင်းတယောက်ဟာ
မောင်နုဆီကိုလာပြီး မောင်နုရယ် ဒီကောင်ကြီးဟာ သိပ်အစားကြီးတယ်။ သူများတွေ
အားလုံးစားပြီးတာတောင် သူမပြီးသေးဘူး။ တခြားခုံတွေမှာ ကျန်နေတဲ့ ထမင်းတွေ
ဟင်းတွေ ကို သူ့ခုံကို ရွှေ့ပြီး အကုန်တုပ်ပစ်တာပဲ။ အဲဒါကြောင့် သူရောက်လာမှ
တံမြက်စည်းလှည်းသမားတွေ ထမင်းဝအောင် မစားကြရတော့ဘူးလို့ ပြောပြတယ်။
တံမြက်စီးလှဲသမားတွေ ကို ဒီလို အနိုင်ကျင့်ရပါ့မလားဆိုပြီး မောင်နု ဟာ
ဒီကောင်ကြီးကို ထိုးဖို့ ချက်ခြင်းဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ထိုးရမှာမလွယ်ဘူး။
ဒီကောင်ကြီးက သိပ်ကြီးတယ်။ အဲဒါကြောင့် မောင်နုဟာ ကျောင်းသားတွေ အိပ်တဲ့
အခန်းဝရှေ့မှာ စားပွဲခုံတခု ရွှေ့ထားပြီး အဲဒိစားပွဲခုံပေါ်မှာ တက်ရပ်နေတယ်။
ဒီကောင်ကြီးဝင်လာတာနဲ့ တပြိုင်နက် မောင်နုဟာ အဲဒီစားပွဲခုံပေါ်ကနေ
ဆီးပြီးကန်တာပါပဲ။ မောင်နုရဲ့ သူငယ်ချင်း မောင်ဟန်ဆိုသူကလည်း ဒီကောင်ကြီးကို
ဘေးက ဝင်ထိုးလိုက်သေးတယ်။ ဘေးကကျောင်းသားတွေ ပြေးလာပြီး
ဝိုင်းဖျင်ကြတယ်။ ပြီးတော့မှ ဒီလို ရှင်းပြကြတယ်။ ဒီကောင်ကြီးဟာ
အစားကြီးတာတော့ ဟုတ်တယ်။ ဒါပေမဲ့ သိပ်သဘောကောင်းတယ်။
ကျောင်းဝင်တဲ့နေ့ကစပြီး သူဟာ အစားကြီးတယ်။
ထမင်းဝဝစားပါရစေ။နှစ်ယောက်စာအတွက် ထမင်းလခ ပေးပါ့မယ်လို့ ဆရာကြီးကို
ပွင့်ပွင့်လင်းလင်းပြောထားတယ်။ ဆရာကြီးက ဝအောင်စားနိုင်တယ်။
နှစ်ယောက်စာပေးဘို့မလိုဘူး။ လို့ခွင့်ပြုထားတဲ့အတွက် အခုလိုစား နေတာဖြစ်တယ်။
တံမြက်စီးလှဲသမားတွေ ထမင်းမဝဆိုတာလည်းမမှန် ၊ တံမြက်စီးလှဲသမားတွေ
စားပြီးတဲ့နောက် ထမင်းကျန်ဟင်းကျန် တွေ မြူနီစပါယ် အမှိုက်ပုံးထဲကို အများကြီး
သွန်ပစ်ရသေးတယ်လို့ ကျောင်းသားတွေက ရှင်းပြကြတယ်။ အဲဒါတွေကို
ကြားပြီးတဲ့အခါ။ မောင်နုဟာ ရှက်လည်းရှက်နေတယ်။ သူတော်ကောင်းတယောက်ကို
စော်ကားမိလေခြင်း လို့နောင်တရပြီး တော့လည်းငိုချင်သလိုလို ဖြစ်နေတယ်။
နောက်တနေ့ ဆရာကြီးဦးဘလွင်က မောင်နုနဲ့ အဲဒိသူငယ်ကို ရုံးခန်းထဲခေါ်ပြီး
မောင်နု–မင်းသူ့ကို ကန်တယ်လို့ငါကြားတယ်။ ဟုတ်သလားလို့ မေးတယ်။
ဟုတ်ပါတယ် ဆရာကြီး။ ကျနော်ကန်ပါတယ်။ အဲဒိအတွက်
ကျွန်တော်အများကြီးဝမ်းနည်းပါတယ်။ ကျွန်တော်ကို ဆရာကြီး ကြိုက်သလို ဆုံးမပါ။
ဆရာကြီးဦးဘလွင်ဟာ မောင်နုရဲ့တင်ပါးကို ငါးချက်ရိုက်ပြီး လွှတ်လိုက်တယ်။

အဲဒီအဂ္ဃယ်တုန်းက တနေ့မှာ သူ့အဖေ ကိုစံထွန်းနဲ့ ဖြစ်ကြတဲ့အဖြစ်အပျက်ဟာ ပို ပြီးတောင် ရယ်စရာ ကောင်းသေးတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ နည်းနည်းလောက်ဖေါ်ပြသင့်တယ်။ ကိုစံထွန်းမန္တလေးကပြန်လာတဲ့အခါ ဂှက်လုပင်ပါလာတယ်။ ဒီအပင်ကို သူသိပ်မြတ်နိုးတယ်။ အဲဒါကြောင့် ဒီအပင်ကို တခြားသစ်ပင်တွေနဲ့ ရောမထားဘူး။ သီးသန့်စင်ကလေးတခုပေါ်မှာ ပန်းအိုးကို တင်ထားတယ်။ ရေလောင်းတဲ့အခါမှာလည်း တခြားသစ်ပင်တွေနဲ့ အတူတူ ရောမလောင်းဘူး။ ဒီရွှက်လုပင်ကို လောင်းဘို့က ရေအိုးတခုထားရတယ်။ ရေလောင်းတဲ့အခါမှာလည်း သူများကို အလောင်းမခိုင်းဘူး။ သူကိုယ်တိုင် ငွေခွက်နဲ့ လောင်းတယ်။ ကိုစံထွန်းဟာ အဲဒီလောက်မြတ်နိုးနေတဲ့သစ်ပင်ပေါ်ကို တနေ့ကြတော့ မောင်နုဟာ သူ့ပါးစပ်မှာ ငုံထားတဲ့ ရေနဲ့အမှတ်တမဲ့ထွေး ချလိုက်တယ်။ ကိုစံထွန်းဟာ အနားမှာရှိနေတဲ့အတွက် သူ့ရင်ဘတ်ကို ဘုတ်ကနဲမြည်အောင်ထုပြီး ဒီကောင်ဟာသိပ်မိုက်တဲ့အကောင်ဘဲ လို့ မောင်နုကို ဟောက်လိုက်တယ်။ မောင်နုဟာ ပထမအကြိမ်တုန်းကတော့ အမှတ်တမဲ့ ထွေးချလိုက်တာပါဘဲ။ ဒါပေမဲ့ သူ့အဖေဟာ သူ့ကို ငေါက်ပြီးတဲ့အခါကျတော့ မောင်နုဟာ နောက်ထပ် ရေတွေ အများကြီးငုံလာပြီး တမင်သက်သက် အဲဒီရွှက်လုပင်ပေါ်မှာ အကုန်ထွေးချလိုက်ပြန်တယ်။ ကိုစံထွန်းလဲ နောက်ထပ်ဘာမှ မပြောတော့ဘူး။ ငိုမဲ့မဲ့မျက်နှာကလေးနဲ့ သူ့ရွှက်လုပင် ပေါ်က မောင်နုထွေးချလိုက်တဲ့ ရေတွေ စင်သွားအောင် သူ့ဟာသူ ဆေးပစ်နေတယ်။ အဲဒီတော့မှ မောင်နုဟာ အများကြီးနောင်တရပြီး သူ့အဖေရဲ့ခါးကို သွားဖက်တယ်။ ချော့တဲ့အနေနဲ့ သူ့အဖေရဲ့ ခါးကို ဟိုရမ်းဒီရမ်း ရမ်းတယ်။ တအောင့်လောက် ကြာတဲ့အခါ မောင်နုဟာ သူ့အဖေခါးကို ဖက်ပြီး အိမ်ထဲဆွဲသွင်းသွားတယ်၊ အိမ်ထဲရောက်တာနဲ့ တပြိုင်နက် သူတို့သားအဖ ကစားနေကြအတိုင်း နပမ်းလုံးကြတယ်။ နှစ်ယောက်စလုံး ချွေးဖြိုင်ဖြိုင်ထွက်ပြီး ခြေကုန်လက်ပမ်းကျတော့မှပဲ အဲဒီ နပမ်းလုံးတဲ့နေရာမှာ တယောက်ကို တယောက်ဖက်ပြီး အိပ်ပျော်နေကြတယ်။

(ဂ)

နုလုံးဟာ ဦးနှောက်ထက် ပိုကြီးတဲ့သူတွေ ဖြစ်တတ်တဲ့ စိတ်ရောဂါ တခုဟာ ငုပ်လျှိုးနေရာကနေ မောင်နုဆယ်တန်းကို ရောက်စအချိန်မှာ ဗျုံးကနဲ ပေါ်လာတယ်။ တနေ့မှာ မောင်နုဟာ ဘာကိစ္စနဲ့မှန်းမသိဘူး။ ရန်ကုန်က ဝါးခယ်မကို ပြန်လာတယ်။ သင်္ဘောပေါ်မှာ အိပ်ပျော်နေတုန်း ၊ ဝါးခယ်မက ဒေါ်အိမ်ငြိမ်းရဲ့ သမီး မဇကျော် နဲ့ လက်ထပ်ရတယ်လို့ အိပ်မက်မက်တယ်။ မောင်နုဟာ မဇကျော်ကို မြင်ရုံသာမြင်ဘူးတယ်။ တခါမျှ စကားမပြောဖူးဘူး။ ပိုးလည်း မပိုးဖူးဘူး။ သူကိုသာ မဟုတ်ဘူး။ အဲဒီအချိန်အထိ မောင်နုဟာ ဘယ်မိန်းကလေးကိုမှ ချစ်လည်း မချစ်ဘူး။ ပိုးလည်းမပိုးဘူး။ ဒါပေမဲ့ အိပ်ယာက နိုးလာတဲ့အခါ သူ့မျက်စိထဲမှာ အိပ်မက်ထဲက အဖြစ်အပျက်ကိုမြင်ပြီး သူရင်ထဲမှာ ဇကနဲ။ဇကနဲ ဖြစ်သွားတဲ့ အတွက် သူဟာ

မဇကျော်ကို စွဲလမ်းနေပြီဆိုတာ သိလာတယ်။ မောင်နုဟာ ထူးထူးထွေထွေ လေးလေးနက်နက် စဉ်းစားမနေဘူး။ ရန်ကုန် မပြန်ခင် မဇကျော်ကို ချစ်တဲ့အကြောင်း စာတစောင်ရေးပြီး စာတိုက်က ထဲ့လိုက်တာဘဲ။ ရန်ကုန်ကို သူပြန်ရောက်ပြီး တနင်္ဂနွေတပတ်လောက်ကြာရင် မဇကျော်ဆီက ပြန်စာလာလိမ့်မယ်လို့ သူမျှော်လင့်တယ်။ ဒါပေမဲ့ တနင်္ဂနွေ တပတ် ကြာလည်းမလာ။ သုံးလေးပတ် ကြာလည်း မလာတဲ့အခါ၊ မောင်နုဟာ စာတစောင်ထပ်ရေးပြီး စာတိုက်က ပို့လိုက်ပြန်တယ်။ မောင်နုဟာ စိတ်မပျက်တဲ့အပြင်။ သိတင်းကျွတ်လ၊ ကျောင်းပိတ်လို့ ဝါးခယ်မကို ပြန်ရင် မဇကျော်တို့ အိမ်ရှေ့မှာ အော်ဟစ်ပြီးဆိုဘို့အတွက် သူငယ်ချင်းတယောက်ဆီက သူအင်မတန်ကြိုက်တဲ့ ဦးဖိုးစိန် ဆိုတဲ့ 'လင်မောင်စိန်ချိုသာတဲ စကားရယ်နဲ့' အစချီတဲ့ သီချင်းကိုတောင် ကြိုးစားပမ်းစားအလွတ်ကျက်လိုက်သေးတယ်။မောင်နုဟာ ကျောင်းပိတ်ရက်အတွင်း ဝါးခယ်မမှာရှိတုန်း သူဆောင်ဥက်ဂုမဲ့ ဝတ၊ရားမပျက်ဘူး။ သူငယ်ချင်းမောင်ဟန် နဲ့အတူ လင်မောင်စိန်ချိုသာတဲ့စကားဂုယ်နဲ့ ဆိုတဲ့သီချင်းကို မဇကျော်တို့အိမ်ရှေ့မှာ ညတိုင်းအချိန်မှန်မှန်လေးငါးခြောက်ခေါက်လောက် ခေါက်တုန့်ခေါက်ပြန် လျှောက်ပြီး အသံကုန် ဟစ်ဆိုတာပဲ။

ကျောင်းဖွင့်လို့ ရန်ကုန်ပြန်ရောက်ပြီး သုံးလေးဂုက်လောက်ကြာတော့ ခပ်လွှမ်းလွှမ်းနဲ့ မဇကျော်ဆီကို နောက်ထပ် စာတစောင်ရေးမယ်လုပ်နေ တုန်း ဘော်ဒါဆောင်မှာမောင်နုနဲ့ အတူနေတဲ့ မောင်ဝမ်းကွဲတယောက် မောင်နုဆီကို ရောက်လာတယ်။ အဲဒီမောင်ဝမ်းကွဲက မောင်နုရေ၊ ဟောဒီမှာ မဇကျော်ဆီက စာဖတ်ကြည့်ပါဦး လို့ပြောပြီး မောင်နုကို သူ့လက်ထဲမှာ ကိုင်ထားတဲ့ စာ လှမ်းပေးတယ်။ မဇကျော်ဆီကပြန်စာရပြီဆိုပြီးမောင်နုဟာ သိပ်ဝမ်းသာသွားတယ်။ စာကုိကဗျာကယာဖတ်ကြည့်တဲ့အခါ မဇကျော်က သူ့ဆီကုိ ရေးတဲ့စာမဟုတ်ဘူး။ သူ့မောင်ဝမ်းကွဲဆီ ရေးတဲ့စာ ဖြစ်နေတာကို တွေ့ရတဲ့အတွက် မောင်နုရဲ့ရင်ထဲ မှာဒိတ်ကနဲ ဖြစ်သွားတယ်။ စာကို ဖတ်ကြည့်တဲ့အခါ မောင်နုသူဆီကုိစာခဏခဏ ရေးတယ်။ မရေးဘို့ပြော ပေးပါ။ လူကြီးတွေသိသွားရင်မကောင်းဘူး။ သူလည်းလူတယောက်နဲ့ စေ့စပ်ပြီးဖြစ်နေတယ်။ မကြာမီ လက်ထပ်တော့မယ်ဆိုတာကို တွေ့ရတယ်။ စာဖတ်ပြီးတဲ့အခါ မောင်နုဟာ အဲဒိမောင်ဝမ်းကွဲကို ပြုံးကြည့်ပြီး ငါနောက်တီးနောက်တောက် လုပ်တာမဟုတ်ဘူး၊ သိပ်ချစ်လို့ ရေးတာပဲ။ ဒါပေမဲ့ သူ့စာထဲက အတိုင်းဆိုရင် ငါရေးမိတာမှားသွားပြီ။ အများကြီးတောင်းပန်တဲ့အကြောင်း မဇကျော်ကို ပြောပြလိုက်ပါကွာ၊ နောက်ထပ် ငါမရေးတော့ဘူး။ အဲဒါကိုလည်း ဆက်ဆက်ပြောပြလိုက်ပါလို့ မောင်နုကပြောလိုက်တယ်။

သူ့တသက်မှာ ဦးဦးဖျားဖျားချစ်မိလို့ သူ့အချစ်ဦးဖြစ်နေတဲ့ မဇကျော်ကို မဂုတဲ့အတွက် မောင်နုဟာ အတော်ဆွေးတယ်။ ဒါပေမဲ့ အချစ်ပြ၊နာမှာ ကိုယ်ချစ်ယုံနဲ့

မပြီးဘူး။ သူကလည်း ချစ်ဦးမှ ပြီးတယ်ဆိုတဲ့ သဘောတရားကို မောင်နုဟာ ကြိုတင်ပြီးသိနေတဲ့အတွက် သူ့စိတ်ကို ဖြေနိုင်တယ်။အဲဒါကြောင့် မဇကျော်ရဲ့ မောင်ဝမ်းကွဲ ထွက်သွားတဲ့အခါ မောင်နုဟာ အိပ်ယာပေါ်မှာလှဲပြီး မဇကျော်ရဲ့ အိမ်ရှေ့မှ ခြေအေး ဝမ်းယောင်၊ ခွေးဟောင်ပြန်ပြေး အဖြစ်နဲ့ အကြိမ်ပေါင်းများစွာ အသံကုန်ဟစ်ခဲ့ဘူးတဲ့ လင်မောင်စိန်ချိုသာတဲ့စကားရယ်နဲ့ ဆိုတဲ့ နှစ်ပါးသွားသီချင်းကလေးကို တယောက်ထဲ မတိုးမကျယ် သီဆိုနေတယ်။
နုလုံးဟာ ဦးနှောက်ထက် ကြီးနေတဲ့ မောင်နုရဲ့ ရောဂါဟာ အဲဒါလောက် ထရုံနဲ့ မပြီးသေးဘူး။ နောက်ထပ်ပြီး အများကြီးထစ ကုရှိသေးတယ်။
နောက်တခန်းတွေရောက်မှ ပဲ သက်ဆိုင်သလို ကြည့်ပြီး ဖေါ်ပြသွားပါ့မယ်။

(ဃ)

မောင်နုဟာ စာဘက်မှာ ညံ့တယ်။ ကျောင်းကစစ်တဲ့ စာမေးပွဲတွေဟာ အဲဒီအချိန်တုန်းကတော့ တင်းတင်းကြပ်ကြပ် မရှိလှသေးဘူး။ အဲဒီတော့ အဲဒီလျော့ရဲရဲ ကျောင်းစာမေးပွဲတွေ မှာ အောင်ဘို့ မောင်နုအတွက် အခက်အခဲမရှိလှဘူး။ ဆယ်တန်းစာမေးပွဲကတော့ အစိုးရစစ်တဲ့စာမေးပွဲ ဖြစ်နေပြီ။အဲဒါကြောင့် ဒီစာမေးပွဲမှာ အောင်ဘို့ မောင်နု အတွက်ခက်တယ်။ တတန်းတည်းသားချင်း မောင်နုရဲ့ သူငယ်ချင်းတွေကလည်း မောင်နုဟာ ဆယ်တန်းမှာ မအောင်နိုင်ဘူးလို့ ဩဘာပေးကြတယ်။ ဆယ်တန်းပြဆရာတွေကလည်း ဒီလိုပဲနိမိတ် ဖတ်ကြတယ်။ မောင်နုကိုယ်တိုင်လည်း အတန်းသား တွေ သူ့ဆရာတွေ နိမိတ်ဖတ်တဲ့အတိုင်း ဩဘာပေးတဲ့အတိုင်းဖြစ်လိမ့်မယ်လို့ မမှိတ်မသုံ ယုံကြည်နေတယ်။ ဒါပေမဲ့ မောင်နုမှာ အထက်တန်းပညာတွေ ဆက်သင်ဘို့ ဒိပညာတွေကို သင်ပြီးတဲ့နောက် ဘယ်အလုပ်ကြီးအကိုင်ကြီး တွေကို လုပ်ဘို့ ဆိုတဲ့ ရည်ရွယ်ချက်တွေ၊ စိတ်ကူးတွေ ဆန္ဒတွေ ဘာမှ မရှိ သေးတဲ့အတွက် ဆယ်တန်းစာမေးပွဲမှာ အောင်တာ။ကျတာတွေကို သူသိပ်စိတ်မဝင်စားဘူး။ စာမေးပွဲကျရင် ဘာအရေးကြီးသလည်း။ ကျောင်းကထွက်ပြီးအိမ်ပြန်မှာပေ့ါလို့သာ သူစိတ်ကူးထားတယ်။
၁၉၂၄ ခုနှစ်ဇန်နဝါရီ အလယ်လောက်ကို ရောက်တဲ့အခါ အစမ်းစာမေးပွဲတခုကျင်းပတယ်။ ဒီစာမေးပွဲမှာ အောင်တဲ့ ကျောင်းသားတွေကိုသာ မတ်လ စာမေးပွဲကြီးမှာ ဖြေဆိုဘို့ စာဂျင်းသွင်းမယ်။ အဲဒီ စာမေးပွဲရဲ့ အောင်စာရင်းကို မကြေညာခင် တရက်မှာ ဆယ်တန်းကျောင်းသားတွေကို ခေါ်ပြီး မင်းတို့မနက်ဖြန်ခါ စာမေးပွဲဝင်ခ ၁၂ကျပ်စီယူခဲ့ကြ၊ အောင်တဲ့လူတွေ ၁၂ကျပ်စီ ပေးပြီး စာမေးပွဲအတွက် လျှောက်လွှာသွင်းရမယ်။ ကျတဲ့လူတွေကိုယ့် ငွေကိုယ်ယူပြီး အိမ်ပြန်ကြလို့ ဆရာကြီးက ကြေညာတယ်။ ဆရာတယောက်က တိတ်တိတ်ပြောလို့ သူကျတယ်ဆိုတာ မောင်နု သိပြီးနေပြီ။ ဒါပေမဲ့ အဲဒီနေ့ ညနေဘက်ရောက်တော့ ဆရာတွေက ဆရာကြီးကို ဝိုင်းပြီးတိုက်တွန်းတဲ့အတွက်

ဆယ်တန်းကျောင်းသားအားလုံးစာမေးပွဲဝင်ခွင့် ပြုလိုက်တယ်။
ဆယ်တန်းစာမေးပွဲကြီးအတွက် အောင်စာရင်းထွက်လာတဲ့အခါ အစမ်းစာမေးပွဲမှာ ကျတဲ ကျောင်းသားတွေထဲက မောင်နုနဲ့ မော်လမြိုင်က ကျော်စိန်တို့ရဲ့ နံမယ်တွေ ပါလာတယ်။ကျော်စိန်က က တန်းက အောင်တယ်။ မောင်နုက ခ တန်းက အောင်တယ်။အဲဒိအစမ်းစာမေးပွဲမှာ ပထမရတဲ့ ငသိုင်းချောင်းက မောင်သိန်းဆိုတဲ့ ကျောင်းသားကျကျန်နေရစ်တယ်။

အခန်း (၄)

ဆယ်တန်းစာမေးပွဲအောင်တဲ့အတွက် မောင်နုက ဘာမှ မဖြစ်ဘူး။ သူ့အဖေ ဦးစံထွန်းဟာဝမ်းသာလွန်းလို့ ခြေမိကိုင်မိ၊လက်မကိုင်မိ ဖြစ်ပြီး မိတ်ဆွေရင်းချာတွေကို သာမက နဲနဲပါးပါးလောက်သာ သိကျွမ်းဖူးတဲ့ လူတွေကိုပါ။ သူ့သားစာမေးပွဲအောင်တဲ့အကြောင်း လျောက်ပြောတယ်။ နောက်တနေ့ကျတော့ မောင်နုရဲ့ သူငယ်ချင်း တွေကို အဖိတ်ခိုင်းပြီး သူ့သားစာမေးပွဲအောင်တဲ့အထိမ်းအမှတ်နဲ့ အိမ်မှာ ညစာထမင်းကျွေးတယ်။ သူ့သားရဲ့ အောင်ပွဲအတွက်အထူးဟင်းဆိုပြီးသူကိုယ်တိုင်ချက်တယ်။ ဟင်းတွေက ထူးလည်း ထူးပါတယ်။ ကြက်သားဟင်းကျတော့ ထူးသထက်ထူးအောင် အချိုလည်းမဟုတ်။ အချဉ်လည်းမဟုတ်၊ ငရုပ်သီးထောင်းရော၊ နွားနို့ ရော၊ အုံးနို့ရော တပြုံကြီးထည့်တာပဲ၊ ဧည့်သည်တွေ မကြိုက်ကြဘူးထင်တယ်။ အဲဒီဟင်းကို သိပ်မနှိုက်ကြဘူး။ ဟော့ကောင်တွေ ထည့်စားကြကွာ၊ ကလျာဏီဟင်းဆိုတာ ဒါပဲ လို့ ဝမ်းသာအားရပြောပြီး မောင်နုသူငယ်ချင်းတွေရဲ့ ပန်းကန် ထဲကို ကလျာဏီ ဟင်းတွေ ဦးစံထွန်းအတင်းလိုက်ထဲ့ပေးတယ်၊

မောင်နုဟာ ကောလိပ်ကျောင်းကို ရောက်တဲ့အခါ ကမ္ဘာ သစ်တခုထဲကို ရောက်လာရသလို ဖြစ်နေတယ်၊ အဆောက်အဦးတွေကလည်း သူအရင်နေခဲ့ရဘူးတဲ့ ဘုန်းကြီးကျောင်းအိုကြီးတွေ စစ်တန်းလျားတွေလို မဟုတ်ဘူး။ အတော်ခမ်းနားသပ်ယပ်တဲ့ အဆောက်အဦတွေ တွေ့ရတဲ့ ကျောင်းသူကျောင်းသားတွေ အတော်များများကလည်း မြို့မ အထက်တန်းကျောင်းမှတုန်းက သူတွေ့ခဲ့ရတဲ့ သူလိုငါလို။ ကျောင်းသူကျောင်းသားမျိုးတွေ မဟုတ်ဘူး ။ အင်္ဂလိပ်စာ။ မြန်မာစာ။ အက္ခရာ သင်္ချာ။ ကင်မစ္စရီ။ဖီးဆစ်။ ဥပဒေအစရှိတဲ့ ဘာသာရပ်အသီးသီးမှာ အင်မတန် ထူးချွန်တဲ့ လူရည်ချွန်တွေ။ စင်မြင့်ပေါ်မှာ စကားပြောကောင်းတဲ့ ကျောင်းသားတွေ။ ဘောကန်ကောင်းတဲ့ ကျောင်းသားတွေ ။ တင်းနစ်အရိုက်ကောင်းတဲ့ ကျောင်းသားတွေ။ အတုခိုးစရာ တကယ်ထူးချွန်တဲ့ ကျောင်းသားတွေပြည့်နေတာဘဲ၊

အဲဒီကမ္ဘာသစ်ထဲကို ရောက်လာတဲ့အခါ မောင်နုရဲ့ စိတ်ဟာ အရင်လို မဟုတ်တော့ဘူး။ ပြောင်းလဲချက်တွေ အများကြီး ဖြစ်နေတယ်။ အရင်တုန်းက အထက်တန်းစားတွေ ကို ဆက်ပြီးသင်ချင်တဲ့ဆန္ဒသူ့မှာလုံးဝ မရှိခဲ့ဘူး။ အခုဆိုရင်

အများကြီးရှိလာပြီ။ အရင်တုန်းက သူကြီးလာရင် ဘာလုပ်မယ်ဆိုတာ တခုမှ မစဉ်းစားခဲ့ဘဖူးဘူး။ အခုဆိုရင် အများကြီးစဉ်းစားလာပြီ။ ဆယ်တန်းတုန်းက ရှိတ်စပီးယားရဲက ပြဇာတ်တွေထဲက ကောက်နှုတ်ချက်ကလေးတွေ ဒီပြဇာတ်တွေကို အင်္ဂလိပ်စကားပြေနဲ့ ပြန်ရေးထားတာတွေကို ကျောင်းစာတွေအဖြစ်နဲ့ သင်ခဲ့ရတယ်၊ အဲဒါကြောင့် မောင်နုဟာ အဲဒီစာတွေထဲမှာ သိပ်စိတ်မဝင်စားလှဘူး။ တက္ကသိုလ်ရောက်တဲ့အခါ ကောလိပ်စာကြည့်ခမ်းထဲမှာ ရှိတ်စပီးယား ရဲ့ ပြဇာတ်တွေ၊ ကဗျာတွေကို အတန်းစာအဖြစ်နဲ့ မဟုတ်ပဲ။ သူ့သဘောနဲ့ သူဖတ်ဂုတဲ့အတွက သိပ်သဘောကျတယ်။ ဒီလိုသဘောကျတာတွေများလာတော့ မောင်နုဟာ ပြဇာတ်ရေးဆရာလုပ်ချင်သလိုလို ဖြစ်လာတယ်။ ရှိတ်စပီးယားရေးတဲ့ ဘလင့်ဗါ့စ် (ူညြေ ငွနမျန ) ကို အတုခိုးပြီး နဲနဲပါးပါး ရေးစမ်းကြည့်တယ်။ ရှိတ်စပီးယားရဲ့ ဆွန်းနက် ကဗျာတွေကို အတုခိုးပြီး ရေးကြည့်တယ်။ အမှန်စင်စစ် ကောင်းမှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့မောင်နုက သူဟာသူ သိပ်ကြိုက်နေတယ်။ မောင်နုကောလိပ်ရောက်လို့ မကြာခင်မှာဘဲ ပြည်ကျောင်းဆောင်နဲ့ တကောင်းကျောင်းဆောင်တွေဟာ ဘောသင်းတသင်းစီထောင်တယ်။ ပြည်ကျောင်းဆောင် ဘောသင်းရဲ့ ကပ္ပတိန်ဟာ စောရူဝံ၊ တကောင်းဘက်မှာတော့ မောင်ရှင်ဖြစ်တယ်။ မောင်နုဟာ တကောင်းမှာ သုံးယောက်တန်း ဘယ်ဘက်ကကစားတယ်။ မောင်နုဟာ ဆွန်းနက် ကို ရေးတတ်ခါစ သူ့လက်ကို ထိန်းမဂုတဲ့ အတွက် စောရူဝံကို ပြောင်လှောင်တဲ့ ဆွန်းနက်တွေကို မကြာခဏ ရေးရေးပြီး ပြည် ကျောင်းဆောင်ရဲ့ ထမင်းစားခ်းက နံ့တစ်ဘုတ်မှာ ကပ်လေ့ဂှိတယ်။ စောရူဝံ ဟာ ဒီဆွန်းနက် တွေကို မြင်တိုင်း သိပ်ဒေါပွတယ်။
တညလသာသာ ၁၁နာရီလောက်မှာ ခပ်လှမ်းလှမ်း နေရာတခုက ကုလားတယောက်ဟာ ဒိုးပတ်ကိုတီးနေတာ မောင်နုကြားဂုတယ်။ဒီအသံကြားပြီး ဒီလရောင်မြင်ရတဲ့အခါ မောင်နုရဲ့ ရင်ထဲမှာ လှပ်လှပ်။လှပ်လှပ် ဖြစ်လာတယ်၊အဲဒါကြောင့် ့ညိနမ ၁မေငညေ အမနန မရမ်းတပင်အောက်မှာ ဆိုတဲ့ ခေါင်းစဉ်နဲ့ဆွန်းနက် ကဗျာ တပုဒ်ရေးတယ်။ နောက်တနေ့ကျတော့ သူ့ကျူတာတယောက်ကို ဒီဆွန်းနက် ပြကြည့်တယ်။ အဲဒီလိုပြပြီး သူ့ကျောင်းကထွက်ရင်ပြဇာတ်ရေးဆရာ လုပ်ချင်တဲ့အကြောင်းပြောပြတယ်။ ဒီကျူတာဟာ အင်မတန် ယဉ်ကျေးသိမ်မွေ့ တယ်။ဘယ်တပည့်ကိုမှ စိတ်ပျက်သွားအောင်။ ရှက်သွားအောင်။ စိတ်နာသွားအောင် မပြောဘူး။အဲဒါကြောင့် မောင်နုရဲ့ ဆွန်းနက်ကို ဖတ်ကြည့်ပြီး ကြိုးစားကွာ၊ ကြိုးစားရင်အောင်မြင်ရမှာပေါ့ လို့ ချီးမွမ်းတာလည်းမဟုတ် ။ ကဲ့ရဲ့တာလည်း မဟုတ် မယုတ်မလွန် ဒီကျူတာကပြောတယ်။ အဲဒီကျူတာရဲ့ တိုက်တွန်းချက်အရမောင်နုဟာ ဘားနတ်ရှောရေးတဲ့ ဂျူးလီးယပ်ဆီဇာနဲ့ ကင်ဒစ်ဒါးဆိုတဲက ပြဇာတ်စာအုပ် နှစ်အုပ်ကို စဖတ်ရတယ်။စကားပြေဟာ ဘလင့်ဗာစ် နဲ့ ရေးရတာထက်

မောင်နုအတွက် ပိုလွယ်တယ်။ အဲဒါကြောင့် ဘာနတ်ရှောရဲ့ စာအုပ်နှစ်အုပ်ကို ဖတ်ပြီးတာနဲ့ ပြဇာတ်ရေးရင် စကားပြေနဲ့ ရေးဘို့ မောင်နု ဆုံးဖြတ်တယ်။

တနေ့ကျတော့ မောင်နုဟာ ကောလိပ်ကြည့်တိုက်မှာ သူဖတ်ဘို့စာအုပ်လိုက်ရှာနေတုန်း စပိန်စာရေးဆရာကြီး သာဗင်းတပ်စ်ရေးတဲ့ ဒွန်ကီဟိုးတီးဝ တွတ္ထု ကိုသွားတွေ့တယ်။ ဒွန်ကီးဟိုးတီးဟာ မတရားမှုမှန်သမျှကို တိုက်ဖျက်ပစ်မယ် လို့ သူ့ကိုယ်သူ အထင်ကြီးပြီးဘဝင်မြင့်ရောဂါ စွဲကပ်နေတဲ့ မရူးတရူး ၊ခပ်နှမ်းနှမ်း လူတယောက်ဖြစ်တယ်။ သူ့အဖြစ်အပျက်တွေဟာ အတော်ရယ်စရာကောင်းတယ်။ မောင်နုရဲ့အဖြစ်အပျက်အတော်များများနဲ့ တူလွန်းလို့ မောင်နုကောလိပ်စာကြည့်ခန်းထဲမှာ အိန္ဒြေမဆယ်နိုင်ဘူး။ တခိခိ တဝါးဝါးနဲ့ ရယ်ရင်း ဒီဝတ္ထုကို သိပ်စွဲနေတယ်။

ဒီဝတ္ထုဟာ  မောင်နုအပေါ်မှာ ဘယ်လောက်လွှမ်းမိုးနေတယ်ဆိုတာ ထင်ရှားအောင် သာဓကလေးတခုကို ဖော်ပြချင်တယ်။ ကောလိပ်ကျောင်းကို ရောက်ပြီးလို့ တလလောက်အကြာ မောင်နုဟာ တကောင်းကျောင်းဆောင် အနားမှာ လမ်းလျှောက်နေတုန်း ခွေးကြီးတကောင်က အစာလုစားချင်တဲ့အတွက် အစားစားနေတဲ့ခွေးလေး တကောင်ကို အတင်းလိုမ့်ပြီး ကိုက်နေတာ မောင်နု မြင်ရတယ်။ အနားမှာရှိတဲ့ ခဲနှစ်လုံးကို ကောက်ပြီး ခွေးကြီးကို အတင်းပြေးပေါက်တာဘဲ။ ခွေးကြီးဟာ ခွေးငယ်ကို လွှတ်ပြီး ထွက်ပြေးတာတောင် မောင်နုရဲ့ဒေါသဟာ မပြေသေးဘူး ခွေးကလေးကို အနိုင်ကျင့်ပြီး သူ့အစာလုစားမဲ့ ခွေးဆိုးကြီးကို နာနာနက်ပေးရမယ်ဆိုတဲ့ စိတ်ထားနဲ့ ခွေးကြီး နောက်ကို အတော်ကြာအောင် မောင်နုပြေးလိုက်သေးတယ်။

မောင်နုဟာ ဒွန်ကီဟိုတီးကို ဖတ်ပြီးတဲ့အခါ ဒါမျိုးတွေ သိပ်မလုပ်တော့ဘူး။ သူ့ရဲ့ ကိုယ်နှုတ်နှလုံးသုံးပါးစလုံးကို ထိန်းသိမ်းမှု တွေ အတော်လုပ်လာတယ်။ အဲဒီကောလိပ်ကျောင်းကို ရောက်တဲ့ ပထမနှစ်မှာဘဲ နှလုံးကြီးရောဂါ တကြိမ်ထလိုက်သေးတယ်။ အဲဒီရောဂါ ဟာ မောင်နုရဲ့ ဘဝမှာ အရေးပါ အရာရောက်တဲ့ အချက်တချက ဖြစ်နေတဲ့အတွက် ဒီအချက်ကိုလည်း ဒီနေရာမှာ ဖော်ပြသင့်တယ်။

ဝါးခယ်မမှာ တင်တင်မြင့် ဆိုတဲ့ ကျောင်းသူတဦးရှိတယ်။ သူ့အဖေဟာ အငြိမ်းစား ရာဇဝတ်ဝန်ဦးခင် ဆိုသူဖြစ်တယ်။ တင်တင်မြင့်မှာ အမသုံးယောက်ရှိတယ်။ ညီမတယောက်ရှိတယ်။ ဒီညီအမ ငါးဦးစလုံးဟာ မိန်းမချောတွေချည်းဘဲ။ မောင်နုဟာ ဝါးခယ်မကျောင်းမှာ တင်တင်မြင့်နဲ့ ပထမတန်းကစပြီး ခုနှစ်တန်းအထိ အတူတူနေခဲ့ဘူးတယ်။ ဒါပေမဲ့ တင်တင်မြင့်ဟာ အိန္ဒြေကြီးတဲ့ မိန်းကလေးဖြစ်တဲ့အတွက် သူကလည်း ဘယ်ယောကျာ်းက လေးကိုမှ စကားမပြောဘူး။ ဘယ်ယောကျာ်းလေးမှလည်း သူ့ကိုစကားမပြောဝံ့ဘူး။ ၁၉၂၀–ပြည့်နှစ် ပထမကျောင်းသား သပိတ် ဖြစ်တဲ့အခါ တင်တင်မြင့်က

ကျောင်းမှာကျန်ရစ်တယ်။ မောင်နုတို့ကထွက်လာတယ်။ အဲဒီအချိန်ကစပြီး တယောက်နဲ့ တယောက် မတွေ့ရတော့ဘူး။
ဒါပေမဲ့ ၁၉၂၄ ခုနှစ်။ ဝါးခယ်မတန်ဆောင်းတော်ကြီး အတွင်းမှာကျင်းပတဲ့ တန်ဆောင်တိုင်ပွဲမှာ မောင်နုဟာ တင်တင်မြင့်ကို တွေ့လိုက်တဲ့အခါ သူ့စိတ်ထဲမှာ ရှေးတုန်းက တခါမှ မဖြစ်ဘူးတဲ့ ချစ်စိတ်တွေဟာ အလွန်အမင်းပြင်းပြင်းထန်ထန်ကြီးဖြစ်လာတယ်။ မောင်နုဟာ တခြားကိစ္စတွေမှာသာလူရဲကြီး လုပ်ဝံ့တယ်။ အချစ်နဲ့ပတ်သက်လာရင်တော့ သတ္တိကြောင်တယ်။ တချို့ယောကျ်ားလေးတွေလို သူတို့ချစ်တဲ့ မိန်းခလေးတွေကို လူပျိုစကားလိုက်ပြောတာတို့ မေတ္တာစာလိုက်ပေးတာတို့ မလုပ်ရဲဘူး။ အဲဒါကြောင့် သူဟာ စာပို့ကုလားကို အားကိုးပြီး နောက်တနေ့ကျတော့ တင်တင်မြင့်ဆကို စာတိုက်က စာတစောင်ထည့်လိုက်တယ်။ အိမ်ရှေ့ကြီးလှတဲ့ တင်တင်မြင့်ဆီက စာတစောင်မှ ပြန်မလာဘူး။ ဒါပေမဲ့ မောင်နုမှာ အခိဌာန်များ ရှိနေသလားမသိဘူး။ ၁၉၂၄ ခုနှစ် နိုဝင်ဘာ လောက်ကစပြီး ၁၉၂၅ ခုနှစ် မတ်လ လယ်လောက်အထိ တင်တင်မြင့် ဆီကို စာပေါင်း၃၀ထက် မနည်းတစောင်ပြီးတစောင် ထည့်ခဲ့တယ်။ နောက်နှစ်ပေါင်း ၃၆နှစ်လောက်ကြာတဲ့အခါ ဒေါ်တင်တင်မြင့်ရဲ့ ခဲအို အင်ဂျင်နီယာချုပ် ဦးကျော်စိန်နဲ့စကားပြောနေတုန်း၊ ဦးနုဟာ ငယ်ငယ်တုန်းက တင်တင်မြင့်ကို စာပေါင်း ၃၀ကျော် ပေးခဲ့ဘူးတာ ပြန်ပြီးသတိရတယ်။ အဲဒီအခါကျတော့မှ သူငယ်ငယ်က ဂမူးရှူးထိုး၊ နသိုးကြိုးပြတ်လုပ်ခဲ့မိတာကို နောင်တရပြီး ဒေါ်တင်တင်မြင့်ကို ပြောပေးဘို့ ဦးနုက ခဲအို ဦးကျော်စိန်ကို မေတ္တာရပ်ခံခဲ့တယ်၊
ဒေါ်တင်တင်မြင့်ဟာ ဦးကျော်စိန်ကို ပြောတဲ့အချိန်အထိ အပျိုကြီးဘဲ၊ နောင်လည်း အိမ်ထောင်ပြုမဲ့လက္ခဏာ မရှိပါဘူး။ ဒိကိစ္စကို အတော်စက်ဆုပ်ပုံပေါ်တယ်၊

## အခန်း ၅

၁၉၂၅ခုနှစ်မှာ မောင်နုဟာ ခတန်းနဲ့ အိုင်အေ အောက်တန်းစာမေးပွဲကို တနှစ်ထဲနဲ့ အောင်ပြီး အထက်တန်းကို တက်ရတယ်။ သူ့အသက်ဟာ အဲဒီအခါမှာ ၁၈နှစ်ရှိသွားပြီ။ ကောလိပ်ကျောင်းကို ဇွန်လ အစ လောက်မှာ ပြန်ဖွင့်တယ်။ နဲနဲပါးပါး ကလည်ပတ်ရအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မောင်နုနဲ့ သူ့သူငယ်ချင်းကိုထွန်းတင် တို့ဟာ ကျောင်းမဖွင့်ခင် တနင်္ဂနွေ တပတ်လောက်ကြိုပြီး ရန်ကုန်ကိုလာကြတယ်။ ကိုထွန်းတင်ဟာ မောင်နုထက် ၂နှစ်လောက်ပိုကြီးတယ်။ စာဘက်မှာသိပ်တော်တယ်။ မောင်နုနဲ့ တခြားစီဘဲ။ အဲဒီနှစ်မှာ ကိုထွန်းတင်ဟာ ဘီအေ အောက်တန်းကို ရောက်နေပြီ။
ရန်ကုန်ရောက်တဲ့နေ့မှာ ရှေးဦးစွာ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမျှော်ကြတယ်။

နောက်ပြီးတော့ မြို့ထဲမှာ နဲနဲပါးပါးလျှောက်လည်ကြတယ်။ ညနေ ၃နာရီခွဲမှာ ရုပ်ရှင်ဝင်ကြည့်တယ်။ ညနေ ၆နာရီခွဲလောက်ရှိတော့ တရုတ်ပျော်ပွဲစားရုံတခုမှာ ညစာစားပြီး အရက်နဲနဲသောက်ကြတယ်၊ နဲနဲမူးလာတဲ့အခါ ပြည့်တန်ဆာမ တွေ ဆီကို သွားကြဘို့ သူတို့နှစ်ဦးဆွေးနွေးကြတယ်၊ ကောလိပ်မှာ သူတို့နှစ်ဦးစလုံးဟာ အရင်တုန်းကလို အရမ်းမသွားကြဘူး။ အကဲဖ်အယ် (.ျ) ဆိုတဲ့ အကာအကွယ် ကိုယူပြီး သွားကြတယ်။

ပြည့်တန်ဆာမ အိမ်မှာ ကိုထွန်းတင်နဲ့ မောင်နုတို့ဟာ သူတို့ မျက်စိကျရာ မိန်းကလေးတယောက်စီကို ခေါ်ပြီး အခန်းထဲ ဝင်သွားကြတယ်။ မောင်နုခေါ်သွားတဲ့ အမျိုးသမီးဟာ မောင်နုထက် အတော်ကလေးကြီးတယ်။ အသက်အစိပ် လောက် ရှိ နေပြီ။ အသားညိုတယ် ။ မလှဘူး။ ဒါပေမဲ့ မောင်နုရဲ့ မျက်စိထဲမှာ အတော်ယဉ်တယ်။ မောင်နုဟာ အရုပ်ပုတဲ့မိန်းမထက် အရုပ်ရှည်တဲ့ မိန်းမကို ပိုပြီးမက်တယ်။ သူခေါ်သွားသူဟာ သူ့မျက်စိထဲမှာ ယဉ်ရတဲ့အထဲ အရုပ်ကလည်း သူ့စိတ်တိုင်းကျ ပေမို့နေပြန်တဲ့အတွက် မောင်နုမျက်စိထဲမှာ အဲဒီသူငယ်မဟာ အတော်မက်စရာဖြစ်နေတယ်။

ခင်ဗျားနာမည်ဘယ်သူလဲ။

မခင်မြင့်။ (ဒါဟာ သူ့နံမယ် အစစ်မဟုတ်ဘူး)

ရန်ကုန်သူလား။

မဟုတ်ဘူး။

ဘယ်ကလာတာလဲ။

တိုက်ကြီးက။

ဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာတာလဲ။

မခင်မြင့်ဟာ ဒီမေးခွန်းကို ရုတ်တရက်မဖြေနိုင်ဘူး။ သူ့ခေါင်းကိုအသာငုံ့ထားပြီး မျက်ရည်တွေ ကျနေတယ်။ မောင်နုဟာ မိန်းမတယောက် မျက်ရည်ကျနေတာကို ဒီလောက် နီးနီးကပ်ကပ် သူ့တသက်မှာ တခါမှ မမြင်ဖူးဘူး။ အဲဒါကြောင့် အခုလိုမြင်ဂတဲ့အခါ ဘာဖြစ်မှန်းမသိဘူး။သူပါရောပြီး ငိုချင်သလိုလို ဖြစ်လာတယ်။ တအောင့် လောက်ကြာတဲ့အခါ မခင်မြင့်ဟာ မောင်နုကို မော့ကြည့်တယ်။ မျက်ရည်ကျတာတော့ ရပ်သွားပြီ။ ဒါပေမဲ့ သူ့မျက်နှာပေါ်မှာ မျက် ဂည်စကလေးတွေ နဲနဲပါးပါး ရှိနေသေးတယ်။

ကျမဟာ အခုလိုအစားထဲက မဟုတ်ပါဘူး။ ကျမယောက်ျားဟာ မယားငယ်တယောက်ကို ယူပါတယ်။ အဲဒီမယားငယ်က ဂုံးတိုက်ပေးတဲ့အတွက် ကျမကို သိပ်နှိပ်စက်ပါတယ်။ မယားငယ်ဘက်ကို လုံးလုံးပါသွားပြီး ကျမကို အိမ်ပေါ်ကနှင်ချလိုက်တာပါပဲ။ ကျမလည်းအလုပ်ရှာရအောင် ရန်ကုန် ရောက်လာပါတယ်။ ရန်ကုန် ကျတော့ နေရေးစားရေးဟာ သိပ်ကြပ်တည်းလာတဲ့အတွက် ခိုကိုးရာမဲ့ဖြစ်ပြီး ဒီဘဝကို ရောက်လာရတာပါဘဲ။ လို့

မခင်မြင့်က ပြောတဲ့အခါ မခင်မြင့်ကို သနားတဲ့စိတ်နဲ့ မခင်မြင့် ယောကျ်ားကို ဒေါသဖြစ်တဲ့စိတ် တွေဟာ သူ့ ရင်ထဲမှာ အရှိန်ပြင်းပြင်းထန်ထန်၊ တလှည့်စီ။ ငုပ်ချီ ပေါ်ချီ ဖြစ်နေတယ်။ အဲဒါကြောင့် မခင်မြင့်ပြောပြီးတာနဲ့ တပြိုင်နက် ခင်ဗျားဘာဖြစ်လို့ အိမ်ပေါ်ကဆင်းလာတာလဲ၊ ခံချပြီးဒီကောင့်ကို အိမ်ပေါ်က ဆင်းခိုင်းပါလား။ ကိုယ့်မယားကို အနိုင်ကျင့် တဲ့ မအေ–တွေဟာ ေ–ာက်ကြောက်တွေ။ ငုံ့ခံချတဲ့လူတွေ ကိုသာ သူတို့အနိုင်ကျင့်ရဲတာ။ ခံချရင်သူတို့ အိမ်ပေါ်က ပြေးမှာဘဲ။ ဘာဖြစ်လို့ ခင်ဗျားမခံချသလဲ။ ခံမချပဲ အခုလိုဆင်းလာတာ ခင်ဗျားသိပ်မှားတာပဲလို့ သူ့ဝမ်းထဲက ပေါက်ကွဲ ထွက်လာတဲ့ မခံချင်စိတ်တွေ။ ဒေါသစိတ်တွေ၊ သနားတဲ့စိတ်တွေကို မထိန်းသိမ်းနိုင်ဘဲ မောင်နု လျှောက်ပြောနေတယ်။ မိန်းမသားဆိုတော့ ဘယ်ခံချရဲမလည်း။
အဲဒီလို မခင်မြင့်ကို နှင်ချနေတုန်းက သူသာအနားမှာ ရှိနေရင် ပွဲကောင်းတခုတော့ ကြည့်ရမှာပဲလို့ စဉ်းစားရင်း အတော်ကလေးကြာအောင် ငေးနေမိတယ်။ မခင်မြင့်ရဲ့ ကိုယ်မှာလူးထားတဲ့ ပေါင်ဒါနံ့ကလေးတွေဟာ သူ့နှာခေါင်းထဲကို ဝင်ကလိတော့မှ မခင်မြင့်အနားမှာ ထိုင်နေတာကိုသူသတိရပြန်တယ်။
အဲဒီအိမ်ပေါ်က ဆင်းလာတဲ့အခါမှာကော လမ်းတလျှောက်လုံးမှာရော၊ ကျောင်းဆောင်ပြန်ရောက်ပြီး အိပ်ရာဝင်တဲ့အခါမှာပါ၊ မခင်မြင့်ရဲ့မျက်နှာကလေးဟာ မောင်နုရဲ့ မျက်လုံးအိမ်ပေါ်မှာ စုပ်တံနဲ့ ဆေးချယ်ထားသလိုဖြစ်နေ တယ်။
နောက်တနေ့ နေ့လည်စာစားပြီးတဲ့အခါ မောင်နုဟာ ကိုထွန်းတင်ရဲ့ အခန်းကို ပြန်ရောက်လာပြီး မခင်မြင့်တို့ဆီကို သွားရအောင်လို့ခေါ်တ်။ ကိုထွန်းတင်လည်း သူဖတ်နေတဲ့စာအုပ်ကို ပိတ်ပြီး မောင်နုနဲ့အတူ မြို့ထဲကို ထွက်လာခဲ့တယ်။
နေ့ခင်းဘက်မှာ လူရှင်းတဲ့အတွက် မောင်နုတို့ဟာ မခင်မြင့်တို့ အိမ်မှာ ညတုန်းကထက် ပိုပြီး ကြာတယ်။
နောက်တနေ့နေ့လည်စာ စားပြီးတဲ့အခါမှာလည်း မောင်နုဟာ ကိုထွန်းတင်ရဲ့ အခန်းကို ရောက်လာပြီး မခင်မြင့်တို့ဆီကို သွားရအောင်လို့ခေါ်ပြန်တယ်။
တခါနှစ်ခါလောက်သွားရင် တော်ရောပေါ့ကွာ။ မောင်နုရေးမင့် ဟာ နဲနဲများလာပြီထင်တယ်။
မခင်မြင့်ကို ကျွန်တော်ယူတော့မယ်။
ကိုထွန်းတင်ဟာ မောင်နုကို အံ့အားသင့်ပြီး ကြည့်နေရာမှ ဘယ်လိုယူမှာလဲလို့ မောင်နုကို မေးလိုက်တယ်။
မယားအဖြစ်နဲ့ကယူမှာပေါ့။
မဟုတ်တာပဲကွာ။
ဘာဖြစ်လို့ မဟုတ်တာလဲ။
ဟာ–သူက ဖာသည် ပဲကွ။
ဖာသည်ကို မယူရဘူးလား။

မောင်နု မင်းခပ်တည်တည်ပြောနေတာလား။
ကျွန်တော် ဆုံးဖြတ်ပြီးပြီ။
ငါကန့်ကွက်တယ်ကွာ။
ကိုထွန်းတင်လည်း သူ့အခန်းနံရံကို စိုက်ကြည့်ပြီး စကားမပြောပဲ ငြိမ်နေတယ်။
နောက်နှစ်မိနစ်လောက်ကြာတဲ့အ ခါ ငါအခုချက်ချင်းမလိုက်နိုင်သေးဘူးကွာ။
စာရေးစရာနည်းနည်းရှိနေတယ်။ နေ့လည် ၁ ချက် လောက်မှ ပြန်လာ။ အဲဒီတော့မှ ငါလိုက်မယ်။
မောင်နုဟာ တချက်တီးပြန်လာတဲ့အခါ ကိုထွန်းတင်ဟာ သူ့အခန်းမှာ မရှိတော့ဘူး။
သူအခန်းပိတ် ထားတယ် အခန်းရဲ့ သော့ခလောက်တံထဲမှာ သူဟာ မိတ်ဆွေ တယောက်လာခေါ်လို့ မြို့ထဲကို လိုက်သွားရတယ်၊ အဲဒီမြို့ထဲကမှ မောင်နုနဲ့ချိန်းထားတဲ့ အိမ်ကိုသွားပြီး အဲဒီမှာ စောင့်နေမယ်ဆိုတဲ့မောင်နုအတွက် စာတစောင်ကို ညှပ်ထားပစ်ခဲ့တယ်၊ မခင်မြင့်တို့အိမ်ကို မောင်နုလိုက်သွားတဲ့အခါ ဧည့်ခန်းထဲမှာကိုထွန်းတင်ကိုလည်း မတွေ့ဘူး။ မခင်မြင့်ကိုလည်း မတွေ့ဘူး။
အဲဒီအိမ်က အကြီးအကဲဖြစ်တဲ့ ခေါင်း နဲ့ အတော်ကလေး အကျွမ်းတဝင်ဖြစ်နေကြပြီဖြစ်တဲ့အတွက် မောင်နုက ကျွန်တော့် သူငယ်ချင်း ကိုထွန်းတင် မရောက်သေးဘူးလားလို့ လှမ်းမေးလိုက်တယ်၊ အဲဒီခေါင်းက ရောက်နေပြီအခန်းထဲမှာ လို့ဖြေတယ်။ မခင်မြင့်ကော ဘယ်သွားသလည်း လို့ မောင်နုက ထပ်ပြီးမေးတဲ့အခါ ကိုထွန်းတင် ခေါ်သွားတယ်။ နှစ်ယောက်လုံး အခန်းထဲမှာ လို့ ထပ်ဖြေတယ်။ မခင်မြင့်က ဖာပဲ
(စာသားအတိုင်းရိုက်ရခြင်းဖြစ်ပါသည်၊) ဘယ်သူမဆို ခေါ်နိုင်တယ်။
သူနဲ့မတွေ့ခင်တုန်းကလည်း ဘယ်သူခေါ်ခေါ်လိုက်နေတာပဲ၊ သူနဲ့တွေ့ပြီး ဘယ်သူခေါ်ခေါ်လိုက်နေမှာဘဲ ဆိုတာတွေကို အဲဒီအချိန်မှာ မောင်နုမေ့နေတယ်။
ငါယူတော့မယ်လို့ ပြောထားတဲ့ မိန်းမကိုမှ သူဒီလိုလုပ်တာကောင်းသလားလို့ တွေးမိပြီး မောင်နုဟာ ထောင်းကနဲဒေါသ ထွက်လာတယ်။ အဲဒီဒေါသကြောင့် ထရမလား။ ထွက်သွားရမလား။ အခန်းထဲကို ဝင်ပြီး အတင်းရိုက်ရမလား။ အပြင်ကပဲ ကလော်ဆဲရမလား ဆိုတာတွေကို မဆုံးဖြတ်နိုင်သေးပဲ တွေဝေနေတဲ့အချိန်မှာ မောင်နုကိုသိသလားလို့ ကိုထွန်းတင် ခပ်ကျယ်ကျယ် မေးလိုက်တဲ့အသံဟာ အခန်းထဲက ရှေးဦးစွာထွက်လာတယ်။ အဲဒီနောက်သိသားပဲ ဆိုတဲ့ မခင်မြင့်ရဲ့ ဖြေသံ ထွက်လာတယ်။ မောင်နုလည်း ဒေါသဖြစ်ရာက အဲဒီအသံတွေကို နားထောင်နေတယ်။
မခင်မြင့် မောင်နုကို မေတ္တာရှိလား။
မရှိဘူး။
မခင်မြင့် မောင်နုကို ယူမလား။
ဒီချာတိတ်ကို မယူချင်ဘူး။
မခင်မြင့် ကိုယ်ကို မေတ္တာရှိလား။

ရှိတာပေါ့ကိုကို။
ကိုထွန်းတင်နဲ့ မခင်မြင့်တို့ဟာ အခန်းထဲမှာ အမေးတွေ အဖြေတွေ
နဲ့ဆက်ပြီးနှစ်ပါးသွားနေကြတာကို မောင်နုဟာ ဆက်ပြီးနားမထောင်ချင်တော့ဘူး။
အဲဒါကြောင့် ဒုံး ဒိုင်းနဲ့ အိမ်ပေါ်က ဆင်းချသွားတယ်။ အိမ်နဲ့ ကိုက်တရာလောက်
ရောက်တဲ့အခါ သူ့လက်ထဲက ထီးကို ပြောင်းပြန်ကိုင်ပြီး စောင့်နေတယ်။
၁၅မိနစ်လောက်အကြာ ကိုထွန်းတင်ဆင်းလာတဲ့အခါ မောင်နုဟာ ကိုထွန်းတင်ကို
ထီးနဲ့ရိုက်ရအောင် အတင်းပြေးသွားတာပဲ။ အဲဒီ (၃၆) လမ်းထဲမှာ ရှိတဲ့
ကုလားတယောက်က မောင်နုကို ဆီးဖက်ပါသေးတယ်။ မောင်နုဟာ ဒေါသနဲ့
တအားတွန်းပစ်လိုက်တာ ကြောင့် အဲဒီကုလားဟာ လွင့်ပြီးလဲကျသွားတယ်။လမ်းထဲက
ကုလားတွေခပ်များများဟာ အဲဒီလဲသွားတဲ့ကုလားကို မြင်ရတဲ့အတွက် ကုလားလို
အော်ဟစ်ပြီး မောင်နုကို အတင်းပြေးဖက်ထားကြတယ်။ အဲဒါကြောင့် မောင်နုဟာ
ကိုထွန်းတင်ကို မရိုက်ရဘူး။ ကိုထွန်းတင်ဟာ ခပ်လှမ်းလှမ်းကနေပြီး မင်းငါ့ကို
အခုအများကြီး စိတ်ဆိုးမယ်။ နောက်ကြရင် မင်းငါ့ကို အများကြီး ကျေးဇူးတင်မယ်လို့
မောင်နုကိုပြောတယ်။ မောင်နုလည်းဒေါသသိပ်ထွက်နေတာကြောင့် စကားများများ
မပြောနိုင်ဘူး။ မင်းကောင်းကောင်းသတိထား။ ဆိုတာလောက်ကိုပဲ ပြန်ပြောနိုင်တယ်။
ဘာထပ်ပြောရမလည်း လို့စဉ်းစားနေတုန်း ရန်ကုန်ကောက်တဲ့နေ့က ကိုထွန်းတင်မှာ
လက်ကြယ်သီး တစုံ ပျောက်သွားတယ် ဆိုလို့ ကိုထွန်းတင်ကို သူပေးထားတဲ့
ရွှေကြယ်သီးတွေကို မောင်နုပြေးပြီးသတိရတယ်။ အဲဒါကြောင့် ခလေးလို ဖြစ်ပြီး ။
ငါ့ရွှေလက်ကြယ်သီးတွေ ပြန်ပေးလို့ အော်ပြီးတောင်းတယ်။ ကိုထွန်းတင်လည်း
ရွှေကြယ်သီးလေးတွေ ကဗျာကယာဖြုတ်ပြီး သူ့အနားမှာ ရပ်နေတဲ့
ကုလားတယောက်နဲ့ မောင်နုကို အပေးခိုင်းလိုက်တယ်။
မောင်နုဟာ သူ့အခန်းကို ပြန်ရောက်တဲ့အခါ တံခါးပိတ်။ အတွင်းက မင်းတုံးကို
သေသေချာချာထိုး။ ခြင်ထောင်ချ။ စောင်ခေါင်းမြီးခြုံပြီး ရှိုက်ကြီးတငင်
ငိုပွဲဆင်ပစ်လိုက်တယ်။ ဒါပေမဲ့ ဒီလိုငိုတာဟာ မခင်မြင့်ကို မရလို့ ငိုတာ ဟုတ်မယ်
မထင်ဘူး။ ဒီအချိန်မှာဖာသယ်မ မခင်မြင့်ကို သူအတော်စိတ်နာနေပြီ။ သူ့ဒေါသကို
သူနိုင်အောင်မထိန်းနိုင်တဲ့အ တွက် ငိုချလိုက်တာပဲလို သူယူဆနိုင်စရာ
အကြောင်းရှိတယ်။
နောက်တနင်္ဂနွေ နှစ်ပတ်လောက်ကြာတော့ မခင်မြင့်ကို မေ့ပြီးစာကြည့်ခန်းထဲက
ပြဇာတ်တွေနဲ့ ဆွန်းနက်တွေထဲမှာ စိတ်ပြန်လည်လာတဲ့အခါမောင်နုဟာ
ကိုထွန်းတင်ကို တစိမ့်စိမ့်ကျေးဇူးတင်လာတယ်။ ဟိုနေ့က လမ်းမလည်ခေါင်ကြီးမှာ
လူတွေဝိုင်းပြီး ကြည့်နေတဲ့ကြားထဲက ဖာသယ်မတယောက်အတွက် လူသိရှင်ကြား
အော်ကြီးဟစ်ကျယ် ရန်ဖြစ်ခဲ့ရတာကိုလည်း တစိမ့်စိမ့်တွေးပြီး မောင်နုရှက်နေတယ်။
အဲဒါကြောင့် တနေ့မှာ မောင်နုဟာ ကိုထွန်းတင်ဆီကို
သွားပြီးတောင်းပန်တယ်။သူပြန်တောင်းထားတဲ့ ရွှေလက်ကြယ်သီးကို လည်း

ကိုထွန်းတင်ကို ပြန်ပေးလိုက်တယ်။
မခင်မြင့်အပေါ်မှာ မောင်နုစိတ်ပျက်သွားအောင် ကိုထွန်းတင်ဒီလိုလုပ်ဂတယ်။ အဲဒိနေ့ မောင်နုကို တချက်တီးမှာ လာလို့ ချိန်းလိုက်ပြီးတဲ့နောက် သူတယောက်ထဲ မခင်မြင့်တို့ဆီကို ထွက်လာတယ်။ ခေါင်းလုပ်သူ့ာ မခင်မြင့် နဲ့ အတော် စီးပွားဖြစ်နေတော့ မခင်မြင့်ကို ဘယ်လက်လွှတ်ချင်မလဲ။
အဲဒါကြောင့်ကိုထွန်းတင်ဟာ သိပ်ပြောနေဘို့မလိုဘူး။ ကိုထွန်းတင်ရဲ့ အကြံကို ခေါင်းလုပ်သူဟာ ချက်ချင်းသဘောတူပြီး ဟိုနေ့ကအတိုင်း ဖြစ်သွားအောင် သူပါဝိုင်းကူလိုက်တာပါပဲ၊ မောင်နု အင်မတန်ကံကောင်းတယ်။ အဲဒိနေ့က စိတ်ပျက်မသွားဘဲ တခေါက်ပြန်လာရင် သူ့တပည့်တွေ ဝိုင်းရိုက်တာကိုမောင်နု မရှုမလှ ခံရမယ်။

နောက်တလလောက်ကြတဲ့အခါ ဂျင်မခါနာ ပြဇာတ်အသင်းက တင်ဆကတဲ့ ‘ချီးကျူးစရာကောင်းတဲ့ ကရိုက်တန် ’( ဗိဘငမဘေူန ဃမနငါ့အသည )ဆိုတဲ့ ပြဇာတ်ကို ကြည့်ဘို့အတွက် မောင်နုဟာ ဂျူဗလီဟော ထဲမှာ ထိုင်နေတယ်။ မောင်နုရဲ့ဘေးမှာ ပါရစိမကလေး နှစ်ယောက်နဲ့ သူတို့ရဲ့ မိဘ နဲ့တူတဲ့ ပါရစိ ယောကျာ်းကြီးတယောက် ပါရစီ မိန်းမကြီးတယောက် ထိုင်နေကြတယ်။
ပါရစီမကလေး နှစယောက်စလုံးဟာ မိန်းမချောလေး တွေပဲ။ ဒါပေမဲ့ မောင်နုရဲ့ဘေးမှာထိုင်နေတဲ့ အကြီးမကလေးက ပိုပြီးချောတယ်။မောင်နု မက်လောက်အောင်အရပ်ရှည်တယ်။ အထူးသဖြင့် သူ့မျက်လုံးကလေးတွေဟာ သိပ်လှတာပဲ။ အသက်က မောင်နုထက်နဲနဲပိုကြီးလိမ့်မယ်လို့ ခန့်မှန်းရတယ်။ ဒီပါရစီမကလေးဟာ လှရုံတင်မကဘူး။ သိပ်ပြီးတော့လည်းဖော်ရွေတာဘဲ။ မောင်နုဟာ မေ့ပြီး အခမ်းအနားအစီအစဉ်ကို မဝယ်ခဲ့ဘူး။ အဲဒါကို ပါရစီမကလေးက မြင်တယ်၊အဲဒါကြောင့် မောင်နုကို သူ့လက်ထဲက အစီအစဉ်စာအုပ်အတအုပ်ပေးတယ်။ မောင်နုက ခင်ဗျားဘာနဲ့ကြည့်မလည်း လို့မေးတဲ့အခါ သူ့ညီမနဲ့ အတူတူ ကြည့်မယ်လို့ ပြန်ပြောတယ်။ ပြဇာတ်မပြခင် ပြဇာတ်ကိုဖတ်ဘူးလားလို့ သူကမောင်နုကိုမေးတယ်။ မောင်နုက မဖတ်ဘူးဘူးလို့ ဖြေတယ်။ အဲဒီအခါ သူက ဖတ်ပြီးပြီလို့ ပြောပြီးပြဇာတ်နဲ့ပတ်သက်လို့ သူ့သဘောထားကို ပြောတယ်။ ပြဇာတ် ပထမပိုင်းနဲ့ ဒုတိယပိုင်းပြီးတဲ့အခါ မှာလည်း ပြဇာတ်ကောင်တွေနဲ့ ပတ်သက်ပြီး ဘယ်သူတွေကကောင်းတယ်။ သရုပ်ဆောင်နိုင်တယ်။ ဘယ်သူတွေကညံ့တယ်။ ဘယ်သူတွေကပျော့တယ်။ အစရှိသဖြင့် အဲဒီပါရစိမကလေးက မောင်နုကို ဖော်ဖော်ရွေရွေ ပြောပြတယ်။ မောင်နုကလည်းသူ့သဘောထားတွေ ကို ပြန်ပြောပြချင်နေတယ်။ ဒါပေမဲ့ ပါရစီမကလေး က အင်္ဂလိပ်စာကောင်းလွန်းတဲ့အတွက်မောင်နုဟာ သူပြောချင်တာတွေကို ပြန်မပြောရဲဘူး။ ပါဂစီမကလေးပြောတာတွေကိုသာ ခေါင်းငြိမ့်လိုက်။ရယ်လိုက်၊ ပြုံးလိုက်နဲ့

လုပ်နေရတယ်။ ပြဇာတ်ပြီးလို့ ထပြန်ကြခါနီး အင်မတန်
တိုတောင်းတဲ့အချိန်ကလေးအတွင်းမှာတောင် ကရိုက်တန်ဟာ တကယ်ချီးကျူးစရာ
မကောင်းဘူးလားလို့ မေးပြီး မောင်နုကို ဂွတ်ဘိုင်လို့ နှုတ်ဆက်သွားလိုက်သေးတယ်။
ပါရစီမကလေးတွေရဲ့ မော်တော်ကား ထွက်သွားတဲ့အခါ မောင်နုဟာ
ခပ်လှမ်းလှမ်းက ငေးပြီးကျန်ရစ်တယ်။ မောင်နုဟာ တလမ်းလုံးမှာရော၊ သူ့အခန်းကို
ပြန်ရောက်တဲ့အခါမှာရော ပါရစီမကလေး ကိုယ်က ထွက်ထွက်လာတဲ့ သင်းပျံ့ ပျံ့
အမွှေးနံ့ကလေးတွေချိုသာနွဲ့ပြောင်း အင်မတန်နားထောင်လို့ကောင်းတဲ့
အသံကလေးတွေ၊ သူ့ဟဒယနှလုံးကို သိမ်းကြုံးထားတဲ့
မျက်လုံးကလေးတွေအပေါ်မှာဘဲ သူ့စိတ်တွေဟာ တဝဲလည်လည် ဖြစ်နေတယ်။
အဲဒီည ဆွန်းနက်တပုဒ်ကို မောင်နုထိုင်ရေးနေတာ မနက်လင်းအားကြီး
၄နာရီလောက်ကြာမှ ပြီးသွားတယ် ဒါပေမဲ့ ဆွန်းနက်ကို ဘယ်သူ့ဆီပို့ရမလဲ။
ဂျူဗလီဟောထဲမှာတုန်းက အဲဒီပါရစီမကလေးကို ခင်ဗျားနာမည် ဘယ်လိုလည်းလို့
မေးချင်လိုက်တာ မောင်နုရဲ့ ပါးစပ်ဖျားမှာ ကို ယားနေတာပဲ။ မမေးရဲလို့
လက်လျော့လိုက်ရတယ်။ သူ့အခန်းကို ပြန်ရောက်တော့ မှ ဒီလိုမမေးမိတာ
မှားလေခြင်းလို့ သူ့ကိုယ်သူ ပြန်ပြီး အပြစ်တင်နေတယ်။ ဟိုဟာမကလေးကတော့
မေးရင်ပြောမဲ့ပုံပဲ။ ပြောချင်လွန်းလို့ အခွင့်ရတိုင်း သူကချည်းပြောနေတာ။
မင်းစောက်သုံးမကျလို့ ဒီလိုဖြစ်ရတာ ဆိုပြီး ။ သူကိုယ့်သူ
ထိုးချင်သလိုလို။ကြိတ်ငိုချင်သလိုလို မချင့်မရဲ ဖြစ်နေတယ်။
မောင်နုဟာ သူ့ဝမ်းထဲမှာ ဖြစ်နေတာ
တရက်နှစ်ရက်လောက်ပဲ၊မျိုသိပ်ထားလို့ရတယ်။ တတိယနေ့ လောက်ရောက်တော့
သူ့သူငယ်ချင်းအရင်တွေထဲက လည်လည်ပတ်ပတ်ရှိတဲ့ သူငယ်ချင်းနှစ်ဦးသုံးဦးကို
သူ့ကိစ၊တိုင်ပင်ကြည့်တယ်။ ရန်ကုန်မှာ ပါရစီတွေက အများကြီး
အဲဒီတော့အဲဒီကောင်မလေးကို ရှာဘို့ဆိုတာ မလွယ်ဘူး။
အနည်းဆုံးနံမယ်လောက်သိရင် ရှာတွေ့ဘို့ဆိုတာဖြစ်နိုင်စရာ
အကြောင်းရှိသေးတယ်လို့ သူငယ်ချင်းတွေက ဖြေကြတယ်။ အဲဒီအဖြေတွေ
ကြားရတော့မှ မင်း အလို့ ဒီလိုဖြစ်ရတာပဲ လို့သူကိုယ်သူကြိမ်မောင်းပြီး မောင်နုဟာ
ရှေးကထက်တောင် သူကိုယ်သူ ပိုပြီးစိတ်ဆိုးနေသေးတယ်။
သူငယ်ချင်းတွေက ဘယ်လိုမှ မကူညီနိုင်တဲ့အခါ မောင်နုဟာ ကျောင်းက
အားလပ်ခွင့်ရတိုင်း အဲဒီပါရစီမကလေးကို ရုပ်ရှင်ရုံတွေမှာ ၊ ဖိုက်(ခ်) စကွဲယား(ယခု
ဗန္ဓုလပန်းခြံ)ထဲမှာ ၊ ကန်တော်ကြီးမှာ သွားသွားပြီး ရှာတယ်။ ဂျင်မခါနာ ပြဇာတ်
အသင်းက စေးဂုင်း (ပေ့ျနည) ဆိုတဲ့ ရီဗြူး (သီချင်းနဲ့ အကပါသော ပြဇာတ်တမျိုး)
ကို ဂျူဗလီဟောမှာ တင်ပြန်တဲ့အခါမှာလည်း မောင်နုဟာ ပါရစီမကလေးကို
တွေ့လိုတွေ့ငြား နှစ်ညတိုင်တိုင် သွားစောင့်ပါသေးတယ်။ မတွေ့ဘူး။
နောက်တလကြာတဲ့အခါ လှမောင်ဆိုတဲ့ သူငယ်ချင်းတယောက် ကို နု ခင်ဗျား

ပါရစီမကလေးရဲ့ လိပ်စာ ဂျပြီ ဆိုပြီး လိပ်စာ တခုပေးတယ်။ အဲဒီလိပ်စာထဲမှာ ပါရစီမကလေးရဲ့ နံမယ်ဟာ မစ်ဟိုးမက်စ်ဂျီ ဆိုပြီးပါလာတယ်။
မောင်နုသိပ်ပြီးဝမ်းသာ သွားတယ်။ သူရေးထားတဲ့ ဆွန်းနက်ရယ်။ မစ်ဟိုးမက်စ်ဂျီကို သူအင်မတန် တွေ့ချင်တယ်လို့ ရေးထားတဲ့စာတစောင်ရယ် အဲဒီလိပ်စာအတိုင်း ချက်ချင်းပို့လိုကတယ်။ တနင်္ဂနွေ တပတ်ကြာလည်း စာပြန်မလာ၊ နှစ်ပတ်ကြာလည်း စာပြန်မလာတဲ့အခါ မောင်နုဟာ လှမောင်ဆီသွားပြီး ခင်ဗျာ့ လိပ်စာဟုတ်ရဲ့လား။ စာလဲပြန်မလာဘူး လို့ မောင်နုကညည်းတယ်။ စာတစောင်ထဲရှိသေးတယ်။ ဘယ်ပြန်လာမလဲ။ အိန္ဒြေရှင်ဆိုတာ ဒီလိုပဲ ဟန်လုပ်နေရသေးတယ်။ စာတစောင်ပေးရုံနဲ့ ချက်ချင်းစာပြန်ရင် အပေါစားဖြစ်သွားမှာပေါ့။ လို့ လှမောင် ကရှင်းပြပြီး ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် ဆိုတဲ့စကားအတိုင်း ဇွဲကောင်းကောင်းနဲ့ ဆက်ကြိုးစားဖို့ မောင်နုကိုအားပေးတယ်။
မောင်နုလည်းအဲဒီအားပေးချက်အရ နောက်ထပ် တစောင်ထဲ့လိုက်တယ်။ စာပြန်မလာဘူး။ နောက် တနင်္ဂနွေ ၂ပတ်လောက်ကြာတဲ့အခါ တတိယစာကို ထည့်လိုက်ပြန်တယ်။ နောက်တနင်္ဂနွေ ၂ပတ်လောက်ကြာတော့လည်း စာပြန် မ ဂုတဲ့အခါ ရှေ့တလှမ်းတိုးမယ် ဆိုတဲ့အနေနဲ့မစ်ဟိုးမတ်စ်ဂျီရဲ့အိမ်ကို အလည်သွားချင်တယ်။ လိုက်ပြပါလို့ မောင်နုကလှမောင်ကိုပူဆာတယ်။ လှမောင်ကလည်းခဏစောင့်ပါဦးလို့ တောင်းပန်ထားရတယ်။
ပူဆာတဲ့အကြိမ်ပေါင်းများလာတဲ့အခါကျတော့ မှ ကဲ–ကိုနု ခင်ဗျားကို သက်သက်နောက်တာ။ ဒီလိပ်စာ ကောင်မလေးရဲ့ လိပ်စာမဟုတ်ဘူး ။ တယ်လီဖုန်း စာအုပ်ထဲက ပါရစီနံမယ်နဲ့ လိပ်စာတခုကူးလာပြီး ခင်ဗျားကိုပေးတာ လို့ အူတက်အောင်ရယ်ရင်းလှမောင်က မောင်နုကို ရှင်းပြတယ်။
မောင်နုလည်းဝါးခယ်မတုန်းက မောင်ရှန်နဲ့ ထွန်းရင်ဆိုတဲ့ သူငယ်ချင်းတွေကို ဒီလိုပဲ နောက်ခဲ့ဘူးတယ်။ ဒီသူငယ်ချင်းတွေ ပိုးနေတဲ့ ကောင်မလေးတွေရှိတယ်။ ကောင်မလေးတွေက ဘာမှ မသိရဘဲ ကောင်မလေးတွေရဲ့လက်ရေးနဲ့တူအောင် စာတွေရေးပြီး မောင်ဂျန်နဲ့ ထွန်းရင်ဆီပို့တယ်။ ညကို ဘယ်လမ်းက လာခဲ့ပါဆိုပြီး ချိန်းတယ်။ လာတဲ့အခါ မောင်နုနဲ့ သူငယ်ချင်းတစုဟာ မှောင်ရိပ်ထဲက ချောင်းပြီး အဲဒီမောင်ရှိန်နဲ့ ထွန်းရင်ကို ရေတွေနဲ့ပိုင်းလောင်းတယ်။ အဲဒါတွေကို မောင်နု ပြန်သတိရပြီး ငါလည်းဝဋ်လည်တာပဲလို့ သဘောပေါက်တဲ့အတွက် လှမောင်ကို ဘာမှ မပြောတော့ဘူး။ မရှိသွားဖြလုပ်နေလိုက်တယ်။

(၈)
အိုင်အေ ဒုတိယနှစ်မှာ မောင်နုဟာ အဂျက်ကို ရှေးကထက် ပိုပြီး သောက်လာတယ်။ စနေညတိုင်း စိတ်တူ သဘောတူ မိတ်ဆွေတွေ စုပြီး အရက်သောက်လေ့ရှိကြတယ်။ သူတို့သောက်ပုံသောက်နည်း ကိုစုံစမ်းကြည့်လို့ သိရတဲ့အတိုင်းဆိုရင်

းပျော်စရာကြီးပါဘဲ။ ဂျော်နီဝါးကား ဝီစကီတပုလင်းကိုဝယ် ဇလုံကြီးထဲမှာ ဗင်မတို။ ဘီလပ်ရေ။ ရေခဲတွေနဲ့ရော အဖွဲ့ထဲပါတဲ့ ကျောင်းသားတွေဟာ ဒီဝီစကီဖျော်ရေကို ကြိုက်သလောက် ခပ်သောက်ကြတာပဲ။ မောင်နုဟာသာမန်အားဖြင့် ဆေးလိပ်မသောက်တတ်ဘူး။ အဲဒီဝီစကီဖျော်ရည်သောက်တဲ့အခါ ကျတော့ အရက်တကြိုက် ။ စီးကရက် တဖွာ သောက်လေ့ရှိတယ်။ တခြားကျောင်းသားတွေဟာ အဂုက်မူးပေမဲ့ အတော်အိန္ဒြေရတယ်။ မောင်နုကတော့ ဒီလိုမဟုတ်ဘူး ။ အရက်မူးလာရင် အလွန် အိန္ဒြေမဲ့တယ်။ အဲဒီနှစ်က တကောင်းနဲ့ ပြည်ကျောင်းဆောင်နှစ်ခုစုပြီး လုပ်ကြတဲ့ ခဂုစ်စမတ်ပွဲမှာ ကျောင်းအုပ်ကြီး ဆလေ့။ ကျောင်းဆောင်မှူးတွေ ။ ဆဂုာတွေ ကျောင်းသူကျောင်းသားတွေ ထိုင်ပြီး အငြိမ့်ကြည့်နေတုန်း။ မောင်နုဟာ အရက်ကို အလွန်အကျွံမူးပြီး ပွဲလည်ခေါင်မှာ လဲနေလို့ သူ့အခမ်းကို ထမ်းပြီးခေါ်သွားဂုတယ်။ ဘယ်လောက်မူးလဲဆိုရင် ကြိုးနဲ့ခိုင်ခိုင် ချည်ထားတဲ့ သူ့ရှူးဖိနပ်တဘက်ဟာ ကျွတ်ကျန်နေရစ်တာကို မောင်နုမသိဘူးမနက်ကျတော့ တံမြက်စီးလှဲသမားတယောက်က ယူလာလို့ပြန်ရတယ်။

(ဃ)

မောင်နုဟာ ကောလိပ်ကျောင်းကို ရောက်ကတည်းက စင်မြင့်ပေါ်က စကားပြောနေတဲ့ ကျောင်းသူကျောင်းသားတွေကို မြင်ပြီး သူလည်းအဲဒီကျောင်းသူကျောင်းသားတွေလို သိပ်ဖြစ်ချင်နေတယ်။ အဲဒါကြောင့် စကားရည်လုပွဲတွေ ဆွေးနွေးပွဲတွေဆိုဂုင် သူကြိုးစားတက်တယ်။ ဒါပေမဲ့ တက်ခါစ သုံးလေးပွဲမှာ စကားပြောမယ်လို့ ထခါနီး တကိုယ်လုံး ဆက်ဆက်တုန်နေတာနဲ့ မထရဲပဲ လက်လျော့ပေးခဲ့ဂုတယ်။ နောက်ပွဲတွေကျတော့ အဲဒီပွဲမှာ စကားမပြောရဲရင် တရက်လုံးလုံးအစာမစားဘူးလို့ အဓိဋ္ဌာန် လုပ်သွားတယ်။ ဒါပေမဲ့ အဓိဋ္ဌာန်လည်း မကယ်နိုင်ပါဘူး။ တကိုယ်လုံးနတ်ပူးသလိုလို ဖြစ်ပြီး လက်လျော့ခဲ့ရတာဘဲ။ အဲဒီလို လက်လျော့ခဲ့ရတိုင်း အဓိဋ္ဌာန်တွေ တိုးတိုးပြီးတင်လာလိုက်တာ စကားမပြောရဲရင်သုံးရက်တိုင်တိုင် အစာမစားဘူး ဆိုတဲ့အဓိဋ္ဌာန် အထိရောက်လာတယ်။ တညကျတော့ ကျောင်းသူအသင်းက ကြီးကြပ်ပြီး စကားရည်လုပွဲတခု ကျင်းပတယ်။ ပြောရမယ့် ဘာသာရပ်က ဒါးသွားထက်၊ ကလောင်သွားက ပိုပြီးထက်သည်။ ဆိုတဲ့ဘာသာရပ်ပဲဖြစ်တယ်။ ဒီပွဲမှာ အင်္ဂလိပ်လိုပြောရမယ်။ စင်မြင့်ပေါ်မှာအဆိုနဲ့ အတိုက်အခံဘက် က ပြောကြမဲ့ ပုဂ္ဂိုလ်လေးဦးစလုံးဟာ ကျောင်းသူတွေချည့်ပဲ။ နောက်ပြီးတော့လည်း ကျောင်းသူဟောင်းကြီးတွေ စကားရည်လုပွဲမှာ ကျင့်သားအများကြီးရပြီးသူတွေ မဟုတ်ဘူး။ လွန်ခဲ့တဲ့နှစ်ကမှ မောင်နုနဲ့အတူတူ ကောလိပ်ကျောင်းကို ရောက်လာကြသူတေဖြစ်နေတယ်။ အဲဒါကြောင့် မောင်နုဟာ စကားရည်လုပွဲ မစမီကတဲက မောင်နု ဒီကောင်မလေးတွေ ပြောနိုင်တဲ့ပွဲမှာ မင်းမပြောရဲရင် မင်းကို လေးဂုက်ငတ်ထားမယ်။ လို့ သူ့ကိုယ်သူ

ကြိမ်းမောင်းထားတယ်။အဲဒီပွဲမှာ အဆိုတင်သွင်းမယ့်ကျောင်းသူဟာ
စီစီအောင်ကြီးဖြစ်တေယ်။ ဒီကျောင်းသူဟာ အသက်အားဖြင့် မောင်နုနဲ့
ရွယ်တူချင်းလောက်ဖြစ်မှာပဲ။ ဒါပေမဲ့ စီစီအောင်ကြီးဟာ
ဘောဘ်ဆံတောက်ထားတဲ့အပြင် သူ့မျက်နှာကလေးဟာ အင်မတန်ချိုပြီး
နုနေတဲ့အတွက် သူ့ကိုမြင်ရသူတိုင်းက ခလေးလို့ ထင်ကြတယ်။
စီစီဟာ သူ့အချိန်ရောက်တာနဲ့ တပြိုင်နက်၊ သူ့အဆိုကို မကြောက်မရွံ့
မတုန်မလှုပ်၊ ခပ်အေးအေး ကလေး တင်သွင်းသွားတာဘဲ။
စကားပြောသိပ်ကောင်းတယ် မဆိုနိုင်ဘူး။ ဒါပေမဲ့ မညံ့ဘူး။
အခြားကျောင်းသူသုံးဦးကလည်း အတော်နားထောင်ကောင်းအောင်သူ့နည်းနဲ့သူ
ပြောဆိုသွားကြတာပဲ။ စင်မြင့်ပေါ်က ကျောင်းသူလေးယောက်ပြောပြီးတဲ့အခါ
နာယကလုပ်သူက ပရိတ်များလည်း ဝင်ရောက်ဆွေးနွေးနိုင်တယ် လို့
ခွင့်ပြုလိုက်တာနဲ့ တပြိုင်နက် မောင်နုဟာ ဖြုန်းကနဲ ထလိုက်တာဘဲ။ သူ့မျက်စိထဲမှာ
ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဘူး ။ ရေထဲငုပ်ပြီး မျက်စိဖွင့်ကြည့်နေရသလို
ဝါးတားတားကြီးဖြစ်နေတယ်။ အဲဒီတုန်းက သူဘာတွေ ပြောခဲ့တယ်ဆိုတာတော့
စုံစမ်းလို့မရဘူး ။ သူဟာ အဆိုကို ကန့်ကွက်တယ်ဆိုတာလောက်ပဲ သိရတော့တယ်။
အဲဒီညစကားပြောတအောင်မြင်သွားတဲ့အတွက် မောင်နုဟာ သိပ်ပျော်နေတယ်။
ဒါပေမဲ့ ပျော်တာချည်းသက်သက် မဟုတ်ဘူး။ မကြာခဏ ထနေကြ သူ့ရောဂါ ဟာ
ပျော်တာနဲ့ အတူတူ တလှည့်စီ သူ့စိတ်ထဲမှာ ပေါ်နေတာ မောင်နုတွေ့ရတယ်။
ဒီတကြိမ်မှာတော့ ရောဂါ ထအောင်လုပ်ပေးသူဟာ တခြားမဟုတ်ဘူး ။
စကားရည်လုပွဲမှာ အဆိုတင်သွင်းသွားတဲ့ စီစီအောင်ကြီးဖြစ်နေတယ်။
စီစီအောင်ကြီးကို ကြည့်လိုက်ရင် သူ့မျက်နှာကလေးဟာ အစဉ်ပြုံးနေသလို
ထင်ရတယ်။ ဒါကလွဲပြီး သူ့မျက်နှာမှာ မက်စရာ ဆိုလို့ ဘာမှ မတွေ့ဘူး။
ကိုယ်လုံးကိုယ်ပေါက်ကလည်း ပိန်ကပ်ကပ်ကလေး။ ရောဂါသည်ကလေးနဲ့တူတယ်။
ဘောဘ်ဆံတောက်နဲ့ ဗမာအဝတ်အစားကို ဝတ်ထားပြန် တယ်ဆိုတော့ ဗျုံးကနဲဆို ဂုင်
အဆင်မပြေသလိုလိုဖြစ်နေတယ်။ ဒီလိုဆိုရင် မောင်နုဟာ စီစီမှာ ဘာကို
မက်သွားတာလဲ။
စကားဂုည်လုပွဲညက မောင်နုဟာ အတင်းသာ စကားထပြောလိုက်ရတယ်။
ကြောက်စိတ်တွေ လွှမ်းနေတာကြောင့် သူပြောချင်သလောက် ကျကျနန
မပြောလိုက်ရဘူး။ စီစီကတော့ ဒီလိုမဟုတ်ဘူး။ ခပ်အေးအေး ခပ်တည်တည်ဘဲ
အဆိုတင်သွင်းတဲ့အခါ မှာ သူအဆိုဟာ ကျက်လာတဲ့အဆိုလို့ ပြောချင်ပြောနိုင်တယ်။
ဒါပေမယ့် အတိုက်အခံဘက်က ပြောတာတွေကို ပြန်ဖြေဘို့ကျတော့
ကျက်ထားလို့မရဘူး။ အဲဒါကို အချက်ကျကျ ပြန်ဖြေရတယ်ဆိုတာ မလွယ်ဘူး။
အဲဒီမလွယ်တဲ့ အလုပ်ကို စီစီအောင်ကြီးဟာ ခပ်အေးအေး
ခပ်တည်တည်လုပ်နိုင်တယ်။ အဲဒီ တည်ကြည်မှု သတိရှိမှုညာဏ်ထက်မြက်မှုတွေဟာ

မောင်နုရဲ့ မျက်စိနဲ့နားထဲက အသည်းနှလုံးထဲအထိ စိမ့်ပြီးဝင်သွားတယ်။
ဒီအစာစားမိရင် ဒိအဖျားဖျားတာပဲ ဆိုတဲ့စကားကို ဓါတ်မတခုခုရဲ့ အာရုံဟာ အခုလို
သူ့အသည်းနှလုံးထဲဝင်လာပြီဆိုဂ်င် မောင်နုမှာ ထနေကြရောဂါ ဟာထလာတာပါဘဲ။
ဒါပေမဲ့ မောင်နုဟာ မေတ္တာစာရေးတိုင်း ဘယ်တော့မှ တုံ့ပြန်မှု မရတာကြောင့်
ဒီတခါကျတော့ ရှေးတုန်းကလို အလျင်စလိုမလုပ်ဘူး။ အကောင်းဆုံးဖြစ်အောင်
ဘယ်လိုလုပ်ရမလဲဆိုတာ သူချိန်ဆနေတယ်။

တနေ့ကျတော့ နာမည်ကျော် မြန်မာရုပ်ရှင်တကားကို ၃နာရီခွဲပွဲမှာ ကြည့်ရအောင်
ရုပ်ရှင်ရုံတခုရဲ့ ရှေ့ကို မောင်နုရောက်သွားတယ်။ အဲဒီရုံရှေ့မှာ စီစီအောင်ကြီးနဲ့
ကျောင်းသူ သူငယ်ချင်းနှစ်ယောက်လည်း ရောက်နေတယ်။ ပရိသတ်က များလွန်း
အားကြီးတဲ့အတွက် လက်မှတ်ကို လွယ်လွယ်နဲ့ဝယ်လို့မရဘူး။
အဲဒါကြောင့်လက်မှတ်သုံးစောင်ဝယ်ပြီး စီစီတို့ကို ပေးဖို့ မောင်နု ရှေးဦးစွာ
စဉ်းစာမိတယ်။ ဒါပေမဲ့မလိုချင်ဘူးလိုဆိုလိုက်ရင် လူတွေအများကြီးရှေ့မှာ အရှက်ကွဲ
မှာပဲလို့ စဉ်းစားမိတဲ့အတွက် မောင်နုနောက်တွန့်သွားပြန်တယ်။ ကောလိပ်ကျောင်း
သားတွေဟာ အိန္ဒြေကြီးတဲ့ ကျောင်းသူတွေနဲ့တွေ့တဲ့အခါ
အရှက်ကွဲပြီးပြန်လာကြရတယ် ဆိုတဲ့သတင်းတွေကို မောင်နု ခဏခဏ
ကြားရတဲ့အတွက် မေောင်နုဟာ စိစိတို့အနားကပ်ရမှာ သိပ်လန့်နေတယ်။
အဲဒါကြောင့် စီစီတို့ အကူအညီတောင်းရင် အဆင်သင့်ပေးဘို့ဆိုတဲ့အနေနဲ့
မောင်နုဟာခပ်လှမ်း လှမ်း က ရပ်ပြီးစောင့် နေတယ်။ လူအတော်ပါးသွားတဲ့အခါ
စီစိတို့လူစုလည်း သူတို့ဟာ သူတို့ လက်မှတ်ဝယ်ပြီး ရုပ်ရှင်ရုံထဲဝင်သွားကြတယ်။
အတော်လေးကြာတော့မှ မောင်နုလည်း ရုံထဲလိုက်ဝင်သွားတယ်။

မောင်နုဟာ ရုပ်ရှင်ကိုသာ ကြည့်နေရတယ်။ ဘာတွေကို
မြင်နေရတယ်ဆိုတာကောင်းကောင်းမသဲကွဲဘူး။ စိစိတို့ဆီကို သူသွားပြီးမေးလိုက်ရင်း
သိပ်ကောင်းမယ်။ မမေးမိတာသိပ်မှားသွားတယ်။ ဟာ ဘယ်ဖြစ်မလဲ ကိုယ်က
စေတနာနဲ့သွားမေးတာတော့ ဟုတ်ပါရဲ့ ဟိုက အကူအညီမလိုချင်ဘူး
လို့ဆိုလိုက်ရင် ဘယ်နှယ့်လုပ်မလဲ။ မလုပ်ပါဘူး စေတနာကောင်းနဲ့
လာမေးတယ်ဆိုတာ သူတို့လည်းသိမှာပါ။ စီစိတို့ဟာ သူဘက်ကို ခဏခဏ
လှည့်ကြည့်နေတာထောက်ရင် သူ့ဆီက အကူအညီ လိုချင်တာအမှန်ဖြစ်မှာပဲ။
သနားစရာပါကွာ။ အစရှိတဲ့ သူ့ကိုယ်သူ အပြစ်တင်ချက်တွေ။
ပြန်လှန်ဖြေကြားချက်တွေ။ သန်ားစိတ်တွေဟာ သူ့ဦးနှောက်ထဲမှာစုပုံပြီး
ဗလုံးဗထွေးဖြစ်နေတာဘ။ သူ့အခန်းပြန်ရောက်တဲ့အခါမှာလည်း
ဒီဗလုံးဗထွေးဖြစ်နေတာတွေဟာ သူ့ဦးနှောက်ထဲမှာ ဆက်ပြီးပေါ်နေတုန်းဘဲ၊
ဖျောက်ဖျက်ပစ်လို့မရဘူး။ အမှန်စင်စစ် ဆိုရင် သူကသာ တဘက်သပ်
ဒီလိုဖြစ်နေတာ စီစီအောင်ကြီးကတော့ ဒါတွေကို ဘာမှ သိမှာမဟုတ်ဘူး။
ဒီအချိန်လောက်ဆိုရင် စီစိအောင်ကြီးဟာ အိပ်ပျော်လို့ တရေးတောင်နိုးလောက်ပြီ။

မောင်နုဟာ အိပ်လို့မရတာနဲ့ စီစီအောင်ကြီးဆီကို ပို့ဘို့ စာတစောင် ထိုင်ရေးတယ်။ သူ့စာဟာ မေတ္တာစာလည်း မဟုတ် ။ ဝတ္တုလို့ ခေါ်ရမှာလည်း အခက်။ ပြဇာတ်လည် မဆိုနိုင်။ အဲဒီတော့ ဒီစာကို ပန်ကြားလွှာ လို့ပဲ ခေါ်ကြပါစို့။ ဒီပန်ကြားလွှာကို ဘလင့်ဗာစ် နဲ့ရေးထားတယ်။ ဒီပန်ကြားလွှာထဲမှာ ပါတာတွေကို အကုန်လုံး မဖေါ်ပြနိုင်ဘူး။ သဘောလောက်ပဲပြန်ပြောပြတော့မယ်။ ရှေးအခါတုန်းက မိန်းကလေးတဦး ရှိတယ်။ အဲဒီမိန်ကလေးရဲ့နံမယ်က စီစီဖြစ်တယ်။ အဲဒီစီစီရဲ့ အချောအလှဟာ ပြိုင်ဘက်ကင်းတယ်။ သူ့မှာမြင့်မြတ်တဲ့ စိတ်လည်းရှိတယ်။ သတိ၊လည်း ရှိတယ်။ သူဟာ အင်မတန်နက်ရှိုင်းတဲ့ တော်ကြီးအလယ်က အင်မတန်သာယာတဲ့ ဥယျာဉ် ထဲမှာနေတယ်။ သူနေတဲ့ရဲတိုက်ကြီးကလည်း သိပ်ကောင်းတယ်။ သူနေတဲ့ဥယျာဉ်ကြီးကို ရောက်နိုင်ဘို့ လမ်းတလျှောက်လုံးမှာ ဂုမ္ဘန် တထောင်စောင့်ကျပ်နေတဲ့အတွက် နုဆိုတဲ့သူငယ်ဟာ ဥယျာဉ်နားကို မကပ်ရောက် နိုင်ရှာပဲ အဝေးကသာလှမ်းမျှော်နေရပါတယ်။ နုမှာ နုလုံးသားကို လောင်ကျွမ်းလုမတတ် စွဲကပ်ဖိစီးနှိပ်စက်နေတဲ့ အချစ်ရောဂါဆိုးတခုရှိတယ်။ လမင်းသော်တာလို ပပဝင်းနေတဲ စီစီရဲ့မျက်နှာကို အားရအောင်ကြည့်ရပါမှ နုဟာ ဒီရောဂါဆိုးကြီးက လွတ်မြောက်ပါလိမ့်မယ်။အဲဒါကြောင့် နုအပေါ် စီစီက ဂရုဏာသက်ပြီး ဘယ်အဆီးအတားအပိတ်ပင်မရှိစေရ။ ငါ့ရှေ့မှောက်ကို နုအကောက်လာစေဆိုတဲ့ အမိန့်တော်မြတ် ချမှတ်ပေးသနား တော်မူ႗န် အသနားခံပါတယ်ဆိုတဲ့ သဘောမျိုးရေးသားထားတယ်ဆိုတာ စုံစမ်းသိရှိရတယ်။ ဒီပန်ကြားလွှာကိုဖတ်ရရင် ပညာရှိတွေ ချီးကျူးမလား။ မချီးကျူးဘူးလားမပြောနိုင်ဘူး။ ဒါပေမဲ့ မောင်နု အနေနဲ့ကတော့ သူ့ပန်ကြားလွှာကို သိပ်ကြိုက်နေတာဘဲ ချစ်ဒုက၊နဲ့ ရင်ဆိုင် ၇တိုင်းဘယ်တော့မှ ကိုယ့်ကိုယ်ကို အားမကိုးဝံ့ပဲ စာပို့ကုလားကိုသာ အစဉ်ထာဝရ အားကိုးရရှာသော မောင်နုဟာ နောက်တနေ့မနက်ကို ရောက်လာတဲ့အခါ အဲဒီနေ့အတွက် ပထမဆုံးအလုပ်အနေနဲ့ သူပန်ကြားလွှာကို စာတိုက်ပုံးထဲသွားပြီးထည့်လိုက်တယ်။

စီစီသာသူ့အပေါ်မေတ္တာရှိမယ်ဆိုရင် တနင်္ဂနွေ တပတ်အတွင်းစာပြန်ရမယ်လို့ မောင်နုတွက်ထားတယ်။ ဒါပေမဲ့ တနင်္ဂနွေ သုံးပတ်ကုန်တဲ့အထိ ဘာသံမှ မကြားဘူး။ စီစီလက်ထဲကို စာမရောက်ဘူး။ လမ်းမှာ ပျောက်သွားတာဖြစ်နိုင်တယ်လို့ သူ့ကိုယ်သူအားပေးပြီး မောင်နုဟာ နောက်ထပ်စာတစောင်ထည့်လိုက်တယ်။ တနင်္ဂနွေသုံးပတ်ကြာသည့်တိုင်အောင် ဘာသံမှ မကြားရဘူး။ နောက်တစောင်ထပ်ပို့ရင် စာပြန်ကောင်းပြန်လိမ့်မယ်လို့ သူ့ကိုယ်သူ တရားချပြီး မောင်နုဟာ စီစီအောင်ကြီးဆီကို တတိယစာပို့ပြန်တယ်။ တလလောက်ကြာလို့ ဘာသံမှ မကြားရတဲ့အခါ ဒီကိစ္စကို ဘယ်လိုလုပ်ရမလည်းလို့ မောင်နုဟာ ပန်းကန် ကိုဇဂျမ်းနဲ့ တိုင်ပင်တယ်။ ကိုဇဂျမ်းက သူ့မှာရည်းစားရှိနေပြီထင်တယ်လို့ ဖြေတယ်။ ကျွန်တော်ကတော့ဒီလိုမထင်ဘူး။ ကျွန်တော့ကို မေတ္တာမရှိလို့စာမပြန်တာလို့

ယူဆတယ်။ဟိုနေ့က ရုပ်ရှင်ရုံရှေ့မှာသူတို့အနားမသွားမိတာ သိပ်ကံကောင်းတယ်။ သွားမိရင် လူတွေထဲအရှက်ကွဲမှာပဲလို့ မောင်နုက ပြန်ပြောတယ်။ မောင်နုဟာ အဲဒိအချိန်က စပြီးစီစိအောင်ကြီးဆီ ကို ဘာစာမှ မရေးတော့ဘူး။

မတ်လ စာမေးပွဲကြီးလုပ်တဲ့အခါ စီစီ။ ကိုဗဂျမ်းနဲ့ မောင်နုတို့ဟာ ခန်းမကြီးတခုထဲမှာ အတူတူဖြေရတယ်။ နောက်ဆုံးဘာသာကို ဖြေပြီးတဲ့အခါ စီစီက ခမ်းမကြီးထဲက အရင်ထွက်တယ်။ စီစိရဲ့နောက်က မောင်နုထွက်တယ်။ မောင်နုရဲ့နောက်က ကိုဗဂျမ်းထွက်တယ်။ စိစိဟာ ကိုက်သုံးဆယ်လောက် လျောက်မိတဲ့အခါ မောင်နုတို့ ဖက်ကို လှည့်ကြည့်ပြီး ရပနေတာကို ကိုဗဂျမ်းမြင်လိုက်တယ်။ အဲဒါကြောင့်ကိုဗဂျမ်းဟာ ကို နု ဟိုမှာ စိစီရပ်ပြီး စောင့်နေတယ်၊ သွားသွားလို့ မောင်နုကို အလန့်တကြား သုတ်သီးသုတ်ပြာပြောလိုက်တယ်၊မောင်နုဟာ မသွားရဲဘူးလို့ ကို ဗဂျမ်းကိုတိုးတိုးပြောပြီး အနာက အခန်းတခုထဲကိုဝင်ပြေးတယ်။ ကိုဗဂျမ်းလည်း အခန်းထဲကို လိုက်လာပြီး စီစီက ခင်ဗျားကို စောင့်နေတာသွားပါဗျာ လို့ မောင်နုကို ထပ်တိုက်တွန်းတယ်။ စာသုံးစောင်ကို ပေးပြီးပြီ။ စိစိဆီက ပြန်စာမရကတဲက စိစီဟာသူ့ကို မချစ်ဘူးလို့ မောင်နုဆုံးဖြတ်လိုက်ပြီးပြီ။အဲဒါကြောင့် ကျွန်တော့်ကို စောင့်တာဟာ မေတ္တာရှိပါတယ် လို့စကားပြန်ဘို့မဟုတ်ဘူး။ သူ့ဆီကို နောက်ထပ် စာမရေးနဲ့တော့လို့ ပြော ဖို့စောင့်နေတာ ကျွန်တော်မသွားချင်ဘူး။ လို့ မောင်နုကပြန်ပြောတယ်။ ခင်ဗျားဟာ တခြားနေရာတွေမှာ အင်မတန်စွာပြီး ဒိနေ ရာမှာ သိပ်သတိကြောင်တယ်။ ကျွန်တော်သာဆိုရင် စီစိဆီကို သွားမယ်။ သူကစာမရေးနဲ့လို့ ပြောရင် အေးကောင်းပြီ။ ကျေးဇူးတင်တယ်လို့ ခပ်တည်တည် ပြန်ပြောမယ်၊ ခင်ဗျားလိုတော့ ဖိုးသာဝ နသိုးလို သဝေထိုးပြီးမပြေးဘူး။ ခင်ဗျားဟာ မိန်းမတွေကိုချစ်တဲ့နေရာမှာ သူများထက်မြန်တယ် ကြောက်တဲ့နေရာမှာလည်း သူများထက်ပိုတယ်။ လာဗျာ ။ ကျနော်လည်းလိုက်မယ်။ နောက်ထပ်သူ့ဆီကို စာမရေးပါနဲ့ လို့ပြောဂင် ခင်ဗျားဘာမှ မပြောနဲ့ ။ ကျနော်ဖြေမယ်။ လာပါဆိုပြီး ကိုဗဂျမ်းဟာ မောင်နုကို အတင်း ဆွဲခေါ်တယ်။ သူတို့နှစ်ယောက်ထွက်လာတဲ့ အခါ စီစီဟာ အဲဒိနေရာမှာမရှိ တော့ဘူး။ ကျောင်းသူတွေ အပန်းဖြေခမ်းမသွားပြီး စိစီနဲ့တွေ့ရအောင် ကို ဗဂျမ်းက အဆိုသွင်းသေးတယ်။ မောင်နုက အတင်းခေါင်းခါပြီး ငြင်းတာနဲ့ ဒီအကြံပျက်သွားခဲ့ရတယ်။

ကောလိပ်ကျောင်းသားတွေဟာ ကျောင်းတက်ချိန်မှာ ကောလိပ်ကျောင်းသူ့ကို တွေ့ချင်ရင် အဲဒိ ကျောင်းသူ အပမ်းဖြေခန်းမကိုသွားကြတာပဲ၊ သူတို့ တွေ့ချင်တဲ့ ကျောင်းသူတွေဟာ ခန်းမထဲက ထွက်လာပြီး အဲဒီအနီးတဝိုက်မှာ ကျောင်းသားတွေနဲ့ တွေ့ကြတာပဲ။ဒီအခန်းနားကို ဖြတ်သွားကြတဲ့ ကျောင်းသားတွေဟာ ဒိအနီးတဝိုက်မှာ ဒီလိုပဲ မတ်တပ်ရပ်ဂင်း စကားပြောကြတဲ့ စုံတွဲတွေကို အချိန်မရွေးမြင်နိုင်ပါတယ်။ ကျောင်းဆင်းချိန်မှာ ကောလိပ်ကျောင်းသူတွေကို တွေ့ချင်တဲ့ကျောင်းသားတွေဟာ

အင်းလျားကျောင်းဆောင်ကို သွားကြတာပဲ။ မောင်နုဟာ ကောလိပ်မှာ ၈နှစ် တိုင်တိုင်နေခဲ့ပေမယ့် အဲဒီအပန်းဖြေခန်းမ အနီးအနားမှာ ဘယ်ကျောင်းသူနဲ့မှ ချိန်းမတွေ့ခဲ့ဖူးဘူး။မတွေ့ချင်လို့တော့မဟုတ်ပါဘူး။ ကြောက်လို့မတွေ့တာပါ။ အင်လျားကျောင်းဆောင်ကို တောင် တခါပဲ ရောက်ခဲ့ဘူးတယ်။ အဲဒါဟာလည်း တခြားကြောင့်မဟုတ်ပါဘူး။ ဘုတလင် ကိုသိန်းဖေက သူ့မိတ်ဆွေ မသိန်းနုကို သွားတွေ့မလို့ လိုက်ခဲ့ပါ ခေါ်တာနဲ့ပါသွားတာပါဘဲ။ သူ့အလိုအလျောက် ဘယ်သူနဲ့မှ မတွေ့ဖူးဘူး။ အဲဒီလိုသတိကြောင်တဲ့စိတ်တွေဟာ အတင်းဝိုင်းပြီးဖျက်တဲ့အတွက် အပန်းဖြေခန်းမမှာ စိစီကိုလိုက်တွေ့ဆိုတဲ့ ကိုဗဂျမ်းရဲ့ ဖူးစာရေးအဆိုကြီးဟာ ပျက်သွားရတာဖြစ်တယ်။

စိစီဟာ ၁၉၂၆ ခုနှစ်ဇွန်လထဲမှာ ကျောင်းပြန်ဖွင့်တဲ့အခါ ပြန်မလာတော့ဘူး။ မောင်နု စုံစမ်းကြည့်တဲ့အခါ အဆုတ်နာရောဂါနဲ့ အနိစ္စရောက်သွားတယ်လို့ ကြားရတယ်။ ဒါပေမဲ့ သူတို့ရဲ့ ဇာတ်ဟာမကုန်သေးဘူး။ သေသွားတယ်ဆိုတဲ့ စိစီနဲ့ မောင်နု တို့ဟာ ထူဆန်းစွာ ပြန်တွေ့ကြရသေးတယ်။ ဘယ်လိုတွေ့တယ်ဆိုတာ သက်ဆိုင်ရာ အခန်းရောက်မှ ပဲ ဆက်ပြောတော့မယ်။

## အခန်း ၆

### က

၁၉၂၆ ခုနှစ်မတ်လ စာမေးပွဲကြီးမှာ ဖြေဆိုပြီးတဲ့နောက် မောင်နုဟာ ဝါးခယ်မကို ပြန်သွားတယ်။ ဝါးခယ်မမှာ သူငယ်ချင်းတွေနဲ့ စုပြီး အရက်သောက်နေကြတုန်း သူစာမေးပွဲကျသွားတယ်။ ဆိုတဲ့သတင်းကိုကြားရတယ်။ ဆယ်တန်းတုန်းကဆိုရင် အထက်တန်းပညာနဲ့ ပတ်သက်ပြီးသူ့မှာ မျှော်မှန်းထားတာ ဟာ ဘာမှ မရှိတဲ့အတွက် ဒီလိုစာမေးပွဲကျတယ်ဆိုတဲ့ သတင်းမျိုးဟာ သူ့စိတ်ကို ဘယ်လိုမှ ထိခိုက်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ကောလိပ်ကျောင်းကို ရောက်ပြီးမှ အထက်တန်းပညာတွေကို သင်ချင်တဲ ဆန္ဒတွေ ဖြစ် နိုင်ရင် ဘိလပ်ကိုသွားပြီး စာဆက်သင်ချင်တဲ့ မျှော်မှန်းချက်တွေ။ အင်္ဂလိပ်လို ပြဇာတ်ရေးဆရာ၊ ဝတ်ထု ရေးဆရာ လုပ်ချင်တဲ့ ရည်ရွယ်ချက်တွေ။ သူ့တကိုယ်လုံး တဖွားဖွားပေါ်နေတဲ့ အချိန်အခါမျိုးမှာ ဒီကျတယ်ဆုတဲ့ ဒဏ်ကို သူမခံနိုင်ဘူး။ အဲဒါကြောင့် စာမေးပွဲကျတယ်ဆိုတဲ့ သတင်းကြားရတဲ့အခါ မောင်နုဟာ အတော်တုန်လှုပ်သွားတယ်။ သောက်ဖော်သောက်ဖက်တွေရှေ့မှာ ဟန်လုပ်ပြီးတော့သာ နေရတယ်။ သူ့စိတ်ထဲမှာတော့ မချိလှဘူး။

အဲဒီည အိပ်နေတုန်း ကျောင်းအုပ်ကြီး ဆလေ့က အောင်စာရင်း နောက်ဆက်တွဲ တခု ထပ်ပြီးထုတ် တယ်။ အဲဒိနောက်ဆက်တွဲထဲမှာ သူ့နံမယ် ပါလာတယ်ဆိုပြီး မောင်နုအိပ်မက်မက်တယ်။ နောက်ညတွေမှာလည်း တညခြား နှစ်ညခြား အဲဒိလိုဘဲ

ဆက်မက်တယ်။အရင်တုန်းကဆိုရင် အပြင်မှာသာ သူငယ်ချင်းတွေနဲ့
အချိန်ဖြုန်းနေကြ မောင်နုဟာ အဲဒီ သတင်းကြားရပြီးတဲ့နောက် ဒီသူငယ်ချင်းတွေနဲ့
မျက်နှာချင်းမဆိုင် ချင်တော့ဘူး။ သူ့အိမ်သူအိမ်သားတွေနဲ့တောင်
မျက်နှာချင်းမဆိုင်ချင်တော့ဘူ။ အဲဒါကြောင့် ၄–၅ရက်ကြာတဲ့အခါ မောင်နုဟာ
အပန်းဖြေဘို့အတွက သူ့အဖေဆောက်ပေးထားတဲ့ မြို့စွန်က အိမ်ကလေးကို
ပြောင်းသွားတယ်။ အဲဒီအိမ်ကလေးရဲ့ ဝင်းခြံကို တနေ့လုံးပိတ်ထားတယ်။
ဘယ်သူကိုမှ အဝင်မခံဘူး။ ည၁၀နာရီလောက် မြို့ထဲမှာ လူခြေတိတ်တော့မှ
မောင်နုဟာ သံဒုတ်ကောက်လေးကို ကိုင်ပြီး ခြေဦးတည့်ရာ သွားနေတယ်။ ညတည
၁၂နာရီလောက်မှာ သူ့အိမ်ကလေးဘက်ဆီကို လျှောက်လာရင်း ရုံးရှေ့ကို
ရောက်တဲ့အခါ မောင်နုမင်းမှာ ကိုယကျင့်တရားမရှိလို့ အခုလို စာမေးပွဲကျတာပဲဆိုတဲ့
အသိဉာဏ် တခုဟာ ဦးနှောက်ထဲမှာ ထူးထူးခြားခြားပေါ်လာတယ်။
အဲဒီလိုပေါ်လာပြီး နှစ်မိနစ်လောက်အတွင်းမှာ အဲဒီအချိန်ကစပြီး ငါးနှစ်အတွင်း
အရက်မသောက်ဘူးလို့မောင်နုဟာ အဓိဌာန်လုပ်လိုက်တယ်။

ခ၊
နောင်တနေ့မှာ သူ့အဖေဆီကိုသွားပြီး မောင်နုက နောင်ဘဝဆိုတာ
ရှိသလားလို့မေးတယ်။ သူ့အဖေ ဦးစံထွန်းက ရှိတယ်လို့ဖြေတယ်။
နောင်ဘဝဆိုတာ ရှိရင် လက်တွေ့ပြနိုင်ပါ့မလား
မြတ်စွာဘုရားဟာ လက်တွေ့မပြနိုင်တဲ့ တရားကို ဘယ်တော့မှ မဟောဘူး။
ဒီလိုဆိုရင် သိကြားတွေ နတ်တွေ ဗြဟ္မာတွေ ဆိုတာ အဝေးကြီးမှာနေလို့
ထားလိုက်ပါဦး။
ကျွန်တော်တို့ရဲ့ အနီးအနားမှာနေတယ်ဆိုတဲ့သူရဲတကောင်ကို ကျွန်တော်မြင်အောင်
ပြနိုင်ပါ့မလာ။
အသိဉာဏ်ဆိုတာ ရှိတယ်။ ထူးသောအသိဉာဏ် လို့ အဓိပါယ် ရတယ်။
အဲဒီအသိဉာဏ်ကို ရအောင် ဘယ်လိုရအောင် အားထုတ်ရတယ်ဆိုတာ မြတ်စွာဘုရား
ဟောကြားထားတော်မူခဲ့တယ်။ အဲဒီဟောကြားထားတော်မူတဲ့ အတိုင်း
တရားအားထုတ်ပြီးလို့ အသိဉာဏ်ကို ရရင် နတ်တွေဗြဟ္မာတွေကိုလည်း
မြင်နိုင်တယ်။ နတ်တွေ။ ဗြဟ္မာတွေ ပြောတာကိုလည်း ကြားနိုင်တယ်။
လွန်ခဲ့တဲ့ဘဝတုန်းက မင်းဟာ ဘာတွေ ဖြစ်ခဲ့ဘူးတယ်။ငါဟာ
ဘာတွေဖြစ်ခဲ့ဘူးတယ်။ မင့်အမေဟာ ဘာတွေ ဖြစ်ခဲ့ဘူးတယ်။ တိုးပွားဟာ
ဘယ်ဘဝကနေပြီး အခုလိုခွေးဖြစ်လာတယ်ဆိုတာ တွေကိုလည်း မင်းသိနိုင်မယ်။
အသိဉာဏ်ရအောင် အားထုတ်ဘို့ဆိုတာ ခက်လား။
ဒါကတော့ အားထုတ်တဲ့ လူဆီမှာ မူတည်တယ်။အဲဒီလူမှာ ယုံကြည်မှုလည်းရှိမယ်။
ဖွဲလည်းကောင်းမယ်နည်းပြဆရာကောင်း ကောင်း လည်းရှိမယ်ဆိုရင်

အသိညာဏ်ဂုဏ်ကို မခက်ပါဘူး။
အဖေကံဆိုတာဘာလည်း။ ဒိကံဆိုတာတကယ်ရှိလား။
ရှိတာပေ့ါလူကလေး။
ကျွန်တော်ကတော့ မရှိဘူးထင်တယ်။ သတ်ချင်သတ်။ ခိုးချင်ခိုး။ ဘာကိုလုပ်လုပ်
ကောင်းတာလုပ်လုပ်။ မကောင်းတာလုပ်လုပ်။ ဘယ်လိုမှ
အကျိုးမပေးနိုင်ဘူး။လူတွေသေရင် မြေကြီး ဖြစ်သွားတာပဲ။ သူတို့မသေခင်
လုပ်ခဲ့ကြတဲ့ ကောင်းတာတွေနဲ့ မကောင်းတာတွေဟာ ဘယ်လိုအကျိုးပေးမလဲ။
ဒီလိုမဟုတ်ဘူး လူကလေး။
ဟုတ်ပါတယ် အဖေ
လူကလေး လောကမှာအကြောင်းနဲ့ အကျိုးဆိုတာရှိတယ်။ တခုခုဖြစ်တာဟာ အကျိုး။
အဲဒိဟာ ဖြစ်အောင်လုပ်ပေးလိုက်တာဟာ အကြောင်း။ ဥပမာ လူတွေ တိရိစာန်တွေကို
မင်းမြင်ရတယ် မဟုတ်လား။ အဲဒိလူတွေ တိရိစဇာန်တွေဆိုတာ အကြောင်း။
အကြောင်းမရှိပဲ ဘာမှမဖြစ်နိုင်ဘူး။
အဲဒိအကြောင်းတွေကို အကျဉ်းချုပ်ပြီး အကုသိုလ်နဲ့ ကုသိုလ်လို့ခေါ်လိုက်တာပဲလို့
ဖခင်ဦးစံထွန်းက ပြောပြတဲ့အခါ မောင်နုဟာဘာမှ မပြောဘဲ တွေပြီး
စဉ်းစားနေတယ်။
အဖေပြောတာ ကျနော် နားမလည်ဘူး။ ကျနော့်ကို ဒိအကြောင်းတရားတွေ ပြောရင်
ခပ်ရှင်းရှင်းပြောပါ။ ဟောဒါတွေဟောဒါတွေ အကုသိုလိကံတွေ ။
ဟောဒါတွေဟောဒါတွေဟာ ကုသိုလ် ကံတွေ။ အဲဒီလို ခပ်ရှင်းရှင်းပြောပါ။
လူကလေး ဒိအကုသိုလ်နဲက ကုသိုလိအကြောင်းကို ပြောရမယ်ဆိုရင် ၃၁
ဘုံအကြောင်း ရှေးဦးစွာ ပြောရမယ်။ အဲဒိလိုပြောမှ လူကလေးဟာ ကုသိုလ်
အကုသိုလ် အကြောင်းကို လွယ်လွယ်နဲ့ သဘောပေါက်မယ်။
ကျနော်ဒါတွေ ကို နားမထောင်ချင်ဘူး။ ကျနော့ကိုခပ်တိုတိုဘဲ ပြောပါ။
အကုသိုလ်ကံတွေဆိုတာ ဘာတွေလဲ။ ကုသိုလ်ကံတွေဆိုတာ ဘာတွေလဲ။
လူကလေးသည်းခံပြီးနားထောင်ပါဦး။ ၃၁ဘုံက စပြီး ပြောပါရစေ။ နားထောင်ပြီးရင်
လူကလေးသဘောကျလိမ့်မယ် လို့ ကျနော်ထင်တယ်။
ကျနော် နားမထောင်ချင်ဘူး။ အကုသိုလ်ကံတွေဆိုတာ ဟောဒါတွေ။
ကုသိုလ်ကံတွေဆိုတာ ဟောဒါတွေ အဲဒိလို တိုတိုပြောပါ။
ဒီလိုဆိုရင်ကောင်းပြီ။ အကုသိုလ်ကံတွေက စပြီး အဖေ ပြောမယ်။
ဟုတ်ကဲ့ပြောပါ။
၁။ သတ်တာ။ ၂။ ခိုးတာ။ ၃။ ကိုယ့်လင်ကိုယ်မယား မဟုတ်တဲ့သူတွေနဲ့
မေထုံမှိဝဲတာ။၄။ လိမ်ပြောတာ။ ၅ ။ ဂုံးတိုက်တာ။ ၆။ ဆဲတာ။ကြိမ်းတာ။
အော်တာအစရှိတဲ့ ကြမ်းကြမ်းတမ်းတမ်းပြောဆိုတာ။ ၇။ သိမ်ဖျင်းတဲ့ အကျိုးမရှိတဲ့
စကားတွေကို ပြောတာ။ ၈။ သူတပ်ါးရဲ့သားသမီး မယား။ စည်းစိမ်ဥစာတွေကို

လိုချင်တာတပ်မက်တာ။၉။ ဒေါသဖြစ်တာ သူတပါးကို နှိပ်စက်ချင်တာ။
ပျက်စီးစေချင်တာ။ သေစေချင်တာ။ ၁၀ ။ အကုသိုလ်ကံနဲ့
ကုသိုလ်ကံဆိုတာမရှိဘူးလို့ ယုံကြည်ယူဆနေတာ။ အဲဒီ၁၀မျိုးဟာ အကုသိုလ်ကံ
၁၀မျိုးဖြစ်တယ်။လူကလေး။
အဖေ ဒါတွေကို အကုသိုလ်ကံလို့ ဘာဖြစ်လို့ခေါ်တာလည်း။
မကောင်းတဲ့အကျိုးပေးနိုင်လို့ ဒီဟာတွေကို အကုသိုလ်ကံ တွေခေါ်တာပဲ။
ဘယ်လို မကောင်းတဲ့အကျိုးတွေပေးလဲ။
ဒီဟာတွေထဲက တခုခုကိုဖြစ်စေ။ အများကိုဖြစ်ဖြစ်။ အားလုံးကိုဖြစ်ဖြစ်။
ကျူးလွန်တဲ့သူတွေဟာ သေတဲ့အခါ အပါယ် လေးပါး ဘုံထဲက တဘုံဘုံကို
ရောက်ရမယ်။
အပါယ်လေးပါး ဘုံဆိုတာ ဘာတွေလည်း။
ငရဲ။ တိရိစ္ဆာန်။ ပြိတ္တာ။ အသူရကာယ်ဘုံတွေ ဖြစ်တယ်။ ဒီလေးဘုံဟာ ဒီကမ္ဘာမှာ
ရှိတယ်။ ဒီလေးဘုံမှာ ရှိတဲ့သတ္တဝါတွေဟာ သိပ်ဆင်းရဲကြတယ်။ နေ့စဉ်နဲ့အမျှ
အသတ်ခံနေကြရတဲ့ ဘဲကြက်ငှက်တွေကို ကြည့်ရခြင်းအားဖြင့် ဒီအပါယ် လေးဘုံမှာ
သတ္တဝါတွေ ဘယ်လောက် ဆင်းရဲမယ်ဆိုတာ ခန့်မှန်းကြည့်နိုင်တယ်။
ဒိလိုဆင်းရဲတဲ့အတွက် ဒီလေးဘုံကို အပါယ်လေးဘုံလို့ခေါ် တာဖြစ်တယ်။
ဒိအပါယ်လေးဘုံတကယ်ရှိတယ်နော်။
ရှိတယ်
ဘုရားဟောအစစ်ပဲလား။
အစစ်ပါပဲ လူကလေး။ ဒိအကုသိုလ်ကံတွေဟာ အပါယ်လေးဘုံကို
ကျစေရုံသာမကဘူး။ အပါယ် လေးဘုံကလွတ်လာပြီး ကုသိုလ်ကံတွေကြောင့် လူတွေ
နတ်တွေပြန်ဖြစ်ရင်လည်း လူဆင်းရဲတွေ။ နတ်ဆင်းရဲတွေ။ ဖြစ်အောင်
အကျိုးပေးပြန်သေးတယ်။
မောင်နုဟာ ဘာမှ မပြောဘဲ ခနလောက်တွေပြီး စဉ်းစားနေတယ်။
အဲဒိလိုစဉ်းစားပြီးတဲ့အခါ။ ကုသိုလ်ကံတွေဆိုတာ ဘာတွေလည်း
ဆက်ပြီးပြောပါဦး။လို့မေးတယ်။
၁။ ပေးကမ်းစွန့်ကြဲတာ။ ၂။ ကိုယ်ကမကောင်းတာမလုပ်အောင်။ နှုတ်က
မကောင်းတာမလုပ်အောင်။ မိမိရဲ့ ကိုယ်နဲ့ နှုတ်ကို စောင့်ထိန်းတာ။ ၃။ ဘုရားတရား
သံဃာတော်တွေရဲ့ ဂုဏ်တော်တွေကို အဖန်တလဲလဲသတိရတာ။ ၄။ မိဘဆရာ။
ပညာရှိ။ ဂုသေ့၊ ရဟန်းစတဲ့ သူတော်ကောင်းတွေကို ရှိသေကိုင်းညွှတ်တာ။ ၅။
အကူအညီလိုသောသူများကို အကူအညီပေးတာ။ ၆။ ကောင်းမှုတခုကို
ပြုလုပ်ပြီးတိုင်းအခြားသော နတ် အစရှိတဲ့ သတ္တဝါတွေသာခုခေါ်နိုင်အောင်
အမျှဝေတာ။ ၇။ သူတပါး အမျှဝေတဲ့အခါ မိမိကိုယ်တိုင်ကလည်း သာခုခေါ်တာ။ ၈။
သူတပါး ဟောပြောတဲ့ သစ္စာလေးပါး တရားကို ကိုယတိုင် ကြားနာတာ။ ၉။

မိမိကလည်း သူတပါးအား သစာလေးပါးတရားကို တတ်စွမ်းနိုင်သလောက်
ဟောပြောတာ။ ၁၀။ ကံဆိုတာရှိတယ်။ မကောင်းတဲ့ ကံကို လုပ်ရင်
မကောင်းကျိုးဖြစ်မယ်။ ကောင်းတဲ့ကံကိုလုပ်ရင် ကောင်းကျိုးဖြစ်တယ်
လို့ယုံကြည်တာတွေဟာ ကုသိုလ်ကံတွေဖြစ်တယ်
ဒီကုသိုလ်တွေထက် ပိုပြီး ကောင်းတဲ့ကုသိုလ် ကံတွေ ရှိပါသေးတယ်။ လူကလေး။
အဲဒီကုသိုလ်တွေကိုဈာန် ကုသိုလ်လို့ခေါ်တယ်။
ဈာန်ကုသိုလတွေဖြစ်အောင် ဘာတွေကို လုပ်ရလည်း အဖေ။
အရာဝတ်ထု တခုခုပေါ်မှာဖြစ်စေ။ သတဝါတဦး အပေါ်မှာဖြစ်စေ။ မိမိရဲ့ စိတ်ကို
မိမိအလိုရှိသလောက် တည်ငြိမ်အောင်ထားနိုင်ရင် ဈာန် ကုသိုလ်ဖြစ်တာဘဲ
လူကလေး။ သေတဲ့ အချိန်အထိ ဒိဈာန်ကုသိုလ် တွေဖြစ်အောင် အားထုတ်နိုင်ရင် အဲဒိ
ပုဂိုလ်ဟာ သေတာနဲ့ တပြိုင်နက် ဗြဟာဘုံ ၂၀ ရှိတဲ့အထဲက တခုခုမှာ ဗြဟာ
ဖြစ်တယ်။
လူကလေးလူတွေထက် နတ်တွေက ပိုပြီးတန်ခိုးကြီးတယ်။ စည်းစိမ်ရှိတယ်။
အသက်ရှည်တယ်။ အရောင်အဆင်းရှိတယ်။ လူကလေးအခုပြောခဲ့တဲ့အပါယ် လေးဘုံ။
လူဘုံ၁ဘုံ။ နတ်ဘုံ၆ဘုံ။ ဗြဟာဘုံ ၂၀ ကို ပေါင်းလိုက်ရင် ၃၁ ဘုံဖြစ်တယ်။ဒီ ၃၁
ဘုံထဲမှာ သတဝါတွေဟာ အခုပြောခဲ့တဲ့ကုသိုလ်ကံတွေ အကုသိုလ် တွေ
အလျောက်သေတဲ့အခါ ဘဝအသစ်တွေပြန်ပြန်ပြီး ဖြစ်ကြရတယ်။ အကုသိုလ်တွေ
လုပ်ခဲ့တဲ့ သတဝါတွေက ငရဲ တိရိစာန်။ ပြိတာ။ အသူရကယ် ဆိုတဲ့ အပါယ်လေးဘုံ
ထဲက တဘုံ ဘုံမှာ ဘဝအသစ်တွေဖြစ်ကြတာပေါ့။ ကုသိုလ် ရိုးရိုးလုပ်ခဲ့တဲ့
သတဝါတွေက လူ့ဘုံ။ နတ်ဘုံတွေမှာ လူတွေ ဖြစ်ကြပေါ့။ ဈာန်ကုသိုလ်တွေကို
လုပ်ခဲ့ကြတဲ့ သတဝါတွေက ဗြဟာဘုံ ၂၀ထဲက တဘုံဘုံမှာ ဗြဟာတွေဖြစ်ကြပေါ့။
အဖေ ဗြဟာ ဖြစ်ရင်ဘယ်တော့မှ  မအိုဘူး။ မနာဘူး မသေဘူးလို့ ကြားဘူးတယ်။
အဲဒါမှန်ရဲ့လား။
မမှန်ဘူး လူကလေး။ ၃၁ ဘုံထဲမှာ မသေတဲ့သတဝါရယ်လို့ ဘယ်မှာမှ မရှိဘူး။
သက်မဲ့အရဝတ်ထု ဖြစ်ဖြစ်။ သက်ရှိဘဲဖြစ်ဖြစ်။ ဖြစ်လာတာမှန်သမျှ ပျက်ရမယ်။
ဖြစ်ပြီးမပျက်ပဲ တည်မြဲနေတယ်ဆိုတာ သက်ရှိသတဝါတွေရဲ့ လောကမှာလည်း
မရှိဘူး။သက်မဲအရာဝတ်ထုတွေရဲ့ လောကမှာလည်း မရှိဘူး။
ဖြစ်တာမှန်သမျှပျက်ရမယ်။ လူကလေး ဗြဟာ တွေဟာ သေရုံသာ မကသေးဘူး။
သေတဲ့အခါမှာအတိတ်ဘဝတုံးက သူတို့ရဲ့ အကုသိုလ်ကံတွေဝင်ပြီး
အကျိုးပေးမယ်ဆိုရင် ဒီဗြဟာတွေဟာ အပါယ်လေးဘုံထဲ့ တဘုံဘုံအထိ
ကျဆင်းသွားနိုင်တယ်။
ဒီလိုဆိုရင်ဖြင့် အဖေရယ်။ ဘယ်သတဝါပဲဖြစ်ရဖြစ်ရ။ ဘယ်ကောင်းမလဲ။
မကောင်းဘူး လူကလေး။ ဖြစ်လေရာ ဘဝမှာ အိုရမယ်။ နာရမယ်။ သေရမယ်။
ချစ်တဲ့ခင်တဲ့သူတွေ နဲ့ ကွဲရမယ်။ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်တွေ။

ဝင်ပြီးအကျိုးပေးလိုက်ရင် အပါယ်လေးဘုံထဲက တဘုံဘုံကျရဦးမယ်။
ဒီလိုတဘဝပြီး တဘဝ ဘဝသစ်တွေဖြစ်ဖြစ်ပြီး ။ အိုနာသေကွဲဆို တာတွေနဲ့
တတွေ့ထဲ တွေ့နေရတဲ့ ဆင်းရဲဒုတ်ခတွေက သတဝါတွေ ဘယ်တော့မှ
မလွတ်မြောက်နိုင်တော့ဘူးလား အဖေ။
လွတ်နိုင်တာပေါ့ လူကလေး။ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း။ ကျင့်နိုင်ရင်
အဲဒီကျင့်တဲ့သူတွေ။နတ်တွေ။ ဗြဟ္မာတွေဟာ အခု ပြောခဲ့တဲ့ အဖန်ဖန်
အိုနာသေကွဲဆိုတဲ့ဆင်းရဲဒုတ်ခတွေက လွတ်မယ်။
မြတ်စွာဘုရားဆိုတာ ဘယ်လို ပုဂိုလ် မျိုးလည်း အဖေ။ ကျနော်နားလည်အောင်
အလွယ်ဆုံး နည်းနဲ့ မပြောနိုင်ဘူးလား။
ပြောနိုင်ပါတယ်။လူကလေး အကြိမ်ကြိမ်အဖန်ဖန် ပဋိသန္ဓေနေရ။ အိုရ။နာရ။ သေရ။
ကွဲရတဲ့ ဝဋ်ဆင်းရဲတွေက သတဝါတွေကို တကယ်တန်း လွတ်ပြောက်စေချင်တဲ့
သနားစိတ်တွေ အင်မတန်ကြီးကြီးကျယ်ကျယ် ရှိတဲ့ ပုဂိုလ် မျိုးတွေမှ
ဘုရားဖစ်ြအောင ကျင့်နိုင်ကြတယ် လူကလေး။
ဘာတွေကျင့်ရလည်း အဖေ။
ကုသိုလ် ဆယ်မျိုးကို သားမယား။ စည်းစိမ်ဥစာ။ ခြေလက်ကိုယ်အင်္ဂါ ။
အသက်တွေကိုပါ။ စွန့်ရတဲ့အထိ ကျင့်ရတယ် လူကလေး။
ဘယ်လောက်ကြာကြာကျင့်ရလဲ အဖေ။
အနည်းဆုံး လေးသင်္ချေနဲ့ ကမ္ဘာတသိန်းကျင့်ရတယ်။ ဘဝပေါင်း ကုဋေပေါင်းများစွာ
ကျင့်ရတယ်လို့ ခပ်လွယ်လွယ်မှတ်ထားပေါ့။ လူကလေးရယ်။
အဖေ ကျနော်တို့ရဲ့ ဂေါတမမြတ်စွာဘုရားဟာ ဘုရားဖြစ်လာအောင်
ဘယ်လိုကျင့်ခဲ့ရသလဲ။ နည်းနည်းလောက်ပြောပြစမ်းပါ။
ဒို့ရဲ့ ဂေါတမမြတ်စွာဘုရားဟာ လွန်ခဲ့တဲ့ လေးသင်္ချေ ကမာ တသိန်းအထက်က
ကမာတခုမှာ သုမေဓာဆိုတဲ့ သူဌေးကြီးဖြစ်တယ်။ စည်းစိမ်ဥစာတွေကို စွန့်ပြီး
ရသေ့လုပ်ရတယ်။ များမကြာခင် ဒီပင်္ကရာ မြတ်စွာဘုရားနဲ့ တွေ့ရတယ်။
အဲဒီအချိန်က ဒီပင်္ကရာ မြတ်စွာဘုရားထံမှာ ရဟန်းပြုပြီး ဝိပဿနာ ကမဋ္ဌာန်း
တရားကို အားထုတ်လိုက်ရင် ရဟန္တာဖြစ်ပြီး အဖန်ဖန်။
အိုနာသေကွဲဆိုတဲ့ဝဋ်ဆင်းရဲတွေထဲက တခါတည်း လွတ်မြောက်သွားမယ်။ ဒါပေမဲ့
ရသေ့ကြီးသုမေဓါမှာ အင်မတန်ကြီးကျယ်လှတဲ့ သနားစိတ်တွေရှိတယ်။ အဲဒါကြောင့်
တဦးထဲ ကိုယ်လွတ်ရုန်းပြီး နိဗ္ဗာန် ဝင်မသွားချင်ဘူး။ ဘုရားဖြစ်အောင်ကျင့် ။
ဖြစ်ပြီဆိုတော့မှကျွတ်ထိုက်တဲ့ သတဝါတွေကို ချွတ်။ အဲဒီလိုကျွတ်ပြီး
တဲ့သတဝါတွေနဲ့ အတူ တူ နိဗ္ဗာန် စံဝင်ချင်တယ်။ အဲဒါကြောင့် ဒီပင်္ကရာ
မြတ်စွာဘုရားဆီမှာ ဘုရား ဆုတောင်းတယ်။ အဲဒီနောက် ကုသိုလ်ဆယ်မျိုး ကို
အကြိမ်ကြိမ် အသက်စွန်ရသည်အထိ လေးသင်္ချေနဲ့ ကမာတသိန်း တိုင်တိုင်
ဖြည့်ကျင့်ပြီးမှ အခုကမာမှာ ဘုရားဖြစ်လာတယ်။

ကျနော်လည်းဘုရားဖြစ်ချင်တယ်အဖေ။ ဖြစ်နိုင်ပါ့မလား။ သတ္တဝါတွေကို ကယ်ချင်တယ်။
ဖြစ်နိုင်တာပေါ့လူကလေး။
ဒီလို လွယ်လွယ် မပြောပါနဲ့။ အဖ။ ကျနော်ဟာလူကောင်းမှ မဟုတ်ဘဲ။ သတ်ခဲ့ဘူးတယ်။ ခိုးခဲ့ဘူးတယ်။ ကာမမှာ မှားယွင်းစွာ ကျင့်ခဲ့ဘူးတယ်။ လိမ်ပြောခဲ့ဘူးတယ်။ အရက်သောက်ခဲ့ဘူးတယ်။
ဒါတွေဟာ အရေးမကြီးပါဘူး။ ပုထုဇဉ်ဆိုတာ မှားတဲ့အခါမှားမှာပေါ့။ မှားမှန်းသိရင် နောက်မလုပ်မိအောင် ရှောင်ပေါ့။ ဒို့ရဲ့ ဂေါတမ အလောင်းတော်လည်း လူကလေးလိုဘဲ သတ်တဲ့အခါ သတ်ခဲ့ဘူးတယ်။ ခိုးတဲ့အခါ ခိုးခဲ့ဘူးတယ်။ ကာမမှာမှားယွင်းစွာကျင့်တဲ့အခါ ကျင့်ခဲ့ဘူးတယ်။ အရက်လည်းသောက်တဲ့အခါ သောက်ခဲ့ဘူးတယ်။
အဖေက ကျနော်စိတ်ချမ်းသာအောင် တွေ့ကရာတွေ လျှောက်ပြောနေတာလား။ ဘုရားအလောင်းဟာ ဒါတွေကို လုပ်ခဲ့ဘူးတယ်ဆိုတာ ကျမ်းအကိုးအကားနဲ့က ပြနိုင်ပါ့မလား။
တရားတော်နဲ့ပတ်သက်လာရင် အဖေဟာ တွေ့ကရာတွေကို လျှောက်မပြောရဲဘူး လူကလေး။ ကျမ်းအကိုးအကားနဲ့ ပြနိုင်ပါတယ်။ မဟောသဓ ဇာတ်တော်ကို လူကလေး ဖတ်ကြည့်စမ်းပါ။ အဲဒီအထဲမှာ ဘုရားအလောင်းသတ်ခဲ့ဘူးတာ ။ ခိုးခဲ့ လုခဲ့ဘူးတာတွေကို လူကလေးတွေ့ရမယ်။ အဓာလေးတော်ဟာ ဟဂ္ဂိတစ ၇သေ့ကြီးဘဝတုန်းကရှင်ဘုရင်စစ်တိုက်ထွက်နေတုန်း မိဖုရားခေါင်ကြီးနဲ့ ကျူးလွန်ခဲ့ဘူးတာဘဲ။ စိဉ္စမာန အလောင်းနဲ့ စတွေ့ချိန်တဲ့ဘဝမှာလည်း အလောင်းတော်ဟာ အဂ္ဂက်သမားကြီး ကွ လူကလေးရ။ ဒါပေမဲ့ အလောင်းတော်တွေမှာ သူတပးါနဲ့မတူအောင် ထူးခြားချက်တချက်ရှိတယ်။ အလောင်းတော်တွေဟာ ဗျာဒိတ်ရတဲ့အချိန်ကစပြီး ဘုရားဖြစ်တဲ့အချိန်အထိ ကံဆိုတာရှိတယ် ။ ကံရဲ့ အကျိုးဆိုတာရှိတယ်။ မကောင်းတဲ့ကံကို လုပ်ရင် မကောင်းတဲ့အကျိုးကို ခံရမယ်။ ကောင်းတဲ့ကံကို လုပ်ရင် ကောင်းတဲ့ အကျိုးပေးခံရမယ် ဆိုတဲ့အချက်ကို မမိုတ်မသုန် ယုံကြည်တယ်။ဒီယုံကြည်ချက်ကို ဘယ်တော့မှ မစွန့်ဘူး။ အဲဒါကြောင့် ဘုရားအလောင်းတွေဟာ တချို့ဘဝတွေမှာ မှားတဲ့အခါ မှားတာဘဲ။ ဒါပေမဲ့ ခုနက ပြောခဲ့တဲ့ မမိုတ်မသုံယုံကြည်ချက်ကြောင့် မှားရင်လည်း ခနဘဲ။ အမှားကိုသိတာနဲ့ တပြိုင်နက် အဲဒီအမှားကို စွန့်လိုက်ပြီး သူတော်ကောင်းတွေ ဖြစ်လာတယ်။ ဘယ်ဘဝမှာမှ ပြင်မရအောင် ဆိုးတဲ့လူဆိုးတွေ မဖြစ်ခဲ့ကြဘူး။
ကျနော်ဘုရားဖြစ်ချင်တယ်။ အဖေ။ ကျင့်ရမဲ့ ကုသိုလ်၁၀မျိုး ဆိုတာ ဘာတွေလဲ။ လူကလေး ဘုရားဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ကုသိုလ်၁၀မျိုးကို လုပ်ပေးရတယ်။ ဒိကုသိုလ်တွေကို ဘဝပေါင်းများစွာလုပ်ရတယ်။ ဘဝ်တိုင်းဘဝတိုင်းမှာလည်း

အကြိမ်ပေါင်းများစွာလုပ်ရတယ်။ ဒီလိုအကြိမ်ကြိမ် လုပ်ပေးတော့ ကုသိုလ်တွေ များလာတော့တာပေါ့။ အဲဒီလိုများလာတဲ့ ကုသိုလ်တွေကို ပါဂုမီလို့ ခေါ်တယ်။ ကုသိုလ်တွေကို အခုလို အကြိမ်ကြိမ် လုပ်ပေးနေတာကို ပါဂုမီဖြည့်တယ်လို့ ခေါ်တယ်။ ပါရမီ ၁၀ပါးဆိုတာ တခြားမဟုတ်ဘူး။
၁။ ဒါန။ ၂။ သီလ။ ၃။ နိက္ခမ။၄။ ပညာ။၅။ ဝိရိယ။၆။ ခန္တီ။ ၇။ သစ္စာ။ ၈။ အဓိဋ္ဌာန်။ ၉။ မေတ္တာ။ ၁၀။ ဥပေက္ခာတို့ဘဲဖြစ်တယ်။
လူကလေးဒီချိန်မှာတော့ ပါရမီတွေကို အတိုချုပ်လောက်ပဲ ရှင်းပြမယ်။ ၁။ ဒါနဆိုတာ ပေးကမ်းစွန့်ကြဲတာ။ ၂။ သီလဆိုတာ ကိုယ် ကမကောင်းတာ မလုပ်အောင် နှုတ်က မကောင်းတာ မပြောအောင် စောင့်ထိန်း တာ ၃။ နိက္ခမဆိုတာ သားသမီး ။မယားစည်းစိမ်တွေကို စွန့်ပြီးဆိတ်ကွယ်ရာမှာ တရားအားထုတ်တာ။ ၄။ ပညာဆိုတာ သူတပါးတိုးတက် ကောင်းစားဘို့အတွက် ဗဟုသုတ စုဆောင်းတာ။ ဒီဗဟုသုတတွေကို ဖြန့်ဖြူးပေးတာ။ ၅။ ဝိရိယ ဆိုတာ ကောင်းကျိုးတခုခုအတွက် မနားမနေကြိုးပမ်းဆောင်ရွက်တာ။ ၆။ ခန္တီဆိုတာ သည်းခံတာ။ ၇။ သစ္စာဆိုတာ မှန်သော စကားကို ပြောတာ။ ၈။ အဓိဋ္ဌာန်ဆိုတာ လုပ်မယ််လို့ဆုံးဖြတ်ထားရင် ဆုံးဖြတ်တဲ့အတိုင်း လုပ်တာ မလုပ်ဘူးလို့ ဆုံးဖြတ်ထားရင်လည်း ဆုံးဖြတ်တဲ့အတိုင်း မလုပ်ပဲ ရှောင်တာ။ ဆုံးဖြတ်ထားတဲ့အတိုင်း တသဝေမတိမ်းလိုက်နာတာ။ ၉။ မေတ္တာဆိုတာ မိတ်ဆွေပဲ။ ၇န်သူပဲ တစိမ်းပဲလို့ ပိုင်းခြားခြင်းမရှိဘဲ သတ၀ါမှန်သမျှကို ညီညီမျှမျှ ချစ်တာ။ ၁၀ ။ ဥပေက္ခာ ဆိုတာ မိမိကြိုက်တာနဲ့ တွေ့တဲ့အခါပဲဖြစ်ဖြစ်။ မကြိုက်တာနဲ့ တွေ့တဲ့အခါဘဲဖြစ်ဖြစ်။ ဝမ်းနည်းခြင်း ။ ဝမ်းသာခြင်း။ ချစ်ခြင်း။ မုန်းခြင်း။မဖြစ်ဘဲ လျစ်လျူရှုထားတာ။
လူကလေးအခုတော့ ဒီလောက်ပဲ မှတ်ထားဦး။ ဘုရားဖြစ်ချင်တဲ့ ပုဂိုလ် တဦးအတွက ်ပါရမီ ၁၀ပါးသိပ်အရေးကြီးတယ်။ အဲဒါကြောင့် ဒိပါရမီ၁၀ပါးကို အကျယ်ချဲ့ပြီး စုံစုံလင်လင် ပြည့်ပြည့်စုံစုံ ရေးပေးထားမယ်။
လူကလေး ။ အဲဒိပါရမီ တွေကို အယုတ်စား အလတ်စား။ အမြတ်စားဆိုပြီး သုံးမျိုးခွဲခြားထားတယ်။ ခွဲခြားပုံကို လူကလေးသဘောပေါက်နိုင်အောင် ဥပမာနဲ့ ဖော်ပြမယ်။ ဥပမာ လူကလေးဟာ လူကလေးရဲ့သားသမီး မယားစည်းစိမ် တွေကို လှူပစ်လိုက်ရင် လူကလေးဟာ အယုတ်စားပါရမီဖြည့်တယ်လို့ခေါ်တယ်။ မျက်လုံး။ ခြေလုံးတွေကို လှူလိုက်ရင် လူကလေးဟာ ဒါနမှာ အလတ်စားပါရမီဖြည့်တယ်လို့ခေါ်တယ်။အသက်လှူလိုက်ရင် လူကလေးဟာ ဒါနအရာမှာ အမြတ်စားပါရမီ ဖြည့်တယ်လို့ ခေါ်တယ်။
လူကလေးကို လူဆိုးတစုက ဖမ်းပြီး အရက်သောက်ရင်သောက်။ မသောက်ရင်။ လူကလေးရဲ့ သားသမီး ။ မယား။ စည်းစိမ်တွေကို ယူမယ်လို့ ခြိမ်းခြောက်တယ်ဆိုပါစို့။ အဲဒိလို ခြိမ်းခြောက်ပြီး ဒိသားသမီး မယား။ စည်းစိမ်တွေကို ယူသွားသည့် တိုင် လူကလေးဟာ အရက်မသောက်ဘူးဆိုရင်

လူကလေးဟာ သီလမှာ အယုတ်စားပါရမီ ဖြည့်တယ်လို့ ခေါ်တယ်။ လူကလေးရဲ့ ခြေလက်တွေကို ဖြတ်မျက်လုံးတွေကို ဖောက်သည့်တိုင်အောင် အရက်မသောက်ပဲနေရင် လူကလေးဟာ သီလမှာ အလတ်စားပါရမီဖြည့်တယ် လို့ခေါ်တယ်။ လူကလေးကို သတ်သည့်တိုင်အောင် လူကလေးဟာ အရက်မသောက်ပဲနေရင် လူကလေးဟာ သီလမှာ အမြတ်စား ပါရမီဖြည့်တယ်လို့ခေါ်တယ်။

လူကလေးဘဝတခုမှာ ဂေါတမ ဘုရားလောင်းဟာ ဂုသေ့ကြီးတပါးဖြစ်တယ်။ သည်းခံတဲ့ ပါရမီကို ဖြည့်နေတဲ့အတွက် သူကို ခန္တိဝါဒီ ဂုသေ့လို့ လူတွေကခေါ်ကြတယ်။ တနေ့ကျတော့ ကလာလာဗူဆိုတဲ့ ရှင်ဘုရင်တဦးဟာ သူ့မိဘုရားတွေ နောက်လိုက်နောက်ပါတွေနဲ့အတူ ဒီရသေ့ကြီးရှိတဲ့ တောထဲမှာ တောကစား ရအောင် ရောက်လာကြတယ်။ ရှင်ဘုရင်ဟာ တောကစားပြီး မောမောနဲ့ အိပ်နေတုန်း သူ့မိဖုရားတွေဟာ ရသေ့ကြီးဆီသွားပြီး ကန်တော့ကြတယ်။ ရှင်ဘုရင် နိုးလာတဲ့အခါ သူ့မိဖုရားတွေကို မတွေ့တာကြောင့် သိပ်စိတ်ဆိုးတယ်။ ခန္တီဂုသေ့ကြီး ဆီကို သွားကြတယ်လို့ စုံစမ်းသိရှိတဲ့အခါဒေါသ အမျက်ချောင်းချောင်း ထွက်နေတဲ့ ရှင်ဘုရင်ဟာ ခန္တီဂုသေ့ကြီးကုိဖမ်းခဲ့ကြဘို့ ချက်ချင်း အမိန့်ပေးလိုက်တယ်။ ရသေ့ကြီးနဲ့တွေ့တဲ့အခါ ဒေါသထွက်နေတဲ့ ရှင်ဘုရင်က ရသေ့ သင်ဘယ်အကျင့်ကို ကျင့်သလဲလို့ မေးတယ်။ အကျွန်ုပ်ဟာ သည်းခံတဲ့အကျင့်ကို ကျင့်နေပါတယ် လို့ ရသေ့ကြီးကဖြေတယ်။ အဲဒီအခါ ရသေ့ကြီးကို ကြိုးနဲ့တုပ်ပြီး သံဆူးတပ်ထားတဲ့ ကြိမ်လုံးနဲ့ တအားရိုက်ခိုင်းတယ်။ ဂုသေ့ကြီး ရဲ့ တကိုယ်လုံးမှာလည်း ဒဏ်ရာကထွက်တဲ့ သွေးတွေနဲ့ နီရဲနေတာပါ။ ရှင်ဘုရင်ဟာ ရိုက်တာကို ခဏရပ်ခိုင်းပြီး ဂုသေ့သင်ဟာ သည်းခံတဲ့ အကျင့်ကျင့်နိုင်သေးရဲလားလို့ ဂုသေ့ကြီးကို မေးတယ်။ ရသေ့ကြီးက အကျွန်ုပ်ကျင့်နိုင်သေးတယ်။ အကျွနုပ်ကိုရိုက်တဲ့ အာဏာသားကိုလည်းအကျွန်ုပ် အမျက်မထွက်ဘူး။ ဒီအာဏာသားကုိရိုက်ခိုင်းတဲ့ ရှင်ဘုရင် အပေါ်မှာလည်း အမျက်မထွက်ဘူးလို့ဖြေတယ်။ အဲဒီအခါ ရှင်ဘုရင် ဟာ ရသေကြီးရဲ့ ခြေဆစ်လက်ဆစ်တွေကို အဖြတ်ခိုင်းပြီး အရင်လိုဘဲ မေးတယ်။ရသေ့ကြီးကလည်း အရင်ကအတိုင်း ဖြေတယ်။ ရှင်ဘုရင်လည်း ဒေါသထွက်လာပြီး ဂုသေ့ကို သတ်ပစ်ဘို့ အမိန့်ပေးလိုက်တယ်။ ရသေ့ကြီး ဟာ အသတ်ခံရတော့မှဲ့ ဆဲဆဲမှာတောင် ဒေါသမထွက်ပဲ အရင်အတိုင်း ဖြေပြီး အသတ်ခံသွားတယ်။ ရသေ့ကြီးဟာ သွေးတွေထွက်လာတဲ့အထိ အရိုက်ခံပြီး ဒေါသမထွက်အောင် ထိန်းနိုင်ရင် ရသေ့ကြီးဟာ ခန္တီ မှာ အယုတ်စား ပါရမီဖြည့်တယ် လို့ ခေါ်နိုင်တယ်။ ခြေဆစ်လက်ဆစ်ဖြတ်တဲ့အထိ ဒေါသမထွက်အောင်ထိန်းနိုင်ရင် ရသေ့ကြီးဟာ အလတ်စားပါဂုမီဖြည့်တယ်လို့ ခေါ်တယ်။ အသတ်ခံရတဲ့အထိ ဒေါသမထွက်အောင် ထိန်းနိုင်ရင် အမြတ်စား ပါရမီဖြည့်တယ်လို့ ခေါ်တယ်။

လူကလေး ဘုရားလောင်းတွေဟာ ဗျာဒိပ်ရတဲ့အချိန်ကစပြီး ဘုရားဖြစ်သည့်တိုင်အောင်

ဒိပါရမီ ဆယ်ပါးကို အမြတ်စားအထိ အကြိမ်ကြိမ် ပါရမီ ဖြည့်ရတယ်။ ဘဝပေါင်း မရေမတွက်နိုင်အောင်အကြိမ်ကြိမ် ပါရမိဖြည့်ရတယ်။
ဗျာဒိပ်ရတယ်ဆိုတာ ဘာလဲ အဖေ။
ဘုကားတဆူ ပွင့်တော်မူပြီဆိုရင် အရှင်ဘုရားလို ဘုကားဖြစ်ရပါလို၏လို့
မြတ်စွာဘုရားထံမှာ ဘုရားဆုတောင်းကြတဲ့လူတွေ။ နတ်တွေဟာ ပြည့်နေတာပဲ။
ဒီလိုဆုတောင်းကြသူတိုင်းကို ဘုရားဖြစ်မယ်လို့ မြတ်စွာဘုကားက
ဝန်မခံဘူး။ဘုရားဖြစ်နိုင်လောက်အောင် အခြေခံ ရှိနေတဲ့အထိ လွန်ခဲ့တဲ့
ဘဝပေါင်းများစွာက ကုသိုလ်တွေ အများကြီးအားထုတ်ထားတဲ့ ပုဂ္ဂိုလ်ကိုမှ
မြတ်စွာဘုရားက အခုကမာ က စပြီး နောက်ကို ကမ႑ပေါင်း
ဘယ်လောက်ကြာတဲ့အခါ သင်ဟာ ဘုရားဖြစ်မယ်။ အဲဒီအခါ သင့်နံမယ်ဟာ
ဘယ်သူဖြစ်မယ်။ သင့်အဂ၊သာဝက ဟာ ဘယ်သူတွေ ဖြစ်မယ်။ အစရှိသဖြင့်
မြတ်စွာဘုရားက ဝန်ခံတော်မူတယ်။ဒီလိုဝန်ခံတာကို ဗျာဒိတ်ပေးတယ်လို့ ခေါ်တယ်။
အခုလို ဗျာဒိတ်ပေးခံ၇တဲ့ အချိန်ကစပြီး အဲဒီအပေးခံရတဲ့ ပုဂ္ဂိုလ်ဟာ
ဘုရားအလောင်းဖြစ်လာတာပဲ။ အဲဒိဘုရာ်းလောင်းဟာ ပါရမီ ၁၀ပါးကို လေးသင်္ချေနဲ့
ကမာတသိန်းအတွင်း ဘဝပေါင်းမျာစွာ မရေမတွက်နိုင်အောင် အမြတ်စားအထိ
အကြိမ်ကြိမ်ပါရမီဖြည့်ရတယ်။
ဒီလိုဆိုရင် ဘုရားဖြစ်ဘိုဆိုတာကို ထားလိုက်ပါဦး။ဘုရားလောင်းဖြစ်ဘို့ကို
အတော်ကြိုးစားရဦးမယ်။
ဟုတ်တယ်လူကလေး။
ဒါပေမဲ့ ကြာချင်ကြာပါစေ။ အဖေ။ ဘုရားဖြစ်ရင် သတဝါတွေကို ဆင်းရဲခတ်သိမ်းက
လွတ်ငြိမ်းသွားအောင် အများကြီးကယ်နိုင်တယ်။ လူကလေးရဲ့ စေတနာကို ဖေဖေ
အများကြီးသာဓုခေါ်တယ်။
အဖေ့ကို ကျနော် တခုမေးချင်တယ်။
မေးပါ လူကလေး။
အဖေကျနော့ကို ဒီတရားတွေ အရင်တုန်းက ဘာလို့မဟောသလဲ။ ဟောရင်
ဒီအကုသိုလ် တွေကို ကျနော်လုပ်ဖြစ်မှာ မဟုတ်ဘူး။
ဦးစံထွန်းဟာ သူ့ရင်ဘတ်ကို ဘုန်းကနဲမြည်အောင် ပုတ်လိုက်ပြီး ပြောမှ
ပြောရက်ပလေလူကလေးရယ်။ အဖေဟာ လူကလေးကို အကြိမ်များစွာ
ပြောပါသကော။ လူကလေး တခါမှ ကောင်းကောင်း နားမထောင်ဘူး။ အကုသိုလ်။
ကုသိုလ် လို့ အဖေက စလိုက်ရုံရှိသေးတယ်။ ဒါတွေကို မပြောပါနဲ့ အဖေ။ ကျနော်
မယုံဘူးဆိုပြီး လူကလေးဟာ အဖေပြောနေတာတွေကို အတင်းရပ်ခိုင်းတာပဲ။ သစာ
တကား လေးပါးအကြောင်း စလိုက်ရုံရှိသေးတယ်။ ဒါတွေကို မပြောနဲ့ အဖေ။
ကျနော်ဒါတွေကို မယုံဘူးဆိုပြီး လူကလေးဟာ အဖေပြောနေတာကို
အတင်းရပ်ခိုင်းတာပဲ။ ထိုင်နေရာက တခြားကို ဇွတ်အတင်း ထချင်ထသွားတာပဲ။

တခါမှ နားမထောင်ဘူး။အဲဒါကြောင့် အခုလို လူကလေးက အဖေ့ကို လာမေးတဲ့အခါ အဖေ သိပ်ဝမ်းသာတာဘဲ။
ကျနော် ဟာ သိပ်ပြီးဆိုးတဲ့အကောင်ဘဲ အဖေ။ ဘုရားတရား သံဃာ အပေါ်မှာလည်းဆိုးခဲ့တယ်။ မိဘအပေါ်မှာလည်းဆိုးခဲ့တယ်။ လူတွေအပေါ်မှာလည်း ဆိုးခဲ့တယ်။ ဘဲကြက်ငှက်ငါးတွေအပေါ်မှာလည်း ဆိုးခဲ့တယ်။
သတ္တဝါတွေဟာ ကျွတ်ချိန်မတန်သေးရင်ဒီလိုပါဘဲ။ ဘယ်သူဟောလို့မှ မရဘူး။ အဲဒါကြောင့် မြတ်စွာဘုရားဟာ သတ္တဝါတဦးကို ချွတ်ချင် ပြီဆိုရင် ကျွတ်ချိန်ရောက်အောင် စောင့်တယ်။ ဖေဖေတို့လူသာမာန် တွေ လို အတင်းမလိုက်လာဘူး။
ဦးစံထွန်းဟာ သူ့သားမောင်နုကို ဘုရားခန်းခေါ်သွားပြီး။ ရုပ်ပွားတော်တွေရှေ့မှာ ရှိရှိသေသေ အထိုင်ခိုင်းတ်ယ ထိခြင်းငါးပါးနဲ့ ရတနာသုံးပါးကို ကန်တော့ခိုင်းတယ်။ ဩကာသနဲ့ ငါးပါးသီလကိုသူကိုယ်တိုင် ချပေးပြီး သူ့သားကို လုကိအဆိုခိုင်းတယ်။ အဲဒီနောက် တပည့်တော်သည် ပါရမီ ၁၀ပါး။ အပြား၃၀ကို ယနေ့မှစ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဂုမီဖြည့်ပါမည်ဟု ရှိသေလေးမြတ်စွာ ရှိခိုးလျှောက်ထားပါသည် ဘုရား ။ ၊သို့ ပါရမီ ဖြည့်ရသော ကုသိုလ်အဟုန်ကြောင့် တနေ့သောအခါတွင် ဘုရားစင်စစ် ဧကန်ဖြစ်ရပါလို၏ အရှင်ဘုရားလို့ ဦးစံထွန်းက သူ့သားကို ဆုတောင်းခိုင်းတယ်။ အဲဒီနောက် သူ့သားအပေါ်မှာ  အပြစ်တွေ စင်သွားအောင် သူ့ကိုလည်း ကန်တော့လို့ ဦးစံထွန်းက ပြောချင်တယ်။ ဒါပေမဲ့ သူသားမောင်နုဟာ ရှေးတုန်းကလို သူ့ ကို ကလန်ကဆန်လုပ်နေရင် အပြစ်စင်ရမဲ့အစား ပိုဆိုးနေမှာကို မြင်တဲ့အတွက် ဦးစံထွန်းဟာ ဘာမှ မပြောဘဲ ကြမ်းပြင်ကို စိုက်ကြည့်နေတယ်။ မောင်နုဟာ သူ့အဖေဘက်လှည့်ပြီး ကန်တော့တဲ့အခါ ဦးစံထွန်းဟာ သိပ်ဝမ်းသာတဲ့အတွက် ဗျုံးကနဲ ဆုမပေးနိုင်သေးဘူး။ ဝမ်းသာတဲ့ မျက်ရည်တွေ တတွေတွေကျနေတယ်။

အခန်း ၆

က

၁၉၂၆ ခုနှစ်မတ်လ စာမေးပွဲကြီးမှာ ဖြေဆိုပြီးတဲ့နောက် မောင်နုဟာ ဝါးခယ်မကို ပြန်သွားတယ်။ ဝါးခယ်မမှာ သူငယ်ချင်းတွေနဲ့ စုပြီး အရက်သောက်နေကြတုန်း သူစာမေးပွဲကျသွားတယ်။ ဆိုတဲ့သတင်းကိုကြားရတယ်။  ဆယ်တန်းတုန်းကဆိုရင အထက်တန်းပညာနဲ့ ပတ်သက်ပြီးသူ့မှာ မျှော်မှန်းထားတာ ဟာ ဘာမှ မရှိတဲ့အတွက်  ဒီလိုစာမေးပွဲကျတယ်ဆိုတဲ့ သတင်းမျိုးဟာ သ့စိတ်ကို ဘယ်လိုမှ ထိခိုက်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ကောလိပ်ကျောင်းကို ရောက်ပြီးမှ အထက်တန်းပညာတွေကို သင်ချင်တဲ ဆန္ဒတွေ ဖြစ် နိုင်ရင် ဘိလပ်ကိုသွားပြီး

စာဆက်သင်ချင်တဲ့ မျှော်မှန်းချက်တွေ။ အင်္ဂလိပ်လို ပြဇာ်ရေါ်ဆရာ၊ ဝတ်ထု ရေးဆရာ လုပ်ချင်တဲ့ ရည်ရွယ်ချက်တွေ။ သူ့တကိုယ်လုံး တဖွားဖွားပေါ်နေတဲ့ အချိန်အခါမျိုးမှာ ဒီကျတယ်ဆုတဲ့ ဒဏ်ကို သူမခံနိုင်ဘူး။ အဲဒါကြောင့် စာမေးပွဲကျတယ်ဆိုတဲ့ သတင်းကြားရတဲ့အခါ မောင်နုဟာ  အတော်တုန်လှုပ်သွားတယ်။ သောက်ဖော်သောက်ဖက်တွေဂျေ့မှာ ဟန်လုပ်ပြီးတော့သာဒ နရတယ်။ သူ့စိတ်ထဲမှာတော့ မချိလှဘူး။

အဲဒီည အိပ်နေတုန်း ကျောင်းအုပ်ကြီး ဆလော့က အောင်စာရင်း နောက်ဆက်တွဲ တခု ထပ်ပြီးထုတ် တယ်။ အဲဒိနောက်ဆက်တွဲထဲမှာ သူ့နံမယ် ပါလာတယ်ဆိုပြီး မောင်နုအိပ်မက်မက်တယ်။ နောက်ညတွေမှာလည်း တညခြား နှစ်ညခြား အဲဒိလိုဘဲ ဆက်မက်တယ်။အရင်တုန်းကဆိုရင် အပြင်မှာသာ သူငယ်ချင်းတွေနဲ့ အချိန်ဖြုန်းနေကြ မောင်နုဟာ အဲဒိ သတင်းကြားရပြီးတဲ့နောက် ဒီသူငယ်ချင်းတွေနဲ့ မျက်နှာချင်းမဆိုင် ချင်တော့ဘူး။ သူ့အိမ်သူအိမ်သားတွေနဲတောင် မျက်နှာချင်းမဆိုင်ချင်တော့ဘူ။ အဲဒါကြောင့် ၄–၅ရက်ကြာတဲ့အခါ မောင်နုဟာ အပန်းဖြေဘို့အတွက သူ့အဖေဆောက်ပေးထားတဲ့ မြို့စွန်က အိမ်ကလေးကို ပြောင်းသွားတယ်။ အဲဒိအိမ်ကလေးရဲ့ ဝင်းခြံကို တနေ့လုံးပိတ်ထားတယ်။ ဘယ်သူကိုမှ အဝင်မခံဘူး။ ည၁ဝနာရီလောက် မြို့ထဲမှာ လူခြေတိတ်တော့မှ မောင်နုဟာ သံဒုတ်ကောက်လေးကို ကိုင်ပြီး ခြေဦးတည့်ရာ သွားနေတယ်။ ညတည ၁၂နာရီလောက်မှာ သူ့အိမ်ကလေးဘက်ဆီကို လျှောက်လာရင်း ရုံးရှေ့ကို ရောက်တဲ့အခါ မောင်နုမင်းမှာ ကိုယကျင့်တရားမရှိလို့ အခုလို စာမေးပွဲကျတာပဲဆိုတဲ့ အသိညာဏ် တခုဟာ ဦးနှောက်ထဲမှာ ထူးထူးခြားခြားပေါ်လာတယ်။ အဲဒိလိုပေါ်လာပြီး နှစ်မိနစ်လောက်အတွင်းမှာ အဲဒိအချိန်ကစပြီး ငါးနှစ်အတွင်း အရက်မသောက်ဘူးလို့မောင်နုဟာ အဓိဋ္ဌာန်လုပ်လိုက်တယ်။

ခ၊

နောင်တနေ့မှာ သူ့အဖေဆီကိုသွားပြီး မောင်နုက နောင်ဘဝဆိုတာ ရှိသလားလို့မေးတယ်။ သူ့အဖေ ဦးစံထွန်းက ရှိတယ်လို့ဖြေတယ်။
နောင်ဘဝဆိုတာ ရှိရင် လက်တွေ့ပြနိုင်ပါ့မလား
မြတ်စွာဘုရားဟာ လက်တွေ့မပြနိုင်တဲ့ တရားကို ဘယ်တော့မှ မဟောဘူး။
ဒီလိုဆိုရင် သိကြားတွေ နတ်တွေ ဗြဟ္မာတွေ ဆိုတာ အဝေးကြီးမှာနေလို့ ထားလိုက်ပါဦး။
ကျွန်တော်တို့ရဲ့ အနီးအနားမှာနေတယ်ဆိုတဲ့သူရဲတကောင်ကို ကျွန်တော်မြင်အောင် ပြနိုင်ပါ့မလာ။
အသိညာဏ်ဆိုတာ ရှိတယ်။ ထူးသောအသိညာဏ် လို့ အဓိပါယ် ရတယ်။
အဲဒိအသိညာဏ်ကို ရအောင် ဘယ်လိုရအောင် အားထုတ်ရတယ်ဆိုတာ မြတ်စွာဘုရား

ဟောကြားထားတော်မူခဲ့တယ်။ အဲဒိဟောကြားထားတော်မူတဲ့ အတိုင်း
တရားအားထုတ်ပြီးလို့ အသိဉာဏ်ကို ရရင် နတ်တွေဗြဟ္မာတွေကိုလည်း
မြင်နိုင်တယ်။ နတ်တွေ။ ဗြဟ္မာတွေ ပြောတာကိုလည်း ကြားနိုင်တယ်။
လွန်ခဲ့တဲ့ဘဝတုန်းက မင်းဟာ ဘာတွေ ဖြစ်ခဲ့ဘူးတယ်။ငါဟာ
ဘာတွေဖြစ်ခဲ့ဘူးတယ်။ မင့်အမေဟာ ဘာတွေ ဖြစ်ခဲ့ဘူးတယ်။ တိုးပွားဟာ
ဘယ်ဘဝကနေပြီး အခုလိုခွေးဖြစ်လာတယ်ဆိုတာ တွေကိုလည်း မင်းသိနိုင်မယ်။
အသိဉာဏ်ရအောင် အားထုတ်ဘို့ဆိုတာ ခက်လား။
ဒါကတော့ အားထုတ်တဲ့ လူဆီမှာ မူတည်တယ်။အဲဒိလူမှာ ယုံကြည်မှုလည်းရှိမယ်။
ဇွဲလည်းကောင်းမယ်နည်းပြဆရာကောင်း ကောင်း လည်းရှိမယ်ဆိုရင်
အသိဉာဏ် ဂုဘို့ မခက်ပါဘူး။
အဖေကံဆိုတာဘာလည်း။ ဒိကံဆိုတာတကယ်ရှိလား။
ရှိတာပေ့ါလူကလေး။
ကျွန်တော်ကတော့ မရှိဘူးထင်တယ်။ သတ်ချင်သတ်။ ခိုးချင်ခိုး။ ဘာကိုလုပ်လုပ်
ကောင်းတာလုပ်လုပ်။ မကောင်းတာလုပ်လုပ်။ ဘယ်လိုမှ
အကျိုးမပေးနိုင်ဘူး။လူတွေသေရင် မြေကြီး ဖြစ်သွားတာပဲ။ သူတို့မသေခင်
လုပ်ခဲ့ကြတဲ့ ကောင်းတာတွေနဲ့ မကောင်းတာတွေဟာ ဘယ်လိုအကျိုးပေးမလဲ။
ဒီလိုမဟုတ်ဘူး လူကလေး။
ဟုတ်ပါတယ် အဖေ
လူကလေး လောကမှာအကြောင်းနဲ့ အကျိုးဆိုတာရှိတယ်။ တခုခုဖြစ်တာဟာ အကျိုး။
အဲဒိဟာ ဖြစ်အောင်လုပ်ပေးလိုက်တာဟာ အကြောင်း။ ဥပမာ လူတွေ တိရိစာန်တွေကို
မင်းမြင်ရတယ် မဟုတ်လား။ အဲဒိလူတွေ တိရိစ္ဆာန်တွေဆိုတာ အကြောင်း။
အကြောင်းမရှိပဲ ဘာမှမဖြစ်နိုင်ဘူး။
အဲဒိအကြောင်းတွေကို အကျဉ်းချုပ်ပြီး အကုသိုလ်နဲ့ ကုသိုလ်လို့ခေါ်လိုက်တာပဲလို့
ဖခင်ဦးစံထွန်းက ပြောပြတဲ့အခါ မောင်နုဟာဘာမှ မပြောဘဲ တွေပြီး
စဉ်းစားနေတယ်။
အဖေပြောတာ ကျနော် နားမလည်ဘူး။ ကျနော့်ကို ဒိအကြောင်းတရားတွေ ပြောရင်
ခပ်ရှင်းရှင်းပြောပါ။ ဟောဒါတွေဟောဒါတွေ အကုသိုလ်ကံတွေ ။
ဟောဒါတွေဟောဒါတွေဟာ ကုသိုလ် ကံတွေ။ အဲဒီလို ခပ်ရှင်းရှင်းပြောပါ။
လူကလေး ဒိအကုသိုလ်နဲ့က ကုသိုလ်အကြောင်းကို ပြောရမယ်ဆိုရင် ၃၁
ဘုံအကြောင်း ရှေးဦးစွာ ပြောရမယ်။ အဲဒိလိုပြောမှ လူကလေးဟာ ကုသိုလ်
အကုသိုလ် အကြောင်းကို လွယ်လွယ်နဲ့ သဘောပေါက်မယ်။
ကျနော်ဒါတွေ ကို နားမထောင်ချင်ဘူး။ ကျနော့ကိုခပ်တိုတိုဘဲ ပြောပါ။
အကုသိုလ်ကံတွေဆိုတာ ဘာတွေလဲ။ ကုသိုလ်ကံတွေဆိုတာ ဘာတွေလဲ။
လူကလေးသည်းခံပြီးနားထောင်ပါဦး။ ၃၁ဘုံက စပြီး ပြောပါရစေ။ နားထောင်ပြီးရင်

လူကလေးသဘောကျလိမ့်မယ် လို့ ကျနော်ထင်တယ်။
ကျနော် နားမထောင်ချင်ဘူး။ အကုသိုလ်ကံတွေဆိုတာ ဟောဒါတွေ။
ကုသိုလ်ကံတွေဆိုတာ ဟောဒါတွေ အဲဒီလို တိုတိုပြောပါ။
ဒီလိုဆိုရင်ကောင်းပြီ။ အကုသိုလ်ကံတွေက စပြီး အဖေ ပြောမယ်။
ဟုတ်ကဲ့ပြောပါ။
၁။ သတ်တာ။ ၂။ ခိုးတာ။ ၃။ ကိုယ့်လင်ကိုယ်မယား မဟုတ်တဲ့သူတွေနဲ့
မေထုံမှိဝဲတာ။၄။ လိမ်ပြောတာ။ ၅ ။ ဂုံးတိုက်တာ။ ၆။ ဆဲတာ။ကြိမ်းတာ။
အော်တာအစရှိတဲ့ ကြမ်းကြမ်းတမ်းတမ်းပြောဆိုတာ။ ၇။ သိမ်ဖျင်းတဲ့ အကျိုးမရှိတဲ့
စကားတွေကို ပြောတာ။ ၈။ သူတပ်းရဲ့သားသမီး မယား။ စည်းစိမ်ဥစာတွေကို
လိုချင်တာတပ်မက်တာ။၉။ ဒေါသဖြစ်တာ သူတပါးကို နှိပ်စက်ချင်တာ။
ပျက်စီးစေချင်တာ။ သေစေချင်တာ။ ၁၀ ။ အကုသိုလ်ကံနဲ့
ကုသိုလ်ကံဆိုတာမရှိဘူးလို့ ယုံကြည်ယူဆနေတာ။ အဲဒီ၁၀မျိုးဟာ အကုသိုလ်ကံ
၁၀မျိုးဖြစ်တယ်။လူကလေး။
အဖေ ဒါတွေကို အကုသိုလ်ကံလို့ ဘာဖြစ်လို့ခေါ်တာလည်း။
မကောင်းတဲ့အကျိုးပေးနိုင်လို့ ဒီဟာတွေကို အကုသိုလ်ကံ တွေခေါ်တာပဲ။
ဘယ်လို မကောင်းတဲ့အကျုိးတွေပေးလဲ။
ဒီဟာတွေထဲက တခုခုကိုဖြစ်စေ။ အများကိုဖြစ်ဖြစ်။ အားလုံးကိုဖြစ်ဖြစ်။
ကျူးလွန်တဲ့သူတွေဟာ သေတဲ့အခါ အပါယ် လေးပါး ဘုံထဲက တဘုံဘုံကို
ရောက်ရမယ်။
အပါယ်လေးပါး ဘုံဆိုတာ ဘာတွေလည်း။
ငရဲ။ တိရိစာ၊န်။ ပြိတ၊ာ။ အသူရကယ်ဘုံတွေ ဖြစ်တယ်။ ဒီလေးဘုံဟာ ဒီကမ၊ာမှာ
ရှိတယ်။ ဒီလေးဘုံမှာ ရှိတဲ့သတ၀ါတွေဟာ သိပ်ဆင်းရဲကြတယ်။ နေ့စဉ်နဲ့အမျှ
အသတ်ခံနေကြရတဲ့ ဘဲကြက်ငှက်တွေကို ကြည့်ရခြင်းအားဖြင့် ဒီအပါယ် လေးဘုံမှာ
သတ၀ါတွေ ဘယ်လောက် ဆင်းရဲမယ်ဆိုတာ ခန့်မှန်းကြည့်နိုင်တယ်။
ဒိလိုဆင်းရဲတဲ့အတွက် ဒီလေးဘုံကို အပါယ်လေးဘုံလို့ခေါ် တာဖြစ်တယ်။
ဒီအပါယ်လေးဘုံတကယ်ရှိတယ်နော်။
ရှိတယ်
ဘုရားဟောအစစ်ပဲလား။
အစစ်ပါပဲ လူကလေး။ ဒိအကုသိုလ်ကံတွေဟာ အပါယ်လေးဘုံကို
ကျစေရုံသာမကဘူး။ အပါယ် လေးဘုံကလွတ်လာပြီး ကုသိုလ်ကံတွေကြောင့် လူတွေ
နတ်တွေပြန်ဖြစ်ရင်လည်း လူဆင်းရဲတွေ။ နတ်ဆင်းရဲတွေ။ ဖြစ်အောင်
အကျိုးပေးပြန်သေးတယ်။
မောင်နုဟာ ဘာမှ မပြောဘဲ ခနလောက်တွေပြီး စဉ်းစားနေတယ်။
အဲဒီလိုစဉ်းစားပြီးတဲ့အခါ။ ကုသိုလ်ကံတွေဆိုတာ ဘာတွေလည်း

ဆက်ပြီးပြောပါဦး။လို့မေးတယ်။
၁။ ပေးကမ်းစွန့်ကြဲတာ။ ၂။ ကိုယ်ကမကောင်းတာမလုပ်အောင်။ နှုတ်က မကောင်းတာမလုပ်အောင်။ မိမိရဲ့ ကိုယ်နဲ့ နှုတ်ကို စောင့်ထိန်းတာ။ ၃။ ဘုရားတရား သံဃာတော်တွေရဲ့ ဂုဏ်တော်တွေကို အဖန်တလဲလဲသတိရတာ။ ၄။ မိဘဆရာ။ ပညာရှိ။ ၇သေ့၊ ရဟန်းစတဲ့ သူတော်ကောင်းတွေကို ရိုသေကိုင်းညွှတ်တာ။ ၅။ အကူအညီလိုသောသူများကို အကူအညီပေးတာ။ ၆။ ကောင်းမှုတခုကို ပြုလုပ်ပြီးတိုင်းအခြားသော နတ် အစရှိတဲ့ သတဝါတွေသာခုခေါ်နိုင်အောင် အမျှဝေတာ။ ၇။ သူတပါး အမျှဝေတဲ့အခါ မိမိကိုယ်တိုင်ကလည်း သာခုခေါ်တာ။ ၈။ သူတပါး ဟောပြောတဲ့ သစာလေးပါး တရားကို ကိုယတိုင် ကြားနာတာ။ ၉။ မိမိကလည်း သူတပါးအား သစာလေးပါးတရားကို တတ်စွမ်းနိုင်သလောက် ဟောပြောတာ။ ၁၀။ ကံဆိုတာရှိတယ်။ မကောင်းတဲ့ ကံကို လုပ်ရင် မကောင်းကျိုးဖြစ်မယ်။ ကောင်းတဲ့ကံကိုလုပ်ရင် ကောင်းကျိုးဖြစ်တယ် လို့ယုံကြည်တာတွေဟာ ကုသိုလ်ကံတွေဖြစ်တယ်
ဒီကုသိုလ်တွေထက် ပိုပြီး ကောင်းတဲ့ကုသိုလ် ကံတွေ ရှိပါသေးတယ်။ လူကလေး။ အဲဒီကုသိုလ်တွေကိုဈာန် ကုသိုလ်လို့ခေါ်တယ်။
ဈာန်ကုသိုလတွေဖြစ်အောင် ဘာတွေကို လုပ်ဂုလည်း အဖေ။
အရာဝတ်ထု တခုခုပေါ်မှာဖြစ်စေ။ သတဝါတဦး အပေါ်မှာဖြစ်စေ။ မိမိရဲ့ စိတ်ကို မိမိအလိုရှိသလောက် တည်ငြိမ်အောင်ထားနိုင်ရင် ဈာန် ကုသိုလ်ဖြစ်တာဘဲ လူကလေး။ သေတဲ့ အချိန်အထိ ဒိဈာန်ကုသိုလ် တွေဖြစ်အောင် အားထုတ်နိုင်ရင် အဲဒိ ပုဂိုလ်ဟာ သေတာနဲ့ တပြိုင်နက် ဗြဟာဘုံ ၂၀ ရှိတဲ့အထဲက တခုခုမှာ ဗြဟာ ဖြစ်တယ်။
လူကလေးလူတွေထက် နတ်တွေက ပိုပြီးတန်ခိုးကြီးတယ်။ စည်းစိမ်ရှိတယ်။ အသက်ရှည်တယ်။ အရောင်အဆင်းရှိတယ်။ လူကလေးအခုပြောခဲ့တဲ့အပါယ် လေးဘုံ။ လူဘုံ၁ဘုံ။ နတ်ဘုံ၆ဘုံ။ ဗြဟာဘုံ ၂၀ ကို ပေါင်းလိုက်ရင် ၃၁ ဘုံဖြဖြစ်တယ်။ဒီ ၃၁ ဘုံထဲမှာ သတဝါတွေဟာ အခုပြောခဲ့တဲ့ကုသိုလ်ကံတွေ အကုသိုလ် တွေ အလျောက်သေတဲ့အခါ ဘဝအသစ်တွေပြန်ပြန်ပြီး ဖြစ်ကြရတယ်။ အကုသိုလ်တွေ လုပ်ခဲ့တဲ့ သတဝါတွေက ငရဲ တိရိစာၡန်။ ပြိတာ။ အသူရကယ် ဆိုတဲ့ အပါယ်လေးဘုံ ထဲက တဘုံ ဘုံမှာ ဘဝအသစ်တွေဖြစ်ကြတာပေါ့။ ကုသိုလ် ရိုးရိုးလုပ်ခဲ့တဲ့ သတဝါတွေက လူ့ဘုံ။ နတ်ဘုံတွေမှာ လူတွေ ဖြစ်ကြပေါ့။ ဈာန်ကုသိုလ်တွေကို လုပ်ခဲ့ကြတဲ့ သတဝါတွေက ဗြဟာဘုံ ၂၀ထဲက တဘုံဘုံမှာ ဗြဟာတွေဖြစ်ကြပေါ့။
အဖေ ဗြဟာ ဖြစ်ရင်ဘယ်တော့မှ  မအိုဘူး။ မနာဘူး မသေဘူးလို့ ကြားဘူးတယ်။ အဲဒါမှန်ရဲ့လား။
မမှန်ဘူး လူကလေး။ ၃၁ ဘုံထဲမှာ မသေတဲ့သတဝါရယ်လို့ ဘယ်မှာမှ မရှိဘူး။ သက်မဲ့အရဝတ်ထု ဖြစ်ဖြစ်။ သက်ရှိဘဲဖြစ်ဖြစ်။ ဖြစ်လာတာမှန်သမျှ ပျက်ရမယ်။

ဖြစ်ပြီးမပျက်ပဲ တည်မြဲနေတယ်ဆိုတာ သက်ရှိသတ္တဝါတွေရဲ့ လောကမှာလည်း မရှိဘူး။သက်မဲ့အရာဝတ်ထုတွေရဲ့ လောကမှာလည်း မရှိဘူး။
ဖြစ်တာမှန်သမျှပျက်ရမယ်။ လူကလေး ဖြဟာ တွေဟာ သေရှိသာ မကသေးဘူး။ သေတဲ့အခါမှာအတိတ်ဘဝတုံးက သူတို့ရဲ့ အကုသိုလ်ကံတွေဝင်ပြီး အကျိုးပေးမယ်ဆိုရင် ဒီဖြဟာတွေဟာ အပါယ်လေးဘုံထဲ တဘုံဘုံအထိ ကျဆင်းသွားနိုင်တယ်။
ဒီလိုဆိုရင်ဖြင့် အဖေရယ်။ ဘယ်သတ္တဝါပဲဖြစ်ရဖြစ်ရ။ ဘယ်ကောင်းမလဲ။
မကောင်းဘူး လူကလေး။ ဖြစ်လေရာ ဘဝမှာ အိုရမယ်။ နာရမယ်။ သေရမယ်။ ချစ်တဲ့ခင်တဲ့သူတွေ နဲ့ ကွဲရမယ်။ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်တွေ။ ဝင်ပြီးအကျိုးပေးလိုက်ရင် အပါယ်လေးဘုံထဲက တဘုံဘုံကျရဦးမယ်။
ဒိလိုတဘဝပြီး တဘဝ ဘဝသစ်တွေဖြစ်ဖြစ်ပြီး ။ အိုနာသေကွဲဆို တာတွေနဲ့ တတွေ့ထဲ တွေ့နေရတဲ့ ဆင်းရဲဒုတ်ခတွေက သတ္တဝါတွေ ဘယ်တော့မှ မလွတ်မြောက်နိုင်တော့ဘူးလား အဖေ။
လွတ်နိုင်တာပေ့ါ လူကလေး။ မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း။ ကျင့်နိုင်ရင် အဲဒိကျင့်တဲ့သူတွေ။နတ်တွေ။ ဗြဟာတွေဟာ အခု ပြောခဲ့တဲ့ အဖန်ဖန် အိုနာသေကွဲဆိုတဲ့ဆင်းရဲဒုတ်ခတွေက လွတ်မယ်။
မြတ်စွာဘုရားဆိုတာ ဘယ်လို ပုဂိုလ် မျိုးလည်း အဖေ။ ကျနော်နားလည်အောင် အလွယ်ဆုံး နည်းနဲ့ မပြောနိုင်ဘူးလား။
ပြောနိုင်ပါတယ်။လူကလေး အကြိမ်ကြိမ်အဖန်ဖန် ပဋိသန္ဓေနေရ။ အိုရ။နာရ။ သေရ။ ကွဲရတဲ့ ဝဋ္ဋဆင်းရဲတွေက သတ္တဝါတွေကို တကယ်တန်း လွတ်ပြောက်စေချင်တဲ့ သနားစိတ်တွေ အင်မတန်ကြီးကြီးကျယ်ကျယ် ရှိတဲ့ ပဂိုလ် မျိုးတွေမှ ဘုရားဖစ်ြအောင ကျင့်နိုင်ကြတယ် လူကလေး။
ဘာတွေကျင့်ရလည်း အဖေ။
ကုသိုလ် ဆယ်မျိုးကို သာမယား။ စည်းစိမ်ဥစာ။ ခြေလက်ကိုယ်အင်္ဂါ ။ အသက်တွေကိုပါ။ စွန့်ရတဲ့အထိ ကျင့်ရတယ် လူကလေး။
ဘယ်လောက်ကြာကြာကျင့်ရလဲ အဖေ။
အနည်းဆုံး လေးသင်္ချေနဲ့ ကမ္ဘာတသိန်းကျင့်ရတယ်။ ဘဝပေါင်း ကုဋေပေါင်းများစွာ ကျင့်ရတယ်လို့ ခပ်လွယ်လွယ်မှတ်ထားပေ့ါ။ လူကလေးရယ်။
အဖေ ကျနော်တို့ရဲ့ ဂေါတမမြတ်စွာဘုရားဟာ ဘုရားဖြစ်လာအောင် ဘယ်လိုကျင့်ခဲ့ရသလဲ။ နည်းနည်းလောက်ပြောပြစမ်းပါ။
ဒို့ရဲ့ ဂေါတမမြတ်စွာဘုရားဟာ လွန်ခဲ့တဲ့ လေးသင်္ချေ ကမာ တသိန်းအထက်က ကမာတခုမှာ သုမေဓာဆိုတဲ့ သူဌေးကြီးဖြစ်တယ်။ စည်းစိမ်ဥစာတွေကို စွန့်ပြီး ရသေ့လုပ်ရတယ်။ များမကြာခင် ဒီပင်္ကရာ မြတ်စွာဘုရားနဲ့ တွေ့ရတယ်။
အဲဒိအချိန်က ဒီပင်္ကရာ မြတ်စွာဘုရားထံမှာ ရဟန်းပြုပြီး ဝိပဿနာ ကမ္မဋ္ဌာန်း

တရားကို အားထုတ်လိုက်ရင် ရဟန္တာဖြစ်ပြီး အဖန်ဖန်။
အိုနာသေကွဲဆိုတဲ့ဝဋ်ဆင်းရဲတွေထဲက တခါတည်း လွတ်မြောက်သွားမယ်။ ဒါပေမဲ့
ရသေ့ကြီးသုမေဓါမှာ အင်မတန်ကြီးကျယ်လှတဲ့ သန္တာန်စိတ်တွေရှိတယ်။ အဲဒါကြောင့်
တဦးထဲ ကိုယ်လွတ်ရုန်းပြီး နိဗ္ဗာန် ဝင်မသွားချင်ဘူး။ ဘုရားဖြစ်အောင်ကျင့် ။
ဖြစ်ပြီဆိုတော့မှကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ချွတ်။ အဲဒီလိုကျွတ်ပြီး
တဲ့သတ္တဝါတွေနဲ့ အတူ တူ နိဗ္ဗာန် စံဝင်ချင်တယ်။ အဲဒါကြောင့် ဒီပင်္ကရာ
မြတ်စွာဘုရားဆီမှာ ဘုရား ဆုတောင်းတယ်။ အဲဒီနောက် ကုသိုလ်ဆယ်မျိုး ကို
အကြိမ်ကြိမ် အသက်စွန့်ရသည်အထိ လေးသချေင်္နဲ့ ကမ္ဘာတသိန်း တိုင်တိုင်
ဖြည့်ကျင့်ပြီးမှ အခုကမ္ဘာမှာ ဘုရားဖြစ်လာတယ်။

ကျနော်လည်းဘုရားဖြစ်ချင်တယ်အဖေ။ ဖြစ်နိုင်ပါ့မလား။ သတ္တဝါတွေကို
ကယ်ချင်တယ်။
ဖြစ်နိုင်တာပေ့ါလူကလေး။
ဒီလို လွယ်လွယ် မပြောပါနဲ့။ အဖ။ ကျနော်ဟာလူကောင်းမှ မဟုတ်ဘဲ။
သတ်ခဲ့ဘူးတယ်။ ခိုးခဲ့ဘူးတယ်။ ကာမမှာ မှားယွင်းစွာ ကျင့်ခဲ့ဘူးတယ်။
လိမ်ပြောခဲ့ဘူးတယ်။ အရက်သောက်ခဲ့ဘူးတယ်။
ဒါတွေဟာ အရေးမကြီးပါဘူး။ ပုထုဇဉ်ဆိုတာ မှားတဲ့အခါမှားမှာပေ့ါ။ မှားမှန်းသိရင်
နောက်မလုပ်မိအောင် ရှောင်ပေ့ါ။ ဒို့ရဲ့ ဂေါတမ အလောင်းတော်လည်း
လူကလေးလိုဘဲ သတ်တဲ့အခါ သတ်ခဲ့ဘူးတယ်။ ခိုးတဲ့အခါ ခိုးခဲ့ဘူးတယ်။
ကာမမှာမှားယွင်းစွာကျင့်တဲ့အခါ ကျင့်ခဲ့ဘူးတယ်။ အရက်လည်းသောက်တဲ့အခါ
သောက်ခဲ့ဘူးတယ်။
အဖေက ကျနော်စိတ်ချမ်းသာအောင် တွေ့ကရာတွေ လျှောက်ပြောနေတာလား။
ဘုရားအလောင်းဟာ ဒါတွေကို လုပ်ခဲ့ဘူးတယ်ဆိုတာ ကျမ်းအကိုးအကားနဲ့က
ပြနိုင်ပါ့မလား။
တရားတော်နဲ့ပတ်သက်လာရင် အဖေဟာ တွေ့ကရာတွေကို လျှောက်မပြောရဲဘူး
လူကလေး။ ကျမ်းအကိုးအကားနဲ့ ပြနိုင်ပါတယ်။ မဟောသဓ ဇာတ်တော်ကို
လူကလေး ဖတ်ကြည့်စမ်းပါ။ အဲဒီအထဲမှာ ဘုရားအလောင်းသတ်ခဲ့ဘူးတာ ။ ခိုးခဲ့
လုခဲ့ဘူးတာတွေကို လူကလေးတွေ့ရမယ်။ အဆောလေးတော်ဟာ ဟဂ်ိတစ
ဂူသေ့ကြီးဘဝတုန်းကရှင်ဘုရင်စစ်တိုက်ထွက်နေတုန်း မိဖုရားခေါင်ကြီးနဲ့
ကျူးလွန်ခဲ့ဘူးတာဘဲ။ စိဥ္မာန အလောင်းနဲ့ စတွေ့ချိန်တဲ့ဘဝမှာလည်း
အလောင်းတော်ဟာ အဂုက်သမားကြီး ကွ လူကလေးရ။ ဒါပေမဲ့
အလောင်းတော်တွေမှာ သူတပးါနဲ့မတူအောင် ထူးခြားချက်တချက်ရှိတယ်။
အလောင်းတော်တွေဟာ ဗျာဒိတ်ရတဲ့အချိန်ကစပြီး ဘုရားဖြစ်တဲ့အချိန်အထိ
ကံဆိုတာရှိတယ် ။ ကံရဲ့ အကျိုးဆိုတာရှိတယ်။ မကောင်းတဲ့ကံကို လုပ်ရင်

မကောင်းတဲ့အကျိုးကို ခံရမယ်။ ကောင်းတဲ့ကံကို လုပ်ရင် ကောင်းတဲ့
အကျိုးပေးခံရမယ် ဆိုတဲ့အချက်ကို မမိုတ်မသုန် ယုံကြည်တယ်။ဒီယုံကြည်ချက်ကို
ဘယ်တော့မှ မစွန့်ဘူး။ အဲဒါကြောင့် ဘုရားအလောင်းတွေဟာ တချို့ဘဝတွေမှာ
မှားတဲ့အခါ မှားတာဘဲ။ ဒါပေမဲ့ ခုနက ပြောခဲ့တဲ့ မမိုတ်မသုံယုံကြည်ချက်ကြောင့်
မှားရင်လည်း ခနဘဲ။ အမှားကိုသိတာနဲ့ တပြိုင်နက် အဲဒီအမှားကို စွန့်လိုက်ပြီး
သူတော်ကောင်းတွေ ဖြစ်လာတယ်။ ဘယ်ဘဝမှာမှ ပြင်မရအောင် ဆိုးတဲ့လူဆိုးတွေ
မဖြစ်ခဲ့ကြဘူး။
ကျနော်ဘုရားဖြစ်ချင်တယ်။ အဖေ။ ကျင့်ရမဲ့ ကုသိုလ်၁၀မျိုး ဆိုတာ ဘာတွေလဲ။
လူကလေး ဘုရားဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ကုသိုလ်၁၀မျိုးကို လုပ်ပေးရတယ်။
ဒိကုသိုလ်တွေကို ဘဝပေါင်းများစွာလုပ်ရတယ်။ ဘဝ်တိုင်းဘဝတိုင်းမှာလည်း
အကြိမ်ပေါင်းများစွာလုပ်ရတယ်။ ဒိလိုအကြိမ်ကြိမ် လုပ်ပေးတော့ ကုသိုလ်တွေ
များလာတော့တာပေါ့။ အဲဒီလိုများလာတဲ့ ကုသိုလ်တွေကို ပါဂမီလို့ ခေါ်တယ်။
ကုသိုလ်တွေကို အခုလို အကြိမ်ကြိမ် လုပ်ပေးနေတာကို ပါဂမီဖြည့်တယ်လို့
ခေါ်တယ်။ ပါရမီ ၁၀ပါးဆိုတာ တခြားမဟုတ်ဘူး။
၁။ ဒါန။ ၂။ သီလ။ ၃။ နိက၊မ။၄။ ပညာ။၅။ ဝိရိယ။၆။ ခန္တီ။ ၇။ သစ၁။ ၈။
အဓိဋ္ဌာန်။ ၉။ မေတာ။ ၁၀။ ဥပေက၁တို့ဘဲဖြစ်တယ်။
လူကလေးဒီချိန်မှာတော့ ပါရမီတွေကို အတိုချုပ်လောက်ပဲ ရှင်းပြမယ်။ ၁။ ဒါနဆိုတာ
ပေးကမ်းစွန့်ကြဲတာ။ ၂။ သီလဆိုတာ ကိုယ် ကမကောင်းတာ မလုပ်အောင် နူတ်က
မကောင်းတာ မပြောအောင် စောင့်ထိန်း တာ ၃။ နိက၊မဆိုတာ သားသမီး
။မယားစည်းစိမ်တွေကို စွန့်ပြီးဆိတ်ကွယ်ရာမှာ တရားအားထုတ်တာ။ ၄။
ပညာဆိုတာ သူတပါးတိုးတက် ကောင်းစားဘို့အတွက် ဗဟုသုတ စုဆောင်းတာ။
ဒီဗဟုသုတတွေကို ဖြန့်ဖြူးပေးတာ။ ၅။ ဝိရိယ ဆိုတာ ကောင်းကျိုးတခုခုအတွက်
မနားမနေကြိုးပမ်းဆောင်ရွက်တာ။ ၆။ ခန္တီဆိုတာ သည်းခံတာ။ ၇။ သစာဆိုတာ
မှန်သော စကားကို ပြောတာ။ ၈။ အဓိဋ္ဌာန်ဆိုတာ လုပ်မယ်လို့ဆုံးဖြတ်ထားရင်
ဆုံးဖြတ်တဲ့အတိုင်း လုပ်တာ မလုပ်ဘူးလို့ ဆုံးဖြတ်ထားရင်လည်း ဆုံးဖြတ်တဲ့အတိုင်း
မလုပ်ပဲ ရှောင်တာ။ ဆုံးဖြတ်ထားတဲ့အတိုင်း တသဝေမတိမ်းလိုက်နာတာ။ ၉။
မေတ၁ဆိုတာ မိတ်ဆွေပဲ။ ၇န်သူပဲ တစိမ်းပဲလို့ ပိုင်းခြားခြင်းမရှိဘဲ
သတ၀ါမှန်သမျှကို ညီညီမျှမျှ ချစ်တာ။ ၁၀ ။ ဥပေက၁ ဆိုတာ မိမိကြိုက်တာနဲ့
တွေ့တဲ့အခါပဲဖြစ်ဖြစ်။ မကြိုက်တာနဲ့ တွေ့တဲ့အခါဘဲဖြစ်ဖြစ်။ ဝမ်းနည်းခြင်း ။
ဝမ်းသာခြင်း။ ချစ်ခြင်း။ မုန်းခြင်း။မဖြစ်ဘဲ လျစ်လျူရှုထားတာ။
လူကလေးအခုတော့ ဒီလောက်ပဲ မှတ်ထားဦး။ ဘုရားဖြစ်ချင်တဲ့ ပုဂ္ဂိုလ် တဦးအတွက
်ပါရမီ ၁၀ပါးသိပ်အရေးကြီးတယ်။ အဲဒါကြောင့် ဒီပါရမီ၁၀ပါးကို အကျယ်ချဲ့ပြီး
စုံစုံလင်လင် ပြည့်ပြည့်စုံစုံ ရေးပေးထားမယ်။
လူကလေး ။ အဲဒိပါရမီ တွေကို အယုတ်စား အလတ်စား။ အမြတ်စားဆိုပြီး

လူကလေးကို လူဆိုးတစုက ဖမ်းပြီး အရက်သောက်ရင်သောက်။ မသောက်ရင်။ လူကလေးရဲ့ သားသမီး ။ မယား။ စည်းစိမ်တွေကို ယူမယ်လို့ ခြိမ်းခြောက်တယ်ဆိုပါစို့။ အဲဒီလို ခြိမ်းခြောက်ပြီး ဒီသားသမီး မယား။ စည်းစိမ်တွေကို ယူသွားသည့် တိုင် လူကလေးဟာ အရက်မသောက်ဘူးဆိုရင် လူကလေးဟာ သီလမှာ အယုတ်စားပါရမီ ဖြည့်တယ်လို့ ခေါ်တယ်။ လူကလေးရဲ့ ခြေလက်တွေကို ဖြတ်မျက်လုံးတွေကို ဖောက်သည့်တိုင်အောင် အရက်မသောက်ပဲနေရင် လူကလေးဟာ သီလမှာ အလတ်စားပါရမီဖြည့်တယ် လို့ခေါ်တယ်။ လူကလေးကို သတ်သည့်တိုင်အောင် လူကလေးဟာ အရက်မသောက်ပဲနေရင် လူကလေးဟာ သီလမှာ အမြတ်စား ပါရမီဖြည့်တယ်လို့ခေါ်တယ်။

လူကလေးဘ၀တခုမှာ ဧါတမ ဘုရားလောင်းဟာ ဂုသေ့ကြီးတပါးဖြစ်တယ်။ သည်းခံတဲ့ ပါရမီကို ဖြည့်နေတဲ့အတွက် သူကို ခန္တိ၀ါဒီ ဂုသေ့လို့ လူတွေကခေါ်ကြတယ်။ တနေ့ကျတော့ ကလာလာဗူဆိုတဲ့ ရှင်ဘုရင်တဦးဟာ သူ့မိဘုကြားတွေ နောက်လိုက်နောက်ပါတွေနဲ့အတူ ဒီရသေ့ကြီးရှိတဲ့ တောထဲမှာ တောကစား ရအောင် ရောက်လာကြတယ်။ ရှင်ဘုရင်ဟာ တောကစားပြီး မောမောနဲ့ အိပ်နေတုန်း သူ့မိဖုရားတွေဟာ ရသေ့ကြီးဆီသွားပြီး ကန်တော့ကြတယ်။ ရှင်ဘုရင် နိုးလာတဲ့အခါ သူ့မိဖုရားတွေကို မတွေ့တာကြောင့် သိပ်စိတ်ဆိုးတယ်။ ခနီဂုသေ့ကြီး ဆီကို သွားကြတယ်လို့ စုံစမ်းသိရှိတဲ့အခါဒေါသ အမျက်ချောင်းချောင်း ထွက်နေတဲ့ ရှင်ဘုရင်ဟာ ခန္တီဂုသေ့ကြီးကုိဖမ်းခဲ့ကြဘို့ ချက်ချင်း အမိန့်ပေးလိုက်တယ်။ ရသေ့ကြီးနဲ့တွေ့တဲ့အခါ ဒေါသထွက်နေတဲ့ ရှင်ဘုရင်က ရသေ့ သင်ဘယ်အကျင့်ကို ကျင့်သလဲလို့ မေးတယ်။ အကျွန်ုပ်ဟာ သည်းခံတဲ့အကျင့်ကို ကျင့်နေပါတယ် လို့ ရသေ့ကြီးကဖြေတယ်။ အဲခီအခါ ရသေ့ကြီးကို ကြိုးနဲ့တုပ်ပြီး သံဆူးတပ်ထားတဲ့ ကြိမ်လုံးနဲ့ တအားရိုက်ခိုင်းတယ်။ ဂုသေ့ကြိး ရဲ့ တကိုယ်လုံးမှာလည်း ဒဏ်ရာကထွက်တဲ့ သွေးတွေနဲ့ နီရဲနေတာပါ။ ရှင်ဘုရင်ဟာ ရိုက်တာကို ခဏရပ်ခိုင်းပြီး ဂုသေ့သင်ဟာ သည်းခံတဲ့ အကျင့်ကျင့်နိုင်သေးရဲလားလို့ ဂုသေ့ကြီးကို မေးတယ်။ ရသေ့ကြီးက အကျွန်ုပ်ကျင့်နိုင်သေးတယ်။ အကျွနုပ်ကိုရိုက်တဲ့ အာဏာသားကိုလည်းအကျွန်ုပ် အမျက်မထွက်ဘူး။ ဒီအာဏာသားကုိရိုက်ခိုင်းတဲ့ ရှင်ဘုရင် အပေါ်မှာလည်း အမျက်မထွက်ဘူးလို့ဖြေတယ်။ အဲဒီအခါ ရှင်ဘုရင် ဟာ

ရသေကြီးရဲ့ ခြေဆစ်လက်ဆစ်တွေကို အဖြတ်ခိုင်းပြီး အရင်လိုဘဲ
မေးတယ်။ရသေ့ကြီးကလည်း အရင်ကအတိုင်း ဖြေတယ်။ ရှင်ဘုရင်လည်း
ဒေါသထွက်လာပြီး ၇သေ့ကို သတ်ပစ်ဘို့ အမိန့်ပေးလိုက်တယ်။ ရသေ့ကြီး ဟာ
အသတ်ခံရတော့မဲ့ ဆဲဆဲမှာတောင် ဒေါသမထွက်ပဲ အရင်အတိုင်း ဖြေပြီး
အသတ်ခံသွားတယ်။ ရသေ့ကြီးဟာ သွေးတွေထွက်လာတဲ့အထိ အရိုက်ခံပြီး
ဒေါသမထွက်အောင် ထိန်းနိုင်ရင် ရသေ့ကြီးဟာ ခန္တီ မှာ အယုတ်စား ပါရမီဖြည့်တယ်
လို့ ခေါ်နိုင်တယ်။ ခြေဆစ်လက်ဆစ်ဖြတ်တဲ့အထိ ဒေါသမထွက်အောင်ထိန်းနိုင်ရင်
ရသေ့ကြီးဟာ အလတ်စားပါ ၇မီဖြည့်တယ်လို့ ခေါ်တယ်။ အသတ်ခံရတဲ့အထိ
ဒေါသမထွက်အောင် ထိန်းနိုင်ရင် အမြတ်စား ပါရမီဖြည့်တယ်လို့ ခေါ်တယ်။
လူကလေး ဘုရားလောင်းတွေဟာ ဗျာဒိပ်ရတဲ့အချိန်ကစပြီး ဘုရားဖြစ်သည့်တိုင်အောင်
ဒိပါရမီ ဆယ်ပါးကို အမြတ်စားအထိ အကြိမ်ကြိမ် ပါရမီ ဖြည့်ရတယ်။ ဘဝပေါင်း
မရေမတွက်နိုင်အောင်အကြိမ်ကြိမ် ပါရမိဖြည့်ရတယ်။
ဗျာဒိပ်ရတယ်ဆိုတာ ဘာလဲ အဖေ။
ဘု ဂုားတဆူ ပွင့်တော်မူပြီဆိုရင် အရှင်ဘုရားလို ဘု ဂုားဖြစ်ရပါလို၏လို့
မြတ်စွာဘုရားထံမှာ ဘုရားဆုတောင်းကြတဲ့လူတွေ။ နတ်တွေဟာ ပြည့်နေတာပဲ။
ဒီလိုဆုတောင်းကြသူတိုင်းကို ဘုရားဖြစ်မယ်လို ့ မြတ်စွာဘုဂုားက
ဝန်မခံဘူး။ဘုရားဖြစ်နိုင်လောက်အောင် အခြေခံ ရှိနေတဲ့အထိ လွန်ခဲ့တဲ့
ဘဝပေါင်းများစွာက ကုသိုလ်တွေ အများကြီးအားထုတ်ထားတဲ့ ပုဂိုလ်ကိုမှ
မြတ်စွာဘုရားက အခုကမာ က စပြီး နောက်ကို ကမ္ဘာပေါင်း
ဘယ်လောက်ကြာတဲ့အခါ သင်ဟာ ဘုရားဖြစ်မယ်။ အဲဒီအခါ သင့်နံမယ်ဟာ
ဘယ်သူဖြစ်မယ်။ သင့်အဂ၊သာဝက ဟာ ဘယ်သူတွေ ဖြစ်မယ်။ အစရှိသဖြင့်
မြတ်စွာဘုရားက ဝန်ခံတော်မူတယ်။ဒီလိုဝန်ခံတာကို ဗျာဒိတ်ပေးတယ်လို့ ခေါ်တယ်။
အခုလို ဗျာဒိတ်ပေးခံ ၇တဲ့ အချိန်ကစပြီး အဲဒီအပေးခံရတဲ့ ပုဂိုလ်ဟာ
ဘုရားအလောင်းဖြစ်လာတာပဲ။ အဲဒိဘုရာင်းလောင်းဟာ ပါရမီ ၁၀ပါးကို လေးသင်္ချေနဲ့
ကမာတသိန်းအတွင်း ဘဝပေါင်းမျာစွာ မရေမတွက်နိုင်အောင် အမြတ်စားအထိ
အကြိမ်ကြိမ်ပါရမီဖြည့်ရတယ်။
ဒီလိုဆိုရင် ဘုရားဖြစ်ဘိုဆိုတာကို ထားလိုက်ပါဦး။ဘုရားလောင်းဖြစ်ဘို့ကို
အတော်ကြိုးစားရဦးမယ်။
ဟုတ်တယ်လူကလေး။
ဒါပေမဲ့ ကြာချင်ကြာပါစေ။ အဖေ။ ဘုရားဖြစ်ရင် သတဝါတွေကို ဆင်းရဲခတ်သိမ်းက
လွတ်ငြိမ်းသွားအောင် အများကြီးကယ်နိုင်တယ်။ လူကလေးရဲ့ စေတနာကို ဖေဖေ
အများကြီးသာခုခေါ်တယ်။
အဖေ့ကို ကျနော် တခုမေးချင်တယ်။
မေးပါ လူကလေး။

အဖေကျနော့်ကို ဒီတရားတွေ အရင်တုန်းက ဘာလို့မဟောသလဲ။ ဟောရင်
ဒီအကုသိုလ် တွေကို ကျနော်လုပ်ဖြစ်မှာ မဟုတ်ဘူး။
ဦးစံထွန်းဟာ သူ့ရင်ဘတ်ကို ဘုန်းကနဲမြည်အောင် ပုတ်လိုက်ပြီး ပြောမှ
ပြောရက်ပလေလူကလေးရယ်။ အဖေဟာ လူကလေးကို အကြိမ်များစွာ
ပြောပါသကော။ လူကလေး တခါမှ ကောင်းကောင်း နားမထောင်ဘူး။ အကုသိုလ်။
ကုသိုလ် လို့ အဖေက စလိုက်ရုံရှိသေးတယ်။ ဒါတွေကို မပြောပါနဲ့ အဖေ။ ကျနော်
မယုံဘူးဆိုပြီး လူကလေးဟာ အဖေပြောနေတာတွေကို အတင်းရပ်ခိုင်းတာပဲ။ သစာ
တကား လေးပါးအကြောင်း စလိုက်ရုံရှိသေးတယ်။ ဒါတွေကို မပြောနဲ့ အဖေ။
ကျနော်ဒါတွေကို မယုံဘူးဆိုပြီး လူကလေးဟာ အဖေပြောနေတာကို
အတင်းရပ်ခိုင်းတာပဲ။ ထိုင်နေရာက တခြားကို ဇွတ်အတင်း ထချင်ထသွားတာပဲ။
တခါမှ နားမထောင်ဘူး။အဲဒါကြောင့် အခုလို လူကလေးက အဖေ့ကို လာမေးတဲ့အခါ
အဖေ သိပ်ဝမ်းသာတာဘဲ။
ကျနော် ဟာ သိပ်ပြီးဆိုးတဲ့အကောင်ဘဲ အဖေ။ ဘုရားတရား သံဃာ
အပေါ်မှာလည်းဆိုးခဲ့တယ်။ မိဘအပေါ်မှာလည်းဆိုးခဲ့တယ်။ လူတွေအပေါ်မှာလည်း
ဆိုးခဲ့တယ်။ ဘဲကြက်ငှက်ငါးတွေအပေါ်မှာလည်း ဆိုးခဲ့တယ်။
သတ္တဝါတွေဟာ ကျွတ်ချိန်မတန်သေးရင်ဒီလိုပါဘဲ။ ဘယ်သူဟောလို့မှ မရဘူး။
အဲဒါကြောင့် မြတ်စွာဘုရားဟာ သတ္တဝါတဦးကို ချွတ်ချင် ပြီဆိုရင်
ကျွတ်ချိန်ရောက်အောင် စောင့်တယ်။ ဖေဖေတို့လူသာမာန် တွေ လို
အတင်းမလိုက်လာဘူး။
ဦးစံထွန်းဟာ သူ့သားမောင်နုကို ဘုရားခန်းခေါ်သွားပြီး။ ရုပ်ပွားတော်တွေရှေ့မှာ
ရှိရှိသေသေ အထိုင်ခိုင်းတ်ယ ထိခြင်းငါးပါးနဲ့ ရတနာသုံးပါးကို ကန်တော့ခိုင်းတယ်။
သြကာသနဲ့ ငါးပါးသီလကိုသူကိုယ်တိုင် ချပေးပြီး သူ့သားကို လုကိအဆိုခိုင်းတယ်။
အဲဒီနောက် တပည့်တော်သည် ပါရမီ ၁၀ပါး။ အပြား၃၀ကို ယနေ့မှစ
ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါ ဂမီဖြည့်ပါမည်ဟု ရိုသေလေးမြတ်စွာ
ရှိခိုးလျှောက်ထားပါသည် ဘုရား ။ ၊သို့ ပါရမီ ဖြည့်ရသော ကုသိုလ်အဟုန်ကြောင့်
တနေ့သောအခါတွင် ဘုရားစင်စစ် ဧကန်ဖြစ်ရပါလို၏ အရှင်ဘုရားလို့ ဦးစံထွန်းက
သူ့သားကို ဆုတောင်းခိုင်းတယ်။ အဲဒီနောက် သူ့သားအပေါ်မှာ  အပြစ်တွေ
စင်သွားအောင် သူ့ကိုလည်း ကန်တော့လို့ ဦးစံထွန်းက ပြောချင်တယ်။ ဒါပေမဲ့
သူသားမောင်နုဟာ ရှေးတုန်းကလို သူ့ ကို ကလန်ကဆန်လုပ်နေရင်
အပြစ်စင်ရမဲ့အစား ပိုဆိုးနေမှာကို မြင်တဲ့အတွက် ဦးစံထွန်းဟာ ဘာမှ မပြောဘဲ
ကြမ်းပြင်ကို စိုက်ကြည့်နေတယ်။ မောင်နုဟာ သူ့အဖေဘက်လှည့်ပြီး
ကန်တော့တဲ့အခါ ဦးစံထွန်းဟာ သိပ်ဝမ်းသာတဲ့အတွက် ဖျုံးကနဲ ဆုမပေးနိုင်သေးဘူး။
ဝမ်းသာတဲ့ မျက်ရည်တွေ တတွေတွေကျနေတယ်။

အခန်း ၇

ဘုရားဆုပန်လိုက်တဲ့အတွက် မောင်နုဟာ တနေ့သောအခါ ဘုရားဖြစ်မယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး ဘုရားဖြစ်ဘို့ဆိုတာ မပြောထားနဲ့။ ဘုရားတဆူဆူရဲ့ ဗျာဒိတ်ပေးတာကို ခံရပြီး ဘုရားလောင်း ဖြစ်လာဘို့ဆိုတာတောင် မလွယ်ဘူး။ မောင်နုဟာ သူ့အဖေပြောတာကို ကြားရပြီး ဗျုံးကနဲဖြစ်ပေါ်လာတဲ့ သဒ္ဒါတရားနဲ့ ဗျုံးကနဲ ဆုတောင်းလိုက်ခြင်းသာဖြစ်တယ်။ ဘုရားတဆူ ဖြစ်ဘို့ ကျင့်ရမဲ့ အချိန်ကာလကြီးကို ပိုပိုပြီးသိလာတဲ့အခါ အဲဒီအချိန်ကာလကြီးအတွင်းမှာ မရှောင်မလွှဲသာဘဲတွေ့ရမဲ့။ အိုနာသေကွဲ အစရှိတဲ့ သံသရာ ဝဋ်ဆင်းရဲတွေအကြောင်း ကို ပိုပိုပြီးစဉ်းစားလာမိတဲ့အခါ မောင်နုဟာ ဘုရားအဖြစ်ကျင့်ရမှာကို ကြောက်လာတယ်။ မောင်နုလိုပဲ ဘုရား ဆုတောင်းခဲ့ပေမဲ့ သံသရာဝဋ် ဆင်းရဲတွေကို ကြောက်လာကြတဲ့အတွက် ဘုရားဆုကို စွန့်ပြီး ဒီဘဝမှာဘဲ တမဂ် တဖိုလ်ရအောင် ကျင့်သွားကြတဲ့ ပုဂ္ဂိုလ်တွေ ဒုနဲ့ဒေးဘဲ။ အဲဒီတော့ သံသရာ ဝဋ်ဆင်းရဲ တွေကို ကြောက်စ ပြုလာတဲ့ မောင်နုဟာ သူ့ဘုရားဆုကို စွန့်။ ဒီဘဝမှာဘဲ တမဂ်တဖိုလ် ရအောင် အားထုတ်ပြီး ပကတိသာဝကအဖြစ်နဲ့ဘဲ ဇာတ်မသိမ်းပါဘူးဆိုတာလည်း ဘယ်သူမှ မပြောနိုင်ဘူး။
ဒါပေမဲ့ ဘုရားဆု ပန်လိုက်တာကြောင့် သူ့အတွက်အများကြီးကောင်းသွားတယ်ဆိုတာ တော့ ပြောနိုင်တယ်။ ဘယ်လိုကောင်းသွားတယ်ဆိုတာ တခုစီရှင်းပြပါရစေ။ ခပ်လွယ်လွယ်နဲ့ သတ်ဖြတ်လေ့ရှိတဲ့ တိရိစ္ဆာန်တွေ အပေါ်မှာ သူဘယ်လိုစိတ်ပြောင်းသွားတယ်ဆိုတာ ရှေးဦးစွာကြည့်ရအောင်။
ဘုရားဆုပန်ပြီးတဲ့နောက် ညဘက်မှာ အိပ်ယာဝင်တဲ့အခါ သူခတ်ခဲ့ဘူးတာ တွေထဲက ကြက်နှစ်ကောင်ကို မောင်နု ထူးထူးခြားခြား မြင်နေတယ်။ တကောင်က ကြက်ဖ။ နောက်တကောင်က ကြက်မ ဖြစ်နေတယ်။ ကြက်ဖဟာ သူ့အိမ်အောက်ကို ဝင်လာတဲ့အခါ မောင်နုဟာ ကျော့ကွင်းနဲ့ထောင်ပြီး ဖမ်းတယ်။ ပြီးတော့မှ အိမ်အောက်က တိုင်တတိုင်မှာ တုပ်။ ခေါင်းကို ဒုတ်တချောင်းနဲ့ ရိုက်ပြီး တဖြေးဖြေးသတ်တယ်။ သေတော့မှ ပန်းရိုကို အချက်ခိုင်းပြီး သူတို့နှစ်ယောက်စားကြတယ်။ ကြက်မကို တော့ ဒေါ်သေးသေးရဲ့ ဇရပ် နားမှာ သူ့ခလေးတွေနဲ့က အစာရှာစားနေတုန်း မောင်နုဟာ အုတ်ခဲကျိုးတခုနဲ့ ပစ်သတ်ခဲ့တယ်။ အဲဒီကြက်မကိုတော့ သူမစားလိုက်ရဘူး။ သူ့အိမ်ခဏပြန်နေတုန်း သူ့သူငယ်ချင်းတွေဟာ တန်ဆောင်းတော်ကြီး အဝက အိမ်တအိမ်မှာ ချက်စားပစ်လိုက်ကြတယ်။
ဒီကြက်ဖနဲ့ ကြက်မကို တစိမ့်စိမ့်မြင်ပြီး သူမှားလေခြင်းလို့ မောင်နု အကြီးအကျယ် သံဝေဂရတယ်။ ဒီကြက်တွေကို သနားလာပြီး မောင်နုဟာ ငိုချင်သလိုလို ဖြစ်လာတယ်။ ဒါ့ထက် ကြီးကျယ်တဲ့ အနိုင်ကျင့်မှု ဟာ ရှိသေးသလားလို့

သူ့ကိုယ်သူမေးပြီး သူ့ကိုယ်သူ ဒေါသဖြစ်နေတယ်။ သူ့ပါးကို သုံးလေးချက်လောက် တအား ရိုက်လိုက်တော့မှပဲ ဒီဒေါသတွေပြေသွားတယ်။ ခနလောက်ကြာတဲ့အခါ ဘဲကြက်ငှက်တွေကို ပစ်ဘို့အတွက် သူအမြတ်တနိုးဆောင်ထားတဲ့ သရေဂွတွေ။ လောက်စာလုံးတွေနဲ့ လေသေနတ်တွေကို သူပြေးပြီးသတိရတယ်။ အဲဒါကြောင့် နောက်နေ့အထိ အကြွေးမထားဘဲ အိပ်ယာကထပြီး အဲဒီလက်နက်တွေဆီ ဆင်းသွားတယ်။ အဲဒီအချိန်ဆိုရင် သန်းခေါင်ကျော် တချက်တီးလောက် ရှိနေပြီ။ မောင်နုဟာ သူ့သရေဂွတွေကို ဒါးနဲ့ခုတ်။ လောက်စာလုံးတွေကို လွှင့်ပစ်။ လေသေနတ်ကိုလည်း တပိုင်းစီ ဖြုတ်နိုင်သမျှ ဖြုတ်ပြီးလွှင့်ပစ်။ အဲဒီလိုအားရအောင် လုပ်ပြီးတော့မှ  သူ့အိပ်ယာထဲကို ပြန်တယ်။ မနက်လင်းအားကြီးလောက်ကျမှ မောင်နုအိပ် ပျော်သွားတယ်။

ဘဲကြက်ငှက်ငါးတွေကိုနိုင်ထက်စီးနင်း သတ်ဖြတ်ခဲ့ဘူးတဲ မောင်နုရဲ့ စိတ်ထဲမှာ တိရိစ၊တွေနဲ့ ပတ်သက်ပြီး ထူးထူးခြားခြား ပေါ်လာပြန်တယ်။ မောင်နုဟာ ထမင်းစားပွဲမှာ ဟင်းခွက်တွေကို မြင်လိုက်တာနဲ့ တပြိုင်နက် သူသတ်ခဲ့တဲ့ ကြက်ဖနဲ့ ကြက်မ ဟာ မျက်ရည်တွေကျပြီး ငိုနေတာ သူ့မျက်စိထဲမှာ ပေါ်လာတယ်။ အဲဒီလို ပေါ် လာရင် အသားဟင်းကို မောင်နုစားလို့မရဘူး။ ဒီလိုပေါ်လာတာ လေးငါးရက် ကြာတဲ့အခါ ကြာတယ်။ တခါတခါ ၂လ၃လ ကြာတယ်။ တခါတခါ ၂နှစ် ၃နှစ်ကြာတယ်။ ဒိလိုပေါ်နေတဲ့ အတောအတွင်းမှာ ဆိုလို့ရှိရင် မောင်နုဟာ အသားကို နဲနဲမှ စားလို့မရတော့ဘူး။ တခါတခါ အလုပ်ကများ ။ အစားကနည်းပြီး အားတွေလျော့ ။ မျက်စိတွေမှုန် ။ ခေါင်းတွေအုံနေတဲ့အတွက် ဆရာဝန်တွေက အသားစားဘို့တိုက်တွန်းတာတောင် မောင်နုဟာ စားလို့မရဘူး အတော်ကလေးကြာလာပြန်တဲ့အခါ တိရိစ္ဆာန်တွေပေါ်မှာ မောင်နု ရဲ့ စိတ်ပြောင်းလဲမှု တခု ထပ်တိုးလာတယ်။ အဲဒါကဒီလို။ တိရိစ္ဆာန်တွေကို မနင်းမိအောင်ဆိုပြီး လမ်းလျှောက်တဲ့အခါ မောင်နုဟာ ခေါင်းမော့မလျှောက်ပဲ လမ်းကို ကြည့်လျှောက်တယ်။ အဲဒီအကျင့်ဟာ နှစ်တွေနဲ့ချီပြီး ကြာလာတဲ့အခါ မောင်နုဟာ လမ်းလျှောက်ရင် သူ့ခေါင်းဟာ အောက်စိုက်နေတာကို တွေ့ရမယ်။ မောင်နုဟာ ခေါင်းမော့ရင် ခဏတဖြုတ် လောက်ပဲ၇တယ်။ မကြာခင်ခေါင်းပြန်စိုက်သွားတာပဲ။ ဘယ်လိုပြင်ပြင် ပြင်လို့မရတော့ဘူး။

နောက်အတော်လေးကြာလာတဲ့အခါ ရေထဲကျနေတဲ့ ပင့်ကူအိမ်မှာ မိနေတဲ့ တနည်းနည်းနဲ့ ဒုတ်ခ ရောက်နေတဲ့ ပိုးမွှားတရိစာ၊န်တွေကို ကယ်ရတဲ့အလုပ်ကို အလုပ်ကြီးတခုအနေနဲ့ မောင်နု လျှောက်လုပ်နေပြန်တယ်။ ဒီအလုပ်မျိုးဟာ အခြားလူတွေမှာ အသေးအဖွဲ့ဖြစ်နေပေမယ့် မောင်နုမှာတော့ အသေးအဖွဲ့မဟုတ်ဘူး။ အလုပ်ကြီးတလုပ်ဖြစ်နေတယ်။

သတ်တာပြောပြီးလို့ ခိုးတာကို ဆက်ပြီး ပြော၇ဦးမယ်။ ပစ်စည်း တခုဟာ ကြီးတာ ငယ်တာ အဖိုးတန်တာ မတန်တာ ပဓာန မဟုတ်ဘူး။ ပိုင်ရှင်မပေးဘဲ ယူမိရင်

ခိုးတာဘဲလို့ သူ့အဖေ ပြောတာကို
မောင်နုကောင်းကောင်းမှတ်မိထားတယ်။အဲဒီလိုမှတ်မိထားတဲ့အတွက်
သူတပါးပစ်စည်းနဲ့ ပတ်သက်လာရင် မောင်နုဟာ အထူးသတိထားတယ် ရံဖန်ရံခါ
မောင်နုဟာ သူငယ်ချင်းတွေနဲ့အတူ သရက်ခြံတွေ  မာလကာ ခြံတွေ
ဥယျာဉ်တွေထဲကို ရောက်သွားဖူးတယ်။ သူ့သူငယ်ချင်းတွေမှာ ခိုးချင်တဲ့ ရည်ရွယ်ချက်
ရှိမယ်မထင်ပါဘူး။ ဒါပေမဲ့ အပျော်အပါးအနေနဲ့ ပိုင်ရှင်ကိုမပန်ကြားပဲ
ကျောင်းထိုင်ဘုန်းကြီးကိုမပန်ကြားပဲ မရမ်းသီးတို့ ။ မာလကာသီးတို့ ။
သရက်သီးတို့ ပန်းတို့ကို ပစ်ချလေ့ အပင်ပေတက်ပြီး ခူးလေ့
အကိုင်းချိုးလေ့ရှိကြတယ်။ မောင်နုလည်း စိတ်ထဲကတော့ ဒါမျိုးတွေကို
သူ့သူငယ်ချင်းတွေနဲ့ အပျော်အပါးဆိုပြီး လုပ်ချင်တယ်။ ဒါပေမဲ့ မလုပ်ဘူး။
သူ့စိတ်နဲက ကိုယ်ကိုထိန်းထားတယ် ပိုင်ရှင်ဆီက ခွင့်ရပြီးမှ လုပ်တယ်။
နောက်ပြီးတော့လည်း အသေးအဖွဲ တခုကို ပြောရဦးမယ်။ ထမင်းဆိုင်တွေ။
ခေါက်ဆွဲဆိုင်တွေ။ မှာ သွားကြားထိုးတံတွေကို ခွက်ကလေးထဲမှာ ထည့်ပြီး
စားပွဲခုံတွေပေါ်မှာ တင်ထားလေ့ရှိတယ်။ ဒီသွားကြားထိုးတံ တွေ ဟာ
အမှန်စင်စစ်တော့ ဘုံပစ်စည်း တမျိုးပါပဲ။ ထမင်းတို့ ။ ခေါက်ဆွဲတို့ကို
ဝယ်စားသူမှန်ရင် ဘယ်သူမဆို ဒီအတံကလေးတွေကို
သုံးလေးချောင်းလောက်ယူနိုင်ပါတယ်။ ဆိုင်ရှင်ဆီမှာခွင့်တောင်းနေဘို့မလိုပါဘူး။
ဒါပေမဲ့ မောင်နုကတော့ ဆိုင်ရှင်ဆီမှာဖြစ်စေ။ ဆိုင်နဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်
တဦးဦးဆီမှာဖြစ်စေ ခွင့်တောင်းပြီးမှ ယူလေ့ရှိတယ်။

ဆောရီးခင်ဗျာ။ ကျနော်ဝင်းအင်းဝ နဲ့ရိုက်ရတာ လက်မသွက်လို့ပါ။နောက် ရှော့ကတ်
ကီးတွေကို သေသေချာချာ မရတော့ တချို့ စာလုံးတွေ မှားနိုင်ကောင်းပါတယ်။
နားလည်ပေးစေချင်လို့ပါ။

တိရိစ္ဆာန်နဲ့ သူတပါး ပစ္စည်း အပေါ်မှာ သူ့စိတ်တွေ ပြောင်းလာတာ မြင်ရတဲ့အခါ
သူ့အဖေ ပြောဖူးတဲ့ ဇမ္ဗူက အကြောင်းကို မောင်နု ပြေးပြီးသတိရတယ်။ ဇမ္ဗူကဟာ
ရှေးဘဝတုန်းက ရဟန္တာတပါးကို စော်ကားခဲ့ဖူးတဲ့အတွက် သူသေတဲ့အခါ
ငရဲကျတယ်။ ငရဲ ကလွတ်လာတဲ့အခါ အဲဒီစော်ကားခဲ့တဲ့
အကုသိုလ်ကံကြွင်းတွေကြောင့် အစာကောင်းကို စားလို့မရဘူး။ ချီးကို စားနေရတယ်၊
အဝတ်ဝတ်လို့ လည်းမရဘူး။ ကိုယ်တုံးလုံးချွတ်နေရတယ်၊ ဒါပေမဲ့ လူတွေနဲ့
တွေ့ရတော့မယ် ဆိုရင်သူဟာ ပါးစပ်ကို အမြဲတမ်းဟထားတယ်။ မှီစရာတခုခုကို
မှီပြီးသူ့ခြေတဘက်ကို တခြားခြေတဘက်ပေါ် ကွေးပြီးတင်ထားလေ့ရှိတယ်။
လူတွေက မေးတဲ့အခါ သူဟာ သူတော်ကောင်းပါလို့ လိမ်ချင်တဲ့အတွက် သူဟာ

တခြားအစာကို မစားဘူး။ လေကိုသာ စားတယ်။ သူ့အကျင့်ဟာ အင်မတန်
ပြင်းထန်တဲ့အတွက် သူဟာ အဝတ်ဝတ်လို့ မရဘူး။
ကိုယ်တုံးလုံးချွတ်နေရတယ်။သူ့တန်ခိုးဟာ အင်မတန် ကြီးတဲ့အတွက်
သူ့ခြေနှစ်ဘက်စလုံးကို တပြိုင်တဲ မြေပေါ်မှာ ချထားလို့မရဘူး။ ချထားရင်
းကမ္ဘာကြီး ပျက်သွားလိမ့်မယ်လို့ မသိနားမလည်တဲ့ လူတွေကို ကြောင်သူတော်
ဇဗ္ဗုက က လိမ့်လေ့ရှိတယ်။ ဒီဇဗ္ဗုကဟာ တနေ့မှာ ကျတော့ မြတ်စွာဘုရားနဲ့တွေ့။
အကျွတ်တရားရပြီး ရဟန္တာဖြစ်သွားတယ်။ မောင်နုဟာ ဆိုင်ရှင်သို့မဟုတ်ဆိုင်နဲ့
ပတ်သက်တဲ့ လူတွေဆီမှာ ခွင့်တောင်းပြီးမှ သွားကြားထိုးတံလေးတွေကို ယူတိုင်း။
ယူတိုင်း ပိုးမွှားကလေးတွေကို မနင်းမိအောင် လမ်းကို
ကြည့်ပြီးလျှောက်တိုင်းလျှောက်တိုင်း အလုပ်ကြီးတလုပ်အဖြစ်နဲ့ ပိုးမွှားကလေးတွေကို
ကျရောက်နေတဲ့ ဘေးဒုက်ခ တွေက ကယ်တိုင်း ကယ်တိုင်း ဒီကောင်ဟာ
သူတော်ကောင်းလို့ ပတ်ဝန်းကျင်က အထင်ခံရအောင် ကြောင်သူတော် ဇမ္ဗုကလို
သိပ်ဟန်လုပ်နေတာပဲ။ ပလီစေ့ ခြောက်ချက် တွေ သိပ်များနေတာပဲလို့ သူ့စိတ်ရဲ့
ပြောင်းလဲမှုတွေကို မသိတဲ့ လူတွေက သူ့အပေါ်မှာ အထင်မှားမယ် ဆိုရင် မှားနိုင်စရာ
အကြောင်းရှိတယ်။ ဆိုတာကိုတွေးပြီး သူ့ဟာသူ မကြာခဏ ပြုံးမိတယ်။
ကောလိပ်ကျောင်းကို မပြန်ခင် လေးငါးရက်လောက်အလိုမှာ မောင်နုဟာ သူ့အဖေကို
မေးခွန်းတခုလောက် မေးချင်တယ် လို့ပြောတယ်။ သူ့အဖေက မေးခွင့်ပြုတဲ့အခါ
ဖာသယ်တွေဆီကို သွားပြီးပျော်ပါးတာဟာ ငရဲကြီးသလားလို့မေးတယ်။
လူကလေးကိုယ်တိုင် ဘယ်လိုထင်သလဲ။ လူကလေးထင်တာကို
အရင်ပြောစမ်းပါဦးလို့ သူ့အဖေက ပြန်ပြောတယ်။ ပြည့်တန်ဆာမနဲ့က သွားတာဟာ
သတ်မှတ်ထားတဲ့အတိုင်း ငွေပေးပြီး သွားလတာဖြစ်တဲ့အတွက် ဒီလိုသွားလာတဲ့
ကိတ်စမှာ အနိုင်ကျင့်မှုလည်းမပါ။ မတရားမှုလည်းမပါ။ မိန်းမတဦးရဲ့ ကာအိန္ဒြေကို
ဖျက်ဆီးမှုလည်းမပါ။ နောက်ပြီးတော့လည်း မေထုန်မှိုဝဲတာဟာ ရှက်စရာ ကိတ်စ
မဟုတ်ဘူး ။ သူယုတ်မာဆိုတဲ့ လူတွေလည်း မှီဝဲတာပဲ။ သူတော်ကောင်း
ဆိုသူတွေလည်း မှီဝဲတာပဲ။ နတ်တွေလည်းမှီဝဲတာပဲ၊ အဲဒါကြောင့် လူဇော နတ်ပါ။
မြိန်ရည်ရှက်ရည် အားပါးတရ လုပ်နေကြတဲ့အလုပ်ကို ပြည့်တန်ဆာမတွေဆီမှာ သူ
တောင်းတဲ့အတိုင်းပေးပြီးလုပ်တာဟာ ငရဲမကြီးဘူးလို့ မောင်နုကဖြေတယ်။
ပြည့်တန်ဆာအလုပ်ကို ဒီလို လွယ်လွယ်နဲ့ ကြည့်လို့မရဘူး။ လို့ အစချီပြီး
ဖခင်ဦးစံထွန်းဟာသူ့သားကို ဒီလိုပြောတယ်။ လူကလေးမင်းဟာ မိန်းမမယူပဲ
မနေနိုင်ဘူးဆိုရင် အဖေကို ဖွင့်ပြော။ သင့်တော်တဲ့ဟာကလေး တဦးဦးနဲ့
မင်းကျောင်းကို မပြန်ခင် အဖေ ပေးစားမယ် ဒီပြည့်တန်ဆာမဆီ မသွားနဲ့။
ပြည့်တန်ဆာမဆီက ရောဂါရရင် မင်းရဲ့သားစဉ် မြေးဆက်။ အကုန်လုံး ဒုတ်ခ
ရောက်ကုန်မယ်လို့ပြောပြီး ငါ့သား ဒီကာလသား ရောဂါ တခါမှ
မရဘူးသေးဘူးလားလို့။ ဦးစံထွန်းက မေးတယ်။ ရဖူးညပီ နှစ်ခါတောင် ရှိပြီလို့

မောင်နု က ဖြေတယ်။ အဲဒါကို အမြစ်ပြတ်အောင် ကုပစ် မကုရင်
မင့်သားစဉ်မြေးဆက် ဒုတ်ခကျောက်လိမ့်မယ်လို့ ဦးစံထွန်းက သတိပေးတယ်။ ဟုတ်ကဲ့
ကုပစ်ပါ့မယ် လို့ မောင်နုကကတိပြန်ပေးတယ်။
လူကလေးရေး အခုအဖေပြောခဲ့တာဟာ လောကီမျက်စိနဲ့ ကြည့်ပြီးပြောတာ
ပြည့်တန်ဆာကိတ်စကို ဘာသာရေးမျက်စိနဲ့က ကြည့်လိုက်ကြဦးစို့။
ပြည့်တန်ဆာအိမ်မှာ တွေ့ရတဲ့ မိန်းခလေးတွေထဲမှာ စိတ်တူသဘောတူ၊
ကြည်ကြည်ဖြူဖြူ ရောက်လာကြတဲ့ မိန်းခလေးတွေလည်း ရှိမယ်။တချို့ကျတော့
ဒီပြည့်တန်ဆာ အိမ်တွေကို ကြည်ကြည်ဖြူဖြူနဲ့ ရောက်လာကြတာ မဟုတ်ဘူး။
အလုပ်ပေးမယ် ။ အဝတ်အထည် လက်ဝတ်လက်စားပေးမယ် ရန်ကုန်မှာ
လျှောက်လည်ရမယ် ရုပ်ရှင်ကောင်းကောင်းကြည့်ရမယ် လို့ ပြည့်တန်ဆာ ပွဲစား
တွေက တပတ်ရိုက်တာကို ယုံကြည်ပြီး တောရွာတွေက ရန်ကုန်ကို
လိုက်လာကြသူတွေဖြစ်တယ် ရန်ကုန် ကို ရောက်လာတော့မှ ဒီခလေးမလေးတွေကို
ပြည့်တန်ဆာခေါင်းတွေဆီမှာ ရောင်းစားလိုက် တာဖြစ်တယ်။ ခေါင်းတွေဟာ
ဒီခလေးမကလေးတွေကို အစာငတ်ထားတယ်။ ညိုမဲနေအောင် ရိုက်နှက်ထားတယ်။
လက်နက်မျိုးစုံပြပြီး ခြိမ်းခြောက်ထားတယ်။ အဲဒါကြောင့် ဒီမိန်းကလေးတွေဟာ
ဖိန့်ဖိန့် တုန်အောင် ကြောက်ပြီး ဘယ်သူ့ကိုမှ  မတိုင်ရဲကြဘူး။
ဒီပြည့်တန်ဆာမအိမ်တွေမှာ တွေ့ရတဲ့ တချို့မိန်းမတွေကတော့
အမြဲတမ်းသမားတွေမဟုတ်ဘူး။ နယ်တွေက ။ ရန်ကုန်ကို ပစ်စည်းဝယ်ရအောင်
လည်ရပတ်ရအောင် တက်လာကြသူတွေဖြစ်တယ်။ လည်ပတ်ဝယ်ခြမ်း ပြီးတဲ့အခါ
အပြန်အတွက် ခရီးစရိတ် လိုနေတတယ်ရန်ကုန်က အထူးအဆန်းပစ်စည်းလေးတွေကို
လည်းနဲနဲပါးပါး ဝယ်သွားချင်သေးတယ်။ အဲဒါကြောင့် သူတို့ကိုယ်ကို
လေးငါးဆယ်ရက်လောက် ပြည့်တန်ဆာအိမ်တွေမှာ အပ်ပြီး ယာယိ
ပိုက်ဆံရှာသမားတွေဖြစ်တယ်၊ သူတို့ဟာ စိတ်တူကိုယ်တူ။ ကြည်ကြည်ဖြူဖြူ
ပိုက်ဆံရှာသူတွေဖြစ်တယ်လို့တော့ ဆိုနိုင်တယ်။ ဒါပေမဲ့ ဒီမိန်းမမျိုးတွေထဲမှာ
လင်ရှိမယားတွေများတယ်။
 နောက်ပြီးတော့ ရန်ကုန်မှာ တချို့ရှိသေးတယ်၊ အထင်ကရ
ပြည့်တန်ဆာအိမ်မျိုးမဟုတ်ဘူး။ အဲဒီအိမ်ပိုင်ရှင်တွေထဲမှာ တချို့က
လခစားလုပ်တယ်။ ။ တချို့က ပွဲစားလုပ်တယ်။ သူတို့အိမ်ဟာ ဂုဏ်သရေရှိ
အိမ်ကောင်းအိမ်သန့်လို့ပြနိုင်အောင် တင့်တင့်တယ်တယ်
အလုပ်အကိုင်တခုပြထားတယ်။ ဒါပေမဲ့သူတို့ရဲ့ လက်ထဲမှာ တိတ်တိတ်ပုန်း
စားရင်းသွင်းထားတဲ့ အမျိုးသမီးတွေရှိတယ်။ အဲဒီအမျိုးသမီးတွေထဲမှာ တချို့ကတော့
သာမန်အမျိုးသမီးတွေပါဘဲ။ အဝတ်ကောင်းကောင်းဝတ်ချင်တယ်။
လက်ဝတ်လက်စားကောင်းကောင်း ဝတ်ချင်တယ်။ ကောင်းကော်င်းသုံးချင်တယ်။
ရုပ်ရှင်ကောင်းကောင်းကြည့်ချင်တယ်။ အဲဓိလို ချင်ခြင်းမျိုးစုံ တွေက

တွန်းလှတ်တဲ့အတွက် တိတ်တိတ်ပုန်း စာရင်းသွင်းရတဲ့ဘဝကို ရောက်လာရသူလေးတွေဖြစ်တယ်။ တချို့ကျတော့ သာမာန်အမျိုးသမီးတွေမဟုတ်ဘူး။ သူတိုဟာ အထက်တန်းလွှာထဲက လင်တော်မောင်တွေက ကျကျနနဆင်ထားတဲ့ စိန်လက်ကောက်။ စိန်နားကပ်။ စိန်ဆွဲကြိုးအစရှိတဲ့ လက်ဝတ်လက်စားတွေကို မြင်းလောင်း ဖဲရိုက်ပစ်လိုက်တဲ့ အတွက် တနေရာမှာ အသုံးအဖြုန်းကြီးပစ်လိုက်တဲ့အတွက် ဒီလိုမှ လင်တော်မောင်တွေမသိခင် ပေါင်နှံထားတဲ့ လက်ဝတ်လက်စားတွေကို အချိန်မှီပြန်ရွေးနိုင်အောင် သူတို့လိုချင်နေတဲ့ စိန်အလုံးကြီးကြီးတွေကို ဝယ်ချင်တိုင်း ဝယ်နိုင်အောင် အခုလို တိတ်တိတ်ပုန်းဇာတ်သွင်းထားရသူတွေဖြစ်တယ်၊ သူတို့ကတော့ ကြေးကြီးတယ်။ ဗမာတွေသိပ်အနားမကပ်နိုင်ဘူး။ ကုလားသူဌေးတွေ။ တရုပ်သူဌေးတွေအတွက်သီးသန့် ကာမရာဂပွဲစားကြီးတွေ ပွဲကတော်တွေက ပွဲတော်ဆက်ရတယ်လို့ ဦးစံထွန်းက သူ့သားမောင်နုကို စိတ်ရှည်လက်ရှည် ရှင်းပြတယ်။

ဒီအချက်ဟာ မောင်နုအတွက် အသစ်အဆန်းတွေဖြစ်နေတယ်။ ပြည့်တန်ဆာနဲ့ပတ်သက်ပြီး သူ့မျက်လုံးတွေကို တအား ဖွင့်ပေးလိုက်သလို ဖြစ်သွားတယ်။ အဲဒါကြောင့် မောင်နုဟာ နဲနဲလောက်တွေစဉ်းစားနေတယ်။ တအောင့်လောက်ကြာတဲ့အခါ လင်ရှိမယားကို သွားလာမိရင် ဘာဖြစ်သလဲ အဖေ။ ငရဲကြီးသလားလို့ မောင်နုကမေးတယ်။ ကြီးတယ်။ လင်ရှိမယားကု ိသွားလာမိတဲ့လူဟာ သေရင် ငရဲမှာ နှစ်တွေအကြာကြီးခံရတယ်။ အဲဒီငရဲက လွတ်ပြီး ကုသိုလ်ကံအကျိုးပေးလို့ လူဖြစ်ရင် ယောကျ်ားပီပီသသ မဖြစ်နိုင်ဘူး။ နပုန်းပဏ္ဍုတ်တွေ ဘဝပေါင်းများစွာဖြစ်ရတယ်။ မိန်းမရှာတွေ ဘဝပေါင်းများစွာ ဖြစ်ရတယ်လို့ ဦးစံထွန်းက ဖြေတယ်။

နပုန်းပဏ္ဍုတ်ဆိုတာ ဘာလဲအဖေ။ အင်္ဂါဇာတ်အားဖြင့်တော့ ဒီနပုန်းပဏ္ဍုတ်တွေဟာ ယောကျ်ားပဲ။ ဒါပေမဲ့ ယောကျ်ားပီပီ သသ မဟုတ်ဘူး။ ယောကျ်ားအချင်းချင်းရဲ့ တန်ဆာကို စုတ်ရမှ၊ ယောကျ်ားအချင်းချင်းကာမစပ်ရှက်တာကို ခံရမှ မိန်းမတဦးဦးနဲ့ သွားလာလို့ရတယ်။ ဒီနပုန်းပဏ္ဍုတ်တွေဟာ ဒီလောက်အထိ ယုတ်ညံ့တယ်။

ကျနော် လင်ရှိမယားတယောက်ကို သွားလာခဲ့ဘူးတယ် အဖေ။

ဘယ်တုန်းကလည်း၊

ဟိုတနှစ်တုန်းက။ ကျနော်တို့ကို စပါးကျည်ဘက်ကမင်း ပို့ထားတာ ၊ အဖေမှတ်မိသလား။

အင်း။ မှတ်မိတယ်။

အဲဒီတုန်းကပဲ။

ဘယ်သူ့မိန်းမလဲ။

ဒီလူကိုတော့ ကျနော်မသိပါဘူး။ ခမြမှုနဲ့ထောင်ကျသွားတဲ့အတွက် ဦးလေးဝိုင်းကို

သူ့မိန်းမအပ်ပစ်ခဲ့တယ်။ ကျနော်က မိန်းမတယောက်ရှာပေးပါဆိုတော့ အဲဒိမိန်မကို ဦးလေးဝိုင်းခေါ်လာတာပဲ။
ဒိကောင်ဒီလိုလုပ်တာ ဘယ်ကောင်းမလဲ။ ငါ့စပါးကျီမှာ မနေရဘူး။
ဒါဦးလေးဝိုင်းအပြစ်မဟုတ်ဘူး။ ကျနော့အပြစ်ပဲ အဖေ။
မဟုတ်ပါဘူးကွာ။ ခလေးတွေမိုက်တိုင်း ဒီခွေးမသားက လိုက်မိုက်ရသလား။
ထားလိုက်ပါတော့ အဖေ။
ဒီကောင်ဒီလိုလုပ်တာ မကောင်းဘူးလူကလေး။ စောလှိုင် လာစမ်း။ ဘဝိုင်း ငါ့စပါးကျီမှာ မနေရဘူး။ အခုချက်ချင်းထွက်သွားလို့ သွားပြောစမ်း။
မလုပ်ပါနဲ့ အဖေ။ ဒါဟာ ကျနော့်အပြစ်ပါ။ သူ့အပြစ်မဟုတ်ဘူး။
ဟေ့စောလှိုင်သွားမပြောနဲ့ ထိုင်နေ၊
ဖခင်ဦးစံထွန်းဟာ ဒေါသတွေဖြစ်။ မျက်မှောင်ကြီးကြုတ်နေရာက ဗျုံးကနဲထပြီး အိမ်အပြင်ကို ထွက်သွားတယ်။ မောင်နုဟာ သူ့အဖေရဲ့ ခါးကို ဖက်ပြီး အဖေအပြင်ဘက်မသွားခင် ကျနော်မေးချင်တဲ့ မေးခွန်း တခု ကို ဖြေရမယ်လို့မောင်နုက ပြောတယ်။
ဘာမေးခွန်းလဲ။
ပြည့်တန်ဆာအိမ်မှာ မိန်းမတယောက်ကိုတွေ့တယ်ဆိုပါစို့။ အဲဒိမိန်းမမှာ လင်ရှိတယ်။ ဒါပေမဲ့သွားလာ သူက လင်ရှိမှန်းမသိဘူး။ အဲဒါကြောင့် သူတောင်းသလောက် ပိုက်ဆံပေးပြီးသွားလာမိတယ်။ ဒီလူငရဲကြီးမလား။
ကြီးတယ်။
မကြီးဘူး။ လင်နဲ့မှန်းသူမှ မသိဘဲ။
မင်းကို ငါ ဥပမာ တခုပြောမယ်။ ညမှောင်မဲကြီးထဲမှာ လမ်းလျှောက်သွားနေတုန်း လူတယောက်ကို မြွေပွေးကိုက်လိုက်တယ်။ အဲဒိလူက သူကိုက်တဲ့ မြွေကို ရေမြွေလို့ထင်နေတယ်။ အဲဒိလူ ဒီလိုထင်တာကြောင့် မြွေဆိပ်မတက်ဘဲနေ မလား။ ဒိမြွေပွေး အကိုက်ခံ ရတဲ့လူ မသေပဲနေမလား။
အဖေ ဥပမာ ကျနော် ကြိုက်တယ် ။သိတာ။ မသိတာ ပဓာနမဟုတ်ဘူး။ လင်ရှိမယားကို သွားလာရင် ငရဲကြီးမှာဘဲ၊ ကဲ ကျနော်မေးချင်တာတွေ မေးပြီးပြီ။ အဖေသွားချင်တဲ့ဆီသွားတော့ ဆိုပြီးမောင်နုဟာ ဖက်ထားတဲ့ သူ့လက်ကို သူ့အဖေခါးက ဖြေလိုက်တယ်။ ဒါပေမဲ့ ဇပ်ကနဲ ချက်ချင်းပြန်ဖက်ပြီး အဖေ ကိုယ့်သားမှားတဲ့ အမှားအတွက် ဦးလေးဝိုင်းကို အပြစ်ပေးတာ မတရားဘူး။ သူ့ကို စပါးကျီကနေ နှင်မပစ်ဘူးဆိုတာ အဖေ ဂတိပေးရမယ်။ ကတိမပေးရင် ဒီနေရာက ဘယ်မှ မသွားရဘူး။ ဆိုပြီး သူ့အဖေကို ခပ်တင်းတင်းဖက်ထားတယ်။ သူ့အဖေက အေးပါကွာ ။ နှင်မပစ်ပါဘူး။ လို့ကတိပေးတော့မှ သူ့အဖေခါးကို နှစ်ချက်သုံးချက်မွှေ့ပြီးလွှတ်လိုက်တယ်။
အဲဒိနေ့က သားအဖနှစ်ဦးရဲ့ ဆွေးနွေးပွဲဟာ မောင်နုအတွက်

အကျိုးအများကြီးရှိသွားတယ်။ အဲဒီအချိန်ကစပြီး မောင်နုဟာ
ပြည့်တန်ဆာနဲ့အဆက်သွယ် ပြတ်သွားတယ်။
 ဘုရားဆုပန်ပြီးကတည်းက မောင်နုရဲ့ စဉ်းစားချက်တွေထဲမှာ
ကိုယ်ကျင့်တရားအရေးကြီးပုံကိုစဉ်းစားချက်ဟာ အများကြီးပါလာတယ်။
ကိုယ်ကျင့်တရားဆိုတာအခြားမဟုတ်ဘူး။ ကိုယကလုပ်တာ။ နှုတ်ကပြောတာ။ စိတ်က
ကြံစည်စိတ်ကူးတာပါပဲ။ ကိုယ်က  မကောင်းတာလုပ် ။ နှုတ်က မကောင်းတာပြော၊
စိတ်က မကောင်းတာကြံစည် စိတ်ကူးတာဟာ မကောင်းတဲ့အကျင့်တရားပါဘဲ။
ကိုယ်က ကောင်းတာလုပ်။ နှုတ်က ကောင်းတာပြော။ စိတ်ကကောင်းတာကို
ကြံစည်စိတ်ကူးတာဟာ ကောင်းတဲ့ကိုယ်ကျင့်တရားဘဲ၊ အဲဒီလိုမောင်နု
သဘောပေါက်လာတယ်။ အဲဒါကြောင့် မောင်နုဟာ သူ့ကိုယ်က
မကောင်းတာမလုပ်အောင်။ သူတတ်နိုင်သလောက် ဆင်ခြင်ပြီးတဲ့နောက် သူ့နှုတ်က
မကောင်းတာ မပြော်အောင်လည်း အထူးဆင်ခြင်လာတာကိုတွေ့ရတယ်။
 လိမ်ပြောတာ၊ ဂုံးတိုက်ပေးတာ။ ကြမ်းကြမ်းတမ်းတမ်း ပြောတာ
သိမ်သိမ်ဖျင်းဖျင်းပြောတာဆိုပြီး မကောင်းပြောခြင်းလေးမျိုး ရှိတဲ့အထဲက လိမ်တာ။
ဂုံးတိုက်ပေးတာမျိုးတွေကိုတော့ မောင်နုဟာ ပြောတတ်ပုံ မပေါ်ဘူး။ ဒါပေမဲ့
ကြမ်းကြမ်းတမ်းတမ်းေ ပြာတာ သိမ်သိမ်ဖျင်းဖျင်းပြောတာတွေမှာတော့ မောင်နုဟာ
အတော်ဆိုးတယ်။ စကားပြောရင် မကြာခဏ တိုင်းဆဲအော် ငေါက်ပြီးပြောတတ်တယ်။
ဒါထက်ဆိုးတာကတော့ သိမ်သိမ်ဖျင်းဖျင်းပြောတပဲ။ အရပ်စကားနဲ့ေ ပြာရင်
မောင်နုဟာ  သိပ်ပြီး အရှုန်းပြောတတ်တယ်။ အဲဒီအရှုန်းတွေကို ပြောတဲ့အခါ အရူး
လိုပဲ။ ကိုယ်ရော လက်ရော၊ ခေါင်းရော၊ မျက်နှာထားရော သိပ်အိန္ဒြေမဲ့တာပဲ၊
အိန္ဒြေမဲ့လွန်းလို့ သူ့အမ ဝမ်းကွဲ မသိန်းတင်က မောင်နုမင်းဟာ ဇနုနဲ့သိပ်တူတာပဲ။
လို့ မကြာခဏသတိပေးရတယ်။ ဇနုဆိုတာ အရပ်ထဲမှာ လည်ပြီးတောင်းစားနေတဲ့
အရူးသူဟာ လေဖြတ်ခံထားရတဲ့အတွက် လမ်းလျှောက်ရင်
ခြေကားယားလက်ကားယားဖြစ်နေတယ်။ သူ့ပါးစပ်က ရွဲ့နေတယ်။ အဲဒါကြောင့်
ပါးစပ်ထဲကကွမ်းသွေးတွေဟာ သူ့မျက်ခွက်ကစပြီး တကိုယ်လုံးနံနေတာပဲ။ အဲဒီအထဲ
ရူးသွပ်သွပ်ဆိုတော့ မျက်နှာထားအမျိုးမျိုးလုပ်ပြီး မပီကလာ။ ပီကလာ
ပါးစပ်တွေ့ကရာ တွေလျှောက်ပြော။ တွေ့ကရာသီချင်းတွေ လျှောက်ဆိုနေတာ
တွေဟာ မြင်ရသူကြားရသူတိုင်း သနားစရာကြီးဖြစ်နေတယ်။
 ကိုယ်ကျင့်တရားရှိချင်တယ်ဆိုရင် ဒီလိုအရှုန်းတွေ။ အော်ကျယ်ဟစ်ကျယ်
ပြောပြီးလက်ကားယား။ ခြေကားယား နဲ့ အိန္ဒြေ၊ မဲ့မှုတွေကို လည်း ပြင်ပစ်ရမယ်လို့
မောင်နု စဉ်းစားမိတယ်။ အဲဒီလိုစဉ်းစားမိတဲ့အချိန်ကစပြီး မောငနုဟာ
စကားပြောတာလည်း အရင်ကထက် နည်းသွားတယ်။ ပြောချင်လာတိုင်းလည်း
မပြောဘူး။ ထိန်းထားတယ်။ ပြောပြန်ရန် ဂင်လည်း သူ့စကားတွေထဲမှာ အရှုန်း
တွေမပါအောင် ဒါမှမဟုတ်ရင်လည်း နည်းနိုင်သမျှ နည်းအောင် မောင်နု

အထူးသတိထားတယ်။ အဲဒီလို သတိထားနေတဲ့ အထဲက အရှုန်းတွေ ဟာ ပါသင့်တာထက် တစတစ ပိုပြီးပါလာနေတာကို သူသတိပြုမိရင် တခါတလေ စကားပြောနေတာကို ဖြုန်းကနဲ ရပ်ပစ်လိုက်တယ်။ ဆက်မပြောတော့ဘူး။ သူ့စကားတွေထဲမှာ ဒီအရှုန်းတွေ သိမ်ဖျင်းတာတွေ ဟာ ရာခိုင်နှုန်းအပြည့် စင်ကြယ်သွားပြီလို့တော့ မောင်နုဟာ အာမမခံနိုင်ပါဘူး။ ဒါပေမယ့် သူပြောရင် ရှေးတုန်ကလို အချုပ်အချယ် အဆီးအတား မရှိပဲ မပြောတော့ဘူး ။သူတတ်နိုင်သမျှ ထိမ်းတယ်ဆိုတာကို တော့ မောင်နုက အာမခံတယ်။

အရက်နဲ့ပတ်သက်ပြန်ရင်လည်း မောင်နုဟာ ဒီလို စဉ်းစားမိတယ်။ လူမှာ ဆင်ခြင်တုံတရားရှိတယ်၊ တိရိစာန်မှာ ဆင်ခြင်တုံတရားမရှိဘူး ။ လူနဲ့ တိရိစာန်ကွာခြားတာဟာ ဒါပဲ။ အရက်မူးလာရင် လူမှာဆင်ခြင်တုံတရားပြောက်သွားတယ်။ အဲဒီလို ဆင်ခြင်တုံတရားပျောက်နေတဲ့လူဟာ တိရိစာန် ဖြစ်သွားပြီး။ လူတယောက်အနေနဲ့ မပြောသင့်တာတွေ မလုပ်သင့်တာတွေကို အကုန်လျှောက်ပြော အကုန်လျှောက်လုပ်ပစ်တာပဲ။ အဲဒီတော့ အရက်သောက်တယ်ဆိုတာ တခြားဟာ မဟုတ်ဘူး။ လူစင်စစ်က တိရိစာန်ဖြစ်သွားအောင် လုပ်တာပဲလို့ မောင်နုယူဆလာတယ်။ မောင်နုဟာ အရက်သောက်တုန်းက သူကိုယ်တိုင်မူးနေတဲ့အတွက် အရက်မူးတာဟာဘယ်လောက် စောက်မြင့်ကပ်စရာကောင်းတယ်ဆိုတာ သူမသိခဲ့ဘူး။ သူအရက်ဖြတ်ပြီးတဲ့နောက် သူများမူးတာ ကို မြင်ရတော့မှ အရက်မူးနေတဲ့ လူတယောက်ဟာ ဘယ်လောက် စောက်မြင်ကပ်စရာ ကောင်းတယ်ဆိုတာ သူကောင်းကောင်းသဘောပေါက်တယ်။

တနေ့မှာတော့ အရက်ရဲ့ဆိုးဝါးပုံကို သဘောပေါက်အောင် သူ့အဖေက ပုံကလေးတပုဒ်ပြောပြတယ်။ အဲဒီပုံက ဒီလို။ တခါတုန်းက အင်မတန်ချစ်တဲ့ သူငယ်ချင်းနှစ်ယောက်ရှိတယ်။ ပထမသူငယ်ချင်းက ဒုတိယသူငယ်ချင်းကို လူသွားသတ်ရအောင် ဆွယ်တယ်။ ဒုတိယက သတ်တာမှာ ဝါသနာ မပါဘူးလို ပြောပြီးငြင်းတယ်။ အဲဒီတော့ ပထမက သွားခိုးရအောင်လို့ တိုက်တွန်းတွယ်။ အဲဒါမှာလည်း ဝါသနာမပါဘူးလို့ ဒုတိယကဖြေတယ်။ ဒီလိုဆိုရင် မိန်းကလေးတယောက်ကို သွားပြီး မုဒိန်းကျင့်ရအောင်လို့ ပထမက နပူနဆာလုပ်တယ်။ ဒါကိုလည်း မလုပ်ပါ ရစေနဲ့လို့ ဒုတိယက တောင်းပန်တယ်။ ဒါတွေကို မလုပ်ချင်ဘူးဆိုရင် သူ့ရဲ့ အမှုမှာ လိမ်ပြီးသက်သေ လိုက်ပေးပါ လို့ ပထမက အသနားခံပြန်တယ်။ ငါတသက်လုံး တခါမှ မလိမ်ဘူးဘူးကွယ်၊ လို့ ဒုတိယက ဖြေတယ်။ အဲဒီအခါ ပထမက သူငယ်ချင်းရယ်။ မင်းဟာ ငါ့အလိုကို တခုမှမလိုက်သေးဘူး။ အဲဒီတော့ ငါ့ကို ချစ်တယ်ဆိုရင် အရက် တခွက်လောက်တော့ သောက်ပါကွာ လို့ ပထမက ထပ်ပြီး ပြောတဲ့အခါကျတော့ ဒုတိယဟာ နည်းနည်း အားနာလာပြီး အရက်တခွက်သောက်လိုက်မိတယ်၊ မူးလာတာနဲ့ တခါတည်း

လူလည်းသတ်တာပဲ။ ခိုးလည်းခိုးတာပဲ။ မုဒိန်းလည်းကျင့်တာပဲ။
သက်သေလည်းလိမ်ထွက်တာပဲ။ အဲဒိပုံကလေး ကြားပြီးတဲ့အခါ အရက်မျိုးလာရင်
လူတွေမှာ ဆင်ခြင်တုံတရား ပျောက်ကွယ်သွားပြီး တိရစ္ဆာန်တွေ
ဖြစ်လာကြတယ်ဆိုတဲ့ ယူဆချက်ဟာ မောင်နုရဲ့စိတ်ထဲမှာ ပိုပြီးခိုင်မာလာတယ်။
အဲဒါကြောင့် ငါးနှစ်အတွင်းအရက်မသောက်ပါဘူး လို့ အဓိဋ္ဌာန်လုပ်ထားပေမယ့် ၇
နှစ်အထိ မောင်နုဟာ အရက်ကို တစက်မှ မသောက်ခဲ့ဘူး ။ ၇
နှစ်လွန်တဲ့အခါကျတော့ မောင်နုဟာ သုံးခွ အမျိုးသားကျောင်းမှာ ဆရာကြီးဖြစ်နေပြီ။
အဲဒီနှစ် နွေရာသီ ကျောင်းပိတ်တဲ့အခါ သုံးခွကျောင်းက ထွက်ပြီး ပန်းတနော်ကို
ပြန်ဖို့ သူ့ပစ္စည်းတွေကို သိမ်းနေတယ်။ သူ့ကိုလာပြီးကူ ညီနေကြတဲ့
တပည့်ကြီးတွေဟာ ပစ္စည်း တွေကို ထုတ်ပိုးပြီးတဲ့အခါ သူ့အိမ်နားက ကန်စောင်းမှာ
ထန်းရည်သောက်ချင်တယ်လို့ ပူဆာကြတယ်။ တပည့်တွေကို ထန်းရည် တိုက်ရင်း
မောင်နုလည်း နည်းနည်းသောက်တယ်။ ကွမ်းသီးနှစ်လုံးစာလောက်
သောက်ပြီးတဲ့အခါ မောင်နု ဆက်မသောက်တော့ဘူး။ သူကိုယ်သူ
ထိန်းထားလိုက်တယ်။ နောက်တနှစ် သင်္ကြန်ကျတဲ့အခါ မောင်နုဟာ ဝါးခယ်မ
ရောက်နေတယ်၊ သူနဲ့ သောက်ဖော်သောက်ဖက် အပေါင်းတွေက
ဝိုင်းပြီးတိုက်တွန်းကြတဲ့အတွက် သူတို့ကျေနပ်အောင် ဂျော်နီဝါးကားနဲ့ ဗင်နီလာ
ဖျော်ရည် ရောထားတဲ့ အဂ်ုက်ဖျော်ရည် လေးငါးဆယ်စက်
လောက်သောက်လိုက်တယ်။ အဲဒီအချိန်ကစပြီး မောင်နုကို ဘယ်သူမှ
အရက်တိုက်လို့မရတော့ဘူး။ မောင်နုကိုယ်တိုင်လည်း မသောက်တော့ဘူး။
ဘုရားဆုပန်လိုက်တာကြောင့် မောင်နုအတွက် အထူးကောင်းသွားတာက
တခုရှိသေးတယ် ၊ အဲဒါလေးကို လည်း ဒီနေရာမှာ ပြောရဦးမယ် မောင်နုကို ဘကြီး။
ကြီးတော်။ အမေ။ အဖေ ကစပြီး တအိမ်လုံးက သိပ်ချစ်တယ်။ သိပ်အလိုလိုက်တယ်။
သိပ်မြှောက်စားတယ်။ မောင်ဥဟာ မောင်နုရဲ့ အမိဝမ်းတွင်းက အူတုံဆင်းတဲ့
ညီရင်းဖြစ်ပေမဲ့ မောင်နုလို အချစ်မခံရဘူး။ အလိုလိုက်မခံရဘူး။
အမြှောက်စားမခံရဘူး။ ချစ်တာ အလိုလိုက်တာ။ မြှောက်စားတာကို အဲဒိလို မခံ
ရတဲ့အတွက် အသက်တော်တော်ကြီးတဲ့တိုင်အောင် မိဘတွေကို စိတ်နာပြီး မောင်ဥဟာ
အသက်အရွယ်အတော်ကြီးတဲ့အထိ မိဘတွေကို စိတ်နားစကား
မကြာခဏပြောလေ့ရှိတယ်။ မောင်နုဟာ အခုလိုချစ်တာ အလိုလိုက်တာ
မြှောက်စားတာကို အခွင့်ကောင်းယူပြီး မိဘတွေအိမ်သူအိမ်သားလူကြီးတွေကို
အပေါ်မှာ ရောင့်တက်တယ်။ အထူးသဖြင့် သူ့အဖေအပေါ်မှာ ရောင့်တက်တယ်။
သူ့အဖေကို မောင်နုဟာ မချစ်တာလည်း မဟုတ် သိပ်ချစ်တယ်။ ဒါပေမဲ့ သူအဖေဟာ
သူ့ကိုချစ်တာကြောင့် ရိုက်ဖို့ဆိုတာ ဝေးရော။ ကြိမ်လားမောင်းလား
တောင်လုပ်မှာမဟုတ်ဘူးဆိုတာကို မောင်နုသိနေတဲ့အတွက် အဖေကို
ဆက်ဆံတဲ့နေရာမှာ မောင်နုရဲ့ ဆက်ဆံပုံဟာ မောက်မာသလို ဖြစ်နေတယ်ပမာမခန့်

လုပ်သလို ဖြစ်နေတယ်။ မလေးစားသလို ဖြစ်နေတယ်၊ မရိုသေသလိုဖြစ်နေတယ်။ ဒါပေမဲ့ ဘုရားဆု ပန် ပြီးတဲ့အချိန်က စလို့ အဲဒီလိုဆက်ဆံတာမျိုးတွေဟာ သိသိသာသာကြီး ပြောင်းသွားတယ်။ မောင်နုဟာ ညဘက်မှာ အိမ်ကို ဘယ်အချိန်ပဲပြန်လာလာ။ သူ့အဖေနဲ့ အမေရဲ့ ကုတင်ခြေရင်းကိုသွား နှစ်ဦးစလုံးကို ရိုရိုသေသေ ကန်တော့ ပြီးမှ တခြားဟာကို လုပ်လေ့ရှိတယ်။ ဒီမျှမကသေးဘူး။ အိမ်မှာ ရှိတဲ့အခါ သူ့အဖေနဲ့ အမေကို နေ့စဉ်လိုလို နင်းနှိပ်ပေးတယ်။ အဖေနဲ့ အမေကသူ့သားကြီးပင်ပန်းမှာစိုးတဲ့အတွက် နေပါစေ။
မနင်းနှိပ်ပါနဲ့လိုတားတာတောင် မရဘူးမောင်နုဟာ အတင်းနင်းနှိပ်ပေးတာပဲ။ အဖေနဲ ဆက်ဆံတဲ့နေရာမှာ အင်မတန်ချစ်တဲ့ သူငယ်ချင်းတွေကို ပြောတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပြောတာပဲ။ ဘာမှ ချန်မထားဘူး။ ဒါပေမဲ့ ရှေးတုန်းကလို မခန့်လေးစား။ မထေမဲ့မြင် လုပ်တာ မျိုးတွေ ပါမလာတော့ဘူး။ သူ့အဖေ ဟောတဲ့တရားတွေဆိုရင်လည်း မောင်နုဟာ အများကြီး လေးလေးစားစားနာယူလာတယ်။
မောင်နုဟာ အခုပြောခဲ့တဲ့ ဒုစရိုက်တွေကို ပြန်ပြန်ပြီး စဉ်းစား စတုန်းကဆိုရင် ငယ်ရွယ်သူဆိုတာ ရူးတုန်း မိုက်တုန်း ပဲ။ ရူးတုန်း မိုက်တုန်းဆိုတော့ အကောင်းနဲ့အဆိုးကို ဘယ် မှာ ခွဲခြားနိုင်ဦးမလဲ ဆိုပြီး သူ့အပြစ်မှန်သမျှကို မောင်နုဟာ သူ့ငယ်ရွယ်မှု အပေါ် ပုံချလေ့ရှိတယ်။ နောက်ပြီးတော့လည်း ထမင်းချက်ပန်းရိက တိုက်တွန်းလို့ ကြက်တွေ ။ ငှက်တွေ သူသတ်ရတယ်။ အဲဒိပန်းရိ က သင်ပေးလို့ သူ့မိဘနဲ့ သူ့ဦးလေးတို့ရဲ့ငွေ ကျူလီယာ ကုလားရဲ့ ဘောလုံးနဲ့ မောင်းချဒါး တရုပ်ရဲ့ဘဲသားကင်၊ ကြက်သားကင်၊ ဝက်သားကင် အစရှိတာတွေကို သူခိုးရတာဖြစ်တယ်။ ဒီပန်းရိကပဲ သင်ပေးလို့ မှားယွင်းတဲ့ မေထုန်ကို သူကျင့်ခဲ့ရတယ်။ ပန်းရိတိုက်လို့ အရက် သောက်တတ်လာတယ်။ ဦးလေးဘဝိုင်းခေါ်လာလို့ လင်ရှိမယားတယောက်ကိုသူကျူးလွန် ခဲ့ရတယ်။ အစရှိသဖြင့် သူ့အပြစ်မှန်သမျှကို မောင်နုဟာ သူများတွေအပေါ်မှာ ပုံချလေ့ရှိတယ်။
ဒါပေမဲ့ သူ့ဟာသူ ။ သေသေချာချာပြန်ပြီး စဉ်းစားကြည့်တဲ့အခါ သူ့အပြစ်တွေကို သူများအပေါ်မှာ ဒီလိုပုံချတာဟာ သူရဲဘောနည်းတာလို့ ယူဆပြီး အဲဓိလို ပုံချတာကို ပဲ တစိမ့်စိမ့် ရွံ့မုန်းလာတယ်။
အဲဒါကြောင့်
၁။ ငါဟာ ကြက်တွေ ငှက်တွေ သတ်ခဲ့ဘူးတယ်။ ဒီမကောင်းမှုအတွက် ငါ့မှာ အပြစ်ရှိတယ်။ သူများအပေါ် အပြစ်လွှဲမချနဲ
၂၊ ငါဟာ ငွေ၊ပစ်စည်း အစားအသောက်တွေကို ခိုးခဲ့ဖူးတယ်။ ဒီမကောင်းမှုအတွက် ငါ့မှာ အပြစ်ရှိတယ်။ သူများအပေါ် အပြစ် မလွှဲချနဲ့။
၃၊ ငါဟာ မှားယွင်းတဲ့မေထုန် ကို ကျင့်ခဲ့ဘူးတယ်။ ဒီမကောင်းမှုအတွက် ငါ့မှာ အပြစ်ရှိတယ်။ သူများအပေါ် အပြစ် မလွှဲချနဲ့။

၄။ ငါဟာ အရက်ကို သောက်ခဲ့ဖူးတယ်၊ ဒီမကောင်းမှုအတွက် ငါ့မှာ အပြစ်ရှိတယ်။ သူများအပေါ် အပြစ် မလွှဲချနဲ့။
၅၊ ငါဟာ မိဘကို မရိုမသေ ဆက်ဆံဘူးတယ်။ ဒီမကောင်းမှုအတွက် ငါ့မှာ အပြစ်ရှိတယ်။ သူများအပေါ် အပြစ် မလွှဲချနဲ့။
အဲဒီစာ ၅ ပိုဒ်ကို သူ့ဒိုင်ယာယီစာအုပ်ထဲမှာ တရာ့ရှစ်ရက်တိုင်တိုင် နေ့စဉ်မှတ်တမ်းတင်ဘို့ မောင်နု ချက်ချင်း အဓိဋ္ဌာန်လုပ်လိုက်တယ်။ ဒီအဓိဋ္ဌာန် အောင်ပြီးတဲ့နောက် မောင်နုဟာ နောက်ထပ်နှစ်ကြိမ် တိုင်တိုင် ဒီအဓိဋ္ဌာန်ကို ဆက်ပြီးလုပ်လိုက်ပြန်သေးတယ်။
အခန်း ၈

၁၉၂၆ ခုနှစ်ဇွန်လထဲမှာ တက်ကသိုလ်ကို ပြန်ရောက်တော့ မောင်နုဟာ သူ့အဓိဋ္ဌာန်အတိုင်း အရက်ကို လုံးဝ မသောက်တော့ဘူး။ ၁၉၂၇ ခုနှစ် မတ်လ စာမေးပွဲမှာအိုင်အေ အောင်တယ်။ ဘယ်သူက ပြောပြော မောင်နုအနေနဲ့ကတော့ ဒိလိုအောင်တာဟာ သူ့ အဓိဋ္ဌာန်ကြောင့်ဘဲလို့ သဲသဲမဲမဲ စွဲစွဲမြဲမြဲယုံကြည်နေတယ်၊ လွန်ခဲ့တဲ့ နှစ်တုန်းက စာမေးပွဲကျတာဟာ အရက်သောက်လို့ ။ နောက်တနှစ်မှာ စာမေးပွဲအောင်တာဟာ အဓိဋ္ဌာန်လုပ်လို့ဆိုတဲ့အချက်တွေဟာ မှန်သလား။မှားသလား ဆိုတာကို မြတ်စွာဘုရားဘဲ အတိအကျ ဖြေတော်မူနိုင်မှာ ပဲ လူသာမန်တွေအနေနဲ့ကတော့ မိမိယုံကြည်ချင်ရာကို အရမ်းယုံကြည်ရတာပါဘဲ။ ဒါပေမဲ့ လွန်ခဲ့တဲ့ တနှစ်က မောင်နု စာမေးပွဲကျရတဲ့အတွက် အရက်သောက်ခဲ့တဲ့ အကုသိုလ်ကံတခုတည်းကိုသာ ဝကွက်ပြီး အပြစ်တင်လို့ မဖြစ်ဘူးထင်တယ်။ မောင်နုအသုံးမကျတာတွေကိုလည်း မောင်နု စာမေးပွဲကျရတဲ့အထဲမှာထည့်တွက်ရမယ်။
မောင်နုဟာ အိုင်အေမှာ လောဂျစ် ရှေးခတ်သမိုင်း။ ယခုခေတ်။ သမိုင်းဆိုတဲ့ ဘာသာသုံးရပ်ကို ယူတယ်။ ရှေးခေတ်သမိုင်းကို ဆရာဒေးဗစ်ဆိုသူက သင်ပြတယ်။ ဆရာဒေးဗစ်ဟာ ဗမာပြည်ပေါက် ။ မဒရာစီ လူမျိုး သူဟာ ရှေးခေတ်သမိုင်းစာအုပ် အစောင်စောင်က ကောက်နှုတ်ချက်တွေကို ထုတ်ပြီး သူ့တပည့်တွေအတွက် မှတ်စုတွေ အင်မတ်ကြိုးစားပြီးဂျေးတယ်၊ အဲဒီမှတ်စုတွေကို အတန်းထဲမှာ ဖတ်ပြတယ်။ တပည့်တွေက လိုက်ပြီး ရေးရတယ်။ ရေးတဲ့အခါ လုံးစေ့ပတ်စေ့ ရေးနိုင်အောင် အတိုချုပ်ပြီးရေးနည်းတွေကိုပါ စာရွက်ကလေးတွေရိုက်ပြီး တပည့်တွေကိုဝေထားတယ်။ ဥပမာ–အင်္ဂလိပ်လို (သဲယားဖိုး) ဆိုတဲ့ စကားအရှည်ကြီးဆိုရင် အပေါ်က အစက်တစက်။ အောက်က နှစ်စက်ရေးရတယ်။ (ဘီကော့စ်) ဆိုရင် အပေါ်က အစက်နှစ်စက်။ အောက်က တစ်စက်။ ရေး၇တယ်။ (စင်ကြူရီ)ဆိုရင် ၀ လုံးရေးရတယ်။ အခုလို အစရှိသဖြင့် လက်ရေးတိုရေးနည်းတွေကို သူသင်ပေးထားတယ်။ အခုလို ကြိုးစားပမ်းစား သင်ပေးထားတဲ့အတွက်

သူမေးခွန်းထုတ်တဲ့အခါ သူ့တပည့်တွေဟာ သူသင်ထားတဲ့အတိုင်းဖြေမှ သဘောကျတယ်။ မောင်နုကလည်း ကြိုက်သလို ဖြေချင်တယ်။အဲဒါကြောင့် သတင်းပတ်တိုင်း။ တကြိမ်ကျစီ။ ရှေးခေတ်သမိုင်းကို ဖြေရတဲ့အခါ ၁၀မှတ်ပေးတဲ့အနက် မောင်နုဟာ သူညတလှည့် တမှတ်တလှည့်လိုလို အမြဲရလေ့ရှိတယ်။
 စာမေးပွဲကြီးစစ်ခါနီးတဲ့အခါ ဆရာဒေးဗစ်က အဖြေစာအုပ်တွေကို ပြန်လိုချင်တဲ့ တပည့်တွေ မိမိတို့ရဲ့ လိပ်စာနဲ့ တံဆိပ်ခေါင်းကို အဲဒီအဖြေစာအုပ်တွေထဲ ထည့်ထားကြ။ အမှတ်ပေးပြီးဂင် အဲဒိစာအုပ်တွေကို စာတိုက်က ပြန်ပို့ပေးမယ်လို့ အတန်းထဲမှာကြေညာတယ်။ အဲဒီ ကြေညာချက်အရ မောင်နုဟာ သူ့အဖြေစာအုပ်ထဲမှာ လိပ်စာနဲ့ တံဆိပ်ခေါင်းထည့်လိုက်တယ်။ စာတိုက်က ရောက်လာလို့ သူ့အဖြေစာအုပ်ကို ဖွင့်ကြည့်တဲ့အခါ အမှတ်တရာပေးတဲ့အနက် မောင်နုဟာ တမှတ် ပဲရတယ်။ ဒါက ဒီလောက် မဆိုးသေးဘူး။ ဒီ တစ်မှတ်တောင် မင်းကို သနားလို့ ငါပေးတာဆိုတဲ့ စအုပ်အဖုံးပေါ်မှာ  ဆရာဒေးဗစ်ရေးထားတဲ့ မှတ်ချက် ကပိုဆိုးတယ်။
 နောက်နှစ်ကြတော့ ဆရာဒေးဗစ်ဟာ ဘာဖြစ်မှန်းမသိ။ သူ့အလုပ်က ထွက်သွားရရှာတယ်။ သူ့နေရာကို ဒေါက်တာ အက်စ်ပင်နယ်ဆိုသူရောက်လာတယ်။ ဒီအင်္ဂလိပ်က ဆရာတမျိုး။ ဆရာဒေးဗစ်လို မဟုတ်ဘူး။ သူ့မှတ်စုတွေကို ဖတ်ပြမဲ့အစား သူသင်ချင်တာကို နည်းနည်းပြောပြီး တပည့်တွေနဲ့ ဆွေးနွေးတယ်။ တပည့် တွေနဲ့ သူနဲ့ သဘောကွဲလွဲနေပေတဲ့ တချို့အချက်တွေကို သူမပစ်ပယ်ဘူး။ မင်းပြောတဲ့အချက်တွေဟာ စိတ်ဝင်စားစရာကောင်းတယ်လို့ ဆရာအက်စ်ပင်နယ်က ဝန်ခံတယ်။ သူ့လက်ထက်မှာတော့ တနင်္ဂနွေ တပတ်ကို တကြိမ်ကျစ် ဖြေ၇တဲ့ အတန်းတိုင်း မှာ ဆယ်မှတ်ပေးတဲ့အနက် မောင်နုဟာ မကြာခဏ ၇ မှတ်အထိ ရလေ့ရှိတယ်။ ငါးမှတ်လောက်ကို တခါမှ မလျော့ဘူး။
 မောင်နုဟာ အိုင်အေမှာသာသူဖြေချင်သလို ဖြေတာမဟုတ်ဘူး။ ဘီအေမှာလည်း ဒါမျိုးတွေ လုပ်သေးတယ်။ ဒေါက်တာ အက်စ်ပင်နယ်လို သဘောထားအင်မတန်ကြီးတဲ့ ဆရာတွေ ဝင်ပြီးကယ်လိုက်လို့ သူအောင်လာတာပဲ။ စာမေးပွဲကြီးမှာ ကျတော့မလို့ လက်တလုံးလောက်သာလိုတော့တယ်။ အဲဒါ ကလေးဟာ စိတ်ဝင်စားစရာ ကောင်းတယ် ထင်တဲ့အတွက် နည်းနည်းလောက် ပြောပြလိုက်ရဦးမယ်။
 ဘီအေမှာ မောင်နုဟာ အင်္ဂလိပ်စာ။ မြန်မာစာနဲ့ ဖီလောဆိုဖီကို ယူတယ်။ ဖီလောဖိုဖီမှာ ဆိုင်ကော်လော်ဂျီနဲ့ အက်သစ်ဆိုတဲ့ ဘာသာနှစ်ရပ်ရှိတယ်။ ဘီအေ ပထမနှစ်မှာ ဆိုင်ကော်လော်ဂျီကို ဒေါက်တာ ရော့စ်။ အက်သစ်ကို ဆရာဆောင်ဒါးတို့က သင်တယ်။ မောင်နု ဒုတိယနှစ်ကို ရောက်တဲ့အခါ ဒီအင်္ဂလိပ်ဆရာတွေ မရှိကြတော့ဘူး ပင်စင်ယူကုန်ကြပြီ။ သူတို့နေရာမှာ အိန္ဒိယက

ဆရာ မဖွန်ဒါးနဲ့ ဆရာ ဘင်နာဂျီတို့ရောက်လာတယ်။ ဆရာ မဖွန်းဒါးက ဆိုင်ကိုလိုဂျီသင်တယ်။ ဆရာ ဘင်နာဂျီက အက်သစ်သင်တယ်။ မောင်နုဟာ ဆိုင်ကိုလိုဂျီအတန်းမှာ အထစ်အငေါ့မရှိဘူး။ အက်သစ်အတန်းမှာ ဆကာဘင်နာဂျီနဲ့ မကြာခဏ အငြင်းအခုံဖြစ်တယ်။ ဆရာ ဘင်နာဂျီဟာ တမျိုးဘဲ။ ဒီလို အငြင်းအခုံလုပ်တဲ့အတွက် မောင်နုအပေါ်မှာ အာဃာတ မထားဘူး။ ပိုပြီးတော့တောင် မေတ္တာရှိသေးတယ်။ သူ့အတန်းမှာ တပည့်ငါးဦးရှိတဲ့အထဲက မောင်နုကို သူ့အိမ်မကြာခဏ ဖိတ်တယ်။ အစားအသောက်တွေ ကျွေးတယ်။ မောင်နု ကောင်းကောင်း မှတ်မိသေးတယ်။ ဆရာ ဘင်နာဂျီ ကြက်ဥနဲ့ ကြော်ထားတဲ့ ပေါင်မုန့်နဲ့ ကိုးကို ကုိသိပ်ကြိုက်တယ်။ သူ့အိမ်ကို မောင်နုသွားတိုင်း အဲဒါတွေကို မကြာခဏ ကျွေးလေ့ရှိတယ်။ အဲဒီလို ကျွေးပြီးတော့ အိန္ဒိယနိုင်ငံရေး။ ဗမာနိုင်ငံရေး တွေကို ဆွေးနွေးလေ့ရှိတယ်။ တခါတခါမှာတော့ မောင်နုရေး မင်းရဲ့ ယူဆချက်တွေကို ငါသဘောကျပါတယ်။ဒါပေမယ့် ဒီယူဆချက်တွေအတိုင်း စာမေးပွဲကြီးမှာ ဖြေရင် မင်းစာမေးပွဲကျလိမ့်မယ်။ စာမေးပွဲကြီးလုပ်ရင် နိုင်ငံခြားက ပရော်ဖက်ဆာ တဦးဦးကို ဖိတ်ပြီး အစစ်ဆေး ခိုင်းလိမ့်မယ်။ ငါကယ်နိုင်မှာမဟုတ်ဘူး လို့ မောင်နုကို ဆရာဘင်နာဂျီ သတိပေးတယ်။ ဒီလိုသတိပေးပေတဲ့ မရပါဘူး။ စာမေးပွဲကြီးလုပ်တဲ့အခါ အက်သစ်မှာ သင်တန်းစာအုပ်တွေ အတိုင်း မဖြေဘူး။ သူဖြေချင်သလို ဖြေတယ်။စာမေးပွဲစစ်ပြီးတာနဲ့ တပြိုင်နက် ဆရာဘင်နာဂျီဟာ မောင်နုရဲ့ အဖြေစာအုပ်ကို ကဗျာကယာယူဖတ်ပြီး ဒီကောင်ကျပြီလို့ ယူဆလိုက်တယ်။ အဲဒါကြောင့် တပည့်ကိုကယ်ဖို့ အတွက် မောင်နုကို သူ့အိမ်ဖိတ်ပြီး အက်သစ်စစ်ဖို့ နိုင်ငံခြားကရောက်လာတဲ့ ပရော်ဖက်ဆာနဲ့ မိတ်ဆက်ပေးတယ်။ အဲဒီ ပရော်ဖက်ဆာဟာ တခြားမဟုတ် တနေ့သော အခါ အိန္ဒိယနိုင်ငံရဲ့ သမတ ကြီးဖြစ်လာမဲ့ ဒေါက်တာ ဒါကရစ်ရှနန် ဖြစ်တယ်၊ ထိုင်ပြီး စကားပြောကြရင်း ဆရာဘင်နာဂျီက မောင်နုရဲ့ အယူအဆတွေက သင်တန်းစာအုပ်ထဲမှာ ပါတဲ့ အယူအဆတွေနဲ့တော့ မတူဘူး ။ ဒါပေမဲ့ စိတ်ဝင်စားစရာတော့ ကောင်းတယ်။ လို့ ပြောပြောဆိုဆို မောင်နုရဲ့ အဖြေစာအုပ်ကို သူ့စားပွဲခုံပေါ်က ယူပြီး ဒေါက်တာ ရာဒါခရစ်ရှနန် ရဲ့ လက်ထဲ ထည့်လိုက်တယ်။ မောင်နု ရဲ့စာအုပ်ကို လေးငါးမိနစ်လောက် ဖတ်ပြီးတဲ့အခါ ဒေါက်တာ ရာဒါခရစ်ရှနန်ဟာ နည်းနည်းမျက်မှောင်ကုတ်လာတယ်။ နောက်ဆယ်မိနစ်လောက်ကြာတော့ ပြုံးသလိုလို ဖြစ်လာပြီး သူ့ပါးစပ်ကလည်း ဟင်းဟင်း နဲ့ မြည်နေတယ်။ နောက် ဆယ်မိနစ်လောက်ကြာတဲ့အခါ ဒေါက်တာ ရာဒါခရစ်ရှနန်က မောင်နု မင်းဘာတွေ ရေးထားတာလဲ လို့ လှမ်းမေးလိုက်တယ်။ မောင်နုကလည်း ပြုံးပြုံးပြီး ကျနော့် အဖြေစာအုပ်ထဲမှာ ပရော်ဖက်ဆာ မြင်ရတဲ့အတိုင်းပါဘဲခင်ဗျားလို့ ပြန်ဖြေတယ်။ အဲဒီအခါ ဒေါက်တာရာဒါခရစ်ရှနန် က မောင်နု မင်းအဖြေတွေဟာ သင်ရိုးအတိုင်းတော့ မဟုတ်ဘူး  ဒါပေမဲ့ မှားတယ်လို့ ငါမဆိုလိုဘူး။ မင်ကု

ိအောင်မှတ် ပေးလိုက်မယ်။ ဒီစကားကြားရတဲ့အခါ တပည့်မောင်နုထက်
ဆရာဘင်နာဂျီက ပိုပြီးဝမ်းမြောက်ဝမ်းသာဖြစ်နေတာကို တွေ့ရတယ်။
မောင်နုဟာ ဘီအေ တန်းကို ရောက်တဲ့အခါ အချစ်သစ်ကို တွေ့လိုက်သေးတယ်။
ဒါပေမဲ့ အဲဒီအကြိမ် မှာတော့ သူ့အချစ်ဟာ လူမဟုတ်တော့ဘူး။
ပြဇာတ်အရေးအသားဖြစ်နေတယ်။သူဟာ ပြဇာတ်ရေးတာမှာ ဘယ်လောက်
စွဲသလဲဆိုရင် သင်တန်းစာတွေကို ပစ်ပြီး အချိန်ရသမျှ ပြဇာတ်တို။
ပြဇာတ်ရှည်တွေကို တကုန်းကုန်းနဲ့ ရေးနေတဲ့အထိ ဖြစ်ခဲ့ရသေးတယ်။ တနေ့မှာတော့
သူ့မိတ်တွေ ကိုခင်ဇော်ဟာ သူ့အခန်းကို ခဏရောက်လာတယ်။အဲဒီအချိန်ဟာ
စာမေးပွဲကြီးလုပ်ဘို့ ၁၅ ရက်လောက်သာလိုတော့တဲ့အတွက် မောင်နုဟာ
အတန်းစာတွေကို အပြင်းအထန် ဖတ်နေမှာပဲလို့ ယူဆလာတယ်။ သူ့အခန်းထဲကို
ရောက်တဲ့အခါ မောင်နုဟာ အတန်းစာတွေကို ဖတ်မနေပဲ ပြဇာတ်တပုဒ်ရေးနေတာကို
တွေ့ရတဲ့အတွက် ခင်ဗျားစာမေးပွဲကျနေလိမ့် မယ်နော် အတ်းစာကို ဖတ်ပါဦး
လို့ဆိုပြီး မောင်နုရေးနေတဲ့ ပြဇာတ်တပိုင်းတန်းလန်းကို
အတင်းဆွဲယူသွားခဲ့ရဖူးတယ်။
သူ့ပြဇာတ်တွေဟာ ကောင်းလည်းမကောင်းပါဘူး။ ပြဇာတ်လို့ ခေါ်နိုင်ဖို့တောင်
အတော်ခဲယဉ်းတယ်။ သူ့ပြဇာတ်တွေမှာ လှုပ်ရှားမှုဆိုတာ မပါဘူး။ သူ့ပြဇာတ်တွေကို
ဖတ် ဂုတာ စိတ်ဝင်စားစရာမကောင်းတဲ့ နီးနှော ဖလှယ်ပွဲ တခုကို
နားထောင်နေရသလိုပဲ။ ဒါပေမဲ့ မောင်နုကိုယ်တိုင် ကတော့ သူ့ပြဇာတ်တွေကို
သိပ်အထင်ကြီးတယ်။ ကိုယ်ကိုယ်ကို အထင်ကြီးနေတဲ့လူတွေဟာ အမြဲတန်း
အောက်ခြေလွတ်နေတတ်တယ်။ အမှန်အတိုင်း တန်၏မတန်၏ ဆိုတာကို
မစဉ်းစားနိုင်ရှာဘူး။ ဝေလမင်းသားဆုပြိုင်ပွဲမှာတောင် သူ့ပြဇာတ် တပုဒ်သွင်းပြီး
ပြိုင်လိုက်သေးတယ်။ အင်္ဂလိပ်လက်ထက်က ဝေလမင်းသားဆုဆိုတာရှိတယ်။
ဗမာပြည်ကို ဗြိတိသျှ အိမ်ရှေ့မင်းသား အဖြစ်နဲ့ လာရောက်ဘူးတဲ့
မင်းသားအကဒဝပ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဗမာအစိုးရက ဒီဝေလမင်းသားဆုကို
တီထွင်လိုက်တာဖြစ်တယ်။ အဲဒိတုန်းက စာပေလောကမှာ ဒီဆုဟာ အမြင့်ဆုံးဘဲ။
ပညာရှင်တွေ။ ဒီဆုအတွက် ခန့်ထားတဲ့အဖွဲ့ကို မိမိတို့ရဲ့ အရေးအသားတွေ တနှစ်ကို
တခါ တင်သွင်းရတယ်။ ဒီအဖွဲ့က အကောင်းဆုံး အဖြစ်နဲက ရွေးချယ်တာကို
အစိုးရက ဆုငွေတထောင်ပေးတယ်။ သူ့ပြဇာတ် အပယ်ခံရတာကို သိသိချင်း
အဖွဲ့ဝင်တွေဟာ မတရားဘူး ။ လက်သင့်ရာ စားတော်ခေါ်တယ် လို့ အဖွဲ့ဝင်တွေကို
မတရားစွပ်စွဲပြီး သူ့ဟာသူ အထင်ကြီးနေတဲ့ မောင်နုဟာ
အတော်ဒေါပွလိုက်သေးတယ်။
မောင်နုဟာ ဖိုးမြိုင်ဆိုတဲ့ ညဒလဝမ်နဲ့ အချက်အလက်တွေ
အတော်များများမှာတူတယ်။ ဖိုးမြိုင်ဆိုတာ ရှုးပေါပေါ၊ သူ့ကို အလုပ်တခုခု ကျကျနန
ခိုင်းလို့ မရဘူး။ ဒိလိုပဲ ဟိုလူခိုင်း။ ဒီလူခိုင်း တာကို လုပ်။

ဟိုလူကျွေးဒီလူကျွေးတာကိုစား နေရတဲ့ ခြေသလုံးအိမ်တိုင်သမားတယောက်ဖြစ်တယ်။ တနေ့ကျတော့ မောင်နုရဲ့ အဖေ ဦးစံထွန်းက ဖိုးမြိုင်ကို သနားပြီး စပါးကျီမှာ ဒလဝမ်ခန့်လိုက်တယ်။ ဖိုးမြိုင်က ညဘက်မှာ သူမအိပ်ချင်အောင် ပတ်တလားတလုံးဝယ်ပေးပါ လို့ ပူဆာတာနဲ့ ဦးစံထွန်းဟာ သံပတ်တလားတလုံးဝယ်ပေးလိုက်တယ်။ ဖိုးမြိုင်ဟာ နည်းနည်းကလေးမှ ပတ်တလား မတီးတတ်ဘူး။ ဒါပေမဲ့ ရှုးနှမ်းနှမ်း ပေါတောတော ဆိုတော့ မတီးတတ်မှန်းကိုလည်း သူ့ဟာသူမသိရှာဘူး။ အဲဒါကြောင့် ပတ်တလားရတဲ့အချိန်ကစပြီး အိပ်ရုံ။ စားရုံ။ နောက်ဖေးသွားရုံ လောက်ပဲ အနားယူတယ်။ အဲဒီအချိန်တွေက လွဲရင် သူ့ပတ်တလားနားက ဘယ်မှမသွားဘူး။ ပါးစပ်ကလည်း တွေ့ကရာတွေ လျှောက်ဆိုပြီး လက်ကလည်း တွေ့ကရာတွေကို တဒေါင်ဒေါင်မြည်အောင် လျှောက်တီးနေတာပဲ။ ဒီလောက်နဲ့ မပြီးသေးဘဲ တနေ့မှာ မောင်နုကို သူ့အနားခေါ်ပြီး မောင်နု ဟောဒီဝါးခယ်မမြို့မှာလျှောက်ရှာ ငါ့လိုဆိုပြီး ငါ့လိုတီးနိုင်တဲ့အကောင် တကောင်မှ မရှိဘူးလို့တောင် ကြွားလိုက်သေးတယ်။ ဖိုးမြိုင်ရဲ့ ဆိုတီးသံကြောင့် စပါးကျီဝင်းထဲမှာ နေကြတဲ့ လူတွေထဲမှာ အအိပ်ပျက်တဲ့လူတွေ နားညည်းနေတဲ့လူတွေ အတော်များနေပြီ။ ဒါပေမဲ့ ဦးစံထွန်းက အထူးခန့်ထားတဲ့လူ ဆိုတော့ ဘယ်သူကမှ မပြောရဲဘူး။ အဲဒီလိုနဲ့ နေလာလိုက်တာ ။ စပါးအရောင်းအဝယ်လုပ်ချိန်ရောက်တော့ ဦးစံထွန်းဟာ သူ့စပါးကျီဘက်ကို ပြောင်းလာတယ်။ ပထမညကစပြီး ဦးစံထွန်းဟာ သူ့တပည့်ကြီး ဖိုးမြိုင်ရဲ့ ဆိုတီးသံကြောင့် တညလုံးကောင်းကောင်း မအိပ်ရဘူး။ ဖိုးမြိုင်ကို ခေါ်ပြီး တိုးတိုးဆို တိုးတိုးတီးဖို့ ပြောတယ်။ ဒါပေမဲ့တပည့်ကြီးက နားချလို့မရပါဘူး။ သူကြိုက်သလို တီးမြဲတီးနေတာပဲ။ အဲဒါကြောင့် နောက်တနေ့ မနက်ကျတော့ ဦးစံထွန်းဟာ ဖိုးမြိုင်ရဲ့ ပတ်တလားကို သိမ်းလိုက်တယ်။ နောက် နှစ်ရက်လောက်ကြာတဲ့အခါ ဦးစံထွန်းဆီ ကို တပည့်တဦး သုတ်သီး သုတ်ပြာရောက်လာပြီး ကိုဖိုးမြိုင်တယောက် ပတ်တလား သိမ်းတဲ့နောက် သူ့အိပ်ခန်းထဲမှာ တံခါးပိတ်အိပ်နေတယ်၊ ထမင်းတောင် ထွက်မစားတော့ဘူးလို့ ပြောတယ်။ ဦး စံထွန်းလိုက်သွားတဲ့အခါ ဖိုးမြိုင်ဟာ သူ့အိပ်ယာ အပေါ်မှာ လှဲပြီး ကယောင်ကတမ်း တွေ လျှောက်ပြောနေပြီ။ အဲဒါကြောင့် ဦးစံထွန်းဟာ သူ့သံပတ်တလားကို ချက်ခြင်းပြန်ပေးပြီး အတော်ဆေးကုယူရတယ်။

မောင်နုဟာ ညဒလဝမ်ဖိုးမြိုင်လို တော့ ရှူးနှမ်းနှမ်း မဟုတ်ပါဘူး။ဒါပေမဲ့ ဖိုးမြိုင်ဟာ ပတ်တလား မတီးရ အဆိုရဂှင် မနေနိုင်သလို မောင်နုလည်း မရေးမသား ဂှရင် မနေနိုင်ဘူး။ အထူးသဖြင့် မိန်းမချောချော။ လသာသာ၊ စိမ့်စမ်းကြည်ကြည်လင်လင် ။ တောရိပ်တောင်ရိပ်ကောင်းကော်း။ ဆိုတီးသံ ချိုချိုဇ အစရှိတာတွေကို မြင်ရကြားရရင် တခုခု မရေးပဲ မနေနိုင်ဘူး အကြောင်းတခုခုကြောင့် မရေးရရင် ဖိုးမြိုင်ပမာ ဖျားချင်လာတယ်။ နေထိုင် မကောင်းချင်လာတယ်။ ဘာပဲဖြစ်ဖြစ် တခုခုကို ရေးလိုက်သားလိုက်ရမှ အကြောအချင်တောင့်တင်းတာ တွေပြေသွားပြီး

နေထိုင်ကောင်းလာတယ်။ တခါတခါ တနေ့လုံးရေး။ညနေဘက ထမင်စားပြီးတော့လည်း စာဆက်ရေးလိုက်တာ ညသန်းခေါင်ကျော် သွားရော။ အဲဒီနောက် အိပ်ယာထဲဝင်ပေတဲ့ ကောင်းကောင်းအိပ်လို့မရဘူး။ ခဏခဏ ထပြီး သူ့အိပ်ယာဘေးနားထားတဲ့ မှတ်စုစာအုပ်ထဲမှာ ရေးစရာအချက်တွေကို မှတ်မှတ်နေတယ်။

ဖိုးမြိုင်ဟာ သူပတ်တလားမတီးတတ်ဘူး။ သိချင်းမဆိုတတ်ဘူးဆိုတာ သူ့ဟာ သူမသိဘူး။ အဲဒါကြောင့် သူဟာသူ အတော်အထင်ကြီးနေတယ်။ ဝါးခယ်မတမြို့လုံးမှာ သူ့လောက်ဆိုတတ်တီးတတ် တဲ့လူ တယောက်မှ မရှိဘူး လို့တောင် သူကြုံးဝါးခဲ့သေးတာပဲ။ မောင်နုလည်း ပြဇာတ်မရေးတတ်ဘူး။ ပြဇာတ် ၂အုပ် ၃အုပ် ဖတ်ပြီး သူ့ဝါသနာအလျှောက် ပြဇာတ်အရေးသင်ခါစ ပဲရှိသေးတယ်ဆိုတာ သူသဘောမပေါက်ရှာပဲ။ ပြဇာတ်ရေးဆရာ တယောက်ဖြစ်ပြီလို့ သူ့ကိုယ်သူ အထင်ကြီးနေတယ်။ အဲဒါကြောင့် ဟိုအခါက စာပေလောကရဲ့ အတန်းအမြင့်ဆုံးဖြစ်တဲ့ ဝေလမင်းသားဆု ပြိုင်ပွဲမှာ သူ့ပြဇာတ်ကို သွင်းပြီး သူပြိုင်ရဲတာပေါ့။ သူ့ပြဇာတ် အပယ်ခံရတဲ့အခါ ပေမမှီလို့ အပါယ်ခံရတယ်ဆို သူ သဘောမပေါက်ဘဲ အဖွဲ့ဝင်တွေ အဂတိ လိုက်စားပြီး သူ့ပြဇာတ်ကို ပယ်ပစ်လိုက်တယ်လို့ တောင် သူမတရားပစမှားရဲလိုက်သေးတယ် မဟုတ်လား။

ဒါပေမဲ့ ညဒလဝမ်ဖိုးမြိုင်နဲ့ မောင်နု နဲ့ မတူတဲ့အချက် တချက်ကတော့ တခြားမဟုတ်ဘူး ညဒလဝမ် ဖိုးမြိုင်ဟာ သေသာသွားရော။ သူဆိုတတ်တယ်။ သူတီးတတ်တယ်။ သူ့လိုဆိုတတ် တီးတတ်တဲ့လူ ဝါးခယ်မ တမြို့လုံးမှာ တယောက်မှ မရှိဘူး လို့ သူ့ဟာ သူ သီပ်အထင်ကြီးတဲ့စိတ်နဲ့ သေသွားတယ်။ အဲဒီစိတ်ကြီးဟာ တဖွေးသားမှ လျော့မသွားဘူး။ မောင်နုကတော့ တော်ပါသေးရဲ့။ ဒီလိုမဟုတ်ဘူး။ ပြဇာတ်စာအုပ်တွေကို အတော်များများ ဖတ်မိလာတဲ့အခါ သူက တရေးထဲရေးပြီး တက်ကသိုလ် မဂ္ဂဇင်း။ မြို့မကျောင်းမဂ္ဂဇင်းနဲ့တကွ အပြင်က မဂ္ဂဇင်းအစောင်စောင်။ ဂျာနယ်အစောင်စောင် ကို တပို့ထဲပို့နေတဲ့ သူ့ပြဇာတ် တွေဟာ အဲဒီအချိန်တုန်းက မထင်ရှားသေးတဲ့ ရုပ်ဝ မဂ္ဂဇင်း တစောင်ကလွဲပြီး ဘယ်မှာမှ မပါလာတဲ့အခါ သူ့အရေးအသားတွေဟာ အတော် 'ရှော်' နေသေးတယ် ဆိုတာ သူတစိမ့်စိမ့်သဘောပေါက်လာတယ်။

## အခန်း ၉

၁၉၂၉ ခုနှစ် မေလထဲမှာ မောင်နုဟာ ဘီအေအောင်တယ်။ သူ့စိတ်ထဲမှာတော့ စာရေးဆရာလောက ကို ခြေစုံပစ်ပြီး ဝင်လိုက်ချင်တဲ့ ဆန္ဒတွေအများကြီး ရှိနေတယ်။ ဒါပေ့မယ် သူ့ဆန္ဒရှိသလောက် သူ့လက်က မပါဘူး။ အတော်ညံ့နေသေးတယ် ဆိုတာကို သူမြင်သလောက် မြင်နေတဲ့အတွက်စာရေးဆရာ လောကထဲကို ခြေစုံပစ်ဝင်

ရမှာ သူဆုတ်ဆိုင်းဖြစ်နေတယ်။ အဲဒါကြောင့် သူအစိုးရလခစားလည်း မလုပ်ချင်တာနဲ့ ဘီအယ်လ် ဥပဒေတန်းမှ ဥပဒေ ဆက်သင်ဘို့ ဆုံးဖြတ်လိုက်တယ်။ ဥပဒေတန်းကို သုံးရက်လောက်တက်ပြီးတဲ့အခါ ပန်းတနော်မြို့က သူ့ဘကြီးတဦးက ခဏလာပါဦးလို့ ရိုက်လိုက်တဲ့ သံကြိုးကို ရတာနဲ့ မောင်နုဟာ ပန်းတနော်ကို လိုက်သွားတယ်။ ဘကြီးနဲ့တွေ့တဲ့အခါ ပန်းတနော် အမျိုးသား အထက်တန်းကျောင်းမှာ ဆရာကြီးလုပ်ဘို့ မောင်နုကိုပြောတယ်။ မောင်နုဟာ အဲဒီအချိန်တုန်းက အသက် ၂၂ နှစ်ဘဲရှိသေးတယ်။ နောက်ပြီးတော့လည်း ကျောင်းဆရာလုပ်ဘို့ ဆိုတာကို မောင်နုတခါမှ စိတ်မကူးခဲ့ဖူးဘူး။ အဲဒါကြောင့် ဒီအလုပ်ကို လက်ခံဘို့ နည်းနည်းခက်နေတယ်။ ဒါပေမဲ့ ကျောင်းကော်မတီ လူကြီးတွေကပါ ဝိုင်းပြီးပြောတဲ့အတွက် ဒီအလုပ်ကို လက်ခံ လိုက်ပြီး ဥပဒေတန်းက ထွက်လိုက်ရတယ်။

ပန်းတနော်မှ ာ မောင်နုရဲ့ ဆွေမျိုးတွေ အတော်များများ ရှိတယ်။ မောင်နု အလုပ်လက်ခံပြီးလို့ ဆယ့်လေးငါးရက် ရှိတဲ့အခါ အဲဒီအထဲက ဆွေမျိုးလေးငါးဦးက မောင်နု မင်းမှာရည်းစားရှိသလား။ လူကြီးမိဘချင်း စပ်ဟပ်ထားတာများ ရှိသလား အစရှိတဲ့ မေးခွန်း တွေ မေးကြတယ်။ သူ့မှာ ရည်းစားလည်းမရှိ။ စပ်ဟပ်ထားတာ လည်းမရှိလို့ မောင်နုက ဖြေတဲ့အခါ ဒီဆွေမျိုးတွေက မောင်နုရေ ဒီလိုဆိုရင်ဖြင့် အတော်ပဲ ဒို့မြို့သူနဲ့ မင်းကို ပေးစားရမယ်လို့ပြောကြတယ်။ မောင်နုစုံစမ်းကြည့်တဲ့အခါ သူနဲ့ပေးစားချင်တယ် ဆိုတဲ့ မိန်းခလေးဟာ တခြားမဟုတ်။ သူအလုပ်လုပ်နေတဲ့ ကျောင်းက ကျောင်းအုပ်ဦးအောင်ငြိမ်း။ ဇနီး ဒေါ်ညီမရဲ့ သမီးထွေး မမြရီ လို့သိရတယ်။ ဒေါ်ဒေါ် တို့ရဲ့ အမျိုးသမီးက ချောရဲ့လားလို့ မောင်နုက ပြုံးပြီးမေးတဲ့အခါ မင်းမြင်တော့ သိမှာပေါ့လို့ သူ့အဒေါ်တွေက ဖြေတယ်။ ဒါပေမဲ့ မောင်နုဟာ အဲဒီကျောင်းဆရာကြီးလုပ်နေတဲ့ တနှစ်လုံးလုံး။ မမြရီကို တခါမှ ကောင်းကောင်းမမြင်ခဲ့ဂဖူးဘူး။ ကျောင်းကိစ္စ တခုခုကို ရမယ်ရှာပြီး မောင်နုဟာ သူ့ကျောင်းအုပ် ဦးအောင်ငြိမ်းရဲ့ အိမ်ကို သုံးလေးခေါက်လောက်သွားခဲ့ဖူးတယ်။ မမြရီဟာ သူ့အိမ်ထဲမှ ဟိုသွား။ ဒီသွားသွားတာကို ရိပ်ခနဲ ဖြတ်ခနဲလောက်သာ မြင်ဂတယ်။ သူ့အဖေကြီးနဲ့ စကားပြောနေတယ်ဆိုတော့ သူ့သမီးကို သေ သေချာချာ ကြည့်လို့မကောင်းဘူး မဟုတ်လား၊

မောင်နုဟာ မမြရီရဲ့ အကိုကြီး ကိုအုံးမောင်ဆိုတာနဲ့လည်း တက္ကသိုလ်တုန်းက ကောင်းကောင်းသိခဲ့ဘူးတယ်။ ဒီအကိုကြီးဆီကို အလည်သွားရင် သူတွေ့ချင်နေတဲ့ မမြရီကို တွေ့ရမှာပဲလို့ တွက်ပြီး နှစ်ခေါက်လောက် သွားခဲ့ဖူးပါသေးတယ်။ ကိုအုံးမောင်ဆိုတဲ့လူဟာ ဘယ်လိုလူစားမျိုးလည်း မဆိုနိုင်ပါဘူး။ အလည်လာတဲ့

ညည့်သည် မောင်နုကို နှစ်ခေါက်စလုံး အိမ်ထဲအဝင် မခံဘူး။ အိမ်ဝမှာဘဲ မတ်တတ်ရပ်ရင်း စကားပြောတယ်။ ဒီလူဟာ တနေ့ကျရင် သူများနှမကို ယူမှာပဲ။ ယူလည်း ယူတာပဲ။သူ့နှမကို သူများသွားယူတာကျတော့ ကောင်းကောင်းမသထာချင်ဘူး။ အလိုက်မသိတတ်တဲ့ လူမျိုးဘဲ။ ကိုအံ့မောင်က အခုလို ပြုစုလွှတ်လိုက်တာကို စိတ်နာနာနဲ့ မောင်နု ဟာ နောက်ထပ်ပြီး မမြရီအိမ်ကို မသွားတော့ဘူး သူတို့အိမ်ရှေ့ မလွဲသာလို့ လျှောက်ရရင်တောင် အိမ်ဘက်လှည့်မကြည့်တော့ဘူး။ မမြရီကိုမြင်ရပြီလား။ ဘယ်နှယ့်လဲလို့ သူ့အဒေါ်တွေက မေးတဲ့အခါ မတွေ့ရသေးပါဘူး ဒေါ်ဒေါ် လို့သာ မောင်နုဟာ ကောင်းအောင်ကြည့်ဖြေလိုက်တယ်။ မမြရီနဲ့ ပတ်သက်ပြီး ဘာမှ ရှေ့ဆက်မပြောဘူး။ မောင်နုက ဟက်ဟက်ပက်ပက် အားတက်သရော။ စိတ်ပါဝင်စားတာကို မမြင်တဲ့အခါ သူ့အဒေါ်တွေကလည်း နောက်ထပ် ဆက်မပြောကြတော့ဘူး။ မောင်နုရဲ့စိတ်ထဲမှာလည်း သူနဲ့ သူကောင်းကောင်းမမြင်ရဘူးသေးတဲ့ မမြရီတို့ဟာ ဖူးစာမပါလို့ ဒီလိုဖြစ်ရတာပဲလို့ သဘောထားပြီး မမြရီအကြောင်းကို ဆက်မဆွေးနွေးတော့ပါဘူး။

မောင်နုကျောင်းဆရာလုပ်တာ မအောင်မြင်ပါဘူး။ ကျော်င်းဆရာဆိုတာ အင်မတန်စိတ် ရှည်ရတယ်။ ကျောင်းဆ ရာကြီးဆိုတော့ ဘယ်ပြောစရာရှိမလဲ၊ သိပ်စိတ်ရှည်ရတာပေ့ါ။ ဒါပေမဲ့ မောင်နုဟာ သိပ်စိတ်ဆတ်တယ်။ ပန်းတနော် ကျောင်းမှာ အလုပ်လက်ခံပြီးလို့ မကြာခင်မှာဘဲ မောင်နုဟာ ဆရာတချို့နဲ့ ရန်ဖြစ်တာပဲ။ အမှန်စင်စစ် ရန်ဖြစ်တယ် ဆိုတဲ့ စကားလုံးဟာ ရာခိုင်နှုန်းအပြည့်မမှန်ပါဘူး။ တခြားသုံးစရာစကားမရှိလို့သာ သုံးလိုက်ရတာ ဖြစ်တယ်။ ရန်ဖြစ်တယ်ဆိုတာ နှစ် ဖက်ရှိရတယ်။ အခုတော့ ကျောင်းဆရာကြီး မောင်နုတယောက်တည်း စွာနေတာ။ သူနဲ့ဖက်ပြီး ၇န် ဖြစ်တဲ့ ကျောင်းဆရာ မရှိပါဘူး။ ကျောင်းဆရာတွေဟာ အဆင်းရဲ အမျိုးမျိုးခံပြီး သူတို့နည်းနဲ့ သူတို့ ဒီကျောင်းကလေးကို အနှစ်နှစ် အလလ ပြုစုပျိုးထောင်ခဲ့ရရှာတယ်။ အဲဒီလိုဆရာတွေအပေါ်မှာ မောင်နုက ဗိုလ်သွားကျတယ်ဆိုတော့ ဆရာ တွေအနေနဲ့ ဘယ်ခံချင်ပါ့မလဲ၊ ဒါပေမဲ့ ဒီဆရာတွေဟာ အင်မတန် သိမ်မွေ့တယ်။ အဲဒါကြောင့် မောင်နုနဲ့ ခွန်းကြီးခွန်းငယ် ဖြစ်ရတဲ့အထိ မသွားကြဘူး။ တတ်နိုင်သမျှ ရှောင်ကြရှားကြတယ်။ ဆရာတွေဟာ ဒီလိုပဲ မချိတင်ကဲ ဖြစ်နေကြရတယ်ဆိုတာကို ကြားရတဲ့ ကျောင်းကော်မတီ လူကြီးတွေလည်း အင်မတန် စိတ်မချမ်းမသာ ဖြစ်လာကြတယ်။

မောင်နုဟာ ဆရာတွေ အပေါ်မှာသာ စွာကျယ်စွာကျယ်လုပ်တာ မဟုတ်ဘူး။ ပညာဝန်အပေါ်မှာလည်း စွာကျယ်ကျယ် သွားလုပ်လိုက်သေးတယ်။ လုပ်ပုံက ဒီလို။

ပညာဝန်ဟာ ပန်းတနော် အမျိုးသားကျောင်းကို တနှစ်တကြိမ်စစ်ဆေးလေ့ရှိတယ်။ မောင်နုလည်း ဒီကျောင်းကို မရောက် ခင်နှစ်တုန်းက ပညာဝန်ရဲ့ မှတ်ချက်ထဲမှာ ဆရာဖြစ်စာမေးပွဲ မအောင်သေးတဲ့ ဆရာတွေဟာ စာမေးပွဲအောင်အောင် လုပ်ကြဖို့ တိုက်တွန်းထားတယ်။ မောင်နု ဖြစ်လာတဲ့နှစ်မှာ မောင်နုဟာ ဒီကျောင်းက ဆရာတဦးကို သိပ်ပြီး မကျေမနပ်ဖြစ်နေတယ်။ ဒိဆရာ ဟ ာဆရာဖြစ် စာမေးပွဲမှာ အတန်းအမြင့်ဆုံးဆိုတဲ့ ဒီပလိုမာဘွဲ့ကို ရလာသူဖြစ်တယ်။ ဒါပေမဲ့ သင်တဲ့ ပြတဲ့ နေရာမှာ အင်မတန် ညံ့ဖျင်းနေတာကို မောင်နု တွေ့ရတယ်။ မောင်နု တယောက်ထဲသာ မဟုတ်ဘူး။ တခြားဆရာတွေ လည်း ဒီဒီပလိုမာဘွဲ့ရ ဆရာရဲ့ ညံ့ဖျင်းတာတွေကို တွေ့နေကြတာပဲ။ ဒါပေမဲ့ ဒီဆရာတွေဟာ အဲဒီဒီပလိုမာဆရာ ညံ့ကုိ ဆယ်နှစ်ကျော်ကျော် သည်းခံလို့ရတယ်။ မောင်နုဟာ ဒိဆရာကို တနှစ် ပြည့်အောင် သည်းခံလို့မရဘူး။ ဖျင်းတာထက် ပျင်းတာကို ပိုပြီး မောင်နုက သည်းခံလို့မရဘူး။ မောင်နုဟာ အဲဒိဆရာကုိ ဖြစ်နိုင်ရင် ထုတ်ပစ်ချင်တယ်။ မဖြစ်နိုင်တဲ့အတွက် လက်ပိုက်ကြည့်နေရတယ်။ အဲဒါကြောင့် အဲဒီနှစ် ပညာဝန်လာတဲ့အခါ တင်ပြရမဲ့ ကျောင်းဆရာကြီးရဲ့ အစီရင်ခံစာထဲမှာ ဆရာဖြစ် စာမေးပွဲအောင်တိုင်း ဆရာမဖြစ်နိုင်၊ သူ့အတွေ့အကြုံအရဆိုရင် ဆရာဖြစ်စာမေးပွဲ မအောင်မြင်သေးတဲ့ ဆရာတချို့ဟာ ဆရာဖြစ် အောင်ထားတဲ့ ဆရာအချို့ထက် အသင်အပြမှာ ပို တော်နေသေးတယ်လို့ မောင်နုက ရေးထားတယ်။ ဒီအစီရင်ခံစာဟာ ပညာဝန် မနှစ်က ရေးပစ်ခဲ့တဲ့ မှတ်ချက်ကုိ စော်ကားရာရောက်တဲ့အတွက် ပညာဝန် အတော်စိတ်ဆိုးတယ်။ အဲဒိခေတ်တုန်းက ပညာဝန်တဦးကုိ ဒီလိုစိတ်ဆိုးအောင် လုပ်မိရင် အဲဒီကျောင်းဟာ အစိုးရ အသိအမှတ် ပြုထားတဲ့ စာရင်းက ပယ်ဖျက်တာကိုသော်လည်းကောင်း။ ခံ ၇စရာ ရှိတယ်။ အနည်းဆုံါ နှစ်စဉ် အစိုးရ ထောက်ပံ့ငွေသော်လည်းကောင်း။ အလျှော့ခံရစရာ အကြောင်း ရှိတယ်။ အဲဒါကြောင့် မောင်နုက ဒီလိုရေးတဲ့အတွက် ပညာဝန်က စိတ်ဆိုးတယ်ဆိုတဲ့ သတင်းကို ကျောင်းကော်မတီ လူကြီး တွေ ကြားရပြန်တဲ့အခါ ရှေးကထက်ပိုပြီး မောင်နုရဲ့ ရမ်းကားမှု အတွက် စိတ်ဆင်းရဲကြရပြန်တယ်။

အခုပြောခဲ့တာတွေထက် ဆိုးတာ တခု ရှိသေးတယ် အဲဒါလေးကို မပြောမဖြစ်လို့ ပြောလိုက်ရဦးမယ်။ ပန်းတနော်မြို့ရဲ့ အနောက်ဘက် ၂မိုင်ကွာလောက်မှာ ရွှေမြင်တင် စေတီတော် တဆူ ရှိတယ်။ နှစ်စဉ်နှစ်တိုင်း တပေါင်းလမှာ ပွဲတော်လုပ်တယ်။ ညဘက် မှာ ပန်းတနော်မြို့ရဲ့ အနီးတဝိုက် ရှိ ရွာကြီးရွာငယ် တွေက လူတွေလာ ကြတဲ့အတွက ်ပွဲတော်ဟာ သိပ်စည်ကားတယ်။ မောင်နု ကျောင်းဆရာကြီးလုပ်တဲ့ နှစ်မှာ နေ့လည်ဖက်လည်း လူစည်ကားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျောင်းပေါင်းစုံ ပြေးပွဲ။ ပြိုင်ပွဲ တွေလုပ်ပေးတယ်။ အဲဒိပြိုင်ပွဲမှာ အရက်မူးနေတဲ့ လူတယောက်ဟာ ဝင်ဝင်ပြီး ရှုပ်နေတယ်။ လူတွေဝိုင်းပြီးတောင်းပန်လို့မရဘူး။ အ ၇က်သမားဟောင်း

မောင်နုဟာ အရက်ပြတ်ပြီးကတည်းက အရက်မျူးနေတဲ့လူတွေကို တဖက်သတ် မျက်မုန်းကြိုးနေတယ်။ အဲဒါကြောင့် ဒီအရက်သမားရှုပ်တာ လွန်လွန်းလာတဲ့အခါ သူ့စိတ်ကို ထိန်းလို့မရတဲ့အတွက် ပြေးပြီး တအားပစ်ကန် လိုကတယ်။ အရက်သမားလည်း အဲဒီနေရာမှာပဲ ပုံလျှက်သားလဲနေတယ်။ နောက်တချက်ထပ်ကန်ဦးမယ် အလုပ်မှာ လူတွေဝိုင်းပြီး ဆွဲထားကြတဲ့အတွက် မောင်နုမကန်ဖြစ်တော့ဘူး။ မောင်နုဟာ ကန်ရတဲ့လူဆိုတော့ ကန်ပြီးတာနဲ့က ဒီအဖြစ်အပျက်ကို မေ့သွားတာပဲ။ ဒါပေမဲ့ အကန်ခံရတဲ့လူကတော့ ခံ ဂုတာကို ဘယ်မေ့နိုင်မလဲ။ အဲဒီအဖြစ်အပျက် ဖြစ်ပြီးလို့ တလလောက် ကြာတော့ မောင်နုဟာ သူ့ဒေါ်လေး နှစ်ယောက်နဲ့ ညဈေးတန်းဘက်ကို လျှောက်လာကြတယ်။ သူ့ဒေါ်လေးနှစ်ယောက်ဟာ ညဈေးတန်းက မုန့်ဟင်းခါးဆိုင်တဆိုင်မှာ မုန့်ဟင်းခါးစားကြတယ်။ မောင်နုက မစားဘူး။ သူတို့အနားမှာ မတ်တပ်ရပ်နေတယ်။ မောင်နု ရပ်နေတဲ့ နေရာဟာ ပွဲတော်မှာတုန်းက မောင်နု ကန်လွှတ်လိုက်တဲ့ အရက်သမားရဲ့ အိမ်နဲ့ မျက်စောင်းထိုးဖြစ်ပြီး ဆယ်ကိုက်လောက်ပဲကွာတယ်။ တိုတိုပြောကြပါစို့။ အဲဒီအကန်ခံရတဲ့လူဟာ မောင်နု ရဲ့ ခေါင်းကို နောက်ကနေ ဒုတ်နဲ့ . တအားရိုက်ပြီး သူ့အိမ်ပေါ်တက်ပြေးတာပဲ။ မောင်နုလည်း ဒေါသ ဖြစ်ဖြစ်နဲ့ အဲဒီလူရဲ့ နောက်ကို အတင်းပြေးလိုက်ပြီး သူ့အိမ်ပေါ်တက် တဲ့ တံတားပေါ်မှာ လက်ထဲက ဒုတ်နဲ့ တချက်ပြန်ရိုက်လိုက်ရတယ်။

ပွဲတော်တုန်းက ပထမပွဲမှာတော့ အရက်မူးတဲ့သူက နာတယ်။ ဒါပေမဲ့ ညဈေးတန်းဒုတိယပွဲမှာတော့ မောင်နုနာနယ်၊ ချိစောင်းမှာ ကွဲသွားတာအတော်များတယ်။ ဦးလေးဖြစ်သူ ဆရာဝန်က အဲဒီအကွဲကို မြင်းမြီးနဲ့ ချုပ်ပေးတယ်။ မောင်နုနဲ့ ရင်းနှီးတဲ့သူတွေက မခံမရပ်နိုင်ဖြစ်ပြီး ဂတ်တိုင်ဘို့ မောင်နုကို ဝိုင်းပြီး တိုက်တွန်း ကြပါသေးတယ်။ ဒါပေမဲ သူက လူလယ်ခေါင်မှာ ခပ်နာနာ ကန်ထားလို့ သူ့ကို ပြန်ရိုက်တာပဲလို့ ဖြောင့်ဖြောင့်ကြီး သဘောပေါက်နေတဲ့ မောင်နုဟာ သူ့မိတ်ဆွေတွေကို ဘာမှ ပြန်မပြောဘူး။ ပြုံးစိစိ လုပ်နေတယ်။ မောင်နုက ဒီလို ပြုံးစိစိ လုပ်နိုင်ပေမယ့် ကျောင်းကော်မတီကတော့ မပြုံးနိုင်ရှာဘူး။ အထက်တန်းကျောင်းဆရာကြီး လုပ်တဲ့လူတယောက်ဟာ အရပ်ထဲက ကာလသားခေါင်းတယောက်လို ရွာရိုးလျှောက်ပြီး ရန်ဖြစ်နေတာမျိုးကု သူတို့အနေနဲ့ စိတ်တောင်မကူးဖူးဘူး။ တခါမှလည်း မတွေ့ဘူး ။ မကြားဖူးဘူး။ ဒီလို မကြားဘူး။ မမြင်ဘူး။ စိတ်တောင် မကူးဘူးတဲ့အတွက် သူတိုတင် ထားတဲ့ စစ်ကဲ မောင်နုကု ိဘယ်လိုပြန်ချရမယ်ဆိုတာ မကြံတတ်နိုင်အောင် ဖြစ်ပြီး ကြိမ်မီးအုံးသလို ဖြစ်နေကြတယ်။ အဲဒါကြောင့် တနှစ်စေ့လို့ ဥပဒေတန်းကို ပြန်တက်ဘို့ ကျောင်းဆရာကြီး ရာထူးက မောင်နုနုတ်ထွက်လိုက်တဲ့အခါ ဖြစ်နိုင် ဂုင် တနှစ်လောက်တော့ လုပ်စေချင်သေးတယ်ကွာ ဆိုတဲ့ လောကွပ်

စကားမျိုးကလေးကိုတောင် ဘယ်ကော်မတီ လူကြီးဆီကမှ ထွက်မလာနိုင်ရှာဘူး။ ရင်ဝမှာ တက်ဆောင့်နေတဲ့ အလုံးကြီး ကျသွားသလို ကော်မတီ လူကြီးအားလုံး အသက်ရှူရတာအတော်ချောင်သွားကြတယ်။

## အခန်း ၁၀

### က

၁၉၃၀ခုနှစ်ထဲမှာ မောင်နုဟာ တက်ကသိုလ်ကို ပြန်လာပြီး ဘီအယ်လ် ဥပဒေတန်းတက်တယ်။ တလခွဲ နှစ်လလောက်ကြာတဲ့အခါ ဒို့ဗမာ အစည်းအရုံးဝင် သခင်တဦးနဲ့ မြို့ထဲမှာ တွေ့တယ်။ အဲဒီအချိန်မှာ ဒို့ဗမာ သီချင်းကို စပ်ပြီးကာစ။ ရန်ကုန်မြို့ထဲမှာတောင် သုံးလေးကြိမ်လောက်သာ ဆိုရသေးတယ်။ အဲဒါနဲ့ အဲဒီသခင်မိတ်ဆွေက တက်ကသိုလ်မှာ အဲဒိသီချင်းကို ဆိုချင်တယ်။ စီစဉ်ပေးစမ်းပါလို့ မောင်နုကို ပြောတယ်။ ဒီသိချင်းနဲ့ ဒီသီချင်းကိုဆိုမဲ့ ဒို့ဗမာ အစည်းအရုံးဝင် သခင်တွေကို အာဏာပိုင်တွေက အတော်မျက်မုန်းကြိုးနေတယ်။ အတော်ထိတ်လန့်နေတယ်ဆိုတာတွေကို မောင်နုက ဘာမှ မစဉ်စားမိဘဲ ဆိုချင်လာဆိုကြလေ စီစဉ်ပေးမယ်လို့ ခပ်လွယ်လွယ် ဖြေလိုက် တယ်။ အဲဒိအချိန်က မောင်နုဟာသထုံကျောင်းဆောင်မှာနေတယ်။ အဲဒါကြောင့် သထုံကျောင်းဆောင်ရဲ့အောက်ဆုံးထပ်က ခန်းမဆောင်မှာ သိချင်းဆိုဘို့ မောင်နုဟာ သထုံကျောင်းဆောင်က လူတချို့နဲ့ စီစဉ်တယ်။ အဲဒိနောက် ကျောင်းအုပ်ကြီး ဆလော့ကို တွေ့ဘို့ သူ့အိမ်ကို မောင်နု သွားတယ်။ ကျောင်းအုပ်ကြီးအိပ်နေတယ်လို့ သူချာပရာစီက ပြောတဲ့အတွက် ချာပ ရာစီဆီက စက်ကူလေးတရွက်တောင်းပြီး အီဒနေ့ ညဘက် ၇နာ ရီ ချိန်လောက် သထုံခန်းမဆောင်မှာ ဒို့ဗမာသိချင်းကို ဆိုချင်တယ်။ ခွင့်ပြုပါ။ လို့ စာကလေးတစောင်ရေးတယ်။ အဲဒိနောက် ကျောင်းအုပ်ကြီးနိုးနိုးချင်းဒီစာကို ပေးလိုက်ဘို့ ချာပရာစိကို ပြောပြီး မောင်နုဟာ သူ့ကျောင်းဆောင်ကို သူပြန်လာတယ်။ နောက်တနာရီလောက်ကြာတဲ့အခါ မောင်နုဟာ ကျောင်းအုပ်ကြီးအိမ်ကို ပြန်လာပြီး သူ့စာအကြောင်း ကုိစုံစမ်းတယ်။ သူစာကို ဖတ်ကြည့်ပြီး ကျောင်းအုပ်ကြီးဆုတ်ပစ်လိုက်တယ်။လို့ ချာပ ရာစိက ပြောတယ်။ နောက်ပြီးတော့လည်း ကျောင်းအုပ်ကြီး အိမ်မှာမရှိဘူးတင်နစ် ရိုက်ရအောင်ထွက်သွားပြီးလို့ ချာပရာစီက ပြောပြန်တယ်။ မောင်နုဟာ သိပ်အတယ်။ ကျောင်းအုပ်ကြီးဆလော့ကို ဒိလိုလုပ်လို့ ဘယ်ရမလဲ။ ယူနီဗာစတီ ကောလိပ်ကကျောင်းသားမှန်သမျှ သူ့ကို ဖိန်ဖိန့်တုန်အောင် ကြောက်ရတာ။ ဘယ်ကျောင်းသားမှာသူ့ကို သူကအိမ်သွားပြီး မတွေ့ဝံ့။ ဒီစက်ကူစုတ်လေးပေါ်မှာ စာရေးပြီးချာပရာစီ ဆီကတဆင့် ခွင့်တောင်းတယ်ဆိုတာမျိုးတော့ စိတ်တောင်မကူးရဲဘူး။ ဆိုတဲ့အချက်တွေကို မောင်နု မသိ။ နည်းနည်းလေးမှ

မသိရှာဘူး။ သူဟာ ဒို့ဗမာသီချင်းကို ဆိုရအောင် စီစဉ်ပေးဘို့ ကတိ ပေးပြီးပြီး အဲဒိကတိအရ စီစဉ်ပေးရမယ်ဆိုတာ တခုဘဲ သိတယ်။ အဲဒါကြောင့် ကျောင်းအုပ်ကြီးဟာ သူ့စာကို ဆွဲဆုပ်ပစ်လိုက်တယ်ဆိုတာ ကို သိရင် သိခြင်း။ တခြားကျောင်းသားတဦးသာဆိုရင် အဲဒိအချိန်အခါက သီချင်းဆိုပွဲကို ချက်ချင်းဖျက်ပစ်လိုက်မှာ ဖြစ်ပေတဲ့ ။ လူအမောင်နု ကတော့ မဖျက်ဘူး ။ ကျောင်းအုပ်ကြီးက ခွင့်မပေးရင် သထုံကျောင်းဆောင် မှူးဆီမှာ ခွင့်တောင်းမယ်လို့ မောင်နုက ဆုံးဖြတ်လိုက်တယ်။ အဲဒိအခါက ကျောင်းဆောင်မှူးဟာ ပါမောက်ခ ဦးဖေမောင်တင်ဖြစ်တယ်။ ကျောင်းဆောင်မှူးနဲ့ တွေ့တဲ့အခါ အခက်အခဲမရှိပဲ ဆိုခွင့်ရတယ်။ အဲဒါကြောင်းည ၇နာရီ မှာ ချိန်းထားတဲ့အတိုင်း သထုံခန်းမဆောင်မှာ ဒို့ဗမာသီချင်းကို ကျောင်းသားတွေ ဝိုင်းပြီးဆိုလိုက်ကြတာ ပတ်ဝန်းကျင်တခုလုံးသိမ့်သိမ့်တုန်သွားတယ်။ နောက်နှစ်ရက်လောက် ကြာတဲ့အခါ အဲဒိသီချင်းဆိုပွဲအကြောင်းနဲ့ တကွ ဒို့ဗမာသီချင်းရဲ့ အဓိပ်ပါယ်ပါ နေ့စဉ်သတင်းစာတစောင် မှာ ပါလာ တယ် ဒီမျှ မကသေးဘူး ။ စီအိုင်ဒီဌာနချုပ်ကလည်း ဘယ်သူက စီစဉ်ပေးတယ်။ ဘယ်သူတွေလာဆိုတယ်။ အဲဒိလူတွေထဲမှာ ဘယ်သူတွေဟာ နိုင်ငံရေးသမား  အယူသည်းသမားတွေဖြစ်တယ်။ ဘယ်သူဟာ အကြမ်းဖက်သမားတွေဖြစ်တယ်။ အစရှိတဲ့ အကြောင်းချင်းကို စုံစုံလင်လင်ပါတဲ့ အစီရင်ခံစာတစောင်ကို ကျောင်းအုပ်ကြီးဆိကို ပို့နိုင်စရာ အကြောင်းရှိတယ်လို့တောင် ယူဆနိုင်တယ်။

ညနေ လေးနာရီလောက်ရှိတဲ့အခါ သထုံကျောင်းဆောင် မောင်နုနေတဲ့ အခန်းတံခါးမှာ နို့တစ်စာ တစောင်လာကပ်တာကို မောင်နုတွေ့ရတယ်။ အဲဒိနို့တစ်စာထဲမှာ မောင်နုဟာ နောက်တနေ့ ၂ ချက်တီးတဲ့အချိန်မှာ  ကျောင်းအုပ်ကြီး နဲ့ သူ့ရုံးခန်းထဲမှာ လာတွေ့ဂမယ်ဆိုဖော်ပြထားတယ်။ အဲဒါဟာ လုပ်ရိုးလုပ်စဉ် မဟုတ်ဘူး။ ဘယ်ကျောင်းသားတွေဟာ ဘာလုပ်ရမယ်။ ဘာမလုပ်ရဘူးဆိုတဲ့ နို့တစ်စာတွေကို ကျောင်းသားအများဆိုင် ဂု နို့တစ် ဘုတ်မှာ ကပ်ကြတာပါဘဲဒီလိုကျောင်းသားနေတဲ့ အခန်းဝမှာ လာကပ်တယ်ဆိုတာ တခါမှမကြားဖူးဘူး။ အဲဒါကြောင့် အခန်းအနီးနားချင်း ကျောင်သားတွေက မောင်နု ဟာ သီချင်းဆိုပွဲ နဲ့ပတ်သက်ပြီး ကျောင်းထုတ်ခံရတော့မှာဘဲလို့ ယူဆလိုက်ကြတယ်။ နို့တစ်စာကပ်ပြီးတာနဲ့မောင်နုဟာ ဆွဲခွာလိုက်ပြီး ဆုတ်ပစ်လိုက်တယ်။ အဲဒိနောက်နို့တစ်စာမှာ ပါတဲ့အတိုင်း နောက်တနေ့ ညနေ ၂ချက်တီးမှာ ကျောင်းအုပ်ကြီးနဲ့သွားမတွေ့ပဲ တမင်သက်သက် အရှုံ့တိုက်ပြီး နောက်၂ရက်လောက်ကြာတော့မှ မနက်ဘက်မှာ ကျောင်းအုပ်ကြီးနဲ့သွားတွေ့တယ်။ မောင်နုဟာ ကျောင်းအုပ်ကြီးဆလော့ဂ့်အောက်မှာ ကျောင်းသားအဖြစ်နဲ့ နေလာတာ ငါးနှစ်ကျော်ကျော်ပဲ။ အဲဒိငါးနှစ်အတွင်း ကျောင်းအုပ်ကြီးနဲက အနီးကပ်ပြီး တွေ့ဂတဲ့ အကြိမ်ပေါင်းဟာ သုံးကြိမ်လောက်ပဲရှိလိမ့်မယ်လို့ မောင်နုမှတ်ထားတ်။ ၁၉၂၄

ခုနှစ်မှာ ပြည်နဲ့ တကောင်းကျောင်းဆောင် တွေကို စပြီးဖွင့်တယ်။
ဒုတိယကျောင်းဆောင်မှုးတွေရဲ့ စီစဉ်ချက်အရ ဒီကျောင်းဆောင်တွေမှာ
ဘောလုံးအသင်းတသင်းစီဖွဲ့ ၇တယ်။ အဲဒီ၂သင်းဟာ လေးငါးခြောက်ကြိမ်လောက်ပြည်
ကျောင်း ဆောင် ရဲ့ အနောက်ဘက် ဘောကွင်းထဲမှာ ကစားကြရတ်။ အမှတ်
အများဆုံးရတဲ့ တကောင်းဘောသင်းကို ကျောင်းအုပ်ကြီး ဆလော့က ဖလားတခု
ဆုချတယ်။ နောက်ပြီးတော့ ကော်မရှင်နာလမ်းထဲက သူ့ရုံးခမ်းထဲမှာ
ညစာကျွေးတယ်။ မောင်နုဟာ အနိုင်ရတဲ့ တကောင်းဘောအသင်းထဲမှ
ပါနေတဲ့အတွက် ဒီညစာစားပွဲကို တက်ရတယ်။ အဲဒါဟာ ကျောင်းအုပ်ကြီး ဆလော့ကို
မောင်နု ပထမအကြိမ် အနီးကပ်တွေ့ရတာပါဘဲ။
၁၉၂၆ခုနှစ် မတ်လထဲမှာ မောင်နုဟာ အိုင်အေ အထက်တန်းစာမေးပွဲကို
ပထမအကြိမ်ဖြေရတယ်။ ဒီလိုအတန်းတင် စာမေးပွဲကို ဖြေတဲ့အခါ
ဖြေမဲ့ကျောင်းသားဟာ စာမေးပွဲဝင်ခကို ရှေးဦးစွာပေးရတယ်။ အဲဒီနောက်
စာမေးပွဲဝင်ဘို့အတွက် လျှောက်လွှာတင်သွင်းရတယ်။ ဒီလိုပဲ
လျှောက်လွှာတင်သွင်းရတယ်ဆိုတာကို တကျောင်းလုံးသိတယ်။ မောင်နုမသိဘူး။
အဲဒီလို မသိတဲ့အတွက် မောင်နုဟာ စာမေးပွဲဝင်ခကိုသာ ပေးပြီး လျှောက်လွှာ
မတင်မိဘူး။ အဲဒါကြောင့် စာမေးပွဲ ဝင်မဲ့ ကျောင်းသူကျောင်းသားစာရင်း
ထွက်လာတဲ့အခါ မောင်နုရဲ့နာမယ် ပါမလာဘူး။ ဘာဆာဆိုတဲ့ ရုံးအုပ်ကြီးကို
သွားပြောတဲ့အခါ ငါမတတ်နိုင်ဘူး ကျောင်းအုပ်ကို
မင်းသွားပြောလို့ဆူလွှတ်လိုက်တယ်။ မောင်နုဟာ ကျောင်းအုပ်ကြီးဆလော့ကို
ဝင်တွေ့တဲ့အခါ ပေးပြီးပြီလားလို့ ကျောင်းအုပ်ကြီးကမေးတယ်။ ပေးပြီးပြီလို့
မောင်နုကဖြေတယ်။ ပြောတဲ့အတိုင်းမှန်သလား လို့စုံစမ်းချင်တဲ့အတွက်
ကျောင်းအုပ်ဟာ စာရွက်ကလေးတရွက်ပေါ်မှာ စာရေးပြီးဘာဆာဆီကိုပို့လိုက်တယ်။
ဆယ့်ငါးမိနစ်လောက်အကြာမှာ စာရွက်လေးတရွက် ပြန်ဝင်လာတယ်။ အခန်းထဲမှာ
ကုလားထိုင်ရှိရက်နဲက မောင်နုမထိုင်၇ဘူး။ တချိန်လုံး
မတ်တတ်ရပ်ပြီးစောင့်နေရတယ်။ ဒါပေမဲ့ ငါကလည်း လျှောက်လွှာသွင့်း၇မယ့် ဟာ
မသွင်ဘဲ နေမိတာကိုး။ ငါ့မိုက်ပြစ်ပဲ။ ဘာဆာဆီက စာမေးပွဲဝင်ခ ပေးသွင်းပြီးပြီလို့
စာပြန်လာရင် ငါ့ကိစ္စ ပြီးသွားမှာ ပဲလို့ သူ့စိတ်ကိုဖြေပြီး မောင်နုဟာ ကျောင်း
အုပ်ကြီးရှေ့မှာ ငြိမ်ငြိမ်လေး မတ်တတ်ရပ်နေတယ်။ ဘာဆာဆီက ပြန်စာကို
ဖတ်ပြီးတဲ့အခါ မင်းစာမေးပွဲဝင်ခကို တော့ ပေးပြီးပြီ။ ဒါပေမယ့်
ရယ်ဂျစ်စတာကိုမင်းသွားပြော။ူတတ်နိုင်ရင် လုပ်ပေးလိမ့်မယ်။
သူလုပ်မပေးနိုင်ရင်မင်းကို ငါမကူနိုင်ဘူး။ မင်းလောက်မိုက်မဲတဲ့ ကျောင်းသား
ယူနီဗာစတီ တကျောင်းလုံး ဘယ်မှာမှ မရှိဘူး။ လို့ ဆူလွှတ်လိုက်တယ်။ မောင်နုဟာ
ရယ်ဂျစ်စတာ ကင်းဘဲလ်ကိုသွားတွေ့တဲ့ အခါ ဒါခက်တဲ့ ကိစ္စ မဟုတ်ပါဘူး ဆိုပြီး
မောင်နုရဲ့ နာမယ်ကို ခပ်လွယ်လွယ် စာရင်းသွင်းပေးလိုက်တယ်။ အဲဒီအကြိမ်ဟာ

ကျောင်းအုပ်ကြီး ဆလော့ကို မောင်နု နီးနီးကပ်ကပ် ဒုတိယအကြိမ် တွေ့ရတာပဲ။ နောက်တကြိမ်ကတော့ စိတ်ဝင်စားစရာကောင်းတယ်။ မောင်နုဟာ တက်ကသိုလ် ရောက်တဲ့အချိန်ကစပြီး သူ့မျက်စိထဲမှာ စပါးမွေး ဆူးနေတဲ့ အချက်တချက်ကို ဘယ်သွားသွားတွေ့ နေရတယ်။ အဲဒါက တခြားမဟုတ်ဘူး ကျောင်းအုပ်ကြီးကအစ ပါမောက်ခနဲ့လက်ထောက် ဆရာတွေ အဆုံးရှိတဲ့ ကျောင်းအာဏာပိုင်တွေကို တက်ကသိုလ် ကျောင်းသားတွေဟာ တွေ့တဲ့နေရာမှာ ဆလံပေးနေကြရတာပဲဖြစ်တယ်။ မောင်နုဟာ ဆဂ္ာတွေကို မရိုမသေမလုပ်ချင်ပါဘူး။ ဗမာ့ယဥ်ကျေးမှုအရ ကန်တော့ ရမယ် ဆိုရင် ဦးမလေးပဲ ကန်တော့နိုင်ပါတယ်။ ဒါပေမဲ့ဆလံပေးတာဟာ ဗမာ့ယဥ်ကျေးမှုလည်း မဟုတ် ။ဗမာ့အစဥ်အလာလည်း မဟုတ်တဲ့အတွက် ဆလံပေးတာကို မကြိုက်ဘူး။ သိပ်ပြီးမြင်ပြင်းကပ်တယ်။ အဲဒါကြောင့် သူကိုယ်တိုင်လည်း ဘယ်တော့မှ ဆလံမပေးဘူး ။ သူနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေကိုလည်း ဆလံမပေးဘို့ သူအမြဲတမ်းတရားဟောတယ် ။ တနေ့ကျတော့ မောင်နုဟာ သူငယ်ချင်းနှစ်ယောက်နဲ့အတူ ပြည်လမ်းမကြီးပေါ်ကို သွားဘို့ ပြည်နဲ့ တကောင်း ကျောင်းဆောင်ဝင်းထဲက ထွက်လာတယ်။ အဲဒီအချိန်မှာ ကျောင်းအုပ်ကြီး ဆလော့ စီးလာတဲ့ မော်တော်ကားဟာ အရှိန်သတ်ပြီး ပြည်လမ်းမပေါ်က ပြည်နဲ့တ ကောင်းကျောင်း ဆောင်ဝင်းထဲ ဖြေးဖြေးလိုမ့်ဝင်လာတယ်။ မောင်နုတို့ဟာ မော်တော်ကားနဲ့ လက်တကမ်းလောက်အလိုရောက်တော့သူနဲ့ပါလာတဲ့ သူငယ်ချင်းနှစ်ယော်ကဟာ ကျောင်းအုပ်ကြီး ဆလော့ကို ဆလံပေးရအောင် သူတို့ရဲ့ ညာလက်အသီးသီးကို မြောက်လိုက်ကြတယ် ။မောင်နုဟာ သူ့လက်နှစ်ဘက်နဲ့ အဲဒီကျောင်းသားတွေရဲ့ ညာလက်တွေကို ဗျတ်ကနဲ ဆွဲချပစ်လိုက်တယ်။ ကျော်င်းအုပ်ကြီး ဆလော့ဟာ အံ့အားသင့်သွားပြီး သူ့မော်တော်ကား ခပ်လှမ်းလှမ်းရောက်သည့်တိုင်အောင် မောင်နုကို လှည့်ကြည့်သွားတယ်။ မောင်နုဟာ ကျောင်းအုပ်ကြီးဆလော့နဲ့က အခုလို နီးနီးကပ်ကပ် တွေရတာ အခုပြောခဲ့တဲ့ သုံးကြိမ်လောက်ပဲ ရှိလိမ့်မယ်လို့ မောင်နု မှတ်မိတယ်။
ဒို့ဗမာ သိချင်းဆိုပွဲနဲက ပတ်သက်ပြီး တွေ့ရအောင် မောင်နုဟာ ကျောင်းအုပ်ကြီးဆလော့ရဲ့ ရုံးခမ်းထဲကို ဝင်သွားတဲ့အခါ ကျောင်းအုပ်ကြီး ဆလော့က ငါ ချိန်းတဲ့နေ့မှာ မင်းဘာဖြစ်လို့ လာမတွေ့သလဲ လို့ စိတ်အနှောက်အယှက်ဖြစ်နေတဲ့ မျက်နှာထားနဲ့ မောင်နုကို မေးတယ်။ ကျနော် အရေးကြီးတဲ့ ကိစ်စတွေ ကို ဆောင်ရွက်နေတယ်လို့ မောင်နုက ခပ်တည်တည်ပြန်ဖြေတယ်။
ဒို့ဗမာ သီချင်းဆိုပွဲအတွက ်မင်းခွင့်ရသလား။
ရတယ်။
ဘယ်ကရသလဲ။
သထုံကျောင်းဆောင်မှူးဆီက။

ယူနီဇာစိတီ ကောလိပ်ဝင်းအတွင်းမှာ တခုခု လုပ်ချင်ရင် ငါ့ဆီက
ခွင့်တောင်းရမယ်ဆိုတာ မင်းမသိဘူးလား။
သိတယ်။
သိရင်ဘာဖြစ်လို့ ငါ့ဆီက ခွင့်မတောင်းသလဲ။
အဲဒီအခါ ကျောင်းအုပ်ကြီးရဲ့အိမ်ကို ခွင့်တောင်းရအောင် သူလာခဲ့တဲ့ အကြောင်းကို
အစကအဆုံးအထိ ရှင်းပြတယ်။
သထုံကျောင်းဆောင်မှူးပါမောက်ခ ဦးဖေမောင်တင်ဆီက ခွင့်ရတဲ့အတွက်
မောင်နုသက်သာသွားတယ်။ဒီလိုသာခွင့်မရရင် ကျောင်းထုတ်ခံရကောင်း ခံ ရနိုင်စ ရာ
အကြောင်းရှိတယ်။ အဲဒါကြောင့်-
ကောလိပ်ဝင်းအတွင်းမှာ နိုင်ငံရေးလှုပရှားမှု တခုခုကို နောက်တကြိမ် ထပ်လုပ်ရင်
မင်းကို ပြင်းပြင်းထန်ထန် အရေးယူ ရလိမ့်မယ်လို့ ကျောင်းအုပ်ကြီးက
သတိပေးပြီးမောင်နုကို ပြန်လွှတ်လိုက်တယ်။
နောက် ဆယ်ရက်လောက်ကြာတဲ့အခါ ကျူတာတဦး မောင်နုဆီကို ရောက်လာပြီး
ကျောင်းအုပ်ကြီး ဆလေ့ာက မောင်နုနဲ့ စကားပြောချင်တယ်လို့
အကြောင်းကြားတယ်။ မောင်နု ဟာ ကျောင်းအုပ်ကြီးနဲ့ တွေ့တဲ့အခါ မောင်နု မင်းတို့
တိုင်းပြည်မှာ ရှေ့နေတွေဟာ လိုအပ်တာထက်ပိုနေတယ်။ ဒီတိုင်းပြည်နဲ့လူမျိုးကို
ထိထိရောက်ရောက် အကျိုးဖြစ်စေတဲ့ လုပ်ငန်းတွေဝင်လုပ်သင့်တယ် ။ငါမင်းအတွက်
အလုပ်တခုကိုစဉ်းစားမိတယ်။ အဲဒါသမဝါယမအလုပ်ပဲ။ သမဝါယမလုပ်ငန်းဟာ ဒို့
အင်္ဂလန်နဲ့ ဥရောပက တချို့ နိုင်ငံတွေမှာသိပ်ကြီးပွားနေတယ်။ မင်းတို့နိုင်ငံမှာတော့
အရည်အချင်းရှိတဲ့လူတွေဟာ ဒီလုပ်ငန်းမှာ စိတ်မဝင်စားတဲ့အတွက်ဒီလုပ်ငန်းဟာ
မအောင်မြင်ဘူး။ အဲဓိလုပ်ငန်းမှာ မင်းဝင်လုပ်နိုင်ရင် သိပ်ကောင်းမယ်။ တနေ့တုန်းက
'ခေနဿှငညျူတေ ဘဏ္ဍာရေးမင်းကြီး ဒါန်း ။ သမဝါယမမင်းကြီး ဖိုဂါတီ တို့နဲ့ ငါ
စကားလက်ဆုံကျရင်း မင်းအကြောင်းကို ငါပြောပြတယ်။ သူတို့ကလည်း မင်းနဲ့
တွေ့ချင်တယ်။ ခဏလောက်သွားတွေ့ပါ ဆိုပြီး အဲဒီပုဂ်ဂိုလ် နှစ်ဦးကို မောင်နု
တွေ့နိုင်အောင် တယ်လီဖုန်းနဲ့ ချိန်းပေးတယ်။ နောက်တကြိမ် ကျောင်းအုပ်ကြီး
ဆလေ့ာနဲ့တွေ့တဲ့အခါ သမဝါယမအသင်းတွေရဲ့ လက်ထောက် ရီဂျစ်စတာ အဖြစ်နဲ့
ခန့်ဘို့ သမဝါယမ မင်းကြီး ဖိုဂါတီက ရည်ရွယ်ထားတဲ့အကြောင်း မောင်နုကို
ပြောပြတယ်။ မောင်နုက အစိုးရအလုပ်မလုပ်ချင်ဘူး။ လို့ ဖြေတယ်။ အစိုးရအလုပ်
ဆိုပေတဲ့ သမဝါယမ အလုပ်ဟာ ပြည်သူလူထုကို ဆန့်ကျင် ရတဲ့ အလုပ်မဟုတ်ဘူး ။
ပြည်သူလူထုရဲ အကျိုးကိုဆောင် ရွက်ရတဲ့အလုပ် ဖြစ်တယ်လို့ ကျောင်းအုပ်ကြီး
ဆလေ့ာက အကြောင်းပြန်တယ်။
မောင်နုဟ သူ့အခန်းကို ပြန်ရောက်တဲ့အခါ ကျောင်းအုပ်ကြီးပြောတာကို
ပြန်စဉ်းစားနေတယ်။ အစိုးရအလုပ်လုပ်ရမှာကို မောင်နုက နဂိုလ်အားဖြင့်
မနှစ်သက်သော်လည် း ကျောင်းအုပ်ကြီးက ဖခင်သဖွယ် ဆုံးမတာကို အားနာပြီး

လက်ထောက်ရီဂျစ်စတာအလုပ်ကို ဝင်လုပ်ရတော့မလို လို ဖြစ်နေတယ်။ ဒါပေမဲ့ 'မောင်နုဟာ ရာထူးနဲ့ချော့တော့။ ပျော့သွားတယ်' ဆိုတဲ့စကားဟာ တက်ကသိုလ် လောကမှာ ဉဒါန်းတွင်ပြီး ကျန်ရစ်မှာကိုလည်း မောင်နုရှက်တယ်။ ကျောင်းအုပ်ကြီး ဆလော့ဟာ သူ့ကို ခပ်ကြမ်းကြမ်းကိုင်ရင် ကျောင်းကအ ထုတ်ခံရတဲ့အထိ ပြန်တိုက်ဘို့ ဆိုတာ မောင်နု ဝန်မလေး။ ဒီလိုတိုက်မယ်လို့လည်း မောင်နု သံဓိဋ္ဌာန် ချထားတယ်။ အခုတော့ ကျောင်းအုပ်ကြီးက ဖခင်သဘွယ် ဆက်ဆံနေတဲ့အတွက် ကျောင်းအုပ်ကြီး ဆလော့ စိတ်အနှောက်အယှက်ဖြစ်အောင် တခုခု လုပ်ရမှ သူ့အတွက်ဝန်လေးလာတယ်။ ဒီလိုဖြစ်လာတဲ့အတွက် ဖခင်လိုစောင့်ရှောက်တာ ကျေးဇူးတင်ပါတယ်။ သမဝါယမလုပ်ငန်းမှာစိတ်မဝင်စားသဖြင့် လက်ထောက်ရီဂျစ်စတာရာထူးကို ကျနော် လက်မခံပါရစေနဲ့၊ဥပဒေမှာလည်း ကျနော် စိတ်မဝင်စားတော့ပါဘူး။ အဲဒါကြောင့် ဥပဒေတန်းက ကျနော် နှုတ်ထွက်လိုက်ပါပြီ အစရှိတဲ့အချက်တွေ ပါတဲ့ စာတစောင်ကို ကျောင်းအုပ် ကြီးဆလော့ ဆီ ရေးပြီး မောင်နုဟာ ဥပဒေတန်းက တဝက်တပျက်နဲ့ ဒုတိယမ်ပိ နှုတ်ထွက်သွားခဲ့ရပြန်တယ်။ ယူနီဗာစိတီက ထွက်ပြီးတဲ့နောက် မောင်နုဟာ ရန်ကုန်မြို့ စတော့စိတ်လမ်း (ယခုအခါ သိမ်ဖြူလမ်း) ဘေးက ကုလားဘတ်စတီး ဆိုတဲ့ ရပ်ကွက်ကလေးမှာ သူငယ်ချင်းတယောက်နဲ့ အတူသွားနေတယ်။ ရေးဦးစွာ သတင်းစာတိုက်တတိုက်မှာ အလုပ်ဝင်လုပ်ဘို့ သူစိတ်ကူးမိတယ်။ ဒါပေမယ့် လခစားအလုပ်ကို သူကြာရှည် လုပ်ဘို့ ဖြစ်မှာ မဟုတ်ဘူး လို့ ဆက်ပြီးစဉ်းစားမိ တဲ့အတွက် အဲဒီ စိတ်ကူးပျက်သွားတယ်။ စာအုပ်ရေးဘို့ကို ဆက်ပြီးစဉ်းစားတဲ့အခါ သူဂေးချင်တာက ပြဇာတ်။ သူ့ပြဇာတ်တွေက လူကြိုက်နည်းနေတဲ့အတွက် ဒါလည်းမဖြစ်သေးပါဘူး ဆိုပြီးစိတ်လျှော့လိုက်ပြန်တယ်။ သူအဲဒီလိုဖြစ်နေတဲ့အချိန်မှာ သူ့အမေ ဒေါ်စောခင်ကလည်း သူ့အတွက် အတော်စိတ်ပူနေတယ်။

ရန်ကုန်မြို့ကြီးဆိုတာကလည်း အင်မတန် ကြောက်စရာကောင်းတယ်။ ရှုပ်ရှုပ်ပွေပွေ က ပေါပါသဘိနဲ့။ အဲခါကြောင့် သူ့သားဟာ ရန်ကုန်မှာ ဘာမှ မလုပ်ရင် ဝါးခယ်မကို ပြန်လာ ။ ဝါးခယ်မမှာ သူအင်မတန် မျက်စေ့ကျနေတဲ့ မိန်းခလေးတဦးနဲ့ သူ့သားကိုပေးစားပြီး သူ့သားကု ဝမျက်စိအောက်မှာဘဲထားချင်တယ်။ လို့ ခဏခဏ ပူစာတဲ့အတွက် သူ့အဖေ ဦးစံထွန်းဟာ အဲဒီအကြောင်းတွေကို မောင်နု ဆီ ခဏခဏ ဂေးတယ်။ သူ့ အမေ မျက်စိကျနေတယ်ဆိုတဲ့ မိန်းခလေးဟာ လိမ်မာတဲ့နေရာမှာ အိမ်ဖြေရတဲ့နေရာမှာ အတော်နာမယ်ရတဲ့ မိန်းခလေးပါပဲ။ ဒါပေမဲ့ မချောတဲ့အတွက် ကိုရွှေနုက မကြိုက်ရှာဘူး။ အဲဒါကြောင့် ဝါးခယ်မပြန်ပြီး မိန်းမယူဘို့ဆိုတဲ့ သူ့အမေရဲ့ အဆိုပြုချက်လည်း သူလက်မခံနိုင်၊

အခုလိုမတင်မကျဖြစ်နေတုန်း တနေ့ကျတော့ ကျောင်းအုပ်ကြီးဆလော့ရဲ့ ရုံးက စာပို့ကုလားတယောက်ဟာ မောင်နုကို စာတစောင်လာပေးတယ်။ ဖွင့်ဖတ်တဲ့အခါ

ကျောင်းအုပ်ကြီးက သူနဲ့ ခဏလာတွေ့ပါလို့ ရေးထားတာကို တွေ့ရတယ်။ သူဟာ အဲဒီအိမ်မှ နေတာ ကျောင်းအုပ်ကြီးဘယ်လိုလုပ်သိသွားသလဲ ။ အဲဒါကို မောင်နုစဉ်းစားလို့မရဘူး။ နောက်တနေ့မှာ မောင်နုဟာ ကျောင်းအုပ်ကြီး နဲ့တွေ့တဲ့အခါ မောင်နုမင်းဟာ အခုလို ယောင်သုံးဆယ်လုပ်နေတာ မကောင်းဘူး။ မင်းရဲ့ တိုင်းပြည်နဲ့ အမျိုးအတွက် တခုခုလုပ်ပါကွယ်။ မင်းအတွက် ငါဒီလိုစိတ်ကူးထားတယ်။ အခုလောလောဆယ် လက်ထောက် ရီဂျစ်စတာ ဝင်လုပ် နောက်ခြောက်လ။ ခုနစ်လလောက်ကြာရင် ပညာတော်သင်အဖြစ်နဲ့ အင်္ဂလန်မှ ၂နှစ်နေပြီး သမဝါယမလုပ်ငန်းကိုလေ့လာ ဥရောမှာ တနှစ်လေ့လာ။ အဲဒီလို နိုင်ငံခြားပညာခံတွေရှိရင် မင်းဒီကိုပြန်ရောက်တဲ့အခါ မင်းရဲ့ တိုင်းပြည်နဲ့ အမျိုးအတွက် လည်းပိုပြီး ထိထိရောက်ရောက်လုပ်ပေးနိုင်မယ်။ ရာထူးတက်တဲ့နေရာမျာ ပိုပြီး မြန်မှာကြောင့် မင့်အတွက် လည်း အကျိုးအများကြီးရှိမယ်လို့ ပြော တယ်။ မောင်နုဟာ အစိုးရပညာတော်သင်အဖြစ်နဲ့ အင်္ဂလန်ကို သွားချင်တယ်။ သိပ်သွားချင်တယ်။ သထုံကျောင်းဆောင်မှာ ဒို့ဗမာ သီချင်းဆိုပွဲနဲ့ ပတ်သက်ပြီး ကျောင်းအုပ်ကြီး ဆလေ့ာ်နဲ့ ပဋိပက္ခသာ မပေါ်ခဲ့ရင် သူလက်ခံခဲ့မယ်။ ဒါပေမဲ့ ပဋိပက္ခဖြစ်ပြီး မှရတဲ့ ပညာတော်သင်ဆုကို လက်ခံသင့်သလားဆိုတာ သူအများကြီးစဉ်းစားနေတယ်။ သူဟာ အင်မတန် စဉ်းစားဂုကြပ်တဲ့အတွက် သူ့အမေက နိုင်ငံခြားသွားတာကို မကြိုက်ဘူးလို့ မောင်နုဟာ ပြောမိပြောရာ ပြောချလိုက်တယ်။ အဲဒီအခါ ကျောင်းအုပ်ကြီးဆလေ့ာ က မင်းအခုလို ပညာတော်သင် အဖြစ်နဲ့သွားရင် မင်းအတွက် ရော မင်းရဲ့ တိုင်းပြည်နဲ့လူမျိုး အတွက ်ရော ဘယ်လောက်အကျိုးရှိမယ်ဆိုတာ မင်းအမေကို ရှင်းပြဘို့ မင်းအဖေဆီ ငါစာရေးမယ်လို့ မောင်နုကို ပြောတယ်။ မောင်နုလည်းကောင်းပြီဆိုပြီး ပြန်လာတယ်။ ဒီအကောင် မောင်နုဟာ လူညံ့လေးဘဲ။ အလုပ်လုပ်ချင်တဲ့ကောင် မဟုတ်ဘူးလို့ ယူဆပြီး ကျောင်းအုပ်ကြီးဟာ သူ့အပေါ်မှာ စိတ်ပြောင်းသွားပါစေ။ စိတ်ဆိုးသွားပါစေ။ သူနဲ့ အဆက်ဖြတ်လိုက်ပစေလို့ လမ်းတလမ်လုံးရော အိမ်ပြန် ရောက်ပြီးအချိန်တော်တော်ကြာတဲ့အထိ မောင်နုဟာ အကြိမ်ကြိမ် ဆုတောင်းနေတယ်။

နောက်ဆယ်ရက်လောက်ကြာတဲ့အခါ မောင်နုရဲ့ အဖေ ဦးစံထွန်းဟာ ကျောင်းအုပ်ကြီးဆလေ့ာရေးပေးလိုက်တဲ့ စာရှည်ကြီးကို ယူပြီး ဂုန်ကုန်ကို လိုက်လာတယ်။ သူ့သားမောင်နုနဲ့ တွေ့တဲ့အခါ ကျောင်းအုပ်ကြီးပေးတာယူလိုက်ပါကွာ။ မင်းအမေကလည်း သဘောတူပါတယ်။ အဲဒါဟာ တိုင်းပြည်အတွက်ရော ။ မင်းအတွက်ပါ သိပ်ကောင်းတယ်လို့ ဦးစံထွန်းက အားပါးတရ ပြောတယ်။ နောက်ပြီးတော့လည်း ကျောင်းအုပ်ကြီးဟာ မင်းအပေါ် ဒီလောက်ထိ စေတနာထားနေတာကို မင်းအားနာဘို့ကောင်းတယ်။ ကျေးဇူးလည်း အများကြီးတင်ဘို့ကောင်းတယ် ။ ဦးစံထွန်းက ဆက်ပြီးပြောပြန်တယ်။

နောက်သုံးလေးရက်လောက် ကြာတဲ့အခါ မောင်နုဟာ စိတ်ပြောင်သွားသလို ဖြစ်ပြီး ကျောင်းအုပ်ကြီးနဲ့တွေ့တယ်။ နိုင်ငံခြားပညာ တော်သင် ဆုယူပါမယ်လို့ ပြောတဲ့အခါ ကျောင်းအုပ်ကြီးဟာ အ ဂုမ်းဝမ်းသာတယ်။ လျှောက်လွှာပုံစံ လေးရွက်ကို သူရှုံးက ချက်ချင်းတောင်း ။ သူ့ရှေ့မှာပဲ လိုတဲ့အချက်တွေကို မောင်နု ဂေးထည့်ရတယ်။ ပုံစံတခုကို ဖြည့်ပြီးတဲ့အခါ အင်မတန်ဝမ်းသာနေတဲ့ ကျောင်အုပ်ကြီးဟာ သူ့တပည့် မောင်နု လက်ညှောင်းမှာ စိုးလို့ထင်တယ်။ ကျန်ပုံစံသုံးရွက် မှာ ထပ်မဖြည့်နဲ့တော့ သူ့ရုံးက ပထမပုံစံကု ိကြည့်ပြီး ဖြည့်လိမ့်မယ်။ ပုံစံတွေပေါ်မှာ လက်မှတ်တွေသာ ထိုးပေးလိုက်လို့ မောင်နုကို ပြောတယ်။ မောင်နုကလည်း သူပြောတဲ့အတိုင်းလုပ်ရတယ်။
တခြားကျောင်းသားတွေရဲ့ ပုံစံမှာ ဆိုဂုင် ကျောင်းအုပ်ကြီးဟာ သက်ဆိုင်ရာသို့ တင်ပို့လိုက်သည် ဆိုတဲ့ စာတလုံးဘဲ ဂေးတယ်။ မောင်နုရဲ့ ပုံစံမှာတော့ မောင်နုရဲ အဂုည်အချင်း တွေကို အရှည်ကြီး ဂေးထားတာတွေ့ရတယ်။
ပညာတော်သင်တွေဟာ စာမေးပွဲ တခုဝင်ရတယ်။ အဲဒီစာမေးပွဲလုပ်ပြီးတော့မှ ပညာတော်သင်အဖြစ် လျှောက်ထားသူတွေကို အဖွဲ့တဖွဲ့ ရွေးတယ်။ ဒါပေမဲ့ စာမေးပွဲဆိုတာ လုပ်တယ်ဆိုတာ လောက်ပါဘဲ။ အရေးမကြီးပါဘူး အဖွဲ့က အရေးကြီးတယ် ။အဲဒီအဖွဲ့ထဲမှာ ကျောင်းအုပ်ကြီး ဆလော့ပါတယ်။ ယူနီဗာစိတီ ကျောင်းသားဆိုရင် သူဂွေးတဲ့သူရတာပဲ။ ဒီစာမေးပွဲဟာ ဒီဇင်ဘာလထဲမှာ လုပ်လေ့ရှိတယ်။ ဒီစာမေးပွဲလုပ်ဘို့ လေးငါးခြောက်ရက် လိုတဲ့အခါ မောင်နုစိတ်ထဲမှာ သူ့သူငယ်ချင်းတွေ သူ့ကို ဝိုင်းပြီး သရော်ကြတဲ့ ိခေနူ့ညည္ပုတေ ပုံသဏ္ဍာန်မျိုးတွေ မြင်လာတယ်။ မောင်နုဆိုတဲ့ ကောင်ဟာ ဟိုဘက်ကို ပါသွားပြီလို့ ပြောကြတဲ့ အသံမျိုးတွေသူ့နားထဲမှာ ကြားသလိုလိုဖြစ်လာတယ်။ မောင်နုရဲ့ နှလုံးသားဟာ ဦးနှောက်ထက် ကြီးနေတယ်။ မဟုတ်လား ။ အဲဒီတော့ ဒီလိုသူ့စိတ်က သူ့ကို ုပြန်ခြောက်တဲ့အခါ ဘယ်ခံနိုင်မလဲ။ အဲဒါကြောင့် စာမေးပွဲစစ်တဲ့ နေ့ကျတော့ မောင်နုသွားမဖြေတော့ဘူး။

အခန်း ၁၁။

နောက် ရက်အနည်းငယ်ကြာတဲ့အခါ သူတို့ဆီကို အလည်လာဘို့ ဆွေမျိုးတွေက စာရေးလိုက်တဲ့ အတွက် မောင်နုဟာ ပန်းတနော်ကို လိုက်သွားတယ်။ ပန်းတနော်ကို ရောက်ပြီး နောက်တနေ့မှာ မောင်နုဟာ ပန်းတနော်ဈေးထဲကို သွားတယ်။ သူ့အဒေါ် ဒေါ်ဒေါ်မြိုင်ရဲ့ အထည်ဆိုင်မှာထိုင်ပြီး ဒေါ်ဒေါ်မြိုင်နဲ့ စကားပြောနေတုန်း အမျိုးသမီးတယောက် ဆိုင်ရှေ့ကို ဖြတ်လျှောက်သွားတယ်။ ဒေါ်ဒေါ်မြိုင်က မြမြရေ ခဏနေပါဦး ညည်းကို ပြောစရာ နည်းနည်းရှိနေတယ်။ လို့ နှုတ်ဆက်လိုက်တဲ့အတွက် အဲဒီအမျိုးသမီးဟာ မောင်နု ရဲ့ မျက်နှာချင်းဆိုင်လေးငါးကိုက် အကွာမှာ ထိုင်တယ်။ မောင်နု

လှည့်ကြည့်လိုက်တဲ့အခါ ရုတ်တရက်ဆိုတော့ ပွဲထိုင်တခုသွားဖို့ အတွက် ကျော့နေအောင် ဖိးလိမ်းဝတ်စားလာတယ်လို့ ထင်မယ်ဆိုရင်လည်း ထင်နိုင်လောက်တဲ့ အမျိုးသမီးတယောက်ကို တွေ့ရတယ်။ နောက်တကြိမ် ပြန်ကြည့်တဲ့အခါ မြမြဆိုတဲ့ အမျိုးသမီးဟာ တခြားမဟုတ်ဘူး။ ခပ်လှမ်းလှမ်းက နှစ်ကြိမ်။ သုံးကြိမ် လောက်မြင်လိုက်ရဘူးတဲ့ ဦးအောင်ငြိမ်းရဲ့ သမီးထွေး မမြရီဖြစ်နေတာကို တွေ့ရတယ်။ မမြရီဟာ ဈေးကိုလာလာ။ ပွဲထိုင်ကို သွားသွား ။ အိမ်မှာဘဲနေနေ။ ဆံထုံးကြီးကို မောက်နေအောင်ထုံး။ ပန်းတွေကိုဝေနေအောင်ပန်။ သနပ်ခါးနဲ့ ပေါင်ဒါကို ဖွေးနေအောင် တကိုယ်လုံးလူး ကောင်းပေ့ဆိုတဲ့ ရေမွှေးတို့ ။ အော်ဒိကလုံးတို့ကို ကြိုင်နေအောင်ဖြန်း။ သူ့အဖေ။ သူ့အမေပေးထားတဲ့ လက်ဝတ်လက်စား ဆိုရင်လည်း ရှိသမျှအကုန် ချဝတ်နေရမှ ကျေနပ်တယ်ဆိုတဲ့သတင်း ကို အရင်တုန်းကတဲက မောင်နုဟာ ဆွေမျိုးတွေဆီက သိုးသိုးသန့်သန့် ကြားခဲ့ဖူးတယ်။ အဲဒါကြောင့် ရှေးတုန်းက ဝိုးတိုးဝါးတား မြင်ခဲ့ရဘူးပေမဲ့ သူမြင်ရတဲ့ မြမြဆိုတာဟာ မမြရီပဲလို့ သူအတတ်ဆွဲလိုက်ခြင်းဖြစ်တယ်။ အခုလို မြမြကို မြင်ရပြီး တယ်လှပါကလား လို့ မောင်နုဟာ သူ့စိတ်ထဲမှာ မှတ်ချက်ချလိုက်တယ်။

မြမြဟာ ဒေါ်ဒေါ်မြိုင်နဲ့က စကားပြောနေတုန်း မောင်နုဟာ မြမြကို တချက်ခိုးကြည့်လိုက်တယ်။ တယ်ကျက်သရေရှိတဲ့ ဟာမလေးပါလားလို့ သူ့စိတ်ထဲမှာ ဒုတိယမ်ပီမှတ်ချက်ချပြန်တယ်။ နောက်သုံးလေးမိနစ်ကြာတဲ့အခါ တကြိမ်ခိုးကြည့်ပြန်တယ်။ သိပ်ချစ်စရာ ကောင်းတယ်ကွယ်လို့ တတိယမ်ပိ မှတ်ချက်ချလိုက်ပြန်တယ်။ မြမြ ထသွားတဲ့အခါ ဒေါ်ဒေါ်မြိုင်က မောင်နု မင်းမမြရီကို မသိဘူးလား ။ မင်းရဲ့ကျောင်းအုပ်ဟောင်း ဦးအောင်ငြိမ်းရဲ့ သမီးလေးလို့ မေးတယ်။ ခပ်လှမ်းလှမ်းက ခဏလောက်မြင်ဘူးတာပါဘဲ။ အဲဒါလည်းသိပ်မကြာပါဘူး။ နှစ်ကြိမ်။ သုံးကြိမ်၊ လောက်ပါပဲ၊ အခုလို နီးနီးကပ်ကပ် ခပ်ကြာကြာလေးမြင်ဘူးတာတော့ ဒါဟာ ပထမဆုံးအကြိမ်ပဲလို့ မောင်နုက ဖြေတယ်။ နောက်လေးငါးမိနစ်လောက်ကြာတဲ့အခါ မောင်နု ထပြန်လာတယ်။

မောင်နုဟာ သူ့အမဝမ်းကွဲတင်တင်နဲ့ တွေ့တဲ့အခါ အမကြီး မမြရီဟာ တယ်ချစ်စရာကောင်းပါလားလို့ စကားစလိုက်တယ်။ အဲဒါဟာ ဘာဖြစ်သလဲလို့ သူ့အမကြီးက ပြန်မေးတယ်။ ကျနော်လိုချင်တယ်။ သူ့ကို ကျနောကြိုက်နေပြီ။ လို့ မောင်နုက ဖြေတယ်။ သိပ်ကြိုက်နေရင် သူ့အဖေကြီးကိုမင်းသွားပြောပါလား။ မင်းရဲ့ ကျောင်းအုပ်ဟောင်းဘဲလို့ အမကြီးက အကြံပေးတယ်။ ကျနော် ကျောင်းဆရာကြီးလုပ်တုန်းက ဂျွတ်ဆတ်ဆတ်နိုင်လွန်းလို့ အဖိုးကြီးက ျနော့ကို မုန်းသွားပြီထင်တယ်လ။ အဲဒိတော့ သဘောတူဘို့ကို မဆိုထားနဲ့ အတွေ့ခံမှာတောင် မဟုတ်ဘူးလို့ မောင်နုဟာ သူ့ထင်မြင်ချက်ကို တင်ပြတယ်။ ဒိလို မပြောပါနဲ့ကွယ်။ မင်ဒဟာ ကလေကချေ အစားထဲကမှ မဟုတ်ဘဲလို့ အမကြီးက အားပေးတယ်။

ကျနော် မပြောရဲဘူး။ အမကြီးပဲပြောပေး။ အဖိုးကြီးကို ပြောဖို့မဟုတ်ပါဘူး။ ကျနော မေတ္တာရှိတဲ့အကြောင်း မောင်နုကေ ပြာတယ်။ ဒီကိစ္စကို စဉ်းစားပါရစေဆိုပြီး အမကြီးကအချိန်တောင်းတယ်။ အမကြီးဟာ အပျိုကြီး ဆိုတော့ အချစ်ဟာ ဘယ်လိုလည်းဆိုတာ အမကြီးမသိဘူး ။ အချိန်မဆွဲချင်ပါနဲ့။ ကျနော အခုပဲစာတစောင်ရေးမယ်။ မမြရီကိုသွားပေးပါလို့ မောင်နုက သူ့အမကြီး ကို အတင်းပူဆာတယ်။ အဲဒီနောက် ဒေါ်ဒေါ်မြိုင်ရဲ့ ဆိုင်မှာ တွေ့ကတဲက မမြရီကို သိပ်မေတ္တာရှိနေပြီ သူ့မေတ္တာကို မမြရီ တုန့်ပြန်လိမ့်မယ်လို့ အထူး ယုံကြည်နေပါတယ်။ အစရှိတဲ့ မေတ္တာစာကို ရေးပြီး အမကြီးရဲ့ လက်ထဲ ထည့်လိုက်တယ်။ အတင်း နပူနဆာလုပ်နေတဲ့အတွက် အမကြီးဟာ စာယူပြီး မမြရီဆီကို သွားရတယ်။ နောက်တနာရီလောက်ကြာတဲ့အခါ အမကြီးပြန်လာတယ်။ အဲဒီအခါ မမြရီဆီက ပြန်စာပါလာလိမ့်မယ် ထင်တာကြောင့် မောင်နု က အမကြီး ပြန်စာပါလာသလားလို့ အိမ်ဝက ဆီးပြီးမေးတယ်။ ဟဲ့– မောင်နု မုန့်ဟင်းခါးဆိုင်မှာမုန့်ဟင်းခါးတခွက် ပေးလိုက်စမ်းဆိုတာနဲ့ချက်ချင်းရတာပဲ အခုကိစ္စကို မုန့်ဟင်းခါး ဝယ်စားသလို သဘောထားလို့ဘယ်ဖြစ်မလဲလို့ ငေါက်လိုက်တော့မှ အငမ်းမရ ဖြစ်နေတာက ငြိမ်ကျသွားတယ။ မောင်နုဟာ နောက်ထပ် လေးငါးရက်လောက် ပန်းတနော်မှာ စောင့်နေတယ်။ အဲဒီအတောအတွင်း အမကြီးဟာ မမြရီတို့အိမ်ကို သုံးခေါက်လောက်ရောက်သေးတယ်။ စာတော့ယူထားတာပဲ ဘာမှ မပြောဘူး။ မေးလို့လည်းမရဘူးဆိုတဲ့ သတင်းထက်ထူးပြီး မောင်နုဟာ ဘာသတင်းမှ ကြားမသွားရဘူး။ မောင်နုဟာ ရန်ကုန် ပြန်ရောက်ပြီး တနင်္ဂနွေ တပတ်လောက်အကြာ မမြရီဆီက ို စာတစောင်ထပ်ရေးပြီး အမကြီး ဆီကို ပို့လိုက်တယ်။ သူပေးတဲ့စာတွေကို စာပြန် ဖို့ မောင်နုဟာ သူ့စာထဲမှာ မမြရီက ို အထူး မေတ္တာရပ်ထားတယ်။ တလလောက်ကြာတဲ့အထိ ဘာသံမှ မကြားရပြန်တဲ့အတွက် တက်ကြွနေတဲ့ သူ့စိတ်တွေဟာ စိတ်ပြဒါးတိုင်ထဲမှာ ရာခိုင်နှုန်းငါးဆယ်လောက် ကျသွားတယ်။ သူ့တသက်မှာဖြင့် ရည်းစား ထားလို့ ဘယ်နည်းနဲ့မှ စွံမှာ မဟုတ်ပါဘူးလို့ စဉ်းစားပြီးေ နာက်ဆုံးစာအဖြစ် နဲ့ တတိယစာကို ရေးလိုက်တယ်။ နောက်ဆယ်ရက်လောက်ကြာတဲ့အခါ ပန်းတနော်က စာတစောင်ရောက်လာတယ်။ စာအိပ်ကိုဖွင့်လိုက်တဲ့အခါ အမကြီးရဲ့စာအပြင် တခြားစာတစောင်လည်း စာအိပ်ကလေးတခုနဲ့ ပါလာတယ်။ မောင်နုဟာ သူ့အမကြီးရဲ့စာကို မဖတ်နိုင်သေးဘူး။ သူ့လက်တွေတုန်တုန်ရီရီနဲ့ စာအိပ်ကလေးထဲက စာကို ကဗျာကယာဖောက်ကြည့်တယ်၊ စာရေးလိုက်ပါသည် ကိုကိုနု ဆိုတဲ့ ပထမစာကြောင်းကို ဖတ်လိုက်ရတာနဲ့က တပြိုင်နက် သူ့ဂုင်ခေါင်းကို ဝမ်းသာလုံးကြီးဆောင့်လိုက်တာ ရင်ပွင့်ထွက်သွားမလောက်ဖြစ်သွားတယ်။ ဒီလိုမဖြစ်ပဲ ဘယ်နေမလည်း ရှေးတုန်းကဆိုရင် မောင်နုဟာ မိန်းမတွေကို

သူကချည့်ပဲ တဖက်သတ်လျှောက်ကြိုက်လာခဲ့ရတာ အမှန်စင်စစ်ဆိုရင် သူတဖက်သတ်ကြိုက်ခဲ့ရတဲ့မိန်းကလေးတွေဟာ အခုစာအုပ်ထဲမှာ ဖေါ်ပြထားတာထက် များသေးတယ်။ တချို့ကျတော့လည်း စိတ်ဝင်စားစရာ မကောင်းဘူးလို့ထင်တဲ့အတွက် ချန်ထားပစ်ခဲ့တယ်။ တချို့ကျတော့လည်း ငဲ့စရာအကြောင်းတွေရှိနေလို့ ချိန်ထားပစ်ခဲ့ရတယ်။ အဲဒီလို တဖက်သတ်ကြိုက်ကြိုက်ပြီး မောင်နုဟာ မေတ္တာစာတွေ အနန္တပေးခဲ့ရပေတဲ့ မိန်းခလေးတော်ဆီက စာမပြောနဲ့က ဋ္ဌင်းတနဲ့တူတာမျိုးတောင် သူ့တသက်နဲ့တကိုယ် တခါမှမရ ဘူးတဲ့စာကို သူရတဲ့အခါ သူရင်ပွင့်မတတ် ဖြစ်လာတာ နည်းတောင်နည်းသေးတယ်။ မောင်နုဟာ မမြရီရဲ့စာကို ငေါးခြောက်ခါက်လောက် ဖတ်ပြီးတာတောင် မတင်းတိမ်နိုင်သေးဘူး။ ဧည့်ခန်းကထ သူ့အိပ်ခန်းထဲဝင်။ သူ့ခုတင် ပေါ် လှဲပြီး လေးငါးခြောက်ကြိမ် ပြန်ပြန်ဖတ်နေတာကို ကြည့်ရတာ ခးါပိုက်ဆောင်နာရီတလုံး ကောက်ရထားတဲ့ မျောက်တကောင် ကို ကြည့်ရတာနဲ့ သိပ်တူနေတယ်။ ငါ့ကို ကိုကိုနုတဲ့။ အမကြီးက သင်ပေးလိုက်လို့ ခေါ်တာများလား ။ သူဖတ်ဘူးတဲ့ ဝတ္ထုတွေထဲက သမီးရည်းစားစာတွေအားကျပြီး ကိုကိုနုလို့ခေါ်တာလား။ ဒါမှမဟုတ်ရင်လည်း ပန်းတနော်က ငါ့ညီမ်ဝမ်းကွဲ။ ညီဝမ်းကွဲကလေးတွေက ငါ့ကို ကိုကိုနုလို့ခေါ်တာအားကျပြီး ခေါ်တာလား လို့ အမျိုးမျိုးအဖုံဖုံတွေးပြီး အဲဒီကိုကိုနုလို့ ရေးထားတဲ့ စာကြောင်းကလေးကို တခြားစာပိုဒ်တွေထက် အကြိမ်ပေါင်းများစွာပိုဖတ်နေတယ်။

အဲဓိအချိန်က သစ်စာဝါဒီ သတင်းစာတိုက်မှာ လက်ထောက်အယ်ဒီတာ လုပ်နေတဲ့ သူ့သူငယ်ချင်းတယောက် ခွင့်ယူသွားလို့ သူ့နေရာမှာ မောင်နုခဏဝင်ပြီး အလုပ်လုပ်နေတယ်။ အဲဒီစာရတဲ့နေ့က သတင်းစာတိုက်သွားတဲ့အခါ မောင်နုဟာ မမြရီရဲ့စာကလေးကို အိမ်မှြ ထားမပစ်ခဲ့ဘူး။ သူနဲ့ အတူတူယူသွားတယ်၊ လမ်းမှာ စာပျောက်မကျအောင်ဆိုပြီး သူ့အပေါ်အကျီ ရဲ့ ဘေးအိပ်ထဲမှာ ထည့်တယ်။ အိမ်ထဲက အိမ်ပြင်ကိုရောက်တဲ့အခါ သူစိတ်ပြောင်းသွာတယ်။ စာနဲ့ သူ့အသဲနဲ့ ပိုနီးအောင်ဆိုတဲ့ စိတ်ကူးနဲ့စာကို ဘေးအိပ်ထဲကထုတ်။ ရှပ်အကျီအိပ်ထဲမှာထည့်ပြီ းကုန်းလိုက် ကွလိုက်ရှင အောက်ကို ကျမသွားအောင်လက်ကိုင်ပု ဝါနဲ့ အပေါ်က ဖိထားလိုက်တယ်။ သတင်းစာတိုက်ကို ရောက်ပြီး သူ့စားပွဲမှာထိုင်မိတာနဲ့ တပြိုင်နက် အလုပ်လုပ်စရာရှိတာတွေကို တပြိုင်နက် အလုပ်လုပ်စရာရှိတာတွေကို မောင်နု ဘာမှ မလုပ်နိုင်သေးဘူး။ ဘယ်လုပ်နိုင်ဦးမလဲ။ဒီသတင်းစာထက် အများကြီး ပိုပြီး အရေးကြီးနေတဲ့ အလုပ်တခု သူ့မှာရှိနေတယ်။ အဲဒါကြောင့် သတင်းစာအလုပ်ကို မကိုင်ခင် မမြရီရဲ့ စာကြောင်းကလေးကို လေးငါးကြိမ် လောက်ထပ်ဖတ်လိုက်ရသေးတယ်။

အဲဒီလို အကြိမ်ကြိမ် ဖတ်ပြီးတဲ့အခါ အရင် က သူစာပေးခဲ့တဲ့ မိန်းခလေးတွေဟာ သူနဲ့ ဖူးစာမပါလို့ စာမပြန်တာ။ မမြရီကျတော့ ဖူးစာပါတာကြောင့် စာပြန်တာပဲလို့

တွေးမိပြီး ဖူးစာကံရဲ့ ဆန်းကျယ်ပုံတွေကို မောင်နု အံ့ဩနေတယ်။ လူတွေဟာ များအသောအားဖြင့် တခုခုဖြစ်လာရင် ကံကို သာ လွှဲချလေ့ရှိတယ်။ မြတ်စွာဘုရားဟာ ကံအပြင် ဉာဏ်နဲ့ ဝိရိယကိုလည်း ဟောထားတော်မူပါသေးတယ်။ ဖူးစာကံဆိုတာတော့ ဘယ်သူမှ မြင်နိုင်တာ မဟုတ်လို့ သူ့ကို စာမပြန်တဲ့ မိန်းခလေးတွေမှာ သူနဲ့ ဖူးစာ မပါဘူး စာပြန်တဲ့ မမြရီ မှာသာ သူနဲ့ ဖူးစာ ပါတယ်ဆိုတဲ့ အချက်ကို ငြင်းလည်းမငြင်းနိုင်ဘူး။ထောက်လည်း မထောက်ခံနိုင်ဘူး။ ဒါပေမဲ့ တခု တော့ တပ်အပ်သေချာပြောနိုင်ပါတယ်။ဘယ်လိုပဲ ဖူးစာပါပါ ဘယ်လိုပဲ မေတ္တာရှိရှိ အိန္ဒြေရှိတဲ့ မိန်းခလေးသာဆိုရင် စာတိုက်က စာပို့ကုလားလာပေးတဲ့စာကို စာပြန် ဘို့သိပ်ခက်မှာဘဲ။ မဖြစ်သလောက်ခက်မှာဘဲ။ မောင်နုမှာ ဝိရိယတော့ရှိပါရဲ့။ ဒီလိုရှိလိုလည်း မိန်းခလေးတယောက်ယောက်ကို သူကြိုက်လာပြီဆိုရင် မမောမပန်းနိုင်ဘဲ စာတွေရေးပြီး စာတိုက်ကပို့နေနိုင်တာပေါ့။ ဒါပေမယ့် စာတိုက်က ပို့တဲ့ မေတ္တာစာကို အိန္ဒြေစောင့်တဲ့ မိန်းခလေးတဦးဟာ ဘယ်လောက်ပဲ မေတ္တာရှိရှိ ဘယ်နည်းနဲ့မှ စာပြန်မှာ မဟုတ်ဘူး။ ဆိုတဲ့ အချက်ကို နားလည်နိုင်တဲ့ ဉာဏ်မျိုးတော့ မောင်နုမှာ မရှိဘူး။ အကယ်ရွေ့သာအမကြီးကု အားမကိုးဘဲ သူအားကိုးနေကြ စာပို့ကုလားတွေကို သာ အားကိုးဦးမယ်ဆိုရင် မမြရီရဲ့ ချစ်ကိစ်စမှာလည်း ဘာနဲ့ဖြစ်ဖြစ်လောင်းရဲပါတယ်။ သူဟာ သူ့ချစ်တပ်တွေကို ဆုတ်ပြီး ချစ်ရှုံးတွေ ပေးရဦးမှာပဲ။

၁၉၃၁ ခုနှစ် ဧပြီလထဲကို ရောက်လာတဲ့အခါ ညှိခံပွဲတခုမှာ မောင်နုဟာ အမျိုးသားပညာဝန် ဦးဖိုးကြားနဲ့ တွေ့ရတယ်။ ဦးဖိုးကြားက စိအမ်အီး လို့ခေါ်တဲ့ သူ့ရုံးကို ခဏလိုက်ခဲ့ပါလို့ ခေါ်တာနဲ့ မောင်နုလိုက်သွားရတယ်။ သုံးခွအမျိုးသားအလယ်တန်းကျောင်းမှာ ဆရာကြီးနေရာ လစ်လပ်နေတယ်။ အဲဒီမှာ အလုပ်သွားလုပ်ပါ။ ကျောင်းကတော့ နည်းနည်းဆင်းရဲတယ်။ လခမှန်မှန် ပေးနိုင်မှာမဟုတ်ဘူး။ မင်းဟာ ဖြစ်သလိုနေရမှာဘဲလို့ ဦးဖိုကြားကပြောပြတယ်။ လခမရမှာကို ကျနော်မကြောက်ပါဘူး။ ဆင်းဆင်းရဲရဲ နေနိုင်ပါတယ်။ ဒါပေမဲ့ ကျနော် ဆရာလုပ်လို့မဖြစ်ဘူးထင်တယ်။ လို့ မောင်နု ကပြန်ပြောတယ။ ဦးဖိုးကြားက ဘာဖြစ်လို့လည်းလို့ မေးတယ်။ ပန်းတနော်မှာကျနေဆရာကြီးလုပ်တုန်းက ကော်မီတီလူကြီးတွေ အတော် စိတ်ညစ်ကုန်ကြရတယ်။ ဦးတို့လည်း ကျနော့် အကြောင်းကြားပြီးရောပေါ့ လို့ မောင်နုကပြန်ဖြေတယ်။ ကြားပြီးပါပြီ။ မင်းလုပ်တာမှန်သမျှ အဆိုးချည်ဘဲ မဟုတ်ပါဘူး။ အကောင်းတွေကို မင်းလုပ်ခဲ့တာ အများကြီး ရှိပါတယ်။ အဲဒီတော့ သုံးခွကျောင်းမှာ ခဏသွားလုပ်ပေးလိုက်ပါ။ အဲဒီက ကျောင်းကော်မတီရဲ့ ဥက္ကဋ္ဌဟာ ကျောင်းဆရာကြီး တဦးလွှတ်ပေးဘို့ ငါ့ကို ခဏခဏ နားပူနေတယ်လို့ ဦးဖိုးကြားက ဆက်ပြောပြန်တယ် ၊ အဲဒါကြောင့် မောင်နုဟာ သုံးခွ အမျိုးသားကျောင်းကို ရောက်သွားတယ်။

မောင်နုကို လူရမ်းကားလေးတယောက်အဖြစ်နဲ့ မမြရီတို့မိဘများက

စာရင်းသွင်းထားပြီးဖြစ်တဲ့အတွက် မိဘတေါကို နားဖောက်ရင် ဘယ်နည်းနဲ့မှ မရနိုင်ဘူးဆိုတာ အမကြီးဆီက မောင်နု သတင်းအစုံအလင် ရထားပြီးပြီ။ အဲဒါကြောင့် သီတင်းကျွတ်လ ဈကာင်းပိတ်တာနဲ့တပြိုင်နက်တည်း မမြရီကိုခိုးရအောင် မောင်နုဟာပန်းတနော်ကို ဗြုန်းကနဲ ရောက်သွားတယ်။ တလလောက်တော့ ကြိုတင်အကြောင်းကြားသင့်တယ်။ အခုလို ဗြုန်းစာကြီးဆိုတော့ မမြရီလိုက်နိုင်မယ် မထင်ဘူး။ မင်းလုပလိုက်ရင် ဒီလိုအလေသုံးဆယ်ချည်းပဲလို့ အမကြီးက အပြစ်တင်တယ်။ မမြရီကို ကျနော့ကိုယ်တိုင် ပြောကြည့်ပါရစေ။ ခဏလောက်တွေ့ရအောင်ချိန်းပေးပါ လို့ မောင်နုက ပူဆာတာနဲ့ အမကြီး တို့အိမ်မှာဘဲ ချိန်းပေးတယ်။

မမြရီကိုတွေ့တဲ့အခါမြမြလို့ သူ့ဆွေမျိုးတွေ ခေါ်တဲ့အတိုင်း ခေါ်ရမလား ။ မြလို့ပဲ ရင်းရင်းနှီးနှီး ချစ်သွေးဖေါ်ပြီး ခေါ်ရမလားဆိုတာ မောင်နု မဝေခွဲနိုင်ဘူး။ အဲဓါကြောင့် လေ့ကြီးထိုးရိုးရိုးဆိုသလို။ မမြရီလိုပဲ ခေါ်ဘို့ မောင်နု ဆုံးဖြတ်လိုက်တယ်။ မောင်နုဟာ မမြရီနဲ့ မတွေ့ခင်တုန်းက တွေ့တဲ့အခါ ဟိုဟာ ပြောမယ် ဒီဟာ တွေ ပြောမယ်နဲ့ဆိုပြီးစဉ်းစားထားတယ်။ ဒါပေမဲ့ တွေ့တဲ့အခါ ခြေတွေ လက်တွေ တုန် ဒါတွေ အကုန်မေ့ပြီး သူပြန်တဲ့အခါ လိုက်ခဲ့ပါ ဆိုတာကိုပဲ ထပ်တလဲလဲ ပြောနေတယ်။ မမြရီကတော့ ထူးထူးထွေထွေ မပြောပါဘူး။ ကျမလည်း လိုက်ချင်ပါတယ်။ ကိုကိုနုရယ်။ အချိန် တလလောက်ပေးပါလို့သာတောင်းပန် တာပါပဲ။ တလထက်တော့ မပိုပါစေနဲ့ မမြရီရယ် လို့ မောင်နုက ထပ်ပြီးပြောတဲ့အခါ မိုပစေရပါဘူး။ ကို ကိုနုရယ်လို့ မမြရီကဖြေပြီး ဆယ်ရက်လောက်အကြာမှာ မမြရီက တန်ဆောင်မုန်းလပြည့် ကျော် ၂ရက်နေ့လောက်လာခေါ်ပါဆိုတဲ့ စာတစောင်ရောက်လာတယ်။

မောင်နုဟာ တန်ဆောင်မုန်းလပြည့်ကျော်တရက်နေ့ ညဘက်မှာ ပန်းတနော်ကို ရောက်သွားတယ်။ကောက်ကောက်ချင်းဘဲ အမကြီးက မင်းမမြရီကိုခိုးမယ်ဆိုတဲ့သတင်း ဟာ ဘယက် ပေါကကြားတယ် မဆိုနိုင်ဘူး။ သူ့မိဘတွေ သိနေတယ်။ အဲဒီတော့ သူအိမ်ပေါ်က ဆင်းတာနဲ့ ပသွယ်ကို ချက်ချင်းခိုးပြေးရမယ်လို့ အမကြီးက ပြောတယ် ပသွယ်ဆိုတဲ့ရွာကလေးဟာ ပန်းတနော်က မော်တော်ဘုတ်ခပ်မြန်မြန်နဲ့ သွားရင် နှစ်နာရီလောက် သွားရမယ် အဲဒီရွာမှာအမကြီးရဲ့ အဖေဘက်က ဦးဖိုးရင်။ ဒေါ်မေဆိုတဲ့ ဆွေမျိုးတွေရှိတယ်။ ဒီလိုခပ်မြန်မြန်မ ခိုးပြေး၇မယ်ဆိုရင် မော်တော်ဘုတ်ခပ်မြန်မြန်တစ်စင်းကို ဝါးခယ်မမှာ သွားငှားမှပဲ။ အဲဒီတော့ မနက်ဖြန် မနက်စောစောထွက်တဲ့ သင်္ဘောနဲ့ ဝါးခယ်မကိုလိုက်။ ဟိုကိုရောက်တာနဲ့ ဂျွန်ဆင် မော်တော်ဘုတ်ကလေးတစင်းကို ငှားလာရင် ဒိကို ညစနာရီလောက် ပြနရောက်မယ်။ မမြရီဟာ သူ့အိမ်က သန်းခေါင်ကျော် ၂ချက်တီးမှာထွက်လာမယ်ဆိုတော့ အတော်ပဲ။ လို့ မောင်နုက ရှင်းပြတယ်။ အမကြီးက သဘောတူတယ်။ အဲဒါကြောင့် နောက်တနေ့မှာ ဝါးခယ်မကို ပြန်သွားတယ်။ ပန်းတနော်ကို ခပ်စောစောရောက်နိုင်ရင်

ပိုကောင်းတယ်ဆိုတဲ့ သဘောမျိုးနဲ့ နေ့လည် ၂နာရီဝါးခယ်မကထွက်မဲ့အစား တနာရီလောက်စောပြီး တချက်တီးလောက်မှာ ထွက်လာတယ်။ ပန်းတနော်ချောင်းထဲကို ဝင်ခါနီးကျတော့ ပွဲချိပ်စက်ဟ ၁ ရှုတ်တရက် ပျက်သွားတယ်။ စက်ဆရာလည်း အစွမ်းကုန် ကြိုးစားပြီးပြင်တာပဲ။ ဘယ်လိုပြင်လို့မှ မရဘူး ။ ဒီလိုပြင်ရင်း မော်တော်ဘုတ်လေးဟာ ရေစုန်ထဲမျောသွားလိုက်တာ။ မမြရီအိမ်က ထွက်မဲ့ သန်းခေါင်ကျော်၂ချက်တီးတဲ့အချိန်လောက်မှာ မောင်နုဟာ ဝါးခယ်မမြို့ကို ပြန်ရောကနေတယ်။ နောက်နေ့ည ၁၁နာရီလောက်မှ မောင်နုဟာ ပဲချိပ်ကလေးနဲက ပန်းတနော်ကို ရောက်တယ်။ မောင်နုလည်းရောက်ရောက်ချင်း မမြရီ ဘယ်မှာလည်း လို့ သုတ်သီးသုတ်ပြာ မေးရှာပါတယ်။ မနေ့ညက သူပေါ်မလာလို့ အမကြီးကိုယ်တိုင် မမြရိကိုခိုးပြီး ပသွယ်ကိုပို့ထားလိုက်ပြီဆိုတာ ကို ကြားရတော့မှ မောင်နု စိတ်အေးသွးတြယ်။
မောင်နုလည်း ပသွယ်ကို ချက်ချင်းလိုက်တာပဲ။ ဒါပေမဲ့ ပသွယ်ချောင်းကလေးထဲမှာ ဗေဒါပင်တွေက အနှောက်အယှက်ပေးနေတဲ့အတွက် သန်းခေါင်ကျော် ၂ချက်တီးလောက်ရှိမှ ပသွယ်ကို ရောက်သွားတယ်။ အိမ်ရှင်များဖြစ်ကြတဲ့ ဦးဖိုးရင်။ ဒေါ်မေ၊ ညိမဒေါ်လေး။ အမကြီးတို့က အကြီးအကဲ မိဘတွေလုပ်ပြီး မောင်နုနဲ့ မမြရီတို့ကို သူတို့ရဲ့အိပ်ခန်းထဲလိုက်ပို့ကြတယ်။ ဦးဖိုးရင် ဆုမွန်ကောင်တောင်းပြီး လိုက်ပို့ကြသူများထွက်သွားကြတဲ့အတွက် သူတို့နှစ်ယောက်ထဲ အခန်းထဲမှာ ရှိတဲ့အခါ..
မြရေ။
ကိုကိုနု။

အခန်း ၁၂
က

မမြရီရဲ့ဖခင် ဦးအောင်ငြိမ်းဟာ သမီးခိုးရာ လိုက်စတုန်းကတော့
အတော်စိတ်ဆိုးတယ်။ယူစ ဣ ယောကျ်ား ဒီလောက်ရှားသလား လို့ တွေးမိတိုင်း
ကျွတ်ဆတ်ဆတ် မောင်နုကို ရွေးပြီးယူခဲ့တဲ့ သမီးတော ကဥ၊နကို ခမည်းတော်ကြီးဟာ
အတော်စိတ်နာတယ် ဒါပေမဲ့ တော်ငးဆိုးပလုံးဆိုးကိုသာ ပစ်ရိုးထုံးစံရှိတယ်။
သားသမီးဆိုးကို မိဘမျန်သမျှ မပစ်နိုင်ကြဘူး။ အဲဒါကြောင့်
လေးငါးလလောက်ရှိတဲ့အခါ သမီးကို ပြန်အပ်ပါ။ နှစ်ယောက်စလုံးကို လက်ခံမယ်။
လို့ မမြရီမိဘတွေက မောင်နုရဲ့ အမကြီးတို့ကို အကြောင်းကြားတယ်။ သမီးကို
ပြန်အပ်ဘို့အတွက် မမြရီရဲ့မိဘတွေဆီကို သွားတဲ့အခါ အဖေနဲ့ အမေက တော့
အရေးမကြီးဘူး ။ စိတ်ပြေကုန်ကြပြီ။ အကိုကြီး ကိုအုံးမောင် ကဘာပြောမလဲ။
အရင်တုန်းကလို အိမ်ထဲအဝင်မခံဘဲ အိမ်ဝကဆီးပြီးများ တားနေဦးမလားလို့

မောင်နုဟာ အိမ်ဆိကုိ ပြေန်လာရင်းစိုးရိမ်နေမိတယ်။ ကိုအုံးမောင်ဟာ ဒီလို
မလုပ်ရှာပါဘူး။ အိမ်ထဲကို ဝင်လာတဲ့ ယောက်ဖတော်မောင်နုကို ပြုံးပြီး လာလို့
နှုတ်ဆက်တယ်။
၁၉၃၃ ခုနှစ်မေလထဲမှာ ကျောင်းပြန်ဖွင့်တဲ့အခါ ပနးတနော်
အမျိုးသားအထက်တန်းကျောင်းမှာ မောင်နုဟာ ကျောင်းအုပ်ကြီးအဖြစ်နဲ့
အလုပ်ပြန်လုပ်ရတယ်။ သူလုပ်ရပုံဟာ အတော်ထူးဆန်းတယ်။ ယောက်ခမ
ဦးအောင်ငြိမ်းကလည်းသူ့ကုိကြိုက်လှလို့မဟုတ်ဘူး ။ သမီးကို
တခြားခေါ်သွားမှာစိုးလို့ မောင်နုကို ကျောင်းအုပ်အဖြစ်ခန့်ဘို့ ကျောင်းကော်မတီ ကို
ပြောတယ်။  ကျောင်းကော်မတီကလည်း ဦးအောင်ငြိမ်းနဲ့ ပဋိပက္ခမဖြစ်ချင်တဲ့အတွက်
သဘောတူလိုက်တယ်။ မောင်နုလည်း ယောက်ခမကြီးနဲ့ ပြန်ပေါင်းထုပ်ကာစ
သူ့သမီးကို  အခြားတနေရာ ခေါ်သွားရင် ပြသနာတခု ပေါ်လာနိုင်စရာ ရှိတယ်လို့
ယူဆတဲ့အတွက် ယောက်ခမကြီးပြောတဲ့အတိုင်း အလုပ်ကို လက်ခံလိုက်ရတယ်။
အဲဒီနောက် တနှစ်လောက်တော့ အောင့်နေရာမှာပေါ့ကွယ် ဆိုတဲ့သဘောနဲ့ အရင်ကလို
နရှက်သိပ်မခပ်။ ကျွတ်ဆတ်ဆတ် မလုပ်တော့ပဲ မောင်နုဟာ ခပ်ကုပ်ကုပ်ကလေး
နေလိုက်တယ်။ ၁၉၃၄ ခုနှစ် ကျောင်းပြန်ဖွင့်တဲ့အခါ မောင်နုဟာ
ကျောင်းအုပ်အလုပ်က ထွက်လိုက်ပြီး ဥပဒေသင်ဘို့ တက်ကသိုလ် ကို ပြန်လာတယ်။
မောင်နုဟာ ဥပဒေနဲ့ အကျိုးမပေးဘူး။ ဒီလိုအကျိုးမပေးလို့ဘဲ တပိုင်းတန်းလန်းနဲ့
ဥပေဒတန်းက ထွက်ထွက်လာရတာ နှစ်ခါရှိပြီ မဟုတ်လား။ အခုတခါ ဥပဒေတန်းကို
တက်ပြန်ပြီ။ ဘာများဖြစ်ဦးမလဲဆိုတဲ့ အတွေးတွေဟာ မောင်နုရဲ့ ဦးနှောက်ထဲမှာ
မကြာခဏ ပေါ်ပေါ်နေတယ်။

(ခ)

ဥပဒေတန်းတက်လို့ တလလောက်ရှိတဲ့အခါ သထုံကျောင်းဆောင် ကျူတာကိုအုံးက
သူ့မှာ မိတ်ဆွေ ၃ဦးရှိတယ်။ အဲဒီ သုံးဦးနဲ့ မိတ်ဖွဲ့ပေးချင်တယ် လို့ မောင်နုကို
အကြောင်းကြားတယ်။ အဲဓိသုံးဦးနဲ့ ကို နု အခန်းထဲမှာ တွေ့တဲ့အါ ကို နုဟာ
စကားကောင်းကောင်းမပြောသေးဘူး။ အကဲခပ်နေတယ်။ ကိုကျော်ငြိမ်းဟာ
စကားတော်တော်ပြောတယ်။ သူပြောတဲ့အထဲမှာ အရွှန်းတွေလည်း အတော်ပါတယ်။
ကိုသိန်းဖေလည်း စကားတော်တော် ပြောတာပဲ။ ဒါပေမဲ့ ကိုကျော်ငြိမ်းလို အရွှန်းတွေ
မပါဘူး။ သူတို့နှစ်ယောက်စလုံး ဉာဏ် အတော်ထက်မြက်ပုံပေါ်တယ်။
ကိုအောင်ဆန်းကတော့ ဘာမှ မပြောဘူး။ ငုတ်တုတ်ကြီးထိုင်နေ တယ်။
ဒိသုံးဦးစလုံးဟာ ကိုနုထက်အများကြီးငယ်တယ်။ အဲဓိနေ့ တနာရီလောက်တွေ့ပြီး
လူစုခွဲလိုက်ကြတယ်။ ကိုအုံးရဲ့ စီစဉ်ပေးချက်အရ ဒိလလူငါးယော်ကဟာ
မကြာခဏဆိုသလို တွေ့ကြတယ်။ သူတို့ပေါင်းမိကြတာ အတော်ကလေး

ကြာလာတဲ့အခါ ဒီငါးယော်ကဟာ ကျောင်းအုပ်ကြီးရဲ့ ရုံးခန်းနဲ့
ဆယ်ကိုက်လောက်ဝေးတဲ့နေရာ ညမှောင်မဲကြီးထဲမှာ တယောက်ကို တယောက်
မမြင်ရပဲ အစည်းအဝေးလုပ်ကြရတယ်။ အဲဒီအချိန်တုန်းကဆို ဂုင် ဒိငါးယောက်မှာ
လျှို့လျှို့ဝှက်ဝှက် ကိစ္စတွေကို စိတ်ကူးထဲမှာထည့်တောင်ထည့်မကြည့်မိကြဦးမယ်
မထင်ပါဘူး။ အဲဒါကြောင့် တက်ကသိုလ် ကထွက်ပြီး တဲ့အခါ
အဲဒီမှောင်မိုက်အစည်းအဝေးကြီးဟာ ဘာအတွက်များလုပ်ခဲ့မိကြပါလိမ့်မလဲ။
ဘယ်သူကများ အကြံပေးလို့ လုပ်ခဲ့ကြရသလဲဆိုတာ ကိုနု စဉ်းစားလို့ မရဘူး။

(၈)

အောက်တိုဘာ ကျောင်းပိတ်ခါနီးမှာ တက်ကသိုလ် သမဂ္ဂရဲ့ ဒုတိယ ဥက္ကဋ္ဌဟာ
ကျောင်းထွက်သွားတယ်။ အဲဒါကြောင့် ကျောင်းပြန်ဖွင့်တဲ့အခါ
အဲဒီလစ်လပ်သွားတဲ့နေရာမှာ ရွေးကောက်ပွဲတခုလုပ်တယ်။ ငါးဦးအဖွဲ့ရဲ့
တိုက်တွန်းချက်အရ ကို နုဟာ ကြားဖြတ် ရွေးကောက်ပွဲ ဝင်ရတယ်။ ယှဉ်ပြိုင်သူမရှိဘဲ
အရွေးခံ ရတယ်။
ဒီဇင်ဘာ ကျော်းပိတ်ခါနီးတဲ့ခါ ကျောင်းအုပ်ကြီးဆလော့ရဲ့ လက်မှတ်နဲ့ အရေးကြီးတဲ့
နို့တစ်စာတစောင် ထွက်လာတယ်။ဒီနို့တစ်စာထဲမှာ အဲဒီနှစ်ကစပြီး နှစ်စဉ်နှစ်တိုင်း
ယူနီဗာစိတီကောလိပ်မှာ အောင်တဲ့ ကျောင်းသူကျောင်းသားတွေမှသာ မတ်လ
စာမေးပွဲကြီးမှာဖြေဆိုခွင့်ရမယ်လို့ ဖော်ပြထားတာကိုတွေ့ရတယ်။
ကျော်းအုပ်ကြီးဆလော့ကတော့  သူ့တပည့်တွေ သိပ်ကြိုးစားစေချင်တယ်။
အဲဒီလိုကြိုးစားကြတဲ့အတွကက် အရည်အချင်းတွေ ဆထက်တံပိုးတိုးလာစေချင်တယ်။
ဒီလိုတိုးလာတဲ့အတွက် ဖြစ်နိုင်ရင် ဗြိတိသျှ အင်ပိုင်ယာတခုလုံးမှာ
သူ့ယူနီဗာစိတီကောလိပ်ဟာ ထိပ်ဆုံးတန်းကို ရောက်နေတာကို
သူသိပ်ကြည့်ချင်မြင်ချင်တယ်။ သူ့လက်ထက် ယူနီဗာစိတီကောလိပ်ရဲ့
အဆင့်အတန်းဟာ အတော်မြင့်မားတဲ့ အခြေအနေကို ရောက်ခဲ့တြယ်ဆိုတာ
မှတ်တမ်းတွေ ရှိပါတယ်။ ကျောင်းအုပ်ကြီးဆလော့ဟာ သူ့တပည့်တွေကိုသာ
ကြိုးစားကြဘို့ တိုက်တွန်းသာ မဟုတ်ဘူး။ သူကိုယ်တိုင်လည်း သိပ်ကြိုးစားတာပဲ၊
သူ့ကို မုန်းတဲ့ ကျောင်းသူကျောင်းသားကိုပဲဖြစ်ဖြစ်။ ချစ်တဲ့ ကျောင်းသူကျောင်းသာကို
ဘဲဖြစ်ဖြစ်။ မေးချင်တဲ့ ကျောင်းသားကို မေး။ ကျောင်းအုပ်ကြီးဆလော့ဟာ
ဂေသာမခိုဘူးညာမနေဘူး။ သိပ်အလုပ်လုပ်တယ်ဆိုတာ တညီတညွတ်တည်
းနှောင့်နှေးခြင်းမရှိဘဲ ဖြေကြမယ် ။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ကျောင်းသားတွေဟာ
သူ့စေတနာရင်းကို မမြင်ကြဘူး။ မျက်နှာဖြူလုပ်ရင် ဘာကိုပဲလုပ်လုပ်
နယ်ချဲ့ရည်ရွယ်ချက်နဲ့လုပ်တာ ဖြစ်ရမှာပဲ။ ကျောင်းသူကျောင်းသား တွေ ကို
ဖိနှိပ်ချင်လို့ လုပ်တာဖြစ်ရမှာပဲလို့သာ မြင်နေကြတယ်။ အဲဒါကြောင့် ဒီနို့တစ်စာ
ထွက်လာတာနဲ့က တပြိုင်နက် ။ ကျောင်းသားတွေ အုံကြွလာပြီး ဒီကိစ္စကို

ဆွေးနွေးရအောင် ကျောင်းသားထု အစည်းအဝေးတခု ချက်ချင်းခေါ်ပေးဘို့ တောင်းဆိုကြတယ်။ ဒီတောင်းဆိုချက်အရ တက်ကသိုလ် သမဂ်ဂက ကျောင်းသားထု အစည်းအဝေးတခုကို သမဂ်ဂ ခန်းမဆောင်ထဲမှာ ခေါ်ပေးရတယ်။ အစည်းအဝေး စတာနဲ့ တပြိုင်နက် သူတိုကပြောနေကြအတိုင်း ကျောင်းသားအတော်များများဟာ ဒီအစမ်းစာမေးပွဲလုပ်တာဟာ နယ်ချဲ့ရည်ရွယ်ချက်နဲ့ လုပ်တာပဲ။ ကျောင်းသားတွေကို ဖိနှိပ်ချင်လို့ လုပ်တာပဲဆိုတာတွေကို ထပ်ခါတလဲလဲ ပြောကြတယ်။ အတော်ကလေးကြာတဲ့အခါ အစည်းအဝေးတခုလုံးဟာ အုံကြွလာ်ပြီး ဒီအစမ်းစာမေးပွဲ ကိုတိုက်ဘို့အတွက် သပိတ်မှောက်ရမယ် ဆိုတဲ့အသံတွေ ပြင်းပြင်းထန်ထန်ထွက်လာတယ်။ အခုလို ဖြစ်နေတဲ့ အချိန်မှာ ကျောင်းသားကြီးတဦးနှစ်ဦးက ထပြီး။ သပိတ်မမှောက်ခင် ကျောင်းအုပ်ကြီးဆလော့နဲ့ ဆွေးနွေးသင့်တယ်။ ဆွေးနွေးလို့မရမှ သပိတ်မှောက်သင့်တယ်။ လို့ အကြံပေးတယ်။ အဲဒီအကြံကို ကျောင်းသားထုက လက်ခံပြီး တက်ကသိုလ် သမဂ်ဂ ဥက္ကဋ္ဌကို ကျောင်းအုပ်ကြီးနဲ့ သွားရောက်ဆွေးနွေးဘို့ ဆုံးဖြတ်ကြတယ်။ တက်ကသိုလ် သမဂ်ဂဥက္ကဋ္ဌလည်း ကျောင်းအုပ်ကြီးဆီကို သူတယောက်တည်း မသွားပါရစေနဲ့ ဆိုပြီးအ လုပ်အမှုဆောင်အဖွဲ့ထဲက သူကြိုက်တဲ့ အမှုဆောင်နှစ်ယောက်ရွေးတယ်။ ဒီသုံးဦးအဖွဲ့ဟာ ကျောင်းအုပ်ကြီးဆလော့နဲ့ နောက်တနေ့မှာသွားတွေ့ပြီး ဘယ်လိုလည်းဆိုတာ ဒီဇင်ဘာ ကျောင်းမပိတ်ခင် ကျောင်းသားထုအစည်းအဝေးကို အစီရင်ခံရမယ်လို့ ကျောင်းသားထုက တောင်းဆိုတယ်။ ကောင်းပါပြီလို့ ဥက္ကဋ္ဌက ကတိပေးတယ်။ ဒါပေမဲ့ ဥက္ကဋ္ဌနဲ့ သူ့အဖော် နှစ်ဦးဟာ ကျောင်းအုပ်ကြီးဆလော့ကိုသွားမတွေ့ရဲတဲ့အတွက် ကျောင်းသာပိတ်သွားရော သူတို့ကတိအတိုင်း မဆောင်ရွက်နိုင်ကြဘူး။ ဒုတိယ ဥက္ကဋ္ဌ ကိုနုကို အဲဒိအစည်းအဝေးက ဘာမှ တာဝန်ပေးမထားဘူး။ဒါပေမဲ့ တာဝန်ပေးအပ်ခြင်းခံရတဲ့ ဥက္ကဋ္ဌနဲ့ အလုပ်အမှုဆောင်နှစ်ဦးဟာ တာဝန်ရှောင်တိမ်းနေတာ ကိုနုမြင်ရတော့ ကျောင်းအုပ်ကြီး ဆလော့ကို အိမ်မှာ သွားတွေ့ဘို့ ကိုနုဟာသူ့သဘာနဲ့သူ ကိုကျော်ငြိမ်းကို လွှတ်လိုက်တယ်။ နောက်တနာရီလောက်ကြာတဲ့အခါ ကိုနုတို့လူစု ဗဟို ထမင်းစားခန်းမဆောင်ထဲမှာ နေ့လည်စာစားနေကြတုန်း ကို ကျော်ငြိမ်းပြန်လာတယ်။ ဘယ်လိုလည်းဟေ့ နေရာကျရဲ့လား လို့ ကိုနုက ဆီးပြီးမေးတယ်။ နေရာ မကျဘူး။ ပုဂ်ဂိုလ် တဦးတယောက်ပဲဖြစ်ဖြစ်။ အဖွဲ့အစည်းတခုခုကပဲဖြစ်ဖြစ်။ ငါ့ကိုလာပြီး ခြိမ်းခြောက်တာ ငါ မကြောက်ဘူး။ အစမ်းစာမေးပွဲတွေကို  ါကျေညာထားတဲ့အတိုင်းလုပ်ရမယ်လို့ စားပွဲခုံကို လက်သီးနဲ့ထုပြီး ကျောင်းအုပ်ကြီးဆလော့က အဖြေပေးလိုက်တယ်။ လို့ ကိုကျော်ငြိမ်းက ရှင်းပြတယ်။ ကဲ–ထမင်းစားဦးကွာ။ ပြီးတော့မှ တိုင်ပင်ကြတာပေါ့။ လို့ ကိုနုက ကိုကျော်ငြိမ်းကို ပြောပြီး ထမင်းစားရင်း အကြံယူနေတယ်။ တအောင့်လောက် ကြာတဲ့အခါ ကိုနု အကြံတခု ရတယ်။ ဒီအကြံဟာ လိမ်ပြောပြီး အနိုင်ယူရမဲ့

အကြံဖြစ်နေတယ်။ အဲဒါကြောင့် ဒီအကြံအတိုင်း လုပ်မယ်လို့ သူ့စိတ်ထဲမှာ
ဆုံးဖြတ်ပြီးမှ မလုပ်တော့ဘူးကွာလို့ ကိုနု စိတ်ပြောင်းသွားပြန်တယ်။
ဒါပေမဲ့များမကြာခင် ဒါဟာ ငါ့အကျိုးအတွက် လုပ်တာမဟုတ်ဘူး။
ကျောင်းသူကျောင်းသား အားလုံ်းအတွက် လုပ်တာ ပဲဆိုတဲ့စိတ်တွေ ။ ကိုနုရဲ့
ဦးနှောက်ထဲမှာ ပေါ်လာပြန်တယ်။ လေးငါးဆယ်မိနစ်အတွင်း ကိုနုရဲ့ ဦးနှောက် ထဲမှာ
လုပ်မယ် မလုပ်ဘူး ဆိုတဲ့ စိတ်တွေ အကြိမ်ပေါင်းများစွာပေါ်နေတယ်။
နောက်ဆုံးကျတော့မှ ကျောင်းသားတွေရဲ့ အကျိုးအတွက် ငါလုပ် ရမယ်။
ဒီလိုလိမ်ပြောတဲ့အတွက် ငရဲမကလို့ အဝီစိကျချင်ကျပါစေ။ ငါလုပ်မယ်လို့ ကိုနုဟာ
ယတိပြတ်ဆုံးဖြတ်လိုက်တယ်။
ထမင်းစားပြီးတဲ့အခါ ငါးဦးအဖွဲ့အပြင် လူရင်း
လေးငါးယောက်ကိုလည်းဖိတ်လိုက်တယ်။ ကိုနုက အခြေအနေကို ရှင်းပြပြီး ဥက္ကဋ္ဌနဲ့
သူလူ ၂ယောက်ဟာ ဘိုးသာဝနသိုး တွေလို သဝေထိုးသွားကြပြီ။ ဒီလူတွေကို
အားကိုးလို့ မဖြစ်ဘူး။ သူ့မိတ်ဆွေ တွေ သဘောတူရင် သူကိုယ်တိုင်
ခေါင်းဆောင်ပြီး ဒီ အစမ်းစာမေးပွဲတွေကို တိုက်မယ် လို့ ပြောတယ်။ အားလုံးက
သဘောတူတဲ့အတွက် သူလုပ်ချင်တဲ့အစီအစဉ်ကို ကိုနုက ရှင်းပြတယ်။ အာလုံး
သဘောတူတဲ့အခါ ကိုနုတို့လူစုဟာ မောရိယနဲ့ မြန်မာ့အလင်းသတင်းစာတိုက်
၂တိုက် ကို ထွက်သွားကြတယ်။ မောရိယမှာ ကိုအုံးကိုသိတဲ့
အယ်ဒီတာတယောက်ရှိတယ်။ မြန်မာ့အလင်းမှာ ကိုနုကိုသိတဲ့
အယ်ဒီတာတယောက်ရှိတယ်။
ပုဂ်ဂိုလ်တယောက်ကပဲဖြစ်ဖြစ်။ အဖွဲ့တခုကပဲဖြစ်ဖြစ်။ သူကိုလာပြီး ခြိမ်းခြောက်တာ
သူမကြောက်ဘူးလို့ ကျောင်းအုပ်ကြီး ဆလော့ က ကို ကျော်ငြိမ်းကို ပြောတုန်းက
ကျောင်းသားခေါင်းဆောင် တွေ အထူးသဖြင့် ကိုနုတိုလူစုနဲ့ တက်ကသိုလ် သမဂ်ဂကို
ရည်ရွယ်ပြောလိုက်တာပါပဲ။ တခြားလူတွေကို ပြောစ ရာ အကြောင်းလည်း မရှိပါဘူး။
အဲဒါတွေကို ကိုနုတို့ ကောင်းကောင်းသိပါတယ်။ ဒါပေမဲ့ ကျောင်းသားတိုက်ပွဲ
အောင်နိုင်ရေးအတွက် ကျောင်းအုပ်ကြီးဟာ တနိုင်ငံလုံးကို။ ဘယ်နိုင်ငံရေးသမားကိုမှ
ငါမကြောက်ဘူး။ ဘယ်နိုင်ငံရေးအဖွဲ့ကို မှ ငါမကြောက်ဘူး။
လို့ပြောတယ်ဆိုပြီးလုပ်ကြံမမှန်သတင်းကို ကိုနုတို့ဟာ
သတင်းစာထဲထည့်လိုက်တယ်။ နောက်တနေ့ ခေါင်းစဉ်မဲကြီးတွေနဲက.
သတင်းစာနှစ်စောင်မှာ ဒီလုပ်ကြံသတင်းတွေ ပါလာတဲ့အခါ
ကျောင်းအုပ်ကြီးဆလော့က သူဒီလို မပြောရပါဘူး။ သူပြောစဉ်က
ကျောင်းသားခေါင်းဆောင်တွေနဲ့ တက်ကသိုလ် သမဂ်ဂ ကိုသာ ရည်ရွယ်ပြီး
ပြောတာပါ။ သတင်းစာမှာပါတဲ့ သတင်းတွေဟာ ကိုယ်လိုရာ
ဆွဲပြီးရေးထားတဲ့သတင်းတွေဖြစ်ပါ တယ်။ ဆိုတဲ့ရှင်းလင်းချက်တွေ
အဲဒိသတင်းစာ၂စောင် ကိုပို့ပါသေးတယ်။ သတင်းစာတိုက်တွေက ထည့်မပေးပါဘူး။

အဲဒီမထမအဆင့် ပြီးတဲ့နောက် ကိုသိန်းဖေက အထက်ဗမာပြည်ကို သွားရတယ်။
ကိုနုက မြစ်ဝကျွန်းပေါ်ဘက်ကို သွားရတယ်။ အဲဒီအချိန်တုန်းကဆိုရင်
ကိုသိန်းဖေကသိတာ။ ကိုသိန်းဖေကိုလည်းသိတာ၊ တနိုင်ငံလုံးမှာ မုံရွာနဲ့
ဘုတလင်ဆိုတဲ့ မြို့နှစ်မြို့ဘဲရှိတယ်။ ကိုနုကသိတာ။ကိုနုကိုသိတာလည်း
တနိုင်ငံလုံးမှာမှ ဝါးခယ်မနဲ့ ပန်းတနော်ပဲရှိတယ်။ အဲဒီတော့ ကိုနုနဲ့ ကိုသိန်းဖေ
တို့ဟာ တခြားမြို့တွေကို သွားလို့မဖြစ်ဘူး ကိုသိန်းဖေက မုံရွာနဲ့ ဘုတလင်ကို
သွားရတယ်။ ကိုနုက ဝါးခယ်မနဲ့ ပန်းတနော်ကိုသွားရတယ်။ အဲဒီမြို့လေးမြို့ မှာ
သူတို့နှစ်ဦးဟာ ဘာမှ အရှိန်အဝါမရှိတာကြောင့် သူတို့ခေါ်တဲ့
မြို့လုံးကျွတ်အစည်းအဝေးတွေဆိုတာ ဘုရားစူး။ကျမ်းစူး လွတ်ရုံမျှသာရှိတဲ့
အစည်းအဝေးတွေပဲ။ အစည်းအဝေးတက်ကြတဲ့ လူထုဆိုတာကလည်း ဒီပြဿနာမှာ
အင်မတန် စိတ်ဝင်စားတဲ့အတွက် အုံကြွတဲ့လာကြတာမဟုတ်ပါဘူး။ သူငယ်ချင်းတွေ
။ မိတ်ဆွေတွေဖြစ်တဲ့အတွက် အားနာပါးနာ တက်လာကြသူတွေ ဖြစ်တယ်။ ကိုနုနဲ့
ကိုသိန်းဖေတို့အတွက်ကတော့ လူနည်းတာများတာ။ အုံကြွတာ၊ မအုံကြွတာဟာ
သိပ်အရေးမကြီးပါဘူး။လူထုအစည်းအဝေး လို့ ကင်ပွန်းတပ်နိုင်တဲ့ နေရာတခုခုမှာ
နိုင်ငံရေးသမားတွေနဲ့ နိုင်ငံရေးအသင်းတွေကို စော်ကားတဲ့ ကျောင်းအုပ်ကြီးဆလေ့
ဗမာပြည်ကအမြန်ထွက်သွား လေ့ ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချရင်ပြီးရော
အဲဒီဆုံးဖြတ်ချက်ချပြီးတာနဲ့ တပြိုင်နက် ရန်ကုန်မှာစောင့်နေတဲ့ ကိုအုံး။
ကိုကျော်ငြိမ်းနဲ့ ကိုအောင်ဆန်းတို့ဆီကို သံကြိုးပို့ရတယ်။ ကိုအုံး။ကိုကျော်ငြိမ်းနဲ့
ကိုအောင်ဆန်း တို့က ကြိုတင် စီစဉ်ထားတဲ့အ တိုင်း မောရိယနဲ့
မြန်မာ့အလင်းသတင်းစာတိုက်တွေကို သတင်းတွေ ပို့ရတယ်။
ဒီသတင်းစာနှစ်စောင်ကလည်း ကြက်ပွဲလောက်ရှိတဲ့ အစည်းအဝေးမျိုးမှာ မဟုတ်ဘဲ
အင်မတန် အုံကြွတုန်လှုပ်နေတဲ့ မြို့လုံးကျွတ် လူထုအစည်းအဝေးကြီးတွေဆီမှာ
အဲဒီဆုံးဖြတ်ချက်တွေကို ဆုံးဖြတ်ကြတယ် လို့ထင်လာအောင် ကိုအုံး။ ကို
ကျော်ငြိမ်း။ ကိုအောင်ဆန်းတို့က ပို့တဲ့သတင်းတွေကို မွန်းမံချယ်လှယ်ပေးကြတယ်။
ကိုနုနဲ့ ကိုသိန်းဖေတို့။ ရန်ကုန်ပြန်ရောက်တဲ့အခါ အဲဒီဆုံးဖြတ်ချက်ကို
ထပ်ပြီးချရအောင် ရွှေတိဂုံစေတီတော်ကြီးရဲ့ ရာဟုဒေါင့် သံတန်ဆောင်းမှာ
မြို့လုံးကျွတ် အစည်းအဝေးတခု ခေါ်ကြပြန်တယ်။ ဒို့ဗမာ အစည်းအရုံးဝင်သခင်
တချို့ နဲ့ မြို့လူထုထဲက တရာလောက်တက်တယ်။ အဲဒီအချိန်မှာ
ကျောင်းအုပ်ကြီးဆလေ့ဟာ အတော် တုန်လှုပ်နေပြီထင်တယ်။ ယူနီဗာစီတီ
အုပ်ချုပ်ရေး အဖွဲ့ဝင်ဖြစ်တဲ့ ဝတ်လုံဦးစိုးညွန့်နဲ့ ဘာဆာဦးတင်တို့ကို
သူ့ကိုယ်စားလှယ်တွေအဖြစ် အဲဒီအစည်းအဝေးကို တက်ရင်းခိုင်းတယ်။
ဒါပေမဲ့လူထုဟာ ကိုနုတို့ခေါ်ထားတဲ့ လူထုဆိုတော့ ဒိကိုယ်စားလှယ်နှစ်ဦးဟာ
လူထုကို နားဝင်အောင် မရှင်းနိုင်ဘူး။
အဲဒါကြောင့်အဲဒီအစည်းအဝေးမှာလည်းကိုနုတို့လိုချင်တဲ့အတိုင်း

ကျောင်းအုပ်ကြီးဆလော့ အမြန် ထွက်သွားလော့ဆိုတဲ့ ဆုံးဖြတ်ချက်ကိုပဲ ချမှတ်လိုက်ကြတယ်။
အမှန်အတိုင်းပြောရရင် အဲဒီအချိန်အထိ လူထုဟာ အဲဒိကိစ်စတွေမှာ စိတ်မဝင်စားသေးပါဘူး။ ဘာဖြစလို့ ဒီလို ပြောနိုင်သလဲ။ ဒိရာဟုဒေါင့်က တန်ဆောင်းထဲမှာ အစည်းအဝေးတွေ မကြာခဏ လုပ်ခဲ့ ကြဖူးပါတယ်။ လူထုစိတ်ဝင်စားတဲ့ အစည်းအဝေးဆိုရင် ဒီသံတန်ဆောင်းတခုလုံး ပရိသတ် ဟာပြည့်သွားတယ်။ အနီးအနားက တန်ဆောင်းတွေမှာလည်း လူတွေ ကြပ်နေတယ်။ တခါတလေ ရွှေတိဂုံ စေတီတော်ကြီးရဲ့ ရင်ပြင်တော်အထိ ပရိသတ် လျှံထွက်သွားတယ်။ ကိုနုတို့ခေါ်တဲ့ အစည်းအဝေး မှာတော့ လူထု တရာ့ငါးဆယ်လောက်သာ တက်တဲ့အတွက် ချောက်ကပ်ကပ်ကြီးတောင်ဖြစ်နေတယ်။ အခုလို လူထုအစည်းအဝေးတွေမှာ ဆုံးဖြတ်ချက်ချပြီး သတင်းစာတွေထဲမှာ စာလုံးမဲ ခေါင်းစဉ်ကြီးတွေနဲ့ လှုံ့ဆော်တာဟာ ဒီတိုက်ပွဲမှာ သုံးဘို့ ကိုနု အသင့်ဆောင်ထားတဲ့ လက်နက် နှစ်ခုအနက် ပထမလက်နက်သာဖြစ်သေးတယ်။ အဲဒိလက်နက်နဲ့ တိုက်ပွဲမှာ မအောင်မြင်ရင် ဒုတိယလက်နက်ဖြစ်တဲ့ သပိတ်လက်နက်ကိုသုံးဘို့ ကိုနုစီစဉ်ထားတယ်။ ဒါပေမဲ့ ကိုနု တို့ လူထုရဲ့ ကု သိုလ်ကံကလေးက ကောင်းချင်တော့ ရာဟုဒေါင့် မြို့လုံးကျွတ် အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်ဟာ နောက်တနေ့ သတင်းစာတွေထဲမှာ ပါလာတယ်။ အဲဒိညနေမှာဘဲ ယူနီဗာစီတီ ကောလိပ်အုပ်ချုပ်ရေးအဖွဲ့ရဲ့ အရေးပေါ်အစည်းအဝေးတခု ကျင်းပပြီး အစမ်းစာမေးပွဲတွေကို ရုတ်သိမ်းပစ်လိုက်ဘို့ ဆုံးဖြတ်ချက်ချကြတယ်။ ဒါပေမဲ့ အဲဒိအရေးပေါ်အစည်းအဝေးမှာ ကိုနုနဲ့ကိုကျော်ငြိမ်းကို ကျောင်းထုတ်ပစ်ဘို့ ကျောင်းအုပ်ကြီးဆလော့ကတောင်းဆိုတယ်။ ကျောင်းအုပ်ချုပ်ရေး အဖွဲ့ဝင်တဦးဖြစ်တဲ့ ဝတ်လုံတော်ရ အမ်အေ ဦးသိမ်းမောင်က ဒီသူငယ်တွေကို ကျောင်းထုတ်ပစ်ရင် နောက်ထပ် ဆူပူပွဲတခု ဖြစ်လာလိမ့်ဦးမယ် ဆိုပြီး ကျောင်းအုပ်ကြီးဆလော့်ရဲ့ အဆိုကို ကန့်ကွက်တယ်။ အဲဒါကြောင့် ကြားဖြန်တဲ့အနေနဲ့ ဒုတိယတက်ကသိုလ် ဒုတိယအဓိပတိ ဒေါက်တာဆက်က ကိုနုနဲ့ ကိုကျော်ငြိမ်းကို ခေါ်ပြီး ကျောင်းသူကျောင်းသာ တွေ ဆူပူလာအောင် လှုံ့ဆော်မပေးပါဘူးဆိုတဲ့ အာမခံချက် မှာ လက်မှတ်ထိုးခိုင်းဘို့ အုပ်ချုပ်ရေးအဖွဲ့ က ဆုံးဖြတ်တယ်။ အဲဒိအခါက ဒေါက်တာဆက် ဟာ ရန်ကုန်မြူနီစပါယ် မင်းကြီးဖြစ်နေတယ်။ အဲဒါကြောင့် နောက်တရက်လောက်ကြာတဲ့အခါ ကိုနုနဲ့ကိုကျော်ငြိမ်းတို့ဟာ ဒေါက်တာဆက် ကိ ုရန်ကုန် မြူနီစပါယ် ရုံးကြီးက သူ့ရုံးခန်းမှာ သွားတွေ့ရတယ်။ ဒေါက်တာဆက် အာမခံချက်မှာ လက်မှတ်ထိုးဖို့ပြောတယ်။ ကိုနုက မထိုးနိုင်ဘူးလို့ ငြင်းဆိုတယ်။ မင်းတို့မလိုလားတဲ့ အစမ်းစာမေးပွဲ ကို ဂုတ်သိမ်းလိုက်ပြီးပြီ။ ဒီအာမခံချက်ကို လက်မှတ်ထိုးဘို့ ဟာ မင်းတို့မှာဘာ တာဝန်လေးစရာရှိလဲ။ လို့ ဒေါက်တာဆက်က ပြောတယ်။ ဒီအာမခံချက်ကို လက်မှတ်ထိုးတာထက်စာရင် ကျောင်းထုတ်ခံ့ဂုတာ

ကတော်သေးတယ်လို့ ကိုနုက ပြန်ပြောတယ်။ မင်းတို့ စဉ်းစားကြဦးကွာ နေ့လည် ၂ချက်တီး ကျရင် မင်းတို့ ပြန်လာကြဦး။ ဆိုပြီး ကိုနုနဲ့ ကိုကျော်ငြိမ်းတို့ကို တနေရာရာမှာသွားပြီး လက်မှတ်ထိုးဘို့ကိစ်စကို ဆွေးနွေးရအောင် လွှတ်လိုက်တယ်။ နေ့လည် ၂ချက်တီးမှာ ဒေါက်တာဆက်နဲ့ တွေ့တဲ့အခါဒေါက်တာဆက်က မင်းတို့ စဉ်းစာပြီးကြပြီလားလို့ ဆီးမေးတယ်။ ပြီးပြီလို့  ကိုနုက ဖြေတယ်။ အဲဒီတော့ ဘယ်လိုလည်း လက်မှတ်ထိုးမယ်မဟုတ်လား လို့ ဒေါက်တာဆက်က ဆက်မေးတယ်။ မထိုးနိုင်ဘူးလို့ ကိုနုက ပြန်ဖြေတယ်။ ဒေါက်တာဆက်က တယ်ခက်တဲလူတွေပဲလို့ ညဉ်းပြီး ကိုနုနဲ့ ကိုကျော်ငြိမ်းကို ပြန်လွှတ်လိုက်တယ်။ ကိုနုဟာ ဦးနှောက်ထက် နှလုံးသားက ပိုကြီးနေတဲ့ သူတဦးဖြစ်တဲ့အတိုင်း အခုလို အောင်မြင် မှု ရပြီးတဲ့အခါ အောက်ခြေတွေလွတ်ပြီး ငါမှငါဆိုတဲ့အနေမျိုးနဲ့ ဘဝင်အကြီးအကျယ် မြင့်သွားစရာ အကြောင်းရှိတယ်။ ဒါပေမဲ့ ကိုနုဟာ အောက်ခြေမလွတ်ဘူး။ အခုလို အောင်ပွဲခံနိုင်တာ အာဏာ ပိုင်တွေနဲ့ ခပ်တင်းတင်း ခပ်မာမာ ဆက်ဆံနိုင်တာဟာ တခြားကြောင့်မဟုတ်ဘူး။ သူ့ဥပဒေကို လေးစားတဲ့ ဗြိတိသျှ နယ်ချဲ့သမားတွေရဲ့လက်အောက်မှာနေရတာကြောင့် ဆက်ဆံနိုင်တာပဲ။ သပဒေကို မလေးစာတဲ့ နယ်ချဲ့သမားတွေရဲ့ လက်အောက်မှာ နေရရင် အဲဒီနယ်ချဲ့သမားတွေဟာ ဓနရှင် နယ်ချဲ့သမားပဲဖြစ်ဖြစ်။ ဆိုရှယ်လစ်နယ်ချဲ့သမားဘဲဖြစ်ဖြစ်။ ဖက်ဆစ်နယ်ချဲ့သမားပဲဖြစ်ဖြစ် သူလိုကောင်မျိုး အစိမ်းလိုက်ဝါးစား ပစ်မှာပဲ ဆိုတဲ့အချက်ကို ကိုနု သဘောပေါက်နေတဲ့အတွက် သူအောက်ခြေမလွတ် ။ ဘဝင်မမြင့်တာ ဖြစ်တယ်။

ဃ။

နောက်နှစ် တက်ကသိုလ် သမဂ်ဂ ဥက္ကဋ္ဌရွေးကောက်ပွဲလုပ်တဲ့အခါ ကိုနုဟာ ယှဉ်ပြိုင်သူ မရှိပဲ အရွေးခံရတယ်။ တခြားဥက္ကဋ္ဌတွေ ရမ်းမယ်ဆိုရင် ဥက္ကဋ္ဌဖြစ်ပြီးလို့ နှစ်လ သုံးလကြာမှ ရမ်းမယ်။ ဥက္ကဋ္ဌ ကိုနုကတော့ ဒီလို မဟုတ်ဘူး။ ဥက္ကဋ္ဌ ဖြစ်တဲ့ ပထမနေ့မှာဘဲ ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲ ဂျမ်းပစ်လိုက်တယ်။ သူရမ်းပုံဟာ အတော်ရယ်စရာ ကောင်းတဲ့အတွက် ဒီနေရာမှာ နည်းနည်းလောက်ပြောပြရဦးမယ်။ ဥက္ကဋ္ဌနဲ့ အလုပ်အမှုဆောင်ကို ရွေးကောင်တင်မြောက် ပြီးတဲ့အခါ တက်ကသိုလ် သမဂ်ဂ သင်းလုံးကျွတ် အစည်းအဝေးကို ခေါ်ဂတယ်။ အဲဒီအစည်းအဝေးမှာ ဥက္ကဋ္ဌက ကျမ်းသစ်စာ ကျိန်ဆိုဂတယ်။ ဥက္ကဋ္ဌဟာ အစည်းအဝေးခန်းမထဲကို မဝ်ငခင် အထွေထွေ အတွင်းရေးမှူး ကဝင်ပြီး ‘ဥက္ကဋ္ဌ’လို့ကြေညာရတယ်။ အဲဒီအခါ အသင်းသားတွေက မတ်တတ်ရပ်ပြီး အလေးပြုရတယ်။ ဥက္ကဋ္ဌကိုနုဟာ အစည်းအဝေးခန်းမထဲကို ဝင်မိတာနဲ့ တပြိုင်နက် တခြားဘာမှ မပြောဘူး။ အလကား။ ဒါတွေဟာ ပိုနေတာဘဲ နောင်ကို ကျနော်အခန်းထဲဝင်လာရင် ဘယ်သူမှ မထရဘူး။ ထိုင်နေရမယ်လို့ ပြောပြောဆိုဆို သူ့ခေါင်းပေါင်းကို ဆွဲချွတ်လိုက်ပြီး

စားပွဲခုံပေါ်ကို ပစ်တင်လိုက်တယ်။ ဥက္ကဋ္ဌ ကိုနု ရမ်းကားနေတာကို မြင်ရကြား၇တဲ့
အလုပ်အမှုဆောင် တွေဟာ သိပ်စိတ်ဆိုးကြတာဘဲ။ အဲဒါကြောင့်
အစည်းအဝေးပြီးတာနဲ့ တပြိုင်နက် ဥက္ကဋ္ဌရဲ့ အခန်းထဲမှာ အရေးပေါ်
အလုပ်အမှုဆောင် အစည်းအဝေးကို ချက်ခြင်းခေါ်ပေးဘို့ အလုပ်အမှုဆောင်တွေက
ဥက္ကဋ္ဌဆီမှာ တောင်းဆိုကြတယ်။ ဥက္ကဋ္ဌအခန်းထဲမှာ အလုပ်အမှုဆောင်တွေ စုံတာနဲ့
တပြိုင်နက် ဥက္ကဋ္ဌကိုနုကို ဝိုင်းပြီး အပြစ်တင်ကြတယ်။ သူတို့ပြောကြတာတွေရဲ့
အတိုချုပ်ကတော့ ဒီလို။ အစည်းအဝေးခန်းမထဲကို ဥက္ကဋ္ဌ မဝင်ခင်
အထွေထွေအတွင်းရေးမှူးက ဥက္ကဋ္ဌလို့ ကြေညာလိုက်ရင် အသင်းသားအားလုံးက
မတ်တတ်ရပ်ရမယ်။ ဥက္ကဋ္ဌ ထိုင်ပြီးမှ ထရမယ်။ ဥက္ကဋ္ဌဟာ
သင်းလုံးကျွတ်အစည်းအဝေးတိုင်းမှာ ခေါင်းပေါင်းပေါင်းရမယ်ဆိုတာတွေဟာ
စည်းမျဉ်းထဲမှာ အတိအလင်း ဖေါ်ပြထားတယ်။ တက်ကသိုလ် သမဂ္ဂ ကို
ထူထောင်တဲ့နှစ်ကစပြီး ဒီအတိုင်းလုပ်ခဲ့တဲ့အစဉ်အလာရှိတယ်။ ဒီအစဉ်အလာကို
ဥက္ကဋ္ဌတယောက်တည်း သဘောနဲ့ မချိုးဖောက်နိုင် ဘူး။ အသင်းသားတွေ
မတ်တတ်ရပ်ပြီးအ ရှိအသေပေးတာဟာ ကိုနုကို ပေးတာမဟုတ်ဘူး။ ဥက္ကဋ္ဌရာထူးကို
ပေးတာ အလုပ်အမှုဆောင်တွေကို မတိုင်ပင်ဘဲနဲ့ ဥက္ကဋ္ဌက
အခုလိုရမ်းကားတာဘာကောင်းသလဲ။အစရှိတဲ့ မကျေနပ်ချက် တွေကို ဆူညံနေအောင်
အလုပ်အမှုဆောင်တွေ ဝိုင်းပြီး အန်ထုတ်ကြတာပါဘဲ။
အခုပြောခဲ့တဲ့ အစဉ်အလာ တွေဟာ စည်းမျဉ်းထဲမှာ ရှိတယ် ဆိုတာ ဥက္ကဋ္ဌ ကိုနု
မသိဘူး ။ ဒီကိုနု ဥက္ကဋ္ဌ သက်တမ်းမှာ ဒီစည်းမျဉ်းကို တခေါက်ညြှိအောင်
ဖတ်ဘူးပုံမပေါ်ဘူး။ အလုပ်အမှုဆောင်တွေက အခုလို ဝိုင်းဆူတဲ့အခါ ဥက္ကဋ္ဌကိုနုဟာ
ဘာမှ ပြန် မပြောဘူး။ စပ်ဖြဲဖြဲလုပ်နေတယ်။ အလုပ်အမှုဆောင်တွေလည်း
ဆူလို့အားရတဲ့အခါ နောင်သင်းလုံးကျွတ်အစည်းအဝေးတွေ ကျင်းပတဲ့အခါ
အစဉ်အလာအတိုင်း လုပ်ရမယ် လို့ ဆုံးဖြတ်ချက်ချတယ်။
နောင်သင်းလုံးကျွတ်အစည်းအဝေးတွေကျတော့ အထွေထွေ အတွင်းရေးမှူး နဲ့
ဥက္ကဋ္ဌတို့ အစည်းအဝေးခန်းမထဲ ကိုမဝင်ခင် ဒုတိယ ဥက္ကဋ္ဌ ကိုရာရှစ်က
အလုပ်အမှုဆောင် အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ဖတ်ပြရတယ်။ ဥက္ကဋ္ဌ ကိုနုလည်း
အစည်းအဝေးခန်းမထဲကို ခေါင်းပေါင်းပေါင်းပြီးဝင်ရတယ်။
သူဥက္ကဋ္ဌအဖြစ်နဲ့တက်ကသိုလ် သမဂ္ဂ စင်မြင့်ပေါ်မှာ ခဏခဏ
စကားပြောခဲ့ဘူးတာပဲ။ ဒါပေမဲ့ဘာတွေ ပြောခဲ့တယ်ဆိုတာကိုတော့
သူလည်းကောင်းကောင်းမမှတ်မိဘူး။ အဲဒီတုန်းက သမဂ္ဂ အသင်းဝင် တဦးနှစ်ဦးရဲ့
ပြောပြချက်အ၇ ဆိုရင် အာဏာပိုင်တွေကို ကျောင်းသားတွေကဆလံပေးကြတဲ့
ကိစ်စကို ကိုနု အင်မတန် စက်ဆုတ်ပုံပေါ်တယ်။ တက်ကသိုလ် သမဂ္ဂ ရဲ့
စင်မြင့်ပေါ်မှာ ငါးခါပြောရင် အဲဒီဆလံကိစ်စဟာ လေးခါလောက်ပါတယ်။

လို့သိရတယ် ဘာအကြောင်းကိုဘဲ ပြောပြော အဲဒီ ဆလံကိစ်စဟ ကြားထဲမှ
ညှပ်ပါလာသတဲ့၊

င၊

သူဥက၊၄ဖြစ်ပြီးလို့ တလလောက်ကြာတဲ့အခါ ကိစ်စတခု ပေါ်လာတယ်။
ကျောင်းအုပ်ကြီးဆလေ့ ဟာ ခွင့်နဲ့ အင်္ဂလန်ကို ပြန်သွားတဲ့အတွက်
တခြားပုဂ်ဂိုလ်တဦး ဟာ သူ့နေရမှာ ခေတ်တ ကျောင်းအုပ်လုပ်နေတုန်း
တနေ့ကျတော့ ခေတ်တ ကျောင်းအုပ်ဆီမှာ ပန်းတနော် ကကျောင်းသားလေးတဦးဟာ
အိမ်ပြန်ချင်တဲ့အတွက် ခွင့်သွားတောင်းတယ် ။အမှန်စင်စစ်ဆိုရင် တက်ကသိုလ်မှာ
အဲဒီလို ခွင့်တောင်းတဲ့ ထုံးစံမရှိပါဘူး။ အိမ်ပြန်ချင်တဲ့ ကျောင်းသားဟာ
နေ့ကျောင်းသားဆိုရင် ဘယ်သူ့မှ မပြောပဲ သူဟာသူ ပြန်သွားတာပဲ။
ကျောင်းအိပ်ကျောင်းစာ း ဆိုရင် ဒုတိယအဆောင်မှူး ဒါမှမဟုတ်ရင်လည်း
ကျောင်းဆောင် ကျူတာကို ပြောပြီးပြန်သွားကြတာဘဲ။ ကိုနုကိုယ်တိုင်လည်း
သူ့ဇနီးနဲ့ သမီးလေးကို အောက်မေ့လာတိုင်း ဒီလိုပဲပြောပြောပြီး သူ့အိမ်ကို ခဏခဏ
ပြန်နေတာပဲ။ အကယ်ရွေ့ အဲဓိကျောင်းသားတွေဟာ အတန်းတက်တဲ့အမှတ်လိုချင်ရင်
အတန်းထဲမှာ ကျောင်းသားစာရင်း ခေါ်တဲ့အခါ သူတို့ကိုယ်စား ထူးလိုက်ဖို့ မိတ်ဆွေ
တဦးဦးကို မှာပစ်ခဲ့တာပဲ၊ ဒီလောက်အထိ လွယ်လျက်သားနဲ့ ဒီကျောင်းသား ဟာ
အိမ်ပြန်ချင်တဲ့ကိစ်စကို ဘာဖြစ်လို့ ခေတ်တကျောင်းအုပ်ဆီမှာ
တက်ပြောတယ်ဆိုတာကိုနု နားမလည်နိုင်ဘူး။
ဒီကျောင်းသားက ခွင့်တောင်းတဲ့အခါ ခေတ်တကျောင်းအုပ်က
မင်းဘာဖြစ်လို့ပြန်ချင်တာလဲလို့ မေးတယ်။ ခဏပြန်လာခဲ့ ပါလို့ ကျနော့်အိမ်က
စာရတယ်။ ဒါကြောင့်ခဏပြန်ပါရစေ လို့ ဒိကျောင်းသားက ထပ်ပြီးခွင့်တောင်းတယ်။
မင့်စာဘယ်မှာလည်း ငါ့ပြစမ်း။ လို့ ခေတ်တ ကျောင်းအုပ်က ကျောင်းသားကို
ပြောတယ်။ ကျောင်းသားက သူ့စာကို ထုတ်ပြတယ်။ ခေတ်တကျောင်းအုပ်က စာကို
ဖတ်ကြည့်ပြီး စာမှာလက်မှတ်ထိုးထားတာဘယ်သူလဲ လို့ မေးတယ် ။
ကျောင်းသားက သူ့အမကြီးလို့ပြောတယ်။ မင့်အဖေနဲ့ အမေက ဘာဖြစ်လို့
လက်မှတ်မထိုးသလဲ လို့ ခေတ်တ ကျော်င်းအုပ်က ထပ်မေးတယ်။ သူ့မိဖတွေဟာ
သူ့ဆီကိုဘယ်တော့မှ စာမရေးဘူး။ စာရေးစရာရှိတိုင်း အဲဒိအမကြီးက
ရေးလေ့ရှိတယ်။ လို့ ကျောင်းသားက ပြန်ဖြေတယ်။ အဲဒီအခါ ခေတ်တ
ကျောင်းအုပ်က မင့်အဖေနဲ့အမေ လက်မှတ်မထိုးတဲ့အတွက်မင်ို့ ခွင့်မပေးနိုင်ဘူးလို့
ကျောင်းသားကို ပြောလိုက်တယ်။ ခေတ်တကျောင်းအုပ်ကို ကာကွယ်ချင်လို့
ပြောတာမဟုတ်ပါဘူး။ အမှန်အတိုင်းပြောရမယ်ဆိုရင် အဲဒိတုန်းက
ခေတ်တကျောင်းအုပ်ဟာ အင်္ဂလိပ်တယောက်က ဗမာတယောက်ကို
စော်ကားလိုက်တဲ့အနေနဲ့ပြောလိုက်တာလည်း မဟုတ်ဘူး။ သူ့စိတ်ထဲမှာ

တက်ကသိုလ်ကျောင်းသူကျောင်းသားတွေအားလုံးဟာ သူ့သားသမီးတွေဖြစ်နေတယ်။ ဒါ့အပြင် ဒီကျောင်းသား ကျောင်းကိုရောက်စ လူသစ် ။ အသက်အားဖြင့် ဆို ၇င် ၁၆နှစ်လောက်ဘဲရှိဦးမယ်။ အရွယ်ငယ်လွန်းတဲ့ အတွက် သူ့ကိုမြင်ရင် ခလေးလို ဆက်ဆံချင်စရာ ဖြစ်နေတယ်။ အဲဒါကြောင့် ခေတ်တကျောင်းအုပ်ဟာ မိဖအနေနဲ့ ပြောလိုက်တာ ပါပဲ။ ဒါပေမဲ့ အဲဒီတုန်းက ကိုနုတို့လူစုရဲ့ စိတ်ထဲမှာ အင်္ဂလိပ်ဆိုရင် ဘယ်အင်္ဂလိပ်ပဲဖြစ်ဖြစ်။ နယ်ချဲ့သမားဖြစ်ရမယ်။ အဲဒီအင်္ဂလိပ်ဟာ ဘာဘဲလုပ်လုပ် နယ်ချဲ့ရည်ရွယ်ချက်နဲ့ လုပ်ရမယ်လို့ တယူသန်စွဲထား ကြတယ်။ ဒီလိုတယူသန်စွဲထားတဲ့အတွက် အဲဒီကျောင်းသားရဲ့ သတင်းကိုကြားရတဲ့အခါ နယ်ချဲ့သမား မျက်နှာဖြူက ဗမာကို စော်ကားတယ် လို့ ယူဆပြီး ကိုနုဟာ သိပ်ဒေါသဖြစ်တယ်။ အဲဒါကြောင့် ခေတ်တကျောင်းအုပ်ကို သူကိုယ်တိုင် သွားတွေ့ပြီး အိမ်ပြန်ဘို့ခွင့်တောင်းမယ်။ ဘာဖြစ်လို့ပြန်ချင်တာလဲမေးရင် အိမ်ကစာရလို့ ပြန်ချင်တယ်လို့ဖြေမယ်။ စာပြစမ်းလို့ ခေတ်တကျောင်းအုပ်က မေးရင် အောက်စဖို့နဲ့ ကိန်းဘရစ် ဆိုတဲ့ ဗြိတိသျှ တက်ကသိုလ်တွေမှာ ကျောင်းသားတွေရဲ့စာကို ဆရာ တွေက တောင်းကြည့်ဝံ့သလား ။ အင်္ဂလန်မှာ မလုပ်ဝံ့တဲ့ကိစ်စကို ဘာဖြစ်လို့ ဒီမှာ လာလုပ်ရတာလဲ။ ခင်ဗျားဗမာကို စော်ကားတာဘဲ အစရှိတဲ့ရန်စကားတွေ ပြောဖို့ အထိ ကိုနု ဆုံးဖြတ်ထားတယ်။ အဲဒီဆုံးဖြတ်ချက်အရ နောက်တနေ့ကျတော့ ကိုနုဟာ ခေတ်တ ကျောင်းအုပ်နဲ့သွားတွေ့တယ်၊ ။
ကျနော်အိမ်ပြန်ချင်တယ်၊
ဘာကိစ်စပြန်ချင်တာလည်း။
အိမ်ကစာရတယ်။
အေး............ ကောင်းပြီ။ ပြန်နိုင်တယ်။
ရန်ဖြစ်စရာမရှိတော့တဲ့အတွက် ခေတ်တကျောင်းအုပ် နဲ့ ၇န်ဖြစ်ရအောင်သွားတဲ့ ကိုနုဟာ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေတယ်။ အဲဒါကြောင့် မိနစ်ဝက်လောက် ခေတ်တကျောင်းအုပ်ကို ကြက်သေသေကြည့်နေမိတယ်။

စ။

တက်ကသိုလ သမဂ်ဂဥက၊ဌကိုနုဟာ တနေ့ကျတော့ ဒီဒုတ်ဂျာနယ်တိုက်ကို အလည်သွားတယ်။ အဲဒီမှာ ဒို့ဗမာအစည်းအ ရုံး သခင်ခေါင်းဆောင်တဦးနဲ့တွေ့တယ်။ စကားပြောနေကျရင်း နာရီဝက်လောက်ကြာတဲ့အခါ ဦးဥတ၊မဟာ လာမယ့် ရွေးကောက်ပွဲမှာ ငွေတထောင်နှုန်းနဲ့ လက်ခံပြီး ငါးပွင့်ဆိုင်အဖွဲ့ဘက်က မဲတရား တွေလိုက်ဟောပေးတော့မယ်။ ဦးဥတ၊မဟာ အ ၇င်တုန်းကလို အမျိုးသားခေါင်းဆောင် မဟုတ်တော့ဘူး။ အဲဒီတော့ အမျိုးသားနေ့ကျရင် တက်ကသိုလ်

သမင်ဂစင်မြင့်ပေါ်ကနေပြီး ဦးဉတ၊မကို သစ်စာဖောက်အဖြစ်နဲ့ ရှု့ချပါလို့
အဲဒီသခင်ခေါင်းဆောင်က ကိုနုကိုတိုက်တွန်းတယ်။ ဖိုက်စကွဲယား ပန်းခြံ
လူထုအစည်းအဝေးမှာ သူကလည်း အဲဒိလို့ပဲ ရှု့ချမယ်လို့ အဲဒီသခင်ခေါင်းဆောင်က
ကတိပေးတယ်။ ဒီသခင်ခေါင်းဆောင်ပြန်သွားတဲ့အခါ ဒီးဒုတ်ဦးဘချိုက မောင်နု မင်း
ဒီကောင်ပြောတိုင်း မလုပ်နဲ့၊ သတိထား ဒီကောင်က မယုံရဘူးလို့
သတိပေးရှာပါသေးတယ်။ ဒါပေမယ့် သူများပြောသမျှ ယုံလွယ်တတ်တဲ့ ကိုနုကတော့
အမျိုးသားနေ့မှာ တက်ကသိုလ် သမင်ဂ စင်မြင့်ပေါ်ကနေပြီး ဦးဉတ၊မကို ချဘို့
ဆုံးဖြတ်ပြီးပြီ။
အမှန်အတိုင်ဆိုရင် တက်ကသိုလ် သမဂ်ဂဟာ နိုင်ငံရေးအသင်းမဟုတ်ဘူး။
ဗမာ့နိုင်ငံရေးထဲ မှာ ဘာမှ ဝင်စွက်စရာ အကြောင်း မရှိဘူး။ အကယ်၊ဝင်စွက်နိုင်သည်
ဆိုသည့်တိုင်အောင် ဦးဉတ၊မနဲ့ပတ်သက်လို့ အဲဒီသခင်ခေါင်းဆောင်ေ ပြာသွားတဲ့
စွပ်စွဲချက်တွေဟာ မှန်သလား။မှားသလား ဆိုတာကို ကိုနုစုံစမ်းကြည့်ဘို့
ကောင်းတယ်။ စုံစမ်းပြီးမှန်တယ် လို့တွေ့ဂသည့်တိုင်အောင် ဒီပုဂ်ဂိုလ်ကြီးတဦးကို
ဥက၊ဌအနေနဲ့ သမင်ဂစင်မြင့်ပေါ်က ရှု့ချဘို့ ကိစ်စမှာ ဥက၊ဌ ကိုနုဟာ
သူ့အလုပ်အမှုဆောင်အဖွဲ့ကို တိုင်ပင်ဘို့ကောင်းတယ်။ ကိုနုဟာ အဲဒါတွေ ဘာမှ
မလုပ်ဘူး။ ဟိုသခင်ခေါင်းဆောင်ပြောတာကိုဘဲ သူယုံကြည်ပြီး ဦးဉတ၊မကို ရှု့ချဘို့
သူ့ဟာသူဆုံးဖြတ်လိုက်တာပါပဲ၊
ကိုနုဟာ အတော်ရယ်စရာကောင်းတဲ့လူတယောက်ဘဲ။ ဘယ်လိုမှန်းမသိဘူး။
တဘက်သားပြောသမျှ သိပ်ယုံလွယ်ပြီး ဇွိုးကနဲ ဒိုင်းကနဲ ဆုံးဖြတ်ချက်ချတတ်တယ်။
အဲဒါကြောင့် သူ့အကြောင်းကို သိတဲ့လူတချို့ဟာ ကိုနုရဲ့ ယုံလွယ်တဲ့ သဘောကို
အလွဲသုံးစားလုပ်ပြီး သူတို့အတွက် အမြတ်ထုတ်ကြတယ်။ ကိုနုနဲ့ ရင်းနှီးတဲ့
မိတ်ဆွေတွေက ကိုနု ခင်ဗျားဟာ သိပ်ယုံလွယ်တယ်။ တဘက်သားပြောတိုင်း
သိပ်မယုံပါနဲ့လို့ သတိပေးရင် သိတ်စိတ်ဆိုးတယ်။
ခင်ဗျားသိပ်ယုံလွယ်တယ်ဆိုတာစကားလုအောင် ကြည့်ပြောတာ။
အမှန်အတိုင်းပြောရရင် ခင်ဗျားသိပ်ယုံလွယ်တယ်ဆိုတာ ခင်ဗျားသိပ်အတယ်ဆိုတာနဲ့
ဘာမှ မခြားဘူး။ အတူတူပဲလို့ ကိုနုက ယူဆတယ်။ အဲဒီလို ယူဆတဲ့အတွက
ချက်ဆိုဂ်င် နခွက်က မိးတောက်နေတယ် လို့ သူ့ကိုသူအထင်ကြီးနေတဲ့ ကိုနု။
တဘက်သားက ပါးစပ်ဟလိုက်တာနဲ့။ ဖင်ဝမှာ ချီးဘယ်နှစ်တုံး ရှိတယ်ဆိုတာ အထိ
သူသိနိုင်ပါတယ်လို့ သူ့ကိုယ်သူ အထင်ကြီးနေတဲ့ ကိုနုဟာ သူ့ကို
သိပ်ယုံလွယ်တယ်လို့ တယောက်ယောက်ကပြောရင်အဲဒီလူဟာ သူ့ကို
စော်ကားလိုက်တယ်။လို့ သူအမြဲတမ်းယူဆတယ်။
အမျိုးသားနေ့ရောက်တဲ့အခါ တက်ကသိုလ် သမင်ဂက ကြီးကြပ်ကျင်းပပေးတဲ့
အမျိုးသားနေ့ အခမ်းအနားကို တက်ရအောင်လာကြတဲ့ ရန်ကုန်မြို့ထဲက ဂုဏ်သရေရှိ
ဧည့်သည်တော် တွေ သတင်းထောက်တွေ။ ကျောင်းသူကျောင်းသားတွေဟာ

တက်ကသိုလ် သမဂ်ဂရဲ့ အရှေ့ဘက်က ကွက်လပ်တခုလုံး ပြည့်လျှံသွားတာပဲ။
အဲဒီအခမ်းအနားမှာ ဥက္ကဋ္ဌကိုနုဟာ ဟိုသခင်ခေါင်းဆောင် ပြောသွားတဲ့အတိုင်း
ဦးဥတ္တမကို အားရပါးရ စွတ်စွဲပြီး သစ်စာဖောက်အဖြစ် အပြင်းအထန်
ရှုံ့ချပစ်လိုက်တယ်။ အဲဒီအခမ်းအနားနဲ့ တချိန်တည်းလိုလို ဖိုက်စကွဲယားထဲမှာ
ကျင်းပတဲ့ အမျိုးသားနေ့အခမ်းအနားမှာတော့ ဟိုသခင်ခေါင်းဆောင်ဟာ ကိုနုကို
သူကတိပေးထားတဲ့အတိုင်း ဦးဥတ္တမကို ရှုံ့ချဘို့ဆိုတာ ဝေးရော။
ဦးဥတ္တမနဲ့ပတ်သက်ပြီး သူ့မိန့်ခွန်းထဲမှာ ဘာမှ ထည့်မပြောသွားခဲ့ဘူး။
ဦးဥတ္တမဟာ ထောင်တန်းအကျခံ၊ အဖိနှိပ် အညှဉ်းဆဲ ခံပြီး တနိုင်ငံလုံးကို
စတင်မျက်လုံးဖွင့်ပေးခဲ့တဲ့ နိုင်ငံရေးကျေးဇူးရှင် ကြီးဖြစ်တဲ့အတွက ်ကိုနုရဲ့
စွပ်စွဲချက်တွေ၊ ရှုံ့ချချက်တွေကို ကြားရတဲ့အခါ ကျောင်းသူကျောင်းသား တွေလည်း
ဥက္ကဋ္ဌ ကိုနု အပေါ် မှာ အတော် မခံမရပ်နိုင်ဖြစ်ကြတယ်။
အလုပ်အမှုဆောင်အဖွဲ့ကလည်း ဒီလောက်အရေးကြီးတဲ့ကိစ်စမှာ သူတို့မတိုင်ပင်ဘဲ
ဇွတ်လုပ်လိုက်တဲ့အတွက် အတော် မကျေမနပ်ဖြစ်ကြတယ်။ နောက်တနေ့ကျတော့
အဲဒီမိန့်ခွန်းနဲ့ပတ်သက်ပြီး သတင်းစာတော်တော်များများဟာ မိုက်ရိုင်းသော ။
လူမှန်းမသိတတ်သော။ ကျေးဇူးကန်းသော အစရှိတဲ့နာမဝိသေသနတွေကို ကိုနု နံမယ်
ရှေ့မှာ တပ်ပြီး ကိုနုကို ဝိုင်းအုပ်ကြတယ်။

ဆ။

တက်ကသိုလ် သမဂ်ဥက္ကဋ္ဌအဖြစ်နဲ့ ကိုနု တွေ့ခဲ့ရတဲ့ သာဓက ကလေးတခုကို
ဒီနေရာမှာ ဆက်ပြောရဦးမယ်။ အချိန်ကတော့ မတ်လစာမေးပွဲကြီး
နဲ့ကပ်နေတဲ့အချိန်ပဲအဲဒီအချိန်မှာ ကျောင်းသားတွေဟာ နေ့ရောညပါ စာကို
အပြင်းအထန်ကြည့်နေကြတယ်။ ဒါပေမဲ့ စစ်ကိုင်းကျောင်းဆောင်ရှေ့က အိမ်တအိမ်မှာ
နေတဲ့ စစ်ကိုင်းကျောင်းဆောင်ရဲ့ဝါဒင်ခေါ် အဆောင်မှူးဟာ တရက်ခြာ
။နှစ်ရက်ခြာ်းလိုလို ညဘက်ကျရင် သူ့အိမ်ကို ဧည့်သည်တွေဖိတ်ပြီး
သီချင်းတွေဆိုကြ။ အရက်တွေမူးပြီး အော်ကြဟစ်ကြနဲ့ တရုန်းရုန်းဖြစ်နေတယ်။
တနေ့မှာတော့ စစ်ကိုင်းကျောင်းဆောင်က  ကိုကျော်မြင့်ဆိုတဲ့
ကျောင်းသားတယောက်ဟာ အဲဒီအဆောင်မှူးဆိ သါွားပြီး ဆူဆူညံညံမလုပ်ဘို့
တောင်းပန်တယ်။ အဆောင်မှူးက ကိုကျော်မြင့်ကို အော်လွှတ်တယ်။ ညဘက်ကျတော့
ခါတိုင်းလို ဧည့်သည်တွေနဲ့ တရုန်းရုန်းဖြစ်နေပြန်တာဘဲ။ ကိုကျော်မြင့်လည်း
သည်းမခံနိုင်တော့ဘူး။ ကျောင်းသားလေးငါးဆယ်ယောက် လောက် စုပြီး
အဆောင်မှူးကို အံတုတဲ့အနေနဲ့ သံပုံးတွေ တအား တီးကြတယ်။
ဒုတိယအဆောင်မှူးလာကြည့်တဲ့အခါ ကိုကျော်မြင့်ကို တွေ့သွားတယ်။ အဲဒီ
ဒုတိယအဆောင်မှူးက ကျောင်းအုပ်ကို တိုင်တဲ့အတွက် ကျောင်းအုပ်က အဲဒီ
ကိုကျော်မြင့်ကို တနှစ်ကျောင်းထုတ်ပစ်လိုက်တယ်။

ဒီလို ကျောင်းထုတ်ပစ်လိုက်တာကို ကိုနုသိရင် တခုခု အရေးယူခံရလိမ့်မယ်။ အဲဒီလိုအရေးယူရင် တနှစ်ကျောင်းထုတ်ခံရတဲ့အပြင် အပြစ်ဒဏ်ဟာ တသက်လုံး ကျောင်းထုတ် ခံရတဲ့အထိ တိုးသွားနိုင်စရာ အကြောင်းရှိတယ်လို့ ကိုကျော်မြင့်က တွေးမိတယ်။ အဲဒါကြောင့် ကိုနုကို ဒီကိစ္စ အသိမပေးဘဲ တိတ်တိတ်ဆိတ်ဆိတ် တက္ကသိုလ် ကထွက်သွားဘို့ ဆုံဖြတ်ပြီး ကိုကျော်မြင့်ဟာ သူ့ပစ္စည်းတွေ ထုတ်ပိုးနေတယ်။ တခြားမိတ်ဆွေတဦးဆီက ဒီသတင်းကြားကြားချင်း ကိုနုဟာ ၁ကိုကျော်မြင့်ဆီကိုလိုက်သွားတယ်။ကိုကျော်မြင့်ဟာ သူကျောင်းထုတ် ခံရတဲ့ ကိစ္စကို ကိုနုနဲ့ ဆွေးနွေးရမှာတောင် ခပ်လန့်လန့်ဖြစ်နေပုံရတယ်။ ကိုနုလည်း အချိန် ဖြုန်းမနေဘူး။ တိုက်ပွဲတပွဲမှ မတိုက်ရပဲ အခုလို လက်မြှောက်အညံ့ခံသွားတော့ ကို ကျော်မြင့်ကို အပြစ်တင်ပြီး ကျောင်းက တနှစ်ထုတ်ပစလိုက်တဲ့ နို့တစ်စာ ဘယ်မှာလည်းလို့ မေးတယ်။ နို့တစ်စာကို ဖတ်ပြီးတာနဲ့ တပြိုင်နက် ကိုနုဟာ ကိုကျော်မြင့်ကို မြို့ထဲက ဝတ်လုံတယောက်စီ ခေါ်သွားတယ် ဝတ်လုံက ဒီကျောင်းသား ဟာ တနှစ် ကျောင်းထုတ်ခံရတဲ့အတွက် အများကြီး နစ်နာသွားပြီ။ အဲဒါကြောင့်ရုံးတော်ကို ဦးတိုက်လျှောက်ပြီး ကျောင်းအုပ်ဆီက လျော်ကြေးတောင်းရမယ်။ ဒီလိုလုပ်မဲ့အကြောင်း ကျောင်းသားရဲ့ကိုယ်စား ၊ဝတ်လုံက ကျောင်းအုပ်ကြီးကိုနို့တစ်စာ ပေးမယ်လိုက ကိုနုကိုပြောပြတယ်။ ကိုနုက ဒီအကြံကိုလက်ခံတယ်။ ကျောင်းအုပ်ကြီးဟာ နို့တစ်စာရပြီး နောက်တနေ့ မှာ ကိုကျော်မြင့်ကို ခေါ်လိုက်တယ်။ တွေ့တာနဲ့ တပြိုင်နက် သူ့ကိုလည်းတရားစွဲမနေပါနဲ့တော့ ကိုကျော်မြင့်ကိုလည်း သူကျောင်းမထုတ်တော့ပါဘူးလို့ ကျောင်းအုပ်ကြီးက ပြောလိုက်တယ်။

၉။

အဲဒီလိုနဲ့ တနှစ်ကုန်ခါနီးပြီ။ တက္ကသိုလ် သမဂ္ဂရဲ့နှစ်ပတ်လည် အစည်းအဝေး ကျင်းပတဲ့နေ့ကို ရောက်လာတယ်။ အဲဒီအချိန်အခါတုန်းက တက္ကသိုလ်သမဂ္ဂရဲ့ နှစ်ပတ်လည်အစည်းအဝေးတွေကို တခမ်းတနား ကျင်းပကြတယ်။ အဲဒီနေ့ကအခမ်းအနားမှာဆိုရင် နန်းရင်းဝန်နဲ့ ဝန်ကြီးတချို့။ ဥပဒေပြု အမတ်တချို့။ ဟိုက်ကုတ် တရားသူကြီးတချို့။ နံမယ်ကြီး ဝတ်လုံတချို့ကစပြီး တခြားနာမည်ကြီး ဧည့်သည်တချို့လည်း တက်ရောက်ကြတာကို တွေ့ရတယ်၊ အခမ်းအနားအစီအစဉ်အရ ဥက္ကဋ္ဌ ကိုနုက မိန့်ခွန်းပြောတဲ့အခါ စခါစမှာတော့ အတော်လေးအိန္ဒြေရရ ပြောနိုင်တယ်။ ဒါပေမဲ့ နိဂုံးနားရောက်တဲ့အခါ ဂုဏ်သရေရှိ ပရိသတ်တွေ အတွက် ကံမကောင်းချင်တော့ ဥက္ကဋ္ဌ ကိုနုဟာ ကျောင်းသားတွေ ဆလံပေးတဲ့ကိစ္စကို ဖြုန်းကနဲ အမှတ်ရသွားတယ်။ အဲဒီလို သတိရပြီး ဒီအကြောင်းကို ပြောတဲ့အခါ အရင်ကလို မဟုတ်တော့ဘူး။ နဲနဲဖောက်လာပြီး သူ့မျက်နှာ ထားကိုယ်အမူအယာနဲ့ လေသံပါ နည်းနည်း ပြောင်းလာတယ်။

ဖောက်တယ် ဆိုပေမဲ ဒီအထိဒါလောက်မဆိုးသေးဘူး။ ဒီအကြောင်းကို ပြောနေတုန်း
အိမ်ပြန်ချင်တဲ့ ကျော်းသားလေးဆီက ခေတ်တ ကျောင်းအုပ်ကြီးက
စာတောင်းကြည့်တာကိုပါ ကိုနု ပြေးသတိရလာပြန်တယ်။ အဲဒီအချိန်မှာ ကိုနုဟာ
အောက်ခြေအတော်ကြီးလွတ် သွားပြီး သူ့မျက်နှာထားကလည်း
ပိုပြီးတင်းမာလာတယ်။ လက်သီးလက်မောင်းတန်းတာလည်း
ပိုပြီးကြမ်းတမ်းလာတယ်။ အသံကလည်းပိုပြီးပြင်းထန်လာတယ်။ အဲဒီလိုပြောရင်း
ခေတ်တကျောင်းအုပ်ကြီးနဲ့ အရေးဆိုဘို့ သူကိုယ်တိုင် သွားတဲ့ အပိုင်းကို
ရောက်လာတယ်။ အိမ်ကစာရလို သူပြန်ချင်တယ်လို့ ပြောတဲ့အခါ အကယ်၍များ
ခေတ်တကျောင်းအုပ်ကြီးက သူ့စာကို ကြည့်ချင်တယ်လို တောင်းရင် ဒီခေတ်
တကျောင်းအုပ်ကြီးကို ရုံးခန်းထဲက အပြင်ရောက်သွားအောင်
သူကန်ထုတ်ပစ်လိုက်မယ်လို့ ကိုနုဟာ ပြင်းပြင်းထန်ထန်ကြီးပြောချ လိုက်တယ်။
ကျောင်းသူ ကျောင်းသားတွေရဲ့ တခဲနက် သြဘာသံကြီး ထွက်လာ်တယ်။
ဧည့်သည်တွေကတော့ တယော်က်မှ မလှုပ်ဘူး။ ဒီလို ရိုင်းစိုင်းရင့်သီးတဲ့ စကားကို
ဂုဏ်သရေရှိ ဧည့်သည်တွေက ဘယ်လို ထောက်ခံနိုင်ပါ့မလဲ။ ကိုနုကိုယ်တိုင် လည်း
တခဲနက် သြဘာသံတွေကို ကြားနေတုန်းကတော့ သူ့ဟာသူ
ဟုတ်လှပြီထင်လိုက်သေးတာပဲ။ အဲဒီည အိပ်ယာဝင်ခါနီး သူ့ကိုယ်တွင်းက
တက်ကြွနေတဲ့ အရှိန်တွေ လျှော့ကျသွားတော့မှ သူမှားသွားပြီဆိုတာ
သဘောပေါက်လာပြီး တစိမ့်စိမ့်ရှက်နေတယ်။ အခမ်းအနားအပြီးမှာ
ဧည့်သည်တော်တွေထဲ့ ဟိုက်ကုတ်တရားသူကြီးဘရောင်းဆိုသူဟာ
ကိုနုအနားကိုကပ်ပြီးမောင်နု  ကျောင်းသားတဦး ဆီက ခေတ်တကျောင်းအုပ် က
စာတောင်းဖတ်တယ် ဆိုတဲ့ မင်းတင်တဲ့အမှုဟာ အမှုအနေနဲက အင်မတန် ကောင်းတဲ့
အမှု ပဲ ။ ဒါပေမဲ့ မင်းတင်ပြပုံမကောင်းတဲ့အတွက် မင့်အမှု ရှုံးပြီလို့
ရယ်ပြီးပြောသွားတဲ့စကားကို ပြန်သတိရတဲ့အခါ ကိုနုဟာ ရှေးကထက်တောင် ပိုပြီး
ရှက်လာတယ်။ ကိုနုဟာ အတော် ရယ်စရာကောင်းတယ်။ အောက်စဖို့နဲ့
ကင်းဘရိတ်ဆိုတဲ့အင်္ဂလိပ် တက်ကသိုလ် တွေမှာ အင်္ဂလိပ်ဆရာတွေဟာ
တပည့်တွေရဲ့စာကို တောင်းမကြည့်ဘူးဆိုတာကိုတော့သိတယ်။ ဒါပေမဲ့
ဒီအင်္ဂလိပ်တက်ကသိုလ်တွေမှာ ကျောင်းအုပ်ကို ရုံးခန်းထဲက
ကန်ထုတ်ပစ်မယ်ဆိုတာမျိုးအထိ ရင့်သီးရိုင်းစိုင်း ရှုန်းရင်း ကြမ်းတမ်းတဲ့ စကားမျိုးကို
ဘယ်အင်္ဂလိပ်ကျောင်းသားကမှ မပြောယဘူးဘူး ဆိုတာကျတော့ ကိုနုသိပုံမပေါ် ဘူး။

၅၂၊

အဲဒီနှစ်ပတ်လည် အခမ်းအနာ းပြီးတဲ့နောက် ၁၅ရက်လောက်ကြာတဲ့အခါ
မတ်လစာမေးပွဲကြီးအတွက် ကျောင်းသူကျောင်းသား တွေ စာကျက်နိုင်အောင်
စာသင်တန်းတွေ ပိတ်ပေးတယ်။ ၃က၊၄ ကိုနုလည်း ဟိုဟာ ဒီဟာတွေကို

လျှောက်လုပ်နေတဲ့အတွက် အတန်းစာတွေကို ကောင်းကောင်း မဖတ်ဖြစ်ဘူး။
အဲဒါကြောင့် စာမေးပွဲကြီးမလုပ်ခင်ကျန်နေသေးတဲ့ ရက်အနည်းငယ်အတောအတွင်း
စာကျက်လိုက်ဦးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဥပဒေစာအုပ်တွေကို
လှျောက်လှန်နေတယ်။ အခုတ တိယအကြိမ် မျ မထမနဲ့
ဒုတိယအကြိမ်တွေတုန်းကလို အထစ်အငေါ့မရှိဘဲ ဥပဒေဘွဲ့ကို သူရတော့မယ်
ဆိုပြီးတော့လည်း ဝမ်းသာနေတယ်။ နောက်သုံးလေးရက် ကြာတဲ့အခါ
နေ့လည်တချက်တီးလောက်မှာ ကျောင်းအုပ်ကြီးဆလော့ရဲ့ ရုံးက
စာတစောင်လာပေးတယ်။ အရင်တုန်းကလိုပဲ။ သူ့ကို ခေါ်တွေ့ပြီး အလုပ်တခုခု
ပေးလိမ့်ဦးမယ်။ ဒီအခါတော့ အရင်ပေးခဲ့ဘူးတဲ့ သမဝါယမ လက်ထောက်
ရီဂျစ်စတာထက်ပိုကြီးတဲ့အလုပ်ကို ပေးလိမ့်မယ်။ ဘယ်ယူလို့ဖြစ်မလည်း ။
ယူလိုက်ရင် သူဟာ ကျောင်းသားတွေရဲ့ တံတွေးခွက်ထဲမှာ ပက်လက်မျောသွားမှာပေါ့
လို့ ဆိုတဲ့ စိတ်ကူးယဉ်တွေဟာ ကိုနုရဲ့ ဦးနှောက်ထဲရိပ်ခနဲဖြတ်သွားတယ်။ စာကို
ဖောက်ဖတ်ပြီးတဲ့အခါ ကိုနုပြုံးနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာဟာ
ကိုနုထင်တဲ့အတိုင်း အလုပ်ပေးတဲ့စာမဟုတ်ဘဲ ကိုနုကို ကျောင်းက
ထုတ်ပစ်တဲ့စာဖြစ်နေတယ်။ ကိုနုဟာ သူ့ရှေ့က ဥပဒေစာအုပ်ကို စိုက်ကြည့်ရင်း
ဥပဒေရေ မင်းကို တော့ငါချစ်ပါတယ်။ ချစ်လို့လည်း မင်းဆီကို ငါပြန်လာတာ
သုံးခေါက်ရှိသွားပြီ။ ဒါပေမဲ့ ပြည်ပန်းညို ချိုချင်ပါလျက် ဆားကဖျက်တယ် ။
ဒို့နှစ်ကို လိုချင်ပါလျက် ကြားကဖျက်တယ် ဆိုတဲ့ တေးကဗျာ ကလေးလို
ကြားကဖျက်တဲ့အတွက် မင်းကို ငါခွဲရပြန်ပြီ။ စွတ်ဘိုင်လို့ ဆိုပြီး ဖွင့်ထားတဲ့
ဥပဒေစာအုပ်ကို ပိတ်လိုက်တယ်။ အဲဒီနောက် သူ အိပ်ယာပေါ်မှာခဏလှဲနေရင်း ကိုနု
ခေတ်တ အိပ်ပျော်သွားတယ်။
ကိုနုဟာ ဒီစာကို ရတဲ့ အကြောင်း ဘယ်သူကိုမှ မပြောဘူး။ ဒီစာကို
တွေ့ပြီးသတင်းပေါက်သွားရင် စာမေးပွဲကြီးလုပ်ခါနီး မှာ သူ့အတွက်
ကျောင်းသားတွေ စာကြည့်ပျက်မှာကို စိုးရိမ်တယ်။ အဲဒါကြောင့် အိပ်ယာက
နိုးတာနဲ့ တပြိုင်နက် စာကို မီးရှို့ပစ်လိုက်တယ်။ နေ့လည် ၂ချက်တီးလောက်
ရှိတဲ့အခါ အဝတ်အစားလဲပြီး ရုပ်ရှင် ကြည့်ရအောင် ကိုနုမြို့ထဲထွက်သွားတယ်။
သူမပြောရင် သူ့အကြောင်းဘယ်သူမှ မသိနိုင်ဘူးလို့ ကိုနုက ယူဆထားတယ်။
အမှန်ဖြစ်တာကတော့ ဒီလိုမဟုတ်ဘူး။ ကိုနုဆီကို စာမရောက်ခင်ကတဲက
ကျောင်းအုပ်ကြီးရဲ့ ရုံးက သတင်းပေါက်ကြားနေပြီ။ အစမှာ တော့
ကျောင်းသားလေးငါးယောက် လောက်သာ သိတာပါဘဲ။ နောက်တနေ့မနက်ကျတော့
ကျောင်းအိပ်ကျောင်းစာ း မှန်သမျှ အကုန်လုံးလိုလို သိနေကြပြီ။
မနက်၁၀နာဂိလောက် ရှိတဲ့အခါ ဒုတိယ ဥက၅ ကိုရာရှစ်ခေါင်းဆောင်ပြီး
အလုပ်အမှုဆောင်အဖွဲ့ဟာ ကိုနုကို လာတွေ့ကြတယ်။
ကိုနု ခင်ဗျားကို ကျောင်းထုတ်ပစ်လိုက်ပြီလိုကြားတယ်။ ခင်ဗျားသိပြီးပြီလား ။

ခင်ဗျားတို့ ဒီသတင်းဘယ်က ကြားလာတာလဲ။
ခင်ဗျားမသိသေးဘူးလား ။ တကျောင်းလုံးမှာတော့ ဒီသတင်းဟာ ပွနေပြီ။
သိပြီးပါပြီ။
ဘာဖြစ်လို့ ခင်ဗျားကျနော်တို့ကို အကြောင်းမပြောတာလဲ။
စာမေးပွဲကြီး ကပ်နေတဲ့အခါ ကျောင်းသားတွေ စာကျက်မပျက်စေချင်ဘူး။
ဥက္ကဋ္ဌကို ကျောင်းထုတ်ပစ်တာဟာ ခင်ဗျားတကိုယ်တည်း နဲ့ ဆိုင်တဲ့
ကိုယ်ရေးကိုယ်တာ ကိစ္စ မဟုတ်ဘူး။
တက္ကသိုလ် သမဂ္ဂ တခုလုံးနဲ့ ဆိုင်တဲ့ကိစ္စဖြစ်တယ်။ သိသိချင်း ကျနောတို့
အလုပ်အမှုဆောင်အဖွဲ့ကို ခင်ဗျား အကြောင်းကြားဘို့ကောင်းတယ်။
ခင်ဗျားတို့မှာ အနှောက်အယှက် ဖြစ်နေမှာစိုးလို့၊ ကျနော်မပြောတာပဲ။
မဆိုင်ပါဘူး။ ခင်ဗျားပြောဘို့သင့်တယ်။ ကျနော်တို့ တခုခု လုပ်ရမယ်။ ဒီလိုငြိမ်ခံလို့
မဖြစ်ဘူး။
မလုပ်ပါနဲ့ဗျာ။ ကျနော် တောင်းပန်ပါတယ်။
ဒါဟာ ခင်ဗျားတယောက်ထဲနဲ့ ဆိုင်တဲ့ကိုယ်ရေးကိုယ်တာ ကိစ္စမဟုတ်ဘူး။
ကျနော်နားလည်ပါတယ်။ ဒါပေမဲ့ဘာမှ မလုပ်ကြပါနဲ့တော့။
ကိုအောင်ဆန်းကိုလည်း ကျောင်းကထုတ်ပစ်ဦးမယ်။
ဘာဖြစ်လို့လည်း ။
သူ့မဂ္ဂဇင်းထဲမှာ ငရဲပြည်က လွတ်လာတဲ့ခွေးကြီး ဆိုတဲ့ ခေါင်းစဉ်နဲ့
ဆောင်းပါးတပုဒ် ပါလာတယ်။ အဲဒါဟာ ကျောင်း အာဏာပိုင် တယောက်ကို
ပုတ်ခတ်ထားတဲ့ ဆောင်းပါးဖြစ်နေတယ်။ ဒါဘယ်သူရေးတာလဲ လို့ ကိုအောင်ဆန်း
ကို အာဏာပိုင်တွေက မေးတယ်။ ကိုအောင်ဆန်းက မပြောဘူး။ အဲဒါကြောင့်
ထုတ်ပစ်မှာဘဲ။
အဲဒီနောက် အလုပ်အမှုဆောင် အစည်းအဝေးလုပ်ကြပြီး အလုပ်အမှုဆောင်
အဖွဲ့ဝင်တွေအားလုံး အဲဒီနှစ် စာမေးပွဲကြီး ဝင်မဖြေဘူးလို့ ဆုံးဖြတ်တယ်။
အရေးပေါ်သင်းလုံးကျွတ် အစည်းအဝေးတခုခေါ်ပြီး အလုပ်အမှုဆောင်အဖွဲ့ရဲ့
ဆုံးဖြတ်ချက်ကို တင်ပြဘို့လည်း နောက်ထပ်ဆုံးဖြတ်ကြသေးတယ်။
အရေးပေါ်သင်းလုံးကျွတ်အစည်းအဝေးမှာ ဒုတိယ ဥက္ကဋ္ဌ ကိုရာရှစ်က
အလုပ်အမှုဆောင်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို တင်ပြပြီးတာနဲ့ တပြိုင်နက်
သပိတ်သပိတ်မှောက်မှောက် ဆိုတဲ့ အသံကြီးဟာ တခဲနက်ထွက်လာပြီး
သပိတ်မှောက်လိုက်ကြတယ်။

အခန်း ၁၃
၁၉၃၆ ကျောင်းသားသပိတ်ဟာ လေးလလောက်ကြာတယ်။ ကျောင်းကထုတ်ထားတဲ့
ကိုနုနဲ့ ကိုအောင်ဆန်းကို လည်း ကျောင်းမှာ ပြန်လက်ခံမယ်။ တက်ကသိုလ်

စုံစမ်းရေးကော်မတီတခု ဖွဲ့ပြီးသပိတ်မှောက် ကျောင်းသားတွေ တောင်းဆိုထားတဲ့ တောင်းဆိုချက်တွေ ကို စုံစမ်းမယ်။ သင့်တော်တဲ့အချက်တွေကို တက္ကသိုလ် ဥပဒေထဲမှာ ပြင်ဆင်ချက်တွေအနေနဲ့ ထည့်ပေးမယ်လို့အာဏာပိုင်တွေ က အကြောင်းပြန်တာနဲ့ သပိတ်လှန်ကြတယ်။ ကိုနုနဲ့ ကျောင်းသားတချို့ကတော့ ကျောင်းပြန်မတက်ကြတော့ဘူး။ ကျောင်းထွက်လိုက်ကြတယ်။
ကိုနုဟာ ဒီးဒုတ်ဂျာနယ်မှာ အလုပ်သင်ရင်း ဆောင်းပါးတွေကိုလည်းသူနိုင်သလောက် ရေးတယ်။ သူအင်မတန်ကြိုက်တဲ့ ပြဇာတ်တွေကိုလည်း သူကြိုးစားပြီးရေးတယ်။ သူ့ပြဇာတ်အရှည်ကြီးတွေဟာ လူကြိုက်နဲတဲ့အတွက် ဒီးဒုတ်ဂျာနယ် နံမယ်ပျက်မယ်စိုးလို့ကိုနုဟာ တခန်းရပ်ပြဇာတ်တို ကလေးတွေကို ရေးတယ်။ အယ်ဒီတာဦးဘချိုကလည်း အင်မတန် သဘောကောင်းရှာပါတယ်။ ကိုနုရေးသမျှ သူ့ဂျာနယ်ထဲမှာ ထည့်ပေး တယ်။ဒီးဒုတ် ဂျာနယ်မှာ လုပ်လို့ တနှစ်လောက်ရှိတဲ့အခါ ကိုနုဟာ နဂါးနီ စာအုပ်တိုက်ကို တည်ထောင်တယ်။ ကိုနုဟာ စလျှင်စခြင်း စကော့ဈေးရဲ့ အနောက်ဖက်တန်းက ဈေးပေါ်တဲ့နေရာမှာ အခန်းကလေး တခု ငှားပြီး ဒိနဂါးနီ စာအုပ်တိုက်ကို ဖွင့်ရတယ်။ ဒီစာအုပ်တိုက်ကလေးဟာ နိုင်ငံရေးကို ရော တခြားအရေးတွေကိုရော ခြေဦးတဲ့ရာ လျှောက်ပြောနေတဲ့ နိုင်ငံရေးသမားတွေ ကျောင်းသားတွေ စာအုပ်ဝယ်သူတွေနဲ့ နေ့စဉ်နေ့တိုင်း တရုံးရုံးဖြစ်နေတယ်။ နဂါးနီစာအုပ်တိုက်ဟာ အင်္ဂလန်က ဗစ်ကတာဂေါ်လန့်ဇ်ရဲ့ လက်ဝဲစာအုပ်အသင်း ကို အတုယူပြီး ထူထောင်ထားတဲ့ စာ အုပ်အသင်း ဖြစ်တယ်။ နဂါးနီစာအုပ်တွေကို အင်မတန် လူကြိုက်များတဲ့အတွက် ကိုနုဟာ လစဉ် စာအုပ်တွေ ထုတ်ဝေနေရာက နှစ်လတကြိမ်။ သုံးလတကြိမ်လောက်ဆိုသလို အထူးစာအုပ်များကို မကြာခင် တိုးတက်ထုတ်ဝေလာနိုင်တယ်။ နောက်များမကြာခင် နဂါးနီ ဂျာနယ် ထုတ်ဝေလာနိုင်ပြန်တယ်။ နဂါးနီ နေ့စဉ် သတင်းစာတစောင်ထုတ်ဝေဘို့ စီစဉ်နေတုန်း ၁၉၄၂ ခုနှစ် အတွင်း ဒုတိယကမ္ဘာ စစ်ကြီး ဗမာပြည်ကို ကူးစက်လာပြီး သခင်နု (ဒီအချိန်မှာ သခင်နုဖြစ်နေပြီ) တို့လူစုဟာ အာဏာဖီဆန်မှု အစိုးရတို့ရဲ့ စစ်ဘက်ဆိုင်ရာ လုပ်ငန်းများကို နှောက်ယှက် ဖျက်ဆီးမှု အစရှိသည်တို့နဲ့ ထောင်ကျသွားကြတယ်။ အဲဒီနောက် နဂါးနီကို ဆက်ပြီး မထုတ်နိုင်တော့ပဲ ပိတ်လိုက်ရတယ်။
၁၉၃၆ –၃၇ ခုနှစ်မှ ကိုရာရှစ်ဟာ တက္ကသိုလ် သမဂ္ဂရဲ့ ဥက္ကဋ္ဌ ဖြစ်လာတယ် ။ ၁၉၃၇–၃၈ခုနှစ်မှာ ကို အောင်ဆန်းဟာ တက္ကသိုလ် သမဂ္ဂ ရဲ့ ဥက္ကဋ္ဌ ဖြစ်လာတယ်။ အဲဒီနှစ်မှာ တက္ကသိုလ် စုံစမ်းရေးကော်မတီဟာ စုံစမ်းလို့ ပြီးသွားတယ်။ သပိတ်မှောက်ကျောင်းသားတွေရဲ့ တောင်းဆိုချက်တွေထဲက အရေးကြီးတဲ့အချက်တွေကို ကော်မီတီက လက်ခံတယ်။
ဒီကော်မတီက တင်ပြတဲ့ ထောက်ခံချက်တွေကို ဒေါက်တာဘမော်ခေါင်းဆောင်တဲ့ အစိုးရက လက်ခံပြီး ဥပဒေပြုလွှတ်တော် တင်သွင်းတော့မဲ့ဆဲဆဲဖြစ်နေတဲ့အတွက်

တက်ကသိုလ်ကျောင်းသူကျောင်းသားတွေ သိပ်ဝမ်းသာနေကြတယ်။
အဲဒီအချိန်မှာ မူဆလင်နဲ့ ဗုဒ်ဓ ဘာသာဝင် တွေရဲ့ အဓိကရုဏ်း တခုဖြစ်ပေါ်လာပြီး
တဘက်နဲ့တဘက် သတ်ဖြတ်ခုတ်ထစ်မှုတွေ ရန်ကုန်မြို့ပေါ်မှာ
အတော်ကလေးဖြစ်တယ်။ တနေ့ကျတော့ ကိုနုဟာ စကော့ဈေး အပေါ်ထပ်မှာ
မိတ်ဆွေတွေနဲ့ စကားပြောနေတုန်း အော်သံကြားရတဲ့အတွက် စကော့ဈေးရှေ့က
၂၅လမ်းကြားထဲကို လှမ်းကြည့်လိုက်တဲ့အခါ ဆွမ်းခံနေတဲ့ ရဟန်းတော်တပါးကို
မူဆလင်တဦးက ဒါးနဲ့ ခုတ်နေတာ တွေ့ရတယ်။  ကိုနုတို့ လူစု အတင်း
လိုက်တော့မှ အဲဒီ မူဆလင်ဟာ သူ့တိုက်ပေါ်တက်ပြေးတယ်။ရဟန်းတော်ရဲ့
ခေါင်းကနေ စီးကျနေတဲ့ သွေးတွေကို မြင်ရပြီး ကိုနုအများကြီးစိတ်ထိခိုက်သွားတယ်။
အဲဒါကြောင့် ရဟန်းတော်ကို လန်ချားတစီးပေါ်တင် ဘေးက အသာလေး ဖက်ထားပြီး
ကိုနုကိုယ်တိုင် ဆေးရုံကို လိုက်ပို့လိုက်တယ်။
ကိုနုဆေးရုံကြီးက ပြန်လာတဲ့အထိအဲဒီ ရဟန်းတော်ကို ဒါးနဲ့ ခုတ်တဲ့သတင်း ဟာ
စကော့ဈေးထဲမှာ ပူပူ နွေးနွေး ရှိသေးတယ်။ အဲဒါကြောင့် နဂါးနီ စာအုပ်တိုက်မှာ
ရောက်ရှိနေကြတဲ့ ပရိသတ်နဲ့ ကိုနုတို့ဟာ အဓိကရုန်း အကြောင်းကို ခြေဦးတဲ့ရာ
လျှောက်ပြောနေကြရင်း ပုဂ်ဂိုလ်တဦးက ဒီအဓိကရုန်းမှာဗုဒ်ဓဘာသာဝင်တွေဟာ
အတော်နာတယ်လို့ပြောလိုက်တယ်။ နာမှာပေါ့။ ဒေါက်တာဘမော်ကိုယ်တိုင်
စစ်ကဲမောင်ထော်လေးလမ်း က မစ်စရီးခန်းရဲ့ သားတွေနဲ့ ပေါင်းပြီး
မူဆလင်တွေဘက်က ပင်းနေတာကို းလို့ ဝင်ထောက်လိုက်တယ်။ ဒီစွပ်စွဲချက်ဟာ
အင်မတန် ယုတ်တိ ကင်းမဲ့တဲ့စွပ်စွဲချက်ဘဲ။ ဒီလိုပင်းဘို့အတါက် ဒေါက်တာ
ဗမော်မှာ ဘာအကြောင်းမှ မရှိပါဘူး။ဒါပေမဲ့အင်မတန် ယုံလွယ်တဲ့ ကိုနုဟာ
ဒီစွပ်စွဲချက်ကို တချက်တည်းယုံပစ်လိုက် တာပါဘဲ။ကိုနုဟာ ဗုဒ်ဓဘာသာဝင်က
မူဆလင်ကို ချတာလည်းမကြိုက်ဘူး။ မူဆလင်က ဗုဒ်ဓဘာသာဝင် ကိုချတာလည်း
မကြိုက်ဘူး။ အဓိကရုန်း မြန်မြန်ပြီးသွားအောင် အစိုးရဟာ တည့်မတ်စွာ ကြားနေပြီး
တရားတဲ့နည်းတွေနဲ့ ဆောင်ရွက် ပေးတာကို သာ ကိုနုကြိုက်တယ်။ အဲဒါကြောင့်
နန်းရင်းဝန် ဒေါက်တာ ဗမော်ဟာ မူဆလင်တချို့နဲ့ ပေါင်းပြီး မူဆလင်တွေဘက်က
ပင်းနေတယ် ဆိုတာ ၾကားတဲ့အခါ ဒီလိုဘက်လိုက်နေတဲ့ ဒေါက်တာဗမော် အစိုးရ
ကို သူဘယ်လို တိုက်ရမယ်ဆိုတာ ကိုနုစဥ်းစားနေတယ်။ သူ ဘာလုပ်နေနေ။
ဘယ်သွားသွား ဒီအစိုးရကို ဘယ်လိုတိုက်ရမလဲ ဆိုတဲ့စိတ် တွေပဲ သူ့ဦးနှောက်ထဲမှာ
များသောအားဖြင့် ပေါ်နေတယ်။ နောက်ရက်အနည်းငယ်ကြာတဲ့အခါ
ရန်ကုန်ထောင်ကြီးရဲ့ အနောက်ဖက်မှာနေတဲ့ မိတ်ဆွေတဦးက ဖိတ်ခေါ်လို့ ကိုနုနဲ့
မိတ်ဆွေ နှစ်ဥိး။သုံးဦး အလည်သွားကြတယ်။ အဲဒီက အပြန်
ရန်ကုန်ဆေးရုံကြီးအနားဆီရောက်တော့ လက်တွန်းလှည်းကလေးနဲ့ အလောင်းတခု
တွန်းလာတာ ကိုနုတွေ့ရတယ်။ အဲဒီအလောင်းမှာ လည်းသွေးတွေ ပေနေတယ်။
စုံစမ်းကြည့်တဲ့အခါ မူဆလင်တဦး ကလှံနဲ့ ထိုးလိုက်လို့ သေသွားတဲ့

ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားတဦးရဲ့ အလောင်းလို့ ကိုနုတို့သိရတယ်။
ဒီအလောင်းကို မြင်ရတာနဲ့ ကိုနုဟာ နန်းရင်းဝန် ဒေါက်တာဗမော်ကို ဒက်ခနဲ
ပြေးမြင်လိုက်တ်။ အဲဒီ မြင်ပြီးတာနဲ့ တပြိုင်နက် ဘာလုပ်ရမယ်ဆိုတာ ကို ဖြုန်းကနဲ
ဒိုင်းကနဲ ဆုံးဖြတ်ပြီး တက်ကသိုလ်ကို အပြင်းလိုက်သွားတယ်။ ကိုအောင်ဆန်းဟာ
အဲဒီအချိန်က အပြင်ထွက်နေတဲ့ ကိုနုမတွေ့ရဘူး။ အဲဒါကြောင့် ၁။
မူဆလင်တွေဘက်က ပင်းပြီး ဗုဒ်ဓဘာသာဝင်တွေ အသတ်ခံရအောင် လုပ်နေတဲ့
ဒေါက်တာဗမော် အစိုးရကို အလိုမရှိ။ နန်းရင်းဝန်ရာထူးက အမြန်ထွက်လော့ ဆိုတဲ့
စာကိုရေး။ ၂။ အဲဒီ စာမှာကျောင်းသူကျော်းသားတွေရဲ့လက်မှတ်တွေ ထောင်နဲ့ချီပြီး
ရအောင်လုပ်။ ၃။ အဲဒီစာကို နန်းရင်းဝန် ဒေါက်တာဗမော်ဆီကိုလည်း ပို့
သတင်းစာတိုက်တွေကိုလည်းပို့ လို့ ကိုနု စာရေးထားပစ်ခဲ့တယ်။
ကိုအောင်ဆန်းတို့လူစု နဂါးနီစာအုပ်တိုက်မှာ ကိုနုကိုလာတွေ့ကြတယ်။
ကိုနု ခင့်ဗျာ အစီအစဉ်မကောင်းဘူး။ ဒါထက်ကောင်းတာ ကျနော် စိတ်ကူးထားတယ်။
ဘာလဲ။
ဒေါက်တော ဗမော်အစိုးရဟာ အခုတရက်နှစ်ရက်အတွင်းတက်ကသိုလ် ဥပဒေကြမ်းကို
လွှတ်တော်မှာ င်တော့မယ်။ အဲဒီဥပဒေကြမ်းကို အလို မရှိဘူး။ လွှတ်တော်
အမတ်တွေဝိုင်းပြီး ကန့်ကွက်ကြပါလို့ ကျနော်တို့လှုံ့ဆော် ပေးမယ်။ ကျနော်တို့က
အလိုမရှိဘူးလို့ ကန့်ကွက်နေတဲ့ကြားက ဒေါက်တာဗမော်အစိုးရက ဒီဥပဒေကြမ်းကို
လွှတ်တော်မှာ ဇွတ်အတင်းတင်ရင် ဒီအစိုးရဟာ ပြုတ်ကျသွားစရာ အကြောင်းရှိတယ်။
ပြုတ်ကျမှာ ကြောက်လို့ ဒီဥပဒေကြမ်းကို မတင်ပဲ ဆွဲထားရရင် ဒီတက်က်သိုလ်
ဥပဒေကြမ်းကို သူ့အစိုးရ လုပ်ပေးခဲ့တယ်ဆိုတဲ့ နံမယ် ဒေါက်တာဗမော်မရတော့ဘူး။
ဒေါက်တာ ဗမော်က ဒီဥပဒေနဲ့ ပတ်သက်ပြီး အဂုမ်းဂုဏ်ယူနေတယ်။
ဟုတ်တယ်။ ဒီအစိအစဉ်က ပိုကောင်းတယ်။
နောက်တနေ့ကျတော့ ကိုအောင်ဆန်းနဲက့သူ့အလုပ်အမှုဆောင်တချို့ဟာ
တက်ကသိုလ် ဥပဒေကြမ်းကို ကိုင်ပြီး အလိုမရှိ ဝိုင်းပြီးကန့်ကွက်ကြပါ လို့
ပုံနှိပ်ထားတဲ့ စာရွက်တွေကို ဥပဒေပြု လွှတ်တော်ဝင်းထဲဝင်သွားပြီး အမတ်တေါကို
လျှောက်ဝေတယ်။ ဒေါက်တာဗမော်ဟာ အဲဒီတက်ကသိုလ် ဥပဒေကြမ်းကို
လွှတ်တော်မှာမတင်တော့ဘူး။ ဆွဲထားလိုက်ရတယ်။ ဒီသတင်းကို တက်ကသိုလ်
ကျောင်းသားတွေ ကြားတဲ့အခါ  တက်ကသိုလ် သမဂ်ဂ အလုပ်အမှုဆောင်အဖွဲ့
အပေါ်မှာ အင်မတန် မကျေမနပ်ဖြစ်ပြီး အုံကြွလာတယ်။ ကျောင်းသားတဦးဟာ
အဲဒီအုံကြွမှုကို အခွင့်ကောင်း ယူပြီး ဗဟုိထမင်းစားခမ်းမကြီးထဲမှာ ကျောင်းသားထု
အစည်းအဝေး ကျင်းပတယ်။ တက်ကသိုလ် ဥပဒေကြမ်းကိစ်စဟာ
ကျောင်းသူကျောင်းသားတိုင်း သိပ်စိတ်ဝင်စားနေတဲ့ ကိစ်စဖြစ်တဲ့အတွက
အဲဒီအစည်းအဝေးကို ကျောင်းသူကျောင်းသား တွေ လိုမ့်ပြီး တက်လာကြတယ်။
စကားထပြောတဲ့ကျောင်းသားတွေဟာ တက်ကသိုလ် သမဂ်ဂ အလုပ်အမှုဆောင်

အဖွဲ့ကို ပြင်းပြင်းထန် ထန် ပုတ်ခတ်ကြပြီး ၁။ တက်ကသိုလ် သမဂ္ဂ သင်းလုံးကျွတ် အရေးပေါ် အစည်းအဝေး ကို ချက်ချင်း ခေါ်ပေးဖို့တောင်းဆိုရန် ၂။ အဲဒီ သင်းလုံးကျွတ် အစည်းအဝေး မှာ အလုပ်အမှုဆောင် အဖွဲ့ကို အယုံအကြည်မရှိ အဆိုတင်သွင်းပြီး ဖြုတ်ချပစ်ရန် ဆိုတဲ့ အဆို၂ရပ်ကို ကန့်ကွက်သူမရှိပဲ ဆုံးဖြတ်လိုက်ကြတယ်။ အဲဒါကြောင့် နောက်တနေ့ကို ရောက်တဲ့အခါ ကိုအောင်ဆန်းနဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် တချို့ဟာ နဂါးနီ စာအုပ်တိုက် ကို ရောက်လာကြပြီး ကိုနုနဲ့ တွေ့ကြတယ်။

ကျောင်းသားတွေ သိပ်ပြီးအုံကြွနေတယ်။ အဲဒါကြောင့် သူတို့ တောင်းဆိုတဲ့အတိုင်း အရေးပေါ်သင်း လုံးကျွတ်အစည်းအဝေး ကို အအဲဒိနေ့ ညနေ ၅နာရီ ခေါ်ပေးရမယ်။ အစည်းအဝေးမှာ အယုံအကြည်မရှိ အဆိုတင်သွင်းပြီး အလုပ်အမှုဆောင်အဖွဲ့ကို ဖြုတ်ချလိမ့်မယ်။ အဲဒီတော့ သူတို ့ မဖြုတ်ချခင် ကျနော်တို့ နုတ်ထွက်ရင် ကောင်းမယ် ထင်တယ်လို့ တက်ကသိုလ်အမှုဆောင်တွေက ကိုနုကို ပြောကြတယ်။ တပွဲမှမတိုက်ရသေးပဲ လက်မြှောက်ပြီး အရှုံးပေးလိုက်ဂတဲ့ လမ်းစဉ်ကို ငါမကြိုက်ဘူး။ မင်းတို့ရဲ့ လမ်းစဉ် အတိုင်းဆိုဂင် အရှုံးပဲရှိမယ်။ အနိုင်မရှိတော့ဘူး။ အဲဒိတော့ မနုတ်ထွက်နဲ့ ဒီကောင်တွေ ကို ပြန်တိုက်ကြ။ ဒီလိုတိုက် ရင် ရှုံးချင်လည်း ရှုံးမယ်။ နိုင်ချင်လည်း နိုင်မယ်။ အဲဒိလို အရှုံးနဲ့ အနိုင်နဲ့ နှစ်ခုရှိတဲ့ လမ်းစဉ်ဟာ အရှုံးတခုထဲရှိတဲ့ လမ်းစဉ်ထက် ပိုကောင်းတယ်။ ပြန်တိုက်ကြ။ မကြောက်နဲ့။ ငါလည်ကူပြီးတိုက်ပေးမယ် လို့ ကိုနုကပြန်ပြောတယ်။

ဒီလိုဆွေးနွေးကြပြီး တက်ကသိုလ် သမဂ္ဂ အလုပ်အမှုဆောင်အဖွဲ့ဝင် တွေပြန်သွားကြတယ်။ ညနေဘက် အဲဒီအစည်းအဝေး ကိုသွားခါနီးကျတော့ ငါဟာ တက်ကသိုလ် သမဂ္ဂ အသင်းဝင်လည်း မဟုတ်တော့ဘူး။ သူတို့အစည်းအဝေးကို ငါတက် လို့ဖြစ်ပါ့မလား။ ဥက္ကဌဟောင်းတွေဟာ တက်ကသိုလ်ရဲ့ ရာသက်ပန်အသင်းသား ဖြစ်နိုင်လိမ့်မယ်ထင်တယ်။ အဲဒါကိုလည်း ကိုနုကောင်းကောင်းမသိဘူး။ သူဟာ ဒုတိယဥ၊ဌအဖြစ်နဲ့က နှစ်ဝက်၊ ဥက္ကဌ အဖြစ်နဲ့ တနှစ်လုပ်လာခဲ့ပေမဲ့ တက်ကသိုလ် သမဂ္ဂရဲ့ အခြေခံစည်းမျဉ်းကို သူတခါမှ မဖတ်ခဲ့ဘူး။ အဲဒီလို မိမိနဲ့ဆိုင်တဲ့စာပေတွေကို ဖတ်လေ့ဖတ်ထမရှိတာတွေ ဟာ ကိုနုရဲ့ဥာဉ်ဆိုးတတခုပဲ။ အဲဒီတော့ သူဘယ်လိုလုပ်ရမယ် ဆိုတာ မဝေခွဲနိုင်အောင်ဖြစ်နေတုန်း သူ့ကိုယ်တွေ့အဖြစ်အပျက်တခုကို ပြေးသတိရတယ်။ အဲဒါကလေးကို ဒီနေရာမှာ နည်းနည်း ပြောပါရစေ။

ဒို့ဗမာသီချင်းကို သထုံကျောင်းဆောင်မှာ ဆိုပြီးတဲ့နောက်။ ကိုနု ဟာ ဥပဒေတန်းက ထွက်သွားတယ်။ များမကြာခင် သတင်းစာတစောင်ထဲမှာ ကိုနု စိတ်ဝင်စားတဲ့ သတင်း တခုပါလာတယ်။ ဒီသတင်းကို တိတိကျကျ တော့ မမှတ်မိဘူး။ ဘိလပ်မှာ မျက်နှာစုံညီ ဆွေးနွေးပွဲတက်နေကြတဲ့ ဗမာကိုယ်စားလှယ်ကြီးတွေ ဗြိတိသျှ အစိုးရဆီမှာ ဒိုမီနီယံ အုပ်ချုပ်ရေးတောင်းတာကို တက်ကသိုလ်သမဂ္ဂ

ကထောက်ခံပါတယ် လို့ ဆုံးဖြတ်ချက်ချ ဘို့အတွက်၊ တက်ကသိုလ် သမဂ္ဂ သင်းလုံးကျွတ် အစည်းအဝေး ခေါ်ထားတယ် ဆိုတဲ့သတင်းမျိုးပါ။ ကိုနုဟာ ဒိုမီနီယံ အုပ်ချုပ်ရေးကို မလိုချင်ဘူး။ လုံးဝ လွတ်လပ်ရေးဘဲ။ လိုချင်တယ်။ အဲဒါကြောင့် သမဂ္ဂ သင်းလုံးကျွတ်အစ်ညးအဝေး ကို တက်ပြီး သူကန့်ကွက်ဘို့ ဆုံးဖြတ်တယ်။ သူနဲက အဖော်လိုက်မဲ့ မြို့မ ကျောင်းဆရာ ဟောင်း ဆရာတင့်ဟာ အိမ်ကထွက်ခါနီးမှာ ရှူးဖိနပ်ကြိုးချီ လိုက်တာ ပြတ်ထွက်သွားတဲ့အတွက် မောင်နုရေ ဘိနပ်ကြိုးပြတ်သွားတယ်။ နိမိတ်မကောင်းဘူးဟေ့ ။ အစည်းအဝေးမှာ မင်းစကားပြောရင် သတိထားပြောနော်လို့ အိမ်က ထွက်ခါနီးမှာ သတိပေးတယ်။

အဲဒိ သင်းလုံးကျွတ်အစည်းအဝေးကို အဲဒီအခါက တက်ကသိုလ် သမဂ္ဂအသင်းတိုက်မှာ မလုပ်ဘူး။ အသင်းတိုက် ရှေ့က ဂျင်မနေစီးယမ်း လို့ခေါ်တဲ့ အားကစားရုံကြီးထဲမှာ ကျင်းပတယ်။ ဘာဖြစ်လို့လဲဆိုတာ စုံစမ်းလို့မရဘူး။ ဥက္ကဋ္ဌနဲ့ အလုပ်အမှုဆောင်တွေဟာ ဂျင်မနေစီးယမ်းရဲ့ အနောက်ဖက်က စင်မြင့်ပေါ်မှာထိုင်ကြတယ်။ အစည်းအဝေးစတဲ့အခါ စီစဉ်ထားတဲ့အတိုင်း အသင်းသား တယောက် က ဗမာကိုယ်စားလှယ်တော်ကြီးများက ဗြိတိသျှ အစိုးရဆီက ဒိုမီနီယံ အုပ်ချုပ်ရေးတောင်းဆိုခြင်းကို အသင်းလုံးကျွတ်အစည်းအဝေးကြီး က ထောက်ခံပါတယ်။ ဆိုတဲ့ အဆိုကို တင်သွင်းတယ်။
အခြားအသင်းသားသုံးလေးယောက်က အဆိုကုိ ထောက်ခံတယ်။ဥက္ကဋ္ဌက ကန့်ကွက်သူများရှိသေးလားလို့ မေးတဲ့အခါ ကိုနုဟ ာ လက်ညှိုးထောင်ပြီး စင်မြင့်ပေါ် တက်သွားတယ်။ ဥက္ကဋ္ဌ ခင်ဗျား ဒီအဆိုကို ကို ကျနော ် ကန့်က်တယ်။ ဒိုမီနီယံ အုပ်ချုပ်ရေးကို မလို ချင်ဘူး။ လုံးဝလွတ်လပ်ရေးကိုသာ လိုချင်တယ်။ အစရှိတဲ့ စကားလေးငါးဆယ်ခွန်းသာပြောရသေးတယ်။ ဥက္ကဋ္ဌနဲ့ အတူထိုင်နေတဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင်တဦးက ဗြုန်းကနဲ မတ်တတ်ရပ်ပြီး ဥက္ကဋ္ဌခင်ဗျား။ ကိုနုဟာကျောင်းသား မဟုတ်ပါဘူး။ သူ့ကို စကား ပြောခွင့်မပေးပါနဲ့ လို့ ကန့်ကွက်တယ်။ဥက္ကဋ္ဌ က သူရှေ့မှာရှိတဲ့ ဘဲလ်ကလေးကို နှစ်ချက်လောက် နာနာတီးလိုက်ပြီး ကိုနု ခင်ဗျားကျောင်းသား မဟုတ်ဘူး။ ဒိစင်မြင့်ပေါ်မျာ စကား မပြောပါနဲ့။ ဆင်းသွားပါလို့ ကိုနုကို အမိန့်ပေးတယ်။ အခုကိစ်စဟာ တမျိုးသားလုံးနဲ့ဆိုင်တဲ့ကိစ်စ ဖြစ်တဲ့အတွက် ဗမာတယောက်အနေနဲ့ ကျနော့မှာ ပြောပိုင်ခွင့်ရှိတယ်။ လို့ ကိုနုက ဥက္ကဋ္ဌကို ပြန်ပြောတယ်။ မရှိဘူး။ ခင်ဗျားပြောချင်ရင် တခြားမှာသွားပြော ဒီမှာ မပြောနဲ့ ခွင့်မပြုနိုင်ဘူးလို့ ဥက္ကဋ္ဌက ပြန်ငေါက်တယ်။ အဲဒီအခါ အသင်းသားတွေထဲက သုံးလေးဆယ် လော်က မတ်တပ် ရပ်ပြီး ဆင်းသွား ဆင်းသွား။ ဒီမှာလာမရှုပ်နဲ့။ ဥက္ကဋ္ဌကို ပြန်မပြောနဲ့ အစ ဂိုတဲ့ ကြိမ်းမောင်းသံတွေနဲ့ ဝိုင်းအော်ကြတယ်။ ကိုနုဘက်က ပြောမဲ့ အသင်းသားတယောက်မှ မရှိဘူး။ ကိုနုဟာ ဒေါသလည်းဖြစ်။

ရက်လည်းရက်နေတဲ့အတွက် ဘာမှ ဆက်မပြောနိုင်ဘဲ ရက်ဘွယ်ရျက်ယြဲ လို့
ဆူညံအောင် အော်ဟစ်နေကြတဲ့ကြားက အစည်းအဝေး အပြင်ဘက်ကို ထွက်ခဲ့ရတယ်။
အဲဒီအဖြစ်အပျက်ကလေးဟာ ကိုနုရဲ့ မျက်စိထဲမှာ ရုပ်ရှင်ကားလို ပြန်ပေါ်လာတယ်။
အဲဒါကြောင့် ကိုနုဟာ နှစ်မိနစ်လောက်ခပ်ထွေထွေ လေး ဖြစ်သွားပြီးမှ
ငါစောက်ရရူမစိုက်ဘူး။ ဟိုတုန်းက ငါစင်ပေါ်က ဆင်းသွားတာမှားတယ်။
ဒီတခါဆိုရင် ဘယ်လိုအော်အော် ငါထွက်မသွားဘူး။ ဒင်းတို့သတ်တိ ရှိရင် ငါ့ကို
ဆွဲထုတ်ကြပါစေ။ ငါ့သူငယ်ချင်းတွေ ဒုက၊ရောက်နေတဲ့အခါ လက်ပိုက်
ကြည့်နေတာထက် အအော် အငေါက် ခံရတာက ပိုကောင်းသေးတယ်။ လို့ ယတိပြတ်
ဆုံးဖြတ်ပြီး တက်ကသိုလ် သမဂ်ဂ သင်းလုံးကျွတ် အစည်းအဝေး ကိုတက်ရအောင်
ကိုနုထွက်သွားတယ်။
အသင်းသူ အသင်းသာ းတွေဟာ ငါးနာရီ မထိုးခင် အစောကြီးကတဲက
အယုံအကြည်မရှိ အဆိုကို ထောက်ခံရအောင် အစည်းအဝေးခမ်းမထဲကို
ရောက်နေကြတယ်။ အစည်းအဝေးစဖွင့်ပြီလို့ ကိုအောင်ဆန်းက
ကျေညာလိုက်တာနဲ့တပြိုင်နက်တည်း ကိုနု ထပြီးပြောတယ်။ သူပြောတဲ့အထဲမှာ
အယုံအကြည်မဂ္ဂိ အဆိုကို တင်သွင်းမဲ့ ကျောင်းသားဟာ ဘာကြောင့် ဒိုလိုလုပ်တယ်
ဆိုတဲ့အချက် တွေကို တချက်စိတချက်စီ သေသေချာချာ ရှင်းပြတယ်။ သူပြောလို့
ဆယ်မိန်စလောက်ကြာတဲ့အခါ ရက်ဘွယ်။ ရက်ဘွယ် ထွက်သွားထွက်သွား အလိုမရှိ။
အစရှိတဲ့ကြွေးကြော်သံ တွေဟာ ဟိုဒေါင့်ကတချက်၊ ဒီဒေါင့်တချက်။
ဟိုနေရာကတချက် ဒိနေရာကတချက်။ ပေါ်ထွက်လာကြတာ ကိုကြားရဂတယ်။
တချို့ကျောင်းသားတွေဟာ သူတို့ရဲ့ စိတ်ကို မထိမ်းနိုင်၊ မသိမ်းနိုင်
ဖြစ်လာတဲ့အတွက် သူတို့နေရာကထ၊ အဲဒီကျောင်းသားကို နံမယ်ခေါ် ။
လက်ညှိုးနဲ့ထိုးပြီး အစည်းအဝေးခမ်းမထဲကခုချက်ချင်း ထွက်သွားဘို့
ပြင်းပြင်းထန်ထန်တောင်းဆိုကြတယ်။ အစည်းအဝေးတခုလုံးဟာ အုပ်မ႗
ထိမ်းမရလောက်တဲ့ အခြေအနေကို ရောက်လာတဲ့အခါ အယုံအကြည်မရှ် အဆို
တင်သွင်းမဲ့ ကျောင်းသားခေါင်းဆောင်ဟာ အစည်းအဝေးခမ်းမထဲမှာ မနေဝံ့ရှာတော့ပဲ
ရက်ဘွယ် ရက်ဘွယ် လို့ တခဲနက ်အော်ဟစ်နေကြတဲ့ အသင်းသားတွေရဲ့
အသံတွေကြားထဲက အပြင်ဘက်ကို ထွက်သွားခဲ့ရတယ်။
ဉက၊၄ သက်တမးဆုံးတဲ့အခါ ကိုအောင်ဆန်းဟာ တက်ကသိုလ်က ထွက်လိုက်တယ်။
အဲဒိလို ထွက်လိုက်ပြီး အတော်ကြာကြာ ဘယ်မှာသွားနေတယ်ဆိုတာ ကိုနု မသိဘူး
။တနေ့ကျနေ့ ကိုအောင်ဆန်းဟာ ညနေလေးနာရီလောက်မှာ ကိုနုနဲ့ မမြရိတို့
ငှားနေတဲ့ စကော့ကိတ်လမ်းထဲက အိမ်ခန်းကလေးကို ဗြုန်းကနဲရောက်လာတယ်။
ကိုနု ကျနော်တို့ ဒို့ဗမာ အစည်းအရုံထဲဝင်ရအောင်။
ငါမဝင်ချင်ဘူး။
ဘာဖြစ်လို့လဲ။

ငါနိုင်ငံရေးမလုပ်ချင်ဘူး။
ခင်ဗျားဒီလို ခေါင်းရှောင်လို ့ ဘယ်ဖြစ်မလဲ။
ဟ ဒါ ခေါင်းကျောင်တာ မဟုတ်ဘူး။
နိုင်ငံရေးလုပ်သင့်တဲ့လူတွေ နိုင်ငံရေးကိုမလုပ်ရင် ခေါင်းရှောင်တာပဲ။
ငါ့မှာ နိုင်ငံရေး လုပ်ချင်တဲ့ ဝါသနာမရှိဘူး။
ဘောီယန်အသင်းထဲမှာ ခင်ဗျားဒ ဉက၊ဌ ဝင်လုပ်သေးတာပဲ။ နိုင်ငံရေးမှာ
ဝါသနာမပါဘူးဆိုတာ ဘယ်ဟုတ်မလဲ။
ငါအိမ်ကို ခဏပြန်နေတုန်း ဦးဘချိုက ငါ့နာမည် ကို သတင်းစာထဲ မှာငေ
ကျညာလိုက်တာ။ ရန်ကုန်ပြန် ရောက်ပြီး ဖေဘီယန် အသင်းထဲမှာ မပါပါရစေနဲ့ လို့
ဦးဘချိုကို ငါပြောသေးတယ် ရွေးကောက်ပွဲပြီးတဲ့အထိ ခဏနေပါဦးလို့ ဆိုတာနဲ့
ငါခဏ ဝင်နေတာ်။ ရွေးကောက်ပွဲပြီးတာနဲ့ ငါထွက်လိုက်တာပဲ။
ဝါသနာဆိုတာ ဒီလိုပဲ နိုင်ငံရေးလုပ်ရင်း သူ့ဟာနဲ့သူ ဖြစ်လာမှာပေ့ါ။
ဖိုးအောင်ဆန်းကို ငါကြည့်နေတယ် တခြားလူတွေဆိုရင် လူကဲခတ်သိပ်ကောင်းတယ်။
ဖိုးအောင်ဆန်း လူကဲခပ်လိုက်ရင် မှန်နေတာချည်းဘဲ။ ငါ့ကိုကျတော့ ဖိုးအောင်ဆန်း
လူကဲခပ်လို့မရဘူး။ ငါဘာလဲဆိုတာ အခုထက်ထိ ဖိုးအောင်ဆန်း မသိသေးဘူး။
ခင်ဗျားဘာလဲ။
ငါ နိုင်ငံဂေးသမားမဟုတ်ဘူး။ တပွဲတိုးသမား
ဘာလည်းဗျ တပွဲထိုးသမားဆိုတာ
ငါပြောပြမယ် ဖိုးအာင်ဆန်းသေသေချာချာမှတ်ထား နိုင်ငံရေးသမားဆိုတာ
ထိုင်ရင်လည်း နိုင်ငံရေးစိတ်နဲ့ထိုင်တာပဲ။ သွားရင်းလည်း နိုင်ငံရေးစိတ်နဲ့သွားတာဘဲ။
ထရင်လည်းနိုင်ငံရေးစိတ်နဲ့ထတာဘဲ။ လှဲလျောင်းနေရင် လည်းနိုင်ငံရေးစိတ်နဲက
လှဲလျောင်းနေတာဘဲ။ နိုင်ငံရေးသမားတဦးမှာ နိုင်ငံရေးစိတ်ဟာ ဘယ်တောမှ
မပျောက်ဘူး။ ငါကတော့ ဒီလိုမဟုတ်ဘူး။ စိတ်ထိခိုက်စရာ ကိစ်စ ပေါ်လာရင်
ထလုပ်လိုက်တာဘဲ။ အဲဒိကိစ်စ ပြီးသွားရင်င ါဘယ်သူနဲ့မှ မတွေ့ချင်ဘူး။
ချောင်ကလေးတခုမှာ ပုန်းပြီး ငေးနေချင်တယ်။ တွေးနေချင်တယ်။ ရေးနေချင်တယ်။
တခြားဘာကိုမှ မလုပ်ချင်ဘူး။
ခင်ဗျားဘာတွေ လျှောက်ပြောနေတာလဲ။ အခုအချိန်ဟာငေးနေဘို့။ တွေးနေဘို့
ရေးနေဘို့ အချိန်မျိုးလား(ကိုနုဟာ အဲဒိမေးခွန်းကို ရုတ်တရက် မဖြေနိုင်ဘူ။
တမိန်စလောက် ခေါင်းအောက်စိုက်ပြီးတွေးနေတယ်။)
ဖိုးအောင်ဆန်းရေ ဒီလိုလုပ်ပါကွာ။ မင်းတို့နိုင်ငံရေးဝါသနာပါတဲ့သူတွေ က ဒို့ဗမာ
အစည်းအရုံးထဲကိုဝင် ။ မင်းတို့များ တိုက်ပွဲတခုခု ဝင်စရာရှိရင် ငါ့ကို ခေါ်လိုက်။
ငါဝင်တိုက်ပေးမယ်။ အဲဒိလိုတိုက်တုန်း သေသွားဂင်လည်း ပြီးရော တိုက်ပွဲပြီးတဲ့အခါ
ငါ့ချောင်ကလေးကို ငါပြန်ပြီးငေ းနေနိုင်အောင် တွေးနေနိုင်အောင် ဂေးနေနိုင်အောင်
ငါ့ကို ပြန်လွှတ်ပါ။ ရာသက်ပန် နိုင်ငံရေးသမားမျိုးဆိုတာတော့

ငါမလုပ်ပါဂျစေနဲ့ကွာ။ ငါမလုပ်ချင်ဘူး။
လွတ်လပ်ရေးရပြီးရင် ခင်ဗျားလုပ်ချင်တာလုပ်။ မရသေးခင်တော့ နိုင်ငံရေးလုပ်ရမှာပဲ။
လာပါဗျာ။ ဒို့ဗမာ အစည်းအရုံးထဲကို အခုပဲသွားဝင်ရအောင်။
(ကိုနုနဲ့ ကိုအောင်ဆန်း တို့ဟာ အခုဝင်မယ် မဝင်ဘူးဆိုပြီး တယောက်နဲ့ တယောက်
အချီအချ ပြောနေကြတာ နှစ်နာရီလောက် ရှိသွားတယ်။)
ကဲ ဖိုးအောင်ဆန်းရယ် ငါလည်း ပြောရတာ မောပြီကွာ။ အဲဒီတော့ ဒီလို လုပ်ပါ။
ဒီကိစ်စကို ငါသေသေချာချာ စဉ်းစားဘို့ တလလောက် အချိန်ပေးပါ။
လုပ်မနေပါနဲ့ဗျာ။ အခုပဲသွားဝင်ဂျအောင်။
ကိုနုလည်း စိတ်ပေါက်ပေါက်နဲ့  ကဲဒီလောက်ဝင်ချင်လှတာ ဝင်ကွာဆိုပြီး
ကိုအောင်ဆန်းနောက်ကိုထလိုက်လာတယ်ယ။ ဘတ်စ်ကားပေါ် တက်ခါနီး ကြတော့
ဖိုးအောင်ဆန်းရေ။ ငါ့နှမယ်ရှေ့မှာ သခင်လို့ တပ်ရမှာ ကြောင်တယ်ကွာ လို့ ကိုနုက
ပြောတယ်။ ကျွန်လို့တပ်ရတာထက် သခင်လို့ တပ်ရတာ ပိုမကောင်းဘူးလား လို့
ကိုအောင်ဆန်းက ပြန်မေးတယ်။ ကိုနုလည်း ဘာမှ ပြန်မပြောဘူး။ ဘတ်စ်ကား
ပေါ်တက်သွားတယ်။
အဲဒီအချိန်က ဒို့ဗမာအစည်းအရုံး က ပန်းဆိုတန်း အထက်လမ်းက
တိုက်ခန်းကလေးတခုမှာ ဖွင့်ထားတယ်။ မီးရထားဘူတာရုံကြီးနဲ့ ကပ်နေတယ်။
ကိုနုနဲ့ ကိုအောင်ဆန်းတို့ဟာ အခန်းကလေးထဲကို ဝင်သွားတဲ့အခါ
ဓာတ်မီးကြိုးဖြတ်ထားတယ်ထင်တယ်။ ညစောင့် ဒဂျဝမ်တွေကို င်တဲ့ လက်ဆွဲမှန်အိမ်
ရဲ့ ခပ်မှိန်မှိန် မီးရောင်ထဲမှာ ဒို့ဗမာ အစည်းအရုံးဥက႒
သခင်ထိပ်တင်ကိုယ်တော်ကြီး နဲ့က သခင်သုံးလေးဦးကို တွေ့ရတယ် ကိုအောင်ဆန်းက
သူနဲ့ ကိုနု တို့ ဒို့ဗမာ အစည်းအရုံးထဲကို ဝင်ချင်တယ်လို့ပြောတယ်။ ကိုနုက ဘာမှ
မပြောဘူး။ ငုတ်တုပ်ကြီးထိုင်နေတယ်။ ဥက႒ သခင်ထိပ်တင်ကိုယ်တော်ကြီး ဟာကို
အောင်ဆန်းကို အသင်းသားလက်မှတ် ၂စောင်ထုတ်ပေးလိုက်တယ်။
တယောက်ကိုဝင်ကြေး တမတ်ကျစီနဲ့ ကိုအောင်ဆန်းက ငါးမူးပေးလိုက်တယ်။
အဲဒီအချိန်ကစပြီး ကိုနုနဲ့ ကိုအောင်ဆန်းတို့ ငယ်နံမယ်တွေ ပျောက်ပြီး သခင်နုနဲ့
သခင်အောင်ဆန်း ဖြစ်သွားကြတယ်။

ဆရာကိုမောင်ကို ခင်ဗျာ၊

စာအုပ်ထဲကပါတဲ့ အမြင်ငါးမြင်ကို ကျနော် ဗုဒ်ဓမ်မနဲ့ တိုက်ဆိုင်ပြီး
လေ့လာကြည့်ပါတယ်။ ကျနော်သိထားတဲ့ ဗုဒ်ဓကေမြင်ပြတာတွေနဲ့ နည်းနည်းတော့
ကွာသလိုပဲ။  ဆရာဘကြီးဝိဟာရီက သည်ပို့စ် မဖတ်ဖြစ်သေးလို့
မဆွေးနွေးတာလားတော့ မသိပါဘူး။ သူ့ကို အသိပေးလိုက်ပါဦးမယ်။

ကျနော် သိထားရတဲ့ ဗုဒ်ဓကေမြင်တဲ့ 'လောကအမြင်'–ကို ပြောပါ့မယ်။ အဲသည်အမြင်အားလုံးကို ဗုဒ်ဓက 'မိစ်ဆာဒိဋ္ဌိ'=ဓမ်မလမ်းကြောင်းကို မရောက်စေတဲ့ လမ်းမှားအမြင်–ရယ်လို့ မိန့်ခဲ့တာ ရှိပါတယ်။ အဲသည်အမြင်တွေကို ဓမ်မစက်ကပဝတ်တနသုတ်မှာ 'ကာမတဏှာ ဖြစ်စေတဲ့ ကာမအမြင်၊ ဘဝတဏှာဖြစ်စေတဲ့ ရူပအမြင်၊ ဝိဘဝတဏှာဖြစ်စေတဲ့ အရူပအမြင်'–ရယ်လို့ ဟောခဲ့ပါတယ်။ သည်အမြင်စွဲနဲ့ ပြောတာ–ပြုတာ–နေတာတွေလုပ်လျင် ကာမအမြင်စွဲသူဟာ ကာမ(၁၁)ဘုံသား–ကာမ၁၁ဘုံသားဘဝကို ရပါ့မယ်။ ရူပအမြင်စွဲနဲ့ ပြော–ပြု–နေသူဟာ ရူပဗြဟ်မာ၁၆ဘုံသား–ရူပဗြဟ်မာ၁၆ဘုံသားဘဝကို ရပါ့မယ်။ အရူပအမြင်စွဲနဲ့ ပြော–ပြု–နေသူဟာ အရူပဗြဟ်မာ၄ဘုံသား–အရူပဗြဟ်မာ၄ဘုံသားဘဝကို ရပါ့မယ်။

ကျနော်ပြောတဲ့ ကာမ၁၁ဘုံသားအဖြစ်–ရူပ၁၆ဘုံသားအဖြစ်–အရူပ၄ဘုံသားအဖြစ်–ပေါင်းလိုက်လျင် ၃၁ဘုံသားအဖြစ်ကို 'အခုလုပ်အခုရသူဖြစ်တယ်'–ဆိုလိုခြင်းပါ။ သေညပီးနောက်ဘဝကျမှ ရတာကို မဆိုလိုပါဘူး။ သည်ကာမအမြင်–ရူပအမြင်–အရူပအမြင် ၃ခုပေါင်းကို 'လောကီအမြင်'–ရယ်လို့ ဘုရားသျှင်ဟောခဲ့ခြင်း ဖြစ်ပါတယ်။ သည်လောကအမြင်သုံးပါးက ဘုရားသျှင်လွတ်မြောက်သွားတာပါ။ သည်အမြင်တွေကို လုံးဝပယ်သတ်နိုင်သွားတာပါ။

သည်အမြင်တစ်ခုစီမှာ ကာမအမြင်နဲ့ ငါ့ဟာ–ငါ့ပစ်စည်းလုပ်လျင် ကာမတဏှာ၊ သည်အမြင်နဲ့ ငါလုပ်လိုက်တာ–ငါ့ဘာမှတ်သလဲ –ငါမို့လို့ လုပ်နိုင်တာ–ထောင်လွှားလျင် ကာမ မာန၊ သည်အလုပ်ဟာငါပဲ–လို့ မှတ်ယူမိလျင် ကာမဒိဋ္ဌိ ဖြစ်ပါတယ်။

အလားတူ ရူပအမြင်နဲ့ ရူပတဏှာ–ရူပမာန–ရူပဒိဋ္ဌိ ရှိပါတယ်။ ထိုနည်းတူပါပဲ အရူပတဏှာ–အရူပမာန–အရူပဒိဋ္ဌိရယ်လို့ ရှိပါတယ်။

တဏှာ–မာန–ဒိဋ္ဌိဟာ ကာမအမြင်နဲ့ ကာမသံသရာနယ်ချဲ့ပါတယ်၊ ရူပအမြင်နဲ့ ရူပသံသရာနယ်ချဲ့ပါတယ်၊ အရူပအမြင်နဲ့ အရူပသံသရာနယ်ချဲ့ပါတယ်။ အမြင်၃ခုဟာ ရောလို့မရပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ရဲ့အရှုခံအာရုံချင်း မတူလို့ ဖြစ်ပါတယ်။ဒါပေမဲ့ တစ်ခုနဲ့တစ်ခုလည်း မဆန့်ကျင်ပါဘူး။ ရှုထောင့်ချင်းသာ ကွာခြားခြင်း ဖြစ်ပါတယ်။

လူကောင်ကို မြင်တာ၊ အထက်က စာအုပ်မှာပါတဲ့ လူကို ကြည့်ပြီး လူအဖြစ်မမြင်ပဲ တရုတ်ကုလား၊ သူဆင်းရဲ သူချမ်းသာ အဖြစ်မြင်ပါက –ဟာ

ပပဉ်စအမြင်–လို့ ပြောလျင် လုံးပြီးပြောလိုက်တာ ဖြစ်ပါတယ်။ ဘာပပဉ်စအမြင်လဲ–လို့ ခွဲခြားပြောရပါ့မယ်။ သည်အမြင်ဟာ 'ကာမအမြင်'– ဖြစ်ပါတယ်။

သည်လူကောင်ကို ဖျက်ပြီး ရုပ်ပဲ–နာမ်ပဲ–ပထဝီပဲ–အာပေါပဲ––ဆိုပြီး 'ရုပ်အစိတ်အစိတ်'–နဲ့ ရှုပြီးမြင်တာဟာ 'သမာဓိအမြင်'–မှန်သော်လည်း အမြင်အစစ်က 'ရူပအမြင်'– ဖြစ်ပါတယ်။

သည်ရုပ်အစိတ်အစိတ်ကိုတောင် မရှိတော့ဘူး 'ရုပ်လည်းဖြစ်ပျက်၊ နာမ်လည်းဖြစ်ပျက်–တလောကလုံးဟာ ဖြစ်ပျက်ချည်းပဲ။ ဘာမှမရှိတော့ဘူး'–အမြင်ဟာ 'ဝိပဿနာ'–အမြင် မှန်သော်လည်း အတိအကျပြောရလျင် 'အရူပအမြင်'–သာ ဖြစ်ပါတယ်။

အထက်ပါအမြင် ၃ခုလုံးကို ဘုရားသျှင်က ဓမ်မစက်ကပဝတ်တနသုတ်တော်မှာ ကာမသုခလ်လိကာနုယောဂ(ကာမအမြင်အစွန်း)၊ အတ်တကိလမထာနုယောဂ(ရူပအမြင်နဲ့အရူပအမြင်အစွန်း)–အဖြစ် ပယ်ရမည့်အစါန်း၂ပါးအဖြစ်  ညွှန်ပြခဲ့ပါတယ်။

ဥပေက်ခါအမြင်ကတော့ ဥပေက်ခါဟူသည် ဗြဟ်မဝိဟာရ(မြင့်မြတ်သောသူတို့၏ နေခြင်း) အမြင် ဖြစ်ပါတယ်။ မေတ်တာအနေ–ကရုဏာအနေ–မုဒိတာအနေ–ဥပေက်ခါအနေ–တို့ ဖြစ်ပါတယ်။ သည်လိုနေနိုင်တာဟာ 'ကာမလူ–ရူပလူ–အရူပလူဟာ 'ငါ'–မဟုတ်ဘူး။ သည်အစွဲတွေက ငါ့မှာလာရစ်ပတ်နေပြီး ငါ့ကိုပြောခိုင်း–လုပ်ခိုင်း–နေခိုင်းနေတာလို့ 'ငါနဲ့–အစွဲလူ(အယောင်ဆောင်လူ=ကိလေသာလူ)'–ကို ခွဲခြားသိမြင်တဲ့ အရိယာတွေရဲ့ အနေဖြစ်ပါတယ်။ ဥပေက်ခါဟာ–အမြင်မဟုတ်ပါဘူး။ အစွဲဒုက်ခတွေက လွတ်မြောက်သွားသော ရိုးသား–ဖြူစင်–ယဉ်ကျေး–မြင့်မြတ်သူ(အရိယာ)တွေရဲ့ အနေသာ ဖြစ်ပါတယ်။

သူတို့ဟာ လူ(အတ်တ)နဲ့ လူပေါ်ရစ်ပတ်နေတဲ့ (ကိလေသာ=အနတ်တ)ကို ကွဲကွဲပြားပြား း ခွဲခြားသိမြင်သူများ ဖြစ်ကြပါတယ်။ ဒါကြောင့်

လူကို နိဗ္ဗာန်လို့မြင်ပြီး ဖြစ်ပျက် ကိုတောင် မမြင်ရတာက မဂ်ဖိုလ် အမြင်–မဟုတ်ပါဘူး။ ဆင်တူယိုးမှားတော့ တူသလိုလိုပါပဲ။

နိဗ်ဗာန်ဆိုတာ 'ဒုက်ခနိရောဓအရိယသစ်စာ'–ထိုက်ပါတယ်။ အစွဲဖြစ်တဲ့ လူအချင်းချင်းဆက်ဆံရေးမှာ မသမာမမျှတဲ့အမှုရှစ်ခု–ဖြစ်တဲ့ ကာယကံမှား–ဝစီကံမှား–မနောကံမှားကြောင့် လူမှာအထပ်ထပ်ရစ်ပတ်နေတဲ့ ကိလေသဝဋ်–

ကမ်မဝဋ္ဋ–ဝိပါကဝဋ္ဋတွေ တရစပ်လည်နေတဲ့ 'ဒုက်ခ'–ကို ခွဲခွဲခြားခြား ဂဃနဏာသိမြင်ပြီး အဲသည်ဒုက်ခရဲ့အကြောင်းရင်း 'အနုသယကိလေသာ'–ကို ပယ်သတ်ပြီး 'ဒုက်ခလွတ်မြောက်ရခြင်း'–သာ နိဗ်ဗာန် ဖြစ်ပါတယ်။

ဒါကြောင့် လူဟာ နိဗ်ဗာန် မဟုတ်ပါဘူး။ လူဟာ ဒြပ်ပစ်စည်းတစ်ခုဖြစ်တဲ့ ကာမပစ်စည်းပါပဲ။ သည်လူမှာဖြစ်နေတဲ့ 'ကံဆိုးကံမှားကနေ လွတ်မြောက်ခြင်း'–ကိုသာ 'နိဗ်ဗာန်'–လို့ ယူနိုင်မှာပါ။

ဒုက်ခနဲ့ နိဗ်ဗာန်ဟာ ဆန့်ကျင်ဘက်ပါ။ ဒုက်ခကိုသိမှ နိဗ်ဗာန်ကို သိမှာပါ။ ဒုက်ခကို ပြက်ပြက်ထင်ထင်မသိဘဲ နိဗ်ဗာန်ကို ယောင်ဝါးဝါးတောင် မသိနိုင်ပါဘူး။ ဒုက်ခကို သိဖို့က လူလူချင်းဆက်ဆံရေးမှာဖြစ်တဲ့ 'ပဋိစ်စသမုဒ်ပါဒ်လည်စေတဲ့ ကံ'–ကို ပိုင်းပိုင်းခြားခြား နားလည်ရမှာ ဖြစ်ပါတယ်။ ရှေးဘဝကံ–နောက်ဘဝကံတွေ ယူနေလျှင် သည်အယူတွေကို ဘုရားသျှင်က 'မိစ်ဆာဒိဋ္ဌိကန်ဓတာရ'–အဖြစ်တော့ ရှုတ်ချထားပါတယ်။

ဒါကြောင့် အမြင်၅မြင်နဲ့ ပတ်သက်ပြီး ကျနော်ကိုယ်တိုင်သိရှိထားတဲ့ ဗုဒ်ဓဓမ်မနဲ့ တိုက်ဆိုင်ဆွေးနွေးခဲ့ပါတယ်။ အမြင်ချင်း–တူမှာ–မဟုတ်ပါဘူး။ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးတဲ့အခါ ကျနော်က ဗုဒ်ဓဓမ်မ–အဖြစ် ဆိုထားတော့ 'ဓမ်မဂုဏ်ရည်ဖြပါး'–ဘောင်ထဲကပဲ ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။ သည်ဘောင်အပြင်ဘက်ဆိုလျှင် ကျနော်မဆွေးနွေးနိုင်ပါ။ ဆွေးနွေးတဲ့အဖြစ်ကနေ 'ငြင်းခုန်တဲ့အဖြစ်'–ကို ရောက်သွားနိုင်ပါတယ်။

ဆွေးနွေးဖို့ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။

ရွှင်လန်းရှင်သန်နိုင်ပါစေ။

ဏာနခေန ၂နနစနမ

ညီနောင် ပိစ်ရဲ့ ဆွေးနွေးချက်တွေအတိုင်း အမြင်တူပါတယ်။

---

၈နပ မေန ငညလဂျငဘူန

ကျွန်တော်ပြောထားသလိုပါပဲ ကျွန်တော်က ဆွေးနွေးနိုင်ဘို့ ဖတ်တုန်းတွေးတုန်းပါ၊

နောက်တချက်၊ ကျွန်တော် အနေနဲ့ နိဗ္ဗာန်ရောက်ကြောင်းလမ်းတွေကို ဒီနေရာမှာ ငြင်းခုံခြင်း မရှိပါ၊

`ဗြမစိုရ်တရားကိုတော့ လက်ကိုင်မထားနိုင်ပဲ၊ လူတဲ့တန်းတဲ့လူတွေ၊ တရားအလုပ်လုပ်ကြတဲ့လူတွေ အများကြီးတွေ့နေရတယ်၊

လူလောက ချမ်းသာဘို့က ဗြမစိုရ်တရားနဲ့တင်လုံလောက်တယ်၊ ဒီတရားရှိတဲ့ နိုင်ငံတွေ ချမ်းသာနေကြတာပဲ၊ သူတို့ စိတ်ချမ်းသာမှုမရှိကြပါလို့ လိုက်ငြင်းကြလိုက်မယ်၊ မှန်ပါတယ် နိဗ္ဗာန်ရောက်ကြောင်းတရား စိတ်ချမ်းသာမှုမရှိပါ၊ ဒါပေမဲ့ ကြီးနိုင်ငယ်ငြှင်းစိတ်ဓတ်များ အများအမြင်မှာ မရှိကြပါ၊ အစိုးရများ ကျင့်သုံးတာက တကန်မပါ၊

မုသား မပြောကြပါ၊ ခလေးများ မုသားမပြောအောင် ခလေးများကို မုသားနဲ့ မထိန်းချူပ်ပါ။

သံသရာမှ လွတ်ရာလွတ်ရာကြောင်းအပိုင်းထက်

အဲဒီလွတ်ရာလွတ်ကြောင်းလုပ်နေလို့ဆိုပြီး ဒီခေတ် လူ့လောကရဲ့ မတရားမှုတွေ ဗြမစိုရ် မဆန်မှုတွေကို လစ်လျူရှူ မထားအောင် ဒီစာအုပ်က ဆုံးမတယ်လို့ ကျွန်တော်ခံယူပါတယ်၊ ဒီခံယူချက်မှားမမှားကိုပဲ ကျွန်တော်လဲ ဆွေးနွေးချင်ပါတယ်ခင်ဗျား၊ တကယ်တရား အမြင်များကျွန်တော့်ထက် ဘကြီးတို့က သာတယ်လို့ ခံယူပြီးသားပါ

တာတေစနေသား အဆက်

အခန်း ၁၄

သခင်အောင်ဆန်းနဲ့ သခင်နုကို အဲဒီအချိန်တုန်းက ကျောင်းသားလောကမှာသာ လူသိများသေးတယ်။ ပြည်သူလူထုအနေနဲ့တော့ သူတို့နှစ်ယောက်ကို သိပ်မသိကြသေးဘူး။ အဲဒါကြောင့် သူတို့နနှစ်ဦး ဒို့ဗမာ အစည်းအရုံး ထဲကို ဝင်လိုက်တဲ့အတွက် ဒို့ဗမာ အစည်းအရုံးဟဟာ ကျောင်းသားတွေရဲ့ ထောက်ခံမှုကို ရှေးကနဲ့စာရင် နည်းနည်း ပိုပြီး ရလာတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ သူတို့ နှစ်ဦး ဝင်လာတဲ့အတွက် ပြည်သူလူထုရဲ့ ထောက်ခံမှု တိုးတက်လာတာကိုတော့ ကောင်းကောင်းမတွေ့ရဘူး။ ဒဒို့ဗမာအစည်းအရုံးဟာ ပြည်သူလူထုရဲ့ ထောက်ခံမှုကို ရသလောက်ရလာအောင် လုပ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်မှာ သခင်ကိုယ်တော်မှိုင်းဖြစ်တယ် ။ သခင်ကိုယ်တော်မှိုင်းကို မျိုးချစ်ပုဂ္ဂိုလ်ကြီးအနေနဲ့ ပြည်သူလူထုက လေးစားတယ်၊

သခင်သိန်းဖေ (ဘုတလင်) ရဲ့ လုံ့လ ပယောဂကြောင့် သခင်ကိုယ်တော်မှိုင်းဟာ ဒို့ဗမာ အစည်းအရုံးရဲ့ နာယကကြီးဖြစ်လာတယ်၊ ဒီနာယကကြီးရဲ့ အရှိန်အဝါကို မှီပြီး ဒို့ဗမာအစည်းအရုံးဟာ နိုင်ငံတော်တွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးလာနိုင်တယ်၊

၁၉၃၈ခုနှစ် ထဲမှာ ဒို့ဗမာအစည်းအရုံးဟာ နှစ်ခြမ်းကွဲသွားတယ်၊ တခြမ်းကို သခင်ကိုယ်တောမှိုင်းဦးစီး တဲ့ ဒို့ဗမာအစည်းအရုံးလို့ခေါ်တယ်၊ တခြားတခြမ်းကို သခင်ဗစိန်ဦးစီးတဲ့ ဒို့ဗမာအစည်းအရုံးလို့ခေါ်တယ်၊ သခင်ကိုယ်တော်မှိုင်းဦးစီးတဲ့ ဒို့ဗမာ အစည်းအရုံးထဲမှာ သခင်လှဖော်၊ သခင်လေးမောင်၊ သခင် ထိပ်တင်ကိုယ်တော်ကြီး၊ သခင်မြ၊ သခင်တင်၊ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုး၊သခင်လှဖေ၊ သခင်နု အစရှိတဲ့ သခင်တွေ ပါကြတယ်။ အဲဒီလို နှစ်ခြမ်းကွဲပြီးတဲ့နောက် သခင်လှဘော်က ဥက္ကဋ္ဌ ။ သခင်အောင်ဆန်းက အထွေထွေအတွင်းရေးမှူး ဖြစ်လာတယ်၊ အစည်းအရုံးကိုလည်း ပန်းဆိုးတန်းကနေပြီး ပုဇွန်တောင် ရေကျော် လမ်းထဲကို ပြောင်းရွှေ့လာတယ်။

ဥက္ကဋ္ဌ သခင်လှဘော်ရဲ့ ရိုးသားမှု၊ ဖေါ်ရွေမှု၊ ဇာတိသွေး။ ဇာတိမာန် ထက်သန်မှုတို့ကြောင့် သူ့ကို လူချစ်လူခင် ပေါတယ်။ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းဟာ ဌာနချုပ်မှာ နေတယ်။ သူ့ကို ဝိုင်းပြီး ကူညီကြဘို့အတွက် သခင်တင်ဦး။ သခင်သက်တင်၊ သခင်လှမောင်ဆိုတဲ့ သခင်ကလေး ၃ဦးလည်း သူနဲ့အတူ ဌာနချုပ်မှာ နေကြတယ်။

တွဲဘက် အတွင်းရေးမှူး သခင်သန်းထွန်းကတော့ အဲဒိခါက ကန်တော်ကလေး မူဆလင် အထက်တန်းကျောင်းမှာ ကျောင်းဆရာ လုပ်နေတယ်အားလပ်ရက်အချိန်ရသမျှ ဌာနချုပ်မှာ သခင်အောင်ဆန်းနဲ့အတူ တူ အလုပ်လုပ်တယ်။ သူတို့နှစ်ယောက်အကြောင်းပြောရမယ်ဆိုရင် သခင်အောင်ဆန်းက ဗိသုကာနဲ့တူတယ်။ သခင်သန်းထွန်းကအင်ဂျင်နီယာနဲ့တူတယ်၊ ဗိသုကာကြီး သခင်အောင်ဆန်းဂေးဆွဲပေးတဲ့ ပုံစံကို အင်ဂျင်နီယာကြီး သခင်သန်းထွန်းက အဆောက်အဦးဖြစ်အောင် ဆောက်ပေးတယ်။ သခင်အောင်ဆန်းက အင်္ဂလိပ်–ဗမာ နှစ်ဘာသာ စလုံးမှာ အရေးရော အပြောပါနိုင်တယ်။ သခင်သန်းထွန်းက ဗမာစာအရေးအသားမျာ ပိုပြီးသန်တယ်၊ ပိုပြီးလည်း မြန်တယ်၊ နှစ်ယောက်စလုံး စာဖတ်သိပ်ဝါသနာပါတယ်။ အများကြီးလည်း ဖတ်ဘူးတယ်၊ သခင်အောင်ဆန်းက လူတိုင်းနဲ့ စကား ပြောလို့မရဘူး။ စကားပြောရင် ရန်ဖြစ်တာမျိုးမဟုတ်ဘူး။ ဒါပေမဲ့ တယောက်ယောက်ကို သူ့စိတ်ထဲမှာ သဘောမကျရင် ဟန်လုပ်လို့မရဘူး။ တခြားဘက်ကို မျက်နှာ လှည့်ချင်လှည့်နေမယ်၊ တခုခုကို ဖတ်ချင်ဖတ်နေတယ်၊ အဲဒိလူက သူကို စကားပြောရင်လည်း သူပြန်ပြောချင်မှ ပြောမယ်၊

သခင်သန်းထွန်းကဒိလို မဟုတ်ဘူး ၊ ဘယ်သူနဲ့ မဆို အလိုက်အထိုက် ပြောလို့ရတယ်။ ဆက်ဆံလို့ရတယ်။ သခင်အောင်ဆန်းဟာ အခန့်မသင့်တဲ့အခါ သူ့ဒေါသဟာ အပြင်ဘက်ကို ပြင်းပြင်းထန်ထန် ပေါက်ထွက်တတ်တယ်။ သခင်သန်းထွန်းဟာ သူ့ဒေါသကို သူထိန်းနိုင်တယ်။ သခင်သန်းထွန်းဟာ ဘယ်ခါမှာဘဲဖြစ်ဖြစ် ဘယ်သူနဲ့ဘဲဖြစ်ဖြစ် စကားသိပ်မပြောဘူး။ တော်သင့်ရုံပြောတယ်၊ သခင်အောင်ဆန်းဟာ သူပြောချင်တဲ့ အခါမျိုးမှာ ဆို ၇င် တဘက်သား ဝင်ပြောခွင့်မရအောင် အဆက်မပြတ်နာရီပေါင်းများစွာပြောနိုင်တယ်၊ သူ့အကြောင်းသဘောပေါက်နိုင်အောင် သာဓကလေး နှစ်ခုကို တင်ပြလိုက်ရဦးမယ်၊ တခုက ဂျပန်လက်ထက် သူ ကာကွယ်ဂေးဝန်ကြီး လုပ်နေတုန်းဖြစ်တဲ့ သာဓက။ ဓာက်တခုက ဒုတိယကမ ၁ စစ်ကြီး အပြီး သူဖဆပလ ဥက်က၌ လုပ်နေတုန်း ဖြစ်တဲ့သာဓကပေါ၊ ဂျပန် လက်ထက်တုန်းက ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ အတွင်းဝန်တယောက်ရဲ့ အိမ်အနားကို ပြောင်းလာတယ်၊ အတွင်းဝန်ဟာ ကာကွယ်ရေးဝန်ကြီးရဲ့အိမ်ကို သွား အရိုအသေ ပေးချင်တယ်၊ သူပြောချင်လာရင် ဗိုလ်ချုပ်ဟာ စကားကြောသိပ်ရှည်တယ်လို့ နာမည် ကြီးတဲ့အတွက် စကားကြောမရှည်နိုင်အောင် ဗိုလ်ချုပ်ညစာမစားခင် သွားတွေ့မယ် လို့ ဆုံးဖြတ်ပြီး ညနေ ငါးနာရီလောက်မှာ သွားတွေ့တယ်၊ ဒိအတွင်းဝန်ဟာ ကံဆိုးချင်တော့ အဲဒိနေမှာမှ ဗိုလ်ချုပ်အောင်ဆန်းကလည်း ထမင်းဆာတယ်ဆိုပြီးအစောကြီးစားလို့ အတွင်းဝန်လာတဲ့အချိန်မှာ ဗိုလ်ချုပ်အောင်ဆန်း ဟာ ထမင်းစားပြီးနေပြီ။ အဲဒိညနေ ငါးနာရီက ဗိုလ်ချုပ်အောင်ဆန်းဟာ စကားအဆက်မပြတ်ပြောနေလိုက်တာ ၊ ညကိုးနာရီလောက်မှ အဲဒီအတွင်းဝန်က ဗိုလ်ချုပ်လည်း ထမင်းမစားရသေးဘူး။ ကျနော့်ကို ပြန်ခွင့် ပြုပါ၊ ဆိုတဲ့ စကားလေးငါးဆယ်ခွန်းပြောနိုင်အောင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ စကားတွေဟာ တမိနစ်လောက် အဆက်ပြတ်သွားတယ်။ အတွင်းဝန်က အဲဒိလို ပြောတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းဟာ သူစားပြီးပြီလို့ ဖြေပြီး ပြောမြဲ ဆက်ပြောလိုက်တာ ည ၁၁နာရီလောက် ရှိသွားရော၊ အတွင်းဝန်ဟာ ညစာမစားရတာက အရေးမကြီး ဘူး။ ဆီးအောင့်တာက သိပ်အရေးကြီးနေတယ်၊ အဲဒါကြောင့် ဒုတိယအကြိမ် နည်းနည်း စကားအပြတ်မှာ ကပျာကယာထပြီး ပြန်ခွင့်ပြုပါလို့ အတွင်းဝန်က တောင်းပန်ရှာတယ်၊ ဗိုလ်ချုပ်အောင်ဆန်းလည်း ဝင်းထိ လိုက်ပို့မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အတွင်းဝန်နဲ့အတူ လိုက်ထွက်လာတယ်၊ ဝင်းဝကို ရောက်တဲ့အခါ ၄၅မိနစ်လောက် နောက်ထပ် မတ်တပ်ရပ် ပြောနေတုန်း အတွင်းဝန်'ဟာ ဆီးအောင့် လွန်းလို့ အသားတွေပါ ဆတ်ဆတ်တုန်ပြီး ငိုသံပါကြီးနဲ့ တောင်းပန်တော့မှ ပြန်ခွင့်ရရှာတယ်။

ဒုတိယ သာခေကကတော့ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ဖဆပလ ဥက္ကဋ္ဌ လုပ်နေတုန်း ဗဟိုကော်မတီ အစည်းအဝေးတခုမှာ ဥက္ကဋ္ဌ မိန့်ခွန်းပေးနေတာ ခြောက်နာရီကျော်ကျော်ကြာတယ်။ သခင်းစိုးလည်း အတော် စိတ်ဝင်စားစရာကောင်းပါတယ်။ အဲဒီ တုန်းက သူလည်း ဒို့ဗမာအစည်းအရုံးဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဘဲ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်တွေအားလုံးမှာ သခင်နုကို သူအခင်ဆုံး။ သခင်နုရဲ့ အိမ်ကို သူမကြာခဏလာတယ်။ အတော်အတွင်းကျတဲ့ သူ့အတွင်းရေးတွေ သခင်နုကို အတော်များများပြောတယ်။ သခင်နုကလည်း နှုတ်လုံတယ်၊ ဒီကနေ့အထိ ဒီအတွင်းရေးတွေကို ဘယ်သူမှ မပြောဘူး။ သူ့မျက်လုံးဟာ တမျိုးပဲ ရယ်စရာတွေကို ပြောပြီး သူ့မျက်နှာဟာ ရယ်တဲ့အသွင်ကို ဆောင်နေတဲ့အခါမျိုးမှာတောင် သူ့မျက်လုံးတွေဟာ ဒေါသထွက်နေသလိုပဲ၊ သူလည်း သခင်အောင်ဆန်းတို့ သခင်သန်းထွန်းတို့လိုစာအတော်များများဖတ် ဖူးသူတဦးဖြစ်တယ်။ ကွန်မြူနစ်စာပေတွေကျတော့ သူဟာ သခင်အောင်ဆန်းတို့ သခင်သန်းထွန်းတို့ထက်ပိုပြီး စုံစုံလင်လင် ဖတ်ဘူးတယ်။ နိုင်ငံရေးသမား တော်တော်များများဟာ သူ့ကို လူကြမ်းတယောက် အဖြစ်နဲ့သာ မြင်ကြတာများတယ်။ အမှန်စင်စစ် ဆိုရင် ကြမ်းသင့်တယ် လို့ သူယူဆတဲ့အခါ သူဟာ တကယ်ကြမ်းပါတယ်၊ ကြမ်းရမယ်ဆိုရင်လည်း သူ့ကို လိုက်မှီတဲ့လူဟာ အလုပ်အမှုဆောင်အဖွဲ့ထဲမှာ တယောက်မှ မရှိပါဘူး။ ဒါပေမဲ့ နုတဲ့အခါဆိုရင်လည်း သူဟာ အင်မတန် နုပါတယ်၊ လူတွေနဲ့ဆက်ဆံတဲ့နေရာမှာ သူဟာ အင်မတန် ဖော်ရွေတယ်၊ နေရာထားသင့်တဲ့လူ တေါကို နေရာထားတယ် လေးစားသင့်တဲ့ လူတွေကို လေးစားတယ် ။ အဲဒါတွေဟာ လူတယောက်ရဲ့ နူးညံ့ သိမ်မွေ့မှုတွေပဲ၊ သူရဲ့ အခုလိုက နူးညံ့ သိမ်မွေ့မှုတွေကြောင့် သူသွားလေးရာရာမှာ လူချစ်လူခင် ပေါတယ်။ ဗမာ့ထွက်ရပ်ဂိုဏ်း ခေတ်တုန်းက သခင်တွေနဲ့ ဒေါက်တာ ဗမော်ရဲ့ ဂိုဏ်းသားတွေဟာ မကြာခဏဆိုသလို တရားထွက်ဟောခဲ့ဘူးတယ်၊ တခြားသခင်တွေနဲ့ ဆိုရင် ဓါးမတွေဟာ တယ်ပြီး အဆင်မပြေချင်ဘူး။ သခင်စိုးနဲ့ဆိုရင် လေပေး ဖြောင့်နေကြတာပဲ။ အဲဒီလို နူးညံ့သိမ်မွေ့တာတွေအပြင် သခင်စိုးမှာ တခြားနူးညံ့ သိမ်မွေ့မှုတွေ လည်းရှိသးတယ်၊ သခင်စိုးဟာ တယောကောင်းကောင်းထိုးတတ်တယ်။ သီချင်းလည်း ကောင်းကောင်းဆိုတတ်တယ်၊ ကာလပေါ်လည်း ၇တယ်၊ သီချင်းကြီးတွေလည်း ရတယ်၊

သခင်လေးမောင်။ သခင်မြ။ သခင်တင်တို့ဟာ ဒို့ဗမာ အစည်းအရုံး ထူထောင်စကတည်းက ပါလာကြတဲ့ သခင်ဟောင်းကြီးတွေဖြစ်တယ်၊ ဒို့ဗမာအစည်းအရုံးဟာ ဗမာ့လွတ်လပ်ရေးအတါက ထူးချွန်ထိရောက်တဲ့ ခေါင်းဆောင်မှုကို ပေးခဲ့တဲ့ နိုင်ငံရေးအဖွဲ့ကြီးဖြစ်လာအောင် လုပ်ပေးခဲ့တဲ့ ပုဂ္ဂိုလ်

တွေထဲမှာ ဒီသခင်ဟောင်းကြီးတွေဟာ ရှေ့တန်းက ပါဝင်ခဲ့တယ်။ သခင်လေးမောင်ဟာ သိပ်ပြီး အိန္ဒြေ ကြီးတဲ့ခေါင်းဆောင်အဖြစ်နဲ့ နာမည် ကြီးတယ်။ သခင်မြက သိပ်စိတ်ရှည်တဲ့ ခေါင်းဆောင်အဖြစ်နဲ့ နာမည်ကြီးတယ်၊သခင်တင် က ခက်ခဲတဲ့ ပြဿနာတွေကို လူထုနားလည်အောင် ရှင်းပြတတ်တဲ့ ခေါင်းဆောင်အဖြစ်နဲ့ နာမည်ကြီးတယ်၊ ဒို့ဗမာ အစည်းအရုံး ထဲမှာ သူ့ဟာနဲ့သူ မှတ်သားစရာ ကောင်းလောက်တဲ့ ပုဂ်ဂိုလ် အမြောက်အများ ရှိပါသေးတယ်၊ ဒီစာအုပ်ထဲမှာ ပုဂ်ဂိုလ်တွေ အားလုံးကို စုံစုံလင်လင် ဖော်ပြဘို့ခက်တယ်၊

သခင်နုဟာ အလိုလိုမှအငေးသမား။ အတွေးသမား၊ အရေးသမားဖြစ်နေရတဲ့အထဲ သူသိပ်စိတ်ဝင်စားတဲ့ ဝါသနာအသစ်တခုကို အဲဒီအချိန်လောက်က နောက်ထပ် ရနေပြန်တဲ့အတွက် တခြားသခင်ခေါင်းဆောင်တွေလို ဌာနချုပ်ကို ခဏခဏ မလာနိုင်ဘူး။ (နောက်အခန်း ၁၅တွင် အသေးစိတ်)၊ အလုပ်အမှုဆောင် အစည်းအဝေးရှိတဲ့အခါ သခင်အောင်ဆန်းကို တွေ့ချင်တဲ့အခါ အလှူခံလို့ရလာတဲ့ ငွေကို အပ်ဘို့ရှိတဲ့အခါ မျိုးတွေလောက်မှာဘဲဌာနချုပ်ကို သူလာတယ်၊ နိုင်ငံရေးတာဝန်ဆိုတာလည်း သူများများစားစား မရှိခဲ့ဘူး။ အထွေထွေ အတွင်းရေးမှူးက ဘယက်နေရာကို ဘယ်သူနဲ့ တရား ဟော သွားပါဆိုတဲ့အခါ ထသွားပြီးဟောတယ်။ အဲဒီလောက်ပါဘဲ။ သူဒီလိုသွားဟောခဲ့ရတဲ့ တရားပွဲတွေထဲမှာ သူမမေ့နိုင်တဲ့ တရားပွဲနှစ်ခုရှိတယ်၊ တပွဲက ပျော်ဘွယ် တရားပွဲဖြစ်တယ်။ တခြားတရားပွဲက ရေနံချောင်းတရားပွဲဖြစ်တယ်၊

ပျော်ဘွယ် တရားပွဲ ဖြစ်တဲ့ အချိန်အခါလောက်မှာ ဂဠုန်ဦးစော နဲ့ သခင်တွေရဲ့ ပဋိပက္ခဟာ အင်မတန် ပြင်းထန်နေတယ်၊ ဦးစော ဟာ အဲဒီအခါက သစ်တောရေးရာ ဝန်ကြီးဖြစ်တယ်၊ မြို့တမြို့ကို ခရီးထွက်တဲ့အခါ (ပဲချုးထင်တယ်) အဲဒီမြို့က သခင်တွေက သံပုံးတီးပြီး ဆန်ဒ ပြကြတယ်၊ ဦးစောဘက်က လူတွေက အဲဒီ သံပုံးတီးတဲ့ သခင်တွေ သခင်မတွေကို ဝါးရင်း ဒုတ်နဲ့ အတင်းဝင်ရိုက်တယ်။ အဲဒါကြောင့် ဦးစော ဘယ်သွားသွား။ သွားတဲ့နေရာမှာ သခင်တွေဟာ သံပုံးတီး ဆန်ဒ ပြရမယ်လို့ ဌာနချုပ်က ဆုံးဖြတ်ချက်ချတယ်။ ဦးစော ကလည်း သံပုံးတီးတဲ့ သခင်တွေကို ဝါးရင်းတုတ်နဲက ရိုက်မယ်လို့ ကြေညာတယ်။

နောက်များမကြာခင် ပျော်ဘွယ်မြို့က သူ့ထောက်ခံသူတွေရဲ ဖိတ်ကြားချက်အရ ဦးစောဟာ ပျော်ဘွယ် ကိုသွားမယ်ဆိုတဲ့ သတင်းတခု ထွက်လာတယ်။ ပျော်ဘယ်ဟာ သခင်တွေ အင်အားတောင့်တင်းတဲ့နေရာ တခု ဖြစ်တဲ့အတွက် သခင်တွေကလည်းအပြင်းအထန် သံပုံးတီးပြီး ဆန်ဒ ပြကြဘို့စိစဉ်တယ်၊ ဦးစောဘက်သားတွေကလည်း အားကျမခံ။ သံပုံးတီးတဲ့သခင်တွေကို ဝါးရင်းဒုတ်နဲ့ အတင်းဝင်ရိုက်ဘို့ လူစုကြတယ်၊ တဘက်နဲ့ တဘက် အခြေအနေဟာ

အတော်ကြီးတင်းမာလာတာကြောင့် ငြိမ်ဝပ်ပိပြားရေးကို သုံးဘို့အတွက် ပုလိပ်ရိုးရိုးနဲ့ မလုံလောက်တော့ဘဲ စစ်ပုလိပ်တွေနဲ့ မြင်းစီးပုလိပ်တွေကိုပါ သုံးဘို့ အာဏာပိုင်တွေက ဆုံးဖြတ်ရတဲ့အထိ အခြေအနေ ဟာ ဆိုးဝါးလာတယ်။ ဒီလို ဆိုးဝါးလာတာကြောင့် သူတို့ကို ခေါင်းဆောင်ဘို့ ဌာနချုပ်က ခေါင်းဆောင်တွေ ပို့ပေးပါလို့ ပျော်ဘွယ်သခင်တွေက ဌာနချုပ်မှာ အကူအညီတောင်းတယ်။ အထွေထွေ အတွင်းရေးမှူး က သခင်နုနဲ့ သခင် ဘရင် (ဒလ )တို့ကို လွှတ်လိုက်တယ်၊ သခင်နုနဲ့ သခင်ဘရင် တို့လည်း ပျော်ဘွယ်မြို့ကို ဦးစော မရောက်ခင် တရက် ကြိုပြီးရောက်ကြတယ်၊ သူတို့ရောက်လာတဲ့အခါ ပျော်ဘွယ်သခင်တွေက သူတို့ရဲ့ လျှို့ဝှက် အစီးအစဉ်ကို တိုးတိုးတိတ်တိတ်အစီရင်ခံတယ်၊ ဒါဟာ တခြားမဟုတ်ပါဘူး။ ဦးစောရဲ့ ဘက်တော်သားတွေဟာ သံပုံးတီးသူတွေကို ဝါးရင်းဒုတ်နဲ့ ဝင်ရိုက်ရင် ငုံ့မခံပဲ တနေရာမှာ အသင့်စောင့်နေတဲ့ သခင်တချို့က ဒါးနဲ့ ပြန်ခုတ်ဘို့ ဆိုတဲ့အစီအစဉ် ပဲဖြစတယ်။ ဒီလိုခုတ်ဘို့အတွက် ပျော်ဘွယ်မြို့ မင်းတန်းရပ်ကွက်က သခင်တွေက တာဝန်ယူတယ်။ ဒီလို အကြမ်းဖက်တာဟာ ဒို့ဗမာ အစည်းအရုံးရဲ့ လမ်းစဉ်နဲ့ ဆန့်ကျင်နေတယ်၊ ဒို့ဗမာ အစည်းအရုံးဟာ လွတ်လပ်ရေး ရဘို့အတွက် ဗြိတိသျှ အစိုးရကိုတိုက်တဲ့အခါမှာတောင် အကြမ်းမဖက်ဘူး။ အနုနည်းနဲ့ တိုက်ပွဲဝင် ဘို့ လမ်းစဉ်ချထားပြီးပြီ၊ အဲဒါကြော်င့ ဦး စောရဲ့ လူတွေ ဝါးရင်းဒုတ်နဲ့ ဝင်ရိုက်ရင် ငုံ့ခံရမယ်။ ပြန်မလုပ်ရဘူး။ ငုံမခံချင်တဲ့လူတွေ ဆန္ဒ ပြတဲ့နေရာကို မလာရဘူး။ လို့ သခင်နုက ရှင်းပြတယ်။ မင်းတန်းရပ်ကွက်က သခင်တွေကိုလည်း ဒီအတိုင်းလိုက်ရှင်းး ပြပါဦးလို့ ပျော်ဘွယ်သခင်ခေါင်းဆောင်တွေက ပြောတဲ့အတွက် သခင်နုနဲ့ သခင်ဘရင် တို့လိုက်သွားကြရတယ်။ မင်းတန်းဆိုတာ ဗမာပြည်မှာ အကောင်းဆုံးဒါးတွေ လုပ်တဲ့နေရာ ၊ အဲဒီရပ်ကွက်က သခင်တွေဟာ သိပ်ပြီးခက်ထန်တယ်၊ဇာတိတွေး ဇာတိမာန် သိပ် ပြင်းပြတယ်၊ ရန်သူက တချက် ခုတ်ရင် သူတို့က လေးငါးချက် ပြန်ခုတ် ၇မှ ကျေနပ်သူတွေဖြစ်တယ်၊ အဲဒါကြောင့် ပြန်မခုတ်ရရင် ဆန္ဒ ပြပွဲကို သူတိုမလာချင်ဘူးလို့ အတိအကျ ဖြေကြတဲ့အတွက် မလာကြနဲ့လို့ သခင်နုတို့က တားပစ်ခဲ့ရတယ်၊

အဲဒီဆန္ဒပြပွဲကို မျက်စေ့ထဲမှာ မှန်းပြီး ကြည့်နိုင်အောင် မိးရထားဘူတာရုံနဲ့ လမ်းရဲ့အနေအထားကို ရှေးဦးစွာနည်းနည်းလောက် ဖော်ပြသင့်တယ်။ ပျော်ဘွယ်မီးရထားဘူတာရုံရဲ့ အရှေ့ဘက်မှာ တောင်နဲ့မြောက် ယဖောက်ထားတဲ့ လမ်းကျယ်တခုရှိတယ်၊ အဲဒီလမ်းကျယ်ရဲ့ လက်ဝဲဘက်မှာ သံပုံးတီးမဲ့ သခင်တရာလောက်က သံပုံးတွေကိုင်ပြီး မနက် ၈နာရီလောက်ကတည်းက နေရာယူထားကြတယ်၊ သူတို့နဲ့ကပ်လျှက် သူတို့ရဲ့ လက်ဝဲဘက်မှာ သခင်နုနဲ့ သခင်ဘရင် တို့ရှိကြတယ်၊ သူတို့ရဲ့ နောက်မှာ သခင်သခင်မတွေနဲ့ သူတို့ကို

ထောက်ခံကြတဲ့ မြို့လူထုရှိတယ်၊ မင်းတန်းက သခင်တွေဟာ ဆန်ဒပြပွဲကို သူတို့မလာဘူးလို့ သခင်နုတို့ကို လွှန်ခဲ့တဲ့နေ့က ပြောပေမယ့် အဲဒီမနက်ကျတော့ သူတို့ရဲ့ ဒါးတွေကို ဖဲထီးတွေထဲမှာ ဖုက်ပြီး အဲဒီလူထုနောက်က တိတ်တိတ်ရပ်နေတယ်၊ ဒီလိုရပ်နေတာကို ဆန်ဒ ပြပွဲပြီးလို့ ညဘက်ရောက်တော့မှ တချို့လူတွေပြောလို့ သခင်နုတို့သိရတယ်၊ ဒီလူတွေကတော့ ဘာပဲဖြစ်ဖြစ်။ သူတို့ရဲ့ ရဲဘော်တွေကို ထိရင်မခံဘူးလို့ သံမဏိဌာန် ချထားသူတွေဖြစ်တယ်။

အဲဒီလမ်းကျယ် ရဲ့ ညာဘက်မှာ ဦးစောရဲ့ဘက်သားတွေ ရှိတယ်။ သူတို့ရဲ့ လက်ထဲမှာ ဝါးရင်းဒုတ်တွေ ကိုင်ထားကြတယ်၊ ဒါပေမဲ့ ဒီဒုတ်တွေကို ပုလိပ် မသိမ်းနိုင်အောင် ဒုတ်တွေရဲ့အဖျားမှာ အလံတွေ တပ်ထားပြီး ဒီအလံတွေနဲ့ သူတို့ရဲ့ ခေါင်းဆောင် ဦးစော ကို ကြိုရမယ်လို့ အကြောင်းပြတယ်။ ဒီလမ်းကျယ်ရဲ့အလယ်မှာ ပုလိပ်။ စစ်ပုလိပ်နဲ့ မြင်းစီး ပုလိပ်တွေ ရှိတယ်။

မနက် ကိုးနာရီလောက်ကျတော့ ဦးစောရဲ့ တွဲဖြူကြီးကို ဆွဲလာတဲ့ မီးရထားဟာ ပျောဘွယ်ဘူတာရုံထဲကို ဝင်လာတာနဲ့တပြိုင်နက် ကြိုတင်စီစဉ်ထားတဲ့အတိုင်း သခင်တွေရဲ့ အသံချဲ့စက် ထဲက လဒ (ငွေင်းတ) စောဆိုတဲ့ အသံကြီး ဟာ တခဲနက် ပေါ်ထွက်လာတယ်၊ (သူ့တပည့်တွေက ဦးစောကို ဂဠုန်စော လို့ခေါ်တယ်၊ သခင်တွေက လဒစောလို့ ပြောင်ပြီး ခေါ်ကြတယ်) အဲဒီလို သခင်တယောက် က တိုင်ပေးလိုက်တာနဲ့ တပြိုင်နက အသင့်စောင့်နေကြတဲ့ သခင်တွေ ၊ သခင်မတွေနဲ့ မြို့လူထုကြီးက အလိုမရှိ လို့ တညီတညာတည်း ဟစ်အော်ကြတယ်။ ဒီဟစ်လိုက်တဲ့ အသံကြီးကြောင့် ပတ်ဝန်းကျင်တခုလုံးသိမ့်သိမ့်တုန်သွားတယ်၊ အဲဒီလို အတိုင်အဖောက် အကြိမ်ကြိမ် ဟစ်ကြွေး နေကြတုန်း သစ်တောရေးဝန်ကြီး ဦးစော ဟာ သူ့လူတွေ ခြံရံပြီး မီးရထားဘူတာရုံထဲက ထွက်လာတယ်၊ သူ့ကို မြင်လိုက်တာနဲ့ တပြိုင်နက် အသင့်စောင့်နေတဲ့ သခင်တွေဟာ သံပုံးတွေ သံပြားတွေကို အားဂုပါးရ စိတ်လိုက်မာန်ပါ တီးနေကြတာဟာ နားပွင့်ထွက်သွားလုမတတ် ဖြစ်တယ်၊ ပုလိပ်တွေ။ စစ်ပုလိပ်တွေ။ မြင်းစီး ပုလိပ်တွေကြားမှာ ခံနေတဲ့အတွက် ဦးစောရဲ့ တပည့်တွေဟာ ဘာမှ လုပ်လို့မရပါဘူး။ ဝါးရင်းဒုတ်တွေ ကိုင်ပြီး အံကြိတ်နေရတယ်၊ အကယ်၍သူတို့ဟာ သူတို့ကိုယ် ကို မထိန်းသိမ်းနိုင်ရင် သခင်တွေကို ဗွတ်အတင်းဝင်ရိုက်ရင် အသင့်စောင့်နေတဲ့မင်းတန်း က သခင်တွေကလည်း ဦးစောရဲ့ တပည့်တွေကို စဉ်းပစ်မှာဘဲ၊ မဲကနဲမြင်ရာကို ပုလိပ်က နံပတ်ဒုတ် နဲ့ ရိုက်။ စစ်ပုလိပ်က ရိုင်ဖယ်နဲ့ပစ်၊ မြင်းစီးပုလိပ်ကလည်း မြင်းနဲ့အတင်းတက်နင်းမှာ သေချာတယ်။

မီးရထားဘူတာရုံက ထွက်ပြီး ဦးစောတို့လူစုက ရုပ်ရှင်ရုံတခုရှေ့မှာ တရားပွဲလုပ်တယ်။ သခင်တွေက အဲဒီအနားက တခြားရုံတခုမှာ တရားပွဲလုပ်တယ်။

ညဘက်ရောက်တဲ့အခါ သခင်နုတို့ဟာ ပျော်ဘွယ်သခင်တွေနဲ့ အတူ ပျော်ဘွယ်ဥက်ကဋ္ဌ သခင်ဌေး တို့အိမ်မှာ စကားပြောနေကြတုန်း ဦးစောရဲ့ တပည့်တစုဟာ အိမ်ရှေ့မှလာပြီး ဂေါ်ရင်ဂျီဝါဒ အလိုမရှိ အစရှိတဲ့ သခင်တွေကို ပြန်နှက်တဲ့ ကြွေးကြော်သံတွေကို အော်ကြတယ်။ ဂေါ်ရင်ဂျီကုလီတွေသာ သံပုံးတီးတယ်၊ အဲဒါကြောင့် သခင်တွေ သံပုံးတီးတာဟာ ဂေါ်ရင်ဂျီ ဝါဒဖြစ်တယ် လို့ ဦးစော တပည့်တွေက ဆိုလိုတာဖြစ်တယ်။ သခင်ဌေးဟာ ရုတ်တရက် လှံတချောင်းကို ဆွဲပြီး အဲဒီလူတွေနောက်ကို အတင်းလိုက်တယ်၊ ဒီလူတွေဟာ မှောင်ရိပ်က ချောင်းနေတဲ့အတွက် သူတို့ကို သခင်ဌေးက မမြင်ရဘူး။ သူတိုက ပြန်ရိုက်တာ သခင်ဌေးအတော်နာတယ်။ ပျော်ဘွယ်သခင်တွေလည်း အုံကြွလာပြီး ဦး စောရဲ့ မိတ်ဆွေကြီး ဦးဖြိုးသာအိမ်ကို တခုခုလုပ်ဘို့သွားဝိုင်းတယ်၊ သခင်နုကိုယ်တိုင် အတော် ဖြောင်းဖျပြီး သခင်တွေကို ပြန်ခေါ်ခဲ့ရတယ်၊

တခါမှာတော့ ဌာနချုပ်ရဲ့ ဆုံးဖြတ်ချက်တခုနဲ့ ပတ်သက်ပြီး ရေနံချောင်းက ရေနံမြေအလုပ်သမားတွေဟာ ဒို့ဗမာ အစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့ကို မကျေမနပ်ဖြစ်နေတယ်၊ အဲဒါကြောင့် အခြေအနေအမှန်ကို ရှင်းပြဘို့ အထွေထွေအတွင်းရေးမှူးက သခင်နုနဲ့ သခင်စိုးကို လွှတ်တယ်။ သူတို့ နှစ် ဦး ရေနံမြေ ရောက်တာနဲ့ တပြိုင်နက် ရေနံမြေအလုပ်သမားတွေက ဌာနချုပ်အပေါ် မကျေနပ်တာဟာ မသေးဘူး။ ပြင်းထန်တယ်ဆိုတာ စုံစမ်းသိရှိရတယ်၊ အဲဒါကြောင့် အစစအရာရာ စိတ်ရှည်ဘို့ သည်းခံဘို့ သခင်နုက သခင်စိုးကု ိပြောထားတယ်၊ ပထမတရားပွဲကို တန်ဆောင်းတခုထဲမှာ လုပ်ရတယ်၊ သဘာပတိ က အစည်းအဝေးစပြီလို့ ကြေညာပြီးသခင်စိုးစကားပြောမယ်လို့ဆိုလိုက် တာနဲ့ တပြိုင်နက် သခင်ခင်ဇော်ဟာ သဘာပတိဆီကို ပဂိုတ်သတ် ထဲက ထလာတယ်၊ အဲဒီအချိန်တုန်းက သခင်ခင်ဇော် ဟာ ရေနံမြေ အလုပ်သမားအစည်းအရုံးမှာ အထွေထွေ အတွင်းရေးမှူး။ ဒါမှမဟုတ်ရင်လည်း အလုပ်အမှုဆောင်တဦးဖြစ်လိမ့်မယ်ထင်တယ်၊ အဲဒီသခင်ခင်ဇော်ဟာ သဘာပတိဆီမှာလည်း ခွင့်မတောင်း ပဲ တရားပွဲကို ဖျက်တဲ့အနေနဲ့က သဘာပတိရှေ့မှာ ခေါက်တုန့်ခေါက်ပြန် လျှောက်နေတယ်။ သူ့ပါးစပ်ကလည်း ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့ကို မကျေနပ်တဲ့အကြောင်းဗြစ်တောက် ဖြစ်တောက် ပြောနေတယ်။ ကြာပြီဖြစ်တဲ့အတွက် ဘာတွေပြောနေတယ်ဆိုတာ စုံစမ်းလို့မရပါဘူး၊ သခင်ခင်ဇော် ဒီလိုနှောင့်ယှက်နေတာကြာလာတော့ သခင်စိုးဟာ စိတ်ချုပ်တည်းလို့ မရတော့ဘူ ထင်တယ်၊ ခပ်လှမ်းလှမ်းမှာချထားတဲ့ အသံချဲ့စက် က သံချောင်းတချောင်းကိ ုဆွဲယူလိုက်တယ်၊ ဟေ့လူ ဘာလုပ်တာလဲ၊ သံချောင်းကိုချထားပါ လို့ သခင်နုက ပြောပြီး သခင်စိုးရဲ့ လက်မောင်းကို ဆွဲထားတဲ့အတွက ်သခင်စိုးသူ့နေရာမှာ ပြန်ထိုင်တယ်၊ ဒါပေမဲ့ သူ့လက်ထဲက

သံချောင်းကို မချသေးဘူး။ ချထားပါဗျ။ လူတွေ ဝိုင်းကြည့်နေတယ်လို့ သခင်နုက နောက်တချက် ထပ်ပြောတော့မှ သခင်စိုးဟာ သံချောင်းကို ချထားလိုက်တယ်။ ဒါပေမဲ့ သူ့နှုတ်ခမ်းကြီးကတော့ အတော်ကြာကြာ စူထားတုန်းရှိသေးတယ်။ ပဂိုသတ်ဟာ ထသူထ အပြင်ထွက်သူထွက်နဲ့က လုပ်လှုပ်ရှုရှုကလေး ဖြစ်သွားတယ်၊ အဲဒီနေ့ကမှာ ရိုက်ပွဲ ဖြစ်ရင် ဌာနချုပ်က လွှတ်လိုက်တဲ့ ကိုယ်စားလှယ် ၂ဦး အတော်နာမယ်။ မရှုမလှ ခံရမယ်၊

အခန်း ၁၅

(က)
ရှေ့အခန်းမှာတုန်းက သခင်နုဟာ အလိုလိုမှ အတွေးသမား ။အငေးသမား၊ အရေးသမားဖြစ်နေတဲ့အတွက် အထဲ သူသိပ်စိတ်ဝင်စားတဲ့ ဝါသနာအသစ်တခုကို အဲဒီအချိန်လောက်က နောက်ထပ်ရနေပြန်တဲ့အတွက် အခြားသခင်ခေါင်းဆောင် တွေလို ဌာနချုပ်ကို ခဏခဏ မလာနိုင်ဘူးလို့ ပြောခဲ့တာ မှတ်မိကြပါလိမ့်မယ်။ အဲဒီဝါသနာအသစ်တခုဆိုတာ ဘာလဲ၊
ဒီအမေးကို ခပ်ရှည်ရှည်ကလေး ဖြေရမယ်၊ ဒီဝါသနာကို သခင်မဖြစ်ခင် သုံးလေးနှစ်လောက်ကတည်းက ကိုနုရလာတယ်၊ ရပုံက ဒီလို၊ ၁၉၃၄ ခုနှစ်အတွင်းလောက်မှာ ကိုနုနဲ့ မမြရီတို့ဟာ မော်လမြိုင်ကျွန်းနားက ကျောင်းအမချောင်းဆိုတဲ့ရွာက လေးတရွာကိုသွားလည်ကြတယ်၊ အဲဒီရွာမှာ လူတယောက်ကိုတွေ့တယ်။ အဲဒီလူဟာ သားတွေ သမီးတွေ တော်တော်ကြီးပြင်းလာတဲ့အထိ စကားကောင်းကောင်းပြောနိုင်တယ်။ တနေ့ကျတော့ ရွာနောက်ဘက်က တောထဲမှာ သြစ်ပင်တပင်ကို သွားခုတ်မိတာနဲ့ တပြိုင်နက် စကားပြောလို့မရတော့ဘူး။ ဆွံ့သွားတယ်။ သူတခုခုကိုပြောချင်လာရင် သူ့ပါးစပ်က နဲနဲ–နဲနဲ–နဲနဲ လို့ပဲ ပြောနိုင်တယ်။ တခြားဘာမှ မပြောနိုင်ဘူး။ ဆွံ့စတုန်းက ဆိုရင် သူဟာ အဲဒီတောဘက် ကို မကြာခဏ လက်ညှိုးထိုးပြလေ့ရှိတယ်။ အဲဒါကြောင့် ဒီလူရဲ့သားသမီးတွေနဲ့အတူ တရွာလုံးလိုလိုကပဲ ဒီလူကို သစ်ပင်စောင့်နတ် ဖမ်းစားထားတယ်လို့ယုံကြည်နေကြတယ်။ ကိုနုဟာ ဒီလူကိုမြင်ပြီး သိပ်သနားနေတယ်။
ရန်ကုန်ပြန်ရောက်တဲ့အခါ တနေ့ကျတော့ ကိုနုဟာ ဒီးဒုတ်ဂျာနယ် အဖွဲ့ဝင်တွေနဲ့ စကားဝိုင်းပြောနေ ကြတုန်း ဒီလူ့အကြောင်းကို ရောက်သွားပြီး ဒီလူ့ကို ကယ်ချင်တယ်လို့ ပြောလိုက်တယ်။ အဲဒီအခါ ဒီးဒုတ်ဂျာနယ် အဖွဲ့ဝင်တဦးက အဲဒီလို ဖြစ်တာကို ပယောဂလို့ခေါ်တယ်၊ ဒီးဒုတ်ဦးဘချိုဟာ ဒီပရောဂကို သိပ်နိုင်တယ်။လို့ ကိုနုကို အကြောင်းကြားတယ်။ ကိုနုဟာ ဦးဘချိုဆီကိုသွားပြီး ဒီအကြောင်းစုံစမ်းတယ်၊

ပရောဂ ဖြစ်နေတဲ့လူတွေကို ကြည့်ရတာ အင်မတန် သနားစရာကောင်းတယ် ဆရာ။
ဒီလူတွေကို ကျနော် ကယ်တင်ချင်တယ်။ ကယ်နိုင်အောင် ဘယ်လို လုပ်ရမလဲ။
အင်းသောက်ရမယ်။
ဘာအင်းတွေလည်းဆရာ။
ငါ့ဆီမှာ ဓါတ်ကြီးလေးပါးအင်း။ အဌာရသအင်း။ ဝိဇ္ဇာ မဟိဒ္ဓိအင်း ဆိုပြီး
သုံးမျိုးရှိတယ်။ မင်းသောက်ချင်ရင် ဓါတ်ကြီလေးပါးအင်းနဲ့ အဌာရသအင်းကို
ငါတိုက်မယ်။ ဝိဇ္ဇာ မဟိဒ္ဓိအင်းကို တော့ ငါမတိုက်သေးဘူး။
ဘာဖြစ်လို့လည်း ဆရာ။
ဒီအင်းတွေကို သောက်ရင် အဓိဋ္ဌာန်လုပ်ရတယ်၊
ဘယ်လိုအဓိဋ္ဌာန်မျိုးလဲ။
ကျနော်ဟာ ဒီကနေ့ ဒီအချိန်က စပြီး အသက်ထက်ဆုံး လင်ရှိမယားကို
ခိုးယူပေါင်းသင်းခြင်းမှ ရှောင်ပါ့မယ်။ သေရည်သေရက် သောက်စားခြင်းမှ
ရှောင်ပါ့မယ်လို့ အဓိဋ္ဌာန် ပြု ရတယ်။ အဲဒီလို အဓိဋ္ဌာန် ပြုပြီးတော့ ဒီအဓိဋ္ဌာန်ကို
ချိုးဖောက်မိရင် ချက်ချင်း သွေးစိမ်းပွက်ပွက်အန်ပြီး သေပါစေသားလို့
ကျိန်စာထပ်ဆိုရတယ်၊
ဒီအဓိဋ္ဌာန်တွေဟာ ကျနော့အတွက် မခက်ပါဘူးဆရာ၊ ကျနော်
အဓိဋ္ဌာန်လုပ်နိုင်ပါတယ်။ ဒါပေမယ့် တခုမေးပါရစေ ဆရာ။ ဒီအင်းတွေ သောက်ပြီး
ကျနော်ဟာ ပယောဂကို ဘယ်လို နိုင်မှာလဲ၊
အင်းတွေမှာ  အင်းစောင့်နတ်တွေ ရှိတယ်၊ မင်းဟာ စောင့်ထိန်းထားရတဲ့ အဓိဋ္ဌာန်ကို
မချိုးဖောက် သရွေ့ ပရောဂ ကုတဲ့ နေရာမှာ ဒီအင်းစောင့်နတ်တွေက မင်းကို
ကူညီကြလိမ့်မယ်။ အဓိဋ္ဌာန်ကို ချိုးဖောက်လိုက်တာနဲ့ မင်းဆိုထားတဲ့ ကျိန်စာအတိုင်း
မင်းဒုက်ခ ရောက်မယ်။
ပရောဂဖြစ်နေတဲ့ လူနဲ့ တွေ့ရင် ကျနော် ဘယ်လို ကုရမလဲ၊
အဓိဋ္ဌာန်ကို လုံအောင်ထိန်းနိုင်ရင် ပရောဂ ကုရတာသိပ်လွယ်တယ်။
ပျောက်စေဆိုတာနဲ့ ပျောက်တာဘဲ။ ဒီလောက်နဲ့ မရရင် ရေတခွက်မှာ
ဂုဏ်တော်ကိုးပါး ။ ဒါမှမဟုတ်ရင်လည်း အနန္တော အနန္တငါးပါးကိုရွတ်။ အဲဒီ
ရေမန်းကိုတိုက်။ ဒီရေမန်းကို နည်းနည်း ပက်ပေး။ ပျောက်တာဘဲ။ အမှန်စင်စစ်ဆိုရင်
အဌာရသ အင်းတို့ ဝဇ္ဇာ မဟိဒ္ဓိအင်းတို့ဆိုတာ သိပ်တန်ခိုးကြီးတဲ့
အင်းတွေဖြစ်တယ်။ အဲဒါကြောင့် ပယောဂသမားကို မင်းတွေ့ရင် မင်းက ဘာမှ
ပြောဘို့ ဘာမှ တိုက်ဘို့ တောင်မလိုဘူး။ သူ့ဟာသူ အလိုလို ပျောက်နေရမယ်။
အေး–ဒါပေမဲ့ အဓိဋ္ဌာန် လကိ လုံအောင်ထိန်းဘို့ကသိပ်အရေးကြီးတယ်။
မထိန်းနိုင်ရင် ဒုက်ခရောက်မယ်။
ကျနော်ထိန်းနိုင်ပါတယ်။ ကျနော့ကို ဝိဇ္ဇာ မဟိဒ္ဓိပါတိုက်ပါ။
မတိုက်သေးဘူးကွာ။ ဓါတ်ကြီးလေးပါးအင်းနဲက အဌာရသအင်းကို သောက်ရင်

အစိဋ္ဌာန်ပေါက်တဲ့အခါ ရှုံးတာလောက် ကျိုးတာပဲ့တာလောက် ပဲ ဒုက်ခရောတယ်။
သေတဲ့အထိ ဒုက်ခ မရောက်ဘူး။ ဝိဇ္ဇာ မဟိဒ၊အင်းကတော့ ဒီလိုမရဘူး။
အစိဋ္ဌာန်ပေါက်တာနဲ့ တခါတည်းသေတယ်။
ကျနော် အစိဋ္ဌာန်ထိမ်းနိုင်ပါတယ် ဆရာ။ ဝိဇ္ဇာ မဟိဒိ၊ အင်းကို ပါတိုက်ပါ။
ကျနော်သောက်ချင်တယ်။
မောင်နုကို ငါအကောင်းပြောတာ။ အခုမသောက်နဲ့ဦး။ အဋ္ဌာရသအင်းကို
လေးငါးဆယ်ကြိမ်လောက် သောက်ပြီးမင်းစိတ်ကို သေသေချာချာနိုင်တဲ့အချိန်မှ
သောက်ပါ။ ငါတိုက်ပါ့မယ်။ မနှစ်တုန်းက ဒလဘက်က ငါ့တပည့် တယောက်ဟာ
ဝိဇ္ဇာ မဟိဒိ၊ အင်းကိုသိပ်သောက်ချင်တယ်လို့ ခဏခဏ ပူဆာတာနဲ့
ငါတိုက်လိုက်တယ်။ အဲဒါသောက်ပြီးမကြာခင်မှာ သူ့ဆန်စက်ဝင်းထဲက
အလုပ်လုပ်နေတဲ့သူရဲ့ မယားကို သွားပြီးကျူးလွန်မိတယ်။ တကြိမ်တည်းဘဲ
ကျူးလွန်မိတယ်။ နောက်တနေ့ကျတော့ သွေးအန်ပြီးသေတာဘဲ။
ကိစ်စမရှိပါဘူး ဆရာ။ ကျနော့်စိတ်ကို ကျနော်နိုင်တယ်။ ဝိဇ္ဇာမဟိဒ၊အင်းပါ ကျနော်
သောက်မယ်။ ဒီအင်းတွေကို ကိုနုက ခဏလောက်ကြည့်ချင်တယ် ဆိုတာနဲ့
ဦးဘချိုဟာ စီရင်ထားတဲ့အင်းတွေကို ဘုရားစင်က ထုတ်ယူလာတယ်။ အင်းတွေကို
ကိုနု နားမလည်ပါဘူး။ သူ့မျက်စိထဲမှာဂဏန်းနဲ့ အက်ခရာတွေကို ဘဲ တွေ့ရတယ်။
ဂဏန်းတွေဟာ ဘုရားတရား သံဃာတော်တွေရဲ့ ဂုဏ်တွေဖြစ်တယ်။ ဥပမာ။ ၉
ဂဏန်းကို တွေ့ရင်ဘုရားရဲ့ ဂုဏ်တော်ကိုးပါးကို ဆိုလိုတာ။ ၆ ဂဏန်းကို တွေ့ရင်
တရားရဲ့ ဂုဏ်တော်ကိုးပါးကို ဆိုလိုတာ ၊ ၄ ဂဏန်းကိုတွေ့ရင်
သစ်စာတရားလေးပါးကို ဆိုလိုတာ။ နောက် ၉ ဂဏန်းတမျိုးကို တွေ့ရင် သံဃာရဲ့
ဂုဏ်တော်ကိုးပါးကို ဆိုလိုတာ ၊ စ–ခ–ဗ–ဝ ။ တသညခ။ ကပခဝ။ယဂဗခ အစရှိတဲ့
အက်ခရာတွေကို စမတွေလို့ခေါ်တယ်။ ဒီစမတွေကို ထွက်ရပ်ပေါက်သွားတဲ့
ပညာရှိကြီးတွေက ဘယ်လိုရလာတယ်။ အစရှိတာတွေကို ဦးဘချိုက
လျှောက်ရှင်းပြတယ်။
(အောက်ခြေမှတ်စု– အကြမ်းအားဖြင့် ဖော်ပြရရင် အင်းဆိုတာ တခြားမဟုတ်။
ဘုရားတရားသံဃာရတနာမြတ်သုံးပါးရဲ့ ဂုဏ်တော်တွေကို ရေးထားတဲ့ စာရွက်တွေဘဲ
ဖြစ်တယ်။ အနောက်နိုင်ငံကလာတဲ့ စက်ကူတွေကို အင်းအတွက် အသုံးမပြု။
မှိုင်းခံစက်ကူ လို့ခေါ်တဲ့ ရှမ်းပြည်မှ ၁ထုတ်လုပ်တဲ့ စက်ကူတမျိုးကိုသာ
အင်းအတွက် အသုံးပြုတယ်။ အဲဒီစက်ကူ တွေပေါ်မှာ ဂုဏ်တော်တွေကို ရေးတဲ့အခါ
ဆရာအမျိုးမျိုးက နည်းအမျိုးမျိုးနဲ့ ရေးကြတယ်။ တချို့ဆရာများက သင့်တော်သော
အက်ခရာ များ။ ဂဏန်းများကို ဂုဏ်တော်များရဲ့ အမှတ်သညာများအဖြစ် အသုံးပြုပြီး
ဒီအက်ခရာ တွေ ဂဏန်းတွေ။ နဲ့ ပုဂ်ဂိုလ်ʻခေနှျငညျငှေတေ သဏ္ဍာန်ဖြစ်အောင်
ရေးဆွဲကြတယ်။ တချို့ဆရာများကတော့ ဒေါင့်မျဉ်းကွက် ကလေး ချပြီး
အဲဒီမျဉ်းကွက်တွေထဲမှာ ဒီအက်ခရာ တွေနဲ့ ဂဏန်းတွေကို ထည့်သွင်းကြတယ်။

ဒီအင်းစက်ကူတွေကို ပြာချ ရေအနည်းငယ်နဲ့ ရောပြီး သင့်တော်တဲ့အချိန်မှာ သောက်ရတယ်။)

ညတည ၁၁နာရီလောက်မှာ ဦးဘချိုဟာ ကိုနုကို ရွှေတိဂုံရင်ပြင်တော် ပေါ်က ကြာသပတေးဒေါင့်ကို ခေါ်သွားပြီးအဌာရသနဲ့ ဝိဇ္ဇာ မဟိဒ္ဒိ၊ အင်း ၂အင်းကိုတိုက်တယ်။ အင်းမသောက်ခင် ဦးဘချိုက အဓိဌာန်ကို တိုင်ပေးတယ်။ ကိုနုဆိုတဲ့အခါ လင်ရှိမယားသာမက မီမိ၏ကာမပိုင် မယားမှတပါး မည်သည့်မိန်းမနှင့်မျှ ကာမရာဂ စပ်ယှက်ခြင်း မလုပ်ပါနဲ့လိုဆိုပြီး အဓိဌာန်ပြုတယ်။သေရည် သေရက်မှာတော့ ဦးဘချိုတိုင်ပေးတဲ့အတိုင်း လိုက်ဆိုတယ်။ နောက်ထပ်ပြီးတော့ ကျိန်စာကို လိုက်ဆိုတယ်။ ဦးဘချိုရဲ့ အိမ်ကို ပြန်ရောက်တဲ့အခါ နောက်နေ့စပြီး တကြိမ်သောက်ရင် ကိုးရက် ဆက်ပြီးသောက်ဘို့ ခါတ်ကြီးလေးပါး။ အင်းကလေးတွေကို အတော်များများ ပေးတယ်။ ရှေးဦးစွာ ပထဝီအင်းကို ကိုးရက်။ နောက်ပြီးတော့ အာပေါအင်းကို ကိုးရက်။ နောက်ပြီးတော့ တေဇောအင်းကို ကိုးရက်။ နောက်ပြီးတော့ ဝါယောအင်းကို ကိုးရက်။ အဲဒီလို တလှည့်စီ အကြိမ်ပေါင်းများစွာသောက်ရတယ်။

အဲဒီညမှာဘဲ ကိုနု အိမ်မပြန်ခင် အင်းနဲ့ ပတ်သက်တဲ့ ဩဝါဒတွေကို ဦးဘချိုက ဒီလိုဆက်ပြီးပေးပြန်တယ်။ မောင်နု သစ်စေ့တစေ့ကို မြေပေါ်မှာ ပစ်ထားလိုက်ရင် ဒီသစ်စေ့ဟာ သူ့ဟာသူ အညှောင့် ထွက် အပင်ပေါက်ပြီး ကြီးထွားလာနိုင်ပါတယ်။ ဒီလိုပေါက်နေကြတဲ့ သရက်ပင်တွေ ကုက်ကိုပင်တွေကို မင်းမြင်ဘူးမှာပေါ့။ ဒါပေမဲ့ လိမ်မာ တဲ့ ဥယျာဉ်မှူးကတော့ ဒီလိုမလုပ်ဘူး။ သစ်စေ့မစိုက်ခင် မြေကို ဆွပေးတယ်။ သစ်စေ့စိုက်ပြီး ရေမှန်မှန် လောင်းတယ် မြေဩဇာ ကောင်းကောင်ကျွေးတယ်။ မြေတောင်မြောက်ပေးတယ်။ သစ်စေ့ကို ဆိတ်၊ နွားကြက် ငှက်တွေ မဖျက်ဆီးနိုင်လောက်အောင် ခြံကလေးခတ်ပေးတယ်။ အဲဒီသစ်စေ့ဟာ အညှောင့်ထွက် သစ်ပင်ပေါက်ပြီး ကြီးထွားလာပြီး အသီးအပွင့်တွေ ပွင့်လာတဲ့အခါ ပစ်ထားတဲ့သစ်စေ့က ကြီးထွားလာခဲ့ရတဲ့သစ်ပင်ထက် ပိုပြီး စိုစိုပြေပြေ ဝေဝေဆာဆာရှိတယ်။ အဲဒီလိုပဲ အဌာရသအင်းတွေ ။ ဝိဇ္ဇာ မဟိဒ္ဒိအင်းတွေဓာတ်ကြီး လေးပါးအင်းတွေဆိုတာ သစ်စေ့တွေနဲ့တူတယ်။ သူတို့ကို မှန်မှန်သောက်ပြီး အဓိဌာန်ကို ထိန်းထားရုံနဲ့ ကိစ္စ ပြီးနိုင်ပါတယ် ဒါပေမဲ့ ဒိအင်းတွေကို သောက်ပြီး နေ့စဉ်ပုတီးမှန်မှန်စိပ်မယ်။ ပရိတ်မှန်မှန်ရွတ်မယ်။ ရှစ်ပါး- ကိုးပါး သီလ တွေကို ၇ရက်။ ကိုးရက်။ ၁၀ရက်။ ၁လ။ ၃၇ရက်။ ၄၅ရက်အစရှိသဖြင့် ကိုယ်တတ်နိုင်သလောက် အဓိဌာန်တင်ပြီး စောင့်ထိန်းနိုင်မယ်။ သက်သက်လွတ် စားနိုင်မယ်ဆိုရင် လိမ်မာတဲ့ ဥယျာဉ်မှူးစိုက်တဲ့ အပင်လိုဘဲ။ ဒိအင်းတွေရဲ့ တန်းခိုး အာနိသင်ဟာ ဆထက်တံပိုးတိုးတိုးပြီးစိပ်ပေါ့ကွာ။ များလေကောင်းလေပဲ။ စိပ်တဲ့အခါ မင်း စိတ်တွေကို တခြားမလွှင့်စေနဲ့။ လူမင်း။နတ်မင်း။ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဆိုတဲ့ အရဟံရဲ့ အနက်အဓိပ်ပါယ်

ပေါ်မှာ စိတ်ကို တတ်နိုင်သလောက် တည်ငြိမ်အောင်ထားပြီး စိပ်ပါ။ နောက်ပြီးတော့
ပရိတ်ကြီး ၁၁သုတ်ဆိုတာရှိတယ်။ အဲဒီသုတ်။ ခန္ဓာသုတ်အာဋာနာဋိယသုတ်။
ပုဗ္ဗဏှသုတ် ကို ရွတ်နိုင်အောင် ကြိုးစားပါ။ နောက်ပြီးတော့ ကိုးရက် ၃၇ရက်
၄၅ရက်အစရှိသဖြင့် မင်း တတ်နိုင်သလောက် အဓိဋ္ဌာန်တင်ပြီး ဥပုသ် ရက်ရှည်
မကြာခဏ စောင့်နိုင်အောင် ကြိုးစားပါ။ ဥပုသ် စောင့်တဲ့အခါ
တွေ့ရာကိုစားနိုင်ပါတယ်။ ဒါပေမဲ့သက်သက်လွတ် စားပြီး ဥပုသ် စောင့်နိုင်ရင် ပို
ကောင်းပါတယ်။ အခုလို ကြိုးစားအားထုတ်ပေးနိုင်ရင် လိမ်မာတဲ့ ဥယျာဉ်မှူးဟာ
သစ်စေ့ကသစ်ပင်ကြီးအထိ ဝေဝေဆာဆာ ကြီးထွားလာနိုင်အောင် လုပ်ပေးသလို
မင်းကလည်း အင်းရဲ့ တန်ခိုးသြဇာတွေ တိုးတက်ကြီးပွားများပြား လာအောင်
လုပ်ပေးလိုက်တာပါဘဲလို့ ဆရာချိုက ပြောတယ်။
နောက်တနေ့ကျတော့ ကိုနုဟာ ရွှေတိဂုံ စောင်းတန်းဈေးကို
သွားပြီးစိပ်ပုတီးတကုန်းနဲ့ ဆရာဖြေဝတ်ရွတ်စဉ်ကို ဝယ်တယ်။
ဆရာချိုမှာလိုက်တဲ့အတိုင်း ပုတီးစိပ်တယ်။ ပရိတ်ရွတ်တယ်။ အင်းသောက်တယ်။
အဲဒီနေ့ ကစပြီး ကိုနုကို ကြည့်လိုက်ရင် ပုတီးစိပ်။ ပရိတ်ရွတ်။
အင်းသောက်နေတာကိုပဲတွေ့ရတယ်။ ဥပုသ်စောင့်တဲ့နေရာမှာလည်း ဥပမာ ဥပုသ်
မရှိပဲ။ ၇ရက်နေပြီးရင် ၇ ရက်ဥပုသ်စောင့်တယ်။ ကိုး၇က်နေပြီးရင် ကိုးရက်
ဥပုသ်စောင့်တယ် ။၄၅ ရက်နေပြီးရင် ၄၅ရက် ဥပုသ် စောင့်တယ်။ဝါတွင်းဆိုရင်
ဝါဆိုလပြည့်နေ့က သိတင်းကျွတ် လပြည့်နေ့အထိ တဆက်ထဲ ရက်ပေါင်းကိုးဆယ်
စောင့်တယ်။
ကိုနုဟာ အင်းသောက်၊ ပုတီးစိပ်။ ပရိတ်ရွက်။ ဥပုသ်စောင့်တာနဲ့ ပတ်သက်ပြီး
ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက် တွေထဲက အဖြစ်အပျက်နှစ်ခုကို ဒီနေရာမှ
နည်းနည်းလောက်ဖော်ပြချင်တယ်။ တခုက သခင်မဖြစ်ခင် အင်းသောက်စတုန်းက
ဖြစ်ခဲ့တာ။ နောက်တခုကတော့ သခင်ဖြစ်ပြီးမှ ဖြစ်တာပါပဲ။ အဲဒါနှစ်ခုကို
လေ့လာကြည့်ရင် အင်းသောက်တာတို့။ ပုတီးစိပ်တာတို့ ပရိတ်ရွတ်တာတို့
ဥပုသ်စောင့်တာတို့ဟာ သူ့စိတ်ကို ဘယ်လောက် ဆွဲဆောင်ထားလဲဆိုတာ
ခန့်မှန်းနိုင်တယ်။
အိမ်က ဘုရားစင်ရှေ့မှာ အကြာကြီး။ အကြာကြီး ထိုင်ထိုင်နေတဲ့ ရက်တွေဟာ
တရက်လည်းမဟုတ်။နှစ်ရက်လည်း မဟုတ် တဖြေးဖြေးများလာတော့ မမြရီရဲ့
စိတ်ထဲမှာ ရယ်ချင်သလိုလို ဖြစ်လာတယ်။ အဲဒီလိုဖြစ်ရာက သူ့လင်တော်မောင်ကို
ဘုရားစင်ရှေ့ တွေ့တဲ့အခါ အသံကျယ်ကျယ် ရယ်လာတယ်။
အတော်ကလေးကြာလာတတော့ မော်ဆရာကြီးလို့ ပြောင်ပြီး ခေါ်လာတယ်။
ဒါ့ထက်ကြာလာတော့ အထက်ဆရာကြီး ထွက်ရပ်မပေါက်သေးဘူးလား။
အစရှိသဖြင့်နောက်ပြောင်လာတာ တဖြေးဖြေးတိုးလာတယ်။ တနေ့ကျတော့ ကိုနုဟာ
ပန်းတနော်ရဲ့ အိမ်အပေါ်ထပ်က ဘုရားစင်ရှေ့မှာ သူကျင့်စဉ်အတိုင်း

အားထုတ်နေတုန်း မမြရီကလည် း ပြောင်နေကျအတိုင်း ပြောင်တာပါဘဲ။ ဒါပေမဲ့ အဲဒိနေ့က ဘာဖြစ်လည်းမသိဘူး။ ကိုနု သိပ်စိတ်ဆိုးပြီး မမြရီကို ဘာမှ ပြန်မပြောဘဲ အိမ်ပေါ်က ဆင်းသွားတယ်။ တနာရီလောက်ကြာတော့မှ ပြန်လာတယ်။ မမြရီကို အောက်ထပ်မှာ မတွေ့တာနဲ့ အပေါ်ထပ်ကို ကိုနုတက်လိုက်သွားတယ်။ အပေါ်ထပ်မှာလည်း အပြင်ဘက်မှာ မမြရီကို မတွေ့ရဘူး။ အိပ်ခန်းထဲဝင်သွားတဲ့ အခါ မမြရီဟာ အိပ်ရာပေါ်လဲနေတယ်။ ကိုနုဝင်လာလာခြင်း ဟာ – ခုမှပဲ ရင်ထဲမှာ အေးသွားတယ်လို့ မမြရီက ဆီးပြီးပြောတယ်။ ဘာဖြစ်လို့လဲလို့ ကိုနုက မေးတဲ့အခါ ခုနတုန်းက သူ့ကိုယ်သူ သတ်သေချင်သလိုဖြစ်နေတယ်လို့ မမြရီက ဖြေတယ်။ ဘာဖြစ်လို့ ဒီလိုဖြစ်တယ်ဆိုတာ ကိုနုလည်း ဒိကနေ့အထိမသိဘူး။ ဒါပေမဲ့ ဒီလိုဖြစ်တာဟာ မမြရီအတွက်သိပ်ကောင်းသွားတယ်။ အဲဒီအချိန်ကစပြီး သူ့လင် ကိုနုကို မော်ဆရာကြီး လို့ မပြောင်ရဲတော့ဘူး။
တနေ့မှာလည်း ဒီလို တခုဖြစ်လိုက်သေးတယ်။ အဲဒိအချိန်က ကို နုဟာ သခင် ဖြစ်နေပြီ။ သခင်နုရဲ့ အဖေက သခင်နုကို ပုတီးစိပ်နည်းတနည်းပေးတယ်။ အဲဒိနည်းက ဒီလို။

ဩောင်း နမော ဗုဒ္ဓါယ။ သောဘဂဝါ ၊တိပိ အရဟံ၊
။ ။ ။ ။ ။ သမ်မာသမ်ဗုဒေ္ဓါ
။ ။ ။ ။ ။ ဝိဇ္ဇာ စရဏ သမ်ပဒေ္ဓါ။
။ ။ ။ ။ ။ သုဂတော
။ ။ ။ ။ ။ လောကဝိဒူ။
။ ။ ။ ။ ။ အနုတ်တရော ပူရိသ ဓမသာရတိ။
။ ။ ။ ။ ။ သတ်တာါဒေဝ မနု္ဿနံ။
။ ။ ။ ။ ။ ဗုဒေ္ဓါ။
။ ။ ။ ။ ဘဂဝါ။
အဲဒိအတိုင်း ဂုဏ်တော်ကိုးပါး ကို ရွတ်ဆိုပြီးတဲ့အခါပုတီးတလုံးစိပ်ရတယ်။ ပထမ ကိုးရက်မှာ ၁၀၈ လုံးရှိတဲ့ ပုတီးတပတ်ပြည့်အောင် စိပ်ရတယ်။
နောက်ကိုးရက်ကြာတော့ ပုတီးနှစ်ပတ်ပြည့်အောင် စိပ်ရတယ်။ အဲဒိလို ကိုးရက်ပြည့်တိုင်း ပုတီးတပတ်တိုးပြီးကိုးပတ်ပြည့်အောင် စိပ်သွားရတယ်။ အားလုံးပေါင်း ၈၁ ရက်ကြာတယ်။ ပုတီးတပတ် ပြီးအောင် ၊နာရီဝက်စိတ်ရတယ်။ သခင်နုဟာ အဲဒီအတိုင်း စိပ်လာတာ ပုတီးပတ်အားဖြင့် လေးပတ် ရတဲ့အလှည့် ရက်အားဖြင့် ၃၅ရက် မြောက်တဲ့နေ့ ကိုရေ ာက်လာပြီ၊ ညနေ ငါးနာရီမှာ နဂါးနီ စာအုပ်တိုက်ကို အတွင်းကပိတ်ပြီး အပေါ်ထပ်က ဘုရားစင်ရှေ့မှာ ပုတီးစိပ်နေတယ်။ အဲဒိအခါတိုန်းက သခင်နု ပုတီးစိပ်ရင် ဆရာချိုမှာထားတဲ့တိုင်း ပုတီးဘယ်နှစ်ပတ် ပြီးမှ အဲဒီနေရာကထမယ်။ ဂါထာ ဘယ်နှစ်ပုဒ်။ ပရိတ်ဘယ်နှစ်သုတ် ရွတ်ပြီးမှ

အဲဒီနေရာကထမယ်။ အစရှိသဖြင့်.အဓိဋ္ဌာန်တင်ပြီးပုတီးစိပ်လေ့။ဂါထာဆိုလေ့ ပရိတ်ရွတ်လေ့ရှိတယ်။ အဲဒီတော့ အဲဒီနေ့က ပုတီး လေးပတ် စလုံးပြီးမှ ထမယ် လို့ အဓိဋ္ဌာန် လုပ်ပြီး ပုတီး ၁၅ မိနစ်ပဲ ရှိသေးတယ်။ သခင်စိုးဟာနဂါးနီ ဆိုင်ရှေ့ကို ရောက်လာတယ်။ သခင်နုဟာ ဆိုင်ထဲမှာ ရှိတယ်လို့ တယောက်ယောက်က သူ့ကို ပြောလိုက်တယ်ထင်တယ်။ အဲဒိဆိုင်ရှေ့ကနေပြီး သခင်နု။သခင်နုနဲ့ အကျယ်ကြီးခေါ်နေတယ်။ ဆယ်လေးငါးကြိမ်လောက် ခေါ်လို့မရတော့ ဆိုင်တံခါးကိုအပြင်ဘက်ကနေပြီးတဝုန်းဝုန်းနဲ့ ထုနေတယ်။ အဲဒါနဲ့ ဆိုင်တံခါး ကို မဖွင့်တဲ့အခါ အပေါ်ထပ်က မှန်တံခါးကိုခဲနဲ့ ပေါက်ပြန်တယ်။ သခင်နုကလည်း ပုတီး လေးပတ် ပြည့်မှ ထမယ်ဆိုတဲ့ အဓိဋ္ဌာန်ရှိတဲ့အတွက် အောက်ကိုမဆင်းနိုင်ဘူး။ ဇွတ်ပေပြီး လေးပတ်မပြည့်မချင်း အတင်းပုတီးစိပ်နေလိုက်တယ်။ အဲဒါပြီးတဲ့နောက် ဒီရန်ကုန်မှာသာ ဆက်နေရင် တယောက်ပြီးတယောက် ဒီလိုလာ နှောင့်ယှက်နေတဲ့အတွက် ၈ာရက်တိုင် တိုင် ပုတီးကိုးပတ်ပြည့်တဲ့အထိ စိပ်ပါမယ်ဆိုတဲ့ သူ့အဓိဋ္ဌာန်ဟာ ပျက်သွားတော့မှာပဲလို့ သခင်နုတွေးမိတယ်။ အဲဒါကြောင့် နောက်တနေ့ညကို ရောက်တဲ့အခါ ဘယ်သူကိုမှ အသိမပေးဘဲ မော်လမြိုင်ရထားနဲ့ တောင်စွန်းကို ထွက်လာတယ်။ အဲဒီတောင်စွန်းကမှ ကြောင်တရာ မြသပိတ်ဆိုတဲ့ တောင်ကလေးပေါ်ကို သွားတယ်။ အဲဒီတောင်ပေါ်မှာ အဓိဋ္ဌာန်အောင်တဲ့အခါ သခင်နုဟာ ဥပုသ်စောင့် ပရိတ်ရွတ်ပြီး ပုတီးစိတ်နေလိုက်တယ်။

(ခ)

အင်းသောက်တဲ့အတွက ်ရရှိခဲ့တဲ့ ပုတီးစိပ်တဲ့အကျင့် ဥပုသ်စောင့်တဲ့အကျင့် ပရိတ်ရွတ်တဲ့အကျင့် ဆိုတဲ့ အကျင့်သုံးပါးထဲက ပရိတ်ရွတ်တဲ့ အကျင့်ပေါ်မှာ နောင် သုံးနှစ်လောက်ကြာတဲ့အခါ သခင်နုယုံကြည်ချက်ဟာ ပိုပြီးပြင်းထန်လာတယ်။ အဲဒါကြောင့် အဲဒိသုံးနှစ် လောက်ကြာတဲ့အခါ အဓိဋ္ဌာန် တင်ပြီး နေ့စဉ် ပုတီးစိပ်တာ ကိုလျှော့ပစ်လိုက်တယ်။ရံဖန်ရံခါမှပဲ စိပ်တော့တယ်။ နောက်ပြီးတော့လည်း တနှစ်အတွင်း အနည်းဆုံး ရက်ပေါင်း ၁၈၀ ရက်ပေါင်း ၁၅၀ ဥပုသ် စောင့်ရမယ်ဆိုတဲ့ အဓိဋ္ဌာန်မျိုးလည်းမလုပ်တော့ဘူး။ ရံဖန်ရံခါမှပဲ ဥပုသ်စောင့်တော့်တယ်။ ဒါပေမဲ့ ပရိတ်ရွတ်တဲ့နေရာမှာ ရှေးကထက်ပိုလာတယ်။ နေ့စဉ်နေ့တိုင်း သခင်နုဟာ ခမစကြာ နဲ့ အနတ၊လက်ခဏာ သုတ်ကို ရွတ်ပြီးတဲ့အခါ မင်္ဂလ သုတ် ရတနာသုတ် မေတ်တာ သုတ်။ ခန္ဓာသုတ်။ အာဋ္ဌာနာဋိယသုတ် ဆဒီသာပါလသုတ် ပုဗ်ဗဏှသုတ်တွေကို ရွတ်တယ်။ အဲဒီကိုးသုတ်ကို အင်းသောက်စအချိန်ကတည်းက ရွတ်လာလိုက်တာ အခုထိဘဲ။ မထိုင်နိုင်လောက်အောင် နေမကောင်းတဲ့နေ့မျိုးမှသသာ မရွတ်မိပဲ နေချင်နေ တယ် တခြားနေ့တွေမှာ မရွတ်ပဲမနေဘူး။ တခါတခါ မနက် ကစပြီးညအထိ တနေ့လုံးလုံးမအား၇ပဲ အလုပ်များခဲ့ရတာမျိုးတွေကို

သခင်တဦးအဖြစ်နဲ့ သခင်နု မကြာခဏ တွေ့ခဲ့ရဘူးပါတယ်။
ဝန်ကြီးချုပ်ဖြစ်ပြီးတဲ့နောက်ပိုင်းမှာလည်း ဦးနုဟာ မကြာခဏ တွေ့ခဲ့ရဘူးပါတယ်။
ဒါပေမဲ့ဘယ်လောက်အလုပ်များများ အဲဒီနေ့မကုန်ခင် သူရွတ်နေကြ ကိုးသုတ်ကို
ရွတ်ဘို့အတွက် အချိန် တခုခုကို မရရအောင်ယူတယ်။ အလုပ်များနေလို့ ရွတ်နေကြ
ပရိတ်တွေကို မရွတ်ပဲ အပျက်ခံတယ်ဆိုတာ မျိုးမရှိခဲ့ဘူး။ အင်မတန် ပင်ပန်းပြီး
အိပ်ချင်နေတဲ့အခါမျိုးမှာ ဆိုရင်တောင် သူ့ကိုနှိုးဘို့ လူတဦးကို အစောင့်ထားတယ်။
သူ့ဇနီး မမြရီဟာ ဒီအလုပ်ကို မကြာခဏ လုပ်ပေးခဲ့ရဘူးတယ်။ အဲဒီလိုထားပြီး
သခင်နု။ ၄င်းနောက် ဦးနုဟာ ၁၅မိနစ်။ နာရီဝက် အစရှိသဖြင့် ခဏအိပ်လိုက်တယ်။
အိပ်ယာကနိုးတာနဲ့ မျက်နှာသစ်ပြီး သူရွတ်နေကြ ပရိတ်တွေကို ထရွတ်တာဘဲ။
အပျက်မခံဘူး။ ဒီလို နေ့စဉ် ရွတ်နေကြ သုတ်ကိုးသုတ် အပြင်
တခြားသုတ်တော်တွေကိုလည်း တသုတ် နှစ်သုတ်ဖြစ်စေ သခင်နုဟာ
သူတတ်နိုင်သလောက် မကြာခဏရွတ်လေ့ရှိတယ်။

(၈)
ပရိတ်ရွတ်တာကို သူကြိုက်တာဟာ အကြောင်းရှိတယ်။ ပရိတ်ရွတ်တော့မယ်ဆိုရင်
မြတ်စွာဘုရားရဲ့ သုတ်တော်တွေကို နာရအောင် လာကြဖို့ ရှေးဦးစွာ နတ်
ဗြဟ္မာတွေကို ပင့်ရတယ်။ အဲဒီလို ပင့်ပြီးတော့မှ
မြတ်စွာဘုရားဟောကြားထားတော်မူခဲ့သော သုတ်တော်တွေကို ရွတ်ရတယ်။
မြတ်စွာဘုရားရဲ့ ဒုက်ခ ခပ်သိမ်း မှ ကင်းလွတ် ငြိမ်းစေနိုင်တဲ့ တရားတော်တွေကို
နာချင်ကြတဲ့နတ်တွေဟာ ဒီစကြာဝဠာတွေမှာလည်း ရှိကြတယ်။ အဲဒီနတ်တွေ ဟာ
တရားတော်ကိုနာချင်ကြတဲ့အတွက် ဘယ်မှာများ ဟောပါလိမ့်မလဲ လို့
အမြဲတမ်းလိုက်လံ စုံစမ်းနေကြတယ်။ အခုလို အမြဲတမ်း စုံစမ်းနေကြတဲ့အတွက်
ပရိတ်ရွတ်ခါနီး နတ်တွေကို ပင့်လိုက်တဲ့ အခါ အဲ နတ်တွေဟာ
တရားနာရအောင်လာတြယ်လို့ သူအင်မတန်လေးစားတဲ့ ရဟန်းဆရာ ။
လူဆရာတွေက သခင်နုကို ဟောကြားထားဘူး တယ်။ အဲဒါကြောင့် နတ်ဗြဟ္မာတွေကို
မြတ် စွာဘုရားရဲ့ တရားတွေ လှူလိုက်ရေပေပြီး။ နတ်ဗြဟ္မာတွေဟာ အိုနာသေကွဲ
အစရှိတဲ့ သံသရာ ဝဠ်ဆင်းရဲ ဆွေက လွတ်မြောက်စေနိုင်တဲ့ တရားတော်တွေကို
ကြားနာသွားကြရပေပြီဆိုပြီး သခင်နုဟာ ဝမ်း မြောက်ဝမ်းသာ ဖြစ်တယ်
အမှန်အတိုင်းပြောရရင် အဲဒီလို ဝမ်းမြောက်ဝမ်းသာ ဖြစ်တာဟာ ပရိတ်ရွတ်စတုန်းက
တော့ သာမန်လောက်ဖြစ်တာပါဘဲ။ ဒါပေမဲ ပရိတ်ရွတ်တာ ကြာလာတဲ့အခါ
ဒီလိုနေ့စဉ်နဲ့ကအမျှ ပရိတ်ရွတ်နေတာဟဟာ အမှန်စင်စစ်တော့ တခြားမဟုတ်
နတ်ဗြဟ္မာလောကကို သာသနာပြုနေတာပါလားဆိုတဲ့ အသိညာဏ် တမျိုးဟာ
သခင်နုရဲ့ ဦးနှောက်ထဲမှာ ထူးထူးခြားခြား ပေါ်လာတယ်။ အဲဒီအချိန်ကစပြီး
ပရိတ်ရွတ်တိုင်း သခင်နုဟာရှေးတုန်းကလို သာမန်လောက်သာ ဝမ်းမြောက်ဝမ်းသာ

ဖြစ်ဖြစ်နေတာကို သူကိုယ်တိုင် ထူးထူးခြားခြား တွေ့လာရတယ်။
နတ်ဗြဟ္မာလောကမှာ အခုလို သာသနာ ပြုရင်း လူ့လောကမှာလည်း
သာသနာပြုချင်တဲ့စိတ်တွေ သခင်နုမှာ တဖွားဖွားပေါ်လာတယ်။ လူ့လောကမှာ
သာသနာပြုရတာဟာ နတ်ဗြဟ္မာလောကမှာ သာသနာပြုရတာလောက် မလွယ်ဘူး။
နတ်ဗြဟ္မာတွေရဲ့အသိဉာဏ် အဆင့်အတန်းထက် ပိုပြီးမြင့်မားနေတဲ့အတွက်
နတ်ဗြဟ္မာလောကမှာ သာသနာပြုချင်ရင် သမန္တအစရှိတဲ့ နတ်ပင့်ကိုဆို။
မြတ်စွာဘုရားဟောကြားထားတော်မူတဲ့သုတ်တော်တွေထဲက
မိမိကြိုက်နှစ်သက်ရာသုတ် တော် ကို ရွတ် အဲဒီနောက် ပရိတ်နာရအောင်
ကြွရောက်လာကြတဲ့ နတ်ဗြဟ္မာတွေကို မေတ္တာပို့ အမျှအတန်းဝေလိုက်ရုံနဲ့
လုံလောက်တယ်။ မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်တုန်းက
တရားတကြိမ်ဟောတော်မူပြီးတဲ့အတိုင်း အကျွတ်တရား ရသွားကြတဲ့ မဂ်ဉာဏ်
ဖိုလ်ဉာဏ်တွေကို ရသွားကြတဲ့ ပုဂ်ဂိုလ်တွေထဲမှာ လူတွေရဲ့ အရည်အတွက်ထက်
နတ်ဗြဟ္မာတွေရဲ့ အရည်အတွက် က အဆမတန်ပိုပြီး များ ပြားတယ်။
ကုဋေပေါင်းများစွာသော နတ်ဗြဟ္မာတွေ ဟာ မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့
တရားတွေ ကိုကြားနာယုံနဲ့ မဂ်ဉာဏ် ။ဖိုလ်ဉာဏ် တွေကို ရကြတယ်။
ကမ္ဘဌာန်းကို လူတွေလိုအားစိုက်ထုတ်ပြီး မှ မဂ်ဉာဏ်။ဖိုလ်ဉာဏ် ရတယ်ဆိုတဲ့
နတ်တွေ  ဗြဟ္မာတွေ အကြောင်းကို စာအုပ်တွေ ထဲမှာ
မတွေ့ရသလောက်ဘဲ။အဲဒါကြောင့် မြတ်စွာဘုရားပွင့်တော်မူရတာ လူတွေထက်။
နတ်တွေ ဗြဟ္မာတွေ ကို ချွတ်တော်မူဘို့ ဖြစ်တယ်လို့တောင် တချို့ပညာရှိကြီးတွေက
ဟောကြားတော်မူပါတယ်။ လူတွေထဲမှာ အသိဉာဏ် ထိုင်းမှိုင်းတဲ့ ပုဂ်ဂိုလ်တွေ
အင်မတန် များတဲ့အတွက် လူလောကမှာ သာသနာ ပြုချင်တယ်ဆိုရင် မြတ်စွာဘုရား
ဟောကြားတော်မူခဲ့တဲ့အတိုင်း ပါဠိတော်တွေကို ပရိတ်ရွတ်သလို ရွတ်ပြသလိုနဲ့
မပြီးဘူး။ လူပြိန်းတွေနားလည်တဲ့အထိ ပါဠိတော်ကို နည်းအမျိုးမျိုးနဲ့
ရှင်းပြနိုင်ရမယ်။ အဲဒီလို ရှင်းပြနိုင်အောင် လူလောကမှာလည်းသာသနာပြုချင်တဲ့
သခင်နုဟာ မြတ်စွာဘုရားဟောတော်မူထားတဲ့ တရားတော်တွေကို
လေ့လာသင်ကြားရမယ် အဲဒီတရားတော်တွေကို တဆင့်စီရင်းထားတတဲ့ အဋ္ဌကထာ
ဋီကာ အစရှိတဲ့ ကျမ်းအမျိုးမျိုးကို လေ့လာသင်ကြား၇မယ်။ ကျမ်းစာတွေဟာ
အင်မတန်  နက်နဲခက်ခဲတဲ့အတွက် ဒီကျမ်းစာတွေကို လေ့လာ သင်ကြားမယ် ဆိုရင်
ကျမ်းစာအုပ်တွေကို အိမ်ယူပြီး ကိုယ့်ဟာကို ယ် လေ့လာလို့ မဖြစ်ဘူး။ သခင်နုဟာ
ရဟန်းပညာရှိ (သို့မဟုတ်) လူပညာရှိတွေဆီမှာ စနစ်တကျသင်ကြားရမယ်။ ဒါပေမဲ့
နိုင်ငံရေးထဲမှာ ပါနေသရွေ့ ဒီကျမ်းတွေကို ဒီလို စနစ်တကျလေ့လာဘို့ မပြောနဲ့
ဒီကျမ်းတွေရဲ့ အနီးအနားကိုတောင် ကပ်နိုင်မှာမဟုတ်ဘူးဆိုတာ တွေးမိတဲ့အခါ
သူစိတ်မဝင်စားတဲ့နိုင်ငံရေးထဲက ခပ်မြန်မြန် ထွက်ပစ်ချင်တဲ့ စိတ်တွေ ဟာ မကြာခင်
နိုင်ငံရေးကထွက်မယ်။ အဲဒီလိုထွက်ပြီးသူရေးဘို့စိတ်ကူးထားတဲ့ စာအုပ်တွေကို

မြန်မြန်ရေးမယ်။ ရေးပြီးတာနဲ့တပြိုင်နက် ကျမ်းစာတွေကို သင်မယ်။ အဲဒီလိုသင်ပြီး သာသနာပြုလောကထဲကို ခြေစုံပစ်ဝင်မယ်လို့သခင်နုဆုံးဖြတ်ချက်ချထားလိုက်တယ်။

(ဃ)

ဒီပရိတ်ရွတ်တာကို အကြောင်းပြုပြီး သခင်နုမှာ ထူးဆန်းတဲ့ တခြားပြောင်းလဲမှု တခု ဖြစ်ပြန်သေးတယ်။ ဒါကို ဒီနေရာမှာ နည်းနည်း လောက်ဖော်ပြချင်သေးတယ်။ လူ့လောကမှာ သာသနာပြုချင်တဲ့ ဆန္ဒတွေဟာ တနေ့တခြား ရင့်သန်လာတဲ့အခါ သခင်နုရဲ့ ဦးနှောက်ထဲမှာ အတွေးအခေါ်တခုဟာ ထူးထူးခြားခြား ဒီလိုပေါ်လာတယ်။ ဗုဒ္ဓသာသနာတော်မှာ ပုဂ္ဂိုလ် နှစ်မျိုးရှိတယ်။ တမျိုးကို သာသနဒါယကာလို့ခေါ်တယ်။ တခြားတမျိုးကို သာသနာပြုလို့ခေါ်တယ်။ သာသနဒါယကာဆိုတာ ငွေ၊ကျောင်း ။ သင်္ကန်း။ ဆေးဆွမ်းအစရှိသည်တို့ကို ထောက်ပံ့သူ ဖြစ်တယ်။ သာသနာပြုဆိုတာကတော့ ဗုဒ္ဓတရားတော်တွေကို လူတွေနားလည်အောင် ဟောပြောပြသသူတွေဖြစ်တယ်။ ဒီနှစမျိုးနှစ်စားထဲမှာ သာသနဒါယကာတွေကတော့ မေထုန်မှီဝဲလိုက ကိုယ့်ကာမပိုင်မယားနဲ့ မှီဝဲနိုင်တယ်။ သာသနာပြုတွေမှာတော့ ရဟန်းဆိုရင် အထူးပြောနေဘို့တောင်မလိုဘူး။ မိန်းမကို အထူးရှောင်ရတယ်။ ဥပမာ။ ။ သမီးကလေးကို မျက်နှာမြင်တဲ့နေ့မှာ ဖခင်ဖြစသူဟာ သိမ်ဝင်ပြီး ဂှဟန်းဖြစ်သွားတယ် ဆိုကြပါစို့။ အဲဒီရဟန်းဟာ တရက်သာရသေးတဲ့ သမီးကလေးကို လက်ဖျားနဲ့တောင် မထိရဘူး ထိရင် ဝိနည်းတော်အရ အာပတ်သင့်တယ်။ နောက်ပြီးတော့လည်း မေထုန်ကို အစကအအဆုံးအထိ မှီဝဲတာကို မပြောထားနဲ့ ရဟန်းရဲ့အင်္ဂါဟာ မိန်းမရဲ့ အင်္ဂါစပ်ထဲကို စပါးလုံးတထောက်လောက် ဝင်သွားရုံနဲ့ အဲဒီရဟန်းဟာ ပါရာဇိကံကျတယ်။ အဲဒီလို ပါရာဇိကဏ် ကျပြီး တဲ့သူဟာ ရဟန်းမဟုတ်တော့ဘူး။ ဒီဘဝမှာ ဂှဟန်းအဖြစ်ကို ဘယ်နည်းနဲ့မှပြန်မရနိုင်တော့ဘူးလို့။ မြတ်စွာဘု ရားကပညတ်တော်မူထား တယ်။အဲဒါကြောင့် ရဟန်းတွေလို သာသနာပြုဖြစ်ချင်တဲ့လူတယောက်ဟာ မေထုန်မှီဝဲတာကို ရဟန်းတွေလို ရှောင်ရမယ်၊ သူဟာ လူ့လောကမှာသာသနာမပြုသေးပေတဲ့ နတ်ဗြဟ္မာလောကမှာ သာသနာပြု နေပြီ။ အဲဒါကြောင့်သူဟာ သူဟာ မေထုန်မှီဝဲခြင်းမှ ရှောင်ကျဉ်တာကို ကိုယ်ကျင့်တရားတပါးအဖြစ်နဲ့ စောင့်ထိန်းသင့်တယ်လို့ သခင်နုတွေးတောစ ပြုလာတယ်။ အဲဒီလို တွေးတောတဲ့အကြိမ်တွေဟာ များလာတဲ့အခါ မေထုန်မှီဝဲခါနီးရင် နတ်ဗြဟ္မာတွေကို သခင်နု စိတ်ထဲက မြင်ရသလိုလို ဖြစ်လာတယ်။ နတ်ဗြဟ္မာလောကမှာသာ သနာပြုနေတဲ့လူဟာ အခုလိုမေထုန်မမှီဝဲရဘူးလို့ နတ်ဗြဟ္မာတွေက အပြစ်တင်နေတဲ့အသံတွေ သတိပေးနေတဲ့ အသံတွေကို သခင်နုဟာ စိတ်ထဲက ကြားနေရသလို ဖြစ်လာတယ်။ အဲဒီလိုမြင်ရကြားရတဲ့အတွက် သခင်နုဟာ မေထုန်မှီဝဲမှုအထိ ရောက်အောင်

ဆက်မသွားနိုင်တော့ပဲ အကြိမ်ပေါင်းများစွာ လက်လျှော့ပေးခဲ့ရဖူးတယ်။
တခါတခါကျတော့ ဒီမြင်ရကြားရတာတွေက အမှန်တကယ် မဟုတ်ဘူး။ ကိုယ့်စိတ်က ကိုယ်ကို  ပြန်ပြီးလှည့်စားနေတာပါလို့ သူ့စိတ်ကိုတင်းပြီး မေထုန်မှီဝဲတဲ့အခါ မေထုန်မှီဝဲတာပြီးတာနဲ့ တပြိုင်နက် သူဟာ အင်မတန် ကြီးလေတဲ့ အပြစ်ကြီးတခုကို ကျူးလွန်မိပြီဆိုတဲ့ စိတ်တွေဟာ သူ့ဦးနှောက်ထဲမှာတသီတတန်းကြီးပေါ်ပြီး သူဟာ အင်မတန် စိတ်ဆင်းရဲ နေတယ်။
ဂုဏ်တော်တွေကိုပုတီးပတ်ပေါင်းများစွာစိပ်လိုက်တော့မှ ဒီစိတ်တွေဟာ သူ့ဦးနှောက်ထဲက ပျောက်သွားပြီး သူစိတ်ချမ်းသာရရသွားတယ်။
ဒီလိုဖြစ်တာတွေဟာ  အကြိမ်ပေါင်းများလာတဲ့အခါ သခင်နုဟာ သူ့ဇနီးမမြရီကို ဒီအဖြစ်အပျက်တွေ ဖွင့်ပြောပြီး မေထုန်မှီဝဲခြင်းမှ တသက်လုံး ရှောင်ကျဉ်ဘို့ ဘုရားရှေ့မှာအဓိဋ္ဌာန်ပြုရင်ကောင်းမလားလို့တိုင်ပင်ကြည့်တယ်။
အဲဒီလိုတိုင်ပင်တဲ့အခါ ဘွင်းဘွင်းသမားမမြရီက ကိုကိုနုရယ် ယောကျ်ားတွေက မယားယူကြတာ။ မိန်းမတွေကလင်ယူကြတာ ဒီကိစ္စအတွက်ဘဲ။ ဒါပေမဲ့ ဘာသာရေးအရ ကိုကိုနု ဒီလိုအဓိဋ္ဌာန် ပြုချင်တယ်ဆိုရင် ကျမမတားပါဘူး။ ကိုကိုနုနဲ့အတူတူ ပါရမီဖြည့်ဘို့ ကျမလည်း အဓိဋ္ဌာန် ပြုထားတယ် မဟုတ်လားလို့ ခပ်ဘွင်းဘွင်းဘဲ ပြန်ဖြေတယ်။ အခုလို မမြရီက မကန့်ကွက်ပေမဲ့ အဲဒီအချိန်တုန်းက သခင်နုဟာ ဒီအဓိဋ္ဌာန်နဲ့ပတ်သက်ပြီး သူ့စိတ်သူ
ကောင်းကောင်းမနိုင်သေးပါဘူး။အဲဒါကြောင့် မေထုန်မှီဝဲတာနဲ့ပတ်သက်ပြီး သူအခုလို မြင်ကြားနေတာ၊ စိတ်ဆင်းရဲနေတာတွေဟာ ယာယီသဘောမျိုးဖြစ်ချင်ဖြစ်နေမယ်။ သူအဓိဋ္ဌာန်လုပ်ပြီးမှ အဓိဋ္ဌာန်ကို ဖျက်ရမှာလည်းအခက် မဖျက်ရမှာလည်း အခက် ဖြစ်နေမယ်။ အဲဒီတော့ ခဏလောက်စောင့်ကြည့်ပါဦးလေ လို့ သူ့ကိုယ်သူလှည့်စားပြီး အဓိဋ္ဌာန်ကို ရက်ရွှေ့ထားလိုက်တယ်။

(င)

ပရိတ်ရွတ်တာကို သူသိပ်ကြိုက်နေတဲ့ အကြောင်းထူးတခုရှိသေးတယ်။
ဒီအကြောင်းထူးကတော့ ဒီလို ပရိတ်မှန်မှန် ရွတ်နေတဲ့လူတွေဟာ ပါရမီဆယ်ပါးကို အလိုလိုဖြည့်ပြီးသားဖြစ်နေတယ်လို့ သခင်နု မမိုတ်မသုံ ယုံကြည်နေတယ်။
ပါရမီ၁၀ပါးဆိုတာ က ဒါန။သီလ။နိက်ခမ။ပညာ။ ဝီရိယ။ ခန္တီ။ သစ္စာ။ အဓိဋ္ဌာန်။ မေတ္တာ။ ဥပေက္ခာတို့ဘဲဖြစ်တယ်။
ပရိတ်ရွတ်တဲ့အခါ ၁။ နတ်ဗြဟ္မာတွေကို တရားလှူတဲ့အတွက် ဒါနပါရမိဖြစ်နေပြီ။ ၂။ ပရိတ်ရွတ်နေတုန်း ကိုယ်ကလည်း မဟုတ်တာမလုပ် နှုတ်ကလည်း မဟုတ်တာ မပြောတဲ့အတွက်  သီလ ပါရမိဖြစ်နေပြီ။ ၃။ ပရိတ်ရွတ်တဲ့အခါ သားသမီး မယားမှစပြီး မိမိရဲ့ ကိစ္စအရပ်ရပ်ကို စွန့်ပစ်ထားတဲ့အတွက်နိက်ခမ ပါရမီဖြစ်နေပြီ။ ၄ ။

ပရိတ်မှန်မှန် ရွတ်နေတာကြောင့် သစ်စာလေးပါး။ လက်ခဏာ၃ပါး။ သတိပဋ္ဌာန် လေးပါး။ ဗေါဇ္ဈင် ၇ပါး အစရှိတဲ့ တရားတော်တွေကို မိမိကိုယ်တိုင်က အကြိမ်ကြိမ်သိရ။ နတ်ပြဟ္မာတွေကို လည်းအကြိမ်ကြိမ်သိအောင်လုပ်ပေးရတဲ့အတွက ပညာပါရမီဖြစ်နေပြီ။ ၅၊ ပရိတ်ရွတ်တဲ့အခါ ဝီရိယကိုအားကိုးပြီးရွတ်ရတယ်။ ဝီရိယမရှိတဲ့လူဟာ ပရိတ် မှန်မှန် မရွတ်နိုင်ဘူး။ အဲဒီသိရိယကို အားကိုးပြီး ရွတ်ရတဲ့အတွက် ဝိဂိယပါရမီဖြစ်နေပြီ။ ၆။ ပရိတ်ရွတ်တဲ့အခါ ကိုက်တာခဲတာ ညောင်းညာတာ ပူတာအေးတာ ဆာတာ အိပ်ချင်တာ မောတာအစရှိတဲ့ မနှစ်သက်စရာတွေကို အတော်သည်းခံပြီးရွတ်ရတယ်။ အဲဒီလို သည်းခံရတဲ့အတွက် ခန္တီပါရမီ ဖြစ်နေပြီ။ ၇။ ပရိတ်ရွတ်တယ်ဆိုတာ မြတ်စွာဘုရားရဲ့ တရားတော်တွေကို ရွတ်တာပဲ။ တရားတော်တွေဟာ မှန်သော စကားတွေဖြစ်တဲ့အတွက် သစ်စာ ပါရမီ ဖြစ်နေပြီ။ ၈ အဓိဋ္ဌာန်မရှိတဲ့လူတယောက်ဟာ ပရိတ်ကို မှန်မှန်မရွတ်နိုင်ဘူး။ ရွတ်တဲ့အခါ ရွတ်မယ်။ မရွတ်ပဲပြတ်နေတဲ့အခါ ပြတ်နေမယ်။ အဓိဋ္ဌာန်ရှိမှ ပရိတ်ကို မှန်မှန်ရွတ်နိုင်တဲ့အတွက် ပရိတ်ကို မှန်မှန်ရွတ်သူများ အဓိဋ္ဌာန် ပါရမီဖြစ်နေပြီ။ ၉။ ပရိတ်ရွတ်တယ်ဆိုတာ သတ္တဝါတွေ ဘေးကင်းပါစေ။ သံသရာဝဋ်ဆင်းရဲတွေက ကင်းလွတ်ကြပါစေဆိုတဲ့ မေတ္တာကို ရှေ့ထားပြီး ရွတ်တာဖြစ်တဲ့အတွက် မေတ္တာပါရမီ ဖြစ်နေပြီ။ ၁၀။ ပရိတ်ရွတ်တဲ့အခါ မြတ်စွာဘုရား ဟောကြားထားတော်မူတဲ့ တရားတော်တွေကို ရွတ်ဆိုပြီးတိုင်း –

က။ အားလုံးသောသတ္တဝါတွေ ဘေးရန် ခပ်သိမ်းကင်းငြိမ်းကြပါစေ၊

ခ။ အားလုံးသောသတ္တဝါတွေကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ဂ။ အားလုံးသောသတ္တဝါတွေဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

ဃ။ အားလုံးသောသတ္တဝါတွေနှလုံးစိတ်ဝမ်း ဧချမ်းကြပါစေ။

င။ အားလုံးသောသတ္တဝါတွေကျရောက်နေကြရသော ဒုက်ခများမှ လွတ်မြောက်ကြပါစေ။

စ။ အားလုံးသောသတ္တဝါတွေရပြီးသား စည်းစိမ်တွေ မလျှော့ကျပါစေနှင့်။

ဆ။ အားလုံးသောသတ္တဝါတွေ သူတို့ရဲ့ ကံအတိုင်းဖြစ်ကြရမှာဘဲလို့ ပရိတ်ရွတ်သူတွေဟာ ရွတ်ဆို ကြရတယ်။

က။ခ။ဂ။ဃ။ကို ရွတ်ဆိုတဲ့အခါ မေတ္တာချစ်ခြင်းနဲ့ ယှဉ်နေတဲ့စိတ်နဲ့ ရွတ်ဆိုရတယ်။ င၊ကို ရွတ်ဆိုတဲ့အခါ ကရုဏာ (သနားခြင်း)နဲ့ ရွတ်ဆိုရတယ်။ စ။ ကို ရွတ်ဆိုတဲ့အခါ မုဒိတာ (ဝမ်းမြောက်ခြင်း) နဲ့ ရွတ်ဆိုရတယ်။ ဆ။ ကို ရွတ်ဆိုတဲ့ ဥပေက္ခာ(လျစ်လျူရှုခြင်း)နဲ့ ယှဉ်တဲ့စိတ်နဲ့ ရွတ်ဆိုရတယ်။ ငါတို့က ဘယ်လိုပဲ မေတ္တာပို့ပို့ ဘယ်လိုပဲ ဆုတောင်းဆုတောင်းအားလုံးသောသတ္တဝါတွေဟာ သူတို့ရဲ့ ကံအတိုင်းဘဲဖြစ်ကြမှာဘဲဆိုတဲ့ အသိဉာဏ်ကို ဥပေက္ခာ သို့မဟုတ် လျစ်လျူရှုခြင်းလို့ခေါ်တယ်။ အဲဒါကြောင့် ဆ ကို ရွတ်ဆိုတိုင်း ရွတ်သူမှာ ဥပေက္ခာ ပါရမီ ရတယ်။

(၈)

အဲဒီအကြောင်းကြောင့်လည်း ပရိတ်ရွတ်တာကို သခင်နု သိပ်ကြိုက်နေတယ်။ ဒါပေမဲ့ ဒီမျှသာ မကသေး ပါဘူး။ ပရိတ်ရွတ်တာကို သခင်နုသိပ်ကြိုက်တဲ့ အကြောင်းထူးတခု နောက်ထပ်ရှိပါသေးတယ်။ အဲဒီအကြောင်း ကတော့ ဒီလို။ သခင်နုဟာ တက်ကသိုလ် ကျောင်းသားဘဝကစပြီး တသက်လုံး သူရင်ဆိုင်ခဲ့ရတဲ့ ပြဿနာတွေ မနည်းပါဘူး။ အဲဒီပြဿနာတွေထဲမှာ တချို့ပြဿနာတွေဟာ သိပ်ကြီးကျယ်တယ်။
ဒီပြဿနာတွေကြောင့် တနိုင်ငံလုံး ဟာ ချောက်ထဲကြဘို့ လက်နှစ်လုံးလောက် လိုတဲ့ ဘဝအထိ ဖြစ်ခဲ့ ၇တယ်။ တချို့ပြဿနာတွေကျတော့ သူကြအသက်ဟာ သေမင်းရဲ့ ခံတွင်းထဲကို ကျရောက်ဘို့ လက်နှစ်လုံးလောက်သာ လိုတော တဲ့ ဘဝအထိ ရောက်ခဲ့ရတယ်။ အဲဒီလိုအခါမျိုးမှာ သခင်နုဟာ ပုထုဇဉ်ဖြစ်တဲ့အတိုင်း စိတ်ဓာတ်တွေဟာ အောက်ဆုံးအဆင့်အထိ အကြိမ်ကြိမ် ကျရောက်ခဲ့ရတယ်။ အဲဒီလိုဖြစ်လာရင် သူဘာမှမလုပ်တော့ဘူး။ သူ့ ပိတ်ဖြူသဘက်ကိုပိတ်ဖြူလုံချည်ကိုလဲ။ ဘုရားခန်းထဲဝင် သူရွတ်နေကြ။ ပရိတ်ကို ရွတ်တာပဲ။ အဲဒီလို ရွတ်လိုက်ရင် သူဘယ်လိုဖြစ်လာတ်ယ်။ဆိုတာ မျှော်မှန်းကြည့်နိုင်အောင် ရုပ်ရှင်တကားထဲက အဖြစ်အပျက်ကလေးတခုကို ပြန်ပြောပြချင်တယ်။ စစ်ပွဲတခုအပြီးမှာ အသေအပျောက်နဲ့ ဒဏ်ရာရတဲ့ စစ်သားတွေကလည်း သိပ်များ။ စစ်ပွဲကလည်း ပြင်းထန်တဲ့အတွက်စစ်သားတွေဟာ မလှုပ်ချင် လောက်အောင်လည်း ပင်ပန်း။
အစာရေစာမစားသောက်ရတာကြာတဲ့အတွက် အားပြတ်လုမတတ်လည်းဖြစ်နေ။ အဲဒီအထဲမှာ စိတ်ဓာတ်တွေကလည်း အင်မတန် ကျဆင်းနေတဲ့အတွက ်စစ်သားတွေက ဟိုနေရာတစု။ဒီနေရာတစု တုံးလုံးပက်လက်ဖြစ်နေကြတယ်။ အဲဒီလိုအခါမျိုးမှာ ဆိုက်ဒရမ်တီးတဲ့ စစ်သားတယောက်က သူ့ဒုတ်ကလေးနှစ်ချောင်းနဲ့ ဆိုက်ဒရမ်ကို တီးနေကျ အတိုင်း တီးလိုက်တယ်။ ဒီအသံကို ကြားရတာနဲ့တပြိုင်နက် တုံးလုံးပက်လက်ဖြစ်နေတဲ့ စစ်သားတွေမှာ အားတွေ ပြန်ဝင်လာသလို ဖြစ်ပြီး အတင်း ကုန်းထကြတယ်။ အဲဒီလိုထ ၇ာက အစမှာ တော့ ခပ်ဖြည်းဖြည်း ခပ်ယိုင်ယိုင်ဘဲ။ အတော်ကလေးကြာလာတော့ ခြေကုန်လက်ပမ်းကျနေတဲ့ အမူအယာတွေ တဖြည်းဖြည်း ပျောက်သွားပြီး သူတို့စစ်ချီနေကြအတိုင်း ချီတက်သွားနိုင်ကြတယ်။ သခင်နုလည်း သူရွတ်နေကြ ပရိတ်တွေကို ရွတ်လိုက်ရင အဲဒီရုပ်ရှင် ကားထဲက ဆိုက်ဒရမ်သံကြားရတဲ့ စစ်သားတွေလိုပဲ။ စိတ်ပင်ပန်း။ ကိုယ်ပင်ပန်းဖြစ်နေတာတွေ ပျောက်သွားတယ်။ တိုင်ခြေအထိကျဆင်းနေတဲ့ သူ့စိတ်ဓါတ်တွေ ပြန်တက်လာတယ်။ အားသစ်တွေ ယုံကြည်ချက်အသစ်တွေ မျှော်လင့်ချက်အသစ်တွေ တခဲနက်ပေါ်ထွက်လာကြတယ်၊ အဲဒီအကြောင်းကြောင့်လည်း သခင်နုဟာ ပရိတ်ရွတ်တာကို သိပ်ကြိုက်နေတယ်။

(ဆ)
သခင်နုဟာ အရင်တုန်းက ရုပ်ရှင်ကို သိပ်ကြိုက်တယ်။ တက်ကသိုလ်
ကျောင်းသားဘဝတုန်းကဆိုရင် ရုပ်ရှင်ကားသစ်လဲ တိုင်းတကားမှ မလွတ်ဂှဘူး။
ကိုနုရုပ်ရှင်ကြည့်တိုင်းလိုက်နေကြ ဘုတလင်ကိုသိန်းဖေဟာ စာမေးပွဲကြီး စိစ်ခါနီး
တလလောက်အလိုမှာ ရုပ်ရှင် ကြည့်ရအောင် မလိုက်ပါရစေနဲ့၊ စာကျက်ပါရစေလို့
တောင်းပန်ယူရတယ် ။ ကိုနုကတော့ မနက်ဖြန် စာမေးပွဲစတော့မယ် ။
ဒီကနေ့ညနေမှာ သူကြိုက်တဲ့ရုပ်ရှင်ကို ကြည့်ဖြစ်အောင်သွားကြည့်လိုက်သေးတယ်။
အဲဒီရုပ်ရှင်အပြင် အဆိုအတီးအမှုတ် ကောင်းကောင်း ဆိုရင် အနားက မခွာချင်းဘူး။
အဲဒီပိုင်းတွေမှာ တညလုံးတီးကြ မှုတ်ကြ ဆိုကြတာပဲ။ ကိုဟာ ပြီးတဲ့အထိထိုင်တယ်။
ပရိတ်ရွတ်တဲ့အရသာ ကိုသူတွေ့လာတဲ့အခါ သူရဲ့ ညည်းငွေ့စိတ်တွေကို
ဖြေဖျောက်ဘို့ အပန်းဖြေဘို့အတွက် ရှေးတုန်းကလို ရုပ်ရှင်တို့အဆိုအက အတီး
အမှုတ်တို့ကို သခင်နုမရှာတော့ဘူး ပရိတ်တွေကို တခါတခါ စင်္ကြံလျှောက်ရင်း
တခါတခါထိုင်ရင်း ရွတ်နေတာနဲ့ပဲ သူ့ ညည်းငွေ့မှုတွေပြေပျောက်ကုန်တယ်။
အပမ်းဖြေပြီးသားဖြစ်သွားတယ်။

(ဇ)

အမှန်အတိုင်းပြောရရင အင်းသောက်စ။ ပုတီးစိပ်စ။ ပရိတ်ရွတ်စ
ဥပုသ်စောင့်စတုန်းက သခင်နုဟာ လူတွေကို နှိပ်စက်နေတဲ့စုန်း။ကဝေ ။
တဆေ။မှင်စာအစရှိတဲ့ မကောင်းဆိုးဝါးတေါကို နိုင်စေနိုင်တဲ့ တန်ခိုး၊ဒိပါဒ်
လိုချင်လို့သောက်တာ စိပ်တာ ရွတ်တာ စောင့်တာပါဘဲ တခြားအတွက် မဟုတ်ပါဘူး။
အဲဒီတုန်းက ဆိုရင်အင်းသောက်တာတို့ ပုတီးစိပ်တာတို့ ပရိတ်ရွတ်တာတို့
ဥပုသ်စောင့်တာတို့ ကို သူလိုချင်နေတဲ့ တန်ခိုး ၊ဒိပဒါတ်တွေ
ပေးစွမ်းနိုင်တဲ့လုပ်ငန်းတွေအဖြစ်နဲ့သာ သခင်နု မြင်ခဲ့တယ်။ ဒါပေမဲ့
တစတစကြာလာတဲ့အခါ ဒါတွေကို သူဒီလို မမြင်တော့ဘူး။ လက်စသပ်တော့
ဒီအင်းသောက်တာတွေ။ ပုတီးစိပ်တာတေါ ပရိတ်ရွတ်တာတွ ဥပုသ်စောင့်တာတွေဟာ
သူငယ်ငယ်တုန်းက ကျရောက်ခဲ့ရတဲ့ လူဆိုးဘဝကို သူပြန်ကျမသွားနိုင်အောင်
ကြံ့ကြံ့ခိုင်ခိုင်ကာဆီးပေးနေတဲ့ ကျောက်အုပ် တံတိုင်းကြီးတွေပါကလာလို့
သူ့စိတ်ထဲမှာ ဖြစ်ပေါ်လာနေတဲ့ ပြုပြင်ပြောင်းလဲမှုတွေအရ သခင်နု မြင်လာတယ်။
သခင်နုရဲ့ နိုင်ငံရေးမိတ်ဆွေတွေထဲမှာ အင်းသောက်တာ။ ပုတီးစိတ်တာ။ ပရိတ်ရွတ်ာ။
ဥပုဉ်စောင့်တာသက်သက်လွတ် စားတာတွေကို ရယ်စရာအနေနဲ့ ယူဆနေတဲ့သူတွေ
တော်တော်များများ ရှိတယ်။ တနေ့ကျတော့ အဲဒီအထဲက မိတ်ဆွေတယောက်ဟာ
သခင်နုနဲ့ တွေ့တယ်။ အဲဒီလိုတွေ့တဲ့အခါ ဒီသူငယ်ချင်းက
သခင်နုကိုအင်းသောက်တာ ပုတီးစိပ်တာ။ပရိတ်ရွတ်တာ။ ဥပုသ်စောင့်

သက်သက်လွတ်စားတာတွေကို နောက်တီးနောက်တောက်လုပ်ချင်တယ်။
လေးငါးဆယ်ခွန်းတောင်စပြောလာပြီး။ သခင်နုက ဟော့လူ။ ခင်ဗျားကို ကျနော့ကို
နောက်တီးနောက်တောက်လုပ်ချင်လုပ်။ကျနော်အင်းသောက်တာပုတီးစိပ်တာတွေ
ပရိတ်ရွတ်တာတွေ။ ဥပုသ်စောင့် သက်သက်လွတ်စားတာတွေကိုတော့
နောက်တီးနောက်တောက် မလုပ်နဲ့. ကျနော် မကြိုက်ဘူးလို့ မျက်နှာတင်းတင်းနဲ့
ပြောလိုက်မှ အဲဒီသူငယ်ချင်းဟာ အရှိန် ရပ်သွားပြီး
သူနောက်တီးနောက်တောက်လုပ်မိတဲ့အတွက်သခင်နုကို တောင်းပန်တယ်။ အဲဒီနောက်
သခင်နုကိုချော့တဲ့အနေနဲ့ ဒီအင်းသောက်တာတွေ ပုတီးစိပ်တာတွေ။
ပရိတ်ရွတ်တာတွေ သက်သက်လွတ်စားပြီး ဥပုသ် ရက်ရှည်စောင့်တာတွေရဲ့
အကျိုးကျေးဇူးတွေကို ကျနော်သိပါရစေ။ ကျနော့်မှာ ဒါတွေလုပ်ဘို့ ဆန္ဒ
ရှိပါတယ်လို့ သခင်နုကို ဒီမိတ်ဆွေက ပြောတယ်၊
အကျိုးတွေ အများကြီးရှိတယ်။ သခင်နုဂေး နောင်ဘဝမှာ ဖြစ်မဲ့အကျိုးတွေကိုတော့
မပြောစေချင်ဘူး။ ကျနော်တို့က လူပြိန်းတွေ နောင်ဘဝအကြောင်းနားမလည်ဘူး။
ခင်ဗျားကို ပြောရင် ဒိဘဝမှာဖြစ်မဲ့ အကျိုးကျေးဇူးတွေကိုပဲ ပြောပြဘို့
ကျနော်စိတ်ကူးထားပါတယ်။ လို့ အစချီပြီး ခပ်တည်တည်ပြောပြတယ်။
အင်းသောက်တဲ့အခါ ရိုးရိုးသောက်ရတာမဟုတ်ဘူး။ မိမိရဲ့ ကာမပိုင်မိန်းမမှတပါး
တခြားမိန်းတွေနဲ့ မေထုံမမှီဝဲပါ။ အဂ္ဂက်မသောက်ပါလို့ ဘုရားရှေ့မှာ
အဓိဋ္ဌာန်ပြုဂ်တယ်။ အဲဒီအဓိဋ္ဌာန်ကျိုးသွားရင် သွေးအံပြီး သေရပါစေလို့
ကျိန်စာဆိုရတယ်။ အဲဒိလို အဓိဋ္ဌာန်ပြုပြီး ကျိန်စာဆိုထားတဲအတွက် ကျနော်ဟာ
မိန်းမတွေနဲ့ ရှုပ်ရှုပ်ပွေပွေ လုပ်လို့လည်း မဖြစ်တော့ဘူး။ အရက်သောက်လို့လည်း
မဖြစ်တော့ဘူး။ဒိလိုမရှုပ်ရ မသောက်ရတာကြောင့်–

၁။ ဒိမိန်းမ၊ ဒီအရက်တွေအတွက် ကျနော် အချိန်မဖြုန်းရတော့ဘူး။
၂။ ဒီမိန်းမ ဒိအရက်တွေအတွက် ကျနော်ဟာ ငွေမဖြုန်းရတော့ဘူး။
၃။  ဒီမိန်းမ ဒိအရက်တွေအတွက် ကျနော် ဟာ
အကျင့်ပျက်တဲ့လူပျက်မဖြစ်ရတော့ဘူး။
၄။ ကျနော့်မိန်းမ ကျနော့်သားသမီးတွေလည်း လူပျက်ရဲ့ မိန်းမ။ လူပျက်ရဲက
သားသမီးတွေဆိုပြီး နာမည် မပျက်ရတော့ဘူး။
၅။ ခေါင်းဆောင်တဦးအဖြစ်နဲ့ ကြည်ညိုတာကြောင့် ကျနော့်ကို
လိုက်နေကြတဲလူတွေလည်းလူပျက်ရဲ့ နောက်လိုက်တွေ တပည့်တွေဆိုပြီး နာမည်
မပျက်ရတော့ဘူး။ ကျနော်အခုပြောတဲ့ဟာတွေဟာ အင်းသောက်တာကို
အကြောင်းပြုပြီး ကျနော် သာမက ကျနော်နဲ့ပတ်သက်နေတဲ့ လူတွေပါ လက်ငင်း ဒိဌ
ခံစားရတဲ့ အကျိုးတွေပဲလို့ သခင်နုက ပြောပြတယ်။
ဒီမိတ်ဆွေနဲ့ သခင်နုဟာ ပြဒါးတလမ်း။သံတလမ်း ဖြစ်နေတယ်။ ဒိမိတ်တွေဟာ

နောင်ဘဝကို မယုံဘူး။ သခင်နုက ယုံတယ်။ ဒီမိတ်ဆွေဟာကိုယ်ကျင့်တရားကို တန်ဘိုးမထားဘူး။ သခင်နုကထားတယ်။ ဒီမိတ်ဆွေဟာမိမိမယားမှတပါး တခြားမိန်းမတွေနဲက မေထုံမှီဝဲတာ။ အရက်သောက်တာတွေကို ငရဲမကြီးဘူးလို့ယူဆတယ်။ သခင်နုကတော့ ငရဲကြီးတယ်လို့ ယူဆတယ်။ အဲဒါကြောင့် သခင်နုရှင်းပြတဲ့ အကျိုးကျေးဇူး ၅မျိုးကို ဒီမိတ်ဆွေဟာ ရယ်စရာ တွေအဖြစ်နဲ့ ယူဆတယ်။ အကယ်ရွေ့သာ သခင်နုစိတ်မဆိုးဘူးဆိုရင် သရော်တဲ့အနေနဲ့ ကျယ်ကျယ်လောင်လောင် ရယ်ပစ်လိုက်ဘို့ ဆိုတာ အင်မတန် သေချာတယ်။ ဒါပေမဲ့ သခင်နုဟာ သူ့စွဲစွဲမြဲမြဲ။ သဲသဲမဲမဲ ယုံကြည်နေတာကို သရော်တော်တော်လုပ်လာရင် ငုံ့မခံတတ်ဘူးဆိုတာသိနေတဲ့အတွက် ဒီမိတ်ဆွေဟာ ရယ်တော့ မရယ်ရဲဘူး။ ဒီသခင်နုဟာ အတော်သနားစရာကောင်းတဲ့လူတယောက်ပဲလို့ ယူဆတဲ့ မျက်နှာထားမျိုးနဲ့ သခင်နုကို ကြည့်နေတယ်။

အခန်း ၁၆

၁၉၃၉ခုနှစ် စက်တင်ဘာလထဲမှာ ဒုတိယကဘာစစ်ကြီး စတင်ဖြစ်ပွားပြီး များမကြာခင် တမနက်ခင်းမှာ သခင်အောင်ဆန်းဟာ စကော့ကိတ်လမ်း သခင်နုရဲ့အိမ်ကို ပေါက်လာတယ်။ ဒီစစ်ပွဲကို အကြောင်းပြုပြီးတော့ ဗမာ့လွတ်လပ်ရေးအတွက လှုပ်ရှားမှု တခုခု ပြုလုပ်ပေးရမယ်လို့ သခင်အောင်ဆန်းက ပြောတယ်။ သခင်နုက သဘောတူတယ်။ အဲဒီတော့ ဒီကိစ်စကို ဒေါက်တာဗမော်နဲ့ တိုင်ပင်ချင်တယ။ ချိန်းပေးပါလို့ သခင်အောင်ဆန်းက ပြောတယ်။ ချိန်းတဲ့နေ့ ရောက်လာတဲ့အခါ သခင်အောင်ဆန်း ။သခင်သန်းထွန်းနဲ့ သခင်နုတို့ ဒေါက်တာဗမော်နဲက သွားတွေ့ကြတယ်။ အဲဒိအချိန်ဟာ ဒေါက်တာဗမော် နန်းရင်ဝန်ရာထူးက ပြုတ်ကျပြီး စ ဖြစ်တယ်။ အခုလို ရာထူး ပြုတ်ကျရတဲ့အကြောင်းတွေထဲမှာ သခင်တွေရဲ့ လှုံ့ဆော်မှုတွေလည်း ပါသလောက်ပါနေတဲ့အတွက် ခေါင်းဆောင်ပိုင်းက အမျိုးသားကိစ်စတရပ်မှာ အခုလို တွေ့ဆုံဆွေးနွေးနိုင်ကြပေမယ့် ငယ်သားပိုင်းမှာတော့ တဘက်နဲ့ တဘက် အာဃာတ အတော်ပြင်းထန်တုန်း ရှိကြသေးတယ်။
ခါးမနဲ့ သခင်ခေါင်းဆောင်တွေဟာ အခုလို နှစ်ကြိမ်။သုံးကြိမ်လောက် ဆွေးနွေးကြပြီး လွတ်လပ်ရေး တပ်ပေါင်းစုတခုကိုဖွဲ့စည်းဘို့ ဆုံးဖြတ်ချက်ချနိုင်ခဲကြတယ်။ သခင်အောင်ဆန်းရဲ့ ဦးနှောက်က မွေးထုတ်ပေးလိုက်တဲ့ ဒီလွတ်လပ်ရေးတပ်ပေါင်းစု သားရတနာကို ဒေါက်တာဗမော်က ဗမာ့ထွက်ရပ်ဂိုဏ်းလို့ ကင်ပွန်းတပ်ပေးလိုက်တယ်။ အဲဒိတပ်ပေါင်းစုထဲမှာ ဒေါက်တာဗမော်ရဲ့ ဆင်းရဲသားပါတိ(ဓားမ)။ ဒို့ဗမာ (သခင်)အစည်းအရုံးရယ်ဝတ်လုံတော်ရ ဦးထွန်းအောင်၊ ဗဟိုစည်ဦးဘဦး။ က ဂုင်ခေါင်းဆောင် စောဖေသာအစရှိတဲ့ နိုင်ငံရေးခေါင်းဆောင် တွေလည်းတဦးချင်းအနေနဲ့ ပါကြတယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့အခါ ဗမာနိုင်ငံကို လွတ်လပ်ရေးပေးပါ့မယ်လို့ ဗြိတိသျှ အစိုးရက ကျေညာရင် ဗမာ့ထွက်ရပ်ဂိုဏ်းဟာ ဗြိတိသျှကို ကူညီမယ် ။ မကျေညာရင် ဆန့်ကျင်မယ်လို့ အဓိပ်ပါယ် ပါတဲ့ ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ပြီး ဗမာ့ထွက်ရပ်ဂိုဏ်းဟာ နေရာအနှံ့အပြားကို ဝါဒဖြန့်ရအောင် ထွက်ကြတယ်။ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ တာဝန်ပေးချက်ရဗမာ့ ထွက်ရပ်ဂိုဏ်းသွားရာကို သခင်စိုးနဲ့ သခင်နုတို့ဟာ ဒို့ဗမာ အစည်းအရုံး ကိုယ်စားလှယ်တွေအဖြစ်နဲ့က လိုက်ရတယ်။

ဗမာ့ထွက် ၇ပ်ဂိုဏ်းကို ထူထောင်ပြီးလို့ များမကြာခင်သာယာဝတီမြို့မှာ ဒို့ဗမာအစည်းအရုံးရဲ့ ပြည်လုံးဆိုင်ရာ ညီလာခံကိုကျင်းပတယ်။ ဒုတိယကမ်ဘာ စစ်ကြီးပြီးရင် ဗမာနိုင်ငံကို လွတ်လပ်ဂေးပေးပါ့မယ်လို့ ဗြိတိသျှ အစိုးရကျေညာရင် ဒို့ဗမာအစည်းအရုံးက ဗြိတိသျှတို့ကိုကူညီမယ် ။ မကျေညာရင် ဆန့်ကျင်မယ် ဆိုတဲ့ ဗမာ့ထွက်ရပ်ဂိုဏ်းရဲ ဆုံးဖြတ်ချက်နဲ့အလားတူ အဆိုတခုကို သခင်အောင်ဆန်းနဲ့ သခင်သန်းထွန်းတို့ တိုင်ပင်ပြီး ရေးသားကြတယ်။ သခင်နုက တင်သွင်းတယ်။ ကန့်ကွက်သူမရှိပဲ ညီလာခံတခုလုံးက လက်ခံအတည်ပြုတယ်။

နောက်များမကြာမိ အဲဒီအဆိုကိုတင်သွင်းမှုက တမှု။ ဗမာ့ထွက်ရပ်ဂိုဏ်း က ဂျူဗလိဟောမှာဦးစိး ကျင်းပတဲ့ မြို့လုံးကျွတ်အစည်းဝေးမှာ အစိုးရကို အကြည်ညိုပျက်အောင် ဟောပြောမှုကတမှု။ အဲဒိနှစ်ခုအတွက်သခင်နုကို အစိုးရက ဖမ်းတော့မယ်ဆိုတဲ့ သတင်းတရပ်ထွကလာတယ်။ အဲဒိသတင်းထွက်လာတဲ့နေ့မျာပဲ သခင်အောင်ဆန်းနဲ့ သခင်နုတို့တွေ့ကြတယ်။ သခင်နုနဲ့ တကြိမ်ထဲမှာဘဲဖြစ်ဖြစ်။ မကြာခင်မှာဘဲဖြစ်ဖြစ်။ တနိုင်ငံလုံးရှိ သခင်ခေါင်းဆောင်တွေအားလုံးကို ဖမ်းဆီးလိမ့်မယ်။ အဖမ်းခံရပြီးထောင်ထဲမှာ လွတ်လပ်ရေးအတွက ဘာမှ လုပ်နိုင်မှာမဟုတ်ဘူး။ အဲဒါကြောင့် သူ အဖမ်းမခံဘူး။ နိုင်ငံခြားတခုခု ကိုသွားပြီးတတ်နိုင်သလောက် ဗမာ့လွတ်လပ်ရေးအတွက်လုပ်မယ် လို့ သခင်အောင်ဆန်းက ပြောတယ်။ ဒီလိုပြောတဲ့အတွက် သခင်နုဟာ သခင်အောင်ဆန်းကို ဆရာထွန်းရွှေဆိုတဲ့ သူမိတ်ဆွေရင်းတဦးနဲ့ မိတ်ဖွဲ့ပေးတယ်။ အဲဒိဆရာထွန်းရွှေဟာ စကားအင်မတန်နည်းတယ်။ နှုတ်လုံတယ်။ သတိရှိတယ်။ သစ်စာရှိတယ်။ ကိစ်စတခုကို ပြီးမြောက်သည့်တိုင်အောင် ဆောင်ရွက်တတ်တဲ့ ဇွဲရှိတယ် အဲဒိအရည်အချင်းတွေကြောင့် သခင်နုဟာ ဆ ဂုာကို ထွန်းရွှေကို သိပ်ယုံတယ်။ အဲဒိဆရာကိုထွန်းရွှေဟာ သူ့မိတ်ဆွေရင်း ။ နောင်တနေ့မှာ သခင်ချစ်အမည်နှင့် ကွန်မြူနစ်ခေါင်းဆောင်ဖြစ်လာမယ့် ဆရာချစ်နဲ့တိုင်ပင်ပြီး သခင်အောင်ဆနး်ကို ပုလိပ်မဖမ်းနိုင်အောင် တနေရာမှာ ဝှက်ထားကြတယ်။ အဲဒိနောက် သင့်တော်တဲ့အချိန်တချိန်မှာ သခင်အောင်ဆန်းရဲ့ အလိုဆန္ဒ အတိုင်း နိုင်ငံခြားကို တိတ်တိတ် ထွက်သွားနိုင်အောင် ဆရာ ကိုထွန်းရွှေ။ ဆရာချစ်နဲ့ အခြားမိတ်ဆွေတစုက စီစဥ်ပေးလိုက်ကြတယ်။

သခင်နုဟာ သာယာဝတီ ညီလာခံမှာအဆိုတင်သွင်းမှုကြောင့် တနှစ်။ ဂျူဗလီဟောမှာ တရားဟောမှု ကြောင့် တနှစ်။ အာလုံးပေါင်း နှစ်နှစ် ထောင်ချခံရတယ်။ နှစ်နှစ်စေ့သွားတဲ့အခါ ဗမာနိုင်ငံကာကွယ်ရေးဥပဒေအရ ဆက်လက်အချုပ်ခံရပြီး ဂျပန်တွေ မန္တလေးမြို့ကို ရောက်ခါနီးတော့မှ သခင်နုနဲ့ အခြားနိုင်ငံရေး သမားမန္တလေးထောင်က လွတ်လာတယ်။

(အောက်ခြေမှတ်စု ၊ ၊မန်းတလေး ထောင်က လွတ်မြောက်လာတဲ့အချိန်ကစလို့ ဒုတိယကမ်ဘာစစ်ကြီးပြီးတဲ့အထိ သခင်နုဟာ ဘာတွေလုပ်ခဲ့တယ်ဆိုတာကို 'ငါးနှစ်ရာသီ ဗမာပြည်' ဆိုတဲ့ စာအုပ်ထဲမှာ သခင်နုကိုယ်တိုင် ရေးထားတယ်။ အဲဒါကြောင့် ဂျပန်လက်ထက်အတွင်းက သခင်နုရဲ့ အဖြစ်အပျက်တွေကို သိခြားမဖော်ပြတော့ပါဘူး။သိလိုသောသူများ ၎င်း ငါးနှစ်ရာသီ ဗမာပြည် ဆိုတဲ့ စာအုပ်ကို ဆက်လက်ဖတ်ရှုကြပါရန် ယခုစာအုပ် ရေးထားသူက မေတ္တာရပ်ပါတယ်)

အခန်း ၁၈။

မကြာခင် နိုင်ငံရေးက ထွက်မယ်၊။ အဲဒီလို ထွက်ပြီး သူရေးချင်တဲ့စာအုပ်တွေကို ရေးမယ်၊ ဒီစာအုပ်တွေကို ရေးပြီးတာနဲ့ တပြိုင်နက် တရားစာအုပ်တွေကို လေ့လာသင်ကြားပြီး သာသနာပြုလောကထဲကို ခြေစုံပစ်ဝင် မယ်လို့ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကထဲက သခင်နု ဆုံးဖြတ်ထားတယ်။ အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးတိုက်ပွဲ မပြီးသေးဘူးလို့ ပြောပြီးတားလည်းမရ တခြား မိတ်ဆွေရင်းတွေက ဒီအချိန်မျိုးကြီးမှာ နိုင်ငံရေးက ထွက်သွားလို့ မသင့်တော်ဘူးလို့ ရှင်းပြကြတာတွေလည်း လက်မခံဘဲ။ သခင်နုဟာ သူရေးဘို့ စိတ်ကူးထားးတဲ့ နိုင်ငံရေးစာအုပ်တအုပ်အတွက် မှီငြမ်းစာအုပ်တွေစုဆောင်ပြီး မော်လမြိုင်ကျွန်းကို ထွက်သွားတယ်။ သခင်နုရေ - နိုင်ငံရေးသမားဆိုတာ လက်ဝှေ့သမားလိုဘဲ၊ လက်ဝှေ့သမားဟာ အရှုယ်ကြီးလို့ လက်ဝှေ့သတ်တာက အနားယူတယ်ဆိုပေမယ့် လေးကင်းဆိုင်းသံ ကိုကြားရင် လက်ခမောင်းထခပ်သေးတာဘဲ၊ ခင်ဗျားလည်း နိုင်ငံရေးက တကယ် မထွက်နိုင်ပါဘူး လို့ နိုင်ငံရေးမိတ်ဆွေတွေက ပြောတဲ့အခါ ကြည့်သေးတာပေါ့ လို့ သခင်နုက ပြန်ဖြေတယ်။ မော်လမြိုင်ကျွန်းမှာ 'မာ့က်စ် ဆဲဇင်းမ်းဆိုတာ ဘာလဲ' ဆိုတဲ့ စာအုပ် ရေးနေတုန်းသူရဲ့ နိုင်ငံရေးမိတ်ဆွေတွေ နိမိတ်ဖတ်လိုက်တာ မှန်တော့မလိုလို နှစ်ကြိမ်လောက် ဖြစ်သွားလိုက်သေးတယ်။ ဖြစ်ပုံကဒီလို။
စစ်အတွင်းက အိန္ဒိယမှာ စခန်းချနေတဲ့ ဗမာနိုင်ငံရဲ့ ဘုရင်ခံ ဆာဒေါ်မန်စမစ်ဟာ စစ်ကြီးအပြီး ၁၉၄၅ ခုနှစ် အောက်တိုဘာလ အလယ်လောက်မှာ ရန်ကုန်ကို ပြန်ရောက်လာတယ်။ ယာယီအစိုးရဖွဲ့ဘို့ နိုင်ငံရေးအဖွဲ့ အသီးသီးရဲ့ ခေါင်းဆောင်တွေနဲ့ တွေ့တဲ့အခါ ဖဆပလခေါင်းဆောင်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းက

ဖဆပလ ဗဟိုဦးစီးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ ဝန်ကြီးနေရာ ၁၁ ခုအနက် ဖဆပလကိုယ်စားလှယ် တွေကို ၇ နေရာပေးဘို့ တောင်းဆိုတယ်။ အကယ်၍ဘုရင်ခံက အစိုးရအဖွဲ့ထဲမှာ ဝန်ကြီးနေရာ ၁၅ခု ထားမယ်ဆိုရင် ဖဆပလ ကိုယ်စားလှယ် တွေကို ၁၁ နေရာပေးဘို့ ဘုရင်ခံ ဆာဒေါ်မန်စမစ်ဆီကို တောင်းဆိုတယ်။ ဆာဒေါ်မန်စမစ် က ၂နေရာပေးတဲ့အခါ ဖဆပလက ငြင်းပယ်လိုက်တယ်။ ဒီအချိန်ကစပြီး ဆာဒေါ်မန်စမစ်ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့နဲ့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဖဆပလတို့ရဲ့ အကြား မှာ ဖြစ်ပေါ်လာတဲ့ တင်းမာမှုဟာ တလထက်တလ ပိုမိုပြင်းထန်လာတယ်။ ၁၉၄၆ ခုနှစ်မေလထဲကို ရောက်တဲ့အခါ အင်းစိန်ခရိုင် ထန်းတပင်မြို့မှာ ပြည်သူ့ရဲဘော်တွေကို ဖမ်းတဲ့အတွက် ဖဆပလအဖွဲ့ဝင်တွေ ဆန္ဒပြတယ်။ ပုလိပ်ကသေနတ်နဲ့ ပစ်တဲ့အတွက် ဆန္ဒပြသူ သုံးဦးသေဆုံးသွားတယ်။ အဲဒီအခါ မော်လမြိုင်ကျွန်းမှာ စာအုပ်ရေးနေတဲ့ သခင်နုဟာ စာအုပ်ဆက်ရေး လို့မဖြစ်တော့ဘူး။ အဲဒါကြောင့် သူရေးတဲ့ စာအုပ်ကို ဘေးမှာအသာချပြီး ဘုရင်ခံ ဆာဒေါ်မန်စမစ်ထံ စာရှည်ကြီး တစောင်ရေးလိုက်တယ်။ စာရဲ့ အတိုချုပ်က ဒီလို.. နိုင်ငံရေးသမားဟောင်းတွေဟာ မြန်မာနိုင်ငံကို ကိုယ်စားပြုနိုင်တဲ့ လူတွေမဟုတ်ဘူး။ နိုင်ငံရေးကျားသေ ကြီးတွေ ဖြစ်နေပြီ။ ဗိုလ်ချုပ်အောင်ဆန်းသာလျှင် ပြည်သူလူထုတရပ်လုံးရဲ့ တခဲနက်ထောက်ခံမှုကို ရနေတဲ့အတွက် မြန်မာနိုင်ငံကို ကိုယ်စားပြုနိုင်သူဖြစ်တယ်။ အဲဒီလိုဖြစ်ပါလျက်နဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တောင်းဆိုချက် ကို လက်မခံပဲ နိုင်ငံရေးကျားသေကြီးတွေနဲ့ အစိုးရဖွဲ့တာဟာ မှားတယ်။ အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်း တောင်းဆိုချက်ကို အမြန်လက်ခံပြီး ဖဆပလကိုယ်စားလှယ်တွေနဲ့ အစိုးရဖွဲ့ပါ။ အစရှိသဖြင့် သခင်နုက ဘုရင်ခံ ဆာဒေါ်မန်စမစ် ကို အကျယ်တဝင့်တိုက်တွန်းထားတယ်။

တနင်္ဂနွေ တပတ်လောက်ကြာတော့ ဘုရင်ခံနဲ့ ခဏလာတွေ့ပါ လို့ ဘုရင်ခံရဲ့ ရုံးက မော်လမြိုင်ကျွန်း မှာရှိတဲ့ သခင်နု ကို တယ်လီဖုန်းနဲ့ လှမ်းဖိတ်တယ်။ ဘုရင်ခံနဲ့ တွေ့တဲ့အခါ ပြည်သူလူထုရဲ့ ထောက်ခံမှုကို ဗိုလ်ချုပ်အောင်ဆန်း ဟာ ဘယ်လောက်အထိရနေတယ်ဆိုတာကို အကျယ်တဝင့်ရှင်းပြပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့ဆုံဆွေးနွေးဘို့ သခင်နုက ဘုရင်ခံကို တိုက်တွန်းတယ်။ ဘုရင်ခံက သဘောတူတဲ့အတွက် ဖဆပလကိုယ်စားလှယ် တွေအဖြစ် ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်သန်းထွန်းတို့ က သွားတွေ့ကြတယ်။ တွေ့တဲ့အခါ အစိုးရအဖွဲ့ထဲကိုဝင်ဘို့ ဘုရင်ခံက ဗိုလ်ချုပ်အောင်ဆန်းတို့ကို တိုက်တွန်းတယ်။ ဗိုလ်ချုပ်အောင်ဆန်းက သူ့ မူလတောင်းဆိုချက် ကို လက်ခံဘို့ ဘုရင်ခံကို ပြောတယ်။ အဲဒီအချိန်မှာ ဘုရင်ခံ ဆာဒေါ်မန်စမစ်ဟာ ကျန်းမာရေးကြောင့် ရာထူးကနုတ်ထွက် ပြီး ဘိလပ်ကို ပြန်တော့မယ်။ အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မူလတောင်းဆိုချက်ကို ဘိလပ်ပြန်ရောက်တဲ့အခါ သူကိုယ်တိုင် ဘိလပ်အစိုးရလက်ထဲ ထည့်ပေးမယ်လို့ ဆာဒေါ်မန်စမစ် ကပြောတယ်။

ဒီလို တွေ့ဆုံပြီးတဲ့နောက် ဘိလပ်ကိုမပြန်ခင် သူ့နေရာမှာ ခေတ၊ ဘုရင်ခံလုပ်မယ့် ဟင်နရီနိုက်ဆီကို ဆာဒေါ်မန်စမစ်က စာတစောင်ရေးပစ်ခဲ့တယ်။ အဲဒီစာမှာ 'အောင်ဆန်းဟာ ဗမာပြည်ရဲ့ လူကြိုက်များတဲ့အာ ဇာနည်ဘဲ။ သူဟာ တနိုင်ငံလုံးမှာ လူထုထောက်ခံမှု အများဆုံး ရထားသူဖြစ်တယ်ဆိုတဲ့အချက်ကို သံသယ နည်းနည်းမှ မဖြစ်နဲ့၊

ကျွန်ုပ်ဟာ သူ့ကို ရိုးသားတည်ကြည်သူတဦးအဖြစ်နဲ့ လက်ခံတယ်။

သူရဲ့ ဖဆပလတဖွဲ့ထဲသာလျှင် တနိုင်ငံလုံးကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးနိုင်တဲ့ နိုင်ငံရေးအဖွဲ့ဖြစ်တယ်။

သူဟာ ငြိမ်းချမ်းရေးနဲ့ ငြိမ်ဝပ်ပိပြားရေးရ ရှိအောင် ကြိုးစားနေတယ်လို့ ကျွန်ုပ် ယူဆတယ်။

လက်နက်ကိုင် ပုန်ကန်ခြင်းအားဖြင့် ဒုက်ခ ရောက်နေတဲ့ ပြည်သူလူထုမှာသာ ပိုပြီး ဒုက်ခ ဖြစ်စရာ အကြောင်းရှိတယ် ဆိုတဲ့အချက်ကို သူကောင်းကောင်းသဘောပေါက်တယ်။ ဆိုတဲ့အချက်တွေကို လည်း ဆာဒေါ်မန်စမစ်က ထည့်သွင်းရေးထားပစ်ခဲ့တယ်။

ဘုရင်ခံ ဆာဒေါ်မန်စမစ်နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ရဲ့ ဆွေးနွေးပွဲအပြီး နိုင်ငံရေး မိတ်ဆွေတွေက မော်လမြိုင်ကျွန်းကို မပြန်ပါနဲ့တော့လို့ဝိုင်းပြီးတားတဲ့အခါ နိုင်ငံရေးကို စွန့်ပြီးစာရေးပါ့မယ် လို့ တင်းထားတဲ့ သခင်နုရဲ့ စိတ်တွေဟာ ယိမ်းယိုင်သလိုလို ဖြစ်သွားလိုက်သေးတယ်။

နောက်များမကြာခင်မှာ ဖဆပလအတွင်းမှာ ဗိုလ်ချုပ်အောင်ဆန်းတို့လူစုနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်း ဆောင် သခင်သန်းထွန်း တို့ လူစု မသင့်မတင့် ဖြစ်နေကြပြီ။ တဦးနဲ့ တဦး အတိုက်အခံလုပ်နေကြပြီဆိုတဲ့သတင်းတွေ သခင်နု ကြားရတယ်။ ဒီသတင်းတွေကြောင့် စိတ်မချမ်းမသာဖြစ်နေတုန်း ကွန်မြူနစ်ဩဇာခံ တောင်သူလယ်သမားတွေ စိတနိုးလမ်းလျှောက်ရင်း ဆန္ဒပြနေတာကို သခင်နုတွေ့ရတယ်။ သခင်နုဟာ ဆန္ဒပြပွဲကို ခပ်ဝေးဝေးက လှမ်းကြည့်နေတုန်း သူတို့ရဲ့ ကြွေးကြော်သံတွေထဲမှာ ဗမာချန်ကေရှိတ်အလိုမရှိ။ ဆိုတဲ့ ကြွေးကြော်သံ တခုကို သခင်နုကြားလိုက်ရတယ်။ ဒီကြွေးကြော်သံဟာ ဗိုလ်ချုပ်အောင်ဆန်းကို စော်ကားထားတဲ့ ကြွေးကြော်သံဘဲ။ မော်လမြိုင်ကျွန်းက တောင်သူလယ်သမားတွေဟာ သူတို့ရဲ့ သဘောတခုတည်းနဲ့က ဒီလောက်စော်ကားဝံ့မှာ မဟုတ်ဘူး။

သခင်သန်းထွန်းတို့လူစု ရန်ကုန်ကနေပြီးလှမ်းညွှန်ကြားထားလို့သာ မော်လမြိုင် ကျွန်းက လယ်သမား တွေ ဟာ ဒီလောက်အထိ စော်ကားရဲတာဖြစ်မှာပဲလို့ ယူဆပြီး ဒီကိစ္စကို သခင်သန်းထွန်းတို့နဲ့ ဆွေးနွေးရအောင် ရန်ကုန် ကို သခင်နု ချက်ချင်းလိုက်သွားတယ်။

သခင်သန်းထွန်းနဲ့ တွေ့တဲ့အခါ တနိုင်ငံလုံးကို စုစည်းပေးနိုင်တာဟာ ဗိုလ်ချုပ်အောင်ဆန်း တယောက်ထဲ ရှိတယ်။ ခင်ဗျားတို့လည်း စည်းမပေးနိုင်ဘူး။

ကျနော်လည်း စည်းမပေးနိုင်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းကလွဲပြီး ဘယ်သူမှ စည်းမပေးနိုင်ဘူး။ အဲဒီလို လူတယောက်ကို ပိုပြီး ကြည်ညိုလာအောင် လုပ်ဖို့သာ ကျနော်တို့ လုပ်ရမယ်၊ လူထုအကြည်ညို ပျက်အောင် ခင်ဗျားတို့ အသုံးပြုနေတဲ့ နည်းပရိယာယ်တွေ မမှန်ဘူးလို့ သခင်နုက အကျယ်တဝင့်ရှင်းပြတယ်။ သခင်သန်းထွန်းကလည်း သူတို့ရဲ့ မကျေနပ်ချက်တွေ ကို ဖော်ပြတယ်။ ဒီလိုရှင်းပြတဲ့ မကျေနပ်ချက်တွေ ဆိုတာ နိုင်ငံရေး မကျေနပ်ချက်ချည့်ဘဲ။ ဒီနိုင်ငံရေး မကျေနပ်ချက်အပြင် ကို ယ်ရေးကိုယ်တာနဲ့ ပတ်သက်တဲ့ မကျေနပ်ချက်တွေ သခင်သန်းထွန်းမှာ ရှိနေသေးတယ်။ ဒီမကျေနပ်ချက်တွေကို သခင်သန်းထွန်းက မရှင်းပြပေမယ့် သခင်နုကတော့ ကောင်းကောင်းသိနေတယ်။

ဒီမကျေနပ်ချက်တွေဆိုတာက ဒီလိုပါ။ သခင်သန်းထွန်းဟာ စိတ်ပြင်းထန်သူမဟုတ်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းကတော့ စိတ် အင်မတန် ပြင်းထန်တယ်။ သူတို့နှစ်ဦးဆွေးနွေးကြရင် သဘောကွဲလွဲတဲ့အချက်ကို ရောက်ရင် ဗိုလ်ချုပ်အောင်ဆန်းဟာ သခင်သန်းထွန်းကို ငေါက်နေသလို ကြိမ်းမောင်းနေသလိုဖြစ်ဖြစ်နေတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အပြောအဆိုဟာ အခုလို ပြင်းထန်လာရင် သခင်သန်းထွန်းဟာ ဆက်မပြောတော့ဘူး။ စိတ်မချမ်းသာတဲ့ မျက်နှာထားနဲ့ ငုတ် တုပ်ကြီး ထိုင်နေလေ့ရှိတယ်။ အဲဒါမျိုးဟာ မကြာခဏဖြစ်နေတာကို  သခင်နုနဲ့ လုပ်ဖော်ကိုင်ဘက်တွေက တွေ့ခဲ့ရဖူးတယ်။ ဒီလိုဖြစ်ပျက်တဲ့ အဖြစ်အပျက် တွေထဲက စိတ်ဝင်စားစရာကောင်းတဲ့ သာဓ ့ တခုကို ဒိနေရာမှာ နည်းနည်းလောက်ပြောလိုက်ဦးမယ်။

ဂျပန်လက်ထက်တုန်းက ဂျပန်ရဲ့ ခွင့်ပြုချက်အရ ဗမာနိုင်ငံအတါက ်အခြေခံ အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေ တခုကို ရေးဆွဲဘို့ ဒေါက်တာဘမော် အစိုရအဖွဲ့နဲ့ နိုင်ငံရေးခေါင်းဆောင်အချို့ ကုက်ကိုင်း ရေကူးကန်ရဲ့ တန်းလျား ကလေးတခုထဲမှာ တွေ့ဆုံဆွေးနွေးကြဘူးတယ်။ သခင်နုဟာ ဒီဆွေးနွေးပွဲတွေကို စိတ်မဝင်စားဘူး။ အဲဒါကြောင့် သူမများတွေ ပြောနေကြတာကိုလည်း နားထောင်မနေဘူး။ သူကိုယ်တိုင်လည်း ဘာမှ ဝင်မပြောဘူး။ စာအုပ်တအုပ်ကို ဖတ်ချင်ဖတ်။ မဖတ်ချင်ရင် စာရွက်တရွက်ပေါ်မှ ၁ တွေ့ကရာတွေကို လျှောက်ရေးနေတာဘဲ ဖြစ်တယ်။ တနေ့ကျတော့ ဆွေးနွေးစရာ အချက်တချက်ပေါ်လာတယ်။ အဲဒါဟာသမတအာဏာ ထင်တယ်။ နှစ်တွေ အတော်ကြာပြီဖြစ်တဲ့အတွက ်ဘယ်သူ့ဆီကမှ လိုက်ပြီးစုံစမ်းလို့ အတိအကျ မရတော့ဘူး။ အဲဒီအာဏာ နဲ့ပတ်သက်ပြီး သခင်သန်းထွန်းတင်ပြထားတဲ့ အချက်ကို ဗိုလ်ချုပ်အောင်ဆန်း က မကြိုက်ဘူး။ အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းဟာ သူလုပ်နေကျအတိုင်း သခင် သန်းထွန်းကို ငေါက်ငန်းနေတယ်။ ဒီငေါက်ငန်းသံတွေကို ကြားရတော့မှ သခင်နု ဟာ တွေးကောင်းတိုင်းတွေး။ ငေးကောင်းတိုင်းငေး။ ဂျေးကောင်းတိုင်းရေးနေတာကနေ ဆွေးနွေးပွဲ ထဲကို စိတ်ပြန်လည်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်သန်းထွန်း

တို့ကို တလှည့်စီ ကြည့်လိုက် တဲ့အခါ တဦးက သိပ်ပြင်းထန်နေတယ်။
တခြားတဦးက စိတ်မချမ်းသာတဲ့ မျက်နှာကြီးနဲ့ ငုတ်တုပ်ထိုင်နေတာကို တွေ့ရတယ်။
သခင်နုဟာ အစည်းအဝေးမှာ ငေးနေတဲ့အတွက် သခင်သန်းထွန်းဘာတွေ
ပြောသွားတယ်ဆိုတာ မကြားလိုက်ဘူး။ ဒါပေမဲ့ သခင်သန်းထွန်း ကို
ကြည့်ရင်းသနားလာပြီး သခင်သန်းထွန်းကို ထောက်ခံတဲ့အနေနဲ့
ဗိုလ်ချုပ်အောင်ဆန်းရဲ့ ချေပချက်တွေ ကို ဖွတ်အတင်းဝင်ပြီးကန့်ကွက် တယ်။။
နောက်တနေ့ ကန့်ကွက်နေတယ်။ နောက်တနေ့ မနက်ကျတော့ ရှစ်နာရီလောက်မှာ
ဗိုလ်ချုပ်အောင်ဆန်းဟာ သခင်နုရဲ့ အိမ်ကို ရောက်လာပြီး သခင်နု– ခင်ဗျား ဒီကနေ့
ဆွေးနွေးပွဲမတက်ပါနဲ့လို့ ဗိုလ်ချုပ်အောင်ဆန်းက ပြောတယ်။
မတက်လို့ မဖြစ်ဘူး။ တက်ရမယ်လို့ သခင်နု ကပြန်ပြောတယ်။ မတက်ပါနဲ့ဗျာ။ လို့
ဗိုလ်ချုပ်အောင်ဆန်းက ထပ်ပြောတယ်။ ဘာဖြစ်လို့လည်း လို့ သခင်နုက
ပြန်မေးတယ်။ ဆွေးနွေးပွဲမှာ ခင်ဗျား နဲ့ ကျနော် စကားမများချင်ဘူး။လို့
ဗိုလ်ချုပ်အောင်ဆန်းက ပြန်ဖြေတယ်။ စကားမများချင်ရင်အလွယ်ကလေး
နည်းရှိတယ်။ လို့ သခင်နုက ဆက်ပြောတယ်။ ဘာနည်းလဲ လို့
ဗိုလ်ချုပ်အောင်ဆန်းက ပြန်မေးတယ်။ သခင်သန်းထွန်းကို မငေါက်ပါနဲ့။ စကား
ကောင်းကောင်းပြောပါ။ အဲဒါဟာ ဗိုလ်ချုပ်နဲ့ ငါ စကား မများရတဲ့နည်းပဲလို့
သခင်နုဖြေတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းရယ်တယ်။ အဲဒီအစည်းအဝေးမှာ
ဗိုလ်ချုပ်အောင်ဆန်းက သခင်သန်းထွန်းကို ငေါက်တာလည်း မကြားရတော့ဘူး။
သခင်နု စကားဝင်ပြောတာလည်း မကြားရတော့ဘူး။ သခင်သန်းထွန်းဟာ
စိတ်မချမ်းသာတဲ့ မျက်နှာကြီးနဲ့ ငုပ်တုပ်ထိုင်နေတာလည်း မတွေ့ရတော့ဘူး။
သခင်သန်းထွန်းမှာ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ မကျေနပ်မှုတွေအပြင် အခုပြောခဲ့တဲ့
ကိုယ်ရေးကိုယ်တာ နဲ့ ပတ်သက်တဲ့ မကျေနပ်မှုတွေလဲ ရှိနေသေးတယ် ဆိုတာကို
သခင်နု သိပေတဲ့ ဒိကိုယ်ရေးကိုယ်တာကိစ်စ တွေဟာ ဆွေးနွေးဘို့မကောင်းဘူး။
လို့ယူဆတဲ့အတွက် သခင်နုလည်း ဘာမှ ဆက်မပြောတော့ဘူး။ ဒါတွေကို
သူ့ရင်ထဲမှာဘဲ သိမ်းထားလိုက်တယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့တဲ့အခါ
ဗိုလ်ချုပ်အောင်ဆန်းရှင်းပြတဲ့ နိုင်ငံရေး အခြေအနေ ကို နားထောင်ပြီး
သခင်သန်းထွန်းနဲ့ မိတ်မပျက်အောင်ပေါင်းဘို့ သခင်နုက တိုက်တွန်းတယ်။
ဗိုလ်ချုပ်အောင်ဆန်းက နားထောင်နေတယ်။ ဘာမှပြန်မပြောဘူး။
ဂျပန်လက်ထက်တုန်းကသခင်သန်းထွန်း အတွက်နဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သူ
ဖြစ်ခဲ့ရတဲ့ အဖြစ်အပျက်လေးကို သတိရသေးလား လို့မေးတဲ့အခါ
ဗိုလ်ချုပ်အောင်ဆန်းက ရယ်နေတယ်။
သခင်သန်းထွန်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့အတွက် သခင်နု ဆောင်ရွက်တဲ့
စေ့စပ်ရေးဟာ မအောင်မြင်ပါဘူး။
ဒါပေမဲ့ လုပ်ရမဲ့ အလုပ်ဝတ်တရား တခု ဆောင်ရွက်လိုက်ရပေပြီလို့ သခင်နုဟာ

သူ့ကိုယ်သူ နှစ်သိမ့်လိုက် တယ်။ မော်လမြိုင်ကျွန်းကို ပြန်ခါနီးတဲ့အခါ
နိုင်ငံရေးမိတ်ဆွေတွေက မော်လမြိုင်ကျွန်းကို မပြန်ဘို့ ပြောကြပြန်တယ်။
အဲဒီအခါမှာလည်း နိုင်ငံရေးကိုစွန့်ပြီး စာရေးပါတော့မယ်လို့ ချမှတ်ထားတဲ့
သခင်နုရဲ့သံဓိဌာန် ဒုတိယအကြိမ် တောတော် ယိမ်းယိုင်သွားလိုက်သေးတယ်။
သခင်နုဟာ မော်လမြိုင်ကျွန်းကို ပြန်ရောက်တဲ့အခါ ၁၉၄၆ ခု။
ဇူလိုင်လအလယ်လောက် ဖြစ်နေပြီ။ သူရေးနေတဲ့ မာက့်စ်ဆင်းဆိုတာဘာလဲ။
ဆိုတဲ့စာအုပ်ကို မကြာခင်ရေးလို့ပြီးသွားတယ်။ မော်လမြိုင်ကျွန်းက ပုံနှိပ်စက်ပိုင်ရှင်
တဦးက သူ့စက်မှာ ပုံနှိပ်ပေးမယ် ဆိုတာနဲ့ သခင်နုဟာ ဗာ့က်စ်ဆင်းဆိုတာ ဘာလဲ
ကို အဲဒီစက်မှာဘဲ အပ်လိုက်တယ်။ စက်မှာစာပြင်ဆရာ မရှိတာနဲ့ သခင်နုဟာ
ပုံနှိပ်တိုက်ကို နေ့တိုင်းသွားပြီး စာပြင်ပေးနေရ တယ်။ အားတဲ့အချိန်မှာ
အာဏာနည်ဆိုတာဘာလဲ ဆိုတဲ့ စာအုပ်အသစ်ကို ရေးနေတယ်။ အဲဒီလို နဲ့
သြဂုတ်လအကုန်မှာဆာဟူးဘတ်ရန်စ့် ဆိုတဲ့ ဘုရင်ခံသစ် ရန်ကုန်ကို
ရောက်လာတယ်။သခင်နုလည်း စာအုပ်အသစ် ရေး နေရာက ဒီဘုရင်ခံအသစ်နဲ့
ဗိုလ်ချုပ်အောင်ဆန်း အပေးအယူတဲ့စေဗျာ။ လို့ ဆုတောင်းလိုက်တယ်။ ဘုရင်ခံသစ်
ဆာဟူးဘတ်ရန်စ့် ဟာ ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့လည်း ဆွေးနွေးတယ်။
တခြားနိုင်ငံရေး ခေါင်းဆောင်တွေနဲ့လည်း ဆွေးနွေးတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့
တောင်းဆိုချက်ကို ဘုရင်ခံသစ်က လက်ခံတဲ့အတွက် စက်တင်ဘာလ ၂၆ ရက်နေ့မှာ
ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖဆပလ ကိုယ်စားလှယ်တွေဟာ ဘုရင်ခံသစ် ဖွဲ့စည်းထားတဲ့
အစိုးရအဖွဲ့ထဲကို ဝင်လိုက်ကြတယ်။ ဒီသတင်းကို ကြားရတဲ့အခါ သခင်နု
သိပ်ဝမ်းသာသွားတယ်။ ဒါပေမဲ့ ဖဆပလခေါင်းဆောင် တွေ အစိုးရအဖွဲ့ထဲကို အခုလို
ဝင်လိုက်ကြတဲ့အတွက် သူဘာဖြစ်မယ်ဆိုတာကိုသာ သူမျှော်မှန်းကြည့်နိုင်မယ်ဆိုရင်
အခုလို သိပ်ပြီးဝမ်းသာ ချင်မှ ဝမ်းသာမယ်။
နောက်များမကြာခင် မြန်မာ့အလင်း ဦးတင်ဆီက စာတစောင်ရောက်လာတယ်။
ဦးတင်ဟာ ဖဆပလ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ထဲမှာ ခေနၽြငည္ပုႏွတေ
ဘဏ္ဍာရေးမှူး ဖြစ်တယ်။ သခင်နုနဲ့လည်း အထူးရင်းနှီးသူဖြစ်တယ်။ သခင်နုဟာ
ဦးတင်ရဲ့စာကို ဖတ်ကြည့်တဲ့အခါ ဖဆပလခေါင်းဆောင်တွေဟာ အစိုးဂ့အဖွဲ့ထဲကို
ဝင်သွားကြတဲ့အတွက် ဌာနချုပ်ကို အုပ်ချုပ်မယ့် ခေါင်းဆောင်တွေ နည်းသွားပြီ။
အဲဒါကြောင့် အလုပ်အမှုဆောင်အဖွဲ့က သခင်နုကို ဥက်ကဌအဖြစ်
တင်မြှောက်လိုက်တယ်။ ဒီစာကိုရရင် ရန်ကုန်ကို အမြန်လိုက်ခဲ့ပါ ဆိုတာကို သခင်နု
တွေ့ရတယ်။  ရန်ကုန်ဌာနချုပ်ကို သူမလာချင်ဘူး။ ဒီမော်လမြိုင်ကျွန်းမှာပဲ
စာရေးနေချင်တယ်လို့ သခင်နု ချက်ချင်း စာပြန်လိုက်တယ်။ နောက်တနင်္ဂနွေ
တပတ်လောက်ကြာတဲ့အခါ ဦးတင်ဆီက စာတစောင် ထပ်ရတယ်။ အဲဒီစာထဲမှာ
ဌာနချုပ်ကို ဆက်ဆက်လာပါ။ ဌာနချုပ်အတွက် တနေ့၂နာရီလောက်ဘဲ
အလုပ်လုပ်ပေးပါ။ ကျန်တဲ့အချိန် တွေမှာ သခင်နု ကြိုက်သလို စာရေးနေနိုင်တယ်လို့

အလုပ်အမှုဆောင်အဖွဲ့ကထပ်မံ ဆုံးဖြတ်တယ်ဆိုတာကို သခင်နု
ဖတ်ရတယ်။ဒီဒုတိယစာကို ရပြီး တဲ့အခါ သခင်နုအတွက် ငြင်းလို့မကောင်းတော့ဘူး။
အဲဒါကြောင့် သူသွားရာကို အမြဲတမ်း ခေါ်သွားချင်တဲ့သူ့ခါးပိုက်ဆောင် မမြရီ။
သမီးကြီးစန်းစန်း။သားကြီးသောင်းထိုက်။ သားငယ် မောင်အောင်တို့ကို ခေါ်ပြီး
သခင်နု ရန်ကုန်ကိုလိုက်သွားတယ်။
သခင်နု ဌာနချုပ်ကို ရောက်တဲ့နေ့မှာဘဲ။ ဗိုလ်ချုပ်အောင်ဆန်း ဟာ ဌာနချုပ်မှာ
သခင်နုကိုလာတွေ့တယ်။ သခင်နုအခုလို ဌာနချုပ်မှာ အလုပ်လုပ်တာကို
ဗိုလ်ချုပ်အောင်ဆန်းသိပ်ဝမ်းသာတယ်။ တခြားလူတယောက်သာ သူ့နေရာမှာ
ရှိမယ်ဆိုရင် သခင်နုနဲ့တွေ့တဲ့အခါ ဝမ်းမြောက်ဝမ်းသာစကားတွေ ကို ပြောမှာဘဲ။
အနည်းဆုံးအဖြစ်နဲ့တော့ သခင်နု ခင်ဗျားလာတာ ကျနော်ဝမ်းသာတယ်လို့ေ
ပြာမှာဘဲ။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းကတော့ ဒီလို လောကွတ်စကားတွေ ကို
မပြောတတ်ဘူး။ သခင်နုအနားမှာ တမိနစ်စလောက်စကားမပြောပဲ ထိုင်နေပြီးအင်းလို့
သူ့ပါးစပ်က ပြောပြောဆိုဆို စားပွဲပေါ်က စာရွက် တရွက်ကို ဆွဲယူလိုက်တယ်။
အဲဒီစာရွက်ပေါ်မှာ ဖဆပလ ဌာနချုပ်ရုံးရုံပုံငွေကို ကျနော့်သဘောအတိုင်း သုံးစွဲနိုင်ရန်
အလုပ်အမှုဆောင်အဖွဲ့မှ ပေးထားသော  အာဏာကို ဒုတိယ ဥက္ကဌ သခင်နုထံသို့
ယနေ့မှစ၊ လွှဲအပ်ပေးလိုက်သည် လို့ရေးပြီး သခင်နုကို အဲဒီစာရွက်ပေးလိုက်တယ်။
အခုလို လုပ်တာဟာ သူဝမ်းမြောက်ဝမ်းသာဖြစ်နေတယ်ဆိုတာကို
သူ့နည်းသူ့ဟန်နဲ့ပြတာပါဘဲ။ ဗိုလ်ချုပ်အောင်ဆန်းဟာ အလုပ်အမှုဆောင်အဖွဲ့
သူ့အပ်နှင်းထားတဲ့အာဏာကို အခုလိုလွှဲမပေးနိုင်ဘူး။ လွှဲပေးချင်ရင်
အလုပ်အမှုဆောင်အဖွဲ့ကို သူကိုယ်တိုင် အဆိုသွင်းရမယ်။
အလုပ်အမှုဆောင်အဖွဲ့ကသာ သခင်နုကိုအာဏာအပ်နိုင်တယ် ဆိုတာကို သခင်နုဟာ
စာရွက်ကို ဖတ်ပြီးပြီးချင်း သဘောပေါက်ပါတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်း
ဝမ်းမြောက်ဝမ်းသာဖြစ်နေတာကို မနှောင့်ယှက်ချင်တာနဲ့ အခွင့်ကောင်းရတဲ့အခါမှပဲ
ရှင်းပြတော့မယ်လို့ဆုံးဖြတ်ပြီး ဗိုလ်ချုပ်အောင်ဆန်း ပေးတဲ့စာရွက်ကို
အသာသိမ်းထားလိုက်တယ်။ နောက်ရက်အနည်းငယ် ကြာတဲ့အခါ
ဗိုလ်ချုပ်အောင်ဆန်းဟာ ညဘက်မှာ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နဲ့အတူ
သခင်နုတို့ မိသားစု ဆီကို အလည်လာတယ်။ သခင်နုနဲ့ တွေ့တဲ့အခါ
ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်က သူ့လက်ထဲမှာ ကိုင်ထားတဲ့ သံစီးကရက်တဗူး
သခင်နုကိုလှမ်းပေးတယ်။ အတော်လေးတာနဲ့ သခင်နု ဖွင့်ကြည့်တဲ့အခါ
ရွှေဒင်္ဂါးပြားတွေ ဖြစ်နေတယ်။ ဒီရွှေဒင်္ဂါးပြားတွေဟာ
ဗိုလ်ချုပ်အောင်ဆန်းလိုရာသုံးဘို့ အတွက ကြည်ညိုသူတချို့ လှူထားတဲ့
ရွှေဒင်္ဂါးပြားတွေ ဖြစ်နေတယ်။ သခငနုလည်း လက်ခံထားလိုက်ပြီး
ဒီရွှေဒင်္ဂါးပြားတွေကို လုံးလုံးမေ့သွားတယ်။ ၁၉၅၁ ခုနှစ်လောက်ကို ရောက်တဲ့အခါ
ဝန်ကြီးချုပ်ရုံးခမ်းကနေ သံသေတ္တာတခုထဲမှာ သခင်နုဟာ ပစ်စည်းတခုကို ရှာရင်း

ရွှေဒင်္ဂါးတွေထည့်ထားတဲ့ ဒီ သံဗူးကိုသွားတွေ့တယ်။
ဗိုလ်ချုပ်အောင်ဆန်းကသိုလ်ရအောင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နဲ့တိုင်ပင်ပြီး သခင်နုဟာ ဒီရွှေဒင်္ဂါးတွေကို သာသနာ့ ရိပ်သာ ဂုံပုံငွေထဲ လှူပစ်လိုက်တယ်။
ဋ္ဌာနချုပ်ကို ရောက်ရင် တနေ့နှစ်နာရီ လုပ်မယ်။ ကျန်တဲ့အချိန်မှာ စာရေးမယ်ဆိုပြီး သခင်နု အားခဲလာခဲ့တာပဲ။ အဲဒါကြောင့် ဋ္ဌာနချုပ်က ပေးတဲ့ ထောက်ပံ့ကြေးတောင် သူလက်မခံဘူး။ စာရေးလို့ရတဲ့ ပိုက်ဆံနဲ့စားမယ်ဆိုပြီး သခင်နို ငြင်းလိုက်သေးတယ်။ ဒါပေမဲ့ ဋ္ဌာနချုပ် ကိုရောက်တဲ့နေကစပြီး နေ့စဉ် ရွတ်နေကြ ပရိတ်ကိုတောင် အတော်ကြိုးစားပြီး ရွတ်ရတယ် တနိုင်ငံလုံးက ကိတ်စ အမျိုးမျိုးနဲ့ ဋ္ဌာနချုပ်ကို တက်လာကြတဲ့ နိုင်ငံရေးသမားတွေဟာ မနက်အစောကြီးလည်းရောက်လာတာဘဲ။ ထမင်းစားတုနးလည်း ရောက်လာကြတာဘဲ။ ညအိပ်တုန်းလည်း လာနှိုးတာဘဲ။
သခင်နုဋ္ဌာနချုပ်ကို ရောက်ပြီး မကြာမီ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အိမ်အပေါ်ထပ်မှာ အလုပ်အမှုဆောင် အစည်းအဝေးတခု ကျင်းပတယ်။ တနာရီလောက်ကြာတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကိုယ်ရံတော် ဗိုလ်ထွန်းလှ အစည်းအဝေးခန်းမထဲကို ဝင်လာပြီး ဦး စောသေနတ်နဲ့ အပစ်ခံရတယ် လို့ အမှုဆောင်လူကြီးတွေကို အကြောင်းကြားတယ်။ သခင်နုဟာ သူ့အနားမှာရှိတဲ့ ဦး ကျော်ငြိမ်းဘက်လှည့်ပြီး ဟေ့– ကျော်ငြိမ်း ၊ ဘယ်သူ ပစ်တယ် ထင်သလဲလို့မေးတယ်။ ဦးကျော်ငြိမ်းက သူမသိဘူးလို့ဖြေတယ်။ နောက်တနေ့ ညဘက်ကျတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ ဆေးရုံကြီးမှာ ဦးစောဆီကို သတင်းသွားမေးရအောင်သခင်နုကို လာခေါ်တယ်။ သခင်နုဟာ အဝတ်အစားလဲပြီး အပြင်ထွက်ခါနီးမှာ ဗိုလ်ချုပ်ရေး ဦးစောကို ဘယ်သူပစ်တယ်ထင်လဲ။ ဒါကတော့ ကွန်မြူနစ်တွေ ပစ်တယ်ထင်တယ်။ လို့ပြောတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းဟာ သူမသိဘူး။ လို့ပြောတယ်။ ဦးစောရဲ့ မျက်နှာတွေကို အဝတ်နဲ့ ပတ်ထားတဲ့အတွက် ဗိုလ်ချုပ်နဲ့ သခင်နု တို့လာတယ်ဆိုတာ ကိုသာ သူသိရတယ်။ ဗိုလ်ချုပ်တို့ကို မမြင်ရဘူး။
ဋ္ဌာနချုပ်ကို သခင်နု စရောက်တဲ့အချိန်မှ ဖဆပလအတွင်း ဗိုလ်ချုပ်အောင်ဆန်းအစိုးရအဖွဲ့နဲ့ ကွန်မြူနစ်တို့ရဲ့ ပဋိပက္ခမှုဟာ အတော်ပြင်းထန်နေပြီ။ အစိုးရအဖွဲ့က လုပ်သမျှ ။ ကွန်မြူနစ်တွေက ထောက်ခံရမယ်လို့ ဗိုလ်ချုပ်အောင်ဆန်းတို့က မဆိုလို၊ ဖဆပလအဖွဲ့အတွင်း မှာ ကြိုက်သလို ဝေဘန်နိုင်တယ်။ ကြိုက်သလို ကန့်ကွက် နိုင်တယ်။ ဖဆပလဟာ တပ်ပေါင်းစု ဖြစ်တဲ့အတွက် တခြားအဖွဲ့တွေကို သူတို့ဘက်ပါအောင် ကွန်မြူနစ်တွေက် ဆွဲဆောင်နိုင်တယ်။ အဲဒီလို ဆွဲဆောင်လို့ သူတို့အဆိုအနိုင်ရရင် ဗိုလ်ချုပ်အောင်ဆန်း အစိုးရအဖွဲ့ သူတို့ရဲ့ အဆိုကု လက်ခံရမယ် အစိုးရအဖွဲ့ အဆိုအနိုင်ရရှိ ကွန်မြူနစ်တွေက အစိုးရအဖွဲ့ရဲ့ အဆိုကို လက်ခံရမယ် တပ်ပေါင်းစု ဆိုတာ ဒီလိုလုပ်ရမယ် ။ ကွန်မြူနစ်တွေကတော့ ဒီလိုမဟုတ်ဘူး။ ဖဆပလထဲမှာ

ဗိုလ်ချုပ်အောင်ဆန်းရဲ့အဆိုကို ပြင်းပြင်းထန်ထန် ဝေဘန်တယ်။ ကန့်ကွက်တယ်။ ဒါပေမယ့် သူတို့ကန့်ကွက်မှု ရှုံးသွားတဲ့အခါ သူတို့ရဲ့ ပြည်သူ့အာဏာ ဆိုတဲ့ ဂျာနယ်ထဲမှာ ပြင်းပြင်းထန်ထန် အစိုးရကို ရှုံ့ချတယ်။ ဝေဘန်တယ်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို ပြင်းပြင်းထန်ထန် ရှုံ့ချတယ်။ ဒီလိုလုပ်တာဟာ နည်းလမ်းမကျဘူး။ အဲဒါကြောင့် ဖဆပလ အလုပ်အမှုဆောင်အစည်းအဝေးတွေမှာ ကွန်မြူနစ်ကိုယ်စားလှယ်တွေကို ဗိုလ်ချုပ်အောင်ဆန်းက မကြာခဏ သတိပေးရတယ်။ သခင်နု၄ာနချုပ်ကို ရောက်လာတဲ့အခါ ပါတီတွင်းမှာ ကြိုက်သလို ဝေဘန်ပါ။ ဗျာနယ်ထဲက ဝေဘဖန်တာ နည်းလမ်းမကျ ဘူးလို့ သခင်နုကိုယ်တိုင် ကွန်မြူနစ်တွေကို အကြိမ်ကြိမ် ရှင်းပြဘူးတယ်၊ ဒါပေမဲ့ ပြောလို့မရဘူး။ ပြည်သူ့အာဏာ ဂျာနယ် ထဲက ဝေဖန်ချက် တွေ ရှုံ့ချချက်တွေဟာ တကြိမ်ထက် တကြိမ် ပိုပြီး ပြင်းထန်လာတယ်။ ကြမ်းတမ်းလာတယ်။ ဖဆပလ အလုပ်အမှုဆောင်အဖွဲ့ရဲ့ သဘောတူညီချက်ကို မယူဘဲ ကွန်မြူနစ်တွေဟာ သူတို့ရဲ့သဘောနဲ့ သူတို့ လူထု လှုပ်ရှားမှုတွေကို ပြင်းပြင်းထန်ထန်လှုံ့ဆော်အားပေးလာကြတယ်။ အဲဒါကြောင့် ၄ာနချုပ်ကို သခင်နု ရောက်လာပြီးလို့ ဘာမှ မကြာခင် ၁၉၄၆ ခုနှ စ်ံအောက်တိုဘာလအလယ်လောက်မှာ ဖဆပလ အလုပ်အမှုဆောင် အဖွဲ့ဟာ ကွန်မြူနစ်ပါတီကို ဖဆပလထဲက ထုတ်ပစ်လိုက်တယ် ။ အလုပ်အမှုဆောင်အဖွဲ့ရဲ့ ဒီဆုံးဖြတ်ချက်ကို နိုဝင်ဘာ အစလောက်မှာ ကျင်းပတဲ ဗဟိုကော်မတီ ညီလာခံက အတည်ပြုတယ်။

အဲဒီ ဗဟိုကော်မတီညီလာခံ ပြီးသွားတဲ့နေ့ကစပြီး သခင်နုရဲ့ ဦးနှောက်ထဲမှာ အကြံတခုဟာ ပြင်းပြင်းထန်ထန် ပေါ်နေတယ်။ အဲဒါကြောင့် ဒီအကြံနဲ့ပတ်သက်ပြီး တိုင်ပင်ရအောင် အထွေထွေအတွင်းရေးမှူးချုပ် ဦးကျော်ငြိမ်းကို ခေါ်လိုက်တယ်။ အချိန်ကတော့ ၁၉၄၆ ခုနှစ ံနိုဝင်ဘာလအလယ်လောက်ဖြစ်နေပြီ။ ကျော်ငြိမ်းရေ– ငါ့ဦးနှောက်ထဲမှာ အကြံတခု ပြင်းပြင်းထန်ထန် ပေါ်နေတယ်။ ဟုတ်ကဲ့။

အိန္ဒိယကို ဒိုင်အာခီအုပ်ချုပ်ရေးပေးဖို့ ၁၉၁၇ခုနှစ်ထဲမှာ ဗြိတိသျှအစိုးရက ကြေညာတဲ့အခါ ဗမာတွေဟာဟာ ဒိုင်အာခီနဲ့မသင့်တော်သေးဘူး ဆိုပြီးဗမာပြည်ကို ချန်ထားခဲ့တယ်။ ဗမာတွေဟာ အခုလို အနှိမ်ခံရတာကို ငုံ့မခံဘဲ ပြင်းပြင်းထန်ထန် နည်းမျိုးစုံနဲ့ တောင်းဆိုတဲ့အတွက် ၁၉၂၃ခုနှစ်ကျတော့မှ ဗမာပြည်ကို ဒိုင်အာခီ ပေးတယ်။အခုဆိုရင်လည်း ၁၉၄၆ ခုနှစ် မေလထဲမှာ ဗြိတိသျှ အစိုးရဟာ ဝန်ကြီးတွေပါဝင်တဲ့ အဖွဲ့တခုကို အိန္ဒိယ ကို စေလွှတ်ခဲ့တယ်။ ဘိလပ်က မထွက်ခွင် ဒီအဖွဲ့ဟာ အိန္ဒိယခေါင်းဆောင်တွေနဲ့ အန္ဒိယလွတ်လပ်ရေးကို ဆွေးနွေးပါလိမ့်မယ်။ လွတ်လပ်ပြီးတဲ့အခါ အိန္ဒိယဟာ ဗြိတိသျှ သဟာယ အဖွဲ့တွေအတွင်းမှာ နေလိုက နေနိုင်တယ်။ ထွက်လိုက ထွက်နိုင်တယ်။ လို့ ဗြိတိသျှအစိုးရက ပါလိမန်မှာ

အတအလင်းကျေညာခဲ့ရတယ်။ ဒို့ဗမာပြည်အတွက်ကျတော့ ဗမာပြည်ကို
စက္ကူဖြူစာတမ်းအရ အုပ်ချုပ်မယ်ဆိုတာကိုသာ ဗြိတိသျှအစိုးရက ကျေညာသေးတယ်။
လွတ်လပ်ရေး နဲ့ပတ်သက်ပြီး ဘာကိုမှ မကျေညာသေးဘူး။ ဒိစက္ကူဖြူစာတမ်းထဲက
အုပ်ချုပ်ရေးဆိုတာ ဒိုင်အာခီ အုပ်ချုပ်ရေးလောက်တောင် အသုံးမကျဘူး။
ဒို့နဲ့ အိန္ဒိယ ဘာကွာလဲ။ ကမ္ဘာစစ်ကြီးအတွင်းက ဗြိတိသျှအစိုးရကို ဒို့လဲ
အနောက်အယှက်ပေးခဲ့တာပဲ။ အိန္ဒိယလည်း အနောက်အယှက် ပေးခဲ့တာဘဲ။ ဒို့လည်း
လွတ်လပ်ရေးအတွက် ဂျပန်နဲ့ပေါင်ပြီး အင်္ဂလိပ်ကို ချခဲ့တာဘဲ။ အိန္ဒိယ
ခေါင်းဆောင်ကြီးတဦးဖြစ်တဲ့ ဆူဖတ်ချန်ဒရာဘို့စ်လည်း အိန္ဒိယလွတ်လပ်ရေးအတွက်
ဂျပ်န် နဲ့ပေါင်းပြီး အင်္ဂလိပ်ကိုချခဲ့တာပဲ၊ ဂျပန်တွေဟာ အိန္ဒိယထဲကို မဝင်နိုင်လို့ပဲ၊
ဝင်နိုင်ရင် အိန္ဒိယထဲမှာ ဆူဘတ်ချန်ဒရာဘို့စ်လို အိန္ဒိယအမျိုးသားတွေ သန်းနဲ့ချီပြီး
ပေါ်ကြဦးမယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။
အဲဒိလို အစအစ အရာရာမှာ တို့နဲ့ တူနေပြီး
အိန္ဒိယအတွက်တော့လွတ်လပ်ရေးပေးမယ်ဆိုတာ ကျေညာတယ်။ ဒို့ဗမာပြည်အတွက်
တော့ အခုထိ ဘာမှ မကျေညာသေးဘူး။
ဟုတ်တယ်။
ဗြိတိသျှတွေ အိန္ဒိယအတွက်လွတ်လပ်ရေးပေးမယ်လို့ ကျေညာပြီး
ဒို့ဗမာပြည်အတွက်တော့ မကျေညာတာဟာ ဘာဖြစ်လို့လဲ မင်းသိလား ကျော်ငြိမ်း။
ဘာဖြစ်လို့လဲ။
ဗြိတိသျှတွေ အိန္ဒိယ ကထွက်သွားကြဆိုတဲ့ ဆုံးဖြတ်ချက်ကို ၁၉၄၂ ခုနှစ် မှာချပြီ း
အိန္ဒိယအမျိုးသား တွေဟာ လူထု လှုပ်ရှားမှုတွေကို ပြင်းပြင်းထန်ထန် လုပ်ကြတယ်။
အဲဒိလို လုပ်တဲ့အတွက် အိန္ဒိယအမျိုးသား တွေရော၊ အမျိုးသမီးတွေပါ
ထောင်နဲ့သောင်းနဲ့ ချီပြီး အဖမ်းဆီး အချုပ်နှောင် ခံကြရတယ်။ ၁၉၄၅ ခုနှစ်ထဲမှာ
ဗြိတိသျှက စစ်နိုင်တဲ့အတွက ်ဖမ်းဆီးချုပ်နှောင်ထားတဲ့ အိန္ဒိယအမျိုးသား
အမျိုးသမီးတွေကို  ထောင်ထဲက အတော်များများ လွှတ်လိုက်တယ်။ ဒါပေမဲ့
အိန္ဒိယကွန်ကရက်အဖွဲ့ကြီးကတော့ ဗြိတိသျှ တွေ အိန္ဒိယကထွက်သွားကြဆိုတဲ့
၁၉၄၂ခုနှစ်တုန်းက ချထားခဲ့တဲ့ အဆိုကို ပြန်မရုတ်သိမ်းသေးဘူး။ လွတ်လပ်ရေး
မရသ၍ ရှေ့ကို ဆက်လှမ်းကြဘို့ စိစဉ်နေတယ်။ အဲဒါကို
ဗြိတိသျှတို့ကောင်းကောင်းသိတယ်။ ပထမကမ္ဘာစစ် ပွဲကြီးအ ပြီးတုန်းက အိန္ဒိယမှာ
လွတ်လပ်ရေးတိုက်ပွဲတွေ အပြင်းအထန်ပေါ်လာပြီး သွေးထွက်သံယိုမှုတွေ။
ဖမ်းဆီးချုပ်နှောင်မှုတွေ၊ ဆူပူသောင်း ကျန်းမှုတွေ အများကြီး
ပေပေါက်ခဲ့ဘူးတယ်ဆိုတာလည်း ဗြိတိသျှ တို့ ကောင်းကောင်း သတိရတယ်။
အဲဒါကြောင့်၁၉၄၆ခုနှစ် မေလထဲမှာ ဗြိတိသျှဝန်ကြီးတွေပါတဲ့ အဖွဲ့တခုကို
အိန္ဒိယကိုလွှတ်ပြီး လွတ်လပ်ရေး ပေးပါမယ်လို့ ကျေညာရတာပဲ။
ဟုတ်ကဲ့၊

ဒို့လည်း လွတ်လပ်ရေးပေးချင်ပေး။ မပေးရင် တိုက်ပွဲဝင်မယ် လို့ကျေညာပြီး အိန္ဒိယမှာလို တိုက်ပွဲဝင်ပြလိုက်ရင် ဒို့လွတ်လပ်ရေးအတွက်လဲ ဗြိတိသျှတွေ ကျေညာရမယ်။

ဟုတ်ကဲ့။

အိန္ဒိယမှာ တနိုင်ငံလုံးကို ကိုင်လှုပ်နိုင်တဲ့ မဟတ္တမဂန္ဒီ ရှိသလို ဒို့ဆီမှာလည်း တနိုင်ငံလုံးကိုကိုင်လှုပ်နိုင်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရှိတယ်။ အဲဒါကြောင့် ဒို့လွတ်လပ်ရေးအတွက် ဆုံးဖြတ်ချက်တခုချပြီး တိုက်ပွဲဝင်ချင်တယ်။ ငါ့မှာ ဆန္ဒရှိတဲ့အကြောင်း မင်းဗိုလ်ချုပ်ကို သွားပြောချီကွာ။ လို့ သခင်နုက ပြောတဲ့အတွက် ဦးကျော်ငြိမ်းဟာ ဗိုလ်ချုပ်အောင်ဆန်း ရှိရာ အတွင်းဝန်ရုံးကို လိုက်သွားဘို့ ထသွားတယ်။ တမိနစ်လောက်ကြာတဲ့အခါ  တစုံတခု ကို သတိရတဲ့အတွက် သခင်နုဟာ ဦးကျော်ငြိမ်းကိုလိုက်ခေါ်ပြန်တယ်။

ကျော်ငြိမ်းရေ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မယ်ဆိုရင် မြန်မြန်ဝင်ရမယ်။ လက်နှေးလို့ မဖြစ်ဘူး။ ပြည်သူလူ ထုဆိုတာ စိတ်အပြောင်းအလဲ အင်မတန်မြန်တယ်။ ဒို့လက်နှေးနေရင် နိုင်ငံရေးခေါင်းဆောင်မှုဟာ ဖဆပလ လက်က ကွန်မြူနစ်တွေရဲ့ လက်ထဲ ရောက်သွားနိုင်တယ်။ ဒါဟာ ငါတမင်ကလာ ချဲ့ပြီးပြောတာ မဟုတ်ဘူး ။ ငါနိုင်ငံရေးလုပ်လာတာကြာပြီ။ လူထု ဂဲ့သဘောကို ငါကောင်းကောင်းသိတယ်။ အဲဒီတော့ လွတ်လပ်ရးတိုက်ပွဲဝင်ဘို့ ဒို့လက်နှေးနေရင် နိုင်ငံရေး ခေါင်းဆောင်မှုဟာ ကွန်မြူနစ်တွေရဲ့ လက်ထဲ ရောက်သွားနိုင်တယ်ဆိုတာ ငါတကယ်ပြောတာ။ နောက်တောက်တောက်ပြောနေတာ မဟုတ်ဘူ။

ငါ့အနေနဲ့ဆိုရင်တော့ ဖဆပလ ကယူပေးတဲ့ လွတ်လပ်ရေးကိုသာ ငါလိုချင်တယ်။ ကွန်မြူနစ်တွေကပေးတဲ့ လွတ်လပ်ရေးကို ငါမလိုချင်ဘူး။ ဗိုလ်ချုပ်ကို အဲဒိအချက် မင်းသေသေချာချာ ရှင်းပြကွာ။

ဟုတ်ကဲ့။

ဗိုလ်ချုပ် သေသေချာချာ စဉ်းစားနိုင်အောင် ငါဘာလုပ်ချင်တယ်ဆိုတာကို အခုတခါတည်း မင်းကို ငါပြောပြလိုက်မယ်။

ဟုတ်ကဲ့။

၁။ လွတ်လပ်ရေးကို တနှစ်အတွင်းပေးပါ့မယ်လို့ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်နေ့မတိုင်ခင် ဗြိတိသျှအစိုးရတို့မှ ကျေညာရန်။

၂။  အကယ်၍မကျေညာလျှင် ဖဆပလ ကိုယ်စားလှယ်တွေအနေနဲ့ အစိုးရအဖွဲ့မှ နှုတ်ထွက်ပြီး လွတ်လပ်ရေး အတွက်အနုနည်းနဲ့ အာဏာဖီဆန်ရန်။

အဲဒီအချက်နှစ်ချက်ပါတဲ့ ဆုံးဖြတ်ချက်ကို ချပြီး ပြည်တွင်းမှာလည်း ကျေညာမယ်။ ဗြိတိသျှအစိုးရကိုလည်း အကြောင်းကြားမယ်။ အဲဒီနောက် အနုနည်းနဲ့

အာဏာဖီဆန်ဘို့ လိုအပ်တဲ့ အစီအစဉ်တွေ ကို လုပ်မယ်။ ဒို့တောင်းတဲ့အတိုင်း ဗြိတိသျှအစိုးရက ကျေညာရင် အာဏာဖီဆန်ဘို့မလိုဘူး။ မကျေညာရင် အာဏာဖီဆန်မယ်။ ဒါပဲ။
ဦးကျော်ငြိမ်းလဲ ဗိုလ်ချုပ်ကိုရှင်းပြရအောင် အတွင်းဝန်ရုံးကို ထွက်သွားတယ်။ နောက် သုံးနာရီလောက် ကြာတဲ့အခါ ပြန်လာပြီး သူရှင်းပြတဲ့ ကိစ္စကို အလုပ်အမှုဆောင်အစည်းအဝေးမှာ ဆွေးနွေးမယ်။ အလုပ်အမှုဆောင် အစည်းအဝေးကို အဲဒီနေ့ညမှာဘဲ ခေါ်ဘို့ ဗိုလ်ချုပ်အောင်ဆန်းက မှာလိုက်တဲ့အကြောင်း ဦးကျော်ငြိမ်းက သခင်နုကို ရှင်းပြတယ်။ အလုပ်အမှုဆောင်အစည်းအဝေးစတဲ့အခါ သခင်နုက သူ့အဆိုကို တင်တယ်။ ဦးကျော်ငြိမ်းက ထောက်ခံတယ်။
အဖွဲ့ဝင်တွေထဲက လူကြီးသုံးလေးဦး က ကန့်ကွက်တယ်။ ကျန်အဖွဲ့ဝင်တွေကတော့ ဘာမှ မပြောဘူး။ ဗိုလ်ချုပ်ဘာပြောမယ်ဆိုတာ စောင့်နားထောင်နေပုံပေါ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းမှာ သူ့ဟာသူ ဆုံးဖြတ်ထားတာရှိနေပါပြီ။ ဒါပေမဲ့ သူ့ ဆုံးဖြတ်ချက်ကို တော့ သူမပြောပြသေးဘူး။ တခြားအဖွဲ့ဝင်တွေ စုံစုံလင်လင် မပြောရသေးခင် သူ ပြောလို့မကောင်းဘူး။ သူက အဆိုကို ထောက်ခံလိုက်ရင် ဘယ်သူမှ ကန့်ကွက်မှာ မဟုတ်တော့ဘူး။သူက ကန့်ကွက်လိုက်ရင်လည်း ဘယ်သူမှ ထောက်ခံတော့မှာ မဟုတ်ဘူး။ အဖွဲ့ဝင် လူကြီးတွေ  စုံစုံလင်လင် ပြောတာကို သူနားထောင်ချင်တယ်။ အဲဒါကြောင့် အဲဒီညက ဗိုလ်ချုပ်အောင်ဆန်းဟာ သူများပြောတာကိုသာ နားထောင်နေတယ်။ ဘာမှ ဝင်မပြောဘူး။
သခင်နုဆိုတဲ့လူကလည်း ဘယ်လို လူစားလဲမဆိုနိုင်ဘူး။ သူ့ကို လူဆန်းလို့ ပဲခေါ်ရမလား။ ဂွစာလို့ပဲ ခေါ်ရမလား။ ဇွတ်တရွတ်သမားလို့ပဲ ခေါ်ရမလား။ ဘယ်လို ခေါ်ရမှန်းတောင် မသိဘူး။ သူ့အဆိုကို အလုပ်အမှုဆောင်အဖွဲ့ထဲမှာ တယောက်ထဲ ထောက်ခံမဲ့လူရှိတယ်။ အဲဒီလို လူကြိုက်နဲနေတဲ့အတွက် သူ့ စိတ်ဓာတ် ကျမဆင်းသွားဘူး။ သူ့အဆိုကို လက်ခံအောင် နည်းအမျိုးမျိုးနဲ့ စိတ်လန်မာန်ပါ ဇွတ်အတင်းပြောနေတာပဲ။ ည ၁၁နာရီလောက်ရှိတဲ့အခါကျတော့ အလုပ်အမှုဆောင်အဖွဲ့ဝင် လူကြီးတွေလဲ အတော် ပင်ပမ်းလာကြကုန်ပြီ။ အဲဒါကြောင့် ကြားဖြတ်တဲ့အနေနဲ့ အဖွဲ့ဝင်လူကြီးတဦးက အစိုးရအဖွဲ့က နုတ်ထွက်ရန် ဆိုတဲ့ အပိုင်းနဲ့ အာဏာဖီဆန်ရန်ဆိုတဲ့အပိုင်းကို ဖြုတ်ပစ်ပြီး တနှစ်အတွင်း လွတ်လပ်ရေးပေးပါမယ်ဆိုတဲ့ ဗြိတိသျှ အစိုးရအဖွဲ့က ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်နေ့မတိုင်မီ ကြေငြာရန် ဆိုတဲ့ အပိုင်းကို ဘဲ ဆုံးဖြတ်ချက်ချရန် အကြံပေးတယ်။ ဒီအကြံဟာ ဘာမှ တန်ဘိုးမရှိဘူးဆိုပြီး သခင်နုက ပယ်ပစ်လိုက်တယ်။ ဒီအပိုင်းလောက်သာ ဆုံးဖြတ်ချက်ချမယ်ဆိုရင် ဘာမှ မဆုံးဖြတ်တာကပိုကောင်းဦးမယ် ဆိုပြီး သခင်နုက သရော်တော်တော် ပြောလိုက်သေးတယ်။ သန်းခေါင်ကျော်လောက် ရောက်လာတဲ့အတွက် နောက်ညမှ ဆက်ပြီး စဉ်းစားဘို့ ဗိုလ်ချုပ်အောင်ဆန်းက အလုပ်အမှုဆောင် အစည်းအဝေးကို

ရွေ့ဆိုင်းပစ်လိုက်တယ်။
နောက်တနေ့မှာ ဗိုလ်အောင်ဆန်းဟာ ဖဆပလ ဌာနချုပ်ကို ရောက်လာပြီး သခင်နုနဲ့တွေ့တယ်။ သခင်နုဆိုတဲ့ အတိုင်းလုပ်ရမှာဘဲ။ မလုပ်ရင် လွတ်လပ်ရေးပြဿနာဟာ မြုပ်သွားလိမ့်မယ်။ ဒါပေမဲ့အာဏာဖီဆန်တဲ့အခါ ကျနော်တို့ လူတွေ အကြမ်းမဖက်ဘို့ အတော်ထိန်းပေးရမယ်။ အကြမ်းဖက်လိုက်ရင်တော့ လွတ်လပ်ရေးတိုက်ပွဲလည်း ပျက်သွားမှာဘဲ။ လွတ်လပ်ရေးနဲ့လည်း ဝေးသွားမှာဘဲ လို့ သခင်နုကိုပြောတယ်။ ညဖက်မှာ အလုပ်အမှုဆောင်အစည်းအဝေး စတဲ့အခါ သခင်နုနဲ့ ဦးကျော်ငြိမ်း တို့ဘာမှ ပြောစရာ မလိုဘူး။ လွတ်လပ်ရေးဟာ အရေးကြီးဆုံးပြဿနာဖြစ်တယ်။ အဲဒီတော့ ဒီပြဿနာကို ဦးစားပေးပြီးဆောင်ရွက်ရမယ်။ ဒီလိုဦးစားပေးပြီး မဆောင်ရွက်ရင် လွတ်လပ်ရေးကို ကျနော်တို့မျက်ခြေပြတ်သွားလိမ့်မယ်။ ဒိလွတ်လပ်ရေးကို ဦးစားပေးပြီး ဆောင်ရွက်မယ်ဆိုပြန်ရင်လည်း တနှစ်အတွင်း လွတ်လပ်ရေးပေးပါလို့ ၁၉၄၇ ခု ဇန်နဝါရီလ ၃၁ ရက်နေ့ မတိုင်မီ ကျေညာခိုင်းရုံနဲ့ မလုံလောက်သေးဘူး။ မကျေညာရင် ကျနော်တို့က ဘာလုပ်မယ်ဆိုတာပါ ပါ ၇မယ်။ အဲဒါမပါ ၇ှ် ကျနော်တို့ရဲ့ ဆုံးဖြတ်ချက်ကို ဗြိတိသျှ အစိုးရတို့က ဖိုင်တွဲချင်လည်း တွဲထားလိမ့်မယ်။ စက်ကူ စုတ်ထည့်တဲ့ ခြင်းထဲ ဆုတ်ပစ်ပြီးထည့်ရင်လည်းထည်လိမ့်မယ်။ အဲဒါကြောင့် ဗြိတိသျှ အစိုးရတို့ က မကျေညာရင် ကျနောတို့ဘာလုပ်မယ်ဆိုတာ ထည့်ရမယ်။ မထည့်လို့လည်း မဖြစ်ဘူးဆိုတဲ့ အချက်တွေကို ဗိုလ်ချုပ်အောင်ဆန်းဟာ အကျယ်ချဲ့ပြီး တနာရီလောက်ပြောတယ်။ ကန့်ကွက်မဲ့သူ တယောက်မှ မရှိဘူး။ အဲဒီလို ပြော ပြီးတဲ့နောက် အာဏာ ဖီဆန်တယ်ဆိုတာ မလုပ်ရင် မဖြစ်လို့ သာလုပ်ရမှာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ အိန္ဒိယမှာ မဟတ္တမဂန္ဒီဟာ အနုနည်းနဲ့ အာဏာဖီဆန်ဘို့ သူ့လူတွေကို ညွှန်ကြားတယ်။ လူတချို့သာ နားထောင်တယ်။ တချို့နားမထောင်ဘူး။ ကျနော်တို့ဗမာတွေဟာ သိပ်စိတ်ဆတ်တယ်။အနုနည်းနဲ့ ဘယ်လောက်အထိ အာဏာဖီဆန်နိုင်မလဲဆိုတာ စောင့်ကြည့်ရမှာပဲ။ အိန္ဒိယမှာ တချို့လူတွေဟာ အကြမ်းဖက်လာတဲ့အခါ မဟတ္တမဂန္ဒီဟာ အာဏာဖီဆန်ရေးကို ရုတ်သိမ်းပစ်တယ်။ ကျနော်တို့လူတွေလည်း ကျနော်တို့စကားကို နားမထောင်ကြဘဲ အကြမ်းဖက်လာရင် အာဏာဖီဆန်ရေးကို ချက်ချင်းရပ်ပစ်ရမှာဘဲ၊ အစရှိတဲ့ သတိပေးစကားတွေကို လည်း ဗိုလ်ချုပ်ကပြောသွားတယ်။ ဗိုလ်ချုပ်ပြောပြီးတဲ့နောက် အလုပ်အမှုဆောင်အဖွဲ့ ဟာ အဆိုကို တညီတညွတ်တည်း ဆုံးဖြတ်ချက်ချလိုက်ပြီးပြည်တွင်းမှာလည်း ကျေညာတယ်။ ဗြိတိသျှအစိုးရကိုလည် အကြောင်းကြားတယ်။'
၁၉၄၆ ခု နိုဝင်ဘာလအကုန်လောက်ကို ရောက်တဲ့အခါ ဦးကျော်ငြိမ်းကို ဗိုလ်ချုပ်အောင်ဆန်းက ခေါ်လိုက်တယ်။ ဦးကျော်ငြိမ်း ပြန်လာတဲ့အခါ ဘိလပ်ကို လာပြီးဆွေးနွေးကြဘို့ဗြိတိသျှအစိုးရကဗိုလ်ချုပ်တို့ကို ဖိတ်ပြီး ဗိုလ်ချုပ်တို့ကလည်း

ဖိတ်ကြားလွှာကို လက်ခံလိုက်ပြီလို့ သခင်နုကို အကြောင်းကြားတယ်။
ဖိတ်ကြားချက်ထဲမှာ ဗမာပြည်အတွက် လွတ်လပ်ရေးကိစ္စကို ဆွေးနွေးဘို့
ပါသလားလို့ သခင်နုက ဦးကျော်ငြိမ်းကိုမေးတယ်။ မပါဘူး။ ဆွေးနွေးရအောင်
ဘိလပ်ကိုလာပါလို့သာ ဖိတ်တာပဲလို့ ဦးကျော်ငြိမ်း ကဖြေတယ်။ ဒီလိုသာမန်
ဖိတ်ကြားချက်မျိုးကို ဒို့လက်ခံဘို့ မကောင်းဘူး။ ဒီနှစ်မေထဲမှာ အိန္ဒိယကို
ဗြိတိသျှဝန်ကြီး တွေ ပါတဲ့ အဖွဲ့တခုစေလွှတ်ခဲ့တုန်းက ဒီအဖွဲ့ ဘိလပ်က မထွက်ခင်
ပါလီမန်မှာ ဗြိတိသျှအစိုးရက ကျေညာချက် တခုထုတ်ပြန်ခဲ့ရတယ်။
ဒိထုတ်ပြန်ချက်ထဲမှာ ဒီအဖွဲ့ဟာ အိန္ဒိယခေါင်းဆောင်တွေနဲ့ လွတ်လပ်ရေးကိစ္စ
ဆွေးနွေးမယ်။ လွတ်လပ်ရေး ရပြီးတဲ့အခါ အိန္ဒိယဟာ ဗြိတိသျှ သဟာယအဖွဲ့ထဲမှာ
နေလိုက နေနိုင်တယ်။ ခွဲထွက်လိုက ခွဲထွက်နိုင်တယ် ဆိုတာကိုပါ ထည့်သွင်းေ
ကျေညာခဲ့ရတယ်။ အဲဒိလို ကျေညာချက်မျိုးသာ မပါဘဲ သာမန်
ဖိတ်ကြားချက်မျိုးသာဆိုရင် ဗြိတိသျှအစိုးရရဲ့ ဖိတ်ကြားချက်ကို
ဒို့လက်မခံသင့်ဘူးလို့ သခင်နုက ပြောတယ်။ ကျနော်တို့ အစိုးရအဖွဲ့က
လက်ခံပြီးပြီ။ လက်ခံတယ်ဆိုတာကလည်း ဘုရင်ခံကို အကြောင်းကြားပြီး သွားပြီ။
လို့ ဦးကျော်ငြိမ်းက ရှင်းပြတယ်။ ဒီလိုဆိုတော့ ကိစ္စဟာ တော်တော်ပြီးနေပြီ။
ဒါပေမဲ့က မင်းဗိုလ်ချုပ်ဆီကို အခုပြန်သွားပြီး ငါပြောတဲ့အချက် ကို ပြောပြပါဦး။
သူဘာပြောမယ်ဆိုတာ ငါ ကြားချင်တယ်လို့ပြောပြီး
ဦးကျော်ငြိမ်းကိုပြန်လွှတ်လိုက်တယ်။ နောက်နှစ်နာရီလောက်ကြာတဲ့အခါ
ဦးကျော်ငြိမ်းပြန်လာပြီး ဒီကနေ့ည အလုပ်အမှုဆောင်အစည်းအဝေးခေါ်။ ဒိကိစ္စကို
ဆွေးနွေးမယ်လို့ ဗိုလ်ချုပ်ပြောလိုက်တဲ့ အကြောင်းရှင်းပြတယ်။
အလုပ်အမှုဆောင်အစည်းအဝေးဟာ ဒိတခါမှာတော့ သခင်နုတင်ပြတာကို
လက်ခံတယ်။ ဒါပေမဲ့ ဗြိတိသျှ အစိုးရအဖွဲ့ရဲ့ ဖိတ်ကြားချက်ကို
လက်ခံပါတယ်ဆိုတဲ့စကားပြန်ပြီး နေပြီ။ အခုအချိန်မှ ဒီစကား ကို
တမျိုးပြန်ပြင်နေရင် မကောင်းဘူးလို့ ဝိုင်းပြောကြတယ်။ ဒီကိစ္စကို သာမန်ကိစ္စလို
သဘောထားလို့မရဘူး။ ဗမာနိုင်ငံရဲ့ဂုဏ် ။ ဘိလပ်ကို ဆွေးနွေး ရအောင်သွားကြမဲ့
ဖဆပလကိုယ်စားလှယ် တွေရဲ့ ဂုဏ် တွေကို ကျနော်တို့အများကြီးငဲ့ရမယ်။
ဗမာနိုင်ငံက ခေါင်းဆောင်တွေဟာ ဗြိတိသျှအစိုးရ ကလာကြအုံးလို့ ခေါ်လိုက်ရင်
ဘာမှန်းညာမှန်းမသိ ထသွားကြတာပဲ ဆိုတာမျိုးကမ္ဘာမျက်စိထဲမှာ မပေါ်စေချင်ဘူး။
ဗြိတိသျှ ဝန်ကြီးအဖွဲ့ဟာ အိန္ဒိယကို မလာခင် အရေးကြီးတဲ့ ကျေညာချက်တရပ်ကို
ပါလီမန်မှာ ထုတ်ပေးနိုင်ရင် ဖဆပလ ခေါင်းဆောင်တွေ ဘိလပ်အသွားမှာလည်း
ပါလီမန်က ထုတ်ပေးနိုင်ရမယ်။ မထုတ်ပေးရင် ဖဆပလ ခေါင်းဆောင်တွေ
မသွားရဘူး။ ခင်ဗျားတို့သွားချင်တယ် ဆိုရင် ဒီလိုသွားတာကို ကျနော်
သဘောမတူဘူးဆိုတာကို မှတ်တမ်းတင်ထားပါ။ လို့ သခင်နုက ပြောတယ်။
အလုပ်အမှုဆောင် လူကြီးတွေကလည်း ဖိတ်ကြားချက်ကို လက်ခံတဲ့အကြောင်း

ဘုရင်ခံကိုစကားပြန်ပြီးပြီ။ အခုအချိန်မှ စကားပြင်ရင် မကောင်းဘူးဆိုတာဘဲ ထပ်ပြောကြတယ်။ အဲဒီအခါ သခင်နုက အလုပ်အမှုဆောင်အဖွဲ့က သဘောတူရင် ဘုရင်ခံကို သူသွားတွေ့မယ်။ လို့ပြောတယ်။ အားလုံးက သဘောတူတဲ့အတွက် ဦးကျော်ငြိမ်းကို ခေါ်ပြီး သခင်နုဟာ ဘုရင်ခံနဲ့တွေ့တယ်။ ဘုရင်ခံ ဆာဟူးဘတ်ရန်စ့်ဟာ သဘောထား အလွန်မြင့်မြတ်သူ ဖြစ်တယ် သခင်နုပြောနေတာကို ထောက်ထားညှာတာတဲ့စိတ်နဲ့ နားထောင်နေတယ်။ သခင်နုပြောပြီးတဲ့အခါ ဘုရင်ခံက ဘိလပ်အစိုးရကို ချက်ချင်းအကြောင်းကြားပေးမယ်လို့ စကားပြန်တယ်။
၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့ ရောက်တဲ့အခါ ဗြိတိသျှ သဟာယအဖွဲ့နှဲ့ အင်ပိုင်ယာ အတွင်းမှာ မနေလိုသော နိုင်ငံများအား နေအောင် ဆွဲထားရန် ကျွန်ုပ်တို့မှာ ဆန္ဒမရှိပါ။ မမာပြည်နောင်ရေးကို ဗမာနိုင်ငံသူ နိုင်ငံသားများကသာ ဆုံးဖြတ်နိုင်ရမည်။
အခုအခါ အုပ်ချုပ်ရေးသည် ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော မြန်မာအမျိုးသားများ လက်တွင်းမှာ ရောက်နေပါပြီ။
လွတ်လပ်ရေးပန်းတိုင်သို့ ချီတက်သည့်အခါ လျှင်လျှင်မြန်မြန် ချီတက် ရမည်ဖြစ်သော်လည်းဗမာနိုင်ငံသူနိုင်ငံသား များ၏ အကျိုးစီးပွားအလို့ငှာ စည်းကမ်းတကျ ချီတက်နိုင်ကြဘို့ အထူးအရေးကြီးပါသည်။ အစရှိသတဲ့ ကျေညာချက်တခုကို ဝန်ကြီးချုပ် အက်တလိက ပါလီမန်မှာ ကျေညာပေးပါတယ်။ ဒီကျေညာချက်ဟာ အထူးလုံလောက်နေတဲ့အတွက် ဖဆပလ ခေါင်းဆောင်များ ၊ ဘိလပ်သွားရန်အဆိုကို အလုပ်အမှုအောင်အဖွဲ့ က ဆုံးဖြတ်ပေးလိုက်ပါတယ် ။ ဒါပေမဲ့ ဒီကိစ္စဟာ မပြီးသေးဘူး။ ဖဆပလခေါင်းဆောင်တွေ ဗြိတိသျှ အစိုးရနဲ့ တွေ့တဲ့အခါ ဘာတွေ ဆွေးနွေးရမယ်ဆိုတာ ကိုစဉ်းစားဘို့အတွက် ဗိုလ်ချုပ်အောင်ဆန်းက အလုပ်အမှုဆောင် အစည်းအဝေး တခု ခေါ်ပေးတယ်။ အဲဒီအစည်းအဝေးမှာ သခင်နုက တခြားအချက်တွေကို မလိုချင်ဘူး။ တချက်ဘဲလိုချင်တယ် လို့ ပြောတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ဘာလဲလို့မေးတယ်။ သခင်နု လိုချင်တဲ့အချက်တချက်ဆိုတာ ဘာလဲ ဆိုကို သိဖို့အတွက် ဒိနေရာမှာ နဲနဲ လောက် ရှင်းပြဘို့လိုပါလိမ့်မယ်။
ဗြိတိသျှ အစိုးရတို့က အိန္ဒိယ ကို စေလွှတ်လိုက်တဲ့ ဗြိတိသျှ ဝန်ကြီးများအဖွဲ့နဲ့ အိန္ဒိယ ခေါင်းဆောင်များဟာ လွတ်လပ်ရေးကိစ္စကို ဆွေးနွေးပြီးတဲ့အခါ အိန္ဒိယမှာ အထွေထွေ ရွေးကောက်ပွဲကြီးတခု ကျင်းပပေးဘို့ အရေးတကြီးလိုလာတယ်။ အဲဒီရွေးကောက်ပွဲမှာအနိုင်ရတဲ့ အဖွဲ့ဟာ အိန္ဒိယတနိုင်ငံလုံးဆိုင်ရာ အစိုးရ အဖွဲ့ကို ဖွဲ့ပြီး အဲဒီအစိုးရကို ဗြိတိသျှအစိုးရတို့က အာဏာလွှဲပေးမယ်။ပြီးတော့မှ အဲဒီအစိုးရက ဦးဆောင်ပြီး အိန္ဒိယနိုင်ငံသစ်ရဲ့ အခြေခံ အုပ်ချုပ်ရေးစည်းမျဉ်းဥပေဒသစ်ကို ရေးဆွဲ ၇မယ်။ အဲဒါကြောင့် ၁၉၄၆ ခုနှစ်နိုဝင်ဘာ

လအတွင်းမှာ အထွေထွေရွေးကောက်ပွဲကြီးကို စတင်ကျင်းပခဲ့တယ်။ အိန္ဒိယဟာ အလွန်ကြီးတဲ့နိုင်ငံကြီးဖြစ်တဲ့အတွက် နိုဝင်ဘာလအတွင်းမှာ စတင် ကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲကြီးဟာ ဒီဇင်ဘာထဲ ရောက်မှ ပြီးသွားတယ်။ အဲဒီအထွေထွေ ရွေးကောက်ပွဲကြီးကို အိန္ဒိယမှာ ကျင်းပတဲ့အခါ ဗြိတိသျှအစိုးရတို့ ပြဋ္ဌာန်းထားခဲ့တဲ့ ၁၉၃၅ ခုနှစ် အိန္ဒိယနိုင်ငံတော် အစိုးရအုပ်ချုပ်ရေးဥပဒေအရကျင်းပခဲ့တယ်။ ဗြိတိသျှအစိုးရနဲ့ ဖဆပလ ကိုယ်စားလှယ် တွေ လွတ်လပ်ရေးနဲ့ပတ်သက်ပြီး သဘောတူညီချက်ရရင် ဗမာနိုင်ငံမှာလည်း အလားတူ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးဖို့လိုလိမ့်မယ်။ အဲဒီရွေးကောက်ပွဲကို ကျင်းပတဲ့အခါ အိန္ဒိယမှာလိုပဲ ဗြိတိသျှတို့ ဗမာနိုင်ငံအတွက် ပြဋ္ဌာန်းထားတဲ့ ၁၉၃၅ ခုနှစ် ဗမာနိုင်ငံ တော် အစိုး အုပ်ချုပ်ရေး ဥပဒေအရ ကျင်းပပေးစရာ အလားအလာတွေ အများကြီး ရှိတယ်။ သခင်နုက ဒီဥပဒေအရ အထွေ ထွေ ရွေးကောက်ပွဲ ကျင်းပတာကို မကြိုက်ဘူး။ သူမှာ လုံလောက်တဲ့ အကြောင်းတွေ ရှိပါတယ်။ ဒီအကြောင်းတွေဟာ ဘာတွေလဲဆိုတော့ နဲနဲလောက်ကြည့်ရအောင်။

ဒီ၁၉၃၅ ခုနှစ် ဗမာနိုင်ငံတော် အစိုးရ အုပ်ချုပ်ရေး ဥပဒေကို ဇာတ်ဌာနဥပဒေအဖြစ်နဲ့ ဗမာတွေ အသိများတယ်။ ဒီဥပဒေအရ ဗမာတွေလက်ထဲကို ဇာတ်ဌာနအုပ်ချုပ်ရတဲ့အာဏာ တွေအပ်ထားတယ်လို့ဆိုထားသော်လည်း တကယ့်အာဏာဟာ ဘုရင်ခံရဲ့လက်ထဲမှာ ရှိတယ်။ အဲဒါကြောင့် ဒီဥပဒေဟာ တိုင်းပြည်နဲ့ အမျိုးသား အတွက အဘာမှ အကျိုးမရှိ။ ရာထူးငတ်နေတဲ့ စောက်ငတ်တွေအတွက်သာ အကျိုးရှိတဲ့ဥပဒေ အဖြစ်နဲ့ လူငယ်ရော လူကြီးပါ တနိုင်ငံလုံး ဝိုင်းပြီး ပျက်ဂုယ် ပြုနေတဲ့ ဥပဒေ ဖြစ်တယ်။ အဲဒီဥပဒေအရ အထွေထွေ ရွေးကောက်ပွဲကြီးကို လုပ်မယ်ဆိုရင် ရမဲ့လွတ်လပ်ရေးကို ပြည်သူလူထုက သို့လောသို့လော တွေးတော သံသယ ဖြစ်လာနိုင်စရာ အကြောင်းရှိတယ်လို့ သခင်နုက ယူဆတယ်။ နောက်ပြီးတော့လည်း သူ့အသက်နဲ့ထပ်တူထပ်မျှ မြတ်နိုးလှတဲ့ လုံးဝလွတ်လပ်ရေးကို သူတသက်လုံး ရှုံ့ချ ကဲ့ရဲ့ ပျက်ရယ်ပြုခဲ့တဲ့ ဥပဒေကြီးနဲ့အတူ ဗမာသမိုင်းမှာ တွဲပြီးမှတ် တမ်းတင်ထားရမှာလကို သခင်နု အင်မတန်စက်ဆုတ်တယ်။ နောက်ထပ်ပြီးတော့လဲ သခင်နုမှာ အကြောင်းကြီးတကြောင်းရှိသေးတယ်။ ၁၉၃၅ ခုနှစ် ဥပဒေအရ အ႒ယ်ရောက်သူတိုင်းမှာ မဲပေးနိုင်ခွင့်မရှိဘူး။ အရွယ်ရောက်ပြီး ပစ်စည်း ဘယ်လောက်ရှိမှ အခွန်ဘယ်လောက်ပေးမှ စသဖြင့် မဲဆန်ဒရှင် တဦးအတွက် အရည်အချင်းတွေ ကန့်သတ်ထားတယ်။ ဒီလိုကန့်သတ်ထားတာကို သခင်နု မကြိုက်ဘူး။ အရွယ်ရောက်သူတိုင်း မဲပေးနိုင်ခွင့်ရှိတာကို သခင်နု ကြိုက်တယ်။ အရွယ်ရောက်သူတိုင်းကို မဲပေးနိုင်တဲ့ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ အဖွဲ့မှ တိုင်းပြည်ကို ကိုယ်စားပြုတဲ့ အဖွဲ့ဖြစ်နိုင်တယ် လို့ သခင်နုက ယူဆတယ်။ အဲဒါကြောင့်၁။ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်အစိုးရ အုပ်ချုပ်ရေးဥပဒေအရ

ရွေးကောက်ထားတဲ့သာမန် ဥပဒေပြုလွှတ်တော် အလိုမရှိ။ ၂။ လွှတ်လပ်တော့မယ့်
နိုင်ငံတိုင်းမှာ ကျင်းပလေ့။ ကျင်းပမြဲ ဖြစ်တဲ့အရွယ်  ရောက်သူတိုင်းက
ရွေးကောက်တင်မြောက်တဲ့ တိုင်းပြုပြည်ပြုလွှတ်တော် ကိုသာ အလိုရှိတယ်။ ၃။
အဲဒီတိုင်းပြည်ပြု လွှတ်တော်ကို ရွေးကောက်နိုင်ဘို့အတွက် ဥပဒေအသစ်တရပ်ကို
ဗြိတိသျှအစိုးရ တို့က ပြဋ္ဌာန်းပေးရမယ်လို့ သခင်နု က အလုပ်အမှုဆောင်အဖွဲ့ကို
အဆို တင်သွင်းတယ်။
အိန္ဒိယမှာ ၁၉၃၅ ခုနှစ် အိန္ဒိယနိုင်ငံတော်အစိုးရ အုပ်ချုပ်ရေးဥပဒေအရ
ရွေးကောက်ပွဲလုပ်ရတယ်။  ဗမာနိုင်ငံအတွက်လည်း ဒီအတိုင်းလုပ်ပေးမှာဘဲ။
သခင်နုတောင်းဆိုတဲ့အတိုင်း မဖြစ်နိုင်ဘူးလို့ တချို့ အလုပ်အမှုဆောင်တွေက
အကြောင်းပြတယ်။ သခင်နုကဖြစ်နိုင်တယ်လို့ ပြောတယ်။ အလုပ်အမှုဆောင်အဖွဲ့ က
သဘောတူရင် ဒီကိတ်စကို ဘုရင်ခံနဲ့ သူသွားဆွေးနွေးမယ်လို့ ပြောတယ်
အလုပ်အမှုဆောင် အဖွဲ့ သဘောတူတဲ့ အတွက် သူ့လက်စွဲတော် ဦးကျော်ငြိမ်းကို
ခေါ်ပြီး ဘုရင်ခံနဲ့တွေ့တယ်။ အဲဒီအချိန်မှာ ဆာစီလဘတ်လိတ်သဝိတ် ဆိုတဲ့ ဥပဒေ
ကျွမ်းကျင်သူ တဦး ဘိလပ်ကရောက်နေတယ်။ အဲဒါကြောင့် ဘုရင်ခံက သခင်နုတို့ကို
ဒီပုဂ်ဂိုလ်နဲ့ ဆုံပေးတယ်။ ဒီပုဂ်ဂိုလ်က အိန္ဒိယမှာ ၁၉၃၅ ခုနှစ် ဥပဒေအရ
အထွေထွေ ရွေးကောက်ပွဲကျင်းပပေးခဲ့တယ်။ ဗမာပြည်မှာလည်း
ဒီအတိုင်းကျင်းပပေးရမှာဘဲလို့ ဖြေတယ်။ ဒီအဖြေကို သခင်နု မကြိုက်ဘူး။
တိုင်းပြည်ပြုလွှတ် တော် ကျင်းပရေးကိတ်စဟာ ဗမာပြည်အတွက်သိပ်အရေးကြီးတယ်
။ အဲဒီအရေးကြီးတဲ့အချက် ကို မရရင် ဖဆပလ ကိုယ်စားလှယ်တွေက ဆွေးနွေးပွဲကို
ဖျက်ပြီး ပြန်လာခဲ့ရမယ်လို့ သခင်နုက အလုပ်အမှုဆောင်အဖွဲ့ကို ပြောပြတယ်။
သခင်နုဟာ သူ့သူငယ်ချင်း ဗိုလ်ချုပ်အောင်ဆန်းကို သိပ်အားကိုးတယ်။
ဗိုလ်ချုပ်အောင်ဆန်းရဲ့ အရှိန်အဝါနဲ့သာ တောင်းရရင် ဗြိတိသျှအစိုးရဆီက ဘာမဆို
ရနိုင်ရမယ်။ မရရင်လဲ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အရှိန်အဝါနဲ့ ဗမာပြည်မှာ စိုက်ထားတဲ့
ဗြိတိသျှအာဏာကို အုတ်မြစ်ကနေပြီး ကိုင်လှုပ်ပစ်နိုင်ရမယ် လို့ သခင်နုက
မမိုတ်မသုံ ယုံကြည်နေတယ်။ အဲဒီ ယုံကြည်မှုကြောင့် သခင်နုဟာ ဗြိတိသျှနဲ့
အရေးဆိုတဲ့ နေရာမှာ အခုလို ခပ်တင်းတင်း ခပ်မာမာ အရေးဆိုတာဖြစ်တယ်။
သခင်နုရဲ့ အဆိုကို ဆိုရှယ်လစ်ပါတီက တညီတညွတ်တည်းထောက်ခံတယ်။
ဘိလပ်ဆွေးနွေးပွဲကို ဝန်ကြီးတွေသာ အဖိတ်ခံရတယ်။ အဲဒါကြောင့် ဆိုရှယ်လစ်ပါတီ
ဥက္ကဌ သခင်မြဟာ ပြည်ထဲရေးဝန်ကြီး ရာထူးက ထွက်မယ်။ သူနေရာကို
သခင်နုကို ခန့်ပါ။ သူ့အစား ဘိလပ်ဆွေးနွေးပွဲကို သခင်နုတက်ပြီး
တိုင်းပြည်ပြုလွှတ်တော် ရအောင် တောင်းဆိုပါလို့ ပြောရင်း
ဆိုရှယ်လစ်ပါတီရဲ့ကိုယ်စား သခင်နုရဲ့ အဆိုကို ထောက်ခံတယ်။
ဗိုလ်ချုပ်အောင်ဆန်း ကတော့ တကယ်လို့ ဘိလပ်ဆွေးနွေးပွဲပျက်သွားရင်
ဆုံးဖြတ်ချက်အတိုင်း အာဏာ ဖီဆန် နိုင်အောင် လှုထု လှုပ်ရှားမှုတွေ

စည်းရုံးဘို့အတွက် သခင်နုကို ဘိလပ်ဆွေးနွေးပွဲ မလိုက်ပဲ နေရစ်ခဲ့စေချင်တယ်။
အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်ပြုလွှတ်တော် ကို
ရအောင်တောင်းမယ်။ မရရင် ဆွေးနွေးပွဲဖျက်ပြီးပြန်လာမယ် လို့ ကတိပေးတယ်။
ဗိုလ်ချုပ်တို့ ဘိလပ်က ပြန်မလာခင် ဦးကျော်ငြိမ်းဆီက သခင်နု
သံကြိုးစာတစောင်ရတယ်။ ဒီသံကြိုးစာထဲမှာ တခြားဘာမှ မပါဘူး။
လိမ်မော်သီးဆိုတဲ့ စကားလုံးတလုံးတည်းပါတယ်။ သံကြိုးစာကို ဖတ်ပြီး သခင်နု
သိပ်ဝမ်းသာနေတယ်။ အကယ်ရွေ့သာ သံပုရာသီးလို့ သံကြိုးထဲမှာပါလာရင် သခင်နု
သိပ်ဝမ်းနည်းမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗမာပြည်က မထွက်ခင် ဦးကျော်ငြိမ်းက
တိုင်းပြည်ပြုလွှတ်တော်ရရင် လိမ်မော်သီး
လို့သံကြိုးရိုက်လိုက်မယ်။မရရင်သံပုရာသီးလို့ ရိုက်လိုက်မယ်ဆိုပြီး သခင်နုကို
ကတိပေးသွားတာကြောင့် ဖြစ်တယ်။

အခန်း၁၈။

အောင်ဆန်းအက်တလီစာချုပ်အရ တိုင်းပြည်ပြုလွှတ်တော်အတွက် အထွေထွေ
ရွေးကောက်ပွဲကြီးကို ၁၉၄၇ ခုနှစ် ဧပြီလ ထဲမှာ ကျင်းပဘို့သေချာတယ်
ဗိုလ်ချုပ်အောင်ဆန်းရဲ့ ထောက်ခံချက်ရရင် ဘယ်သူမဆို အရွေးခံရမှာဘဲဆိုတာ
သေချာနေတဲ့အတွက် ရွေးကောက်ပွဲကို ဝင်ချင်တဲ့ ဖဆပလအဖွဲ့ဝင်တွေ
သိပ်များနေတယ်။ ဗမာပြည်မ အတွက် အမတ်နေရာပေါင်း ၁၈၂နေရာ ရှိတဲ့အနက်
ဝင်ချင်တဲ့လူပေါင်း ၅၀၀ ကျော်လောက်ရှိနေတယ်။ ဒီလူတွေထဲက တချို့ကို
ချိုချိုသာသာတောင်းပန်လို့ရတယ်။ တချို့ကျတော့ ပေတေတေ၊
ဇွတ်တရွတ်လုပ်နေတဲ့အတွက် ဌာနချုပ်ခေါင်းဆောင်တွေဟာ
အတော်ငေါက်လွှတ်ကြရတယ်။ အမတ်လောင်းစာရင်းကို အချောကိုင်ပြီးတဲ့အခါ
အလုပ်အမှုဆောင်အဖွဲ့ရဲ့ အတည်ပြုချက်အတွက်
အလုပ်အမှုဆောင်တွေဆီကိုအမတ်လောင်းစာရင်းပို့ဂုတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ
သခင်နုနာမည်မတွေ့ဘူး။ အဲဒါကြောင့် အလုပ်အမှုဆောင်အစည်းအဝေးမလုပ်ခင်
နှစ်ရက်လောက်အလို ဖဆပလ ဌာနချုပ်ကို ဗိုလ်ချုပ်အောင်ဆန်းရောက်လာတယ်။
သခင်နု။ အမတ်လောင်းစာရင်းထဲမှာ ခင်ဗျာ့နာမည် မတွေ့ဘူး။
ဟုတ်တယ် ။ ဗိုလ်ချုပ်။
ခင်ဗျားရွေးကောက်ပွဲမဝင်ဘူးလား။
မဝင်ဘူး။
မဟုတ်တာဘဲဗျာ။ ဝင်ပါဗျ။
မဝင်ချင်ဘူး။
တိုင်းပြည်ပြုလွှတ်တော် နာယကလုပ်ဘို့ ခင်ဗျားကို ကျနော် စိတ်ကူးထားတယ်။

ဒိလိုဆိုရင်သာတောင်မဝင်ချင်သေးတယ်။
ဘာဖြစ်လို့လဲ။
ဒိနာယက တက်လုပ်နေရင် နိုင်ငံရေးက ထွက်ရတော့မှာ မဟုတ်ဘူး။ ဒီစကားကို ကြားတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်း ဟာ အတော်စိတ်ဆိုးတယ်။ ဒီသခင်နုဆိုတဲ့လူဟာ နိုင်ငံရေးလုပ်ဖော်ကိုင်ဘက်တွေနဲ့အတူတူနိုင်ငံရေးလုပ်ဖို့ကို ဘယ်တော့မှ စိတ်မကူးဘူး။ အခွင့်ကောင်းရတာနဲ့ နိုင်ငံရေးက ထွက်ပြေးဘို့ဘဲ စိတ်ကူးနေတယ်လို့ တွေးမိပြီး စိတ်ဆိုးပုံပေါ်တယ်။ ဒါမှမဟုတ်ရင်လည်း သူကတော့ အင်မတန် မေတ္တာထားပြီး ပေးတယ်။ ဒီသခင်နုဟာ သူ့စေတနာကို မတုန့်ပြန်ဘူးလို့ တွေးမိပြီး ဂရုဏာဒေါသောဖြစ်တာမျိုးလဲဖြစ်နိုင်တယ်။ အဲဒါကြောင့် သူ့စကားထဲမှာ ဒေါသသံတွေ ပါလာပြီး ကျယ်ကျယ်လောင်လောင်ဖြစ်လာတယ်။ သခင်နုလဲ သူနိုင်ငံရေး မလုပ်ချင်ပါဘူးဆိုတာ သိရက်သားနဲ့ သူ့ကို ဘာလို့ နိုင်ငံရေးသမား အတင်းလုပ်ခိုင်းနေရတာလဲ။ ဆိုပြီး စိတ်ဆိုးလာတယ်။ သူ့စကားတွေထဲမှာလည်း ဒေါသသံတွေ ပါလာတယ်။ သူတို့နှစ်ယောက် အချီအချ ပြောနေကြတာ အတော်ဆူညံနေတာဘဲ။ ဌာနချုပ်အလုပ်သမားတွေနဲ့ ဧည့်သည်တွေဟာ ဒီနှစ်ယောက်ဘာများဖြစ်သလဲဆိုပြီး ပြေးလာကြသေးတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းကို သူတို့ကြောက်တယ်။ အကြာကြီးရပ်ပြီးနားမထောင်ရဲဘူး။ နာရီဝက်လောက်ကြာတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းဟာ ထိုင်းနေရာက ဗျိုးကနဲထထွက်သွားတယ်။ သခင်နုကတော့ ဗိုလ်ချုပ်နဲ့ အာချောက်အောင် ငြင်းခုံရတာကြောင့် မောနေတာနဲ့ သူ့စားပွဲမှာထိုင် တွေ့ချင်တဲ့ဧည့်သည်တွေကို နောက်မှ လာတွေ့ကြဘို့ ချိန်းပြီး အမောဖြေနေတယ်။ အတော်ကလေးကြာတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းက တယ်လီဖုန်းနဲ့ စကားပြောချင်တယ်လို့ ဌာနချုပ်က လူတယောက် လာပြောတာနဲ့ တယ်လီဖုန်းရှိရာကို သခင်နုထသွားတယ်။
ဟယ်လို၊ ဗိုလ်ချုပ်လား။
ခင်ဗျားရွေးကောက်ပွဲဝင်ပါဗျ။
မဝင်ဘူး။
၉န ဃသကညအမပ ပျိသသာနိ လို့ဒေါသနဲ့ အကျယ်ကြီးအော်ပြီး ဗိုလ်ချုပ်အောင်ဆန်းဟာ တယ်လီဖုန်းကို ဆောင့်ချပစ်လိုက်တယ်။ ၉န ဃသကညအမပ ပျိသသာနိ ဆိုတာဟာ တိုင်းပြည်ကြီးပျက်စီးတော့မှာဘဲ လို့ တိုက်ရိုက် အဓိပ်ပါယ်ရတယ်။ တိုင်းပြည်အတွက် ဆောင်ရွက်သင့်တဲ့လူတွေဟာ အခုလိုသာ ခေါင်းရှောင်နေကြမယ်ဆိုရင် တိုင်းပြည်ကြီးပျက်စီးတော့မှာဘဲ လို့ သူဆိုချင်တာဘဲ။ ဒေါသသိပ်ဖြစ်နေတဲ့အတွက် သူပြောချင်နေတာကို အကုန်မပြောပဲ အခုလို တိုတိုတောင်းတောင်း ပြောလိုက်ပုံပေါ်တယ်။
တိုင်းပြည်ပြုလွှတ်တော်ဆိုတာ သာမန် ဥပဒေပြု လွှတ်တော်နဲ့ မတူဘူး။ ဇွတ်လုပ်တော့မဲ့နိုင်ငံသစ် အတွက် အခြေခံ ဥပဒေ ကြီးကို ရေးဆွဲရမဲ့

ဥပဒေပြုလွှတ်တော်ဖြစ်တယ်။ ဒီလို ဥပဒေပြုလွှတ်တော်မျိုးကို တသက်မှာတခါ ကြုံဘို့ အင်မတန်ခက်တယ်။ အဲဒီ တိုင်းပြည်ပြုလွှတ်တော် ဟာ ဂုဏ်အားဖြင့် အင်မတန် ကြီးမားနေတဲ့အတွက် ဒီလွှတ်တော် နာယကရာထူးရဲ့ ဂုဏ်ဟာ လဲ အင်မတန ကြီးမားလှပါပေတယ်။ ဒီအချက်တွေကို သခင်နု မသိလို့ မဟုတ်ဘူး။ သိပါတယ် အဲဒီဂုဏ်ကိုသခင်နု မလိုချင်လို့လဲ မဟုတ်ပါဘူး။ လိုချင်ပါတယ်။
နောက်ပြီးတော့လည်း ဗိုလ်ချုပ်အောင်ဆန်းက သခင်နုကိ နာယက ရာထူးပေးတာဟာ သခင်နုရဲ့ အရည်အချင်းကိုကြည့်ပြီးပေးတာမဟုတ်ဘူး။ တိုင်းပြည်ပြုလွှတ်တော်မှာ နာယက လုပ်ဘို့ သခင်နုထက် အများကြီး ပိုပြီး တော်တဲ့လူတွေ အများကြီးရှိပါတယ်။ ဒီလိုရှိနေတဲ့အထဲက သခင်နုကို ရွေးပြီးပေးတာဟာ တခြားကြောင့်မဟုတ်ဘူး။ ခပ်ရှင်းရှင်းပြောရရင် ချစ်လို့ပေးတာဘဲ။ ဒါကိုလဲ သခင်နု သိပါတယ်။ ဒါပေမဲ့ ဒီနာယက ရာထူးကို သခင်နုလက်ခံလိုက်ရင် နိုင်ငံရေးလောကကြီးထဲမှာ သံသ ာရရှည်တော့မှာဘဲဆိုတာကို သခင်နု တွေးမိပြီး တစိမ့်စိမ့်ကြောက်နေတယ်။ အဲဒါကြောင့် ဒီနာယက ရာထူးကို ဘယ်နည်းနဲ့မှ လက်မခံဘူးလို့ သခင်နု ယတိပြတ်ဆုံးဖြတ်ထားတယ်။
ရွေးကောက်ပွဲကျင်းပတဲ့အခါ ဗမာပြည်မမှာ အမတ်နေရာ ၁၈၂နေရာ ရှိတဲ့အနက် ဖဆပလက ၁၇၁ နေရာရတယ်။ ကွန်မြူနစ်တွေက ၇ နေရာရတယ်။ကျန် တသီးပုဂ္ဂလတွေက ကျန်နေရာတွေရတယ်။
တိုင်းပြည်ပြုလွှတ်တော်ကို ၁၉၄၇ ခုနှစ် ဇွန်လ ၉ရက်နေ့မှာ ဖွင့်မယ်။ အဲဒီတော့ တိုင်းပြု ပြည်ပြု လွှတ်တော် ရေးဆွဲရမဲ့ အခြေခံ အုပ်ချုပ်ရေးဥပဒေနဲ့ပတ်သက်ပြီး ကြိုတင်တိုင်ပင်နိုင်ဖို့ အတွက် မေလအလယ် လောက်မှ ဖဆပလ အမတ်ပေါင်းစုံ အစည်းအဝေးတရပ်ကို ဗိုလ်ချုပ်အောင်ဆန်းက ဖိတ်ခေါ်ထားတယ်။
အဲဒီအစည်းအဝေးဟာ အမတ်ပေါင်းစုံအစည်းအဝေး ဖြစ်ပေတဲ့ သခင်နုကိုလဲ ဒုတိယ ဥက္ကဌ အဖြစ် ဖိတ်ခေါ်ထားတယ်။ သခင်နု တရက်မှ မတက်ဘူး။
ဗိုလ်ချုပ်အောင်ဆန်းနဲ့ အမတ်တွေ ကြည့်လုပ်ကြလိမ့်မယ် ဆိုပြီး သူ့ဟာသူ ဌာနချုပ်မှာနေတယ်။ အညာကို ပြန်ချင်တဲ့ သူ့တကောက်ဖာလေးတပြင်ပြင်နဲ့ သူပြန်ရမဲ့ရက်ကို လက်ချိုးပြီးဇေတွက်နေတဲ့ ဆီသည် အညာသားဖိုးဆောင်လို သခင်နုဟာလဲ ဒီလို ဌာနချုပ်မှာနေရင်း သူ့နိုင်ငံရေးက ထွက်ရမယ့် ရက်ကို လက်ချိုးပြီးရေတွက်နေတယ်။ ဒါပမေယ့် ကိတ်စ တခု ပေါ်လာလို့ ဒီအစည်းအဝေးရဲ့ လုပ်ငန်းတွေထဲ မှာ မပါချင်ပေတဲ့ သခင်နု ဝင်ပြီး ပါလိုက်ရသေးတယ်။ ပါရပုံက ဒီလို။ ဗိုလ်ချုပ်အောင်ဆန်းဟာ အခြေခံအုပ်ချုပ်ရေး ဥပဒေထဲမှာ ဘာသာရေးပါလာမှာကို မူအားဖြင့်မကြိုက်ဘူး။ တချို့အမတ်တွေက ဘာသာရေးကို တနည်းနည်းဖြင့် ထည့်ပေးစေချင်တယ်။ တချို့ကျတော့ ဗုဓ်ဒဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ထည့်ပေးစေချင်တယ်။အဲဒီလို ရှိနေပေတဲ့ ဒီကိတ်စမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ စိတ်ဓာတ်ဟာ အင်မတန် ပြင်းပြင်းထန်ထန်ကြီး

ဆန်္ဒကျင်နေတဲ့အတွက် ဘယ်အမတ်ကမှ အမတ်ပေါင်းစုံညီလာခံမှာ ဒီကိတ်စကို မပြောရဲကြဘူး။ ဒါပေမဲ့ အမတ်ပေါင်းစုံညီလာခံ ကျင်းပတဲ့ နေ့ရက်အတွင်းမှာ ရဟန်းတော်အချို့နဲ့ ဗုဒ်ဓဘာသာခေါင်းဆောင်အချို့ အခြေခံ အုပ်ချုပ်ရေးဥပဒေထဲမှာ ဗုဒ်ဓသာသနာကို နိုင်ငံတော်ဘာသာ အဖြစ် ထည့်ပေးဘို့ သတင်းစာထဲမှာ တောင်းဆိုလာတယ်။ ဗိုလ်ချုပ်အောင်ဆန်း ဟာ အဲဒီအမတ်ပေါင်းစုံ ညီလာခံရဲ့ နေ့တနေ့မှာ စကားပြောနေတုန်း သတင်းစာတွေထဲက တောင်းဆိုချက်တွေနဲ့ ပတ်သက်ပြီး ‘ခွေးဟောင်တိုင်း ထကြည့်မနေနိုင်ဘူး ’ လို့ လွှတ်ကနဲပြောလိုက်မိတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ သတင်းစာတွေကို ပြောတာပါဘဲ။ ဒါပေမဲ့ သတင်းစာတွေက ဗိုလ်ချုပ်အောင်ဆန်းဟာ ရဟန်းတော်တွေကို ပုပ်ခတ်သလို လုည့်ပြီးရေးကြတဲ့အတွက် ဗုဒ်ဓဘာသာလောကမှာ အတော်ကလေး စိတ်မချမ်းမသာဖြစ်သွားတယ်။ အဲဒါကြောင့် စိတ်ပူသွားတဲ့ ဘုရင်ခံ ဆာဟူးဘတ်ရန်စ့်က သခင်နုကို ချက်ချင်းခေါ်လိုက်တယ်။
တွေ့လျှင်တွေ့ချင်း ဆာဟူးဘတ်ရန်စ့်က အမတ်ပေါင်းစုံညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်း ပြောလိုက်တဲ့ စကားကြောင့် ရဟန်းတော်တွေနဲ့ ဗုဒ်ဓဘာသာဝင်တွေ အတော် စိတ်မချမ်းမသာ ဖြစ်နေတယ်လို့ ကျနော် သတင်းကြားရတယ်။ ခင်ဗျားလဲ ဒီသတင်းကို ကြားပြီးရောပေါ့ လို့ သခင်နုကို ပြောလိုက်တယ်။
ကျနော် မကြားရသေးဘူးလို့ သခင်နုကဖြေတယ်။ (သခင်နုဟာ သတင်းစာတွေကို ၊အင်မတန် ဖတ်ခဲတယ်။)
ရဟန်းတွေနဲ့ ဗုဒ်ဓဘာသာဝင် တော်တော်များများ ဟာ အတော် စိတ်မချမ်းမသာ ဖြစ်နေတယ်လို့ ကျွနော် အစီရင်ခံစာ ဖတ်ရတယ်။ အဲဒီတော့ ဒီကိတ်စကို ခင်ဗျားဝင်ဦးမှပဲ။ အခုလို လျစ်လျူရှုထားလို့ မဖြစ်ဘူး။ လို့ ပြောပြီး ဆာဟူးဘတ်ရန်စ့်က သခင်နုကို စာပွဲခုံပေါ်က အိုင်ယာလန်နိုင်ငံရဲ့ အခြေခံ အုပ်ချုပ်ရေး ဥပဒေစာအုပ် ပေးလိုက်တယ်။ အဲဒီဥပဒေရဲ့ တနေရာမှာ ဘာသာရေးကဏ္ဍကို တွေ့ရတယ်။ အဲဒီ ခနေ့ျငညျ့ငွတေ ကဏ္ဍအောက်မှာ ကက်လသစ် ဂိုဏ်းဟာ အိုင်ယာလန် တွင် အများဆုံးလက်ခံသောဂိုဏ်းဖြစ်တယ်။ ပရိုတက်စတင့် ဂိုဏ်းဝင်များလည်း အိုင်ယာလန်မှာ ရှိကြတယ်လို့ အဓိပ်ပါယ် ပါတဲ့ စာပိုဒ်တွေကို သခင်နုတွေ့ရတယ်။ အဲဒီတော့ ဆာဟူးဘတ်ရန်စ့်က ဆက်ပြီး အခြေခံအုပ်ချုပ်ရေး ဥပဒေထဲမှာ ဘာသာရေးလုံးဝမပါဘူးဆိုရင်ဇ့ ရဟန်းတော်တွေနဲ့ ဗုဒ်ဓဘာသာဝင်တွေ ဂ့် စိတ်ထဲ အတော်ထိခိုက်လိမ့်မယ်။ အိုင်ယာလန်အခြေခံ အုပ်ချုပ်ရေးဥပဒေထဲမှာ လို ဗမာနိုင်ငံမှာ ဗုဒ်ဓဘာသာ ဟာ လူအများဆုံးကိုးကွယ်တဲ့ ဘာသာဖြစ်တယ်။ တခြားဘာသာတွေလဲ ရှိတယ် ဆိုတာလောက် တော့ ထည့်ပေးသင့်တယ်။ အမတ်တွေထဲကတော့ ဘယ်သူမှ ဗိုလ်ချုပ်အောင်ဆန်းကို ပြောရဲမှာ မဟုတ်ဘူး ပြောရင်လဲ့ ဗိုလ်ချုပ်အောင်ဆန်း က နားထောင်မှာ

မဟုတ်ဘူး။ဗိုလ်ချုပ်အောင်ဆန်းကို သခင်နု ပြောမှ ရမှာဘဲလို့ ဆာဟူးဘတ်ရန်စ့်က စိုးရိမ်နေတဲ့စိတ်တွေနဲ့ သခင်နုကို ပြောပြတယ်။ သခင်နုလဲ အိုင်ယာလန် အခြေခံအုပ်ချုပ်ရေးဥပဒေ စာအုပ်ကို ယူပြီး ဗိုလ်ချုပ်အောင်ဆန်းအိမ်တန်းသွားတယ်။မြန်မာနိုင်ငံတော် အခြေခံအုပ်ချုပ်ရေးဥပဒေထဲမှာ ဘာသာရေးကဏ္ဍပါလာတာတွေ့တော့ ဖဆပလ အမတ်တွေဟာ အတော် အံ့အားသင့်နေကြတယ်။ (၁)
ဖဆပလ အမတ်ပေါင်းစုံ ညီလာခံ ပြီးသွားတဲ့အခါ မြိတ်မြို့က ဦးခင်ဆိုတဲ့အမတ်ဟာ သူ့အရပ်ကို ခဏပြန်တယ်။ သူစီးသွားတဲ့ သင်္ဘောဟာ လမ်းမှာ နစ်မြုပ်သွားတယ်။ သင်္ဘောထဲပါသွားတဲ့ လူတယောက်မှ မရှင်ဘူး ။ အားလုံး ရေနစ်ပြီးသေဆုံးသွားတယ်။ ဒီသတင်းကို ကြားကြားချင်း မျှားမကြာခင် ဗိုလ်ချုပ်အောင်ဆန်း ဌာနချုပ်ကို ရောက်လာတယ်။
အောက်ခြေမှတ်စု (၁) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁
(၁)ဗုဒ်ဓဘာသာသာသနာတော်သည် နိုင်ငံတော်၏နိုင်ငံသားအများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာကြီး ဖြစ်သည်ဟု ပြည်ထောင်စု နိုင်ငံတော်က အသိအမှတ်ပြုသည်။
(၂) နိုင်ငံတော်သည် အစ်စလာမ်ဘာသာသာသနာ။ ခရစ်ယာန် ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤအခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိကြသော ကိုးကွယ်ရာ ဘာသာအချို့ဟု အသိအမှတ်ပြုသည်၊

ဘိတ်က အမတ်တယောက် ရေနစ်ဆုံးသွားပြီ။ သူ့နေရာမှာ ကြားဖြတ်ရွေးကောက်ပွဲလုပ်ရမယ်။ အဲဒီရွေးကောက်ပွဲမှာ ခင်ဗျားဝင်ပါ။
ဗိုလ်ချုပ်ရေ။ စဉ်းစားဘို့ အချိန်နည်းနည်းလောက်ပေးပါအုံး။
စဉ်းစားမနေပါနဲ့ဗျာ ဝင်ပါ။
ဒို့ဗမာအစည်းအရုံးထဲဝင်ဘို့ ကိတ်စတုန်းကလည်း ဗိုလ်ချုပ်အတင်းလောတာနဲ့ ငါဝင်လိုက်ရတယ်။ စဉ်းစားဘို့ အချိန်နည်းနည်းမှ မရလိုက်ဘူး။ ဒီတကြိမ်တော့ အသေအချာစဉ်းစားစေချင်တယ်။ အချိန်နည်းနည်းလေး ပေးပါလို့ ပြောနေတဲ့အတွက် ဗိုလ်ချုပ်လည်း နောက်ထပ်မပြောတော့ဘူး။ ပြန်သွားတယ်။ သခင်နု ရွေးကောက်ပွဲကိတ်စကို အမျိုးမျိုးစဉ်းစားနေတယ်။ ရွေးကောက်ပွဲဝင်ဘို့ဆိုတ ာစဉ်းစားလို့မရဘူး။ ညတညကျတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ သခင်နုနဲ့ လာတွေ့ပြန်တယ်။
ကြားရွေးကောက်ပွဲအတွက် စာရင်းသွင်းဘို့ နောက်ဆုံးရက်ဟာ မနက်ဖြန်ဘဲ၊ ခင်ဗျားစဉ်းစားလို့မရသေးဘူးလား။

ဗိုလ်ချုပ်အောင်ဆန်းဆိုတာ သာမည ပုဂ်ဂိုလ်မဟုတ်။ ဗမာတနိုင်ငံလုံးအတွက်
လွတ်လပ်ရေးကိုယူပေးနိုင်တဲ့ ရှာမှရှားတဲ့ အာဇာနည်ပုဂ်ဂိုလ်ဖြစ်တယ်။
ဗိုလ်ချုပ်အောင်ဆန်းကို ကြည့်တဲ့အခါ သခင်နုဟာ အဲဒီလိုပဲ ကြည့်ရဦးမယ်။
တက်ကသိုလ်ကျောင်းသားဘဝက တည်းက အတူတူလုပ်ကိုင်လာကြတဲ့
လူရင်းပဲဆိုတဲ့အကြည့်မျိုးနဲ့ ချည့်ပဲကြည့်ပြီး ဗိုလ်ချုပ်ကို မဆက်ဆံသင့်ဘူး။
နောက်ပြီးတော့လဲ ဗိုလ်ချုပ်ဟာ အဲဒီအချိန်မှာ သခင်နုရဲ့ ခေါင်းဆောင်ဖြစ်နေပြီ။
ခေါင်းဆောင်လုပ်သူက ရွေးကောက်ပွဲဝင်ပါလို့ပြောနေတာဟာ အမိန့်ပေးနေတာဘဲ။
ဒီအမိန့်ကို ဒီလောက် ခါးခါးသီးသီး ငြင်းဆန်နေတာ ၁ကောင်းမလား။ အစရှိတဲ့
စိတ်ကူးတွေဟာ သခင်နုရဲ့ ဦးနှောက်ထဲမှာ တခုပြီးတခု ပေါ်နေတဲ့အတွက်
သခင်နုဟာ သူ့စိတ်ထဲမှာ ရှိတဲ့အတိုင်း ဖြေရမှာကို သိပ်အားနာနေတယ်။
အဲဒါကြောင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မေးခွန်းကို ရုတ်တရက် မဖြေသေးပဲ တွေပြီး
စဉ်းစားနေတယ်။ နှစ်မိနစ်လောက်ကြာတော့မှ ရွေးကောက်ပွဲဝင်မယ်။ ဒါပေမဲ့
လွတ်လပ်ရေးရပြီးလို့ ၆လ ကြာရင် ငါနိုင်ငံရေးကထွက်မယ်လို့
သခင်နုဖြေလိုက်တယ်။
ဗိုလ်ချုပ်အောင်ဆန်းဟာ အတော် ကျေနပ်သွားတယ်။ အဲဒါကြောင့်
လွတ်လပ်ရေးရပြီးတဲ့နောက် ၆လ ဆိုတဲ့အချိန်ဟာ
အများကြီးလိုပါသေးတယ်။လို့ပြောပြီး ပြန်သွားတယ်။

နောက်တနေ့ကျတော့ ရွေးကောက်ပွဲ လျှောက်လွှာမှာ
သခင်နု လက်မှတ်ထိုးပြီး မြိတ်မြို့ကို လေယာဉ်ပျံနဲ့ ကိုယ်စားလှယ်တယောက်
ကမန်းကတန်း လွှတ်လိုက်ရတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အရှိန်အဝါကြောင့်
သခင်နုဟာ ပြိုင်ဘက်မရှိ အရွေးခံရတယ်။ ဒါပေမဲ့ ဟိုတုန်းက အချက်တချက်ကို
ဘယ်သူမှ စဉ်းစားမိဟန်မတူဘူး။ ရွေးကောက်ပွဲ ဥပဒေအရ အမတ်လောင်း သခင်နု
ဟာ မြိတ်က တရားသူကြီးတဦးရဲ့ရှေ့မှာ ရွေးကောက်ပွဲ လျှောက်လွှာကို
လက်မှတ်ထိုးရမယ်။ ရွေးကောက်ပွဲ လျှောက်လွှာကို သခင်နုက ရန်ကုန်မှာ
လက်မှတ်ထိုးပြီး သူ့ကိုယ်စားလည်က ဘိတ်မှာ လျှောက်လွှာသွားသွင်းတာဟာ
ရွေးကောက်ပွဲ ဥပဒေနဲ့ ဆန့်ကျင်ကောင်း ဆန့်ကျင်နေလိမ့်မယ်။ အကယ်ယူ
သခင်နုဟာ မြိတ်မြို့ကို ကိုယ်တိုင် မသွားပေတဲ့ ရန်ကုန်က တရားသူကြီးတဦးရှေ့မှာ
ရွေးကောက်ပွဲလျှောက်လွှာကို လက်မှတ်ထိုးပါတယ် ဆိုရင်လည်း ရွေးကောက်ပွဲအရ
ဒီလို လက်မှတ်ထိုးနိုင်သလားဆိုတာ စဉ်းစားစရာရှိတယ်။ ရွေးကောက်ပွဲ လျှောက်လွှာ
ကို ကမန်းကတန်း ပို့ရတဲ့အတွက် ရန်ကုန်က တရားသူကြီးတဦးရဲ့ ရှေ့မှာ
လက်မှတ်ထိုးဖြစ်ချင် ထိုးဖြစ်မယ်။ ဒိလို တရားသူကြီးရဲ့ရှေ့မှာ လက်မှတ်ထိုးဘို့ကို
မေ့နေကောင်းမေ့နေနိုင်တယ်။
သခင်နု အမတ်ဖြစ်တဲ့အချိန်မှာ တိုင်းပြည်ပြုလွှတ်တော်ကို ဖွင့်လို့ နှစ်ရက်

သုံးရက်လောက် ရသွားပြီ။ အဲဒီအချိန် အတွင်း သခင်မြက လွှတ်တော်ရဲ့
နာယကအဖြစ်ဆောင်ရွက်ရတယ်။ သခင်နု အမတ်ဖြစ်တဲ့အခါ သခင်မြက နာယက
အဖြစ်က နုတ်ထွက်ပြီး အစိုးရအဖွဲ့ထဲမှာ ဝန်ကြီး တဦးဖြစ်လာတယ်။ သခင်နုကို
တိုင်းပြည်ပြုလွှတ်တော်ရဲ့ နာယက အဖြစ် တင်မြှောက်လိုက်ကြတယ်။ ပထမနေ့မှာ
သခင်နုဟာ နာယကအဖြစ်နဲ့ တိုင်းပြည်ပြုလွှတ်တော်ရဲ့ စင်မြင့်ပေါ်မှာထိုင်ရင်း
ဗိုလ်ချုပ်အောင်ဆန်းကြောင့် ငါဟာ ကိုနုက သခင်နုဖြစ်ခဲ့ရတယ်။
ဗိုလ်ချုပ်အောင်ဆန်းကြောင့်ဘဲ စာရေးဆရာလုပ်နေရာက နိုင်ငံရေးထဲပြန်ဝင်ရပြီး
ငါဟာ နိုင်ငံရေးသမားဖြစ်လာရပြန်တယ်။ အခုလဲ ဗိုလ်ချုပ်အောင်ဆန်းကြောင့်ဘဲ
တိုင်းပြုပြည်ပြုလွှတ်တော်နာယက ဖြစ်ပြီး
ဒီစင်မြင့်ပေါ်ရောက်နေပြန်ပြီ။ဒီဗိုလ်ချုပ်အောင်ဆန်းကြောင့် နောက်ထပ်ပြီး ငါဘာများ
ဖြစ်ရအုံးမလဲ မသိဘူးလို့ သူသတဝါတွေရဲ့ ဖြစ်ချင်တာလဲ မဖြစ်ရပါ။
မဖြစ်ချင်တာလဲ ဖြစ်ရတာတွေကိုတွေးရင်း သခင်နုဟာ တယောက်တည်း
ပြုံးနေတယ်။အဲဒီအချိန်က အကယ်ရွှေ့များ အမတ် တဦးဦး ဟာ သခင်နုကို
လှမ်းကြည့်မိရင် သခင်နုဟာ မာယာတွေများပြီး အခုတော့စင်မြင့်ပေါ်မှာ ဇိမ်တွေ့နေပြီ
ထင်ပါရဲ့ ။ ပြုံးစိစိကြီးလုပ်နေတယ် လို့ ထင်ကောင်းထင်သွားနိုင်စရာ
အကြောင်းရှိတယ်။
၁၉၄၇ ခု ဇွန်လ ၁၆ရက်ကို ရောက်တဲ့အခါ ဗမာနိုင်ငံတော်ကို လုံးဝလွတ်လပ်ပြီး
အချုပ်အချာအာဏာပိုင်တဲ့ နိုင်ငံအဖြစ် ကြေညာဘို့ ဗိုလ်ချုပ်အောင်ဆန်းဟာ
တိုင်းပြည်ပြုလွှတ်တော်မှာ အဆိုတင်သွင်းတယ်။ ဒီအဆိုကို
အမတ်တော်တော်များများက ထောက်ခံတဲ့အတွက် အဲဒီနေ့မှာ ဆုံးဖြတ်ချက်
မချဖြစ်ဘူး။ အချိန်စေ့တဲ့အခါ လွှတ်တော်ကို နောက်တနေ့အထိ
ရွှေ့ဆိုင်းလိုက်ရတယ်။ ညဘက်ကျတော့ မိုင်းပွန်စော်ဘွားကြီးနဲ့ အဖော်တယောက်
သခင်နုရှိရာ ဖဆပလ ဌာနချုပ်ကို လာတယ် ။အဲဒီအဖေါ်ကိုတော့
သခင်နုကောင်းကောင်း မမှတ်မိတော့ဘူး။ ကရင်နီ
ကိုယ်စားလှယ်စောဝဏ္ဏလို့ထင်တယ်။ အကယ်ရွှေ့ ပြည်ထောင်စုထဲက
ခွဲထွက်လိုတဲ့အခါ ခွဲထွက်ပိုင်ခွင့်ကို မ ၇ရင် ရှမ်းတွေဟာ ဗိုလ်ချုပ်အောင်ဆန်း
တင်သွင်းတဲ့ အဆိုကို မထောက်ခံနိုင်ဘူးလို့ မိုင်းပွန်စော်ဘွားကြီးက
သခင်နုကိုပြောပြတယ်။ အဲဒီအတိုင်းမထောက်ခံလို့ရှိရင် လုံးဝလွတ်လပ်ပြီး
အချုပ်အခြာအာဏာပိုင် တဲ့ နိုင်ငံအဖြစ်နဲ့ ကျေညာတဲ့အခါ
ပြည်ထောင်စုမြန်မာနိုင်ငံထဲမှာ ရှမ်းပြည်မပါဘဲ ကျေညာရမယ်။ ၁၉၄၇
ဇန်နဝါရီလအတွင်းက ဗြိတိသျှ ဝန်ကြီးချုပ် အက်တလီနဲ့
ဗိုလ်ချုပ်အောင်ဆန်းတို့သဘောတူ လက်မှတ်ရေးထိုးထားကြတဲ့စာချုပ်အရ
ဗမာပြည်မနဲ့ ပေါင်းမယ်။ မပေါင်းဘူးဆိုတဲ့ ဆုံးဖြတ်ပိုင်ခွင့်ဟာ
တောင်တန်းသားတွေရဲ့ လက်ထဲမှာ ရှိနေတယ်။ အဲဒါကြောင့် သခင်နုဟာ

မိုင်းပွန်စော်ဘွားကြီးထံက ကြား၇တဲ့ စကားတွေကို ဗိုလ်ချုပ်အောင်ဆန်းဆီ ချက်ချင်း ပို့လိုက်တယ်။
ဗိုလ်ချုပ်အောင်ဆန်းနဲ့ သူ့ဝန်ကြီးတွေဟာ ရှမ်းကိုယ်စားလှယ်တွေနဲ့ တွေ့ပြီး ဆွေးနွေးတယ်။ အဲဒီ ဆွေးနွေးပွဲကို ကရင်နီကိုယ်စားလှယ်တွေလည်းတက်တယ်။ ၁။ ရှမ်းပြည်နဲ့ ကရင်နီပြည်ဟာ ဗြိတိသျှ အစိုးရက ဗမာနိုင်ငံကို အုပ်စိုးစကတည်းက သီးခြားနယ်နမိတ်ရှိခဲ့တဲ့ ပြည်နယ်တွေဖြစ်တာကတစေ=ကြောင်း၂။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်ထဲမှာ ရှမ်းပြည်နဲ့ ကရင်နီပြည်များလည်း ပါဝင်ကြစေချင်တာကတကြောင်း ၃။ တိုင်းပြည်ပြုလွှတ်တော် မှာ ဗိုလ်ချုပ်အောင်ဆန်း တင်သွင်းထားတဲ့အဆိုကို တရက်နှစ်ရက်အတွင်း အတည်ပြုပြီး ဗြိတိသျှအစိုးရတို့ကို အကြောင်းကြားရတော့မှာ ဖြစ်တာကတကြောင်း တို့ကြောင့် အစိုးရအဖွဲ့ကလဲ ရှမ်းနဲကရင်နီ ကိုယ်စားလှယ်တွေ တောင်းဆိုကြတဲ့အတိုင်း ခွဲထွက်ပိုင်ခွင့်ကို သဘောတူလိုက်တယ်။ ရှမ်းနဲ့ကရင်နီ ကိုယ်စားလှယ်တွေက လည်း လွတ်လပ်တဲ့နေ့က စလို့ ဆယ်နှစ်အတွင်း ခွဲထွက်ပိုင်ခွင့်ကို အသုံးမပြုဘို့ သဘောတူကြတယ်။
ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဆိုကို တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုပြီးတဲ့နောက် တိုင်းပြည်ပြု လွှတ်တော်ဟာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွက် အခြေခံ အုပ်ချုပ်ရေး ဥပဒေကို ရေးဆွဲရတော့မယ်။ ဒီဥပဒေကို တိုင်းပြည်ပြုလွှတ်တော် တခုလုံးထိုင်ပြီး ရေးဆွဲလို့ မဖြစ်နိုင်ဘူး။ အဲဒါ ကြောင့် လိုအပ်တဲ့ ဥပဒေ ရေးဆွဲရေးကော်မတီတွေကို တိုင်းပြည်ပြုလွှတ်တော်က ဖွဲ့စည်းပေးပြီး ဇွန်လအလယ် လောက်မှာ လွှတ်တော်ကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်တယ်။ ဇွန်လကုန်လောက်ကို ရောက်တဲ့အခါ ဗြိတိသျှအစိုးရရဲ့ ဖိတ်ကြားချက်အရ သခင်နုဟာ သူ့လက်စွဲတော ဦးကျော်ငြိမ်းကို ခေါ်ပြီးဘိလပ်ကို လိုက်သွားရတယ်။ ဆိုရှယ်လစ်ပါတီက ထည့်လိုက်တဲ့အတွက် ဦးကိုကိုကြီးအ စရှိတဲ့ ဆိုရှယ်လစ်ကိုယ်စားလှယ်အချို့လည်းပါလာကြတယ် ။ ဘိလပ်ကို ရောက်ပြီး နောက်တနေ့ကျတော့ သခင်နုနဲ့ ဦးကျော်ငြိမ်းတို့ဟာ ဗမာနိုင်ငံဆိုင်ရာ ဝန်ကြီး လော့လစ်စတိုဝဲလ်၊ ဒုတိယဝန်ကြီး အာသာဟင်ဒါဆင်တို့နဲ့ တွေ့ရတယ်။
ရုံးခမ်းထဲကို ဝင်မိတာနဲ့ တပြိုင်နက် ကုလားထိုင်တွေဟာ ရုံးခမ်း ရှိသင့်တဲ့ အတိုင်း ရှိနေတာမဟုတ်ဘူး။ တမျိုးတဖုံစီစဉ်ထားတယ်လို့ သခင်နုဟာ ဖျုံးကနဲ တွေးလိုက်မိတယ်။ ကုလားထိုင် တလုံးထဲကို သပ်သပ်ထားပြီး တခြားကုလားထိုင်သုံးလုံးက အဲဒီကုလားထိုင်နဲ့ မျက်နှာချင်းဆိုင်ထားတယ်။ တလုံတည်းချထားတဲ့ ကုလားထိုင်ဟာ ဝန်ကြီးလော့ဝစ်စတိုဝဲလ် ထိုင်ဘို့အတွက်လို့ယူဆပြီး သခင်နုဟာ တခြားကုလားထိုင် သုံးလုံးဘက်ဆီကို ထိုင်ဘို့လျှောက်သွားတယ်။မစတာ အာသာဟင်ဒါဆင် က ထိပ်ဆုံးက ကုလားထိုင်မှာထိုင်ဘို့ သခင်နုကို ပြောတယ်။ သခင်နုဟာ ကုလားထိုင်မျာ

ထိုင်မိတဲ့အခါ သူပြတင်းပေါက်က အလင်းရောင်ဘက်ကို မျက်နှာမူနေတာကို
သတိထားလိုက်မိတယ်။ ဝန်ကြီး၊ ဒုတိယဝန်ကြီး နဲ့ ဦးကျော်ငြိမ်းတို့ကတော့
အလင်းရောင်ကို ကျောခိုင်းထိုင်နေကြတာ တွေ့ရတယ်။သခင်နုဟာ
ဘယ်လိုလူစားလဲဆိုတာ အကဲခတ်ချင်လို့များ ဒီလို စီစဉ်ထားတာလားလို့ သခင်နု
ဖျုံးကနဲ အတွေးမိပြန်တယ်။ဝန်ကြီး လော့လစ်စတိုဝဲဟာ အလွန်သိမ်မွေ့တယ်။
စကားလဲ အလွန်နဲတယ်။ မစတာ အာသာဟင်ဒါဆင်ကလဲ သိပ်ဖော်ရွေတယ်။
ထိုင်မိလို့မကြာခင် မစတာ အာသာဟင်ဒါဆင်က ဗမာနိုင်ငံဟာ ဗြိတိသျှ ဓနသဟာယ
အဖွဲ့ထဲမှာ နေဘို့ စပြောတယ်။ ဒီလိုနေခြင်းအားဖြင့် ဗမာနိုင်ငံနဲ့ ဂရိတ်ဗြိတိန်နိုင်ငံ
တို့ဟာ နှစ်ဦးနှစ်ဖက် အကျိုးရှိစေနိုင်တဲ့ အကြောင်းကိုလည်း ပြောတယ်။ ဒိုမီနီယံ
အုပ်ချုပ်ရေးဆိုတာဟာ လုံးဝလွတ်လပ်ပြီး အချုပ်အခြာ အာဏာရှိတဲ့
အုပ်ချုပ်ရေးပါဘဲ။ အဲဒါကြောင့် ဗမာနိုင်ငံဟာ ဗြိတိသျှ သဟာယအဖွဲ့ထဲမှာ
ဒိုမီနီယံအဖြစ်နေခြင်းအားဖြင့် ဗြိတိသျှအစိုးရရဲ့ ဩဇာခံမဟုတ်ပါဘူး။
အစရှိတဲ့အချက်တွေကို တော်တော်ကြာကြာ ရှင်းပြတယ်။
သခင်နုဟာ လွတ်လပ်ရေးအတွက် ဗြိတိသျှတွေကို နှစ်ပေါင်းများစွာတိုက်လာပေမယ့်
ဗြိတိသျှတွေကို အင်မတန် အထင်ကြီး အင်မတန် မြတ်နိုးသူ တဦးဖြစ်တယ်။
ဗြိတိသျှလူမျိုးတွေရဲ့ ခေန္တျငည္ပူေတာ စာရိတ်တမဏ္ဍိုင်ကိုလည်း သခင်နု
သိပ်ကြိုက်တယ်။ဗမာတွေကိုအုပ်ချုပ်တဲ့နေရာမှာ ဗြိတိသျှတွေဟာ ဥပဒေအရ
အုပ်ချုပ်တာကိုလဲ သူသိပ်သဘောကျတယ်။
ဗြိတိသျှလူမျိုးကို ဒီလောက်အထင်ကြီးတဲ့ သခင်နုဟာ မစတာ
အာသာဟင်ဒါဆင်ရဲ့စကားတွေကို ကြားတဲ့အခါ စိတ်ထဲမှာ အများကြီးထိခိုက်တယ်။
ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိတဲ့ ဖဆပလ ခေါင်းဆောင်တချို့မှာ ဒိုမီနီယံ
အုပ်ချုပ်ရေးကို လက်မခံနိုင်တာ အကြောင်းကြီးနှစ်ကြောင်းရှိနေတယ်။
ဒီအကြောင်းတွေက ဒီလို ဒိုမီနီယံ နိုင်ငံတနိုင်ငံမှာ အချုပ်အခြာအာဏာရှိတာအမှန်ဘဲ။
ဒါပေမယ့် အဲဒီဒိုမီနီယံနိုင်ငံဟာ ဗြိတိသျှဘုရင်ကို ရှင်ဘုရင်အဖြစ်နဲ့
အသိအမှတ်ပြုရတယ်။ အဲဒါဟာ ဗမာတွေရဲ့ အင်မတန် တက်ကြွနေတဲ့
အမျိုးသားစိတ်ဓာတ်နဲ့ အများကြီးဆန့်ကျင်နေတယ်။ အဲဒါကြောင့်လည်း ဒိုမီနီယံ
အုပ်ချုပ်ရေးကို အဲဒီ ဖဆပလ ခေါင်းဆောင်တွေက လက်မခံချင်ဘူး။
အဲဒီအကြောင်းအပြင်နောက်တကြောင်းလည်းရှိသေးတယ်။ ဖဆပလက
ဒိုမီနီယံအုပ်ချုပ်ရေးကို လက်ခံလိုက်တာနဲ့တပြိုင်နက် ဒီအုပ်ချုပ်ရေးဟာ ဗမာတွေ
မျှော်လင့်တောင့်တနေတဲ့ အုပ်ချုပ်ရေးမဟုတ်ဘူး။ ဖဆပလဟာ ဗမာနိုင်ငံကို
ဗြိတိသျှလက်ထဲ ရောင်းစားလိုက်ပြီ သူတို့ကိုသာ ပြည်သူတွေက ထောက်ခံမယ်ဆိုရင်
သူတို့အစိုးရဖြစ်တာနဲ့ တပြိုင်နက် ဗမာနိုင်ငံကို ဗြိတိသျှသဟာယအဖွဲ့ထဲက
ချက်ချင်းခွဲထုတ်ပြီး လွတ်လပ်ရွေ့ အချုပ်အခြာအာဏာပိုင်တဲ့နိုင်ငံအဖြစ်နဲ့
ကြေညာမယ်လို့ ကွန်မြူနစ်တွေဟာအိမ်ခေါင်မိုးပေါ်တက်ပြီး အော်ကြမှာသေချာတယ်။

အဲဒါလို အော်ပြီး အပြင်းအထန် စည်းရုံးမယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းကို တခဲနက် ထောက်ခံကြတဲ့ ပြည်သူတော်တော်များများဟာ ယိမ်းယိုင်ပြီး ကွန်မြူနစ်တွေဘက်ကို ပါသွားနိုင်တဲ့ အန္တရယ် ရှိတယ်။ အဲဒါကြောင့်လည်း ဒိုမီနီယံအုပ်ချုပ်ရေးကို အဲဒီ ဖဆပလ ခေါင်းဆောင်တွေ က လက်မခံချင်ဘူး။ အခုပြောခဲ့တဲ့ အကြောင်း နှစ်ကြောင်းကြောင့် ဖဆပလဟာ ဒိုမီနီယံအုပ်ချုပ်ရေးကို လက်မခံဘဲ ဗမာနိုင်ငံကို လုံးဝလွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံ အဖြစ်နဲ့ ကြေညာခဲ့ရတဲ့အကြောင်း သခင်နုဟာ လော့ဝစ်တိုဝဲလ်နဲ့ မစတာအာသာဟင်ဒါဆင်တို့ကို ရှင်းပြတယ်။
ဗြိတိသျှ ခေါင်းဆောင်တွေဟာ အလွန်မြင့်မြတ်ပြီး သဘောထားကြီးသူတွေဖြစ်တယ်။ အဲဒါကြောင့် ဗြိတိသျှ ဓနသဟာယ အဖွဲ့ထဲက ဗမာနိုင်ငံ ခွဲထွက်တာကို အမှန်စင်စစ် သူတို့မလိုလားပေမယ့် အနှောက်အယှက် မပေးဘူး။
ဗမာနိုင်ငံသူနိုင်ငံသားတွေလိုလားတဲ့အတိုင်း မြန်မာနိုင်ငံကို လုံးဝ လွတ်လပ်ပြီး အချုပ်အခြာအာဏာ ပိုင်တဲ့ နိုင်ငံတနိုင်ငံ ချောချောမွေ့မွေ့ စည်းကမ်းတကျ ဖြစ်မြောက်လာရေးအတွက် သူတို့ အစွမ်းကုန်ဝိုင်းပြီး ကူညီတယ်။ ဗမာပြည်အတွက် လုံးဝလွတ်လပ်ရေးအဆိုကို ပါလီမန်မှာတင်တဲ့အခါ အတိုက်အခံသမားတွေဖြစ်တဲ့ ကွန်ဆားဗေးတစ် အမတ်တွေက ပြင်းပြင်းထန်ထန် မကန့်ကွက်အောင် သခင်နုတို့က ကွန်ဆာဗေးတစ်ခေါင်း ဆောင်တွေတချို့နဲ့ တွေ့ဘို့ လေဘာအစိုးရခေါင်းဆောင်တွေက အကြံပေးတယ်။ သခင်နုတို့ သဘောတူတဲ့အခါ ကွန်ဆာဗေးတစ်ခေါင်းဆောင်တွေဖြစ်တဲ့ လော့ဆောလ်စ်ဘာရီ မစတာ ဘတ်တလာ အစရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ သခင်နုတို့ တွေ့ရအောင် လေဘာအစိုးရ စီစဉ်ပေးတယ်။
လော့လစ်စတိုဝဲလ် မစတာ အာသာဟန်ဒါဆင်တို့နဲ့ တွေ့ပြီး ဝန်ကြီးချုပ်အက်တလီနဲ့ တွေ့တဲ့အခါ တခြားကိတ်စ တွေ ဆွေးနွေးပြီးတဲ့နောက် ဝန်ကြီးချုပ်အက်တလီက ဗိုလ်ချုပ်အောင်ဆန်းကို အမှုဆောင်အဖွဲ့ရဲ့ ဒုတိယနာယက လို့ မခေါ်ဂုတော့ဘူး။ ဝန်ကြီးချုပ်လို့ ခေါ်ဘို့ မကြာမီ ဘုရင်မကို အကြောင်းကြားမယ် လို့ သခင်နုကို ပြောပြတယ်။
သခင်နုဟာ ဘိလပ်ရဲ့ အအေးဒဏ်ကို မခံနိုင်ဘူး ။ ဘိလပ်မှာ တကြိမ်ဖျားတယ်။ဇူလိုင်လလယ်လောက် ရန်ကုန် ကို ပြန်ရောက်တဲ့အခါ မှာလဲ ထပ်ဖျားနေသေးတယ်။ အဲဒါကြောင့် ဇူလိုင်လ ၁၈ ရက်နေ့ ညဘက်မှာ ဗိုလ်ချုပ် အောင်ဆန်းဟာ သခင်နုအိမ်ကို ရောက်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို အလုပ်အမှုဆောင်အဖွဲ့ရဲ့ ဒုတိယနာယက အဖြစ်ကနေ ဝန်ကြီးချုပ်အဖြစ်သို့ပြောင်းဘို့အတွက် ဗြိတိသျှအစိုးရ တို့က စီစဉ်နေတဲ့အကြောင်း ဝန်ကြီးချုပ်အက်တလီ မှာလိုက်တဲ့အတိုင်း သခင်နုက ဗိုလ်ချုပ်အောင်ဆန်းကို ပြောပြတယ်။ တနာရီလောက်ကြာတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းထပြန်သွားတယ်။ ဗုဒ်ဓတရားတော်အရ ပြောရရင် သူတို့နှစ်ယောက် ရဲ့ရေစက်ဟာ ဒီဘဝမှာ

ဒီမျှဘဲပါတယ်။ နောက်တနေ့မနက် ၁၁နာရီလောက်ရှိတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဝန်ကြီးတချို့ ကျဆုံးသွားတဲ့အကြောင်းကို မြန်မာ့အလင်းဦးတင်က တယ်လီဖုန်း နဲ့ ဆက်ပြီးပြောတာ သခင်နု ကြားလိုက်ရတယ်။ သခင်နုလည်း အတွင်းဝန်ရုံးကို ချက်ချင်းလိုက်သွားတယ်။ ဆေးရုံကြီးကို အလောင်းတွေ ယူသွားပြီပြောတာနဲ့ ဆေးရုံကြီးကို သခင်နုလိုက်ပြန်တယ်။ ဗိုလ်ချုပ်အလောင်းကို ကြည့်ပြီး မနေ့ညကဘဲ စကားပြောနေကြသေးတာကို ပြေးမြင်ပြီး သခင်နုဟာ ရှိုက်ကြီးတငင်ငိုနေတယ်။ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားတာဟာ အင်မတန်မြန်လွန်းလှတာကိုဘဲ ထပ်ခါတလဲလဲ စဉ်းစားနေတဲ့ အတွက် အဲဒိအချိန်အထိ သခင်နုဟာ ဘာလုပ်ရမှန်းမသိသေးဘူး။ ဗိုလ်ချုပ်အောင်ဆန်း မရှိတော့ဘူး။ တိုင်းပြည်ကို ဘယ်သူ အုပ်ထိန်းမလဲ။ လွတ်လပ်ရေးရခါနီး ဘာများဖြစ်လာဦးမလဲ ဆိုတာကို အဲဒီအချိန်အထိ သခင်နုဟာ ဘာတခုမှ မတွေးနိုင်သေးဘူး။ သခင်နု အိမ်ပြန်ရောက်တဲ့အခါ နေ့လည်တချက်တီးလောက်ရှိနေပြီ။ အဲဒိအချိန်က သခင်နု ဟာ လောင်းဝစ်လမ်း။ ပြည့်သူ့ရဲဘောဝင်းထဲက တဲတလုံးမှာနေတယ်။ ဖဆပလ အလုပ်အမှုဆောင် တွေ သူ့တဲနားက ပြည်သူ့ရဲဘော်ဌာနချုပ်ရုံးခန်းထဲမှာ စောင့်နေကြတယ် ဆိုတာနဲ့ အဲဒီ ရုံးခန်းကို သခင်နု လိုက်သွားတယ်။ သခင်နုရောက်တာနဲ့တပြိုင်နက် သခင်တင်က ဗိုလ်ချုပ်နေရာမှာ ဦးစောကိုခန့်လိုက်ရင် တနိုင်ငံလုံးဒုက်ခ ရောက်တော့မယ်။ အဲဒိတော့ ဗိုလ်ချုပ်ရဲ့ နေရာကို သခင်နု တက်လုပ်ပါ။ဒီလိုလုပ်နိုင်အောင် ဘုရင်ခံနဲ့ ချက်ချင်းသွားတွေ့ပါ။ လို့ ပြောတယ်။ နိုင်ငံရေးလုပ်ဘို့ဆိုရင် တီကိုဆားနဲ့ တို့လိုက်သလို နောက်တွန့်လေ့ရှိတဲ့သခင်နုဟာ ဒီတကြိမ်မှာတော့ နောက်မတွန့်ဘူး။ လုပ်မယ်။ ဘုရင်ခံနဲ့လည်း သွားတွေ့မယ် လို့ နှောင့်နှေးခြင်းမရှိဖြေတယ်။ ဒါပေမဲ့ သူ့ဦးနှောက်ထဲမှာ သံမှိုနဲ့ ရိုက်ထားသလို ညာဉ်ဆိုးကလေးကတော့ မပျောက်သေးဘူး။ အဲဒါကြောင့် သူလုပ်မယ်။ ဘုရင်ခံနဲ့ချက်ချင်းသွားတွေ့မယ်။ လို့ပြောပြီးတဲ့နောက် လွတ်လပ်ရေးရပြီးလို့ ခြောက်လကြာရင် သူ့ကို နိုင်ငံရေးက ထွက်ခွင့်ပြုရမယ်လို့ သခင်နု ဆက်ပြောပြန်တယ်။ လွတ်လပ်ရေးရပြီးလို့ ခြောက်လကြာရင် ခင်ဗျားရဲ့ သဘောအတိုင်း နိုင်ငံရေးက ထွက်ချင်ထွက်ပါ၊ လို့ အလုပ်အမှုဆောင်အဖွဲ့က ဝိုင်းပြီးပြောကြတယ။ အဲဒီလိုဆိုရင် လွတ်လပ်ရေးရပြီး ခြောက်လကြာရင် နိုင်ငံရေးက ထွက်ခွင့်ပြုမယ်ဆိုတာ ဆုံးဖြတ်ချက်ချထားပါလို့ သခင်နုက တောင်းဆိုတဲ့အတွက် ခြောက်လကြာရင် ဘာဖြစ်မယ်ဆိုတာ မသိနိုင်ရှာတဲ့ အလုပ်အမှုဆောင်အဖွဲ့ကအဲဒိအတိုင်းဆုံးဖြတ်ချက် ချထားကြရတယ်။ အစည်းအဝေးပြီးလို့ အခန်းဝကို ထွက်လာတဲ့အခါ ဘုရင်ခံက တယ်လီဖုန်းနဲ့ စကားပြောချင်တဲ့အကြောင်းသခင်နု အိမ်က လူတယောက်က ပြောတယ်။ သခင်နု သွားပြီးနာထောင်တဲ့အခါ ဘု ဂ်င်ခံ ဆာဟူးဘတ်က သူ့ဆီကို ခဏလာဘို့ခေါ်တယ်။ ဘုရင်ခံနဲ့ တွေ့တဲ့အခါ သခင်နုက ဘာမှ မပြောရသေးခင် ဝန်ကြီးချုပ်လုပ်ပြီး

အစိုးရဖွဲ့ဘို့ ဘုရင်ခံကပြောတယ်။ သူဆောင်ရွက်ရမဲ့ ကိတ်စ တခု အခက်အခဲမရှိဘဲ ချောချောမောမော ပြီးစီးသွားလေပြီဆိုပြီး သခင်နု ဝမ်းသာတယ်။ အဲဒီနောက် ကျဆုံးသွားတဲ့ ခေါင်းဆောင်ကြီးတွေရဲ့ ဇနီးတွေအတွက် ကရုဏာကြေးအဖြစ်နဲ့ ငွေတသိန်းစီ ထုတ်ပေးဘို့လည်း ဘုဂ်င်ခံဆာဟူးဘတ်က သခင်နုကို တိုက်တွန်းလိုက်တယ်။အခန်း ၁၉

လူတချို့မှာ လူကြီးကျယ်ဖြစ်ဘို့ အရည်အချင်းတွေ မွေးကတည်းက ပါလာတယ်။ တချို့က လူကြီးကျယ် ဖြစ်အောင် ကြိုးစားယူရတယ်။ တချို့တော့ ထိုင်နေရင်း ကြီးကျယ်မှုကို အတင်းထိုးပေးတာ လက်ခံ ကြရတယ်လို့ ရှိတ်စပီးယား ရေးသားခဲ့ဘူးတယ်။ သခင်နုဟာ အခုပြောခဲ့တဲ့  လူသုံးစားထဲက တတိယအစားထဲမှာ ပါတယ်။ သူ ဟာ ဝန်ကြီးချုပ်ဖြစ်ဘို့ အရည်အချင်းတွေ မွေးကတည်းက ပါလာသူလည်း မဟုတ် ။ ဒီအရည်အချင်းတွေနဲ့ ပြည့်စုံအောင် ကြိုးစားခဲ့သူလည်း မဟုတ်။ ပတ်ဝန်းကျင် အခြေအနေအရ ဝန်ကြီးချုပ်ဖြစ်လာရသူဖြစ်တယ်။ ဗိုလ်ချုပ်အောင်ဆန်း တို့ကျဆုံးတဲ့နေ့တုန်းက အကယ်၍ သခင်မြကသော်လည်ကောင်း။ ဒိးဒုတ်ဦးဘချိုသော်လည်းကောင်း မကျဆုံး ဘဲ ကျန်ရစ်မယ်ဆိုရင် သခင်နု ဝန်ကြီးချုပ် မဖြစ်နိုင်။ အကယ်၍ အလုပ်အမှုဆောင်အဖွဲ့ထဲက အမှုဆောင် တဦး ဦး ခင်မင်မှုကြောင့် သခင်နုကို ဝန်ကြီးချုပ်လုပ်ဘို့ စာရင်းသွင်းမယ် ဆိုရင် ဒီအဆိုကို သခင်နု ကန့်ကွက်ပြီး  သခင်မြကျန်ရစ်ရင် သခင်မြကိုသော်လည်းကောင်း။ ဦးဘချိုကျန်ရစ်ရင် ဦးဘချိုကိုသော်လည်းကောင်း။ ဝန်ကြီးချုပ်လုပ်အောင် သူကိုယ်တိုင် အဆိုတင်သွင်းမှာဘဲ။ အခုလို ပတ်ဝန်းကျင် အခြေအနေအရ ဝန်ကြီးချုပ် ဖြစ်လာရသူ ဖြစ်တဲ့အတွက် ဗမာတွေပြောနေကျအတိုင်း ပြောရမယ်ဆိုရင် သခင်နုဟာ စိုင်ကော်လို့ ခြုပေါ် ရောက်လာရသူဖြစ်တယ်။
စိုင်ကော်လို့ ခြုပေါ်ရောက်လာရတဲ့ ဝန်ကြီးချုပ်သခင်နုဟာ ဝန်ကြီးချုပ်ဖြစ်ပြီးလို့ ၃ - ၄ရက်လောက် ကြာတဲ့အခါ သူ့ရုံးခန်းထဲမှာ တယောက်ထဲ စဉ်းစားနေမိတယ်။ တချို့သမတတွေ။ ဝန်ကြီးချုပ်တွေဟာ သမတတွေ ၊ ဝန်ကြီးချုပ်တွေ မဖြစ်ခင် အုပ်ချုပ်ရေးမှာ တနေရာရာ ဝင်ပြီး ဆောင်ရွက်ဘို့ အခွင့်အလမ်းတွေ တော်တော်များများ ရခဲ့ဘူးတယ်။ ကိုယ်တိုင်ဝင်ပြီး ဆောင်ရွက်ခွင့်မရသည့်တိုင်အောင် လေ့လာဘို့ အချိန်တွေ အများကြီးရခဲ့ဘူးတယ်။ အဲဒါအပြင် သူတို့တက်ကိုက်ရတဲ့ အုပ်ချုပ်ရေးယန္တရားကလည်း အပေါ်က ခလုပ်နှိပ်လိုက်ရင် လိုချင်တဲ့နေရာတွေ မှန်သမျှမှာ မီးထပွင့်တဲ့ ယန္တရား မျိုးတွေ ဖြစ်နေတယ်။ သူ့အခြေအနေကတော့ ဒီလို မဟုတ်ဘူး။ အုပ်ချုပ်ရေးမှာ နဲနဲကလေးမျှ စိတ်မဝင်စားတဲ့အတွက် အုပ်ချုပ်ရေးရဲ့ဘယ်နေရာမှာမှ ကိုယ်တိုင်ဝင်ပြီး မဆောင်ရွက်ခဲ့ဘူးတဲ့အပြင် ဒီအုပ်ချုပ်ရေးကို တခါမှလည်း မလေ့လာခဲ့ဘူး။ အုပ်ချုပ်ရေးအကြောင်းကို လုံးလုံးလျားလျား နားမလည် ၇တဲ့အထဲမှာ သူတက်ကိုင်ရမဲ့

အုပ်ချုပ်ရေးယန္တရားကြီးကလည်း အပျက်ကြီးဖြစ်နေတယ်။ ဒုတိယကမ်ဘာ
စစ်ကြီးအတွင်းက ဂျပန်တွေ ဖျက်ဆီးပစ်လိုက်လို့ အတော်ကြီးပျက်စီးနေရတဲ့အထဲမှာ
စစ်ကြီးပြီးတဲ့အခါ လွတ်လပ်ရေးတိုက်ပွဲအတွက် နိုင်ငံရေးသမားတွေက အုပ်ချုပ်ရေး
ယန္တရားထဲ ဝင်ပြီးထပ်မံ ဖျက်ဆီးပစ်လိုက်ကြပြန်တဲ့အတွက် နောက်ထပ်
အတော်ပျက်သွားပြန်တယ်။ အုပ်ချုပ်ရေး ယန္တရားက အခုလို ပျက်နေရတဲ့အထဲ
လက်နက်တွေကလည်း တနိုင်ငံလုံးမှာ တင်းကြမ်းပြည့်နေတယ်။ ပြည်တွင်းမှာ
စုံစမ်းကြည့်တဲ့အခါ ဂျပန်တွေကို တိုက်ရင်းရလိုက်တဲ့ လက်နက်တွေ။ မြှုပ်ပစ်ခဲ့တဲ့
နေရာတွေက တူးလို့ရလာတဲ့ လက်နက်တွေ။ ဂျပန်တွေကို ချဘို့အတွက်
မဟာမိတ်တပ်က ပေးတဲ့လက်နက်တွေကို စုပေါင်းလိုက်မယ်ဆိုရင်
သူပုန်လောင်းတွေရဲ့လက်ထဲမှာ ရှိတဲ့ လက်နက်ဦးရေဟာ အင်္ဂလိပ်တွေ ဗမာပြည်ကို
အုပ်ချုပ်သွားတဲ့ နှစ်ပေါင်းတရာ နီးပါးအတွင်း ပြည်သူလူထု တရပ်လုံးရဲ့ လက်ထဲမှာ
ရှိတဲ့ လက်နက်စုစုပေါင်းထက် အဆပေါင်းတသောင်းကျော်လောက် ရှိနေတာ
တွေ့ရတယ်။ အဲဒီတော့ ဦးနုဝန်ကြီးချုပ်တက်လုပ်နေတာကို ဥပမာနဲ့ ပြောရရင်
ရေတိုင်ကီ၊ ဓာတ်ဆီတိုင်ကီနဲ့ နောက်ဘီးတလုံး ရှေ့ဘီးတလုံးပေါက်နေတဲ့
မော်တော်ကားအစုပ်ကြီးကို မော်တော်ကားမောင်းတတ်ဘို့ဝေးစွ၊ မော်တော်ကားကို
တောင် ခပ်လှမ်းလှမ်းက တကြိမ်နှစ်ကြိမ်ဘဲ မြင်ဘူးတဲ့တောသား တယောက်ဟာ
အင်မတန် ကြမ်းပေ့ဆိုတဲ့ လမ်းကြမ်းကြီး ပေါ်မှာတက်မောင်းသလိုဖြစ်နေတယ်။
အဲဒီအခြေအနေအပြင် အဒီအချိန်တုန်းက ဦးနုစဥ်းစားမိတဲ့
အချက်တချက်ရှိပါသေးတယ်။ အဲဒါကိုလဲ ဒီနေရာမှာ ဖော်ပြခြင်တယ်။
သခင်နုရဲ့ နှလုံးဟာ ဦးနှောက်ထက်ကြီးနေတယ်။ အဲဒီလို ကြီးနေတဲ့အတွက်
သူများတကာတွေမှာ အသေးအဖွဲ့ဖြစ်နေတဲ့ ကိတ်စတွေ အတော်များများဟာ
သူ့အတွက် စိတ်နှလုံး အတော်ပြင်းပြင်းထန်ထန် ထိခိုက်တဲ့
ကိတ်စတွေဖြစ်ချင်ဖြစ်နေတတ်တယ်။ အဲဒီလိုဖြစ်တဲ့အခါ သခင်နုဟာ တခုခုပြောဘို့
တခုခုလုပ်ဘို့ ဆုံးဖြတ်တာဟာ အင်မတန် မြန်တယ်။ အဲဒီလို
ဆုံးဖြတ်ပြီးရင်ဆုံးဖြတ်တဲ့အတိုင်း ပြောတာဘဲ။ လုပ်တာဘဲ။ အဲဒီလို
ပြောဆိုလုပ်ကိုင်ပြီး တဲ့နောက် သူ့ဦးနှောက်က အေးအေးဆေးဆေးစဥ်းစားနိုင်လို့
သူမှားမှန်းသိတဲ့အခါကျ ရင် သူဟာ အင်မတန်နောင်တရာတယ်။
ဒီလိုနောင်တရတယ်ဆိုပေမဲ့ ခဏပါဘဲ။ သူ့စိတ်ကို ထိခိုက်လာရင် နောက်ထပ်ပြီး
ဒီအမှားမျိုးကို လုပ်မြဲလုပ်တာဘဲ။
သူဘယ်လို နောင်တရတယ်။ ဒါပေမဲ့သူစိတ်ထိခိုက်လာရင် ဒီအမှားတွေကို
သူဘယ်လိုထပ်ပြီးလုပ်တယ် ။ဆိုတာသဘောပေါက်အောင် ပန်းတနော်မှာ
သူကျောင်းဆရာလုပ်စဥ်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကလေး ကို ဒီနေရာမှာ
နဲနဲလောက်ပြန်ပြောချင်တယ်။ သူဟာ ၈ တန်း ၊၉ တန်း။ ၁၀ တန်း၊မှာ
အင်္ဂလိပ်စာသင်တယ်။ ကျောင်းသားတွေကို ကောင်းကောင်းသင်နိုင်အောင် သူဟာ

အိမ်မှာ ပြင်ဆင်မှုတွေ အများကြီး ကြိုးစားပြီး လုပ်သွားတယ်။ အတန်းထဲကိုလဲ အချိန်မှန်မှန်ရောက်တယ်။ သင်တဲ့အခါမှာလဲ အင်မတန်ကြိုးစားပြီး သင်တယ်။ သူရဲ့ အဲဒီလို ကြိုးပမ်းမှုတွေကို တုန့်ပြန်သောအားဖြင့် ကျောင်းသားတွေဟာ သူသင်တာကို ဂရုစိုက်ပြီး နားထောင်ကြလိမ့်မယ်လို့ သူအများကြီး မျှော်လင့်ထားတယ်။ အဲဒီလို အများကြီး မျှော်လင့်ထားတဲ့အတွက် ကျောင်းသားတယောက်ဟာ သူသင်နေတာကို ကောင်းကောင်းနားမထောင်ဘူးဆိုရင် စကားပြောနေမယ်ဆိုရင် တဦးနဲ့တဦး မျက်စိမှိတ်လိုက်။၊ ခေါင်းငြိမ့်လိုက်နဲ့ နောက်ပြောင်နေမယ်ဆိုရင် သူ့စိတ်ကို အများကြီး ထိခိုက်တယ်။ အဲဒိလိုထိခိုက်လာရင် တခြားဆရာတွေ သည်းခံသလို သူသည်းမခံနိုင်ဘူး။ အဲဒီလို ရှုပ်တုတ်တုတ် လုပ်တဲ့ ကျောင်းသားကို ခေါ်ပြီး ထိုးတာပဲ။ ထိုးလို့ဝတော့မှ သူအကြီးအကျယ် နောင်တရတယ်။ နောင်တရတဲ့အခါကျတော့လည်း ထိုးထားတဲ့ကျောင်းသားကို ခေါ်ပြီးအမျိုးမျိုးချော့တဲ့အထိ အိန္ဒြေ မရအောင် နောင်တရတာဘဲ။ဒါပေမဲ့ ဒီလိုနောင်တရတာဟာ ကြာရှည်မခံပါဘူး။ နောက်တကြိမ် သူ့စိတ်ကို ထိခိုက်အောင်လုပ်တာနဲ့ ခေါ်ပြီးထိုးပြန်တာဘဲ။ အဲဒါတွေဟာ များလာတော့ သူ့စိတ်ကို ထိမ်းဘို့အတွက် အစီအစဉ် တခု ကို သူလုပ်တယ်။

ကျောင်းသွားတဲ့အခါ စိပ်ပုတီးတကုံးကို အပေါ်အကျီအိပ်ထဲမှာ ထည့်သွားတယ်၊ အတန်းထဲကို ဝင်လိုက်တာနဲ့ တပြိုင်နက် သူ့အိပ်ကို လက်နှိုက်ပြီး စိတ်ပုတီးကို ကိုင်ထားတယ်၊ သူ့စိတ်ကို ထိခိုက်တာတွေ တွေ့ရရင် အဲဒီစိတ်ပုတီးက သူ့ကိုသူ သည်းခံအောင် စိတ်ထိမ်းထားအောင် သတိပေးဘို့ဖြစ်တယ်၊ ဒီလိုလုပ်တာဟာ တကြိမ်နှစ်ကြိမ်မှာတော့ အောင်မြင်ပါရဲ့ ဒါပေမဲ့ များလာရင် ပုတီးကို လက်လွှတ်ပြီး ထိုးမြဲထိုးတာပဲ၊

ဝန်ကြီးချုပ်ဖြစ်တဲ့ အချိန်ကျတော့ သခင်နုဟာ တရားတော်ရဲ့ ဩဇာလွှမ်းမိုးမှုကို အတော်များများကြီးခံနေရပြီး ဖြစ်တဲ့အတွက် ရှေးအခါတုံးကလို စိတ်လိုက်မာန်ပါ ကိုယ်ထိလက်ရောက် ကျူးလွန်မှုမျိုးတွေ သူ့မှာ မရှိသလောက် ပျောက်ကွယ်ကုန်ကြပါပြီ။ ဒါပေမဲ့ သူ့နှလုံးသားကို ထိခိုက်လာရင် အလျင်စလို ဆုံးဖြတ်ပြီး ဒီဆုံးဖြတ်ချက်အတိုင်း ပြောလေ့လုပ်လေ့ရှိတဲ့ ဝါသနာဆိုးကတော့ ရှိမြဲရှိနေသေးတယ်၊ အဲဒါကြောင့် ဝန်ကြီးချုပ် ဖြစ်လာတဲ့အခါ သခင်နုဟာ ဒီလိုစဉ်းစားတယ်၊ ကျောင်းဆရာအဖြစ်နဲ့ လူသာမာန်အဖြစ်နဲ့ သူမှားသွားရင် တဘက်သားဟာ သိပ်မခံရဘူး၊ အချုပ်အခြာကို ကိုင်ထားတဲ့ ဝန်ကြီးချုပ် အနေနဲ့ မှားသွားရင် တနိုင်ငံလုံး ဘေးတွေ့အောင် ခံရလိမ့်မယ်၊ အဲဒီလို အကြိမ်ကြိမ်စဉ်းစား မိတဲ့အတွက် သူသိပ်စိတ်မဝင်စားတဲ့ ဝန်ကြီးချုပ်အလုပ်ကို လွတ်လပ်ရေးရပြီး ခြောက်လ ထက်ပိုလုပ်ရမှာ သခင်နုစိမ့်ပြီး ကြောက်လာတယ်၊ အဲဒီလို ကြောက်လာတာကြောင့် ငါကတိပေးပြီးပြီ၊ ဒီကတိအတိုင်းတော့ လုပ်ပေးရမှာပေါ့ကွာလို့ သူ့ကိုသူအားပေးပြီး တောလမ်းခရီးတခုမှာ မှောင်ကြီးထဲ

လျှောက်နေရတဲ့ ခရီးသည်တဦးဟာ နေရောင်ခြည်ကို အာသာပြင်းပြင်း မျှော်လင့်ခြင်းမျိုးနဲ့ မျှော်လင့်တောင့်တနေသလို သခင်နုဟာလည်း လွတ်လပ်ရေးရပြီး ခြောက်လမြောက်မဲ့နေ့ကို မျှော်လင့်တောင့်တနေတယ်၊

သခင်နုဟာ အတွေးသမား။ အငေးသမား။ အရေးသမား။ အဲဒါကြောင့် သူဝန်ကြီးချုပ်ဖြစ်လာရတဲ့အချိန်ဟာ သာမန်အချိန်သာဆိုရင် သခင်နုဟာ အတော်ကြာကြာ တွေးနေ။ ငေးနေ။ ရေးနေအုံးမှာပဲ၊ ဒါပေမဲ့ သူဝန်ကြီးချုပ်ဖြစ်လာတဲ့အချိန်ဟာ သာမန်အချိန်မဟုတ်ဘူး၊ တနိုင်ငံလုံးက တခဲနက်ထောက်ခံအားပေးတာကို ခံယူနေရတဲ့ အမျိုးသားခေါင်းဆောင်ကြီးကျဆုံးသွားတဲ့အချိန်။ ဗြိတိသျှစစ်ဗိုလ်တချို့နဲ့ ဦးစောတို့ လူစုပေါင်းပြီး ဗြိတိသျှ စစ်တပ်ထဲက ဘရင်းဂန်း စက်သေနတ် (၂၀၀)ကို ခိုးထုတ်တဲ့အချိန်။ ဖဆပလက ထုတ်ပယ်ထားတဲ့ ကွန်မြူနစ်တွင် လက်ထဲမှာ စစ်အတွင်းက ဂျပန် တော်လှန်ရေးအတွက် ရထားတဲ့သေနတ်တွေ အများကြီးရှိနေသေးတဲ့အချိန်၊ အဲဒီလိုအချိန်မျိုးမှာ သခင်နုဟာတွေးငေးရေးနေလို့ မဖြစ်နိုင်။ ဒီသေနတ်တွေကို ပြန်ရအောင် သခင်နုဟာ တနည်းနည်းနဲ့ အစွမ်းကုန် ကြိုးစားရမယ်၊ အဲဒီအချိန်တုန်းကဆိုရင် ဦးစောရဲ့ရန်က ကွန်မြူနစ်တွေရဲ့ရန်ထက် ပိုမိုနီးကပ်နေတဲ့အတွက် သခင်နုဟာ ဦးစောဆီက သေနတ်တွေကို ပြန်ရအောင် အရင်ဆုံး ဦးစားပေးပြီး ဆောင်ရွက်ရတယ်၊ ရဲအဖွဲ့နဲ့ ပြည်သူ့ရဲဘော်တွေ အစွမ်းကောင်းတဲ့အတွက် စက်သေနတ် အတော်များများကို ပြန်ရတယ်၊ ဖြစ်ခါစ ဝန်ကြီးလူစွမ်းကောင်းလို့တော့မဟုတ်ပါဘူး၊ အကယ်ရွေ့သာ ဖဆပလခေါင်းဆောင်တွေထဲက ဝန်ကြီးချုပ်မဖြစ်ပဲ ဦးစောဖြစ်လာမယ်ဆိုရင် ဒီသေနတ်နှစ်ရာဟာ တခါထဲ အစပျောက်သွားပြီး ဒီစက်သေနတ်တွေဟာ ပြည်သူလူထုအတွက် အင်မတန်ကြီးကျယ်တဲ့ အန္တရယ်တွေဖြစ်လာနိုင်တယ်၊ အဲဒီအန္တရာယ်ဆိုးကြီးက ပြည်သူလူထုကို အချိန်မှီ ကယ်ဆယ်လိုက်တဲ့အတွက် ဘုရင်ခံဆာဟူးဘတ်ရန့်စ်ကို ပြည်သူလူလုကြီး တရပ်လုံးက ကျေးဇူးတင်လို့ မဆုံးအောင် ဖြစ်ခဲ့ရတယ်၊

ဦးစောရဲ့ ရန်ကို အတော်ကလေးနှိမ်နင်းပြီးတဲ့အခါ ကွန်မြူနစ်တွေရဲ့ပြသနာကို ဝန်ကြီးချုပ် သခင်နုဘယ်လိုဖြေရှင်းမလဲ၊ ဒီပြသနာကို ဖြေရှင်းဘို့အတွက် သခင်နုဟာ ကွန်မြူနစ်ခေါင်းဆောင် သခင် သန်းထွန်းနဲ့ တွေ့တယ်၊

သခင်သန်းထွန်းရေ၊ ပြည်သူလူထုတွေ၊ လူတန်းစေ့ နေနိုင်တဲ့ လူ့လောကကြီးကို ထူထောင်ဘို့ဆိုတာ ခင်ဗျားလည်း သိတဲ့အတိုင်းပဲ လွယ်တဲ့ကိတ်စမဟုတ်ဘူးလို့ သခင်နုက စကားစလိုက် တယ်၊

ဟုတ်ကဲ့ မလွယ်ဘူးလို့ သခင်သန်းထွန်းက သဘောတူတယ်၊

လွတ်လပ်ရေးရပြီးတာနဲ့ ဒီလူ့လောကကြီးဟာ သူ့အလိုလိုပေါ်လာမှာ မဟုတ်ဘူးလို့ သခင်နုက စကားထပ်ဆက်တဲ့အခါ သခင်သန်းထွန်းကလဲ ဟုတ်တယ်လို့ ပြောတယ်၊

ဒီလူ့လောကကြီးကို တည်ဆောက်ပေးမယ်လို့ အော်ဟစ်ခဲ့တာ ကျနော်တယောက်ထဲလည်းမဟုတ်ဘူး၊ ခင်ဗျားတယောက်ထဲလည်း မဟုတ်ဘူး၊ တိုင်းပြည်နဲ့အမျိုးကို ချစ်မြတ်နိုးတဲ့ နိုင်ငံရေး ခေါင်းဆောင်မှန်သမျှ အော် ခဲ့ကြတာပဲ၊ အဲဒီတော့ ကျနော်တို့အားလုံး တည်ဆောက် ပေးမယ်လို့ ကတိပေးထားတဲ့ ဒီလူ့လောကကြီးကို တည်ဆောက်တဲ့အခါမှာ ခင်ဗျားတို့ပါ ဝိုင်းပြီးကူညီကြပါ၊ ကျနော်လေးလေးစားစား တောင်းပန်ပါတယ်လို့ သခင်နုက မေတ္တာရပ်တယ်၊ သခင်သန်းထွန်းက ကူပါ့မယ်လို့ပြန်ဖြေတယ်၊

အဲဒီလိုဆိုရင် ပထမခြေလှမ်းအဖြစ်နဲ့ ခင်ဗျားနဲ့ ကျနော် နှစ်ယောက်တွဲပြီး လူသတ်ဝါဒကို တိုက်ဖျက်တဲ့ တရားတွေလည်ဟောရအောင်။ ဒီဝါဒကိုအချိန်မှီ ကျနော်တို့မတိုက်ဖျက်ရင် နိုင်ငံရေးသမားအချင်းချင်း အပြန်အလှန်သတ်နေကြတာနဲ့ တနိုင်ငံလုံး သွေးချောင်းစီးသွားလိမ့်မယ်လို့ သခင်နုက အဆိုပြုတဲ့အခါ ဒီအဆိုကို သခင်သန်းထွန်းက လက်ခံတယ်၊

ဖဆပလထဲက ကွန်မြူနစ်ပါတီကို ထုတ်ပစ်လိုက်ပြီးတဲ့နောက် ဖဆပလအဖွဲ့ဝင်တွေနဲ့ ကွန်မြူနစ်အဖွဲ့ဝင်တွေဟာ တဦးနဲ့တဦး ရန်သူတွေလို စောင်နေကြရာက သခင်သန်းထွန်းနဲ့ သခင်နုတို့လာရင် ကြိုဆိုကြဘို့၊ ဧည့်ခံကြဘို့ တရားပွဲတွေလုပ်ပေးကြဘို့ ဖဆပလအဖွဲ့ဝင်တွေနဲ့ ကွန်မြူနစ်တွေ တွေ့ဆုံဆွေးနွေးကြရတယ်၊ သခင်သန်းထွန်းနဲ့ သခင်နုတို့ တက်ရောက်လာကြတဲ့အခါမှာလဲ နှစ်ဘက်စလုံး ပူးပေါင်းပြီး သောင်းသောင်းဖျဖျ ကြိုဆိုကြတယ်၊ ဧည့်ခံကြတယ်၊ နှစ်ဦး နှစ်ဖွဲ့စလုံးရဲ့ စီစဉ်ချက်အရ တရားပွဲ တွေဆိုရင်လဲ ပရိသတ်ဟာ နေရာတိုင်းမှာ ပြည့်လျှံသွားတယ်၊ ဖဆပလနဲ့ကွန်မြူနစ်အဖွဲ့ရဲ့ ညီညွတ်ရေးကို လိုချင်တဲ့ ဆန္ဒတွေ နှစ်ဖွဲ့စလုံးမှာပဲ တော်တော် ပြင်းပြင်းထန်ထန်ရှိနေပုံပေါ်တယ်၊ သခင်သန်းထွန်းနဲ့ သခင်နုတို့ ရောက်ကြတဲ့ နေရာတိုင်းမှာပဲ ဒီနှစ်ဖွဲ့စလုံးက ညီညွတ်ရေးကြွေးကြော်သံတွေ တခဲနက် ဟစ်အော်ကြတာတွေကိုလည်း ကြားရတယ်၊ ညီညွတ်ရေးပိုစတာတွေကိုလည်း ကြိုဆိုပွဲတွေ။ ဧည့်ခံပွဲတွေ။ တရားပွဲတွေမှာ သခင်နုဟာ တခြားအချက်တွေထက် အချက်တချက်ကို အထူးဂရုစိုက်ပြီး အမြဲဟောလေ့ရှိတယ်၊ အဲဒီအချက် ကတော့ တခြားမဟုတ်ပါဘူး၊ နိုင်ငံရေးမှာ လက်နက်ကို အားမကိုးပါနဲ့၊ ပြည်သူလူထုရဲ့ အဆုံး အဖြတ်ကိုသာ အားကိုးပါဆိုတဲ့ အချက်ပဲ ဖြစ်တယ်၊

နှစ်ပေါင်းနှစ်ထောင်လောက် ရှည်လျား ခဲ့တဲ့ ဗမာ့သမိုင်းကို ပြန်ကြည့်ရင် ဗမာခေါင်းဆောင်တွေဟာ အာဏာရဘို့ကိတ်စမှာ ပြည်သူလူထုကို အားမကိုးပဲ။ လက်နက်ကို အားကိုးခဲ့တဲ့အတွက် အဖေကသားကိုသတ်။ သားကအဖေကိုသတ်။ ညီက အစ်ကိုကိုသတ်။ အစ်ကိုကညီကို သတ်ကြရင်း ဗမာတွေကျွန်ဖြစ်ခဲ့ရပုံကိုလည်း သခင်နုအကျယ် တဝင့်ရှင်းပြလေ့ရှိတယ်၊

ဒီလိုခရီးလှည့်ရင်း မော်တော်ကားထဲမှာအခွင့်ရရင် မော်တော်ကားထဲမှာ။

တည်းအိမ်တွေ မှာ အခွင့်ရရင် တည်းအိမ်တွေမှာ သခင်နုက သခင်သန်းထွန်းကို တခြားအချက်တွေထက် အထူး ဂရုစိုက်ပြီး ပြောတဲ့အချက်တချက်ရှိသေးတယ်၊ အဲဒီအချက်ကတော့ တခြားမဟုတ်ပါဘူး၊ မကြာသောတနေ့မှာ ပြည်သူလူထုဟာ ကွန်မြူနစ်ပါတီကို အာဏာအပ်စရာအကြောင်းတွေ အများကြီး ရှိနေတယ်ဆိုတဲ့ အချက်ပဲဖြစ်တယ်၊ ဒီအချက်ကို ထောက်ခံတဲ့အနေနဲ့ ကွန်မြူနစ်ပါတီထဲမှာ ပြည်သူလူထုကို စည်းရုံးတတ်တဲ့ လူတော်လူကောင်းတွေ အများကြီး ရှိနေတယ်ဆိုတာကို သခင်နုဟာ ရံဖန်ရံခါ ထောက်ပြတယ်၊ နောက်ပြီးတော့ ပြည်သူလူထုဟာ စိတ်ပြောင်းလွယ်တယ်၊ ဒီကနေ့ဒီအဖွဲ့ကို ထောက်ခံနေပေတဲ့ နောက်တနေ့ကျရင် တခြားအဖွဲ့ဘက်ကို ပြောင်းသွားတယ် တဲ့သဘော ပြည်သူလူထုမှာရှိတာကို  သခင်နုရံဖန်ရံခါ ထောက်ပြတယ်၊ ဒီမိုကရေစီနိုင်ငံတွေမှာ နိုင်ငံရေးအဖွဲ့တွေဟာ တလှည့်စီလိုလိုအာဏာရနေကြတာကိုလည်း သခင်နုထောက်ပြတဲ့အခါ ထောက်ပြတယ်၊ ဖဆပလရဲ့ အရှိန်အဝါဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အရှိန်အဝါပါပဲ၊ အဲဒီ ဗိုလ်ချုပ် အောင်ဆန်းဟာ မရှိတော့တဲ့အတွက် ဖဆပလ လက်ထဲက အာဏာကို လက်နက်နဲ့တိုက်ပြီး သိမ်းစရာမလို၊ ခင်ဗျားတို့ ကွန်မြူနစ်တွေ သည်းခံပြီး စောင့်နိုင်မယ်ဆိုရင် ဒီအာဏာဟာ ခင်ဗျား တို့ကို အကြာကြီး ရှောင်ကွင်းပြေးနေလို့ မရနိုင်ပါဘူးဆိုတာတွေကို သခင်နုဟာ သခင်သန်းထွန်း ကို မကြာခဏ အခွင့်ရတိုင်း ပြောလေ့ရှိတယ်၊

သခင်နုရဲ့စိတ်ထဲမှာတော့ ဒီပူးတွဲလှည့်လည်ပွဲတွေ။ ပွဲတွဲတရားပွဲတွေဟာ ပထမခြေလှမ်းပဲ၊ ဒုတိယခြေလှမ်းအဖြစ်နဲ့ ဖဆပလအမတ် ဆယ်ယောက်လောက်ကို အမတ်အဖြစ်က နှုတ်ထွက်ပေးကြဘို့ မေတ္တာရပ်ခံမယ်၊ အဲဒီလစ်လပ်တဲ့ နေရာတွင်မှာ သခင်သန်းထွန်းနဲ့ ကွန်မြူနစ်တွေကို အရွေးခံရအောင် သူအစွမ်းကုန်ကူညီမယ်၊ အရွေးခံရပြီးတဲ့နောက် သခင်သန်းထွန်းကို လွှတ်တော်ထဲမှာ အတိုက်အခံ ခေါင်းဆောင်အဖြစ် ရွေးကောက်တင်မြှောက်မယ်၊ လွှတ်တော်ထဲမှာ တဖွဲ့နဲ့ တဖွဲ့ နှုတ်နဲ့ရန်ဖြစ်ရတာဟာ စစ်တလင်းပေါ်မှာ တဦးနဲ့တဦး လက်နက်ကိုင်ပြီး တိုက်ကြရတာထက် အရသာရှိတယ်ဆိုတာကို ကွန်မြူနစ်တွေ ကိုယ်တိုင် ခံစားကြစေချင်တဲ့ စေတနာတွေ သခင်နုမှာရှိနေတယ်၊ သခင်နုရဲ့ ဆန္ဒအရဆိုရင် အဲဒီ ဒုတိယခြေလှမ်းကို ချက်ချင်းလှမ်းလိုက် ချင်တယ်၊ ဒါပေမဲ့ ဒီလိုချက်ချင်း လှမ်းလိုက်ရင် သူ့စေတနာကို ကွန်မြူနစ်တွေက အထင်လွဲပြီး လက်ရှိရထားတဲ့ နားလည်မှုကလေးတောင် ပျက်သွားမှာလားဆိုတာကို သခင်နု အများကြီး ချိန်ဆနေတယ်၊ အဲဒါကြောင့် ဒီဒုတိယခြေလှမ်းကို ခေတ်တဆိုင်းငံ့ထားပြီး သခင်နုဟာ အချိန်ကောင်း ကို စောင့်နေတယ်၊

အခုလိုအချိန်ကောင်းကိုစောင့်နေရင်း လေထဲမှာ သခင်နုတည်ဆောက်ထားတဲ့ အမျိုးသား စည်းလုံးညီ ညွတ်ရေး တိုက်အိမ်ကြီးကို ဖြိုခွဲပစ်ခဲ့ အဖြစ်အပျက်တခုဟာ

၁၉၄၇ခုနှစ် စက်တင်ဘာ လအတွင်း ပိုလန်မှာ ပေါ်ပေါက်လာတယ်၊
အဲဒီအဖြစ်အပျက်ဟာ တခြားမဟုတ်ပါဘူး၊ ကွန်မင် ဖောင် ညီလာခံပဲဖြစ်တယ်၊
အဲဒီညီလာခံမှာ ရပ်ရှင်း ကွန်မြူနစ်ပါတီရဲ့ သဘောတရား ပါရဂူတဦး ဖြစ်တဲ့
အင်ဒရီး ဇာဒင်နော့ဆိုသူဟာ လက်ဝဲ လမ်းစဉ်သစ်လို့ အမည်တပ်ထားတဲ့
လမ်းစဉ်တရပ်ကို တင်သွင်းတယ်၊
ဒီလက်ဝဲလမ်းစဉ်သစ်ရဲ့အဓိကရည်ရွယ်ချက်ကတော့ အာရှ တိုက်တွင်းက
လွတ်လပ်ရေးရခါစနဲ့ လွတ်လပ်ရေး မကြာခင်ရတော့မယ့် နိုင်ငံတွေမှာ
လက်ဝဲဂိုဏ်းသားတွေ။ အထူးလမ်းစဉ်သစ်ကို အဲဒီအချိန်အထိ နဲနဲကလေးမှ အနံ့
မရသေးတဲ့ သခင်နုဟာ သခင်သန်းထွန်းတို့နဲ့ နားလည်မှုရဘို့အတွက် စိတ်ကူးတွေ
အမျိုးမျိုး ထုတ်တုန်းရှိသေးတယ်၊ သူ့အစွမ်းရှိ သူ ကြိုးစားတုန်းရှိသေးတယ်၊
၁၉၄၇ခုနှစ် အောက်တိုဘာလထဲမှာ ဘိလပ်အစိုးရရဲ့ ဖိတ်ခေါ်ချက်အရ
ဘိလပ်ကိုမသွားခင် ရသမျှ အချိန်ကလေး အတွင်းမှာတောင် လွတ်လပ်ရေး
အခမ်းအနား စီစဉ်မှုကော်မတီလူကြီးတွေကို သုံးလေးကြိမ်လောက် ဖိတ်ခေါ်ပြီး
ဗဟိုကော်မတီ အဖွဲ့ထဲမှာရော။ ဆပ်ကော်မတီအဖွဲ့ထဲမှာရော
ကွန်မြူနစ်ကိုယ်စားလှယ်တွေကို ထည့်သွင်းဘို့ သခင်နုဟာ ရေငတ်သလို
တတွတ်တွတ်နဲ့ မှာနေတယ်၊ သခင်သန်းထွန်းကိုလည်းဖိတ်ခေါ်ပြီး ဗဟိုကော်မတီနဲ့
ဆပ်ကော်မတီ အဖွဲ့တွေထဲမှာ ကွန်မြူနစ်ကိုယ်စားလှယ်တွေကို ထည့်ပေးရင်
ငြင်းပယ်မပစ်လိုက်ပဲ လက်ခံအောင် သခင်နုဟာ သခင်သန်းထွန်းကို အကြိမ်ကြိမ်
တိုက်တွန်းတယ်၊
 အောက်တိုဘာ(၁၇)ရက်နေ့ကျတော့ ဗမာနိုင်ငံယာယီအစိုးရရဲ့ ဝန်ကြီးချုပ် သခင်နုနဲ့
ဗြိတိသျှအစိုးရရဲ့ဝန်ကြီးချုပ် အက်တလီတို့ဟာ လန်ဒန်မြို့မှာ စာချုပ်တခုကို
လက်မှတ်ရေးထိုးကြတယ်၊ အဲဒီစာချုပ်ဟာ သမိုင်းမှာ နု–အက်တလီစာချုပ်လို့
အမည်တွင်လာတယ်၊ ဒီစာချုပ်မှာ အပိုဒ်ပေါင်း (၁၅)ပိုဒ်ပါတယ်၊ ဒါပေမဲ့
အရေးကြီးဆုံးအပိုဒ်ကတော့ ဗမာနိုင်ငံကို လုံးဝလွတ်လပ်ရွေ့
အချုပ်အခြာအာဏာပိုင်သော နိုင်ငံတနိုင်ငံအဖြစ်နဲ့ အသိအမှတ်ပြုပါတယ်ဆိုတဲ့
အပိုဒ်ပဲဖြစ်တယ်၊ ဒီ နု–အက်တလီစာချုပ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို လုံးဝ
လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတော်အဖြစ် ၁၉၄၈ခုနှစ် ဇန်နဝါရီလ
(၄)ရက်နေ့ မနက် (၄)နာရီ။ မိနစ်(၂၀)အချိန်မှာ ကျေညာဘို့ တိုင်းပြည်ပြုလွှတ်တော်
အဆောက်အဦးရဲ့ ခန်းမဆောင်ထဲမှာ စီစဉ်ထားကြတယ်၊ အဲဒီအခမ်းအနားကို
တိုင်းပြည်ပြု လွှတ်တော်အမတ်တွေအပြင် ပြည်တွင်းနဲ့ ပြည်ပက
ဧည့်သည်တော်တွေလည်း တက်ရောက်ကြတယ်။၊ အခမ်းအနားစဘို့ စောင့်နေရင်း
ဘယ်ကွန်မြူနစ် ခေါင်းဆောင်တွေတက်ကြမလဲဆိုတာ သိချင်တာကြောင့်
အထူးဧည့်သည်တော်အုပ်ထဲမှာ သခင်နုဟာ လည်တဆန့်ဆန့်နဲ့လျှောက်ရှာနေတယ်၊
သခင်သန်းထွန်းကို မြင်ရတော့မှ သခင်နုဟာ အင်မတန် ဝမ်းသာသွားတယ်၊

 ဒါပေမဲ့ သခင်သန်းထွန်းတို့နဲ့ ပတ်သက်ပြီး သခင်နုရဲ့ ဝမ်းမြောက်ဝမ်းသာမှုဟာ
ကြာရှည်မခံပါဘူး၊ ၁၉၄၇ခုနှစ် စက်တင်ဘာလအတွင်း ပိုလန်မှာ ကျင်းပခဲ့တဲ့
ကွန်မင်ဖောင်ညီလာခံမှာ ဇာဒင်နော့ စတင်ပြီး ရှို့ပစ်ခဲ့တဲ့မီးဟာ မကြာသော တနေ့မှာ
ဗမာနိုင်ငံတနိုင်ငံလုံးကို လောင်စာနဲ့ ပြာပုံဖြစ်အောင် လောင်ပစ်လိုက်ဘို့
အရှိန်အတော်ရနေပြီ၊
 လွတ်လပ်ရေး ကျေညာပြီးလို့ များမကြာခင် အိန်ဒိယနိုင်ငံကာလကတ်တားမြို့မှာ
ကျင်းပမဲ့ ကွန်မင်ဖောင်ညီလာခံကို တက်ရောက်ဘို့ ဗမာပြည် ကွန်မြူနစ်ပါတီဟာ
ဖိတ်စာရတယ်၊ သခင်သန်းထွန်းနဲ့ ဂိုရှယ်တို့ တက်ကြတယ်၊ ဂိုရှယ်ဆိုသူဟာ
ကုလားအဖေနဲ့ ကုလားအမေတို့က မွေးပေးလိုက်တဲ့အတွက်သာ
ကုလားလို့ခေါ်ရတယ်၊ အမှန်စင်စစ်မှာတော့ ဗမာပြည်မှာပေါက်။ ဗမာရေသောက်။
ဗမာတွေထဲမှာကြီး။ ဗမာကျောင်းသားတွေမှာ နေလာတဲ့အတွက် ဗမာတဦး
ဖြစ်နေပါပြီ၊ သူ့ကို ဗမာလို (ရဲဘော်ဘတင်)လို့ခေါ်တယ်၊ သူဟာ
ဗမာလိုကောင်းကောင်းပြောတတ်။ ရေးတတ်။ ဖတ်တတ်တယ်၊ စကားပြောရင်
ကုလားသံတချက်မှ မပါဘူး၊ ဗမာတယောက်လို ပီပီသသကြီးပြောနိုင်တယ်၊
စိတ်နေစိတ်ထားအားဖြင့်ဆိုရင် သူဟာ တော်တော်ကောင်းတဲ့ လူကောင်းတယောက်ပဲ
အဲဒါကြောင့် ကွန်မြူနစ်ပါတီထဲမှာ သူ့ကိုလူချစ်လူခင်ပေါတယ်၊ သခင်နုဟာ
သခင်သန်းထွန်းနဲ့ရင်းနှီးသလို အကျွမ်းတဝင်ရှိသလို။ ရဲဘော်ဘတင်နဲ့
မရင်းနှီးပါဘူး၊ အကျွမ်းတဝင်မရှိဘူး၊ လေးငါးဆယ်ကြိမ်ဆိုသလို
တွေ့ဆုံဆွေးနွေးဖူးရုံလောက်ပါပဲ၊ အဲဒီလို ဆွေးနွေးခဲ့ရတာတွေကို မှီပြီး
ရဲဘော်ဘတင်ဟာ ထက်မြက်တဲ့နေရာမှာ သခင်သန်းထွန်းထက် သာတယ်လို့
သခင်နုမှတ်သားထားခဲ့ဖူးတယ်၊
 စစ်အတွင်းက သခင်နုဟာ ထောင်ထဲမှာ အချုပ်ခံနေတုန်း အဲဒီဂိုရှယ်နဲ့
ကုလားနိုင်ငံရေး သမား (၄)ဦး။ (၅)ဦးလောက် မန်းဒလေးထောင်ထဲကို
ရောက်လာတယ်လို့ သခင်နုသတင်းကြားရတယ်၊ နောက်(၂)ရက်လောက် ကြတော့
အဲဒီနိုင်ငံရေးသမားတွေဟာ ထောင်မှူးကြီးရဲ့ အမိန့်ကို ဖီဆန်တာကြောင့်
ထောင်မှူးကြီးရဲ့ အမိန့်အရ ထောင်အမှုထမ်းတွေက ဝိုင်းပြီးရိုက်ကြတာ
အတော်နာတယ်၊ တချို့လည်းထိပ်ပေါက်။ ခေါင်းကွဲ ဖြစ်ကုန်တယ်၊ ဂိုရှယ်ကတော့
လက်တချောင်း ကျိုးသွားတယ်လို့ သခင်နု သတင်းရပြန်တယ်၊
အဲဒီထောင်မှူးကြီးဆိုတာ လူဆိုး။ တော်တော် ဆိုးတဲ့အကောင်။ သူ့အမိန့်နဲ့
သူ့တပည့်တွေက ဝိုင်းဝိုင်းပြီးရိုက်ကြ နှိပ်စက်ကြလို့ အကြီးအကျယ် ဒဏ်ရာရသူတွေ။
သေကြေရသူတွေ မနည်းပါဘူး၊ အဲဒီထောင်မှူးကြီးက အခု ရိုက်ရရုံနဲ့ မကြေနပ်ဘူး၊
သူ့အမိန့်ကို ဖီဆန်တဲ့အတွက် နောက်ထပ် အပြစ်ဒဏ်ပေးဘို့ သူ့အထက်က
ထောင်ပိုင်ကြီးဆီမှာ အစီရင်ခံ တာကြောင့် ထောင်ပိုင်ကြီးက ဂိုရှယ်တို့ လူတစုကို
ကြိမ်ဒဏ်အချက်(၂၀)စီပေး။ တိုက်တလ ပိတ်ထားပြီး အဲဒီရက်အတွင်း ကော်ရေကိုသာ

တိုက်ဘို့အမိန့်ချလိုက်ပြန်တယ်ဆိုတာ သခင်နုထပ်ပြီး ကြားရပြန်တယ်၊ အဲဒါကြောင့် ဒီအမိန့်ကို ကန့်ကွက်ရအောင် အင်္ဂလိပ်ထောင်ပိုင် ကြီး ဒဗင်းပို့ထောင်ထဲကိုဝင်အလာ သခင်နုဟာ ဒဗင်းပို့ရှေ့မှာ သွားရပ်တယ်၊ ဂိုရှယ်တို့ လူတစုကို အပြစ်ဒဏ်ပေးဘို့ ခင်ဗျားတို့ ချမှတ်ထားတဲ့ အမိန့်ဟာ မတရားဘူး၊ ပယ်ဖျက်ပေးပါလို့ နိုင်ငံရေးသမားတွေကို မနှိပ်စက်ပါနဲ့လို့ လေးငါးဆယ်ခွန်းလောက်ပဲ ပြောရသေးတယ်၊ ဒဗင်းပို့ဟာ ငါ့ရှေ့မှာ ရပ်မနေနဲ့ ထွက်သွားလို့ သခင်နုကို ဒေါသနဲ့ငေါက်ပြီး ရှေ့ဆက်ထွက်သွားတယ်၊ သခင်နု ကို ထောင်အမှုထမ်းတွေက ဆွဲပစ်လိုက်တာကြောင့် သခင်နုလဲ ဆက်မပြောရတော့ဘူး၊ ပါးစပ်ပေါင်းလောင်းကြီးနဲ့ ကျန်ရစ်ခဲ့တယ်၊

အဲဒီဂိုရှယ်ခေါ် ရဲဘော်ဘတင်နဲ့ သခင်သန်းထွန်းတို့ဟာ အဖိတ်ခံရတဲ့အတွက် ၁၉၄၇ခုနှစ် ဖေဖေါ်ဝါရီလအတွင်း ကလကတ်တားမှာကျင်းပတဲ့ ကွန်မင်ဖောင်အစည်းအဝေးကို တက်ကတယ်၊ ဒီအစည်းအဝေးကို အိန္ဒိယ။ ရုရှား။ ဥရောပနဲ့ ဗြိတိသျှ ဓနသဟာယ နိုင်ငံတွေက ကွန်မြူနစ် ထိပ်သီးတွေလဲ တက်ကြတယ်၊ ပိုလန်ကွန်မင်ဖောင်ညီလာခံမှာ အတည်ပြုခဲ့တဲ့ ဇာဒင်နော့ရဲ့ လက်ဝဲလမ်းစဉ်ကို ဆွေးနွေးကြပြီး ထပ်မံအတည်ပြုကြပြန်တယ်၊ အဲဒီ ကာလကတ်တားညီလာခံမှာ ဗမာနိုင်ငံအကြောင်း ဖဆပလ အစိုးရအကြောင်း။ ဒီအစိုးရရဲ့ဝန်ကြီးချုပ်အကြောင်းတွေကို တခြား ကိုယ်စားလှယ်တွေပြောတာ သခင်နုအတွက် သိပ်အရေးမကြီးဘူး၊ သူ့စိတ်ကိုလည်း ဒီလောက် မထိခိုက်ဘူး၊ လူတန်းစေ့နေရာတဲ့ လူ့လောကကြီးကို တည်ဆောက်တဲ့အခါ သခင်နုနဲ့လက်တွဲပြီး တည်ဆောက်ပါမယ်လို့ ကတိပြုထားတဲ့ သခင်သန်းထွန်းပြောတာတွေကြတော့ သခင်နုအတွက် သိပ်အရေးကြီးတယ်၊ သခင်နုရဲ့စိတ်ကို သိပ်ထိခိုက်တယ်၊ ကွန်မြူနစ်တွေဟာ ဖဆပလကို တိုက်ရင်။ ဒီလိုပြောပြီး တိုက်လိမ်မယ်လို့ သခင်နု အစောကြီးကတည်းက ကြိုတင်မြင်ထားတဲ့ အတိုင်း သခင်သန်း ထွန်းက နုအက်တလီစာချုပ်ဟာ တန်ဘိုးမရှိတဲ့စာချုပ်၊ ဒီစာချုပ်က ပေါက်ဖွားလာတဲ့ ဗမာ့လွတ်လပ် ရေးဆိုတာ လည်း လွတ်လပ်ရေးအစစ်မဟုတ်။ အတုကြီးလို့ ပျက်ရယ်ပြုလာ၊ ဒီမျှမကသေးဘူး၊ အင်္ဂလိပ်။ အမေရိကန်နယ် ချဲ့သမားတွေနဲ့ သူတို့မွေးထားတဲ့ ဖဆပလခွေးတွေက တချက်ချတိုင်း သူတို့ရဲ့ ထောင်ပေါင်းများစွာသော ပါတီဝင်တွေ တသိန်းကျော် လောက်ရှိတဲ့ တိုက်ပွဲဝင်ပြီးသား သူတို့ရဲ့ လက်ရုံးသမားတွေဟာ နှစ်ချက်စီ ပြန်ချနိုင်တယ်လို့ အကြီးအကျယ် ဝါကြွားပြီးတော့မှ ဗမာပြည်ကွန်မြူနစ်ပါတီဟာ တပ်ပေါင်းစုအသစ်တခုကို ဖွဲ့စည်းမယ်၊ ဒီ တပ်ပေါင်းစုဟာ အရင်းရှင်။ နယ်ရှင်အစိုးရဖြစ်တဲ့ နယ်ချဲ့သမားတွေ လက်သပ်မွေးထားတဲ့ ဖဆပလအစိုးရကို ၁၉၄၈ခုနှစ် အတွင်းမှာပဲဖြုတ်ချပစ်ပြီး ဗမာနိုင်ငံအတွက် လွတ်လပ်ရေးအစစ်ကို ရအောင် ယူပေးမယ်လို့တောင် သခင်သန်းထွန်းက အားပါတရ ကျေညာလိုက်ပြန်သေးတယ်၊ သခင်နုဟာ

ဒီမိန့်ခွန်းတော်ကြီးကို သတင်းစာထဲမှာ ဖတ်လိုက်ရတဲ့အခါ ဝါကျွတ်ရင် သူနဲ့
လက်ထက်ပါ့မယ်လို့ ကတိပြုထားတဲ့ သူ့ရည်းစားဟာ သူ့အိမ်ရှေ့လာ
တခြားယောက်ျား တယောက်ကို ယူတော့မယ်လို့ကျေညာ။
သူ့ငယ်ကြိုးငယ်နာတွေကိုပါ အသံကုန်ဟစ်ပြီး ကလော်တုပ်ထာကို ခံလိုက်ရသလို
ဖြစ်သွားတယ်၊ အဲဒီအခါ သခင်နုလည်း အင်မတန်စိတ်ထိခိုက်သွားတယ်ထင်ပါရဲ့။
သူနဲ့ ဝိုင်းပြီးထိုင်နေကြတဲ့ နိုင်ငံရေးသမားတွေကိုလဲ အားမနာနိုင်။ ဝန်ကြီးချုပ်ဆိုတဲ့
သူထမ်းရွက်ထားရတဲ့ ရာထူးကြီးကိုတောင် မငဲ့ကွက်နိုင်ရှာတော့ပဲ
သူငယ်မူတွေပြန်လာပြီး စတာလင်ဟာ ဗမာတွေကို ချစ်တယ်ဆိုတာ
ဗိုလ်ချုပ်အောင်ဆန်း ီး ဖြစ်နေတာ လောက်တောင်မရှိဘူး၊ ဒီမအေ ုိး ရပ်ရှင်းတွေက
တွေ့ကရာ အမိန့်တွေပေးတိုင်း ဒို့ကွန်မြူနစ်တွေက အဟုတ်ကြီး ထင်ပြီး
နားထောင်နေတာ အံ့ဩပါရဲ့ကွာလို့ သူ့ပါးစပ်က ပြောမိပြောရာတွေကို
ဒေါသနဲ့ရေရွတ် ပစ်လိုက်တယ်၊

အခန်း(၂၀)

သခင်သန်းထွန်းနဲ့ဂိုရှယ်တို့ ဗမာနိုင်ငံကို ပြန်ရောက်လာတဲ့အခါ သူတို့(၂)ဦးက ခေါင်းဆောင်ပြီး သူတို့ရဲ့အသိုင်းအဝိုင်းတွေဟာ တခြားအချက်တွေထက် နု–အက်တလီစာချုပ်အရ ဗမာပြည်အတွက် ဖဆပလ ယူပေးခဲ့တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေး အစစ်မဟုတ်ဘူးဆိုတဲ့ အချက်ကို ပိုပြီး ပြင်းပြင်းထန်ထန် ဟစ်အော်ြွေကးကြော်ကြတယ်၊ ဒီလိုအော်တာဟာ တခြား အတွက်မဟုတ်ဘူး၊ ရပ်ရှင်းတွေ မြှောက်ပေးလို့ မကြာခင် သူတို့ စရတော့မယ့်လက်နက်ကိုင် တော်လှန်ရေးဟာ မှန်ကန်သောတော်လှန်ရေးပါလို့ အကာအကွယ် ပေးဘို့ အတွက်ပဲဖြစ်တယ်၊ နောက်ရက် အနည်းငယ်ကြာတဲ့အခါ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းဟာ ဝန်ကြီးချုပ်သခင်နုကို လာတွေ့တယ်၊ ဝန်ကြီးချုပ်။ ကျွန်တော်အင်မတန် လျှို့ဝှက်တဲ့ စာတမ်းတစောင်ယူလာတယ်၊ အဲဒီစာတမ်းဟာ ဘယ်သူ့ ဆီကရတာလဲ။ ဘယ်လိုလုပ်ပြီး ရတာလဲဆိုတာတွေတော့ ကျွန်တော့်ကိုမမေးနဲ့နော်၊ ကျွန်တော်လဲ မသိဘူး၊ နေပါအုံး၊ မင့်ဟာက ဘာစာတမ်းလဲကွ၊ ဂိုရှယ်က သူတို့ ပေါ်လစ်ဗျူရိုမှာ တင်ပြီးဆွေးနွေးတဲ့ စာတမ်း။ ဒီစာတမ်းရဲ့ အဓိကရည်ရွယ် ချက်က တော့ လက်နက်ကိုင်ပြီး တော်လှန်ရေးလုပ်ဘို့ပဲ၊ ဒီစာတမ်းကို မင်းဘယ်လိုလုပ်ပြီးရလာတာလဲ၊ ဒါကို ဝန်ကြီးချုပ် မသိချင်ပါနဲ့၊ ဝန်ကြီးချုပ်မေးရင် ကျွန်တော်ဖြေရမယ်၊ ငြင်းလို့မဖြစ်ဘူး၊ အဲဒီလို ဖြေလိုက်ရင်။ ကွန်မြူနစ်တွေဆီက လျှို့ဝှက်တဲ့သတင်းတွေကို ကျွန်တော်တို့နောက်ထပ် ရဘို့ခက်သွားလိမ့်မယ်၊ အံမာ။ မင်းကငါ့ကိုတောင် မယုံတော့ဘူးလား၊

ကျွန်တော်တို့ လူတယောက် ကွန်မြူနစ် ပေါ်လစ်ဗြူရိုထဲမှာ သွင်းထားတယ်၊ သူ့ဆီက ဒီ စာတမ်း ကိုရတာ၊ အော်--

ဒီလူဟာ ဘယ်သူလဲဆိုတာအထိတော့ မမေးပါနဲ့တော့ ဝန်ကြီးချုပ်။ ကဋ္ဌန်တော်တောင်းပန် ပါတယ်၊ ဦးကျော်ငြိမ်းဟာ သခင်နုကို သူ့လက်ထဲကစာတမ်း လှမ်းပေးလိုက်တယ်၊ သခင်နု ဖတ်ကြည့်တဲ့အခါ မြန်မာနိုင်ငံတော်ရဲ့ လက်ရှိနိုင်ငံရေးအခြေအနေနှင့် ကျွန်ုပ်တို့ လုပ်ငန်းစဉ်ဆိုတဲ့ ခေါင်းစဉ်ကိုတွေ့ရတယ်၊ ဒီကိတ်စမှာ ကျွန်တော်တို့ ပြတ်ပြတ်သားသားလုပ်မှ ဖြစ်လိမ့်မယ် ဝန်ကြီးချုပ်။ ချီတုံချတုံလုပ်နေလို့ မဖြစ်ဘူး၊ ဒီကွန်မြူနစ်တွေ သူပုန်ထမှာ ဧကန်ပဲ၊ မင်းဘယ်လို ပြတ်ပြတ်သားသားလုပ်ဘို့ စိတ်ကူးထားသလဲ ကျော်ငြိမ်း၊ ကွန်မြူနစ်ခေါင်းဆောင်တွေ အခုလိုရန်ကုန်မှာစုနေတုံး သူတို့ကို ဖြုန်းကနဲဖမ်းပြီး ထောင် ထဲထည့် လိုက်ချင်တယ်၊ ဒီလိုလုပ်လိုက်ရင် သူတို့ရဲ့ တော်လှန်ရေးဆိုတာဟာ မစရသေးခင် ဦးကျိုးသွားနိုင်စရာ အကြောင်းရှိတယ်၊ ဒီကိတ်စဟာ အရေးကြီးတယ်၊ ငါစဉ်းစားပါရစေဦးကွာ၊ ကျွန်တော်က ကျွန်တော့်စိတ်ကူးကို တင်ပြတာပါ၊ အဆုံးအဖြတ်ကတော့ ဝန်ကြီးချုပ် ပေးရမှာပဲ၊

ဦးကျော်ငြိမ်းဆိုတဲ့လူဟာ ရန်ဖြစ်ရင် လက်မနှေးချင်ဘူး၊ သူကအရင်ဦးအောင် ချချင်သူဖြစ် တယ်၊ သာဓကတခုကိုပြောရဦးမယ်၊ ဒီသာဓကကို ဖတ်ရရင် ဦးကျော်+ငိမ်းဟာ ဘယ်လို လူစားဆိုတာ သဘောပေါက်နိုင်တယ်၊ ဒုတိယကမာစစ်ကြီး အတွင်းက မဟာမိတ်တပ်တွေ မန်းတလေးက ဆုတ်ခွာ နေတဲ့အချိန်မှာ ဦးကျော်ငြိမ်းနဲ့ ရဲဘော်တစုဟာ မန်းတလေးနားက ကပိုင်ဆိုတဲ့ ရွာကလေးမှာ စတဲချပြီး မြေအောက်တော်လှန်ရေးလုပ်နေကြတယ်၊ တနေ့ကျတော့ သူနဲ့ ရဲဘော် (၂)ဦးဟာ မန္တလေးကို လမ်းလျှောက်လာနေတုန်း သူတို့ရှေ့က မလှမ်းမကမ်း နေရာတခုမှာ မော်တော်ကားတစင်းထိုးစိုက်တယ်၊ အဲဒီမော်တော်ကားထဲက မဟာမိတ်စစ်သားတဦးဟာ တော်မီသေနတ်ကို သူတို့ဘက်ချိန်ပြီးထွက်လာတယ်၊ ဒီစစ်သားအနားကို ရောက်လာတာနဲ့တဝိပိုင်နက် ဦးကျော်ငြိမ်းဟာ ဒီစစ်သားကို အတင်းဝင်ဖက်လိုက်ပြီး ပစ်။ ပစ်။ ပစ် လို့ သူ့ရဲဘော်တွေကို လှမ်းပြောတယ်၊ သူ့ရဲဘော်တွေဟာ ဘာလုပ်မယ်ဆိုတာ ဦးကျော်ငြိမ်းလို စဉ်းစားမထားတဲ့ အတွက် တမိနစ်လောက် ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်၊ နောက်တော့မှ တိုင်းချင်း ကိုသန်းဖေ ဆိုတဲ့ ရဲဘော်က စစ်သားကို ခြောက်လုံးပြူးနဲ့ အတင်းဝင် ပစ်တဲ့အတွက် သူတို့ (၃)ဦးစလုံး အသက်ဘေးက သီသီကလေး လွတ်မြောက်သွားခဲ့ရသည်၊

ကျော်ငြိမ်းရေ။ ကွန်မြူနစ်တွေ သူပုန်ထတော့မယ်ဆိုတာ ဆဖပလ အလုပ်အမှုဆောင်ကို ငါတင်ပြချင်တယ်၊

တင်ပြဘို့ကောင်းပါတယ်၊
အဲဒီအစည်းအဝေးမှာ မင်းရဲ့ အစီအစဉ်တွေကို မင်းတင်ပြတာပေါ့ကွာ ဘယ်အစီအစဉ်တွေကို ပြောတာလဲ ဝန်ကြီးချုပ်၊ ကွန်မြူနစ်ခေါင်းဆောင်တွေကို သူတို့ရဲ့ ဌာနချုပ်မှာ အတင်းတက်ဖမ်းပြီး။ ထောင်ထဲသွင်း ထားဘို့ အစီအစဉ်ပေါ့ကွာ၊ ဟာ။ ဒါတင်ပြလို့ ဘယ်ဖြစ်မလဲ၊ အာရှလူငယ်နဲ့ ပြည်သူ့ရဲဘော်အဖွဲ့တွေထဲမှာ ကွန်မြူနစ်တွေ အများကြီးရှိနေတယ်၊ အလုပ်အမှုဆောင်အဖွဲ့ထဲမှာ သူတို့ကိုယ်စားလှယ်ကတဆင့် ဒီအစီအစဉ်ကို သူတို့သိမယ်၊ သူတို့ သိပြီးရင် သူတို့သတင်းပို့လို့ သန်းထွန်းနဲ့ ဂိုရှယ်တို့ ချက်ချင်း သိသွားမှာပဲ၊ ဟုတ်တယ်။ သိသွားမှာပဲ၊ ဒီအစီအစဉ်ကို တင်မပြနဲ့ကွာ၊ ကွန်မြူနစ်တွေအတွက် စိတ်မအေးရတဲ့အထဲ ဖဆပလထဲက ဆိုရှယ်လစ်တွေအတွက် စိတ်ပူစရာ တခု သခင်နုရဲ့ ခေါင်းပေါ် တက်ရောက်လာပြန်သေးတယ်၊ တက်လာပုံက ဒီလို။ တနေ့မှာ လယ်ယာနဲ့ သစ်တော ရေးဌာန ဝန်ကြီးသခင်တင်ဟာ သာယာဝတီကို ခရီးထွက်မဲ့အကြောင်း ဝန်ကြီးချုပ် သခင်နုကို အစီရင်ခံတယ်၊ သခင်တင် သွားရမဲ့ဒေသဟာ နဲနဲကြမ်းတဲ့အတွက် သူ့ကိုယ်ရံတော်တပ်ထဲက ဗိုလ်တယောက်နဲ့ ရဲဘော်ဆယ် ယောက်လောက် သခင်တင်ကို စောင့်ရှောက်ဖို့ သခင်နုထည့်ပေးလိုက်တယ်၊ ဗိုလ်လုပ်သူကိုလည်း ဝန်ကြီးကို ကောင်းကောင်းစောင့်နော်၊ မင်းပေါ့ဆလို့ ဝန်ကြီးကို တခုခုဖြစ်ရင် မင်းကိုငါ ပြင်းပြင်းထန်ထန် အရေးယူမယ်လို့ သခင်နုဟာ တိတိကျကျမှာလိုက်တယ်၊ ခရီးက ပြန်လာတဲ့အခါ အဲဒီဗိုလ်ကလေးက ကျွန်တော် တခြား ဘယ်နေရာမှမသွားဘူး၊ ဝန်ကြီးအနားမှာ အမြဲကပ်နေတယ်၊ ဝန်ကြီးအိမ်သာသွားရင်တောင် ကျွန်တော် လိုက်သွား ပြီး အပြင်ဘက်က စောင့်နေပါတယ်လို့ သခင်နုကို အစီရင်ခံတယ်၊ နောက် (၃)ရက်လောက်ကြာတဲ့အခါ သခင်နုရဲ့ မိတ်ဆွေတဦးဆီကို မိန်းမတဦးရဲ့ ဓါတ်ပုံနှင့် စာတစောင် ရောက်လာတယ်၊ အဲဒီမိန်းမဟာ လင်ရှိမယား။ ဝန်ကြီးသခင်တင်ဟာ ဒီမိန်းမကို ဗိုလ်တဲပေါ်ခေါ်ပြီး မုဒိန်းကျင့်လိုက်ပါတယ်လို့ စာထဲမှာ ရေးထားတယ်၊ သခင်တင်ကို သခင်နုသိလာတာကြာပြီး၊ သခင်တင်မှာ မိန်းမတွေနဲ့ ရှုပ်ရှုပ်ပွေပွေလုပ်တတ်တဲ့ ဝါသနာမျိုးတော့ ဘယ်နည်းနဲ့မှမရှိဘူး ဆိုတာ သခင်နုကောင်းကောင်းသိတယ်၊ သခင်တင်နဲ့ ရင်းနှီးသူတိုင်းလည်း ဒီအကြောင်းကို ကောင်းကောင်းသိပါတယ်၊ ဒါပေမဲ့တိုင်စာ ရလာတဲ့အခါ စုံစမ်းတာကောင်းတယ်ဆိုတဲ့သဘောနဲ့ သူထည့်ပေးလိုက်တဲ့ ကိုယ်ရံတော်က ဗိုလ်ကလေးကို သခင်နုစုံစမ်းကြည့်တယ်၊ သူဟာ ဝန်ကြီးချုပ်နဲ့ အတူတူ တခန်းထဲမှာ အိပ်တဲ့အတွက် သူမသိပဲ ဝန်ကြီးအိပ်ခန်းထဲကို ဘယ်သူမှ မလာနိုင်ဘူး၊ နောက်ပြီးတော့လည်း သူဟာ ဝန်ကြီးသွားရာကို အမြဲတမ်း ကပ်လိုက်နေတဲ့အတွက် ဝန်ကြီးဟာ သူမသိပဲ ဒီကိတ်စမျိုးဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူးလို့ ဖြေတယ်၊

အဲဒါကြောင့် သခင်နုလဲ ဒီကိတ်စကို ပျက်လုံးတခုအနေနဲ့ သဘောထားပြီး မေ့ပစ်လိုက်တယ်၊ နောက်(၃)ရက်လောက်ကြာတဲ့အခါ အဲဒီမိန်းမရဲ့ ဓါတ်ပုံနဲ့တကွ သခင်တင်ဗိုလ်တဲပေါ်မှာ မုဒိန်းကျင့်သွားတယ်ဆိုတဲ့သတင်းတွေဟာ သတင်းစာတွေထဲမှာ ပါလာတယ်၊ သခင်နုလည်း ဒီသတင်းကို ဆက်လက်စုံစမ်းကြည့်တဲ့အခါ ဒီလို သိရတယ်၊ သာယာဝတီမှာ သခင်တင်နဲ့ မသင့်မြတ်တဲ့ ပြည်သူ့ရဲဘော် ဗိုလ်တဦးရှိတယ်၊ အဲဒီ ဗိုလ်က ဒီသတင်းကို တမင်သက်သက် လုပ်ကြံပြီး ဝန်ကြီးချုပ်နဲ့ သတင်းစာတိုက်ဆီကို ပို့လိုက်တာဖြစ်တယ်၊ အမှန်အတိုင်းဆိုရင် ဒီအမှုဟာ သိပ်မကြီးကျယ်ပါဘူး၊ ဒါပေမဲ့ သတင်းစာတိုက်တွေ ကလဲ လက်ခံအောင် ပြည်သူလူထုကလဲ ကြေနပ်သွားအောင်ဆိုပြီး သခင်နုဟာ တရားလွှတ်တော် ချုပ်ရဲ့ တရားဝန်ကြီးချုပ်နဲ့ အခြားပုဂ္ဂိုလ် (၂)ဦးပါတဲ့ စုံစမ်းရေးအဖွဲ့ကို ဖွဲ့ပေးလိုက်တယ်၊ ဒီအမှုဟာ လီဆယ်မှု ဖြစ်တယ်လို့ စုံစမ်းရေးအဖွဲ့က အစီရင်ခံတယ်၊ အဲဒီအစီရင်ခံစာထွက်လာပြီးတဲ့အခါ တချို့သတင်းစာတွေက ငြိမ်သွားကြတယ်၊ သတင်းစာ(၂)စောင် (၃)စောင်ကတော့ မျက်စိမှိတ်ပြီး ဇွတ်အတင်းဆက်ပြီး စွပ်စွဲနေကြသေးတာပဲ၊ ဒီသတင်းစာတွေကို ဖတ်ပြီး ကာယကံရှင် သခင်တင်နဲ့ သူ့ရဲဘော် ဆိုရှယ်လစ်တွေဟာ ဘယ်လောက်စိတ်ဆိုးမယ်ဆိုတာတော့ မပြောတတ်ဘူး၊ ဆိုရှယ်လစ် မဟုတ်တဲ့ ဝန်ကြီးချုပ် သခင်နုတောင် အတော်မခံမရပ်နိုင် ဖြစ်နေတယ်၊

မတ်လ(၁၂)ရက်နေ့ကိုရောက်တဲ့အခါ ဗမာပြည် အလည်လာတဲ့ ဗမာပြည်ဆိုင်ရာ ဗြိတိသျှ ဝန်ကြီးချုပ်ဟောင်း လော့လစ်စတိုးဝဲကို ဝဲမိ့တော်ခမ်းမမှာ ဂုဏ်ပြုဧည့်ခံတယ်၊ ဧည့်ခံပွဲပြီးတဲ့အခါ ဗန္ဓုလပန်းခြံဘက်ဆီက လူထုအသံတွေနဲ့ အသံချဲ့စက်တွေကို ကြားတာကြောင့် လော့လစ်စတိုးဝဲနဲ့ သခင်နုတို့ဟာ ဝဲမိ့တော်ခန်းမဆောင်ရဲ့ ဝရန်တာပေါ်ကနေပြီး ဗန္ဓုလပန်းခြံထဲက ထွက်လာကြတဲ့ လူထုကို ကြည့်နေကြတယ်၊ သူတို့ဟစ်အော်လာကြတဲ့ ကြွေးကြော်သံတွေဟာ သတင်းစာတိုက်တွေကို ရှုံ့ချတဲ့ ကြွေးကြော်သံတွေ ဖြစ်တဲ့အတွက် ဝန်ကြီး သခင်တင်နဲ့ ပတ်သက်ပြီး ဆိုရှယ်လစ်တွေ ဆန္ဒပြကြတယ်ဆိုတာ သခင်နုချက်ချင်းတွေးမိတယ်၊ အရမ်းကာရော ရေးနေ တဲ့ သတင်းစာတွေကို ဒီလိုဆန္ဒပြတာဟာ တရားသော ဆန္ဒပြခြင်းပဲလို့လည်း သခင်နုယူဆတဲ့ အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေတယ်၊ ပြည်သူလူထုက သတင်းစာတွေကို ဘာကြောင့် အခုလို ဆန္ဒပြရတယ်ဆိုတာကိုလည်း သခင်နုဟာ လော့လစ်စတိုဝဲကို ဝမ်းမြောက်ဝမ်းသာစွာနဲ့ ရှင်းပြနေတယ်၊

သခင်နု အိမ်ပြန်ရောက်ပြီးလို့ (၁၅)မိနစ်လောက်အကြာ ပြည်ထဲရေး ဝန်ကြီးဦးကျော်ငြိမ်း ရောက်လာတယ်၊ ဦးကျော်ငြိမ်းက ဘာမှမပြောရသေးခင်။ ဟေ့– ကျော်ငြိမ်းရေ။ ခွေးမသား သတင်းစာတွေကို လူထုကဆန္ဒပြကုန်ကြပြီ၊

သတင်းစာတွေက ဘာရေးရေး။ ငုံ့ခံတာမျိုးတော့ ငါလည်း မကြိုက်ဘူး၊ တခါတခါ ဒီလိုဆန္ဒပြကြတာမျိုးကို ငါကြိုက်တယ်လို့ သခင်နုက ဝမ်းသာ အားရနဲ့ ဦးကျော်ငြိမ်းကို ပြောပြတယ်၊

ကျွန်တော် အပြခိုင်းလိုက်တာ ဝန်ကြီးချုပ်၊

အော်– – –

ဆန္ဒပြယုံတင် မကသေးဘူး၊ သတင်းစာတိုက်တွေထဲကို ဝင်ပြီး စက်တွေကိုပါ ရိုက်ချိုးပစ်ဘို့ ကျွန်တော်မှာလိုက်တယ်၊

ဝန်ကြီးချုပ်ဟာ သူ့ပြည်ထဲရေးဝန်ကြီး အစီရင်ခံနေတာကို မယုံကြည်နိုင်တဲ့ မျက်နှာနဲ့ဏ္ဍာ တမိနစ် လောက် အံ့အားသင့်ပြီး စိုက်ကြည့်နေတယ်၊

ဘာ– – –ကွ၊

သတင်းစာတိုက်တွေထဲကို ဝင်ပြီး၊ စက်တွေကို ရိုက်ချိုးဘို့ပါ၊ ကျွန်တော်မှာလိုက်တယ်၊

မင်းဟာ စောက်သုံးမကျတဲ့ အကောင်ပဲကွာ။ ပြည်ထဲရေးဝန်ကြီးလုပ်နေပြီး ဒီလိုခိုင်းရသလား၊ ဆန္ဒပြရုံဆိုရင် တော်ရောပေါ့၊ ဘာကိစ္စ စက်တွေကို ရိုက်ချိုးခိုင်းရတာလဲ၊ ဒို့ဟာ ဒီမိုကရေစီနိုင်ငံကွ အာဏာပိုင်တွေနဲ့ သူတို့ရဲ့ လက်ပါးစေတွေ လုပ်ချင်ရာ လုပ်နေတာကို ဘယ်သူ မှ အရေးမယူရဲပဲ လက်ပိုက်ကြည့်နေရတဲ့ အာဏာရှင်နိုင်ငံမဟုတ်ဘူး၊

မင်းပုလိပ်မင်းကြီးကို အခုချက်ချင်းခေါ်လိုက်။ ဥပဒေကိုချိုးဖောက်တဲ့ အကောင်မှန်သမျှ ငါအရေးယူမယ်လို့ ဝန်’ကီးချုပ်ဟာ သူ့ပြည်ထဲရေးဝန်ကြီးကို ဒေါသနဲ့ အပစ်တင်နေတယ်၊ ဝန်ကြီး ချုပ်ဟာ အင်မတန် ဒေါသထွက်နေတဲ့အတွက် မင်းဟာ တရားခံပဲ၊ အဲဒါကြောင့် မင်းဟာ ရှေးဦးစွာ ရာထူးက ထွက်ကွာလို့ တောင် ပြည်ထဲရေးဝန်ကြီးကို ဝန်ကြီးချုပ်က ပြောတော့မယ်ဆဲဆဲ ဖြစ်သွားလိုက်သေးတယ်၊ တစုံတခုကို ပြေးပြီး သတိရလိုက်တဲ့အတွက် ဒါကို မပြောပဲ ဝန်ကြီးချုပ်ဟာ သူ့စိတ်ကို ချုပ်ထားလိုက်တယ်၊ သူသတိရတယ် ဆိုတာကတော့ တခြားမဟုတ်ပါဘူး၊ သူပုန် ထတော့ဆဲဆဲ ဖြစ်နေတဲ့ ကွန်မြူနစ်တွေရဲ့ အန္တရာယ်ပါပဲ၊

စက်တွေကို ရိုက်ချိုးတဲ့အထဲမှာ ဥပဒေပြု လွှတ်တော်အမတ်တွေ။ ပါလီမန်အတွင်းဝန်တွေ။ အလုပ်သမားခေါင်းဆောင်တွေ။ လယ်သမားခေါင်းဆောင်တွေပါတယ်၊ ဝန်ကြီးချုပ်ရဲ့ အမိန့်အရ ပုလိပ်ကဖမ်းဆီးဘို့ လိုက်တဲ့အခါ ဒီလူတွေဟာ ခဏရှောင်တိမ်း နေကြသေးတယ်၊ သူတို့ရဲ့ခေါင်းဆောင်တွေက အဖမ်းခံဘို့ အမိန့်ပေးတော့မှ အဖမ်းခံကြတယ်လို့ ကြားရတယ်၊ ဒါပေမဲ့ သူတို့ရဲ့အမှုဟာ အာမခံပေးနိုင်တဲ့ အမှုဖြစ်ဖြစ်နေတဲ့အတွက် ဒီခေါင်းဆောင်တွေကို အာမခံနဲ့ လွှတ်ပေးလိုက်တယ်၊

နောက်(၃)ရက်လောက်ကြာတဲ့အခါ ဗန္ဓုလပန်းခြံထဲမှာ လူထုအစည်းအဝေးတရပ် ကျင်းပပြီး သခင်နု မိန့်ခွန်း ပေးတယ်၊ ဒီမိန့်ခွန်းထဲမှာ စက်တွေ ရိုက်ချိုးသူတွေကို

ဥပဒေအရ အရေးယူ နေပြီဆိုတာ သခင်နု ကျေညာတယ်၊ နောက်ပြီးတော့ သတင်းစာတွေဟာရနေတဲ့ လွတ်လပ်စွာ ရေးသားခွင့်ကို တရားသဖြင့် သုံးစွဲကြဘို့ သခင်နုက ရှေးဦးစွာ မေတ္တာရပ်ခံတယ်၊ အကယ်၍ သူဒီလို မေတ္တာရပ်တာကို ဂရုမစိုက်ပဲ လွတ်လပ်စွာရေးသားခွင့်ကို အလွဲသုံးစားလုပ်လာရင် သူဟာ သတင်းစာတွေကိုလည်း မကြောက်ဘူး၊ သတင်းစာတွေရဲ့ ဘိုးအေကိုလည်း မကြောက်ဘူး၊ ဥပဒေအရ အရေးယူရလိမ့်မယ်လို့ ဝန်ကြီးချုပ်က သတင်းစာ တွေကို ကြိမ်းမောင်းလိုက်တယ်၊ သခင်နု ပြောသွားတဲ့စကားထဲမှာ သတင်းစာ ဘိုးအေဆိုတာ ဘယ်သူ့ကိုမှ ရည်ရွယ်ပြီး ပြောတာမဟုတ်ပါဘူး၊ ဥပမာ–လူတယောက်ကိုလည်း မကြောက်ဘူး၊ အဲဒီလူထက် ပိုပြီးကြီးတဲ့လူကိုလည်း မကြောက်ဘူးလို့ အရပ်သုံးစကားနဲ့ပြောချင်ရင် မင်းကိုလည်း မကြောက်ဘူး၊ အဲဒီ လူထက် ပိုမိုကြီးတဲ့ လူကိုလည်းမကြောက်ဘူးလို့ ဗမာတွေပြောနေကြပါပဲ၊ အဲဒါကြောင့် သတင်းစာကိုလည်း မကြောက်ဘူး၊ သတင်းစာ ဘိုးအေကိုလည်း မကြောက်ဘူးလို့ ပြောတဲ့အခါ သတင်းစာထက် ပိုပြီး တန်ခိုးကြီးတာတွေကိုလည်း မကြောက်ဘူးလို့ ဝန်ကြီးချုပ်က ဆိုလိုတာပါပဲ၊ ဒါပေမဲ့ သခင် ကိုယ်တော်မှိုင်းဟာ သတင်းစာတွေရဲ့ ဘိုးအေဖြစ်တယ်၊ အဲဒါကြောင့် သတင်းစာဘိုးအေကို မကြောက်ဘူးလို့ ဆိုတာဟာ ဝန်ကြီးချုပ်က သခင်ကိုယ်တော်မှိုင်းကို စော်ကားလိုက်တာပဲလို့ သတင်းစာ တွေက စာလုံးမဲကြီးတွေနဲ သခင်နုကို ဝိုင်းပြီးတွယ်ကြပြန်တယ်၊ အဲဒီနောက် သခင်ကိုယ်တော် မှိုင်းကို ခေါင်းဆောင်တင်ပြီး သတင်းစာဆရာတွေထဲက ခပ်စွာစွာ သတင်းစာဆရာ လေးငါးဦးဟာ အရပ်တကာလှဲ့ပြီး ဝန်ကြီးချုပ်ကို ရှုံ့ချပွဲတွေ လုပ်ကြသေးတယ်၊ သခင်နုဟာ တက္ကသိုလ် ကျောင်းသားဘဝတုန်းက ကျောင်းအုပ်ကြီးဆလေ့ာကို ဒီလိုပဲ မတရားစွပ်စွဲခဲ့ဘူးသူ ဆိုတော့ ဒီသတင်းစာ ဆရာတွေ လုပ်တာကို စိတ်မဆိုးနိုင်ပါဘူး၊ သူဟာဝËလယ်တာပဲလို့ သူ့ကိုယ်သူ ပြန်ပြောပြီး ပြုံးစိစိကြီး လုပ်နေတယ်၊

သတင်းစာဆရာတွေနဲ့ တဘက်မှာရန်ဖြစ်နေတုန်း သခင်နုဟာ ကွန်မြူနစ်ကိတ်စကို ဆက်ကိုင်ဘို့ အတွက် ဖဆပလ အလုပ်အမှုဆောင် အစည်းအဝေးကိုခေါ်ပြီး ကွန်မြူနစ်တွေ သူပုန် ထတော့မဲ့အကြောင်း သခင်နုက ရှင်းပြတယ်၊ အခုလိုရှင်းပြပြီးတဲ့အခါ အလုပ်အမှုဆောင် ခပ်များများက ငြိမ်းချမ်းရေးအတွက် ကွန်မြူနစ်တွေနဲ့ ဆွေးနွေးကြဘို့ အကြံပေးကြတယ်၊ ဒီလိုအကြံပေးတဲ့အထဲမှာ တချို့ကတော့ သွေးထွက်သံယိုမှု တွေကို ရှောင်ချင်လို့ စေတနာရိုးရိုးနဲ့ အကြံပေးတာပါပဲ၊ ဒါပေမဲ့ ကွန်မြူနစ်တွေဘက်ကို ခပ်ယိုင်ယိုင်ဖြစ်နေကြတဲ့ သူတွေကတော့ ကွန်မြူနစ်တွေဟာ တော်လှန်ရေးအတွက် အစီအစဉ်လုပ်နိုင်အောင် အစိုးရလက်ကို ဆွဲထားတဲ့ အနေနဲ့ အကြံ ပေးတာဖြစ်တယ်၊ ဒီအချက်ကို ဝန်ကြီးချုပ် ကောင်းကောင်းသိပါတယ်၊ ဒါပေမဲ့ သခင်နုဟာ အတွေးသမား။ အငေးသမား ဆိုတော့ ရန်သူနဲ့ရင်ဆိုင်ရတဲ့အခါ ဦးကျော်ငြိမ်းလို မပြတ်သားဘူး၊ ရန်သူက

လေးငါးချက်ထိုးတာကို ခံရပြီးမှ ပြန်ထိုးချင်သူဖြစ်တယ်၊ အဲဒါကြောင့် ကွန်မြူနစ်တွေနဲ့ ဆွေးနွေးဘို့ ဆိုတဲ့အကြံကို သူလက်ခံလိုက်တယ်၊ ဆွေးနွေးဘို့အတွက် အစီအစဉ်တွေလုပ်ရအောင် သခင်နုဟာ ကချင်ပြည်နယ် ဥက္ကဋ္ဌ ဆမားဒူးဝါး ဆင်ဝါးနောင်ကို ကွန်မြူနစ်တွေဆီ လွှတ်လိုက်တယ်၊ ကွန်မြူနစ်တွေဟာ သူတိုရဲ့ဌာနချုပ်ကို ပိတ်ထားတယ်၊ ဆမားဒူးဝါးကို အဝင်မခံဘူး၊ သခင်နုလည်း အတော်စိတ်တိုလာပြီး၊ ဒါပေမဲ့ ဒီကိတ်ဏဟာ ခလေးကစားတဲ့ ကိတ်စ မဟုတ်ဘူး၊ တနိုင်ငံလုံးရဲ့ သေရေးရှင်ရေးကိတ်စကြီးဖြစ်တယ်၊ သည်းခံ၊ မင်းစိတ်လိုက်မာန်ပါ သွားမလုပ်လိုက်နဲ့လို့ သူ့ကိုယ်သူဆုံးမပြီး ဒုတိယဝန်ကြီးချုပ် ဗိုလ်လကျ်ာနဲ့ ဆမားဒူးဝါး တို့ကို ကွန်မြူနစ်တွေဆီ ထပ်ပြီး လွှတ်လိုက်ပြန်တယ်၊ အဲဒီအကြိမ်မှာလည်း ကွန်မြူနစ်တွေဟာ သူတို့ ရဲ့ ဌာနချုပ်ကို ပိတ်ထားတယ်၊ အစိုးရ ကိုယ်စားလည်တွေကို အဝင်မခံဘူး၊

အဲဒီလိုနဲ့ဏ္ဍာ မတ်လ (၂၇)ရက်နေ့ကို ရောက်လာပါတယ် မတ်လ(၂၇)ရက်နေ့ဟာ ဖက်ဆစ် ဂျပန်ကို စပြီး တော်လှန်ကြတဲ့ တော်လှန်ရေးနေ့ဖြစ်တယ်၊ အဲဒီနေ့မှာ သခင်နုဟာ အာဇာနည်ကုန်း လူထုအစည်းအဝေးမှာ မိန့်ခွန်းပြောတယ်၊ သခင်သန်းထွန်းက ဗန္ဓုလပန်းခြံ လူထုအစည်းအဝေးမှာ မိန့်ခွန်းပြောတယ်။ သခင်နုက သွေးထွက်သံယိုဖြစ်မဲ့လမ်းစဉ်ကို မလိုက်ကြပါနဲ့၊ ငြိမ်းချမ်းရေးလမ်းစဉ်ကို လိုက်ကြပါ၊ ကွန်မြူနစ်တွေ။ ဆိုရှယ်လစ်တွေ ‘[ခေန္ဒျငည္သူတေပြည်သူဏ္ဍာရဲဘော်တွေ] အစရှိတဲ့နိုင်ငံရေး သမားတွေ ညီညွတ်နိုင်ကြရင် ဝန်ကြီးချုပ်ရာထူးကရော ဖဆပလဥက္ကဋ္ဌရာထူးကပါ သူထွက်ပေးပြီး အများလက်ခံနိုင်သူတဦးကို တင်မြှောက်ပေးပါ့မယ် လို့ပြောတယ်၊ သခင်သန်းထွန်းကတော့ ဖဆပလအစိုးရကို လက်နက်နဲ့ဖြုတ်ချရမယ်၊ ဗါးကရာချောက်ကြီးထဲမှာ ဖဆပလ အလောင်း ကောင်တွေဟာ တောင်လိုပုံသွားစေမယ်လို့ ပြောတယ်၊ သခင်သန်းထွန်းက အဲဒီလို တခဲနက် ဟစ်အော်လိုက်တဲ့ အသံကြီးဟာ သူ့ရဲ့တခြား ခြိမ်းခြောက်သံတွေကို လွှမ်းမိုးထွက်လာကာ တနိုင်ငံလုံး ယူကျုံးမရ ကြားခဲ့ရသည်၊

ကွန်မြူနစ်တွေဟာ အဲဒီလောက်အထိ ကဲလာတဲ့အခါ ဖဆပလ အစိုးရဟာ ကွန်မြူနစ်တွေနဲ့ ဆွေးနွေးရအောင်ဆက်ပြီး ကြိုးစားဘို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ အဲဒါကြောင့် ကွန်မြူနစ်ခေါင်းဆောင် တွေကိုဖမ်းဘို့ ဝန်ကြီးချုပ်သခင်နုဟာ အမိန့်ချပေးလိုက်ရတယ်၊ ရဲနဲ့ ပြည်ထောင်စုရဲအဖွဲ့ဝင်တွေ။ ကွန်မြူနစ် ဌာနချုပ်ကို တက်ပြီးဖမ်းတဲ့အခါ ခေါင်းဆောင်တွေ တယောက်မှမရှိတော့ဘူး၊ အဲဒီတော့မှ ကျားကိုသတ်သတ်လွှတ်စားဘို့ တောင်းပန်ရတာကမှ အောင်မြင်နိုင်စရာ အကြောင်းရှိသေးတယ်၊ ရပ်ရှင်း အပင်း သွင်းလိုက်တာကို ခံနေရတဲ့ ကွန်မြူနစ် တွေကို ငြိမ်းချမ်းရေးလမ်း လိုက်အောင်ပြောဘို့ ဆိုတာကတော့ ဘယ်နည်းနဲ့မှ အောင်မြင်နိုင်စရာ အကြောင်းမရှိနိုင်ဘူး၊ ဒါကိုသိလျက်သားနဲ့ ငါပြတ်ပြတ်သားသား

မလုပ်လိုက်မိတာများတာဘဲ၊ ပြတ်ပြတ်သားသား လုပ်ဘို့ ကျော်ငြိမ်းပြောတုန်းကသာ ငါသဘောတူလိုက်ရင် ဒီလိုဖြစ်မှာမဟုတ်ဘူးလို့ သူ့ကိုယ်သူအပြစ်တင်ပြီး သခင်နုနောင်တရနေတယ်၊

အခန်း(၂၁)

အကုသိုလ်ဝင်မိရင် တခါတည်းနဲ့ ဘယ်တော့မှ မပြီးဘူးဆိုတဲ့ အင်္ဂလိပ်စကားပုံ တခုရှိတယ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်မှာ ၁၉၄၈ခုနှစ်နဲ့ ၁၉၄၉ခုနှစ်အတွင်း အကုသိုလ်ဝင်ပုံဟာ အဲဒီအင်္ဂလိပ်စကားပုံအတိုင်း ဖြစ်နေတာပါပဲ၊ ဘယ်လိုဖြစ်တယ်ဆိုတာ ကြည့်ကြရအောင်၊ ၁၉၄၈ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံဟာ လွတ်လပ်တဲ့နိုင်ငံ ဖြစ်လာတယ်၊ အဲဒီအချိန်မှာ မူဂျာဟစ်တွေနဲ့ အလံနီကွန်မြူနစ်တွေဟာ သူပုန်ထလို့ အတော် အရှိန်ရနေပြီ၊ လွတ်လပ်ရေးရပြီးလို့ (၇၆)ရက်ပဲရှိသေးတယ်၊ ၁၉၄၈ခုနှစ် မတ်လ(၂၉)ရက်နေ့ကျတော့ သခင်သန်းထွန်း ခေါင်းဆောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ သူပုန်ထတယ်၊ အဲဒီသတင်းကို ကြားလိုက်ရတာနဲ့ တပြိုင်နက် ၁၉၄၈ခုနှစ် ဇူလိုင်လ (၄)ရက်နေ့မှာ နိုင်ငံရေးလောကထဲက သူထွက်သွားရတော့မှာပဲလို့ သူအကြီးအကျယ် မျှော်လင့်လာခဲ့တဲ့ မျှော်လင့်ချက်တောင်ကြီးဟာ မျက်စိတခပ်။ လျှပ်တပျက်။ လက်တဖြစ်အတွင်း ပြိုကျပျောက်ကွယ်သွားတာကို သခင်နုဟာ သူ့စိတ်ထဲမှာ မြင်လိုက်ရတယ်၊ အဲဒီလိုမြင်လိုက်ရတာနဲ့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို အစိုးရ ဘက်တော်သားတွေနဲ့ သူပုန်တွေဟာ သွေးသံရဲရဲနဲ့ တဦးကိုတဦး ပစ်ခတ်သတ်ဖြတ်နေကြတာတွေကို သခင်နုဟာ သူ့စိတ်ထဲမှာ ပြေးမြင်လိုက်ပြန်ပြီး အတော်တုန်လှုပ်သွားတယ်၊ ဘယ့်နှယ့် ကွာ၊ မင်းလုပ်မှာကြောက်ပါတယ်လို့ ဆိုနေခါမှ မင်းရိုးရိုးတောင်မဟုတ်ဘူး၊ သေနတ်ကိုင် ထွက်ရမဲ့ မင်းလုပ်နေရပြန်ပြီး၊ ငါ့ကံတွေက ဘယ်လိုအကျိုးပေးနေတာလဲ၊ ခုနေအခါ မြတ်စွာဘုရားသာ သက်တော်ထင်ရှားရှိနေမယ်ဆိုရင် တပည့်တော်ကို ဒီဘဝမျိုးရောက်အောင် ဘယ်ကံတွေက။ အကျိုးပေးနေတာပါလဲ ဘုရားကိုလျှောက်ကြည့်ချင်တယ်လို့ သခင်နုဟာ တယောက်တည်းငြီးနေတယ်၊ တအောင့်လောက်ကြာတော့မှ ငါကရှောင်သာသားပဲကွာ၊ ကွန်မြူနစ်တွေ။ ဆိုရှယ်လစ်တွေ။ ပြည်သူ့ရဲဘော်တွေ။ ညီညွတ် အောင်ကြိုးစားကြပါ၊ ဝန်ကြီးချုပ်ရာထူးကကော ဖဆပလ ဥက္ကဋ္ဌအဖြစ်ကကော ထွက်ပေးပါမယ့်လို့ တော်လှန်ရေး နေ့တုန်းက လူထုရှေ့မှာ လူသိရှင်ကြား ငါကျေညာခဲ့သားပဲ၊ အဲဒီလို ငါရှောင်လျှက်သားနဲ့ ဒီကွန်မြူနစ်တွေက အတင်းဝင်တိုးတာတော့ ငါမတတ်နိုင်ဘူး၊ သူတို့ချသလို ဒို့ကလည်းပြန်ချရမှာပဲလို့ စိတ်နှစ်လုံးဒုံးဒုံးချလိုက်ပြီး လိုအပ်တဲ့ အစီအစဥ်တွေ လုပ်ရအောင် အရေးပေါ်ဝန်ကြီးများ အစည်းအဝေး ခေါ်လိုက်တယ်၊

ဝန်ကြီးတွေ အလာကို စောင့်နေရင်း သခင်နုဟာ ဘုရားခန်းစာအုပ်စင်က ဇာတ်ကြီးဆယ်ဘွဲ့ ကျမ်းစာအုပ်ကို ယူလိုက်ပြီး မဟောသဓ ဇာတ်တော်ကို ဖတ်နေတယ်၊ ဘုရားမဖြစ်ခင် ဂေါတမ မြတ်စွာဘုရားဟာ ဘဝပေါင်းများစွာ ဘုရားအလောင်းတွေဖြစ်ခဲ့ဖူးတယ်၊ အဲဒီအလောင်းတော် တွေထဲမှာ မဟောသဓလည်းပါတယ်၊ မဟောသဓဟာ ပညာရှိကြီးတဦးဖြစ်တယ်၊ ဘုရားလောင်းတွေထဲမှာ တချို့က ဖြစ်ခါစဆိုတော့ ပါရမီနုကြတယ်၊ မဟောသဓဖြစ်လာတဲ့အခါ ဘုရားလောင်းဖြစ်ခဲ့တဲ့ ဘဝပေါင်းဟာ မရေအတွက်နိုင်အောင် များနေပြီဖြစ်တဲ့အတွက် မဟောသဓရဲ့ ပါရမီဟာ အတော်ကြီး ရင့်ကျက်နေပြီ၊ အဲဒီလို ပါရမီ ရင့်ကျက်နေတဲ့ ဘုရားအလောင်းတော်ဟာ သူတဘက်သားကို အလကားသက်သက်ဘယ်မှာ နှိပ်စက်သတ်ဖြတ်ချင်မလဲ၊ ဒါပေမဲ့ သူ့ရှင်ဘုရင် သူ့တိုင်းပြည်နဲ့ အမျိုးကို ကာကွယ်ဘို့ အတွက် ဆိုရင်တော့ လက်မနှေးဘူး၊ ရန်သူကိုနှိပ်စက်စရာ ရှိရင်လည်း နှိပ်စက်တာပဲ၊ ရန်သူဘက်က ရှင်ဘုရင်ရဲ့အကြံပေး ကင်းဝဋ္ဋပုဏ္ဏားကို နဖူးနဲ့ ကြမ်းနဲ့ကိုင်ဆောင့်ပြီး အဝေးကြီးလွင့်သွားအောင် ကိုင်ပေါက်ပစ်လိုက်ဖူးတယ် မဟုတ်လား၊ ရန်သူရဲ့ အင်မတန်ကြီးမားတဲ့ တပ်တွေဟာ သူ့ရှင်ဘုရင်နဲ့ နေပြည်တော်ကို ဝိုင်းထားတဲ့အခါ အနုကင်းဝဋ္ဋဆိုတဲ့ ခေနန္လျငည္ျူတေ ပုဏ္ဏားတဦးကို သူလျှိုအဖြစ်နဲ့ ရန်သူတွေတပ်ထဲ ထည့်ထားတယ်၊ နောက်ပြီးတော့မှ ဒီ အနုကင်းဝဋ္ဋ ခေနန္လျငည္ျူတေ ပုဏ္ဏားဟာ မဟောသဓရဲ့ သွန်သင်ထားချက်အရ မိကျောင်းပေါ်တဲ့ ကျုံးကိုဖြတ်ပြီး မြို့ရိုးကို ဖောက်ဘို့ ရန်သူ့စစ်သားတွေကိုလိမ်ခေါ်လာတယ်၊ မိကျောင်းကိုက်သတ်လို့ ရန်သူ့စစ်သားတွေ အတော်သေ ကြတယ်၊ မိကျောင်းဘေးက လွတ်ထွက်လာတဲ့ ရန်သူ တပ်သား တွေကိုတော့ အသင့်ခြုံခိုစောင့်နေတဲ့သူ့တပ်သားတွေက ဝိုင်းပြီးသတ်ရတယ်၊ အင်မတန်ကြီးမားတဲ့ ရန်သူတပ်ကြီးဟာနောက်ဆုံးမှာ တပ်လန်ပြီး ကစင့်ကလျား ထွက်ပြေးရတဲ့ အထိ မဟောသဓဟာ နည်းပရိယာယ်အမျိုးမျိုးကို သုံးခဲ့တယ်၊

ရန်သူရှင်ဘုရင်ဟာ လက်ရုံးအားကိုးနဲ့ တိုက်လို့မရတဲ့အခါ သူ့သမီးတော်နဲ့ ထိမ်းမြားပါ့မယ်၊ သူ့နိုင်ငံကို လာပါလို့ မဟောသဓရဲ့ ရှင်ဘုရင်ကိုလိမ်ပြီးခေါ်တယ်၊ မသွားဘို့ရှင်ဘုရင်ကို မဟောသဓ အပြင်းအထန်တားတယ်၊ ရှင်ဘုရင်ဟာ ရန်သူရှင်ဘုရင်ရဲ့ သမီးတော်ကို သိပ်လိုချင်နေတဲ့အတွက် တားလို့မရဘူး၊ အဲဒါကြောင့် သူရဲ့လက်ရုံးရည်။ နှလုံးရည်ကို အသုံးပြုပြီး မဟောသဓဟာ ရန်သူရှင်ဘုရင်ရဲ သမီးတော်ကို သူ့ရှင်ဘုရင်အတွက် မရရအောင် ခိုးပေးခဲ့ဖူးတယ်၊ အဲဒီလို သမီးတော်ကို ခိုးပေးပြီးနောက် သူ့လက်ထဲမှာမိနေတဲ့ ရန်သူရှင်ဘုရင်ကို မဟောသဓ သတ်ပစ်ချင်ရင် သတ်ပစ်နိုင်တယ်၊ ဒါပေမဲ့ မသတ်ဘူး၊ အသက်ချမ်းသာပေးလိုက်တယ်၊ အဲဒီရန်သူရှင်ဘုရင်က မဟောသဓကို သုခမိန် သင့်လိုလက်ရုံးရည်။ နှလုံးရည်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ဒီဇမ္ဗူဒိပ်တကျွန်းလုံးကို

သိမ်းယူနိုင်တယ်၊ ဘယ်ဖြစ်လို့ သိမ်းမယူတာလဲလို့ မေးတယ်၊ အဲဒီအခါ အရှင်မင်းကြီး အကျန်ုပ်ဟာ မင်းအဖြစ်ကို အလိုရှိရင် အရှင်မင်းကြီး ပြောသလို သိမ်းယူနိုင်ပါတယ်၊ အကျွန်ုပ်ဟာ ဒီမင်းစည်းစိမ်ကို အလိုရှိလို့မဟုတ်။ ကိုယ့်ရှင်ဘုရင်။ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်အမျိုးကို ဘေးဒုက်ခ မရောက်ရအောင်သာ တိုက်နေရခြင်းဖြစ်ပါတယ်၊ မိမိကောင်းစားလိုသောကြောင့် သူတပါးကို သတ်ပုတ်ညှင်းဆဲပြီး စည်းစိမ်ဥတ်စာ သိမ်းယူခြင်းမျိုးကို ဘုရား။ ပစေဏကက ဗုဒ်ဓ။ ရဟန္တာစသော သူတော်ကောင်းတို့ချီးမွမ်းတော်မမူ၊ အကျွန်ုပ်ဟာ သူတော်ကောင်းတို့ ချီးမွမ်းတဲ့ အလေ့အကျင့်ကိုသာ အလိုရှိတယ်၊ သူတော်ကောင်းတို ့ စက်ဆုပ်ရွံရှာ တဲ့ အလုပ်မျိုးကို အလိုမရှိလို့ မဟောသဓပြန်ဖြေတယ်၊

တရားတော်ဟာ မျက်နှာမလိုက်ဘူး၊ ငါဟာလုရားလောင်းဖြစ်တယ်၊ နောက်ပြီးတော့ ငါသတ်လိုက်တဲ့ သူတွေဟာ ရန်သူတွေပဲဆိုပြီး မဟောသဓ ထုချေလို့မရဘူး၊ ဘုရားလောင်းက သတ်တာပဲဖြစ်ဖြစ်။ လူသာမန်က သတ်တာပဲ ဖြစ်ဖြစ် ငရဲကြီးတာပဲ၊ ရန်သူကိုပဲဖြစ်ဖြစ်။ မိတ်ဆွေကိုပဲဖြစ်ဖြစ်။ တခြားပုဂ္ဂိုလ်တဦးကိုပဲဖြစ်ဖြစ်။ သတ်မိရင် ငရဲကြီးတာပဲ၊ ကိုယ်က သွားတိုက်ရင်း သတ်တာပဲဖြစ်ဖြစ်။ ရန်သူကလာတိုက်လို့ ကိုယ့်ကိုယ်ကို ကာကွယ်ရင်းသတ်တာပဲဖြစ်ဖြစ် သတ်မိရင် ငရဲကြီးတာပဲ၊ အဲဒါကို သိလျှက်သားနဲ့ ငရဲအကျခံပြီး ကိုယ့်တိုင်းပြည် နဲ့အမျိုးကို မဟောသဓကယ်ဆယ်ခဲ့တာ၊သခင်နုသိပ်သဘောကျတယ်၊ သူရှင်ဘုရင်ဖြစ်ဘို့အတွက် သူ့ကိုယ်ကျိုး စီးပွားဖြစ်ဘို့အတွက် ဒီလို သတ်ရဖြတ်ရတဲ့ ဘုရားအစရှိသော။ သူတော်ကောင်းများ စက်ဆုပ်တဲ့ အလုပ်မျိုးကို အလောင်းတော်မဟောသဓဟာ ဘယ်တော့မှ မလုပ်ဘူးဆိုတဲ့ အချက်ကိုပဲ သခင်နု သိပ်သဘောကျတယ်၊ အဲဒါကြောင့် တိုင်းပြည်နဲ့အမျိုးကို ကာကွယ်ဘို့ အတွက်သာ ဒီလိုသတ်ရဖြတ်ရတဲ့ အလုပ်တွေကို ငါလုပ်မယ်၊ ဝန်ကြီးချုပ်ဆိုတဲ့ ငါ့ရာထူး တည်မြဲရေးအတွက်သာ ဆိုရင်တော့ ဘုရားအစရှိသော သူတော်ကောင်းတွေ စက်ဆုပ်တဲ့ ဒီလိုသတ်ဖြတ် နှိပ်စက်ရတဲ့ အလုပ်မျိုးတွေကို ငါဟာ ဘယ်နည်းနဲ့မှ မလုပ်ပါဘူးလို့ လေးနက်စွာ အဓိဌာန်ပြီး ဝန်ကြီး အစည်းအဝေးအခန်းထဲကို ဝန်ကြီးချုပ် သခင်နု ဝင်လာတယ်၊

ကွန်မြူနစ်တွေဟာ သူတို့အားကောင်းရာ ဒေသတွေဖြစ်တဲ့ ပဲခူး။ တောင်ငူ။ ပျဉ်းမနားနဲ့မြစ်ဝကျွန်းပေါ် ဒေသတချို့မှာ အစွမ်းကုန် သောင်းကျန်းပစ်ကြတာပဲ၊ သူတို့ဟာ ရဲဌာနတချို့ကို ဝင်စီးပြီး လက်နက်တွေလုတယ်၊ မြို့ကလေးတွေနဲ့ ရွာတွေအတော်များများကို ဝင်စီးကြတယ်၊ ဆန်စက်တွေ။ ဆန်ဂိုဒေါင်တွေမှာရှိတဲ့ အစိုးရဆန်တွေကို ဝင်လုကြတယ်၊ မီးရထားလမ်းတွေ။ တံတားတွေကို ချိုးဖောက်ဖျက်ဆီးပစ်ကြတယ်၊ အဲဒီအချိန်တုန်းက သူတို့ရဲ့ အင်အားဟာ တိုက်ပွဲဝင်ဘူးတဲ့ လက်နက်ကိုင်တွေ တသောင်းကျော်လောက် ရှိမယ်၊ ကွန်မြူနစ်ပြည်သူ့စစ်ဝန်ထမ်းလို့ ခေါ်တဲ့ ဒုတ်ဓါးဝါးချွန်အစရှိတဲ့ တွေ့ရာလက်နက်ကိုင်တွေရဲ့ အင်အားကတော့ နှစ်သောင်းကျော်ကျော်လောက်

ရှိလိမ့်မယ်လို့ ခန့်မှန်းရတယ်၊
ဒီလက်နက်ကိုင်တော်လှန်ရေးကို ရင်ဆိုင်ဘို့အတွက် အစိုးရမှာ ဘာမှပြင်ဆင်မှုမရှိသေးပါဘူး၊ အဲဒါကြောင့် အစိုးရဟာ ဝေးတဲ့ရန်သူကို လစ်လျူရှုထားရပြီး နီးရာရန်သူကိုသာ ငါးပွက်ရာ ငါးစာချနေသလို။ ဟိုရွှေ့တိုက်။ ဒီရွှေ့တိုက် လိုက်နဲ့တိုက်နေရတာပဲ၊ အဲဒီလိုဖြစ်ကတတ်ဆန်း တိုက်နေတုန်း မေလထဲကို ရောက်လာတဲ့အခါ ပြည်သူ့ရဲဘော်တွေက ကွန်မြူနစ်သောင်းကျန်းသူတွေနဲ့ အစိုးရစပ်ကြားမှာ စေ့စပ် ပေးချင်တယ်လို့ အဆိုပြုလာတယ်၊
ဒီလိုအဆိုပြုလာတဲ့ ပြည်သူ့ရဲဘော်တွေထဲမှာ စိတ်ဓာတ်ပိုမိုပြင်းထန်တဲ့လူစုက အင်္ဂလန်နဲ့ အမေရိကန်ကို ဗမာနိုင်ငံတော်အစိုးရက စစ်ကျေညာဖို့အကြံပေးတယ်၊ ဝန်ကြီးချုပ် သခင်နုဟာ ပြည်သူ့ရဲဘော်တွေနဲ့ ရန်မဖြစ်ချင်ဘူး၊ အဲဒီတော့ ဒီအကြံမဖြစ်နိုင်တဲ့အကြောင်းကို စိတ်ရှည်ရှည်ရှင်းပြတယ်၊ အဲဒီအခါ အဲဒီပြည်သူ့ရဲဘော်တွေက ဒီလိုဆိုရင် ဝန်ကြီးချုပ်။ စတိစစ်ကျေညာပေးပါလို့ ထပ်မံအကြံပေးပြန်တယ်၊ ဝန်ကြီးချုပ်ကလည်း ဒီ ဒုတိယအကြံကို ကြားရပြန်တဲ့အခါ နှစ်မိနစ်လောက် စကားမပြောနိုင်ဘူး၊ ငိုင်တိုင်တိုင် ကြီးဖြစ်နေတယ်၊ ဒီအကြံနဲ့ ပတ်သက်ပြီး သခင်နုနဲ့ ပြည်သူ့ရဲဘော် ခေါင်းဆောင်တချို့ဟာ အတော်ကလေး အကြိတ်အနယ် ဆွေးနွေးလိုက်ရသေးတယ်၊ နောက်ဆုံးမှာ ဆိုဗီယက် ယူနီယံလို နိုင်ငံမျိုးတောင် အင်္ဂလိပ်နဲ့ အမေရိကန်ကို တကယ်လည်း စစ်မကျေညာရဲဘူး၊ စတိလဲ မကျေညာရဲဘူးလို့ သခင်နုက ရှင်းပြတော့မှ ဒီကိတ်စဟာ ပြီးသွားတယ်၊
အဲဒီနောက် ကွန်မြူနစ်တွေ။ ဆိုရှယ်လစ်တွေ။ ပြည်သူ့ရဲဘော်တွေ ပါဝင်နိုင်တဲ့ လက်ဝဲညီညွတ်ရေးကို တည်ဆောက်ဘို့ လက်ဝဲညီညွတ်ရေး လမ်းစဉ်တခုကို ရေးဆွဲချင်တယ်လို့ ပြည်သူ့ရဲဘော်တွေက တောင်းဆိုတဲ့အတွက် ဆိုရှယ်လစ် ခေါင်းဆောင်တချို့။ ပြည်သူ့ရဲဘော်ခေါင်းဆောင်တချို့။ဘုတလင်ဦးသိန်းဖေနဲ့ သူကိုယ်တိုင် ညီဥတ်ရေး လမ်းစဉ်တခုကိုရေးဆွဲပြီး ၁၉၄၈ခုနှစ် မေလ (၂၅)ရက်နေ့ အောင်ဆန်းအားကစားကွင်း လူထု အစည်းအဝေးကြီးမှာ ကျေညာလိုက်တယ်၊
သခင်နုတို့က ညီညွတ်ရေးရဘို့အတွက်။ အင်မတန် အင်မတန်ကြီးကျယ်လှတဲ့ မျှော်လင့်ချက်ကြီးနဲ့ ဒီလက်ဝဲ ညီညွတ်ရေးလမ်းစဉ်ကို ကျေညာလိုက်ပေတဲ့ ကိုရွှေကွန်မြူနစ်တွေကတော့ ဖြုံတောင်မဖြုံဘူး၊ ဒါပေမဲ့ ဒီလက်ဝဲ ညီညွတ်ရေးလမ်းစဉ်ထဲမှာပါတဲ့အချက်(၅)ချက်အနက်။ နောက်ဆုံးအချက်ကြောင့် အနောက်နိုင်ငံတချို့မှာ အထူးသဖြင့် အင်္ဂလန်မှာ သတင်းစာတချို့နဲ့ ပုဂိုလ်တချို့ဟာ ဒီလက်ဝဲ ညီညွတ်ရေးလမ်းစဉ်ကို အတော်ကလေး စိတ်ဝင်စားလာတာ တွေ့ရတယ်၊ အဲဒီနောက်ဆုံးအချက်ဆိုတာကတော့ တခြားမဟုတ်ပါဘူး၊ ကွန်မြူနစ်။ ဆိုရှယ်လစ်။ ပြည်သူ့ရဲဘော်နဲ့ မာ့စ်ဝါဒကို သက်ဝင်ယုံကြည်နေတဲ့ နိုင်ငံရေးသမားတွေ ပါဝင်တဲ့အဖွဲ့တခုကို မာ့စ်ဝါဒ စည်ပင်ပြန့်ပွားရေးအတွက် ဖွဲ့စည်းပေးမည်လို့

ဖော်ပြထားတဲ့အချက်ပဲ ဖြစ်ပါတယ်၊ ဒီအချက်ကို အကြောင်းပြုပြီး အင်္ဂလန်နဲ့ အမေရိကန်တွေရဲ့ သတင်းစာတချို့မှာ ဗမာနိုင်ငံဟာ ကွန်မြူနစ်နိုင်င ံဖြစ် သွားရှာပြီလို့ ဖော်ပြရေးသားကြတယ်၊ အင်္ဂလန်မှာဆိုရင် နိုင်ငံခြားဝန်ကြီး မစတာဘီဗင်ဟာ ဘိလပ်ရှိ ဗမာသံအမတ်ကို ချက်ချင်းဆင့်ခေါ်ပြီး ဒီလက်ဝဲညီညွတ်ရေးလမ်းစဉ်အကြောင်းအား ရှင်းပြခိုင်းတယ်၊ ဗြိတိသျှ ပါလီမန်ထဲမှာလည်း အကယ်၍ ဗမာနိုင်ငံဟာ ကွန်မြူနစ်နိုင်ငံဖြစ်သွားရင် အဲဒီနိုင်ငံအပေါ်မှာ ဗြိတိသျှအစိုးရရဲ့ သဘောထားကို ပြောင်းလဲရလိမ့်မယ်လို့ ခပ်ခပ်တင်းတင်း ခပ်မာမာ ကျေညာခဲ့တယ်၊

ဗမာတွေအလိုရှိတဲ့အတိုင်း လုံးဝလွတ်လပ်ရေးရအောင် စေတနာကောင်းနဲ့ ဝိုင်းပြီး ကူညီကြတဲ့ ဗမာ့ မိတ်ဆွေတွေထဲမှာ မစတာဘီဗင်ဟာ ရှေ့ဆုံးတန်းကပါတယ်ဆိုတာ သခင်နု ကောင်းကောင်းသိတယ်၊ အဲဒီကျေးဇူး ကို သူတတ်နိုင်သလောက် ပြန်ဆပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဗမာဆေးဆရာဝန်တဦးကို လွှတ်ပြီး မစတာဘီဗင်ရဲ့ လိပ်ခေါင်းရောဂါကို ကုသပေးပါရစေလို့တောင် သခင်နု မစတာဘီဗင်နဲ့ ဘိလပ်မှာ တွေ့စဉ်က အဆိုပြုခဲ့ဖူးတယ်၊ မစတာဘီဗင်ကလဲ သဘောတူတယ်၊ ဒါပေမဲ့ ဗမာလိပ်ခေါင်း ဆရာတွေကုတဲ့နည်းဟာ သိပ် ကြမ်းတယ်၊ လိပ်ခေါင်းကို စိန်ပါတဲ့ဆေးတွေနဲ့ လူးပြီးဖြတ်တာပဲ၊ သွားမလုပ်နဲ့ ဘီဗင်လိုကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီး တယောက် မတော်တဆ ကိုးယိုးကားယားဖြစ်သွားရင် ခင်ဗျားသာမကဘူး ဗမာတနိုင်ငံလုံး ကမ္ဘာ့အလယ်မှာ နာမည်ပျက်နေပါဦးမယ်လို့ မိတ်ဆွေတွေက အပြင်းအထန်ဝိုင်းပြီးကန့်ကွက်ကြတာနဲ့ သခင်နုလဲ မစတာဘီဗင်ဆီ လိပ်ခေါင်းကု ဆရာတဦးပို့ဖို့ အကြံကို လက်လျှော့ပစ်ခဲ့ရဖူးတယ်၊ မစတာဘီဗင်နဲ့ သခင်နုတို့ဟာ ဒီလိုရင်းနှီး နေတဲ့အတွက် မစတာဘီဗင်ဟာ လက်ဝဲညီညွတ်ရေး လမ်းစဉ်နဲ့ ပတ်သက်ပြီး ဘာကြောင့် ဒီလို အရေး ယူတယ်ဆိုတာ သခင်နုချက်ချင်းသဘော ပေါက်ပါတယ်၊ အဲဒါကြောင့် မစတာဘီဗင် ဗြိတိသျှပါလီမန်ထဲမှာ ပြောကြားချက်တွေကို ကြားရပြီးတဲ့အခါ သခင်နုဟာ မစတာဘီဗင်ကို အထင်မလွဲပဲ သူအိမ်ထောင်ကျစတုံးက သူတွေ့ခဲ့ရတဲ့ အဖြစ်အပျက်ကလေးတခုကို ပြန်သတိရပြီး ပြုံး နေတယ်၊

ဒီအဖြစ်အပျက်ကလေးက ဒီလိုပါ၊ တနေ့မှာ တလသားလောက်ရှိသေးတဲ့ သူ့သားဦးကလေးဟာ ကောက်ရသလို အပြင်းအထန်ဖျားတယ်၊ ရှေးဦးစွာ ဆ ရာဝန်နဲ့ကုတယ်၊ ကုနေတုန်း ရောဂါတိုးလာတဲ့အတွက် မိတ်ဆွေတွေ အကြံပေးတဲ့ ဗမာဆေးဆရာတွေနဲ့ကုပြန်တယ်၊ ဒါလည်းမရဘူး၊ တလသားကလေးဟာ တက်တက် ပြီးသေမလို ဖြစ်နေတယ်၊ အဲဒီအခါ မိတ်ဆွေတဦးက ဗမာဆရာအသစ်တဦးကို ခေါ်ဘို့ အကြံပေးတယ်၊ဒီဆရာဟာ စနဒါလ၊ ဗမာနိုင်ငံမှာ လွတ်လပ်ရေး မရခင်တုန်းက စန်ဒါလတို့ ဘုရားကျွန်တို့ဆိုတဲ့ အုပ်စုကလေးတွေ ရှိတယ်၊ ဒီအုပ်စုတွေဟာ မြို့ထဲမှာ အခြားသူတွေနဲ့ အတူတူရောပြီး မနေရဘူး၊ မြို့စွန်ရွာစွန်မှာ

နေကြရတယ်၊ စန်ဒါလတွေဟာ များသောအားဖြင့် သုႆန်တွေရဲ့ အနီးအနားမှာနေပြီး လူသေကောင်တွေကို မြေမြှုပ်တဲ့အလုပ်။ မီးသဂြိုလ်တဲ့အလုပ်တွေကို လုပ်ရတယ်၊ မြန်မာလို စန်ဒါလဆိုတာ ဟိန္ဒူလို ချန်ဒါလမှ ဆင်းသက်လာတဲ့ စကား ဖြစ်ပုံပေါ်တယ်၊ ဒီစကားနှစ်မျိုးစလုံးရဲ့ အဓိပ်ပါယ်ဟာ အတော်နီးစပ်တယ်၊ ဘုရားကျွန်တွေကတော့ ရှေးဘုရင်တွေ လှူဒါန်းပစ်ခဲ့တဲ့ဘုရားပုထိုးတွေ အနီးအနားမှာ နေပြီး။ ပတ်ဝန်းကျင်မှာ အမှိုက်လှဲ။ မြက်နှုတ်အစရှိတဲ့ အလုပ်တွေကို လုပ်ရတယ်၊ ဒီဘုရားကျွန်တွေဟာ ဘုရားပုထိုးတွေမှာ ဆက်ကပ်ကြတဲ့ ဆွမ်းတော်များကို ယူပိုင်ခွင့်။ စားပိုင်ခွင့် ရှိတယ်၊ ဗမာနိုင်ငံမှာ ဘုရင်စနစ်ကြီးစိုးစဉ်က ရှင်ဘုရင်တွေ ဘုရားပုထိုးတည်ပြီးတဲ့အခါ။ အဲဒီ ဘုရားပုထိုးတွေမှာ ဝေယျာဝစ္စ ဆောင်ရွက်ဘို့ လူတချို့ကို ရှင်ဘုရင်တွေက အမိန့်တော် ပြန်တမ်းဖတ်ပြီး လှူပစ်ခဲ့တယ်၊ အခုခေတ် ဘုရားကျွန်တွေဟာ အဲဒီလို အလှူခံလိုက်ရတဲ့လူတွေက ဆင်းသက် ပေါက်ပွားလာသူတွေ ဖြစ်တယ်လို့ ယူဆကြတယ်၊

တချို့ အယူသီးတဲ့ဗမာတွေဟာ ဒီစန်ဒါလနဲ့ ဘုရားကျွန်တွေ သူတို့ရဲ့အိမ်ထဲကို ဝင်လာတာမကြိုက်ဘူး၊ အဲဒါကြောင့် သခင်နုဟာ စန်ဒါလဆရာကို ခေါ်ဘို့အတွက် သူ့ဇနီးကို တိုင်ပင်ကြည့်တယ်၊ စန်ဒါလတွေ အိမ်ထဲ ဝင်တာကို အဖေမကြိုက်ဘူးလို့ မမြရီကဖြေတယ်။ အခုနေများ ငါ့သားသေသွားရင် ဒီဆရာနဲ့မကုလိုက်ရလို့ ငါ့သားသေရတာပဲဆိုတဲ့ အစွဲအလမ်းကြီးဟာ ငါသွားရာကိုလိုက်ပြီး ထမင်းလုံးတစေ့ခြောက်သလို ခြောက်နေမှာပဲ၊ ငါလည်း အဲဒီစိတ်ကြောင့် တသက်လုံးစိတ်ချမ်းသာတော့မှာ မဟုတ်ဘူး၊ အဲဒီတော့ ဘယ်သူသဘောတူတူ။ မတူတူ ငါ့သားအသက်ချမ်းသာဘို အတွက် ဒီစန်ဒါလဆရာကို ငါခေါ်ရမှာပဲလို့ သခင်နုက ပြန်ပြောတယ်၊ အဲဒီအခါ ကလေးနေမကောင်းတာကို သတင်းမေးရအောင်လာတဲ့ အမျိုးသမီးတဦးက ဒီစန်ဒါလဆရာကိုသာ ရှင်သွားခေါ်လိုက်ရင် ရှင်တို့အိမ်ကို ဘယ်သူမှ လာမှာ မဟုတ်တော့ဘူးလို့ ဝင်ပြီးပြောတယ်၊ သူ့သားသေမှာစိုးပြီး အင်မတန်ဗျာများနေတဲ့ သခင်နုဟာ စိတ်ပေါက်ပေါက်နဲ့ ဘယ်သူမှမလာချင်နေ။ သူ့သားတော့ အသေမခံနိုင်ဘူ း လို့ ဒေါသနဲ့ ပြန်ငေါက်ပြီး လူတယောက်ကို စန်ဒါလ ဆရာ အခေါ်လွှတ်လိုက်တယ်၊

ဒီအဖြစ်ပျက်ဟာ သခင်နုရဲ့ ဦးနှောက်ထဲမှာ သံမဏိနဲ့စွဲထားသလို ဖြစ်နေတယ်၊ အဲဒါကြောင့် နောင် (၁၅)နှစ်လောက်အကြာ ဗမာနိုင်ငံလွတ်လပ်ရေးရတဲ့အခါ လွတ်လပ်ရေးကြေညာတဲ့နေ့မှာ ပြည်ထောင်စု မြန်မာ နိုင်ငံတော်အတွင်း စန်ဒါလ။ ဘုရားကျွန်။ အစရှိသဖြင့် လူအချင်းချင်း ဖိနှိပ်ချုပ်ချယ်မှုများ မရှိစေရ၊ ဒီလွတ်လပ်တဲ့နေ့က အစပြုပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုသူ ပြည်ထောင်စုသားမှန်သမျှဟာ အားလုံး ညီတူညီမျှ ဖြစ်ရမည်လို့ အဓိပါယ်ပါတဲ့ စာပိုဒ်ကို နိုင်ငံတော်သမတရဲ့ ပြန်တမ်းထဲမှာ ဝန်ကြီးချုပ် သခင်နု ထည့်ပေးလိုက်တယ်၊

သားဦးကလေးရဲ့ရောဂါဟာ အင်မတန် ကျွမ်းနေပါပြီ၊ အဲဒါကြောင့် စန်ဒါလဆရာလဲ မတတ်နိုင်ပါဘူး၊ ဆရာရောက်ပြီး မကြာခင် အသက်ထွက်သွားတယ်၊ အဲဒီလိုပဲ၊ ကွန်မြူနစ်တွေမှာ အပြင်အပက။ ပယောဂတွေ အတော် ဝင်နေကြပြီးဖြစ်တဲ့အတွက် လက်ဝဲညီညွတ်ရေးလမ်းစဉ်လဲ ဘာမှ မတတ်နိုင်ရှာပါဘူး၊ ကွန်မြူနစ်တွေ ညီညွတ်ရေးစည်းဝိုင်း ထဲကို ဝင်မလာတဲ့အပြင် ဇွန်လ (၁၆)ရက်နေ့ကျတော့ ပဲခူးမှာ စခန်းချထားတဲ့ ဗမာ့တပ်မ တော် တပ်ရင်းတရင်းလုံး တောခိုပြီး ကွန်မြူနစ်တွေနဲ့ ပေါင်းသွားကြတယ်၊

ဇူလိုင်လထဲမှာ အစိုးရတဖွဲ့လုံး နှစ်ကြိမ်။ သုံးကြိမ်လောက် နုတ်ထွက်ပြီး။ အသစ်ပြန်ဖွဲ့စည်းခဲ့ဖူးတယ်၊ အဖြစ်မှန်မသိတဲ့ ပြည်ထောင်စုသားတွေနဲ့ နိုင်ငံခြားသားတွေက အစိုးရအဖွဲ့ထဲမှာ ပဋိပက၊တွေ ဖြစ်ကုန်ကြပြီ၊ ဒါကြောင့် အစိုးရအဖွဲ့ဟာ ခဏခဏနုတ်ထွက်ပြီး ခဏခဏပြန်ဖွဲ့ရတာပဲလို့ ယူဆကြတယ်၊ အမှန်စင်စစ်တော့ အဲဒီအချိန်က အစိုးရအဖွဲ့ထဲမှာ ပဋိပက၊မှုတွေမရှိပါဘူး၊ ဒီလိုဆိုရင် အစိုးရအဖွဲ့ဟာ ဘာ့ကြောင့် နုတ်ထွက်လိုက်။ အသစ်ပြန်ဖွဲ့လိုက်နဲ့အစိုးရထွက်တန်း။ ဖွဲ့တန်းကစားနေကြတာလဲ၊ အစိုးရအဖွဲ့ထဲမှာ ဝန်ကြီးတချို့ရှိတယ်၊ ဒီ ဝန်ကြီးတွေဟာ ရတနာသုံးပါးထက် ဗေဒင်ဆရာကိုပိုပြီး ကိုးကွယ်ဆည်းကပ်ကြတယ်၊ ဒုက၊နဲ့ ရင်ဆိုင်တွေ့ရရင် ရတနာသုံးပါးကို ရှိခိုးပူဇော်ဘို့ သတိမရရှာပဲ ဗေဒင်ဆရာတွေဆီ တန်းပြီးသွားကြတယ်၊ အဲဒီလို သွားပြီး ဗေဒင်ဆရာတွေကို ပြောလိုက်တာ အကုန်လုံး လျှောက်လုပ်ကြတာပဲ၊ အဲဒီအချိန်တုန်းက အဲဒီဝန်ကြီးတွေကို ဗေဒင် ဆရာတွေက နုတ်ထွက်လိုက်ကြအုံးလို့ ဩဝါဒပေးတာကြောင့် အစိုးရအဖွဲ့နုတ်ထွက်လိုက်ပြီး သူတို့ က ကောင်းတယ်လို့ဩဝါဒပေးတဲ့အချိန်မှာ အစိုးရ ပြန်ဖွဲ့ကြတာပါပဲ၊

နောက် တနင်္ဂနွေ (၂)ပတ်လောက်ကြတဲ့အခါ နေ့တနေ့မှာ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းဟာ ဝန်ကြီး ချုပ် သခင်နုကို လာတွေ့တယ်၊

အခြေအနေကတော့ အတော်အရေးကြီးနေပြီ ဝန်ကြီးချုပ်၊

ဘယ်လို အရေးကြီးတာလဲကွ၊

ဗိုလ်နေဝင်းကိုဖြစ်ဖြစ်။ ဗိုလ်ဇေယျကိုဖြစ်ဖြစ်။ ဝန်ကြီးချုပ်ကြိုက်ရာလူကို ကာကွယ်ရေးဝန်ကြီး ခန့် ပေးဖို့တောင်းဆိုနေပြီ၊

ဘယ်သူကတောင်းဆိုတာလဲ၊

သူတို့နှစ်ဦးစလုံးကပဲ၊

ရန်သူနဲ့အကြိတ်အနယ် တိုက်နေရတုန်း စစ်ဗိုလ်တွေက ဒီလိုအကျပ်ကိုင်တာ ကောင်းသလား၊

ဒီကိတ်စမှာ ဝန်ကြီးချုပ်သခင်နုဟာ အင်မတန်စိတ်ဆိုးပြီး အခုလိုပဲ ဖြေလိမ့်မယ်ဆိုတာ ဆိုရှယ်လစ် ခေါင်းဆောင်တွေ ကြိုတင်သိနေကြတယ်၊ ဒါပေမဲ့ ဒီကိတ်စမှာ ဝန်ကြီးချုပ်ဟာ ဗိုလ်နေဝင်းကိုဖြစ်ဖြစ်။ ဗိုလ်ဇေယျကိုဖြစ်ဖြစ် ကာကွယ်ရေး ဝန်ကြီးအဖြစ်နဲ့ ခန့်ရမယ်၊ ဝန်ကြီးချုပ်ဟာ မခန့်ပဲ ငြင်းပယ်လိုက်ရင်

ကြောက်စရာအန်ဒရယ် တခုခုဇကန်ဖြစ်တော့မယ်ဆိုတာလဲ ဒီဆိုရှယ်လစ်ခေါင်းဆောင်တွေ ကြိုတင်ပြီးသိနေကြ တယ်၊ ဒီမျှမကသေးဘူး၊ သခင်နုဆိုတဲ့ လူဟာ တခါတခါကျရင် အင်မတန် အကိုင်ရခက်တယ်၊ သူ့ကို အကိုင်မှား သွားရင် စိတ်လိုက်မာန်ပါ တွေ့ကရာတွေကို တဇွတ်ထိုး လုပ်တတ်တယ်ဆိုတာလဲ ဆိုရှယ်လစ်ခေါင်းဆောင်တွေ ကြိုတင်ပြီး သိနေကြတယ်၊ အဲဒါကြောင့် တခြားခေါင်းဆောင်တွေ ဘယ်သူမှ လိုက်မလာကြပဲ ဦးကျော်ငြိမ်း တယောက်ထဲကို ရွေးပြီး လွှတ်လိုက်ကြတာဖြစ်တယ်၊ ဦးကျော်ငြိမ်းဟာ သခင်နုနဲ့ ငယ်ပေါင်းကြီးဖေါ်ဆိုတော့ သခင်နုအကြောင်းကို ကောင်းကောင်းသိတယ်၊ ဘယ်အခြေမှာ ဘယ်နေရာကိုင်ရမယ်ဆိုတာလဲ ကောင်းကောင်း သိနေတယ်၊ ဘယ်လောက် သိတယ်ဆိုတာ သဘောပေါက်အောင် သာဓကလေး တခုကို ပြောပြရအုံးမယ်၊

၁၉၃၆ခုနှစ် တက်ကသိုလ်သပိတ်ကိုလှန်ပြီးတဲ့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား ညီလာခံတခု ကို ကျင်းပဘို့ စီစဉ်ကြတယ်၊ အဲဒီညီလာခံမှာ ကိုနုက သဘာပတိလုပ်ရမယ်၊ သဘာပတိဟာ ညီလာခံမစမီ မော်လမြိုင် ကျွန်းကို ခဏပြန်နေပါ၊ ညီလာခံနေ့ကျတော့မှ ရန်ကုန်ကို ပြန်လာပါ၊ ညီလာခံကိုယ်စားလှယ်တွေဟာ သဘာပတိကို သင်္ဘောဆိပ်မှာ လာကြို။ မြို့တပတ်လှည့်ပြီးမှ ညီလာခံကိုတက်ပါလို့ ကျောင်းသားခေါင်းဆောင် တွေက တိုက်တွန်းတာနဲ့ ကိုနုဟာ သဘာပတိမိန့်ခွန်းကိုရေး။ အဲဒီမိန့်ခွန်းကို ဘယ်သူမှ မပြင်ရဘူးလို့ သေသေချာချာမှာပြီး မော်လမြိုင်ကျွန်းကို ပြန်သွားတယ်၊ ဒီမိန့်ခွန်းကို ပုံမနှိပ်ခင် တက်ကသိုလ် သမဂ အလုပ်အမှုဆောင်အဖွဲ့က ဖတ်ကြည့်တဲ့အခါ မထည့်သင့်တဲ့ စာပိုဒ်တပိုဒ်ကို တွေ့ကြရတယ်၊ ဒါပေမဲ့ သူ့မိန့်ခွန်းကို ဘယ်သူမှမပြင်ရဘူးလို့ သေသေချာချာမှာသွားတဲ့အတွက် ဒီစာပိုဒ်ကိုဖြုတ်ပစ်ရမှာ အလုပ် အမှုဆောင်အဖွဲ့အတွက် အတော်ခက်နေတယ်၊ အဲဒါကြောင့် သခင်နုကို ကိုင်တတ်တဲ့ ကိုကျော်ငြိမ်းကို သခင်နုနဲ့ မော်လမြိုင်ကျွန်းမှာ တွေ့ဘို့ လွှတ်လိုက်ကြတယ်၊ ကိုကျော်ငြိမ်းက ကိုသာလှကို ခေါ်လာတယ်၊

သူတို့နှစ်ဦးဟာ မနက်(၈)နာရီလောက် မော်လမြိုင်ကျွန်းကို ရောက်လာကြတယ်၊ ဘာကိတ်စ လိုက်လာ ကြတာလဲလို့ ကိုနုကမေးတဲ့အခါ သဘောပတိ မိန့်ခွန်းအကြောင်းကို ကိုကျော်ငြိမ်းဟာ တလုံးတပါဒမှ ထည့် မပြောဘူး၊ ပျင်းလို့အလည်လိုက်လာတာလို့ ဖြေတယ်၊ ကိုကျော်ငြိမ်း။ ကိုသာလှ ကိုနုတို့ဟာ တနေ့လုံးထိုင်ပြီး ရှေးဟောင်းနှောင်းဖြစ်တွေကို ရောက်တတ်ရာရာ လျှောက်ပြောနေကြတာပဲ၊ ကိုကျော်ငြိမ်းကတော့ သူ့ဝါသ နာ အတိုင်းရယ်စရာတွေကို တခါတခါ ကြားညှပ်ပြီး ပြောတယ်၊ ညနေ(၃)နာရီလောက်ရှိတော့ တခြားစကားတွေကို ပြောနေရာက ကိုကျော်ငြိမ်းဟာ အမှတ်တမဲ့ ပြောလိုက်သလိုလိုနဲ့ သဘာပတိမိန့်ခွန်းရဲ့ အဲဒီစာပိုဒ်ကို ထည့်ဖို့ လိုသေးသလားလို့

ကိုနုကိုမေးလိုက်တယ်၊ အဲဒီအချိန်မှာ သူ့ဝမ်းကို ပျားရည်နဲ့အိနေအောင် အနယ်ခံထားရပြီး ဖြစ်တဲ့အတွက် သူ့မိန့်ခွန်းကို ဘယ်သူမှ မပြင်ရဘူးလို့ မှာထားခဲ့တာကို ကိုနုမေ့နေပြီ၊ အဲဒါကြောင့် ငါ့ မေးမနေပါနဲ့ကွာ။ မင်းတို့ကြိုက်သလို ပြင်ပါလို့ ဖြေလိုက်တယ်၊ နောက်နာရီဝက်လောက်ကြာတဲ့အခါ ညနေစာ စားကြပြီး ညနေ(၅)နာရီထွက်တဲ့ သင်္ဘောနဲ့ ကိုကျော်ငြိမ်း။ ကိုသာလှတို့ ရန်ကုန်ပြန်သွားကြတယ်၊ သခင်နုကို အဲဒီလို ကိုင်တတ်တဲ့အတွက် သခင်နုဆီ ဦးကျော်ငြိမ်းကို လွှတ်လိုက်ကြတာပါပဲ၊ အဲဒါကြောင့် ရန်သူနဲ့ အကြိတ်အနယ်တိုက်နေရတုန်း စစ်ဗိုလ်တွေက ဒီလိုအကျပ်ကိုင်တာ ကောင်းသလားလို့ သခင်နုက ဒေါသနဲ့ ပြောတဲ့အခါ ဦးကျော်ငြိမ်းဟာ ဘာမှပြန်မပြောဘဲ ကြမ်းပြင်ကို စိုက်ကြည့်ပြီး ငြိမ်နေတယ်၊ တမိနစ်လောက်ကြာတော့မှ ဒီလို အကြပ်ကိုင်တာဟာမကောင်းဘူး၊ ဒါကို ဘယ်သူမှ မငြင်းနိုင်ပါဘူး ဝန်ကြီးချုပ်၊ ဒါပေမဲ့ အကြပ်ကိုင်တဲ့လူတွေက ကိုင်နေကြပြီ၊ ဒီပြဿနာကို ဘယ်လိုဖြေရှင်းမလဲ၊ ကျွန်တော့်အနေနဲ့ကတော့ ဝန်ကြီးချုပ် စဉ်းစားနိုင်အောင် အခြေအနေကို တင်ပြတာပါပဲ၊ ဝန်ကြီးချုပ် ကြိုက်သလို ဖြေရှင်းပါလို့ ဦးကျော်ငြိမ်းက ဆက်ပြောတယ်၊

ဒီလိုအကျပ်ကိုင်တာကို ငါရဲ့အူတွေ။ အသဲတွေ။ ရိုးတွင်းချဉ်ဆီတွေထဲကပါ ငါမုန်းတယ်၊ ငါဘယ်သူ့ ကိုမှ မခန့်ဘူး၊ သူတို့လုပ်ချင်တာ လုပ်ကြပါစေ၊ ဝန်ကြီးချုပ်ဟာ ကျွန်တော်တို့ရဲ့ခေါင်းဆောင်ပါ၊ အဲဒီတော့ ဝန်ကြီးချုပ်ကြိုက်တဲ့အတိုင်းလုပ်ပါ၊

ငါဘယ်သူ့ကိုမှ မခန့်ဘူးကွာ၊ သူတို့လုပ်ချင်တာလုပ်ကြပါစေ၊ ဒို့မှာလည်း ခြေမဲ့လက်မဲ့မဟုတ်ပဲ၊ မင်းတို့ ဆိုရှယ်လစ်တွေကလည်း ဆိုရှယ်လစ်ပါတီကို စနစ်တကျဖွဲ့စည်းပြီး လူထုကိုစည်းရုံး။ ငါကလည်း ငါ့ကို ထောက်ခံတဲ့ လူထုကိုစစည်းရုံးမယ်၊ ဒီလူထုရဲ ထောက်ခံမှုနဲ့ ဒို့ကလည်း ပြန်ချရမှာပဲ၊ ဒီလိုဆိုရင် ဝန်ကြီးချုပ် သူတို့ကို ခဏလောက် မတွေ့နိုင်ဘူးလား။ ငါမတွေ့ဘူး၊

အဲဒီအချိန်မှာ မျက်ရည်တွေဟာ ဦးကျောင်ငြိမ်းရဲ့ မျက်လုံးအိမ်ထဲက တတွေတွေစီးကျလာတာကို သခင်နု တွေ့ရတယ်၊ အိမ်ဝမှ ခြေရောက်နေပြီး၊ အဲဒါတောင် ဘယ်လိုအခြေအနေဖြစ်နေပြီဆိုတာ မသိသေးပဲ ဒီခြေတွေကို ပစ်ရအောင် သေနတ်ဝယ်ဘို့ အရေးပိုင်ရုံးမှာ ငါ လိုင်စင်လျှောက်မယ်ဆိုတဲ့ စကားမျိုးတွေကို ပြောနေတဲ့လူလို။ ဝန်ကြီး ချုပ်ဆိုတဲ့ နွားကြီးကလဲ သူ့ခြံဝကိုရောက်နေတဲ့ စစ်ဗိုလ်တွေကိုတိုက်ဖို့ လူထုကိုစည်းရုံးမယ်ဆိုတဲ့ စကား တွေကို ပြောတုန်းရှိသေးတယ်လို့ တွေးမိတဲ့အတွက် ကရုဏာဒေါသဖြစ်ပြီး ငိုတာလား၊ ဒါမှမဟုတ်ရင်လည်း ဂမူးရှူးထိုးဖြစ်နေတဲ့ ဟာကြီးကို ဘရိတ်အုပ်ချင်လို့ငိုတာလား၊ ဘယ်သူမှ အမှန်မပြောနိုင်ဘူး၊ အမှန်ကို ဦးကျော်ငြိမ်းနဲ့ သူ့ကိုယ်စောင့်နတ် တွေသာ

သေသေချာချာသိမှာပဲ၊
သခင်နုဟာ သူ့လူယုံတော်ဖြစ်လို့လည်း ဦးကျော်ငြိမ်းကို ချစ်တယ်၊ ဒါ့အပြင် အဲဒီအချိန်မှာ ဦးကျော်ငြိမ်း ကို သူချစ်စရာအကြောင်းတွေလည်း အများကြီးရှိသေးတယ်၊ အဲဒီအကြောင်းတွေကို ဒီနေရာမှ နဲနဲလောက် ဖေါ်ပြချင်တယ်၊ ကွန်မြူနစ် သူပုန်ထတဲ့ အချိန်ကစပြီး နိုင်ငံရေးလောကထဲမှာရော အုပ်ချုပ်ရေး ယန္တရားထဲမှာပါ သခင်နုဟာ လူတွေရဲ့ သဘောကို စုံစမ်းဘို့ အခွင့်အလမ်းတွေ အများကြီးရှိတယ်၊
တချို့လူတွေဟာ ခပ်ဝေးဝေးက အကဲခတ်တဲ့အခါ သိပ်သတိရှိသလိုပဲ၊ အနီးကပ်ကြည့်တဲ့အခါကျတော့ ဟန်တောင် မလုပ်နိုင်လောက်အောင်ကို သတိကြောင်။ သူရဲဘောနည်းတာကိုတွေ့ရတယ်၊ တချို့ကျတော့ အစိုးရနဲ့ သူပုန် ဘယ်ဟာကသာမလဲ။ သာတဲ့ဘက်ကို ခြေစုံပစ်ဝင်မယ်ဆိုတဲ့ ခွတုပ်။ သာယာစီး။ အချောင်သမား စိတ်တွေ မွေး။ လက်တဘက်က အစိုးရဘက်ကိုထား။ ခြောက်တဘက်ကသူပုန်ကို လှမ်းပေးပြီး ရန်သူနဲ့တိတ်တိတ်ပုန်း အဆက်အသွယ် လုပ်နေကြတာကို တွေ့ရတယ်၊ တချို့ကျတော့ လက်ရှိတိုက်ပွဲဟာ လူထုက အာဏာဆင်းသက်တဲ့ စနစ်ကို ယုံကြည်မြတ်နိုးတဲ့ လူတွေကတဘက်။ သေနတ်ပြောင်းဝက အာဏာဆင်းသက်တာကို ယုံကြည်မြတ်နိုးတဲ့ လူတွေက တဖက်။ တိုက်နေကြတဲ့ တိုက်ပွဲဖြစ်တယ်ဆိုတဲ့ အင်မတန်မြင်လွယ်နိုင်တဲ့ အချက်ကလေးကို အာပေါက် အောင်ပြောပြတာတောင်။ နားမလည်ချင်ယောင်ဆောင်နေကြတယ်၊ အမှန်စင်စစ်ဆိုရင် ဒီလူတွေဟာ ချက်ဆိုနခွက်က မီးတောက်နေတဲ့လူတွေပါ၊ ဘယ်သူဟာဘာဆိုတာ သူတို့ကောင်းကောင်းသိပါတယ်၊ အိပ်ချင်ယောင်ဆောင်နေတဲ့လူကို အနှိုးရခက်တယ်ဆိုတာကို မသိချင်ယောင်ဆောင်နေတဲ့လူတွေ ဖြစ်နေလို့ သူတို့ကို အရှင်းပြရခက်နေတာပါပဲ၊ သူတို့ဒီလို မသိချင်ယောင်ဆောင်နေတာ အကြောင်းရှိပါတယ်၊ ဒီတိုက်ပွဲဟာ ဘယ်လို တိုက်ပွဲပဲဆိုတာ သူတို့အသိညာဏ်ထဲမှာ ရှင်းနေပြီ၊ သူတို့ရဲ့ အူတွေအသည်းတွေထဲက ဒီမိုကရေစီကို လိုလားနေပေမဲ့ သူတို့အနေနဲ့ကတော့ ဒီမိုကရေစီကို မကူရဲဘူး၊ အသက်ငွေ့ငွေ့ကလေးသာရှိတော့တဲ့ ဒီမိုကရေစီဟာ အရေးနိမ့်သွားပြီ၊ ကွန်မြူနစ်တွေတက်လာရင် ဘယ့်နှယ့်လုပ်မလဲ ဒီမိုကရေစီဘက်တော်သားတွေနဲ့ အတူတူ လူထုရုံးတော်တက်။ ကားစင်တင်။ ရင်ခွဲမှာကို မခံရဲပါဘူးခင်ဗျား၊ အဲဒါကြောင့် ထမင်းရေပူလာ လျှာလွှဲဆိုတဲ့ စကားလို ဒီတိုက်ပွဲထဲမှာ သူတို့မပါရအောင် ဒီတိုက်ပွဲဟာ ဖဆပလဆိုတဲ့ ကျွဲနဲ့ ကွန်မြူနစ်ဆိုတဲ့ ကျွဲနှစ်ကောင် ခတ်နေကြတဲ့ ကျွဲခတ်ပွဲပါ၊ ပြည်သူလူထုကတော့ ဒီကျွဲနှစ်ကောင်စပ်ကြားမှ အနင်းအထိအရှခံနေရတဲ့ မြေဇာပင်ဖြစ်ပါတယ်လို့ ကြွေးကြော်ပြီး ကျွဲနှစ်ကောင် ခတ်ပွဲကို ဝေးရာက ရှောင်ရှားနေကြတယ်၊
ဦးကျော်ငြိမ်းဟာ အခုပြောခဲ့တဲ့လူစားတွေထဲမှာ မပါ၊ သူဟာသတိသိပ်ရှိတယ်။

သာယာစီးတွေ အချောင်သမားတွေ။ ခွတုပ်တွေလုပ်နေတဲ့ အလုပ်ကို သူမလုပ်ဘူး၊ ရန်သူကို ပြတ်ပြတ်သားသား စစ်ကျေညာပြီး ချနေတာပဲ၊ အဲဒါကြောင့် ရန်သူဟာ သူ့ကိုသိပ်မုန်းတယ်၊ ဝန်ကြီးချုပ်သခင်နုကို မုန်းတာထက်တောင် သူ့ကိုပိုပြီး မုန်းလိမ့်မယ်ထင်တယ်၊ အဲဒီတုန်းက သူ့ကိုသာ ရန်သူဖမ်းမိသွားရင် လူထုရုံးတော်ကိုတောင် တင်နေမှာ မဟုတ်ပါဘူး၊ ချက်ချင်းကားစင်တင်။ ရင်ခွဲ။ အူအသဲကိုထုတ်ပြီး အစိမ်းလိုက် ဝါးစားပစ်ကြလိမ့်မယ်ထင်တယ်၊ ဒီလိုလုပ်ကြမယ်ဆိုတာကို ဦးကျော်ငြိမ်းကောင်းကောင်းသိပါတယ်၊ ဒါပေမဲ့ ဒါကိုနဲနဲကလေးမှ သူစောက်ဂရုမစိုက် ဘူး၊ သူ့အစီအစဉ်အတိုင်း သူဆက်သွားနေတာပဲ၊ အဲဒါအပြင် လက်ရှိတိုက်ပွဲဟာ ပြည်သူလူထုက အာဏာဆင်းသက်တဲ့စနစ်နဲ့ သေနတ်ပြောင်းဝက အာဏာဆင်းသင်တဲ့စနစ် တဘက်နဲ့တဘက် တိုက်နေကြတဲ့ တိုက်ပွဲဖြစ်တယ်ဆိုတဲ့ အချက်ကိုသူဟာ မမှိတ်မသုန် မတုံမလှုပ် ယုံကြည်သူဖြစ်တယ်၊ အူထဲ။ အသဲထဲ။ ရိုးတွင်းချဉ်ဆီထဲကပါ သက်ဝင်ယုံကြည်သူဖြစ်တယ်၊ အဲဒီအချက်တွေကြောင့် ဝန်ကြီးချုပ်သခင်နုဟာ သူ့ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းကို ကြည့်ကြည့်ပြီး သိပ်သဘောကျနေတယ်၊ ကျေနပ်နေတယ်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်၊ အဲဒီလို သူသဘောကျနေတဲ့ ဦးကျော်ငြိမ်းဟာ မျက်ရည်တွေကျနေတာကို သူမြင်ရတဲ့အခါ သခင်နုရဲ့ စိတ်ထဲမှာ အတော်ထိခိုက်သွားတယ်၊ အဲဒါကြောင့် သခင်နုဟာ ဟင်ကျော်ငြိမ်း။ မင့်အကောင်တွေကို ခေါ်ချင်ခေါ်ခဲ့၊ ငါတွေ့မယ်လို့ပြောလိုက်တယ်၊ အဲဒီတုန်းက ဝန်ကြီးချုပ်ရဲ့စိတ်ထဲမှာ တွေ့ဘို့ လောက်သာ ရည်ရွယ်ထားပုံပေါ်တယ်၊ ဒါပေမဲ့ သူကိုင်မိပြီဆိုတာကို သိတာနဲ့ တပြိုင်နက် ဦးကျော်ငြိမ်းဟာ ရှေ့တလှမ်းတိုးပြီး ကျွန်တော်တို့ရဲ့ အစိုးရအဖွဲ့မှာ တကယ်အားကိုးနေတဲ့ ဗမာတပ်ဟာ ဗိုလ်နေဝင်းရဲ့တပ်ရင်း(၄) တတပ်တည်းပဲရှိတော့တယ်၊ အဲဒီတော့ ဒီလူတွေလာရင် ဗိုလ်နေဝင်းကို ကာကွယ်ရေးဝန်ကြီးအဖြစ် ဝန်ကြီးချုပ်ခန့်စေချင်တယ်လို့ ဦးကျော်ငြိမ်းကဆက်ပြောတယ်၊ ဦးကျော်ငြိမ်းပြောတဲ့အတိုင်း အင်မတန် မှန်ပါတယ်၊ အဲဒီအချိန်က ဗမာတပ်တွေထဲမှာဆိုရင် အစိုးရက တကယ်အားကိုးရမဲ့တပ်ဟာ တပ်ရင်း(၄)တတပ်တည်းရှိတော့တယ်၊ အခုလို မှန်နေတဲ့အပြင် စိတ်တွေလည်း အတော်ပြေနေပြီ ဖြစ်တဲ့အတွက် သခင်နုလည်း အရင်လို ရှူးရှူးရှားရှားမဖြစ်တော့ဘူး၊ အေးပါကွာလို့ ပြန်ဖြေလိုက်တယ်၊

ညနေ(၃)နာရီအချိန်မှာ ဗိုလ်နေဝင်းနဲ့ ဗိုလ်ဇေယျတို့ လာကြတယ်၊ သူတို့နဲ့အတူ စစ်ဗိုလ်(၂)။ (၃)ဦးလောက်လည်း ပါလာတယ်၊ ဘုတလင် ဦးသိန်းဖေ လည်းပါလာတယ်၊ ဦးကျော်ငြိမ်းနဲ့ ဆိုရှယ်လစ်ခေါင်းဆောင် တချို့လည်း ပါလာကြတယ်၊ သူတို့အားလုံးကို ဝန်ကြီးများအစည်းအဝေးခန်းထဲမှာထားပြီး ဦကျော်ငြိမ်းက ဝန်ကြီးချုပ်ကို လာခေါ်တယ်၊ ဝန်ကြီးချုပ်အခန်းထဲ ဝင်လာတဲ့အခါ

အရှိအသေပေးတဲ့ အနေနဲ့ အားလုံးမတ်တပ်ရပ်တယ်၊ ကံမကောင်းချင်တော့ အဲဒီလို မတ်တပ်ရပ်တဲ့အခါ ဝန်ကြီးချုပ်ဟာ စစ်ဗိုလ်တယောက်ရဲ့ခါးမှာ ခြောက်လုံးပြူး ထိုးလာတာကို ဖျပ်ခနဲ မြင်လိုက် ရတယ်၊ ဒီစစ်ဗိုလ်ဟာ ဝန်ကြီးချုပ်ကို ချိန်းခြောက်ရအောင် ခြောက်လုံးပြူးကို တမင်သက်သက်ထိုးလာတာတော့ဟုတ်မယ် မထင်ပါဘူး၊ ဒါပေမဲ့ စိတ်အင်မတန်ဆတ်တဲ့ ဝန်ကြီးချုပ်ကတော့ ဒါဟာသူ့ကို ချိန်းခြောက်ဖို့အတွက် သက်သက်ထိုးလာတာပဲလို့ ယူဆပြီး စိတ်တွေထောင်းခနဲ ဖြစ်သွားတယ်၊ ဒါပေမဲ့ သူ့စိတ်ကို ချုပ်တည်းထားလိုက်ပြီး အင်း–ပြောပါအုံး။ ဘာလဲလို့ ဗိုလ်နေဝင်းနဲ့ ဗိုလ်ဇေယျတို့ကို မေးတယ်၊ သူတို့နှစ်ဦးကဘာမှမဖြေဘူး၊ ကိုယ်စားလှယ်အဖြစ်နဲ့ သူတို့ခေါ်လာတဲ့ ဦးသိန်းဖေက ဝန်ကြီးချုပ် ဗိုလ်နေဝင်းကိုဖြစ်ဖြစ်။ ဗိုလ်ဇေယျကိုဖြစ်ဖြစ် ဝန်ကြီးချုပ်ကြိုက် ရာလူကို ကာကွယ်ရေးဝန်ကြီးခန့်ပါလို့ ပြောတယ်၊ ဒီလောက်ဆိုရင်မဆိုးပါဘူး၊ ဝန်ကြီးချုပ်ဟာ ဦးကျော်ငြိမ်းကို ကတိပေးထားတဲ့အတိုင်း ဗိုလ်နေဝင်းကို ခန့်လိုက်မှာပဲ၊ ဒါပေမဲ့ ဝန်ကြီးချုပ်ကြိုက်ရာလူကို ကာကွယ်ရေးဝန်ကြီး ခန့်ပါလို့ ပြောရုံနဲ့မပြီးဘူး၊ ဝန်ကြီးချုပ်စဉ်းစားဘို့ သုံးရက်အချိန်ပေးမယ် ဆိုတာကို ဘုတလင် ဦးသိန်းဖေက ဆက်ပြီး ပြောလိုက်တယ်၊ အဲဒီအခါ ဝန်ကြီးချုပ် သခင်နုဟာ ဦးကျော်ငြိမ်းကိုပေးထားတဲ့ ကတိကိုလည်း သတိမရတော့ဘူး၊ အစိုးရအဖွဲ့ ဘာဖြစ်မယ်ဆိုတာလဲ မစဉ်းစားနိုင်တော့ဘူး၊ တိုင်းပြည်ကို ဘယ်လို ထိခိုက်မယ်ဆိုတာလဲ မတွေးတောနိုင်တော့ဘူး။ ဘုတလင်ဦးသိန်းဖေနဲ့ စစ်ဗိုလ်တစုဟာ သူ့ကို ရာဇသံပေးတယ် လို့ ယူဆလိုက်တဲ့အတွက် တအုံးနွေးနွေးဖြစ်နေတဲ့ ဒေါသဟာ အုပ်မနိုင်၊ ထိမ်းမရဖြစ်ပြီး သိန်းဖေ။ မင်းပြောတဲ့အဆိုကို စဉ်းစားဘို့ (၃)ရက်မပြောနဲ့ သုံးမိနစ်တောင် ငါအချိန်မယူဘူး၊ ငါစဉ်းစားပြီးပြီ ဘယ်သူ့ကိုမှ မခန့်ဘူး၊ မင်းတို့မကျေနပ်ရင် ဟိုစစ်ဗိုလ်ရဲ့ခါးမှာ ခြောက်လုံးပြူးထိုးထားတာ ငါတွေ့ရတယ်၊ အဲဒါနဲ့ ငါ့ကို ပစ်သတ်သွားကြလို့ပြောပြီး အားလုံးကို ပြန်လွှတ်လိုက်တယ်၊ သူ့အခန်းထဲကို ပြန်ရောက်တဲ့အခါ သခင်နုဟာ အတော်ကြီး ဒေါသထွက်နေတုန်း ရှိသေးတယ်၊ အဲဒါကြောင့် သူ့အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်နေ တုံး (၁၅)မိနစ်လောက်ကြာတဲ့အခါ တယ်လီဖုန်းမြည်သံ ကြားရတဲ့အတွက် ဝန်ကြီးချုပ်ဟာ တယ်လီဖုန်းကို ကောက်ပြီး နားထောင်လိုက်တယ်၊

ဘယ်သူလဲ၊

ကိုကြီးနုလား၊ ကျွန်တော် ဗိုလ်လက်ျာပါ၊

ဘာလဲ၊

ဗိုလ်ဇေယျက ကိုကြီးနုနဲ့ ခဏတွေ့ပါရစေတဲ့၊

ငါမတွေ့ချင်ဘူး၊

အခုလို တိုင်းပြည်မှာ သိပ်အရေးကြီးနေတဲ့အခါ ကျွန်တော်တောင်းပန်ပါရစေ၊

ဗိုလ်ဇေယျကို ခဏလောက် တွေ့ခွင့်ပြုစေချင်ပါတယ်၊သူ့မှာ အရေးကြီးတဲ့ ကိတ်စတခု ပြောစရာရှိနေတယ်၊
လွှတ်လိုက်။ လွှတ်လိုက်ဆိုပြီး သခင်နုဟာ တယ်လီဖုန်းကိုချလိုက်တယ်၊
ဝန်ကြီးချုပ်ဟာ အိမ်အောက်ထပ် လေ့ခါးရင်းနားမှာ ကုလားထိုင်(၂)လုံး ချထားခိုင်းပြီး အဲဒီမှာပဲ ဗိုလ်ဇေယျနဲ့ တွေ့တယ်၊
ဘာလဲ၊
ကိုကြီးနု။ ကျွန်တော့်ကိုကာကွယ်ရေးဝန်ကြီး ခန့်ပါ၊
မင်းတို့ကို ငါအကုန်လုံး ပြောပြီးပြီ။ ဘယ်သူ့ကိုမှ ငါမခန့်ဘူး၊
ကိုကြီးနု။ ကျွန်တော်---
ဗိုလ်ဇေယျရေ။ ငါစကားမပြောချင်ဘူး၊ ငါ့စိတ်တွေ နောက်ကျိကျိဖြစ်နေတယ်၊ မင်းပြန်တော့လို့ ပြောပြီး သခင်နုဟာ အိပ်ပေါ်တက်သွားတယ်၊ သူ့အခန်းထဲကို ပြန်ရောက်တဲ့အခါ ဝန်ကြီးချုပ်ဟာ ဦးကျော်ငြိမ်းကို တယ်လီဖုန်းဆက်တယ်၊
ကျော်ငြိမ်းရေ။ ဗိုလ်ဇေယျအခုပဲ။ ငါနဲ့လာတွေ့သွားတယ်၊
ဘာကိတ်စလာတာလဲ၊
သူ့ကိုကာကွယ်ရေးဝန်ကြီးခန့်ဘို့ လာပြောတယ်၊
ဝန်ကြီးချုပ်က ဘာပြောလိုက်သလဲ၊
ဘယ်သူ့မှ မခန့်ဘူးလို့ ပြောလိုက်တယ်၊
အောင်ပြီ၊
ကျော်ငြိမ်းရေ။ ဘာအောင်တာလဲ၊
ဝန်ကြီးချုပ်မသိဘူး၊ နောက်မှ ကျွန်တော်လာရှင်းပြမယ်ဆိုပြီး တယ်လီဖုန်းချလိုက်တယ်၊
အဲဒီနောက် ဦးကျော်ငြိမ်းဟာ ဗိုလ်နေဝင်းကို ချက်ချင်းခေါ်လိုက်တယ်၊ ဗိုလ်နေဝင်း ရောက်လာတဲ့အခါ (ဗိုလ်နေဝင်း ဗိုလ်ဇေယျဆိုတဲ့လူဟာ ခင်ဗျားကို အသိမပေးပဲ ဝန်ကြီးချုပ်ဆီကို သူတယောက်တည်း သွားပြီး သူ့ကို ကာကွယ်ရေးဝန်ကြီးခန့်ဘို့ ပြောနေပြီ၊ ဝန်ကြီးချုပ်က အခုပဲကျွန်တော်ကို တယ်လီဖုန်းနဲ့ အကြောင်းကြားတယ်လို့) ဦးကျော်ငြိမ်းက ပြောပြတယ်၊ ဒီစကားကို ကြားရတာနဲ့ တပြိုင်နက်ဗိုလ်နေဝင်း သိပ်စိတ်ဆိုးပြီး ဗိုလ်ဇေယျကို ခေါ်လိုက်တယ်၊ ဗိုလ်ဇေယျလည်း မငြင်းနိုင်ပါဘူး၊ ဝန်ကြီးချုပ်ဆီကို သွားတယ် ဆိုတာဝန်ခံရတယ်၊ အဲဒါကို အကြောင်းပြုပြီး ဗိုလ်နေဝင်းနဲ့ ဗိုလ်ဇေယျတို့ပူးပေါင်းလို့မရတော့ဘူး၊ ကွဲသွားကြတယ်၊
ညဘက်ရောက်တဲ့အခါ တပ်ရင်း(၃) ဌာနချုပ်မှာ တပ်ရင်းမှူး ဗိုလ်ရဲထွတ်။ ဒုတပ်ရင်းမှူးဗိုလ်ချစ်မြိုင်တို့ ကြီးမှူးပြီး ဗိုလ်တွေအစည်းအဝေးလုပ်ကြတယ်၊ အစိုးရမှာ ရန်ကုန်မြို့ကို စောင့်ဘို့အတွက် ဒီတပ်ရင်း (၃)တတပ် ပဲရှိတယ်၊ အဲဒီအချိန်က ဒီတပ်ကို မင်္ဂလာဒုံမှာထားတယ်၊ ဒီတပ်ရဲ့ တပ်ရင်းမှူး ဗိုလ်ရဲထွတ်ဟာ

ဗိုလ်ဇေယျာဘက် ကို ပါနေတယ်၊ သူက အစိုးရကို ပုန်ကန်ချင်တယ်၊ ဒု–
တပ်ရင်းမှူးဗိုလ်ချစ်မြိုင်ကတော့ နိုင်ငံရေးသမားမဟုတ်ဘူး၊ အစိုးရပေါ်မှာ
သစ်စာရှိတဲ့စစ်သားဖြစ်တယ်၊ အဲဒါကြောင့် စစ်တပ်က သူပုန်ထတာကို
ဗိုလ်ချစ်မြိုင်က မကြိုက်ဘူး၊ အတော်ကလေး ဆွေးနွေးပြီးတဲ့အခါ
သူပုန်မထတာကိုကြိုက်တဲ့ ဗိုလ်အကြပ်တပ်သားတွေဟာ ကိုယ့်သေနတ် ကိုယ်ယူပြီး
ဒုတိယတပ်ရင်းမှူး ဗိုလ်ချစ်မြိုင်နဲ့ တပ်စခန်းမှာနေရစ်၊ ဒီလိုနှစ်စုခွဲတဲ့
အချိန်ကစပြီး(၃၆)နာရီအတွင်း တဦးကိုတဦး မတိုက်ခိုက်စတမ်း၊
(၃၆)နာရီကျော်ရင်တော့ ဒီအုပ်စုဟာ မိမိတို့ရဲ့ အထက်အမိန့်အတိုင်း တိုက်ရမှာပဲလို့
နှစ်ဘက် သဘောတူကြတယ်၊ အဲဒီသဘောတူညီချက်အတိုင်း တပ်ရင်း(၃)ဟာ နှစ်စု
ခွဲထွက် သွားတယ်၊ အကယ်၍ ဒီလိုနှစ်စုမကွဲပဲ ဒုတပ်ရင်းမှူး ဗိုလ်ချစ်မြိုင်ပါ
သူပုန်ဘက်ကိုပါသွားရင် အခြေအနေဟာ သိပ်အသည်းထိပ်စရာကောင်းမယ်၊
အဲဒီတပ်ရင်း(၃)ဟာ ရန်ကုန်မြို့ထဲကိုဝင်။ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေကိုဖမ်း။
သူတို့ကိုယ်သူတို့ အစိုးရအဖြစ်နဲ့ ကြေညာလိုက်မယ်ဆိုရင်။ သူ့ကိုစောင့်ဘို့
ပြည်ထောင်စု စစ်ရဲတပ်စုတစုနဲ့ ချင်းစစ်သား တပ်စိတ်တစိတ်သာရှိတဲ့ ဝန်ကြီးချုပ်
သခင်နု။ ဘာမှ မဟုတ်တာကလေးနဲ့လဲ စိတ်လိုက်မာန်ပါ မကြာခဏလုပ်တတ်တဲ့
သခင်နုဟာ ဘာမှပြန်လုပ်နိုင်မှာ မဟုတ်ဘူး၊ ကြက်ချင်းထဲထည့်ထားတဲ့ ကြက်ဟာ
ဘာမှ ခံမလုပ်နိုင်ရှာပဲ ခေါက်ဆွဲဆိုင်ရှင် အကြင်ဆွဲထွက်သွားတာကိုခံရပြီး
လည်စင်းပေးလိုက်ရတဲ့ ကြက်ဖကြီးလို ဖြစ်နေမှာပဲ၊
အဲဒီအချိန်မှာ ပြည်ထောင်စုရဲ့ နောင်ရေးဟာ အတော်ကလေး မှောင်နေပြီဆိုတာကို
သိပ်ပြီးတောင် အကဲခပ်ဖို့ မလိုပါဘူး။ ခပ်လွယ်လွယ်နဲ့ မြင်နိုင်ပါတယ်၊
ပြည်တွင်းမှာ ထတဲ့သူပုန်တွေကလည်း ထကုန်ကြပြီး နောက်လာမဲ့
သူပုန်လောင်းတွေကလည်း သူပုန်ထတမ်း ကစားကြဘို့ အရှိန်ယူနေကြတယ်၊
ကာကွယ်ရေးဝန်ကြီး ရာထူးတောင်းတဲ့အစည်းအဝေး ပျက်သွားပြီး
တပ်ရင်း(၃)တောခိုသွားခဲ့ အဖြစ်အပျက်ကလေးရဲ့နောက်ဆက်တွဲတခုကို
ဒီနေရာမှာနဲနဲလောက်ဖေါ်ပြချင်တယ်၊ ဒီလိုဖြစ်ပျက်ပြီး မျှားမကြာခင်
ဦးကျော်+ငိမ်းဟာ ဝန်ကြီးချုပ်နဲ့ လာတွေ့တယ်၊
တပ်ရင်း(၃)တောခိုတဲ့အထဲ။ သိန်းဖေပါမသွားဘူး။ ဒီကောင် ရန်ကုန်မြို့ထဲမှာ
ရှိတယ်၊
ဟုတ်လား၊
ရှိပါတယ်၊ ကျွန်တော်ဖမ်းဘို့ စီစဉ်ပြီးပြီ၊
ဘယ်တော့ဖမ်းမှာလဲ၊
ဒီနေ့ပဲ၊
တပ်ရင်း(၃)တောခိုဘို့ မြှောက်ပေးတဲ့အထဲမှာ သူပါတယ်၊
ဒီလိုဆိုရင် ဖမ်းရမှာပေါ့၊ ဒါဟာ အင်မတန်ကြီးကျယ်တဲ့ ကိတ်စပဲ၊

ဒီကနေ့ ကျွန်တော့်အိမ်ကို ခဏလာအုံးလို့ ကဠ္ဍန်တော်သူ့ကို ခေါ်ထားတယ်၊ သူလာရင် အိမ်ဝင်းထဲကို မဝင်ပေစေနဲ့၊ တခါတည်း ဖမ်းသွားလို့ ရဲတွေကို အမိန့်ပေးထားတယ်၊

သိပ်ပြီး အကြံပိုင်တာပဲ၊

ဘုတလင် ဦးသိန်းဖေ အဖမ်းခံရပြီး အတော်ကလေး ကြာတဲ့အခါ ဝန်ကြီးချုပ်ဟာ ထောင်ထဲက သူရေးလိုက်တဲ့ စာတစောင်ကို ဖတ်ရတယ်၊ အဲဒီစာဟာ ဝန်ကြီးချုပ်ဆီကို သူတိုက်ရိုက်ရေးလိုက်တာလား၊ ဦးကျော်ငြိမ်းဆီကို ရေးပြီး ဦးကျော်ငြိမ်းက ဝန်ကြီးချုပ်ကို ပြတာလားဆိုတာတော့ စုံစမ်းလို့မရဘူး၊ အဲဒီစာထဲမှာ သူ့ကို လွှတ်ပါ၊ မလွှတ်ရင် သူအစာငတ်ခံမယ်လို့ ရေးထားတာ ဝန်ကြီးချုပ် ဖတ်ရတယ်၊

ကျော်ငြိမ်းရေ ဒီကောင် အစာအငတ်ခံမှာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီလောက် ဖမ်းထားရင် တော်လောက်ပြီ ထင်တယ်၊ လွှတ်လိုက်ပါတော့ကွာ၊

အပြင်ဘက်ထွက်လာရင် လိုက်ရှုပ်နေအုံးမယ်၊

အပြင်ဘက်မှာ ငြိမ်ငြိမ်မနေပဲ လိုက်ရှုပ်နေရင်တော့ မင့်သဘောပဲ၊

ဝန်ကြီးချုပ် ကျွန်တော်လုပ်တာဟာ အင်မတန်နဲပါသေးတယ်၊ သူဟာအာဏာရရင် ကျွန်တော် မသက်သာဘူး၊ ဂျပန်တွေ ဝင်လာစက ကဘိုင်ရွာမှာ ကျွန်တော်တို့မြေအောက်တော်လှန်ရေးလုပ်နေတုန်းက တနေ့မှာ သူရေချိုးရအောင်အသွား သူ့ဒိုင်ယာယီကို ကဠ္ဍန်တော်တိတ်တိတ်ခိုးဖတ်တယ်၊ အဲဒီအထဲမှာကျွန်တော့်ကို သတ်ပစ်ရမယ်လို့ သူရေးထားတာ ကျွန်တော်ဖတ်လိုက်ရတယ်၊

ငါမန်းဒလေးထောင်က လွှတ်လာခါတုန်းက ကဘိုင်မှာ ဒီကိတ်စကို မင်းပြောပြတာ ငါမှတ်မိပါ သေး တယ်၊ ဒါပေမဲ့ ဒီတခါတော့ ငါတောင်းပန်ပါရစေကွာ၊ လွှတ်လိုက်ပါ၊

သခင်နုဟာ ဦးသိန်းဖေအပေါ်မှာ တော်သံယောဇဉ် ရှိနေတယ်၊ တက်ကသိုလ်မှာ ကိုအုံးက ကိုအောင်ဆန်း ။ ကိုသန်းဖေ။ ကိုကျော်ငြိမ်းတို့နဲ့ ကိုနုကို မိတ်ဆက်ပြီး မကြာခင်ပဲ ကိုသိန်းဖေနဲ့ ကိုနုတို့ နှစ်ယောက်ဟာ တခြားလူတွေထက် ပိုပြီး ခင်သွားကြတယ်၊ အဲဒီလို ခင်သွားတာ အကြောင်းရှိပါတယ်၊ ကိုသိန်းဖေဟာ တဘက် သားရဲ့ဘေးကို ပိ၊လေးနဲ့ တအားထုတာထက် နာအောင်ပြောတတ်တယ်၊ ဒီလိုနာအောင်ပြောချင်တဲ့အခါ တချို့က အင်မတန်ထိခိုက်စေနိုင်တဲ့ စကားလုံးတွေကို အားကိုးပြီး ပြောတတ်တယ်၊ တချို့က ထိခိုက်စေနိုင်တဲ့ လေယူလေသိမ်းကို အားကိုးပြီး ပြောတတ်တယ်၊ တချို့က ထိခိုက်စေနိုင်တဲ့ မျက်နှာထားကို အားကိုးပြီး ပြောတတ်တယ်၊ ကိုသိန်းဖေကတော့ စကားလုံးရော။ လေယူလေသိမ်းရော မျက်နှာထားရော သုံးခုစလုံးကို အပိုအလိုမရှိ တိတိကျကျ သုံးတတ်တယ်၊ အဲဒီလိုသုံးတတ်တဲ့အတွက် သူတွယ်တာကိုခံရရင် ခံရတဲ့သူတွေဟာ အတော်မချိမဆန့် ခံရတယ်၊ သူတွယ်တာကိုခံရတဲ့လူတွေဟာ များသောအားဖြင့် မြန်မာစာပေဠ္ဍနက

ကျူတာတွေ။ ကထိကတွေဖြစ်တယ်၊ ကိုနုဟာ အဲဒီလို ပြောတာတွေကို သိပ်သဘောကျတဲ့အတွက် ကိုသိန်းဖေ စကားပြောတော့မယ်ဆိုရင် အမြဲတန်းလိုလို လိုက်လိုက်ပြီး နားထောင်လေ့ရှိတယ်၊ အဲဒီလိုလိုက်ရင်းက ခင်မင်သွားကြပြီး ကိုနုမြို့ထဲကိုထွက်တိုင်း ကိုသိန်းဖေ မပါတဲ့အခါ မရှိသလောက် ဖြစ်လာတယ်၊ နောင်အခါ သူတိုနှစ်ဦး ကျောင်းကထွက်တော့လည်း ဒီးဒုတ် သတင်းစာတိုက်မှာ အတူတူ အလုပ်ဝင်လုပ်ကြတယ်၊ အခုလို တစတစ ရင့်သန်လာခဲ့တဲ့ သံယောဇဉ်ကြောင့် ဦးသိန်းဖေအပေါ်မှာ ဂရုဏာသက်ပြီး ထောင်ထဲက ထုတ်ပေးဘို့ ဦးကျော်ငြိမ်းကို သခင်နုကပြောလိုက်တာပါပဲ၊

အပြင်ဘက်မှာ ဦးသိန်းဖေ လက်ရှုပ်နေမှာ စိုးတဲ့အတွက် ဖမ်းထားချင်တယ်လို့ ဦးကျော်ငြိမ်းက အကြောင်းပြတယ်၊ ဒါပေမဲ့ ဦးကျော်ငြိမ်းရဲ့ ဝမ်းထဲမှာတော့ ဦးသိန်းဖေကို ဖမ်းထားချင်တဲ့ အခြား အကြောင်း တကြောင်းရှိလိမ့်အုံးမယ်ထင်တယ်၊ ဗိုလ်နေဝင်းကို ကာကွယ်ရေး ဝန်ကြီးခန့်ဘို့အတွက် သူသေသေချာချာ ကလဖန်ထိုးထားတဲ့ ဖဲထုတ်ဟာ ဦးသိန်းဖေဝင်ပြီး ဖျက်လိုက်တဲ့အတွက် ပျက်သွားခဲ့ရတယ်၊ အဲဒါကြောင့် စိတ်နာပြီးတော့ ဖမ်းထားချင်တာ များလာလို့လဲ တွေးမယ်ဆိုရင် တွေးနိုင်စရာ အကြောင်းရှိတယ်၊ ဒါပေမဲ့ ဝန်ကြီးချုပ်ရဲ့ မေတ္တာရပ်ခံချက်အရ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းဟာ ဦးသိန်းဖေကို လွှတ်ပေးလိုက်ပါတယ်၊

တပ်ရင်း(၃)ရဲတခြမ်းဟာ အခုလိုသူပုန်ထပြီး မကြာခင်မှာပဲ သရက်မြို့မှာ စခန်းချထားတဲ့ တပ်ရင်း(၁)ဟာ သူပုန်ထဘို့အတွက် လှုပ်လှုပ်ရွရွ ဖြစ်လာပြန်တယ်၊ သူတို့စိတ်ထဲမှာ သခင်နုအစိုးရဟာ ဘေးကြပ်ရင်ကြပ်ဖြစ်နေပြီ၊ ရန်ကုန်ကို သူတို့ဆင်းပြီး သိမ်းလိုက်ရင် အလွယ်ကလေးနဲ့ ရတော့မှာပဲလို့ တွယ်ကြတယ် ထင်ပါရဲ့၊ လှုပ်လှုပ်ရွရွဖြစ်ပြီးလို့ မကြာမီ သူပုန်ထပြီဆိုတာ ကျေညာပြီး ရန်ကုန်ဘက်ကို ဆင်းလာတာပဲ၊ သူတို့ရဲ့စိတ်ထဲမှာ ဘယ်လာက် သေချာနေသလဲဆိုရင် ရန်ကုန်ကိုသိမ်းပြီး လုလို့ယက်လို့ရသမျှတွေကို သယ်ဘို့အတွက် အရပ်သူအရပ်သားတွေ အတော်များများကိုတောင် မော်တော်ကားကြီးငယ်တွေနဲ့ ခေါ်လာကြတယ်၊ သူတို့ဒီလိုထင်တာလဲ သိပ်တော့မမှားလှဘူး၊ အဲဒီအချိန်က သူတို့ကိုခုခံဘို့အတွက် ရန်ကုန်မှာ အစိုးရတကယ်အားကိုးရမဲ့တပ်ဆိုလို့ ဘာတပ်မှ မရှိဘူး၊ အားကိုးရမဲ့ တပ်ရင်း(၄)နဲ့တပ်ရင်း(၃)တခြမ်းကို အခြေအနေ အင်မတန်ဆိုးနေတဲ့ ပုသိမ်–မအူပင်နဲ့ ဖျာပုံဘက်ဆီကို ပို့ထားရတယ်၊ အဲဒါကြောင့် ဟိုကတပ်ခွဲ။ ဒီကတပ်စုဆိုသလို ရနိုင်သမျှ တပ်တွေကို ရရာနေရာတွေက ကမန်းကတန်း လိုက်ဆွဲရတယ်၊ အရပ်သူအရပ်သားတွေထဲက သူပုန်တွေကို တိုက်ချင်တဲ့သူတွေကို ရနိုင်သမျှ ကမန်းကတန်း လွှတ်ပေးခဲ့ရတယ်၊ ဗမာ့တပ်မတော်မှာရှိတဲ့ တိုက်လေယဉ်ပျံကလေး(၂)စင်း။ (၃)စင်းကိုလည်း အကုန်ထုတ်ပြီး သုံးရတာပဲ၊

သူပုန်တွေဟာ သာယာဝတီမြောက်ဘက်က ကဋ္ဌန်းကလေးဆိုတဲ့ အရပ်ကို ရောက်အလာမှာ ဗမာ့လေတပ်က တိုက်လေယဉ်တွေနဲ့သွားပြီး တိုးမိကြတယ်၊ တိုက်လေယဉ်တွေက စက်အမြောက်နဲ့ အကုန်သွန်ပြီး ပစ်ချလိုက်တာ သူပုန်တပ်တတပ်လုံး ပျက်သလောက်ဖြစ်သွားတယ်၊ တိုက်ပွဲပြီးတဲ့အခါ အစိုးရက စုံစမ်း ကြည့်တယ်၊ သူပုန်တပ်ဟာ လေယဉ်ပျံအသံတွေကို အချိန်မီကြားရတယ်၊ အကာအကွယ်ယူမယ်ဆိုရင် ဖြစ်သလောက်ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ရန်ကုန်မြို့ဟာ သူပုန်တွေလက်ထဲကျသွားပြီး လေယဉ်ပျံတွေဟာ သူတို့ကို ကြိုရအောင် လာကြတာလို့ ယူဆပြီး အရှိန်မပျက်ပဲ ရန်ကုန်ဆီကို မှန်မှန်ချီတက်လာကြတယ်၊ အဲဒါကြောင့် ဒီလောက်နာသွားတယ်လို့ စုံစမ်းသိရှိရတယ်၊
ဒီနေရာမှာ ဗိုလ်စိန်မှန်ရဲ့ အကြောင်းကို နဲနဲလောက်ပြောရအုံးမယ်၊ ဗိုလ်စိန်မှန်ဟာ သာယာဝတီသား။ အဲဒီတော့ သူဟာသာယာဝတီကိုပြန်။ ရသမျှအင်အားကိုစု။ သာယာဝတီမြောက်ပိုင်းက သင့်တော်တဲ့နေရာ တနေရာမှာ သရက်မြို့က ဆင်းလာတဲ့ သူပုန်တပ်ကို ချုံခိုတိုက်ချင်နေတယ်၊ သူ့အစီအစဉ်အတိုင်း လုပ်ပရစေလို့ ဦးကျော်ငြိမ်းမှတဆင့် ဝန်ကြီးချုပ်ဆီမှာ ခွင့်တောင်းတယ်၊
(၁) သာယာဝတီကို သွားတဲ့အခါ လူလေးငါးဦးလောက်ကိုသာ သူခေါ်သွားနိုင်တယ်၊
(၂) အဲဒီလေးငါးဦးကိုတောင်မှ အစိုးရက သေနတ်ကိုယ်စီ မပေးလိုက်နိုင်ဘူး၊
(၃) ဒါတွေထက်အရေးကြီးတာရှိသေးတယ်၊ သူဟာ သာယာဝတီကိုသွားရင် ဝါးနက်ချောင်း ဆိုတဲ့ အရပ်ကိုဖြတ်သွားရမယ်၊ အဲဒီဝါးနက်ချောင်းလမ်းရဲ့ ဟိုဘက်ဒီဘက် တောတွေထဲမှာ တပ်ရင်း(၃)ကဖွဲ့ပြီး တောခိုသွားတဲ့ စစ်သားတွေပုန်းနေတယ်၊ အဲဒီလမ်းက ဖြတ်အသွားမှာ သူကိုမိလိုက်ရင် သူမသက်သာဘူး၊ သူဟာ ထင်ရှားတဲ့ ခေါင်းဆောင်တဦးဖြစ်နေတဲ့အတွက် သူ့ကိုလူသိများပြီး မိသွားဘို့ အန္တရာယ်ဟာ အင်မတန်ကြီး နေတယ်၊
အဲဒီအချက်တွေကို ထောက်ပြပြီး ဝန်ကြီးချုပ်က သူခွင့်တောင်းတာကို ပယ်လိုက်တယ်၊ မပေးဘူး၊ နောက်(၃)နာရီ လောက်ကြာတဲ့အခါ ဦးကျော်ငြိမ်းဟာ ဝန်ကြီးချုပ်ဆီကို ရောက်လာပြီး ဗိုလ်စိန်မှန်က သာယာဝတီကို အင်မတန်သွားချင်နေတယ်၊ ခွင့်ပေးပါလို့ တောင်းပန်ပြန်တယ်၊ ဝန်ကြီးချုပ်ကလည်း အရင်အကြောင်းတွေ ကျွန်တော်အသက်ရှင်နေတုန်း ကျွန်တော့်မြို့ဖြစ်တဲ့ သာယာဝတီဟာ ရန်သူ လက်ထဲကျသွားတာ ကျွန်တော်မကြည့်ရက်ပါဘူး၊ အဲဒီတော့ ကျွန်တော်သေချင်သေပါစေ၊ ကျွန်တော့်ကိုသွားခွင့်ပြုပါ ဝန်ကြီးချုပ်လို့ နီရဲရဲဖြစ်ပြီး။ မျက်ရေတွေဝဲနေတဲ့ မျက်လုံးတွေနဲ့ ဝန်ကြီးချုပ်ဆီမှာ အကြိမ်ကြိမ်ခွင့်တောင်းနေတယ်၊ ကျလာတော့ ဆက်ပြီးတားရမှာ ဝန်ကြီးချုပ်လည်း အားနာလာတယ်ထင်ပါရဲ့၊ ကဲ– ဗိုလ်စိန်မှန်ရေ တားမရရင် သွားကြပေတော့၊ ဒါပေမဲ့ အစစအရာရာ သတိထားပါလို့ ပြောပြီး ခွင့်ပြုလိုက်တယ်၊ ဗိုလ်စိန်မှန်လဲ ဝမ်းသာအားရနဲ ဝန်ကြီးချုပ်ကို ကန်တော့ပြီး သူ့စတေရှင်ဝက်ဂွန်းကားပေါ် ပြေးတက်သွားတယ်၊ သူ့အပြင် ရဲဘော်ကလေး(၅)ဦး

လောက်ပါလာတယ်ထင်တယ်၊ ဝန်ကြီးချုပ် လှမ်းကြည့်လိုက်တဲ့အခါ ရဲဘော်ကလေးတဦး လက်ထဲမှာသာ ဘရင်းဂန်းတလက်ကို မြင်လိုက်ရတယ်၊ ဗိုလ်စိန်မှန်ဟာ ရသမျှလူတွေစုပြီး သာယာဝတီမြောက်ပိုင်းနေရာမှာ သူပုန်တပ်တွေ ရောက်မလာခင် မိနစ်ပိုင်းလောက်အလို သစ်သားတံတားတခုကို ကိုယ်တိုင်ဓါတ်ဆီလောင်း။ ကိုယ်တိုင်မီးရှို့ ဖျက်ဆီးနိုင်ခဲ့တယ်၊ သူပုန်တွေ တံတားထိပ်ကို ရောက်လာတဲ့အခါ သူ့မှာ ပါသွားတဲ့ ဘရင်းဂန်းနဲ့ သူပုန်တွေ ဖရိုဖရဲဖြစ်သွားအောင် အတော်မွှေ့ပစ်လိုက်နိုင်ခဲ့တယ်၊ တနေ့မှာတော့သူပုန်တွေပုန်းနေတဲ့ နေရာကို ပြဘို့အတွက် တိုက်လေယဉ်ပျံတစင်းထဲမှာ ဗိုလ်စိန်မှန်ပါသွားတယ်၊ သူပုန်တွေက ပြန်ပစ်တဲ့ ကျည်ဆံတဆံ သူ့ကိုမှန်ပြီး အနိတ်စရောက်သွားရှာတယ်၊ ဒီလိုအာဇာနည်တဦး အဲဒီလိုအချိန်အခါမျိုးမှာ အနိတ်စရောက်သွားတာဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ကြီးကျယ်တဲ့ နစ်နာချက်တခု ဖြစ်တယ်၊ တပ်ရင်း(၃)က ခွဲထွက်လာတဲ့ သူပုန်တွေဟာ ဝါးနက်ချောင်းတောထဲမှာ ပုန်းနေရာက သရက်မြို့က ဆင်းလာတဲ့သူပုန်တပ်ကို ကူရအောင် ထွက်လာတဲ့အခါ အစိုးရတပ်နဲ့ တိုးမိပြန်ပြီး အထိအခိုက်အကျအဆုံးတွေ အတော်များလိုက်သေးတယ်၊ ဒီတပ်တွေဟာ ရန်ကုန်ကို ချီမတက်နိုင်ရှာတော့ပဲ သရက်မြို့က ဆင်းသက်လာတဲ့တပ်က သရက်မြို့ ကိုပြန်ပြီး သိမ်းလိုက်တယ်၊ တပ်ရင်း(၃)က ခွဲထွက်လာတဲ့တပ်က ပြည်မြို့ကိုသွားပြီး သိမ်းလိုက်တယ်၊ ဒီ(၂)တပ်စလုံးဟာ ကွန်မြူနစ် သြဇာခံတွေ ဖြစ်ကြတဲ့အတိုင်း ကွန်မြူနစ်တွေဘက်ကို ဝင်သွားကြတယ်၊ အဲဒီအဖြစ်အပျက်တွေနဲ့ မရှေးမနှောင်းမှာပဲ ပြည်သူ့ရဲဘော်တွေနဲ့ ဖက်ဆစ်ဂျပန်တော်လှန်ရေးသမားဟောင်းတွေကိုစုပြီး ဖွဲ့ထားတဲ့ ပြည်ထောင်စုစစ်ရဲဖွဲ့အတော်များများဟာ အစိုးရငွေတိုက်တွေက ငွေ(၁၂)သိန်းနီးပါးလောက်ကို လုယူပြီးတောခိုသွားကြပြန်တယ်၊ ဒီလောက်နဲ့ မပြီးသေးပါဘူး၊ တပ်တွေတောခိုတာ မြင်ရပြီး ပြည်သူ့ရဲဘော် အဖွဲ့ထဲမှာ ဗိုလ်ဖိုးကွန်းနဲ့ ဗိုလ်လရောင်တို့ခေါင်းဆောင်တဲ့ ပြည်သူ့ရဲဘော်တွေဟာ အတော်လှုပ်လှုပ်ရွရွ ဖြစ်လာကြတယ်၊ သူ့ရဲဘော်အင် အားဟာ ခြောက်သောင်းကျော်လောက်ရှိတဲ့အထဲက ဗိုလ်ဖိုးကွန်းနဲ့ ဗိုလ်လရောင်တို့ရဲ့ ပြည်သူ့ရဲဘော်တွေဟာ ခြောက်ဆယ့်ငါးရာခိုင်နှုန်းလောက် ရှိလိမ့်မယ်လို့ ခန့်မှန်းရတယ်၊ အဲဒီ ပြည်သူ့ရဲဘော်တွေဟာ သူတို့ရဲ့ တပ်ဦးထုပ်မှာ အဖြူစကို ပတ်ထားတဲ့အတွက် သူတို့ကို ရဲဘော်ဖြူလို့ ခေါ်ကြတယ်၊ ဒီရဲဘော်ဖြူတွေဟာ ကွန်မြူနစ်တွေဘက်ကို ယိုင်နေကြတယ်၊ ကျန်တဲ့ ပြည်သူ့ ရဲဘော်တွေကို ဗိုလ်မှူးအောင် ဗိုလ်စိန်မှန်တို့က ခေါင်းဆောင်တယ်၊ အဲဒီ ပြည်သူ့ရဲဘော်တွေရဲ့ တပ်ဦးထုပ်မှာ အဝါစကို ပတ်ထားတဲ့အတွက် သူတို့ကို ရဲဘော်ဝါလို့ ခေါ်တယ်၊ ရဲဘော်ဝါတွေကတော့ အစိုးရကိုထောက်ခံတယ်၊ ၁၉၄၈ခုနှစ်၊ ဇူလိုင်လ

(၂၉)ရက်နေ့ကို ရောက်တဲ့အခါ ရဲဘော်ဖြူတွေ လက်နက်ကိုင်ပြီး
တောခိုသွားကြပြန်တယ်၊
ရဲဘော်ဖြူတွေတောခိုလို့ မကြာခင် ဗိုလ်ကျော်ဇောဟာ ဝန်ကြီးချုပ်ကို
အရေးတကြီးလာတွေ့ပြီး အခုလိုအစီစဉ်ရင်ခံတယ်၊ သံလျှင်နဲ့ သုံးခွကြားထဲမှာ
တောခိုနေကြတဲ့ ရဲဘော်ဖြူတွေ။ သံလျှင်ကို စီးဘို့ သံလျှင်အရှေ့ဘက်က
မြေကဒုတ်တွေထဲမှာ လူစုရင်း ပုန်းနေကြတယ်၊ လူစုံတာနဲ့ တပြိုင်နက် သံလျှင်ကို
စီး။ ရဲဌာနက လက်နက်တွေကို သိမ်း။ ငွေတိုက်က အစိုးရငွေတွေကို ဖောက်ယူဘို့
သူတို့မှာ ရည်ရွယ်ချက်ရှိတယ်၊ သူတို့ရဲ့ အင်အားကောင်းရင် တဘက်ကမ်းကိုကူးပြီး
ရန်ကုန်ကိုသိမ်းဘို့ အစီအစဉ်လည်းရှိတယ်၊ အဲဒီတော့ ဒီရဲဘော်ဖြူတွေ သံလျှင်ကို
မသိမ်းခင် သူတို့ပုန်းနေတဲ့ မြေကဒုတ်တွေထဲကို မေယုသင်္ဘောပေါ်က
အမြောက်နဲ့ပစ်ချင်တယ်လို့ ဗိုလ်ကျော်ဇောက ဝန်ကြီးချုပ်ကို အစီရင်ခံတယ်၊
ဗိုလ်ကျော်ဇောရေ။ ဒီရဲဘော်ဖြူတွေဟာ မိုက်တော့မိုက်တာပဲ၊ ဒါပေမဲ့
အမြောက်နဲ့ပစ်သတ်ရတဲ့အထိလုပ်တာတော့ မကောင်းဘူး၊
ဝန်ကြီးချုပ်ခင်ဗျား။ သူတို့သံလျှင်ကို စီးတော့မယ်၊ သံလျှင်မှာ ကျွန်တော်တို့ရဲ့ တပ်
တတပ်မှ မရှိဘူး၊ သံလျှင်ပုလိပ်ကလည်း ရဲဘော်ဖြူတွေလာလာ။ ဘယ်သူလာလာ။
အသေခံမတိုက်ဘူး၊ ရဲဌာနကို တံခါးဖွင့် ပေးပြီး လက်နက်ချမယ်ဆိုတာ ကျွန်တော်တို့
သတင်းအတိအကျ ရထားပြီးပြီ၊ သံလျှင်ကိုစီးတာ အောင်မြင်ရင်
သူတို့ရန်ကုန်ဘက်ကို ကူးလာမှာပဲ၊
ဒါဖြင့်ဒီလိုလုပ်၊ မြေကဒုတ်တွေ ပေါ်ကို အမြောက်ဆံတွေ မကျစေနဲ့။ သူတို့အပေါ်ကို
ကျော်ပစ်၊ အမြောက်သံတွေကိုကြားရရင်။ ဒီရဲဘော်ဖြူတွေ သံလျှင်မြို့ထဲကို
ဝင်တော့မှာ မဟုတ်ဘူး၊ ထွက်ပြေးကြမှာပဲ၊ ဒီလိုကျော်ပစ်လို့ ရမလား၊
ရပါတယ်၊
ဘယ်လိုပစ်မလဲ၊
မြေကဒုတ်တေါကို မြင်နိုင်တဲ့နေရာမှာ ကျွန်တော်တို့ လေယဉ်ပျံတစင်း ပျံနေမယ်၊
အဲဒီ လေယဉ်ပျံက ဝိုင်ယာလက်နဲ့ မေယုစစ်သင်္ဘောကို အချက်ပေးလိမ့်မယ်၊
အဲဒီလိုအချက်ပေးတဲ့အခါ မြေကဒုတ်တွေကို ကျော်ပြီး ပစ်အောင် အချက်ပေးဘို့
မှာလိုက်မယ်၊
အဲဒါကောင်းတယ်၊ ဒီအတိုင်းလုပ်၊
အခန်း(၂၂)
အကုသိုလ် ဝင်မိရင်တခါတည်း ဘယ်တော့မှ မပြီးဘူးဆိုတဲ့ စကားပုံအတိုင်း
အကုသိုလ်ဝင်နေတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံမှာ အခုပြောခဲ့တဲ့ ကွန်မြူနစ်တွေ။
စစ်တပ်တွေ။ စစ်ရဲတပ်တွေ။ ရဲဘော်တွေ။ ရဲဘော်ဖြူတွေ။ သူပုန်ထရုံလောက်နဲ့
မပြီးသေးပါဘူး၊ နောက်ထပ်လာစရာတွေ ရှိနေပါသေးတယ်၊ အဲဒါတွေကို
ဆက်ပြောလိုက်ကြဦးစို့၊

ရဲဘော်ဖြူတွေ တောခိုသွားတဲ့ အချိန်မှာ သခင်နုအစိုးရအဖွဲ့ဟာ တွန်းလိုက်ရုံနဲ့ ပြိုကျသွားတော့မဲ့ အိမ်အို အိမ်ဆွေးကြီးလို ဖြစ်နေပြီး၊ အဲဒီအခြေအနေကို မြင်ရပြီး။ ကေအင်ယူအမျိုးသားအဖွဲ့နဲ့ သူ့ညြဇာခံအဖွဲ့တွေဟာ အတော်လှုပ်လှုပ်ရှရှဖြစ်လာတယ်၊ ဒီလိုလှုပ်လှုပ်ရှရှဖြစ်လာတာဟာ အကြောင်းရှိပါတယ်၊ အဲဒီအကြောင်းကို နဲနဲလောက်ရှင်းပြဖို့ လိုပါလိမ့်မယ်၊ ဉရောပတိုက်မှာ အင်္ဂလန်နဲ့ ဂျာမန်တို့ ဒုတိယကမာစစ်ပွဲကြီး စတင်ဖြစ်ပွားတဲ့ အချိန်အထိ ဗမာနိုင်ငံမှာ ကရင်–ဗမာ ပြ၊နာဟာ တခါမှမပေါ်ခဲ့ပါဘူး၊ ဗမာဟာ ဗီဇအားဖြင့် လူစွာဖြစ်ပေမဲ့ ကရင်က ဗီဇအားဖြင့် လူအေးဆိုတော့ သူတို့နှစ်ဦး ပဋိပက္ခဖြစ်စရာအကြောင်း ဘာမှမရှိဘူး၊
ကရင်တွေဟာ ဘယ်လိုလူအေးတွေလဲဆိုတာသိရအောင် ဒုတိယကမာစစ်ကြီး မဖြစ်ခင်က ဗမာနိုင်ငံရဲ့ ရာဇဝတ်မှုစာရင်းကို ပြန်ပြီးကြည့်စေချင်တယ်၊ မုဒိန်းမှု။ ဒုတ်ရိုက်မှု။ ဒါးထိုးမှု။ ဒါးခုတ်မှု။ လူသတ်မှု။ ခါးပိုက်နှိုက်မှု။ လုယက်မှု။ ဒမြတိုက်မှုဆိုတဲ့ ရာဇာဝတ်မှုတွေမှာဆိုရင် တရားခံတွေဟာ လူစွာ ဗမာတွေ သာများတယ်၊ လူအေးကရင်တွေကို တရားခံအဖြစ်တွေနဲ့ တွေ့ရတာ မရှိသလောက်ပါပဲ၊ ကရင်လူအေးတွေမှာ ရုံး။ ဂါတ်တို့ကို လာချင်တဲ့ ဆန္ဒမရှိတဲ့အတွက် သူတပါးက သူတို့ကို ကိုယ်ထိလက်ရောက်ကျူးလွန်တဲ့အခါ လိမ်လည်လှည့်ဖြားသွားတဲ့အခါမျိုးတွေမှာတောင် တော်ရုံတန်ရုံဆိုရင် ရုံးတို့ ဂါတ်တို့ကို အမှုရောက်မခံဘူး၊ သူတို့ အချင်းချင်း ဖုံးဖိပစ်လိုက်ကြတာပဲ၊
ဒုတိယကမာစစ်ကြီး မဖြစ်မီက ဗမာနိုင်ငံမှာ ကရင်–ဗမာပဋိပက္ခတွေ မဖြစ်ခဲ့ဘူးဆိုတဲ့ အချက်ကိုသာဖော်ပြရရင် ကရင်–ဗမာပေါင်းသင်းဆက်ဆံရေးရဲ့ တဝက်ကိုသာ ဖော်ပြသလိုဖြစ်နေမယ်၊ အမှန်စင်စစ်ကို အဲဒီအခါတုန်းက ကရင်–ဗမာတွေသာ တဦးအိမ်ပေါ်တဦးတက်ပြီး နေထိုင်စားသောက်နိုင်တဲ့အထိ ချစ်ခင်ရင်းနှီးမှု ရှိခဲ့ဖူးတယ်၊ ကရင်နဲ့ ဗမာတွေဟာ ဘယ်လိုရင်းနှီးတယ်ဆိုတာကို စာဖတ်သူတွေ သဘောပေါက်အောင် သခင်နု ငယ်စဉ်က ကိုယ်တွေ့ သာဓက တခုနှစ်ခုလောက် ဒီနေရာမှာဖော်ပြချင်တယ်၊
သခင်နုဟာ ငယ်စဉ်တုန်းက ဝါးခယ်မကျောင်းမှာ သူငယ်တန်းကစပြီး ကရင်လေးတွေနဲ့ အတူတူနေလာခဲ့တယ်၊ ဘိန်းရုံလမ်းက သိန်းမောင်။ သံဖြူရွာက သာအေး။ စိန်ခို။ မပုစိန်တို့ဟာ သူ့သူငယ်ချင်းတွေပဲ၊ သံဖြူစုဆိုတာဟာ ဝါးခယ်မနဲ့ တမိုင်လောက်ပဲဝေးတယ်၊ ကျောင်းပိတ်ရက်တွေမှာ မောင်နုဟာ တခြား သူငယ်ချင်းတွေနဲ့အတူ ငှက်ပစ်ရအောင်။ ကစားရအောင် သံဖြူစုကို သွားလေ့ရှိတယ်၊ အဲဒီမှာ တနေကုန်တနေခမ်းနေ။ သူငယ်ချင်းတွေအိမ်မှာ စားသောက်ပြီးမှ ပြန်လာခဲ့ကြတယ်၊ တနင်္ဂနွေနေ့ဆိုရင် မောင်နုဟာ သူ့အိမ်နဲ့ ကိုက်တစ်ရာလောက်ဝေးတဲ့ စာဖြူကျောင်းကို ကရင်ခရစ်ယာန် သူငယ်ချင်းတွေနဲ့ရုံဖန်ရံခါ လိုက်သွားပြီး ဝတ်တတ်လေ့ရှိတယ်၊ သူကိုယ်တိုင်ကတော့

ဘာမှနားမလည်ပါဘူး၊ သူ့သူငယ်ချင်းတွေ လုပ်သလို လိုက်လုပ်ရတာ၊ဆိုသလို
လိုက်ဆိုရတာတွေကြောင့် သူသိပ်ပျော်တယ်၊ ဝတ်တက်ပြီးတဲ့အခါ ရုံဖန်ရုံခါ
သကြားလုံးထုပ်ကလေးတွေရုံဖန်ရုံခါ ယေရှုသခင်ရဲ့ ပုံတော်လေးတွေ ဝေပေးတာကို
ယူပြီး ပြန်လာခဲ့ကြတာပဲ၊

ဒီမျှသာ မကသေးပါဘူး၊ ဝါးခယ်မက ကျုံမငေးဘက်ကို။ ဧရာဝတီ သဘော်စီးသွားရင်
နစ်နာရီလောက်သွားရတဲ့နေရာမှာ။ ရှမ်းစုရွာရှိတယ်၊ အဲဒီရွာနဲ့တဖက်ကမ်း။
ဒါးလွယ်ခုတ်နေရာမှာ မောင်ဒီးဆိုတဲ့ရွာရှိတယ်၊ အဲဒီရှမ်းစုနဲ့မောင်ဒီးရွာတွေရဲ့
အနီးအနားတဝိုက်မှာ မောင်နုမိဘများရဲ့လယ်ကလေးတွေ နဲနဲပါးပါးလောက်ရှိတယ်၊
အဲဒါကြောင့်ိ ခေန္ဘူငည္ဟူတေ မောင်နုရဲ့ဏ္ဍမိဘတွော လယ်ကထွက်တဲ့စပါးတွေကို
အသိမ်းရလွယ် အောင်ဆိုတဲ့အနေနဲ့ ရှမ်းစုရွာမှာ စပါးဂိုဒေါင်တခု ဆောက်ထားတယ်၊
ကျောင်းပိတ်ရက်တွေမှာဆိုရင် မောင်နုတို့ဟာ ရှမ်းစုရွာကို
ရုံဖန်ရုံခါသွားလည်လေ့ရှိတယ်၊ အဲဒီရွာကမှ အဲဒီရွာကမှ မောင်ဒီးကို
အလည်သွားကြတယ်၊ မောင်ဒီဟာကရင်ရွာ၊ အဲဒီရွာမှာ မောင်နုရဲ့လယ်တွေကို လုပ်တဲ့
ကရင်စာရင်းငှားတွေလည်း ရှိတယ်၊ ကရင်အသိမိတ်ဆွေတွေလည်းရှိတယ်၊
မောင်နုတို့သွားတဲ့အခါ။ ဆွေမျိုးတွေဆီကို အလည်သွားသလိုပဲ ဟိုအိမ်တက်စား
ဒီအိမ်တက်စားနဲ့ လျှောက်စားကြတာဘဲ၊ တညမှာ ကရင်မိတ်ဆွေတဦးဟာ
ရွှေဖရုံသီး။ ငါးခြောက်နဲ့ဘဲဥရောချက်ပြီး ကျွေးလိုက်တဲ့ဟင်းဟာ အရသာရှိလွန်းလို့
နှစ်ပေါင်းငါးဆယ်ကျော်လာတာတောင် ဦးနုဟာ ဒီဟင်းကိုမမေ့ဘူး။
တခါတခါသတိရသေးတယ်၊ ကရင်မိတ်ဆွေတွေဟာ အလည်လာတုန်း ကျွေးမွေးရုံ
တင် မကသေးဘူး၊ ပြန်တဲ့အခါမှာလဲ ငှက်ပျောခိုင်။ ငါးရံ့ခြောက်။ ဗူးသီး။ ဖရုံသီး။
မုံ့ဆန်း အစရှိတာတွေကို။ လှေထဲမှာ တပုံကြီးထည့်ပေးလိုက်တာဘဲ၊ ဒါပေမဲ့
ကရင်တွေဟာ ဗီဇအားဖြင့် သိပ်အေးတဲ့လူမျိုးဖြစ်တဲ့အတိုင်း ဝါးခယ်မကိုလာတဲ့အခါ
ပြန်ပြီးပြုစုချင်လို့ မောင်နုတို့က အိမ်ကိုဖိတ်တာ ဘယ်တော့မှမလာဘူး၊
သူတို့ဝယ်စရာ။ ချမ်းစရာ လုပ်စရာကိုင်စရာတွေ ပြီးရင်။ တိတ်တိတ်ကလေး
မောင်နုတို့ကို အသိမပေးဘဲ ပြန်သွားကြတာဘဲ၊ သူတို့ကသာ ပြုစုချင်တယ်။
ပေးကမ်းချင်တယ်၊ သူတို့ကြောင့် တဖက်သားမှာ အလုပ်များမှာ
အနှောက်အယှက်ဖြစ်မှာကို သူတို့သိပ်ရှောင်တယ်၊ နောက်တကြိမ်သူတို့ရွာကို
အလည်သွားတော့မှ သူတို့ကြိုက်တတ်တဲ့ လက်ဆောင်ပစ်စည်းတွေကို မောင်နုတို့
ယူသွားပြီးသူတို့ကိုပေးရတယ်၊

ဒီလိုကရင်–ဗမာချစ်=ကည်ရေး သာဓကတွေဟာ ဒုတိယ ကမာစစ်ကြီး မဖြစ်မီက
တနိုင်ငံလုံးမှာ အနှံ့အပြား ရှိနေတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ဘူး၊
အခုလိုကောင်းနေတဲ့ ကရင်–ဗမာချစ်ကြည်ရေးဟာ ဘယ့်နှယ်ကြောင့်
ပျက်သွားရတာလဲ၊ ဒီအကြောင်းကို အခုရှင်းပြပါတော့မယ်၊

၁၉၄၂ခုနှစ် အင်္ဂလိပ်အစိုးရကလည်း ဗမာနိုင်ငံကဆုတ်ခွာစ ဂျပန်စစ်တပ်ကလည်း

ဗမာတနိုင်ငံလုံးကို မသိမ်းရသေးခင် စပ်ကူးမတ်ကူးအချိန်အတွင်း ဗမာတနိုင်ငံလုံးမှာ ဗမာတချို့ဟာ ဗမာ့လွတ်လပ်ရေးတပ်တွေကို ဖွဲ့စည်းကြတယ်၊ ဒီတပ်တွေကို ဘီအိုင်အေလို့ခေါ်တယ်၊ နေရာအတော်များများမှာ ဒီ (ဘီအိုင်အေ)တွေဟာ ပြည်သူလူထုဆီက သေနတ်။ ငွေ။ မော်တော်ကား။ လက်ဝတ်လက်စား အစရှိတဲ့ အဖိုးတန်ပစ္စည်းတွေကို လျှောက်သိမ်းကြတယ်၊ မြောင်းမြ ခရိုင်အတွင်းက ဘီအိုင်အေတွေဟာ ကရင်တွေဆီက သေနတ်တွေကို သိမ်းရအောင်လာတဲ့အခါ ကရင်တွေက သူတို့သေနတ်ကို မပေးကြဘူး အဲဒီအချိန်ဟာ မင်းမဲ့တိုင်းပြည်ဖြစ်နေတဲ့အချိန် အဲဒီတော့ ကရင်တွေဟာ ဒီ ဘီအိုင်အေအဖွဲ့တွေကို သူတို့ရဲ့ သေနတ်ဘယ်အပ်မလဲ၊ အဲဒီမအပ်တဲ့အခါ တချို့နေရာတွေမှာ ဘီအိုင်အေနဲ့ ကရင်တွေတိုက်ပွဲဖြစ်ကြတယ်၊ တိုက်ပွဲတွေဟာ မြောင်းမြခရိုင်က ပုသိမ်ခရိုင်ကိုကူး ပုသိမ်ခရိုင်က မအူပင်ခရိုင်ကိုကူးပြီး ကရင်–ဗမာရှိတဲ့ နေရာတွေကို ပြန့်ထွက်သွားတယ်၊ အဲဒီအချိန်ကစပြီး ကရင်နဲ့ဗမာတိုက်လိုက်ကြတာ ကရင်အားကောင်းတဲ့ နေရာတွေမှာ ဗမာတွေကနာ၊ ဗမာအားကောင်းတဲ့နေရာတွေမှာ ကရင်တွေကနာကြပြီး ကရင်နဲ့ဗမာနှစ်ပေါင်းများစွာ တည်ဆောက်လာခဲ့ကြတဲ့ ကရင်ဗမာချစ်ကြည်ရေး ဗိမာန်ကြီးဟာ ပြိုကျလုနီးနီး အထိ ပျက်စီးသွားခဲ့ကြရတယ်၊ အခုလိုဗရမ်းဗတာတွေ ဖြစ်နေတဲ့အချိန်တုန်းက သခင်နုဟာ မန်းဒလေးထောင်ထဲမှာ ရှိနေသေးတယ်၊ ဒီသတင်းတွေနဲ့ ပတ်သက်ပြီး ဘာဆိုဘာမှ မကြားရဘူး၊ မန်းဒလေးထောင်က လွတ်ပြီးတဲ့နောက် ကိုကျော်ငြိမ်း။ ကိုသာခင်။ ကိုသိန်းဖေ။ အစရှိတဲ့ မြေအောက်တော်လှန်ရေးသမားတွေနဲ့တွေ့ပြီး။ စစ်ကိုင်းနဲ့မန်းဒလေးမှာ သခင်နုဟာ အတော်ကြာကြာ လိုက်နေသေးတယ်၊ ရန်ကုန်ကို သခင်နုပြန်ရောက်ခဲ့တဲ့အချိန်မှာ ကရင်–ဗမာ ပဋိပက္ခတွေဟာ အတော်လေး ခြေလွန်လက်လွန် ဖြစ်ကုန်ပြီ။

ဒေါက်တာဗမော် ခေါင်းဆောင်တဲ့ အုပ်ချုပ်ရေး ကော်မတီကို ဖွဲ့ပြီးတဲ့အခါ ကော်မတီအနေနဲ့ ဖိတ်ကြားလိုက်တဲ့အတွက် ကရင်ခေါင်းဆောင်ကြီး ဒေါက်တာစံစီဖိုး အစရှိတဲ့ ကရင်ခေါင်းဆောင်တချို့ ရန်ကုန်ကို ရောက်လာကြတယ်၊ ဒေါက်တာဗမော်၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ သခင်သန်းထွန်း၊ သခင်နု အစရှိတဲ့ ဗမာ ခေါင်းဆောင်တွေဟာ အုပ်ချုပ်ရေးအဖွဲ့ဝင်တွေအဖြစ်နဲ့ရော၊ နိုင်ငံရေးသမားတွေအဖြစ်နဲ့ရော ကရင်ခေါင်းဆောင် တွေကို ခရီးဦးကြိုပြုကြတယ်၊ ဧည့်ခံကျွေးမွေးကြတယ်၊ အကြိမ်အတော်များများ ဆွေးနွေးကြတယ်၊ အဲဒီနောက် ကရင်–ဗမာပြဿနာကို ဆက်လက်ဖြေရှင်းတဲ့အနေနဲ့ သခင်နုခေါင်းဆောင်တဲ့ အဖွဲ့ဝင်တစုဟာ မြစ်ဝကျွန်းပေါ်ရှိ ကရင်–ဗမာဒေသတွေကိုသွားပြီး ကရင်–ဗမာချစ်ကြည်ရေးတရားတွေကို ဟောကြတယ်၊ စစ်ကြီးမပြီးခင် တလလောက်အလိုမှာတောင် ကရင်–ဗမာ ချစ်ကြည်ရေး တရားတွေဟောရအောင် သခင်နုနဲ့ ဟသ်ာတ ဦးမြတို့ဟာ မြစ်ဝကျွန်းပေါ်က ကရင်–ဗမာ ဒေသတွေကို

ရောက်ခဲ့ကြသေးတယ်၊
ကရင်နဲ့ဗမာ ပြန်ချကြရင် ဥသျှစ်သီးနှစ်လုံးကို ကိုင်ပြီးထုသလို နှစ်ဖက်စလုံး နာကြအုံးတော့မှာဘဲ၊ ရှိစုမဲ့စု အိုးအိမ်လေးတွေလည်း လောင်စာနဲ့ပြာပုံ ဖြစ်ကုန်ကြအုံးတော့မှာဘဲ၊ ကွဲရှကျိုးပဲ့ သေကျေပျက်စီးကြတဲ့အ ထဲ ဘာမှအပြစ်မရှိတဲ့ မိန်းမနဲ့ ကလေးတွေလည်း တပုံတခေါင်းကြီး ပါကုန်ကြအုံးတော့မှာဘဲဆိုတဲ့ စဉ်းစားမှုတွေဟာ သူသွားလေရာကို လိုက်ပြီး
ထမင်းလုံးတစေခြောက်သလိုဖြစ်နေတဲ့အတွက် ဝန်ကြီးချုပ် ဖြစ်လာပြီးတဲ့နောက် ဒီကရင်–ဗမာ ပြဿနာကို သခင်နုပစ်မထားဘူး၊ တတ်နိုင်သလောက် ဖြေရှင်းတယ်၊ စောဘဦးကြီး၊ မန်းဂျိမ်းထွန်းအောင်၊ ဆရာသာကို အစရှိတဲ့ ကရင်ခေါင်းဆောင်တွေနဲ့ သခင်နုဟာ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေး တယ်၊ အဲဒီ ကရင်ခေါင်းဆောင်တွေကို ဖိတ်ခေါ်ပြီး မြစ်ဝကျွန်းပေါ်ရှိ ကရင်–ဗမာဒေသတွေကို ခရီးထွက်ကြတယ်၊ ရောက်တဲ့နေရာတိုင်းမှာ ကရင်–ဗမာ အနာဆိုးကြီးကို ပျောက်ပါစေဆိုတဲ့ စေတနာနဲ့ ချစ်ကြည်ရေးတရားတွေ ဟော ကြတယ်၊ ချစ်ကြည်ရေးကို အားပေးမဲ့ ပေါင်းသင်းဆက်ဆံရေးတွေကို ကြိုးစားပြီးလုပ်ကြတယ်၊
အဲဒီအချိန်တုန်းက ကရင်–ဗမာ အနာဆိုးကြီးဟာ၊ ငန်းမန်း အတော်လိုက်နေပြီ ဖြစ်တဲ့အတွက် သခင်နုတို့၊ စောဘဦးကြီးတို့ဟာ မကြာသောတနေ့တွင် စတင်ဖြစ်ပေါ်လာတော့မဲ့ ကရင်–ဗမာ အဓိကရုဏ်းတွေ ကို မပိတ်ပင် မတားဆီးနိုင်ခဲ့ကြပါဘူး၊ ဒါပေမဲ့ ဒီကြိုးပမ်းမှုတွေကြောင့် နောင်သောအခါ ကရင်–ဗမာ အဓိကရုဏ်းတွေ ပေါ်လာပေမဲ့ သခင်နုအစိုးရဟာ ကရင်လူထု တစိတ်ဒေသရဲ့ ထောက်ခံမှုကို ကောင်းကောင်း ရရှိခဲ့တယ်၊ ဖဆပလနဲ့ ကေအင်ယူအဖွဲ့(၂)ဖွဲ့ဟာ အဖွဲ့အားဖြင့်သော်လည်းကောင်း၊ မူအားဖြင့်သော်လည်းကောင်း တိုက်နေကြပေမဲ့ တချို့ခေါင်းဆောင်အချင်းချင်း တဦးနဲ့တဦး နားလည်မှုတွေ၊ ယုံကြည်မှုတွေ၊ ချစ်ခင်မှုတွေကို အထူးကျေနပ်လောက်အောင် ရခဲ့ကြတယ်၊ အလျဉ်းသင့်လို့ ဒီနေရာမှာ သာဓကတခုကို ထုတ်ဖော်ပြချင်တယ်၊
အချိန်ကတော့ ၁၉၄၉ခုနှစ် ဇွန်လကုန်လောက်ဘဲ၊ မင်္ဂလာဒုံက တပ်ရင်း(၃)ဟာ တခြမ်းပဲ့ပြီး သူပုန်ထသွားပြီး၊ သရက်က တပ်ရင်း(၁) တတပ်လုံးကလည်း ရန်ကုန်ကိုသိမ်းဖို့ ဆင်းလာနေပြီး၊ အစိုးရကလည်း အင်မတန်ကြီး အားကိုးရာမဲ့ဖြစ်နေတယ်၊ အဲဒီလို အချိန်မျိုးရဲ့ နေ့တနေ့မှာ စောဘဦးကြီးတို့ လူတစုဟာ ဝန်ကြီးချုပ် သခင်နုနဲ့ တွေ့ပါရစေလို့ အရေးတကြီး ခွင့်တောင်းတယ်၊ ဝန်ကြီးချုပ်နဲ့တွေ့တဲ့အခါ လက်ရှိ အခြေအနေရဲ့ အန္တရာယ်များပုံကို ဆွေးနွေးကြပြီး မန်းဂျိမ်းထွန်းအောင်က ဝန်ကြီးချုပ်ဘာမှ မစိုးရိမ်နဲ့၊ ကွန်မြူနစ်တွေ ရန်ကုန်မြို့ထဲဝင်လာရင် ဝန်ကြီးချုပ်ကို လုံခြုံတဲ့နေရာတခုမှာ ဝှက်ထားပြီး အကာအကွယ် ပေးမယ်လို့ပြောတယ်၊ ဒီအချိန်မှာ သခင်နုရဲ့အဖွဲ့တွင်းက လူတချို့တောင် ကွန်မြူနစ်ကို လက်ကမ်းလာကြပြီး၊ ရဲအဖွဲ့နဲ့ တချို့အရာရှိတွေဟာ

ကွန်မြူနစ်တွေ ရန်ကုန်ထဲ ဝင်လာရင် ခံမပစ်ကြနဲ့၊ လက်နက်ချလိုက်ကြလို့ အမိန့်ပေးထားပြီးပြီ ဆိုတာတောင် သခင်နုသိနေရပြီ၊ အဲဒီလိုအားကိုးရာမဲ့ ဖြစ်နေတဲ့အချိန်မျိုးမှာ သခင်နုဟာ မန်းဂျိမ်းထွန်းအောင်ရဲ့ စကားကို ကြားလိုက်ရတဲ့အခါ ဝမ်းသာလုံးဆို့သွားတယ်၊

ဝန်ကြီးချုပ်သခင်နုဟာ ကရင်–ဗမာပြဿနာကို ဖြေရှင်းဖို့အတွက် တရားပွဲများ၊ ဆွေးနွေးပွဲများနဲ့သာ ရပ်မထားပဲ ကရင်ပြည်နယ်ဖွဲ့စည်းပေးဖို့အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ ပုဒ်မ (၁၉၉)နဲ့။ ပုဒ်မ (၂၀၀)အရ ကော်သူလေနယ်နိမိတ် သတ်မှတ်ရေး ကော်မရှင်အဖွဲ့တခုကို ဧပြီလ (၆)ရက်နေ့မှာ ဖွဲ့စည်းပေးလိုက်တယ်၊

အောက်တိုဘာလ(၂၀)ရက်နေ့ကျတော့ တရားလွှတ်တော်ချုပ်ရဲ့ တရားဝန်ကြီးချုပ် ဒေါက်တာဘဦး ခေါင်းဆောင်ပြီး လူမျိုးစုကိုယ်စားလှယ်များ မျှမျှတတ ပါဝင်တဲ့ ပြည်နယ်စုံစမ်းရေး ကော်မရှင်အဖွဲ့တခုကို ဝန်ကြီးချုပ် သခင်နု ဖွဲ့ပေးပြန်တယ်၊ ဒီအဖွဲ့ရဲ့ ပထမအစည်းအဝေးမှာ မွန်–ကရင်–ရခိုင်–လူမျိုးစုတို့ရဲ့ တရားသော ဆန္ဒများကို ပြည့်ဝစေနိုင်တဲ့ နည်းကောင်းလမ်းကောင်းများကို နှောင့်နှေးကြန့်ကြာခြင်းမရှိပဲ ဒီကော်မရှင်အဖွဲ့က ရှာဖွေပေးကြပါလို့ ဝန်ကြီးချုပ်သခင်နု ကိုယ်တိုင် ကော်မရှင်အစည်းအဝေးကို တက်ရောက်ပြီး တိုက်တွန်းခဲ့တယ်၊ အဲဒီလို တိုက်တွန်းတဲ့ အခါတုန်းက မွန်၊ ကရင်၊ ရခိုင်တွေကို ပြည်ထောင်စုအတွင်း ပြည်နယ် ပေးဖို့ ဝန်ကြီးချုပ်ရဲ့ စိတ်ထဲမှာ ဆုံးဖြတ်ထားပြီးပါပြီ၊ ကော်သူလေနယ်နိမိတ် သတ်မှတ်ရေးကော်မရှင်နဲ့ ပြည်နယ်စုံစမ်းရေး အဖွဲ့တွေကို ဖွဲ့စည်းပေးလိုက်ပေမဲ့ အမှန်အတိုင်းပြောရရင် သခင်နုရဲ့စိတ်ထဲမှာတော့ အဲဒီအဖွဲ့တွေဟာ ကရင်၊ ဗမာပြဿနာကို ဖြေရှင်းနိုင်လိမ့်မယ် လို့ သိပ်မယုံကြည်လှဘူး၊ ဒီလိုမယုံကြည်စရာအကြောင်းတွေ သူ့မှာရှိနေတယ်၊ ဒီအကြောင်းတွေကို ဒီနေရာမှာ နဲနဲလောက်ဖော်ပြချင်တယ်၊

(၁) ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းတို့ မကျဆုံးခင်ကတည်းက ကေအင်ယူ ကရင်အမျိုးသား အဖွဲ့ဟာ ကရင်မျိုးသားကာကွယ်ရေးအဖွဲ့ ဆိုတဲ့အမည်နဲ့ ကရင်လက်နက်ကိုင်တပ်တွေကို လျှော့က်ဖွဲ့တယ်၊ အဲဒီအဖွဲ့ရဲ့ အတိုကောက်ကတော့ ကေအင်ဒီအို ဖြစ်တယ်၊

ပြည်သူ့ရဲဘော်နဲ့ ကွန်မြူနစ်တွေကလည်း ကိုယ်ပိုင်တပ်တွေ ဖွဲ့ထားကြတယ်ဆိုတော့ ကေအင်ယူကလည်း ကေအင်ဒီအိုကိုဖွဲ့မှာဘဲ၊ သခင်နုအစိုးရဟာ အင်မတန် အားနဲနေတဲ့အတွက် ဒီတပ်တွေကို ဖျက်လဲမပစ်နိုင်။ သူတို့ရဲ့ လက်နက်တွေကိုလည်း မသိမ်းနိုင် ဖြစ်နေတယ်၊ အဲဒီအခြေအနေဟာ မကြာခင်သော နေ့မှာ ကရင်–ဗမာ အဓိကရုဏ်းတွေ ဖြစ်ပေါ်လာဖို့အတွက် အကြီးဆုံးအကြောင်းကြီးဖြစ်တယ်၊

(၂) ကေအင်ယူ ကရင်အမျိုးသားအဖွဲ့ဟာ (က) ကရင်ပြည်နယ်ကို လိုချင်တယ်၊ (ခ) အဲဒီကရင်ပြည်နယ်မှာ ပြည်ထောင်စုထဲက ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်ရှိရမယ်လို့

ကေအင်ယူကတောင်းဆိုတယ်၊ (ဂ) ကရင်ပြည်နယ်ထဲမှာ ပဲခူးတိုင်း။ တနင်္သာရီတိုင်း။ ဧရာဝတီတိုင်းထဲက ဗမာနိုင်ငံရဲ့ တဝက်လောက် နီးနီးလောက်ရှိတဲ့ နယ်မြေတွေကို ထည့်ပေးရမယ်လို့ တောင်းဆိုတယ်၊

ကေအင်ယူရဲ့လိုလားချက် (၃)ခုထဲက (က)ကို သခင်နုအစိုးရအဖွဲ့က လိုက်လျောနိုင်တယ်၊ (ခ)ကို လုံးဝမလိုက်လျောနိုင်ဘူး၊ (ဂ)ကိုတော့ ကော်သူလေနယ်နိမိတ်အဖွဲ့ကော်မရှင်အဖွဲ့က ထောက်ခံမဲ့ဒေသကိုသာ ကရင်ပြည်နယ်ထဲ ထည့်ပေးဖို့ အစိုးရအဖွဲ့က ဆုံးဖြတ်တယ်၊

အခုလို ကေအင်ယူနဲ့ သခင်နုအစိုးရတို့ရဲ့ သဘောကွဲလွဲချက်ဟာ မကြာသောနေ့မှာ ကရင်–ဗမာ အဓိကရုဏ်းတွေဖြစ်ပေါ်လာဖို့အတွက် တတိယအကြောင်းဖြစ်တယ်၊

အခုပြောခဲ့တဲ့ အကြောင်းကြီး (၃)ကြောင်းက ဝိုင်းပြီး တွန်းပေးကြတဲ့အတွက် ၁၉၄၈ခုနှစ် ဇူလိုင်လနဲ့ ဩဂုတ်လထဲမှာ ပြည်ထောင်စုစစ်ရဲတပ်က ကရင်တွေအတော်များများ လက်နက်တွေယူပြီး ကေအင်ဒီအို အဖွဲ့ထဲဝင်သွားကြတယ်၊

ဖာပွန်နဲ့ကယားမှာရှိကြတဲ့ ကေအင်ဒီအိုတွေဟာ အစိုးရတပ်တွေကို အတင်းဝင်တိုက်ကြတယ်၊ သထုံနဲ့ မော်လမြိုင်ဆိုတဲ့ ခရိုင်ရုံးစိုက်ရာ မြို့ကြီး (၂)မြို့ကို ကေအင်ဒီအိုတွေဟာ ခဏလောက် သိမ်းထားနိုင်ခဲ့ကြတယ်၊

ကွန်မြူနစ်၊ပြည်သူ့ရဲဘော်အစရှိတဲ့ သူပုန်တွေကြောင့် အလိုလိုကမှ အတော်ဆိုးနေရတဲ့ ပြည်တွင်း အခြေအနေဟာ အဲဒီအချိန်ကစပြီး အစိုးရအဖွဲ့ အသက်ရှူမှားလောက်အောင် ပိုပြီး ဆိုးဝါးလာပြန်တယ်၊

ဒီလိုဆိုရင် ဒီသူပုန်တွေကို ရင်ဆိုင်ဖို့အတွက် လက်နက်ကိုင်တပ်တွေ မြန်မြန်ထောင်ပါလား၊ အစိုးရဘာလုပ်နေသလဲလို့ မေးစရာရှိတယ်၊

အစိုးရလက်နက်ကိုင်တပ်တွေက (၆၀)ရာခိုင်နှုန်းလောက်ဟာ လက်နက်တွေယူ သူပုန်တွေနဲ့ ပေါင်းပြီး အစိုးရကို ပုန်ကန်နေတဲ့ အချိန်မျိုးမှာ အစိုးရဟာ တပ်အသစ်ဖွဲ့ဖို့ကိတ်စကို အတော်လေးလေးနက်နက် စဉ်းစားရမယ်၊ လွယ်လွယ်လုပ်လိုက်လို့ မဖြစ်ဘူး၊

လက်နက်ကိုင်တွေကိုဖွဲ့ဖို့ အစိုးရဆုံးဖြတ်ပြန်ရင်လည်း လက်နက်ဘယ်ကရမလဲ နိုင်ငံတခုလုံးဟာ ပျက်သလောက် ဖြစ်နေပြီး၊ အဲဒီလို နိုင်ငံရဲ့ အစိုးရကို သေနတ်တွေပေးရင် သူတို့ရဲ့သေနတ်တွေဟာ တွင်းနက်ကြီး ထဲ ရေလောင်းချသလိုနေမှာဘဲလို့ သေနတ်ပေးရမဲ့နိုင်ငံတွေဟာ တွေးနေကြမှာ ဓမတာပါဘဲ၊ အဲဒါကြောင့် သေနတ်ရဘို့ ဆိုတာမလွယ်ဘူး၊

အဲဒီလို အခြေအနေမျိုးမှာ သခင်နုလဲ ဘာမှမတက်နိုင်ဘူး၊ စောဘဦးကြီးအစရှိတဲ့ ကရင်ခေါင်းဆောင်တွေကို မကြာခဏဖိတ်ပြီး လက်ရုံးအားကိုး လုပ်လာတာတွေ မဖြစ်ပါစေနဲ့၊ ငယ်သားတွေကို တပ်နိုင်သလောက် ထိမ်းပေးပါလို့သာ တောင်းပန်နေရတာဘဲ၊

၁၉၄၈ခုနှစ် နိုဝင်ဘာလကုန်လောက်ဆီကို ရောက်တဲ့အခါ အခြေအနေဟာ

ပိုဆိုးလာတယ်၊ အဲဒါကြောင့် ဒီဇင်ဘာလ(၄)ရက်နေ့ကျတော့ ဝန်ကြီးချုပ် သခင်နုဟာ နယ်ပေါင်းစုံကရတဲ့သတင်းအရ ပြည်ထောင်စုတစုလုံးဟာ ရင်မအေးဘွယ်ရာ အင်မတန်ဆိုးတဲ့အခြေအနေကို ရောက်နေပါပြီလို့ ကျေညာခဲ့ရတယ်၊ အဲဒီနောက် ငြိမ်းချမ်းရေးအတွက် နောက်ဆုံးခြေလှမ်းအနေနှင့် စောဘဦးကြီးတို့လူစုကို ဖိတ်ပြီး အကြမ်းမဖက်ကြဖို့ ကေအင်ဒီအို ခေါင်းဆောင်တွေကို သူကိုယ်တိုင် မေတ္တာရပ်ခံချင်တယ်လို့သခင်နုကပြောတယ်၊ ဒီလိုဒီလိုဘဲ ဝန်ကြီးချုပ်သခင်နုဟာ အင်းစိန်မှာရှိတဲ့ ကေအင်ဒီအိုဌာနချုပ်ကို သွားပြီး ကေအင်ဒီအို ခေါင်းဆောင်တွေနဲ့တွေ့မယ် ဆိုတာကို မိတ်ဆွေတွေသိတဲ့အခါ သွားဖို့မတော်ဘူးလို့ အားလုံးကဝိုင်းပြီး ကန့်ကွက်တယ်၊ အဲဒီထဲမှာ ဝန်ကြီးချုပ်ကတော် ဒေါ်မြရီက အပြင်းထန်ဆုံး ကန့်ကွက်တယ်၊ ဒါပေမဲ့ ဘယ်သူ ကန်ကွက်လို့မှ မရဘူး၊ ချိန်းတဲ့နေ့ကျတော့ ဝန်ကြီးချုပ်ကိုခေါ်ရအောင် စောဘဦးကြီးနဲ့ အဖေါ်တယောက် ရောက်လာတယ်၊ ဝန်ကြီးချုပ်ဟာ စောဘဦးကြီးကိုယ်တိုင် မောင်းလာတဲ့ မော်တော်ကားနဲ့ အင်းစိန်ကို လိုက်သွားတယ်၊ သူနဲ့အတူ ဗိုလ်ကြီးစိုးမြင့်ဆိုတဲ့ သူ့ကိုယ်ရံတော်တဦးကိုသာ ခေါ်သွားတယ်၊ သူသွားတဲ့နေရာတိုင်းကို လိုက်နေကြ အင်မတန်သစ်စာရှိတဲ့ ချင်းစစ်သားလေးတွေကို ခေါ်မသွားဘူး၊ သူနဲ့အတူလိုက်လာတဲ့ ဗိုလ်ကြီးစိုးမြင့်ကိုလည်း ဘာလက်နက်မှ ယူမလာရဘူးလို့ တင်းတင်းကြပ်ကြပ် အမိန့်ပေးထားတယ်၊
စောဘဦးကြီးရဲ့ ယောက်ခမကြီး ဦးဖဲအိမ်မှာ ဝန်ကြီးချုပ်သခင်နုကို အုန်းနို့ကြာဇံခေါက်ဆွဲနဲ့ ဧည့်ခံတယ်၊ စားသောက်ပြီးတဲ့အခါ ကေအင်ဒီအို ခေါင်းဆောင်တွေကိုသာ သခင်နုတွေ့ရတယ်၊ ကေအင်ဒီအို ခေါင်းဆောင်တွေဟာ ဝန်ကြီးချုပ် သခင်နုကို လေးလေးစားစားဆက်ဆံပါရဲ့၊ ဒါပေမဲ့အကြမ်းမဖက်ကြပါနဲ့၊ ကရင်–ဗမာပြဿနာကို ကရင်–ဗမာခေါင်းဆောင်တွေဟာ မိသားစုတွေလို အတူတူထိုင်ပြီး အနုနည်းနဲ့ ဖြေရှင်းကြရအောင်လို့ သခင်နုက မေတ္တာရပ်ခံတဲ့အခါ သူတို့မျက်နှာထားတွေဟာ ပျော့ပျော့ပြောင်းပြောင်း မရှိဘူးဆိုတာကို သခင်နု အကဲခတ်မိလိုက်တယ်၊
ဘာသံများကြားရမလဲဆိုပြီး ဝန်ကြီးချုပ်အိမ်မှာ တထိတ်ထိတ် တလန့်လန့်၊ လည်တဆန့်ဆန့်နဲ့ စောင့်မျှော်နေကြတဲ့ မိတ်ဆွေတွေနဲ့ ဝန်ကြီးချုပ်ကတော် ဒေါ်မြရီတို့ဟာ ဝန်ကြီးချုပ် ပြန်ရောက်လာတော့မှ သက်ပြင်းချနိုင်ကြတော့တယ်၊
နောက်တနေ့ကျတော့ ပုသိမ်မှာ ကရင်နဲ့ဗမာတွေ စောင်နေကြပြီ။ အဓိကရုဏ်းဖြစ်စရာအကြောင်းရှိတယ် ဆိုတဲ့သတင်းကို ရတာနဲ့ သခင်နုဟာ ရေတပ်က ကရင်စစ်ဗိုလ်စောဂျက်ဆိုသူ ဦးစီးတဲ့ စစ်သင်္ဘောလေးနဲ့ ပုသိမ်ကို ကတိုက်ကရိုက်လိုက်သွားရတယ်။ ပုသိမ်မှာ သခင်နုဟာဗမာ–ကရင် ခေါင်းဆောင်တွေနဲ့တွေ့ပြီး နှစ်ဘက်စလုံးကို အကြမ်းမဖက်ဘို့ မေတ္တာရပ်ပြီး ရန်ကုန်ကိုပြန်လာတယ်။

ဒါပေမယ့် သခင်နုရဲ့ မေတ္တာရပ်ခံချက်ကြောင့် ဖြစ်ပေါ်လာတဲ့ပျော့ပျောင်းမှုဟာ ကြာကြာ မခံပါဘူး။ ၁၉၄၉ ဇန်နဝါရီလကုန်လောက်ဆီကျတော့ ကေအဲန်ဒီအို တွေဟာကုန်းဘက်ကရေတပ်ဗိုလ်စောဂျက်ဦးစီးတဲ့ စစ်သင်္ဘောက ရေဘက်ကနှစ်ဖက်ညှပ်ပြီး ပုသိမ်ကိုစီးဖို့ ကြိုးစားကြတာပါဘဲ၊ အဲဒီအချိန်က မအူပင်နဲ့ ပုသိမ်မှာ ကရင်–ဗမာ အခြေအနေဟာ အင်မတန် ဆိုးဝါးနေတဲ့အတွက် အစိုးရဟာ တပ်ရင်း(၄)ကို အဲဒီနှစ်နေရာ တဝက်စီခွဲထားရတယ်၊ ဗိုလ်အကြပ်တပ်သားတွေဟာ အတော်သတ္တိပြောင်မြောက်ကြပါတယ်၊ ရေဘက်နဲ့ကုန်းဘက်နှစ်ဖက်ညှပ်ပြီး တိုက်ခိုက်တာတောင် အညံ့မခံဘူး၊ ရှိသမျှအင်အားနဲ့ ပြန်ချတာ ကေအင်ဒီအိုလည်း နောက်ဆုတ်ပေးရတယ်၊ စောဂျက်ရဲ့ စစ်သင်္ဘောလည်း တနေရာကိုထွက်ပြေးတာ လေတပ်က တိုက်လေယာဉ်ပျံတစင်းနဲ့ သွားတိုးမိတယ်၊ အဲဒီမှာ တိုက်လေယာဉ်ပျံက စက်အမြောက်နဲ့ပစ်တဲ့အတွက် စစ်သင်္ဘောလည်းအတော်ပျက်စီးတယ်၊ ရေတပ်သားတွေလည်း အတော်သေကျေပျက်စီး ဒဏ်ရာရကြတယ်၊ ဗိုလ်စောဂျက်နဲ့ သုံးလေးယောက်သာ သင်္ဘောပေါ်က ခုန်ချထွက်ပြေးနိုင်လို့ အသက်ဘေးက သီသီလေးလွတ်သွားကြတယ်၊ ဝန်ကြီးချုပ်ဦးနုလည်း တိုက်ပွဲအပြီးမှာ တဖက်နဲ့တဖက် အလွန်အကျွံ မဖြစ်ရအောင်ဆိုပြီး ပုသိမ်ကို ချက်ချင်း လိုက်သွားတယ်၊ ကရင်– ဗမာခေါင်းဆောင်တွေနဲ့ တွေ့ပြီး ချစ်ကြည်ရေးတရားတွေဟောတယ်၊ တိုက်ပွဲကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ရတဲ့ ကရင်–ဗမာဒုက္ခသည်တွေကို ငွေနဲ့ပစ္စည်းထောက်ပံ့တယ်၊ ဗမာတွေ ဖျက်ပစ်လို့ပျက်စီးသွားတဲ့ ကရင်ခေါင်းဆောင်ကြီး ဒေါက်တာစံစီဖိုးရဲ သင်းချိုင်းကို ပြန်တည်ဆောက်ဖို့ ငွေအလုံအလောက် သူ့သားတယောက်ရဲ့ လက်ထဲအပ်ခဲ့တယ်၊ ကရင်တွေ ဖျက်လို့ပျက်စီးသွားတဲ့ မြတ်စွာဘုရား ရုပ်ပွားတော်တဆူကိုလည်း ပြန်လည်တည်ဆောက်ဖို့ ငွေအလုံအလောက် သက်ဆိုင်ရာ ရပ်ကွက်ခေါင်းဆောင်တွေ ရဲ့ လက်ထဲအပ်လိုက်တယ်၊ သခင်နု ပုသိမ်ကပြန်ခါနီးကျတော့ မိတ်ဆွေတယောက် သုတ်သီးသုတ်ပြာနဲ့သင်္ဘောပေါ်တက်လာတယ်၊

ဝန်ကြီးချုပ် ဒီသင်္ဘောမှာ ကရင်စစ်သားတွေပါသလား

ကျွန်တော်မသိဘူး

အနေအထိုင်အသွားအလာသတိရှိပါဗျာ

ဘာဖြစ်လို့လဲ

အရင်တပတ်တုန်းက ဒီကို ခင်ဗျားစီးလာတဲ့ စစ်သင်္ဘောကလေးမှာ စောဂျက်ဟာ ရေတပ်ဗိုလ်ဘဲ။ တနေ့က ဒီကောင် သူပုန်ထတော့မှ ဟိုအခေါက်တုန်းက ဝန်ကြီးချုပ်ကို သူဘာဖြစ်လို့ မဖမ်းတာလဲဆိုတာ ကျွန်တော်စဉ်းစားမိတယ်၊ ဝန်ကြီးချုပ် သခင်နုလည်း ဘာမှ ပြန်မပြောပါဘူး။ ပြုံးနေတယ်၊ ၁၉၄၉ခုနှစ် ဇန်နဝါရီလ အလယ်လောက်ကို ရောက်လာတဲ့အခါ

အင်မတန်စိတ်မချမ်းသာစရာကောင်းတဲ့ သတင်းတရပ်ကို
အစိုးရအဖွဲ့ဝင်တွေကြားရတယ်၊ ဒီသတင်းဟာတခြားမဟုတ်။ အင်းစိန်ဌာနချုပ်က
ကေအင်ဒီအို တွေဟာ အင်းစိန်၊ ကြို့ကုန်း၊ သမိုင်းမှာ တာဝန်ကျနေတဲ့ အစိုးရ
အမှုထမ်း အရာထမ်း တချို့ဆီက လက်နက်တွေ
လိုက်သိမ်းနေတယ်ဆိုတဲ့သတင်းဘဲဖြစ်ပါတယ်၊ ဒီလိုလက်နက်တွေ သိမ်းတဲ့နေရာဟာ
ရန်ကုန်မြို့နဲ့ (၇)မိုင် အတွင်းမှာရှိတယ်၊ အဲဒါကြောင့်
လက်ပိုက်ကြည့်မနေနိုင်တော့တဲ့အတွက် အစိုးရအဖွဲ့ဟာ အဲဒီအရပ်တွေကို
လက်နက်ကိုင် အမှုထမ်း၊ အရာထမ်းတချို့လွှတ်ပြီး ကေအင်ဒီအိုတွေ လက်နက်
မသိမ်းအောင် အတားခိုင်းလိုက်တယ် အခုလိုတားရင်းက ၁၉၄၉ခုနှစ်ဇန်နဝါရီ
(၃၁)ရက်နေ့ကျတော့ အစိုးရ လက်နက်ကိုင်အဖွဲ့ တွေနဲ့ ကေအင်ဒီအိုတွေ
ပဋိပက္ခဖြစ်လာကြပြီး အင်းစိန်က ကေအင်ဒီအိုတွေဟာ အင်းစိန်မြို့ကို
သိမ်းလိုက်ကြတယ်၊ အင်းစိန်ထောင်ကြီးထဲက နှစ်ထောင်လောက်ရှိတဲ့
အကျဉ်းသားတွေကိုလည်း လွှတ်ပစ်လိုက်ကြတယ်၊ အစိုးရငွေတိုက်ထဲက
ရှိသမျှငွေတွေကိုလည်း ထုတ်ယူသွားကြတယ်၊
အင်းစိန်ဟာ ရန်ကုန်မြို့ရဲ့ အပေါက်ဝမှာ ရှိနေတဲ့အတွက် အစိုးရအဖွဲ့နဲ့
ရန်ကုန်မြို့သားတွေဟာ ဘယ်လောက် ခြေမကိုင်မိ လက်မကိုင်မိ မျက်လုံးပြူး
မျက်ဆံပြူး ဖြစ်နေကြမယ်ဆိုတာ စုံလင်တိကျအောင် စာရေးပြီး ဖော်မပြနိုင်ပါဘူး၊
စာဖတ်သူတွေ ကိုယ့်ဟာကိုယ်သာတွေးကြည့်ကြပေတော့၊
အဲဒီအချိန်က စပြီး ကေအင်ယူ ကရင်အမျိုးသားအဖွဲ့ ခေါင်းဆောင်တဲ့
ကေအင်ယူပုန်ကန်မှုကြီး ပေါ်ပေါက်လာတာပါဘဲ၊
အခုလိုဖြစ်နေရတဲ့အထဲ ကရင်–ဗမာအခြေအနေကို ဆိုးသထက်ဆိုးအောင်လုပ်ပေးမဲ့
အဖြစ်အပျက်တခု ထပ်ပြီး ဖြစ်လိုက်ပြန်သေးတယ်၊ ဖြစ်ပုံက ဒီလို–
ကေအင်ယူ သူပုန်မထခင် လေးငါးရက်လောက် အလိုမှာ မအူပင်ခရိုင်အတွင်း
ရန်ကုန်မြို့နဲ့ မိုင်လေးငါးဆယ်လောက်ဝေးတဲ့ ဗမာရွာလေးတရွာကို
ကေအင်ဒီအိုတွေက စီးလိုက်တယ်၊ ရွာသူရွာသားတွေဆီက ပစ်စည်းဥတ်စာကို
လုယူပြီးတဲ့နောက် နေ့စဉ်နေ့တိုင်း ရွာသူရွာသားတွေထဲက ၄–၅–၆ယောက်ကို
ထုတ်ထုတ်ပြီး ရွာလယ်မှာ ကေအင်ဒီအိုတွေက သတ်ပြတယ်၊ သုံးလေးရက်
ကြာတဲ့အခါမှာ ကုန်တင်တွဲကြီး တချို့ကို ဆွဲပြီး ပုသိမ်က ရန်ကုန် ပြန်လာနေတဲ့
သင်္ဘောတစင်းဟာ ရွာနားကို ရောက်လာတယ်၊ အဲဒီသင်္ဘောဟာ ပုသိမ်ကို
ကုန်ပစ်စည်းတွေပို့ပြီး ပြန်လာတာဖြစ်တဲ့အတွက် အဲဒီသင်္ဘောပေါ်မှာ
လက်နက်ကိုင်တချို့ပါလာတယ်၊ ဗမာရွာသားတွေဟာ အဲဒီသင်္ဘောကို မြင်တဲ့အခါ
သူတို့ကို ကယ်ဖို့လှမ်းခေါ်တယ်၊ ပုလိပ်တွေရွာထဲဝင်လာတဲ့အခါ ရွာထဲမှာ
ကေအင်ဒီအိုတွေမရှိတော့ဘူး၊ အဲဒါကြောင့် ပုလိပ်တွေဟာ ရွာသူရွာသားတွေကို
သင်္ဘောနဲ့တွဲပေါ်မှာတင်ပြီး ရန်ကုန်ကို ခေါ်လာတယ်၊

ရန်ကုန်ကြတော့သတင်းထောက်တွေနဲ့တွေ့ပြီး နောက်တနေ့မနက်ထွက်တဲ့
သတင်းစာတွေထဲမှာ ဟုတ်တာထက်တောင်ပိုပြီး ရေးလိုက်ကြသေးတယ်၊
သတင်းစာတွေထဲမှာ ပါလာတဲ့အဖြစ်အပျက်ကိုကြည့်ပြီး–
(၁) ကရင်တွေက ဗမာတွေကို သတ်တယ်လို့ မယူဆကြပါနဲ့ ယူဆရင်မှားလိမ့်မယ်၊
(၂) ဗမာရွာသားတွေကို သတ်တဲ့အထဲမှာ လုံးဝမပါတဲ့ ကရင်လူကောင်းတွေ
အများကြီး ရှိပါတယ်၊ အဲဒါကြောင့်အဲဒီလိုသတ်တဲ့လူသတ်ပွဲဟာလူဆိုးတွေက
လူကောင်းတွေကို သတ်တဲ့လူသတ်ပွဲလို့သာ ဗမာတွေက ယူဆကြစေချင်တယ်၊ ဒီလို
ယူဆမှသာလျှင် မှန်လိမ့်မယ်၊
(၃) ကရင်တချို့ကို ခေနှုင်ညှုနှုတေ ဗမာတချို့ကြွက သတ်ကြရင်လည်း
အဲဒီသတ်ပွဲထဲမှာ လုံးဝမပါတဲ့ ဗမာကောင်းတွေ အများကြီးရှိပါတယ်၊ အဲဒါကြောင့်
အဲဒီလို သတ်တဲ့လူသတ်ပွဲဟာ လူဆိုးတွေက လူကောင်းတွေကို
သတ်တဲ့လူသတ်ပွဲလို့သာ ကရင်တွေက ယူဆကြစေချင်တယ်၊ ဒီလိုယူဆမှသာလျှင်
မှန်လိမ့်မယ်၊
(၄) အစိုးရအနေနဲ့တော့ ဗမာရယ်။ ကရင်ရယ်ဆိုပြီး မခွဲခြားဘူး၊
ကျောသားရင်သားမခွဲခြားဘဲ လူဆိုးမှန်သမျှကို အစွမ်းရှိသရွေ့ ဥပဒေအရ
အရေးယူပါမယ်ဆိုတာ လေးနက်စွာ ကတိပြုပါတယ်၊
(၅) ပြည်တွင်းမှာ အင်မတန်ဆိုးနေတဲ့ အခြေအနေဆိုးကြီးကို ပိုပြီးဆိုးမလာအောင်
ပြည်သူလူထု တရပ် လုံးက အစိုးရကို ဝိုင်းကူညီကြပါဆိုတဲ့ အချက်(၅)ချက်ပါတဲ့
မေတ္တာရပ်ခံချက်တခုကို ဝန်ကြီးချုပ် သခင်နုကြေညာခဲ့တယ်၊
အဲဒီလို ကြေညာလိုက်ခါမှ တက်နေတဲ့ စိတ်တွေဟာကျမသွားဘဲ ဗမာလူထုက ပိုပြီး
ခက်ထန်လာတယ်၊ ဝန်ကြီးချုပ် သခင်နုကိုလည်း အများကြီးဒေါသဖြစ်တယ်၊
ကရင်လက်ထဲ တွံတေးကို အပ်လိုက်တာ ဒီကောင်ပေါ့၊ ပုသိမ်မှာ ကရင်တွေက
ဗမာတွေကိုချတော့ သူဘာမှမပြောဘူး၊ ဗမာတွေက ပြန်ချမယ်လုပ်တော့
သူကဗျာကယာ လိုက်သွားပြီး ဗမာတွေရဲ့ လက်ကိုဆွဲထားတယ်၊ ဟုတ်တာပေါ့၊
ကရင်တွေ ပုသိမ်ကို စီးတော့မယ်ဆိုတာ သူသိရက်သားနဲ့။ စံဖိုးသင်ဆိုတဲ့ကရင်ကို
ဧရာဝတီ အထူးတိုင်းမင်းကြီး ခန့်ပြီး သူပုသိမ်ကို လွှတ်လိုက်တာဘဲမဟုတ်လား၊
အခုလည်းလုပ်ပြန်ပြီ၊ ကရင်တွေသတ်တယ်ဆိုတာ ထင်ရှားနေလျှက်သားနဲ့တောင်
ဒါဟာ ကရင်မဟုတ်ဘူး၊ လူဆိုးတွေပါလို့ လူထုကို သူတပတ်ရိုက်ပြန်တယ်၊
ဒီကောင်ဟာ ဗမာအစစ်မဟုတ်ဘူး၊ ကရင်ကပြား။ သူ့မေးရိုးကြီးတွေကို
ကြည့်ပါလားဆိုတဲ့ ဒေါသသံတွေဟာ ရန်ကုန်မြို့ ဗမာရပ်ကွက်တွေထဲက တခဲနက်
ထွက်လာတယ်၊ အဲဒီအထဲ မီးလောင်ရာလေပင့် ဆိုတဲ့စကားလို
နံမယ်ကြီးသတင်းစာတစောင်က (ကရင်နု)ကိုဖမ်း၊ သမတဆီကိုခေါ်သွား။
သမတရှေ့ကိုရောက်တော့မှ ဝန်ကြီးချုပ်ရာထူးက နုတ်ထွက်ပါပြီဆိုတဲ့ နုတ်ထွက်စာမှာ
လက်မှတ်အထိုးခိုင်း အစရှိတဲ့ ဆောင်းပါးမျိုးတောင် ဖော်ပြလိုက်သေးတယ်၊

(ကရင်နု)ဟာ သာမန်အားဖြင့် စိတ်သိပ်ဆတ်ပေမဲ့ အဲဒီအခါမှာတော့ စိတ်မဆတ်ဘူး၊ လူထုဆိုတာမှာ တာဝန်မဲ့ လုပ်ချင်ပြောချင်တဲ့ သဘောရှိတယ်၊ အဲဒီထဲ သတင်းစာတွေကြောင့် သူတို့ရဲ့စိတ်ဓါတ်တွေ တက်ကြွနေကြပြန်တယ်ဆိုတော့ သာမန်အခါမှာထက်ပို+ပြီး ဒီလူထုဟာ တာဝန်မဲ့စကားတွေကို ပြောကြလိမ့်မယ်၊ တာဝန်မဲ့အလုပ်တွေကို လုပ်ကြလိမ့်မယ်၊ သူတို့မသိကြလို့ ဒီလိုပြောကြတာပါဘဲ၊ အစိုးရက ဘာပြောပြော၊ မပြောပြော ကေအင်ဒီအိုတွေကတော့ တွံတေးကိုစီးမယ်၊ စီးမယ်နဲ့၊ တကဲကဲဖြစ်နေပြီ. အဲဒီအချိန်က အစိုးရမှာ တပ်လဲမရှိဘူး၊ လက်နက်လဲမရှိဘူး၊ တပ်ရှိရင် ကိုယ့်တပ်ကိုချထားမှာပေါ့၊ ကေအင်ဒီအိုကို ဘယ်ချထားမလဲ၊ တပ်မရှိရင် နေပေစေ။ သေနတ်ကောရှိရဲ့လားလို့ မေးပြန်ရင်လဲ မရှိဘူးလို့ဘဲ ဖြေရမှာဘဲ။ လက်နက်ရှိရင် သင့်တော်မဲ့ လက်ရွေးစဉ် လူ(၁၀၀)လောက်စု အဲဒီလူတွေကို သေနတ်ပစ်သင် လက်နက်တပ်ဆင်ပြီး တွံတေးမှာ ချထားမှာပေါ့၊ တွံတေးလို သေ့ချက်နေရာမျိုးမှာ ကေအင်ဒီအိုကို ဘယ်ချထားရဲပ့ါမလဲ၊ အခုတော့ အဲဒါတွေ ဘာမှ မဖြစ်နိုင်တဲ့အတွက် စီးတော့မယ် တကဲကဲဖြစ်နေ တဲ့ ကေအင်ဒီအိုတွေကို အဲဒီမှာကောင်းကောင်းနေကြ၊ လူထုကိုစောင့်ရှောက်ကြလို့ ကောင်းအောင်ပြောပြီး ချော့လဲ ရောထိုင် လုပ်လိုက်ရတာဘဲ၊

ပုသိမ်မှာ ရှိနေတဲ့ ကရင်အားလုံးဟာ ကေအင်ယူနဲ့ ကေအင်ဒီအိုတွေကို ထောက်ခံတာမဟုတ်ဘူး၊ စောစံဖိုးသင်ကလည်း ကေအင်ယူကို မထောက်ခံဘူး၊ အဲဒါကြောင့် ကေအင်ယူနဲ့ ကေအင်ဒီအိုတွေကို မထောက်ခံ တဲ့ကရင်တွေဟာ အစိုးရကို မထောက်ခံနိုင်သည့်တိုင်အောင် ကေအင်ယူ၊ ကေအင်ဒီအိုတွေနဲ့ ပေါင်းမသွားအောင် ထိန်းပေးဘို့အတွက် စောစံဖိုးသင်ကို အထူးတိုင်းမင်းကြီးအဖြစ်နဲ့ ပုသိမ်လွှတ်လိုက်တာပါဘဲ၊

ပုသိမ်မှာ ဗမာတွေက ပြန်ချမယ်လုပ်တဲ့အခါ ကရင်နုဟာ ပုသိမ်ကို ကဗျာကယာ လိုက်သွားတယ်ဆိုတာမှန်တယ်၊ အဲဒီလို လိုက်သွားတာ ကေအင်ဒီအိုတွေကို ပြန်မချနိုင်အောင် မောတွေရဲ့ လက်ကိုဆွဲထားဘို့မဟုတ်ဘူး၊ အဲဒီအချိန်မှာ ကေအင်ဒီအိုတွေမရှိကြတော့ဘူး၊ ပုသိမ်ကထွက်သွားကြပြီ။ အဲဒီတော့ အဲဒီအချိန်တုန်းက ဗမာတွေ ပြန်ချမယ်ဆိုရင် တိုက်ပွဲမှာ လုံးဝမပါတဲ့ ပုသိမ်မြို့က ကရင်တွေကိုဘဲ ပြန်ချကုန်ကြမှာဘဲ၊ အဲဒီလိုချတာမျိုးတော့ ကရင်နုမကြိုက်ဘူး၊ ဒီလိုချတာမျိုးဆိုရင်။ ကရင်ကချချ။ ဗမာကချချ။ ကရင်နုမကြိုက်ဘူး၊ အပြစ်မဲ့တဲ့ဗမာတွေကို သတ်နေတဲ့ ကရင်ဆိုးတွေကိုဘဲဖြစ်ဖြစ် အပြစ်မဲ့တဲ့ ကရင်တွေကို သတ်နေတဲ့ ဗမာဆိုးတွေကိုပဲဖြစ်ဖြစ် ပြန်ချတာမျိုးကိုတော့ ကရင်နုဆွဲမထားချင်ပါဘူး၊

နောက်ပြီးတော့ ကရင်နုဟာ ပုသိမ်ကို ကဗျာကယာ လိုက်သွားပြီး ဗမာတွေရဲ့ လက်ကိုဆွဲမထားရင် ပုသိမ်မှာတော့ ကရင်တွေ အတော်နာမှာဘဲ၊

ဘာဖြစ်လို့လဲဆိုတော့ ဗမာတွေကလူများစုဖြစ်နေတာကိုး၊ တပ်ကလည်း ဗမာတပ်ကိုး၊ ဒါပေမဲ့ ဒီမီးဟာ ပုသိမ်မှာပဲ ငြိမ်းသွားမှာ မဟုတ်ဘူး၊ တနိုင်ငံလုံးကို ပြန့်တော့မယ်၊ အဲဒီလိုပြန့်သွားရင် ဗမာလူနဲစုဖြစ်ပြီး ကရင်လူများစုဖြစ်နေတဲ့နေရာတွေမှာ ဗမာတွေနာကြလိမ့်မယ်၊ ကရင်တွေ လူနဲစုဖြစ်ပြီး ဗမာတွေ လူများစုဖြစ်နေတဲ့နေရာတွေမှာ ကရင်တွေနာကြလိမ့်မယ်၊
ဒီလူနဲစု ဗမာတွေနဲ့ ကရင်တွေကို ဘယ်သူအကာအကွယ်ပေးမလဲ၊ ဗမာတိုင်း ကရင်ကို ချချင်တာ မဟုတ်ဘူး၊ ကရင်တိုင်း ဗမာကို ချချင်တာ မဟုတ်ဘူး၊ ဒီလိုအပြစ်မဲ့တဲ့ ကရင်နဲ့ ဗမာတွေကို သယ်သူအကာအကွယ်ပေးမလဲ၊ အစိုးရဆိုတာ တနိုင်ငံလုံးဖြန့်ပြီး လူကောင်းတွေကို အကာအကွယ်ပေးဘို့ နေနေသာသာ ရန်ကုန်မြို့ထဲမှာ သူတို့ဟာသူတို့ အသက်မှန်မှန် ရှူနေနိုင်ဘို့အတွက်တောင် အတော်ကြိုးစားနေရရှာတယ်၊ အဲဒါကြောင့် ကရင်နဲ ပုသိမ်ကို ကဗျာကယာလိုက်သွားပြီး ငြိမ်းချမ်းရေးတရားဟောရတာဟာ တခြားကြောင့် မဟုတ်ပါဘူး၊ ကရင်–ဗမာ မီးကို မလောင်အောင် မတားမြစ်နိုင်သည့်တိုင်အောင် ဒီမီးဟာ ပြန့်ထွက်မသွားအောင် တားဖြစ်နိုင်သမျှ တာမြစ်ပေးဖို့ အတွက်ကြောင့်ဘဲဖြစ်တယ်၊
အဲဒီအချိန်မှာတုန်းက အဲဒီအကြောင်းတွေကို လူထုဟာ ကောင်းကောင်းမသိကြသေးဘူး၊ အဲဒီအထဲ ကေအင်ဒီအို နှိပ်စက်ထားတာကို ခံခဲ့ရတဲ့ မအူပင်နယ်က ရွာသားတွေရဲ့ ဒုက္ခတွေကို သတင်းစာတွေထဲမှာ ဖတ်ရပြန်တယ်ဆိုတော့ အရမ်းအုံကြွပြီး ကရင်နကို ကလော်ဆဲနေကြတာဖြစ်တယ်၊ အဲဒီသတင်းတွေ သတင်းစာထဲပါလာပြီး တရက်နှစ်ရက်အကြာ ည(၁၁)နာရီလောက်အချိန်မှာ တယ်လီဖုန်းသံကြားတဲ့အတွက် သခင်နုထပြီးနားထောင်တယ်၊
ဝန်ကြီးချုပ်လားခင်ဗျာ၊
ဟုတ်တယ်၊
အလုံ ကရင်ရပ်ကွက်ထဲက ခလေး၊ မိန်းမ၊ ယောက်ျား၊ စုစုပေါင်းကရင်တရာကျော်လောက်ကို ဗမာတွေဖမ်းသွားပြီး မစ်ရှင်မီးရထားဘူတာရုံနားက ခရစ်ယာန်ဝတ်ပြုကျောင်းထဲမှာ လှောင်ထားကြတယ်၊ မကြာခင် ဓါတ်ဆီလောင်းပြီး ဝတ်ကျောင်းကြီးကို မီးတင်ရှို့တော့မယ်၊ ဝန်ကြီးချုပ်ရဲ့ မေတာရပ်ခံချက်ကို ရေဒီယိုကကြားပြီး အခုဖြစ်နေတဲ့ ပြဿနာဟာ ကရင်–ဗမာပြဿနာမဟုတ်ဘူး၊ လူဆိုးနဲ့လူကောင်းပြဿနာဆိုတာ ကောင်းကောင်းကြီး သဘောပေါက်ပါတယ်၊ အဲဒါကြောင့် ဝန်ကြီးချုပ်ကို ကျွန်တော်အခုလို အရေးတကြီး တယ်လီဖုံး ဆက်ပါတယ်၊
ကျေးဇူးတင်ပါတယ်၊ ကျွန်တော်အခု ချက်ခြင်း အရေးယူပါမယ်၊ အဲဒီလူနဲ့ တယ်လီဖုံး ပြောပြီးပြီးချင်း ဝန်ကြီးချုပ်သခင်နုဟာ ဗိုလ်အောင်ကြီးကို တယ်လီဖုံးဆက်တယ်၊ သူကြားရသမျှ အကုန်ပြောပြပြီး အခုချက်ချင်း အစွမ်းကုန်အရေးယူဘို့

အမိန့်ပေးတယ်၊
နောက်တနေ့ ရောက်တဲ့အခါ ဗိုလ်နေဝင်းနဲ့ ရန်ကုန်ရဲမင်းကြီးတို့ကို ခေါ်ပြီး ဝန်ကြီးချုပ်ဟာ အလုံ ကရင်ရပ်ကွက်ကို သွားတယ်၊
အဲဒီအချိန်မှာ စစ်ဦးစီးချုပ် စမစ်ဒွန်းဟာ ခွင့်ယူသွားတဲ့အတွက် သူ့နေရာမှာ ဗိုလ်နေဝင်းက ခေတ်တ စစ်ဦးစီးချုပ် တက်လုပ်လို့ တရက်နှစ်ရက်လောက်ဘဲ ရှိသေးတယ်၊ ဝန်ကြီးချုပ်ရောက်တဲ့အချိန်မှာ အလုံ ကရင်ရပ်ကွက် ကို ရန်ကုန်ရဲတွေစောင့်နေကြပြီ။
ဝန်ကြီးချုပ်ဟာ ကရင်–ဗမာ ပြဿနာကို ဖြေရှင်းဘို့အတွက် ကရင်ခေါင်းဆောင်တချို့နဲ့ တွေ့ဆုံဆွေးနွေးကြရင်း ခေနည့ချုင်ညျုမှုတေ တချိုဏ္ဍခေါင်းဆောင်တွေနဲ့ အထူးခင်မင်ရင်းနှီးလာတယ်၊ သခင်နုဟာ သူတို့ကို မမေ့ဘူး၊ အဲဒါကြောင့် အလုံ ကရင်ရပ်ကွက်ကို ရောက်ရောက်ချင်း ဒီခေါင်းဆောင်တွေ ဘယ်မှာလဲလို့ စုံစမ်းတယ်၊ မန်းဂျိမ်းထွန်းအောင်ဟာ အဲဒီအချိန်က အင်းစိန် ကေအင်ယူဌာနချုပ်မှာ ရှိနေတယ်ထင်တယ် မတွေ့ခဲ့ရဘူး၊ ဆရာသာထိုကိုသာ တွေ့ရတယ်၊
ဆရာသာထိုနဲ့အတူ ကရင်အိမ် တအိမ်စီကို လျှောက်သွားပြီး ဝန်ကြီးချုပ်ဟာ ကရင်တွေကို အားပေးစကားပြောတယ်၊
အဲဒီလို ပြောနေတုန်း နာရီဝက်လောက်ကြာတဲ့အခါ ဗမာတယောက်ဟာ အခြားဗမာတယောက်ကို ကြက်တကောင်နဲ့အတူ ဆွဲခေါ်လာပြီး ဒီကောင် ကရင်အိမ်တအိမ်က ဒီကြက်ကို လုလာတာ ကျွန်တော်တွေ့တာနဲ့ ဒီကိုဆွဲခေါ်လာတယ်လို့ ဝန်ကြီးချုပ်ကိုတိုင်တယ်၊ ဗိုလ်နေဝင်းလည်း ဒေါသဖြစ်ဖြစ်နဲ့ ကြက်သူခိုးကို ဆုံးမလိုက် တာ အတော်နာတယ်၊
စကားပြောပြီးတဲ့နောက် ရန်ကုန် ရဲမင်းကြီးဘက်ကိုလှည့်ပြီး ဒီရပ်ကွက်မှာ ဗမာရဲတွေကို ချမထားချင်ဘူး၊ ရဲမင်းကြီးရဲ့ ရဲတွေကို ကျွန်တော်ယုံပါတယ်၊ ဒါပေမဲ့ အခြေအနေအရ လမ်းမတော်က တရုတ်ကပြားတွေကို အထူးပုလိပ်အဖြစ်ခန့်ပြီး ဒီမှာချထားချင်တယ်၊ ဒီကိတ်စကို ဒီကနေ့ဘဲ ဖြစ်မြောက်အောင် ရဲမင်းကြီး အထူးဂရုစိုက်ပြီး ဆောင်ရွက်ပေးပါလို့ဝန်ကြီးချုပ်က အမိန့်ပေးတယ်၊
နောက်တပ် နာရီဝက်လောက်ကြာတဲ့အခါ သူမိတ်ဆွေ ဆရာသာထိုဘက်ကို လှည့်ပြီး ဆရာသာထိုရေ ဒီမှာ အခြေအနေဟာ သိပ် စိတ်မချရသေးဘူး၊ အဲဒီတော့ ဆရာသာထို ကျွန်တော်အိမ်မှာ လိုက်နေပါ၊ အခြေအနေ စိတ်ချရတော့မှ ကျွန်တော်ပြန်ပို့ပေးပါမယ်လို့ ပြောပြီး ဝန်ကြီးချုပ်ဟာ ဆရာသာထိုနဲ့အတူ အိမ်ပြန်သွားတယ်၊
ဝန်ကြီးချုပ် အိမ်ပြန်ရောက်လို့ များမကြာမီ တရုတ်ကပြား အထူးပုလိပ် အလုံ ကရင်ရပ်ကွက်တွေမှာ ချထားပြီးပါပြီဆိုတာ ရန်ကုန်ရဲမင်းကြီးက ဝန်ကြီးချုပ်ကို အစီရင်ခံတယ်၊
ကေအင်ယူသူပုန်ထတဲ့အခါ ဆာဦးသွင်၊ ဟာသ်တဦးမြ အစရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေက

အစိုးရဟာ သူပုန်ထနေတဲ့ ရဲဘော်ဖြူတွေကို အလင်းဝင်လာဘို့ ခေါ်စေချင်တယ်၊ အမှန်အတိုင်းပြောရရင် ဝန်ကြီးချုပ် သခင်နုဟာ ဒီအကြံကို သိပ်မကြိုက်ဘူး၊ ဒီရဲဘော်ဖြူတွေက စွန့်စွန့်စားစား တိုက်မှာလည်း မဟုတ်ဘူး၊ အလင်းဝင်လာပြီး အစိုးရကို အကူအညီအထောက်အပံ့ထက် အနှောက်အယှက် ပိုပေးလိမ့်မယ်လို့ ယူဆတယ်၊ ဒါပေမဲ့ ရန်ကုန်မြို့ဝမှာ ကပ်ပြီးဖြစ်နေတဲ့ ကေအင်ယူသူပုန်တွေကို လန့်ပြီး အဲဒီပုဂိုလ်ကြီးတွေက ရဲဘော်ဖြူတွေကို ခေါ်စေချင်တယ်၊ သခင်နုမှာ ရဲဘော်ဖြူတွေရဲ့ အကူအညီကို လိုချင်တဲ့ဆန္ဒထက် ဒီပုဂိုလ်ကြီးတွေရဲ့ အငြိုအငြင်ကို ရှောင်ရှားလိုတဲ့ ဆန္ဒပိုပြီး ကြီးနေတဲ့အတွက် သူတို့ရဲ့ဖြန်ဖြေမှုကို လက်ခံလိုက်တယ်၊

သံလျင်၊ ကျောက်တန်း၊ သုံးခွနယ်က ရဲဘော်ဖြူတွေ အလင်းဝင်လာကြတယ်၊ သူတို့ဟာ ရန်ကုန်မြို့ထဲကို ဝင်လာတဲ့အခါ (ကရင်သားစားချင်တယ်)ဆိုတဲ့ ကြွေးကြော်သံတွေကို အော်ပြီးဝင်လာကြတယ်၊ ဒီသတင်းကို ဝန်ကြီးချုပ် ကြားရတဲ့အခါ အင်း–တိုက်တဲ့အခါတော့ ဘယ်လောက်တိုက်ကြမယ် မသိဘူး၊ အခုကတည်းက စပြီး အနှောက်အယှက် ပေးနေကြပြီလို့ သူ့ဟာသူငြီးပြီး ကရင်သားစားမယ်ဆိုတဲ့ ကြွေးကြော်သံကို မကြွေးကြော်ပါ စေနဲ့၊ ပြဿနာ ပိုရှုပ်လာလိမ့်မယ်လို့ ဝန်ကြီးချုပ်က ချက်ချင်း တားမြစ်လိုက်ရတယ်၊

အကုသိုလ်ဝင်မိရင် တခါတည်းနဲ့ ဘယ်တော့မှ မပြီးဘူးဆိုတာ သိပ်မှန်တာဘဲ၊ အကုသိုလ် ဝင်နေတဲ့နိုင်ငံမှာ ကေအင်ယူသူပုန်ထရုံနဲ့ပြီးမသွားဘူး၊ အဲဒီကေအင်ယူသူပုန်လောက် နီးနီး အရေးကြီးတဲ့ ကိတ်စတခုကေအင်ယူ သူပုန်ထပြီးလို့ မကြာခင် ကပ်ပြီး ပေါ်လာသေးတယ်၊ ပေါ်ပုံကဒီလို–

တနေ့ကျတော့ ဝန်ကြီးများ အစည်းအဝေးကို ခေနျငညျူတေ ဘဏ္ဍာရေးဝန်ကြီးက အစီရင်ခံ စာတစောင် တင်သွင်း တယ်၊ အဲဒီအစီရင်ခံစာထဲမှာ သူပုန်ရန်ကြောင့်–

၁၊ ကုန်ထုတ်လုပ်ငန်းများ အများကြီးပျက်စီးကုန်ပြီ၊

၂၊ အခွန်အတုပ်များကိုလည်း ကောက်လို့မရဘူး၊

၃၊ ပြည်တွင်းစစ်စရိတ်ကလည်း အဆမတန် တိုးတက်လာတယ်၊

အဲဒါကြောင့် အစိုးရရဲ့ဘဏ္ဍာရေးဟာ အင်မတန် ကြပ်တည်းကျဉ်းမြောင်းတဲ့ အခြေအနေကို ရောက်နေပြီ၊ ဒီအခြေအနေက ကျော်လွှန်နိုင်ရန်အတွက် ဝန်ကြီးတွေရဲ့ လစာငွေကို (၃၀)ရာခိုင်နှုန်း။ ဌာအသီးသီးရှိ အရာထမ်း။ အမှုထမ်းများ၊ လစာငွေကို (၁၅)ရာခိုင်နှုန်း ဖြတ်သင့်ပါတယ်လို့ အကြံပေးတယ်၊ ဒီအကြံကို ဝန်ကြီးများ ဆွေးနွေးပြီး ဒီအတိုင်းလုပ်ဘို့ ဆုံးဖြတ်လိုက်တယ်၊

တရက်နှစ်ရက်လောက်ကြာတဲ့အခါ အရာတမ်း အမှုထမ်းပေါင်းစုံ အဖွဲ့ချုပ်က ဝန်ကြီးချုပ်များရဲ့ ဆုံးဖြတ်ချက်ကို လက်မခံဘူး၊ ကန့်ကွက်တယ်လို့ ကြေညာတယ်၊ အဲဒါကြောင့် ဒီကိတ်စကို ဆွေးနွေးရန် အရေးပေါ်ဝန်ကြီးများ အစည်းအဝေးကို ဝန်ကြီးချုပ်ချက်ချင်း ခေါ်ယူရတယ်၊ ဝန်ကြီးများ ဆွေးနွေးကြပြီးတဲ့နောက် လက်ရှိ

ခေနႍျငညျႇတေ ဘဏ္ဍာရေးအခြေအနေအရ လစာငွေကို မဖြတ်ရင်
မဖြစ်တော့တဲ့အတွက် ဒီအတိုင်းဖြတ်ဘို့ကိုဘဲ ထပ်မံဆုံးဖြတ်ကြတယ်၊ အရာထမ်း
အမှုထမ်းပေါင်းစုံ အဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌနဲ့ အမှုဆောင်တချို့ကို ဖိတ်ပြီး သူကိုယ်တိုင်
မေတာရပ်ခံမယ်လို့ ဝန်ကြီးချုပ်ကပြောတဲ့အခါ တချို့ဝန်ကြီးတွေက
ဝန်ကြီးချုပ်မေတာရပ်ခံရင်လည်း ရမှာမဟုတ်ဘူး၊ ဒီအဖွဲ့ထဲမှာ ကွန်မြူနစ်သြဇာခံတွေ
ကြီးစိုးနေတယ်၊ အဲဒီတော့ ဒီလူတွေကို ဝန်ကြီးချုပ် ကိုယ်တိုင်တွေ့ဖို့ မလိုပါဘူး၊
ခေနႍျငညျႇတေ ဘဏ္ဍာရေးဝန်ကြီးနဲ့ ပြည်ထဲရေးဝန်ကြီးကို လွှတ်ပေးလိုက်ရင်
တော်လောက်ပါပြီလို့ ဝိုင်းပြောကြတယ်၊ ဒါပေမဲ့ ဒီကိတ်စဟာ အရေးကြီးတဲ့အတွက်
အမှုဆောင်တွေကို သူကိုယ်တိုင် မေတာရပ်ခံမယ်လို့ ပြောပြီး ဝန်ကြီးချုပ်ဟာ
အမှုဆောင်တချို့ကို ဖိတ်ခေါ်လိုက်တယ်၊ ဝန်ကြီးတွေပြောတဲ့အတိုင်း မှန်နေတာပါဘဲ၊
ဝန်ကြီးချုပ် မေတာရပ်လို့မရဘူး၊ အဲဒါကြောင့် ဝန်ကြီးအစည်းအဝေးကို ခေါ်ပြီး
သူမေတာရပ်ခံတာ မအောင်မြင်တဲ့အကြောင်း ဝန်ကြီးချုပ်က ရှင်းပြတယ်၊ အဲဒီအခါ
ဝန်ကြီးတချို့က ဆုံးဖြတ်ချက်အတိုင်း လစာဖြတ်ရင် သူတို့ သပိတ်မှောက်
လိမ့်မယ်လို့ ကြားရတဲ့အကြောင်း အစီရင်ခံကြတယ်၊ ဝန်ကြီးတွေပြောပြီးတဲ့အခါ
ဝန်ကြီးချုပ်က လက်ရှိ ခေနႍျငညျႇတေ ဘဏ္ဍာရေးအခြေအနေအရ လစာငွေမဖြတ်လို့
ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူး၊ လစာငွေဖြတ်ဘို့ဆိုတာဟာ အစိုးရအတွက်
မရှောင်လွှဲသာတဲ့ တာဝန်ဝတ်တရားကြီးဖြစ်နေပြီ၊ အဲဒီတော့ ဖြတ်ရမှာဘဲ၊ အဲဒီလို
ဖြတ်တဲ့အတွက် သူတို့ သပိတ်မှောက်ကြမယ်ဆိုရင် အစိုးရက ရင်ဆိုင်ရမှာဘဲ၊
ခေနႍျငညျႇတေ ကဲ–ဘဏ္ဍာရေးဝန်ကြီး
ဝန်ကြီးများအစည်းအဝေးရဲ့ဆုံးဖြတ်ချက်အတိုင်း ဆက်လုပ်လို့ ဝန်ကြီးချုပ်က
အမိန့်ပေးလိုက်တယ်၊
ဝန်ကြီးတွေ ပြန်သွားတဲ့အခါ ဝန်ကြီးချုပ်များအဖွဲ့ရဲ့ အတွင်းဝန် ဦးဝင်းဖေဟာ
ဝန်ကြီးချုပ်ကို လာတွေ့တယ်၊ ဦးဝင်းဖေဟာ နှုတ်အင်မတန်နဲတယ်၊
အလုပ်သိပ်လုပ်တယ်။ အစိုးရအပေါ်မှာ အထူးသစ်စာရှိတယ်၊ အဲဒါကြောင့်
ဝန်ကြီးချုပ်ဟာ ဦးဝင်းဖေကို သိပ်ယုံတယ်၊ ဦးဝင်းဖေလဲ အင်မတန်စိုးရိမ်နေတဲ့
မျက်နှာထားနဲ့ ဝန်ကြီးချုပ် ခင်ဗျား ဒီလူတွေကတော့ သပိတ်မှောက်မယ်ဆိုတာ
သေချာနေပြီ၊ အခုလို ပြည်တွင်း အခြေအနေမျိုးမှာ ဒီလောက်ကြီးကျယ်တဲ့
သပိတ်ကြီးတလုံး နောက်ထပ်ပေါ်လာလို့ ကောင်းပါ့မလားလို့
ဝန်ကြီးချုပ်ကိုမေးတယ်၊ မကောင်းဘူး ကိုဝင်းဖေ မကောင်းတာတော့ အမှန်ဘဲလို့
ဝန်’ကီးချုပ်ကဖြေတယ်၊ ဒါပေမဲ့ အခုလို ပြည်တွင်းအခြေအနေမျိုးနဲ့ ရင်ဆိုင်နေရတဲ့
အခါမျိုးမှာ ဒီလို လစာငွေဖြတ်တဲ့ အလုပ်မျိုးကိုတော့ လုပ်ရမှာဘဲ၊ မလုပ်လို့မဖြစ်ဘူး၊
ဒီလူတွေမှာ မျိုးချစ်စိတ်မရှိလို့ သပိတ်မှောတ်မယ်ဆိုရင် မှောက်ပေစေ၊
ကျွန်တော်ဂရုမစိုက်ဘူးလို့ဗျာ ဝန်’ကီးချုပ်က ဆက်ပြောတယ်၊
ဝန်ကြီးချုပ်ရော၊ ဝန်ကြီးတွေရော။ အတွင်းဝန်တွေရော။ အင်မတန်စိုးရိမ်နေတဲ့

အရာထမ်း အမှုထမ်းပေါင်းစုံ သပိတ်ကြီးဟာ ဖေဖေါ်ဝါရီလ (၇)ရက်နေ့လှာမှာ စတင် ပေါ်ပေါက်လာပြီး အုပ်ချုပ်ရေး တခုလုံးကို ကိုင်လှုပ်သလိုဖြစ်သွားတယ်၊
လေး၊ ငါးရက်လောက်ကြာတဲ့အခါ ကွန်မြူနစ်ဩဇာခံ တက်ကသိုလ်ကျောင်းသားတွေ တောခိုကြပြန်ပြီး ကွန်မြူနစ်တွေနဲ့ ပေါင်းလိုက်ကြတယ်၊
ဖေဖေါ်ဝါရီလ (၁၆)ရက်နေ့ကျတော့ မီးရထား သမဂ်ဂသပိတ်မှောက်ပြန်တဲ့အတွက် ရောင်စုံသူပုန်တွေကို တိုက်တဲ့နေရာမှာ အစိုးရ အင်မတန် အားကိုးရတဲ့ ဌာနကြီး တခုလုံးဟာ ဖရိုဖရဲ ဖြစ်သွားပြန်တယ်၊
နောက် များမကြာမီ စစ်ရဲနဲ့ရဲအဖွဲ့တွေထဲမှာ ကျန်နေသေးတဲ့ ကရင်တွေ အားလုံးလိုလိုနဲ့ ကရင်ခြေလျှင် တပ်ရင်း(၃)တပ်စလုံး ကေအင်ဒီအိုတွေနဲ့ ပေါင်းသွားကြပြန်တယ်၊
ဒီရောင်စုံသူပုန်တွေကို တိုက်ဖို့ဆိုပြီး အစိုးရမှာ ရှိစုမဲ့စုကလေးနဲ့ ဖွဲ့ပေးလိုက်ရတဲ့ စစ်ဝန်ထမ်းတပ်တွေ ထဲမှာ တချို့ဟာ ခြေနှုင်ညှုနှုတေ ဖွဲ့ထှုပြီးလို့ ရက်ပိုင်းလောက်သာ ရှိသေးတယ်၊ လက်နက်တွေယူပြီး တပ်ရင်းလိုက် တောခိုသွားကြတယ်၊ တချို့ စစ်ဝန်ထမ်းတပ်တွေဟာ အစိုးရအပေါ်မှာ အင်မတန် သစ္စာရှိတယ်ဆိုတာတောင် အဲဒီတပ်တွေထဲက အနည်းအကျဉ်း လက်နက်တွေယူပြီး တောခိုလိုက်ကြသေးတယ်၊
သူပုန်တွေအကြောင်းကို ပြောပြီးလို့ သူပုန်တွေရဲ့ လက်ထဲကိုကျသွားတဲ့ နယ်မြေတွေအကြောင်းကို နဲနဲလောက်ပြောရအုံးမယ်၊ အဲဒီအချိန်မှာ ဗမာပြည်မရဲ့ တဝက်ကျော်ကျော်နဲ့ အဲဒီတဝက် ကျော်ကျော်တွေထဲမှာရှိတဲ့ အစိုးရရဲ့ ငွေတိုက်တွေအားလုံးထဲက အစိုးရငွေတွေဟာ ရောင်စုံသူပုန်တွေရဲ့ လက်ထဲမှာရောက်ကုန်ကြပြီ၊ ရန်ကုန်ကို ကြည့်လိုက်ပြန်ရင်လည်း အရှေ့ဘက်မှာဆိုရင် တိုးကြောင်ကလေး၊ ဒါးပိန်၊ သင်္ကန်းကျွန်း၊ သံလျင်အ ထိ သူပုန်တွေရဲ့ စစ်ဦးတွေရောက်ကုန်ကြပြီ၊
တောင်ဘက်မှာဆိုရင် ဒလ၊ ပျော်ဘွယ်ကြီး၊ ခနောင်တို အထိ သူပုန်တွေရဲ့ စစ်ဦးတွေ ရောက်ကုန်ကြပြီ၊ အနောက်ဘက်မှာဆိုရင်လည်း အေးရွာအထိ သူပုန်တွေရဲ့ စစ်ဦးတွေ ရောက်ကုန်ကြပြီ၊ မြောက်ဘက်မှာ ဆိုရင်လည်း ရန်ကုန်မြို့နဲ့ (၇)မိုင်လောက်သာဝေးတဲ့ အင်းစိန်အထိ သူပုန်ရဲ့ စစ်ဦးရောက်နေပြီ၊
အစိုးရ ရုံးစိုက်တဲ့ ရန်ကုန်မြို့ကိုတောင် အစိုးရဟာကောင်းကောင်း မအုပ်ချုပ်နိုင်တော့ပါဘူး၊ နေ့ခင်းကြောင်တောင် မြို့လယ်ခေါင်ကြီးမှာ လုယက်မှုတွေ၊ ဒမြမှုတွေ ဖြစ်ကုန်ကြပြီလို့ ဝန်ကြီးချုပ်သခင်နု ကိုယ်တိုင် အဲဒီအချိန်တုန်းက ကျေညာခဲ့ရဖူးတယ်၊ မဟုတ်ဘူးလား။ အဲဒီ လုယက်မှုတွေ ဒမြမှုတွေထဲမှာလည်း ဒမြစစ်စစ်က သုံးပုံတပုံလောက်သာ ပါကြပါတယ်၊ ကျန်နှစ်ပုံက သူပုန်ရောင်စုံတွေပါဘဲ၊
ပြည်တွင်းအခြေအနေကို စဉ်းစားရင်း ဝန်ကြီးချုပ်ဟာ အတော်ကြီးဘေးကြပ်ရင်ကြပ်

ဖြစ်နေတယ်၊ ရှေးအခါတုန်းက ဒီဘေးကြပ်ရင်ကြပ် ဆိုတဲ့ စကားကို သူများသုံးတာကြားရလို့ ခပ်လွယ်လွယ်သုံးလိုက်တာပါဘဲ၊ ဝန်ကြီးချုပ် သခင်နုဟာ ဒီစကားလုံးကို ကောင်းကောင်းသဘောပေါက်ပုံ မပေါ်ပါဘူး၊ အခုမှဘဲ တကယ်သဘော ပေါက်ပုံပေါ်တယ်၊ လက်ရှိပြည်တွင်းရေး အခြေအနေတွေကို စဉ်းစားကြည့်တိုင်း ဝန်ကြီးချုပ်ဟာ တကယ့်ကိုဘေးတွေ၊ ရင်တွေကြပ်လာတယ်၊ ကြပ်တာမှ မပြောနဲ့တော့၊ အသက်တောင်ကောင်းကောင်း မရှူနိုင်ဘူး၊ အဲဒါကြောင့် ဒီလို ဘေးကြပ်ရင်ကြပ် ဖြစ်လာရင် သူလုပ်နေကြအတိုင်း ဘုရားခန်းထဲ သွားပြီး ပုရိတ်ရွတ်ဘို့ သူထလိုက်တယ်၊ ဒါပေမဲ့ သိပ်စိတ်ညစ်နေလို့ ထင်ပါရဲ့ သူ့ခြေထောက်တွေဟာ သူ့ကို ကောင်းကောင်း ထိန်းမထားနိုင်ဘူး၊ ယိုင်တီးယိုင်တိုင် ဖြစ်နေတာကြောင့် သခင်နုဟာ ကုလားထိုင်ပေါ် ပြန်ထိုင်ချလိုက်ရတယ်၊ တအောင့်လောက်ကြာတဲ့အခါ တခြားလူတွေဟာ အခုလို အခြေအနေမျိုးကို ရင်ဆိုင်ရမယ်ဆိုရင် ဒူးထောက်ချလည်း ထောက်မယ်၊ ထွက်ပြေးချင်လည်း ပြေးမယ်၊ သူဟာ ဒူးလဲမထောက်ဘူး။ ထွက်လည်းမပြေးဘူးလို့ ဦးနုဟာဇွဲနှုန်းကနဲ စဉ်းစားမိတဲ့အတွက် အကြီးအကျယ်စိတ်ညစ်နေရာက လှိုက်လှိုက်လှဲလှဲ ဝမ်းသာလာတယ်၊ ဒီလို ဝမ်းသာတာကြောင့်ဘဲ ထင်ပါရဲ့ ပျော့ခွေခွေဖြစ်နေတဲ့ သူခြေထောက်တွေမှာ အားသစ်တွေ ပြန်ဝင်လာပြီး ဦးနုဟာ ဘုရားခမ်းဆီကို ထလျှောက်သွားတယ်၊

အခန်း (၂၃)

အကုသိုလ်ဝင်နေတဲ့ ဗမာနိုင်ငံမှာ ပြည်တွင်းအခြေအနေဟာ ဒီလောက်ဆိုးရုံနဲ့တင် မပြီးသေးပါဘူး၊ ဒါထက်ဆိုးစရာတွေရှိသေးတယ်၊ အဲဒါတွေကို အကျဉ်းချုပ်နိုင်သမျှ ချုပ်ပြီး ဆက်ဖော်ပြကြပါဦးစို့၊

ကေအင်ယူ သူပုန်ထပြီးတဲ့နောက် အစိုးရက ဖွဲ့စည်းပေးထားတဲ့ ကရင် ခြေလျှင်တပ်ရင်း(၃)တပ်စလုံး အစိုးရကို ပုန်ကန်ကြတယ်ဆိုတာ လွန်ခဲ့တဲ့ အခန်းမှာတုန်းက ဖော်ပြခဲ့ပြီးပြီ၊ အဲဒီကရင်ခြေလျင်တပ်ရင်း (၃)တပ်ထဲက ဗမာနိုင်ငံ အလယ်ပိုင်းမှာ စခန်းချထားတဲ့ ကရင်ခြေလျင် တပ်ရင်းနှစ်တပ်ဟာ ပြည်–ရန်ကုန် လမ်းမ ကြီးပေါ်ကနေပြီး ရန်ကုန်ဘက်ဆီကို ဆင်းလာတယ်၊ ဒီသတင်းကြားရတဲ့အခါ သူတို့ဟာ အင်းစိန်ထဲမှာရှိတဲ့ ကေအင်ဒီအိုနဲ့ပေါင်းပြီး ရန်ကုန်ကို သိမ်းဖို့ကြံရွယ်နေတယ်လို့ အစိုးရက ယူဆတယ်၊ ဒီတပ်ရင်းနှစ်ခုရဲ့ အင်အားဟာ မသေးဘူး၊ အဲဒီအချိန်အခါတုန်းက ဆိုရင် ရန်ကုန်ကိုကောင်းကောင်း သိမ်းနိုင်တယ်၊ ဒါပေမဲ့ သူတို့မှာ အင်မတန်ကြီးကျယ်တဲ့ ချို့ယွင်းချက်ကြီး ရှိနေတယ်၊ အဲဒါဟာ တခြားမဟုတ်ပါဘူး၊ သားသမီး၊ မယား အစရှိတဲ့ မိသားစုတွေကို သူတို့နဲ့ အတူတူ ခေါ်လာတဲ့ ချို့ယွင်းချက်ဘဲ ဖြစ်တယ်၊ ဒီချို့ယွင်းချက်ကြီးရှိနေတယ်ဆိုတာ ကရင်စစ်ဗိုလ်တွေကောင်းကောင်းသိပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်တုန်းကဖြစ်ပျက်နေတဲ့ ဗရုတ်ဗယက် အခြေအနေ အရ ဒီမိသားစုတွေကို ဗမာပြည်အလယ်ပိုင်းမှာ

သူတို့ဘယ်ထားပစ်ခဲ့ရဲပါ့မလဲ၊ အဲဒီတော့ အရဲစွန့်ပြီး ခေါ်လာ ရတာပေါ့၊ အဲဒါကြောင့် သာယာဝတီခရိုင်ထဲကို သူတို့ ဝင်လာလို့ မကြာခင် အသင့်စောင့်နေတဲ့ အစိုးရရဲ့ ကုန်းတပ်နဲ့ လေတပ်က ဝိုင်းတိုက်လိုက်တဲ့အခါ တိုက်ပွဲတပွဲထဲနဲ့ဘဲ ကရင်ခြေလျင်တပ်တွေဟာ ဖရိုဖရဲဖြစ်ပြီး ပျက်ကျ သွားတာပဲ၊ တိုက်ပွဲပြီးတဲ့အခါ ရဲဘော်ဖြူတွေဟာ ထိပ်ဆုံးကမပါ၊ တိုက်ပွဲပြီးတော့မှ ကရင်စစ်သားတွေ စွန့်ပစ်ခဲ့တဲ့ လက်နက်တွေကို လိုက်ကောက်နေတယ်၊ ကျွန်တော်တို့ဘယ့်နှယ်လုပ်ရမလဲလို့ အစိုးရတပ်က ဝါယာလက်နဲ့ ဌာနချုပ်ကိုလှမ်းမေးတယ်၊ သူတို့သိမ်းထားသမျှ လက်နက်တွေကို အပ်ဖို့ပြော၊ ဒါပေမဲ့ ပစ်ရ ခတ်ရတဲ့အထိ မဖြစ်စေနဲ့လို့ ဌာနချုပ်က အမိန့်ပြန်ပေးလိုက်ရတယ်၊

အင်းစိန်တိုက်ပွဲမှာ အင်းစိန်မြို့ဝက အဆောက်အဦးတွေ မြေခံတုတ်တွေကို အကာအကွယ်ယူပြီး ကေအင်ဒီအိုတွေက အစိုးရတပ်တွေကို ပစ်တယ်၊ အစိုးရတပ်တွေကလည်း ကိုက်နှစ်ရာလောက်ဝေးတဲ့ နေရာက မီးရထားပျက်တွေ၊ အဆောက်အဦးတွေ၊ မြေကတုတ်တွေကို အကာအကွယ်ယူပြီး ကေအင်ဒီအိုတွေကို ပစ်ရတယ်၊ အဲဒီတိုက်ပွဲမှာ အတော်ကြာအောင် ဘယ်ဘက်ကမှ ရှေ့မတိုးနိုင်ဘူး၊ အင်းစိန်တိုက်ပွဲရဲ့ အချိန်တချိန်မှာတော့ အစိုးရနဲ့ ရန်ကုန်မြို့သူမြို့သားတွေ မျက်လုံးအတော်ပြူးသွားတဲ့အဖြစ်အပျက်တခုဖြစ်တယ်၊ ဖြစ်ပုံကဒီလို ဒုတိယကမာစစ်ကြီးအတွင်းက ဗြိတိသျှသံချပ်ကာ ကားဟောင်းတခုကို ကေအင်ဒီအိုတွေပြင်ပြီး သူတို့ရဲ့ဌာနချုပ်မှာ ဂုက်ထားတယ်၊ တနေ့ကျတော့ ကေအင်ဒီအိုအသေခံတပ်သားနှစ်ယောက်ဟာ တယောက်က ဒရိုင်ဘာလုပ် တယောက်က စက်သေနတ်ကိုကိုင်ပြီး  အင်းစိန် ရန်ကုန်လမ်းမကြီးပေါ်မှာ အတင်းမောင်းလာတာ အဲဒီသံချပ်ကာကားဟာ အစိုးရနယ်ထဲကို (၃)မိုင်လောက်ဝင်နိုင်တယ်၊ အစမှာတော့ အစိုးရတပ်တွေ အတော်ဖရိုဖရဲ ဖြစ်သွားသေးတယ်၊ နောက်တော့ တပ်တွေဝိုင်းပြီး ရှိသမျှ သေနတ်နဲ့ပစ်လို့ သံချပ်ကာ ကားထဲက လူ (၂)ယောက်စလုံး သေသွားတော့မှ သံချပ်ကာကားဟာ ထိုးရပ်သွားတော့တယ်၊

အဲဒီအဖြစ်အပျက်ကို မြင်ပြီးတဲ့အခါ ကေအင်ဒီအိုတွေမှာ ဒီလိုသံချပ်ကာကားတွေ ဘယ်နှစ်စီးလောက်ရှိသေးသလဲ၊ တနေ့က တက်လာတဲ့ကားဟာ အစမ်းသဘောမျိုးနဲ့ တက်လာတာလား၊ ဒီလို သံချပ်ကာ ကားမျိုးလေးငါးစင်းရှိသေးရင် အဲဒီကားတွေက ရှေ့ကတက်ပြီး အစိုးရတပ်တွေကို ဖရိုဖရဲ ဖြစ်အောင်လုပ်၊ အစိုးရတပ်တွေဖရိုဖရဲဖြစ်ကုန်ကြပြီ ဆိုတော့မှ ဒီကားတွေနောက်က အလုံးအရင်းနဲ့ ကပ်လိုက်လာတဲ့ ကေအင်ဒီအိုတပ်တွေက ရန်ကုန်မြို့ကို အတင်းတက်သိမ်းဖို့ အစီအစဉ်တွေများ ကေအင် ဒီအိုတွေမှာ ရှိနေပြီလား အစရှိတဲ့ အချက်တွေကို အစိုးရဘက်က စစ်ခေါင်းဆောင်တွေဟာ လေးလေးနက်နက် စဉ်းစားရတယ်၊ အဲဒါကြောင့် တမနက်ကျတော့ ရန်ကုန်မြို့လုံခြုံရေးအတွက် အကြီးအကဲ လုပ်နေရတဲ့

ဗိုလ်ကျော်ဇောဟာ စီမံကိန်းတခုနဲ့ ဝန်ကြီးချုပ်ကို လာတွေ့တယ်၊ ဒီစီမံကိန်းအရ လေတပ်မှာရှိသမျှ လေယာဉ်ပျံတွေနဲ့ ကေအင်ဒီအို စခန်းတွေပေါ်ကို ဓါတ်ဆီတွေလောင်းပြီး အဲဒီအပေါ် မီးဒုတ်တွေ ပစ်ချရမယ်၊ ဒီလိုလုပ်ပြီး ကေအင်ဒီအိုတွေရဲ့ ရန်ကုန်ကိုသိမ်းဖို့ အစီအစဉ်ကို ဖျက်ရမယ်၊ လက်ရှိအခြေအနေကို တခုခုတော့ လုပ်ရတယ်၊ တွေဝေနေလို့ မဖြစ်တော့ဘူး၊ ဒီလိုလုပ်ရမယ် ဆိုရင် လည်း အဲဒီအချိန်တုန်းက အစိုးရ ကျရောက်နေရတဲ့ အခြေအနေအရ ဒီတနည်းဘဲရှိတော့တယ်၊ အခြားနည်းမရှိတော့ဘူးဆိုတာ ဝန်ကြီးချုပ်သဘောပေါက်တယ်၊ ဒါပေမဲ့ (လုပ်တော့)ဆိုတဲ့စကားနှစ်လုံးကို သူ့ပါးစပ်ကမထွက်ရဲဘူး၊ ချီတုံချတုံ ဖြစ်နေတယ်၊ ဒီမီးဟာ ကေအင်ဒီအိုတွေရဲ့ စခန်းတွေကို လောင်ပြီး ငြိမ်းသွားမှာမဟုတ်ဘူး၊ ဘေးက ဘာမှမဆိုင်တဲ့ အိမ်နဲ့ လူတွေကိုပါလျှောက်ပြီး လောင်မှာဘဲလို့ လူမျိုးရေးကိတ်စထဲမှာ ဘာသာရေးကိတ်စကိုပါ ရောထွေးပြီး ဝန်ကြီးချုပ် စဉ်းစားနေတယ်၊ နောက်(၅)မိနစ်လောက် ကြာတော့မှ ဗိုလ်ကျော်ဇောရယ် တခြားတနည်းကို စဉ်းစားပါဦး၊ ဒါကိုတော့ မလုပ်ပါနဲ့၊ အထူး မေတ္တာ ရပ်ခံပါတယ်လို့ ပြောပြီး ပြန်လွှတ်လိုက်တယ်၊

ဗိုလ်ချုပ်ကျော်ဇောလဲ သူ့ဌာနချုပ်ကို ပြန်ရောက်တဲ့အခါ သူ့အဖါတွေနဲ့ တိုင်ပင်ပြီး အစီအစဉ်သစ်တရပ် ချက်ချင်းလုပ်ရတယ်၊ အဲဒီအစီအစဉ်သစ်အရ ဗြိတိသျှစစ်ကော်မရှင် အဖွဲ့ဝင်တချို့ရဲ့ အကူအညီနဲ့ လက်ပစ်ဗုံးတွေကို ချက်ချင်းလုပ်ပြီး လေတပ်ရဲ့ အမောင်းသင် လေယာဉ်ပျံလေးတွေပေါ်က ကေအင်ဒီအို စခန်းတွေ ပေါ်ပစ်ချရတယ်၊ သူတို့ရဲ့ လက်ပစ်ဗုံးတွေဟာ မပေါက်တာများတယ်၊ ငြိမ်းချမ်းရေးကို ဆွေးနွေးရအောင်လာစဉ်က စောဘဦးကြီးဟာ ဝန်ကြီးချုပ်အိမ်မှာ တည်းတယ်၊ ညဘက်မှာ စကားထိုင် ပြောနေကြရင်း ဝန်ကြီးချုပ် ခင်ဗျား တို့ လေယာဉ်ပျံတွေ ဗုံးလာကြဲရင် ကျွန်တော်တို့ ရဲဘော်တွေ သိပ်ပျော်တယ်၊ အဲဒီဗုံးတွေထဲက လက်ပစ်ဗုံးတွေကို ရဲဘော်တွေ ထုတ်ယူကြတယ်လို့ စောဘဦးကြီးက ဝန်ကြီးချုပ်သခင်နုကို ပြောသွားတယ်၊ ဒါပေမဲ့ အခု ပြော သွားသလောက်တော့ သိပ်မဆိုးလှပါဘူး၊ တချို့ပေါက်တာတွေပေါက်ပါတယ်၊ ဒီလောက်နဲ့ မပြီးသေးဘူး၊ ဗြိတိသျှ စစ်တပ်က စွန့်ပစ်သွားတဲ့ တင့်ကားအဟောင်း တွေကိုလိုက်ရှာ ပြင်စရာရှိတာတွေကို ချက်ချင်းပြင်ပြီး ကေအင်ဒီအို စခန်းတွေ ဖြိုဘို့အတွက် အသုံးပြုရတယ်၊ ပထမတင့်ကားကို ကေအင်ဒီအိုတွေက ဘန်ကာတခုထဲကနေပြီး စက်သေနတ်နဲ့ ပစ်လိုက်တာ ချိန်းကြိုးပြတ်သွားတဲ့အတွက် ရှေ့လည်းမတိုး နောက်လဲမဆုတ်လည်း ငုတ်တုပ်ကြီး ဖြစ်နေတယ်၊

အဲဒီအချိန်တုန်းက သူပုန်တွေနဲ့ အစိုးရ ဘက်တော်သားတွေဟာ ဒုတိယ ကမာစစ်ကြီးအတွင်းက ဖက်ဆစ်ဂျပန်တွေနဲ့ မဟာမိတ်စစ်တပ်တွေရဲ့ စစ်ပစ်စည်း အဟောင်းတွေနဲ့ လက်နက်အဟောင်းတွေကို တော ကြိုအုံကြား လမ်းကြိုလမ်းကြားမှာ

လိုက်ရှာတွေ့ရင် ပြုပြင်ပြီး ဖြစ်သလို အသုံးပြုကြတာဘဲ၊ သူပုန်နဲ့အစိုးရတို့
နှစ်ဖက်စလုံး ဘယ်လို အသုံးပြုခဲ့ကြတယ်ဆိုတာ စာဖတ်သူများ
သဘောက်ပေါက်နိုင်အောင် သာဓကတခုကို ဒီနေရာမှာ ဖေါ်ပြချင်တယ်၊
ကေအင်ယူ သူပုန်ထပြီး များမကြာခင် သူတို့ရဲ့သူပုန်တပ်တွေဟာ
ဟသာ်တကိုသိမ်းဖို့ ချီတက်လာကြတယ်။ တပ်သားပေါင်း နှစ်ရာလောက်နဲ့
ဟသာ်တကို သိမ်းပြီးတဲ့အခါ လုယက်လို့ရသမျှ ပစ်စည်းတွေကို သယ်ဖို့
အရပ်သူအရပ်သားပေါင်း သုံးရာလောက်ပါတယ်၊ ကေအင်ဒီအိုတွေမှာ သံချပ်ကာ
ကားတစ်စင်းပါလာတယ်၊ အဲဒီသံချပ်ကာ ကားဟာ ဒုတိယကမာစစ်ကြီးအတွင်းက
မဟာမိတ်တပ်တွေ စက် ပျက်နေလို့ လမ်းဘေးမှာစွန့် ပစ်ခဲ့တဲ့သံချပ်ကာ
ကားဖြစ်တယ်၊ ဒီသံချပ်ကာကားကို ကေအင်ဒီအိုတွေပြုပြင်ပြီး ဘရင်းဂန်း (၂)လက်
တပ်ထားတယ်၊

ဟသာ်တမြို့ထဲမှာ ရဲ၊ ပြည်ထောင်စုစစ်ရဲနဲ့ စစ်ဝန်ထမ်းတွေ
အနည်းငယ်လောက်ရှိတယ်၊ လက်နက် ပြည့်ပြည့်စုံစုံမရှိဘူး၊ ဒါပေမဲ့ သူတို့မှာ
ခြောက်ပေါင်ဒါ အမြောက်ကလေးတလုံးရှိတယ်၊ ဒီအမြောက်ကလေးဟာလည်း
မဟာမိတ်တပ်တွေလမ်းဘေးမှာ စွန့်ပစ်ခဲ့တဲ့ အမြောက်ဖြစ်တယ်၊ မြို့ထဲက
စက်ဆရာတချို့ ဒီအမြောက်ကလေးကို သူတို့ တက်သရွေ့ ပြုပြင်ထားတယ်၊
အဲဒီအမြောက်ကလေးမှာ ကျည်ဆံတဆံဘဲရှိတယ်၊

အစိုးရဘက်တော်သားတွေဟာ ဒီအမြောက်ကလေးကို မြို့ပြင်ထုတ် ကေအင်ဒီအို
တွေချီတက်လာတဲ့ လမ်းပေါ်မှာ ချထားပြီး အသင့်စောင့်နေကြတယ်၊
အမြောက်ကျည်ဆံကလဲ တတောင့်ဆိုမှ တတောင့်ထဲရှိတဲ့အတွက် အရမ်းမပစ်ရဲဘူး၊
ကေအင်ဒီအိုတွေရဲ့ သံချပ်ကာကားဟာ အနားကို ကပ်လာတဲ့အထိ စောင့်နေရတယ်၊
သံချပ်ကာ ကားဟာ သူတို့လိုချင်တဲ့နေရာကို ရောက်လာတာနဲ့ တပြိုင်နက်
တတောင့်တည်းသော အမြောက်ဆံကို ပစ်ထုတ်လိုက်တာ ကံအားလျှော်စွာ
သံချပ်ကာကားကို တိုက်ရိုက်မှန်သွားပြီး သံချပ်ကာကားပျက်သွားတယ်၊ အဲဒါကို
မြင်ရပြီး ကေအင်ဒီအို တပ်သားတွေနဲ့ သူတို့ရဲ့ အဖေါ်တွေ ကစင့်ကလျား
ထွက်ပြေးကုန်ကြတယ်၊

နောက်များမကြာခင် ဟသာ်တက အရာရှိ တချို့ ဝန်ကြီးချုပ်ဆီကို လိုက်လာပြီး
လက်နက်ကိုင် တပ်သားတွေ အမှုထမ်းအရာထမ်းတွေနဲ့ မြို့သူမြို့သားတွေကို
အားပေးရအောင် ဟသာ်တ ကို လိုက်လာဖို့ ဖိတ်တယ်၊ ဝန်ကြီးချုပ်လည်း
ဗောဓိပင်ပျိုတပင်ကို ပင့်ပြီးလိုက်သွားတယ်၊ ဟသာ်တကို သွားတဲ့အခါ မအူပင်နဲ့
ညောင်တုံးကြား ထဲက နှစ်နေရာ သုံးနေရာမှာ ကေအင်ဒီအိုတွေရဲ့
အားကောင်းတဲ့စခန်းတွေရှိတယ်လို့ သတင်းရထားတဲ့အတွက် ခါတိုင်းလိုက်နေကြ
သေနတ်တင် သဘော်လေးတစင်းအပြင် အင်းလေးဆိုတဲ့
အလတ်စားစစ်သဘော်တစင်းကိုပါ စစ်ရုံးက ထည့်ပေးလိုက်တယ်၊ အသွားမှာ

ဘယ်ရန်သူနဲ့မှ မတွေ့ရဘူး၊
ဟသ်ာတမြို့ကို ရောက်တဲ့အခါမှာ ပင့်သွားတဲ့ ဗောဓိပင်ကို ဘုရားကြီး ကျောင်းတိုက်ထဲမှာ ဝန်ကြီး ချုပ်ကိုယ်တိုင်စိုက်တယ်၊ သူနဲ့အတူ အမြဲတမ်းပါတဲ့ ပရိတ်ဆရာတွေက ပရိတ်တွေ ရွတ်ကြတယ်၊ ဝန်ကြီးချုပ်က အစိုးရ ဘက်တော်သားတွေနဲ့ မြို့သူမြို့သားတွေကို ချီးကျူးစကား အားပေးစကားတွေ ပြောကြားတယ်၊ အဲဒီနောက် အရာရှိတွေဟာ ဝန်ကြီးချုပ်ဦးနုကို တိုက်ပွဲဖြစ်ခဲ့တဲ့နေရာ ခေါ်သွားတယ်၊
ဟသ်ာတမြို့ကအပြန် ညောင်တုံမြို့ကိုအလွန် ပန်းတနော်မြစ်ဝကိုရောက်တဲ့အခါ ကေအင်ဒီအိုတွေဟာ အကာအကွယ်ယူပြီး ဦးနုတို့အဖွဲ့ကို စပစ်တယ်၊ ဦးနုတို့အဖွဲ့က ပြန်ပစ်တဲ့အခါ ပတ်ဝန်းကျင်တခုလုံး သိမ့်သိမ့်တုန်သွားတယ်၊ ဦးနုတို့ဘက်မှာ အကျအဆုံးမရှိ သေနတ်တင် သင်္ဘောကလေးရဲ့ ရေတပ်ဗိုလ်တဦးသာ အနဲငယ် ဒဏ်ရာရတယ်လို့ ကြားသိရတယ်၊
၁၉၄၉ခု ဖေဖော်ဝါရီလ အလယ်လောက်ကို ရောက်တဲ့အခါ ပျဉ်းမနားနယ်မှာ ကွန်မြူနစ်တွေကို တိုက်ဖို့ချထားတဲ့ ကချင်တပ်ရင်း(၁)ထဲက ကချင်စစ်ဗိုလ်နော်ဆိုင်းဟာ ကချင်စစ်သားတချို့ကို ခေါင်းဆောင်ပြီး အစိုးရကို ပုန်ကန်တယ်၊ နော်ဆိုင်းဟာ ပုန်ကန်နေတဲ့ ကရင်တပ်ရင်း(၁)နဲ့ပေါင်းပြီး ဗမာပြည်မြောက်ပိုင်းကို ချီတက်သွားကြတယ်၊ အဲဒီသူပုန်တပ်တွေဟာ အထက်ဗမာပြည်ကမြို့တွေကို တမြို့ပြီးတမြို့သိမ်းတယ်၊ အဲဒီနောက် မေမြို့မှာ အစိုးရထိန်းသိမ်းထားတဲ့ ကရင်စစ်ဗိုလ်တွေနဲ့ ရဲဘော်တွေကို သူတို့တပ်ထဲသွင်းပြီး မတ်လ (၁၃) ရက်နေ့မှာ အဲဒီသူပုန်တပ်ဟာ မန်းဒလေးမြို့ကို သိမ်းလိုက်ကြတယ်၊ မြို့တွေ သူပုန်လက်ထဲကျတိုင်း ဝန်ကြီးချုပ် ဟာ စိတ်မချမ်းမသာဖြစ်တယ်ဆိုတာ အထူးပြောနေဖို့ မလိုပါဘူး၊ ဒါပေမဲ့ မန်းဒလေးဟာ အထက် ဗမာပြည်ရဲ့ မြို့တော်လည်းဖြစ်တယ်၊ ဗမာပြည်ရဲ့ ဒုတိယအကြီးဆုံးမြို့လည်းဖြစ်တယ်ဆိုတော့ မန်းဒလေးမြို့ သူပုန်တွေလက်ထဲ ကျသွားပြီဆိုတဲ့သတင်းကိုကြားရတဲ့အခါ ဝန်ကြီးချုပ်ဟာ ပိုပြီးစိတ်မချမ်းမသာဖြစ်သွားတယ်၊ အဲဒါကြောင့် မန်းဒလေးကို အစိုးရက ပြန်သိမ်းနိုင်တဲ့အခြေအနေ ဘယ်လောက်ရှိသလဲဆိုတာတွေကို ဝန်ကြီးချုပ် အင်မတန်သိချင်တယ်၊ အဲဒီအချိန်တုန်းက ဝန်ကြီးချုပ်သွားနိုင်တဲ့ အနီးဆုံးနေရာဟာ ရွှေဘိုဘဲ၊ ဒုတိယကမာစစ်ကြီး အတွင်းက အင်္ဂလိပ်အစိုးရဟာ ရွှေဘိုမှာ လေယာဉ်ပျံကွင်းတခု ဆောက်ထားတယ်၊ အဲဒီလေယာဉ်ပျံကွင်းဟာ မသုံးတာကြာလို့ ကွင်းထဲမှာ မြက်တွေတောင်အတော်များနေပြီ၊ ရွှေဘိုမှာ စုံစမ်း ကြည့်တဲ့အခါ မန်းဒလေးအထူးတိုင်းမင်းကြီး ဦးဝင်းနဲ့ မန်းဒလေးက ဆုတ်ခွာလာတဲ့ အစိုးရတပ် အကြွင်းအကျန်တွေဟာ စစ်ကိုင်းမြို့မှာ ခေတ္တ ခိုနေကြပြီး မန်းဒလေးကို ပြန်သိမ်းဖို့အတွက် အားစုနေ တယ်ဆိုတဲ့သတင်းကို ဝန်ကြီးချုပ်ကြားရတယ်၊ အဲဒါကြောင့် ဝန်ကြီးချုပ်ဟာရွှေဘိုက မိုင်(၆၀)လောက်ဝေးတဲ့ စစ်ကိုင်းကို

သူ့လူတွေနဲ့တွေ့ရအောင် လိုက်သွားတယ်၊ ဝန်ကြီးချုပ် စစ်ကိုင်းကို ရောက်တဲ့အခါ မြို့သူမြို့သားတွေဟာ တထိတ်ထိတ် တလန့်လန့်နဲ့ ကျီးလန့်စားစားဖြစ်နေတာကို တွေ့ရတယ်၊ အဲဒီအခါတုန်းက ပျက်နေတဲ့ စစ်ကိုင်း တံတားကြီး ပေါ်ကနေပြီး ရိုင်ဖယ်နဲ့ပစ်ရင် စစ်ကိုင်းမြို့ထဲကို ကောင်းကောင်း ရောက်နိုင်တယ်၊ အဲဒါကြောင့် အထူးတိုင်းမင်းကြီး ဦးဝင်းနဲ့ အရာရှိတွေတိုင်ပင်ပြီး စစ်ကိုင်းမြို့ရဲ့ မြောက်ဘက် စစ်ကိုင်းတောင်ရိုးပေါ်က ဘုန်းကြီးကျောင်းတကျောင်းမှာ ဝန်ကြီးချုပ်ကိုထားရတယ်၊ ဝန်ကြီးချုပ်ဟာ အတိုက်အခိုက် ကိုနားမလည်တဲ့အတွက် မန်းဒလေးကို ပြန်သိမ်းဖို့ကိတ်စမှာ ဘာမှအကူအညီမပေးနိုင်ဘူး၊ အဲဒါကြောင့် ဘုန်းကြီးကျောင်းနဲ့ မနီးမဝေးမှာရှိတဲ့ ပုညရှင်စေတီရဲ့ ရင်ပြင်တော်ပေါ်မှာ အချိန်ရသရွေ့ ပရိတ်ထိုင်ရွတ်နေတာဘဲ၊ အထူးတိုင်းမင်းကြီး ဦးဝင်းလည်း ပရိတ်ရွတ်တာ အင်မတန် ဝါသနာပါတယ်၊ အဲဒါကြောင့် သူဆောင်ရွက်စရာကိတ်စတွေပြီးရင် ပုညရှင်စေတီရဲ့ ရင်ပြင်တော်ပေါ်မှာ ဝန်ကြီးချုပ်က တဒေါင့်၊ သူကတဒေါင့် အကြာကြီးပရိတ်ထိုင်ရွတ်ကြတာဘဲ၊ ပုညရှင်စေတီ တဝိုက်ဟာ ကြည်နူးစရာ ကောင်းလှတဲ့အတွက် ဝန်ကြီးချုပ်နဲ့ ဦးဝင်းတို့ဟာ ဘုန်းကြီးကျောင်းကိုတောင် မပြန်တော့ပါဘူး၊ အဲဒီ ရင်ပြင်တော်ပေါ်မှာဘဲ အိပ်လိုက်ကြတာဘဲ၊ သုံးလေးရက်ကြာတဲ့အခါ အထက်ဗမာပြည်ရဲ့ အခြေအနေကို အရာရှိတွေနဲ့ ဆွေးနွေးရအောင် ဝန်ကြီးချုပ်ဟာ စစ်ကိုင်းက ရွှေဘိုကို ခဏပြန်လာတယ်၊ ရွှေဘိုမှာ ဝန်ကြီးချုပ်ဟာ ရှားကိုးဆိုသူနဲ့တွေ့ရတယ်၊ ရှားကိုးဟာ မုံရွာခရိုင်ရဲ့ဝန်ဖြစ်တယ်၊ ဒီရှားကိုးဟာ အစိုးရအပေါ်မှာ သစ္စာရှိတယ်၊ တာဝန်အလွန်ကျေပွန်တယ်၊ သတ်တိလည်း အထူးရှိတယ်၊ မုံရွာခရိုင်ဟာ ရဲဘော်ဖြူတွေ ကြီးစိုးနေတဲ့ ခရိုင်ဖြစ်တယ်၊ ရဲဘော်ဖြူတွေဟာ သူတို့ရဲ့ကြီးမားတဲ့ အင်အားနဲ့ဖိပြီး တမြို့စီ လိုက်သိမ်းမယ်ဆိုရင် မုံရွာခရိုင်ထဲကမြို့တွေအားလုံး ရဲဘော်ဖြူတွေရဲ့ လက်ထဲကျသွားနိုင်စရာ အကြောင်းရှိတယ်၊ အဲဒါကြောင့် ရှားကိုးဟာ မုံရွာခရိုင်ထဲက ရဲအဖွဲ့အားလုံးကို မုံရွာမြို့ တွင်း ပြောင်းပြီး မုံရွာမြို့ကို အခိုင်အလုံ ကာကွယ်ထားလိုက်တယ်၊ အဲဒီလိုလုပ်ပြီးလို့ မကြာခင်မှာဘဲ ရဲဘော်ဖြူတွေဟာ သူတို့ရဲ့ ကိုယ်စားလှယ် (၂)ဦး၊ (၃)ဦးကို မုံရွာခရိုင်ဝန်ဆီ လွှတ်လိုက်တယ်၊ အဲဒီ ရဲဘော်ဖြူ ကိုယ်စားလှယ်တွေက မုံရွာကို အပ်ရင်အပ်၊ မအပ်ရင် မုံရွာမြို့ဟာ လောင်စာနဲ့ပြာပုံဖြစ်သွားမယ်လို့ ခြိမ်းခြောက်တဲ့အတွက် ခရိုင်ဝန်က မုံရွာကိုအပ်ချင်တယ်၊ ဒါပေမဲ့ အစိုးရအမိန့်မရှိဘဲ ကျွန်တော်မအပ်နိုင်ဘူးလို့ ခရိုင်ရဲ့ဝန်ရှားကိုး ကပြောတယ်၊ သခင်နုအစိုးရ မရှိတော့ဘူးလို့ ရဲဘော်ဖြူကိုယ်စားလှယ်တွေက ပြောတဲ့အခါ အစိုးရရှိသေးတယ်၊ အစိုးရရဲ့အသံကို နေ့တိုင်း ရေဒီယိုက ကျွန်တော်ကြားရတယ်လို့ ရှားကိုးကဖြေတယ်၊ ရဲဘော်ဖြူတွေဟာ နေရာ အတော်ခပ်များများမှာ အခုလို ခြောက်လှန့်ပြီး မြို့တွေ၊ ရဲဌာနက သေနတ်တွေနဲ့ ငွေတိုက်တွေကို သိမ်းသွားတာပါဘဲ၊ ဒါပေမဲ့ မုံရွာမှာ

ရှားကိုးကို ခြောက်လို့မရတဲ့အတွက် လက်လျှော့ပြီး ပြန်သွားကြရတယ်၊ အဲဒါကြောင့် ဝန်ကြီးချုပ်ဟာ ရှားကိုးကို တွေ့တဲ့အခါ သိပ်ဝမ်းသာတယ်၊ အရာရှိတွေနဲ့ အထက်ဗမာပြည်ရဲ့ အခြေအနေကို ဆွေးနွေးပြီးတဲ့အခါ ဝန်ကြီးချုပ်ဟာ ရွှေဘိုက စစ်ကိုင်းမြို့ ပုညရှင်စေတီကို ပြန်လာပြန်တယ်၊ အထူးတိုင်းမင်းကြီး ဦးဝင်းတို့နဲ့အတူ အဲဒီမှာဘဲ နေရင်း မတ်လကုန်လောက် မှာ ဦးကျော်ငြိမ်းဆီက ရန်ကုန်ကို အမြန်ပြန်လာပါဆိုတဲ့ သံကြိုးတစောင် ဝန်ကြီးချုပ်ရတယ်၊ နောက်တနေ့မှာ လေယဉ်ပျံနဲ့ ပြန်ဖို့အတွက် စစ်ကိုင်းက ရွှေဘိုကို ပြန်လာတယ်၊ လမ်းက သိပ်စိတ်မချရတဲ့အတွက် ဗမာ့တပ်မတော်က ဗိုလ်မှူးကြင်ကိုယ်တိုင် ဝန်ကြီးချုပ်ရဲ့ရှေ့က ပိုင်းလော့ ဂျစ်ကားထဲမှာ ထိုင်ပြီး ရှိစုမဲ့စု လက်နက်ကိုင်အဖွဲ့ကလေးနဲ့ ဝန်ကြီးချုပ်ကို ခေန္နှင်ညှုရွှေတေ လိုက်ပို့ကွှာတယ်၊ စစ်ကိုင်းမြို့က မိုင်(၂၀)လောက်ထွက်လာမိတဲ့အခါ မျက်စိရှင်တဲ့ ဗိုလ်မှူးကြင်ဟာ ရိုင်ဖယ်ကိုင်ထားတဲ့ လူ(၂)ယောက် လယ်ကွင်းထဲမှာ ဖြုံးကနဲအလျား မှောင်လိုက်တာကို မြင်လိုက်ရတယ်၊ ဗိုလ်မှူးကြင်နဲ့ သူ့ရဲဘော်တွေဟာ ဂျစ်ကားကိုရပ် ကပျာကယာခုန်ဆင်းပြီး အဲဒီ လူ(၂)ယောက်နောက်ကို အတင်းလိုက်တယ်၊ သူတို့လည်း ပထမတော့ ထပြေးပါသေးတယ်၊ ဒါပေမဲ့ ဗိုလ်မှူးကြင်တို့ဆီက သေနတ်သံ တချက်နှစ်ချက်ကို ကြားတဲ့အခါ ရပ်ပြီး အမိခံတယ်၊

အဲဒီအဖြစ်အပျက်ကြောင့် အဲဒီနေရာမှာ ဝန်ကြီးချုပ်နဲ့အဖွဲ့ဟာ အတော်ကြာသွားတယ်၊ ရှေ့ကို ခရီးဆက် ထွက်သင့် မထွက်သင့်ကိုတောင် ဆွေးနွေးရတယ်၊ ဒါပေမဲ့ ရန်ကုန်က အရေးကြီးတဲ့ သံကြိုးစာကြောင့် ဝန်ကြီးချုပ်ဟာ ဆိုင်းနေလို့မဖြစ်ဘူး၊ ရွှေဘိုကို ဆက်ထွက်ခဲ့ရတယ်၊ ရွှေဘိုလေယာဉ်ပျံကွင်းကို ရောက်တဲ့အခါ လေယာဉ်ပျံ မရှိတော့ဘူး၊ ဝန်ကြီးချုပ်ကို မစောင့်နိုင်ဘူးဆိုပြီး ရန်ကုန်ကို ပြန်သွားတယ်၊ ဝန်ကြီးချုပ်လည်းသူ့ကို မစောင့်ကောင်းလားဆိုပြီး ပထမတော့ အတော်စိတ်ဆိုးသေးတယ်၊ ဒါပေမဲ့ ဒီလို အချိန်မျိုးမှာ ဘယ်လေယာဉ်ပျံစောင့်ရဲပါ့မလဲလို့ တွေးမိတော့မှပဲ စိတ်ပြေသွားတော့တယ်၊ နောက်တနေ့ကျ ရွှေဘိုက ဝန်ကြီးချုပ် ထွက်လာတဲ့အခါ လေယာဉ်ပျံထဲမှာ သူနဲ့ သူ့အဖွဲ့ချည်းပဲ မဟုတ်ဘူး၊ ဆိုးနေတဲ့အခြေအနေတွေကြောင့် ရွှေဘိုမှာ ထားလို့ မဖြစ်ဘူး၊ ဝန်ကြီးချုပ်ယူသွားပါဆိုပြီး ခရိုင်ဝန် ထည့်ပေးလိုက်တဲ့ ငွေတိုက်က ငွေသေတ်တာလည်းပါလာတယ်၊ ဝန်ကြီးချုပ် ရန်ကုန်ကိုရောက်တဲ့အခါ ဆိုရှယ်လစ်နဲ့ ရဲဘော်ဝါဝန်ကြီးတွေ အစိုးရအဖွဲ့က နုတ်ထွက်ကြပြီဆိုတဲ့သတင်း သတင်းစာတွေထဲမှာ ပါကုန်ကြပြီ၊ ဝန်ကြီးချုပ်ရောက်ပြီးလို့ တနာရီလောက်ကြာတဲ့အခါ ဝန်ကြီးဟောင်းတဦး ဝန်ကြီးချုပ်နဲ့လာတွေ့တယ်၊ ကျွန်တော်တို့ ဆီကို လာလာပြီး၊ သူတို့တပ်ဟာ ဝန်ကြီးတွေမွေးထားတဲ့ အိမ်စောင့်ခွေးတွေမဟုတ်ဘူး၊ သူတို့အသေခံပြီး ဝန်ကြီးချုပ်ကို

စောင့်မပေးနိုင်တော့ဘူး၊ သူပုန်တွေနဲ့ အစိုးရသစ်ဖွဲ့ပါလို့ ခဏခဏပြောနေတာနဲ့
ကျွန်တော်တို့လဲ ထွက်ပစ်လိုက်တာဘဲ၊
ဒီလောက်အရေးကြီးတဲ့ကိတ်စမျိုးမှာ ကျွန်တော်ပြန်လာအောင်စောင့်ဘို့ ကောင်းတယ်၊
ကျွန်တော်တို့ ဒီအချက်ကို သေသေချာချာ လေးလေးနက်နက် စဉ်းစားကြပါတယ်၊
ဒါပေမဲ့ ဝန်ကြီးချုပ်ဟာ ဒီလို နှုတ်ထွက်တာကိုတော့ ဘယ်နည်းနဲ့မှ သဘောတူမှာ
မဟုတ်ဘူးဆိုပြီး ဝန်ကြီးချုပ် ပြန်မလာခင် နှုတ်ထွက်ပစ် လိုက်ကြတာပါဘဲ၊ ဒါပေမဲ့
သူပုန်တွေနဲ့ အစိုးရသစ်ဖွဲ့တဲ့အခါ ဝန်ကြီးချုပ်ကိုတော့ ဝန်ကြီးချုပ်အဖြစ်နဲ့ဘဲ
ဆက်ထားရမယ်လို့ ကျွန်တော်တို့ တင်းတင်းမာမာ အရေးဆိုထားတယ်၊
ကဌန်တော်တို့ဟာ အစိုးရအဖွဲ့ထွက်ပြီး ဖဆပလ အနေနဲ့ ဝန်ကြီးချုပ်ကို
ထောက်ခံမှာဘဲ၊
ထောက်ခံတာ မထောက်ခံတာကို ကျွန်တော်တို့ ပြောနေတာမဟုတ်ဘူး၊ ဒီအချိန်မှာ
အခုလို ထွက်လိုက်တာ မကောင်းဘူး။ အဲဒါကို ကျွန်တော်ပြောနေတာ၊
ဝန်ကြီးချုပ် ကျွန်တော်အနေနဲ့ အစဉ်းစားရ အတော်ကြပ်ပါတယ်၊ အစိုးရအဖွဲ့ထဲက
မထွက်ပြန်ရင် လည်း ဒီကောင်တွေ ရာထူးသိပ်မက်တယ်လို့ စွပ်စွဲကြအုံးမယ်၊
ဒီဝန်ကြီးဟောင်းရဲ့ ရှင်းလင်းချက်ကို မကြားရခင်က ဒီကောင်တွေ စောက်ကြောက်တွေ
သူပုန်တွေနိုင် တော့မယ် ထင်တဲ့အတွက် အစိုးရ အဖွဲ့ထဲက သုတ်သီးသုတ်ပြာ
ထွက်ပြေးကြတာဘဲလို့ အထင်လွဲပြီး ဝန်ကြီးချုပ်ဟာ ဆိုရှယ်လစ်တွေကို အများကြီး
ဒေါသဖြစ်နေတယ်။ သူတယောက်တည်း ကျန်ချင် ကျန်နေပေစေ၊
ဖဆပလထဲကတောင် ဆိုရှယ်လစ်တွေကို တခါတည်း ထုတ်ပစ်လိုက်မယ်လို့
ဝန်ကြီးချုပ် စိတ်ကူးထားတယ်၊ အဲဒီ ဝန်ကြီးဟောင်းရဲ့ ရှင်းပြချက်ကို
ကြားပြီးတော့မှဘဲ၊ အင်း–ဒီအကြောင်းကြောင့် ထွက်ရတယ်ဆိုရင်တော့
သူတို့မှားတယ်လို့ မဆိုနိုင်ဘူးလို့ သူ့ဟာသူပြောရင်း သူ့ဒေါသတွေ ပြေသွားတယ်၊
အဲဒီ ဝန်ကြီးဟောင်းပြန်သွားတဲ့အခါ ဝန်ကြီးချုပ် သခင်နုက တယောက်တည်း
ထိုင်နေရင်း အင်း–ဖဆပလ ထဲက ရဲဘော်ဖြူတွေ ထွက်၊ ရဲအဖွဲ့ထဲက ရဲတွေထွက်၊
စစ်ရဲတွေ ထွက်၊ တပ်မတော်ထဲက စစ်သားတွေ ထွက်၊ ငါနဲ့အတူ
ဘယ်သူများရှိသေးသလဲဟေ့လို့ စိတ်ညစ်ညစ်နဲ့ ငြီးတွားပြီး
ခါတိုင်းလုပ်နေကြအတိုင်း ပရိတ်ရွတ်ရအောင် ဘုရားခန်းထဲဝင်သွားတယ်၊
နောက်တနေ့ မနက်(၈)နာရီကျတော့ ဦးကျော်ငြိမ်းနဲ့ ဗိုလ်နေဝင်းတို့
ဝန်ကြီးချုပ်နဲ့လာတွေ့ကြတယ်၊ ဗိုလ်နေဝင်းက ဘာမပြောဘူး၊ ဦးကျော်ငြိမ်းက စပြီး
အခြေအနေအရ ကျွန်တော်တို့တတွေ အစိုးရအဖွဲ့ထဲက နှုတ်ထွက်လိုက်ကြတယ်ဆိုတာ
ဝန်ကြီးချုပ်လဲသိပြီးပါပြီ၊ ကျွန်တော် အရှည်ကြီးရှင်းပြဖို့မလိုတော့ပါဘူး၊
ဝန်ကြီးချုပ်အလိုရှိရင် သူပုန်ခေါင်းဆောင်တွေကို ခေါ်ပြီး အစိုးရဖွဲ့နိုင်ပါတယ်လို့
ပြောတယ်၊ ခေနၡငညျငတေ သူပုန်တွေနဲ့တော့ ငါဘယ်နည်းနဲ့မှ အစိုးရမဖွဲ့နိုင်ဘူး၊
ဖြစ်ချင်ရာဖြစ်ပေစေလို့ ပြောပြီး ဗိုလ်ချုပ်နေဝင်းကို ဒုတိယဝန်ကြီးချုပ်၊

တရားလွှတ်တော်ချုပ်က တရားဝန်ကြီး ဒေါက်တာအေးမောင်ကို ဝန်ကြီးအဖြစ်ခန့်လိုက်တယ်၊ အဲဒီနှစ်ဦးနဲ့ အစိုးရအဖွဲ့ ထဲမှာ ကျန်နေသေးတဲ့ ဝန်ကြီးတွေဟာ ဝန်ကြီးလစ်လပ်တဲ့ ဌာနတွေကို ဝေပြီး ကိုင်ကြရတယ်၊

အခန်း(၂၄)
ဝန်ကြီးသစ်တွေကို ခန့်ပြီးလို့ များမကြာခင် နိုင်ငံခြားရေးဌာန ဝန်ကြီး ဒေါက်တာအေးမောင်က ဝန်ကြီး များ အစည်းအဝေးမှာ ဗြိတိသျှသံအမတ်၊ အိန္ဒိယသံအမတ်၊ ပါကစ်စတန်သံအမတ်၊သီဟိုဠ်သံအမတ်တွေက ဝန်ကြီးချုပ်နဲ့ တွေ့ချင်တယ်လို့ ပြောနေတယ်၊ သူတို့တွေ့တဲ့အခါ ပြည်ထောင်စုအစိုးရကို ငွေချေးမဲ့အကြောင်း ပြောကြလိမ့်မယ်လို့ ကျွန်တော် ခိုင်ခိုင်လုံလုံ ကြားထားတယ်၊ ချေးမဲ့ငွေက စကာလင်ပေါင်(၆)သန်း (ဗမာငွေ ရှစ်ကုဋေခွဲခန့်) လောက် ဖြစ်လိမ့်မယ်ထင်တယ်လို့ ဒေါက်တာအေးမောင်က ဆက်ပြီးပြောတယ်၊ အဲဒီ အချိန်တုန်းက ပြည်ထောင်စု အစိုးရဟာ အကြီးအကျယ်ဘိုင်ကျနေတယ်၊ အရာထမ်း အမှုထမ်းတွေကို လစာပေးစရာတောင် မရှိတော့ဘူး၊ ဒါဟာ နောက်တီး နောက်တောက် ပြောတာမဟုတ်ဘူး၊ တကယ်ပြောနေတာ၊ အဲဒီလိုအခြေအနေမျိုးမှာ ငွေချေးမယ်ဆိုတဲ့ အသံကိုကြားရတော့ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေ သိပ်ဝမ်းသာကြတာပေါ့၊ အဲဒါကြောင့် ဝမ်းသာအားရနဲ့ ဝန်ကြီးချုပ်က ရက်အကြာ ကြီး ဆိုင်းမထားဘဲ ဒီသံအမတ်တွေကို မနက်ဖြန်ခေါ်ခဲ့ပါလို့ ဒေါက်တာအေးမောင်ကို ပြောလိုက်တယ်၊ ချိန်းတဲ့အတိုင်း ဗြိတိသျှသံအမတ်၊ အိန္ဒိယသံအမတ်၊ ပါကစ်စတန်သံအမတ်နဲ့ သီဟိုဠ် သံအမတ်တို့ ရောက်လာကြတယ်၊ ဝန် ကြီးချုပ် သခင်နုကလည်း ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုတယ်၊ သံအမတ်တွေအားလုံးရဲ့ ကိုယ်စား ဗြိတိသျှ အမတ်ဘိုးကားက စကားပြောတယ်၊ သူပြောတဲ့အထဲမှာ ဗြိတိသျှ ဓနသဟာယ အစိုးရတွေရဲ့သဘောတူညီချက်အရ ဗြိတိသျှအစိုးရက စတာလင်ပေါင်(၆)သန်း ပြည်ထောင်စုအစိုးရကို ချေးမယ်ဆိုတာ ပါလာတဲ့အခါ ဝန်ကြီးချုပ်ဟာ ဝမ်းသာပြီး ပြုံးနေတယ်၊ ဗြိတိသျှသံအမတ် ဘိုးကားဟာ အခုလိုပြောပြီး ဒါပေမဲ့ အဲဒီလိုငွေချေးတာဟာ အချက်တချက်ပေါ်မှာ တည်နေတယ်၊ အဲဒီတချက်ဟာ တခြားမဟုတ်ဘူး၊ ပြည်ထောင်စု အစိုးရဟာ ကေအင်ယူအဖွဲ့နဲ့ စေ့စပ်ရမယ်ဆိုတဲ့ အချက်ဘဲဖြစ်တယ်ဆိုတာကို ဆက်ပြောလိုက်တဲ့အခါ ဝန်ကြီးချုပ်သခင်နုရဲ့ တကိုယ်လုံးဝုန်းကနဲဖြစ်သွားတယ်၊ ဒို့လည်း ငြိမ်းချမ်းရေးအတွက် အမျိုးစုံ ကြိုးစားနေတာဘဲ၊ ဒီအကောင်က တို့အထဲမှာ ဆရာဘာလာလုပ်တာလဲလို့ တွေးပြီး ဒီလိုအခြေအနေမျိုးမှာ ဖြစ်ပေါ်လာနေကျ သူ့စောက်ကျင့်အတိုင်း တခုခုလုပ်ဖို့ ဝန်ကြီးချုပ် ချက်ချင်း ဆုံးဖြတ်ချက် ချလိုက်တယ်၊ အဲဒီနောက် သံအမတ် ဘိုးကားဟာ လေနဲ့နဲ့ ရှည်နေတဲ့အတွက် ဝန်ကြီးချုပ်က ခင်ဗျားပြောတာ မပြီးသေးဘူးလားလို့ ခပ်တင်းတင်း

လှမ်းမေးလိုက်တယ်၊ သံအမတ် ဘိုးကားဟာ သူ့ခုဘဲ ပြီးပါတော့မယ်လို့ ပြောပြီး စကားလေးငါးခွန်းလောက်ဆက်ပြောတယ်၊
သံအမတ် ဘိုးကားပြောပြီးတာနဲ့ တပြိုင်နက် ဝန်ကြီးချုပ်ဟာ သံအမတ်တွေကို ဘာဆိုဘာမှ မပြောဘူး၊ သူ့နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအေးမောင်ဘက်ကို လှည့်ပြီး ဒီသံအမတ်တွေကို ပြန်ကြတော့လို့ ဗမာလိုလှမ်းပြောလိုက်တယ်၊ နိုင်ငံခြားရေး ဒေါက်တာအေးမောင်လည်း ကြားကြားခြင်း ဘာလုပ်ရမှန်း မသိဘူး၊ သူ့ဝန်ကြီးချုပ်ကို အံ့အားသင့်ပြီး ကြည့်နေတယ်၊ နောက်တော့မှ ဝန်ကြီးချုပ်က သူ့ကို အမိန့်ပေးနေတယ်ဆိုတာ သတိရပြီး ကဲ–သံအမတ်တို့ ခင်ဗျားတို့ ပြန်ကြတော့တဲ့ ဝန်ကြီးချုပ်က အခုဘဲ ကျွန်တော့်ကို အမိန့်ပေးတယ်လို့ သံအမတ်တွေကို လှမ်းပြောတယ်၊
ဝန်ကြီးချုပ်ဦးနုဟာ များမကြာခင်ဘဲ သူမှားသွားပြီဆိုတာ သတိရတယ်၊ ဒီအမှားဟာ သူ့စိတ်ကို အတော် ထိခိုက် နေတယ်၊ ဘုရားခန်းထဲမှာလည်း ဒီအမှားကြီးဟာ သူ့ခေါင်းထဲကို ခနခန ဝင်လာတဲ့အတွက် သူဟာ ပရိတ်တောင် ဖြောင့်အောင် မရွတ်နိုင်ဘူး၊ တခါတခါ ပရိတ်ရွတ်နေတုန်း ဘယ်ရောက်လို့ ရောက်မှန်းမသိ။ အစကပြန်ရွတ်ရတယ်၊ ထမင်း စားခန်းထဲမှာလဲ ဒီလိုပါဘဲ၊ ဒီအမှားကြောင့် ထမင်းဖြောင့်အောင် မစားနိုင်ဘူး၊ တခါတခါ ထမင်းစားနေတုန်း သူ့ပါးစပ်က ယောင်ယောင်ပြီး ငါလုပ်လိုက်ရင် ဒီလိုစောက်ရမ်းကြီးဘဲဆိုတဲ့ စကားတွေ ထွက်ထွက်လာတယ်၊
ဒေါ်မြရီလည်း အစမှာတော့ ဘာမှမပြောဘူး၊ သူ့ ယောကျ်ားဘာဖြစ်နေသလဲဆိုတာကိုသာ သူအကဲခပ်နေတယ်၊ ဂယောင်ဂတမ်းတွေ များလာတဲ့အခါ တချိန်မှာတော့ ကိုကိုနု။ ရှင်ဘာဖြစ်နေသလဲလို့ သူ့ယောကျ်ားကို ကရုဏာနဲ့ လှမ်းမေးလိုက်တယ်၊ ဘာဖြစ်ဖြစ် မင့်အပူမဟုတ်ဘူးလို့ သခင်နုက လှမ်းငေါက်လိုက်တဲ့အခါ ဒေါ်မြရီလဲ စိတ်ကောက်သွားတယ် ထင်ပါရဲ့၊ ထမင်းစားနေတုန်း တပိုင်းတစကြီးနဲ့ စားပွဲက ထသွားတယ်၊
နောက်တရက် နှစ်ရက်လောက်ကြာလို့ဏ္ဍ စိတ်အနှောက်အယှက်ဖြစ်တာတွေ အတော်ကလေး ရှင်းသွားတဲ့အခါ ဝန်ကြီးများ အစည်းအဝေးကိုခေါ်ပြီး ဟိုနေ့ကဖြစ်ပျက်ခဲ့တဲ့အဖြစ်ပျက်ကို ပြောပြတယ်၊ သူမှားသွားတဲ့အကြောင်းကို လည်း ဝန်ခံတယ်၊ ဝန်ကြီးချုပ်ရှင်းမပြခင်ကတည်းက နိုင်ငံခြားဝန်ကြီးပြောပြလို့ ဝန်ကြီးတွေအတော်များများဟာ အကြောင်းစုံကိုသိနေကြပြီ၊ ဝန်ကြီးချုပ်ပြောပြတဲ့အခါ ဝန်ကြီးတချို့က ဗြိတိသျှ အစိုးရကချေးမယ်ဆိုတဲ့ငွေကိုရဖို့ သိပ်အရေးကြီးပါတယ်၊ ဒီငွေကို မသုံးစွဲချင်ရင်တောင် အသာကလေး သိမ်းထား လိုက်ပါ၊ ဗြိတိသျှအစိုးရက ပြည်ထောင်စုအစိုးရကို ငွေချေးတယ်ဆိုတဲ့သတင်းဟာ တချို့ သူပုန်တွေကိုတိုက်ရတဲ့နေရာမှာ လက်နက်ကောင်း တခုဖြစ်နိုင်တယ်၊ အဲဒါကြောင့် ပထမဆွေးနွေးပွဲပျက်သွားပေမဲ့ စိတ်မပျက်ပါနဲ့။ ဒီငွေကိုရအောင်ထပ်ကြိုးစားပါအုံးလို့

ဝန်ကြီးချုပ်ကို ဝိုင်းပြီး တိုက်တွန်းကြတယ်၊ ဝန်ကြီးချုပ်ဟာ ထပ်ပြီး ကြိုးစားရမှာ ရှက်နေတယ်ထင်တယ်၊ ဘာမှမပြောဘူး၊ ခေါင်းငုံ့ပြီး ငုတ်တုတ်ကြီးထိုင်နေတယ်၊ အဲဒီအခါ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအေးမောင်က အခု ချက်ချင်းတောင်းလို့ မကောင်းဘူး၊ အခွင့်သာတဲ့အခါ သူကြိုးစားကြည့်ပါ့မယ်လို့ ကတိပေးတယ်၊ ဈေးငွေနဲ့ ပတ်သက်တဲ့ နောက်ဆွေးနွေးပွဲမှာတော့ ဝန်ကြီးချုပ်မပါတော့ဘူးထင်တယ်၊ ၁၉၅၀ပြည့်နှစ် ဇွန်လထဲမှာ ဗြိတိသျှအစိုးရဆီက နှောင်းကြိုးမဲ့ဈေးငွေ စတာလင်ပေါင်(၆)သန်းရတယ်၊

နောက်မကြာခင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ် ဥက္ကဋ္ဌတွေ၊ ချင်းအထူးဝိသေသတိုင်း ဝန်ကြီး သူတို့ရဲ့ ပါလီမန် အတွင်းဝန်တွေ၊ တောင်တန်းသား ပါလီမန် အမတ်တချို့ ဝန်ကြီးချုပ်နဲ့လာတွေ့ကြတယ်၊ ဝန်ကြီးချုပ်ကို တွေ့တွေ့ခြင်း အခြားစကားတွေမပြောဘဲ ဝန်ကြီးချုပ်ခင်ဗျား အခြေအနေကတော့ အတော်ဆိုးနေပြီ၊ ကျွန်တော်တို့အထင် အစိုးရဟာ ရန်ကုန်ကတောင် တခြားနေရာတခုခုကို ဆုတ်ပေးရမယ်ထင်တယ်၊ အကယ်၍ ဝန်ကြီးချုပ်မှာ ဒီလိုအစီအစဉ်တွေရှိရင် ကျွန်တော်တို့လဲ အချိန်မှီ သိပါရစေ၊ ဗမာပြည်မမှာ ရန်သူကို တိုက်လို့မနိုင်ရင် ကယားပြည်ထဲကို ရွှေ့ပြီး ရန်သူကိုတိုက်ကြတာပေါ့၊ ကယားပြည်မှာလည်း မဟန်သေးရင် ရှမ်းပြည် ရှမ်းပြည်မှာလည်း မဟန်သေးရင် ကချင်ပြည်။ ကချင်ပြည်မှာလည်း မဟန်ပြန်သေးရင် ချင်းတောင်ကို ရွှေ့ပြီး ရန်သူကို တိုက်ကြတာပေါ့၊ ဝန်ကြီးချုပ်က ကျွန်တော်တို့ကို သေနတ်သာရှာပေးပါ၊ ကျွန်တော်တို့ တိုက်ပါ့မယ်၊ ရန်သူဆီမှာတော့ ကျွန်တော်တို့ ဘယ်နည်းနဲ့ မှ ဒူးမထောက်ဘူး၊ အစိုးရကို ကျွန်တော်တို့ဘယ်တော့မှ သစ္စာမဖောက်ဘူးဆိုတာ ကျွန်တော်တို့ တောင်တန်းသားတွေ အားလုံးရဲ့ ကိုယ်စား ကျွန်တော်ကတိပြုပါတယ်လို့ ရှမ်းပြည်နယ် ဥက္ကဋ္ဌ စပ်ခွန်ချို က ဝန်ကြီး ချုပ်ကို ပြောတယ်၊

ဒီအချိန်ဟာ ပြည်ထောင်စုအတွက်လည်း အမှောင်မိုက်ဆုံးအချိန် ဖြစ်နေတယ်၊ ဝန်ကြီးချုပ် အတွက်လည်း အားကိုးရာ အမဲ့ဆုံးအချိန်ဖြစ်နေတယ်၊ ဒီလို အချိန်မျိုးမှာ ရှမ်းပြည်နယ် ဥက္ကဋ္ဌ စပ်ခွန်ချိုရဲ့ စကားတွေကို ကြားရတဲ့အခါ သခင်နုဟာ အများကြီး အားတက်သွားတယ်၊ ဒီတောင်တန်းသားညီတော်နောင်တွေဟာ တကယ်လိုတဲ့အချိန်မှာ တကယ်အားကိုးရတဲ့ မိတ်ဆွေကောင်းတွေ ပါဘဲလို့ တွေးပြီးတော့လည်း ဝန်ကြီးချုပ်ဟာ လှိုက်လှိုက်လှဲလှဲဖြစ်ပြီး ငိုချင်သလိုလိုဖြစ်လာတယ်၊ အဲဒါကြောင့် မျက်ရည်တွေ စီးကျမလာအောင် စို့ထွက်စ မျက်ရည်ပေါက်ကလေးတွေကို ခပ်မြန်မြန်မျက်တောင်ခတ်ပြီး ထိန်းသိမ်းရင်း။ ကျွန်တော်အများကြီးကျေးဇူးတင်တယ်၊ ကျွန်တော့်စိတ်ကို အများကြီး ထိခိုက်တယ်လို့ပြောပြီး ဖြုန်းကနဲစကားဆက်မပြောနိုင်သေးဘဲ ဝန်ကြီးချုပ်ဟာ နှစ်မိနစ်လောက်ငြိမ်နေတယ်၊ နောက်ပြီးတော့မှ ချို ပြောတာမှန်တယ်၊

အခြေအနေကတော့ တကယ်ကို ဆိုးနေပြီ၊ အဲဒီအခြေအနေအရ ရန်ကုန်မြို့တောင် ရန်သူလက်ထဲကို ကျမယ်ဆိုရင် ကျသွားနိုင်တယ်၊
ညကဘဲကျနော်သတင်းရတယ်၊ နော်ဆိုင်းခေါင်းဆောင်တဲ့ ကချင်တပ်နဲ့ ကရင်တပ်ရင်း(၁)တို့ဟာ မန်းဒလေးက ထွက်ပြီး ရန်ကုန်ဘက်ဆီကို ဆင်းလာကြပြီ၊ လမ်းတလျှောက်လုံး ရန်ကုန်အထိ သူတို့ကို ခုခံဘို့အတွက် ကျွန်တော်တို့မှာ ဘာတပ်မှမရှိသေးဘူး၊ ရသမျှတပ်တွေကိုစုပြီး ဖြစ်တဲ့နေရာက ခုခံဖို့ ကျွန်တော်တို့ လူတွေ အပြင်းအထန် စီစဉ် နေရတယ်လို့ ဝန်ကြီးချုပ်က ရှင်းပြတယ်၊ ဒီလိုဆိုရင် အစိုးရဟာ ရန်ကုန်က ဆုတ်ခွာသွားဖို့အကြောင်းများရှိပါသလားလို့တောင်တန်းသား ကိုယ်စားလှယ်တဦးက မေးတဲ့အခါ ရန်ကုန်ကတော့ ကျွန်တော်တို့ ဘယ်နည်းနဲ့မှ မဆုတ်ဘူး၊ ဘာဘဲဖြစ်ဖြစ် ခံချမှာဘဲလို့ ဝန်ကြီးချုပ်က ဖြေတယ်၊ ဝန်ကြီးချုပ်ခင်ဗျား နိုင်ငံခြားက လက်နက်အကူအညီ မရနိုင်ဘူးလား။ ပြည်ထောင်စုရဲ့ လက်ရှိ အခြေအနေမျိုးနဲ့ ဆိုရင် ရနိုင်ဘို့ခက်တယ်၊ ဝန်ကြီးချုပ်ရဲ့ မိတ်ဆွေကြီးမစတာနေရူးဆီက လက်နက်အကူအညီနဲနဲပါးပါးရအောင် တောင်းကြည့်ဘို့ကောင်းတယ်၊
မစတာနေရူးဆီက လက်နက်အကူအညီရတာ ဘာမှ မကြာသေးဘူး၊ ကျွန်တော်ရဲ့ တပ်သားသူပုန်တွေထပြီး ယူသွားတဲ့သေနတ် အတော်များများဟာ မစတာနေရူးဆီက အကူအညီရတဲ့ သေနတ်တွေဘဲ၊ ဒါပေမဲ့ ကျွန်တော်ထပ်ကြိုးစားကြည့်အုံးမယ်၊
အခြေအနေဟာ တနေ့တခြား လျင်လျင် မြန်မြန်ကြီး ဆိုးသထက် ပိုဆိုးနေတယ်၊ အဲဒီတော့ သေနတ်တွေ မြန်မြန်ရအောင် ကြိုးစားပါ ဝန်ကြီးချုပ်၊ အခုနော်ဆိုင်းတို့လူစုနဲ့ ကရင်တပ်ရင်း(၁)ဆင်းလာတာကို ကျွန်တော်ခဏစောင့်ကြည့်ရအုံးမယ်၊ ဒီကိတ်စ ဟာ စိတ်ချရတဲ့ အခြေအနေကို ရောက်တာနဲ့ တပြိုင်နက် ကျွန်တော် အိန္ဒိယကို လိုက်သွားမယ်၊
သေနတ်တွေ မြန်မြန်ရအောင် ကြိုးစားပါ ဝန်ကြီးချုပ်၊
သူတို့ ပြန်သွားပြီးမကြာခင် တယ်လီဖုန်း ခေါ်သံကြားတဲ့အတွက် ဝန်ကြီးချုပ် ကောက်နားထောင်လိုက်တယ်၊ ခေါ်သူဟာ ပဲခူးခရိုင်ရဲဝန်ဖြစ်နေတယ်၊ သာမန်အားဖြင့်ဆိုရင် ရဲအရာရှိတွေဟာ သူတို့ရဲ့ ရဲချုပ်နဲ့ ဆက်ကြတာဘဲ၊ အဲဒီအချိန်မှာတော့ ပဲခူးခရိုင်ရဲဝန်ဟာ အားကိုးရာမဲ့ဖြစ်ပြီး ဝန်ကြီးချုပ်ကို တိုက်ရိုက် ဆက်ဟန်တူတယ်၊ ဝန်ကြီးချုပ်ခင်ဗျား အနှောက်အယှက်ပေးမိရင်ခွင့်လွှတ်ပါ၊ နော်ဆိုင်းတို့ကို ခံတိုက်ဘို့ ပဲခူး တခရိုင်လုံး မှာ ဘာတပ်မှ မရှိဘူး၊ ပဲခူးမြို့ထဲမှာ ရဲဘော်ဖြူနဲနဲ ရှိတယ်၊ ဒါပေမဲ့ သူတို့ကတော့ ဝန်ကြီးချုပ်သိတဲ့အတိုင်း ပါဘဲ၊ အဲဒီတော့ ပဲခူးကို စစ်ကူမြန်မြန် ပို့စေချင်ပါတယ်ခင်ဗျား၊
ကျွန်တော်တို့လည်း ကြိုးစားနေတယ်၊ ဒါပေမဲ့ ဘာဖြစ်မယ်ဆိုတာတော့ အခုအခါ အတိအကျ မပြောနိုင်သေးဘူး၊

ပဲခူးမှာ သူပုန်ကို အသေခံပြီးတိုက်ချင်တဲ့ အရပ်သူ၊ အရပ်သားတွေ အများကြီးရှိတယ်၊ ကျွန်တော့်ဆီကိုလာပြီး သေနတ်ပေးပါလို့ တောင်းနေတယ်၊ ဝန်ကြီးချုပ် စစ်တပ်မပို့ပေးနိုင်ရင် သေနတ်ပို့ပေးပါ၊ ကျွန်တော်တို့ ဒီလူတွေနဲ့ပေါင်းပြီး သူပုန်ကို ခံချပါ့မယ်၊

ကျွန်တော် ကြိုးစားပါ့မယ်၊ ဒါပေမဲ့ သေနတ်တွေ ရောက်လာလိမ့်မယ်ဆိုပြီး သိပ်လဲမျှော်မနေကြနဲ့၊ခင်ဗျားတို့မှာ ရှိသမျှနဲ့ ခံနိုင်အောင်လည်း ကြိုးစားကြအုံး၊

ဒီလိုဆိုရင် ရိုင်ဖယ်ကျည်ဆံ နှစ်ထောင်လောက် မပေးနိုင်ဘူးလား ဝန်ကြီးချုပ်၊

ကျွန်တော် ကတိမပေးပါရစေနဲ့၊ ကြိုးစားပါ့မယ်ဆိုပြီး ဝန်ကြီးချုပ် ရင်လေးလေးနဲ့ တယ်လီဖုန်းကို ချလိုက်တယ်၊

နောက် တရက်နှစ်ရက်လောက် ရှိတဲ့အခါ ဗိုလ်ကျော်ဇော ဝန်ကြီးချုပ်ဆီကို ရောက်လာပြီး ရန်သူတွေ ပဲခူးနဲ့ (၁၅)မိုင်လောက်အထိ ရောက်လာကြပြီ၊ အဲဒီက ဆုတ်မပေးနဲ့၊ အပြင်းအထန်ခံချဆိုပြီး ကျွန်တော် အမိန့်ပေးထားတယ်လို့ အစီရင်ခံတယ်၊

အစိုးကတပ်တွေမှာ လက်နက်ပြည့်ပြည့်စုံစုံ ရှိကြရဲ့လား၊

ဟိုကဆွဲ ဒီကဆွဲနဲ့ ကမန်းကတမ်း ရရာဆွဲပြီး ပေးလိုက်ရတာဘဲ ဝန်ကြီးချုပ်၊ အခုကျွန်တော်လာတာကတော့ အရေးကြီးတဲ့ ကိတ်စတခုကို ပြောဘို့ဘဲ၊

ဘာကိတ်စလဲ၊

ဝန်ကြီးချုပ် မှတ်မိပါလိမ့်မယ်၊ ကေအင်ယူ သူပုန် မထခင်တုန်းက ကယားမှာ ကျွန်တော်တို့ပို့ထားတဲ့ ချင်း တပ်ခွဲတစ်ခုကို ကေအင်ဒီအိုတွေက အလစ်ဝင်စီးတယ်၊ ဝန်ကြီးချုပ်ဘဲ ဗိုလ်ချုပ်ကြာဒိုးကိုလွှတ်ပြီး အပြောခိုင်းလို့ ကေအင်ဒီအိုတွေဟာ လက်နက်တွေ အားလုံးကိုသိမ်းပြီး ချင်းစစ်သားတွေကို လွှတ်ပေးလိုက်တယ်၊ အဲဒီချင်း စစ်တပ်ကို ရန်ကုန် ပြန်ခေါ်ပြီး ကျွန်တော်တို့ လက်နက်အသစ် တပ်ပေးတယ်၊ တပ်ခွဲရဲ့ ချင်းစစ်ဗိုလ်ဟာ စိတ်ဓါတ်တွေကျဆင်းပြီး အဲဒီ ပဲခူး စစ်မျက်နှာမှာ စစ်မတိုက်တော့ဘူး၊ သူ့တပ်ကို ခေါ်ပြီး ချင်းတောင်ကို ပြန်တော့မယ်လုပ်နေတယ်၊ ပဲခူးစစ်မျက်နှာဟာ တဲတဲလေးရှိတဲ့အတွက် အဲဒီချင်းစစ်တပ်ဟာ ဒီလို လုပ်သွားရင် ပြိုကျသွားနိုင်စရာ အကြောင်းရှိနေတယ်၊

ဒီအစီရင်ခံချက်ကြားပြီးတာနဲ့ တပြိုင်နက် ဝန်ကြီးချုပ်လည်း ဗိုလ်ကျော်ဇောနဲ့ တိုင်ပင်ပြီး ပဲခူးစစ်မျက်နှာကိုလိုက်သွားဘို့ စီစဉ်ကြတယ်၊ ဝန်ကြီးချုပ်က သူနဲ့အတူ သူ့ရဲ့ ချင်းပါလီမန်အတွင်းဝန် ကက်ပတိန် မန်းတုံးနွေးကို ခေါ်သွားတယ်၊ ဗိုလ်ကျော်ဇောလည်း ဝန်ကြီးချုပ်နဲ့ အတူ လိုက်လာတယ်၊ အဲဒီ အချိန်က ပဲခူးကိုသွားတဲ့ မော်တော်ကားလမ်းတလျှောက်မှာ ရဲဘော်ဖြူနဲ့ကွန်မြူနစ် မြေအောက်စခန်းကလေးတွေ ရှိနေတဲ့အတွက် ဝန်ကြီးချုပ်တို့ လူစုဟာ မော်တော်ကားနဲ့သွားလို့ မရဘူး၊ အဲဒါကြောင့် ဒုတိယကမာစစ် ကြီးအတွင်းက ဆောက်ထားတဲ့ ပဲခူးနားက လေယဉ်ပျံကွင်းဟောင်းတခုကို စစ်တပ်က

လေယဉ်ပျံကလေးတစင်းနဲ့သွား အဲဒီလေယဉ်ပျံကွင်းကမှ ပဲခူးကိုဖြတ်ပြီး ပဲခူးနဲ့ (၁၅)မိုင်လောက်ဝေးတဲ့ ရှေ့တန်းစစ်မျက်နှာကို သွားရတယ်၊ အဲဒီကိုရောက်လို့ စိတ်ဓါတ်ကျဆင်းနေတဲ့ ချင်းစစ်ဗိုလ်ကိုတွေ့တဲ့အခါ ဝန်ကြီးချုပ်က ဒို့ပြည်ထောင်စုဟာ သူပုန်တွေကြောင့် အခုအခါ အင်မတန် ဒုက်ခရောက်နေတယ်၊ ဒီဒုက်ခတွေက လွတ်ဘို့အတွက် မင်းတို့ ချင်းစစ်သားတွေကို အများကြီးအားကိုးနေတယ်၊ အဲဒီလို အားကိုးနေတဲ့အခါမှာ မင်းတို့က ပြည်ထောင်စုကို မကာကွယ်ဘဲ ချင်းတောင်ကို ပြန်သွားမယ်ဆိုရင် ပြည်ထောင်စုလည်း ဒုက်ခ ရောက်မယ်၊ ချင်းစစ်တပ်တွေလဲ နံမယ် ပျက်ကုန်မယ်၊ မင်းတို့ချင်းစစ်သားတွေဟာ နေရာအတော်များများမှာ စွန့်စွန့်စားစားတိုက်တဲ့အတွက် သတ်တိရှိတယ်၊ သစ်စာရှိတယ်လို့ နံမယ်ကောင်းတွေ ရနေတယ်ဆိုတာ မင်းလည်းသိတာဘဲ၊ ဒီမှာ စစ်မတိုက်ဘဲ မင်းချင်းတောင်ကို ပြန်သွာမယ်ဆိုရင် ချင်းစစ်သားတွေရဲ့ ဂုဏ်ကို အများကြီး ထိခိုက်လိမ့်မယ်၊ အစရှိသဖြင့် ဝန်ကြီးချုပ်က စ+ပီးပြောတယ်၊ အဲဒီနောက် ကပ်ပတိန် မန်တုံးနှုံးကလည်း ချင်းစစ်ဗိုလ်ကို အတော်ကြိုးစားပြီး နားချတယ်။ အဲဒါကြောင့် ချင်းစစ်ဗိုလ်က ချင်းတောင်ကို မပြန်တော့ပါဘူး၊ ဒီမှာဘဲ သစ်စာရှိရှိနဲ့ တိုက်ပါ့မယ်လို့ ကတိပေးတယ်၊ ဝန်ကြီးချုပ်ဟာ အင်မတန်ကျေနပ်ပြီး ဒီချင်းစစ်ဗိုလ်နဲ့ သူ့တပ်ခွဲကို ငွေငါးထောင်ဆု ချလိုက်တယ်၊ ဒီလိုကွက်ပြီး ဆုချလိုက်တာ မှားသွားမှန်းကို နောင်နှစ်ပေါင်း အတော်ကြာမှ ဝန်ကြီးချုပ် သိရတယ်၊ အဲဒီတုန်းက ဒီစစ်မျက်နှာရဲ့မှာ အကြီးအကဲဖြစ်သူ ဗိုလ်ချစ်မြိုင်နဲ့တွေ့တဲ့အခါ အဲဒီပဲခူးစစ်မျက်နှာတုန်းက ဂေါ်ရခါးတပ်တွေ ဗမာတပ်တွေပါ၊ အသက်စွန့်တိုက်ရပေတဲ့ ချင်းတပ် တတပ်တည်းကိုကွက်ပြီး ဆုချသွားတဲ့အတွက် ကျွန်တော်တို့ စိတ်ကောက်ပြီး ဝန်ကြီးချုပ်ကို ပန်းကန်အကျိုးအပဲ့တွေနဲ့ လဘက်ရည်တိုက်လိုက်မိတယ်၊ ကျွန်တော်တို့မှားသွားပါတယ်၊ သီးခံပါလို့ ဝန်ကြီးချုပ်ကို တောင်းပန်တယ်၊ ကလော်ဆဲရင်တောင် ဝန်ကြီးချုပ်ဟာ ဗိုလ်ချစ်မြိုင်ကိုတော့ သီးခံမှာဘဲ၊ ဘာဖြစ်လို့လဲဆိုရင် မင်္ဂလာဒုံမှာ တပ်ရင်း(၃)သူပုန်ထတုန်းက ဒီဗိုလ်ချစ်မြိုင်ဟာ အစိုးရနဲ့ တိုင်းပြည်ကို ကယ်လိုက်ဖူးလို့ဘဲ၊

ဒီချင်းစစ်ဗိုလ်နဲ့ စကားပြောပြီးတဲ့အခါ ဂေါ်ရခါး စစ်ဗိုလ်တယောက်က စေတီငုတ်တိုတဆူကို လက်ညှိုးထိုးပြပြီး အဲဒီအပေါ်က တက်ကြည့်ရင် ရန်သူတွေကို ကောင်းကောင်းမြင်ရတယ်၊ ဝန်ကြီးချုပ်တက်ကြည့်မလား လို့မေးတယ်၊ ဝန်ကြီးချုပ်က ကြည့်မယ်လို့ဆိုတာနဲ့ အဲဒီစစ်ဗိုလ်ဟာ (၃)လက်မ မော်တာတလုံး ပစ်သွင်းလိုက်တယ်၊ ပြီးတော့မှ အခုလို ရန်သူတွေ ဖရိုဖရဲဖြစ်နေတုန်း ခပ်မြန်မြန် တက်ကြည့်ပါလို့ ဝန်ကြီးချုပ်ကို ပြောတယ်၊ ဝန်ကြီးချုပ်ဟာ ဒါမျိုးတွေကို မကြည့်ချင်ပါဘူး၊ ဒါပေမဲ့ အခုလို စွန့်စွန့်စားစား တိုက်နေကြတဲ့ ဗိုလ်အကြပ် တပ်သားတွေ ကျေနပ်အောင် သူတို့ရဲ့ အလိုကို လိုက်တာပါဘဲ၊

ရန်သူတွေဟာ မော်တော် ကားလမ်းမကြီးအတိုင်း မလာဘဲ လယ်ကွင်းတွေကို ဖြတ်ပြီး နောက်ဖက်ကနေ အလစ်ဝင်တိုက်မဲ့ အန္တရာယ်ရှိနေတဲ့အတွက် မော်တော်ကားလမ်းကို ပိတ်ထားပုံမကဘူး၊ ဒီမော်တော်ကားလမ်းရဲ့ ဘယ်ညာနှစ်ဖက်စလုံးကို တောင်ပံဖြန့်ပြီး အစိုးရရဲ့ ရှိစုမဲ့စုတပ်ကလေးတွေကို ခပ်ကျဲကျဲ နေရာချထားရတယ်၊ ဒီနေရာတွေကိုသွားဖို့ဆိုတာ အင်မတန် အန္တရာယ်ကြီးတယ်၊ ရန်သူက အချိန်မရွေးသေနတ်နဲ့ လှမ်းပစ်နိုင်တယ်၊ ဒီလို အန္တရယ်များမှန်း သိပေတဲ့ ဗိုလ်အကြပ် တပ်သားတွေဟာ အခက်အခဲတွေကြားက သူတို့ဘယ်လောက် စွန့်စွန့်စားစားတိုက်နေကြတယ်ဆိုတာ ဝန်ကြီးချုပ်မြင်သွားစေချင်တယ်၊ အဲဒါကြောင့် ဝန်ကြီးချုပ်လည်း အဲဒီနေရာတွေထဲက သူတို့ခေါ်သွားတဲ့ နေရာတွေကို သူတို့ အလိုလိုက်တဲ့အနေနဲ့ သွားကြည့်လိုက်ရသေးတယ်၊
နောက်ထပ်ရက်အနည်းငယ်ကြာတဲ့အခါ ကချင်သူပုန်နော်ဆိုင်တို့ရဲ့ ကေအင်ဒီအိုတွေနဲ့ စိတ်သဘောကွဲလွဲကြသလား၊ ဒါမှမဟုတ်ရင်လည်း သူတို့ဘက်မှာ အထိအခိုက် အကျအဆုံးတွေ များတဲ့အတွက်စိတ်ဓာတ်ကျသွားသလား၊ ဒါမှမဟုတ်ပြန်ရင်လည်း ခဲယမ်းမီးကျောက်တွေ ကုန်ခမ်းသွားလို့ဘဲလား၊ အခြားအကြောင်းတခုခုကြောင့်ဘဲလား၊ ဘာအကြောင်းဆိုတာကိုတော့ စုံစမ်းလို့ မရဘူး၊ ပဲခူးကို ဧပြီလ (၂၆)ရက်နေ့ ရန်ကုန်ကို မေလ(၁)ရက်နေ့မှာ သိမ်းမယ်လို့ ကြုံးဝါးထားတဲ့ သူပုန်နော်ဆိုင်းနဲ့ ကေအင်ဒီအိုတွေ တောင်ငူကို ပြန်ဆုတ်သွားကြတယ်၊
တောင်တန်းညီနောင်တော်တွေကို ကတိပေးထားတဲ့အတိုင်း ဝန်ကြီးချုပ် သခင်နုဟာ သေနတ် တောင်းရအောင် နယူးဒေလီကိုလိုက်သွားတယ်၊ သူလိုချင်တဲ့ လက်နက်တွေကိုပေးမယ်လို့ ဝန်ကြီးချုပ် နေရူး ကတိပေးလိုက်တဲ့အတွက် ဝန်ကြီးချုပ် သခင်နုဟာ ဝမ်းသာပြီးပြန်လာတယ်၊ ဆင်းဟား ဆိုသူ အိန္ဒိယအမျိုးသားတယောက်ရဲ့ ပြောပြချက်အရဆိုရင် အိန္ဒိယအစိုးရက ဗမာအစိုးရကို မကြာသေးခင်ကဘဲ လက်နက်တွေပေးလိုက်တယ်၊ ဒီလက်နက်တွေအားလုံး သူပုန်တွေရဲ့ လက်ထဲကို ရောက်ကုန်ပြီ၊ အခုနောက်ထပ်ပေးရင်လည်း ပေးသမျှ သူပုန်တွေလက်ထဲကို ရောက်ကုန်အုံးမှာဘဲ၊ အဲဒါကြောင့် ဗမာအစိုးရကို လက်နက်မပေးသင့်ဘူးလို့ အတွင်းဝန်တွေက အစီရင်ခံတယ်၊ ဒါပေမဲ့ ဘာဘဲဖြစ်ဖြစ် ဦးနု ဒုက်ခရောက်နေတယ်၊ သူတောင်းတဲ့သေနတ်တွေကိုပေးလိုက်ပါဆိုပြီး ဝန်ကြီးချုပ်နေရူးက အမိန့်ချပေးလိုက်တယ်လို့ ဝန်ကြီးချုပ်သခင်နုသိရတယ်၊ အိန္ဒိယက ပြန်ရောက်လာပြီး မကြာမီ စစ်ရုံးမှာ အစည်းအဝေးတက်နေတုန်း ဝန်ကြီးချုပ်သခင်နုဟာ အတွင်းဝန်ချုပ်ရုံးက တဆင့် ခေနွှာ့ဥညနူတေ ပို့ဏ္ဍလိုက်တဲ့ မုံရွာခရိုင်ရဲဝန်ရှားကိုးရဲ့ စာတိုလေးတစောင်ကိုရတယ်၊ အဲဒီအချိန်ကျတော့ မုံရွာခရိုင်ရဲ့ အခြေအနေဟာ ရှားကိုးနဲ့ ဝန်ကြီးချုပ်တို့ ရွှေဘိုမှာတွေ့တုန်းက အခြေအနေထက်

အများကြီး ပိုဆိုးနေပြီ၊ အဲဒီ တွေ့တဲ့ အချိန်တုန်းက မော်တော်
ကားလမ်းတလျှောက်က ရွာတွေ အတော်များများကို သိမ်းထားလိုက်တဲ့အတွက်
‘ခေနချွင်ညှူငွတေ မုံရွာနဲ့ဖျာရွှေဘို မော်တော်ကားလမ်းဟာ ဖြတ်ထားသလို
ဖြစ်သွားတယ်၊ ရှားကိုးမှာ ဝါယာလက်လည်းမရှိတဲ့အတွက် အဲဒီစာကို
ဆေးပေါ့လိပ်အစီခံထဲမှာ ထည့်လိပ်ပြီး လူယုံတယောက်နဲ့ ရွှေဘိုခရိုင်ဝန်ဆီကို
ပို့ရတယ်၊ ရွှေဘိုခရိုင်ဝန်ကမှ အတွင်းဝန်ချုပ်ရုံးကို ပို့ပေးရတယ်၊
စာကိုဖတ်ကြည့်တဲ့အခါ ရဲဘော်ဖြူတွေ မုံရွာမြို့ကို ဖိစပြုလာ+ပီ၊
တိုက်ပွဲဖြစ်လိမ့်မယ်ထင်တယ်၊ ကျည်ဆံနှစ်ထောင် အမြန်ပို့ပေးလို့ အစီရင်ခံထားတာ
ဝန်ကြီးချုပ် ဖတ်ရတယ်၊ စစ်ရုံးမှာ စုံစမ်းကြည့်တဲ့အခါ ကျည်ဆံနှစ်ထောင်ဆိုတာတော့
ဝေးရော နှစ်ရာတောင်ပို့စရာမရှိဘူးဆိုတာ ဝန်’ကီးချုပ်သိရတယ်၊
ဝန်ကြီးချုပ်ဟာရှားကိုးကိုပစ်မထားချင်ဘူး၊ တနည်းနည်းနဲ့ ကူချင်တယ်၊
ဘယ်လိုကူရမလဲ ဝန်ကြီးချုပ် စဉ်းစားလို့ မရဘူး၊ အဲဒါကြောင့် ဝန်’ကီးချုပ်ဟာ
ရွှေဘိုကိုလိုက်သွားဘို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒီအချိန်မှာ ဝန်ကြီးချုပ်ဟာ အစိုးရပိုင်
ဒက်ကိုးတာ လေယဉ်ပျံတွေကို မစီးတော့ဘူး၊ ဒက်ကိုးတာတွေကို အဲဒီအချိန်တုန်းက
ဗြိတိသျှလေယာဉ်ပျံ မောင်းသမားတွေမောင်းတယ်၊ ဒီဗြိတိသျှပိုင်းလော့တွေဟာ ဥပဒေ
စကားသိပ်ပြောတယ်၊ သူတို့ဟာ စစ်ပိုင်းလော့တွေ မဟုတ်ဘူး၊ အဲဒါကြောင့်
စစ်သားတွေနဲ့ စစ်လက်နက်တွေပါလာတဲ့ လေယဉ်ပျံတွေကို မမောင်းနိုင်ဘူးလို့
ငြင်းဆန်ကြတဲ့အတွက် ဒက်ကိုတာ လေယဉ်ပျံနဲ့ စစ်သားလေးတွေကို ပို့ချင်ရင်
စစ်သားကလေးတွေဟာ ယူနီဖောင်းတွေကိုချွတ်ပြီး အရပ်ဝတ် အရပ်စားတွေကို
ဝတ်ရတယ်၊ လက်နက်တွေကို ဂုံအိတ်ထဲမှာ ဝှက်ပြီး ယူကြရတယ်၊ တချို့ပိုင်းလော့က
ဒီလိုလုပ်တာတောင် လက်မခံဘူး၊
အစိုးရမှာ စစ်တပ် များများစားစားရှိတာမဟုတ်ဘူး၊ အခြေအနေဆိုးလာတဲ့
နေရာတွေပေါ်လာပြီဆိုရင် ငါးပွက်ရာ ငါးစာချသလို ဒီရှိစုမဲ့စု တပ်ကလေးတွေကို
လေယဉ်ပျံနဲ့ သုတ်သီးသုတ်ပြာ ဟိုပို့ဒီပို့ ပို့နေရတယ်၊ ဒီလိုပို့နေရတဲ့အတွက်
လေယဉ်ပျံမောင်းသမားတွေက အခုလို ငြင်းဆန်လာတဲ့အခါ ပြ၊နာသစ်တခုနဲ့
အစိုးရဟာ ရင်ဆိုင်ရပြန်တယ်၊ အဲဒါကြောင့် အစိုးရဟာ အမေရိကန်
ပိုင်းလော့တွေမောင်းတဲ့ ရေပေါ်ရော ကုန်းပေါ်ပါ ဆင်းလို့ရတဲ့ ကက်တလင်းနား
လေယဉ်ပျံတွေကို အထူးငှားယူရတယ်၊ သူတို့ကတော့ ငှားကတည်းက
နားလည်ထားတဲ့အတွက် အခက်အခဲမရှိဘူး၊ ဘယ်သူစီးစီး အစိုးရက အမိန့်ပေးတဲ့
နေရာကို မောင်းပို့တာဘဲ၊ အဲဒီကက်တလင်းနား လေယဉ်ပျံတွေကို မကြာခဏစီးရင်း
ဝန်ကြီးချုပ်ဟာ ကက်ပတိန် ဘရောင်းဆိုတဲ့ အမေရိကန်ပိုင်းလော့နဲ့
အတော်ခင်ခင်မင်မင် ဖြစ်သွားတဲ့အတွက် ရွှေဘိုကိုသွားတဲ့အခါ ပိုင်းလော့ဘရောင်း
မောင်းတဲ့ လေယဉ်ပျံကို စီးလာတယ်၊ အဲဒီ လေယဉ်ပျံထဲမှာ ဝန်ကြီးချုပ်ရဲ့နောက်ကို
အမြဲလိုက်နေကြ ချင်းတပ်စိတ်တစိတ်အပြင် မေဂျာကပ်ဇာထန်းဆိုတဲ့ ချင်းစစ်ဗိုလ်

တယောက်လည်းပါလာတယ်၊
ရွှေဘိုလေယဉ်ပျံကွင်းကို ဆိုက်ပြီးတာနဲ့ တပြိုင်နက် အသင့်စောင့်နေတဲ့ ခရိုင်ဝန်နဲ့ ခရိုင်ရဲဝန်တို့က အင်မတန် စိတ်ပူပြီး ဝန်ကြီးချုပ်ရယ် ဒီအချိန်မှာ အာဖြစ်လို့ ဒီကိုလာရတာလဲ ဒီမှာအခြေအနေက သိပ်ဆိုးနေပြီလို့ ဝိုင်းပြောကြတယ်၊
ရှားကိုးရဲ့  စာကိုရတယ်၊ သူ့ကို အကူအညီပေးစရာရန်ကုန်မှာ ဘာမှမရှိဘူး၊ အဲဒါကြောင့် ဒီမှာဘာများ ရှိသလဲလို့ စုံစမ်းရအောင် လာတာဘဲ၊
သူ့ကို အကူအညီပေးဘို့ ဆိုတာတော့ ထားပါအုံး ဝန်ကြီးချုပ်ရယ်၊ ဝန်ကြီးချုပ်ရဲ့ လုံခြုံရေးကိုတောင်မှ ကျွန်တော်တို့ ဒီမှာ မပေးနိုင်တော့ဘူး၊ အဲဒီတော့ ဝန်ကြီးချုပ်ရွှေဘိုမှာ အကြာကြီးမနေနဲ့ အခုချက်ချင်း ဘေး ကင်းရာကို ထွက်သွားဘို့ ကျွန်တော်တို့ တောင်းပန်ပါတယ်၊
ရှားကိုးကို ဘာမှအကူအညီ မပေးနိုင်တော့ဘူးလား၊ နဲနဲ စဉ်းစားကြည့်ပါအုံး၊
သူဆီကို ပို့ပေးပါဆိုပြီး လေးငါးရက်လောက်က ရဲချုပ်ရုံးက ဝါယာလက်စက်တလုံး ပို့လိုက်တယ်၊ မော်တော်ကားလမ်းကို ရဲဘော်ဖြူတွေဖြတ်လိုက်တာနဲ့ ဒီစက်ကို ကျွန်တော်တို့ ပို့မပေးနိုင်တော့ဘူး၊ ဒီစက်ဟာ ဒီမှာဘဲ ရှိသေးတယ်၊ ဟုတ်ပြီ ဒီလိုဆိုရင် ဒီစက်ကို ကျွန်တော် လေယဉ်ပျံနဲ့ သွားပို့ပေးမယ်၊
ဝန်ကြီးချုပ်မသွားပါနဲ့ အမှန်အတိုင်းအစီရင်ခံရရင် မုံရွာဟာအခုအချိန်မှာ သူပုန်တွေ လက်ထဲကျသွားနိုင်စရာအကြောင်း ရှိတယ်၊ ရှားကိုးကို ရဲဘော်ဖြူတွေ သိပ်ငြိုးတယ်၊ အဲဒီတော့ မုံရွာကို ဖိတိုက်ကြလိမ့်မယ်၊
မုံရွာပေါ်မှာ လေယဉ်ပျံဝဲပြီး အခြေအနေကိုလေ့လာမယ်၊ ကောင်းရင်ဆင်းမယ်၊ မကောင်းမဆင်းဘူး၊ ရှားကိုးဆီကိုပို့ဘို့ ဝါယာလက်စက်ကို အခုချက်ချင်း သွားယူချီဗျာ၊
အဲဒီမှာ ချင်းစစ်ဗိုလ် မေဂျာဇာထန်းက ဝန်ကြီးချုပ် မသွားပါနဲ့၊ ခေနန္တျငညျူ့တေ ရွှေဘိုဏ္ဍာမှာ နေရစ်ပါ၊ ကျွန်တော် မုံရွာမြို့ ပေါ်မှာ ဝဲပြီးလေ့လာမယ်၊ အခြေအနေကောင်းရင်ဆင်းပြီး ဝါယာလက်စက်ကိုပေးမယ်၊ မကောင်းရင်စက်ကို ကျွန်တော်ပြန်ယူခဲ့မယ်လို့ ဝင်ပြောတယ်၊ အားလုံးက မေဂျာဇာထန်းသွားဘို့ ဆိုတာကို သဘောတူတယ်၊ ဒါပေမဲ့ ဝန်ကြီးချုပ်ရွှေဘိုမှာ နေရစ်ဘို့ဆိုတာတော့ သဘောမတူဘူး၊ ရွှေဘိုမှာ အခြေအနေအင်မတန် ဆိုးနေပါတယ်လို့ပြောပြီး အကြိမ်ကြိမ်တောင်းပန်ကြတယ်၊ ဝန်ကြီးချုပ်ဟာ ဒီကိတ်စအတွက် တခုခုလုပ်မပြီးခင် ရန်ကုန်ကို မပြန်ချင်သေးဘူး၊ အဲဒါကြောင့် ရန်ကုန်ကို မပြန်ဘဲ မြစ်ကြီးနားကိုထွက်သွားတယ်၊ ဝန်ကြီးချုပ်ကို မြစ်ကြီးနားမှာ ထားပြီး မေဂျာဇာထန်းက ရွှေဘိုမှာ ဝါယာလက်စက်ကို လာယူရတယ်၊ မုံရွာမြို့ပေါ်မှာ လေယဉ်ပျံ လေးငါးပတ်လောက်ဝဲလိုက်တဲ့အခါ ရှားကိုးနဲ့ သူ့ရဲအဖွဲ့ဝင်တွေ ပြည်ထောင်စုအလံကို ကိုင်ပြီး လမ်းပေါ်ထွက်လာကြတယ်၊
မုံရွာမြို့ဟာ ချင်းတွင်းမြစ်ရဲ့ လက်ဝဲဘက် ကမ်းပေါ်မှာရှိတယ်၊ လက်ျာဘက်ကမ်းကို

ရဲဘော်ဖြူတွေက သိမ်းထားတယ်၊ မုံရွာမြို့ဘက်က မြစ်ထဲမှာ လှေတွေ ဖောင်တွေ မောတော်ဘုတ်တွေ ရှိတဲ့အတွက် ကတ်တလင်နား လေယာဉ်ပျံ ဆိုက်လို့ မရဘူး၊ ဆိုက်ချင်ရင် ရဲဘော်ဖြူတွေသိမ်းထားတဲ့ ကမ်းဘက်က မြစ်ထဲမှာ ဆိုက်ရမယ်၊ အဲဒါကြောင့် လေယဉ်ပျံမဆိုက်ခင် ရှားကိုးတို့ လူစုဟာ မြစ်တဖက်ကို ကူးပြီး ရဲဘော်ဖြူတွေကို အတင်းလိုက်ရှင်းပစ်ရတယ်၊

ကပ်ဇာထန်းဟာ မြစ်ကြီးနားမှာ ဝန်ကြီးချုပ်နဲ့ တွေ့တဲ့အခါ ရှားကိုးတို့ ဝါယာလက်စက်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာတဲ့အကြောင်း အစီရင်ခံတယ်၊ အဲဒီနောက် မုံရွာမှာချင်းတပ်ခွဲတခွဲကို တွေ့ခဲ့ရတဲ့အကြောင်း အဲဒီတပ်ခွဲဟာ သူပုန်တွေလက်ထဲ ရန်ကုန်ကျသွားပြီထင်ပြီး အင်မတန် စိတ်ဓါတ် ကျဆင်းနေတဲ့အတွက် ချင်းတောင်ကို ပြန်တော့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပခုက်ကျုက ချီတက်လာရင် မုံရွာမှာ သောင်တင်နေတဲ့ အကြောင်း။ ခြင်ထောင် မရှိတဲ့အတွက် ချင်းစစ်သားတွေ အင်မတန်ဒုက္ခရောက်တဲ့အကြောင်း ၊ ဘိနပ်စီးစရာမရှိတဲ့အကြောင်း အစရှိသည်တို့ကိုလည်း မေဂျာဇာထန်းက စုံနေအောင် အစီရင်ခံတယ်၊ အဲဒီနောက် ဝန်ကြီးချုပ် မုံရွာကို သွားနိုင်ရင် ဒီချင်းစစ်သားတွေရော ရှားကိုးနဲ့ သူ့ရဲတွေရော အင်မတန်စိတ်အားတက်ပါ လိမ့်မယ်လို့ ကပ်ဇာထန်းက အကြံပေးတယ်၊

ဝန်ကြီးချုပ် မုံရွာကိုသွားဘို့ ဆုံးဖြတ်ပြီး ပိုင်းလော့ကပ်ပတိန်ဘရောင်းကို လေယာဉ်ပျံ အသင့်လုပ်ထားဘို့ အကြောင်းကြားတယ်၊ အဲဒီအခါ ကပ်ပတိန်ဘရောင်းက ဝန်ကြီးချုပ်ဟာ ရွှေဘို လောက်ဘဲသွားမယ်ထင်ပြီး ဓါတ်ဆီနဲနဲသာ ထည့်ယူလာတယ်၊ အခုတော့သူဟာ ရွှေဘိုမှာ မြစ်ကြီးနား၊ မြစ်ကြီးနားက ရွှေဘို၊ ရွှေဘိုက မုံရွာ၊ မုံရွာက မြစ်ကြီးနားအထိ မောင်းရတယ်၊ လေယဉ်ပျံထဲမှာ ဓါတ်ဆီနဲနဲ လောက်ဘဲ ရှိတော့တယ်၊ ဓါတ်ဆီရှာပေးပါလို့ ဝန်ကြီးချုပ်ကို တောင်းပန်တယ်၊ အနားမှာရှိတဲ့ အရာရှိတဦးက လေယဉ်ပျံ ဓါတ်ဆီကို ရန်ကုန်က မပို့နိုင်တာကြာသွားပြီ၊ မြစ်ကြီးနားကို လာတဲ့ လေယဉ်ပျံတွေကို ရန်ကုန်မှာကတည်းက ဓါတ်ဆီအလုံအလောက် ယူခဲ့ကြရတယ်လို့ပြောတယ်၊ အဲဒီအခါ ကပ်ပတိန်ဘရောင်းက ဓါတ်ဆီမရနိုင်ရင် ရေနံဆီရှာပေးပါလို့ ပြောတယ်၊ လေယာဉ်ပျံအတက်အဆင်းမှာ လေယဉ်ပျံထဲကျန်နေသေးတဲ့ ဓါတ်ဆီကို သုံးမယ်၊ ကောင်းကင်မှာ မောင်းနေတုန်းတော့ ရေနံဆီကိုသုံးမယ်၊ ဒုတိယ ကမာစစ်အတွင်းက ဩစတြေးလီးယား စစ်မျက်နှာမှာ သူပိုင်းလော့လုပ်ရတယ်၊ တခါတလေ ဓါတ်ဆီကုန်သွားတဲ့အခါမှာ  သူဒီလိုဘဲမောင်းခဲ့တယ်လို့ ဆက်ပြောတယ်၊ နောက်မကြာခင် အစိုးရရဲ့ ဒက်ကိုးတားတွေကို မောင်းတဲ့ ဗြိတိသျှပိုင်းလော့တစ်ယောက် မြစ်ကြီးနားကို ရောက်လာတယ်၊ ဝန်ကြီးချုပ် စုံစမ်းကြည့်တဲ့အခါ အဲဒီပိုင်းလော့က လည်း လေယဉ်ပျံကို ရေနံဆီနဲ့ မောင်းတယ်ဆိုတာ တခါမှ မကြားဖူးဘူးလို့ ဖြေတယ်၊ ဒါပေမဲ့

ကပ်ပတိန်ဘရောင်းကတော့ ခါတ်ဆီမရရင် ရေနံဆီရှာခဲ့ပါ၊ သူမောင်းမယ်လို့ ပြောတယ် ကပ်ပတိန်ဘရောင်းဟာ စကားအင်မတန်နဲတယ်၊ သူ့ကိုကြည့်ရတာ အင်မတန် တည်ငြိမ်တယ်၊ အဲဒါကြောင့် ဝန်ကြီးချုပ်ဟာ ကပ်ပတိန်ဘရောင်းကို အားကိုးယုံကြည်စိတ်ချရသူ တယောက်လို့ ယူဆထားတဲ့အတွက် သူတောင်းတဲ့ ရေနံဆီကို မြစ်ကြီးနားမြို့ထဲမှာ လိုက်ရှာပေးဘို့ အနားမှာရှိတဲ့ အရာရှိတဦးကို အကြောင်းကြားလိုက်တယ်၊ ညနေ(၄)နာရီကျတော့ ဝန်ကြီးချုပ် ချိန်းထားတဲ့အတိုင်း ခရိုင်ဝန်၊ ရဲဝန်၊ ပြည်ထောင်စု စစ်ရဲဗိုလ်မှူး၊ အစရှိတဲ့ အရာရှိတွေ ရောက်လာကြတယ်၊ ဝန်ကြီးချုပ်ကို တွေ့လျှင်တွေ့ချင်း ရဲဝန်က အရာရှိတဦး ဝန်ကြီးချုပ်က အရှာခိုင်းတယ်ဆိုပြီး မြို့ထဲမှာ ရေနံဆီလိုက်ရှာနေတယ်၊ ဘာလုပ်ဘို့လဲလို့မေးတဲ့အခါ ဝန်ကြီးချုပ်က အကျိုးအကြောင်းရှင်းပြတယ်၊ အဲဒီအခါ ရဲဝန်က သူ့ရုံးက စတိုခန်းထဲမှာ အရေးအကြောင်းရှိရင် သုံးဘို့ဆိုပြီး ခါတ်ဆီ စုထားတာရှိတယ်၊ ဝန်ကြီးချုပ် ကြိုက်သလောက်ယူပါလို့ ပြောတယ်၊

ခါတ်ဆီကိတ်စပြီးတဲ့အခါ ဝန်ကြီးချုပ်က မုံရွာအတွက် လက်နက်နဲ့ ခဲယမ်းမီးကျောက် လှူနိုင်သဘောက် လှူကြပါလို့ အလှူခံတဲ့အခါ ရဲနဲ့ စစ်ရဲအဖွဲ့တို့က တတ်နိုင်သလောက်လှူကြတာ ဘရင်းဂန်းတလက် လက်ပစ်ဗုံးတပ်ပြီးပစ်တဲ့ သေနတ်တလက်နဲ့ လက်ပစ်ဗုံး(၁၀)လုံး။ ၃၀၃ကျည်ဆံနှစ်ထောင် ဝန်ကြီးချုပ် ရသွားတယ်၊ ဝန်ကြီးချုပ်လည်း သိပ်ဝမ်းသာတယ်၊

အဲဒီနောက် ဝန်ကြီးချုပ်က မုံရွာက ချင်းတပ်ခွဲအတွက် ခြင်ထောင်နဲ့ ဖိနပ်လိုချင်တယ်၊ ခင်ဗျားတို့ရဲ့တပည့်တွေကို မြို့ထဲလွှတ် တအိမ်စီတက်ပြီးရတဲ့ ခြင်ထောင်နဲ့ ဖိနပ်ကို အလှူခံစေချင်တယ်၊ စုတ်ချင် စုတ်နေပေစေ စစ်သားလေးတွေရဲ့ ဒုက်ခကို ကျွန်တော် လက်ပိုက်ကြည့်မနေဘူး၊ တတ်နိုင်သလောက် ကူတယ်ဆိုတာ ကျွန်တော်ပြချင်တယ်လို့ ဝန်ကြီးချုပ်က ပြောတယ်၊ ရဲဝန်က မကြာသေးခင်ကမှ ရဲချုပ်ရုံးက ပို့လိုက်တဲ့ ခြင်ထောင်နဲ့ ကင်းဗတ်ဖိနပ်တွေ သူ့မှာရှိနေတယ်၊ ဝန်ကြီးချုပ်လိုချင်ရင် သူပေးနိုင်ပါတယ် လို့ပြောတယ်၊ ဝန်ကြီးချုပ်က တပ်ခွဲတခွဲစာ အလှူခံတယ်၊

အဲဒီကိတ်စတွေပြီးတဲ့အခါ ခရိုင်ဝန်က ကသာမြို့ပေါ်က အရာရှိတွေအားလုံး သူတို့ရဲ့ မိသားစုတွေနဲ့ ထွက်ပြေးလာကြတာ အားလုံး ဒီမှာရောက်နေကြတယ်လို့ ဝန်ကြီးချုပ်ကို အစီရင်ခံတယ်၊

ဒီအရာရှိတွေ ဘာဖြစ်လို့ ထွက်ပြေးလာကြတာလဲလို့ ဝန်ကြီးချုပ်ကမေးတယ်၊ ကွန်မြူနစ်သူပုန်တွေ ကသာကို စီးဖို့တက်လာကြပြီ ဆိုတဲ့ သတင်းရတာနဲ့ သူပုန်တွေမရောက်ခင် သူတို့ ထွက်ပြေးလာကြတာပါဘဲလို့ ခရိုင်ဝန်က ရှင်းပြတယ်၊ အခြေအနေဟာ သိပ်စိုးရိမ်စရာ မရှိပါဘူး၊ ကျွန်တော့်ခရိုင်နဲ့ မဆိုင်ပေမဲ့ မနက်ကဘဲ စစ်ရဲတပ်စုတစုကို ကျွန်တော် ကသာကို ပို့လိုက်ပါတယ်လို့ ရဲဝန်ကဝင်ပြီး ပြောတယ်၊

ဒီအရာရှိတွေဟာ ဘာဘဲဖြစ်ဖြစ် သူတို့ တာဝန်ရှိတဲ့ နေရာမှာဘဲနေရမယ်၊ ဒီလိုထွက်ပြေးတာ ကျွန်တော်မကြိုက်ဘူး၊ အဲဒီတော့ ခရိုင်ဝန် ကသာကိုသွားဖို့ မီးရထားတစင်းကို အခုချက်ချင်းသွားပြီး စီစဉ်ပါ၊ အသင့် ဖြစ်တာနဲ့တပြိုင်နက် ကျွန်တော် ကသာလိုက်သွားမယ်၊ ကသာက ထွက်ပြေးလာတဲ့ အရာရှိတွေလည်း ဒီမီးရထားထဲမှာ လိုက်လာပေစေ၊ ကသာကိုရောက်တဲ့အခါ နံမယ်စာရင်းခေါ်မယ်၊ ပြန်လိုက်မလာတဲ့အရာရှိတွေကို ဥပဒေအရ ပြင်းပြင်းထန်ထန် အရေးယူမယ်၊ ဝန်ကြီးချုပ်ကိုယ်တိုင် ခုအခြေအနေမှာ ကသာကိုသွားဘို့ မတော်ဘူးလို့ ခရိုင်ဝန်က တောင်းပန်တယ်၊

မနက်က လွှတ်လိုက်တဲ့ စစ်ရဲတွေဆီက အစီရင်ခံစာရတော့မှဘဲ အခြေအနေကို ကြည့်ပြီး ဝန်ကြီး ချုပ်သွားရင် ကောင်းပါလိမ့်မယ်လို့ ရဲဝန်ကလည်း ဝင်တောင်းပန်ပြန်တယ်၊

ဒီကနေ့ဘဲသွားမယ်၊ ခင်ဗျားတို့ အခုဘဲသွားပြီး စီစဉ်ကြပါလို့ ဝန်ကြီးချုပ်က အမိန့်ပေးလိုက်တယ်၊

ည(၁၀)နာရီမှာ မီးရထားအသင့်ဖြစ်တယ်၊ မီးရထားထွက်တဲ့အခါ ကသာက အရာရှိတယောက်ဘဲ ခရီးလွန်နေလို့ ပါမလာဘူး၊ ကျန်အရာရှိတွေအားလုံး ဝန်ကြီးချုပ်နဲ့အတူ ပါလာကြတယ်၊ ဝန်ကြီးချုပ်လည်း စိတ်ရှုပ်ရှုပ်နဲ့ သူ့အတွဲထဲမှာ အသာလှဲနေရင်း အင်း–နောက်ထပ် ဘယ်လောက်များ ရှုပ်လာအုံးမယ် မသိဘူး၊ အခုဘဲ ငါ့ဇာတ်ထုတ်ဟာ တထောင့်တည ခေါ် အာရေဘီယန် ပုံပြင်တွေထက် ပိုပြီးရှုပ်ချင်သလိုလို ဖြစ်နေပြီလို့ တွေးမိပြီးသူ့ဟာသူ ပြုံးနေတယ်၊

မီးရထားဟာ တညလုံးခုတ်ရတယ်၊ မနက်မိုးလင်းမှ ကသာကိုရောက်တယ်၊ ကသာရောက်လို့ သေသေချာချာ စုံစမ်းကြည့်တဲ့အခါ သူပုန်တွေဟာ မြို့ကို စီးဖို့ဝေးရော မြို့နားမှာတောင်မရှိဘူး၊ အရာရှိ တချို့ဟာ ငွေတိုက်ထဲက ငွေတွေကို လိုချင်တဲ့အတွက် သူပုန်တွေမြို့ကို စီးဘို့တက်လာကြပြီဆိုတဲ့ သတင်းကို သူတို့ ကိုယ်တိုင် လွှင့်လိုက်တာဘဲ၊ အဲဒီလိုလွှင့်ပြီးတော့မျ ငွေတိုက်ထဲက ငွေတွေကိုထုတ် သူတို့လဲယူသလောက်ယူ တခြားအမှုထမ်း အရာထမ်းတွေကိုလည်း နဲနဲပါးပါးစီ ဝေပေးပြီး မြစ်ကြီးနားကို ထွက်ပြေးကြတာပါဘဲ၊ ဝန်ကြီးချုပ်လည်း ဒေါသဖြစ်ဖြစ်နဲ့ တာဝန်ရှိတဲ့ အရာရှိတွေကို ကသာထောင်ထဲမှာ ချုပ်ထား လိုက်သေးသလား မဆိုနိုင်ဘူး၊

မြစ်ကြီးနားကို ပြန်ရောက်တဲ့အခါ နောက်တနေ့ မုံရွာကိုလာမယ်လို့ ရှားကိုးဆိကို ဝန်ကြီးချုပ် ဝါယာလက် သတင်းပို့လိုက်တယ်၊ ရှားကိုးက သူ့ဆီက အားလုံးရှင်းပြီဆိုတဲ့ ဝါယာလက် သတင်းရမှ ထွက်လာပါလို့ ဝါယာလက်ပြန်ရိုက်တယ်၊ ဒီဝါယာလက်သတင်းဟာ ဝန်ကြီးချုပ်ဆီ မရောက်ခင် ဝန်ကြီးချုပ်ရဲ့လေယဉ်ပျံဟာ မုံရွာကို ထွက်သွားပြီး ဝန်ကြီးချုပ်ရဲ့ လေယဉ်ပျံ မြစ်ထဲကို ဆင်းလာတဲ့အခါ ရှားကိုးလူ တွေနဲ့ ရဲဘော်ဖြူတွေ ခပ်လှမ်းလှမ်းမှာ

တဘက်နဲ့တဘက် ပစ်နေကြတာကို လေယဉ်ပျံထဲကလူတွေ ကောင်းကောင်းမြင်နေကြရတယ်၊ ရှားကိုးလည်း တိုက်နေရာက လေယဉ်ပျံဆီကို အတင်းပြေးလာတယ်၊ ဝန်ကြီးချုပ်ကို တွေ့တွေ့ချင်း ကျွန်တော်ပို့လိုက်တဲ့ ဝါယာလက်သတင်း မရဘူးလားလို့ ဝန်ကြီးချုပ်ကို မောကြီးပမ်းကြီးမေးတယ်၊ ဘာသတင်းလဲ မရဘူးလို့ ဝန်ကြီးချုပ်က ဖြေတယ်၊ ဒီမှာ ရဲဘော်ဖြူတွေကို တိုက်ထုတ်အုံးမယ်၊ အားလုံးရှင်းပြီဆိုတဲ့ သတင်းရမှ လာပါလို့ ဝန်ကြီးချုပ်ဆီကို ကျွန်တော် သတင်းပို့လိုက်တယ်ဆိုတာ ရှားကိုးက ဆက်ပြောတယ်၊ မရဘူး၊ ဒါပေမဲ့ ကိတ်စမရှိဘူးလို့ ဝန်ကြီးချုပ်က ဖြေတယ်၊ မုံရွာဘက်ကို ကူးဘို့ မော်တော်ဘုတ်ထဲ ရောက်တဲ့အခါ သူ့လက်ထဲမှာ ကိုင်ထားတဲ့ ခြောက်လုံးပြူးနဲ့လက်ပစ်ဗုံးကိုပြပြီး ဒါတွေ ရဲဘော်ဖြူတွေဆီက အခုတိုက်ပွဲမှာ မိတာလို့ ရှားကိုးက အစီရင်ခံတယ်၊ နောင်ဆိုင်းခေါင်းဆောင်တဲ့ ကချင်သူပုန်တွေဟာ တောင်ငူက ကယားပြည်ထဲကို ဝင်သွားကြတယ်၊ ဩဂုတ်လထဲကို ရောက်တဲ့အခါ ရှမ်းပြည်တောင်ပိုင်းရဲ့ မြို့တော် ရှမ်းပြည်နယ်ရုံးစိုက်ရာ မြို့ဖြစ်တဲ့ တောင်ကြီးကို နော်ဆိုင်းတပ်တွေက သိမ်းလိုက်တယ်၊ အဲဒီတောင်ကြီးကမှ ရှမ်းပြည်မြောက်ပိုင်းရဲ့မြို့တော်ဖြစ်တဲ့ လားရှိုးကို ဒိနောက်ဆိုင်း ကချင်တွေ တက်သိမ်းကြပြန်တယ်၊ သူတို့ လားရှိုးကို သိမ်းစဉ်က ရှမ်းပြည်နယ် ဥက္ကဋ္ဌဟာ လားရှိုးမှာရှိနေတယ်၊ နော်ဆိုင်တို့ သိမ်းပြီးတဲ့အခါ ရှမ်းပြည်နယ် ဥက္ကဋ္ဌ စောခွန်ချိုကို ရှာမတွေ့ဘူး၊ စောခွန်ချိုပျောက်နေတယ်လို့ ဝန်ကြီးချုပ် သတင်းရတယ်၊ သူမိတ်ဆွေ စောခွန်ချိုကို သူပုန်တွေ ဖမ်းထားတာလား ဒါမှမဟုတ်ရင်လည်း သတ်ပစ်လိုက်ပြီးလားလို့ အမျိုးမျိုးတွေးပြီး ဝန်ကြီးချုပ်အများကြီး စိတ်ပူနေတယ်၊ အဲဒါကြောင့်လားရှိုးကို ချက်ချင်းပြန်သိမ်းပါ၊ ပြည်နယ်ဥက္ကဋ္ဌကိုလည်း တွေ့အောင်ရှာပါလို့ ဗိုလ်ချုပ်လဇွန်တန်ကို ဝန်ကြီးချုပ်အမိန့်ပေးလိုက်တယ်၊ ဗိုလ်ချုပ်လဇွန်တန်လည်း ရှိသမျှတပ်တွေကို စုဆောင်းပြီး မေမြို့ကလားရှိုးကို ချက်ချင်းလိုက်သွားတယ်၊ နော်ဆိုင်းဟာ ဗိုလ်ချုပ်လဇွန်တန်ရဲ့တပ်တွေ ချီတက်လာပြီ ဆိုတာကြားတာနဲ့ လားရှိုးကိုလက်လွှတ်ပြီး ရှမ်းပြည်မြောက်ဖက်ဖျားဆီမှာရှိတဲ့ နမ်းခမ်းမြို့ကို ထွက်သွားတယ်၊ ဗိုလ်ချုပ်လဇွန်တန်ရဲ့ တပ်တွေလည်း နော်ဆိုင်းနောက်ကို အတင်းလိုက်တယ်၊ နော်ဆိုင်းဟာ နမ့်ခမ်းမှာ အခိုင်မာ တပ်စွဲပြီးသား ဖြစ်နေတဲ့အတွက် ဗိုလ်ချုပ်လဇွန်တန်ရဲ့ တပ်တွေဟာ နမ်းခမ်းနဲ့ မနီးမဝေး တနေရာမှာ ခေတ်တ စခန်းချပြီး နမ်းခမ်းကို သိမ်းဘို့ အစီအစဉ်တွေ လုပ်နေရတယ်၊ အဲဒီအချိန်မှာ ဝန်ကြီးချုပ်ဟာသူ့မိတ်ဆွေ စောခွန်ချိုကို တွေ့ဘို့အတွက် လာရှိုးကို လိုက်သွားတယ်၊ လားရှိုးလေယဉ်ပျံကွင်းထဲမှာ။ လူတယောက်မှမတွေ့ဘူး၊ ဆင်းလို့ကောင်းပါ့မလားလို့ သတိပေးတယ်၊ အစိုးရတပ်တွေ လာတဲ့အခါ နော်ဆိုင်းဟာ ခံမတိုက်ဘူး လားရှိုးထဲက ဆုတ်သွားတယ်၊ အဲဒါကြောင့် လားရှိုးကို အစိုးရတပ်တွေပြန်သိမ်းပြီးပြီဆိုတာ ငါသေသေချာချာ သိတယ်လို့ ဝန်ကြီးချုပ်က

ပြောတယ်၊ ဒါပေမဲ့ ဒီမနက် ကျွန်တော်တို့ ဒီကိုမရောက်ခင် နော်ဆိုင်းတို့က
လားရှိုးကို ပြန်သိမ်းမယ်ဆိုရင် သိမ်းနိုင်စရာ အကြောင်းရှိတယ်လို့ ကိုယ်ရံတော်က
ဖြေတယ်၊ ဝန်ကြီးချုပ်လည်း ဘာမှမပြောဘဲ ခဏလောက်စဉ်းစားနေပြီး
တပတ်နှစ်ပတ်လောက် ဝဲကြည့်လိုက်ပါအုံးကွယ်လို့ အမိန့်ပေးလိုက်တယ်၊
ကိုယ်ရံတော်လဲ ပိုင်းလော့ကို အကြောင်းကြားတယ်၊ အဲဒီလို
တပတ်နှစ်ပတ်ဝဲပေတဲ့လည်း ဘာမှ အကြောင်းမထူးဘူး၊ အဲဒီအခါ ဝန်ကြီးချုပ်က
ဆင်းတော့ဆင်း ဒါပေမဲ့ စက်တော့ ချက်ချင်း မရပ်လိုက်ပေစေနဲ့၊ အခြေအနေဆိုးရင်
အပေါ်ပြန်တက်ရမယ်၊ ရဲဘော်လေးတွေလည်း သေနတ်တွေ အသင့်လုပ်ထားပေစေလို့
သူ့ကိုယ်ရံတော်ကို အမိန့်ပေးတယ်၊ ကွင်းထဲကို လေယဉ်ပျံ ထိုးဆင်းလိုက်တဲ့အခါမှ
လေယဉ်ပျံကွင်းဘက်ဆီကို အကြိုလာသူတွေရဲ့ မော်တော်ကားမောင်းလာတာ
ခပ်လှမ်းလှမ်းမှာတွေ့ရတယ်၊
ဗိုလ်ချုပ် လဇ္ဇုန်တန်လည်း သူ့တပ်သားလေးတွေအတွက် အနွေးထည်ကို ရှာရအောင်
လားရှိုးကို ပြန်လာခိုက်ဖြစ်နေတာနဲ့ ဝန်ကြီးချုပ်ဟာ လဇ္ဇုန်တန်ကို တွေ့တွေ့ချင်း
ရှမ်းပြည်နယ် ဥက္ကဋ္ဌအကြောင်းကို မေးတယ်၊ မိုးမိတ်မှာ ရောက်နေတယ်လို့
အခိုင်အမာသတင်းရတာနဲ့ ချို ဘာမှမပူနဲ့၊ ကျွန်တော်ဒီမှာ ရောက်နေပြီ၊
ယခုစာယူလာတဲ့ ဗိုလ်ချုပ် လဇ္ဇုန်တန်နဲ့ လားရှိုးကို အမြန်ပြန်လိုက်လာပါလို့
စာရေးလိုက်တယ်၊ စောခွန်ချိုလည်း ဝမ်းသာအားရနဲ့ လိုက်လာတယ်၊ ဒါပေမဲ့
ဝန်ကြီးချုပ်ဟာ လားရှိုးမှာ ကြာရှည်မနေနိုင်ဘူး၊ နမ့်ခမ်းကို နော်ဆိုင်လက်ထဲက
ပြန်သိမ်းဘို့အတွက် နမ့်ခမ်း အနီးစခန်းချထားတဲ့ တပ်သားကလေးတွေမှာ
ကာကီယူနီးဖောင်း တထည်စီဘဲရှိတယ်၊ နမ့်ခမ်းရဲ့ အအေးဒဏ်ကို မခံနိုင်ဘူး၊
ညဘက်မှာ ပိုဆိုးတယ်၊ မီးလှုံပြန်ရင်လည်း ရန်သူက
သေနတ်နဲ့လှမ်းလှမ်းပစ်တဲ့အတွက် အထိအခိုက်တွေရှိတယ်၊ အဲဒါကြောင့်
ဝန်ကြီးချုပ်ဟာ စစ်သားကလေးတေ့ အတွက် အနွေးထည်ရှာရအောင် ရန်ကုန်ကို
ချက်ချင်း ပြန်ရတယ်၊ အခြေအနေဟာ ဘယ်လောက်ဆိုးနေသလဲဆိုရင်
ဆွယ်တာနှစ်ရာလောက်နဲ့ သက်ကလပ်စောင်နှစ်ရာလောက်ကို စစ်ရုံးကလည်း
မပေးနိုင်။ ရဲချုပ်ရုံးကလည်း မပေးနိုင်။ နောက်ဆုံးမှာ မတတ်နိုင်တော့ဘူး၊ ဆေးရုံက
လူမမာတွေအတွက် ဗြိတိသျှစစ်တပ်က တောင်းယူထားလိုက်တဲ့
သက်ကလပ်စောင်ဖြူကြီးတွေထဲက စောင်နှစ်ရာယူရတယ်၊ ဆွယ်တာတွေ
ရှာမရတဲ့အတွက် ဗြိတိသျှစစ်တပ်က လူမမာတွေအတွက် ပေးပစ်ခဲ့တဲ့ အဝတ်တွေထဲက
နွေးမဲ့အဝတ် လေးငါးရာလောက်ကို ယူရတယ်၊ အဲဒါတွေကို အထုပ်တွေထုတ်ခိုင်းပြီး
ဝန်ကြီးချုပ်ကိုယ်တိုင် လားရှိုးကို ယူသွားတယ်၊ လားရှိုးက စစ်သားကလေးတွေရှိတဲ့
စခန်းကို မော်တော်ကားနဲ့ ပို့နေရင် အတော်ကြာမယ်၊ အဲဒါကြောင့် ဝန်ကြီးချုပ်ဟာ
ရှမ်းပြည်နယ် ဥက္ကဋ္ဌကို လေယဉ်ပျံပေါ်တင်ပြီး အဲဒီစခန်းပေါ်ကို မောင်းသွားတယ်၊
စခန်းပေါ်ကို ရောက်တော့မှ အထုပ်တွေကို လေယဉ်ပျံပေါ်က ပစ်ချခိုင်းလိုက်တယ်၊

တပ်မတော်၊ ရဲ၊ စစ်ရဲခေါင်းဆောင်တွေဟာ ဝန်ကြီးချုပ် နေရှုးဆီက ရလာတဲ့လက်နက်တွေနဲ့ တပ်သစ်တွေထောင်ကြတယ်၊ တပ်သားဟောင်းတွေရဲ့ လက်နက်အစုတ်အပြတ်တွေကို အသစ်တွေနဲ့ အစားထိုးကြတယ်၊ ၁၉၄၉ခုနှစ် နိုင်ဝင်လာလထဲကို ရောက်တဲ့အခါ အဲဒီတပ်တွေဟာ အတော်ကလေး တောင့်တင်း လာကြတဲ့အတွက် သူပုန်တွေ သိမ်းထားတဲ့ မြို့ကြီးမြို့ကလေးတွေကို တမြို့ကပြီးတမြို့ ပြန်သိမ်းလာနိုင်တယ်၊

အခုလို အစိုးရက တဖြေးဖြေးနိုင်ပြလာတဲ့ အချိန်တချိန်မှာ ဝန်ကြီးချုပ် သခင်နုဟာ အဖြစ်အပျက်တခုကို ဗြုန်းကနဲ ပြေးပြီး သတိရတယ်၊ အဲဒီအဖြစ်အပျက်က ဒီလို ၁၉၄၉ခုနှစ်ထဲမှာ တရုတ်ကွန်မြူနစ်တွေ အောင်ပွဲခံရဘို့ နီးတဲ့အခါ စတာလင်ဟာ မော်စကိုမြို့တော်ကို တရုတ် ကွန်မြူနစ်ခေါင်းဆောင်တွေ ဖိတ်ပြီး မင်းတို့ချန်ကေရှိတ်ကို ယန်စီမြစ်ဝှမ်းအထိဘဲတိုက်ကြ၊ ယန်စီမြစ်ဝှမ်းရဲ့ တောင်ပိုင်းမှာ ချန်ကေရှိတ်နေပေစေလို့ ဩဝါဒပေးတယ်၊ ဒီဩဝါဒဟာ တရုတ်တွေရဲ့ အကျိုးစီးပွားကို ကြည့်ပြီးပေးတဲ့ ဩဝါဒမဟုတ်ဘူး၊ ရပ်ရှင်းတွေရဲ့ အကျိုးစီးပွားကို ကြည့်ပြီးပေးတဲ့ ဩဝါဒဘဲ၊ တရုတ်ကွန်မြူနစ်တွေဟာ တရုတ်တနိုင်ငံလုံးကို သိမ်းနိုင်ရင် အင်မတန် အင်အား ကြီးမားပြီး ရပ်ရှင်း ကွန်မြူနစ်တွေရဲ့ ဩဇာအောက်က လွတ်မြောက်သွားမှာကို မလိုလားတဲ့အတွက် စတာလင်ဟာ အဲဒီအကြံကို ပေးလိုက်တာပါဘဲ၊ တရုတ်ကွန်မြူနစ်တွေကလည်း ဘယ်ရည်ရွယ်ချက်နဲ့ ဒီဩဝါဒကို ပေးတယ်ဆိုတာ ကောင်းကောင်းသိတယ်၊ အဲဒါကြောင့် စတာလင်ရဲ့ ရှေ့မှာတော့ ဘာမှပြန်မပြောဘူး၊ ငြိမ်နေတယ်၊ တရုတ်ပြည်ကို ပြန်ရောက်တဲ့အခါ အဲဒီ စတာလင်ရဲ့ ဩဝါဒကို အိမ်သာထဲ ပစ်ချလိုက်ပြီး ချန်ကေရှိတ်ကို တရုတ်ပြည်မ တခုလုံးက မောင်းထုတ်ပစ်လိုက်တယ်၊ ဗမာနိုင်ငံမှာ ကွန်မြူနစ်တွေ သူပုန်ထဘို့ ဇာဒင်နော့ကတဆင့် ပေးလိုက်တဲ့ ဩဝါဒဟာလည်း ဗမာ့အကျိုးကို ကြည့်ပြီးပေးတဲ့ဩဝါဒ မဟုတ်ပါဘူး၊ ဒုတိယ ကမာစစ်ကြီးပြီးတဲ့အခါ အင်္ဂလိပ် အမေရိကန်ကတဘက် ရုရှားကတဘက် စစ်အေး အကြီးအကျယ်ဖြစ်နေကြတယ်၊ အိန္ဒိယက ကွန်ကရက်အစိုးရနဲ့ ဗမာနိုင်ငံက ဖဆပလ အစိုးရတို့ဟာ လွတ်လပ်ရေးရပြီးရင် အင်္ဂလိပ် အမေရိကန် အုပ်စုထဲကို ပါကြလိမ့်မယ်လို့ စတာလင်တို့က ယူဆကြတယ်၊ အဲဒီယူဆချက်အရ ဗမာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံမှာ ကွန်မြူနစ်တွေ အစိုးရတက်ဖြစ်ပြီး ဗမာနဲ့ အိန္ဒိယတို့ဟာ ရပ်ရှင်းအုပ်စုထဲကိုပါဘို့ဆိုတာက ပထမရည်ရွယ်ချက်၊

အကယ်ရွေ့ပထမရည်ရွယ်ချက် မအောင်မြင်ရင် ကွန်မြူနစ် ပုန်ကန်မှုကြောင့်၊ အင်္ဂလိပ်၊ အမေရိကန်တွေရဲ့နောက်လိုက်တွေလို့၊ သူတို့ယူဆနေကြတဲ့ ဖဆပလနဲ့ ကွန်ကရက် အစိုးရတွေက မရှုမလှချိနဲ့ နေရမယ်ဆိုတာက ဒုတိယရည်ရွယ်ချက် အဲဒီရည်ရွယ်ချက်နှစ်ခုနဲ့ စတာလင်ဟာ ဗမာနဲ့ အိန္ဒိယ ကွန်မြူနစ်တွေကို သူပုန်ထဘို့ဩဝါဒပေးလိုက်တာပါဘဲ၊

အကယ်ရွေ့သာ ဗမာကွန်မြူနစ်တွေဟာ တရုတ်ကွန်မြူနစ်တွေလို
ဓားဒင်းနော့ကတဆင့် ပေးလိုက်တဲ့ စတာလင်ရဲ့ ဩဝါဒကို အိမ်သာထဲ
လွှင့်ပစ်လိုက်မယ်ဆိုရင် ပြည်ထောင်စု လည်း အခုလို မရှုမလှ နစ်နာပျက်စီး ရမှာ
မဟုတ်ဘူး၊ သူတို့ရဲ့ပါတီကို စနစ်တကျဖွဲ့စည်းပြီး ပြည်သူလူထုကို စနစ်တကျ
စည်းရုံးနိုင်တဲ့အတွက် နောက်တပတ် ရွေးကောက်ပွဲမှာ ဖဆပလ လက်ထဲက
ခေန္ဘျငည္ပုစ္စတေ ပြည့္သူ့ကွာအာဏာကို တရားဥပဒေအရ ဧကန်မလွဲ သိမ်းနိုင်မှာဘဲ၊
အခုတော့ စတာလင်ရဲ့ ဩဝါဒ နာခံမိတဲ့အတွက် ကွန်မြူနစ်အဖွဲ့ကြီးဟာ
ပြိုကျပျက်စီးရရှာလေပြီလို့ စဉ်းစားမိပြီး သခင်နုဟာ အကြီးအကျယ်
နိုင်ငံရေးသံဝေဂရနေတယ်၊
ဒီအခန်းကိုမပိတ်ခင် ဒီနေရာမှာအရေးကြီးတဲ့ မေးခွန်းတခုကို မေးချင်တယ်၊
၁၉၄၈ခုနှစ် မတ်လကုန်လောက်ကစပြီး ၁၉၄၈ခုနှစ် အဆုံးလောက်အထိ
ပြည်သူစုမြန်မာနိုင်ငံတော်ပေါ်ကို ကျရောက်ခဲ့တဲ့ ဘေးတွေ ရန်တွေ
အန်ဒရာယ်တွေဟာ သိပ်ကြောက်စရာကောင်းတယ်၊ သူတို့ကြောင့်
ပြည်ထောင်စုပျက်ကျသွားနိုင်တယ်၊ ဒါပေမဲ့ မပျက်ဘူး။ အဲဒါဘာကြောင့်လဲ၊
မပျက်တာဟာ တခြားကြောင့်မဟုတ်ဘူး။ အောက်ပါအကြောင်းတွေကြောင့်ပါဘဲ၊
(၁) တပ်မတော်၊ ရဲ၊ စစ်ရဲ၊ စစ်ဝန်ထမ်း အဖွဲ့တွေထဲက အတော်များများဟာ
သစ္စာဖေါက်ပြီး ရန်ကုန်နဲ့ ပေါင်းသွားကြပေမဲ့ သစ္စာရှိပြီး သက်ဆိုင်ရာ
တပ်တွေထဲမှာ ကျန်ရစ်တဲ့သူတွေဟာ ချီးကျူးစရာကောင်းတယ်၊ ဝန်ကြီးချုပ်နဲ့
ဝန်ကြီးတွေ စွန့်ရတယ်ဆိုတာက တနှစ်မှာ ဆယ်လေး ငါးရက်၊ တရက်မှာ
သုံးလေးနာရီလောက်ရှိတော့ မပေါ့၊ ဒီတပ်သားတွေ စွန့်ရတာက တနှစ်မှာ
(၃၆၅)ရက်။ တရက်မှာ (၂၄)နာရီ၊ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေ
စစ်မျက်နှာတွေကိုလာရင် အကြာဆုံး သုံးလေးနာရီလောက် နေတော့မှာပေါ့၊
အဲဒီအချိန်တွေတုန်းက တိုက်ပွဲတွေကများ တပ်သားတွေက နဲနေတဲ့အတွက်
တပ်သားတွေဟာ မျက်နှာ ရှာတည်နေကြရရှာတယ်၊ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေမှာ
အဝတ်အစား အင်မတန်နဲပါတယ်ဆိုရင်တောင် တောင်ရှည်ပုဆိုး၊ ပိုးအကျနဲ့
ပိုးပုဆိုးနှစ်ထည်၊ သုံးထည်လောက်တော့ ရှိကြအုံးမှာပါဘဲ၊
ဒီတပ်သားကလေးတွေမှာတော့ ဝတ်နေတဲ့ ယူနီဖောင်းတစုံ စုတ်ရင်
နောက်ထပ်အသစ်တစုံ အချိန်မှီရဘို့ မလွယ်ဘူး၊ ချမ်းတဲ့အခါ စောင်နွေးနွေးခြုံရဘို့
မလွယ်ဘူး၊ ဒါပေမဲ့ ဘာဘဲဖြစ်ဖြစ် သေနတ်ပြောင်းဝက
အာဏာဆင်းသက်တယ်ဆိုတာကို မမိုတ်မသုန် ယုံကြည်နေကြတဲ့
အာဏာရှင်တွေအောက် ပြည်ထောင်စုသူ ပြည်ထောင်စုသားတွေ
ရောက်မသွားရလေအောင် ဒီတပ်သားတွေဟာ သစ္စာမဖေါက်ဘဲ ပြည်ထောင်စုကို
ကာကွယ်ပေးခဲ့ကြတယ်၊
(၂) ရှမ်း၊ ချင်း၊ ကချင်၊ ကယား အစရှိတဲ့ တောင်တန်းသားတွေရဲ့ သစ္စာရှိမှုနဲ့

ကိုယ်ရောစိတ်ပါ ကူညီအားပေးမှုတွေဟာလည်း ပြည်ထောင်စု ပြိုကျမသွားအောင် ထိန်းပေးတဲ့နေရာမှာ အင်မတန် အရေးပါ အရာရောက်ခဲ့တယ်၊
(၃) ကေအင်ယူပုန်ကန်တာကို ထောက်ခံတဲ့ ကရင်အမျိုးသားတွေဟာ ငါးရာခိုင်နှုန်းထက် မပိုပါဘူးလို့ အဲဒီအချိန်တုန်းက ဝန်ကြီးချုပ် သခင်နုဟာ လူသိရှင်ကြားကျေညာခဲ့ဘူးတယ်၊ ကေအင်ယူပုန်ကန်မှုကို ထောက်ခံကြတဲ့ ကရင်လူဦးရေလောက်တော့မများဘူး၊ ဒါပေမဲ့ အစိုးရကိုထောက်ခံကြတဲ့ ကရင်တွေလည်း ရှိသလောက် ရှိတယ်ဆိုတာ မှတ်တမ်းနဲ့ ခိုင်ခိုင်မာမာပြနိုင်တယ်၊ ကျန်တဲ့ ကရင်တွေကတော့ အစိုးရကိုလည်းမကူ။ ကေအင်ယူကိုလည်း မထောက်ခံ။ လူအေးတွေဖြစ်ကြတဲ့အတိုင်း သူတို့ဟာသူတို့ ခပ်အေးအေးနေကြတာပါဘဲ၊
(၄) ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်တင်တို့ ခေါင်းဆောင်တဲ့ ဆိုရှယ်လစ်တွေနဲ့ ဗိုလ်မှူးအောင် ဗိုလ်စိန်မှန်တို့ ခေါင်းဆောင်တဲ့ ရဲဘော်ဝါတွေရဲ့ ကြိုးပမ်းချက်တွေလဲ မနဲပါဘူး၊ သူတို့ရဲ့ အားတက်သရော ကူညီမှုကို မရဘဲ ဝန်ကြီးချုပ်သခင်နု တဦးတည်း ပြည်ထောင်စုပြိုမကျအောင် ဘယ်နည်းနဲ့ မှ မထိန်းနိုင်ပါဘူး၊
(၅) သတင်းစာတွေဟာ တခါတခါမှာတော့ အစိုးရကို မျက်လုံးပြူးသွားအောင် အနှောက်အယှက် ပေး တယ်၊ ဒါပေမဲ့ အားလုံးခြုံကြည့်လိုက်ရင် သူပုန်တွေကို တိုက်တဲ့နေရာမှာ အစိုးရဟာ သတင်းစာတွေဆီက အကူအညီအများကြီးရတယ်၊
(၆) သူပုန်နယ်မြေတွေမှာ ပြည်သူလူထုတရပ်လုံးဟာ လူ့မူလအခွင့်အရေးတွေ အသိမ်းခံရပြီး ငပုလည်းကြောက်ရ ၊ ငရှည်လဲကြောက်ရ၊ ငပြူးလဲကြောက်ရ၊ ငပြဲလဲကြောက်ရနဲ့ သေနတ်ကိုင်ထားတဲ့ သူပုန်မှန်သမျှအားလုံးကို ကြောက်နေကြရတယ်၊ ပြည်သူလူထုရဲ့ ပစ်စည်းတွေဆိုပြန်ရင်လည်း သူတို့ မလိုချင်တာမှဘဲ ကျန်တော့တယ်၊ လိုချင်တာမှန်သမျှအားလုံး အလုခံကြရတာဘဲ၊ နောက်ပြီးတော့လည်း သူပုန်တွေဟာ ဥပဒေအရ အုပ်ချုပ်တာမဟုတ်ဘဲ ထင်သလို အုပ်ချုပ်နေကြတာဖြစ်တဲ့အတွက် အပြစ်ဘာမှမရှိဘဲနဲ့လည်း အသတ်ခံချင်ခံရတာဘဲ၊ အချုပ်အနှောင် အဖမ်းအဆီး ခံချင်ခံရတာဘဲ၊ အစိုးရနယ်မြေမှာဆိုရင် ဒီလိုမဟုတ်ဘူး၊ လက်နက်ကိုင်ပြီး သူပုန်ထရမယ်ဆိုတာကိုသာ မပြောနဲ့ ကျန်တာတွေ အကုန်ပြောလို့ရတယ်၊ အစိုးရကို စင်မြင့်ပေါ်ကဖြစ်ဖြစ်၊ စာနယ်ဇင်းတွေထဲကဖြစ်ဖြစ်၊ ကြိုက်သလို ဝေဖန်နိုင်တယ်၊ ဆန္ဒပြပြီးကြိုက်သလို ရှုတ်ချနိုင်တယ်၊ ပြည်သူလူထုဟာ ဥပဒေကို မချိုးဖောက်သရွေ့ သမတကိုလည်း ကြောက်စရာမလို ဝန်ကြီးချုပ်တို့ ဝန်ကြီးတို့ကိုလည်း ကြောက်စရာမလို၊ မတရား သဖြင့် အဖမ်းအဆီး အချုပ်နှောင်ခံရတယ်ထင်ရင် တရားလွှတ်တော်ချုပ်အထိ အယူခံနိုင်ခွင့်ရှိတယ်၊ သေနတ်ဝါဒရဲ့ အောက်မှာ လူတွေဟာ သင်းထားတဲ့ နွားတွေပမာ နေကြရပြီး။ ဥပဒေဝါဒအောက်မှာတော့ ပြည်သူလူထုဟာ ဂုဏ်ရှိတဲ့သိက္ခာရှိတဲ့လူတွေလို တင့်တင့်တယ်တယ်၊ ထယ်ထယ်ဝါဝါ နေနိုင်ကြပါကလား ဆိုတဲ့အချက်ကို ပြည်သူလူထုဟာ မျက်ဝါးထင်ထင်မြင်လာကြတယ်၊ သူပုန်တွေရဲ့ သေနတ်ဝါဒနဲ့

အစိုးရရဲ့ ဥပဒေဝါဒတို့ရဲ့ ခြားနားချက်ကို အခုလို မြင်လာကြတဲ့အတွက် ပြည်သူလူထုဟာ သေနတ်ဝါဒကို မျက်မုန်းကြိုး၊ စောက်မြင်ကပ်လာတယ်၊ ဥပဒေဝါဒကို တစထက်တစ တိုးပြီး ချစ်မြတ်နိုးလာကြတယ်၊ အဲဒီပြည်သူလူထုထဲက ပြောနိုင်ဆိုနိုင် ပြောတတ်ဆိုတတ် ရှိတဲ့လူတွေဟာ သေနတ်ဝါဒကို အမုန်းကြီးမုန်းနေတဲ့ သူတို့ရဲ့ မုန်းစိတ်တွေနဲ့ ဥပဒေဝါဒကို အချစ်ကြီး ချစ်နေကြသူတို့ရဲ့ ချစ်စိတ်တွေက တိုက်တွန်းကြတဲ့အတွက် အခြားဘယ်သူကမှ သူတို့ကို မတိုက်တွန်းရဘဲ လဘက်ရည်ကြမ်းဝိုင်း၊ လဘက်ရည်ဆိုင်၊ ရှင်ပြုနားသ ပဇင်းတက်၊ မင်္ဂလာဆောင်တွေမှာဘဲဖြစ်ဖြစ် ကုန်ကုန်ပြောလိုက်မယ် မသာအိမ်မှာဘဲဖြစ်ဖြစ် ဘယ်နေရာမှာဘဲဖြစ်ဖြစ် အခွင့်ကောင်းရတဲ့ နေရာတိုင်းမှာ သူတို့ရဲ့ ဝမ်းထဲမှာရှိတဲ့ မုန်းစိတ်နဲ့ ချစ်စိတ်တွေကို အကုန်အန်ထုတ်ကြတာဘဲ၊ အခုလို သူတို့ရဲ့ အန်ထုတ်မှုတွေဟာ ပြည်ထောင်စု ပြိုကျမသွားအောင် ထိန်းတဲ့နေရာမှာ တနည်းတလမ်းအားဖြင့် အကူအညီ အထောက်အပံ့ ဖြစ်တယ်၊

(၇) အဲဒီအချိန်တွေမှာတုန်းက ဝန်ကြီးချုပ်သခင်နုဆီကို ကရင်ခရစ်ယာန် သင်းအုပ်ဆရာတွေ ရုံဖန်ရုံခါလာကြပြီး ထာဝရသခင်ဟာ ဝန်ကြီးချုပ်သခင်နုကို ကောင်းချီးပေးတော်မူပါစေ အစရှိတဲ့ ဆုမွန်ကောင်းတွေနဲ့ ဆုတောင်းပေးကြတယ်။ ဆုတောင်းပြီးတဲ့အခါ တဦးနဲ့ တဦးသတ်တာဖြတ်တာတွေဟာ ယေရှုသခင်ရဲ့ လမ်းစဉ်မဟုတ်ဘူး၊ အဲဒီတော့ ယေရှု သခင်ကို ကိုးကွယ်ဆည်းကပ်နေကြတဲ့ ခရစ်ယာန် ဂိုဏ်းသားတွေဟာ သွေးချောင်းစီးအောင် လုပ်ပေးနေတဲ့ လမ်းစဉ်ကို မလိုက်ကြဘို့ သူတို့လက်အောက်မှာရှိနေကြတဲ့ ခရစ်ယာန်တွေကို သူတို့အမြဲတမ်း ဆုံးမနေပါတယ်လို့ ဝန်ကြီးချုပ်ကို ပြောတယ်၊ အဲဒီလိုဘဲ အစဉ်ဆုံးမနေကြတဲ့ ဆရာကြီးတွေ ခရစ်ယာန် ဘုန်းကြီးတွေဟာ သူတို့ဟာနဲ့ သူတို့ တနိုင်ငံလုံးမှာ အများကြီးရှိနေကြမှာဘဲ ဆိုတာကို ဝန်ကြီးချုပ်သခင်နုဟာ မမိုတ်မသုန်ယုံတယ်၊ နောက်ပြီးတော့ သူပုန်တွေ တောခိုနေကြတဲ့ နေရာတိုင်းမှာ ဗုဒ္ဓဘာသာဘုန်းကြီးတွေရှိတယ်၊ အဲဒီဘုန်းကြီးတွေထဲက အတော်များများ သူ့အသက်မသတ်ဘို့၊ သူ့ဥစ္စာမခိုးဘို့–မလုဘို့၊ ကိုယ့်လင်ကိုယ့်မယားမဟုတ်သူတွေနဲ့ မသွားလာ–မလွန်ကျူးဘို့၊ လိမ်မပြောဘို့။ အရက်မသောက်ဘို့ သူပုန်တွေကို ဆုံးမကြမှာပါဘဲ၊ အဲဒီဘာသာရေးဆိုင်ရာ သူတော်ကောင်းတွေရဲ့ ကြိုးပမ်းချက်တွေဟာလည်း ပြည်ထောင်စု ပြိုမကျအောင် ထိန်းပေးတဲ့နေရာမှာ အတော်ထိရောက်ပါတယ်၊ အခုဖော်ပြခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့ ကြိုးပမ်းချက်တွေဟာ ပြည်ထောင်စုသမိုင်းမှာသာမက ကမ္ဘာ့သမိုင်းမှာပါ အင်မတန် ပြောင်မြောက်နိုင်တဲ့ ကြိုးပမ်းချက်တွေ ဖြစ်ကြတဲ့အတိုင်း အဲဒီကြိုးပမ်းချက်တွေကို သေသေချာချာ သုတေသန လုပ်ပြီး ဂရုတစိုက် မှတ်တမ်းတင်ထားထိုက်တယ်၊ အခုစာအုပ်က ကျယ်ကျယ်ပြန့်ပြန့် ရေးနိုင်တဲ့ ပြည်ထောင်စုသမိုင်း မဟုတ်၊ သမိုင်းနဲ့ စာလိုက်ရင် အင်မတန် ကျဉ်းမြောင်းနေတဲ့ လူတယောက်ရဲ့ အထုတ်ပတ်တိ မျှသာ

ဖြစ်နေတဲ့အတွက် အထက်ပါအချက်တွေကို ဒီစာအုပ်ထဲမှာ မဖော်ပြနိုင်တာ စာရေးသူ ဝမ်းနဲပါတယ်၊
၁၉၅၀ခုနှစ်ထဲကို ဝင်လာတဲ့အခါ အစိုးရအဖွဲ့ဟာ ရှေးတုန်းကနဲ့ မတူတော့ဘူး၊ အသက်ရှူရတာ နဲနဲချောင်လာပြီ။ အဲဒါကြောင့် ဇွန်လအလယ်လောက်မှာ ကျင်းပတဲ့ ဝန်ကြီးများ အစည်းအဝေးမှာ ကဲ မိတ်ဆွေတို့ ကျွန်တော်မနက်ဖြန် သာသနာ့ရိပ်သာကိုသွားပြီး တရားအားထုတ်လိုက်အုံးမယ်၊ သဗ်ါရုပက်ခဉာဏ် ကိုရတဲ့အထိ အားထုတ်ဘို့ ကျွန်တော်အဓိဋ္ဌာန်ပြုထားတယ်၊ အဲဒါကြောင့် ဒီဉာဏ်ကိုရပြီးမှဘဲ ကျွန်တော်ပြန်လာတော့မယ်၊ အဲဒီအတွင်း တနိုင်ငံလုံးမှာ မီးဟုန်းဟုန်းတောက်သည့်တိုင်အောင် ကျွန်တော့်ကို လာမခေါ်ကြနဲ့။ ခင်ဗျားတို့ဘဲ ဒီမီးကိုနိုင်အောင် သတ်ကြပေတော့လို့ ပြောပြီး ဝန်ကြီးချုပ်သခင်နုဟာ သာသနာ့ရိပ်သာကို ပြောင်းသွားတယ်၊ ဇူလိုင်လ (၂၀)ရက်နေ့လောက်မှာမှ သူအဓိဋ္ဌာန်ပြုထားတဲ့ သဗ်ါရုပက်ခဉာဏ်ကို သခင်နုရတယ်၊ ဗေဒင်စကားနဲ့ ပြောရရင် အဲဒီအချိန်က ပြည်ထောင်စုရဲ့ လက်ပေါ်က ရာဟုဂြိုလ်ဆင်းသွားပြီ ထင်တယ်၊ သခင်နု တရားအားထုတ်နေတုန်း ပြည်ထောင်စုကို နောက်ထပ်မီးတမီး လောင်ပြန်ပြီလို့ ဆိုရလောက်အောင် ဆိုးရွားတဲ့အဖြစ်အပျက် တခုမှမဖြစ်ပျက်ခဲ့ဘူး၊

အခန်း ၂၅

၁၉၅၀ခုနှစ်အတွင်း ရောက်ရှိလာတော့ ဝန်ကြီးချုပ်သခင်နုဟာ သူ့နံမယ်ရှေ့က (သခင်) ကိုဖြုတ်လိုက်ပြီး ဦးနုလို့ အမည်ပြောင်းလိုက်တယ်၊
ဝန်ကြီးချုပ်ဦးနုဟာ ဗုဒ်ဓတရားတော်ရဲ့လွှမ်းမိုးမှုကို အသက်(၂၀)လောက်ကစပြီး ယုံယုံကြည်ကြည် ခံယူခဲ့သူဖြစ်တဲ့အလျှောက် ဘာသာရေးနဲ့ ပတ်သက်တဲ့ သူ့အယူအဆ၊ သူ့သဘောထားတွေကို ဒီနေရာမှာ နဲနဲလောက်ဖော်ပြသင့်တယ်ထင်တယ်၊
ဗုဒ်ဓတရားတော်အရ တလောကလုံးမှာ အကြမ်းအားဖြင့် သတ်တဝါ (၇)မျိုးရှိတယ်၊ ဒီသတ်တဝါတွေဟာ (၁) ဗြဟ္မာ။ (၂) နတ်။ (၃) လူ။ (၄) အသူရကာယ်။ (၅) ပြိတ်တာ။ (၆) တိရစာန်။ (၇) ငရဲသားဆိုတဲ့ (၇)မျိုးဘဲဖြစ်တယ်၊
ဒီသတ်တဝါတွေထဲက ဘယ်သူမှ မတည်မြဲဘူး၊ တနေ့ကျရင်သေကြရမယ်၊ သေတဲ့အခါ သူတို့ ဟာ ချုပ်မသွားဘူး၊ သူတို့ရဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေအတိုင်း သတ်တဝါ(၇)မျိုးထဲက တမျိုးမျိုးပြန်ဖြစ်ရ မယ်၊ အကြမ်းအားဖြင့်ပြောရရင် ကုသိုလ်တွေကိုလုပ်ခဲ့တဲ့သူတွေဟာ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ ပြန်ဖြစ်ကြတယ်၊ အကုသိုလ်နဲ့ ကွဲရခြင်းဆိုတဲ့ ဆင်းရဲမှုတွေနဲ့ အမြဲတွေ့နေရတယ်၊
ဒီဆင်းရဲမှုတွေက လွတ်မြောက်ချင်တယ်ဆိုရင် ဘဝသစ်တွေ ဖြစ်အောင်လုပ်ပေးနေတဲ့ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိလေသာတွေကို အကြွင်းမရှိအောင် သတ်ပစ်နိုင်ရမယ်၊ ဒီလိုသတ်ပစ်နိုင်တဲ့အတွက် ကိလေသာတွေ အကြွင်းမဲ့

ချုပ်ငြိမ်းနေခြင်းကို နိဗ္ဗာန်လို့ ခေါ်တယ်၊ ဒီလို ကိလေသာတွေ ချုပ်ငြိမ်းနေတဲ့ ပုဂ္ဂိုလ်ကို အရဟတ်လို့ ခေါ်တယ်၊ အရဟတ်သေတဲ့အခါ နောက်ထပ်ဘဝသစ်မဖြစ်တော့ဘူး၊ ဘဝသစ် မဖြစ်ရတဲ့အတွက် အကြိမ်ကြိမ် အဖန်ဖန် အိုခြင်း၊ နာခြင်း၊ စိတ်ဆင်းရဲဖြစ်ခြင်း၊ သေခြင်း၊ ချစ်ခင်သူများနှင့် ကွဲရခြင်းဆိုတဲ့ ဆင်းရဲ တွေက တခါတည်း လွတ်မြောက်သွားတယ်၊ ဒီလို လွတ်မြောက်သွားတာကို ဝေါဟာရအားဖြင့် နိဗ္ဗာန်စံဝန်တယ်လို့ ဗုဒ္ဓဘာသာဝင်တွေက ခေါ်ကြတယ်၊ အခုလိုလွတ်မြောက်သွားစေနိုင်တဲ့ တရားကို မြတ်စွာဘုရားတွေ ပွင့်တော်မူမှကြားရတယ်၊ ပွင့်တော်မမူတဲ့အခါ မကြားရဘူး၊ ဘုရားတွေကလဲ ခဏခဏ မပွင့်ကြဘူး၊ တခါတခါ ကမ္ဘာတွေဖြစ်ပေါ်လာပြီး ကုန်ဆုံးသွားသွားကြတယ်။ ဘုရားတဆူမှ မပွင့်ဘူး၊ တချို့ ကမ္ဘာတွေကျတော့ တဆူသာပွင့်တယ်၊ ဘယ်ကမ္ဘာမှာမှ ငါးဆူထက်ပိုမပွင့်ဘူး၊ ဘုရားတွေပွင့်တော်မူကြတဲ့ အခါတွေမှာလည်း ငရဲသား၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ် လေးဘုံသားတွေဟာ တရားတော်ကို နားမလည်နိုင်ကြဘူး၊ လူနတ်ဗြဟ္မာတွေသာ နားလည်နိုင်ကြတယ်၊ လူနတ်ဗြဟ္မာတွေမှာလည်း မြတ်စွာဘုရားကို ယုံကြည်ကြသူတွေသာ တရားတော်ကို နာကြမယ်၊ တရားတော်အတိုင်း ကျင့်ကြံကြမယ်၊ မယုံကြည်ကြတဲ့ ပုဂ္ဂိုလ်တွေကျတော့နာမှာလဲမဟုတ်ဘူး၊ ကျင့်မှာလဲမဟုတ်ဘူး၊ အခုဖေါ်ပြခဲ့တဲ့အချက်တွေကြောင့် အို၊ နာ၊ သေ၊ ကွဲအစရှိတဲ့ သံသရာဝဋ်ဆင်းရဲတွေက လွတ်မြောက်စေနိုင်တဲ တရားတော်ကို ကြားနာခွင့်ရဘို့ဆိုတာ မလွယ်ဘူး၊ အဲဒါကြောင့် အခုလိုကြားနာခွင့်ရတဲ့အခါ ဗုဒ္ဓဘာသာဝင်မှန်သမျှ တခြားဘာကိုမှ လုပ်ဘို့မလို၊ ဘုရားဆု၊ ပစ္စေကဗုဒ္ဓဆု၊အဂ္ဂသာဝကဆု၊ မဟာသာဝကဆု ဆိုတဲ့ ဆုလေးမျိုးထဲက တမျိုးမျိုးကို ပန်ဆင်သူများအတွက် သန်္ဒိရုပက်ခဉာဏ်ကို ရှေးဦးစွာ ရအောင် အားထုတ်ရမယ်၊ ဒီဉာဏ်ကိုရပြီးပြီဆိုတော့မှ ပါရမီဆယ်ပါးကို မိမိ တတ်နိုင်သလောက် ဖြည့်ကျင့်ရမယ်၊ ပကတိသာဝကဆုကို ပန်ဆင်သူကတော့ ဒီဘဝမှာဘဲ ရဟန္တာဖြစ်ရင် အကောင်းဆုံးဘဲ၊ ဒီလိုအားမထုတ်နိုင်ရင် ဒီဘဝမှာ အနဲဆုံးအဖြစ်နဲ့ မဂ်(၄)မဂ်ရှိတဲ့ အထဲက အောက်ဆုံးမဂ်ဖြစ်တဲ့ သောတာပတ်တိမဂ်ကို ရအောင် အားထုတ်ရမယ်၊ ဒီလိုအားထုတ်တာဟာ အို၊ နာ၊ သေ၊ ကွဲ အစရှိတဲ့ သံသရာဝဋ်ဆင်းရဲတွေက လွတ်မြောက်ရေးအတွက် အဓိက အချက်ကြီးဖြစ်နေတာကြောင့် ဗုဒ္ဓဘာသာဝင်မှန်သမျှဟာ အရေးမကြီးတာတွေကို နောက်ရွှေ့ထားပြီး အရေးကြီးတဲ့ အဓိကအချက်ကို ရှေးဦးစွာ လုပ်ကြရမယ်၊

အခုလို အခွင့်ကောင်းကြီးကို ရရှိတုန်း အဓိက အချက်ကြီးကိုမလုပ်မိဘဲ ပေါ့ပေါ့ဆဆ နေသွားကြရင် နောင်ဘဝမှာ ဒီတရားတော်တွေနဲ့ ပြန်တွေ့ဘို့ဆိုတာ မလွယ်ဘူး၊ နောင်ဘဝမှာ ငရဲနဲ့ တိရိစ္ဆာန်ဘုံတွေကို ရောက်နေရင် တရားတော်ကို

နားမလည်နိုင်တော့ဘူး၊ နောင်ဘဝမှာလူနတ်ဖြဟာဘဲ ပြန်ဖြစ်သည့်တိုင်အောင် ဒီဘဝတုန်းကဘုရားကို ယုံကြည်ခဲ့သူဟာ နောင်ဘဝမှာလည်း ဒီလိုဘဲဆက်ပြီး ယုံကြည်လိမ့်အုံးမယ်လို့ ဘယ်သူမှ အာမမခံနိုင်ဘူး၊ အဲဒါကြောင့် တခုဘဝမှာ အင်မတန် ကြီးကျယ်တဲ့ အခွင့်ကောင်းကြီးကို ရရှိတုန်း ဗုဒ်ဓဘာသာဝင်တိုင်းဟာ သံသရာဝဋ်ဆင်းရဲတွေက လွတ်မြောက်ရေးအတွက် ခုနကပြောခဲ့တဲ့အတိုင်း အစွမ်းကုန် အားထုတ်ကြရမယ်၊

ဒါပေမဲ့ ဗုဒ်ဓဘာသာဝင်တွေထဲမှာ အခုပြောသလို ဘယ်နှစ်ယောက်အားထုတ်ကြသလဲ၊ ဦးနုရဲ့ ခန့်မှန်းခြေအရဆိုရင် ဗုဒ်ဓဘာသာဝင်တထောင်လောက်မှာမှ တရားအားထုတ်သူဟာ တယောက်လောက်ဘဲရှိတော့မယ်၊

တရားအားထုတ်တာကတော့ နဲနဲခက်လို့ ထားလိုက်ပါအုံး၊ တရားကိုနားလည်သူတွေ ဗုဒ်ဓဘာသာဝင်တွေ ထဲမှာ ဘယ်လောက်ရှိမလဲ၊ တရာမှာ တယောက်လောက်ဘဲ ရှိတော့မယ်လို့ ဦးနုခန့်မှန်းကြည့်မိတယ်၊

သံသရာ ဝဋ်ဆင်းရဲတွေက လွတ်မြောက်ရေးအတွက်

မြတ်စွာဘုရားဟောကြားထားခဲ့တဲ့ တရားတော်မှာ သီလ၊ သမာဓိ၊ ပညာဆိုပြီး အပိုင်းကြီး (၃)ပိုင်းရှိတယ်၊ သီလဆိုတာ ကိုယ်ကမကောင်းတာကို မလုပ်အောင် နှုတ်ကမကောင်းတာကို မပြောအောင် ထိန်းသိမ်းတဲ့အပိုင်းဖြင်တယ်၊ သမာဓိဆိုတာက အစဉ်ထာဝရ ပြန့်လွင့်နေတဲ့ စိတ်တွေကို အာရုံတခုတခုအပေါ်မှာ တည်ငြိမ်နေအောင် ထိန်းသိမ်းတဲ့ အပိုင်းဖြစ်တယ်၊ ပညာဆိုတာက လောဘ၊ဒေါသ၊ မောဟာ ဆိုတဲ့ ကိလေသာတွေကို  အကြွင်းမဲ့ သုတ်သင်ပစ်နိုင်တဲ့ မဂ်ညာဏ်ဖိုညာဏ်တွေကိုရအောင် ကမဌာန်းထိုင်တဲ့အပိုင်းဖြစ်တယ်၊

အဲဒီအပိုင်း(၃)ပိုင်း ရှိတဲ့အထဲက သမာဓိနဲ့ပညာပိုင်းဟာ နားလည်ဘို့ခက်တယ်၊ သီလပိုင်းကတော့ နားလည်ဘို့လွယ်တယ်၊

အဲဒီသီလအပိုင်းမှာ မြတ်စွာဘုရားဟာ (၅)ပါးသီလ၊ (၈)ပါးသီလ၊ (၉)ပါးသီလ၊ (၁၀)ပါးသီလ အစရှိ သဖြင့် သီလတွေကို အမျိုးမျိုးခွဲခြားပြီး ဟောပစ်ခဲ့တယ်၊ အဲဒီသီလတွေထဲမှာ (၅)ပါးသီလဆိုတာဟာ ဗုဒ်ဓဘာသာဝင် တိုင်း အနဲဆုံး ကိုယ်ကျင့်တရားအဖြစ်နဲ့ စောင့်ထိန်းရမဲ့သီလဖြစ်တယ်၊ အဲဒီသီလထဲမှာပါတဲ့ ကိုယ်ကျင့် တရား(၅)မျိုးဟာ ဘာလဲဆိုတာကို သေသေချာချာ သိတဲ့လူတွေ ဗုဒ်ဓဘာသာဝင်တွေထဲမှာ ဘယ်လောက်ရှိသလဲ၊

ဦးနုဟာ အသက်(၁၅)နှစ်နဲ့ (၃၀)ကြားထဲမှာ ရှိတဲ့လူငယ်တွေကို အတော်များများ အကြိမ်များများ စစ်ကြည့်ဘူးတယ်၊ ငါးပါးသီလဟာ ဘာလဲဆိုတာကို ကျကျနန ပြောပြနိုင်တဲ့ လူငယ်တွေဟာ တရာမှာ ဆယ်ယောက်လောက်ဘဲရှိတော့မယ်၊ ဗုဒ်ဓဘာသာဝင်တွေထဲမှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ထိခြင်းငါးပါးနဲ့ အချိုးကျကျ ရှိခိုးတတ်တဲ့ လူတွေဟာ တရာမှာ ဆယ်ယောက်လောက်ဘဲရှိတော့မယ်၊ အဲဒီအချက်တွေကိုတွေ့ရတဲ့အခါ ဒီဗုဒ်ဓဘာသာဝင်တွေဟာ သံသရာဝဋ်ဆင်းရဲက

လွတ်မြောက်ရေးအတွက် သူတို့ရရှိနေတဲ့ အခွင့်ကောင်းကြီးကို
အလွဲသုံးစားလုပ်နေကြပြီလို့ တွေးမိပြီး ဦးနုဟာ ရင်ဆို့နေတယ်၊
အဲဒါကြောင့်–(၁) ဗုဒ်ဓဘာသာဝင်တွေဟာ ဘာသာရေးမှာ စိတ်ဝင်စားလာအောင်
(၂)သံသရာဝဋ် ဆင်းရဲတွေက လွတ်မြောက်စေနိုင်တဲ့ ဗုဒ်ဓတရားတော်ကို
သိနိုင်သမျှသိရှိလာကြအောင်။ (၃)ဒီလိုသိကြပြီး သံသရာဝဋ်ဆင်းရဲတွေက
လွတ်မြောက်ရေးအတွက် တရားအားထုတ်ကြအောင် ဝန်ကြီးချုပ်ဦးနုဟာ
သူတတ်နိုင်သရွေ့ လုပ်ပေးသွားတယ်၊ ဒီလိုလုပ်ပေးသွားတဲ့
ဘာသာရေးလုပ်ငန်းတွေထဲက လုပ်ငန်းတချို့ကို ဒီနေရာမှာ
အကျဉ်းချုပ်လောက်ဖော်ပြချင်တယ်၊
(၁) ဘုန်းကြီးကျောင်းတွေမှာ ပါဠိတက်ကသိုလ်တွေ ထူထောင်ပေးတယ်၊
(၂) လူစာပြန်ပွဲတွေနဲ့ ဘုန်းကြီးစာပြန်ပွဲတွေကို ကျင်းပပေးခဲ့တယ်၊
လူစာပြန်ပွဲတွေထဲက ထောင်ကျနေတဲ့ အကျဉ်းသားတွေအတွက် လုပ်ပေးခဲ့တဲ့
စာပြန်ပွဲဟာ အထူးမှတ်သားစရာကောင်းတယ်၊ ထောင်ထဲက စာပြန်ပွဲတွေမှာ
အောင်မှတ်ရတဲ့ အကျဉ်းသားတွေဟာ လျှော့ရက်တွေရတယ်၊ မြန်မြန်လွတ်ချင်တဲ့
အကျဉ်းသားတွေဟာ အဲဒီစာပြန်ပွဲတွေမှာ အောင်မှတ်တွေရအောင်
အထူးကြိုးစားကြတယ်၊
ဘုန်းကြီးစာပြန်ပွဲတွေထဲက တိပိဋကရေ စာပြန်ပွဲဟာ
အထူးမှတ်သားစရာကောင်းတယ်၊ ဒီစာပြန်ပွဲကို ပထမအကြိမ်ကျင်းပနေတဲ့အခါ
အင်းစိန်တဝိုက်မှာ ကေအင်ဒီအိုတွေနဲ့ အစိုးရတပ်သားတွေရဲ့ တိုက်ပွဲတွေဟာ
အတော်ပြင်းထန်တုန်းရှိသေးတယ်၊ တခါတခါ ပစ်သံခတ်သံတချို့ကို
စာမေးပွဲလုပ်နေတဲ့ နေရာက ကြားရတယ်၊ ဒီတိုက်ပွဲတွေကြောင့် ဒီစာပြန်ပွဲကို
ရွှေ့ဆိုင်းပစ်ဘို့ ဘာသာရေးခေါင်းဆောင်တချို့ကတောင် ဝန်ကြီးချုပ်ဦးနုကို
အကြံပေး ကြရတဲ့အထိ ဖြစ်ခဲ့ရသေးတယ်၊
အင်းစိန်တိုက်ပွဲထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့ အချက်တချက်ကို ဒီနေရာမှာ
နဲနဲလောက်ဖော်ပြချင်တယ်၊ တိပိဋကရေစာပြန်ပွဲဆိုတာ သုတ်တံ၊ ဝိနည်း၊
အဘိဓမာဆိုတဲ့ ပိဋကတ်သုံးပုံဆိုတာ မနဲဘူး၊ စာအုပ်ပေါင်း (၅၀)ကျော်တယ်၊
စာအုပ်တအုပ်မှာ စာမျက်နှာ(၄၀၀)လောက်ရှိတယ်၊ အဲဒါကြောင့် စာပြန်ပွဲကို
အစကအဆုံးထိ တဆက်တည်း မကျင်းပနိုင်ဘူး၊ ကြားမှာအနားပေးပြီး ကျင်းပရတယ်၊
နှစ်စဉ်နှစ်တိုင်း အာဂုံနဲ့ ရေးဖြေ(၂)ခုစလုံးကို အောင်တဲ့ ကိုယ်တော်တပါးဟာ
ပိဋကတ်သုံးပုံကုန်အောင် လေးနှစ်ဖြေရမယ်၊ မန်းဒလေးမှာ နှစ်စဉ်နှစ်တိုင်း ကျင်းပတဲ့
စကြာသီဟ စာပြန်ပွဲဟာ ဒီတိပိဋကရေ စာပြန်ပွဲလောက်မခက်ဘူး၊ အဲဒါတောင်
အဲဒီစာပြန်ပွဲအတွက် စာကျက်ကြတဲ့ ကိုယ်တော်တချို့ဟာ ပင်ပန်းလွန်းတဲ့အတွက်
ပျံတော်မူကြတယ်၊ ဒီတိပိဋကရေ စာပြန်ပွဲကိုသာ ကျင်းပရင် ရဟန်းတွေပိုပြီး
ပျံတော်မူကြလိမ့်မယ်၊ အဲဒါကြောင့် ဒီစာပြန်ပွဲကို မလုပ်ပါနဲ့ ဖျက်ပစ်ပါလို့

ရန်ကုန်က ရဟန်းတချို့က တောင်းဆိုကြတယ်၊ ဝန်ကြီးချုပ်ဦးနုတို့လူစုကလည်း မဖျက်ဘူးလို့ ပြန်ကြားတဲ့အခါ စာပြန်ပွဲမလုပ်ဖြစ်အောင် စာပြန်ပွဲကို သပိတ်တားမယ်လို့ အဲဒီရဟန်းတွေက ကျေညာတယ်၊ အဲဒါကြောင့် ရဲအဖွဲ့ကို အစောင့်ချထားပြီး အဲဒီ ပထမစာပြန်ပွဲကို ကျင်းပရတယ်၊
ဒီစာပြန်ပွဲဟာ ကန့်ကွက်တဲ့ ရဟန်းတွေ အကြောင်းပြတဲ့အတိုင်း အင်မတန်ခက်တဲ့ စာပြန်ပွဲ ပါဘဲ၊ အခုအချိန်အထိ စာပြန်ပွဲအဖွဲ့က စီစဉ်ထားတဲ့အတိုင်း အရှုံးမရှိဘဲ ဂုဏ်ထူးနဲ့အောင်တာ ဦးဝိစိတ်တသာရာဘိဝံသ ကိုယ်တော်တပါးဘဲရှိသေးတယ်၊ တခြားကိုယ်တော်တွေကတော့ တခါတခါတလေ အာဂုံပြန်တဲ့ဘက်မှာကျတယ်၊ တခါတလေ ရေးဖြေတဲ့ ဘက်မှာကျတယ်၊ အောင်မြင်အောင် အကြိမ်ကြိမ် ပြန်ပြီး ဖြေရတယ်၊ ဒါပေမဲ့ စာမေးပွဲအတွက် စာကျက်ရလွန်းလို့ ရောဂါစွဲပြီး ပျံလွန်တော်မူတဲ့ ရဟန်းတပါးမှ မရှိခဲ့ဖူးဘူး၊
(၃) ဝန်ကြီးချုပ်ဦးနုဟာ တရားတော်ကို ဆရာနဲ့ကျကျနန သင်ခဲ့ဖူးသူမဟုတ်၊ လူပညာရှိများ၊ ရဟန်းပညာရှိများရဲ့ ဟောပြောချက်များကို အနဲငယ် ကြားနာဖူးတယ်၊ ရေးသားချက်များကို အနဲငယ် လေ့လာဖူးတယ်၊ အဲဒီနောက် သူနားလည်သမျှကလေးနဲ့ အခွင့်ကောင်းရတိုင်း ပရိတ်သတ်နဲနဲကိုဖြစ်ဖြစ်၊ များများကိုဖြစ်ဖြစ် တရားဟောလေ့ရှိတယ်၊ ဖြန့်ချီလိုသူများအား သူ့ဟော ပြောချက်တွေကို ဓမ္မဒါန အဖြစ် လှူဒါန်းလေ့ရှိတယ်၊
(၄) ပိဋကတ်သုံးပုံကို ပါဠိလိုက မြန်မာလို ဘာသာပြန်ပေးတယ်၊ ဒီလို ဖြန့်ချီပေးလိုက်တဲ့ အတွက် ပါဠိလို မတတ်တဲ့ ဗုဒ္ဓဘာသာဝင်အတော်များများဟာ ပိဋကတ်သုံးပုံကို ဖတ်နိုင်လာကြတယ်၊
(၅) ဗုဒ္ဓတရားတော်တွေနဲ့ အင်မတန်ဝေးနေတဲ့ တောင်တန်းဒေသတွေမှာ သာသနာပြုလုပ်ငန်းတွေကို အားပေးတယ်၊
(၆) ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားရေးကို ဆောင်ရွက်နိုင်ဘို့အတွက် ဗုဒ္ဓသာသနာ အဖွဲ့ချုပ် တခုကို ဖွဲ့စည်းပေးပြီး သာသနာရေးကိတ်စများကို ဆောင်ရွက်နိုင်ရန်အတွက် အစိုးရက ထောက်ပံ့ကြေး ပေးထားတယ်၊
(၇) အစိုးရစာသင်ကျောင်းတွေနဲ့ တက်ကသိုလ်တွေမှာ ဗုဒ္ဓတရားတော်ကို သင်ကြားပို့ချစေတယ်၊
(၈) ဗမာနိုင်ငံမှာ ပိဋကတ်သုံးပုံကို မင်းတုန်းမင်း လက်ထက်တော်တုန်းက ကျောက်စာထွင်းပြီး မှတ်တမ်းတင် ထားပစ်ခဲ့တယ်၊ နောက်ခေတ်တွေကျတော့ ပုံနှိပ်တိုက်အမျိုးမျိုးက ကျမ်းစာအုပ်တွေရိုက်ပြီး မှတ်တမ်းတင်ကြတယ်၊ အဲဒီမှတ်တမ်းတင်တဲ့အခါ ကျောက်စာထွင်းသူတွေ မှားပြီးထွင်းမိတဲ့အတွက် ကျောက်စာတွေထဲမှာ အမှားအယွင်းတွေပါသွားတယ်၊
စာအုပ်ရိုက်တဲ့အခါတွေမှာလည်း စာစီသမားတွေ စာပြင်ဆရာတွေ မှားပြီးထည့်လိုက်တဲ့အတွက် ကျမ်းစာအုပ်တွေထဲမှာလည်း အမှားအယွင်းတွေ

ပါသွားပြန်တယ်၊ ဒီအမှားအယွင်းတွေကို အချိန်မီ မပြင်နိုင်ရင် စာအမှားကြောင့် အကျင့်အမှားတွေ ဖြစ်ပေါ်လာနိုင်စရာ အန္တရာယ်တွေရှိနေတယ်၊ အဲဒါကြောင့် ရဟန်းပညာရှိ၊ လူပညာရှိများရဲ့ ညြဝါဒပေးချက်အရ ဒီအမှားအယွင်းတွေကို ပြင်ဘို့ ဝန်ကြီးချုပ်ဦးနုဟာ ဆဋ္ဌသံဃာယနာပွဲတော်ကိုကျင်းပပေးခဲ့တယ်၊
(၉) ဗုဒ်ဓတရားတော်မှာ အကျင့်ဟာ သိပ်အရေးကြီးတယ်၊ အကျင့်မရှိဘဲ တရားတော်ရဲ့ အမှန်သဘောတွေကို မမြင်နိုင်ဘူး၊ အကြမ်းအားဖြင့် အကျင့်ဟာ (၃)မျိုးရှိတယ်၊ (က) ကိုယ်ကမကောင်းတာမလုပ်အောင် နှုတ်က မကောင်းတာ မပြောအောင် စောင့်ထိန်းတဲ့အကျင့်။ (ခ) စိတ်တွေဟာပျံ့လွင့်ခြင်းမရှိဘဲ အာရုံတခုခုအပေါ်မှာ တည်ငြိမ်နေအောင် လုပ်ရတဲ့အကျင့်။ (ဂ) လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေကို အကြွင်းမရှိအောင် သတ်ရတဲ့အကျင့်ဆိုတဲ့ အကျင့်သုံးမျိုးဘဲဖြစ်တယ်၊ ဒီအကျင့်သုံးမျိုးကို ကျင့်နိုင်အောင်ဆိုပြီး ရှေးဦးစွာ ရန်ကုန်မှာ သာသနာရိပ်သာ အမည်နဲ့ ကမ္မဋ္ဌာန်းကျောင်းတခုဖွင့်ပေးတယ်၊ ကမ္မဋ္ဌာန်းဆရာတွေက တရားတော်ဟာ အင်မတန် အံ့ညြဖို့ကောင်းတယ်၊ အောက်ဆုံးမဂ်ဖြစ်တဲ့ သောတပတ်တိမဂ်ကိုရအောင် တရားအားထုတ်ပြီးတာနဲ့ တပြိုင်နက် တရားအားထုတ်သူတွေရဲ့ စိတ်သဘောထားတွေဟာ ထူးထူးခြားခြား ပြောင်းသွားတယ်လို့ ပြောကြတယ်၊ ဦးနုလည်း စမ်းကြည့်ချင်တာနဲ့ သတ်ရမှာလည်း ဝန်မလေး။ ခိုးရတိုက်ရမှာလည်း ဝန်မလေး။ ကာမမှာ မှားယွင်းစွာကျင့်ရမှာလည်း ဝန်မလေး။ လိမ်ပြောရမှာလည်း ဝန်မလေး။ အရက်သောက်ရမှာလည်း ဝန်မလေး။ အင်မတန်ဆိုးလွန်းလို့ တနယ်လုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်ရတဲ့ သူ့သူငယ်ချင်းတယောက် ကိုသာသနာ့ရိပ်သာပို့လိုက်တယ်၊ တရားအားထုတ်ပြီးတဲ့အခါ အံ့ညြစရာကောင်းလောက်အောင် လူကောင်းတယောက်ဖြစ်သွားတယ်၊ အဲဒီသူငယ်ချင်းလည်း တရားတော်ကိုနှစ်ခြိုက်လွန်းလို့ တရားအားထုတ်ရအောင် သူ့မိန်းမကို သာသနာ့ရိပ်သာခေါ်လာလိုက်သေးတယ်၊ ဒီအဖြစ်အပျက်ကို မြင်ရပြီးတဲ့အခါ တရားတော်မှာ ယုံကြည်မှုတွေ အလွန်အမင်းပြင်းထန်လာတဲ့အတွက် ဝန်ကြီးချုပ်ဦးနုဟာ ရန်ကုန်တင်မကဘဲ တနိုင်ငံလုံးမှာ သာသနာ့ရိပ်သာတွေ ပြန့်ပွားသွားအောင် ဆောင်ရွက်ပေးခဲ့တယ်၊
အစိုးရအနေနဲ့ သာသနာရေးထဲမှာ ဒီလောက်ဝင်ပြီးပါနေတာမကောင်းဘူးလို့ ဝန်ကြီးချုပ်ရဲ့မိတ်ဆွေတချို့က ဝန်ကြီးချုပ်ကို အကြံပေးကြတယ်၊ ကျွန်တော်တို့ အစိုးရအဖွဲ့က ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ဘို့အတွက် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားတာဘဲ၊
ပြည်သူလူထုရဲ့အကျိုးစီးပွားထဲမှာ ဘာသာရေးမပါဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ ပြောရင်အဲဒီလူမှားလိမ့်မယ်၊ လူတွေရဲ့ လက်ရှိဘဝဟာ အလွန်ဆုံး အနှစ်တရာရှိတော့မပေါ့၊ နောင်ဘဝမှာ ဘယ်နှစ်နှစ်ရှိမယ်ဆိုတာ ဘယ်သူမှ ဂဏန်းနဲ့

ရေတွက်မပြေနိုင်ဘူး၊ အနှစ်တရာလောက်ရှိတဲ့ ဒီဘဝကောင်းစားရေးအတွက်
အစိုးရအဖွဲ့ဟာ ဆောင်ရွက်နိုင်တယ်ဆိုရင် နှစ်အရေအတွက်အားဖြင့် အဆုံးမရှိတဲ့
နောင်ဘဝကောင်းစားရေးအတွက် ဘာဖြစ်လို့ မဆောင်ရွက်နိုင်ရမှာလဲ၊
ဆောင်ရွက်နိုင်ရမယ်လို့ ပြောပြီး ဝန်ကြီးချုပ် ဦးနုဟာ သူသွားနေတဲ့လမ်းပေါ်က
နဲနဲကလေးမှ နောက်တွန့်မသွားဘဲ သွေဖီမသွားဘဲ
ဆက်ပြီးသွားမြဲတိုင်းသွားနေတာဘဲ၊
ဗမာနိုင်ငံမှာ (၁) ဗုဒ္ဓဘာသာဝင်တွေ၊ (၂) မူစလင်ဘာသာဝင်တွေ။ (၃)
ခရစ်ယာန်ဘာသာဝင်တွေ။ (၄) ဟိန္ဒူဘာသာဝင်တွေ၊ (၅) နတ်ကိုးကွယ်သူတွေ
ရှိနေတယ်၊ ဝန်ကြီးချုပ် ဦးနုဟာ ဗုဒ္ဓဘာသာဝင်တွေအတွက်သာ
ဆောင်ရွက်ပေးနေတာ မဟုတ်ဘူး၊ သူဟာ ဗုဒ္ဓတရားတော်ရဲ့ အရိပ်အာဝါသကို
ခိုလှုံတိုင်း အင်မတန် ကြီးကျယ်တဲ့ စိတ်ချမ်းသာမှုကိုရတယ်၊
တခြားဘာသာဝင်တွေလည်း သူတို့အသီးသီး ကိုးကွယ်ကြတဲ့ ဘာသာတွေရဲ့
အရိပ်အာဝါသကို ခိုလှုံတိုင်း သူ့လိုဘဲ အင်မတန် ကြီးကျယ်တဲ့ စိတ်ချမ်းသာမှုကို
ရကြမှာဘဲ၊ အဲဒီကြီးကျယ်တဲ့ စိတ်ချမ်းသာမှုတွေကို ဒီပုဂ္ဂိုလ်တွေဟာ
သူ့လိုဘဲရကြပါစေ ဆိုတဲ့ ကိုယ်ချင်းစာနာမှု ဝန်ကြီးချုပ်ဦးနုမှာ ရှိနေတယ်၊
အဲဒါကြောင့် ဦးနုဟာ ဗုဒ္ဓ ဘာသာဝင်တွေအတွက် ဆောင်ရွက်ပေးသလို
တခြားဘာသာဝင်တွေအတွက် တရားသဖြင့် ဆောင်ရွက် ပေးတယ်၊
ဥပမာ (၁) ဘာသာရေးအတွက် ထောက်ပံ့ကြေးကို ပေးတဲ့အခါ ရှေးဦးစွာ
ထောက်ပံ့ကြေး ဘယ်လောက်ပေးမယ် ဆိုတာကို သတ်မှတ်လိုက်ပြီး သက်ဆိုင်ရာ
ဘာသာရေးအဖွဲ့တွေကို လူဦးရေအလိုက် ခွဲဝေပေးလိုက်တယ်၊
(၂) ဝန်ကြီးချုပ်ဦးနုဟာ အိန္ဒိယနဲ့ သီဟိုက ဘုရားဓာတ်တော်နဲ့ ရဟန္တာ
ဓါတ်တော်တွေကို ဗုဒ္ဓ ဘာသာဝင်တွေ ပူဇော်ဖို့အတွက် ဗမာနိုင်ငံကို ပင့်လာတယ်၊
ဝန်ကြီးချုပ်ဦးနုဟာ ဗက်တီကန်မှာ ပုပ်ကို ဂါရဝပြုပြီး ပြန်လာတဲ့အခါ ဗမာနိုင်ငံက
ကက်သလစ်တွေ မြတ်နိုးမဲ့ ခရစ်တော်ရဲ့ ပုံတော်ကားများ၊ စာအုပ်များ၊
ပုပ်ရဲ့ရုပ်ပုံခတ်နှိပ်ထားတဲ့ တံဆိပ်များကို ဗက်တီကန်က ယူလာပြီး ခရစ်ယာန်တွေကို
ဝေပေးတယ်၊
(၃) ကက်သလစ်ခေါင်းဆောင်များ အဖွဲ့တဖွဲ့ကိုဖွဲ့ပြီး ပုပ်ကို ဂါရဝပြုရအောင်
အစိုးရစရိတ်နဲ့ စေလွှတ်ခဲ့တယ်၊ အလားတူ မွတ်စလင်အဖွဲ့တဖွဲ့ပြီး
မက်ကာမှာဂါရဝပြုရအောင် အစိုးရစရိတ်နဲ့ စေလွှတ်ခဲ့တယ်၊
(၄) ပိဋကတ်သုံးပုံကို ပါဠိလိုက မြန်မာလိုဘာသာပြန်သလို၊ ကိုရန်ကျမ်းကိုလည်း
အာရေဗျဘာသာလိုက မြန်မာလို ဘာသာပြန်ဖို့အတွက် ဝန်ကြီးချုပ် ဦးနုက
ထောက်ပံ့ကြေးထုတ်ပေးတယ်၊ ဘာသာပြန်ပြီးတဲ့အခါ မြန်မာဘာသာပြန်ဟာ မူလ
ကျမ်းရင်းနဲ့ တူမတူကို စစ်ဆေးရန်
ချို့ယွင်းချက်များကိုပြုပြင်ရန်နဲ့ပြုပြင်ပြီးတဲ့အခါဘာသာပြန်ကို အတည်ပြုရန်အတွက်

တနိုင်ငံလုံးက ကျမ်းတတ်ပညာရှိများရဲ့ ညီလာခံတရပ်ကို အစိုးရက
ကျင်းပပေးမယ်လို့ ဝန်ကြီးချုပ်က မူဆလင်ခေါင်းဆောင်များကို ဂတိပေးထားတယ်၊
ဘိုင်ဘယ်လ်ကိုတော့ ဒေါက်တာဂျပ်ဆင်တို့ လက်ထက်ကတည်းက မြန်မာလို
ဘာသာပြန်ပြီးနေပြီ၊ အဲဒါကြောင့် ပရိုတက်စတင့် ဂိုဏ်းပေါင်းစုံညီလာခံတခု
ရန်ကုန်မှာ ကျင်းပတဲ့အခါ ကိုယ်စားလှယ်တွေကို ဘိုင်ဘယ်လ် တအုပ်ကျစီ
လှူဒါန်းတယ်၊

(၅) မူဆလင်၊ ခရစ်ယာန်၊ ဟိန္ဒူအဖွဲ့တွေက ဘာသာရေး ကိတ်စတခုခုနဲ့
ပတ်သက်ပြီး ဖိတ်ကြားတဲ့အခါ ဝန်ကြီးချုပ်ဦးနုဟာ ဘယ်တော့မှမငြင်းဘူး၊
ဗလီထဲကိုလဲသွားတာဘဲ၊ ချာ့ချ်ထဲကိုလည်း သွားတာဘဲ၊
ဟိန္ဒူဝတ်ကျောင်းထဲကိုလည်း သွားတာဘဲ၊ ညီလာခံတွေတက်ပါဆိုလည်း
တက်လာဘဲ၊ မိန့်ခွန်းပေးပါဆိုလည်း ပေးတာဘဲ။ သဝဏ်လွှာပေးပါဆိုလဲ ပေးတာဘဲ၊

(၆) အစိုးရစာသင်ကျောင်းတွေမှာ ဗုဒ်ဓတရားတော်ကို အသင်ခိုင်းတဲ့အခါ
ဝန်ကြီးချုပ်ဦးနုဟာ မူဆလင်နဲ့ ခရစ်ယာန်ဘာသာတွေကိုလည်း အသင်ခိုင်းဘို့
မေ့မနေဘူး၊ အသင်ခိုင်းတယ်၊ ဒီလို အသင်ခိုင်းလိုက်တဲ့ အတွက် ဘာတွေ
ဖြစ်လာတယ်ဆိုတာ နဲနဲလောက် ကြည့်ရအောင်၊ နှစ်ကတော့ ၁၉၅၄ခုနှစ်နဲ့တူတယ်၊
အဲဒီနှစ်ထဲမှာ သြဇာကြီးမားတဲ့ ရဟန်းတော် အဖွဲ့တဖွဲ့က ကိုယ်စားလှယ်သုံးပါးဟာ
နေ့တနေ့မှာ ဝန်ကြီးချုပ်ဦးနုနဲ့ လာတွေ့ကြတယ်၊

ဒကာကြီး။ အစိုးရ စာသင်ကျောင်းတွေမှာ မူဆလင်ဘာသာနဲ့ ခရစ်ယာန်ဘာသာကို
သင်တာ ကျုပ်တို့ မကြိုက်ဘူး၊ ကန့်ကွက်တယ်၊ ဒီဘာသာတွေသင်တာကို
ချက်ချင်းရပ်ပေးပါ၊

ဦးပဇင်းတို့က ဘာဖြစ်လို့ မကြိုက်တာလဲ

ဒီဘာသာတွေဟာ မိစာဒိဋ္ဌိဘာသာတွေ။ ဒါကြောင့် မကြိုက်ဘူး၊

မူဆလင်ကျောင်းသူကျောင်းသားတွေကို မူဆလင်ဘာသာ သင်ပေးတယ်၊
ခရစ်ယာန်ကျောင်းသူ ကျောင်းသားတွေကို ခရာစ်ယာန်ဘာသာ သင်ပေးတယ်၊
ဗုဒ်ဓဘာသာဝင် ကျောင်းသူကျောင်းသားတွေကို ဒီဘာသာတွေ သင်ပေးတာမှ
မဟုတ်ဘဲ၊

ဒါပေမဲ့ အစိုးရကျောင်းတွေမှာ ဒီဘာသာတွေကို မသင်ရဘူး၊ သူတို့သင်ချင်ရင်
တခြားမှာ သွားသင်ကြပေစေ၊

ဒီလို မတရား ကန့်ကွက်တာမျိုးကို မလုပ်ချင်ပါနဲ့၊ မင်းတုန်းမင်းကြီးဟာ
ဗုဒ်ဓဘာသာ သာသနာကို အင်မတန် ကြည်ညိုတဲ့ ရှင်ဘုရင်ကြီးဘဲ၊
အဲဒီရှင်ဘုရင်ကြီး လက်ထက် မန်းဒလေး နေပြည်တော်မှာ မူဆလင်ဘာသာနဲ့
ခရစ်ယာန်ဘာသာတွေကို အတော်ထောက်ပံ့ခဲ့တာဘဲ၊

မင်းတုန်းမင်းကြီး လက်ထက်တုန်းက ကျုပ်တို့မရှိလို့ ဒီလို ထောက်ပံ့ရတာ၊
ကျုပ်တို့သာရှိရင် ဒီလိုထောက်ပံ့ရမှာ မဟုတ်ဘူး၊

အစိုးရစာသင်ကျောင်းတွေကို ဗုဒ္ဓဘာသာဝင်တွေရဲ့ ပိုက်ဆံနဲ့ချည်းဘဲ ထူထောင်ထားတာ မဟုတ်ဘူး၊ မူဆလင်တွေနဲ့ ခရစ်ယာန်တွေရဲ့ ပိုက်ဆံတွေလည်း ပါတယ်၊ အဲဒီတော့ ဗုဒ္ဓဘာသာတရားတော်ကို အစိုးရစာသင်ကျောင်းတွေမှာ သင်နိုင်ရင် မူဆလင်ဘာသာနဲ့ ခရစ်ယာန်ဘာသာတွေကိုလည်း သင်နိုင်ရမှာဘဲ၊ မသင်ရဘူး။ ကျုပ်တို့ ပြင်းပြင်းထန်ထန်ကန့်ကွက်တယ်၊

အဲဒီအချိန်မှာ ဝန်ကြီးချုပ်ဦးနုဟာ သူ့စိတ်ကိုသူ မထိန်းနိုင်တော့ဘူး၊ အဲဒါကြောင့် ကဲ–ဦးပဇင်းတို့ ပြန်ကြတော့ အစိုးရစာသင်ကျောင်းတွေမှာ မူဆလင်ဘာသာနဲ့ ခရစ်ယာန်ဘာသာကို မသင်ရရင် ဘယ်ဘာသာကိုမှ မသင်တော့ဘူးလို့ပျာ ပြောပြီး ရဟန်းကိုယ်စားလှယ် (၃)ဦးကို ပြန်လွှတ်လိုက်တယ်၊

အမှန်စင်စစ်ဆိုရင် ဒီကိတ်စဟာ ကြီးကျယ်တဲ့ ကိတ်စမဟုတ်ပါဘူး၊ အဲဒီအချိန်က တခြားဝန်ကြီး တဦးတဦးသာ ဦးနုနေရာမှာ ရှိနေမယ်ဆိုရင် ကိုယ်စားလှယ်သုံးပါးရဲ့ ကန့်ကွက်ချက်ကို ဘယ်လိုမှ ပြန်လည် ချေပနေမှာ မဟုတ်ဘူး၊ အသာနားထောင်နေမှာဘဲ သူတို့ပြောလို့ ဝတော့မှ ဒီကိတ်စကို ဝန်ကြီးများနဲ့ တိုင်ပင်ပါရစေအုံးလို့ ပြောပြီးပြန်လွှတ်လိုက်မယ်၊ အဲဒီနောက် ဦးကျော်ငြိမ်း၊ သခင်သာခင်၊ ဗိုလ်ခင်မောင်ကလေး အစရှိတဲ့ ဆိုရှယ်လစ်ခေါင်းဆောင်တွေကို ရဟန်းကိုယ်စားလှယ်ဆီကို လွှတ်မယ်၊ ဒီဆိုရှယ်လစ်ခေါင်းဆောင်တွေနဲ့ ဒီရဟန်းကိုယ်စားလှယ်တွေဟာ ဒုတိယကမာစစ်ကြီးအတွင်းက အတူတူလက်တွဲပြီး ရှေးဦးစွာအင်္ဂလိပ်အဲဒီနောက် ဂျပန်ကို တော်လှန်ခဲ့ကြဖူးတယ်၊ အဲဒီလို အတူတွဲပြီး တော်လှန်ခဲ့ကြရင်းက သူတို့ဟာ တဦးနဲ့တဦး အတော် ခင်မင်ရင်နှီးလာကြတယ်၊ တဦးအပေါ်မှာလည်း တဦးက ဩဇာရှိသလောက် ရှိလာကြတယ်၊ အမှန်စစ်ဆိုရင် ဝန်ကြီးချုပ်ဦးနုဟာ အဲဒီရဟန်းကိုယ်စားလှယ် သုံးပါးထဲက တပါးကို အတော်မျက်မုန်းကြိုးနေတဲ့အတွက် မတွေ့ချင်ဘူးလို့တောင် သုံးလေးကြိမ်ငြင်းပယ်ခဲ့ဖူးတယ်၊ ဆိုရှယ်လစ်ခေါင်းဆောင်တွေက အကြိမ်ကြိမ်တောင်းပန်တဲ့အတွက် ဒီရဟန်းကိုယ်စားလှယ်တွေကို အတွေ့ခံလိုက်တာဖြစ်တယ်၊ ဒီဆိုရှယ်လစ်ကိုယ်စားလှယ်တွေနဲ့ ဒီရဟန်းကိုယ်စားလှယ်တွေ တွေ့ဆုံဆွေးနွေးရရင် အဲဒီရဟန်းကိုယ်စားလှယ်တွေက သူတို့ ရဲ့ ကန့်ကွက်ချက်ကို ပြန်လည်ရုပ်သိမ်းချင်လည်း ရုပ်သိမ်းသွားမယ်၊ ဒီလို မရုပ်သိမ်းရင်လည်း ဝန်ကြီးချုပ်ဦးနုရော သူတို့ပါ လက်ခံနိုင်တဲ့ အစီအစဉ်အခုခုကို လုပ်ပေးနိုင်တယ်၊ ဒါပေမဲ့ ဒါဟာ လူများစုက လူနဲစုကို သက်သက် အနိုင်ကျင့်တာဘဲယူဆပြီး အင်မတန် စိတ်ဆိုးနေတဲ့ အတွက် ဝန်ကြီးချုပ် ဦးနုဟာ အဲဒီပြဿနာ အခုပြောခဲ့သလို မဖြေရှင်းချင်ဘူး၊ ဒီလိုကိတ်စမျိုးမှာ ဖြစ်ပေါ်နေကျ သူ့ညာဉ်ဆိုးအတိုင်း ဖြေရှင်းဘို့ သံမိဌာန်ချထားတယ်၊

အဲဒါကြောင့် တနင်္လာနေ့တိုင်းကျင်းပနေကျ ဝန်ကြီးများ အစည်းအဝေးမှာ ရဟန်းကိုယ်စားလှယ် သုံးပါးလာတဲ့အကြောင်း ပြောရုံသာပြောပြတယ်၊ ဒီကိတ်စကို

ချမဆွေးနွေးဘဲ ပညာရေးဝန်ကြီးဘက်လှည့်ပြီး ကျောင်းတွေမှာ ဘယ်ဘာသာရေးမျ
ိ ခေနၷ္ဍၚညူ့တေ မသလင်ပေစေနဲ့ဏ္ဍာတော့၊ ိ ခေနၷ္ဍၚညူ့တေ
အမိန်ဏ္ဍာထုတ်လိုက်လိုဏ္ဍာ ဝန်ကြီးချုပ် ဦးနုက အမိန့်ပေးလိုက်တယ်၊
ပညာရေးဝန်ကြီးဟာ ဆင်ခြင်တုံတရားရှိတဲ့သူဆိုတော့ ဝန်ကြီးချုပ်ပြောတဲ့အတိုင်း
ချက်ချင်း အမိန့်မထုတ်သေးဘဲ ခဏလောက် ဆိုင်းထားတယ်၊ နောက်တပတ်
ဝန်ကြီးများ အစည်းအဝေးကျတော့ ဟိုနေ့က ပြောတဲ့ အမိန့်ကို ထုတ်ပြီးပြီလားလို့
ဝန်ကြီးချုပ်က ပညာရေးဝန်ကြီးကို လှမ်းမေးတယ်၊ ကျွန်တော် ထုတ်လိုက်ပါ့မယ်လို့
ပညာရေးဝန်ကြီးကဖြေတယ်၊ ဝန်ကြီးချုပ်လဲ သိပ်စိတ်ဆိုးပြီး
ကျွန်တော်ခိုင်းတဲ့အလုပ်ကို ဒီလိုဆွဲထားတာ မကြိုက်ဘူး၊
ဒီကနေ့ရုံးကိုပြန်ရောက်ရောက်ချင်း ပထမဆုံးအလုပ်အနေနဲ့ ဒီအမိန့်ကို
ထုတ်ပေးလိုက်ပါ၊ ဒါကျွန်တော့်အမိန့်ဘဲလို့ ဝန်ကြီးချုပ်က ဒေါသနဲ့ပြောတယ်၊
ဒီအမိန့်ကိုထုတ်ပေးလိုက်ပြီဆို တဲ့ သတင်းဟာ သတင်းစာတွေထဲမှာပါလာတဲ့အခါ
လူရောရှင်ပါ တခါတည်း အုံကြွလာတယ်၊ ဝန်ကြီးချုပ်ဟာ ဒီကိတ်စနဲ့ ပတ်သက်ပြီး
ပြည်သူလူထုကို ဘယ်လိုမှ ရှင်းမပြဘူး၊ သူတိုဖြုတ်ချလိုက်ရင်လဲ ရာထူးက
ပြုတ်ကျရုံပေါ့ကွာလို့ သူဟာသူပြောပြီး ဒီကိတ်စကို ဖွတ်တရွတ်
လျစ်လျူရှုထားလိုက်တယ်၊
နောက်လေးငါးရက်ကြာရင် မေမြို့က စစ်တက်ကသိုလ်မှာ ဝန်ကြီးချုပ်ဟာ
မိန့်ခွန်းပြောရမယ်၊ အဲဒီတော့ မေမြို့ကိုမတက်ခင် မန်းဒလေးမှာ ရဟန်းတော်တွေကို
လျှောက်ထားချင်တယ်၊ သင့်တော်မဲ့နေရာတခုခုမှာ ပင့်ထားပါလို့
သက်ဆိုင်ရာအရာရှိတွေကို ဝန်ကြီးချုပ် ညွှန်ကြားလိုက်တယ်၊
အမိန့်ထုတ်လိုက်တဲ့ကိတ်စကို ရှင်းလင်းလျှောက်ထားမှာဘဲလို့ ယုံကြည်ပြီး
ပင့်ထားတဲ့နေရာကို ရဟန်းတော်တွေ အတော်များများကြွလာကြတယ်၊
ဝန်ကြီးချုပ်ဦးနုဟာ ရောက်လာတာနဲ့ တပြိုင်နက် အသင့်ရေးယူလာတဲ့
လျှောက်ထားချက်ကိုဖတ်တယ်၊ ဒီလျှောက်ထားချက်ထဲမှာ
အရေးကြီးဆုံးအချက်ကတော့ တခြားမဟုတ်ဘူး၊ သူဟာ ရဟန်းတော်တွေကို
အစဉ်ထာဝရ ခြေတော်ဦးခိုက်ရှိခိုးနေတဲ့ သူတယောက်ပါ၊ အဲဒီလို လူမျိုးကျတော့
ရဟန်းတော်တွေဟာ ခြသေ့ဟောက်သံနဲ့ ဟောက်ပြီး သိပ်အနိုင်ကျင့်တယ်၊
ရဟန်းတော်တွေမှာ ဝိနည်းတော်အတိုင်း မနေဘဲ အကျင့်ဖောက်ပြန်နေတဲ့
ရဟန်းဆိုးတွေကျတော့ အဲဒီအနိုင်ကျင့်တဲ့ ရဟန်းတွေဟာ ဘာမှ မပြောရဘူး၊ သူဟာ
အနိုင်ကျင့်လာရင် ဘယ်သူကဘဲ အနိုင်ကျင့်ကျင့် ငုံ့မခံဘူး၊ အဲဒါကြောင့်
ထုတ်ထားတဲ့ အမိန့်ကို ဘယ်နည်းနဲ့မှ ပြန်ပြီး မရုတ်သိမ်းနိုင်ဘူးဆိုတဲ့
အချက်ဘဲဖြစ်တယ်၊
မျှော်လင့်ထားတာကတမျိုး ကြားရတာကတမျိုးဖြစ်နေတဲ့အတွက်
ရဟန်းပရိတ်သတ်တခုလုံးဟာ လှုပ်လှုပ်ရွရွဖြစ်သွားတယ်၊ လျှောက်ပြီးတာနဲ့

တပြိုင်နက် အဲဒီလျှောက်ထားချက်စာရွက်ကို သူတို့ပေးဘို့ သတင်းထောက်တွေက တောင်းတယ်၊ ညာဏ်အမြော်အမြင်ရှိတဲ့ တိုင်းမင်းကြီးက အတင်းဝင်တားတဲ့အတွက် ဝန်ကြီးချုပ်ဟာ လျှောက်ထားချက်ကို ပေးမလို့လုပ်ပြီးမှ ခဏလောက်ဆိုင်းသွားတယ်၊ ဒါပေမဲ့ ဘာကိုစဉ်းစားမိလို့ လည်းမဆိုနိုင်ဘူး၊ တိုင်းမင်းကြီးတားနေတဲ့ အထဲက ယူသွားဆိုပြီး သတင်းထောက်တွေကို လျှောက်ထားချက် စာရွက်ပေးလိုက်တယ်၊ တိုင်းမင်းကြီးကလည်း ဒုတိယအကြိမ် အတင်းဝင်တားပြီး ဝန်ကြီးချုပ် ဒီလျှောက်ထားချက် သတင်းစာတွေထဲမှာ ပါလာရင် မန်းဒလေးမြို့ကို ကျွန်တော်ထိန်းလို့ရမှာ မဟုတ်ဘူးလို့ အစီရင်ခံတယ်၊ အဲဒါကြောင့် ဦးနုဟာ လျှောက်ထားချက် မပေးတော့ဘဲ ပြန်သိမ်းထားလိုက်တယ်၊
လျှောက်ထားချက်စာရွက်ကို မရပေတဲ့ ဘာတွေကိုလျှောက်တယ်ဆိုတာ သတင်းထောက်တွေကြားပြီးကြပြီ၊ ရဟန်းတော်တွေလည်း ကြားပြီးကုန်ကြပြီ၊ အဲဒါကြောင့် လျှောက်ထားချက်မှာ ဘာတွေဖြစ်တယ်၊
ဘာတွေလျှောက်ထားတယ်ဆိုတဲ့ သတင်းဟာ တောမီးပမာ မန်းဒလေးတမြို့လုံးကို တရှိန်ထိုး ပြန့်ထွက်သွားတယ်၊ မန်းဒလေးကမှ ရန်ကုန်၊ ရန်ကုန်ကမှ တနိုင်ငံလုံး ပြန့်ထွက်သွားပြီး လျှောက်ထားပွဲမဖြစ်ခင်က ဦးနုကိုထောက်ခံခဲ့တဲ့ ရဟန်းရှင်လူ့ မထောက်ခံသည့်တိုင်အောင် ကြားနေခဲ့တဲ့ ရဟန်းရှင်လူ ပရိတ်သတ်ဟာ ဦးနုကို ဆန့်ကျင်လာကြတယ်၊
ဦးနုဟာ မေမြို့စစ်တက်ကသိုလ်မှာ မိန့်ခွန်းပြောပြီး ရန်ကုန်ကို ချက်ချင်း မပြန်သေးဘူး၊ မန်းဒလေးက ဧရာဝတီမြစ်အတိုင်း ရန်ကုန်ကို သင်္ဘောနဲ့စုန်ဆင်းလာတယ်၊ တနင်္ဂနွေ တပတ်လောက်ကြာတယ်၊ သူစီးလာတဲ့ သင်္ဘောဟာ ရန်ကုန်သင်္ဘောဆိပ်ကို ကပ်ပြီးတာနဲ့ တပြိုင်နက် အသင့်စောင့်နေတဲ့ အတွင်းဝန်တဦးက မူဆလင်ခေါင်းဆောင်တွေတွေ့ချင်တဲ့အကြောင်း၊ ဖြစ်နိုင်ရင် အဲဒီနေ့မှာဘဲ တွေ့ချင်တဲ့အကြောင်း အစီရင်ခံတယ်၊ အဲဒီအတွင်းဝန်နဲ့ သင်္ဘောဆိပ်မှာလာကြိုနေကြတဲ့ ဝန်ကြီးတွေဆီက ရဟန်းအတော်များများနဲ့ ပြည်သူလူထုဟာ အတော်အုံကြွနေတယ်၊ ဗုဒ္ဓဘာသာဝင်တွေနဲ့ မူဆလင်တွေရဲ့ အဓိကရုဏ်းဟာ အချိန်မရွေးဖြစ်ပေါ်လာနိုင်တယ်ဆိုတဲ့ အကြောင်းတွေကို ဝန်ကြီးချုပ်ဦးနုကြားရတယ်၊ ဝန်ကြီးတဦးကဆိုရင် အမိန့်ထုတ်သူဟာ ဦးနုဖြစ်နေလို့ဘဲ အခြားတဦးဦးသာဆိုရင် အဓိကရုဏ်းတခုခုဖြစ်ပြီးတာ ကြာပြီလို့တောင် ဝန်ကြီးချုပ်ကို ပြောတယ်၊ အဲဒါကြောင့် အဲဒီနေ့ညမှာဘဲ မူဆလင် ခေါင်းဆောင်တွေနဲ့တွေ့ဘို့ ဝန်ကြီးချုပ် အချိန်းခိုင်းလိုက်တယ်၊ ဝန်ကြီးချုပ်နဲ့ တွေ့တဲ့အခါ အဲဒီမူဆလင်ခေါင်းဆောင်တွေက ဝန်ကြီးချုပ်ရေ ကျွန်တော်တို့တော့ ဝန်ကြီးချုပ် ရန်ကုန်ပြန်အရောက်ကိုဘဲ တထိတ်ထိတ်နဲ့မျှော်နေရတာဘဲလို့အစချီလိုက်တယ်၊
(ဘာဖြစ်လို့ တထိတ်ထိတ် ဖြစ်နေရတာလဲ

အဓိကရုဏ်းဖြစ်မှာ ကျွန်တော်တို့သိပ်ကြောက်နေတယ်၊ မူဆလင်တွေ
အတော်များများဟာ ဆန်၊ ဆီ၊ ငရုတ်သီး၊ ကြက်သွန်တွေကို ဝယ်ပြီး အိမ်ထဲမှာ
သိမ်းတောင်ထားကုန်ကြပြီ၊
ခင်ဗျားတို့နဲ့ ဘယ်လိုဆိုင်သလဲ၊ အမိန့်ထုတ်တဲ့သူဟာ ကျွန်တော်ဘဲ၊ အဲဒီတော့
အဲဒီအမိန့်ထုတ်တာ မကြိုက်တဲ့သူတွေ ကျွန်တော့်ကို ရန်ရှာရမှာဘဲ၊ ခင်ဗျားတို့နဲ့
ဘာအဓိကရုဏ်းဖြစ်စရာရှိသလဲ၊
အမိန့်ကို ဝန်ကြီးချုပ်ထုတ်တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က
တောင်းဆိုတဲ့အတွက် ဝန်ကြီးချုပ်က ဒီအမိန့်ကို ထုတ်ပေးရတယ်လို့ အရပ်ထဲမှာ
ကောလဟာဠဖြစ်နေတယ်၊ အဲဒါကြောင့် ဘုန်းကြီးတွေနဲ့လူထုဟာ
ကျွန်တော်တို့မူဆလင်တွေကို သိပ်ပြီး ရန်ငြိုးကြီးနေတယ်၊
ဒါဟာမခက်ပါဘူး၊ မနက်ဖြန်ခါကျရင် သတင်းစာရှင်းလင်းပွဲလုပ်ပြီး ဒီအမိန့်နဲ့
မူဆလင်နဲ့ ဘာမှမဆိုင်ဘူး၊ ကျွန်တော့်သဘောနဲ့ ကျွန်တော်ဟာ
ကျွန်တော်ဆုံးဖြတ်ပြီး ထုတ်လိုက်တယ်ဆိုတာ ကျွန်တော်ရှင်းပြမယ်၊
မလုပ်ပါနဲ့ ဝန်ကြီးချုပ်ရယ်။ သတင်းစာရှင်းလင်းပွဲလည်း
ကယ်နိုင်မှာမဟုတ်တော့ပါဘူး၊ ကောလဟာဠတွေက အလွန်အကျွံတွေ ဖြစ်ကုန်ပြီ၊
ဒီအထဲ လုချင်ရိုက်ချင်တဲ့လူတွေက အဓိကရုဏ်း မဖြစ်ဖြစ်အောင် အမျိုးမျိုး
ဖန်တီးပေးနေတယ်၊ ဒီကနေ့ နေ့လည်ကဘဲ ကျွန်တော်တို့ရဲ့လမ်းထဲကို
ဘုန်းကြီးတွေနဲ့လူတစုဝင်လာပြီး ဒီဝက်သားစား မအေလိုးတွေ
ကောင်းကောင်းသတိထား၊ အားလုံးမသာဖြစ်ကုန်မယ်လို့
အကြာကြီးအော်ကျယ်ဟစ်ကျယ် ဆဲသွားကြသေးတယ်၊
ဒီလိုဆိုရင် ကျွန်တော်ဘာလုပ်ပေးရမလဲ
ဝန်ကြီးချုပ်ထုတ်ထားတဲ့အမိန့်ကို ပြန်ရုပ်သိမ်းပေးပါ၊ နောက်ပြီးတော့
ဘုန်းကြီးတွေတောင်းဆိုတဲ့အတိုင်း လုပ်ပေးပါ၊ စာသင်ကျောင်းတွေမှာ ကျွန်တော်တို့
မူဆလင်တွေ ဘာသာရေး မသင်ရလို့ ကိတ်စမရှိပါဘူး၊ ကျွန်တော်တို့ဟာ
ကျွန်တော်တို့ အစီအစဉ်တွေ လုပ်ယူပါ့မယ်၊
မူဆလင်ခေါင်းဆောင်တွေ ပြန်သွားတဲ့အခါ ဦးနုဟာ တယောက်ထဲထိုင်ပြီး
စဉ်းစားနေတယ်၊ ဘုန်းကြီးတွေ အကြမ်းဖက်လာရင် အစိုးရအနေနဲ့
လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်ဘူး၊ သင့်တော်သလို အရေးယူရလိမ့်မယ်၊
ပစ်ဘို့ခတ်ဘို့လိုလာရင် ပစ်ရခတ်ရတော့မယ်လို့ တွေးမိပြီး အဓိကရုဏ်းဖြစ်မှာကို
ဦးနုအတော်ကြောက်လာတယ်၊ ဒါပေမဲ့ ဒီကိတ်စမှာ ဘုန်းကြီးတချို့ဟာ လူနဲ့စုတွေကို
သက်သက်အနိုင်ကျင့်တာဘဲ ဆိုတဲ့ အချက်ကိုတွေးမိပြန်ပြီး လျှော့ပေးဘို့ဆိုတာကို
မစဉ်းစားနိုင်အောင် ဖြစ်နေတယ်၊ အဲဒါကြောင့် ဘာမှ မဆုံးဖြတ်သေးဘဲ အဓိကရုဏ်း
မဖြစ်အောင် အထူးကြိုးစားဖို့ သက်ဆိုင်ရာအရာရှိတွေကို ညွှန်ကြားပြီး ဦးနုဟာ
ပရိတ်ရွတ်ရအောင် ဘုရားခန်းထဲဝင်သွားတယ်၊

အဲဒီညမှာ တညလုံး ဦးနုကောင်းကောင်းအိပ်လို့ မရဘူး၊ ဒုတိယကမာစစ်မဖြစ်ခင်က ရွှေဖီရေးတဲ့ စာအုပ်တအုပ်ကြောင့် ဗုဒ္ဓဘာသာ–မူဆလင် အဓိကရုဏ်းဖြစ်ခဲ့တာကို ဦးနုမမေ့သေးဘူး၊ သူ့မျက်စိအောက်မှာ မူဆလင်တဦးက ဘုန်းကြီးတပါးကို ဒါးနဲ့ခုတ်တာ သူပြန်သတိရတယ်၊ အဲဒီတုန်းက နှစ်ဖက်စလုံးမှာ အသေအပျောက်အတော်များတယ်ဆိုတာကိုလည်း သူမှတ်မိနေတယ်၊ အခုအခါ အဓိကရုဏ်းဖြစ်ရင် ရွှေဖီအဓိကရုဏ်းထက်ပိုဆိုးမယ်ဆိုတာကိုလည်း ဦးနုတွေးမိတယ်၊ မြို့ဝန်မင်းစောင်မမှ ထောင်ကျရတယ်ဆိုတဲ့စကားလို ဝန်ကြီးချုပ် စောင်မခါမှ မူဆလင်တွေသွေးထွက်သံယို ဖြစ်ရတယ်ဆိုတဲ့စကားဟာ ဥဒါန်းတွင်ပြီး ကျန်ရစ်မှာကိုလည်း ဦးနုအများကြီး စိုးရိမ်နေတယ်၊ အဲဒါကြောင့် အမိန့်ကို ပြန်ရုပ်သိမ်းမယ်၊ ရဟန်းကိုယ်စားလှယ်တွေတောင်းဆိုချက်ကို လက်ခံမယ်လို့ ဦးနုဟာ ရေဒီယိုက ကြေညာပြီး အညံ့ခံလိုက်ရတယ်၊

(၇) သူအင်မတန် စိတ်ဝင်စားနေတဲ့ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ လုပ်တဲ့အခါမှာတောင် အခြား ဘာသာဝင်တွေကို ဝန်ကြီးချုပ်ဦးနုဟာ မမေ့ဘူး၊ လွှတ်တော်ထဲမှာ သူ့ကိုထောက်ခံတဲ့ အမတ်ဦးရေဟာ သုံးပုံနှစ်ပုံကျော်နေတယ်၊ အတိုက်အခံအမတ်တွေထဲမှာတောင် လူများစုဟာ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ လုပ်တဲ့ ဥပဒေကြမ်းကို ထောက်ခံမယ်၊ အဲဒီတော့ ဒီဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာလုပ်တဲ့ ဥပဒေကြမ်းဟာ လွယ်လွယ်လေးနဲ့ ဥပဒေဖြစ်လာနိုင်တယ်၊ ဒါပေမဲ့ လူနဲစုရဲ့ ဆန္ဒကို အစဉ်လေးစားလိုတဲ့ ဦးနုဟာ ဒီဥပဒေကို လွယ်လွယ်မလုပ်လိုက်ဘူး၊ ရှေးဦးစွာ စုံစမ်းရေးအဖွဲ့တခုကို ဖွဲ့စည်းပေးတယ်၊ အဲဒီအဖွဲ့ဟာ တနိုင်ငံလုံးကို လှည့်ပြီး ဘာသာအသီးသီးက ခေါင်းဆောင်တွေရဲ့ သဘောထားကို စုံစမ်းရတယ် အဲဒီလို လှည့်ပြီးစုံစမ်းတဲ့အခါ ကချင်ပြည်နယ်ရဲ့မြို့တော် မြစ်ကြီးနားမြို့မှာဘဲ ခရစ်ယာန် တချို့က အကြမ်းဖက်ပြီး ဆန္ဒပြ တာ ကို စုံစမ်းရေးအဖွဲ့ဝင်တွေတွေ့ခဲ့ရတယ်၊ တခြားနေရာအားလုံးမှာ စုံစမ်းရေးဟာ အေးအေးချမ်းချမ်း ပြီးသွားတယ်၊ ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင်လည်း မူဆလင်၊ ခရစ်ယာန်၊ ဟိန္ဒူခေါင်းဆောင်တွေနဲ့ ရန်ကုန်မှာတွေ့တယ်၊ ကန့်ကွက်သူများက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာမလုပ်ပါနဲ့လို့သာ ကန့်ကွက်ကြတယ်၊ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာလုပ်မဲ့ ဥပဒေကြမ်းထဲမှာ သူတို့ရဲ့အခွင့်အရေးတွေကို ထိခိုက်နစ်နာစေမဲ့ အချက်တွေ မပါတဲ့အတွက် ဘယ်သူကမှ ဥပဒေကြမ်းကို မကန့်ကွက်ကြဘူး၊ ဥပဒေကြမ်းထဲမှာ ဒီလို ထိခိုက်နစ်နာစေနိုင်တဲ့ အချက်တွေကို ထည့်လို့မရဘူး၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ ပုဒ်မ (၂၁)ပုဒ်မငယ် (၃)မှာ နိုင်ငံတော်သည် ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုကိုသော်လည်းကောင်း၊ ယုံကြည်မှုကိုသော်လည်းကောင်း၊ အကြောင်းပြု ရွေ့ မည်သူ့ကိုမျှ သက်ဆိုင်ရာ အခွင့်အရေး ချို့ငဲ့စေခြင်း၊ ခွဲခြားခြင်းကို မပြုရလို့ အတိအလင်း ဖော်ပြထားတယ်၊

သူအင်မတန်လိုချင်နေတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး အုတ်မြစ်ကို
တည်ဆောက်တဲ့နေရာမှာ အခုပြောခဲ့တဲ့ ပုဒ်မ (၂၁) ပုဒ်မငယ် (၃)မှာဖော်ပြထားတဲ့
အခြေခံ ဥပဒေကိုလည်း အုပ်ချုပ်တချုပ်အဖြစ်နဲ့ အသုံးပြုရမှာဖြစ်တဲ့အတွက်
ဝန်ကြီးချုပ် ဦးနုဟာ ဒီအခြေခံဥပဒေကို ဘယ်နည်းနဲ့မှ ပြင်ပစ်မှာမဟုတ်ဘူး၊
ဥပဒေကြမ်းထဲမှာ ဒီလို ထိခိုက်နစ်နာစေနိုင်တဲ့ အချက်တွေ မပါရှိသာမက
နှစ်စဉ်နှစ်တိုင်း အစိုးရက ထုတ်ပေးမဲ့ ဘာသာရေးထောက်ပံ့ကြေးငွေကို
လူဦးရေအလိုက် ခွဲဝေပေးရမယ်လို့တောင် ဖော်ပြထားတယ်၊ အဲဒါကြောင့်
ဥပဒေကြမ်းကို ဘယ်သူကမှ မကန့်ကွက်ကြတာပါဘဲ၊
အခုလို ဘာသာရေးခေါင်းဆောင်များနဲ့ ဆွေးနွေးကြရင်း
ခရစ်ယာန်ခေါင်းဆောင်တချို့က အခြေခံ ဥပဒေ ပုဒ်မ (၂၀)မှာ မိမိတို့
ယုံကြည်ရာဘာသာကို လွတ်လပ်စွာယူဆနိုင်ခွင့်၊ လွတ်လပ်စွာ
ကိုးကွယ်နိုင်ခွင့်တွေကိုသာ ဖော်ပြထားတာတွေ့ရတယ်၊
လွတ်လပ်စွာဟောပြောနိုင်ခွင့်ကို ဖော်ပြထားတာ မတွေ့ရဘူး၊
အဲဒီလွတ်လပ်စွာဟောပြောနိုင်ခွင့်ကိုလည်း အခြေခံဥပဒေ ပုဒ်မ (၂၀)ထဲမှာ
ထည့်ပေးပါလို့ တောင်းဆိုကြတယ်၊ အခြေခံဥပဒေ ပုဒ်မ ၁၇(က)မှာ မိမိတို့
ယုံကြည်ချက်၊ ထင်မြင်ချက်တို့ကို နိုင်ငံသားများသည် လွပ်လပ်စွာ
ထုတ်ဖော်ပြောဆိုနိုင်ရမည့်လို့ အတိအလင်းဖော်ပြထားတယ်၊ ဒီဟာနဲ့ဘဲ
လုံလောက်ပါပြီ၊ ဒါပေမဲ့ ခရစ်ယာန်ခေါင်းဆောင်များက လေးလေးနက်နက်
တောင်းဆိုတဲ့အတွက် သူတို့ရဲ့ အလိုကို လိုက်လျောတဲ့အနေနဲ့
သူတို့လိုချင်တဲ့အတိုင်း အခြေခံဥပဒေ ပုဒ်မ (၂၀)မှာ လွတ်လပ်စွာဟောပြောခွင့်ကို
ထည့်ပေးမယ်လို့ ဝန်ကြီးချုပ်ဦးနုက ကတိပေးလိုက်တယ်၊
ဒီလိုကတိပြုလိုက်တဲ့သတင်းဟာ သတင်းစာတွေထဲမှာ ပါလာတဲ့အခါ ရဟန်းတော်တွေ
အတော်အုံကြွလာတယ်၊ ဒီကိုယ်တော်တွေက ကျင်းပနေဆဲ လွှတ်တော်မှာ
အဲဒီပြင်ဆင်ချက်ကို မတင်သွင်းရဘူး၊ စုံစမ်းရေးကော်မရှင် တခုကိုခန့်ပြီး
ဒီပြင်ဆင်ချက်တင်သွင်းသင့်–မသင့်ဆိုတာကို စုံးစမ်းရမယ်လို့တောင်းဆိုတယ်၊
ဝန်ကြီးချုပ်ဦးနုကလည်း ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာလုပ်တဲ့ ဥပဒေကြမ်းကို
ကျင်းပဆဲလွှတ်တော်မှာ အတည်ပြုပြီး ဦးနုမဖျက်ချင်ဘူး၊ အဲဒါကြောင့်
ဒီပြင်ဆင်ချက်ကို လွှတ်တော်မှာ တင်သွင်းတဲ့အခါ ရဟန်းတော်တွေ ဆန္ဒပြကြတယ်၊
ကိုယ်တော်တွေရဲ့ အစီအစဉ်တွေထဲမှာ အမတ်တွေ လွှတ်တော်မတက်နိုင်အောင်
သပိတ်တားမဲ့ အစီအစဉ်ပါနေတဲ့အတွက် ဒီပြင်ဆင်ချက်ကို တင်သွင်းတဲ့နေ့မှာ
လွှတ်တော်နှင့် မိုင်ဝက်လောက်အတွင်းကို ရဟန်းတော်တွေ မလာနိုင်အောင်
အစောင့်အရှောက်တွေ အထပ်ထပ် ချထားရတယ်၊ ဝန်ကြီးချုပ် ဦးနုတောင် အဲဒီနေ့က
ဘုန်းကြီးတွေ မသိအောင် လျှို့ဝှက်ပြီး လွှတ်တော်ကို လာရတယ်၊
ပြင်ဆင်ချက်ကို အတည်ပြုပြီး သုံးရက်လောက်ကြာတဲ့အခါ ကချင်ပြည်နယ်

ဥက်ကဋ္ဌဟောင်း ဒူးဝါးဇော်လွန်းဟာ ဝန်ကြီးချုပ်နဲ့လာတွေ့တယ်၊ ဗုဒ်ဓဘာသာကို
နိုင်ငံတော်ဘာသာ လုပ်တုန်းက မကြေနပ်လို့ ကျွန်တော်တို့ လွှတ်တော်အပြင်မှာရော
အတွင်းမှာရော အပြင်းအထန် ကန့်ကွက်ခဲ့တာ ဝန်ကြီးချုပ်အသိဘဲ၊
အခုပြင်ဆင်ချက်ကို အတည်ပြုပေးတဲ့အတွက် ဒီမကြေနပ်မှုတွေဟာ မရှိတော့ဘူး၊
ဝမ်းသာပါတယ် ဒူးဝါးဇော်လွန်း၊
မကြာခင် မြစ်ကြီးနားမှာ ခရစ်ယာန် ညီလာခံ တခုလုပ်ဖို့ ကျွန်တော်တို့
ဆုံးဖြတ်လိုက်တယ်၊ အဲဒီညီလာခံမှာ ဗုဒ်ဓဘာသာကို
နိုင်ငံတော်ဘာသာလုပ်တဲ့အတွက် ခရစ်ယာန်တွေအဖို့ ကြောက်စရာမရှိဘူး၊
ဘာသာရေးပြင်ဆင်ချက်ဟာ ကျွန်တော်တို့ ခရစ်ယာန်တွေအတွက်
အင်မတန်ခိုင်လုံတဲ့အကာအကွယ် ဖြစ်တယ်ဆိုတဲ့အချက်တွေကို ကျွန်တော်ရှင်းပြမယ်၊
နောက်ပြီးတော့ ဒီပြင်ဆင်ချက်ကို ကျွန်တော်တို့ခရစ်ယာန်တွေ
ထောက်ခံတဲ့အကြောင်း ဆုံးဖြတ်ချက်ချမယ်၊
ကောင်းပါတယ်၊
အဲဒီဘာသာရေးညီလာခံကို ဝန်ကြီးချုပ်တက်နိုင်မလား၊
တက်နိုင်ပါတယ်၊
အဲဒီညီလာခံတက်ဖို့အတွက် ဝန်ကြီးချုပ် မြစ်ကြီးနားကို ရောက်လာတဲ့အခါ
ရှေးဦးစွာ တပ်မင်းဗိုလ်မှူးကြီး လွန်းတင်၊ ခရိုင်ဝန်နှင့် ခရိုင်ရဲဝန်တို့ဟာ
ကချင်ပြည်နယ်အခြေအနေကို ရှင်းပြဖို့အတွက် ဝန်ကြီးချုပ်နဲ့တွေ့ကြတယ်၊
ဗုဒ်ဓဘာသာကို နိုင်ငံတော်ဘာသာလုပ်တဲ့ အခါတုန်းက ကချင်ခရစ်ယာန်တွေ
အစိုးရကို အများကြီးအထင်လွဲနေတယ်၊ ကျွန်တော်တို့ ဘယ်လိုမှရှင်းပြလို့မရဘူး၊
ဘာသာရေးပြင်ဆင်ချက်ကို အတည်ပြုပြီးတော့မှ သူတို့ကြေနပ်ကြတယ်၊
ဝန်ကြီးချုပ်တွေ့မယ်ဆိုရင် ကချင် ခရစ်ယာန်ခေါင်းဆောင်တွေကို
ကျွန်တော်ခေါ်လာပါမယ်၊
ခေါ်ခဲ့ပါ၊ တွေ့ချင်တယ်၊
ကချင်ခရစ်ယာန်ခေါင်းဆောင်တွေ ရောက်လာတဲ့အခါ ဗုဒ်ဓဘာသာကို
နိုင်ငံတော်ဘာသာ လုပ်တုန်းက သူတို့မှာ ပြင်းပြင်းထန်ထန်ကြီး ဖြစ်ပေါ်နေတဲ့
အမျက်ဒေါသတွေ အထင်လွဲမှားမှုတွေ သံသယစိတ်တွေဟာ ကင်းစင်
လွင့်ပျောက်ကုန်ကြပြီး အင်မတန်ကြေနပ်နေတာ
ကြည်ကြည်လင်လင်ဖြစ်နေတာတွေကို ဝန်ကြီးချုပ်တွေ့ရတယ်၊
အခန်း (၂၆)
၁၉၄၈ နဲ့ ၁၉၄၉ခုနှစ်အတွင်း သူပုန်ရန်တွေ ပတ်ပတ်လည်ဝိုင်းနေတဲ့ ကြားထဲက
ဝန်ကြီးချုပ်ဟာ သူတတ်နိုင်သလောက် ခရီးထွက်နေတာဘဲ၊ ရောက်ရာအရပ်တိုင်းမှာ
ပြည်သူလူထုနဲ့ တွေ့တဲ့အခါ အစိုးရအနေနဲ့ ဘာတွေကို လုပ်ပေးနိုင်သလဲ၊ ဘာတွေ
အလိုရှိသလဲလို့ ဝန်ကြီးချုပ်ကမေးလေ့ရှိတယ်၊ ဒီလိုမေးတဲ့ အခါတိုင်း

တခြားဟာတွေထက် မူလတန်းကျောင်းနဲ့ ဆရာဝန်ကို
မပျက်မကွက်တောင်းလေ့ရှိတယ်၊ အဲဒီလိုတောင်းတိုင်း ဝန်ကြီးချုပ်ဟာ
သူနဲ့ပါလာတဲ့အတွင်းဝန်ကို ဒီတောင်းဆိုချက်တွေ မှတ်ယူခဲ့၊ ရန်ကုန်ရောက်ရင်
သက်ဆိုင်ရာဝန်ကြီးဌာနတွေဆီမှာ တောင်းပေးလိုက်လို့ အမိန့်ပေးလေ့ရှိတယ်၊
အဲဒီအချိန်က သူပုန်တွေ ရန်ကြောင့် ဝန်ကြီးချုပ်မှာ သောကတွေသိပ်များနေတယ်၊
အဲဒါကြောင့် ကျောင်းနဲ့ဆရာဝန်ကို တောင်းကြတဲ့သူတွေဟာ အတွင်းဝန်ကို
အမိန့်ပေးထားတဲ့အတိုင်း ရကြလေသလား၊ မရကြဘူးလားဆိုတာကို
သူမစုံစမ်းနိုင်ဘူး၊ ရန်ကုန်ကို ပြန်ရောက်တာနဲ့ အဲဒါတွေကိုသူအကုန်မေ့တာဘဲ၊
၁၉၅၀-အစလောက်မှာ သူပုန်ရန်ဟာ အတော်လေး အေးသွားပြီ၊
အဲဒီအချိန်သူရောက်တဲ့နေရာတွေမှာ ဒီမူလတန်းကျောင်းနဲ့ ဆရာဝန်တွေကိုဘဲ
ထပ်တောင်းကြတာဘဲ၊ အဲဒီအခါမှာတော့ သောကတွေ နဲနဲအေးသွားပြီထင်ပါရဲ့၊
ရန်ကုန်ကို ပြန်ရောက်ရောက်ချင်း ပညာရေးဝန်ကြီး၊ သူ့အတွင်းဝန်နဲ့
ညွှန်ကြားရေးဝန်ကို ခေါ်ပြီး၊ နယ်တွေမှာ ဘာဖြစ်လို့ မူလတန်းကျောင်း
မဖွင့်သေးသလဲလို့ မေးတယ်၊ ဆရာတွေမရှိလို့ မူလတန်းကျောင်း မဖွင့်နိုင်ဘူးလို့
ပညာရေးဌာနကဖြေတယ်၊
(ကျေးရွာအထိ တနိုင်ငံလုံးအတွက် မူလတန်းကျောင်းဆရာတွေ ဘယ်လောက်လိုမလဲ၊)
(တသောင်းကျော်လိုမယ်၊)
(ဒီဆရာတွေကိုမွေးထုတ်ပေးဘို့ ဆရာဖြစ်သင်တန်းကျောင်းတွေ၊
ဘယ်လောက်ဖွင့်ပြီးပြီလဲ၊)
(ရန်ကုန်၊ မန်းဒလေး၊ မိတ်ထီလာ၊ မော်လမြိုင်၊ ပုသိမ်နဲ့ ကျောက်ဖြူမှာ ဖွင့်ပြီးပါပြီ၊)
(ဆရာဖြစ်အောင် ဘယ်နှစ်နှစ် သင်ရသလဲ၊)
(တနှစ်)
(အဲဒီကျောင်းတွေက တနှစ်ကို မူလတန်းကျောင်းဆရာတွေ ဘယ်လောက်ရမလဲ၊)
(တထောင်ကျော်လောက် ရစရာ အကြောင်းရှိပါတယ်၊)
(ဒီလိုဆိုရင် မူလတန်းကျောင်းဆရာ တသောင်းလောက် ရဘို့ (၁၀)နှစ်စောင့်ရမှာဘဲ
သိပ်ကြာတယ်၊ ဒီအစီအစဉ်ကို ကျွန်တော်မကြိုက်ဘူး၊
ဆရာဖြစ်သင်တန်းကျောင်းတွေ နှစ်ဆ သုံးဆတိုးပြီး ဖွင့်မပေးနိုင်ဘူးလား၊
လိုသလောက်ငွေကို ကျွန်တော်ထုတ်ပေးမယ်၊)
(ဒီကျောင်းတွေမှာ ဆရာလုပ်ဘို့ လူမရှိဘူး၊)
(ဒီဆရာ တသောင်းကျော်ကို မြန်မြန်လိုချင်တယ်၊ တနည်းမဟုတ်
နောက်တနည်းနဲ့ရအောင် ကြိုးစားပေးပါ၊ ကျွန်တော်ကတော့ ခင်ဗျားတို့လို
ပညာရေးပါရဂူ မဟုတ်ဘူး၊ ဒီပြဿနာကို ဖြေရှင်းတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ကတော့
လိုတဲ့ငွေနဲ့ အာဏာကို ထုတ်ပေးရုံဘဲ တတ်နိုင်မယ်၊ ခင်ဗျားတို့ ကြိုးစားပါအုံး၊
လွယ်လွယ်နဲ့လျှော့မပေးလိုက်ပါနဲ့)

(ဟုတ်ကဲ့ ကြိုးစားပါမယ်)
ကျန်းမာရေးဝန်ကြီး၊ အတွင်းဝန်နဲ့ ညွှန်ကြားရေးဝန်တွေကို တွေ့တဲ့အခါမှာလည်း ဝန်ကြီးချုပ်က ဘာဖြစ်လို့ နယ်ဆေးရုံတွေကို ဆရာဝန်တွေ မပို့သေးသလဲလို့ မေးတယ်၊ ဆရာဝန်တွေမရှိလို့ ဒီပုဂ္ဂိုလ်တွေကဖြေတယ်၊
(တနိုင်ငံလုံးအတွက် ဆရာဝန်တွေ ဘယ်လောက်လိုမလဲ)
(အခုလောလောဆယ်အတွက် ဆရာဝန် သုံးရာလောက်လိုမယ်)
(ဆေးကောလိပ်က တနှစ်မှာ ဆရာဝန်ဘယ်လောက်ထွက်သလဲ)
(လေးဆယ်လောက်ထွက်တယ်)
(ဝန်ကြီးချုပ်ဟာသက်ပြင်းချလိုက်တယ်)
ဆေးကောလိပ်က ဆရာဝန်တွေ ထုတ်ပေးနိုင်တဲ့အထိ စောင့်မနေနိုင်ဘူး၊ အိန္ဒိယနဲ့ ပါကစ်စတန်က ဆရာဝန်တွေကို ချက်ခြင်းသွားငှားချေ၊ ဆရာဝန်တွေမရှိဘဲ ဆေးရုံတွေဟာ ဟောင်းလောင်းကြီးဖြစ်နေတာ ကျက်သရေမရှိဘူး၊ ဆရာဝန်တွေကို အိန္ဒိယနဲ့ပါကစ်စတန်က ခပ်မြန်မြန်ငှားပြီး နယ်တွေကို ချက်ခြင်းပို့လိုက်ပါ၊
(ဟုတ်ကဲ့)
(ဆေးကောလိပ်အသစ်တခု နောက်ထပ် ဖွင့်မပေးနိုင်ဘူးလား)
(သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ပြီး အကြောင်းပြန်ပါ့မယ်)
(ဆယ်တန်းအောင်ပြီးရင် ဆရာဝန်ဖြစ်အောင် ဘယ်နှစ်နှစ်သင်ရသလဲ)
(၇–နှစ်)
(များတယ်၊ (၅)နှစ်အထိလျှော့ချလို့ မရဘူးလား)
(သက်ဆိုရာပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ပြီး အကြောင်းပြန်ပါ့မယ်)
နောက်ရက်အနည်းငယ်ကြာတဲ့အခါ မန္တလေးမှာ ဆေးကောလိပ် တကျောင်းဖွင့်နိုင်မယ်လို့ သက်ဆိုင်ရာတို့က အကြောင်းပြန်တယ်၊ (၇)နှစ်က (၅)နှစ်အထိလျှော့ချဘို့ ကိတ်စမှာတော့ ဆရာဝန်ကြီးတွေ ပြင်းပြင်းထန်ထန်ကန့်ကွက်ကြတယ်၊ ဆရာဝန်အတတ်ကို ငါးနှစ်ထဲသင်လာတဲ့ ဆရာဝန်တယောက်ဟာ လူမမာတွေကို အများကြီး သတ်ပစ်လိမ့်မယ်လို့ အဲဒီဆရာဝန်ကြီးတွေက အကြောင်းပြကြတယ်၊ ဝန်ကြီးချုပ်ဦးနုလည်း လျှော့မပေးဘူး၊ ဒီကိတ်စကို ပြန်ပြီးစဉ်းစားပါအုံးလို့ ဆရာဝန်ကြီးတွေကို မေတ္တာရပ်ခံတယ်၊ ဒုတိယအကြိမ်မှာတော့ ဆရာဝန်ကြီးတွေက ဝန်ကြီးချုပ်ရဲ့အလိုကိုလိုက်လျှောတဲ့အနေနဲ့ (၈)တန်း၊ (၉)တန်း၊ (၁၀)တန်းမှာ သူတို့ပြဋ္ဌာန်းတဲ့ ဆေးပညာတွေကို အစိုးရကသင်ကြားပေးဘို့ တာဝန်ယူရင် (၇)နှစ်က (၆)နှစ်အထိ တနှစ်လျှော့ပေးမယ်လို့ အဆိုပြုကြတယ်၊ ဒီအဆိုကို ဝန်ကြီးချုပ်လက်ခံလိုက်တယ်၊ အဲဒီနောက် သူတို့ပြောတဲ့အတိုင်း သင်ပေးတဲ့အပြင် စာသင်ကျောင်းတွေမှာ ဆရာဝန်လောင်းကလေးတွေအတွက် စတိုင်ပင်တွေ တိုးပေးလိုက်တယ်၊

ဦးနုဟာဒီလောက်နဲ့ မကြေနပ်သေးဘူး၊ ဆေးကောလိပ်တွေက အောင်လာတဲ့ အမ်ဘီဘီအက်စ်ဆရာဝန်တွေဟာ မြို့တွေမှာဘဲနေကြမှာဘဲ၊ မြို့တွေမှာ ဆရာဝန်တွေပေါလာပြီး သူတို့အတွက် အလုပ်လုပ်စရာ မရှိတော့မှ ဒီဆရာဝန်တွေဟာ ရွာတွေကိုသွားကြမှာ၊ အဲဒီလိုအခြေအနေမျိုးဖြစ်ပေါ်လာအောင် နှစ်ပေါင်း (၂၀)လောက်စောင့်ရမယ်၊ ဒီလောက်ကြာအောင်ဦးနု မစောင့်ချင်ဘူး၊ ကျေးရွာတွေက ရွာသူရွာသားတွေဟာ သိပ်သနားစရာကောင်းတယ်၊ တချို့ကနေမကောင်းရင် ကြက်သတ်ပြီး ယဇ်နတ်ပူဇော်ကြတယ်၊ တချို့က ဗေဒင်မေးပြီး ယတြာချေကြတယ်၊ တချို့ကျတော့ မြန်မာဆေးပညာကို ကျကျနန သင်ထားတာမဟုတ်ဘဲ ဆေးမီးတို လေးငါးလက်နဲ့ ဆေးဆရာလုပ်နေတဲ့ တတ်ယောင်ကားတွေ လက်တဲ့စမ်းတာကို ခံနေကြရတယ်၊ ရွာထဲမှာ ပလိပ်ရောဂါ၊ ဝမ်းရောဂါ၊ကျောက်ရောဂါဆိုတဲ့ ရောဂါဆိုးတွေဖြစ်ရင် ရွာထဲကို ဘီလူးတွေဝင်တယ်ဆိုပြီး တောထုတ်ကြတယ်၊ တောထုတ်တယ်ဆိုတာ တခြားမဟုတ်ဘူး၊ ဘီလူးတွေကြောက်ပြီး ရွာထဲကထွက်ပြေးအောင် သံပုန်းတို့ သံပြားတို့ကို ဆူဆူညံညံတီးကြတာပါဘဲ၊

အဲဒီရွာသူရွာသားတွေကို သူတို့ရဲ့ လက်ရှိဘဝက ကယ်တင်ပေးဘို့အတွက် ဒီကျေးရွာတွေကို ဖြစ်နိုင်ရင် အမ်ဘီဘီအက်စ် ဆရာဝန်တွေ ပို့ပေးချင်တယ်၊ မဖြစ်နိုင်ရင် ဆရာဝန်မရှိဘူးဆိုပြီး လက်ပိုက်ကြည့် မနေချင်ဘူး၊ ခေတ်မှီ ကျန်းမာရေး ဗဟုသုတနဲ့ လက်တွေ့ကျန်းမာရေးပညာ အနဲအကျဉ်းရှိတဲ့ ပုဂ္ဂိုလ်တွေကို ပို့ပေးချင်တယ်၊ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေရအောင် လယ်လိုလုပ်ရပါ့မလဲ ဆိုတာကို စဉ်းစားတဲ့အခါ ဝန်ကြီးချုပ်ဦးနုဟာ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့မှာ ဆေးရုံတခုဖွင့်ထားတဲ့ အမေရိကန် ဆရာဝန် ဆီးဂရေ့ကို သွားသတိရတယ်၊ သူ့မှာ ယောက်ျားဆေးမှူးတွေ၊ မိန်းမဆေးမှူးတွေ အများကြီးရှိတယ်၊ အဲဒီဆေးမှူးတွေဟာ ဆေးရုံလာတဲ့ အတွင်းလူနာ အပြင် လူနာတွေကိုလည်း ဆေးကုသပေးတယ်၊ ရပ်ဝေးမှာရှိတဲ့ ကျေးရွာတွေကိုခေါ်ရင်လည်း လိုက်ကုသပေးတယ်၊ သူတိုဟာ နှာစေး၊ ချောင်းဆိုး၊ အအေးမိ၊ ငှက်ဖျား၊ ဝမ်းဖောဝမ်းယောင်၊ ဝမ်းကိုက် အစရှိတဲ့ ရောဂါအသေးအဖွဲလေးတွေကို ခေတ်မှီဆေးတွေနဲ့ ကုသပေးနိုင်တယ်၊ အသေးအဖွဲ အဖုအကျိတ်ကို ခွဲစိတ်ပေးနိုင်တယ်၊ အသားတွင်းကို ထိုးပေးနိုင်တယ်၊ ကိုယ်ဝန်တောင် မိန်းမတွေကို မီးဖွားပေးနိုင်တယ်၊ ကြီးကျယ်တဲ့ ရောဂါဆိုရင် ဒေါက်တာဆီးဂရေ့နဲ့ လက်ထောက် ဆရာဝန်တွေကုသဘို့အတွက် ဆေးရုံကို သူတို့ခေါ်လာတယ်၊ ဝန်ကြီးချုပ်ဦးနုဟာ ဒီအကြောင်းတွေကို ကြားရတာကြာပြီ၊ အင်မတန် သဘောကျနေတဲ့အတွက် တိုင်ပင်ရအောင် ရန်ကုန်ကို ခဏလာပါလို့ ဝန်ကြီးချုပ်က ဒေါက်တာဆီးဂရေ့ကို မှာလိုက်တယ်၊ ဒေါက်တာဆီးဂရေ့ ရောက်လာတဲ့အခါ ဒီဆေးမှူးမျိုးတွေကို သူလိုချင်တယ်၊ ဆေးမှူးတယောက်ဖြစ်အောင် အကြာဆုံးဘယ်လောက်အထိ သင်ပေးရမလဲလို့ ဦးနုကမေးတယ်၊

အလွန်ဆုံးခြောက်လအတွင်း ဖြစ်နိုင်တယ်လို့ ဒေါက်တာဆီးဂရေ့ကဖြေတယ်၊
ပညာအရည်အချင်း အနဲဆုံးဘယ်လောက်လိုမလဲလို့ ဦးနုကဆက်မေးတဲ့အခါ
သိပ်မလိုပါဘူး၊ ရေးတတ်ရင်လုံလောက်ပြီ၊ တချို့ကျတော့ စာမသင်ဖူးဘူး၊
ညာဏ်ရှိတယ်၊ ဒီလိုမျိုးတွေကျတော့ စာမတတ်ရင်နေပါစေ၊
ဖြစ်အောင်သင်ပေးနိုင်တယ်လို့ ဒေါက်တာဆီးဂရေ့က ဖြေတယ်၊ ဝန်ကြီးချုပ်လည်း
ဒီစီမံကိန်းကို သဘောကျတာကြောင့် သူ့ဆရာဝန်တွေနဲ့ ဒေါက်တာဆီးဂရေ့ကို
ဆုံပေးလိုက်တယ်၊ သူ့ဆရာဝန်ကြီးတွေက ဒေါက်တာဆီးဂရေ့ရဲ့ စီမံကိန်းကို
လက်မခံဘူး၊ လူမမာတွေကို ဒီဆေးမှူးတွေ အများကြီးသတ်ပစ်လိမ့်မယ်လို့
ရှေးတုံးကလိုဘဲ ဖြေကြတာဘဲ၊
ဒေါက်တာဆီးဂရေ့ရဲ့ စီမံကိန်းကို ပယ်ပစ်လိုက်တဲ့အတွက် ဝန်ကြီးချုပ်ဦးနုဟာ
စိတ်မကောင်းဘူး၊ ဒါပေမဲ့ သူနားမလည်တဲ့ကိတ်စမှာ သူ့ဆရာဝန်ကြီးတွေ
သဘောမတူဘဲ သူ ဇွတ်တရွတ် မလုပ်ရဲဘူး၊ အဲဒါကြောင့် ကဲ–ဒေါက်တာတို့
ဘာမှလုပ်မပေးဘဲ ရွာသူရွာသားတွေရဲ့ ဒုက်ခကို လက်ပိုက်ကြည့်နေတာတော့
မကောင်းဘူး၊ ဒေါက်တာဆီးဂရေ့ရဲ့ စီမံကိန်းကို ခင်ဗျားတို့ မကြိုက်ရင်
ခင်ဗျားတို့ကြိုက်တဲ့ စီမံကိန်းကို တင်ပါ၊ ရွာသူရွာသားတွေကို ကျန်းမာရေးနဲ့
ပတ်သက်ပြီး တနည်းနည်းနဲ့ ကူညီနိုင်မဲ့လူတွေကို ခပ်မြန်မြန်ပို့ပေးချင်တယ်လို့
ဝန်ကြီးချုပ်ပြောလိုက်တယ်၊
ပြ၊နာတခုပေါ်လာရင် ဒီပြ၊နာကို လက်ပိုက်ကြည့်နေတာ ဝန်ကြီးချုပ် မကြိုက်ဘူး၊
သူ့မှာ ဘယ်လိုဝါသနာရှိတယ်ဆိုတာ ထင်ရှားအောင် သာဓကလေး(၂)ခုကို ဒီနေရာမှာ
နဲနဲလောက်ဖော်ပြချင်တယ်၊
သူ သုံးခွမှာ ဆရာလုပ်နေတုန်းက နေ့လည်စာစားဘို့ အိမ်ပြန်လာတဲ့အခါ
လူတယောက်ဟာ ဈေးရဲ့ လူစည်ကားတဲ့ နေရာနားမှာ ထိုင်ပြီးသေးပေါက်နေတယ်၊
ဒီလူဟာ တုန်တုန်ရီရီဖြစ်နေတဲ့အတွက် သူ့ကိုကြည့်ရတာ အရက်မူးနေသလိုဘဲ၊
အဲဒါကြောင့် ဟေ့ကောင် ဘာလုပ်နေတာလဲလို့ ဆရာနုက လှမ်းငေါက်လိုက်ပြီး
ကန်ဘို့အတွက် သူ့အနားကို ကပ်သွားတယ်၊ ကျွန်တော်လူမမာပါ၊
ဆီးချိုဆီးလွန်ဖြစ်နေပါတယ်၊ ဆီးသွားချင်ရင် အခုလိုဘဲ အောင့်ထားလို့မရဘူးလို့
အဲဒီလူက ပြန်ဖြေတဲ့အခါကျတော့မှ ဆရာနုဟာ ဒီလူ့ကို သိပ်သနားသွားတယ်၊
သူငေါက်မိတဲ့အတွက် တောင်းပန်ပြီး ဆေးရုံကို သူကိုယ်တိုင်လိုက်ပို့တယ်၊ ဆေးရုံမှာ
ဆရာဝန်တွေနဲ့ တွေ့ပြီး ဒီလူမမာကို အစွမ်းကုန်ကုပါ၊ ဆေးဘိုးဝါးခ ကုန်ကျသရွေ့
သူပေးပါမယ်လို့ ဆရာနုက ဆရာဝန်ကို ပြောတယ်၊
ဒီလူကို ကုလို့မရတော့ဘူး၊ သူ့ရောဂါဟာ သိပ်ကျွမ်းနေပြီ၊ မကြာခင်သေမှာဘဲ
အဲဒါကြောင့် သူ့ကိုလာခေါ်ကြဘို့ သူ့ဆွေမျိုးတွေကိုတောင်
ကျွန်တော်အကြောင်းကြားပြီးပြီလို့ ဆရာဝန်ကဖြေတယ်၊
ဆရာနုဟာ သူ့အိမ်ကိုပြန်လာရင်း ဒီလူမမာအကြောင်းကို စဉ်းစားလာတယ်၊ ဒီလူဟာ

မကြာခင်သေမယ်ဆိုလည်း သေနိုင်တာဘဲ၊ တကိုယ်လုံးမှာ
အရိုးနဲ့သရေဘဲကျန်တော့တယ်၊ အသားတွေကလည်း ဖြူဖတ်ဖြူရော်ဖြစ်ပြီး
လမ်းတောင်ကောင်းကောင်း မလျှောက်နိုင်တော့ဘူးလို့ စဉ်းစားနေတုန်း
အနောက်နိုင်ငံမှာ ဆီးချိုဆီးလွန်ရောဂါကုဖို့အတွက် ဆေးမပေါ်သေးဘူး၊
ဆီးချိုဆီးလွန်ဖြစ်ရင် ဗမာဆေးနဲ့ဘဲ ကုရမှာလို့ ကောလိပ်ကျောင်းမှာတုန်းက
သူ့သူငယ်ချင်းတယောက်ပြောတာကို သူပြေးပြီး သတိရတယ်၊ အဲဒါကြောင့် လူမမာရဲ့
ဆွေမျိုးတွေဟာ လူမမာကိုပြန်ခေါ်ဘို့ ရောက်လာတဲ့အခါ ဒီလူမကြာခင်သေမှာဘဲလို့
ပြောပြီး  ဆရာဝန်တားတာတောင်မရဘူး၊ ဒီလူမမာကို ဗမာဆေးနဲ့
ကုကြည့်ပါရစေလို့ ဆွေမျိုးတွေကို မေတ္တာရပ်ခံပြီး လူမမာကို သူ့အိမ်ခေါ်လာခဲ့တယ်၊
အိမ်ကို ရောက်တာနဲ့ တပြိုင်နက် လူမမာဟာ ပေါင်မုန့်နဲ့ သကြားစားချင်တယ်လို့
တောင်းတယ်၊ သကြားနဲ့ မတဲ့ဘူးလို့ ဆရာနုကပြောတယ်၊ ဒီလူမမာဟာ
တခြားဘာကိုမှ မစားပါရစေနဲ့ ဒီပေါင်မုန့်နဲ့ သကြားကိုဘဲစားပါရစေ၊ ဒါကို
မစားရရင်သူသေပါလိမ့်မယ်ဆိုတာနဲ့ ဆရာနုဟာ ဒီလူမမာကို
ပေါင်မုန့်နဲ့သကြားချက်ချင်းကျွေးရတယ်၊ အမှန်အတိုင်း ပြောရရင် ဈေးနားမှာ
သေးပေါက်နေတဲ့နေ့တုန်းက ဒီလူမမာဟာ ပေါင်မုန့်နဲ့ သကြားကို
စားချင်လွန်းတဲ့အတွက် ဆေးရုံက တိတ်တိတ်ခိုးထွက်လာတာ ဆရာနုနဲ့တွေ့တဲ့အခါ
ဒီလူဟာ ဈေးထဲမှာ ပေါင်မုန့်နဲ့သကြားကို တဝကြီး စားပြီးနေပြီ၊
ဆရာနုဟာ သတင်းစာတွေထဲမှာ ဆီးချိုဆီးလွန်အတွက် ကြော်ငြာထားတဲ့
မြန်မာဆေးတွေကို ဝယ်ပြီး ဒီလူမမာကိုကျွေးတယ်၊ ဒီဆေးတွေနဲ့ မသက်သာတဲ့အခါ
လက်ပိုက်ကြည့်မနေဘူး၊ သုံးခွမြို့ထဲမှာ လိုက်ပြီး စုံစမ်းတယ်၊ ဆီးချိုဆီးလွန်အတွက်
ဆေးမီးတို တခုခုကိုရရင် ဒီဆေးကို ပရဆေးဆိုင်မှာချက်ချင်းဖော်ပြီး
သူ့လူမမာကိုတိုက်တယ်၊ လူမမာမသက်သာပုံပေါ်ရင် နောက်ဆေးမီးတိုတခုကိုရှာပြီး
အရင်ကလိုဘဲတိုက်ပြန်တယ်၊ ဒီလိုစုံစမ်းရင်းနောက်သုံးလကြာတဲ့အခါ
ဆေးမီးတိုနှစ်ခုကို ထူးထူးဆန်းဆန်းသွားတွေ့တယ်၊ တခုက သုံးခွမြို့အုတ်ကံဝ
မြန်မာကျောင်းဆရာကြီး ဦးဘိုလိပ်ဆီကရတယ်၊ ဒီဆေးဟာ ဆီးချိုဆီးလွန်နဲ့
တိုက်ရိုက်ဆိုင်တဲ့ဆေးမဟုတ်ဘူး၊ မျက်စိရောဂါအတွက် ဆေးဖြစ်တယ်၊
သာမန်မျက်စိရောဂါကို မဆိုထားနဲ့ တိမ်ကိုတောင်ပျောက်အောင်တတ်နိုင်တယ်၊
ဒီဆေးကို မျက်စိအတွင်းဆေးလို့ ခေါ်တယ်၊ ဆီးရောဂါကြောင့်လည်း
မျက်စိရောဂါဖြစ်နိုင်တယ်၊ အဲဒီတော့ မျက်စိရောဂါပျောက်တယ်ဆိုရင်
ဆီးရောဂါလည်း ပျောက်နိုင်ရမယ်လို့ဆရာကြီး ဦးဘိုလိပ်က ရှင်းပြတာကြောင့်
ဆရာနုဟာ သူ့လူမမာကို အဲဒီမျက်စိအတွင်း ဆေးကျွေးတယ်၊
နောက်သုံးရက်ကြာတဲ့အခါ ဆရာနုရဲ့အဖေ ဦးစံထွန်းဟာ သုံးခွကို
အလည်ရောက်လာတယ်၊ ဆီးချိုဆီးလွန်ဟာ အပုပ်တက်ပြီးဖြစ်တဲ့ရောဂါဘဲ၊
ကိုယ်တွင်းမှာ အပူစင်အောင်လုပ်နိုင်ရင် ဒီရောဂါပျောက်မယ်ဆိုပြီး

အပူစင်စေတဲ့ဆေးမီးတိုတခု သူ့သားဆရာနုကိုပေးတယ်၊ ဒီဆေးမှာ ဆေးအမယ် (၆)မျိုးရှိတဲ့အတွက် ခြောက်ပါးဆေးလို့ခေါ်တယ်၊ ဆရာနုဟာ အဲဒီဆေးကိုလဲ ချက်ချင်းဖော်ပြီး အဲဒီဆေးကို မနက်အိပ်ယာထ မျက်စိအတွင်းဆေးကို ညအိပ်ယာဝင် သူ့လူမမာကိုမှန်မှန်တိုက်တယ်၊ ဆယ်ရက်လောက်ကြာတဲ့ အခါမှာ ဒီလူမမာမှာ ရှေးကမဖြစ်စဖူး ထူးထူးခြားခြား တကိုယ်လုံးပူလာတယ်၊ အဲဒါကြောင့် ဒီလူမမာဟာ ရေခဏခဏချိုးတယ်၊ သုံးရက်လောက်ကြာတဲ့အခါ သူ့ရောဂါဟာ အတော်သက်သာလာတယ်၊ ထမင်းနဲ့ဟင်းကို သူများတွေလို စားနိုင်လာတယ်၊ ဆရာနု မေတာရပ်ခံလို့ ပေါင်မုန့်နဲ့ သကြားစားတာကိုလည်း ဖြတ်ပစ်လိုက်တယ်၊ နွေရာသီ ကျောင်းပိတ်လို့ ဆရာနု ပန်းတနော်ကို ပြန်တဲ့အခါ ဒီလူမမာကို သူ့ဆွေမျိုးတွေ လာခေါ်သွားတယ်၊ နောက်နှစ်လကြာလို့ ကျောင်းပြန်ဖွင့်တဲ့အခါ ဒီလူမမာဟာ ဆရာနုဆီကို တခေါက်လာပြီး ဆရာရေ ကျွန်တော်မသေသေးဘူးလို့ နှုတ်ဆက်နိုင်သေးတယ်၊

နောက် သာဓကတခုကလည်း သုံးခွမှာ ဦးနု ဆရာလုပ်နေတုန်း ဖြစ်တာဘဲ၊ ဆရာနုအိမ်ဟာ ဆေးရုံနဲ့ ဂိုက်တရာလောက်ဝေးတယ်၊ တညနေမှာ ဆရာနု ကျောင်းကပြန်လာတဲ့အခါ ဆေးရုံမှာ လူတွေအတော်များများ အုံနေတာကို တွေ့ရတယ်၊ သူငယ်တယောက်ကိုလွှတ်ပြီး စုံစမ်းခိုင်းတယ်၊ မိန်းမတယောက်မျက်နှာမြင်တဲ့အခါ ခလေးဟာ ထုံးစံအတိုင်း ခေါင်းကမမြင်ဘဲ ခြေထောက်ကမြင်တဲ့အတွက် ခလေးဟာ အကုန်ထွက်မလာဘဲ တပိုင်းတစနဲ့ တစ်ဆို့ကြီး ဖြစ်နေတယ်ဆိုတာ ဆရာနုသိရတယ်၊ ဆရာနုဆေးရုံကို လိုက်သွားတဲ့အခါ အဲဒီမိန်းမဟာ အခန်းကလေးတခုထဲမှာ အခန်းနံရံကို သူ့လက်နှစ်ဖက်နဲ့ နဖူးနဲ့ မတ်တပ်ရပ်မှီပြီး နာလွန်းလို့အော်ဟစ်နေတာကိုတွေ့ရတယ်၊ ဒီမိန်းမကို ဘာမှအကူအညီမပေးဘဲ လူတွေဟာ ဝိုင်းအုံးပြီး လက်ပိုက်ကြည့်နေတာကို ဆရာနု မကြိုက်ဘူး၊ သိပ်စိတ်ဆိုးတယ်၊ အဲဒါကြောင့် ဆရာဝန်ဟာ ဒီလူမမာကို ဘာမှလုပ်မပေးဘူးလားလို့ ဆရာနုကမေးတယ်၊ ဆရာဝန်မရှိဘူး၊ အမှုတခုမှာ သက်သေခံရအောင် ရန်ကုန်ကိုလိုက်သွားတယ်လို့ ဆရာမတယောက်ကဖြေတယ်၊ ဒီလိုဆိုရင် ဆရာမတွေကကော ဘာမှမလုပ်တတ်ဘူးလား၊ တခုခုလုပ်ပါ၊ ဘာမှမလုပ်ဘဲ ဒီလိုလက်ပိုက်ကြည့်နေတာတော့ မကောင်းဘူးလို့ ဆရာနုက အပြစ်တင်တဲ့အခါ ဆရာမတွေက ဒီလိုကိတ်စမျိုးမှာ သူတို့ဘာမှမတတ်နိုင်ဘူးလို့ ဖြေတယ်၊ အဲဒီအခါ မြို့ထဲက လက်သယ်လေးငါးယောက်ကိုခေါ်ပြီး ဗိုက်ကိုနှိပ်ချပေးရင် ခလေးထွက်လာလိမ့်မယ်ထင်တယ်လို့ ဆရာနုက အကြံပေးတယ်၊ ဆရာဝန်မရှိတုန်း ဒါမျိုးတွေကို သူတို့ မလုပ်ရဲဘူးလို့ ဆရာမတွေက ဖြေပြန်တယ်၊ အဲဒီနောက် ဆရာမတယောက်က ဗိုက်ထဲမှာ ခလေးသေနေပါပြီ၊ မနေ့ညထဲက ဒီမိန်းမဒီလိုဖြစ်နေတာလို့ ဝင်ပြီးပြောတယ်၊ ခလေးတော့သေနေပါပြီ၊ ဒါပေမဲ့

လူကြီးရှင်အောင် လုပ်ပေးရမယ်လို့ ဆရာနုက ဆက်ပြီးပြောတဲ့အခါ
ဒီလိုဆိုရင်သံလျင်က ဘီအိုစီဆေးရုံကို ပို့ပေးလိုက်ပါ၊ ဟိုမှာ ဆရာဝန်ကောင်းတွေ
အများကြီးရှိတယ်လို့ အကြံပေးတယ်၊ ဒီအကြံကို ဆရာနုကြိုက်တယ်၊ အဲဒါကြောင့်
လူမမာကိုပို့ဘို့အတွက် မော်တော်ကားတစင်းကို ငှားရအောင် မြို့ထဲကို
ဆရာနုထွက်လာတယ်၊ အဲဒီအချိန်မှာ သုံးခွနဲ့ သံလျင်ပြေးနေတဲ့ မော်တော်ကားတွေ
သံလျင်ကပြန်လာပြီး ကားသိမ်းတဲ့အချိန်ဖြစ်နေတယ်၊ နောက်ပြီးတော့သံလျင်ဟာ မိုင်
(၃၀)လောက်ဝေးတယ်၊ လမ်းကလဲချိုင့်တွေဖြစ်ပြီး သိပ်ကြမ်းတယ်၊ အဲဒါကြောင့်
ဆရာနုက ဘယ်ကကားကိုမှ ငှားလို့မရဘူး၊ နောက်ဆုံးမှာ ဆရာနုဟာ သူ့အိမ်နားက
ဘတ်စ်ကားပိုင်ရှင် တယောက်ဆီကိုသွားပြီး ဒီမိန်းမဟာ
အင်မတန်ဒုက်ခရောက်နေတဲ့အတွက် သနားဘို့ကောင်းပါတယ်ဆိုတာကို
အမျိုးမျိုးရှင်းပြတယ်၊ သူ့ဘတ်စ်ကားဟာ အငှားလိုက်မယ်ဆိုရင်
သူတောင်းသလောက်ပေးပါမယ်လို့လဲ ကတိပေးတယ်၊ ဒီကားကိုငှားလို့ရတဲ့အခါ
ဆရာနုကိုယ်တိုင် အဲဒီအမျိုးသမီးကို ဘတ်စ်ကားပေါ်ဝိုင်းတင်ပေးတယ်၊
မထိုင်နိုင်တဲ့အတွက် ဘတ်စ်ကားရဲ့ ကြမ်းပြင်ပေါ်မှာ အသာလှဲထားရတယ်၊
ဘတ်စ်ကားထွက်ခါနီးမှာ ဆရာနုဟာ ဒရိုင်ဘာအနားကိုကပ်ပြီး လူမမာက
မြန်မြန်မောင်းပါဆိုရင် မြန်မြန်မောင်းပေးပါ၊ မြန်မြန်မောင်းတာကို မခံနိုင်ဘူးဆိုရင်
နှေးနှေးမောင်းပေးပါလို့ အထပ်ထပ်မှာလိုက်တယ်၊ ည(၁၀)နာရီ လောက်ရှိတဲ့အခါ
လူမမာအမျိုးသမီးရဲ့ ယောကျ်ားဟာ ဆရာနုအိမ်ကိုရောက်လာပြီး ဆရာရေ
ခလေးမွေးပြီ၊ ကျွန်တော်မိန်းမလည်း သက်သာသွားပြီးလို့ အကြောင်းကြားတယ်၊
သံလျင်ဆေးရုံဆရာဝန်တွေ တော်တော် ဂရုစိုက်ရဲ့လားလို့ ဆရာနုကမေးတဲ့အခါ
ကျွန်တော်တို့ ဆေးရုံကိုတောင် မရောက်ခဲ့ဘူး၊ လမ်းမှာ ဘတ်စ်ကားဆောင့်တာနဲ့
သံလျင်မြို့အဝင်မှာ ခလေးဟာ အမေ့ဝမ်းထဲက သူ့အလိုလိုထွက်လာတယ်လို့
အဲဒီလူက ဝမ်းသာအားရနဲ့ ဆရာနုက ပြောပြတယ်၊
ပြ၊နာတခုခုပေါ်လာရင် လက်ပိုက်ကြည့်မနေဘဲ အခုလို တခုမဟုတ် တခုခုကို
လုပ်ပေးရမှ ကျေနပ်လေ့ရှိတဲ့ ဝန်ကြီးချုပ်ဦးနုဟာ ကျန်းမာရေးဝန်ကြီးနဲ့ သူ့ဌာနက
အကြီးအကဲတွေကို မကြာခင် ပြန်ချိန်းပြီး ကျေးရွာကျန်းမာရေးပြသနာကို
ဆွေးနွေးကြပြန်တယ်၊ အဲဒီဆွေးနွေးပွဲမှာတော့ အတော်အဆင်ပြေတယ်၊ (၁)
သူတို့ပြဌာန်းပေးတဲ့ စာရင်းထဲမှာပါတဲ့ ရောဂါတွေကိုသာကုသမယ်၊
တခြားရောဂါတွေကို မကုသပါဘူးဆိုရင်၊ (၂) ဒီပုဂ္ဂိုလ်တွေ အောင်လာတဲ့အခါ
ဒေါက်တာလို့မခေါ်ဘဲ ဆေးမှူး (နရူအ့ ဗျူဂျအညေအျ) တွေလို့သာခေါ်မယ်ဆိုဂ်င်၊ (၃)
ဆေးမှူးတွေကို သင်ကြားတဲ့နှစ်ဟာ အနဲဆုံး နှစ်နှစ်ထားမယ်ဆိုရင်၊ (၄)
ဒီဆေးမှူးတွေရဲ့ ပညာအရည်အချင်းဟာ အနဲဆုံး (၁၀)တန်းအောင်ရမယ်လို့
သတ်မှတ်ပေးရင်၊ ဆေးမှူးသင်တန်းဖွင့်ပေးဘို့ သူတို့ သဘောတူမယ်လို့
ကျန်းမာရေးဌာနအကြီးအကဲတွေက အဆို၊ပကြတယ်၊ ဝန်ကြီးချုပ်ဦးနုဟာ အဆို(၁)

(၂) (၃)နဲ့ (၄)ကိုချက်ချင်းလက်ခံတယ်၊ နှစ်အပိုင်းအခြားဆိုတဲ့ အဆို (၃)ကျတော့၊ နှစ်နှစ်များတယ်၊ တနှစ်ခွဲအထိ လျှော့ပေးဘို့ ကျန်းမာရေးဌာနအကြီးအကဲတွေကို ဦးနုမေတာရပ်ခံတယ်၊ ကျန်းမာရေးဌာန အကြီးအကဲတွေက လျှော့ပေးတယ်ထင်တယ်၊ ဝန်ကြီးချုပ်ဦးနု ကောင်းကောင်း မမှတ်မိတော့ပါဘူး၊ အဲဒီနောက် ဒီဆေးမှူးတွေဟာ နှစ်ပေါင်းအတော်ကြာလာလို့ ကျင့်သားရလာရင် လစာမပျက်ဘဲ သူတို့ ဆေးကောလိပ် တက်နိုင်အောင် စီစဉ်ပေးလိုက်ပါလို့ ဝန်ကြီးချုပ်က ဌာနအကြီးအကဲတွေကို ထပ်ဆင့် မေတာရပ်ခံလိုက်ပြန်သေးတယ်၊

အိန္ဒိယနဲ့ ပါကစ်စတန်က ဆရာဝန်တွေ ရသွားကြတဲ့အတွက် ဝန်ကြီးချုပ် ခရီးထွက်တဲ့အခါ နယ်ကလူတွေဟာ ဆရာဝန်ကို မတောင်းကြတော့ပါဘူး၊ ဒါပေမဲ့ မူလတန်းကျောင်းကို တောင်းကြတာတွေကတော့ ရှေးထက်ပိုလာတယ်၊

နေ့တနေ့မှာ ဝန်ကြီးချုပ် ဦးနုဟာ မြို့တမြို့ရဲ့ဖိုလ်တဲမှာ တယောက်တည်းထိုင်ပြီး မူလတန်းကျောင်း ဆရာတသောင်းကျော်ရရှိရေး ပြဿနာကို စဉ်းစားနေတုန်းဗြုန်းကနဲ အကြံတခုရတာနဲ့ သိပ်ဝမ်းသာသွားတယ်၊ ရန်ကုန်ကို ပြန်ရောက်တာနဲ့ တပြိုင်နက် ဝန်ကြီးချုပ်ဟာ ပညာရေးဝန်ကြီးနဲ့ ပညာရေးဌာနက အကြီးအကဲတွေကို ချက်ချင်းခေါ်လိုက်တယ်၊

မူလတန်းကျောင်းဆရာ တသောင်းကျော်ရရှိရေးအတွက် ကျွန်တော်အကြံကောင်းတခုကို ရပြီ၊

ဟုတ်ကဲ့၊

နွေရာသီ ကျောင်းပိတ်ရက်အတွင်း မြို့တိုင်းမှာ မူလတန်းဆရာဖြစ် သင်တန်းတွေကို ဖွင့်ပေး၊ သင်မဲ့အရာရှိ မရှိဘူးလို့ မလုပ်နဲ့၊ အဲဒီမြို့မှာရှိတဲ့ ကျောင်းဆရာတွေကိုဘဲပြန်သုံးပါ၊ ဒီသင်တန်းတွေကို (၇)တန်းအောင်ပြီးသူတွေမှသာ တက်ရမယ်လို့လဲ တင်းမထားပါနဲ့၊ (၆)တန်းအောင်ပြီးသူတွေလည်း တက်ပါစေ၊ ဒီသင်တန်းကထွက်လာတဲ့ မူလတန်းဆရာတွေဟာ အမှန်အတိုင်းပြောရရင် ဆရာဖြစ်သင်ကျောင်းတွေမှာ တနှစ်သင်ပြီး ထွက်လာတဲ့ မူလတန်းဆရာတွေလောက်တော့ ကောင်းမှာမဟုတ်ဘူး၊ မကောင်းချင်နေပေစေ၊ မူလတန်း ပညာကိုမသင်ရဘဲ ခလေးတွေဟာ လပ်ယားလပ်ယားနဲ့ အရပ်ထဲမှာ ခွေးဝင်စားလေးတွေဖြစ်နေတာကို ကျွန်တော်မကြည့်ချင်ဘူး၊ သူတို့အတွက်ဘာမှမလုပ်ဘဲ ဆရာမရှိဘူးဆိုပြီး လက်ပိုက်ကြည့်နေတာမျိုးကို ကျွန်တော် မလုပ်ချင်ဘူး၊ နွေရာသီ သင်တန်းက ဆင်းရာကြတဲ့ အရေးပေါ် မူလတန်းဆရာတွေဟာ ခလေးတွေကိုအနဲဆုံး ကကြီး ခခွေးအရေးနဲ့အဖတ်ကိုတော့ သင်ပေးနိုင်မှာဘဲ၊ တစ်နှစ်သုံးလေး အရေးနဲ့အဖတ်ကိုတော့ သင်ပေးနိုင်မှာဘဲ၊ အမျိုးသားသီချင်းဆိုတာကိုတော့ သင်ပေးနိုင်မှာဘဲ၊ ဒီလောက်သင်ပေးနိုင်ရင်တော်ပြီ၊ (၂)နှစ်အတွင်း မူလတန်းကျောင်းဆရာတသောင်းကျော်ကို ကျွန်တော်လိုချင်တယ်၊ နှစ်အတော်ကြာလာလို့ ကျင့်သား အတော်ရလာတဲ့အခါ ဒီအရေးပေါ်ဆရာတွေကို

လစာမပျက်ဘဲ မူလတန်းဆရာဖြစ်သင်ကျောင်းတွေကို တက်နိုင်အောင်
စီစဉ်ပေးလိုက်ပါလို့ ဝန်ကြီးချုပ်ဦးနုကပြောပြတယ်ပညာရေးဌာနအကြီးအကဲတွေဟာ
ဒီစီမံကိန်းကို အစွမ်းကုန်ပိုင်းပြီး အကောင်အထည်ဖော်ပေးကြတယ်၊ (၂)နှစ်အတွင်း
အရေးပေါ်မူလတန်းဆရာတွေ တသောင်းကျော်ရပြီး မြို့မှာရော တောမှာပါ
မူလတန်းကျောင်းတွေ အားရပါးရ ဖွင့်ပေးနိုင်ခဲ့တယ်၊
ကျန်းမာရေးနဲ့ ပညာရေးအတွက် သူအင်မတန် စိတ်ဝင်စားတဲ့
စီမံကိန်းတွေရှိသေးတယ်၊ ရှေးဦးစွာ ကျန်းမာရေး စီမံကိန်းကို ပြောပြမယ်၊
(၉၀)ရာခိုင်နှုန်းလောက်ရှိတဲ့ ပြည်ထောင်စုသားတွေဟာ သိပ်မွဲနေတယ်၊
အဲဒီလူတွေဟာ ထမင်းစားတဲ့အခါ ထမင်း၊ ငပိတို့စရာ ဒီသုံးမျိုးကိုဘဲ စားနိုင်တယ်၊
အဲဒီအထဲ သူတို့စားတဲ့ ဆန်ဟာ စက်ကြိတ်ဆန်ဆိုတော့ ဖွဲမကျန်တော့ဘဲ
ဖြူစင်နေတယ်၊ နေ့စဉ်သူတို့စားနေတဲ့ ဒီအစာတွေဟာ သူတို့အတွက် ဘယ်နည်းနဲ့မှ
အာဟာရမဖြစ်နိုင်ဘူး၊ အာဟာရမဖြစ်တဲ့ အစာတွေ စားနေကြရတဲ့
ပြည်ထောင်စုသားတွေဟာ အသက်တိုတယ်၊ သူတို့ရဲ့ ခလေးတွေလည်း
မွေးစမှာသိပ်ပြီး အသေအပျောက်များမယ်၊ အဲဒါကြောင့် သူတို့ရဲ့ ကျန်းမာရေးကို
ဂရုစိုက်ချင်ရင် ဆရာဝန်တွေ ကျန်းမာရေးမှူးတွေကို မွေးထုတ်ပေးနေရုံနဲ့
မလုံလောက်သေးဘူး၊ သူတို့ဟာ အာဟာရဖြစ်စေနိုင်တဲ့အစားအသောက်တွေကို
စားသောက်နိုင်အောင်လည်း ဂရုစိုက်ပေးရအုံးမယ်ဆိုတာ
ဦးနုကောင်းကောင်းသဘောပေါက်တယ်၊ ဒါပေမဲ့ သူတို့ရဲ့
စီးပွားရေးအခြေအနေကိုယ်တိုင်က အင်မတန်အောက်တန်းကျနေတဲ့အတွက်
ဒီစီးပွားရေးကို မြှင့်တင်မပေးနိုင်မချင်း ပြည်သူလူထုကြီး
တရပ်လုံးအဟာရဖြစ်တဲ့အစာကို စားရအောင် ဦးနုဘယ်နည်းနဲ့မှ မတတ်နိုင်ဘူး၊
အဲဒါကြောင့် သူတတ်နိုင်သလောက်လုပ်မယ်ဆိုပြီး ပထမခြေလှမ်းအနေနဲ့
ပြည်ထောင်စုသားတွေ စက်ကြိတ်ဆန်ကို မစားကြနဲ့၊ စက်ကြိတ်ဆန်ထဲမှာ
ဘာအဟာရမှ မပါဘူး၊ မောင်းထောင်းဆန်ကိုစားကြ၊ မောင်းထောင်းဆန်ထဲမှာ
အဟာရဖြစ်တဲ့ဖွဲတွေပါတယ်ဆိုတဲ့ မိန့်ခွန်းတခုကို မြို့တော်ခန်းမ
လူထုအစည်းအဝေးတခုမှာ ဦးနုပြောတယ်၊ အဲဒီနောက် စက်ကြိတ်ဆန်ဟာ စားသူကို
ဘယ်လို ဥပါဒ်ဖြစ်နိုင်တယ်၊
မောင်းထောင်းဆန်ဟာ စားသူကို ဘယ်လိုအဟာရဖြစ်နိုင်တယ်ဆိုတဲ့ အချက်တွေကို
ကျန်းမာရေးပါရဂူတွေက သူတေသနလုပ်ပြီးရေးပေးရတယ်၊ အဲဒါတွေကို
စာအုပ်စာတမ်းတွေရိုက်ပြီး၊ တနိုင်ငံလုံးဦးနုဖြန့်ချီပေးတယ်၊ သူ့ကို
ဘယ်သမိုင်းဆရာက ပြောပြလိုက်တယ်မသိဘူး၊ လူထုအစည်းအဝေးတခုမှာဆိုရင်
ရှေးကဗမာတွေဟာ မောင်းထောင်းဆန်ကို စားတဲ့အတွက် အခုခေတ် ခါးချိနေတဲ့
ဗမာတွေလိုမဟုတ်ဘူး၊ သိပ်ထွားကြိုင်းတယ်၊ အခုခေတ် အုပ်ချပ်တွေထက်
နှစ်ဆလောက် ပိုလေးတဲ့ အုပ်ချပ်ကြီးတွေကို မိုင်ပေါင်းများစွာက မမောမပမ်း

တယောက်နဲ့တယောက် လက်ဆင့်ကမ်း သယ်လာပြီး ဘုရားပုထိုးတွေကို တည်နိုင်ကြတယ်လို့တောင် ဝန်ကြီးချုပ်ဦးနု ကြုံးဝါးခဲ့ဖူးတယ်၊ ဒါပေမဲ့သူဘယ်လို တိုက်တွန်းလို့မှမရပါဘူး၊ စက်ကြိတ်ဆန်ကို နှစ်ရှည်လများစားလာကြတဲ့ လူတွေအတွက် မောင်းထောင်းဆန်ကို ပြန်စားဘို့ဆိုတာ မဖြစ်နိုင်တော့ဘူး၊ မောင်းထောင်းဆန်ဟာ အဟာရတော့ဖြစ်တာမှန်ဘဲ၊ ဒါပေမဲ့ ဖွဲစော်နံတယ်၊ ဘယ်သူမှမစားချင်ဘူး၊ မောင်းထောင်းဆန်ကိုစားဘို့ အကြီးအကျယ် တိုက်တွန်းခဲ့သူ ဦးနုကိုယ်တိုင် မောင်းထောင်းဆန်ကို ခဏလောက်ဘဲစားလို့ရတယ်၊ ကြာရည်ကျတော့ ထမင်းပွဲမှာ ဖွဲနံ့ရတိုင်း၊ ပျို့ပျို့တက်လာပြီး၊ မစားချင်မသောက်ချင် ဖြစ်လာတာနဲ့ မောင်းထောင်းဆန်ကို စွန့်လိုက်တယ်၊ ကြိတ်ဆန်ကို ပြန်စားရတယ်၊ ဒါပေမဲ့ဦးနုဆိုတဲ့လူကတော့ ဒီကိတ်စကို လွယ်လွယ်နဲ့ လျှော့မပေးချင်ဘူး၊ နောက်ထပ်ပြီး ဒီလိုစဉ်းစားပြန်တယ်၊ ဗီတာမင်ထဲမှာဖွဲပါတယ်၊ တခြားအဟာရဖြစ်တဲ့ဓာတ်တွေလဲပါတယ်၊ အဲဒီတော့ မောင်းထောင်းဆန်ကို ပြည်လူလူထု မစားချင်နေပေစေ၊ သူတို့ကို ဗီတာမင်ကျွေးမယ်၊ ဗီတာမင်ဟာ အဝင်မဆိုးတဲ့အတွက် လူထုငြင်းမှာ မဟုတ်ဘူး၊ ကြိုက်မှာဘဲ၊ စက်တခုထောင်ပြီး ဗီတာမင်တွေကို သန်းနဲ့ချီပြီး လုပ်မယ်၊ ပြီးတော့မှာ ပြည်သူလူထုကို အလကားဝေပေးမယ်လို့ ဦးဆုံးဖြတ်လိုက်တယ်၊ အဲဒီဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဘို့အတွက် စီးပွားရေးနဲ့ လူမှုရေးအဖွဲ့ကို တိုင်ပင်ရအောင် ခေါ်လိုက်တယ်၊ ဒီအဖွဲ့က အတိုင်ပင်ခံ အရာရှိ မစတာ ဖါနီဘယ် နဲ့ တခြားတဦးနှစ်ဦးကို စက်တည်ပေးနိုင်မဲ့ လူတွေရှာရအောင် အင်္ဂလန်ကိုလွှတ်လိုက်တယ်၊ အဒီလူတွေရဲ့ အကူအညီနဲ့ ဆေးစက်ရုံတခုကို (ကြမာဇ ဏ့ဓာခေနကအငခရှူညိကျအမငနျ) ရန်ကုန်နားမှာဆောက်တယ်၊ ဒီဆေးစက်ရုံမှာ တခြားဆေးတွေကိုလည်း လုပ်မယ်၊ အဲဒီဆေးတွေက အမြတ်ထွက်လာရင် အလကားဝေဘို့ ဗီတာမင် လုပ်တဲ့အခါ စရိတ်သက်သာမယ်၊ ဒါပေမဲ့ စက်တည်ပြီးကတည်းက ဝန်ကြီးချုပ်ဦးနုဟာ နှစ်ကြိမ်တိုင်တိုင် စစ်တပ်က အာဏာသိမ်းခံရပြီး၊ အများကြီး ဒုက်ခရောက်သွားတယ်၊ ဗီတာမင်တွေကို အလာကားဝေပေးဘို့ဆိုတဲ့ သူ့စီမံကိန်းကို အကောင်အထည်ဖော်ဘို့ ဆိုတာကတော့ ဝေးရော၊ ဒီစီမံကိန်းကို သတိတောင် မရရှာတော့ပါဘူး၊ ဆေးစက်ရုံကို တည်ဆောက်ဘို့ဆိုတဲ့ ကိတ်စနဲ့တဆက်တည်း အမျိုးသားကျန်းမာရေးနဲ့ ပတ်သက်ပြီး ဦးနုဟာ ဒီလို စဉ်းစားမိပြန်တယ်၊ လူတွေမှာ အဟာရရှိရုံနဲ့ မလုံလောက်သေးဘူး၊ ကျန်းမာရေးကိုလိုချင်တဲ့ လူမျိုးတမျိုးမှာ နေ့စဉ်မှန်မှန် ကိုယ်လက်လှုပ်ရှားမှုလည်း ရှိရအုံးမယ်၊ ပြည်ထောင်စုသားတွေဟာ များသောအားဖြင့် ကိုယ်လက်လှုပ်ရှားမှုရဲ့ တန်ဖိုးကို နားမလည်ကြဘူး၊ ကိုယ်လက်လှုပ်ရှားမှုဟာ ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတယ်ဆိုတာ လက်တဆုပ်စာလောက်ရှိတဲ့ ပြည်ထောင်စုသားတွေဘဲသိတယ်၊

လူများစုအနေနဲ့ကတော့ ဒီအချက်ကို စဉ်းစားမိပုံတောင် မပေါ်ပါဘူး၊ အဲဒါကြောင့် ကိုယ်လက်လှုပ်ရှားမှုကို အားပေးတဲ့အနေနဲ့ ဝန်ကြီးချုပ်ဦးနုဟာ အမျိုးသား ကျန်းမာရေးအဖွဲ့ (ခြအေငသညငူ ငအေညနျူ ဃသကညခငူ) ကိုဖွဲ့စည်းပေးပြီး တပြည်ထောင်စုလုံးကျေးရွာတွေအထိ ကိုယ်လက်လှုပ်ရှားမှုတွေမှာ စိတ်ဥတ်လာအောင် လှုံ့ဆော်ပေးဖို့နဲ့ အားကစားပွဲတွေကို တတ်နိုင်သမျှ လုပ်ပေးကြဘို့ ဝန်ကြီးချုပ်က တာဝန်အပ်နှင်းလိုက်တယ်၊

ကျန်းမာရေးစီမံကိန်းတွေအကြောင်းကို အပြောပြီးလို့ ပညာရေးစီမံကိန်းအကြောင်းကို ဒီနေရာမှာ နဲနဲလောက်ဖော်ပြချင်တယ်၊

ဝန်ကြီးချုပ်ဦးနုဟာ ငယ်စဉ်တောင်ကျေး ခလေးဘဝကစပြီး စာဖတ်တာမှာ ဝါသနာမပါလှဘူး၊ အဲဒါကြောင့် ဗမာနိုင်ငံက ခေါင်းဆောင်တွေမှာဆိုရင် ဦးနုဟာ ဗဟုသုတ အလွန့်အလွန် ခေါင်းပါးသူတဦးဖြစ်တယ်၊ အချိန်ရှိတုန်း ဗဟုသုတတွေကို ကြိုးစားပမ်းစား မစုဆောင်းခဲ့မိတာ အသက်(၄၀)နားနီးတော့မှ သူအကြီးအကျယ်နောင်တရ နေတယ်၊ လူတယောက်မှာ တောင့်တင်းခိုင်မာတဲ့ ကိုယ်လက်အင်္ဂါရှိရုံနဲ့ မလုံလောက်သေးဘူး၊ ဗဟုသုတနဲ့ပြည့်စုံတဲ့ ဦးနှောက်ရှိဘို့လည်း အများကြီးလိုတယ်ဆိုတဲ့စကားကို ဝန်ကြီးချုပ်ဖြစ်လာတဲ့အချိန်မှာ တဖြစ်တောက်တောက်ပြောနေတာ မကြာခဏကြားရတယ်၊ အမှန်အတိုင်းပြောရရင် အခုလို မကြာခဏ ပြောနေတာတွေဟာ တခြားကြောင့် မဟုတ်ဘူး၊ သူ့ကိုယ်သူပြန်ကြည့်ပြီး သိပ်အားမလိုအားမရ ဖြစ်နေတာကြောင့်ဘဲဖြစ်တယ်၊ ဖိုးသုံ့ညဆိုတဲ့စကားလုံးဟာ ဝန်ကြီးချုပ် ဦးနု ထွင်လိုက်တဲ့စကားပါဘဲ၊ ဒီစကားကို ထွင်လိုက်တုန်းက ဦးနုဟာ ဘယ်သူကိုမှ မရည်ရွယ်ပါဘူး၊ အချိန်ရှိတုန်းက ဗဟုသုတတွေ သူမစုခဲ့မိတာ စိတ်နာနာနဲ့ သူ့ကိုယ်သူသရော်ပြီး ထွင်လိုက်တာပါဘဲ၊

ပြည်ထောင်စုသူ ပြည်ထောင်စုစားတွေ အထူးသဖြင့် တက်လူတွေဟာ သူဖြစ်ခဲ့ရသလို မိုးလွန်မှ ထွန်ချဆိုတာမျိုး မဖြစ်ရအောင် ဝန်ကြီးချုပ်ဦးနုဟာ တခုခုလုပ်ပေးချင်တယ်၊ ဘယ်လိုလုပ်ရပါ့မလဲလို့ စဉ်းစားကြည့်တဲ့အခါ လောကီမှာ အထွတ်အထိပ်ကို ရောက်ဘို့အတွက် ဗမာ့ ဗဟုသုတဟာ မလုံလောက်သေးဘူး၊ အင်မတန်အောက်တန်းကျနေတယ်ဆိုတာကို လယ်ပြင်မှာ ဆင်သွားသလို ဦးနုဟာ ထင်ထင်ရှားရှားကြီး တွေ့နေရတယ်၊ အဲဒါကြောင့် ကမ္ဘာ့ဗဟုသုတကို ပြည်ထောင်စုသားတွေ လေ့လာစုဆောင်းနိုင်အောင် ဦးနုဟာ ဘာသာပြန်စာပေအသင်းကို ထူထောင်ပေးလိုက်တယ်၊ အဲဒီအသင်းက ဦးနုရဲ့ ဦးနှောက်ကို လိုချင်လို့တော့ မဟုတ်ပါဘူး၊ ဝန်ကြီးချုပ်အနေနဲ့ သူပေးနိုင်တဲ့ အခွင့်အရေးတွေကို လိုချင်တာကြောင့် ဦးနုကို အသင်းရဲ့ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြတယ်၊

ဒီအသင်းဟာ ကမ္ဘာ့စာပေတွေထဲက ကောင်းနိုးရာရာကို ရွေးချယ်ပြီး ဘာသာပြန်တယ်၊

အဲဒီနောက်စာအုပ်တွေရိုက်ပြီး ကျောင်းတွေ၊ စာကြည့်တိုက်တွေကို အခမဲ့ဝေပေးတယ်၊ အဲဒီအသင်းရဲ့ လုပ်ငန်းတွေထဲမှာ မြန်မာ့စွယ်စုံကျမ်းကို ဦးနု အမြတ်နိုးဆုံးဘဲ၊ ဒီကျမ်းမှာ အတွဲ(၁၄)တွဲရှိမယ်၊ ပုံနှိပ်ရတာ အင်မတန်ခက်တဲ့အတွက် ပထမတတွဲနှစ်တွဲကို အနောက်နိုင်ငံတွေမှာ ပုံနှိပ်ရတယ်၊ ပထမဟာ အနောက်နိုင်ငံက ရောက်လာတုန်းက ဦးနုနဲ့ ဘာသာပြန်စာပေအသင်းရဲ့ ကောင်စီဝင်လူကြီးတွေ ကိုယ်တိုင် သင်္ဘောဆိပ်ကိုဆင်းပြီး တခမ်းတနားကြိုဆိုတယ်၊ ဆိပ်ကမ်းပေါ်ကို ချပြီးတဲ့အခါ အသင်းတိုက်ကို ကျမ်းစာအုပ်တွေ ချက်ချင်း ယူမလာသေးဘူး၊ မော်တော်ကားတွေပေါ်မှာ ကျကျနန လှလှပပတည်ခင်းပြီးမှာ ရန်ကုန်တမြို့လုံးသူကိုယ်တိုင် လှည့်ပြလိုက်သေးတယ်၊ ဘာသာပြန်စာပေအသင်းနဲ့ ပတ်သက်တဲ့ပွဲတပွဲမှာ ဦးနုက ဒီကျမ်းကြီးဟာ ပြည်ထောင်စု မြန်မာနိုင်ငံမှာကျောက်တောင်ကြီးပမာတည်ပြီး ကျန်ရစ်လိမ့်မယ်လို့တောင် လိုက်လိုက်လှဲလှဲ ကြုံးဝါးခဲ့ဖူးတယ်၊

ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ပညာရေးနဲ့ ပတ်သက်လို့တော့ ပညာရေးစီမံကိန်း အသစ်တခုကို ရေးဆွဲပေးချင်တဲ့ ဆန္ဒ ဝန်ကြီးချုပ်ဦးနုမှာ ပြင်းပြင်းပြပြ ရှိနေတယ်၊ အဲဒါကြောင့် သူကိုယ်တိုင်ခေါင်းဆောင်တဲ့ ပညာရေးစီမံကိန်း အဖွဲ့တခုကို ဖွဲ့စည်းပေးတယ်၊ ဒီအဖွဲ့ထဲမှာ ဗမာနိုင်ရဲ့ ထိပ်သီးပညာပါရဂူတွေပါတယ်၊ ဦးနုကိုယ်တိုင်ကတော့ စေတနာသာရှိတာပါပဲ၊ ဒီကိတ်စကို သူကောင်းကောင်းနားမလည်ရှာပါဘူး၊ အဖွဲ့ရဲ့နာယကတက်လုပ်တာပါဘဲ၊ ပညာရေးစနစ်ကို ခဏခဏပြင်ရတာ မကောင်းဘူး၊ တိုင်းပြည်နစ်နာတယ်၊ အဲဒီတော့ အဖွဲ့ဟာ စီမံကိန်းကို အလျင်စလို မရေးဆွဲပါနဲ့၊ ပထမအဆင့်အနေနဲ့ စီမံကိန်းနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို ထုတ်ပြီး ကျေညာလိုက်ပါ၊ ပညာရေးမှာ စိတ်ဝင်စားတဲ့လူတွေဟာ ဒီမေးခွန်းတွေကို လေ့လာပြီးလောက်တဲ့အချိန်မှာ ဒုတိယအဆင့်အနေနဲ့ အဖွဲ့ဝင်တွေဟာ နှစ်စုခွဲပြီး တစုက အောက်ဗမာပြည်၊ နောက်တစုက အထက်ဗမာပြည်ကို ခရီးထွက်ပါ၊ ရောက်တဲ့နေရာတွေမှာ အကြံပေးချင်တဲ့လူတွေနဲ့ တွေ့ဆုံပြီး ဆွေးနွေးပါ၊ အဲဒီလို ဆွေးနွေးပြီးတဲ့အခါ တတိယ အဆင့်အနေနဲ့ အင်္ဂလန်၊ အမေရိကန်၊ ရုရှား၊ တရုတ်၊ အိန္ဒိယ သင့်တော်တဲ့ ပညာရေးပါရဂူတွေကို ဖိတ်ခေါ်ပြီး၊ ၄င်းတို့ဆီက အကြံ/ဉာဏ်တောင်းပါ၊ ၄င်းတို့နဲ့ဆွေးနွေးပါ၊ ဒီလို အကြံဉာဏ်တွေကို ပြည့်ပြည့်စုံစုံရပြီတော့မှာ စတုတအဆင့်မှာ စီမံကိန်းအဖွဲ့က ရေးဆွဲနေတုန်း တပ်မတော်က အာဏာသိမ်းလိုက်တဲ့အတွက် အဖွဲ့ဝင်တွေ ရှေ့ဆက်ပြီး အလုပ်မလုပ်နိုင်ကြတော့ဘူး၊ ဦးနုဟာ ဒီစီမံကိန်းအပေါ်မှာတော့ စိတ်မကုန်သေးပါဘူး၊ အခွင့်ရအုံးမယ်ဆိုရင် ပြီးတဲ့အထိရေးဆွဲပုံနှိပ်ပြီး တိုင်းပြည်ကို တင်ပြချင်သေးတယ်၊ အဲဒီလိုတင်ပြပြီး ပညာရေးမှာ စိတ်ဝင်စားသူတွေနဲ့ တကြိမ်လောက်ထပ်ပြီး ဆွေးနွေးချင်သေးတယ်၊ ပြင်စရာ၊ ၊ဖတ်စရာ၊ ဖြည့်စရာတွေ အားလုံး လုပ်ပြီးလို့ အများရဲ့

သဘောတူညီချက်ကို ရပြီးတဲ့အခါ အဲဒီပညာရေးစီမံကိန်းကို ဦးနုဟာ သူကိုယ်တိုင် ခေါင်းဆောင်ပြီး တတ်နိုင်သလောက် အကောင်အထည်ဖော်ပေးချင်သေးတယ်၊ ပညာရေးနဲ့ ကျန်းမာရေးမှာ ပန်းတိုင်ကို ရောက်အောင် ဖြတ်လမ်းကသွားတဲ့ အစီအစဉ်တွေဟာ အတော်ကလေး ထမြောက်အောင်မြင်တာကိုတွေ့ရတဲ့အတွက် ဝန်ကြီးချုပ်ဦးနုဟာ အတော်အားတက်တယ်၊ အဲဒါကြောင့် ပြန်လည်ထူထောင်ရေးမှာလည်း ဒီလို ဖြတ်လမ်းကသွားရရင် သိပ်ကောင်းမှာဘဲလို့ ဦးနုစိတ်ကူးမိပြန်တယ်၊
ဒုတိယကမာစစ်ကြီးအတွင်းကစပြီး မြန်မာနိုင်ငံထဲမှာ တံတားတွေ၊ လမ်းတွေ၊ တာတမံတွေ၊ ကျောင်းအဆောက်အဦးတွေ အတော်ပျက်စီးကုန်ကြတယ်၊ လွတ်လပ်ရေးရပြီးတဲ့နောက် သူပုန်ရောင်စုံတွေ ပေါ်လာပြန်တဲ့အတွက် အစိုးရဟာ ဒီပျက်စီးနေတာတွေကို ပြန်မကြည့်နိုင်ဘူး၊ ၁၉၅၀ခုနှစ်လောက်ကစပြီး သူပုန်ရန်ဟာ အတော်အေးသွားပြန်တော့လည်း အစိုးရမှာ ငွေမရှိတဲ့အတွက် ဒီပျက်စီးနေတာတွေကို ပြန်လည်ထူထောင် မပေးနိုင်ဘူး၊ လွှတ်တော်အမတ်တွေဟာ သူတို့ရဲ့ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေတွေမှာ ပြန်လည် ထူထောင်ရေးအတွက် အစိုးရဆီက အကူအညီတောင်းကြတယ်၊ တချို့က လွှတ်တော်ထဲမှာ တောင်းတယ်၊ တချို့က ဝန်ကြီးချုပ်တွေဆီကို တိုက်ရိုက်သွားပြီး တောင်းတယ်၊ ငွေမရရှာပါဘူး၊ အစိုးရမှာ ငွေမရှိဘူးဆိုတဲ့ အဖြေတွေကိုသာ နှစ်စဉ်ရသွားခဲ့ကြတယ်၊
အဲဒါနဲ့ တနှစ်ကျတော့ ဝန်ကြီးချုပ်ဦးနုက ပြန်လည်ထူထောင်ရေး စီမံကိန်းတခု လုပ်ပေးလိုက်တယ်၊ ဒီစီမံကိန်းကတော့ ဦးနှောက်အရှုပ်ခံ သိပ်စဉ်းစားပြီးရေးဆွဲရတဲ့ စီမံကိန်းမျိုးမဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကို ကယ်တဲ့သူတွေကို ထာဝရသခင်က ကယ်မယ်ဆိုတဲ့ စီမံကိန်းမျိုးပါဘဲ၊ ဒီစီမံကိန်းအရ မိမိတို့ဒေသမှာ ပြန်လည်ထူထောင်ရေးအတွက် ငွေအား၊ ပကိတ်စည်းအား၊ လူအား စိုက်ထုတ်ပေးမဲ့လူတွေကို အစိုးရကလဲ တတ်နိုင်သလောက် ငွေအကူအညီ၊ အင်ဂျင်နီယာအကူအညီ အစရှိသည်တို့ကို ထုတ်ပေးမယ်လို့ ကျေညာလိုက်တယ်၊ ဒေသတိုင်းမှာ ငွေအား၊ ပစ်စည်းအား၊ လူအား စိုက်ထုတ်ပေးတဲ့လူတွေ အများကြီး ပေါ်ထွက်လာတယ်၊ ဥပမာ–တံတားတခုကို အစိုးရကဆောက်ပေးရရင် ငွေတထောင်ကုန်မယ်ဆိုပါစို့၊ အရပ်သူအရပ်သားတွေက သစ်လှူတယ်၊ အလုပ်ဝိုင်းလုပ်ပေးတယ်ဆိုတော့ အဲဒီတံတားကို (၂၅၀)လောက်နဲ့ အပြီးဆောက်နိုင်တယ်၊ အဲဒီ(၂၅၀)ထဲမှာ အစိုးက (၁၀၀)ထည့်တယ်၊ အရပ်သူအရပ်သားတွေက (၁၅၀)စုပေါင်းပြီးထည့်ကြတယ်၊
အဲဒီနည်းနဲ့ ပြည်လည်ထူထောင်လိုက်တာ တနိုင်ငံလုံးမှာ တာတမံပေါင်း များစွာဖို့ပြီးသွားတယ်၊ တံတားတွေ အများကြီးကောင်းသွားတယ်၊ လမ်းတွေအများကြီးပြင်ပြီးသွားတယ်၊ ရေတွင်းရေကန်တွေအများကြီးတူးပြီး သွားတယ်၊ မူလတန်းကျောင်းတွေ၊ စာကြည့်ခန်းတွေ အများကြီး

ဆောက်ပြီးသွားတယ်၊
စာအုပ်ကြီးအတိုင်းသာ လုပ်နေကြမယ်ဆိုရင် အဲဒီတနှစ်အတွင်း
ပြီးသွားတဲ့လုပ်ငန်းတွေကို ငါးနှစ်လောက်လုပ်ရမယ်၊ ကုန်ကျမဲ့ငွေကလည်း
အခုကုန်ကျတာထက် လေးငါးဆလောက်တိုးပြီး ကုန်လာမယ်၊
၁၉၅၃ခုနှစ် ဘတ်ဂျက်လွှတ်တော်ထဲမှာ ဘဏ္ဍာရေးဝန်ကြီးဟာ ဒီစီမံကိန်းရဲ့
အောင်မြင်မှုကို မှတ်တမ်းတင်တဲ့အနေနဲ့ ဒီစီမံကိန်းအတွက် အစိုးရက ၁၉၅၂–
၅၃ခုနှစ်အတွင်း ငွေသိန်းပေါင်း တရာ့တဆယ် ထုတ်ပေးခဲ့တယ်၊ ပြည်သူလူထုထံမှ
ရရှိတဲ့ငွေအားနဲ့ ပစ်စည်းအားကို ပေါင်းလိုက်ရင် သိန်းနှစ်ရာဘိုးလောက်
ရှိလိမ့်မယ်လို့ ကျေညာခဲ့တယ်၊
အခန်း(၂၇)
၁၉၅၂ခုနှစ် အာဇာနည်နေ့မှာ ဝန်ကြီးချုပ်ဦးနုဟာ မိန့်ခွန်းတခုပြောတယ်၊
ဒီမိန့်ခွန်းထဲမှာ တခြားအချက်တွေအပြင် အချက်တချက် ပါလာတယ်၊ အဲဒီအချက်ကို
ဒီနေရာမှာ နဲနဲလောက်ပြောပြပါရစေ၊
ဗမာနိုင်ငံမှာ လယ်တွေအများကြီးရှိတယ်၊ ဒီလယ်တွေကြောင့် ဗမာနိုင်ငံဟာ
ကမ္ဘာပေါ်မှာ ဆန်အများဆုံးတင်ပို့ရောင်းချတဲ့နိုင်ငံ ဖြစ်နေတယ်၊ ဒီလယ်တွေအပြင်
အဖိုးတန်ကျွန်းသစ်တွေထွက်တဲ့ သစ်တောတွေလည်း အများကြီးရှိတယ်၊
သတ်တုတွင်းမျိုးစုံရှိတယ်၊ ပတ်တမြားတွင်းတွေရှိတယ်၊ ရေနံတွင်းတွေရှိတယ်၊
ပြည်ထောင်စုသားတွေ လူချမ်းသားတွေဖြစ်အောင် အဘက်ဘက်က
ကူညီထောက်ပံ့နိုင်တဲ့ ဧရာဝတီမြစ်ကြီးကလည်း ပြည်ထောင်စုကို
အရှေ့နဲ့အနောက်နှစ်ခြမ်းခွဲပြီး၊ မြောက်ဘက်က တောင်ဘက်ကို စီးဆင်းနေတယ်၊
မိုးလေဝသလည်း အထူးကောင်းတယ်၊ လူဦးရေကျတော့ အင်မတန် နဲတယ်၊
အဲဒါကြောင့် ကျွန်တော်ပြည်ထောင်စုထဲမှာ ပြည်တွင်းစစ်မဖြစ်ရဘဲ
စိတ်ချမ်းချမ်းသာသာနဲ့ အလုပ်လုပ်ခွင့်ရမယ်ဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံဟာ
မိသားစုတိုင်းကို အိမ်တဆောင်၊ မော်တော်ကားတစင်း၊ လစဉ်ဝင်ငွေ (၈၀၀)က
(၁၀၀၀)ရအောင်လုပ်ပေးနိုင်တဲ့အထိ ချမ်းသာတဲ့နိုင်ငံ ဖြစ်တယ်ဆိုတဲ့အချက်ကို
မိန့်ခွန်းထဲမှာ ဦးနုထည့်ပြောသွားတယ်၊
ခပ်နောက်နောက် သတင်းစာဆရာတချို့ဟာ သူတို့ရဲ့သတင်းတွေထဲမှာ ဒီမိန့်ခွန်းကို
ဖေါ်ပြတဲ့အခါ မိသားစုတိုင်းကို အိမ်တအိမ်၊ မော်တော်ကားတစင်း၊ လစဉ်ဝင်ငွေ
(၈၀၀)က (၁၀၀၀)အထိ ပေးမယ်လို့ ဦးနုကတိပေးပြီ အစရှိတဲ့
ရီစရာခေါင်းစဉ်ကြီးတွေကို တပ်ပေးလိုက်ကြတယ်၊
နောင်ငါးနှစ်လောက်ကြာတဲ့အခါ ဒီအချက်ကိုတပ်ပြီး ပြောရမယ်ဆိုရင် ဦးနုဟာ
ဒီအတိုင်းပြောမယ်မထင်ဘူး၊ အဲဒီငါးနှစ်အတွင်း ဦးနုဟာ
ပြည်သူပိုင်လုပ်ငန်းတွေအပေါ်မှာ အကြီးအကျယ်စိတ်ပျက်နေတဲ့အတွက် ဒီအချက်ကို
ထပ်ပြောရမယ်ဆိုရင် ဒီလိုပြောလိမ့်မယ်ထင်တယ်၊ နိုင်ငံကတော့ အင်မတန်ချမ်းသာတဲ့

နိုင်ငံပါဘဲ၊ မိသားစုတိုင်းကို အိမ်တဆောင်၊ မော်တော်ကားတစင်း၊ လစဉ်ဝင်ငွေ (၁၀၀၀)ရအောင် လုပ်ပေးနိုင်တဲ့အထိ ချမ်းသာတဲ့နိုင်ငံဖြစ်တယ်ဆိုတာကို ဘယ်သူမှ မငြင်းနိုင်ပါဘူး၊ ဒါပေမဲ့ မိသားစုတိုင်း အိမ်တဆောင်၊ မော်တော်ကားတစင်း၊ လစဉ်ဝင်ငွေ (၁၀၀၀)ရဖို့အတွက် ပြည်တွင်းစစ် မရှိရုံနဲ့ မလုံလောက်သေးဘူး၊ ပြည်ထောင်စုသားတွေ အလုပ်ကြိုးစားလုပ်ရုံနဲ့လည်း မလုံလောက်သေးဘူး၊
(၁) ပြည်ထောင်စုရဲ့ စီးပွားရေးစနစ်ကလည်း မှန်ရအုံးမယ်၊
(၂) ဒီစနစ်မှန်ကို အကောင်အထည်ဖော်တဲ့ နေရာမှာ အထူးလိုအပ်တဲ့ မန်နေဂျာခေါ် အလုပ်နားလည်တဲ့ အုပ်ချုပ်ရေးမှူးများ၊ တက်ကနီရှန်းခေါ် စက်မှုကျွမ်းကျင်သူများလည်း လုံလုံလောက်လောက် ရှိရအုံးမယ်၊
(၃) သမတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးတွေ၊ အတွင်းဝန်တွေ၊ ဌာနအကြီးအကဲတွေကစပြီး တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဈေးသူဈေးသားများ အပါအဝင် ပြည်သူလူထုတရပ်လုံးကလည်း ကိုယ်ကျင့်တရားနဲ့ ပြည့်စုံသူတွေ ဖြစ်ကြရအုံးမယ်ဆိုတဲ့ အချက်(၃)ချက်ကို ဦးနုထပ်ပြီး ဖြည့်စရာ အကြောင်းရှိတယ်၊ ဦးနုဟာ ဒီအချက်(၃)ချက်ကို ဘာကြောင့် ထပ်ဖြည့်ချင်သလဲဆိုတာ ဒီနေရာမှာ နဲနဲလောက် ဖော်ပြချင်တယ်၊
 လွတ်လပ်ရေးရပြီးတဲ့နောက် ဦးနုအစိုးရအဖွဲ့ဟာ လုပ်ငန်းအတော်များများကို ပြည်သူပိုင်လုပ်ခဲ့တယ်၊ အခုလို ပြည်သူပိုင်လုပ်တဲ့အခါတွေတုန်းက ပြည်သူပိုင်လုပ်ငန်းတွေနဲ့ ဆက်စပ်နေတဲ့ ပြဿနာတွေကို ဦးနုဟာလေးလေးနက်နက် စဉ်းစားမိပုံမပေါ်ဘူး၊ ဒီလိုပြည်သူပိုင် လုပ်ပြီးတဲ့နောက် ပြည်သူပိုင်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အုပ်ချုပ်မှုညံ့ဖျင်းပုံတွေ၊ အမျိုးမျိုးအဖုံဖုံ ခြစားမှုတွေ၊ ဆုံးရှုံးနစ်နာမှုတွေကို ဝန်ကြီးချုပ်ဦးနု တွေ့လာရတယ်၊ ဦးနုတွေ့ခဲ့တဲ့ အဖြစ်အပျက်တွေထဲက နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့နဲ့ ပတ်သက်တဲ့ အဖြစ်အပျက်တခုကို အကျဉ်းချုပ်ပြီး ဖော်ပြချင်တယ်၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဟာ ပြည်သူပိုင်လုပ်ငန်းတွေထဲမှာ အကြီးဆုံးဖြစ်တယ်၊
တနေ့မှာ (စ)သုံးလုံးအဖွဲ့ (ကြမနကေ ံသမ၊ စနခငရှူ ညလန္လျအငါအေသေည) ကအမှုဆောင်ကြီးတွေ ဝန်ကြီးချုပ်နဲ့တွေ့ပြီး သတင်းခိုင်ခိုင်လုံလုံရတာနဲ့ လွန်ခဲ့တဲ့နေ့တုန်းက (စ)သုံးလုံးအဖွဲ့က ဆန်တင်သင်္ဘောတစင်းကို ဆင်းစစ်တယ်၊ ကောက်ပဲသီးနှံအဖွဲ့က ဆန်ဟောင်းတွေဆိုပြီး ရောင်းလိုက်တဲ့ ဆန်တွေအားလုံးဟာ ဆန်ကောင်းတွေဖြစ်နေတာကို တွေ့ရတယ်၊ သူတို့ရရှိတဲ့ သတင်းအရ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဟာ ဆန်ကောင်းတွေကို ဆန်ဟောင်းတွေပြီး လိမ်လိမ်ရောင်းနေတာ ကြာပြီးလို့ အဲဒီ (စ)သုံးလုံးအမှုဆောင်လူကြီးတွေက အစီရင်ခံတယ်၊ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က ဆန်ဟောင်းအရေအတွက်နဲ့ရင် သူတို့ဟာသူတို့ ရောင်းတယ်၊  ရောင်းမဲ့ဆန်ဟောင်းအရေအတွက်များရင်

သူတို့ရဲ့ဝန်ကြီးကတဆင့် ဝန်ကြီးများအဖွဲ့မှာ ဆန်ပဟာင်းရောင်းခွင့် တောင်းတယ်၊ အဲဒါကြောင့် ဝန်ကြီးချုပ်ဟာ မကြာသေးခင်က ဝန်ကြီးများအဖွဲ့က ဆန်ဟောင်းတွေရောင်းခွင့် ပေးလိုက်တာကို ချက်ချင်း သတိရတယ်၊ အဟောင်းတွေဆိုပြီး လိမ်ရောင်းတဲ့ဆန်တွေကို သင်္ဘောပေါ်မှာ ဖမ်းမိတဲ့အကြောင်းပြောပြီတော့ (စ)သုံးလုံးအမှုဆောင်လူကြီးတွေက ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့မှာ နှစ်စဉ်နှစ်တိုင်းဆန်ဟောင်း ဘယ်လောက်ကျန်တယ်ဆိုတာ စာရင်းမရှိဘူး၊ ဒီလိုစာရင်းမရှိတာဟာ သက်ဆိုင်ရာအရာရှိတွေ ညံ့ဖျင်းလို့လည်း ဖြစ်နိုင်တယ်၊ ဒီလိုစာရင်းမရှိမှ ဆန်ကောင်းတွေကို ဆန်ဟောင်းတွေဆိုပြီး လိမ်ရောင်းရတာလွယ်တဲ့အတွက် အထက်အရာရှိကြီးတွေက ဒီလို စာရင်းမရှိတာကို လျစ်လျူရှုထားတာကြောင့်လည်း ဖြစ်နိုင်တယ်၊ အဲဒီတော့ လက်ကျန်ဆန်ဟောင်းစာရင်းကို ရအောင်တောင်းပါလို့ အဲဒီ (စ)သုံးလုံးအမှုဆောင်တွေက ဝန်ကြီးချုပ်ကို အကြံပေးတယ်၊ အဲဒီအကြံပေးချက်အရ ဝန်ကြီးချုပ်က သက်ဆိုင်ရာဝန်ကြီးချုပ်ကို လက်ကျန်ဆန်ဟောင်း စာရင်းတင်ပြဘို့ အမိန့်ပေးတယ်၊ ဝန်ကြီးကလည်း အဲဒီစာရင်းတင်ပြဘို့ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ကို အမိန့်ပေးတယ်၊ တနှစ်ကြာတဲ့အထိ အဲဒီစာရင်းကို ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က တင်မပြနိုင်ဘူး၊ ကြာလာတော့ ဝန်ကြီးချုပ်လည်း သီးမခံနိုင်တော့ဘူး၊ အဲဒါကြောင့် (စ)သုံးလုံးအဖွဲ့က အမှုဆောင်လူကြီးတချို့ကို ခေါ်လိုက်တယ်၊ ဝန်ကြီးချုပ်ဟာ ခြစားမှုတွေကို တိုက်ဖြတ်ဘို့အတွက် ဒီအဖွဲ့ကို သူကိုယ်တိုင်တိုက်ရိုက် အုပ်ချုပ်ပြီး ဘယ်ဝန်ကြီးကိုမှ မကြောက်နဲ့၊ ဒီဝန်ကြီးတွေဟာ ခြကောင်တွေ ဖြစ်နိုင်ရင် အရေးယူ၊ ဝန်ကြီးချုပ်ကိုယ်တိုင် ခြကောင်ကြီးဖြစ်နေရင်လည်း ဘာမှမကြောက်နဲ့၊ ချက်ချင်းအရေးယူလို့ (စ)သုံးလုံးအဖွဲ့ကို ဝန်ကြီးချုပ်က တိတိကျကျမှာထားတယ်၊ ခြစားတာကို အရေးယူတဲ့အခါ ပြတ်ပြတ်သားသား အရေးယူစေချင်တဲ့ သဘောနဲ့ (စ)သုံးလုံးအဖွဲ့ဟာ အဝေးမှာချည်းဘဲ ခြကောင်တွေကို လိုက်ရှာနေတဲ့အတွက် အနားကပ်နေတဲ့ ခြကောင်တွေကို မျက်စိရှုန်းနေတတ်တယ်၊ သူနေတဲ့ ဝင်ဒါမီယာဝင်းမှာ ခြကောင်တွေ ရှိချင်ရှိနေမယ်၊ အဲဒါကြောင့် ဝင်ဒါမီယာကိုလည်း မျက်ခြေမပြတ် ကြည့်နေပါ၊ ခြကောင်တွေကိုတွေ့ရင် လက်မနှေးနဲ့၊ ချက်ချင်းအရေးယူပါလို့ ဝန်ကြီးချုပ်ဟာ သူ့(စ)သုံးလုံးအဖွဲ့ကို မှာထားတယ်၊ (စ)သုံးလုံးအမှုဆောင်လူကြီးတွေနဲ့ တွေ့တဲ့အခါ တနှစ်ကြာတဲ့တိုင်အောင် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က လက်ကျန် ဆန်ဟောင်းစာရင်းကို မပေးနိုင်တဲ့အကြောင်းကို ပြောပြတယ်၊ အဲဒီနောက် သူမစောင့်နိုင်တော့ဘူး၊ (စ)သုံးလုံးအဖွဲ့ထဲက သင့်တော်မဲ့အရာရှိတွေကို အဖွဲ့တခုဖွဲ့ပေးပြီး တနိုင်ငံလုံးမှာ လက်ကျန်ဆန်ဟောင်းဘယ်လောက်ရှိတယ်ဆိုတာ စာရင်းယူပါရစေလို့ ဝန်ကြီးချုပ်က တာဝန်ပေးရတယ်၊ (စ)သုံးလုံးအဖွဲ့ရဲ့ ကြိုပမ်းချက်ကြောင့် စာရင်းရတဲ့အခါ

ဒီဆန်ဟောင်းတွေကို ချန်မထားနဲ့တော့ရတဲ့ဈေးနဲ့ အားလုံးရောင်းပစ်လိုက်လို့ ဝန်ကြီးချုပ်က ဝန်ကြီးချုပ်များအစည်းအဝေးတခုမှာ အမိန့်ချပေးလိုက်တယ်၊ ဝန်ကြီးချုပ်ဟာ သူ့ (စ)သုံးလုံးအဖွဲ့နဲ့ ကောက်ပဲသီးနှံရောင်းဝယ်ရေးကိတ်စကို ဆက်လက်ဆွေးနွေးရင်–

(၁) ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့ဟာ ဆန်ကောင်းတွေကိုသာ ဆန်ဟောင်းတွေဆိုပြီး လိမ်ထုတ်နေတာ မဟုတ်ဘူး၊ ဂုံနီအိတ် အကောင်းတွေကိုလည်း အဟောင်းတွေဆိုပြီး လိမ်ထုတ်နေတယ်၊ မကြာခင်ကဘဲ သတင်းအခိုင်အမာရလို့ သွားဖမ်းလိုက်ရသေးတယ်ဆိုတာကို ကြားရတယ်၊

(၂) အဲဒီနောက် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က နယ်တွေမှာ စပါးဝယ်တဲ့ အရာရှိတွေဟာ စပါးကိုဝယ်ပြီးပြီးခြင်း ငွေလက်ငင်းမချေဘူး၊ လက်မှတ်တွေ ထုတ်ပေးတယ်၊ စပါးရောင်းတဲ့ တောင်သူလယ်သမားတွေဟာ တရာတန်လက်မှတ်ကို ကိုးဆယ့်ငါးကျပ်နဲ့ ဒီအရာရှိတွေ မွေးထားတဲ့ တပည့်တွေဆီမှာ ပြန်ရောင်းရတယ်ဆိုတာလည်း ကြားရတယ်၊

(၃) အဲဒီနောက် အစိုးရပေးထားတဲ့ပုံစံအတိုင်း ဆန်စက်တွေက ဆန်တွေကိုကြိတ်ပေးသလား၊ မကြိတ်ပေး ဘူးလားဆိုတာကို စစ်ဆေးဖို့အတွက် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က ဆန်စက်တွေမှာ အစောင့်ချထားတဲ့ အရာရှိတွေဟာ ဆန်စက်ပိုင်ရှင်တွေဆီက လာဘ်စားပြီး ပုံစံကိုက်တဲ့ဆန်တွေကို ပုံစံကိုက်တယ်လို့လက်မှတ်ထိုး ပေးနေကြတယ်ဆိုတာကိုလည်း ကြားရတယ်၊ (နိုင်ငံခြားနိုင်ငံတချို့ဟာ ဆန်တွေကို ဝယ်ပြီးမှ သင်္ဘောတင်တဲ့အခါ ဆန်အတော်များများကို လက်မခံနိုင်ဘူးဆိုပြီး ပယ်ချပစ်တယ်၊ ဒီသတင်းကို ကြားရတဲ့အခါ သူ့အရာရှိတွေ ငွေစားပြီး မတရား လုပ်နေကြတာကို မသိတဲ့ ဝန်ကြီးချုပ်ဦးနုဟာ အတော်စိတ်ဆိုးတယ်၊ (စ)သုံးလုံးက အစီရင်ခံတာကို ကြားရတော့မှ၊ နိုင်ငံခြားမှာ ဗမာ့ဆန်နာမည်ပျက်နေတာ ဒါကြောင့်ကိုးလို့ ဝန်ကြီးချုပ်သဘောပေါက်တယ်၊)

(၄) အဲဒီနောက် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ရဲ့ အတော်ရက်စက်တဲ့ အရာရှိတချို့ဟာ စပါးကို တကယ် မဝယ်ဘဲ ငွေကိုအလွဲသုံးစား လုပ်လိုက်ပြီး ဘယ်ဂိုဒေါင်တွေမှာ စပါးဘယ်လောက် သွင်းပြီးပြီလို့ လိမ်ထားတဲ့ အစီရင်ခံစာတွေ ဌာနချုပ်ကိုပို့တယ်၊ နောက်ပြီးတော့မှ သူပုန်တွေဝင်ပြီးရှို့သွားတယ်လို့ လိမ်ထားတဲ့အစီရင်ခံစာတွေ ပို့ကြပြန်တယ်၊

(၅) အဲဒီနောက် အင်မတန် အရေးကြီးတဲ့အချက်တချက်ကို ဝန်ကြီးချုပ်ဟာ နောက်ထပ်သိရပြန်တယ်၊ကောက် ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဟာ နှစ်စဉ်နှစ်တိုင်း ကျပ်ငွေ (၂)ကုဋေ့ဖိုးလောက် ဂုံနီအိတ်တွေကို အိန္ဒိယကဝယ်ရတယ်၊ ဂုံနီအိတ်ဈေးဟာ အတက်အကျရှိတယ်၊ စီးပွားရေးလောကမှာ ဓမ္မတာဖြစ်နေတဲ့အတိုင်း ဝယ်သူလိုချင်တဲ့အခါ ဈေးတက်ပြီး ဝယ်သူမလိုချင်တဲ့အခါ ဈေးကျတာဘဲ၊

ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဟာ ဂုံနီအိတ်တွေကို ဈေးကျတုန်း ဘယ်တော့မှ မဝယ်ဘူး၊ ဆန်တွေကို နိုင်ငံခြားတင်ပို့ခါနီးမှ အမြဲတမ်း ဂမန်းဂတန်း ဝယ်လေ့ရှိတယ်၊ အဲဒီအခါမှာ ဂုံနီအိတ်ရောင်းသူ တောင်းသမျှပေးပြီး ဝယ်ရတာဘဲ၊ ဒီလိုဖြစ်ရတာဟာ နားမလည်လို့မဟုတ်ဘူး၊ ဂုံနီအိတ်ရောင်းသမားတွေနဲ့ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က အထက်အရာရှိကြီးတွေ နားလည်မှုယူပြီး လုပ်နေတာလို့ (စ)သုံးလုံးက အခိုင်အလုံ သတင်းရတယ်၊ ဒါပေမဲ့ ဒီကိတ်စမှာ အိန္ဒိယက ဂုံနီအိတ်ရောင်းသမားတွေလည်း ပါနေတဲ့အတွက် အမှုပေါ်အောင် (စ)သုံးလုံးက မစုံစမ်းနိုင်ဘူး၊ ဂုံနီအိတ်ကို အခုလိုဝယ်နေတဲ့စနစ်ကိုသာ ပြင်ပေးပါလို့ (စ)သုံးလုံးက ဝန်ကြီးချုပ်ကို အစီရင်ခံတယ်၊
ဝန်ကြီးချုပ်ဟာ ဒီအစီရင်ခံချက်တွေကိုလည်း ကြားရတယ်၊ တခြားပြည်သူပိုင်လုပ်ငန်းတောနဲ့ ပတ်သက်ပြီးတော့လည်း အလားတူ အစီရင်ခံချက်တွေကို ကြားရတယ်၊ အဲဒါတွေကို ကြားရတဲ့အခါ လွှတ်တော်က ရွေ့ကောက်တင်မြောက်ထားတဲ့ စာရင်းစစ်အဖွဲ့ထဲက အတိုက်အခံ အမတ်တချို့ဟာ လွှတ်တော်ကျင်းပတဲ့ အခါတိုင်းလိုလို ပြည်သူပိုင်လုပ်ငန်းတွေမှာ အုပ်ချုပ်ရေး ညံ့ဖျင်းတယ်၊ ခြစားတွေပေါတယ်၊ စာရင်းအင်းကျကျနန မရှိဘူး၊ လွန်ခဲ့တဲ့နှစ်တွေက စာရင်းတွေကို ခုထက်ထိမပိတ်နိုင်သေးဘူးလို့ ပြောခဲ့တာတွေကို ဝန်ကြီးချုပ်ပြေးပြီးသတိရတယ်၊ လွှတ်တော်ထဲမှာ ကြားရတုန်းက အတိုက်အခံအမတ်တွေဟာ အစိုးရအဖွဲ့ကို တမင်သက်သက် ပုတ်ခတ်နေတာလို့ ဝန်ကြီးချုပ် ယူဆခဲ့တယ်၊ အခုမှ အတိုက်အခံ အမတ်တွေပြောတာ နဲတောင်နဲသေးတယ်ဆိုတာကို သူကိုယ်တိုင် တွေ့နေရတယ်၊
ဝန်ကြီးချုပ်ဟာ အစမှတော့ (စ)သုံးလုံးရဲ့အကူအညီနဲ့ ပြည်သူပိုင်လုပ်ငန်းတွေက အပြစ်ထင်ရှားတဲ့ အရာရှိတွေကို ပြင်းပြင်းထန်ထန် အရေးယူခဲ့တယ်၊ ဒါပေမဲ့ စီးပွားရေးလုပ်ငန်းတွေကို ပြည်သူပိုင်လုပ်ထားသရွေ့ အခုပြောခဲ့တဲ့ အုပ်ချုပ်ရေးညံ့ဖျင်းမှု၊ ခြစားမှု၊ ဆုံးရှုံးနစ်နာမှုတွေဟာ ရှိနေမှာဘဲ၊ ဒီစနစ်ကို အမြစ်ကနေပြီး ပြောင်းလဲပစ်လိုက်မှ ဒီဟာတွေ ပပျောက်ကုန်မှာဘဲဆိုတာကို ဦးနု တဖြေးဖြေးသဘောပေါက်လာတယ်၊ ဘာအကြောင်းတွေကြောင့် ဝန်ကြီးချုပ် ဦးနုဟာ ပြည်သူပိုင်စနစ်ပေါ်မှာ စိတ်တွေပြောင်းသွားတယ်ဆိုတာကို ဒီနေရာမှာ နဲနဲလောက် ဖော်ပြချင်တယ်၊
(၁) စီးပွားရေး လုပ်ငန်းတွေကို ပြည်သူပိုင်လုပ်တဲ့အခါ ဒီလုပ်ငန်းတွေဟာ ဝန်ကြီးချုပ်များအဖွဲ့ရဲ့ လက်အောက်ကို ရောက်လာတယ်၊ ဝန်ကြီးများအဖွဲ့ဟာ ဒီလုပ်ငန်းတွေအတွက် အချုပ်အခြာအာဏာပိုင် အဖွဲ့ဖြစ်တယ်၊ ဒီအချုပ်အခြာအာဏာပိုင် အဖွဲ့ထဲမှာရှိတဲ့ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေဟာ နိုင်ငံရေးသမားတွေ၊
နိုင်ငံရေးသမားဆိုတာ အာဏာရဘို့အတွက် တသက်လုံး

လေ့ကျင့်လာသူတွေဖြစ်တယ်၊ စီးပွားရေးသမားတွေလို အမြတ်ရဘို့အတွက် တသက်လုံး တသက်လုံးလေ့ကျင့်လာသူတွေ မဟုတ်ဘူး၊ အဲဒါကြောင့် အမြတ်ရဘို့ဆိုတဲ့ ကိတ်စတွေကို များသောအားဖြင့် သူတို့ ကောင်းကောင်းနားမလည်ကြဘူး၊ သူတို့ နားမလည်တဲ့အတွက် ဆန်ကောင်းတွေကို ဆန်ဟောင်းတွေဆိုပြီး လိမ်ထုတ်တဲ့ကိတ်စမှာ စီးပွားရေးသမားတွေနဲ့ အရာရှိဆိုးတွေ ပေါင်းပြီး တပတ်ရိုက်တာကို သူတို့ ခံလိုက်ကြရလာပေ့၊
ဒီနိုင်ငံရေးသမားတွေဟာ စီးပွားရေးမှာ ဘာမှနားမလည်တဲ့ (လူအ)တွေဖြစ်နေတာကြောင့် ပြည်သူပိုင်လုပ်ငန်းတွေအတွက် ငွေ (သို့မဟုတ်) သဘောတူညီချက် (သို့မဟုတ်) အာဏာတောင်းတဲ့ မှတ်တမ်းတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ဝန်ကြီးများအဖွဲ့ကို ပို့လိုက်တဲ့အခါ ဝန်ကြီးချုပ်ကိုယ်တိုင်ကလည်း ဒီမှတ်တမ်းထဲမှာပါတဲ့ အချက်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုမှ မဝေဖန်နိုင်ဘူး၊ ဝန်ကြီးတွေကလည်း ဘာပြောရမှန်း မသိကြဘူး၊ အဲဒါကြောင့် ဝန်ကြီးချုပ်က သဘောတူကြသလားလို့ ဝန်ကြီးတွေကိုမေး၊ ဝန်ကြီးတွေက သဘောတူပါတယ်လို့ ဖြေကြပြီး၊ ဒီမှတ်တမ်းတွေ တင်ပို့လိုက်တဲ့ဌာနတွေဟာ သူတို့လိုချင်တဲ့ငွေ၊ သဘောတူညီချက်၊ အာဏာတွေကို ရရသွားကြတာဘဲ၊ အဲဒီနည်းနဲ့ ပြည်သူပိုင်လုပ်ငန်းတွေရဲ့ အချုပ်အခြာအာဏာပိုင် အဖွဲ့ဆိုတဲ့ ဝန်ကြီးများအဖွဲ့ဟာ တကယ့် အချုပ်အခြာအာဏာပိုင်အဖွဲ့ မဟုတ်တော့ဘဲ သူတို့ဖန်ဆင်းထားတဲ့ သတဝါတွေက ပြန်ပြီးအသုံးပနေတဲ့ ရော်ဘာတံဆိပ်တုံးကြီး ဖြစ်မှန်းမသိ ဖြစ်နေတယ်၊
အဲဒါကြောင့် ပြည်သူပိုင်လုပ်ငန်းတွေမှာ အုပ်ချုပ်ရေး ညံ့ဖျင်းတယ်ဆိုတာ အောက်ဆင့်တွေမှာ စတာမဟုတ်ဘူး၊ ဝန်ကြီးများအဖွဲ့ဆိုတဲ့ အထက်ဆုံးအဆင့်မှာ စနေတယ်ဆိုတာ ဝန်ကြီးချုပ် သဘောပေါက်လာတယ်၊
(၂) ပြည်သူပိုင်လုပ်ငန်းတွေကို တိုက်ရိုက်အုပ်ချုပ်နေကြတဲ့ အတွင်းဝန်တွေနဲ့ ဌာနအကြီးအကဲတွေကလည်း အုပ်ချုပ်ရေးအတွက် တသက်လုံး လေ့ကျင့်လာသူတွေ ဖြစ်တာကြောင့် စီးပွားရေးမှာ သူတို့ဟာ သူတို့ရဲ့ဆရာဖြစ်တဲ့ ဝန်ကြီးတွေထက် ပိုမထူးပါဘူး၊
နောက်ပြီးတော့လည်း သူတို့ဟာ လစာငွေအဖြစ်နဲ့ (၁၆၀၀)နှုန်းရတယ်၊ ဒါ့ထက် မတိုးတော့ဘူး၊ ပုဂလိက ပိုင်စီးပွားရေး လောကမှာလို ဘိုးနပ်(စ်)တို့၊ အထူးဆုတို့၊ အိမ်တို့၊ မော်တော်ကားတို့ ဧည့်ခံစရိတ်တို့ ဆိုတာတွေကိုလည်း မရဘူး၊ အဲဒါကြောင့် ဒီအရာရှိတွေဟာ ပြည်သူပိုင်လုပ်ငန်းတွေမှာ စိတ်မဝင်စားရုံသာမက လာဘ်တို့၊ တန်စိုးလက်ဆောင်တို့နဲ့ စီးပွားရေးသမားတွေက ဆွယ်လာတဲ့အခါ လွယ်လွယ်နဲ့ ပါသွားကြတယ်၊ ဝန်ကြီးချုပ်ဦးနုက သူတို့ကို ပစ်မထားကြပါနဲ့၊ မျက်စိဒေါက်ထောက်ပြီးကြည့်နေကြပါလို့ (စ)သုံးလုံးအဖွဲ့ကို သူမကြာခဏတဖွဖွနဲ့မှာနေရတာဟာ တခြားကြောင့်မဟုတ်ဘဲ သူကိုယ်တိုင်လည်း

အဲဒီလို ပါသွားမှာစိုးလို့ဘဲထင်ပါရဲ့၊
၃။ ဒီလိုဆိုရင် ဝန်ကြီးအဖွဲ့ရဲ့ အုပ်ချုပ်မှု လုံးဝလွတ်ကင်းပြီး
အချုပ်အခြာအာဏာပိုင်တဲ့ ပြည်သူပိုင် လုပ်ငန်းအဖွဲ့တွေကို ဖွဲ့ပေးပြီးတော့မှ
ဒီအဖွဲ့တွေမှာ စီးပွားရေး ကောင်းကောင်း နားလည်တဲ့ စီးပွားရေါသမား တွေကို
အအုပ်ချုပ်ခိုင်းပါလား။ ဘာဖြစ်လို့ဒီလိုမလုပ်သလဲလို့ မေးစရာ ရှိတယ်
အဖြေကတော့ တိုတိုပါဘဲ၊ နိုင်ငံရေးသမားတွေရဲ့ မျက်စိထဲမှာ စီးပွားရေးသမားတွေကို
ခေါင်းပုံဖြတ် အမြတ်ကြီးစားတွေလို့ဘဲမြင်နေတယ်
အဲဒါအပြင် မြန်မာနိုင်ငံမှာ မြန်မာတွေဟာ တခါမှ အခွင့်အရေး မရခဲ့ဘူးတဲ့အတွက်
မင်းတုန်းမင်းကြီး လက်ထက်ကစပြီး ဦးနုတို့အာဏာ ရနေတဲ့အချိန်အထိ လက်ရှိ
ပြည်သူပိုင် လုပ်ငန်းတွေရဲ့ လေးပုံတပုံလောက်ရှိတဲ့ စီးပွားရေး လုပ်ငန်းမျိုးတွေကိုဘဲ
ရိုးရိုးသားသားနဲ့ အောင်အောင်မြင်မြင် အုပ်ချုပ်ခဲ့ဘူးတဲ့ မြန်မာ အမှုဆောင်တွေ ၊
မြန်မာ မန်နေဂျာတော ၊ မြန်မာ ဒါရိုက်တာတွေ၊ အနဲအကျဉ်းလောက်ဖြစ်ဖြစ်၊
ပေါ်ခဲ့ဖူးတယ်ဆိုတာ ဘယ်သူမှလည်း မကြားဖူးဘူး။ မြင်လဲမမြင်ဖူးဘူး။
ဒီလိုမပေါ်ခဲ့ဖူးတဲ့အတွက်လက်ရှိ စီးပွားရေးသမားတွေထဲက နိုင်ငံရေးသမားတွေ
စိတ်အချဆုံး အယုံကြည်ဆုံး လူတွေကို ဆွဲထုတ်ပြီး ဒီပြည်သူပိုင်လုပ်ငန်းတွေ ကိ
ုထိုးအပ်သည့်တိုင်အောင် ဒီစီးပွားရေးသမားတွေဟာ ပြည်သူပိုင်လုပ်ငန်းတွေကို
အနဲဆုံး ဆယ်နှစ်လောက် စမ်းတဝါးဝါးနဲ့ အုပ်ချုပ်နေရအုံးမှာဘဲ၊
ပြည်သူပိုင်လုပ်ငန်းတွေကို ကမာ့ စံချိန်မှီ လုပ်ငန်းတွေဖြစ်လာအောင်
အုပ်ချုပ်ဘို့ဆိုတာဟာအာဏာပိုင်တွေကို လာဘ်ထိုးပြီးသွင်းကုန်လိုင်စင်ရအောင်
ယူရပြီးတဲ့အခါ လိုင်စင်ရောင်းစားရတဲ့ လုပ်ငန်းတွေလောက်မလွယ်ဘူး။
အာဏာပိုင်တွေကို လာဘ်ထိုးပြီး ဆန်ကောင်းတွေကို ဆန်ဟောင်းတွေအဖြစ်
လိမ်ထုတ်ရတဲ့လုပ်ငန်းလောက်မလွယ်ဘူး။ ဒီလိုမလွယ်တဲ့အတွက်
ဒိစီးပွားရေးသမားတွေဟာ စလျှင် စခြင်း ပြည်သူပိုင်လုပ်ငန်းတွေကို ဘယ်နည်းနဲ့မျှ
စနစ်တကျ အုပ်ချုပ်တတ်ကြအုံးမှာ မလွယ်ဘူး။
နောက်ပြီးတော့လည် သူစိတ်အချဆုံး၊ အယုံကြည်ဆုံးဆိုတဲ့ စီးပွးာရေးသမားတချို့ကို
ပြည်သူပိုင်လုပ်ငန်းတချို့မှာ ဝန်ကြီးချုပ်ဦးနုဟာ တာဝန်ပေးအပ်ခဲ့ဖူးတယ်။
ဒီလူတေထဲက သူအင်မတန် အထင်ကြီးတဲ့ လူတချို့ဟာ ဖောက်လွဲဖောက်ပြန်
လုပ်သွားတာကို သူကိုယ်တိုင်တွေ့နေရတဲ့အတွက် ဒီစီးပွားရေးသမားတွေကို
နောက်ထပ် စိးပွားရေး တာဝန်အပ်နှင်းဘို့ဆိုတာ ဦးနုအတွက် သိပ်မလွယ်တော့ဘူး။
အဲဒါကြောင့် ပြည်သူပိုင် လုပ်ငန်းတွေကို စီးပွားရေးသမားတွေရဲ့ လက်ထဲ
ဝကွက်ပြီးအပ်ရမယ်ဆိုတာကို လက်ရှိအခြေအနေအရ လုပ်ဘို့မပြောနဲ့ ဦးနု
စဉ်းစားလို့တောင် မဖြစ်ဘူး။
အခုပြောခဲ့တဲ့ အချက် ၃ချက်ကြောင့်လည်း ဦးနုဟာ ပြည်သူပိုင်စနစ်ကို
အမြစ်ကနေပြီးတော့လည်း ပြောင်းပစ်ချင်တယ်။ ဘယ်လိုပြောင်းပစ်ရမယ်ဆိုတာ

ကိုလည်း မစဉ်းစားတတ်အောင် ဖြစ်နေတယ်။ အဲဒါကြောင့် ဒုတိယအကြိမ်
အာဏာသိမ်းခံရတဲ့နေ့အထိ သူနဲ့ သူ့ဝန်ကြီးတွေ ပြည်သူ့ပိုင် လုပ်ခဲ့တဲ့
ပြည်သူပိုင်လုပ်ငန်းတွေကို သူ့စိတ်တိုင်းကျ ပြောင်းလဲမပေးနိုင်ဘဲ
အုပ်ချုပ်ပုံအုပ်ချုပ်နည်းကို ဟိုနေရာ နဲနဲ ဒီနေရာ နဲနဲ ပြင် လူဟောင်းတချို့ကို
ထုတ်ပြီး လူသစ်တချို့ကိုခန့် တိုးသင့်တဲ့နေရာ မှာ အာဏာတိုးပေးရုံလောက်နဲ့သာ
ဦးနုတင်းတိမ်သွားခဲ့ရရှာတယ်။
အခုဖော်ပြခဲ့တဲ့ အတွေ့အကြုံတွေထဲက ဝန်ကြီးချုပ်ဦးနုဟာ သူ့အတွက် အင်မတန်
တန်ဘိုးရှိတဲ သင်ခန်းစာတွေကို အများကြီးရရှိခဲ့တယ်။ ဒီသင်ခန်းစာတွေကို
အတိုချုပ်ပြီးပြောရရင် ဒီလိုပြောရမယ်။
၁။ နိုင်ငံရေးသမားတွေ စီးပွားရေးလောကမှာ ဝင်မစွက်နဲ့၊ ဝင်စွက်ရင်
စီးပွားပျက်လိမ့်မယ်၊
၂။ စီးပွားရေးသမားတွေကလည်း နိုင်ငံရေးလောကမှာ ဝင်မစွက်နဲ့၊ ဝင်စွက်ရင်
နိုင်ငံပျက်လိမ့်မယ်။
၃။ နိုင်ငံရေးသမားတွေကနိုင်ငံရေးအာဏာနဲ့၊ စီးပွားရေးသမားတွေကို အစွမ်းကုန်ကူ။
၄။ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ အစရှိတဲ့ လူမှုရေး အဆင့်အတန်းတွေကို
နိုင်ငံရေးသမားတွေက မြင့်တင် ပေးနိုင်အောင် စီးပွားရေးသမားတွေက
နိုင်ငံရေးသမားတွေကို အစွမ်းကုန်စီးပွားရှာပေး။

## အခန်း ၂၈

အနောက်နိုင်ငံသားတွေက ဦးနုနဲ့တွေ့တဲ့အခါ ဗမာနိုင်ငံမှာ ဒီမိုကရေစီ
အမြစ်တွယ်နိုင်ပါ့မလားလို့ မေးလေ့ရှိကြတယ်။ ဒီလိုမေးတဲ့အခါတိုင်း ဘာဖြစ်လို့
မတွယ်ရမှာလဲ၊ တွယ်မယ်လို့ ဦးနုက အမြဲတမ်းဖြေတယ်။
သရက်စေ့က သရက်ပင်ဖြစ်ပြီး သရက်သီးသီးလာအောင် လုပ်ရတဲ့ ကိတ်စ
ကလေးမျိုးမှာတောင် ချက်ချင်း မအောင်မြင်ဘူး။ နှစ်အတော်ကြာကြာ စောင့်ရတယ်။
ဒိမိုကရေစီ အမြစ်တွယ်အောင် လုပ်ရတဲ့ ကိတ်စဟာ သရက်သီးသီးလာအောင်
လုပ်ရတဲ့ ကိတ်စထက် အဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် ပိုခက်တယ်။
ဒီကိတ်စဟာ အခုချက်ချင်းအောင်မြင်နိုင်တဲ့ကိတ်စမဟုတ်ဘူး။ အနောက်ဘက်က
နိုင်ငံတွေမှာဘဲဖြစ်ဖြစ် အရှေ့ဘက်က နိုင်ငံတွေမှာဘဲ ဖြစ်ဖြစ်၊ ဒိမိုကရေစီဟာ
ရှေးတုန်းကလည်း၊ ခပ်လွယ်လွယ် ခပ်မြန်မြန် အမြစ်မတွယ်ခဲ့ဘူး။ အခုလည်း
ခပ်လွယ်လွယ်၊ ခပ်မြန်မြန် အမြစ်မတွယ်ဘူး။ နောင်ကိုလည်း ခပ်လွယ်လွယ်
ခပ်မြန်မြန် အမြစ်တွယ်မှာ မဟုတ်ဘူး။ အဲဒါကြောင့် ဒိမိုကရေစီကို
အမြစ်တွယ်လာအောင် လုပ်ပေးချင်တဲ့လူတွေဟာ ၊ ဇွဲကောင်းကောင်းနဲ့ စိတ်ရှည်ရှည်
ထားပြီး လုပ်ရမှာဘဲ၊

ဒီမိုကရေစီ အမြစ်တွယ်အောင် လုပ်ရတဲ့အလုပ်မှာ အဓိကအပိုင်းကြီး နှစ်ပိုင်းရှိတယ်။ တပိုင်း ဒီမိုကရေစီအန္တရာယ် ဖြစ်လာနိုင်တဲ့ ပုဂ္ဂိုလ်တွေကို အမြင်မှန်ရလာအောင် လုပ်ပေးရတဲ့အပိုင်းဖြစ်တယ်။ တခြားတပိုင်းကတော့ ပြည်သူလူထုကြီးတရပ်လုံးဟာ ဒီမိုကရေစီ ကို အသက်ပေးပြီးကာကွယ်တဲ့ စစ်သားကောင်းတွေ ဖြစ်အောင် လုပ်ပေးရတဲ့အပိုင်းဖြစ်တယ်။

အန္တရာယ် ဖြစ်လာနိုင်တဲ့ပုဂ္ဂိုလ်တွေဆိုတာ ဘယ်သူတွေလဲ။ ဒီမိုကရေစီ အမြစ်တွယ်အောင် လုပ်ပေးနေရတဲ့ နိုင်ငံ တွေမှာ အကြမ်းအားဖြင့် အန္တရာယ် သုံးမျိုးသုံးစား ဖြစ်ပေါ်လာနိုင်စရာ အကြောင်းရှိတယ်။ အဲဒီသုံးစားကို အခုလို ဖော်ပြချင်တယ်။

၁။ တချို့နိုင်ငံရေးသမားတွေဟာ အစတုန်းကတော့ ရွေးကောက်ပွဲနဲ့ အာဏာရလာသူတွေပါဘဲ၊ဒါပေမဲ့ တဖြည်းဖြည်း ကြာလာတော့ သူတို့ရဲ့ ကိုယ်ကျင့်တရား ပျက်ပြားမှုကြောင့်ဘဲဖြစ်ဖြစ်၊ သူတို့ရဲ့ ညံ့ဖျင်းမှုကြောင့်ဘဲဖြစ်ဖြစ်၊ နှစ်ခုစလုံးကြောင့်ဘဲဖြစ်ဖြစ်၊ ပြည်သူလူထုက သူတို့အပေါ်မှာ အကြည်ညိုပျက်လာကြတယ်။ ရွေးကောက်ပွဲ လုပ်ရင် သူတို့ ဧကန် ရှုံးတော့မှာဘဲဆိုတာကို သိတဲ့အခါ ဒီအာဏာရ နိုင်ငံရေးသမားတွေဟာ အကြောင်းအမျိုးမျိုး ပြပြီး ရွေးကောက်ပွဲကို ရွှေ့ဆိုင်းပစ်တတ်ကြတယ်။ အကယ်ရွှေ့ ဒီလို ရွှေ့ဆိုင်းပစ်လို့မရတော့တဲ့ ရွေးကောက်ပွဲ လုပ်ရတော့မယ် ဆိုပြန်ရင်လည်း သူတို့ အနိုင်ရအောင် ညစ်ပတ်တဲ့နည်းမျိုးစုံကိုသုံးတတ်တယ်၊ အဲဒီ ညစ်ပတ်တဲ့နည်းတွေကလည်း သူတို့ကို မကယ်နိုင်တော့ဘဲ ရွေးကောက်ပွဲမှာ သူတို့ ရှုံးသွားရင် ပြည်သူလူထုရဲ့ အအဆုံးအဖြတ်ကို ဒီနိုင်ငံရေးသမားတွေ လက်မခံဘူး။ လက်နက်ကိုင်တပ်တွေကို အလွဲသုံးစားလုပ်ပြီး ဒီလူတွေဟာ အာဏာသိမ်းတတ်တယ်။ အဲဒီနိုင်ငံရေးသမားတွေဟာ ပထမ အန္တရာယ်ဖြစ်တယ်။

၂။ တချို့နိုင်ငံရေးသမားတွေရှိတယ်။ သူတို့မှာ အရည်အချင်းလည်းမရှိ၊ ကိုယ်ကျင့်တရားလည်းမရှိတဲ့အတွက် ပြည်သူလူထု ကြည်ညိုမှုကို ဘယ်အခါကမှ သူတို့မရခဲ့ကြဘူး။ နောင်လည်း ရဘို့ အကြောင်းမရှိဘူး။ အဲဒီနိုင်ငံရေးသမားတွေဟာ ဒီမိုကရေစီကို ပုတ်ခတ်မယ်။ ဒီမိုကရေစီ အရကျင်းပပေးရတဲ့ ရွေးကောက်ပွဲစနစ်ကို သူတို့ ရှုံ့ချမယ်။ နောက်ပြီးတော့မှ သူတို့ထောက်ခံမဲ့ နိုင်ငံခြားအစိုးရတွေဆီက သူတို့အာဏာသိမ်းဖို့ အကူအညီတောင်းပြီးသူပုန်ထမယ်။ အဲဒီနိုင်ငံရေးသမားတွေဟာ ဒုတိယ အန္တရာယ် ဖြစ်တယ်။

၃၊ တချို့ စစ်ဗိုလ်တွေဟာ လောကီသားတွေဖြစ်တဲ့အတိုင်း နိုင်ငံရေးသမားတွေကို တဖြည်းဖြည်း အားကျလာပြီး အာဏာလိုချင်ကြပြန်တယ်။ သူတို့ရဲ့လက်ထဲမှာ လက်နက်အပြည့်အစုံရှိတာကြောင့် ဒီစစ်ဗိုလ်တွေအတွက် အာဏာသိမ်းရတာဟာ ရွေးကောက်ပွဲမှာ လူထုဆီက အာဏာ့ာသိမ်းရတာထက် ပိုပြီး လွယ်နေတယ်။ ဒါဟာ တတိယအန္တရာယ် ဖြစ်တယ်။

လွတ်လပ်ပြီးခါစ ဒီမိုကရေစီအမြစ် မတွယ်သေးတဲ့ နိုင်ငံမျိုးတွေမှာ လူထုရော ခေါင်းဆောင်တွေပါ၊ ဒီမိုကရေစီရဲ့ တန်ဘိုးကို သေသေချာချာ သဘောမပေါက်သေးဘူး။ ဒီမိုကရေစီမရှိရင် ပြည်သူလူထုဟာ ဘယ်လောက် ဒုက္ခရောက်မယ်ဆိုတာ ကိုလည်း သူတို့ ကောင်း ကောင်း မတွေးနိုင်သေးဘူး။ လက်နက်နဲ့ အာဏာလုတဲ့ စနစ်ဆိုး ဟာ အမြစ်တွယ်လာရင် နိုင်ငံဟာ ဘယ်လောက်နစ်နာမယ်ဆိုတာကိုလည်း သူတို့ မျှော်မကြည့်တတ်သေးဘူး။ နိုင်ငံခြားမှာ တပည့်ခံရတာဟာ လူ့ဂုဏ်သိက္ခါ ကို ဘယ်လောက်ထိခိုက်တယ် ။မျိုးချစ်စိတ်တို့ ၊ ဇာတိသွေးဇာတိမာန် တို့ဟာ ဘယ်လောက် မြင့်မြတ်တယ်ဆိုတာကို လည်း သူတို့ မစဉ်းစားတတ်သေးဘူး။ စစ်တပ်ဆိုတာဟာ နိုင်ငံရေးထဲမှာ မပါရသေးဘူးဆိုတဲ့ ထုံးတမ်းစဉ်လာကလဲ အဲဒီနိုင်ငံတွေမှာ မခိုင်မြဲသေးဘူး။ အဲဒါကြောင့် လွတ်လပ်ပြီးခါစ ဒီမိုကရေစီ အမြစ်မတွယ်သေးတဲ့နိုင်ငံမှာ ဒီအန္တရာယ်တွေဟာ တကယ်အထင်အရှားရှိနေတယ်။ ဒီမိုကရေစီ အမြစ်တွယ်အောင် လုပ်ပေးရမဲ့လုပ်ငန်းတွေထဲမှာ အပိုင်းကြီး ၂ပိုင်း ရှိတဲ့အထဲက ဒီမိုကရေစီရဲ့ အန္တရယ်တွေဖြစ်လာနိုင်တဲ့ ပုဂ္ဂိုလ်တွေကို အမြင်မှန်အောင်လုပ်ပေးရမယ် ဆိုတဲ့ ပထမအပိုင်းဟာ ပြည်သူလူထုကို ဒီမိုကရေစီ တည်တန့် ခိုင်မြဲရေးအတွက် အသက်ပေးပြီး တိုက်ကြမဲ့ စစ်သားကောင်းတွေဖြစ်အောင် လုပ်ပေး ရမဲ့ ဒုတိယအပိုင်းထက် ပိုခက်တယ်။ ဒါပေမယ့် ခက်တယ်ဆိုပြီး လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး။ ဒီအန္တရာယ်တွေဟာ ဒီမိုကရေစီကို ဖျက်ဆီးပစ်နိုင်တဲ့အတွက် ဒီမိုကရေစီ ဘက်တော်သားတွေဟာ ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာ သတ်တိရှိရှိ ဇွဲကောင်းကောင်းနဲ့ ဒီပြဿနာကို ဖြေရှင်းပေးရမယ်။ ဒီလို ဖြေရှင်းတဲ့နေရာမှာ တခြားလိုအပ်တဲ့ ကိတ်စတွေကို လုပ်ပေးတဲ့အပြင် အန္တရာယ် ဖြစ်လာနိုင်စရာ အကြောင်းတွေရှိနေတဲ့ ပုဂ္ဂိုလ်တွေကို ဒီမိုကရေစီ အမြစ်တွယ်ပြီးသား နိုင်ငံတွေနဲ့ အာဏာရှင်နိုင်ငံတွေကို အစိုးရစရိတ်နဲ့ ပို့ပေးရမယ်။ ဒီပုဂ္ဂိုလ်တွေဟာ အဲဒီနိုင်ငံမှာတခြားအချက်တွေအပြင်

၁၊ အစိုးရက တိုင်းသူပြည်သားများကို ဘယ်လိုအုပ်ချုပ်တယ်။

၂၊ တိုင်းသူပြည်သားတွေမှာ လူ့မူလအခွင့်အရေး ဘယ်လောက်ရှိတယ်။

၃၊ ဒီအခွင့်အရေးတွေကို ထိခိုက်လာရင် ပြည်သူလူထုဟာ ဘာတွေလုပ်တယ်။‘

၄။ ပြည်သူလူထုရဲ့ စားဝတ်နေရေးအဆင့်အတန်းဟာ ဘယ်လောက်ထိမြင့်တယ်။ ဘယ်လောက်အထိ နိမ့်တယ်။

၅၊ ပြည်သူလူထုဟာ ကိုယ်ရောစိတ်ပါ ဘယ်လောက်အထိ ချမ်းသာတယ်ဆိုတဲ့ အချက်တွေကို လေ့လာကြရမယ်။

နောက်ပြီးတော့လည်း ဒီမိုကရေစီနိုင်ငံတွေမှာ နိုင်ငံရေးသမားတွေဟာ အာဏာရလာတဲ့အခါမှာလည်း သိပ်ပြီးစွာကျယ်ကျယ် မလုပ်ရဲဘူး။ သူတို့ကို

အတိုက်အခံ အဖွဲ့ ၊ သတင်းစာ၊ လွှတ်တော်၊ ဥပဒေဆိုတာတွေက
ထိန်းပေးထားတယ်။ အာဏာလက်လွှတ်ပြီး ရာထူးကပြုတ်ကျသွားတဲ့အခါမှာလည်း
ဒုက္ခ ရောက်မသွားဘူး။ အားကိုးရာမဲ့ ဖြစ်မနေဘူး။ အာဏာလက်ကိုင်ထားသူတွေရဲ့
နှိပ်စက်တာကို မခံရဘူး။ သူတို့မှာ သတင်းစာ။ လွှတ်တော်၊ ဥပဒေ အစရှိတဲ့
အားကိုးစရာတွေရှိနေတယ်။
အာဏာရှင်နိုင်ငံတွေမှာ နိုင်ငံရေးသမားတွေဟာ အာဏာရတဲ့အခါ
သိပ်စွာကျယ်စွာကျယ် လုပ်တယ်။ ညစ်ပတ်တယ်။ ကိုယ်ကျင့်တရားတွေ
သိပ်ပျက်တယ်။ အစက ကုန်းကောက်စရာတောင်မရှိတဲ့ အာဏာရှင်ကြီး
အာဏာ့ရှင်လေးတွေဟာ နေ့ချင်းညချင်း သူဌေးကြီးတွေ
သူဌေးကလေးတွေဖြစ်ကုန်တယ်။ သူတို့ကို ထိန်းကျောင်း ပေးမဲ့ အတိုက်အခံ
အဖွဲ့လည်း မရှိဘူး။ သတင်းစာလည်း မရှိဘူး။ လွှတ်တော်လည်း မရှိဘူး။
ဥပဒေလည်း မရှိဘူး။
ဒီမိုကရေစီ နိုင်ငံတွေနဲ့ အာဏာရှင်နိုင်ငံတွေကို ရောက်တဲ့အခါ
အခုပြောခဲ့တဲ့အချက်တွေဟာ ဘယ်လောက်အထိမှန်တယ်၊ မမှန်ဘူးဆိုတာကိုလည်း
ဒီပုဂ္ဂိုလ်တွေဟာ အထူးအရေးပေးပြီး လေ့လာခဲ့ကြရမယ်။
ဝန်ကြီးချုပ်ဦးနု ဒုတိယအကြိမ်အာဏာအသိမ်းမခံရမီက ဗြိတိသျှကောင်စီရဲ့ နာယက
ဗမာနိုင်ငံကို အလည်လာဖူးတယ်။ အဲဒီနာယကက နိုင်ငံရေးသမားတချို့ကို
ဘိလပ်ဖိတ်ချင်တယ်လို့ ပြောတဲ့အတွက် ဦးနုဟာ ဘိလပ်သွားမဲ့အဖွဲ့ထဲမှာ
ဒီမိုကရေစီထောက်ခံတဲ့ နိုင်ငံရေးသမားတွေရောကန့်ကွက်နေတဲ့ နိုင်ငံရေးသမားတွေပါ
ထည့်ပေးလိုက်တယ်။ အဲဒိအဖွဲ့ ဗမာနိုင်ငံ ကို ပြန်ရောက်လာတဲ့အခါ
တခေါက်တည်းနဲ့ဘဲ အကျိုးရှိတယ်ဆိုတာကို ဦးနု တွေ့ခဲ့ရဘူးတယ်။
တခါတုန်းက ဗိုလ်ချုပ်နေဝင်းအစိုးရ ဟာ မော်စကို ကို ကွန်မြူနစ်ဝါဒ အသဲစွဲ
ယုံကြည်နေတဲ့ တက်ကသိုလ် က ထိကတဦး လွှတ်လိုက်ဖူးတယ်။ အဲဒီကထိကဟာ
မော်စကိုမှာ ၃နှစ်လောက်ကြာတယ်၊ ဗမာပြည်ကို ပြန်လာတဲ့အခါ ဘိလပ်က
လှဲ့ပြန်တယ်။ အဲဒီမှာ သူ့တပည့်ဟောင်းတဦးနဲ့ တွေ့တဲ့အခါ–
ဗမာကွန်မြူနစ်တွေကို အစွဲဖြုတ်ချင်ရင် ဘာမှမလုပ်နဲ့၊ မော်စကိုကိုသာ
လွှတ်လိုက်ပေတော့လို့ အဲဒီအထဲက သူ့တပည့်ဟောင်းကို ဝမ်းထဲက လှိုက်လှိုက်လှဲလှဲ
ဖြစ်လာတဲ့ အသံကြီးနဲ့ ပြောသွားခဲ့တယ်။
ဒီမိုကရေစီအတွက် အသက်ပေးပြီး ကာကွယ်မယ့် စစ်သားကောင်းတွေဖြစ်လာအောင်
ပြည်သူလူထုကို လုပ်ပေးဘို့ဆိုတဲ့ ဒုတိယအပိုင်းကို အကောင်အထည်ဖော်တဲ့အခါ
နိုင်ငံရေးခေါင်းဆောင်အမျိုးမျိုးဟာ  သူတို့ ကြိုက်ရာ နည်းအမျိုးမျိုးကို
သုံးကြမှာပါဘဲ။ ဒီကိတ်စနဲ့ ပတ်သက်ပြီး ဝန်ကြီးချုပ်ဦးနုဟာ ဘယ်လို
လုပ်ခဲ့တယ်ဆိုတာ ကို ဒီနေရာမှာ အကျဉ်းချုပ်လောက် ဖော်ပြပါရစေ။
၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်တွေတုန်းကသူပုန်ကောင်စုံတွေကြောင့်

ပြည်ထောင်စုမြန်မာနိုင်ငံဟာ ပြိုကျပျက်စီးရတော့မဲ့ အခြေအနေထိ စိုက်ရောက်ခဲ့ရတယ်ဆိုတာကို စာဖတ်သူတို့ ကောင်းကောင်းမှတ်မိကြပါလိမ့်မယ်။ အဲဒီလို အင်မတန် ဆိုးဝါးနေတဲ့အချိန်မှာဝန်ကြီးချုပ်ဦးနုဟာ အချက် ၇ချက်ပါတဲ့ ဒီမိုကရေစီသဘောတရားကို ပင်ပမ်းရမှန်းမသိဘဲ မနားမနေနဲ့ ဖွဲကောင်းကောင်းနဲ့ ဟော လှေ့ရှိတယ်။ ဒီအချက် ၇ချက်ဟာ အောက်ပါအတိုင်းဖြစ်တယ်။

၁၊ နိုင်ငံတနိုင်ငံဟာ လူတစုကသာ ပိုင်တဲ့ ပစ်စည်း မဟုတ်ဘူး။ နိုင်ငံသူနိုင်ငံသားတိုင်းအားလုံး စုပေါင်းပြီးပိုင်တဲ့ အားလုံးပိုင်ပစ်စည်းဖြစ်တယ်။

၂။ ဒီလိုပိုင်တာကြောင့် နိုင်ငံသူနိုင်ငံသားလူများစုက ကြည်ကြည်ဖြူဖြူ ရွေးကောက်တင်မြောက်ခြင်းကို ခံရတဲ့ ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့ကသာလျှင် ဒီတိုင်းပြည်ကို အုပ်ချုပ်နိုင်ခွင့်ရှိတယ်။

၃၊ အုပ်ချုပ်တဲ့အခါ ထင်သလို အရမ်းအုပ်ချုပ်လို့မရဘူး။ ပြည်သူလူထုက ကြည်ကြည်ဖြူဖြူ ရွေးကောက်တင်မြောက်ထားတဲ့ အမတ်တွေက ရေးဆွဲပြီးအတည်ပြုပြဌာန်းထားတဲ့ ဥပဒေအရသာ အုပ်ချုပ်ရမယ်၊

၄၊ ပြည်သူလူထုဟာ ဂုဏ်သိက်ခါ ရှိတဲ့လူတွေလိုနေနိုင်အောင် လွတ်လပ်စွာ ဟောပြောခွင့်၊ ကိုးကွယ်ခွင့်၊ စီးပွားရှာခွင့်၊ ဖိနှိပ်ချုပ်ချယ်မှုများကို ဥပဒေအရ တိုက်ဖျက်ပိုင်ခွင့် အစရှိတဲ့ ပြည်သူလူထုတရပ်လုံးရဲ့ မွေးရာပါ မူလ အခွင့်အရေးများကို ခိုင်ခိုင်လုံလုံ အာမခံထားတဲ့ ဥပဒေတွေရှိရမယ်။

၅။ အရွယ်ရောက်သူတိုင်း မဲပေးပိုင်ခွင့်ရှိရမယ်။

၆။ ပြည်သူလူထု အများစုရဲ့ထောက်ခံမှုကိုမရတဲ့ အစိုးရအဖွဲ့ဟာ အလိုအလျောက် ရာထူးကနုတ်ထွက်ပေးရမယ်။

၇။ အခုပြောခဲ့တဲ့ အဓိကအချက်တွေကို လက်ခံနိုင်တဲ့ သဘောတရားဟာ တရားမျှတခြင်း ၊ လွတ်လပ်ခြင်း။ ညီမျှခြင်း ဆိုတဲ့လောကပါလတရားတွေကို အခြေခံထားတဲ့ သဘောတရားဖြစ်တယ်။ ဒီသဘောတရားကို ဒီမိုကရေစီ လို့ခေါ်တယ်။ ဒီမိုကရေစီ မရှိတဲ့ နိုင်ငံတွေမှာ လူဖြစ်ရတာဟာ ဝွေးသင်းခံထားရတဲ့ နွားဖြစ်တာနဲ့အတူတူပါဘဲ၊ အဲဒါကြောင့် ဒီမိုကရေစီကို ဖျက်ဆီးသူမှန်သမျှ ကို မုချ ခံချရမယ်။

ပြည်သူလူထုရဲ့ အသဲထဲကို စွဲပြီးဝင်သွားအောင် ဝန်ကြီးချုပ်ဦးနုဟာ ဒီ၇ချက်ကို နည်းအမျိုးမျိုးနဲ့ ဟော ပြောပြီး ထပ်ခါတလဲလဲ ရိုက်သွင်းပေးခဲ့တယ်။ ဦးနုဟာ အခုလို ဟောပြောရုံနဲ့ မကျေနပ်သေးဘူး ။ ဒီ၇ချက်ကို စာရွက်စာတမ်း တွေ ရိုက်ပြီးဝေတယ်။ ဒီ၇ချက်အပေါ်မှီထားတဲ့ ပြဇာတ်တပုဒ်ကို သူကိုယ်တိုင်ရေးပြီး တနိုင်ငံလုံးကို ဝေတယ်။ ဖတ်စာအုပ်အဖြစ်နဲ့ ကျောင်းတွေမှာ အသင်ခိုင်းတယ်။ အဲဒီပြဇာတ်ကို ရုပ်ရှင်ရိုက်ပြီး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်ထောင်စုသားမှန်သမျှကို အခမဲ့ပြတယ်။

ဒီအချက် ၇ ချက်ကို ကူညီဖြန့်ချီပေးတဲ့အနေနဲ့ ဗမာ့သတင်းစာတိုက်တိုက်က

ဦးနုရေးတဲ့ ပြဇာတ်ကို ကာတွန်းအဖြစ်နဲ့ ရေးဆွဲပြီး သတင်းစာထဲမှာလည်း ထည့်ပေးတယ်။ ကာတွန်းစာအုပ်အဖြစ်နဲ့လည်း ဖြန့်ချိပေးတယ်၊
ဝန်ကြီးချုပ်ဦးနုဟာ ကျောင်းတွေမှာ ပြဇာတ်အဖြစ်နဲ့ သင်ပေးတဲ့အပြင် ဒီ ၇ ချက်ကို တခြားနည်းမျိုးစုံနဲ့ သင်ပေးဖို့လည်း စိတ်ကူးမိပါသေးတယ်။ နောက်ပြီးတော့လည်း ဒီ ၇ ချက်ကို ဆွေးနွေးမဲ့ ဆွေးနွေးပွဲတွေ တနိုင်ငံလုံးမှာ လုပ်ပေးဖို့၊ ဒီ ၇ ချက်ကို မှီပြီးေ ရးထားတဲ့ ကဗျာပြိုင်ပွဲ တွေ၊ ပန်းချီပြပွဲတွေ၊ ကာတွန်းပြိုင်ပွဲတွေ တနိုင်ငံလုံးမှာ လုပ်ပေးဘို့ စိတ်ကူးမိပါသေးတယ်။ ဒါပေမဲ့ စိတ်ကူးတွေကို အကောင်အထည်ဖော်ပေးမယ့် အဖွဲ့အစည်းမရှိတာကြောင့် ဦးနုဟာ ဝမ်းနဲစွာနဲ့ဘဲ အဲဒီအခါတုန်းကလက်လျှော့ပေးခဲ့ရတယ်။
ဒီအချက် ၇ ချက်ကို ပြည်သူလူထုရဲ့ အသဲထဲမှာ စွဲသွားအောင် လုပ်ပေးနိုင်ရင် ပြည်သူလူထုဟာ ဒီမိုကရေစီ အပေါ်မှာ ပြင်းပြင်းပြပြ ယုံကြည်လာလိမ့်မယ်။ ဒီလို ယုံကြည်လာတဲ့ ပြည်သူလူထုဟာ ဒီမိုကရေစီကို ဖျက်လိုဖျက်ဆီး လုပ်တဲ့လူတွေ ပေါ်လာရင် လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး သူတို့တတ်နိုင်တဲ့နည်းနဲ့ တခုခုတော့လုပ်မှာဘဲ။ အနုနည်းနဲ့ လုပ်နိုင်ရင် အနုနည်းနဲ့ လုပ်မယ်။ အကြမ်းနည်းနဲ့ လုပ်နိုင်ရင် အကြမ်းနည်းနဲ့ လုပ်မယ် ။ ဒီအတိုင်းမှန်တယ်ဆိုတာကို ၁၉၄၈ နဲ့ ၁၉၄၉ ခုနှစ်တွေတုန်းက ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ထင်ထင်ရှားရှားတွေ့ခဲ့ရတယ်။
အဲဒီနှစ်တွေတုန်းက သူပုန်ရောင်စုံတွေရဲ့ ဝိုင်းနှက်တဲ့ ဒဏ်ကို သခင်နုအစိုးရ မခံနိုင်ပါဘူးလို့ ပြည်တွင်းရော ပြည်ပမှာပါ လူပုဂ္ဂိုလ် အချို့ နိမိတ် ဖတ်ခဲ့ကြတယ် မဟုတ်ဘူးလား။ ဗမာနိုင်ငံဟာ ရောင်စုံသူပုန်တွေရဲ့ လက်တွင်းကို သက်ဆင်းမှာပါဘဲလို့ ဒီလူတွေ ဟောကိန်းအမျိုးမျိုး ထုတ်ခဲ့ကြဖူးသေးတယ်မဟုတ်လား။ အဲဒီလို နိမိတ်အမျိုးမျိုး ဖတ်တဲ့ကြားထဲက ဟောကိန်းတွေ ထုတ်နေတဲ့ကြားထဲက သခင်နုအစိုးရထောင်တက်လာအောင် လုပ်ပေးလိုက်တဲ့ အကြောင်းတွေထဲမှာ ပြည်ထောင်စု မြန်မာနိုင်ငံဟာ ဂျောက်ထဲကျမသွားဘဲ လွတ်မြောက်လာအောင် လုပ်ပေးတဲ့ အကြောင်း တွေထဲမှာ ဒီမိုကရေစီ ကို မြတ်နိုးကြတဲ့ ပြည်သူလူထုရဲ့ တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီမှု တွေဟာ ရာခိုင်နှုန်း အတော်များများ ပါတယ်။
ဒီအဖြစ်အပျက်တွေကို ကိုယ်တိုင်မြင်တွေ့ရပြီး ဒီမိုကရေစီရဲ့ တန်ခိုးနဲ့ အင်အားအပေါ်မှာ ဦးနု ရဲ့ ယုံကြည်မှုတွေဟာ ရှေးကထက် အဆပေါင်းများစွာပိုပြင်းလာတယ်။ ဒီလို ပြင်းထန်လာတာကြောင့် ၁၉၅၄ ခုနှစ်လောက်က စစ်တက္ကသိုလ် ဖွင့်ပွဲမှာ ဦးနု ဒီလိုကျေညာခဲ့ဖူးတယ်။
မာခ်စ်ဝါဒသမားတွေ က ကဘာကြီးမှာ  နောက်ဆုံးတိုက်ပွဲဟာ ခနရှင်နဲ့ ပစ်စည်းမဲ့ လူတန်းစားတွေရဲ့ တိုက်ပွဲဖြစ်ရမယ်။ အဲဒီတိုက်ပွဲမှာ ပစ်စည်းမဲ့ လူတန်းစာ တွေက နိုင်ရမယ်လို့ ဟောကိန်းတွေ ထုတ်ကြတယ်။ ဒါဟာ မမှန်ဘူး။ ဒီကဘာကြီးမှာ

နောက်ဆုံးတိုက်ပွဲဟာ ဒီမိုကရေစီကို ချစ်မြတ်နိုးတဲ့ ပြည်သူလူထုနဲ့ ဒီလိုချစ်မြတ်နိုးတဲ့ ပြည်သူလူထုကို ဝွေးသင်းထာတဲ့ နွား တွေလို ဖြစ်အောင် ဖိနှိပ်ချုပ်ချယ်ထားတဲ့ အာဏာရှင် တွေ တိုက်ကြတဲ့ တိုက်ပွဲဘဲ ဖြစ်ရမယ်။ အဲဓိနောက်ဆုံးတိုက်ပွဲမှာ ဒိမိုကရေစီကို ချစ်မြတ်နိုးတဲ့ ပြည်သူလူထုက ဧကန်မလွဲ အောင်ပွဲခံရမယ်လို့ ဝန်ကြီးချုပ်ဦးနုက အတိအလင်း အပြင်းအထန် ကြုံးဝါးခဲ့ဘူးတယ်။ ဒီမျှလောက် တန်ခိုးရှိတယ်လို့ သူယုံကြည်နေတဲ့ ဒီမိုကရေစီဟာ ပြည်ထောင်စုမြန်မာနိုင်ငံမှာ အမြစ်တွယ်အောင် လုပ်ဖို့ ဦးနုဟာ နှစ်ကြိမ်တိုင်တိုင် ကြိုးစားခဲ့ဖူးတယ်။ ပထမအကြိမ်ဟာ ၁၉၅၀ ပြည့်နှစ်လောက်မှာ စတယ်ထင်တယ်။ ဝန်ကြီးချုပ် ဦးနုဟာ အဲဒီ ပထမအကြိမ် ကြိုးပမ်းချက်အနေနဲ့ ဒီမိုကရေစီ သဘောတရား ဖြန့်ချီရေး အသင်း ကို ထူထောင်ပေးခဲ့တယ်။ ဒီအသင်းဟာ ရံပုံငွေအတွက် ပြည်သူလူထုဆီက အလှူ ခံတယ်။ ဝန်ကြီးချုပ် သဘောအတိုင်း သုံးနိုင်တဲ့ ရံပုံငွေထဲက အနည်းအကျဉ်း ထုတ်ယူပြီးတော့ လည်း ဦးနုဟာ ဒီအသင်းကို ထောက်ပံ့တယ်။ ဒါပေမဲ့ ဒီအသင်းမှာ အချိန်ပြည့်အလုပ်လုပ်နိုင်တဲ့ အလုပ်သမားတွေ မရှိတဲ့အတွက် ဝန်ကြီးချုပ်နဲ့ ဒီမိုကရေစီမှာ ပြင်းပြင်းထန်ထန် စိတ်ဝင်စားသူတစု အားလပ်ခွင့်ရတဲ့အခါမျိုးမှာ ဘဲ ဒိအသင်းမှာ လှုပ်ရှားမှုရှိတော့်တယ်။ အဲဒါကြောင့် ဝန်ကြီးချုပ်မျှော်မှန်းထားတဲ့အတိုင်း ဒီမိုကရေစီ အမြစ်တွယ်ရေးအတွက် တွင်တွင်ကျယ်ကျယ် အလုပ်မလုပ်နိုင်ခဲ့ဘူး။ ၁၉၅၈ခုနှစထဲမှာ ဦးနုဟာ ပထမအကြိမ်အာဏာ အသိမ်းခံရတဲ့အခါ ဒီအသင်းလည်း ပျက်ကျသွားခဲ့ရတယ်။ ဒီလိုအသင်းမျိုးဦးနုဟာ ဒုတိယအကြိမ် ထူထောင်ရအောင် ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာ နောက်အခန်းတခုရောက်မှဘဲ ဆက်ပြောပါတော့မယ်။

အခန်း (၂၉)

ဦးနုဟာ ဝန်ကြီးချုပ်အဖြစ်နဲ့ နိုင်ငံတော်များများကို အလည်သွားခဲ့ဖူးတယ်၊ အဲဒီနိုင်ငံတွေထဲက တချို့နိုင်ငံတွေမှာ ဦးနုဟာ ဘယ်သူတွေနဲ့ တွေ့ခဲ့တယ်၊ ဘယ်မိန့်ခွန်းတွေပြောခဲ့တယ်၊ ဘာတွေဆွေးနွေးခဲ့တယ်၊ ဘာတွေလုပ်ခဲ့တယ်ဆိုတာကို နဲနဲစီလောက် အကျဉ်းချုပ်ပြီး ဒီအခန်းမှာ ဖေါ်ပြချင်တယ်၊

အိန္ဒိယပြည်

ကိုနုတက်ကသိုလ်ကျောင်းသားဘဝတုန်းက ခေနဍျငညျငှတေ ပန် စ်နေရှူးာ ရန်ကန်ကို အလည်လာဖူးတယ်၊ အဲဒီတုန်းက ကိုနုဟာ ခေနဍျငညျငှတေ ပဏ္ဍစ်နေရှူးအနားကို ချဉ်းကပ်ခွင့်မရဘူး၊ ခပ်လှမ်းလှမ်းက မြင်လိုက်ရဖူးတာပါဘဲ၊ ခေနဍျငညျငှတေ ပဏ္ဍစ်နေရှူးာ တော်တော်ပညာတတ်တယ်၊ တော်တော်ချောတယ်၊

တော်တော်သတ်တိရှိတယ်၊ တော်တော် ကိုယ်ကျင့်တရားကောင်းတယ်၊ တိုင်းပြည်နဲ့ အမျိုးအတွက် စွန့်စားတယ်၊ ပြည်သူလူထုရဲ့ ကြည်ညိုမှုကို တော်တော်ခံခဲ့ရတယ်ဆိုတဲ့ ဂုဏ်သတင်းတွေဟာ ဗမာနိုင်ငံကို ʿခေနှ္ဍငညှုပ္ပုတေ ပဏ္ဏှစ်နေရှူးမရောက်ခင်ကတည်းက ကြိုပြီးရောက်နေတယ်၊

၁၉၄၇ ခုနှစ်အတွင်း ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီး သခင်နုဝန်ကြီးချုပ်ဖြစ်လာတယ်၊ အဲဒီနောက်များမကြာမီ သခင်နု၊ ဦးဗဆွေ၊ ဦးတင်ထွတ်တို့ အိန္ဒိယကိုသွားကြတယ်၊ အဲဒီအခါမှာ သခင်နုဟာ ʿခေနှ္ဍငညှုပ္ပုတေ ပဏ္ဏှစ်နေရှူးကို ပထမဆုံးအကြိမ် တွေ့ရတယ်၊ ပညာတတ်တဲ့၊ သတ်တိရှိတဲ့၊ ကိုယ်ကျင့်တရားကောင်းတဲ့ တိုင်းပြည်နဲ့အမျိုးအတွက်စွန့်စားတဲ့ ပုဂ္ဂိုလ်တွေကို ချစ်ခင်လေးစား ကြည်ညိုတတ်တဲ့ ဝါသနာ၊ သခင်နုမှာရှိတဲ့အတိုင်း၊ သခင်နုဟာ ʿခေနှ္ဍငညှုပ္ပုတေ ပဏ္ဏှစ်နေရှူးကို အဲဒီပထမအခေါက်မှာ ကတည်းက အထူး ချစ်ခင်လေးစား ကြည်ညိုသွားတယ်၊

အခုလို ချစ်ခင်လေးစား ကြည်ညိုသွားတဲ့အတွက် သခင်နုဟာ အနဲဆုံး တနှစ်တကြိမ်လောက် နယူးဒေလီကို အလည်သွားတယ်၊ နိုင်ငံတကာ ဆက်ဆံရေး အစဉ်အလာအရ နိုင်ငံတနိုင်ငံရဲ့ သမတဖြစ်စေ၊ ဝန်ကြီးချုပ်ဖြစ်စေ၊ ဝန်ကြီးတဦးဦးဖြစ်စေ၊ တခြားနိုင်ငံကိုသွားချင်ရင် အဲဒီနိုင်ငံခြားအစိုးရဲ့ ခွင့်ပြုချက်ကိုတောင်းဆိုပြီး ခွင့်ပြုတဲ့နေ့မှာ သွားရတယ်၊ အိန္ဒိယကို အလည်သွားတဲ့ အခါမှာတော့ ဝန်ကြီးချုပ် ဦးနုဟာ အဲဒီလို မလုပ်ဘူး၊ သူဟာနယူးဒေလီကို ဘယ်နေ့ဘယ်လမ်းက လာမယ်ဆိုတာ ဝန်ကြီးချုပ် နေရှူးဆီကို စာရေးပြီးသွားလိုက်တာဘဲ၊ ဝန်ကြီးချုပ်ဦးနုဟာ နယူးဒေလီကိုရောက်တဲ့အခါ ပထမအကြိမ်မှာဘဲ သမတအိမ်တော်မှာ တည်းရတယ်၊ နောက်အကြိမ်တွေကျတော့ ဦးနုကို ʿခေနှ္ဍငညှုပ္ပုတေ ပဏ္ဏှစ်နေရှူးဟာ သူ့အိမ်မှာဘဲထားတယ်၊

မဟတ်တမဂန္ဓီ ဗမာပြည်ကို အလည်လာစဉ်က ဦးနုဟာ ဆယ်တန်းကျောင်းသားဘဲရှိသေးတယ်၊ အဲဒါကြောင့် မဟတ်တမဂန္ဓီကိုလည်း ʿခေနှ္ဍငညှုပ္ပုတေ ပဏ္ဏှစ်နေရှူးလိုဘဲ ကိုနုဟာ အဲဒီအခါတုန်းက ခပ်ဝေးဝေးက လှမ်းမြင်လိုက်ရဖူးတယ်၊ ဝန်ကြီးချုပ်အဖြစ်နဲ့ အိန္ဒိယကို ပထမဆုံးအခေါက် သွားတော့မှဘဲ၊ ʿခေနှ္ဍငညှုပ္ပုတေ ပဏ္ဏှစ်နေရှူးကို တွေ့ပြီးတဲ့နောက် ဦးနုဟာ မဟတ်တမဂန္ဓီကို နယူးဒေလီက သူနေတဲ့ ဘားလား (ငြမ္မူင်သကျန) အိမ်မှာ အနီးကပ်ပြီး အလေးပြုခွင့် ရတယ်၊ ဦးနုတွေ့တဲ့ အချိန်ဟာ မနက်(၉)နာရီလောက်ရှိပြီး အဲဒီအချိန်မှာ မဟတ်တမဂန္ဓီဟာ ဘားလားအိမ်ဝင်းအတွင်းက ကွက်လပ်တခုမှာ ပက်လက်ကုလားထိုင်ပေါ်ထိုင်ပြီး နေပူစာ လှုံနေတယ်၊ ဦးနုတို့နဲ့ တွေ့တဲ့အခါ ဘိလပ်မှာ ဝတ်လုံပညာသင်နေစဉ်က ဗမာဝတ်လုံကျောင်းသား တဦးနဲ့တွေ့ခဲ့ဖူးတဲ့အကြောင်း ဒီကျောင်းသားဟာ အလွန်သတ်တိရှိတဲ့အကြောင်း၊ ကြာပြီဖြစ်တဲ့အကြောင်း၊ အဲဒီ ဗမာကျောင်းသားရဲ့ နာမည်ကို

မေ့နေပြီဖြစ်တဲ့အကြောင်းတွေကို မဟတ်တမဂနီကပြောပြတယ်။ အဲဒီအချိန်မှာ မဟတ်တမဂနီဟာ ဝါးနဲ့ယက်ထားတဲ့ ခမောက်ကလေးတလုံးကို ဆောင်းထားတယ်။ အဲဒီခမောက်ကို နိုအာကာလီဆိုတဲ့ရွာက ရွာသားတွေကလက်ဆောင်ပေးတာလို့ မဟတ်တမဂနီကပြောတယ်။ နိုအာကာလီဆိုတဲ့ရွာမှာ ဟိန္ဒူ–မွတ်စလင် အဓိကရုဏ်း ဖြစ်တယ်။ လူတွေအတော်သေတယ်။ မဟတ်တမဂနီကိုယ်တိုင် အဲဒီရွာမှာ သွားပြီးနေတော့မှ အဓိကရုဏ်းက ပြီးသွားတယ်။

ဦးနုကလဲ အဲဒီလို ခမောက်တလုံး လှူပါရစေလို့ပြောတဲ့အခါ မဟတ်တမဂနီက သဘောတူတယ်။ အဲဒီကြောင့် ဦးနုဟာ ဗမာပြည်ကို ပြန်ရောက်ရောက်ခြင်း အရပ်ရပ်က ခမောက်မျိုးစုံကို နမူနာအဖြစ်မှာ ကြည့်တယ်။ ရှမ်းပြည်က ပို့လိုက်တဲ့ ရှမ်းခမောက်ကို သိပ်ကြိုက်တာနဲ့ အဲဒီခမောက်ကို ဦးနုရွေးလိုက်တယ်။

နောက်(၂)ရက်လောက်ကြားတဲ့အခါ အဲဒီ ခမောက်ကိုယူပြီး မဟတ်တမဂနီကို သူ့ကိုယ်စားလှူဖို့ ဦးနုဟာ အတိုင်ပင်ခံအရာရှိ ဦးအုန်းကို လွှတ်လိုက်တယ်။ ဦးအုန်းစီးသွားတဲ့ လေယာဉ်ပျံဟာ နယူးဒေလီကို ဆိုက်ခါနီးမှာ လူမသမာတဦးရဲ့ လက်ချက်နဲ့ ကျဆုံးသွားရှာပြီဆိုတဲ့ ကြေကွဲဝမ်းနဲဖွယ် ဝါယာလက်စ် သတင်းတရပ်ကို ဦးအုန်းကြားရတယ်။

မဟတ်တမဂနီ ကွယ်လွန်အနိစ္စရောက်ပြီးနောက်တနေ့မှာ၊ ဝန်ကြီးချုပ် ဦးနုဟာ ဗန္ဓုလပန်းခြံထဲမှာ လူထုအစည်းအဝေးတခု ခေါ်လိုက်တယ်။ အဲဒီအစည်းအဝေးမှာ မဟတ်တမဂနီကြီး ကျဆုံးသွားတဲ့အတွက် ကြေကွဲဝမ်းနဲတဲ့အဆိုကို သူကိုယ်တိုင် တင်သွင်းတယ်။ အဲဒီနောက် မဟတ်တမဂနီကြီးအတွက် အမှတ်တရအဖြစ်နဲ့ တခုခု ထုထောင်ထားဘို့ အဆိုကိုလည်း ဦးနု ကိုယ်တိုင် တင်သွင်းတယ်။ အဲဒီ ဒုတိယအဆိုကို အကောင်အထည် ဖေါ်ဘို့အတွက် ကော်မတီတခုဖွဲ့တယ်။ အဲဒီကော်မတီက ရံပုံငွေကောက်ခံတဲ့အခါ ဦးနုဟာ သူကိုယ်တိုင်လည်း ထည့်တယ်။ အဲဒီ ကော်မတီနဲ့ သူကိုယ်တိုင် တတ်နိုင်သလောက်လိုက်ပြီးတော့လည်း ရံပုံငွေကောက်ခံပေးတယ်။ ရံပုံငွေ (၅)သိန်းကျော်လောက်ရတဲ့အခါ ဒီကော်မတီဟာ ရန်ကုန်တိုင်း (ျွညေါသသည့်ဂနျူ) သတင်းစာအဆောက်အဦးကို ဝယ်တယ်။ အဲဒီအဆောက်အဦးကို ပြည်သူ့ထောက်ပံ့ရေးဌာနက ဂိုဒေါင်အဖြစ်သိမ်းထားတယ်။ ကော်မတီက ဦးနုဆီမှာ အကူအညီတောင်းတဲ့အခါ ဂိုဒေါင်အဖြစ် သိမ်းထားတဲ့အမိန့်ကို ပယ်ဖျက်ပြီး ကော်မတီရဲ့လက်ထဲကို အဆောက်အဦး လွှဲပေးလိုက်တယ်။

အဲဒီအဆောက်အဦးကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ခံ လူကြီးများအဖွဲ့ (ဩမေိ သ်ိမကျအနနျူ) ကို ဖွဲ့ခါနီးတဲ့အခါ အဲဒီတုန်းက အိန္ဒိယသံအမတ်ဟာ ဦးနုနဲ့ လာတွေ့ပြီး၊ တာဝန်ခံလူကြီးများအဖွဲ့ထဲမှာ ဦးနုကို ရာသက်ပန်လူကြီးအဖြစ် ထည့်ထားချင်တယ်။ ဦးနုက လက်ခံပါလို့ မေတာရပ်ခံတယ်။ ဦးနုလည်း သံအမတ်လာပြီး မေတာရပ်ခံတဲ့အတွက် သဘောတူလက်ခံလိုက်တယ်။

၁၉၆၂ ခုနှစ်၊ မတ်လထဲမှာ စစ်တပ်က အာဏာသိမ်းပြီး ဝန်ကြီးချုပ်ဦးနုဟာ အချုပ်ခံရလို့ ဆယ့်လေးငါးရက်ဘဲ ရှိဦးမယ်၊ ဂနီအွေ့ထိမ်းအမှတ် တာဝန်ခံလူကြီးများအဖွဲ့ရဲ့ အတွင်းရေးမှူး နာမည်နဲ့ စာတစောင်ကို ဦးနုရတယ်၊ ဒီစာကို ဖတ်ကြည့်တဲ့အခါ ဦးနုဟာ ရာသက်ပန်တာဝန်ခံလူကြီးနေရာက နှုတ်ထွက်ပေးပါဆိုတာကို ဦးနုတွေ့ရတယ်၊ အဲဒီလို ရေးတာဟာ တခြားကြောင့် မဟုတ်ပါဘူး၊ ဗိုလ်ချုပ်နေဝင်း အစိုးရကို ကြောက်တာကြောင့် ရေးတာပါဘဲ၊ မဟတ်တမဂနီဟာ အင်မတန်သတ်တိရှိတဲ့ ပုဂိုလ်ထူးကြီးဖြစ်တယ်၊ ဒီပုဂိုလ်ထူးကြီးကို အမှတ်တရ အဖြစ်ထူထောင်တဲ့ အဆောက်အဦးရဲ့ တာဝန်ခံလူကြီးများ အဖွဲ့ထဲမှာ ဒီကုလားစောက်ကြောက်တွေ လူကြီးတက်ဖြစ်နေတာ အင်မတန် ရယ်စရာကောင်းတယ်လို့ သူ့ဟာသူ ပြောပြီးရယ်ရင်း ဦးနုဟာ သူတို့လိုချင်တဲ့ နှုတ်ထွက်လွှာကို လက်မှတ်ရေးထိုးပေးလိုက်တယ်၊

ဗမာနိုင်ငံဟာလွတ်လပ်ရေးရတဲ့ အချိန်ကစပြီး၊ နှစ်လကျော်ကျော်လောက်ဘဲ သက်သက်သာသာ နေလိုက်ရတယ်၊ အဲဒီနောက် လက်နက်ကိုင် အာဏာလုပွဲတွေကြောင့် အတော်ဒုက်ခရောက်ခဲ့ရတယ်၊ အဲဒီလို ဒုက်ခရောက်နေတဲ့ အတွင်းဝန်ကြီးချုပ် ဦးနုဟာ ဝန်ကြီးချုပ်နေရူးဆီက အကူအညီတွေ အများကြီးတောင်းခဲ့ရတယ်၊ ၁၉၄၉ ခုနှစ် အလယ်လောက်တုန်းက ဝန်ကြီးချုပ် နေရူးဆီက လက်နက်အကူအညီ တောင်းခဲ့ရတဲ့ အကြောင်း ရှေ့အခန်းတခန်းမှာတုန်းက ဖော်ပြခဲ့ပြီးပြီ၊ အဲဒီအချိန်တုန်းက အဲဒီလက်နက်အကူအညီကိုသာ မရခဲ့ပါလျှင် အင်မတန်ဆိုးနေတဲ့ ပြည်ထောင်စုရဲ့ အခြေအနေဟာ အများကြီး ပိုဆိုးသွားမယ်၊ ဒီသေနတ် အကူအညီတွေကို ရတဲ့အချိန်ကစပြီး ပြည်ထောင်စုရဲ့ အခြေအနေဟာ အင်မတန် အားရစရာကောင်းအောင် ပြန်ကောင်းလာတယ်၊

အဲဒီနောက် ပြည်ထောင်စု အစိုးရဟာ လက်ယာမြေကို လျော်ကြေးမပေးဘဲ ပြည်သူပိုင်လုပ်တယ်၊ ဒီလယ်ယာမြေတွေထဲမှာ တဝက်ကျော်ကျော်ကို အိန္ဒိယ တိုင်းရင်းသား ချစ်တီးတွေ ပိုင်တယ်၊ အဲဒါကြောင့် လယ်ယာမြေကို ပြည်သူပိုင်လုပ်ပြီးတာနဲ့ တပြိုင်နက် ဝန်ကြီးချုပ် ဦးနုဟာ ဝန်ကြီးချုပ်နေရူးဆီကို စာတစောင် ချက်ချင်းရေးလိုက်တယ်၊ အဲဒီစာထဲမှာ ချစ်တီးတွေဟာ ဗမာ့ပြည်မှာ လူညွန်းစူးစားနေတာကြာပြီ၊ အဲဒါကြောင့် အခုလိုလျော်ကြေးမပေးဘဲ ပြည်သူပိုင်လုပ်လိုက်ပေမဲ့ သူတို့မနစ်နာပါဘူး၊ လယ်ယာတွေနဲ့ အတိုးကြီးကြီး ယူပြီး ငွေချေးတဲ့လုပ်ငန်းက သူတို့အမြတ်တွေ အများကြီးထုတ်ယူသွားပြီးပြီ ဆိုတဲ့အချက်တွေကို စုံစုံလင်လင်ဖေါ်ပြထားတယ်၊

ဗမာအစိုးရဆီက လျော်ကြေးရအောင် တောင်းပေးဘို့ ချစ်တီးတွေဟာ အိန္ဒိယအစိုးရကို အများကြီးတိုက်တွန်းခဲတယ်၊ အိန္ဒိယ အစိုးရက ဘယ်လိုမှ အရေးမယူဘူး၊

၁၉၅၆ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုပ်ခါနီးမှာ ကုန်ဈေးနှုန်းတွေ
သိပ်တက်နေတယ်၊ ဒီလိုတက်နေတာကြောင့် ရွေးကောက်ပွဲမှာ ဖဆပလရဲ့
အင်အားဟာ အများကြီးလျော့သွားနိုင်တယ်၊ ကုန်တွေကို အများကြီးသွင်းနိုင်မှ
ကုန်ဈေးနှုန်းကျမယ်ဆိုတာကို ဖဆပလ ခေါင်းဆောင်တွေသိပါရဲ့၊ ဒါပေမဲ့ သွင်းစရာ
နိုင်ငံခြားငွေမရှိဘူး၊ ဒါကြောင့် ဦးနုဟာ ဝန်ကြီးတဦးနှစ်ဦးကို ခေနှ္ဓူငညုဂူတေ
ပဏ္ဍာစ်နေရူးဆီလွှတ်ပြီး ငွေချေးလိုက်ရသေးတယ်၊ ဦးနုက အကူအညီတောင်းတဲ့အခါ
ခေနှ္ဓူငညုဂူတေ ပဏ္ဍာစ်နေရူးဟာ ငြင်းတယ်မရှိပါဘူး၊ သူတတ်နိုင်သမျှ ကူညီခဲ့ပါတယ်၊
၁၉၅၂ ခုနှစ်အတွင်း အိန္ဒိယကပို့လိုက်တဲ့ သတင်းတရပ်ဟာ ဗမာ
သတင်းစာတွေထဲမှာ ပါလာတယ်၊ အဲဒီသတင်းအရ ဗမာပြည်က နာဂတွေဟာ
အိန္ဒိယပြည်ထဲဝင်ပြီး အိန္ဒိယနာဂ (၉၀)ကျော်ရဲ့ ခေါင်းကိုတွေကို
ဖြတ်ယူသွားကြတယ်၊ အဲဒီသတင်းကို ဖတ်ပြီးပြီးချင်း ဒီခေါင်းဖြတ်တဲ့ကိတ်စဟာ
အိန္ဒိယ–ဗမာချစ်ကြည်ရေးကိုများ ထိခိုက်လာအုံးမလား တွေးမိတဲ့အတွက် ဦးနုဟာ
အတော်စိုးရိမ်သွားတယ်၊ နောက်တလကြာလို့ အိန္ဒိယအစိုးရ ဆီကလည်း
ဘာမှမကြားရ၊ အိန္ဒိယပါလီမန်ထဲမှာလည်း ဘယ်သူကမှ မကန့်ကွက် အိန္ဒိယ
သတင်းစာတွေကလည်း ဘယ်လိုမှ မဆူတဲ့အခါ ကျတော့မှ ဦးနုစိတ်အေးသွားတယ်၊
သက်ဆိုင်ရာ တာဝန်ခံတွေဆီက ဦးနု စုံစမ်းကြည့်တဲ့အခါ ဒီလိုသိရတယ်၊
ဗမာပြည်ဘက်က တောင်တန်းတွေမှာ နာဂလူစုတွေ အမျိုးအမျိုးရှိတယ်
အဲဒီလူစုတွေထဲမှာ ဆော်လော်ဆိုတဲ့လူစုဟာ သိပ်ဆိုးတယ်၊ ဒုတိယ
ကမာစစ်ကြီးအတွင်းက သူတို့ဟာလက်နက်မျိုးစုံကိုရထားတယ်၊ အဲဒါကြောင့်
နာဂတောင်တန်းကို အုပ်ချုပ်ရတဲ့ အာဏာပိုင်တွေဟာ သူတို့ကို ထိန်းလို့မရဘူး၊
ဒီနာဂလူစုဟာ အိန္ဒိယပြည်တွင်းကိုသာဝင်ပြီး ခေါင်းဖြတ်တာမဟုတ်ဘူး၊
ဗမာပြည်တွင်းက နာဂအချင်းချင်းကိုလည်း ခေါင်းဖြတ်နေကြတယ်၊
ဒီဆော်လော်နာဂတွေကို အချိန်မှီ နှိမ်နင်းမပစ်နိုင်ရင် သူတို့ဟာ အိန္ဒိယထဲကို
မကြာခဏ ဝင်ဝင်ပြီး၊ ခေါင်းတွေဖြတ်နေအုံးမှာဘဲလို့တွေးမိတဲ့အတွက်
ဒီဆော်လော်ပြသနာကို ပြည်တွင်းငြိမ်ဝပ်ပိပြားရေး ပြသနာအဖြစ်နဲ့ သာမက အိန္ဒိယ–
ဗမာချစ်ကြည်ရေးကို တနေ့သောအခါ ထိခိုက်လာနိုင်တဲ့ ပြသနာအဖြစ်နဲ့ ဝန်ကြီးချုပ်
ဦးနုမြင်လာတယ်၊ အဲဒါကြောင့် အခြေအနေကို ကိုယ်တိုင်စုံစမ်းချင်တဲ့အတွက်
ဦးနုဟာ နာဂတောင်တန်းကိုတက်သွားတယ်၊ အဲဒီမှာ
နာဂခေါင်းဆောင်တွေနဲ့တွေ့အခါ တခြားကိတ်စတွေကို မေးမြန်းပြီးတဲ့နောက်
ဘာလိုချင်ကြသလဲလို့ ဦးနုကမေးတယ်၊ ဆော်လော်နာဂတွေ သိပ်နှိပ်စက်နေတယ်၊
သူတို့ကို နှိမ်ပေးပါလို့ နာဂခေါင်းဆောင်တွေက တညီတညွတ်တည်း
တောင်းဆိုကြတယ်၊
ရန်ကုန်ကိုပြန်ရောက်တဲ့အခါ ဆော်လော်တွေကို နှမ်နှင်းဘို့အတွက် ဦးနုဟာ
လက်နက်ကိုင်တပ်တွေကိုရှာရတယ်၊ ပြည်မမှာလည်း ငြိမ်ဝပ်ပိပြားရေး အခြေအနေဟာ

စိတ်မချရသေးတဲ့အတွက် တပ်တွေကို ဘယ်နေရာကမှ နုတ်လို့မဖြစ်ဘူး၊ အဲဒီတော့ မတတ်နိုင်ဘူး၊ ရန်ကုန်မြို့ကို စောင့်ဘို့အတွက် ချထားတဲ့ ပြည်ထောင်စု စစ်ရဲထပ်ထဲက၊ တပ်ခွဲတခွဲကို ထုတ်ယူပြီး နာဂတောင်တန်းကို ပို့လိုက်တယ်၊ နာဂတွေဟာ သူတို့ရဲ့ နယ်မြေကို အင်မတန် ကျွမ်းကျင်တယ်၊ တိုက်ရည်ခိုက်ရည်လည်းရှိတယ်၊ သတ်တီလည်း ကောင်းတယ်၊ အဲဒါကြောင့် စစ်ရဲတပ်ဟာ သူတို့နယ်မြေထဲကို ရောက်တာနဲ့ တပြိုင်နက် ဆော်လော်နာဂတွေဟာ ခြုံခိုပြီး တိုက်ကြတာဘဲ ပထမ တိုက်ပွဲမှာ စစ်ရဲဘက်က တယောက်ကျသွားပြီး နောက်ဆုတ်ပေးရတယ်၊ နောက်တကြိမ်ပြန်တက်တဲ့အခါ ကျဆုံးသွားတဲ့ စစ်ရဲတပ်သားမှာ ကိုယ်သာရှိတယ်၊ ခေါင်းမရှိတော့ဘူး၊ နာဂတွေဖြတ်ယူသွားကြပြီ၊ သူတို့ကို တောထဲမှာ လိုက်တိုက်နေရင် ဘယ်နည်းနဲ့မှ မနိုင်နိုင်ဘူးဆိုတာသိတဲ့အတွက် စစ်ရဲတွေဟာ ဆော်လော်တွေရဲ့ ရွာကိုသွားပြီး ခပ်လှမ်းလှမ်းက (၃)လက်မစိန်ပြောင်းနဲ့ ရွာထဲကို ပစ်သွင်းရတယ်၊ စိန်ပြောင်းဗုံးတလုံးကျရုံနဲ့ လူတွေလဲ အများကြီးသေတယ်၊ သူတို့ရဲ့တဲတွေလည်း ပျက်တယ်၊ သူတို့မွေးထားတဲ့ ဝက်တွေနဲ့နွားတွေလဲ အသေအပျောက်များတယ်၊ စိန်ပြောင်းရဲ့ ဗုံးသံကလဲ သိပ်ကျယ်တယ်ဆိုတော့ ဆော်လော်ရွာသူရွာသားတွေဟာ အင်မတန်ကြောက်လာပြီး တောထဲမှာ ပုန်းအောင်းနေကြတဲ့ ဆော်လော်တွေကို လက်နက်ချဘို့ ဝိုင်းတိုက်တွန်းကြတယ်၊

ဆောင်လော်တွေလက်နက်ချတဲ့အခါ သူတို့ဟာသားစဉ်မြေးဆက် အသက်ထက်ဆုံး အစိုးရ အမိန့်ကို နာခံပါ့မယ်လို့ ကျေညာရတယ်၊ အဲဒီနောက် ကျားစွယ်၊ သေနတ်ကျည်ဆံ၊ ဒါးမြောင် အစရှိတဲ့ လက်နက်တွေ စိမ်ထားတဲ့ ရေတွေကို သံပုံးတွေထဲက ခပ်သောက်ရတယ်၊ အဲဒီလို ကျေညာပြီး အဲဒီရေကို သောက်ပြီးရင် နာဂတွေဟာ အစိုးရကို သစ်စာမဖေါက်ရဲတော့ဘူး၊

ဒီသစ်စာရေတိုက်ပွဲကို ကျင်းပပြီးတဲ့အခါ ဆော်လော်တွေ နှိပ်စက်တာကို ခံထားရတဲ့ နာဂလူမျိုးစုတွေဟာ ဆော်လော်ရွာတွေထဲကိုဝင်ပြီး စိန်ပြောင်းဗုံးသံကြောင့် သေနေကြတဲ့ ဆော်လော်တွေရဲ့ ခေါင်းတွေကို ဖြတ်ယူကြတယ်၊ အဲဒီနောက် သူတို့ရွာတွေမှာ ပူဇော်ပသပွဲတွေကျင်းပပြီး ဆော်လော်တွေသတ်တာကို ခံခဲ့ရတဲ့သူတို့သွေးချင်းသားချင်းတွေ ကိုယ်စား ဆော်လော်တွေအပေါ်မှာ သူတို့ဟာ ဂလဲ့စားချေပြီးပါပြီလို့ အဲဒီ နာဂရွာသားတွေက ကျေညာရတယ်၊

၁၉၅၃ ခုနှစ် မတ်လကုန်လောက်မှာ နာဂတောင်တန်းကို အလည်လာဘို့ ဦးနုဟာ ခေနှျငညှုဂူတေ ပဏ္ဍစ်နေရူးကို ဖိတ်လိုက်တယ်၊ ခေနှျငညှုဂူတေ ပဏ္ဍစ်နေရူးရဲ့ အကြံပေးချက်အရ ဦးနုဟာ မဏိပူမြို့တော်၊ အင်ဖားကိုအရင်သွားတယ်၊ အဲဒီကမှ ခေနှျငညှုဂူတေ ပဏ္ဍစ်နေရူး သမီး မစ်စ်အင်ဒရာဂနီနဲ့အတူ အိန္ဒိယ နာ(တောင်တန်းတွေဆီကို အလည်သွားကြတယ်၊ ဦးနုတွေ့ရတဲ့ အိန္ဒိယနာဂတွေဟာ ဗမာနာဂတွေနဲ့ မတူဘူး၊ အတော်အဆင့်အတန်းမြင့်တယ်၊ သူတို့အထဲမှာ

အင်္ဂလိပ်စာတတ်သူတွေ အတော်များများရှိတယ်၊ နာဂယောက်ျားတွေဟာ ဘောင်းဘီနဲ့ ကုတ်အကျီတွေကို ဝတ်ထားတယ်၊ အမျိုးသမီးတွေကလည်း သူတို့ရဲ့ အဝတ်အစားတွေကို ပြည့်ပြည့်စုံစုံ၊ လုံလုံခြုံခြုံ ဝတ်ထားကြတယ်၊ ဗမာနာဂတွေကတော့ ဒီလိုမဟုတ်ဘူး၊ နာဂယောကျ်ားတွေဟာ သူတို့ရဲ့ တန်ဆာကို ဖုံးတဲ့အနေနဲ့ လက်တဝါးလောက်ရှိတဲ့ ပိတ်စကို ရှေ့နဲ့နောက် ချည်ထားလိုက်တာဘဲ၊ နဲနဲပါးပါးတတ်နိုင်တဲ့ လူတွေကျတော့ သူတို့ရဲ့ တန်စာကိုဖုံးဖို့အတွက် ပတ်ထားတဲ့ ပိတ်စအပြင် မောင်းအသေးကလေးတလုံးကို ခါးကကြိုးမှာချည်ပြီး သူတို့ရဲ့ တန်စာပေါ်မှာ ဖုံးထားတယ်၊ မချမ်းတဲ့အခါ အဲဒီမောင်းနဲ့ ပိတ်စကလွဲပြီး သူတို့တကိုယ်လုံးမှာ ဘာမှ ဝတ်မထားဘူး၊ ချမ်းတဲ့အခါစောင်ခြုံထားတယ်၊ အမျိုးသမီးတွေဆိုရင်လည်း သူတို့ရဲ့ ဒူးဆစ်လောက်သာရှိတဲ့ ထမိန်ကလေးကို ခါးမှာပတ်ထားတယ်၊ မချမ်းတဲ့အခါ အဲဒီထမိန်ကလေးကလွဲပြီး သူတို့ တကိုယ်လုံးမှာ ဘာမှ ဝတ်မထားဘူး၊ ချမ်းတဲ့အခါ စောင်ခြုံထားတယ်၊ ဦးနုနာဂ တောင်တန်းဒေသကို မရောက်တာ အနှစ် ၂၀လောက်ရှိသွားပြီ၊ အခုအခါဆိုရင် တော့ ဗမာနာစတွေ အများကြီးတိုးတက်စရာ အကြောင်းရှိတယ်၊ နာဂယောက်ျားတွေဟာ အရပ်အမောင်းအင်မတန်တောင့်တင်းတယ်၊ ဖြေ သမားတွေများတယ်၊ နာဂ မိန်းမတွေကတော့ ပုတယ်၊ အင်မတန် တော်င့်တောင့်တင်းတင်း ရှိတယ်၊ အင်ဖားမှာ တညအိပ်ပြီး ပန်နစ် နေရူး၊ မစ်စ် အင်ဒီရာ ဂန္ဒီနဲ့ ဦးနုတို့ဟာ ဗမာပြည်ဘက်က ဆင်ကလိုင် ခနီးအ ၇ပ်ကို လာကြတယ်၊ ဗမာနာဂတွေဆီကို သွားဘို့အတွက် ကားလမ်းမရှိဘူး၊ မြင်းနဲ့သွား ၇တယ်၊ အဲဒါကြောင့် ပန်နစ်နေရူးတို့ မရောက်မီ တနင်္ဂနွေတပတ်လောက်ကြိုပြီး ဆင်ကလိုင် ခနီးကို နာဂခေါင်းဆောင်တွေကို ခေါ်ထားတယ်၊ အထူးသဖြင့် ဆော်လော်နာဂခေါင်းဆောင်တွေကိုပေ့ါ၊ ဒီနာဂခေါင်းဆောင်တွေဟာ သူတို့ရဲ့မယားတွေ၊ သားသမီးတွေ ကို ခေါ်လာကြတယ်၊ နာဂတွေ စုဝေးတဲ့နေရာကို ပန်ဒစ်နေရူးနဲ့ ဦးနုတို့ ရောက်လာတဲ့အခါ ဆင်ကလိုင်ခနီး ခရိုင်ဝန်က ဆော်လော်အကြီးအကဲကို ခေါ်လိုက်တယ်၊ အဲဒီ အကြီးအကဲဟာ နာဂ ဦးထုတ်တလုံးနဲ့ နာဂလှံချောင်းကိုင်ပြီး လူအုပ်ထဲက ထွက်လာတယ်၊ အဲဒ်ိအကြီးအကဲဟာ ပန်ဒစ်နေရူးရှေ့ရောက်လာတဲ့အခါ အိန္ဒိယပြည် ထဲကို ဝင်ပြီး နာဂတွေကို ခေါင်းဖြတ်ရတာ ဝမ်းနဲပါတယ်၊ အဲဒ်ိအပြစ်က ချမ်းသာပေးပါ၊ နောင်ကို ဒါမျိုးမလုပ်တော့ပါဘူးလို့၊ အ ၇ာရှိတွေ သင်ထားတဲ့အတိုင်း ပြောပြီး ပန်ဒစ်နေရူးကို ဦးထုပ်နဲ့လှံဆက်သလိုက်တယ်၊ ပန်ဒစ်ကြီး ဟာ နာဂဦးထုပ်ကို ဆောင်းပြီး နာစလှံကို ကိုင်ထားတာ သိပ်ကြည့်ကောင်းတယ်၊

အဲဒ်ိပွဲမှာဘဲလား ညနေကပွဲမှာဘဲလား ဘယ်ပွဲမှာလဲဆိုတာ မပြောနိုင်တော့ဘူး၊ အတော်မျက်နှာပူစရာ အဖြစ်အပျက်တခု ဖြစ်သွားခဲ့ ၇သေးတယ်၊ ဖြစ်ပွားပုံက ဒီလို၊ ဆော်လော်အကြီးအကဲမှာ သမီး နှစ်ယောက်ပါလာတယ်၊ အကြီးအကဲရဲ့ သမီးတွေ ဖြစ်နေလို့လား မဆိုနိုင်ဘူး၊ ဒ်ိအမျိုးသမီး နှစ်ဦးဟာ တခြားနာဂအမျိုးသမီးတွေ နဲ့

မတူဘူး၊ တခြားနာဂအမျိုးသမီးတွေ ကြည့်ရတာ သန့်သန့်ပြန့်ပြန့် မရှိဘူး၊ အသားမဲတယ်၊ ရုပ်ရည်ကြမ်းတယ်၊ ဆော်လော်အကြီးအကဲရဲ့ သမီးနှစ်ဦးကတော့ သန့်ပြန့်တယ်၊ အသားဖြူတယ်၊ ရုပ်ရည်လေးတွေ သနားကမားရှိတယ်၊ သူတို့ဟာ ဆင်ကလိုင် ခရိုင်ကို ရောက်တာ ၇ရက်လောက်ရှိပြီဆိုတော့ အဲဒီမြို့သူမြို့သားတွေ ကျကျနနဝတ်ထားတာကြည့်ပြီး ဒူးဆစ်လောက်သာရှိတဲ့ လုံခြည်တိုကလေး တွေ သူတို့ဝတ်ထားရတာကို ရှက်လာကြတယ် ထင်တယ်၊ အထူးသဖြင့် သူတို့ရဲ့ သားမြတ်တွေကို အဖုံးအကွယ်မရှိဘဲ ဖော်ထားတာကို ရှက်ကြတယ်ထင်တယ်၊ အဲဒါကြောင့် သူတို့ရဲ့ လုံချည်ကို ခါးမှာ မဝတ်တော့ဘဲ သူတို့ရဲ့ သားမြတ်ကို ဖုံးပြီးဝတ် ထားကြတယ်၊ ဒီလိုဝတ်ထားတာကို သူတို့အဖေမြင်သွားတဲ့အခါ စိတ်ဆိုးတယ်၊ သူတို့ရဲ့ ယဉ်ကျေးမှု ထုံးစံအရ သားမြတ်ကို ဖုံးပြီး လုံချည်ဝတ်တာဟာ ရိုင်းရာကျတယ်ထင်ပါရဲ့၊ အထူးသဖြင့် ပန်ဒစ်နေရူးနဲ့ ဦးနုတို့လို လူကြီးလူကောင်း တွေရှေ့မှာ အတော်ရိုင်းသလိုဖြစ်နေတယ် ထင်ပါရဲ့၊ အဲဒါကြောင့် အဖေလုပ်သူဟာ သူတို့ယဉ်ကျေးမှုအတိုင်း ထမိန်ကို ခါးမှာ ပြန်ဝတ်ဘို့ သူ့သမီးတွေကို ငေါက်လိုက်တယ်၊ သမီးတွေဟာ ရှက်နေတဲ့ အတွက် အဖေပေးနေတဲ့အဖြေကို နားမထောင်ဘဲ သူတို့ရဲ့ မျက်နှာကို တခြားဖက် လှည့်နေကြတယ်၊ အဖေကြီးလည်း ဒေါသဖြစ်ဖြစ်နဲ့ သမီး ၂ယောက်ရဲ့ လုံချည်တွေကို သူကိုယ်တိုင်ပရိသတ် အလည်မှာ အတင်းဆွဲချွတ်လိုက်တယ်၊ အဲဒီအခါကျတော့ သမီးတွေလည်း မငြင်းသာတော့ပါဘူး၊ သူတို့ ထုံးစံအတိုင်း ခါးမှာ ပြန်ဝတ်လိုက်ကြတယ်၊

ညနေဘက်ကျတော့ ဧည့်သည်တော်တွေ ဖြစ်တဲ့ ပန်ဒစ်နေရူး၊ မစ် အန်ဒရာဂန္ဒီ နဲ့ ဦးနုတို့ဟာ နာဂတွေနဲ့ တွဲကဘို့ အကရှိတွေက ကပွဲ တခု စီစဉ်ထားတယ်၊ ပြည်မနဲ့ အတော်ကြီးဝေးတဲ့နေရာတွေက တောင်တန်းသားတွေရဲ့ဘဝဟာ အတော်ဆင်းရဲတယ်၊ သူတို့မှာ ပျော်စရာ ပါးစရာဆိုလို့ တခြားဘာမှ မရှိရှာဘူး၊ ခေါင်ရည်သောက်တာ ရစ်တစ်တစ် ဖြစ်လာတဲ့အခါ ဝိုင်းပြီးဆိုတာ ကတာလောက်ဘဲရှိတယ်၊ အဲဒါကြောင့် ခေါင်ရည်သောက်တာနဲ့ ဆိုတာကတာ ဟာ သူတို့ရဲ့ ယဉ်ကျေးမှုမှာ အတော်အရေးကြီးတဲ့ ကန့်ဒ ဖြစ်တယ်၊ နာဂတွေကျတော့ ခေါင်ရည်သောက်တာနဲ့ ဆိုတာကတာ ဟာ တခြားတောင်တန်းသားတွေထက် ပိုအရေးကြီးပုံရတယ်၊ ဘာဖြစ်လို့ အရေးကြီးလဲဆိုတာကို သဘောပေါက်အောင်ရှင်းပြပါရစေ၊ နာဂတွေဟာ ရွာကလေးတွေ ဖွဲ့နေကြတယ်၊ ရွာထဲမှာ ယောက်ျားကလေးတွေနဲ့ မိန်းကလေးတွေ အရွယ်ရောက်လာတာနဲ့ တပြိုင်နက် သူတို့ရဲ့ မိဘတွေနဲ့ အတူမနေကြတော့ဘူး၊ ရွာအစွန်မှာ ဆောက်ထားတဲ့ တဲကြီးတတဲ ရှိတယ်၊ အဲဒီ တဲကြီးထဲမှာ ဒီယောက်ျား ကလေးတွေနဲ့ မိန်းကလေး တွေ အတူ အိပ်ကြတယ်၊ မအိပ်ခင် စောစောပိုင်းမှာ သူတို့ဟာ ခေါင်ရည်သောက်ကြပြီး ဆိုကြကကြတယ်၊ သူတို့ဟာ အခုလို တဲကြီးတတဲထဲမှာ စုအိပ်ကြရင်း တဦးနဲ့ တဦး အစမ်းသဘောမျိုး

ပေါင်းသင်းနိုင်တယ်၊ နာဂတွေအတွက် သားသမီးရဘို့ဟာ အရေးကြီးဆုံးကိတ်စ ဖြစ်တဲ့အတွက် အစမ်းသဘောမျိုးနဲ့ ပေါင်းသင်းရင်း သင့်တော်တဲ့အချိန်အတွင်း မိန်းကလေးမှာ ပဋိသန္ဓေ မတည်ရင် မူလအတွဲကို ဖြုတ်ပြီး မိတ်ဖက်အသစ်ရှာနိုင်တယ်၊ ကိုယ်ဝန်ရှိရင် သူတို့ ဟာ လင်မယားအဖြစ် အိမ်ထောင်ပြုကြတယ်၊ အိမ်ထောင်ပြုပြီးတဲ့အခါ လင်နဲ့မယားဟာ ကိုယ့်အိမ်မှာ ကိုယ်ပြန်အိပ်ရတယ်၊ ဒိတဲမှာ မအိပ်ဂတော့ဘူး၊ မွေးဖွားတဲ့နေရာမှာ အမွှာပူးဆိုရင် သူတို့ မကြိုက်ကြဘူး၊ အဲဒါကြောင့် အမွှာပူးဆိုရင် မွေးစကတည်းက တနည်းနည်းနဲ့ သေအောင်လုပ်ပစ်တာဘဲ၊

နာစတွေဟာ အပျိုလူပျို ဘဝထဲက အခုလို ခေါင်ရည်သောက်ပြီး ဆိုက လာကြတယ် ဆိုတော့ ခေါင်ရည် သောက်တာနဲ့ ဆိုကြကကြတာကို သူတို့ ယဉ်ကျေးမှုရဲ့ အစိတ်အပိုင်းကြီးတခုအဖြစ် သူတို့မှတ်ထားကြတယ်၊ သူတို့က ဧည့်သည်တော်တွေနဲ့အတူ ခေါင်ရည်သောက်ပြီး ဆိုကချင်တယ်လို့ တောင်းဆိုတဲ့အတွက် အ ကာရှိတွေက ကပွဲကို စီစဉ်ပေးရတယ်၊ ခေါင်ရည်ကျတော့ ဧည့်သည်တော်တွေရဲ့ ကျန်းမာရေးကို ထိခိုက်တယ်လို့ အရာရှိတွေက ရှင်းပြထားတဲ့အတွက် နာဂတွေဟာ သူတို့ဟာဘဲ သူတို့ သောက်ကြတယ်၊ ဧည့်သည်တော်တွေ သောက်ဘို့ မတောင်းဆိုဘူး၊ ကတဲ့အခါ ပန်ဒစ်နေရူးနဲ့ ဦးနုတို့ဟာ နာဂခေါင်းဆောင်တွေရဲ့ စီစဉ်ပေးမှုအရ နာဂအမျိုးသမီးတွေရဲ့လက်ကို ကိုင်ကြရတယ်၊ အဲဒီလို ကိုင်ပြီးမှ သူတို့ ခုန်သလို၊ ပေါက်သလို၊ ဆိုသလို၊ ခုန်ပေါက်အော်ဟစ်ပြီး ဆိုကြရတယ်၊ ပန်ဒစ်နေရူးဟာ နာဂတောင်တန်းကို လာလည် ဂတာ အတော် စိတ်ချမ်းသာတယ်လို့ သူ့သမီး အင်ဒီရာ ဂန္ဒီ ဆီက ကြားရဖူးတယ်၊

ပန်ဒစ်နေရူးနဲ့ ဦးနုတို့ဟာ ဒိမိုကရေစီ သဘောတရားနဲ့ တည့်မတ်စွာကြားနေရေးဝါဒတို့မှာ တသဘောတည်း ဘဲ၊ နောက်ပြီး ငြိမ်းချမ်းသာယာစွာ ယှဉ်တွဲနေထိုင်ရေး မူကြီး ၅ မူဆိုရင်လည်း သူတို့ ၂ဦးဟာ ရေးချထားတဲ့ စာတွေမှာရော ဒီစာတွေနဲ့အတူ ကပ်ပြီးနေကြတဲ့ မူတွေရဲ့ စေတနာတွေမှာပါ၊ လုံးဝ သဘောတူနေကြပြန်တဲ့အတွက် အိန္ဒိယနဲ့ ဗမာပြည်အကြားမှာ ဗမာနာဂတွေ အိန္ဒိယထဲဝင်ပြီး ခေါင်းဖြတ်ကြတဲ့ ပြသနာကလွဲရင် တခြားကြီးကြီးကျယ်ကျယ် ပြသနာတွေ ပေါ်ခဲ့ဖူးတယ် ဆိုတာ တခါမှ မကြားဖူးဘူး၊ တခါမှာတော့ ကိတ်စ တခု ပေါ်လာဘူးတယ်၊ ဒီကိတ်စဟာ အသေးအဖွဲပါ၊ ပြသနာလို့တောင် ခေါ်လို့မရဘူး၊ ဒါပေမဲ့ အကယ်၍ရွေ့သာ အိန္ဒိယနဲ့ ဗမာနှစ်နိုင်ငံစပ်ကြားမှာ နားလည်မှုတို့ ချစ်ကြည်မှုတို့ မရှိရင် ဒီကိတ်စကလေးဟာ ပြသနာကြီးတ ဂုပ်ဖြစ်လာနိုင်တယ်၊ ဖြစ်ပုံကဒီလို–

အိန္ဒိယနိုင်ငံသားကုန်သည်တချို့ကို၊ (စ) သုံးလုံး (ကြမနကော်သမ၊ စနခငရ ၂ညလနျအငါအေသေည) အဖွဲ့ကဖမ်းပြီး အာမခံမပေးဘဲ ထားလိုက်တယ်၊

ကြာပြီဖြစ်တဲ့အတွက် အမှုကတော့ ဘာမှုလဲဆိုတာ ဒီနေရာမှာ မဖော်ပြနိုင်တော့ပါဘူး၊ နိုင်ငံခြားငွေခိုးတဲ့ အမှုဘဲလား၊ သွင်းကုန်လိုင်စင်မရှိဘဲ ကုန်တွေခိုးသွင်းလာတဲ့အမှုဘဲလား ဒါမှမဟုတ်ရင်လည်း တခြားအမှုတခုခုဘဲလားဆိုတာ မမှတ်မိတော့ပါဘူး၊ ဗမာနိုင်ငံမှာ ဗမာကုန်သည်တွေနဲ့ နိုင်ငံခြားကုန်သည်တွေ ပေါင်းပြီးလုပ်တတ်တဲ့ နည်းတမျိုးရှိတယ်၊ ဗမာတွေကို စဈရာခိုင်နှုန်းလောက် သွင်းကုန်လိုင်စင် ထုတ်ပေးတယ်ဆိုတော့ ကုန်သည်မဟုတ်တဲ့ ဗမာတွေကလည်း သွင်းကုန်လိုင်စင်ရအောင် လျှောက်ကြတာဘဲ၊ အဲဒီ ဗမာတွေဆီကမှ နိုင်ငံခြားသားတွေက သွင်းကုန်လိုင်စင်တွေကို တဆင့်ဝယ်ယူကြတယ်၊ ဒီလိုင်စင်တွေနဲ့မှာလို့ ကုန်တွေရောက်လာတဲ့အခါ ကုန်တွေဟာ လိုင်စင်ထဲမှာ ပေါ်ပြထားတဲ့ကုန်တွေမဟုတ်ဘူး၊ အဖိုးမတန်တဲ့ ညောင်ရွက်တွေ သစ်ဥသစ်ဖုတွေဖြစ်နေတယ်၊ အဲဒီနည်းနဲ့ နိုင်ငံခြားကုန်သည်တွေဟာ နိုင်ငံခြားငွေတွေကို ခိုးထုတ်တတ်တယ်၊ အဲဒီတော့ (စ)သုံးလုံးက အိန္ဒိယကုန်သည်တွေကို လိုက်ဖမ်းတာဟာ ဒီအမှုမျိုးအတွက်ဘဲလား ကောင်းကောင်းမမှတ်မိတော့ပါဘူး၊

တနေ့ကျတော့ အိန္ဒိယ သံအမတ်ဟာ ဝန်ကြီးချုပ်ဦးနုနဲ့တွေ့ခွင့်တောင်းတယ်၊ ဦးနုဟာ (စ)သုံးလုံးအဖွဲ့ ရဲ့ အကြီးအကဲဖြစ်နေတယ်ဆိုတော့ ဒီအမှုနဲ့ပတ်သက်ပြီး အိန္ဒိယသံအမတ်ဟာ ဦးနုနဲ့ တွေ့ချင်တာ သဘာဝကျပေါ တယ်၊ ဝန်ကြီးချုပ်ဦးနုနဲ့ တွေ့တဲ့အခါ အိန္ဒိယသံအမတ်ကို အကဲခတ်ကြည့်ရတာ အင်မတန် စိတ်ထိခိုက်နေပုံရ တယ်၊ အဲဒါကြောင့် ထိုင်မိတာနဲ့ တပြိုင်နက် (စ)သုံးလုံးအဖွဲ့ဟာ အိန္ဒိယကုန်သည်တွေကို မတရားဖမ်းထားတယ်၊ အိန္ဒိယကုန်သည်တွေမှာ အပြစ်မရှိပါဘူးလို့ အစချီပြီး သူ့ဝမ်းထဲရှိတာတွေကို အကုန်အံထုတ်တာဘဲ၊ ဦးနုဟာ (စ)သုံးလုံးအဖွဲ့ရဲ့ အကြီးအကဲဆိုတာကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ (စ)သုံးလုံးကဖမ်းသမျှအမှုကို ဦးနုမသိဘူး၊ သိဘို့လည်းမလိုဘူး၊ ဦးနုအောက်မှာ (စ)သုံးလုံးကော်မတီအဖွဲ့တခုရှိတယ်၊ ဒီအဖွဲ့ထဲမှာ ပင်စင်ရအရာရှိကြီးတွေနဲ့ ရှေ့နေတွေပါတယ်၊ ဒီအဖွဲ့မှာ ဝန်ကြီးချုပ်ရဲ့ အတွင်းဝန်က နာယကလုပ်တယ်၊ (စ)သုံးလုံးအရာရှိတွေက နာယကကိုအရေးယူစရာရှိတဲ့ အမှုတွေတင်ပြတယ်၊ ဝန်ကြီးတွေ၊ အတွင်းဝန်တွေ၊ ဌာနအကြီးအကဲတွေ၊ တရားသူကြီးတွေလို ပုဂ္ဂိုလ်မျိုးကို အရေးယူစရာရှိတဲ့အခါမျိုးမှာသာ အဖွဲ့ရဲ့ နာယကဟာ ဝန်ကြီးချုပ် ဦးနုကို အမှုတင်ပြတယ်၊ အဲဒါကြောင့် သံအမတ်တင်ပြတဲ့အမှုနဲ့ ပတ်သက်ပြီး သူစုံစမ်းကြည့်ပါအုံးမယ်လို့၊ ဦးနုဟာ အိန္ဒိယသံအမတ်ကိုဖြေလိုက်တယ်၊

ဦးနုဟာ (စ)သုံးလုံးကော်မတီနဲ့တွေ့တဲ့အခါ ဖမ်းထားတဲ့ အိန္ဒိယကုန်သည်တွေမှာ အပြစ်ရှိတယ်၊ သက်သေအထောက်အထားလုံလောက်တယ်လို့ တညီတညွတ်တည်း (စ)သုံးလုံးကော်မတီလူကြီးတွေက အစီရင်ခံတယ်၊ ဒါပေမဲ့ သံအမတ်ကိုယ်တိုင်

အခုလိုအရေးတကြီးတိုင်ထားတဲ့အမှုမျိုးမှာ ဦးနုဟာ သူ့အရာရှိတွေပြောတိုင်း ဇွတ်တရွတ် အရမ်းမလုပ်ချင်ဘူး၊ သူ ယုံယုံကြည်ကြည်ခန့်ထားတဲ့ အရာရှိတွေ တင်းတင်းကျပ်ကျပ် အရေးယူထားတဲ့အမှုကို အိန္ဒိယသံအမတ်ပြောတိုင်း ဇွတ်တရွတ် အရမ်းဖြစ်တာကိုလည်း ဦးနုမလုပ်ချင်ဘူး၊ အဲဒီတော့ ဦးနုက ကော်မတီအဖွဲ့ကို ဒီလိုအကြံပေးတယ်၊ အိန္ဒိယသံအမတ်ကို ခေါ်လိုက်မယ်၊ သူကြိုက်တဲ့ဝတ်လုံတယောက်ကိုလည်း ခေါ်လာပေစေ၊ (စ)သုံးလုံးကော်မတီရဲ့ နာယကနဲ့ ကော်မတီရဲ့ကိုယ်စားလှယ် တဦးနှစ်ဦးလည်းလာကြ၊ နောက်ပြီးတော့ အစိုးရရှေ့နေချုပ်ကိုလည်း ဖိတ်ထားမယ်၊ ဒီသုံးဖွဲ့ဆုံးတဲ့အခါ ဒီအမှုနဲ့ ပတ်သက်ပြီး အပြန်အလှန်ပြောကြ၊ အခုလိုပြောကြပြီး (စ)သုံးလုံးနာယက အိန္ဒိယသံအမတ်နဲ့ အစိုးရရှေ့နေချုပ်ကြီးတို့ တညီတညွတ်တည်း လက်ခံနိုင်တဲ့ အဖြေတခုကိုရှာ အဲဒီအဖြေအတိုင်း အမှုကိုဆုံးဖြတ်ပေးချင်တယ်လို့ ဦးနုကပြောပြတယ်၊ ကော်မတီလူကြီးတွေက သဘောတူတယ်၊ အဲဒါကြောင့် အခုပြောခဲ့တဲ့အတိုင်း ပုဂိုလ်အသီးသီးကို သူနဲ့လာတွေ့ဘို့ ဝန်ကြီးချုပ်ဦးနု ချိန်းလိုက်တယ်၊ ကံအားလျော်စွာ သုံးဦးစလုံးလက်ခံနိုင်တဲ့ အဖြေကို ရှာတွေ့သွားတဲ့အတွက် ဒီအမှုဟာ ဦးနုစိတ်မရှုပ်ရဘဲ အေးအေးဆေးဆေးပြီးသွားခဲ့တယ်၊
အိန္ဒိယပြည် စန်ချီနယ်မှာ သီရိဓမာသောကမင်းကြီးဟာ (ဗျသုဂ) ကျောက်စေတီတဆူတည်ပြီး အရှင်သာရိပုတ်တရာနဲ့ အရှင်မဟာမောဂ်ဂလန်တို့ရဲ့ ဓာတ်တော်တွေကို ဌာပနာခဲ့တယ်၊ ဗြိတိသျှ အစိုးရလက်ထက်မှာ ဒီဓာတ်တော်တွေ ဘိလပ်ယူသွားပြီး ပြတိုက်တခုထဲမှာ ထားတယ်၊ အိန္ဒိယ လွတ်လပ်ရေးရတဲ့အခါ အိန္ဒိယပြည်ကို ဒီဓာတ်တော်တွေပြန်ပင့်လာတယ်၊ ဒီဓာတ်တော်တွေဟာ အင်မတန် အဘိုးတန်တဲ့အတွက် ဓာတ်တော်တွေသိတင်းသုံးဖို့ စန်ချီက မူလ ကျောက်စေတီနဲ့ မနီးမဝေး တောင်ကုန်းကလေးတခုပေါ်မှာ အဆောက်အဦးတခုကို အခိုင်အခန့် ဆောက်ကြတယ်၊ ဆောက်ပြီးတဲ့အခါ ဝန်ကြီးချုပ်နေရူး ကိုယ်တိုင် အဆောက်အဦးရဲ့ ဌာပနာ တိုက်တည်းမှာ ဌာပနာဖို့ အိန္ဒိယမဟာ ဗောဓိအသင်းက စီစဉ်ထားတယ်၊ အဲဒီပွဲကို ဝန်ကြီးချုပ် ဦးနုလည်း တက်စေချင်တယ်လို့ ဝန်ကြီးချုပ်နေရူးက ဖိတ်တဲ့အတွက် ဦးနုဟာ ရှေးဦးစွာ နယူးဒေလီကိုသွားတယ်၊ နယူးဒေလီကမှ ခေနဓ္ဍုငညုုနွတေ ပဏ္ဍုစ်နေရူးနဲ့ ဦးနုတို့ဟာ မြို့တမြို့ကို လေယာဉ်ပျံနဲ့ သွားကြတယ်၊ အဲဒီမြို့က စန်ချီကိုရောက်အောင် မိုင် (၄၀)လောက်မော်တော်ကားနဲ့သွားရတယ်၊ လေယာဉ်ပျံကွင်းက ထွက်တဲ့အခါ ခေနဓ္ဍုငညုုနွတေ ပဏ္ဍုစ်နေရူးကို ကြိုဆိုဘို့ အင်မတန် ကြီးမားတဲ့ လူထုတန်းကြီးဟာ မော်တော်ကားလမ်းကို ဝဲယာ နှစ်ဖက်ညှပ်ထားတာ တွေ့ရတယ်၊ အဲဒီလူထုတန်းကြီးထဲမှာ ကျောင်းသူကျောင်းသားတွေ အဖိုးကြီး၊ အမယ်ကြီးတွေ လူလတ်တန်းစားတွေက စပြီး လူမျိုးစုံပါတယ်၊

ဦးနုဟာ အိန္ဒိယ မှာ နေရာ အတော်များများကို ပန်နစ်ကြီးနဲ့လိုက်ဖူးတယ်
အဲဒီနေရာတိုင်းမှာ ခြောက်ကပ်ကပ်ဖြစ်နေတာကို တခါမှ မတွေ့ရဘူး ။
လူအုပ်ကြီးတွေ စောင့်နေတတ်ကုချည်းပဲ တွေ့ရတယ်၊ တွေ့ရတဲ့ လူအုပ်ကြီးကလည်း
ဝတ်ကျေတန်းကျေအားနာပါးနာနဲ့ လာကြတဲ့လူထုမျိုးမဟုတ်ဘူး၊ သူ့ကို
အင်မတန်တွေ့ချင်ကြတဲ့လူအုပ်ကြီးဖြစ်တယ်၊ အဲဒါကြောင့် သူ့အနားကို
ရောက်လာရင် သူတို့ အင်မတန်လိုချင်တဲ့ ပစ်စည်းကို စိတ်လိုက်မာန်ပါ
ဝိုင်းပြီးလုကြသလို ငယ်သံပါအောင် အော်တဲ့သူကအော် သူ့ဆီကို
အတင်းတိုးတဲ့သူကတိုးအဲဒီလိုတိုးရင်း တယောက်နဲ့ တယောက် တိုးမိ၊ တွန်းမိ၊
တိုက်မိ နင်းမိပြီး အရမ်းဖြစ်နေကြတာ အသင့်စောင့်နေတဲ့ ပုလိပ်နဲ့ ကွန်ကရက်ရဲ့
တာဝန်ခံပုဂ္ဂိုလ်တွေက အတော်ကြာတဲ့တိုင်အောင် ဒီလူထုကြီးကို ထိန်းလို့မရနိုင်ဘူး၊
တခါမှာတော့ ဗာရာဏသီ ကလေ ယာဉ်ပျံကွင်းမှာ ထင်တယ်၊ လူထုကြီးက
အသင့်ချထားတဲ့ ပုဂ္ဂိုလ်တွေကို တွန်းပြီး သူ့ဆီကို အတင်းအုံပြီးလာလိုက်ကြတာ သူနဲ့
ဦးနုတို့ဟာ ဒီလူအုပ်ကြီးထဲမှာ ညှပ်ပြီး ပါသွားသေးတယ်၊ အဲဒီအခါ
ပန်နစ်နေရှူးလည်း ငြိမ်မနေနိုင်တော့ဘူး၊ အသံကို အော်ပြီး လူတွေကို
အတင်းတိုးပစ်ရတယ်၊ သူအော်ဟစ်သံ ကြားတော့မှ လူထုကြီးဟာ သူတို့ဟာ
သူတို့ထိန်းပြီး အရှိန် ဂုပ်သွားတယ်၊ ဒီလိုရပ်သွားတာနဲ့ တပြိုင်နက် ဦးနုကို
အပြင်ဘက် ချက်ချင်းခေါ်သွားဘို့ ပန်ဒစ်ကြီး သူလူတွေကို အော်ပြောလိုက်တယ်၊
အဲဒီအမိန့်အရ ကွန်ကရက်တာဝန်ခံတွေဟာ လူတွေကို အတင်းတွန်းပြီး ဦးနုကို
အတင်း ဆွဲခေါ်သွားတော့မှ ဦးနုဟာ လူထုအပြင်ဘက်ကို ရောက်သွားတယ်၊
ဦးနုလည်း သူရောက်တဲ့နေရာကနေ ပန်ဒစ်ကြီးကို လှမ်းကြည့်တော့ ပန်ဒစ်ကြီးက
သူ့လက်ထဲက ဒုတ်တိုကလေးနဲ့အတင်းတိုးလိုက် လူထုဟာ နောက်ရောက်သွားလိုက်
ဖြစ်နေတာကို တွေ့ဂုတယ်၊ အခုလို ပန်နစ်ကြီးနဲ့ လူထု တယောက်တပြန်စီ
ဖြစ်နေတာကို ကြည့်ရတာဟာ ဗမာတွေ တွတ် ထိုးတမ်း ကစားတာကို ကြည့်ရတာနဲ့
သိပ်တူတယ်၊ လူထုကို အင်မတန် ချစ်မြတ်နိုးသလို လူထုကလည်း သူကို့
ချစ်တဲ့အတွက် ပန်နစ်ကြီး သူလုထုနဲ့ အခုလို လုပ်နေရတာကို အင်မတန်ကြီး ကျေနပ်
အင်မတန်ကြီးပျော်နေတယ် ထင်တယ်၊
တခါမှာလည်း ပန်နစ် နေရှူးဟာ အိန္ဒိယတနေရာမှာ သံမဏိ စက်ရုံကြီးတည်နေတာ
သွားကြည့်ရအောင်လို့ ခေါ်တာနဲ့ ဦးနုလိုက်သွားတယ်။ ပန်နစ်နေရှူးနဲ့ ဦးနုတို့
လေယာဉ် ပေါ်က ဆင်းတာနဲ့ တပြိုင်နက်တည်း အဲဒီအရပ်က ပုလိပ်အရာရှိက
ပန်နစ်နေရှူးကို အစီရင်ခံတယ်။ သူ့ အစီရင်ခံချက်အရ လေယာဉ်ကွင်း အပြင်ဘက်မှာ
လူထုနှစ်စု စောင့်နေတယ်။ တစုက ပန်နစ်နေရှူးကို ကြိုဆိုဘို့ဖြစ်တယ်၊
နောက်တစုကတော့ ပန်နစ်နေရှူးကို ဆန့်ကျင်ဘက် ဆန္ဒပြလို့ ကွန်မြူနစ်တွေက
တယောက်ကို တကျပ်စီ ပေးပြီး ခေါ်လာတာ ဖြစ်တယ်။ ကွန်မြူနစ်တွေ ခေါ်လာတဲ့
လူထုရဲ့ လက်ထဲမှာ အလံဖြူကလေးတွေကိုင်ထားတယ်ဆိုတာက ပန်နစ်ကြီးနဲ့

ဦးနုတို့သိရတယ်။ ပန်နစ်ကြီးတို့စီးလာတဲ့ ဂျစ်ကားဟာ ကြိုဆိုတဲ့လူထုကို အခုင်တွေ့ရတယ်။ အဲဒီလူထုဟာ ပန်နစ်ကြီး သွားတဲ့နေရာတကာတိုင်းက လူထုတွေအတိုင်း တခဲနက် အော်ဟစ်ပြီး ပန်းကုန်းတွေ နဲ့ ပစ်ရင်း ပန်နစ်ကြီးကို ခရီးဦး ကြိုဆို ပြုကြပါတယ်။ ကွန်မြူနစ်တွေ ခေါ်လာတဲ့ လူထုဘက်ကို ကျောက်လာတဲ့အခါ ဘာတွေများ လုပ်ကြဦးမလဲလို့ ဦးနု စောင့်ကြိုကြည့်တယ်။ ကွန်မြူနစ်ခေါင်းဆောင် လေးငါးဦးက ပန်နစ် နေရူးကို ဆန့်ကျင်တဲ့ ကြွေးကြော်သံတော် အော်ဟစ်ပြီး ဆိုကြတယ်။ လူထုက လိုက်မဆိုယုံသာမကဘူး။

သူတို့ အရှေ့ကို ပန်နစ်နေရူးရောက်လာတာနဲ့ တဝဲပိုင်နက် လက်အုပ်ချီပြီး ဟန္ဒူဘာသာလို ကန်တော့ပါတယ်လို့ဆိုကြတယ်၊ ပန်နစ်နေရူးဟာ ဦးနုဘက်ကိုလှည့်ပြီး ဒီလူတွေဟာ ကွန်မြူနစ်တွေက တယောက်တကျပ်ပေးပြီးခေါ်လာတဲ့ လူတွေလို့ပြောလိုက်တဲ့အခါ ဦးနုက သူသိပါတယ်။ ပန်နစ်ကြီးလို့ ပြန်ဖြေလိုက်တယ်၊

လူထုနဲ့ ပန်နစ်ကြီးဟာ ဘယ်လောက် ရင်းနှီးတယ်တယ်ဆိုတာ အကဲခတ်နိုင်အောင် သာဓကတခုကို ဒီနေရာမှာ ဖေါ်ပြလိုက်ရအုံးမယ်၊ ဟန္ဒူတကသိုလ်မှာ ဦးနုမိန့်ခွန်းပြောပြီးတဲ့အခါ ဘုရင်ခံက ပန်နစ်ကြီးနဲ့ ဦးနုကို ညစာစားပွဲတခုနဲ့ဧည့်ခံတယ်၊ နောက်ဆုံးပန်းကန်ကို ဧည့်သည်တွေရှေ့မှာချပြီးတာနဲ့ တပြိုင်နက် စားပွဲထိုးသမားတွေဟာ သူတို့အချင်းချင်း ကြိုတင်စီစဉ်ထားတဲ့အတိုင်း ပန်နစ်ကြီးရဲ့နောက်မှာ တိတ်တိတ်ကလေး စီတန်းပြီး ရပ်ကြတယ်၊ အသင့်စောင့်နေတဲ့ ဓာတ်ပုံဆရာက ပန်နစ်ကြီးနဲ့ သူ့နောက်က တန်းစီပြီး ရပ်နေကြတဲ့ စားပွဲထိုးသမားတွေကို ဓာတ်ပုံရိုက်လိုက်တယ်၊ ပန်နစ်ကြီးဟာ စားပွဲထိုးတွေရဲ့ အကြံပိုင်ပုံကို ချီးကျူးတဲ့အနေနဲ့ ပြုံးနေတယ်၊ တခြားဝန်ကြီးချုပ် တဦးဦးသာဆိုရင် စားပွဲထိုးတွေဟာ ဒီအစီအစဉ်မျိုးကို တကယ်လုပ်ဖို့မပြောနဲ့ စဉ်းတောင် စဉ်းစားရဲမှာ မဟုတ်ဘူး၊

ထမ်းဆောင်နေရတဲ့ တာဝန်ကလည်း အင်မတန်ကြီး၊ တိုင်းပြည်နဲ့ လူထုအတွက် သောကတွေကလည်း အင်မတန်များပြား၊ အသက်ကလည်း မငယ်လှတော့တဲ့အတွက် ပန်နစ်ကြီးဟာ အင်မတန်ပင်ပမ်းနေတယ်၊ သူနဲ့ စကားထိုင်ပြောနေရင်း သူဟာ အလုပ်ပင်ပမ်းလွန်းလို့ ဆိုဖာပေါ်မှာ အိပ်ပျော် ပျော်သွားတာကို ဦးနု မကြာခဏတွေ့ခဲ့ဖူးတယ်၊ တခါမှာ ပန်နစ်နေရူးရယ် ဦးနုရယ် ဗမာနိုင်ငံခြားရေးအတွင်းဝန် ဘာရင်တန်ရယ် ထိုင်ပြီး စကားပြောနေကြတယ်၊ ဦးနုက ခိုင်းလို့ တရုတ်–ဗမာ နယ်ခြားစာအုပ်ကို ဘာရင်တန်က ရှင်းပြနေရင်း ပန်နစ်နေရူးဟာ အိပ်ပျော်သွားတယ်၊ ဒီလိုမြင်ရတာဟာ ပထမအကြိမ်ဖြစ်နေတဲ့အတွက် ဘာရင်တန်ဟာ ဘာလုပ်ရမှန်းမသိဖြစ်နေတယ်၊ အဲဒါကြောင့် ဒီမှာပြောတာတော်ပြီ။ မင်းသွားချင်သွားတော့ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်နဲ့ တွေ့တဲ့အခါ အဲဒီ တရုတ်–ဗမာစာချုပ်

အကြောင်းကို စုံစုံလင်လင်ပြောပြလိုက်ပါလို့ ဦးနုက ဘာရင်တန်ကို တိုးတိုးလေးပြောပြလိုက်ရတယ်၊ အနောက်နိုင်ငံကအိန္ဒိယအစိုးရအဖွဲ့ရဲ့ ခေါင်းဆောင်တွေဆိုရင် နှစ်လတခါ။ သုံးလတခါ ဆိုသလို ပင်လယ်ကမ်းခြေမှာ အနားယူတာတို့ တောင်ပေါ်စခန်းမှာ လေညှင်းခံတာတို့။ ရွက်သင်္ဘောနဲ့ ပင်လယ်ထဲမှာ အပမ်းဖြေတာတို့ကို လုပ်လုပ်ပေးရတယ်၊
ပန်နစ်ကြီးမှာ ဒါမျိုးတွေမရှိဘူး၊ သူ့ရဲ့အပမ်းဖြေဆေးဟာ သူချစ်တဲ့လူထုဘဲ၊ တခဲနက်အုံကြွနေတဲ့လူထုလို ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ကုန်ကြတယ်၊ စန်ချီကိုသွားဘို့အတွက် နယူးဒေလီက ထွက်လာတုန်းက အင်မတန်ပင်ပမ်းနေတဲ့အတွက် ပန်နစ်ကြီးဟာ လေယာဉ်ပျံပေါ်မှာ အသာမှိန်းပြီး လိုက်လာရတယ်၊ ဦးနုလည်း ပန်နစ်ကြီး နားချင်နားပါစေတော့လို့ စဉ်းစားပြီး လေယာဉ်ပျံပေါ်မှာ သူ့ကို ဘာစကားမှမပြောဘူး၊ အဲဒီလို ပင်ပမ်းနေတဲ့ ပန်နစ်ကြီးဟာ လေယာဉ်ပျံကွင်းဝမှာ အသင့်စောင့်နေတဲ့ လူထုကို မြင်ရတဲ့အခါ။ သူပင်ပမ်းနေတာတွေပျောက်ကုန်တယ်၊ သူ့မျက်နှာကိုကြည့်ရတာအတော် ကြည်ကြည်လင်လင်ဖြစ်လာတယ်၊ အမိုးဖွင့်ထားတဲ့ ဂျစ်ကားပေါ်မှာ အရာရှိတယောက်က ဒရိုင်ဘာရဲ့ ဘေးမှာထိုင်တယ်၊ ပန်နစ်နေရူးနဲ့ ဦးနုတို့က ဂျစ်ကားပေါ်မှာ အထူးလုပ်ထားတဲ့ သံတန်းကိုကိုင်ပြီး မတ်တပ်လိုက်ကြတယ်၊ ဂျစ်ကားဟာ သူတို့အနားကို ရောက်တာနဲ့တပြိုင်နက် လူထုဟာသူတို့ အသင့်ဆောင်ထားတဲ့ ပန်းကုံးတွေ ပန်းပွင့်တွေနဲ့ ပန်နစ်ကို ဝိုင်းပေါက်ကြတာဘဲ၊ ပန်နစ်ကလည်း အဲဒီ ပန်းကုံးတွေ။ ပန်းတွေကို မိသလောက်လိုက်ဖမ်းပြီး လူထုကိုပြန်ပေါက်တယ်၊ တနေရာမှာတော့ ကျောင်းသူမလေး ပေါက်လိုက်တဲ့ ပန်းကုံးဟာ ပန်နစ်ကြီးရဲ့ မျက်လုံးကိုမှန်သွားတယ်၊ ပန်နစ်ကြီးဟာ ဂျစ်ကားကို ချက်ချင်းအရပ်ခိုင်း အဲဒီပန်းကုံးနဲ့ပေါက်တဲ့ကျောင်းသူမလေးဘက်ကိုလည့် ပန်းကုံးမှန်သွားတဲ့ သူ့မျက်စိကိုလက်တဖက်နဲ့ အသာအုပ်ထားပြီး (အေ့ခ်ဒပ်စတူးဟဲ) လို့ ဟိန္ဒူလိုလှမ်းငေါက်လိုက်တယ်၊ ဒါဟာ ထုံးစံလားလို့ ဗမာလို အဓိပ္ပာယ်ရတယ်၊ သူ့လူထုကလည်း သူတို့ရဲ့ခေါင်းဆောင်အကြောင်း ကောင်းကောင်းသိနေတယ်ဆိုတော့ သူငေါက်တိုင်း ကြောက်မသွားဘူး၊ ဒါထုံးစံဘဲလို့ သူ့ကို ပြန်အော်ပြောပြီး တောက်ထပ်ပန်းကုံးတွေ ပန်းတွေနဲ့ ဝိုင်းပေါက်ကြရင်း တဝါးဝါးနဲ့ ပျော်နေကြတယ်၊ ပန်နစ်လည်း နောက်ထပ်ဘာမှ မပြောတော့ဘူး၊ သူ့မျက်လုံးကို လက်တဖက်နဲ့ ကာပြီး မော်တော်ကားကို ဆက်အမောင်းခိုင်းလိုက်တယ်၊
ဓါတ်တော်တွေကို ယာယီစံကျောင်းတော်က တောင်ပူစာပေါ်မှာရှိတဲ့ ဓါတ်တော်တိုက်ကို ပြောင်းရွှေ့တဲ့အခါ အခမ်းအနားနဲ့ ရွှေ့တယ်၊ အခမ်းအနား အစီအစဉ်ထဲမှာ ပန်နစ်နေရူးနဲ့ ဦးနုတို့ဟာ ဓါတ်တော်နောက်က ကပ်လိုက်သွားရုံဘဲ၊ ဘာမှ လုပ်စရာမလိုဘူး၊ တောင်ပေါ်က ဓါတ်တော်တိုက်ကို ရောက်တဲ့အခါမှာသာ

ပန်နစ်ကြီးဓါတ်တော်ကြုတ်ကို ပင့်လာတဲ့လူရဲ့ လက်ထဲကယူပြီး ဌာပနာတိုက်ထဲမှာ ထားရမယ်၊ ဒါပေမဲ့ ဦးနုဟာ မဟာဗောဓိအသင်းရဲ့ လူကြီးတွေကို တောင်းပန်ပြီး ဓါတ်တော်ကြုတ်ကို သူ့ခေါင်းပေါ်မှာပင့်သွားတယ်၊ ပါလာတဲ့ လူထုကြီးကိုထိန်းဘို့အတွက် ပုလိပ်တွေလည်းရှိတယ်၊ တခြားလူတွေလည်း အများကြီးရှိတယ်၊ ဒါပေမဲ့ ပိုပြီး စိတ်ချရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဘဲ ထင်ပါရဲ့၊ ပန်နစ်ကြီးဟာ နောက်ကပါလာတဲ့ လူထုဘက်ကိုမျက်နှာမူပြီး တောင်ပူစာပေါ်မှာ ပေါက်ထားတဲ့ မြေကြီးတက်လာတာမဟုတ်ဘူး၊ သူ့ပါးစပ်က အော်ပြောလိုက် သူ့လက်ထဲက ဒုတ်တိုကလေးကို ထောင်ပြလိုက်နဲ့ သူ့လူထုကို ထိန်းပြီး တက်လိုက်လာတယ်၊

ဦးနုဟာ ဓါတ်တော်ကို သူ့ခေါင်းပေါ်မှာပင့်ပြီး တောင်ပူစာပေါ်ကိုတက်လာရင်း သူစိတ်ကူးတွေဟာ နှစ်ပေါင်း နှစ်ထောင်ကျော်လောက်က အသောကခေတ်ကို ဖြုန်းကနဲရောက်သွားတယ်၊ ရှင်ဘုရင်အသောကဟာ ဒီစန်ချီမှာ ကျောက်စေတီတည်ပြီး အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ရဲ့ ဓါတ်တော်တွေကို ကိုယ်တိုင်ဌာပနာ သွားခဲ့တယ်၊ အခုလည်း ဒီစန်ချီမှာ စံကျောင်းတော်တခု တည်ဆောက်ပြီး ဒီဓါတ်တော်တွေကိုဘဲ ပန်နစ်ကြီးကိုယ်တိုင် ဌာပနာရတော့မယ်၊ အိန္ဒိယနိုင်ငံတော်အလံမှာ အသောကတံဆိပ်ကိုဘဲ ပန်နစ်ကြီး ပြန်သုံးတယ်၊ အိန္ဒိယပြည်သူလူထုကြီး တရပ်လုံးဟာ အသောကဝင်စားတာဖြစ်မှာဘဲ၊ ပန်နစ်ကြီးဟာ အသောကဖြစ်တုန်းက ငါလည်းသူနဲ့ချစ်ခင်တဲ့ မိတ်ဆွေတဦးဦးတော့ဖြစ်မှာဘဲ၊ ဘယ်သူများ ဖြစ်ပါလိမ့်မလဲ၊ အတိတ်ဘဝတွေကို ပြန်ပြီးမြင်နိုင်တဲ့ ပုဗေနိဝါသနုတိ အဘိညာဉ်ကိုသာ ငါရမယ်ဆိုရင် အဲဒီတုန်းက ငါဟာဘာလဲဆိုရင် ငါပြန်ကြည့်နိုင်မှာဘဲလို့တွေးရင်း ပတ်ဝန်းကျင်တွေကို သတိမေ့ပြီး ဦးနုဟာ တယောက်ထဲ စိတ်ကူးယဉ်နေတယ်၊

ဓါတ်တော်တွေကို ဌာပနာပြီးလို့ ပြန်အလာ ပန်နစ်ကြီးမှာ ဘယ်ဘာသာမှ မရှိဘူးလို့ ကြားဖူးတယ်၊ အဲဒါမှန်ရဲ့လားလို့ ဦးနုက ပန်နစ်ကြီးကို မေးတယ်၊ ဒါပေမဲ့ သူဟာ ဗုဒ္ဓဘာသာဘက်ကိုတော့ ကိုင်းညွှတ်နေတယ်၊ (ူ ဓ ညေရူညေနိ အသတမျြေ ကြွှ့ပျာ) လို့ ပန်နစ်ကြီးက ဖြေကြားတဲ့အခါ ပန်နစ်ကြီးဟာ အသောကဝင်စားတာဖြစ်မှာဘဲဆိုတဲ့ ဦးနုရဲ့ ယုံကြည်မှုတွေဟာ ရှေးကထက်ပိုပြီး ခိုင်မာလာကြတယ်၊

၁၉၆၂ ခုနှစ် ဇန်နဝါရီလအတွင်း ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်မှာ (မင်္ဂလာ) နဲ့ (မေတ္တာ) (ညြေ့ါဂူေ ညေိ ြနြအအေ) မိန့်ခွန်းနှစ်ခုကို ဦးနုပြောရတယ်၊ ပန်နစ်ကြီးက အဲဒီမိန့်ခွန်းပွဲမှာ နာယကလုပ်ရတယ်၊ ပန်နစ်ကြီးနဲ့ ဦးနုတို့ဟာ ဗာရာဏသီမြို့ထဲက ဗာရာဏသီ မဟာရာဇာရဲ့အိမ်မှာ တည်းရတယ်၊ ဒုတိယအမိန့်ခွန်းကို ပြောပြီးတဲ့ ညနေပိုင်းမှာ မဟာရာဇာက ပန်နစ်ကြီးနဲ့ ဦးနုတို့ကို လက်ဘက်ရည်ပွဲနဲ့ ဧည့်ခံတယ်၊ ဧည့်သည်တွေပြန်သွားလို့ သူတို့နှစ်ယောက်တည်းရှိတဲ့အခါ ဦးနုက ပန်နစ်ကြီးကို

ဒီလိုစပြီး ပြောလိုက်တယ်၊
ပန်နစ်ကြီးခင်ဗျား ကျွန်တော့်ကို မအော်ဘူးဆိုရင် ခင်ဗျားကို ကျွန်တော် စကားတခွန်း လောက်ပြော ချင်တယ်၊
ဘာဖြစ်လို့အော်ရမှာလဲ ပြောပါ၊
နေ့တိုင်း မနက်အိပ်ယာထတကြိမ် ညအိပ်ယာဝင်တကြိမ် ဗုဒ်ဓံသရဏံ ဂစာမိ ဓမ်မံသရဏံ ဂစာမိ။ သံဃံသရဏံ ဂစာမိလို့ ဆိုလို့ ဆိုချင်တယ်၊ ဆိုနိုင်ပါ့မလား၊ ဆိုနိုင်ပါတယ်လို့ဆိုပြီး ဗုဒ်ဓံသရဏံ ဂစာမိ ဓမ်မံသရဏံ ဂစာမိ သံဃံသရဏံ ဂစာမိလို့ ဦးနုကို ပန်နစ်ကြီးက ခေါက်ဆိုပြတယ်၊
အိန္ဒိယကို နောက်တခေါက် အလည်လာရင် အိပ်ယာခေါင်းရင်းမှာ ထားပြီး ပန်နစ်ကြီးကို ကိုးကွယ်ဘို့အတွက် ညာဏ်တော်သေးသေး ကျောက်ဆင်းတု (သို့မဟုတ်) ကြေးဆင်းတုတဆူ ပင့်လာမယ်လို့ စိတ်ကူးပြီး ဦးနုရန်ကုန်ကို ပြန်လာတယ်၊ နောက်တလကျော်ကျော် လောက်ကြာတဲ့အခါ မတ်လ(၂)ရက်နေ့မှာ ဝန်ကြီးချုပ် ဦးနုဟာ အာဏာသိမ်းခံရတယ်၊ ထောင်တထောင်ထဲမှာ အချုပ်ခံနေရရင်း တနေ့ကျတော့ ထောင်အရာရှိတဦး ဦးနုဆီကိုလာပြီး ပန်နစ်နေရူး အနိစရောက်သွားပြီလို့ ကြားတယ်၊ သားအမိသားအဖ ဖြစ်ဖြစ် ညီအကိုမောင်နှမဖြစ်ဖြစ် လင်နဲ့မယား ဖြစ်ဖြစ် သူငယ်ချင်းမိတ်ဆွေဖြစ်ဖြစ် တဦးနဲ့တဦး ချစ်ခင်ကြတဲ့သူတွေဟာ တနေ့သောအခါ ကွဲကြရမှာ ဓမတာဘဲ ရှင်ကွဲသော်လည်းကောင်း၊ သေကွဲသော်လည်းကောင်း ကွဲရမယ်လို့ စဉ်းစား၇င်း ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိချေ၏ ဆိုတဲ့ သံဝေဂ သံပေါက်ကလေးကို အကျဉ်းသား ဦးနုဟာ အကြိမ်ပေါင်းများစွာ တယောက်တည်း ရွတ်ဆိုနေတယ်၊

တရုတ်ပြည်
(က)
တရုတ် ကွန်မြူနစ်တွေဟာ ၁၉၄၉ခုနှစ်အတွင်းမှာ တရုတ်ပြည်မကြီး တခုလုံးကို သိမ်းယူနိုင်ခဲ့တယ်။ အဲဒီအချိန်ကစပြီး တရုတ်ပြည်နဲ့ အမေရိကန် ပြည်ထောင်စုတို့ရဲ့ ပဋိပက်ခ ဟာ တနေ့တခြား ပိုမိုပြင်းထန်လာတဲ့အ တွက် ဒီနိုင်ငံကြီး နှစ်နိုင်ငံဟာ စစ်ဖြစ်တော့မလား ဆိုပြီး တကဘာလုံး ရင်တမမနဲ့ စောင့်ကြည့်နေကြရတယ်။
ဦးနုဟာ ကဘာသူကဘာသား တဦးဖြစ်တဲ့အတွက် အခုပြောသလို စောင့်ကြည့်နေတဲ့သူတွေရဲ့ ထဲမှာ တဦး အဖြစ်နဲ့ ဧကန်မုချ ပါမှာပါဘဲ။ ဒါပေမဲ့ တခြားကဘာသူကဘာသားအတော်များများထက် ပိုပြီး ရင်တမမ ဖြစ်စ ရာ အကြောင်း တခု ဦးနုမှာရှိနေတယ်။ ဒီအကြောင်းကို ဒီနေရာမှာ နည်းနည်းလောက်ပြောပါရစေ၊
ဦးနုဟာ ဒုတိယကဘာစစ်ကြီးအတွင်းက ၁၉၄၀ ပြည့်နှစ ဒီဇင်ဘာလထဲမှာ စေတနာကောင်းအဖွဲ့ဝင် (ႀသသိတင္ ၁ျျငသည ) တဦးအဖြစ်နဲ့ တရုတ်ပြည်

ကွန်မင်း ချွန်ကင်း၊ ချန်တူးမြို့ ၃ခုကို ရောက်သွားခဲ့ဘူးတယ်။ အဲဒီတုန်းက ဖက်ဆစ် ဂျပန်တွေက ဗုံးတွေနဲ့ကြဲ အမြောက်တွေနဲ့ပစ်ထားလို့ တရုတ်တွေ ရစရာမရှိအောင် သေကြေနေကြတာတွေကို အထူးသဖြင့် ခလေးလေးတွေ အတုံးအရုံးနဲ့ သေနေကြတာကို ဓာတ်ပုံတွေထဲမှာ မြင်ခဲ့ရတယ်။ နောက်ပြီးတော့ စစ်ထဲမှာ မိဘတွေ သေဆုံးသွားတဲ့အတွက် မိဘမဲ့ကလေးတွေကို တရုတ်အစိုးရက စောင့်ရှောက်ထားရတယ်။ အဲဒီခလေးတွေရဲ့ ကျောင်းတွေ ၊ နို့ထိန်းဂေဟာ တွေ ကိုလည်း ဦးနုရောက်ခဲ့ရတယ်။ အဲဒီဓာတ်ပုံတွေနဲ့ အဲဒီခလေးတွေကိုတွေ့တဲ့အခါမှာ လူတွေတောထဲမှာမငိုမိအောင် ဦးနု တော်တော်ထိန်းခဲ့ရတယ်။ နှစ်ပေါင်းများစွာ ကြာလာပေမယ့်လည်း တရုတ်ပြည်မှာ ဦးနုမြင်ခဲ့ ရတာတွေ ပျောက်မသွားဘူး။ သူ့နှလုံးသားထဲမှာ ခပ်နက် နက် ထွင်းထားသလို ဖြစ်ပြီး တရုတ်ခလေးတွေပေါ်မှာ ဦးနုရဲ့ သံယောဇဉ်ဟာ ခိုင်မာနေတယ်။ အဲဒီ သံယောဇဉ်ကြောင့် တရုတ်ပြည်နဲ့ အမေရိကန် ပြည်ထောင်စု တို့ စစ်များဖြစ်ရင် အမေရိကန် ဗုံးဆံ၊ အမြောက်ဆံတွေအောက်မှာ အပြစ်မဲ့ တရုတ်ကလေးတွေ ဟာ သိန်းနဲ့ သန်းနဲ့ ချည်ပြီး အတုံးအရုံး သေကြရအုံးမယ်ဆိုတဲ့ သနားစိတ်တွေဟာ ဦးနုကို ထမင်းလုံး တဆေ ခြောက်သလို လိုက်ခြောက်နေတယ်။
ဒိနိုင်ငံကြီးနှစ်ခု စစ်မဖြစ်အောင် သူလို ပမွှားတယောက်ဟာ ဘာတတ်နိုင်မှာလဲ။ ဒါပေမဲ့ မတတ်နိုင်ဘူးဆိုပြီး ဒီကိတ်စကို သူလက်ပိုက် ကြည့်မနေခြင်ဘူး။ ဦးနှောက်ထက် နှလုံးသားက ပိုကြီးနေတဲ့ ဦးနုဟာ သူ့ဝါသနာအရ တခုခု လုပ်ချင်နေတယ်။ ဘာမှ မလုပ်နိုင်ဘူးဆိုရင်တောင် အခွင့်ကောင်းရတဲ့အခါ တရုတ်ခေါင်းဆောင်တွေနဲ့ အမေရိကန် ခေါင်းဆောင်တွေကို ခေါင်းဆောင်ကြီးများခင်ဗျာ။ ရန်သူမဖြစ်ကြပါနဲ့ မိတ်ဆွေ ဖြစ်ကြပါ၊ ဆိုတာကလေးလောက် ကိုတော့ အနဲဆုံးအဖြစ်နဲ့ သူပြောချင်နေတယ်။ အဲဒီလိုပြောဘို့ အခွင့်ကောင်း ရှာနေတုန်း ၁၉၅၄ခုနှစ် မှာ တရုတ် ဝန်ကြီးချုပ် ချောင်အင်လိုင် ရန်ကုန်ကို အလည်ရောက်လာတယ်။ သူရဲ့ ဖိတ်ကြားချက်အရ ဦးနုဟာ ၁၉၅၄ ခုနှစ် အကုန်လောက်မှာ ပီကင်းကို အလည်လာဘို့ သဘောတူလိုက်ပြီး သူအင်မတန်ပြောချင်နေတဲ့ တရုတ်အမေရိကန် ချစ်ကြည်ရေးအကြောင်း ကို တရုတ်ပြည်မှာ သူပြောရတော့မယ်လို့ တွေးရင်း ဦးနု ဝမ်းအသာကြီးသာနေတယ်။
(ခ )
တရုတ်ပြည်ခရီးထွက်ခါနီး ကျင်းပတဲ့ ဝန်ကြီးများအစည်းအဝေးတခုမှာ ဝန်ကြီးချုပ်ချောင်အင်လိုင်း နဲ့ တွေ့တဲ့အခါ တရုတ် –ဗမာ နယ်နမိတ် သတ်မှတ်ဘို့ ကိတ်စကို ဆွေးနွေးခဲ့ပါလို့ ဝန်ကြီးတွေက ဝန်ကြီးချုပ်ဦးနုကို ဝိုင်းပြီးမှာကြတယ်။ ဒုတိယ ဝန်ကြီးချုပ် ဦးကျော်ငြိမ်းကဆိုရင် အနောက်နိုင်ငံသားတွေ ရေးထားတဲ့ စာအုပ် သုံးလေးအုပ် ယူလာပြီး အဲဒီစာအုပ်တွေ ထဲက တရုတ် –ဗမာ နယ်ခြားနဲ့ ဆိုင်တဲ့ စာပိုဒ် တွေ ဖတ်ပြတယ်။ ဦးကျော်ငြိမ်းရဲ့ အဆိုအရဆိုရင် ဒီစာပိုဒ်တွေကို ကိုးကားပြီး

ပြည်ထောင်စု မြန်မာနိုင်ငံထဲက နယ်မြေတခုလေးကိုမှ မပေးဘဲ ဗမာတွေ ပိုင်ခဲ့တဲ့
နယ်မြေ ဆိုပြီး တရုတ်ပြည်ထဲက ရှစ်ဆောင် ပ.ဒ: ဆိုတဲ့ နယ်မြေကို ရအောင်
ဝန်ကြီးချုပ်ဦးနုဟာ တောင်းလာခဲ့စေချင်တယ်။ ဝန်ကြီးချုပ်ဦးနုဟာ ဒီမူကို
သဘောမကျဘူး။ တရုတ်–ဗမာ နယ်ခြားသတ်မှတ်ရေးကိတ်စမှာ ဗမာအစိုးရက
စာအုပ်တွေ စာရွက်စာတမ်းတွေ စာချုပ်တွေကို ကိုးကာလိမ့်မယ်။
ဝန်ကြီးချုပ်ချူအင်လိုင်း ဗမာပြည် အလည်လာတုန်းက ကေအမ်တီနဲ့
ကွန်မြူနစ်အစိုးရတို့ ထုတ်ဝေခဲ့တဲ့ တရုတ်ပြည် မြေပုံထဲမှာ မြစ်ကြီးနားမြို့ရဲ့
မြောက်ဘက် က နယ်မြေတေါ မှန်သမျှ ပါနေတယ်လို့ ဦးနုက ပြောတဲ့အခါ တရုတ်
– ဗမာ စာချုပ်တခုအရ ဒီလိုဖြစ်ရတာလို့ ဝန်ကြီးချုပ်ချူအင်လိုင်းက ပြောဖူးတယ်။
ဒီစာချုပ်မှာ ဗမာရှင်ဘုရင်တွေလက်ထက်က တရုတ် အစိုးရ နဲ့
ဗမာအစိုးရတို့ချုပ်ခဲ့တဲ့ စာချုပ်ဖြစ်တယ်။ အဲဒီစာချုပ်ထဲမှာ အခုပြောခဲ့တဲ့ မြစ်ကြီးနား
မြို့မြောက်ဘက် က တရုတ်ပိုင် နယ်မြေတွေကို တရုတ် အာဏာပိုင်တွေ
သွားနိုင်ဘို့အတွက် တရုတ် သဘော်တွေဟာ ဧရာဝတီ မြစ်တလျှောက်
ဗန်းမော်မြို့အထိ ဆန်တက်ခွင့်ရှိတယ်လို့ ဖော်ပြထားတယ်။ ဒါပေမဲ့ ဒါတွေကို
စိုးရိမ်စရာ မရှိပါဘူး။ တရုတ် –ဗမာ နယ်နမိတ် သတ်မှတ်တဲ့အခါ တရားသဖြင့်
ဖြစ်အောင် လုပ်ပေးပါမယ်လို့ တရုတ်ဝန်ကြီးချုပ်ချူအင်လိုင်းက ပြောသွားဖူးတယ်။
အဲဒီတော့ ဗမာအစိုးရက စာအုပ်တွေ စာရွက်စာတမ်းတွေစာချုပ်အဟောင်းတွေကို
ကိုးကားလိုက်ရင် တရုတ်အစိုးရကလည်း သူတို့မှာ ရှိတဲ့စာချုပ်တွေ ။
စာအရွက်စာတမ်းတွေ စာချုပ်အဟောင်းတွေကို ကိုးကား လာလိမ့်မယ်။ ဒီလိုဆိုရင်
တရုတ် –ဗမာ နယ်ခြား သတ်မှတ်ရေးကိတ်စဟာ သိပ်ကြာသွားလိမ့်မယ်။
တရုတ်တွေအတွက် ကြာလို့ ကိတ်စ မရှိဘူး။ သူတို့စောင့်နိုင်တယ်။ ဗမာတွေက
မစောင့်နိုင်ဘူး။ အဲဒီတော့ သူ့သဘောအရဆိုရင် တရုတ် ဗမာ နယ်ခြားသတ်မှတ်ရေး
ဆွေးနွေးတဲ့အခါ  ဒီစာအုပ်တွေ စာရွက်စာတမ်းတွေ စာချုပ်ဟောင်းတွေကို
မကိုးကားချင်ဘူး။ သူ့အထင်ကို ပြောရရင် တရုတ်ကွန်မြူနစ်ခေါင်းဆောင်တွေဟာ
ဖဆပလခေါင်းဆောင်တွေကို ယုံကြည်လာတာနဲ့အမျှ တရုတ်–ဗမာ
နယ်ခြားသတ်မှတ်ရေးကိတ်စဟာ လွယ်ကူလာမယ်။ အဲဓိတော့ တရုတ် –ဗမာ
နယ်ခြားသတ်မှတ်ရေး ကိတ်စ ကို သိပ်မလောနဲ့၊ ဒါပေမဲ့ တရုတ် အစိုးရကို
ပြောသင့်သလောက် ပြောထားတာကတော့ မလွန်ပါဘူး။ ပြောနိုင်ပါတယ်။
အဲဒီလိုပြောပြီး တခြားတဘက် တရုတ်–ဗမာ ချစ်ကြည်ရေးကို အစွမ်းကုန်
တည်ဆောက်ပေးရမယ်။ တရုတ် – ဗမာ ချစ်ကြည်ရေးတိုးတက်လာတာနဲ့အမျှ
တရုတ် ကွန်မြူနစ ခေါင်းဆောင်တွေဟာ ဖဆပလ ခေါင်းဆောင်တွေကို
ယုံကြည်လာမယ်။ အဲဒိလို ယုံကြည် လာတဲ့တနေ့မှာ ဒီတရုတ် –ဗမာ
နယ်ခြားသတ်မှတ်ရေးကိတ်စဟာ ရာခိုင်နှုန်း ၈၀ ကျော်ပြီးနေပြီလို့

သူယုံကြည်တဲ့အကြောင်း ဝန်ကြီးချုပ် ဦးနု က ရှင်းပြတယ်။ ဝန်ကြီးချုပ်ရဲ့ နည်းပရိယာယ်ကို ဦးကျော်ငြိမ်းနဲ့တကွ ဝန်ကြီးများအဖွဲ့က လက်ခံပါတယ်။
(ဂ)
၁၉၅၄ ခုနှစ် ဒီဇင်ဘာ လအစပိုင်းလောက်မှာ ဝန်ကြီးချုပ်ဦးနုဟာ တရုတ်ပြည်ကို အလည်သွားတယ်။ ဦးနုတို့ရဲ့ လေယာဉ်ပျံဟာ ပီကင်း လေယာဉ်ပျံကွင်းကို ဆိုက်တာနဲ့ တပြိုင်နက် သံအမတ် ဦးလှမောင်ဟာ သိုး မွေး ခေါင်းစွပ်တလုံးကိုကိုင်ပြီး လေယာဉ်ပျံပေါ်တက်လာတယ်။ လေယာဉ်ပျံကွင်းထဲမှာ သိပ်အေးနေတယ်။ ခေါင်းပေါင်း ပါးပါးလေးနဲ့ ဆင်းလို့မဖြစ်ဘူးဆိုပြီး ဝန်ကြီးချုပ်ဦးနုကို သံအမတ်က သိုးမွေးခေါင်းစွပ်ပေးတယ်။ အခမ်းအနားနဲ့ ကျကျနန ကြိုနေတဲ့နေရာမှာ ဒီခေါင်းစွပ်ကြီး စွပ်ပြီး မဆင်းချင်ဘူး။ အေးချင်အေးပစေ။ သူ့ခေါင်းပေါင်းကို ဘဲ ပေါင်းပြီး ဆင်းမယ်လို့ ဦးနုက ဖြေတယ်။ ဦးနုဟာ လေယာဉ်ပျံအပြင်ဘက်ကို ခြေတလှမ်းလှမ်းမိတာနဲ့ တပြိုင်နက် တကိုယ်လုံးတောင့်တက်သလို ဖြစ်သွားတယ်။ အဲဒါကြောင့် လေယာဉ်ပျံကွင်းမှာ ပြောဘို့ စီစဉ်ထားတဲ့ မိန့်ခွန်းကိုတောင် မပြောနိုင်ဘူး။ လာကြိုနေတဲ့ ပုဂိုလ်တွေနဲ့ ခပ်မြန်မြန် နှုတ်ဆက်ပြီး အပူဓာတ်လွှတ်ထားတဲ့ ကားထဲကို ခပ်မြန်မြန်ဝင်လိုက်ရတယ်။
ဧည့်ဂေဟာ မှာတနာရီလောက်နားပြီးတဲ့အခါ ဥက္ကဋ္ဌကြီး မော်စီတုန်းနဲ့ တွေ့ရတယ်။ ဥက္ကဋ္ဌကြီး မော် အတွေ့ခံမဲ့ အိမ်ကိုဝင်မိတာနဲ့ ဥက္ကဋ္ဌကြီးမော်၊ ဒုဥက္ကဋ္ဌကြီး လူရှောက်ချီနဲ့ ဒုတိယ သမတတို့ စီတန်းပြီးစောင့်နေကြတာ တွေ့ရတ်။ ဦးနုတို့လူစုဟာ အားလုံးနဲ့ လက်ဆွဲ နှုတ်ဆက်ကြပြီး ဧည့်ခန်းထဲကို သွားကြတယ်။ ဧည့်ခန်းထဲမှာ စားပွဲခုံအရှည်ကြီး ရှိတယ်။ အဲဒီစားပွဲခုံရဲ့ တဘက်မှာ ဥက္ကဋ္ဌကြီးမော်၊ ဒုဥက္ကဋ္ဌ လူရှောက်ချီနဲ့ ဒုသမတတို့ ထိုင်ပြီး ဦးနုတို့လူစုက အဲဒိပုဂိုလ်တွေနဲ့ စားပွဲခုံတဖက်မှာ မျက်နှာချင်းဆိုင်ထိုင်ရတယ်။ ဦးနုဟာ သူမှတ်မိသလောက် ဥက္ကဋ္ဌကြီးမော်နဲ့ ပီကင်းမှာ ၃ကြိမ်တွေ့ဘူးတယ်။ တွေ့ရတဲ့အကြိမ်တိုင်းမှာ ဥက္ကဋ္ဌကြီးမော်ဟာ ပြောခဲ့တဲ့အတိုင်း ဦးနုတို့လူစုကို ခရီးဦးကြိုပြုပြီး ဧည့်ခန်းထဲမှာ အခုလို ဆွေးနွေးကြတာဘဲ။
ဥက္ကဋ္ဌကြီးမော်နဲ့ တွေ့တဲ့အခါတိုင်း ဦးနုမျက်စိထဲမှာ တခြားဟာ တွေထက် ထူးထူးခြားခြား ပေါ်လွင်နေတာ တခုရှိတယ်။ အဲဒါက တခြားမဟုတ်ဘူး။ တဖက်သားကို အင်မတန်ကြင်နာတဲ့ စိတ်ဓာတ်တွေ တဖွားဖွား ပေါ်နေနတဲ့ ဥက္ကဋ္ဌကြီးမော်ရဲ့ မျက်နှာထားဘဲဖြစ်တယ်။ စကားစမြီ ပြောပြီးကြလို့ ဦးနုတို့ လူစု ပြန် ခါနီးတဲ့အခါ ဥက္ကဋ္ဌကြီးမော်က တရုတ်ပြည်ကို ဦးနုတို့လာတဲ့အခါ ဘယ်နေရာကိုဘဲ သွားချင်သွားချင် ပြောသာပြောပါ၊ အားလုံးရောက်အောင် ပို့ပေးပါမယ်။ တရုတ်အစိုးရဟာ လုပ်ငန်းပေါင်းတရာကျော်ကို စပြီး အကောင်အထည်ဖော်နေပြီ၊အဲဒါတွေ ပြီးသွားရင် တရုတ်ပြည်ဟာ ဗမာပြည်ကို

အများကြီးကူညီနိုင်လိမ့်မယ်လို့ ကြင်ကြင်နာနာပြောပါတယ်။
ဥက္ကဋ္ဌကြီး မော်ဆီက အပြန် ဝန်ကြီးချုပ် ချူအင်လိုင်း ရဲ့ အိမ်မှာ ညစာစားရတယ်။
ပီကင်းမှာ အိမ်ကောင်း အိမ်ကြီးအိမ်ကျယ်တွေ အများကြီး ရှိတယ်။
ဒါပေမဲ့ဝန်ကြီးချုပ်ချူအင်းလိုင်းဟာ အင်မတန် ချိုးခြံပြီး တရုတ် ဧကရာဇ် ဘုရင် ရဲ့
နန်းတော်ဝင်းကြီးအတွင်းက အိမ်ကလေးတလုံးမှာ နေတယ်။ တရုတ်ဧကရာဇ်
လက်ထက်တုန်းကဆို ရင် အဲဒီအိမ်ကလေးမှာ ရှင်ဘုရင်ရဲ့ စားတော်ကဲ ဒါမှ
မဟုတ်ရင် အဲဒီ စားတော်ကဲနဲ့ အဆင့်အတန်းတူတဲ့ ပုဂ္ဂိုလ်မျိုး နေသွားပုံပေါ်တယ်။
အနောက်နိုင်ငံသတင်းစာဆရာ တဦးက ဝင်ဒါမီယာဝင်းအတွင်းက ဝန်ကြီးချုပ်ဦးနုရဲ့
အိမ်ဟာ ကောင်ဆာဂျင်နရယ် ဆိုတဲ့ သံမှူးလေး နေတဲ့အိမ်ထက်
အများကြီးညံ့ဖျင်းတယ် လို့ ပျက်ရယ် ပြုခဲ့ရတာကို ဦးနုဟာ အများကြီး
ဂုဏ်ယူခဲ့ဘူးတယ်။ ဝန်ကြီးချုပ် ချူအင်လိုင်းရဲ့ အိမ်ကို မြင်ရတော့မှ
သူခြိုးခြံတယ်ဆိုတာ ဝနဝန်ကြီးချုပ်ချူအင်လိုင်း အိပ်နေသလောက်ဘဲ
ရှိသေးတယ်ဆိုတာ သူသိရတယ်။ ဝန်ကြီးချုပ်ချူအင်လိုင်းရဲ့ ဇနီးဟာ
အဲဒီအချိန်တုန်းက အကြောရောဂါ ဖြစ်နေတယ်၊ အဲဒါကြောင့်ဦးနု တို့နဲ့အတူ
ညစာမစားနိုင်ဘူး။ သူ့အခန်းထဲက ချိချိနဲ့နဲ နဲ့ ထွက်လာပြီး ဦးနုနဲ့ ဒေါ်မြရီကို
နှုတ်ဆက်ရုံဘဲ ဆက်နိုင်တယ်။
(ဃ )
တရုတ်ပြည်ကို ဦးနုရောက်တဲ့အချိန်မှာ တရုတ်ပြည်သူလူထုကြီး တရပ်လုံးဟာ
အမေရိကန်အစိုးရကို အထူးစိတ်နာနေကြတယ်။ အမေရိကန် အစိုးရကို အဲဒီလို
စိတ်နာနာနဲ့ အထူးအုံကြွပြီး အမေရိကန်ဆန့်ကျင်ရေးဆန္ဒ ပြပွဲတွေကို တရုတ် တွေ
ခနခန လုပ်နေကြတယ်။ တရုတ်တွေမှာ လူသိပ်များတယ် မဟုတ်လား။ အဲဒီတော့
ပီကင်းမြို့ရဲ့ ရပ်ကွက်တွေအားလုံးက လူထုတွေဟာ တဂုပ်ကွက်ပြီး တရပ်ကွက်
သူ့အချိန်နဲ့ သူ ထွက်ထွက်ပြီး ဆန္ဒပြနေလိုက်ကြတာဟာ တနေ့လုံး မဆုံးတော့ဘူး။
ဦးနုတို့အပြင်ထွက်တိုင်း အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြပွဲတွေကို တနေ့လုံး
အချိန်မရွေးတွေ့နေရတယ်။ ဧည့်ဂေဟာမှာ ထိုင်နေရင်လည်း အမေရိကန်
ဆန့်ကျင်ရေး ကြွေးကြော်သံတွေကို တရုတ်တွေ အသံကုန် ဟစ်နေတာ အချိန်မရွေး
ကြားနေရတယ်။
တရုတ်ပြည်သူလူထုကလည်း အခုလို ဖြစ်နေရတဲ့အထဲ ဦးနုကိုယ်တိုင်ကလည်း
မော်၊လျူ၊ ချောင် အစရှိတဲ့ တရုတ်ခေါင်းဆောင်တွေနဲ့ ဂုင်းရင်းနှီးနှီးမဖြစ်သေးဘူး။
သိခါစဘဲရှိသေးတယ်။ အဲဒီလိုအချိန်မျိုးမှာ တခြားဧည့်သည်တော်တွေသာဆိုရင်
ပီကင်းမြို့အလည်ခေါင် တရုတ် အစိုးရအဖွဲ့နှင့် တရုတ် ခေါင်းဆောင်ကြီးယ်တွေ
ရှေ့မှာ တရုတ်အမေရိကန် ချစ်ကြည်ရေးအကြောင်းပြောမယ် မထင်ဘူး။ အဲဒီအချိန်
အဲဒီနေရာမျိုးမှာ ဒီလိုမိန့်ခွန်းမျိုးကို ဇေကန် စဉ်းစားမိမှာဘဲ၊ ဦးနု ကတော့
အင်မတန်ညံ့တဲ့လူ ဒီလို စဉ်းစားနိုင်တဲ့ညာဏ် သူ့မှာ မရှိဘူး။ ဒိမိန့်ခွန်းကို

သူပြောမယ်လို့ သံမိဌာန်ချထားတယ်။ အဲဒီတော့ ဖြစ်ချင်ရာ ဖြစ်ပစေ၊ ဘယ်နည်းနဲ့မဆို သူပြောရမယ် ဆိုတာကို ဘဲ သူစဉ်းစားနေတယ်။ တိုင်ပင်နေရင် မပြောပါနဲ့လို့ ဝိုင်းဖျက်နေမှာ တွေးမိတာနဲ့ ဒီမိန့်ခွန်းကို ပြောမယ်ဆိုတာ သူ့ဝန်ကြီးအဖွဲ့ကိုလည်း ဘာမှ မပြောဘူး။ ပီကင်းမှာရှိတဲ့ သံအမတ်ကိုလည်း သူအသိမပေးဘူး။ တရုတ်ပြည်ကို သူနဲ့ ပါလာတဲ့ ကိုယ်စားလှယ်အဖွဲ့ကိုလည်း သူမတိုင်ပင်ဘူး။ အခွင့်ကောင်းရတာနဲ့ ဝန်ကြီးချုပ်ဦးနုဟာ ဒီတရုတ် အမေရိကန် ချစ်ကြည်ရေး မိန့်ခွန်းတောကြီးကို ပြောချလိုက်တာပါဘဲ။ ဒီမိန့်ခွန်းမှာ စာပိုဒ် ၁၀ ပိုဒ် လောက်ပါရှိလိမ့်မယ်။ ပထမ ၅ ပိုဒ် လောက်မှာ ဗမာနိုင်ငံဟာ နိုင်ငံငယ်လေးဖြစ်နေတာတော့ အမှန်ဘဲ။ ဒါပေမဲ့ ဘယ်နိုင်ငံကြီးတွေရဲ . လက်ကိုင်တုတ်မှ အဖြစ်မခံဘူး၊ ဗမာနိုင်ငံဟာ မိတ်ဆွေ အဖြစ်နဲ့ ပေါင်းသင်းနေနိုင်တဲ့ နိုင်ငံတွေအပေါ်မှာ ဘယ်နည်းနဲ့မှ သစ်စာ မဖေါက်ဘူး။ ဗမာနိုင်ငံဟာ ငြိမ်းချမ်းရေးကို တခြားအချက်တွေထက် ပိုပြီး အလိုရှိတယ်။ အစရှိတဲ့အကြောင်းတွေကို ထည့်ပြောသွားတယ်။ ဦးနု မိန့်ခွန်းပြောတဲ့အခါ ဗမာလိုပြောတယ်။ ဗမာလိုတပိုဒ်ပြောပြီးသွားရင် တရုတ် စကားပြန်က တရုတ်လို ဘာသာပြန်ရတယ်။ အဲဒိလို ဘာသာပြန်ပြီးတာနဲ့ တပြိုင်နက် ထမင်းစားပွဲ တက်ရောက်လာတဲ့ ပရိသတ် တွေဟာ သဘောကျတဲ့အနေနဲ့ လက်ခုပ်တွေ တဖြောင်းဖြောင်း ဝိုင်း တီးကြတာ ဆူညံသွားတာဘဲ။

ကျန် ၅ ပိုဒ် လောက်မှာတော့ ဦးနုဟာ တရုတ် – အမေရိကန် ချစ်ကြည်ရေး အကြောင်းကို ထည့်ပြောသွားတယ်။ အဲဒီလိုပြောတဲ့နေရာမှာ အမေရိကန် တွေဟာ ဒိကဘာကြီးကို အခုထက် ပိုပြီး ကောင်းလာအောင် လုပ်ပေးနိုင်တဲ့ လူစွမ်းကောင်းတွေဖြစ်တယ်။ ကဘာကြီးကို နာဇီနဲ့ ဖက်ဆစ်တွေရဲ့ ဘေးအန္တရာယ်ကနေ လွတ်မြောက်အောင် ကယ်တင်ပေးခဲ့တဲ့ အာဇာနည် တွေဖြစ်တယ်။ ဒုတိယ ကဘာစစ်ကြီးအတွင်းက ဒီအမေရိကန် အာဇာနည် တွေဟာ အသက်ပေါင်းများစွာ အဆုံးခံ၊ သွေးမြေ အကျခံပြီး စွန့်စားခဲ့ရတယ်။ စစ်ကြီး ပြီးပြန်တော့လည်း နိုင်ငံတော်တော်များများဟာ သူတို့ ရနိုင်သမျှ အတင်းယက်ပြီ း ယူနေကြတဲ့အထဲမှာ အမေရိကန် တွေကတော့ ဒီလို မလုပ်ဘူး။ ဒုက်ခ ရောက်နေကြရှာတဲ့ ကဘာသူ ကဘာသား သန်းပေါင်းထောင်ပေါင်းများစွာတန်တဲ့ လူသုံးပစ်စည်းတွေ နဲ့ စက်ကရိယာတွေ အမြောက်အမြား လှူဒါန်းခဲ့တယ် အစရှိသဖြင့် အမေရိကန် တွေကို ရက်ရက်ရောရော ချီးကျူး ပြောဆိုသွားတယ်။ တရုတ်အကြောင်းကို ပြောတဲ့အခါ တရုတ် တွေဟာ သတ်တိ ပြောင်မြောက်တဲ့လူတွေဖြစ်တယ်။ တဘက်သားအပေါ်မှာ အင်မတန် ထောက်ထားစာနာတတ်သူတွေဖြစ်တယ် တရုတ် ကွန်မြူနစ်ပါတီဆိုရင် တရုတ် ပြည်သူလူထုကြီးတရပ်လုံးအတွက် ကိုယ်ကျိုးမဖက်ဘဲ ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ပေးခဲ့တဲ့အတွက် တရုတ် ပြည်သူလူထုကြီးရဲ့ အခြေအနေဟာ

ရှေးတုန်းကနဲ့ မတူတော့ဘူး။ စားဝတ်နေရေးဘက်မှာ ထူးထူးခြားခြားကြီး တိုးတက်လာတဲ့အကြောင်းတွေကို ထည့်ပြောသွားတယ်။
အဲဒီလို ပြောပြီးတဲ့နောက် ဟိုက်ဒြိုဂျင် နဲ့ အနုမြူဗုံးတွေကြောင့် ဒီကဘာကြီးမှာ တခုဘဲဖြစ်နိုင်တယ်။ ဒီဗုံးနဲ့ အကြွခံရတဲ့ နိုင်ငံတွေဟာ လောင်စာနဲ့ ပြာပုံတွေ ဖြစ်ကုန်ကြမှာဘဲ။ ဒီလောင်စာနဲ့ ပြာပုံတွေထဲက ဗုံးကြွတဲ့ အင်္ဂလိပ်၊ အမေရိကန်တွေကို မုန်းတဲ့ စိတ်ဓါတ်တွေ ပေါ်ထွက်လာမယ်၊ လောင်စာနဲ့ပြာပုံကို မှီရမှ ကြီးပွားလေ့ရှိတဲ့ ကွန်မြူနစ် ဝါဒလဲ ပေါ်ထွက်လာမယ်၊
အဲဒါကြောင့် ကဘာစစ်ကြီး နောက်ထပ် မဖြစ်ရလေအောင် သက်ဆိုင်ရာနိုင်ငံကြီးတွေကဟာ အရှေ့တောင်အာရှ တိုက်သား တဦးရဲ့ မေတာ ရပ်ခံချက်ကို လေးစားကြဘို့ ဒီကနေ့ည အခုလို အခွင့်ကောင်း ရတုန်း အထူးတောင်းပန်ပါတယ်
အမေရိကန်ပြည်ထောင်စုနဲ့ တရုတ် ပြည်သူ့ သမတ နိုင်ငံဟာ တဦး အပေါ် တဦး အထင်လွဲမှု မရှိဘဲ ကဘာ့ ငြိမ်းချမ်းရေး တိုးတက်ရေးအတွက် အတူတကွ လက်တွဲပြီး ဆောင်ရွက်ကြဘို့ ကျနော် မေတာ ရပ်ခံပါတယ် အစရှိတဲ့ အချက်တွေကို ထည့်ပြောသွားတယ်။
ဦးနုရဲ့ မိန့်ခွန်းဟာ အခုပြောခဲ့တဲ့ တရုတ် အမေရိကန် ချစ်ကြည်ရေး အပိုင်းကို ရောက်လာတဲ့အခါ ညစာ ထမင်းစားပွဲ တက်ရောက်ကြတဲ့ တရုတ် ဧည့်သည်တော်တွေရဲ့ တုန့်ပြန်မှုဟာ ပထမအပိုင်းတုန်းကလို မဟုတ်တော့ဘူး။ ဦးနုရဲ့ မိန့်ခွန်းကို တပိုဒ်စီ တရုတ်လိုဘာသာပြန်ပြီးတိုင်း လက်ခုပ်သံလည်း မကြားရတော့ဘူး။ ဘာသံမှလည်း မကြားရဘူး။ ထမင်းစားခန်းကြီးတ ခုလုံးတိတ်ဆိတ်သွားလိုက်တာ အပ်ကျတာတောင် ကြားရလုမတတ် ဖြစ်နေတယ်။
(င )
အဲဒီအချိန်က ပီကင်းမှာ ဗြိတိသျှ သံရုံးရှိတယ်။ ဒါပေမဲ့ သံအမတ် မရှိဘူး။ သံအမတ် အစား ၊ ကောင်စိလာလို့ ခေါ်တဲ့ ဒုတိယသံအမတ် ဒါမှ မဟုတ်ရင် လည်း ပထမအတွင်းဝန်က အဲဒီ သံရုံးကို အုပ်ချုပ်နေယ်။ တရုတ် – အမေရိကန် ချစ်ကြည်ရေး မိန့်ခွန်းကို ဦးနုပြောတယ်ဆိုတာ အဲဒိ ဒုတိယ သံအမတ် (သို့ ) ပထမအတွင်းဝန်က သူ့နိုင်ငံခြားရေးရုံးကို ဝါယာလက်နဲ့ အစီရင်ခံတယ် ထင်တယ်။ နောက်နှစ်ရက်လောက်ကြာတဲ့အခါ ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဆာ အန်ထော်နီ အီဒင်ဆီက ဝါယာလက် မေတာ ရပ်ခံချက် တခု ဦးနု ဆီရောက်လာတယ်။ အဲဒိ မေတာ ရပ်ခံချက်ထဲမှာ အဖမ်းခံ နေရတဲ့ အမေရိကန် လေသူရဲ ၆ ဦးကို လွှတ်ပေးအောင် တရုတ် အစိုးရဆီမှာ ဦးနုက အသနားခံပေးဖို့ ဆာအန်ထော်နီ အီဒင်က မေတာ ရပ်ထားတယ်။ ဒီ မေတာ ရပ်ခံချက်ကို ဖတ်ပြီးတာနဲ့ တပြိုင်နက် ဝန်ကြီးချုပ် ချူအင်လိုင်းဆီကို သွားပြီး သူ့အသနားခံမယ်လို့ ဦးနုက ပြောတယ်။ သူနဲ့ပါလာတဲ့ လူစု ထဲမှာ တရားလွှတ်တော်ချုပ်က တရားဝန်ကြီး ဦးမြင့်သိန်း

တဦးဘဲ ဦးနုကို ထောက်ခံတယ်။ အခုလို အခြေအနေမျိုးမှာ ဦးနုဟာ အမေရိကန် လေယာဉ်မောင်းသမားတွေကို ယ်စား အသနားခံဖို့မကောင်းဘူး။ တရုတ် အစိုးရ အထင်လွဲလိမ့်မယ်လို့ ကျန်လူတစု က ဝိုင်းဖျက်တယ်။ ဒါပေမဲ့ ဦးနုကို ဖျက်လို့မရဘူး။ ဒုက်ခ ရောက်နေတဲ့သူကို ကူတာဘဲ၊ တရုတ် တွေ ဒုက်ခရောက်ရင်လည်း ဒီလိုဘဲ သူကူမှာဘဲဆိုပြီး ဦးနုဟာ ဝန်ကြီးချုပ်ချောင်ကို သွားတွေ့တယ်။ ဦးနုက အသနားခံတဲ့အခါ စိတ်သဘောထား အင်မတန်ကြီးတဲ့ ဝန်ကြီးချုပ်ချောင်အင်လိုင်က လွှတ်ပေးပါ့မယ်။ မလွှတ်ခင် ဦးနုကို ရှေးဦးစွာ
အကြောင်းကြားပါမယ်လို့ကတိပြုလိုက်တယ်။ ဦးနု တို့ ရန်ကုန်ပြန်ရောက်ပြီး မကြာခင်မှာဘဲ တရုတ် သံအမတ်ဟာ ဝန်ကြီးချုပ် ဦးနုနဲ့ တွေ့ခွင့်တောင်းတယ်။ ဦးနုတို့ အလုပ်များနေတဲ့အတွက် နောက် ၃ ရက်ကြာမှ တွေ့နိုင်တယ်။ တွေ့တဲ့အခါ တရုတ်သံအမတ်က လေယာဉ်မောင်းသမားတွေကို လွှတ်ဖို့ တရုတ် အစိုးရ က ဆုံးဖြတ်ပြီးပြီဆိုတာကို အကြောင်း ကြားတယ် ဦးနု လည်း နိုင်ငံခြားရေး ရုံးကတဆင့် အမေ ရိကန် သံရုံးကို ချက်ချင်းအကြောင်းကြားခိုင်းလိုက်တယ်။ နောက်တနေ့မှာ အမေရိကန် လေယာဉ်မောင်းသမားတွေကို တရုတ်အစိုးရ က လွှတ်ပစ်လိုက်တယ်။
( ၈)
အဲဒီ ပထမအခေါက်တုန်းက အခွင့်ကောင်းရတာနဲ့ တပြိုင်နက် ဝန်ကြီးချုပ်ဦးနုဟာ တရုတ် – ဗမာ နယ်ခြားသတ်မှတ်ရေးကို ဆွေးနွေးရအောင် ဝန်ကြီးချုပ်ချောင်ကို အကြောင်းကြားတယ်။ ဝန်ကြီးချုပ် ချောင်က ဒီပြသနာကို သူတို့အစိုးရ နဲနဲကလေးမှ မလေ့လာရသေးပါ၊ လေ့လာပြီးတာနဲ့ တပြိုင်နက် ဆွေးနွေးပါ့မယ်။ တရုတ် မြေပုံတွေကို ကြည့်ပြီး စိုးရိမ်မနေပါနဲ့။ တရုတ်အစိုးရဟာ ဗမာအစိုးရကို ဘယ်နည်းနဲ့မျှ မတရား မလုပ်ပါဘူးလို့ပြောတာကြောင့် တရုတ်နဲ့ ဗမာ အစိုးသံတမန်အဖွဲ့တွေဟာ သင့်တော်သော အချိန်တချိန်မှာ မိတ်ဆွေရင်းချာတွေလို ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဒီတရုတ် ဗမာ နယ်ခြားသတ်မှတ်ရေး ပြသနာကို ပြီးပြတ်သွားအောင် ဖြေရှင်းပေးဘို့ လိုအပ်တယ် ဆိုတဲ့ အပိုဒ်တပိုဒ်ကို ၁၉၅၄ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့ ထုတ်ပြန်တဲ့ ဝန်ကြီးချုပ်နှစ်ဦးရဲ့ ပူးတွဲ ကြေညာချက် ထဲမှာ ထည့်သွင်းတာလောက်နဲ့ဘဲ ကျေနပ်ပြီးဦးနုဟာ ဗမာပြည်ကို ပြန်ခဲ့တယ်။
တရုတ်–ဗမာ ချစ်ကြည်ရေးဟာ နှစ်နိုင်ငံရဲ့ တိုးတက်ရေး၊ စည်ပင်သာယာရေး၊ ငြိမ်းချမ်းရေးအတွက် အင်မတန် အဘိုးတန်တဲ့
ဆေးကောင်းကြီးတလက်ဖြစ်တယ်ဆိုတာကို မမိုတ်မသုန် ယုံကြည်နေတဲ့အတွက် တရုတ်ပြည် က ပြန်လာကတည်းက ဦးနုဟာ တရုတ်–ဗမာ ချစ်ကြည်ရေး ဗိမာန်ကို အထူးဂရုစိုက်ပြီးတည်ဆောက်ပေးနေတယ်။ သူ့ရဲ့ တရုတ် –ဗမာ ချစ်ကြည်ရေးစီမံကိန်းအရ တရုတ်ပြည်က ခစျကြည်ရေးအ ဖွဲ့နွဲနဲ့ ယဉ်ကျေးမှု အဖွဲ့တွေကို ဖိတ်ယ်။ တရုတ်ပြည်ကိုလည်း ဗမာပြည်က ချစ်ကြည်ရေး အဖွဲ့တွေနဲ့ ယဉ်ကျေးမှု အဖွဲ့ တွေကို စေလွှတ်ခဲ့တယ်။ ၁၉၅၅ ခုနှစ်အတွင်းမှာဘဲ

တရုတ်ယဥ်ကျေးမှု ဒုတိယဝန်ကြီးချုပ် ချိန်ချင်တူ ခေါင်းဆောင်တဲ့ တရုတ် ယဥ်ကျေးမှု အဖွဲ့ တရုတ် လယ်ယာ စိုက်ပျိုးရေးအ ဖွဲ့ တရုတ် ဗုဒ်ဓဘာသာ အဖွဲ့ တရုတ်ပြည်သူ့ သမတနိုင်ငံ ငြိမ်းချမ်းရေး ကော်မတီရဲ့ ဥက္ကဌ ကိုမိုးကြိုး ခေါင်းဆောင်တဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေ၊ ဗမာပြည်ကို အလည်လာကြတယ်။ ဗမာပြည်ကလည်း ဝန်ကြီးဦးဝင်းခေါင်းဆောင်တဲ့ ယဥ်ကျေးမှုအဖွဲ့၊ ဗိုလ်ချုပ်ကြီး နေဝင်း ခေါင်းဆောင်တဲ့ စစ်မစ်ရှင် အဖွဲ့ ၊ တရားဝန်ကြီးချုပ် ဦးသိန်းမောင် ခေါင်းဆောင်တဲ့ ဗုဒ်ဓဘာသာအဖွဲ့တွေတရုတ်ပြည်ကို အလည်သွားခဲ့ကြတယ်။ ဗုဒ်ဓဘာသာ အဖွဲ့ပြန်လာတဲ့အခါ ပီကင်းမြို့တော်က မြတ်စွာဘုရားရဲ့ စွယ်တော်ကို ပင့်လာခဲ့ကြတယ်။

တရုတ် အဖွဲ့တွေ ဗမာပြည်ကို လာတဲ့အခါ ဝတ်ကျေတန်းကျေသဘောမျိုးနဲ့ မဟုတ်ပဲ ဆွေမျိုးရင်းချာတွေကို စောင့်ရှောက် ပြုစုသလို ဦးနုကိုယ်တိုင်လည်း ရင်းရင်းနှီး နှီး စောင့်ရှောက်ပြုစုတယ်။ ဗမာဧည့်ခံရေး အဖွဲ့ဝင်တွေကိုလည်း အထူးဂရုစိုက်ကြဘို့ ဦးနုမှာထားတယ်။ ဗမာပြည်ကို အထူးလာတဲ့ အဖွဲ့ဝင်တွေကိုသာမက ဗမာပြည်ကို ဖြတ်ပြီး တခြားနိုင်ငံခြားကို သွားကြတဲ့အဖွဲ့ဝင်တွေ၊ တဦးချင်း ဧည့်သည်တွေကိုလည်း ဦးနုဟာ သူ့အိမ်ကို ဖိတ်တယ်။ ဆွေမျိုးရင်းခြာတွေလို ရင်းရင်းနှီးနှီး ပြုစု စောင့်ရှောက်တယ်၊ တနေ့မှာ ဦးနုရဲ့ ဖိတ်ကြားချက်အရ ဒုသမတ မဒမ် ဆွန်ယက်ဆင်ဟာ ဗမာနိုင်ငံကို အလည်လာတယ်။ ဦးနုကို လက်ဆောင် ပေးဘို့အတွက်အင်မတန် အဖိုးတန်တဲ့ သစ်ပင်ကလေးတပင်ကို ယူလာတယ်။ အဲဒီသစ်ပင်လေးဟာ အသက် ၆၀ ကျော်နေပြီ၊ ပန်းအိုးကလေးထဲမှာ ထည့်စိုက်ထားလို့ရတယ်။ မဒမ်ဆွန်ယက်ဆင်ဟာ တရုတ်– ဗမာချစ်ကြည်ရေးကို ဦးနု ဘယ်လို တည်ဆောက်နေတယ် ဆိုတာ တရုတ်ပြည်ကို ပြန်လာကြတဲ့ အဖွဲ့ဝင်တွေဆီက ကြားဖူးနေတယ် ထင်ပါရဲ့၊ ဦးနုကို မဒမ်ဆွန်ယက်ဆင်က အဲဒီသစ်ပင်ကလေးကို ပေးတဲ့အခါဝန်ကြီးချုပ်ဦးနု တရုတ်–ဗမာချစ်ကြည်ရေးကို အထူးစောင့်ရှောက်သလို ဒီသစ်ပင်ကလေးကိုလည်း အထူးစောင့်ရှောက်ပါ လို့ ပြောပြီး ပေးတယ်။ ( တရုတ် – ဗမာအကြောင်းကို ခဏလောက်ဖြတ်လိုက်ပြီး အစီအစဥ်အတိုင်း ဖြစ်အောင် ဗမာနဲ့ တခြားနိုင်ငံတွေရဲ့ ဆက်ဆံရေး အကြောင်းကို ဆက်ပြောကြဦးစို့)

မြောက်နှင့် တောင်ဗီယက်နမ်

တရုတ်ပြည်က ဗမာပြည်ကို အပြန် မြောက်ဗီယက်နမ်ရဲ့ မြို့တော် ဟန္ဒိုင်ကို ဦးနု ခဏဝင်တယ်။ အဲဒီအချိန်ဟာ ၁၉၄၈ခုနှစ်က စပြီး ဗီယက်နမ်ဟာ ပြင်သစ်တို့နဲ့ ၈ နှစ်တိုင်တိုင် ဖြစ်ခဲ့ရတဲ့ စစ်ပွဲပြီး ခါစအချိန်ဖြစ်တယ်။ အဲဒီ ရှစ်နှစ် စစ်ပွဲအတွင်း ၁၉၄၈ ခုနှစ ်ထဲမှာ ဗမာပြည်ဟာ လွတ်လပ်ရေး ရခဲ့တယ်။ ဒါပေမဲ့ လွတ်လပ်ရေး

ရစကတည်းက ဖြစ်ခဲ့ရတဲ့ ပြည်တွင်းစစ်ပွဲကြောင့် ဗမာတနိုင်ငံလုံး ပျက်လုမတတ် ဖြစ်ခဲ့ရပြီး ဗမာအစိုးရဟာလည်း သူတောင်းစားအစိုးရဘဝကို ရောက်သွားခဲ့ရတယ်။ ဒီလို ရောက်နေရပေမယ့် တိုင်းရင်းသားနဲ့ နယ်ချဲ့သမားတွေ စစ်ဖြစ်တဲ့အခါ ဒီသူတောင်းစား အစိုးရဟာ အငြိမ်နေလို့ မရဘူး။ သူ့သူတောင်းစား ခွက်ထဲက ရှိစုမဲ့စုလေးကို ဖဲ့ပြီး သူတတ်နိုင်သလောက် ဗီယက်နမ်တွေကို ကူညီခဲ့တယ်။ ဒီလိုကူညီတာကို ပြင်သစ်အစိုးရ ကောင်းကောင်း သိတယ်။ ဗမာအစိုးရရဲ့ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းဟာ အဲဒီအချိန်တုန်းက ဘိလပ်ကအပြန် ပြင်သစ်ကို အလည်ဝင်တဲ့အခါ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးကို ဝင်ပြီး နှုတ်ဆက်ဖို့ ခွင့်တောင်းခဲ့ဖူးတယ်။ တွေ့ခွင့်မပြုဘူး။

ဦးနုတို့အဖွဲ့ဝင်တွေဟာ မော်တော်ကား ပေါ်က ဆင်းပြီး ဧည့်ဂေဟာ ထဲကို ဝင်မိတာနဲ့ တပြိုင်နက် ဧည့်ဂေဟာ ရဲ့ တံခါးတခု နောက်မှာ အသာပုန်းနေတဲ့ သမတ ဟိုချီမင်းဟာ ဖြုန်းကနဲထွက်ပြီး ဘာမှမပြောဘဲ ဦးနုကို ဖက်ပြီး ပါးကို နမ်းလိုက်တယ်။ ဦးနုဟာ ဟိုချီမင်းရဲ့ ဓါတ်ပုံကို တွေ့ဖူးနေလို့သာ သူ့ကို ဖက်ပြီးနမ်းသူဟာ သမတကြီး ဟိုချီမင်းဘဲလို့ သိတာ။ ဓါတ်ပုံကိုသာ မမြင်ဘူးရင် သိမှာမဟုတ်ဘူး။

အဲဒိနေ့ က သမတကြီး ဟိုချီမင်းဟာ ကာကီဘောင်းဘီနဲ့ ကာကီ ရှပ်အကျီကို ဝတ်ထားတယ်။ အဲဒီ ရှပ်အကျီနဲ့ ဘောင်းဘီဟာ ကျကျနန မီးပူတိုက်ထားတဲ့ အသစ်ချပ်ချွတ် ရှပ်အကျီနဲ့ ဘောင်းဘီ ဖြစ်တယ်။ သမတကြီး ဟိုချီမင်းရဲ့ လမ်းလျှောက်ပုံ၊ နေပုံထိုင်ပုံ၊ တဘက်သား ကို ကြည့်ပုံရှုပုံ၊ တဘက်သားနဲ့ ဆက်ဆံပုံ၊ စကားပြောပုံ ဆိုပုံတွေကို ဦးနု သေသေချာချာ အကဲဖြတ်တယ်။ ဟန်လုပ်တာတွေ တခုမှ မတွေ့ရဘူး။ သူဟာ သမတဖြစ်တယ်ဆိုတာကို တောင် လုံးဝ သတိမရသလို ဖြစ်နေတယ်။ ဦးနု သမတကြီး ဟိုချီမင်းရဲ့ ရိုးသားပုံ နှိမ့်ချပုံ လောကီ ပကာသနတွေမှာ စိတ်မဝင်စားပုံ၊ ဟန်မလုပ်တတ်ပုံတွေကို ကြည့်ပြီး သမတကြီး ဟိုချီမင်းကို တစိမ့်စိမ့် ကြည်ညိုနေတယ်။

ဦးနုဟာ အင်မတန် ဗဟုသုတ နဲတယ်။ သမတကြီးဟိုချီမင်းဟာ လူပျိုကြီးဆိုတာကို အဲဒီတုန်းက မသိဘူး။ အဲဒါကြောင့် သမတကြီး သားသမီး ဘယ်နှစ်ယောက်ရှိသလဲလို့ သမတကြီးဟိုချီမင်းကို မေးတယ်။ သမတကြီးဟိုချီမင်းဟာ ဦးနုကို ပြုံးပြီးကြည့်ရင်း အများကြီးဘဲလို့ ဖြေတယ်။ ဦးနုဟာ အတော် အတယ်။ အဲဒိအချိန်အထိ ဟိုချီမင်းရဲ့ အဖြေ အဓိပါယ်ကို နားမလည်သေးဘူး။ အဲဒါကြောင့် ဘယ်နှစ်ယောက်ရှိသလဲလို့ ဦးနုက ထပ်မေးတယ်။ အဲဒိအခါ သမတကြီး ဟိုချီမင်းက ဗီယက်နမ်တနိုင်ငံလုံးက တိုင်းသူပြည်သား အားလုံးဟာ သူ့သားသမီးတွေချည်းဘဲလို့ ဖြေပြီး ရယ်နေတယ်။

ဦးနုတို့ကိုထားတဲ့ ဧည့်ဂေဟာ ဆိုတာ ပြင်သစ်တွေလက်ထက်တုန်းက ပြင်သစ် ဘုရင်ခံနေတဲ့ အိမ်နဲ့တူတယ်။ စစ်ပွဲပြီးခါစဆိုတော့ အဲဒီအိမ်မှာ ဘယ်သူမှ

မနေသေးဘူး။ ဦးနုတို့လာတော့မှ အိမ်ကို ကပျာကယာနဲ့ လှဲခါ
ထားရတာနဲ့တူတယ်။ ဦးနုတို့ဟာ ဟန္နိုင်မှာ တညဘဲတည်းတယ်။ နောက်တနေ့
မနက်လေဆိပ်ကို မဆင်းခင် ဦးနုဟာ နောက်ဖေးသွားချင်တယ်။ အဲဒါကြောင့်
အိမ်သာအဖုံးကို ဖွင့်လိုက်တဲ့အခါ အိမ်သာထဲမှာ ပုရွက်ဆိတ်အုံကြီး ကို တွေ့ရတယ်။
အဲဒီ အပေါ်မှာ နောက်ဖေးသွားချလိုက်ရင် ဒီပုရွက်ဆိတ်တွေ သေကုန်မှာဘဲ၊ အဲဒီတော့
ဦးနု သွားချလို့ မဖြစ်ဘူး။ နောက်ဖေးကလည်း အင်မတန်သွားချင်နေပြီ။ အဲဒီတော့
မတတ်နိုင်ဘူး။ ချီးကမုတ်ဘေးနားမှာ မိန်းမတွေ စီးသွားတဲ့ ဆီးကမုတ်တခုရှိတယ်။
အဲဒီအပေါ်မှာဘဲ ဦးနု နောက်ဖေး သွားချလိုက်ရတယ်။ ပြီးတဲ့အခါ ဦးနု ဟာ
ရေခွက်နဲ့ ရေလောင်းချလိုက်ရတယ်။ ရေပေါက်ကလည်းသေးပြီး ပိတ်နေတဲ့အတွက်
ချီးတွေဟာ အောက်ကို ကျမသွားဘူး။ အဲဒီ ဆီးကမုတ်ပေါ်မှာ ရေတွေနဲ့
ပေါလောပေါနေတယ်။
ဦးနုဟာ လေယာဥ်ကွင်းသာ ဆင်းလာခဲ့ရတယ်။ ဆီးကမုတ်ထဲမှာ
နောက်ဖေးသွားခဲ့ရတာကို ဘဲ ခဏခဏ သတိရနေတယ်။ ဒီ ဗမာဝန်ကြီးချုပ်ဟာ
သိပ်ရှော်တဲ့လူဘဲ၊ ချီးကမုတ်မှန်း ဆီးကမုတ်မှန်းတောင် ခွဲခြားပြီး
မသိဘူး။ဆီးကမုတ်ပေါ်မှာ ချီးတွေ ယိုချသွားတယ်လို့ပြောပြီး အဲဒီဧည့်ဂေဟာ
စောင့်တဲ့လူတွေဟာ တဝါးဝါးနဲ့ ရယ်နေကြတော့မှာဘဲဆိုတဲ့ စိတ်ကူးဟာ
ရန်ကုန်ပြန်ရောက်လို့ အတော်ကြာသည့်တိုင်အောင် ဦးနုရဲ့ ဦးနှောက်မှာ ခဏ ခဏ
ပေါ်နေတယ်။
သမတကြီး ဟိုချီမင်း အနိုတ်စ ရောက်တဲ့ နေ့တုန်းက ဦးနုဟာ ဘိလပ်မှာ ရှိနေတယ်။
အဲဒါကြောင့် ဘိလပ်မှာ ရှိတဲ့ မြောက် ဗီယက်နမ်ကိုယ်စားလှယ်အိမ်ကိုသွားပြီး
လွမ်းသူ့ပန်းခွေလည်း ပို့တယ်။ ဧည့်သည်စာအုပ်ထဲမှာလည်း လက်မှတ်ထိုးတယ်။
ဝန်ကြီးချုပ် ဖန်ဘမ်ဒေါင် ဆီကို လည်း ဝမ်းနဲကြောင်း စာတစောင်ရေးလိုက်တယ်။
၁၉၅၆ ခုနှစ်အတွင်းမှာ ဝန်ကြီးချုပ်ရာထူးက ဦးနု နုတ်ထွက်သွားပြီးတဲ့အခါ
တောင်ဗီယက်နမ်ရဲ့ သမတ ဇင်က ဖိတ်တဲ့အတွက် ဦးနုဟာ ဆိုင်ဂုံကို
အလည်သွားတယ်။ ရန်ကုန်ကမထွက်ခင် သမတဇင်အကြောင်း သိသူတွေက
သမတဇင် အင်မတန် လမ်းလျှောက်မြန်တယ် လို့ ဦးနုကို
သတိပေးလိုက်တယ်။ဦးနုကလည်း လမ်းလျှောက်အင်မတန်မြန်တယ်ဆိုတော့
အတော်ပါဘဲ။ သူတို့နှစ်ယောက် လမ်းလျှောက်နေကြတဲ့အခါ နောက်က လူတွေ
အတော်ပြေးပြီးလိုက်ကြရတယ်။
သမတဇင်နဲ့ သူ့ဝန်ကြီးတွေဟာ ဥရောပတိုက်သားတွေရဲ့ အဝတ်အစားကို
ဝတ်ကြတယ်။ ဦးနုတို့လူစုဟာ ဗမာအမျိုးသား အဝတ်အစားတွေကို ဝတ်ထြားတာ
တွေ့ရတဲ့အခါ သမတကြီးဇင်ဟာ အတော် သဘောကျတယ်။ အဲဒါကြောင့်
သူ့ဝန်ကြီးတွေဟာ ဦးနုတို့ တောင်ဗီယက်နမ်မှာ ရှိနေတုန်း ဗီယက်နမ်
အမျိုးသားဝတ်စုံဝတ်ဂုမယ်လို့ ညွှန်ကြားလိုက်တယ်။ သူလည်းဝတ်တယ်။

ဗမာအစိုးရက တောင်ဗီယက်နမ်ကို အသိအမှတ်ပြုစေချင်တဲ့ ဆန္ဒ
သမတဇင်မှာရှိနေတယ်။ ဒါပေမဲ့ ဗီယက်နမ်ဟာ တောင်နှင့်မြောက်
နှစ်ပိုင်းကွဲနေတဲ့အတွက် ဗမာအစိုးရမှာ ဒီကိတ်စနဲ့ ပတ်သက်ပြီး
အခက်အခဲရှိနေတယ်။ အသိအမှတ်ပြုရင် တောင်နှင့်မြောက် နှစ်ပိုင်းစလုံးကို ပြု၊
မပြုရင်လည်း ဘယ်သူကိုမှ အသိအမှတ်မပြုနဲ့။ တပိုင်းကိုသာ ပြုပြီး အခြားတပိုင်းကို
မပြုရင် ဗမာပြည်နဲ့ ပဋိပက ဖြစ်လာစရာအကြောင်းရှိတယ်။
သမတဇင်ရဲ့ ညီနဲ့ အဲဒီညီရဲ့ ဇနီး မဒမ်နူးကိုလည်း တွေ့ခဲ့ရတယ်။ မဒမ်နူးဟာ
အတော်လှတဲ့ အမျိုးသမီး တဦးဖြစ်တယ်။
သမတဇင်နဲ့ သူညီတို့ အာဏာ အလုခံရပြီး အာဏာလုသူတွေက ဝတ်ကျောင်းထဲမှာ
သတ်ပစ်လိုက်ကြတယ်ဆိုတဲ့ သတင်းဟာ ဦးနုရဲ့ စိတ်ကို အများကြီး
ထိခိုက်သွားတယ်။

ဘုံဂေါညီလာခံ

တရုတ်နိုင်ငံက ဗမာနိုင်ကိုပြန်ရောက်လာပြီး မကြာခင် ဦးနုဟာ အင်ဒိုနီးရှားနိုင်ငံ
ဘုံဂေါမြို့မှာ ကျင်းပမဲ့ ကိုလံဘို ငါးနိုင်ငံ ညီလာခံတက်ရအောင် အင်ဒိုနီးရှားကို
သွားရတယ်။ ညီလာခံကို ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ (၂၈) နဲ့ (၂၉) ရက်နေ့တွေမှာ
ကျင်းပတယ်။ ဦးနုအပြင် ဝန်ကြီးချုပ် ဆပ်စထရီအာမစ်ဂျိုဂျို (ဗျူအမသ ဗိုဝ်ဩဩ)
ဝန်ကြီးချုပ်နေရူး။ ဝန်ကြီးချုပ် ဆာဂျွန်ကော်တီလာဝါလာ ဝန်ကြီးချုပ် မာမက်အလီတို့
တက်ရောက်ကြတယ်။ အင်ဒိုနီးရှားအစိုးရရဲ့ ကိုယ်စား ဝန်ကြီး ချုပ်
ဆပ်စထအာပစ်ဂျိုဂျိုက အာဖရိကနဲ့ အာရှနိုင်ငံပေါင်းစုံ ညီလာခံတခုကို ၁၉၅၅ ခုနှစ်
ဧပြီလထဲမှာ ကျင်းပဖို့ အဆို သွင်းတယ်။
ကမာမှာ နယ်ချဲ့သမားတွေ ကြီးစိုးနေစဉ်က အာဖရိကန် ခေါင်းဆောင်တွေနဲ့ အာရှ
ခေါင်းဆောင်တွေ တွေ့ဆုံကြဖို့ဆိုတာ ထားပါအုံး။ အာဖရိကန်
ခေါင်းဆောင်တွေအချင်းချင်း အာရှ ခေါင်းဆောင်တွေ အချင်းချင်း
တွေ့ဆုံဘို့ဆိုတာတောင် မဖြစ်နိုင်ဘူး။ အဲဒါကြောင့်အာဖရိကန်နဲ့
အာရှခေါင်းဆောင်တွေအချင်းချင်း တွေ့ဆုံနိုင်အောင်ဖန်တီးပေးမဲ့ ညီလာခံ အဆို ကို
ကိုယ်စားလှယ်အားလုံးက သဘောတူ လက်ခံကြတယ်။ ဒါပေမဲ့ ဘယ်နိုင်ငံတွေကို
ဖိတ်မလဲဆိုတဲ့ ပြဿနာကို ဆွေး နွေးကြတဲ့အခါ အခက်အခဲ နဲနဲပေါ်လာတယ်။
ဝန်ကြီးချုပ် ဆပ်စထရီအာမစ်ဂျိုဂျိုက အစ္စရေးလ်နိုင်ငံကို မဖိတ်ချင်ဘူး။ အဲဒီအခါ
အစ္စရေးလ်နိုင်ငံဟာ အာရှတိုက်ထဲက နိုင်ငံတနိုင်ငံဘဲ။ သူ့ကိုဘာဖြစ်လို့
မဖိတ်ဘဲထားရမှာ လဲလို့ ဦးနုက မေး တယ်။ အစ္စရေးလ်ကိုသာဖိတ်လိုက်ရင်
အင်ဒိုနီးရှားမှာ သူပုန်ထကုန်လိမ့်မယ်။ အဲဒါကြောင့် အစ္စရေးလ်ကို ဖိတ်ဘို့
မတိုက်တွန်းဘို့ ဦးနုကို ကျွန်တော် တောင်းပန်တာလို့ ဝန်ကြီးချုပ်
ဆပ်စထရီအာမစ်ဂျိုဂျိုက ပြောတဲ့အတွက် ဦးနုလည်း အစ္စရေးလ်ကိစ္စကို

ဆက်မပြောတော့ပါဘူး။ အစ္စရေးလ်ကို မဖိတ်ထားဘို့ အဆိုသာ အတည်ဖြစ်သွားတယ်။ အဲဒီနောက် ပါကစ္စတန်ဝန်ကြီးချုပ် မာမက်အလီက တရုတ်ပြည်သူ့ သမတနိုင်ငံကို မဖိတ်ထားဘို့ အဆိုသွင်းတယ်။ တရုတ်ပြည်သူ့ သမတနိုင်ငံကို မဖိတ်ဘဲထားရင် အာဖရိကနဲ့ အာရှနိုင်ငံများညီလာခံကို တာဝန်ခံဖိတ်ခေါ်မဲ့ ကိုလံဘိုငါးနိုင်ငံအဖွဲ့က ဗမာနိုင်ငံ နှုတ်ထွက်မယ်လို့ ဦးနုက ဒုံးတိကြီး ကျေညာလိုက်တဲ့တအတွက် ဝန်ကြီးချုပ်မာမက်အလီဟာ သူ့အဆိုကို ပြန်လည်ရုတ်သိမ်းသွားတယ်။ ဘိုဂေါမြို့ဟာ အလွန်နေလို့ထိုင်လို့ကောင်းတဲ့မြို့ဘဲ။ အဲဒီမြို့မှာ ကမာကျော် ပန်ဥယာဉ်တ ခုရှိတယ်။ အဲဒီဥယာဉ်မှာ တခြားအပင်တွေထက် ပန်းပင်တပင်ကို ဦးနုပိုပြီး စိတ်ဝင်စားတယ်။ အဲဒီအပင်က ပန်းပွင့်တွေဟာ သူတို့ နဂိုအတိုင်းဆိုရင် ပွင့်နေကြတယ်။ ဒါပေမဲ့ အဲဒီပန်းပွင့်တွေထဲက ဝတ်ဆံတွေကို ယင်ကောင် – ပိုးကောင်အ စရှိတဲ့ အကောင်ကလေးတွေ ဝင်စားရင် ဒီပန်းပွင့်တွေဟာ ပွင့်နေရာက အလိုလို ပိတ်သွားတယ်။ ဦးနုဟာ ဥယျာဉ်မှူး ရဲ့ ခွင့်ပြုချက်အရ ပိတ်နေတဲ့ ပန်းပွင့် အတော်များများကို ဖြဲပြီး အထဲမှာမိနေတဲ့ ယင်ကောင်–ပိုးကောင် ကလေး တွေကို အများကြီး လကျ်ပ်တ်ပစ်ခဲ့တယ်။

ဘန်ဒွန်းညီလာခံ

၁၉၅၅ ခု ဧပြီလထဲမှာ ဘန်ဒွန်းညီလာခံကို ကျင်းပတယ်။ အာဖရိကနဲ့ အာရှတိုက်က အစိုးရအဖွဲ့ ခေါင်းဆောင်တွေ အတော်တော်များများ တက်ကြတယ်။ ကိုယ်စားလှယ်တွေ များသလောက် အယူအဆတွေက လည်း အမျိုးမျိုး ဖြစ်နေတဲ့ အတွက် ညီလာခံပြီးတဲ့အခါ အားလုံးသဘောတူ လက်ခံနိုင်တဲ့ ကျေညာချက်ကို ထုတ်ပြန်နိုင်အောင် ကိုယ်စားလှယ်တွေ အတော်ကြိုးစားယူရတယ်။ ညီလာခံမှာ ပြောကြတဲ့ စကားတွေ ဆွေးနွေးချက်တွေ ထုတ်ပြန်ချက်တွေဟာ အမှန်အတိုင်းပြောရရင် စိတ်ဝင်စားစရာ မကောင်းလှပါဘူး။ ဒါပေမဲ့ ညီလာခံ တက်ကြရင်း ခေါင်းဆောင်တွေဟာ တဦးနဲ့တဦး ရင်းနှီးသွားကြတယ်။ မိတ်ဆွေ ရင်းချာ ဖြစ်သွားကြတယ်။ အခုလို အချင်းချင်း ပေါင်းသင်းခွင့်ရတာဟာ ညီလာခံထက်ပိုပြီး စိတ်ဝင်စားစရာ ကောင်း တယ်။ တန်ဘိုးလည်း များကြီးရှိတယ်လို့ ဦးနု ယုံကြည်တယ်။

မိတ်ဖွဲ့တဲ့နေရာမှာ ဝန်ကြီးချုပ် ချူအင်လိုင်ဟာ အတော် အတူယှုစရာ ကောင်းတယ်။ သူ့အဖွဲ့ထဲမှာ ထမင်းချက် ကောင်းကောင်းတွေ ပါလာတယ်။ အင်္ဂလိပ်လို ကောင်းကောင်းပြောနိုင်တဲ့ တရုတ်စကားပြန်လည်း ပါတယ်။အာရပ်လို ကောင်းကောင်းပြောနိုင်တဲ့ တရုတ်စကားပြန်လည်းပါတယ်။ ညီလာခံရက်အတွင်း သူ့ဧည့်ဂေဟာမှာ နေ့လည်စာစားပွဲ။ ညစာစားပွဲ နေ့တိုင်းရှိတယ်။ တညမှာ ထမင်းစားဖိတ်လို့ ဝန်ကြီးချုပ် ချူရဲ့ ဧည့်ဂေဟာ ကို ဦးနု သွားရတယ်။ ဦးနု ရောက်တဲ့အချိန်မှာ တခြားဧည့်သည်တော်တွေ အတော်စုံနေပြီး။ ဝန်ကြီးချူကို

မတွေ့ရဘူး။ ဝန်ကြီးချုပ်ချူဟာ ထမင်း စားပွဲတခုက ဖိတ်လို့ ခဏသွားနေပါတယ်။ အခုဘဲ ပြန်လာပါလိမ့်မယ် လို့။ သူ့လက်ထောက်တွေက ဦးနုကို ပြာပြာသလဲပြောပြီး တောင်းပန်ကြတယ်။ စုံစမ်းကြည့်တဲ့အခါ ဝန်ကြီးချုပ်ချူဟာ သူ့အိမ်မှာလည်း နေ့တိုင်း ညတိုင်း ထမင်းစား ပွဲတွေရှိတယ်။ တခြားက ဖိတ်ရင်လည်း တခုမှ မငြင်းဘူး။ စတိလောက်တော့ သွားပြီး မျက်နှာပြ လိုက်သေး တာဘဲ ဆိုတာ ဦးနု သိရတယ်။ သမတဆိုကာနိုလည်း အတော်ဖေါ်ရွေပါတယ်။ သူမိတ်ဆွေတွေနဲ့ သူတိုင်း သူပြည်သားတွေက သူ့ကို သမတဆိုကာနိုလို့ ခေါ်တာထက် ဘွန်ကါနိုလို့ ခေါ်တာကို သူပိုပြီး နှစ်သက်တယ်။

## ဆိုဗီယက်ယူနီယံနဲ့ဗမာနိုင်ငံ

(က)

၁၉၅၅ ခု အောက်တိုဘာလထဲမှာ ဦးနုဟာ ဆိုဗီယက်ယူနီယံကို အလည်သွားတယ်၊ သူသွားတဲ့အခါ ဗမာသတင်းစာဆရာတွေလည်း ပါသွားတယ်၊ မော်စကိုကိုရောက်တဲ့နေ့မှာပဲ မစဉ်းမစား ဖွတ်တရွတ်လုပ်တတ်တဲ့ ဦးနုရဲ့ ညာဉ်ဆိုးကြောင့် ဝန်ကြီးချုပ်ဦးနုဟာ ဝန်ကြီးချုပ်အဖြစ်နဲ့ မလုပ်သင့်တဲ့ ကိစ္စတခုကို သွားပြီးလုပ်မိတယ်၊ လုပ်မိပုံက ဒီလို–

ဦးနုဟာ ရန်ကုန် မထွက်ခင် အစ္စရေးဝန်ကြီးချုပ် ရှာရီးယက်ဆီက စာတစောင်ရတယ်၊ အဲဒီစာနဲ့အတူပါလာတဲ့ သူ့စာကိုယူသွားပြီး မော်စကိုမှာ ဝန်ကြီးချုပ်ဘူလ်ဂယ်နင်နဲ့ တွေ့တဲ့အခါ အဲဒီစာကိုပေးပါ၊ အဲဒီလိုပေးပြီးတဲ့နောက် ဆိုဗီယက်ယူနီယံမှာရှိနေတဲ့ ဂျူးလူမျိုးတွေ အစ္စရေးနိုင်ငံကို လာခွင့်ရအောင် ဦးနုက မေတ္တာရပ်ပေးပါလို့ ဝန်ကြီးချုပ်ရှားရီးယက်က သူ့စာထဲမှာ ဖော်ပြထားတယ်၊ ရန်ကုန်မှာ ဆိုရှယ်လစ်ညီလာခံ လုပ်တုန်းက ရှားရီးယက်ဟာ အစ္စရေးနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးအဖြစ်နဲ့ ညီလာခံကိုတက်တယ်၊ အဲဒီတုန်းက ဦးနုဟာ ရှားရီးယက်ကို သိလိုက်ဖူးတယ်၊ ဦးနုဟာ ရှားရီးယက်ရဲ့ စာထဲမှာပါတဲ့ကိစ္စကို နိုင်ငံခြားရေးရုံးနဲ့တိုင်ပင်ရင် ဝိုင်းဖျက်မယ်ဆိုတာ ကောင်းကောင်းသိတယ်၊ သူကလည်း အဲဒီအလုပ်ကို သိပ်လုပ်ချင်နေတယ်၊ အဲဒါကြောင့် ဒီစာထဲမှာပါတဲ့အကြောင်းတွေကို ဘယ်သူ့မှမပြောပဲ စာကိုသိမ်းထားလိုက်တယ်၊ မော်စကိုမြို့ကို ရောက်တဲ့အခါ ဦးနုဟာ ဘူလ်ဂယ်နင်။ မာလင်တော့။ မိကိုယန်။ ကာဂင်နိုဗစ်ဆိုတဲ့ ဆိုဗီယက်ခေါင်းဆောင်တွေကို လေဆိပ်မှာတွေ့ပြီး အစီအစဉ်အရ ဒီ ရပ်ရှင်းခေါင်းဆောင်တွေကို ကရင်မလင် နန်းတော်ထဲမှာ တွေ့ရတယ်၊ သူနဲ့အတူ သံအမတ်ဦးအုံး။ ဘိလပ်က တမင်သက်သက်ခေါ်ယူထားတဲ့ သံအမတ်ဦးကြင်။ ဦးသန့်တို့လည်းပါတယ်၊ တယောက်ကိုတယောက် နှုတ်ဆက်ပြီးတဲ့အခါ ဦးနုဟာ သူယူလာတဲ့ ဝန်ကြီးချုပ်ရှားရီးယက်ရဲ့စာကို ဝန်ကြီးချုပ် ဘူလ်ဂယ်နင်ရဲ့လက်ထဲထည့်လိုက်တယ်၊ အဲဒီနောက် ဆိုဗီယက်ယူနီယံထဲက

သွားချင်တဲ့ဂျူးတွေကို အစ္စရေး သွားခွင့်ပြုပါလို့ ဦးနုက ဘူလ်ဂယ်နင်ကို မေတ္တာရပ်တယ်၊ ဘူလ်ဂယ်နင်တို့လူစုနဲ့ ဦးနုတို့လူစုဟာ စကားမပြောနိုင်ပဲ မိနစ်ဝက်လောက်ဦးနုကို စိုက်ကြည့်နေကြတယ်၊ အံ့အားသင့်တာ ပြေသလောက်ရှိတော့မှ ကာဂင်နိုင်ဗစ်က ဝန်ကြီးချုပ်ဦးနုဟာ ဘာဖြစ်လို့ ဒီစာကိုယူလာရသလဲ၊ မော်စကိုမှာ အစ္စရေးသံရုံးရှိတယ်၊ အစ္စရေးဝန်ကြီးချုပ်ဟာ ဆိုဗီယက်ယူနီယံထဲက ဂျူးတွေအကြောင်းကိုပြောချင်ရင် သူတို့ရဲ့သံရုံးကတဆင့် ပြောနိုင်သားဘဲ၊ ဘာဖြစ်လို့ ဝန်ကြီးချုပ်ဦးနုကတဆင့် ဒီလိုပြောရတာလဲလို့ မကျေနပ်တဲ့လေသံနဲ့ ဦးနုကိုပြောတယ်၊ ဦးနုက ဝန်ကြီးချုပ်ရှားရီးယက်ဟာ သူ့မိတ်ဆွေဖြစ်တယ်၊ မိတ်ဆွေတယောက်က အကူအညီတောင်းတဲ့အခါ သူ့မှာကူညီရမဲ့ ဝတ္တရားရှိတယ်၊ အဲဒီဝတ္တရားအရ ကူညီတာဘဲ၊ အခက်အခဲမရှိရင် ဂျူးတွေ အစ္စရေးသွားပါစေလို့ ဦးနုက ထပ်ပြောတယ်၊ ဝန်ကြီးချုပ်ဘူလ်ဂယ်နင်က ဘာမှမပြောဘူး၊ ခပ်အေးအေးထိုင်နေတာဘဲ၊ ကာဂင်နိုဗစ်က ဝန်ကြီးချုပ်ရှားရီးယက်ဟာ သူ့သံရုံးက တဆင့်ပြောပါစေလို့ ဖြေပြန်တယ်၊ အဲဒါကြောင့် ဆိုဗီယက်ယူနီယံထဲက ဂျူးတွေရဲ့ကိစ္စဟာ ဒီနေရာမှာပဲ ပြတ်သွားတယ်၊ သူဆောင်ရွက်တာ မအောင်မြင်ဘူး၊ ဒါပေမဲ့ ကောင်းတဲ့ကိစ္စတခုကို သူဆောင်ရွက်လိုက်ရပေပြီဆိုပြီး ဦးနုဝမ်းသာနေတယ်၊

အခုလိုပဲ ဦးနုဟာ သူ့နိုင်ငံခြားရေးရုံးကိုမတိုင်ပင်ဘဲ ဝန်ကြီးချုပ်ရှားရီးယက်လို ကူညီခဲ့တာတခု ရှိသေးလားဆိုတာတော့ စုံစမ်းလို့မရဘူး၊ တနေ့မှာ ဝန်ကြီးချုပ်ရှားရီးယက်ဟာ ဦးနုဆီကို စာတစောင်ရေးတယ်၊ အဲဒီစာထဲမှာ အစ္စရေးနိုင်ငံကို အိန္ဒိယကအသိအမှတ်ပြုအောင် ဝန်ကြီးချုပ်နေရူးကို ဦးနုပြောပေးပါလို့ မေတ္တာ ရပ်ထားတယ်၊ အစ္စရေးကိုမုန်းလို့တော့ မဟုတ်ဘူး၊ ဒါပေမဲ့ အိန္ဒိယမှာစဉ်းစားစရာ ပြဿနာတွေရှိနေတယ်၊ အဲဒီပြဿနာတွေကြောင့် အိန္ဒိယဟာ အစ္စရေးကို အသိအမှတ်မပြုနိုင်ဘူးဆိုတာ ဦးနုကောင်းကောင်းသိပါတယ်၊ ဒါပေမဲ့ ဝန်ကြီးချုပ်ရှားရီးယက်က မေတ္တာရပ်တဲ့ ကိစ္စဟာ ကောင်းတဲ့ကိစ္စပဲ၊ ဒီလိုကောင်းတဲ့ကိစ္စကို သူမငြင်းသင့်ဘူးလို့ ဆုံးဖြတ်ပြီး ဦးနုဟာ ဝန်ကြီးချုပ်နေရူးကို သွားတွေ့တယ်၊ ဒါပေမဲ့ ဒီကိစ္စဟာ သူထင်တဲ့အတိုင်းပဲ မအောင်မြင်ပါဘူး၊ အခုလိုပဲသူစိတ်ထဲမှာ ကောင်းတယ်ထင်ပြီး သွားပြောလိုက်မိလို့ မျက်နှာပူစရာတခု ဖြစ်ခဲ့ရတာကိုလည်း

ဒီနေရာမှာ နဲနဲလောက်ပြောရအုံးမယ်၊ ဦးနုမှာ ဘစ်ရှော့ပရိုဗို့(စ်)႕(နျုအ) နဲ့ ဘစ်ရှော့ပရိုဗို့(စ်) (ဏမသလသျအ) ဆိုတဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေနှစ်ဦးရှိတယ်၊ ဘစ်ရှော့ပရိုဗို့(စ်)က ချာ့ချ်အော့ဲ(ဖ်)အင်ဂလန်ရဲ့ ဘုန်းတော်ကြီးဖြစ်တယ်၊ ဘစ်ရှော့ပရိုဗို့(စ်)က ကက်သလစ်ချာ့ချ်ရဲ့ ဘုန်းတော်ကြီးဖြစ်တယ်၊ အဲဒီအချိန်မှာတုန်းက ဒီခရစ်ယန် ဂိုဏ်းကြီးနှစ်ဂိုဏ်းဟာ အခုအခါမှာလို မသင့်မြတ်ကြသေးဘူး။

တနေ့ကျတော့ ဘစ်ရှော့ပရိုဗို့(စ်)ဟာ ဝန်ကြီးချုပ်ဦးနုဆီကိုလာပြီး သူ့ဝတ်ကျောင်းထဲမှာလုပ်မဲ့ အခန်းအနားတခုကို တက်ဖို့ဖိတ်တယ်၊ ဦးနုက တက်မယ်လို့ပြောတယ်၊ အဲဒီနောက်ဆက်ပြီး သူလာတဲ့အခါ သူ့မိတ်ဆွေ ဘစ်ရှော့ပရိုဗို့(စ်)ကိုလည်း ခေါ်ခဲ့မယ်လို့ပြောတယ်၊ ဘစ်ရှော့ပရိုဗို့(စ်)ဟာ ဘာမှမပြောနိုင်ပဲ တမိနစ်လောက်မျက်လုံးကြီးပြူးပြီး ဦးနုကိုကြည့်နေတယ်၊ အဲဒီတော့မှ သူပြောလိုက်တာမှားသွားပြီးဆိုတာ ဦးနုသတိရတဲ့အတွက် ဘစ်ရှော့ပရိုဗို့(စ်)ကို မခေါ်ခဲ့ဘူး၊ သူတယောက်ထဲလာခဲ့မယ်လို့ ဦးနုကချက်ချင်း ပြင်ပြောရတယ်၊ အဲဒီစကားကိုကြားရတော့မှ ဘစ်ရှော့ပရိုဗို့(စ်)ကို ပုန်ကန်ပြီးထွက်သွားကြတယ်၊ ဒီသူပုန်တွေကို ကက်သလစ်ချာ့ချ်ထဲ အဝင်ခံလို့မဖြစ်ဘူးလို့ ဘစ်ရှော့ပရိုဗို့(စ်)က ရှင်းပြတယ်၊ သူမှားသွားတယ်၊ သူဝမ်းနည်းပါတယ်လို့ ဦးနုဟာ ဘစ်ရှော့ပရိုဗို့(စ်)ကို အကြိမ်ကြိမ် တောင်းပန်လိုက်ပါတယ်၊

ဦးနုတို့လူစု ကရင်မလင်နန်းတော်ထဲက ထွက်လာတဲ့အခါ သံအမတ်ဦးကြင်နဲ့ ဦးအုံးတို့က သူတို့ကိုသာ ဝန်ကြီးချုပ် ဦးနုကတိုင်ပင်ရင် ဒီစာမပေးပါနဲ့လို့ဆိုပြီး သူတို့ဝိုင်းကန့်ကွက်မှာပဲလို့ ဦးနုကို ဝိုင်းပြောကြတယ်၊ ခင်ဗျားတို့ကိုတိုင်ပင်ရင် ဖျက်မယ်ဆိုတာသိလို့ မတိုင်ပင်တာပဲလို့ သူ့ဟာသူစိတ်ထဲကပြောပြီး ဦးနုပြုံးစိစိလုပ်နေတယ်။

နောက်တနေ့ကျတော့ ပါတီအတွင်းရေးမှူး ကရူးရှက်က ဦးနုတို့ကို နေ့လည်စာ ကျွေးတယ်၊ အဲဒီနေ့လည်စာစားပွဲမှာ ဝန်ကြီးချုပ်ဦးနုကို ခရီးဦးကြိုပြုတဲ့ မိန့်ခွန်းတိုကလေး ကရူးရှက်ကပြောတယ်၊ ဦးနုကလည်း မိန့်ခွန်းပြန်ပြောတယ်၊ သူ့မိန့်ခွန်းထဲမှာ ဗမာပြည် လွတ်လပ်ရေးရခါစတုန်းက နိုင်ငံခြားတခုက မြှောက်ပေးလို့ ဗမာပြည်က ကွန်မြူနစ်တွေ သူပုန်ထကြတယ်၊ အဲဒီနောက် ကွန်မြူနစ်တွေကို အတုယူပြီး တခြားနိုင်ငံရေး အဖွဲ့တွေကလည်း သူပုန်ထကြပြန်တယ်၊ သူပုန်ထစတုန်းက သူပုန်တွေရဲ့အင်အားဟာ အင်မတန်ကောင်းတဲ့အတွက် ဗမာပြည်ကို ဆယ်ပုံကိုးပုံလောက်ဟာ သူပုန်တွေလက်အောက် ရောက်သွားတယ်၊ ဗမာနိုင်ငံဟာ ပျက်ပါပြီ၊ နာလံမထူနိုင်တော့ဘူးလို့ တကမ္ဘာလုံးက ယူဆခဲ့တယ်၊ အဲဒီ အခြေအနေမျိုးကနေပြီး သူခေါင်းဆောင်တဲ့ ဗမာအစိုးရဟာ သူပုန်တွေကို ပြန်ချလိုက်တာ အခုအခါဆိုရင် သူပုန်တွေလက်အောက်ကနယ်မြေတွေကို ပြန်သိမ်းပြီးပြီ၊ ကွန်းမြူနစ်သူပုန်တွေနဲ့ တခြားသူပုန်တွေဟာ အခုဆိုရင် အစိုးရတပ်တွေရှေ့မှာ ပြေးနေကြရပြီ၊ သူပုန်တွေရဲ့ ကျောရိုးဟာ အခုအခါမှာဆိုရင် ကျိုးနေပြီ၊ အစိုးရတပ်တွေဟာ သူတို့ကိုနေရာတကာတိုင်းမှာ လိုက်လံသုတ်သင်နေကြပြီ အစရှိတဲ့စကားတွေကို ဦးနုထည့်ပြောသွားတယ်၊ နေ့လည်စာစားပြီးလို့ ဧည့်ဂေဟာကိုပြန်ရောက်တဲ့အခါ အတွင်းဝန်ဦးသန့်နဲ့ ဗိုလ်မှူးချုပ်အောင်ကြီးတို့ ဦးနုနဲ့တွေ့ကြတယ်၊

"နေ့လည်စာစားပွဲမှာ ဝန်ကြီးချုပ် စကားပြောနေရင်း ကရှုးရုက်ရဲ့မျက်နှာကို ဝန်ကြီးချုပ် အကဲခတ်မိရဲ့လား"

"ဘာဖြစ်လို့ ဒီလိုမေးတာလဲ။ ဦးသန့်၊ ကျွန်တော်ပြောနေတဲ့ တချိန်လုံးမှာ ကရှုးရုက်ကိုကြည့်ပြီး ပြောနေတာဘဲ"

"ဝန်ကြီးချုပ်စကားပြောနေတုန်း ကရှုးရုက် အတော်မျက်နှာပျက်နေတယ်၊ ဝန်ကြီးချုပ်မြင်မှာပေါ့။"

"မျက်နှာပျက်နေတာကို ကျွန်တော်မမြင်ဘူး၊ သူငြိမ်ပြီးနားထောင်နေတာကိုပဲ ကျွန်တော်မြင်ရတယ်။"

"ဟုတ်တယ် ကိုကြီးနု၊ ကျွန်တော်လဲ ကရှုးရုက်မျက်နှာပျက်နေတာကို ဦးသန့်လိုပဲတွေ့ရတယ်၊ ကိုကြီး ပြောနေတာကို ကရှုးရုက်ကြိုက်ပုံမပေါ်ဘူး။"

"ဗိုလ်အောင်ကြီးရေ။ ကရှုးရုက် မကြိုက်လည်း မတတ်နိုင်ဘူးကွာ၊ ဒီရပ်ရှင်းတွေရဲ့ ပယောဂကြောင့် ဒို့နိုင်ငံတခုလုံးဟာ လောင်စာနဲ့ပြာပုံ ဖြစ်ခဲ့ရတယ်၊ အဲဒါကြောင့် အခုလို အခွင့်ကောင်းရတဲ့အခါ ဒါလောက်တော့ပြောရမှာဘဲ၊ ရပ်ရှင်းတွေမြှောက်ပေးတာကြောင့် ဗမာကွန်မြူနစ်တွေ သူပုန်ထတယ်လို့ ငါတုတ်ပြီးမတွယ်လိုက်တဲ့အတွက် ဒီရပ်ရှင်းတွေက ငါ့ကိုတောင် ကျေးဇူးတင်ရအုံးမယ်။"

နောက်တနေ့ညနေမှာ မော်စကိုမြို့တော်ဝန်က မြို့တော်ခန်းမမှာ ဦးနုကို ဧည့်ခံစရာရှိတယ်၊ အဲဒီဧည့်ခံပွဲမှာ မြို့တော်ဝန်က ခရီးဦးကြိုပြုတဲ့ မိန့်ခွန်းပြောပြီးရင် ဦးနုက ပြန်ပြောရမယ်၊ အဲဒါကြောင့် ဦးနုဟာ မိန့်ခွန်းတခုကိုရေးတယ်၊ အဲဒီမိန့်ခွန်းထဲမှာ လွန်ခဲ့တဲ့နေ့တုန်းက ကရှုးရုက်ကိုပြောခဲ့တဲ့ အချက်တွေကို ထပ်ချဲ့ပြီး ဦးနုရေးထားတယ်၊ အဲဒီတော့ မြို့တော်ဝန်ရဲ့ မိန့်ခွန်းကို ကြိုပေးထားလို့ ဦးနုကလည်း သူ့မိန့်ခွန်းကို ကြိုပြီး ပေးလိုက်တာလား၊ ဒီလိုမှ မဟုတ်ရင်လည်း ဦးနုဟာ မိန့်ခွန်းတခုရေးပြီး သူ့သဘောနဲ့သူ ကြိုပေးလိုက်တာလားဆိုတာ စုံစမ်းလို့မရတော့ဘူး၊ နောက်နေ့(     ) နာရီလောက်ရှိတဲ့အခါ ရန်ကုန်က ဦးနုတို့နဲ့အတူ လိုက်လာတဲ့ ရပ်ရှင်း သံအမတ် ရှီဘိုးရင်းဟာ ဦးနုမိန့်ခွန်းကို ယူလာပြီး အတွင်းဝန်ဦးသန့်နဲ့တွေ့တယ်၊ နာရီဝက်လောက်ကြာတော့ ဦးသန့်ဟာ ဝန်ကြီးချုပ်ဦးနုရဲ့ မိန့်ခွန်းကိုကိုင်ပြီး ဦးနုနဲ့ လာတွေ့တယ်၊ ရှီဘိုးရင်းက ဦးနုဟာ မော်စကိုမှာ ရပ်ရှင်း-ဗမာ ချစ်ကြည်ရေးကိုလည်း အတော်လုပ်ပြီးနေပါပြီ၊ အဲဒီတော့ လွန်ခဲ့တဲ့နေ့တွေတုန်းက ကရှုးရုက်ရဲ့ နေ့လည်စားပွဲမှာ ပြောခဲ့တဲ့အချက်တွေကိုမြို့တော်ဝန်ရဲ့ဧည့်ခံပွဲမှာ ထပ်ပြောဖို့ မကောင်းတော့ပါဘူး၊ အခက်အခဲမရှိရင် အဲဒီအချက်တွေကို ဝန်ကြီးချုပ်မိန့်ခွန်းထဲက ဖြုတ်ပေးပါလို့ တောင်းပန်နေတယ်လို့ ဦးသန့်က အစီအရင်ခံတယ်၊ ဦးနုဟာ ဒီကိစ္စကို အရှည်ကြီး စဉ်းစားမနေတော့ပါဘူး၊ ဦးသန့် ကြိုက်သလိုဖြုတ်လို့ ဦးနုက အမိန့်ပေးလိုက်တယ်၊

ဦးနုတို့ဟာ မော်စကိုမှာရှိနေတုန်း တနေ့မှာတော့ လီနင်နဲ့ စတာလင်တို့ရဲ့

ရုပ်အလောင်းကို ဆေးရည်စိမ်ပြီးပြထားတဲ့ ပြတိုက်ကိုသွားကြတယ်၊ စတာလင်ဟာ ဗမာပြည်တွင်းမှာ ဝင်ရှုပ်ထားတဲ့အတွက် ဦးနုဟာ စတာလင်ကိုအင်မတန် စိတ်နာနေပေမဲ့ စတာလင်ရဲ့ ရုပ်အလောင်းကိုတွေ့ရတဲ့အခါ ဦးနုစိတ်တွေ အတော်ပြောင်းသွားတယ်၊ အသက်ရှင်စဉ်တုန်းက လူတွေကိုအတော်ကြီး နှိပ်စက်ညှင်းဆဲ သတ်ဖြတ်ခဲ့တဲ့ စတာလင်ဟာ သေတဲ့အခါမှာ ဘယ်နည်းနဲ့မှ ကောင်းရာမွန်ရာဘုံကို ရောက်မှမဟုတ်ဘူး၊ အဝီစိငရဲကိုကျပြီး အဲဒီငရဲမှာ အခုအခါဆိုရင် အပြင်းအထန် ဆင်းရဲဒုက္ခတွေ ခံနေရတော့မှာဘဲလို့ စဉ်းစားမိပြီး စတာလင်ကို ဦးနုဟာ အများကြီးသနားနေတယ်၊ သေတဲ့သူတွေကို ဗုဒ္ဓဘာသာဝင်တွေဟာ သူတို့ပြုထားတဲ့ ဒါနကုသိုလ်။ သီလကုသိုလ်။ ဘာဝနာကုသိုလ်တွေ အမျှဝေလေ့ရှိတယ်၊ အဲဒီလိုဝေတဲ့အခါ သေသူတွေက ရောက်လေရာအရပ်က (သာဓု)ခေါ်နိုင်ရင် ငရဲကျနေသူတွေလည်း ငရဲကလွတ်နိုင်တယ်၊ နတ်ပြည်ရောက်နေတဲ့ နတ်တွေဆိုရင်လည်း စည်းစိမ်ချမ်းသာတွေတိုးတယ်လို့ ဗုဒ္ဓဘာသာဝင်တွေယုံကြည်ကြတယ်၊ အဲဒီယုံကြည်ချက်အရ စတာလင်ရဲ့အလောင်းကိုကြည့်နေရင်း (စတာလင်၊ ကျွန်တော်ပြုခဲ့တဲ့ ဒါနကုသိုလ်။ သီလကုသိုလ်။ ဘာဝနာကုသိုလ်တွေကို ကျွန်တော် အမျှဝေပါတယ်၊ အမျှ-အမျှ-အမျှ) လို့ဆိုပြီး ဝန်ကြီးချုပ်ဦးနုက စတာလင်ကို အမျှဝေလိုက်တယ်၊

မော်စကိုမြို့က မိုင်နှစ်ဆယ်လောက်ဝေးတဲ့ ထင်းရှူးတောထဲမှာ စတာလင် အပန်းဖြေဖို့ အိမ်တလုံးဆောက်ထားတယ်၊ အဲဒီအိမ်မှာ ဦးနုတရက်အပန်းဖြေရတယ်၊ နောက်နေ့နံနက် အာရုံတက်တဲ့ အချိန်ကျတော့ သူနေ့စဉ်ပြုလုပ်လေ့ရှိတဲ့အတိုင်း ဘုရားရှိခိုး။ ပရိတ်ရွတ်။ ဆွမ်းတော်ကပ်ပြီးတဲ့အခါ စတာလင်ဟာ ကောင်းရာမွန်ရာကို ရောက်ပါစေလို့လည်း ဦးနု မေတ္တာပို့တယ်၊ သူလုပ်ခဲ့သမျှ ဒါနကုသိုလ်။ သီလကုသိုလ်။ ဘာဝနာကုသိုလ်တွေကိုလည်း စတာလင်အတွက် ရည်စူးပြီး တကြိမ်အမျှထပ်ဝေတယ်၊

အစီအစဉ်တိုင်း ဆိုဗီယက်ယူနီယံမှာ လှည့်ပတ်ကြရင်း တနေ့ကျတော့ ပင်လယ်ကမ်းခြေက မြို့တမြို့ကို ဦးနုတို့ ရောက်လာတယ်၊ ရောက်တဲ့ညမှာပဲ ကရူးရှက်ဟာ သူ့အိမ်မှာ ဦးနုတို့ကို ညစာကျွေးတယ်၊ အဲဒီညစာစားပွဲမှာ ကရူးရှက်ရဲ့ဇနီးနဲ့ သမီးတို့ကို တွေ့ရတယ်၊ မီကိုယံကိုလည်း တွေ့ရတယ်၊

ရန်ကုန်ကိုပြန်မဲ့နေ့ကျတော့ မောင်စကို လေယာဉ်ပျံကွင်းကိုလာပြီး နှုတ်ဆက်ကြတဲ့ ရပ်ရှင်းခေါင်းဆောင်တွေထဲမှာ ကာဂင်နိုဗစ်လည်း ပါလာတယ်၊ အားလုံးကို လက်ဆွဲ နှုတ်ဆက်ကြတဲ့အခါ ဦးနုဟာ ကာဂင်နိုဗစ်ကို လက်နှစ်ဖက်နဲ့ အားရပါးရဖက်ပြီး ရဲဘော်ကြီး ကာဂင်နိုဗစ်။ ခင်ဗျားကို ကျွန်တော်ချစ်တယ်လို့ ဦးနုက ပြောလိုက်တယ်၊ (ဃသာမဓိနေ ဂ္ဓါညေသလခေ၃ူ။ သလန ပသက.) အဲဒီ ၁၉၅၅ ခုနှစ် ဒီဇင်ဘာလထဲမှာ ကရူးရှက်နဲ့ ဘူလ်ဂယ်နင်တို့

ဗမာပြည်ကိုအလည်လာကြတယ်၊ ဦးနုတို့ လူစုဟာ ဆိုဗီယက်ယူနီယံမှာ သူတို့ကို ကြိုဆိုဧည့်ခံကြသလိုပဲ ကရူးရှက်နဲ့ ဘူလ်ဂယ်နင်တို့ကို သောင်းသောင်းဖျဖျ ဧည့်ခံကြိုဆိုလိုက်ကြတယ်၊

ဝန်ကြီးချုပ်ဘူလ်ဂယ်နင်ဟာ အနေအထိုင်အပြောအဆိုမှာ အင်မတန် ခန့်ငြားတယ်၊ အင်မတန်လည်း ယဉ်ကျေးသိမ်မွေ့တယ်၊ အဲဒါကြောင့် ဦးနုဟာ ဘူလ်ဂယ်နင်ကို အများကြီးကြည်ညိုတယ်၊ ကရူးရှက်ကတော့ ပြောတဲ့ဆိုတဲ့နေရာမှာ ဟန်မလုပ်တတ်ဘူး၊ သူ့ဝမ်းထဲမှာရှိတာကို ဘွင်းဘွင်းကြီး ဖွင့်ချတတ်တယ်၊ သူပြောသမျှတွေကို ဦးနုလက်ခံတယ်လို့ မဆိုလိုဘူး၊ ဒါပေမဲ့ ဘွင်းဘွင်းပြောတာကို ဦးနု အများကြီးသဘောကျတယ်၊ သူတို့နဲ့ရင်းနှီးလာတဲ့အခါ ဒီရုပ်ရှင်းခေါင်းဆောင် နှစ်ဦးဟာ စတာလင်နဲ့မတူဘူး၊ ဗမာပြည်အပေါ်မှာ စေတနာကောင်းရှိတယ်ဆိုတဲ့ ယုံကြည်မှုတွေဟာ ဦးနုရဲ့စိတ်ထဲမှာ တဖွားဖွားပေါ်လာတယ်၊

သမတက ရုပ်ရှင်းခေါင်းဆောင်တွေကို တည်ခင်းကျွေးမွေးတဲ့ ညစာစားပွဲမှာ ကရူးရှက်ဟာ အစာမကြေတဲ့ ရောဂါကြောင့် ဘာမှမစားနိုင်ဘူး၊ ဦးနုက ဗမာဆရာဝန်တယောက် ခေါ်ပေးမယ်လို့ ပြောတဲ့အခါ ကရူးရှက်က သူ့မှာ ဆရာဝန်ပါလာတယ်လို့ပြောတယ်၊ ဒါပေမဲ့ ဒီဆရာဝန်တွေကို သူအားမကိုးဘူး၊ ကျန်းမာရေးကောင်းချင်တဲ့ လူတွေဟာ ဆရာဝန်ပေးတဲ့ ဆေးတွေကို ခဏခဏသောက်နေဖို့ မလိုဘူး၊ (၁) ခေါင်းကိုအေးအေးထား။ (၂) ခြေထောက်ကိုနွေးနွေးထား။ (၃) ဝမ်းကိုဆာနေအောင်လုပ်ထား။ (၁. ုနနစ ပသကမ ့နၶိ ခသသူ. ၂. ုနနစ ပသကမ် နနအ တမော. ၃. ုနနစ ပသကမ ျအသာခေ့ ့ကညါမပ.) လို့ ကရူးရှက်က ဦးနုကိုပြောပြတယ်၊

ကရူးရှက်နဲ့ ဘူလ်ဂယ်နင်တို့ လာကြတာကြောင့် ဗမာပြည်အတွက် ကောင်းတာတွေ အများကြီး ရှိပါတယ်၊ မငြင်းနိုင်ပါဘူး၊ ဒီကောင်းတာတွေထဲမှာ ကောင်းတာတခုကို ဒီနေရာမှာ ထူးထူးခြားခြားဖော်ပြလိုပါတယ်၊

ဗမာပြည်လွတ်လပ်ရေးရတဲ့ အချိန်ကစပြီး (၇)နှစ်လုံးလုံး ဗမာကွန်မြူနစ်တွေနဲ့ ကွန်မြူနစ်တွေရဲ့ တပည့်တွေက ဗမာပြည်ရဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေးအစစ်မဟုတ်ဘူး၊ လွတ်လပ်ရေးအတုကြီးလို့ မျက်စိမှိတ်ပြီး တအော်တည်းအော်နေကြတာဘဲ၊ သူတို့တွေ လက်နက်ကိုင်ပြီး သူပုန်ထရတာဟာ တခြားကြောင့်မဟုတ်ဘူး၊ ဒီလွတ်လပ်ရေးအတုကြီးကို လွတ်လပ်ရေးအစစ် ဖြစ်လာအောင် ပြောင်းဖို့အတွက်ကြောင့်ဘဲ ဖြစ်တယ်လို့တောင် ဒီကွန်မြူနစ်တွေနဲ့ သူတို့ရဲ့ တပည့်တွေဟာ ကြွေးကြော်ခဲ့ကြတယ်၊ ဖဆပလ အစိုးရက လွတ်လပ်ရေးဟာ အတုမဟုတ်ပါဘူး၊ အစစ်ဖြစ်တယ်ဆိုတာ ဘယ်လိုရှင်းပြလို့မှမရဘူး၊ ကရူးရှက်နဲ့ ဘူလ်ဂယ်နင်တို့ ဗမာပြည်ကို အလည်လာတော့မှပဲ မျက်စိမှိတ်အော်နေကြတဲ့ ကွန်မြူနစ်တွေနဲ့ သူတို့ရဲ့တပည့်တွေဟာ အအော်ရပ်သွားကြတယ်၊ အဲဒါဟာ ဗမာပြည်ကို ကရူးရှက်နဲ့

ဘူလ်ဂယ်နင်တို့ လာလိုက်တာကြောင့် ဗမာပြည်အတွက် ပေါ်ပေါက်လာတဲ့ အကောင်းတခုဖြစ်တယ်ဆိုတာ ဖော်ပြလိုပါတယ်၊

ကရူးရှက်နဲ့ ဘူလ်ဂယ်နင်တို့ပြန်သွားပြီး လေးလလောက်ကြာတဲ့အခါမှာ မီကိုယန်ဗမာပြည်ကိုအလည်လာတယ်၊ မီကိုယန်ဟာ ကရူးရှက်နဲ့ အလွန်ချစ်ခင်ရင်းနှီးသူဖြစ်တယ်၊ ပင်လယ်ကမ်းခြေက မြို့တမြို့မှာ ကရူးရှက်က ဦးနုတို့ကို ညစာကျွေးတုန်းက မီကိုယန်ဟာ ကရူးရှက်နဲ့ ဆက်ဆံတဲ့အခါ အင်မတန်ရင်းရင်းနှီးနှီးဆက်ဆံတာကို ဦးနုကောင်းကောင်း သတိထားမိတယ်၊ သူ့မိသားစုနဲ့ ဦးနုတို့ကိုသာဖိတ်တဲ့ ရင်းရင်းနှီးနှီး ညစာစားပွဲမှာ ဘယ်ဝန်ကြီးတဦးတယောက်ကိုမှ မဖိတ်ဘဲ မီကိုယန်တဦးထဲကိုသာ ဖိတ်တာကိုလည်း ဦးနုကောင်းကောင်း မှတ်ထားမိတယ်၊ မီကိုယန်ဟာ အင်မတန်ချစ်စရာ ကောင်းတဲ့လူတယောက်ဖြစ်တယ်၊ သူနဲ့တွေ့ဘူးတဲ့ လူတိုင်းဟာ နာရီဝက်လောက် စကားပြောပြီးရင် သူနဲ့ ခင်ခင်မင်မင်ဖြစ်သွားမှာဘဲ၊ ဦးနုဟာ မီကိုယန်နဲ့ ဆိုဗီယက်ယူနီယံမှကတည်းက ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဖြစ်လာတဲ့အတွက် ဦးနုအိမ်မှာ ညစာစားပြီးလို့ သူတည်းနေတဲ့ အိမ်တော်ကို မီကိုယန်ပြန်တဲ့အခါ ဦးနုကိုယ်တိုင် လိုက်ပို့တယ်၊ သမတအိမ်ကို ရောက်လို့ မော်တော်ကားပေါ်က ဆင်းကြတဲ့အခါ မီကိုယန်က အိပ်ချင်ပြီးလား ဝန်ကြီးချုပ်၊ စကားနဲနဲလောက်ပြောရအောင်လို့ တောင်းပန်တာနဲ့ ဦးနုဟာ သမတ အိမ်တော်ထဲကို မီကိုယန်နဲ့အတူ ဝင်လိုက်သွားတယ်၊ သမတ အိမ်တော်ရဲ့အဝ လှေခါးကြီးနှစ်ခုကြားမှာ ကုလားထိုင်တွေရှိတယ်၊ အဲဒီကုလားထိုင်တွေပေါ်မှာထိုင်ပြီး မီကိုယန်နဲ့ဦးနုတို့ စကားပြောကြတယ်၊ စကားပြန်ကတော့ ဦးနုတို့ ဆိုဗီယက်ယူနီယံမှာရှိတုန်းကရော ဘူလ်ဂယ်နင်တို့ ဗမာပြည်အလည်လာတုန်းကရော စကားပြန်လုပ်ခဲ့ ရပ်ရှင်းစကားပြန်လေးပါ၊

စကားပြောနေကြရင်း ဦးနုက စတာလင်ဟာ ဘယ်လိုလူစားလဲလို့ မေးတာနဲ့ မီကိုယန်က စတာလင်ဟာ သိပ်ကြောက်စရာ ကောင်းတဲ့လူဘဲ၊ စတာလင်ဟာ နောက်ထပ်သုံးလလောက် အသက်ရှည် နေအုံးမယ်ဆိုရင် ကရူးရှက်နဲ့သူဟာ စတာလင်သတ်ပစ်တာကို ခံရမှာဘဲလို့ဖြေတယ်၊ ခင်ဗျားတို့နှစ်ယောက်ကို စတာလင်က ဘာဖြစ်လို့သတ်မှာလို့ မေးတဲ့အခါ သူကတော့ ကရူးရှက်ရဲ့ မိတ်ဆွေရင်းဖြစ်နေလို့ပါဘဲ၊ ဒါပေမဲ့ ကရူးရှက်ကတော့ စတာလင်ကို ဂရုမစိုက်ဘူး၊ အဲဒီလို ဂရုမစိုက်တဲ့အတွက် ကရူးရှက်ကို စတာလင်က သတ်မှာဘဲ၊ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းမှာ စစ်မျက်နှာတခုက ကရူးရှက်ဟာ စတာလင်ဆီကို တယ်လီဖုန်းဆက်လိုက်တယ်၊ အဲဒီအချိန်က စတာလင်ရဲ့ အခန်းထဲမှာ တခြားလူတွေအပြင် မာလင်ကောလည်းရှိနေတယ်၊ မာလင်ကော့က တယ်လီဖုန်းနေရာကို သွားပြီးပြောတဲ့အခါ ကရူးရှက်က မင်းနဲ့ငါမပြောချင်ဘူး၊ စတာလင်နဲ့ ပြောချင်တယ်လို့ပြောလိုက်တယ်၊ မာလင်ကော့က စတာလင်ကို

ဒီအတိုင်းအကြောင်းကြားတဲ့အခါ စတာလင်က သူမပြောဘူး၊ ကရူးရှက်ပြောစရာရှိရင်မာလင်ကော့ကိုပဲ ပြောပစေလို့ ငေါက်လွှတ်လိုက်တယ်၊ မာလင်ကော့က တယ်လီဖုန်းဆီ ပြန်သွားပြီး စတာလင်က ရှူးရှက်နဲ့ မပြောဘူး၊ ပြောစရာရှိရင် သူ့ကိုပဲပြောလို့ စကားပြန်တဲ့အခါ စတာလင်ကိုပဲ ငါပြောမယ်၊ မင်းကိုမပြောဘူးဆိုပြီး ကရူးရှက်ဟာ တယ်လီဖုန်းကို ချပစ်လိုက်တယ်၊ စတာလင်ကို ကရူးရှက်တယောက်ပဲ ဒီလိုလုပ်ရဲတယ်၊ ဘယ်သူမှ မလုပ်ရဲဘူး၊ အဲဒါမျိုးကို စတာလင်မကြိုက်ဘူးလို့ မီကိုယန်က ဦးနုကိုပြောပြတယ်၊

ဘာရီးယားလည်း ဘယ်လိုလူစားမျိုးလဲလို့ ဦးနုကမေးတဲ့အခါ သူလည်း အင်မတန်ဆိုးတဲ့ လူတယောက်ဘဲ၊ မာလင်ကော့ကိုရော သူ့အတွက် အန္တရာယ်ဖြစ်မဲ့ လူတွေအားလုံးကိုပါ အကုန်ဖမ်းသတ်ပြီး သူအာဏာသိမ်းဖို့ စီစဉ်နေတုန်း သူ့ကိုလက်ဦးအောင် အရင်ဖမ်းသတ်လိုက်ရတယ်လို့ မီကိုယန်ကဖြေတယ်၊ သူ့ကို ဘယ်လိုဖြုတ်ချရတယ်ဆိုတာ မပြောပြနိုင်ဘူးလားလို့မေးတဲ့အခါ မီကိုယန်က ပြောနိုင်ပါတယ်လို့ဖြေပြီး ဘာရီးယားကို ဘယ်လိုဖြုတ်ချရတယ်ဆိုတာ ပြောပြတယ်၊ သူပြောပြချက်ရဲ့ အတိုချုပ်ကတော့ ဒီလို၊

ဘာရီးယားကို ဖြုတ်ချဖို့အတွက် ခေါင်းဆောင်ပြီး စီစဉ်တဲ့လူကတော့ ကရူးရှက်ဘဲ၊ ကရူးရှက်ဟာ ရှေးဦးစွာ မာရှယ် ဘူလ်ဂယ်နင်။ မာရှယ်ဇူးကော့တို့နဲ့ တိုင်ပင်တယ်၊ အကယ်၍ ဘာရီးယားရဲ့ စစ်ပုလိပ်တွေကို စီစဉ်ပြီးတဲ့အခါ ကရူးရှက်ကိုယ်တိုင် ဝန်ကြီးချုပ် မာလင်ကော့ဆီကိုသွားပြီး သူကိုယ်တိုင်ကတော့ ဘာရီးယားကို လူဆိုးလို့ထင်တယ်၊ မာလင်ကော့ကကော ဘယ်လိုထင်သလဲလို့ မေးတယ်၊ မာလင်ကော့က သူလဲဘာရီးယားကို လူဆိုးလို့ထင်တယ်လို့ ပြန်ဖြေတဲ့အခါကျတော့မှ ကရူးရှက်က ဒီလိုဆိုရင် မာလင်ကော့ကို သူ့အစီအစဉ်ပြောပြမယ် ဆိုပြီး လျှောက်ပြောတယ်၊

အဲဒီအစီအစဉ်အရ နောက်နေ့ကျင်းပမဲ့ ပရီစီဒီယန် အစည်းအဝေးမှာ ဘာရီးယားအပေါ် စွဲချက်တွေ တင်ပြီးဖမ်းရမယ်၊ ဘာရီးယားရဲ့လူတွေက ခုခံရင် သူတို့က အရေးယူဖို့ စစ်တပ်နဲ့ စီစဉ်ပြီးပြီလို့ ရှင်းပြတယ်၊ အဲဒီနောက် မာလင်ကော့ဟာ သူတို့ဖက်ကိုပါမလားလို့ ကရူးရှက်ကမေးတယ်၊ မာလင်ကော့က ပါမယ်လို့ဖြေတယ်၊

နောက်နေ့အစည်းအဝေးစတာနဲ့တပြိုက်နက် ကရူးရှက်က ခင်ဗျားအပေါ်မှာ စွဲချက်တင်စရာတွေရှိတယ်လို့ ဘာရီးယားကိုပြောလိုက်တယ်၊ ဘာရီးယားက တင်နိုင်ပါတယ်၊ တခြားအရေးကြီးတဲ့ ကိစ္စတွေ ပြီးတဲ့အခါ တင်တာပေါ့လို့ ပြန်ဖြေပြီး စားပွဲခုံပေါ်တင်ထားတဲ့ သူ့လက်ဆွဲသားရေအိတ်ကို ဖွင့်မလို့လုပ်လိုက်တယ်၊ ဘာရီးယားဟာ သားရေအိတ်ထဲက ပစ္စတိုသေနတ်ကို ထုတ်လိမ့်မယ်လို့ ကရူးရှက်က ထင်တယ်၊ အဲဒါကြောင့် ကရူးရှက်ဟာ အဲဒီလက်ဆွဲသားရေအိတ်ကို သူ့လက်နဲ့တအား ပုတ်ပစ်လိုက်တာ လက်ဆွဲသားရေအိတ်ဟာ စားပွဲခုံပေါ်က လွင့်ပြီး

ကြမ်းပြင်ပေါ် ကျသွားတယ်၊ အဲဒီနောက် ကရူးရှက်က ဟော့ကောင်။ မတ်တပ်ရပ်လို့ ငေါက်လိုက်တဲ့အခါ ဘာရီးယားလည်း လန့်ပြီး မတ်တပ်ရပ်လိုက်တယ်၊ သူ့တကိုယ်လုံး ဆတ်ဆတ်တုန်နေတာကို ပရီစီဒီယန် အစည်းအဝေးတက်သူတိုင်း မြင်နေရတယ်၊ ကရူးရှက်ဟာ ဘာရီးယားရဲ့နောက်ကိုသွားပြီး သူ့လက်နှစ်ဖက်နဲ့ ဘာရီးယားရဲ့ လက်နှစ်ဖက်ကို တုပ်ထားလိုက်တယ်၊ အဲဒီနောက် အခန်းထဲက အချက်ပေးလိုက်တာနဲ့ တပြိုက်နက် အသင့်စောင့်နေတဲ့ စစ်သားတွေ အစည်းအဝေးခန်းမထဲ ဝင်လာပြီး ဘာရီးယားကို ခေါ်ထုတ်သွားကြတယ်၊

၁၉၅၆ခုနှစ်ကျတော့ ဦးနုဟာ ဝန်ကြီးချုပ်ရာထူးက ထွက်ပြီး ဖဆပလ ပြန်လည်ဖွဲ့စည်းရေးကို ကိုင်နေတယ်၊ အဲဒီနှစ်ထဲမှာ မာရှယ်ဇူးကော့ ရန်ကုန်ကိုလာတယ်၊ တနေ့ကျတော့ မာရှယ်ဇူးကော့ဟာ ဦးနုနဲ့ တွေ့ရအောင် ဖဆပလဌာနချုပ်ကို အလည်လာတယ်၊ သူတို့နှစ်ယောက်စကားပြောနေကြတုန်း မာရှယ်ဇူးကော့က ဦးနုကိုမေးခွန်းတခုမေးတယ်၊

"ဦးနု။ တတိယကမ္ဘာစစ်ကြီး ဖြစ်နိုင်မယ်လို့ ခင်ဗျားထင်လား"

"မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"တတိယ ကမ္ဘာစစ်ကြီးဖြစ်ရင် ပထမနဲ့ ဒုတိယကမ္ဘာစစ်ပွဲကြီးတုန်းကလို စစ်ပွဲကြီးပြီးတဲ့အခါ စစ်နိုင်သူနဲ့ စစ်ရှုံးသူတွေ ကျန်တော့မှာ မဟုတ်ဘူး၊ အနုမြူဗုံးတွေကြောင့် တကမ္ဘာလုံးလောင်စာနဲ့ ပြာပုံသာ ကျန်တော့မယ်၊ ဒီလိုဘဝမျိုး ရောက်မှာတော့ စစ်ဖြစ်ချင်သူတွေ ကြောက်ကြလိမ့်မယ် ထင်တယ်၊ မာရှယ်ဇူးကော့ ကကော ဘယ်လိုထင်သလဲ"

"ကျွန်တော်ကတော့ ဦးနုလိုမထင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဒီကမ္ဘာမှာ စစ်ပွဲတွေ စဖြစ်ကြတုန်းက ဒါးတွေ။ လှံတွေကို သုံးပြီး ဖြစ်ခဲ့ကြတယ်၊ အဲဒီနောက် လေးနဲ့မြားတွေကို သုံးလာကြတယ်၊ အဲဒီနောက် ဗုံးကြဲလေယာဉ်ပျံနဲ့ ဗုံးတွေကို သုံးလာကြတယ်၊ လက်နက်တွေဟာ တခေတ်ထက်တခေတ် ပိုပြီးကြောက်စရာ ကောင်းလာတယ်၊ ဒါပေမဲ့ လူတွေကတော့ မကြောက်ကြဘူး၊ ဒီလက်နက်တွေကို သုံးပြီး စစ်ဖြစ်ကြတာဘဲ၊ အဏုမြူဗုံးတွေဟာ အရင်လက်နက်တွေနဲ့ စာရင် ပိုပြီးကြောက်စရာကောင်းလာတယ်ဆိုတာကို ဘယ်သူမှ မငြင်းနိုင်ဘူး၊ ဒါပေမဲ့ စစ်ဖြစ်ချင်တဲ့ လူတွေကြတော့ မကြောက်ဘူး၊ ဒီလက်နက်တွေကိုသုံးပြီး စစ်ဖြစ်ကြအုံးမှာဘဲ၊ အဲဒါကြောင့် စစ်ဖြစ်လာရင် အသင့်ဖြစ်နေအောင် ကျွန်တော်တို့တော့ ကျွန်တော်တို့တပ်တွေကို အဏုမြူလက်နက် အစွမ်းကုန် တပ်ပေးထားတာဘဲ။"

"စတာလင်ဟာ ခင်ဗျားကို မကြိုက်ဖူးလို့ ကြားဖူးတယ်၊ ဟုတ်သလား"

"ဟုတ်တယ်"

"သူ မကြိုက်တဲ့လူတွေဆိုရင် စတာလင်ဟာ ထောင်ချချင်ချ၊ မချရင် ဆိုက်ဘေးရီးယားကိုပို့၊ ဒါမှမဟုတ်ရင်လည်း သတ်ပစ်တယ်လို့ကြားဘူးတယ်၊ ခင်ဗျားကိုတော့ စတာလင်ဟာ ဘာဖြစ်လို့ ဒီလိုမနှိပ်စက်သလဲ"

"ကျွန်တော့် စစ်တပ်ကိုကြောက်လို့ စတာလင်ဟာ ဒီလိုမလုပ်တာဘဲ"

၁၉၆၀–အတွင်း အထွေထွေရွေးကောက်ပွဲကြီး ပြီးခါစ အချိန်လောက်မှာ ကရူးရှက်ဟာ အိန္ဒိယကိုအလည်လာရင်း ဗမာပြည်ကို ရောက်လာသေးတယ်၊ ဦးနုနဲ့တွေ့တဲ့အခါ ကလကတ္တားမှာ ဝန်ကြီးချုပ်နေရူးနဲ့ သူတွေ့စရာရှိသေးတယ်၊ ဦးနုလဲ ကလကတ္တားကို လာပါလို့ ကရူးရှက်ကဖိတ်တာနဲ့ နောက်ဆုံးတွေ့ရတာဘဲ၊

၁၉၆၂ ခုနှစ်ထဲမှာ ဦးဟာ အာဏာအသိမ်းခံရပြီး အချုပ်ခန်းထဲမှာ လေးနှစ်ခွဲကျော်ကျော် နေခဲ့ရတယ်။ ၁၉၆၄ ခုနှစ် အောက်တိုဘာလထဲကို ရောက်လာတဲ့အခါ သူ့လိုပဲ အချုပ်ခန်းထဲကို ရောက်နေတဲ့ ဝန်ကြီးဟောင်း တချို့ပြောပြလို့ ကရူးရှက်ဟာ ဝန်ကြီးချုပ်ရာထူးက ပြုတ်ကျသွားတယ်လို့ ဦးနုသိရတယ်။

ဦးနုဟာ ကရူးရှက်ကိစ္စကို သေသေချာချာလေ့လာပြီးတဲ့အခါ ကရူးရှက်ဟာ ဝန်ကြီးချုပ်ရာထူးက အဖြုတ်ခံရတာမဟုတ်ဘူး၊ သူ့ဟာသူ နုတ်ထွက်သွားတာ ဖြစ်ရမယ်လို့ တထစ်ချဆုံးဖြတ်လိုက်တယ်၊ ဦးနုက ဒီလိုဆုံးဖြတ်တာဟာ ဘာအကြောင်းတွေကြောင့်လဲ၊ ဒီအကြောင်းတွေကို တခုစီပြောပြပါ့မယ်။

(၁) ကရူးရှက်ကိုဖြုတ်ဖို့မလွယ်ဘူး၊ ကရူးရှက်ဟာ သတ္တိသိပ်ရှိတယ်၊ သူ့သတ္တိကြောင့် သူဟာအောက်ဆုံးတန်းက နေပြီး အထွပ်အထိပ်ကို ရောက်လာတယ်လို့ ဆိုရင် မမှားနိုင်ဘူး၊ သူဟာဘယ်လို သတ္တိရှိခဲ့တယ်ဆိုတဲ့ သဓကတွေထဲက ထင်ရှားတဲ့ သဓကတချို့ကို ဒီနေရာမှာ ဖော်ပြချင်တယ်၊ ၁၉၅၃ ခုနှစ်ထဲမှာ ဘားရီးယားလို အင်မတန် ကြောက်စရာကောင်းတဲ့ လူတယောက်ကို ကရူးရှက် ခေါင်းဆောင်ပြီး ဖြုတ်ချခဲ့တယ်၊ ၁၉၅၇ ခုနှစ်ထဲမှာ ပရီစီဒီယန်က သူ့ကိုဖြုတ်ချတဲ့အခါ သူကြောက်ပြီး ထွက်မပေးဘူး၊ ဗဟိုကော်မတီကိုခေါ်ပြီး သူ့ကိုဖြုတ်ချတဲ့ ပရီစီဒီယန် အဖွဲ့ဝင်တွေကို သူဖြုတ်ချပစ်လိုက်တယ်၊ ပရီစီဒီယန်ရဲ့ ဆုံးဖြတ်ချက်ကို အခုလိုခံတိုက်ရဲတာ ဆိုဗီယက်ယူနီယံရဲ့ သမိုင်းတခုလုံးမှာ ကရူးရှက်တဦးတည်းပဲ ရှိသေးတယ်၊ စတာလင်လို အာဏာရှင်တောင် မာရှယ်ဇူးကော့ကို အရေးမယူရဲဘူး၊ ကရူးရှက်ဟာ မာရှယ်ဇူးကော့ကို ကာကွယ်ရေးဝန်ကြီး ရာထူးကရော ပရီစီဒီယန် အဖွဲ့ကပါ ဖြုတ်ပစ်လိုက်တယ်၊

(၂) ကရူးရှက်ကို ဖြုတ်ချတဲ့လူတွေကို ကမ္ဘာကဝိုင်းပြီး စွပ်စွဲခဲ့ကြတဲ့ မီကိုယန်ဟာ ကရူးရှက်ရဲ့ အရင်းဆုံး သူငယ်ချင်းဘဲ၊ မာလင်ကော့နဲ့ ဘားရီးယားဟာ စတာလင် လက်သပ်မွေးထားတဲ့ တပည့်တွေဖြစ်သလို ဘရက်ဇနေက်။ ကိုစီချင်။

ပေါ့ဂေါ်နီဆိုတဲ့ လူသုံးယောက်ကလည်း ကရူးရှက် လက်သပ်မွေးထားတဲ့ တပည့်တွေဖြစ်တယ်၊ ဒါပေမဲ့ ဆရာသောဘာသော မရှောင်ပါဘူး။ အာဏာဆိုရင် လုကြမှာပဲလို့ တဖက်ကပြောချင်ရင် ပြောနိုင်တယ်၊ အဲဒီလိုပြောမယ်ဆိုရင် ဦးနုဟာ ဘရက်ဇုညက်။ ကိုစီချင်။ ပေါ့ဂေါ်နီတို့ကို တခါမှမတွေ့ဘူးတဲ့အတွက် မကာကွယ်နိုင်ဘူး၊ မီကိုယန်ကိုတော့ ဦးနုဟာ အပြင်းအထန် ကာကွယ်လိမ့်မယ်၊ ဦးနုရဲ့စိတ်ထဲမှာ မီကိုယန်ဟာ တခြားဟာတွေကို လုပ်ချင်လုပ်မယ် ကရူးရှက်ကိုဖြုတ်ချတဲ့ အလုပ်ကိုတော့ ဘယ်နည်းနဲ့မှ မလုပ်ဘူးလို့ ဦးနုက တထစ်ချယုံကြည်နေတယ်၊ လူတွေထဲမှာ သူငယ်ချင်းအရင်းတွေအပေါ် သစ္စာဖောက်တဲ့လူဆိုးတွေရှိသလို သူငယ်ချင်း အရင်းတွေအပေါ် ဘယ်တော့မှသစ္စာမဖောက်တဲ့ လူကောင်းတွေလည်းရှိတယ်၊ မီကိုယန်ဟာ အဲဒီလူကောင်းတွေထဲမှာ တယောက်အပါအဝင်ဖြစ်တယ်လို့ ဦးနုဟာ မမိုတ်မသုံ ယုံကြည်နေတယ်၊

(၃) ကရူးရှက်ဟာ တိုင်းပြည်ကို အုပ်ချုပ်တဲ့ဖက်မှာ တော်ချင်မှတော်မယ်၊ ပါတီကိုစည်းရုံးတဲ့နေရာမှာတော့ နှစ်ယောက်မရှိအောင် တော်တယ်၊ စတာလင်ဟာ ပါတီရဲ့ပထမအတွင်းရေးမှူး လို့သာဆိုတယ်၊ ပါတီရဲ့ခေါင်းဆောင်ကြီးငယ်တွေနဲ့ ဘယ်တော့မှ တွေ့လေ့မရှိဘူး၊ ညဖက်ဆိုရင် တညလုံးအရက်သောက်ပြီး နေ့ဖက်မှာ တနေ့လုံး အိပ်နေသူဖြစ်တယ်၊ ကရူးရှက်က ဒီလိုမဟုတ်ဘူး၊ ပါတီထဲမှာ အရေးပါ အရာရောက်တဲ့ ခေါင်းဆောင်တွေနဲ့အကုန်တွေ့တယ်၊ ဆွေးနွေးတယ်၊ ဒီခေါင်းဆောင်တွေမှာ အကြောင်းကြီးငယ်ရှိရင် လက်ပိုက်ကြည့်မနေဘူး၊ အထူးကူတယ်၊ စတာလင်ကိုတွေ့တဲ့အခါ ဘူလ်ဂင်နင်တို့ ဖော်ရိုရှိုလော့တို့ ဆိုတဲ့ခေါင်းဆောင်တွေတောင် ဖိတ်ဖိတ်တုန်အောင် ကြောက်ရတယ်၊ ကရူးရှက်က ဒီလိုမဟုတ်ဘူး၊ ကုလသမဂ္ဂထဲမှာ သူ့ဖိနပ်ချွတ်ပြီးစားပွဲခုံကို ခေါက်တဲ့အထိ ရမ်းကားနိုင်တဲ့ လူစားမျိုးဖြစ်ပေတယ်၊ ရုပ်ရှင်အလုပ်သမားတွေနဲ့ တွေ့တွေ့။ လယ်သမားတွေနဲ့တွေ့တွေ့။ လမ်းပေါ်ကလူတယောက်နဲ့ တွေ့တွေ့ အင်မတန်ဖော်ဖော်ရွေရွေ ဆက်ဆံနိုင်တယ်၊ သူကလည်း အရွှန်းတွေပြောတယ်၊ သူ့ကို ပြန်ပြောရင်လည်း သူရယ်နေတယ်၊ ဗမာပြည်လာတုန်းက ရုပ်ရှင်သံရုံးက လူတွေအားလုံး သူ့ကိုလေဆိပ်မှာ ဆင်းကြိုနေကြတယ်၊ အဲဒီလူတွေထဲမှာ အောက်ဆုံးအလုပ်သမားတွေအထိ ပါတယ်၊ အဲဒီလူတွေဟာ ကရူးရှက်နဲ့တွေ့တဲ့အခါ အကြာကြီး ကွဲကွာနေကြတဲ့ ဆွေမျိုးတွေပြန်တွေ့ကြသလို တဦးနဲ့တဦး ဝမ်းမြောက်ဝမ်းသာ ရင်းရင်းနှီးနှီး ဆက်ဆံနေကြတာကို လေဆိပ်မှာရှိတဲ့ ဗမာတွေအားလုံး တွေ့ကြရတာဘဲ၊ ဦးနုတို့ မော်စကိုမှာရှိတုန်း ရုပ်ရှင် ရုပ်ရှင်ကားတကားကို ကြည့်ခဲ့ရတယ်၊ အဲဒီကားထဲမှာ စတာလင်ဟာ ဥယျာဉ်တခုထဲ

ဆေးတံကြီးကိုက်ပြီး လမ်းလျှောက်လာတာကို တွေ့တာနဲ့ တပြိုင်နက် အလုပ်သမားတယောက်ဟာ လန့်ပြီးထွက်ပြေးတယ်၊ စတာလင်ရဲ့တပည့်တွေက ဒီလူရဲ့နောက်ကိုလိုက်ပြီး စတာလင်ကို ကြောက်စရာမရှိပါဘူးလို့ တမင်သက်သက် ဝါဒဖြန့်ပေးရတယ်ဆိုတာ အင်မတန် ထင်ရှားနေတယ်၊

(၄) ကရူးရှက်ဟာ အခုပြောသလို စည်းရုံးရေးနဲ့ဆက်ဆံရေး အင်မတန်ကောင်းတဲ့အတွက် ဗဟိုကော်မတီတဖွဲ့လုံးဟာ သူ့အိပ်ထဲမှာထည့်ထားသလို ဖြစ်နေတယ်၊ ဗဟိုကော်မတီထဲမှာ တကယ်သာတိုက်ရရင် မီကိုယန်။ ဘရက်ဇနက်။ ကိုစီချင်။ ပေါ့ဂေါနီတို့ လွင့်သွားမယ်၊ ကရူးရှက်လွင့်သွားမှာ မဟုတ်ဘူး၊ ကရူးရှက်အတွက် ဒီလူတွေကို တိုက်ရတာဟာ ဘားရီးယား။ ဘူလ်ဂင်နင်။ မိုလိုတော့။ ဇူးကော့ တို့ကိုဖြုတ်ချရတာလောက် မခက်ပါဘူး၊ (၂၀)ကြိမ်မြောက် ကွန်မြူနစ် ကွန်ဂရက်ညီလာခံမှာ စတာလင်ကို ရှုတ်ချရတာလောက် (နျူအနူညငဖအေသေည) မော်ဆိုလီယန်ဆိုတဲ့ ပြတိုက်ထဲက စတာလင်ရဲ့ ဆေးစိမ်ထားတဲ့ အလောင်းကို ထုတ်ပြီး မထင်မရှား အခြားနေရာတခုမှာ သွားမြှုပ်ပစ်ရတာလောက် မခက်ပါဘူး၊

(၅) ဘူလ်ဂင်နင်။ မိုလိုတော့။ မာလင်ကော့။ ကာဂင်နိုဗစ်တို့ ပရီစီဒီယန်က ပြုတ်သွားတဲ့အခါ ဘယ်ရောက်သွားကြလဲ။ မာရှယ်ဇူးကော့တော် အင်မတန် မထင်မရှားနေရတယ်၊ ကရူးရှက်ကတော့ ဒီလိုမဟုတ်ဘူး၊ အပန်းဖြေချင်တဲ့အခါ မောစကိုနဲ့ မိုင်နှစ်ဆယ်လောက်ဝေးတဲ့ စတာလင် အပန်းဖြေလေ့ရှိတဲ့ ရိပ်သာမှာ အပန်းဖြေတယ်၊ မော်စကိုကိုပြန်လာတဲ့အခါ အိမ်ကောင်းတခုမှာ နေရတယ်၊ မော်တော်ကားရတယ်၊ မောင်းတဲ့လူရတယ်၊ သူ့လုံးခြုံရေးကိုစောင့်လျှောက်ဖို့ သက်တော်စောင့်ရတယ်၊ ဒါတွေထက်ပိုပြီး ထူးခြားတဲ့အချက်တချက်ရှိသေးတယ်၊ အမေရိကန် တယ်လီဗီးရှင်းတခုဟာ မော်စကိုမှာ ကရူးရှက်ကို ဓာတ်ပုံရိုက်ခွင့်ရတယ်၊ ဆိုဗီယက်ယူနီယံထဲမှာ ရာထူးအဖြုတ်ခံရတဲ့ ခေါင်းဆောင်တယောက်ဟာ ဒီလိုအရိုက်ခံရဖို့ဝေးစွ၊ နိုင်ငံခြားသားတွေနဲ့ တွေ့ရုံတွေ့ရဖို့တောင် ခက်တယ်၊

(၆) အာဏာရှင်နိုင်ငံတွေမှာ အာဏာရှင်တွေဟာ ဘယ်တော့မှ အလိုအလျှောက် ရာထူးကို စွန့်လွှတ်ရိုးထုံးစံ မရှိ။ သေတဲ့အခါ ဒါမှမဟုတ်ရင်လည်း ဆန့်ကျင်ဖက် ဂိုဏ်းသားတွေက အတင်းဖြုတ်ပစ်တဲ့ အခါမှသာ ရာထူးကိုစွန့်လွှတ်ကြတဲ့ အစဉ်အလာရှိနေတဲ့ အတွက် ကရူးရှက်ဟာ ကျန်းမာရေးကြောင့် ရာထူးကအလိုအလျောက် နှုတ်ထွက်သွားတယ်လို့ ကွန်မြူနစ်ပါတီက တရားဝင် ကြေညာတာကို တကမ္ဘာလုံးမှာ ယုံကြည်လက်ခံသူတွေ အင်မတန် နည်းတယ်၊ မိုက်ရှူးရဲစိတ်ဓာတ် (ဗိလနညအကမပျာ)

မလေးနက်တဲ့စီမံကိန်းများ (မေန–ဘမငေညေနိ၊ ခ့နာန္ျ)၊ ပုဂ္ဂိုလ်တဦးထဲကိုသာ ဝိုင်းပြီး ကြည်ညိုအောင်လုပ်တဲ့ စံနစ်ကို ထူထောင်ပေးခြင်း (ဃကူအငလေနအေသေည သ် ဏနမျသညငူအေပ ဃကူအ) ဆိုတဲ့ ရုပ်ရှင်း သတင်းစာတွေထဲမှာ ပါလာတဲ့ စကားလုံးတွေကိုသာ မိမိတို့ ကြိုက်သလို အဓိပ္ပာယ်ပြန်ပြီး ကရူးရှက် အထုတ်ခံရပြီလို့ ယုံကြည်သူတွေ တကမ္ဘာလုံးမှာ တနေ့တခြား ပေါများလာကြတယ်၊ ကရူးရှက်ကို တကယ်ထုတ်ပစ်ဝံ့တယ်ဆိုရင် သူ့ကို ထုတ်ပစ်လိုက်တယ် ဆိုတာကိုလည်း ပါတီက ကျေညာဝံ့ရမယ်၊ ကရူးရှက်ဟာ ကျန်းမာရေးကြောင့် သူ့အလိုလို နှုတ်ထွက်သွားတယ်လို့ ကျေညာနေစရာအကြောင်း ဘာမှမရှိဘူး၊ အဲဒါကြောင့် ဦးနုအနေနဲ့ကတော့ ပါတီရဲ့ကျေညာချက်ကို လက်ခံတယ်၊

(၇) ကရူးရှက်ဟာ ရာထူးက ထွက်သွားပေမဲ့ တရုတ်ကွန်မြူနစ်ပါတီပေါ်မှာထားရှိတဲ့ ရုပ်ရှင်းကွန်မြူနစ်ပါတီရဲ့ သဘောထား။ ခေါင်းရှင်တွေနဲ့ ငြိမ်းချမ်းသာယာစွာ အတူတကွ ပူးတွဲနေထိုင်ရေး (ဏနခေန်ကူ ခသ–နထပျအနညခန တငအ့ ခစေငအေငူပျော) ဆိုတဲ့ ကရူးရှက်ရဲ့ အဓိက လမ်းစဉ်တွေဟာ ပြောင်းမသွားဘူး၊ ဘရက်ဇနက်တို့လူစုဟာ ဆက်လက်ပြီး ကျင့်သုံးကြတယ်၊ ကရူးရှက်ဟာ အထုတ်ခံရတာမဟုတ်ဘူး၊ သူ့အလိုအလျှောက် ထွက်သွားတာဖြစ်ရမယ်လို့ ဦးနုဆုံးဖြတ်တဲ့အခါ ဒီအချက်ဟာလည်း ဦးနုအထူးစဉ်းစားတဲ့ အချက်ဖြစ်တယ်။

(၈) အာဏာရှင်တွေဟာ သေတဲ့အခါ ဒီလိုမှမဟုတ်ရင်လည်း အတိုက်အခံတွေက ဖြုတ်ချပစ်တဲ့ အခါမှသာ ရာထူးကို စွန့်လွှတ်တဲ့စံနစ်မှာ အင်မတန်ကြီးကျယ်တဲ့ အန္တရာယ်တွေရှိနေတယ်၊ ဘာရီးယားကို လွယ်လွယ်နဲ့ ဖြုတ်ပစ်နိုင်တာမျိုး အခါခပ်သိမ်း ဖြစ်ချင်မှဖြစ်မယ်၊ တခါတခါမှာ သွေးချောင်းစီးရတဲ့ အာဏာလုပွဲတွေ ဖြစ်ပေါ်လာနိုင်တယ် ဆိုတာကို ကရူးရှက်နဲ့ သူ့လူစုဟာ ကောင်းကောင်း သဘောပေါက်တယ်၊ အဲဒါကြောင့် ဒီအန္တရာယ်ကို ကျော်လွှားနိုင်ဖို့အတွက် သူတို့ဟာ စံနစ်သစ်တခုကို ရှာတွေ့ပြီးပြီ၊ အဲဒီစံနစ်သစ်အရ ပါတီ ပထမအတွင်းရေးမှူးဝန်ကြီးချုပ်၊ သမတအစရှိတဲ့ အရေးပါ အရာရောက်တဲ့ လူတွေဟာ နောင်ကို ရာသက်ပန်မဖြစ်ရတော့ဘူး၊ သူတို့ဟာ သူတို့ရဲ့ရာထူးတွေက ကရူးရှက်လို နှုတ်ထွက်ပေးပြီး အောက်ကလူတွေကို တလှည့်စီ အပေါ်တင်ပေးကြလိမ့်မယ်၊ အပေါ်ကလူတွေက ဘယ်လိုနှုတ်ထွက်ရမယ်၊ အောက်ကလူတွေက ဘယ်လိုတက်ရမယ်ဆိုတာ တွေကို ရုပ်ရှင်းကွန်မြူနစ်ပါတီက တိတိကျကျ ဆုံးဖြတ်ထားပြီးပြီ၊ အဲဒီ ဆုံးဖြတ်ချက်အတိုင်း နောင်ကို ရာထူးအပြောင်းအလဲတွေ ဆိုဗီယက်ယူနီယံမှာ ဖြစ်လိမ့်မယ်လို့ ဦးနုယူဆတယ်၊

ဘဲလ်ဂရိတ်ညီလာခံ

၁၉၆၁ ခုနှစ်အတွင်း ဘဲလ်ဂရိတ်မြို့တော်မှာ ဘယ်အုပ်စုမှ မပါတဲ့နိုင်ငံများ ညီလာခံတခုကို ကျင်းပတယ်၊ အဲဒီအချိန်က ဆိုဗီယက်ယူနီယံနဲ့ အမေရိကန်ပြည်ထောင်စုတို့ရဲ့စပ်ကြားမှာ တင်းမာမှုဟာ အင်မတန် ပြင်းထန်နေတယ်၊ အဲဒါကြောင့် တင်းမာမှုလျှော့သွားအောင် အထူးကြိုးစားကြဖို့ ဘဲလ်ဂရိတ်ညီလာခံက အဲဒီနှစ်နိုင်ငံစလုံးကို မေတ္တာရပ်တယ်၊ ညီလာခံပြီးတဲ့အခါ ဝန်ကြီးချုပ်နေရူးနဲ့ သမတ နကရူးမားတို့က ဒီမေတ္တာရပ်ခံချက်ကို ကိုယ်တိုင်ယူပြီး မော်စကိုကို သွားကြတယ်၊ သမတဆိုကာနိုနဲ့ အခြားတယောက်ဝါရှင်တန်ကို သွားကြတယ်၊

အစီအစဉ်တွေ ထဲမှာပါတဲ့ကိစ္စတွေကို ဆွေးနွေးပြီးတဲ့အခါ ညီလာခံက ထုတ်ပြန်ရမဲ့ ထုတ်ပြန်ချက်အကြမ်းကို ရေးဆွဲပြီး တင်ပြကြဖို့အတွက် ရေးဆွဲရေးအဖွဲ့တခုကို ညီလာခံက ခန့်ပေးလိုက်တယ်၊ အဲဒီအဖွဲ့ထဲမှာ ဝန်ကြီးချုပ် ဦးနုရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ ခရစ်ရှနားမီနွန်ပါတယ်၊ ထုတ်ပြန်ချက် အကြမ်းကို ရေးဆွဲပြီးတဲ့အခါ ဘာရင်တန်နဲ့ ဦးသန့်တို့ဟာ ဦးနုနဲ့တွေ့ကြတယ်၊ ထုတ်ပြန်ချက် အကြမ်းထဲမှာ အစ္စရေးလ်နဲ့ပတ်သက်ပြီး ရေးထားတာ တဖက်စောင်းနင်းဖြစ်နေတယ်၊ အစ္စရေးလ်–ဗမာ ချစ်ကြည်ရေးအရ ဒီထုတ်ပြန်ချက်အကြမ်းကို ထောက်ခံဖို့ မသင့်ဘူးထင်တယ်၊ ထုတ်ပြန်ချက်အကြမ်းကို ရေးဆွဲရေးကော်မီတီမှာ ခရစ်ရှနားမီနွန် တင်ပြတဲ့စာကြမ်းဟာ အတော်ကလေး မျှမျှတတရှိပါတယ်၊ ဒါပေမဲ့ အာရပ်အုပ်စုက ဒီစာတမ်းကို ပယ်ပစ်လိုက်တယ်၊ ခရစ်ရှနားမီနွန်လဲ သူ့စာတမ်းကိုလက်ခံအောင် အတော် ကြိုးစားရှာပါတယ်၊ ဒါပေမဲ့ အာရပ်အုပ်စုက လူများနေတဲ့အတွက် မအောင်မြင်ဘူး၊ အဲဒီတော့ ထုတ်ပြန်ချက်အကြမ်းကို ညီလာခံမှာတင်ပြတဲ့အခါ အစ္စရေးလ်နဲ့ ပတ်သက်တဲ့ အပိုဒ်ကိုဖြုတ်ပြီး အဲဒါအစား ခရစ်ရှနားမီနွန်ရဲ့ စာတမ်းကို လက်ခံအောင်ပြောရင် ကောင်းလိမ့်မယ် ထင်တယ်လို့ ဦးနုကို ဘာရင်တန်နဲ့ ဦးသန့်တို့က အကြံပေးတယ်၊

ထုတ်ပြန်ချက်ကို ညီလာခံမှာ တင်သွင်းပြီးတဲ့နောက် ကိုယ်စားလှယ်အတော်များများက ထောက်ခံပြီးတဲ့အခါ ဝန်ကြီးချုပ် ဦးနုက ဗမာနိုင်ငံဟာ အစ္စရေးလ်နိုင်ငံနဲ့ မိတ်တွေဖြစ်နေတဲ့အတွက် ထုတ်ပြန်ချက်ထဲမှာ အစ္စရေးနိုင်ငံနဲ့ ပသ်သက်ပြီးရေးထားတဲ့အပိုဒ်ကို ဗမာနိုင်ငံက ထောက်ခံဖို့ ခက်ပါလိမ့်မယ်၊ သူ့အနေနဲ့ ပြောရရင် အစ္စရေးလ်နိုင်ငံကို သာမက သူကိုယ်တိုင် မိတ်ဆွေကြီးတဦးအဖြစ်နဲ့ လက်ခံထားတဲ့ သမတနာဆာနဲ့ မိတ်ဆွေနိုင်ငံဖြစ်တဲ့ အီဂျစ်နိုင်ငံကို သူတို့ရဲ့ကွယ်ရာမှာ အခြားပုဂ္ဂိုလ်တဦးဦးကဖြစ်စေ။ လူတစုကဖြစ်စေ ပုတ်ခတ်မယ်ဆိုရင် ဘယ်နည်းနဲ့မှ ငုံ့ခံမှာ မဟုတ်ပါဘူး၊ အစွမ်းကုန်ကာကွယ်မှာပဲ။ အဲဒါကြောင့် ဒီထုတ်ပြန်ချက်ကို ဗမာနိုင်ငံကလည်း လက်ခံနိုင်အောင် အစ္စရေးလ်နဲ့ပတ်သက်ပြီး ရေးထားတဲ့ စာပိုဒ်အစား ရေးဆွဲရေး ကော်မီတီ အစည်းအဝေးမှာ ခရစ်ရှနားမီနွန်တင်ပြတဲ့ စာကြမ်းကို ထည့်ပေးစေချင်တယ်လို့

ဦးနုက ပြောပြတယ်၊ ဦးနုကို သီဟိုရ် ဝန်ကြီးချုပ် မစ္စက်ဘာဒါ နာယကနဲ့ နီပေါလ်ကိုယ်စားလှယ်တို့က ထောက်ခံတယ်၊

အဲဒီအခါ ညီလာခံက ခရစ်ရှနားမီနွန်ရဲ့ စာကြမ်းကို ကြည့်ချင်တယ်လို့ တောင်းဆိုတယ်၊ ခရစ်ရှနားမီနွန်ရဲ့ စာကြမ်းကိုဖတ်ပြီးတဲ့အခါ ညီလာခံက တညီတညွတ်တည်း လက်ခံလိုက်ကြတယ်၊ အဲဒီညီလာခံအပြီးမှာ သမတနာဆာနဲ့ မော်ရိုကိုရှင်ဘုရင် ဟာစန်ရှာတို့က ဖိတ်တဲ့အတွက် ၁၉၆၁ ခုနှစ်ကုန်ခါနီးလောက်မှာ ဦးနုဟာ အီဂျစ်နဲ့ မော်ရိုကိုနိုင်ငံတို့ကို အလည်သွားခဲ့တယ်၊

သမတနာဆာ အနိစ္စရောက်တဲ့အချိန်မှာ ဦးနုဟာ ရာထူးလက်မဲ့ဖြစ်ပြီး ဗိုလ်ချုပ်နေဝင်းကို ဖြုတ်ချဖို့အတွက် လက်နက်ကိုင်တော်လှန်ရေးကို ခေါင်းဆောင်နေတယ်၊ အာဏာလက်ရှိသာဆိုရင် ဦးနုဟာ သူ့မိတ်ဆွေကြီးရဲ့ ဈာပနပွဲကို ဧကန်တက်ရောက်မှာဘဲ၊

## အခန်း(၃၀)

### (က)

ဦးနုဟာ ဘယ်လို လင်မျိုးလဲ၊ ဘယ်လို အဖေမျိုးလဲ၊ ဦးနုရဲ့ မိသားစုဟာ ဘယ်လိုမိသားစုလဲ၊ ဦးနုရဲ့ အတ္ထုပ္ပတ္တိထဲမှာ ဒီအကြောင်းတွေကို မပြောလို့ ဘယ်ဖြစ်မလဲ၊ ပြောရမှာပေါ့၊

မမြရီနဲ့ အိမ်ထောင်ကျတဲ့အချိန်တုန်းက ကိုနုဟာ သုံးခွအမျိုးသားကျောင်းမှာ ဆရာလုပ်နေတယ်၊ အဲဒါကြောင့် အိမ်ထောင်ကျပြီးပြီးခြင်း ကိုနုဟာ မမြရီကို သုံးခွခေါ်လာတယ်၊ သုံးခွရောက်လို့ တလလောက်တောင် မရှိသေးခင် တနေ့မနက်မှာ ကိုနုဟာ သူ့မိန်းမ မမြရီ ထမင်းချက်နေတဲ့ မီးဖိုခန်းထဲကို သူဝင်နေကျအတိုင်းဝင်။ မမြရီအနားမှာ သူထိုင်နေကျ အတိုင်းထိုင်၊ သူတို့နှစ်ဦးဟာ တဦးကိုတဦး ကျီစယ်နေကျအတိုင်း ရန်စလိုက်။ နောက်ပြောင်လိုက်။ ရယ်လိုက်မောလိုက်နဲ့ ပျော်တပြုံးပြုံး မော်မဆုံးနိုင်အောင် ဖြစ်နေကြတုန်း ကိုနုဟာ ဘာဖြစ်မှန်းမသိဘူး၊ ဒေါသထောင်းကနဲ ထွက်လာတယ်၊ အဲဒါကြောင့် ပါးစပ်က (သွား)လို့ ငေါက်လိုက်ပြီး မမြရီရဲ့ ပုခုံးကို တွန်းပစ်လိုက်တယ်၊ အဲဒီနောက် ကိုနုဟာ ရှူးရှူးရှားရှားနဲ့ အခန်းပြင်ဖက်ကို ထွက်သွားတယ်၊ ကိုနုဟာ မီးဖိုခန်းထဲကထွက်လာတာ အိမ်ရှေ့ကိုမရောက်ခင် စိတ်ပြေသွားပြီး၊ အဲဒါကြောင့် မီးဖိုထဲကိုပြန်ဝင်လာတဲ့အခါ မမြရီကို မီးဖိုထဲမှာ မတွေ့ရတော့ဘူး၊ အဲဒီတော့မှ အများကြီး လန့်သွားပြီး အိမ်နောက်လှေခါးကဆင်း၊ မမြရီတယောက် ဒီဖက်လျှောက်လာတာများ တွေ့မိသလားလို့ အိမ်နီးနားချင်းတွေကိုလျှောက်မေးရင်း ကိုနုဟာ အကြီးအကျယ် ပြာလောင်ခတ်နေတယ်၊ ဘယ်သူ့ကိုမှမေးလို့မရတဲ့အခါ အိမ်နားက ကျောင်းသားတပည့် ကလေးတယောက်ကိုခေါ်ပြီး စိုးရိမ်တကြီး ဖြစ်နေတဲ့ ကိုနုဟာ

မမြရီကို ခြေဦးတည့်ရာလျှောက်ရှာနေတယ်၊ တနာရီလောက်ကြာလို့ မတွေ့ရတော့မှ အိမ်ပြန်လာတဲ့အခါ မမြရီဟာ သူ့ပစ္စည်းတွေကို ထုပ်ပိုးနေတာတွေ့ရတယ်၊ ကိုနုလည်း ဝမ်းသာအားရနဲ့ (ဟေး) မမြရီလို့ခေါ်ပြီး မမြရီရဲ့လက်ကို သွားကိုင်လိုက်တယ်၊ မမြရီဟာ ဘာမှပြန်မပြောဘူး၊ သူ့လက်ကိုင်ထားတဲ့ ကိုနုရဲ့လက်ကို ခါပစ်လိုက်တယ်၊

မမြရီ ငါ့ကိုစိတ်ဆိုးသွားသလားလို့ ကိုနုက ယုယုယယမေးတယ်၊ မမြရီဘာမှပြန်မပြောဘူး၊ ငါအော်မိတာ မှားသွားပါတယ်ကွာ၊ ငါအများကြီးတောင်းပန်ပါတယ်၊ စိတ်မဆိုးပါနဲ့ကွယ်လို့ ကိုနုကဆက်ပြောတယ်၊ အဲဒီအခါ မမြရီဟာ သူကတော့ ကိုနုကိုချစ်တဲ့အတွက် မောင်ဘွားမိဘတွေကို ပစ်ပြီး ကိုနုနောက်ကို လိုက်ခဲ့တယ်၊ အခုတော့ ကိုနုဟာ သူ့အပေါ်မှာ မကြင်နာဘူး၊ သူ့ပုခုံးကိုတွန်းပြီး အော်ငေါက်ရက်လေခြင်းလို့ တွေးမိတယ်ထင်ပါရဲ့၊ စကားမပြောနိုင်ဘူး၊ မျက်ရည်တွေကျလာတယ်၊ ငါမှားသွားပါတယ်ကွာ၊ သည်းခံပါလို့ ကိုနုထပ်ပြီး တောင်းပန်တဲ့အခါ ကျမပန်းတနော်ကို ပြန်မယ်လို့ မမြရီက ဖြေတယ်၊ ကိုနုလည်း ဗြုန်းကနဲဆိုတော့ ဘာမှမပြောနိုင်ဘဲ မမြရီကို အံ့အားသင့်ပြီး ကြည့်နေတယ်၊ အတော်ကလေးကြာတော့မှ မမြရီ စိတ်ပြေသွားအောင် ရယ်စရာမောစရာတွေကို လျှောက်ပြောတယ်၊ မမြရီကတော့ မရယ်ဘူး၊ မျက်နှာထားခပ်တင်းတင်းနဲ့ ထိုင်နေတာဘဲ၊ အဲဒါကြောင့် မမြရီကလည်းကွယ်၊ အညာသား ဆီသည်ဖိုးဆောင် ကျနေတာဘဲ၊ ဆီသည်ဖိုးဆောင်ဆိုတဲ့ အကောင်ဟာ သူမကြိုက်တာ တခုတခုနဲ့ တွေ့ရရင် ထစ်ခနဲဆို အညာပြန်တော့မယ်ဆိုပြီး သူ့တကောက်ဖာကလေးကို ပြေးဆွဲလိုက်တာဘဲ၊ မင်းကလည်း ဒီ ဆီသည်ဖိုးဆောင်လို ထစ်ခနဲဆို ပန်းတနော်ပြန်ဖို့ အထုပ်ပြင်တာ မကောင်းဘူးကွာလို့ ကိုနုက ရယ်ပြီးဆက်ပြောတယ်၊ ဒီပျက်လုံးကိုလည်း မမြရီကမရယ်ဘူး၊ ပန်းတနော်ကို သူပြန်မယ်ဆိုတဲ့ အနေမျိုးနဲ့ ခပ်တင်းတင်း ထိုင်နေတာဘဲ၊ အဲဒါကြောင့် ကိုနုဟာ မျက်နှာပြုံးစိစိနဲ့ မမြရီရဲ့လည်ပင်းကို အသာဖက်ပြီး ကဲ–ရွှေမြရေ။ မင်း ဒီလောက်ပြန်ချင်ရင် ပန်းတနော်ကိုငါလိုက်ပို့မယ်၊ ဒါပေမဲ့မင်းဟာ ပွဲထဲက မိန်းမလိုတော့ မလုပ်ရဘူးနော်၊ ပွဲထဲမှာ လင်မယားနှစ်ယောက်ရန်ဖြစ်ကြတယ်၊ အဲဒီတော့ မိန်းမက ရှူက်ကြီးတငင်ငိုယိုပြီး သူ့မိဘတွေဆီကိုပြန်မယ်၊ ခရီးစရိတ်ပေးလို့ လင်ဆီမှာတောင်းတယ်၊ လင်က ငွေငါးကျပ်ထုပ်ပေးလိုက်တယ်၊ အဲဒီအခါ မိန်းမက ဒီငါးကျပ်တည်းနဲ့ မလောက်ဘူး၊ ဒါဟာအသွားစရိတ်ပဲ ရှိသေးတယ်၊ အပြန်စားရိတ် ငါးကျပ်ထပ်ပေးအုံးလို့တောင်းတယ်၊ မင်းလည်း ပန်းတနော်ရောက်ပြီး ငါ့ကိုအောက်မေ့တာနဲ့ ဒီကိုပြန်လာချင်ရင် ကိုကိုနုရေ။ ကျမကို လာခေါ်ပါလို့ စာမရေးလိုက်နဲ့ဆရာ။ ကိုယ်ကတော့ လာခေါ်မှာ မဟုတ်ဘူးလို့ ပျက်လုံး ထုတ်လိုက်ပြန်တယ်၊ မမြရီလည်း ဒီပျက်လုံးကိုကြားရတော့မှ စိတ်တွေ

အတော်ပြေသွားတယ် ထင်ပါရဲ့၊ ကိုနုကို ပြုံးပြီးကြည့်နေတယ်၊ တအောင့်လောက်ကြာတော့မှ ဒီဘိန်းစားဟာ သိပ်ရွံတာပဲလို့ သူ့လင်တော်မောင်ကို ပြန်ပြီး လှောင်လိုက်တယ်၊ သူတို့နှစ်ယောက် ထမင်းချက်ရအောင် မီးဖိုခန်းထဲကို လက်တွဲပြီး ပြန်ဝင်သွားတဲ့အခါ ဈေးထဲကဝယ်ထားတဲ့ ဘဲသားဟာ တခြမ်းမရှိတော့ဘူး၊ ကြောင်စားပစ်လို့ ကုန်သွားပြီ။

ဒီလို ဂူးဂူးဝါးဝါးနဲ့ ထထဖြစ်တဲ့ ညာဉ်ဆိုးကို ဦးနုမကြိုက်ဘူး၊ ဟင်းအိုးတခုထဲကို မစင်တရွေးသားလောက် ကျသွားရင် ဒီဟင်းအိုးဟာ စားလို့မဖြစ်တော့ဘူး၊ သွန်ပစ်လိုက်ရသလို ဒီဉာဉ်ဆိုးဝင်ပြီး နှောက်လိုက်ရင် ဦးနုရဲ့ ကောင်းသလောက် ကောင်းတာကလေးတွေဟာ သုံးမရအောင်ဖြစ်ဖြစ် သွားတယ်ဆိုတာ သေသေချာချာ သဘောပေါက်နေတဲ့ ဦးနုဟာ ဒီညာဉ်ဆိုးကို ဘယ်မှာချစ်နိုင်ပါ့မလဲ၊ ဒါပေမဲ့ ဒီညာဉ်ဆိုးကတော့ ဦးနုကို ချစ်တယ်ထင်တယ်၊ ဦးနုဟာ ဒီညာဉ်ဆိုးကို ဘယ်လိုစွန့်ပစ်လို့မှ မရဘူး၊ ရွှေပန်းငေါက်တောက်နဲ့ ငွေလျှောက်ရိုက်နေတဲ့ အချိန်ကစပြီး အသက်(၆၀)ကျော်။ (၇၀)တွင်းကို ဦးနု ရောက်လာတဲ့အထိ ဒီညာဉ်ဆိုးဟာ သူ့နောက်တကောက်ကောက်လိုက်နေတာဘဲ၊

ဒေါ်မြရီဟာ ဒီညာဉ်ဆိုးနဲ့တွေ့စ လေးငါးကြိမ်လောက် တုန်းကတော့ အတော်ကြီး လန့်သွားကောင်း လန့်သွားပါလိမ့်မယ်၊ ဒါပေမဲ့ အတော်ကလေး ကြာလာတော့ ရိုးသွားတယ်ထင်ပါရဲ့၊ တယ် မဖြုံတော့ဘူး၊ ဦးနုက ဒီလိုအော်လိုက်ပြီးဆိုရင် နောက်မကြာခင် ဦးနုဘာလုပ်တော့မယ်ဆိုတာ သူသိနေပြီး၊ အဲဒါကြောင့် စောင်ခေါင်းမြီးခြုံပြီး အိပ်ယာပေါ်မှာ လှဲအိပ်နေလိုက်တယ်၊ နောက်ငါးမိနစ်လောက် ကြာတဲ့အခါ ဦးနုလာပြီးချော့ရတာဘဲ၊ တခါခါကျတော့ ဒေါ်မြရီဟာ ဒီလို အအော်ခံရတဲ့အခါ ဦးနုက ချော့နေကျအတိုင်း လာမချော့ရင် ထမင်းစားခန်းထဲကို ထမင်းစားရအောင် မလာပဲ သူ့အခန်းထဲမှာ လှဲအိပ်နေလိုက်တယ်၊ အဲဒီအခါ ဦးနုဟာ မချော့ပဲနေလို့ရမလား၊ ဦးနု လာချော့ပြီး ထမင်းစားခန်းထဲကို အတင်းလက်ဆွဲခေါ်သွားတဲ့အခါ ဒေါ်မြရီဟာ သည်းခြေတွေ ကြိုက်ပြီး ပြုံးစိပြုံးစိနဲ့ ထမင်းစားခန်းထဲ လိုက်သွားတယ်၊ တခါတခါကျပြန်တော့ ဒေါ်မြရီဟာ သူ့အိပ်ခန်းတံခါးကို အထဲကနေပြီး မင်းတုံးထိုးထားတယ်၊ ဦးနုက အပြင်ဖက်က နေပြီး အင်မတန် ချော့တဲ့အခါ ဖွင့်ပေးတယ်၊ အဲဒီနောက် ဦးနုက ထမင်းစားသွားရအောင် ခေါ်ရင် ပထမတခါ။ နှစ်ခါ ဟန်လုပ်ပြီး ငြင်းပါသေးတယ်၊ ဦးနုက သူ့လက်ကိုဆွဲပြီး ခေါ်သွားတဲ့အခါ မလိုက်ချင်သလိုလို။ ဘာလိုလိုလုပ်ပြီး ပြုံးစိစိနဲ့ လုက်သွားတယ်၊ အအော်မင်းသားနဲ့ အချော့ခံ ဒေဝီတို့ဟာ အခုလိုမကြာခဏ နှစ်ပါးသွားနေတာကို မြင်ရတဲ့ သမီးလတ် သန်းသန်းနုဟာ အတော်မျက်စိနောက်လာတယ် ထင်တယ်၊ တနေ့ကျတော့ ထမင်းစားခန်းထဲကို တယောက်ကလက်ဆွဲ။ တယောက်က ပြုံးစိစိနဲ့ ဝင်လာတဲ့ မင်းသားနဲ့ မင်းသမီးကိုကြည့်ပြီး ဖေဖေတို့ မေမေတို့ဟာ ကလေးတွေလိုပဲ၊ ဒီလိုတကျက်ကျက်နဲ့

ခဏခဏဖြစ်နေတာ ဘာကောင်းသလဲ၊ ခုနက အော်လိုက်တုန်းက များဖြင့် အိမ်များ ပြိုကျသွားမလားတောင် အောက်မေ့ရတယ်၊ ပြီးတော့လည်း ဘာမှမဟုတ်ဘူး၊ ဒါဘဲ၊ နောက်ကို ဒီလိုမဖြစ်ကြပါနဲ့ ဆိုတာအထိ သမီးလတ်က အဖေနဲ့အမေကို ဩဝါဒ ပေးခဲ့ရဘူးတယ်၊

တနေ့မှာ ခေါင်းရင်းက ကိုနုနေတဲ့ အိမ်ကလေးကို ဒေါ်မြရီနဲ့ သမီးကြီးစန်းစန်းတို့ စကားလာပြောနေကြတယ်။ သားအမိ၊ သားအဖသုံးယောက် ပြောနေကြတဲ့အထဲမှာ တယောက်ကိုတယောက် နောက်ပြောင်နေတာတွေလည်းပါတယ်၊ တောင်ရောက် မြောက်ရောက်တွေလည်း ပါတယ်၊ သူတို့သုံးယောက်ရဲ့ မျက်နှာထားတွေကို ကြည့်ရတာ အတော်ပျော်နေကြပုံ ပေါ်တယ်၊ တနာရီလောက်ကြတော့ ဦးနုဟာ ဖြုန်းကနဲ ရှူးရှူးရှားရှား ဖြစ်သွားပြီး သွားကွာလို့ မမြရီကို ငေါက်လိုက်ပါရော၊ သားအမိနှစ်ယောက်စလုံး ဆယ်စက္ကန့်လောက် ဦးနုကို အံ့အားသင့်ကြည့်နေပြီး ဒေါ်မြရီဟာ စိတ်ဆိုးဆိုးနဲ့ သူ့အိမ်ဖက်ကို ပြန်သွားတယ်၊ ဖေဖေအော်လိုက်မှဖြင့် အရမ်းကြီးပဲ၊ မေ့မေ့စိတ်ကို အတော်ကိုထိခိုက်သွားတယ်၊ လိုက်ချော့လိုက်ပါအုံးလို့ သမီးကြီးစန်းစန်းနုက သူ့အဖေကို တိုက်တွန်းတယ်၊ ဦးနုဟာ ထိုင်ရာကမထပဲ ငြိမ်ပြီးတော့ သူ့ရှေ့ တည့်တည့်ကို စိုက်ကြည့်နေတယ်၊ သူ့အဖေကို ပြောလို့မရတာနဲ့ စန်းစန်းလည်း သူ့အမေနောက်ကို လိုက်သွားတယ်၊ (၂)မိနစ် (၃)မိနစ်လောက်ကြာတဲ့အခါ စန်းစန်းဟာ သူ့အမေအခန်းထဲက ဦးနုကို ပြာပြာသလဲ လှမ်းခေါ်တယ်၊ ဦးနု ကပြာကယာ လိုက်သွားတဲ့အခါ ဒေါ်မြရီဟာ သူ့အိပ်ယာပေါ်မှာ အမယ်လေး၊ အမယ်လေးနဲ့ အော်နေတာကို တွေ့ရတယ်၊ ဒေါ်မြရီဟာ သွေးအားလျှော့သူဆိုတော့ သူ့သွေးအားဟာ ဒီဂရီတရာ ကျော်ကျော်လောက်ရှိမှ နေနိုင်တယ်၊ တရာ့တဆယ် လောက်အထိ တက်လာရင်တောင် ခေါင်းကိုက်လို့ မနေနိုင်ဘူး၊ သွေးအားကျဆေးကို ချက်ချင်းသောက်ရတယ်၊ သူ့ကိုသွေးအား တိုင်းပေးနေကျ သမီးလတ် သန်းသန်းက သွေးအားတိုင်းကြည့်တဲ့အခါ သွေးအား (၁၄၀)ရှိနေတယ်၊ အဲဒါကြောင့် သွေးအားကျဆေးနဲ့ စိတ်ငြိမ်ဆေးကို ချက်ချင်းတိုက်ရတယ်၊ သမီးလတ်သန်းသန်းနုဟာ မျက်ရည်ဝိုင်းနေတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး အဲဒီလိုသာ ကြပ်ကြပ်အော်၊ မေမေသေသွားလိမ့်မယ်လို့ သူ့အဖေကိုအပြစ်တင်တယ်၊ ဦးနုဟာ အိပ်ယာဘေးမှာထိုင်ပြီး ဒေါ်မြရီရဲ့ လက်မောင်းကို ယုယုယယနှပ်ပေးနေရင်း မမြရီကလည်းကွာ၊ ငါအော်တာတွေဟာ မရိုးသေးဘူးလား၊ ငါအော်မိရင် ငါးမိနစ်လောက်သည်းခံပါ၊ ငါလာပြီး တောင်းပန်ပါ့မယ်လို့ ငါပြောထားတာပဲကွယ်၊ အခုလိုဖြစ်ရတာဟာ ငါစိတ်မကောင်းပါဘူးကွာလို့ ဦးနုက ဒေါ်မြရီကို နှစ်သိမ့်နေတယ်၊ ဦးနုဟာ သူ့မိန်းမရဲ့ လက်မောင်းအိုးကို ဆက်နှိပ်ပေးနေရင်း သူ့သမီးလတ် သန်းသန်းနုဖက်ကို လှည့်ပြီး သမီးရေ။ မေ့မေ့ကို အိုဗာလ်တင်းတခွက် ပျော်ခဲ့ပါကွယ်လို့ ခိုင်းလိုက်တယ်၊ အိုဗာလ်တင်း ရောက်လာတဲ့အခါ သူကိုင်ပြီး

သောက်နိုင်ပါတယ်လို့ ဒေါ်မြရီပြောတာမရတော့ဘူး၊ အိပ်ရင်းသောက်တဲ့ ခရားကလေးထဲကို ဦးနုကိုယ်တိုင်ထည့်။ အေးအောင်ဖွန်းနဲ့ ကိုယ်တိုင်မွှေပြီး ဒေါ်မြရီကို ကိုယ်တိုင် တိုက်ပေးနေတယ်။

နောက်ငါးမိနစ်လောက် ကြာတဲ့အခါ ဒေါ်မြရီရဲ့ လက်မောင်းအိုးကို အသာနှိပ်ပေးနေရင်း အလကားပါကွာ၊ သူတို့အမေကို အော်တယ်ဆိုပြီး ငါသာနံမယ်ပျက်နေတာ၊ အော်တိုင်း ငါအရှုံးပေးရတာချည်းပဲ၊ တောင်းပန်ရတာနဲ့ ငါချော့ရတာချည်းပဲ။ ငါအော်တာကို နင်တို့အမေ တကယ်စိတ်ဆိုးမယ် ထင်သလား၊ မေးကြည့်ကြစမ်း၊ နင်တို့အမေ မှန်မှန်ပြောမယ်ဆိုရင် စိတ်မဆိုးဘူးလို့ ပြောရမှာဘဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါကအော်ပြီးတိုင်း သူက အချော့ခံရတယ်ဆိုတော့ အအော်ခံရတိုင်း ဒီဟာမကြီးက ဇိမ်တွေ့နေတယ်၊ ဟုတ်သလား၊ မဟုတ်ဖူးလား ဆိုတာမေးကြည့်ကြစမ်းလို့ ဦးနုက ဒေါ်မြရီကို ကြည်ဆယ်နေတယ်၊ ဖေဖေနော်။ ဒါဘဲ၊ ဒီတခါသွေးအားတက်လာရင် သမီး တိုင်းမပေးတော့ဘူးလို့ သူ့အဖေကို စိတ်တိုတိုနဲ့ သမီးလတ် သန်းသန်းက ပြန်ပြောတယ်၊ ဟုတ်သားပဲ ဖေဖေလို့ သမီးကြီးစန်းစန်းနုကလည်း သူ့အမေဖက်က ဝင်ပြီး ကာကွယ်လိုက်ပြန်တယ်၊ ဒေါ်မြရီကတော့ ဘာမှမပြောဘူး၊ ပြုံးနေတယ်။

ဦးနုနဲ့ ဒေါ်မြရီတို့ဟာ ဒီလို တကျက်ကျက်ဖြစ်ရတာ ငွေရေးကြေးရေးမှာ သဘောချင်း မတိုင်ဆိုင်လို့ ဖြစ်ရတာလား။ မဟုတ်ပါဘူး။ သူတို့နှစ်ဦး အိမ်ထောင်ကျလာတာ အနှစ်လေးဆယ် ကျော်လာပြီ။ အဲဒီ အနှစ်လေးဆယ် အတွင်း ငွေရှိတဲ့အခါတွေနဲ့လည်း တွေ့ခဲ့ရဖူးတယ်။ မရှိတဲ့အခါတွေနဲ့လည်း တွေ့ခဲ့ရဖူးတယ်။ ရှိတဲ့အခါတွေမှာ သူတို့နှစ်ဦးဟာ စိတ်တူသဘောတူ လှူကြတယ်။ သုံးကြတယ်။ မရှိတဲ့အခါ သူတို့နှစ်ဦး ဒီလိုနေကြတာဘဲ။ မပူပါဘူး။ အဲဒါကြောင့် ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး ဦးနုနဲ့ ဒေါ်မြရီတို့ဟာ တခါမှ တကျက်ကျက် မဖြစ်ခဲ့ရဖူးဘူး။

ဒီလိုဆိုရင် နိုင်ငံရေးမှာ သူတို့နှစ်ဦး သဘောကွဲလွဲမှုတွေ ရှိနေလို့လား။ ဒီလိုလည်း မဟုတ်ပါဘူး။ ဒေါ်မြရီဟာ နိုင်ငံရေးမှာ စိတ်မဝင်စားတဲ့အတွက် သဘောကွဲလွဲစရာ အကြောင်း တခါမှ မပေါ်ခဲ့ဖူးပါဘူး။

အဲဒီလိုဆိုပြန်ရင် ကိုနုဟာ မမြရီကို နှစ်နှစ်ကာကာ မချစ်လို့လား။ ချစ်တာပေါ့။ ချစ်တာမှ သိပ်ချစ်တာပဲ။ ဒီနေရာမှာ အချစ် သာဓကကလေးတခုကို ဖော်ပြရအုံးမယ်။ အိမ်ထောင်ကျစတုန်းက ကိုနုနဲ့ မမြရီတို့ဟာ နှစ်ယောက်တည်းထိုင်ပြီး စကားတွေ ပြောနေကြတုန်း ကိုနုက မမြရီရဲ့ နဖူးကို ဇတ်ကနဲ တအားကိုက်လိုက်တယ်။ မမြရီဟာ ရုတ်တရက်ဆိုတော့ လန့်သွားတယ်။ နာလဲ သိပ်နာတဲ့အတွက် အော်လိုက်တာ ငယ်သံတွေပါယူတာပဲ။ ဘာဖြစ်လို့ ကိုက်တာလဲလို့ မမြရီက မေးတဲ့အခါ ကိုနုက ချစ်လို့-လို့ ပြန်ဖြေတယ်။ ကိုက်တာဟာ ဘယ်လောက်ပြင်းသလဲ ဆိုရင် မမြရီရဲ့ နဖူးမှာ သုံးလေးရက်လောက်

ကိုနုရဲ့ သွားရာကြီးတွေ ထင်နေတယ်။ နဖူးက အရာတွေဟာ ဘာဖြစ်တာလဲလို့ မိတ်ဆွေတွေက မေးတဲ့အခါ ချော်လဲလို့ နဖူးထိသွားတယ်ဆိုပြီး မမြရီက လိမ့်ထားရတယ်။

ကိုနုဟာ မမြရီကို ချစ်သလား၊ မချစ်ဘူးလားဆိုတဲ့ ကိစ္စမှာ သံသယ ရှိဖို့မလိုပါဘူး။ ကိုနုက ချစ်သလို ကိုနုကိုပြန်ပြီး ချစ်တဲ့ မိန်းမဟာ တလောကလုံးမှာ မမြရီ တယောက်တည်း ရှိတယ်မဟုတ်လား။ အဲဒီတော့ ကိုနုဟာ မမြရီကိုမှ မချစ်ရင် ဘယ်သူ့ကို ချစ်ရအုံးမလဲ။

အော်တဲ့ငေါက်တဲ့ အခိုက်အတန့် ကလေးမှာသာ သူတို့နှစ်ဦးကို ကြည့်ရတာ စိတ်ညစ်စရာ ကောင်းတယ်။ ကျန်တဲ့အချိန်တွေမှာဆိုရင် သူတို့နှစ်ဦး ဆက်ဆံတာဟာ လင်နဲ့မယား ဆက်ဆံတာလိုလည်း မဟုတ်ဘူး။ အင်မတန်ချစ်တဲ့ သူငယ်ချင်းနှစ်ယောက် ဆက်ဆံသလို တယောက်နဲ့တယောက် စလိုက်၊ နောက်လိုက်၊ ပြောင်လိုက်နဲ့ လုပ်နေကြတာတွေကို ကြည့်ရတာ ပျော်စရာကြီးဘဲ။

ဒီမျှသာ မကသေးပါဘူး။ ထမင်းစားကြတဲ့အခါ ဟင်းကောင်းတွေ ပါလာရင် ကောင်းပေ့ဆိုတဲ့ ဟင်းဖတ်တွေကို ကိုနုဟာ မမြရီပန်းကန်ထဲ အရင်ဆုံး ခပ်ထည့်တယ်။ မမြရီဟာ ဘဲ အသည်းအမြစ်၊ ကြက်အသည်းအမြစ်ကို သိပ်ကြိုက်တယ်။ အဲဒါတွေ ပါလာတဲ့ နေ့တွေမှာဆိုရင် ဒီအသည်းအမြစ်တွေကို ဘယ်သား၊ ဘယ်သမီးမှ မစားရဘူး။ မမြရီပန်းကန်ထဲ သူ့ကိုကိုနုက အရင်ဆုံး ခပ်ထည့်လိုက်တာဘဲ။ မမြရီကလည်း အဲဒီ အသည်းအမြစ်တွေကို သူ့ ကိုကိုနု စားစေချင်တဲ့အတွက် ကိုနုရဲ့ ပန်းကန်ထဲ ပြန်ထည့်ပေးလိုက်တယ်။ ကိုနုကလည်း မမြရီ စားစေချင်တဲ့အတွက် မမြရီရဲ့ ပန်းကန်ထဲကိုပဲ ပြန်ထည့်ပေးပြန်တယ်။ အဲဒီလို အပြန်အလှန် ထည့်ပေးနေတဲ့အခါ ဘေးကကြည့်နေတဲ့ သားသမီးတွေဟာ မျက်စိနောက်လာတယ် ထင်ပါရဲ့။ ဖေဖေတို့၊ မေမေတို့ မြန်မြန်စားချင် စားပစ်ကြနော်။ အလစ်သုတ်ဖို့ အနားမှာ စွန်တွေစောင့်နေကြတယ်လို့ ဝိုင်းပြီးနောက်ကြတယ်။ အိမ်ထောင်ကျစ ရန်ကုန်မှာနေကြတုန်းက ကိုနုဟာ အပြင်ထွက်ပြီး အိမ်ပြန်ဖို့ အချိန်ကျတဲ့အခါ သူ့အိတ်ထဲမှာ ပိုက်ဆံရှိရင် သိမ်ကြီးဈေး ဟင်းရွက်ဟင်းသီးတန်းမှာ ရောင်းနေတဲ့ ကြက်သားသုပ်ဆိုင်ကို အမြဲတမ်းသွားတယ်။ မသွားပဲနေလို့ မဖြစ်ဘူး။ အဲဒီဆိုင်မှာ မမြရီ အင်မတန်ကြိုက်တဲ့ ကြက်အသည်းအမြစ်သုပ်ကို ဝယ်ပြီးမှ အိမ်ပြန်လေ့ရှိတယ်။

အဲဒီမျှလည်း မကသေးပါဘူး။ မမြရီ နေထိုင်မကောင်းတဲ့အခါ ကိုနု ဘယ်လိုပြုစုတယ်ဆိုတာ အပြင်လူတွေ မြင်စေချင်တယ်။ ဆေးတိုက်ရုံမကဘူး။ ပရိတ်လဲ အကြိမ်ပေါင်းများစွာ ရွတ်ပေးတယ်။ နေထိုင်မကောင်းရင် သမားကု တခုတည်းနဲ့ မလုံလောက်ဘူး။ ဘုရားကုလည်း လိုတယ်ဆိုတာ ကိုနု အများကြီး ယုံတယ်။ ဒီလို ပရိတ်ရွတ်ပေးရုံနဲ့ အားမရသေးဘူး။ သူချစ်တဲ့ မမြရီကို ကိုယ်ဖိရင်ဖိ ကြင်ကြင်နာနာ ပြုစုပေးလိုက်သေးတယ်။ အဲဒီလို ပြုစုပေးနေတာတွေကို ကြည့်ရတာ

သိပ်အားကျစရာကြီးပါဘဲ။

အဲဒီလိုဆိုရင် အနှစ်လေးဆယ်ကျော်အတွင်း အကြိမ်ပေါင်း နှစ်ရာထက်မနဲ အော်ငေါက်ခဲ့ရတဲ့ အကြောင်းတွေဟာ ဘယ်လောက် ကြီးကျယ်တဲ့အကြောင်းတွေလဲ။ မှတ်မိသမျှထဲက နည်းနည်းလောက် ပြန်ပြောရအုံးမယ်။

အိမ်ထောင်ကျစတုန်းက ကိုနုဟာ မနက်ကတည်းက ထွက်သွားတာ နေ့လည်(၂)နာရီလောက်မှ ပြန်လာတယ်။ အဲဒီအချိန်ထိ မမြရီဟာ နေ့လည်စာ မစားရသေးဘူး။ ကိုနုကို စောင့်နေတယ်။ ကိုနုက အချိန်နဲ့စားပါ။ သူ့ကို မစောင့်နဲ့။ အဆာလွန်သွားရင် ရောဂါဖြစ်တတ်တယ်လို့ မမြရီကို ပြောတယ်။ ဒါပေမဲ့ နောက်တကြိမ်မှာလည်း မမြရီဟာ ဒီလိုပဲ စောင့်နေတယ်။ တတိယအကြိမ်ကျတော့ ကိုနု ထငေါက်တာပါဘဲ။

ကိုနုဟာ စာရွက်စာတမ်းတွေကို မမြရီဆီမှာ အပ်ထားလေ့ရှိတယ်။ သူလိုချင်လို့ ပြန်တောင်းတဲ့အခါ တချို့စာရွက်တွေဟာ ပျောက်နေတယ်။ စိတ်ကောင်းနေတဲ့ အခါတော့ အရေးကြီးတဲ့ စာရွက်ဖြစ်ပေမဲ့ ပျောက်သွားတဲ့အတွက် ကိုနု ဘာမှမဖြစ်ဘူး။ ဒါပေမဲ့ စိတ်အခန့်မသင့်တဲ့အခါ အရေးမကြီးတဲ့ စာရွက်ကလေးကို တောင်းမရတာနဲ့လည်း ထငေါက်ပစ်လိုက်တာဘဲ။

တခါတခါ လူတချို့ ကိုနုဆီကို လာတတ်တယ်။ အဲဒီလူတွေက ကိုနုကို ကိစ္စတခုခု ပြောတဲ့အခါ ကိုနုဟာ သိပ်သဘောကျသွားတယ်။ အဲဒီလူတွေ ပြန်သွားတဲ့အခါ ဒီလူတော ပြောသွားတာ သိပ်ကောင်းတဲ့ အကြောင်း ကိုနုက မမြရီကို ဝမ်းသားအားရ ဖောက်သည်ချတယ်။ အဲဒီအခါ မမြရီက ကိုကိုနု ဒီလူတွေကို သိတာ ဘယ်လောက်ကြာပြီလဲလို့ မေးတယ်။ မကြာသေးပါဘူး။ အခုမှ သိတာပဲလို့ ကိုနုကဖြေတယ်။ အခုမှ သိတာပဲလို့ ကိုနုကဖြေတယ်။ အဲဒီအခါ မမြရီက ကိုကိုနုဟာ တဖက်သားကို သိပ်ယုံလွယ်တယ်။ ချင့်ချိန်ပြီးမှ ယုံပါလို့ မယားအနေနဲ့ သတိပေးရင် သူ့ကို ယုံလွယ်တယ်လို့ ပြောရမလားဆိုပြီး ကိုနုက ထငေါက်တာဘဲ။

ကိုနုဟာ တယောက်ယောက်က အင်မတန်စွမ်းတယ် ဆိုပြီး ဆေးနည်းတခု ပေးလာရင် အဲဒီဆေးကို ချက်ချင်းဖော်တာပဲ။ အဲဒီနောက် သူကိုယ်တိုင်လည်း စားကြည့်တယ်။ သူများကိုလည်း အစားခိုင်းတယ်။ အစမှတော့ မမြရီဟာ ဘာမှမပြောဘူး။ ကြည့်နေတာပဲ။ တနေ့မှာ ကိုနုဖော်ထားတဲ့ ဆေးတခုကို မိတ်ဆွေ အမျိုးသမီးတယောက်က နှိုက်စားလိုက်တယ်။ ဒီဆေးဟာ တခါစားရင် ရွှေးစေ့လောက် စားရတယ်။ ဒါကိုမသိတဲ့အတွက် အဲဒီ အမျိုးသမီးဟာ ကွမ်းသီးတခြမ်းစာလောက် စားလိုက်မိတယ်။ မကြာခင် တကိုယ်လုံး ပူလာပြီး အတော်ဖျားသွားတယ်။ အဲဒီအခါ မမြရီက ကိုကိုနုဟာ ဆေးအကြောင်းကိုလဲ နားလည်တာမဟုတ်ဘူး။ အဲဒီတော့ ဆေးတွေဖော်ပြီး လူတွေကို လျှောက်ကျွေးနေရင် လူတွေကို လျှောက်သတ်နေသလို ဖြစ်လိမ့်မယ်လို့ ကိုနုကို သတိပေးတယ်။ သူ စေတနာကောင်းနဲ့ လုပ်တဲ့အလုပ်ကို လူတွေလျှောက်သတ်တဲ့ အလုပ်လို့ ပြောရမလားဆိုပြီး ကိုနုဟာ ထငေါက်တာဘဲ။

ကိုနုမှာ မိတ်ဆွေတယောက်ရှိတယ်။ ဒီမိတ်ဆွေဟာ ကမ္ဘာ့ဌာန်း မကြာခဏ ထိုင်တာကို သူကိုယ်တိုင် တွေ့ဘူးတဲ့အတွက် ကိုနုဟာ အဲဒီလူကို လူကောင်းတယောက် အဖြစ်နဲ့ သိပ်ယုံနေတယ်။ အဲဒီလူဟာ အရက်ခွက်ပုန်းခုတ်နေတယ် ဆိုတဲ့သတင်းကို မိတ်ဆွေတယောက်ဆီက မမြရီ ကြားလာတယ်။ မမြရီလည်း သတိပေးတဲ့ အနေနဲ့ ကိုနုကို ဒီသတင်း ပြောပြလိုက်တယ်။ သူယုံနေတဲ့လူကို ဒီလို ပြောရမလားဆိုပြီး ကိုနုက ထငေါက်တာဘဲ။

အနှစ်လေးဆယ်ကျော်အတွက် အကြိမ်ပေါင်း နှစ်ရာလောက် ဦးနုနဲ့ ဒေါ်မြရီတို့ တကျက်ကျက် ဖြစ်ခဲ့ကြရတဲ့အထဲမှာ အခုပြောခဲ့တာမျိုးတွေဟာ တရာ့ကိုးဆယ်ကျော်လောက် ပါလိမ့်မယ်ထင်တယ်။

အိမ်ထောင်ကျစတုန်းက မမြရီဟာ အခုလို အအော်အငေါက် ခံရတဲ့အခါ သူဟာဘယ်လို လူစားမျိုးများ ယူထားမိပါလိမ့်မလဲလို့ သူ့ကိုယ်သူ အပြစ်တင်တဲ့ အနေနဲ့ တွေးမိကောင်း တွေးမိပါလိမ့်မယ်။ ဟာ–ဒီလို မဟုတ်သေးဘူး။ တွေးမိကောင်း တွေးမိမယ်ဆိုတဲ့ စကားဟာ ပေါ့တော့တော့ ဖြစ်နေတယ်။ မမြရီဟာ ဧကန်မုချ တွေးရမယ်။ ဒါပေမဲ့ တနှစ်လောက် ကြာလာတော့ မမြရီဟာ ကိုနုအကြောင်းကို ကောင်းကောင်းသိသွားပြီ။ ဗမာတွေ ပြောနေကျ စကားအတိုင်း ပြောရရင် ကိုနု ပါးစပ်ဟလိုက်တာနဲ့ ဖင်ဝမှာ ချီးဘယ်နှစ်တုံး ရှိတယ်ဆိုတာအထိ မမြရီ သိနေပြီ။ အဲဒီလို သိလာတဲ့ အတွက် သူတို့လင်မယား ဘဝဟာ အနယ်ထိုင်လာတဲ့အခါ မမြရီကလဲ မခေဘူး။ မကြာခဏ ကိုနုစာရေးနေတဲ့ နေရာကို မမြရီလာလေ့ရှိတယ်။ အဲဒီလိုလာပြီး ကိုနုထိုင်နေတဲ့ ကုလားထိုင် လက်တန်းပေါ်မှာ တင်ပါးလွှဲထိုင်တယ်။ သူ့လက်တဖက်ကို ကိုနုရဲ့ ပုခုံးပေါ်မှာ တင်လိုက်ပြီး ဟေ့မောင်နု – မင်းမရေးတတ်တာရှိရင် ငါ့ကိုပြောနော်။ ငါရေးပေးမယ်လို့ သူ့ကိုကိုနုကို ကြည်စယ်လိုက်တယ်။ ကိုနုက ဟုတ်ကဲ့၊ ကျွန်တော်ပြောပါ့မယ်လို့ ပြန်ပြောလိုက်တဲ့အခါ မမြရီဟာ သူ့ဟာသူ သဘောတွေကျပြီး ရယ်လိုက်တာ တခါတခါ အူတက်နေတယ်။

တခါတခါကျတော့လည်း ကိုနု စားပွဲခုံနားက ပက်လက်ကုလားထိုင်မှာ ထိုင်ပြီး ကိုနု စာရေးနေတာကို လှမ်းလှမ်း စကားပြောနေတယ်။ ကိုနုကလည်း တခါတခါ မမြရီ ပြောသလို ပြန်ပြောတယ်။ တခါတခါကျတော့လည်း စာရေးစရာတွေ များနေတဲ့အတွက် အနားက ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်နေအုံးကွာ။ ငါ စာရေးလိုက်အုံးမယ်လို့ ကိုနုကပြောရင် မမြရီဟာ ကုလားထိုင်ပေါ်မှာ အိပ်နေတာပဲ။ တခါတခါကျတော့ ကိုနုက ဒီလို တောင်းပန်လို့မရဘူး။ သူပျင်းလို့ စကားပြောရအောင် လာတာဆိုပြီး စကားတွေ လျှောက်ပြောနေတာပဲ။ တခါမှာတော့ မမြရီကို စိတ်ဆိုးအောင် စလိုက်ရင် မမြရီ ထွက်သွားမှာပဲလို့ တွက်ပြီး ငါးစိမ်းသည်မဆိုတာ သိပ်စကားများတယ်။ အစက မင်း ငါးစိမ်းသည်မမှန်းသိရင်

ငါမယူပါဘူးကွာလို့ ကိုနုကပြောလိုက်တယ်။ အဲဒီအခါ မမြရီက ကိုရွှေနုရေ ဒီငါးစိမ်းသည်မက မယူရင် ရှင့်ကို ဘယ်မိန်းမကများ ယူအုံးမှာလဲလို့ ပြန်တွယ်လိုက်တယ်။ ကိုနုဟာ ဒီလို အတွက်ခံရတာကို သိပ်စိတ်ဆိုးတယ်။ 'ဟုတ်တာဆို နာလိုခံခက် အမျက်ထွက်' ဆိုတာမျိုးပဲ ထင်ပါရဲ့။ အဲဒါကြောင့် မမြရီကို မျက်လုံးပြူးကြည့်ပြီး ခွေးမ၊ ငါကတော့ ကြည်စားတာ။ သူက အဟုတ်ပြန်တွယ်တယ်လို့ ကျွဲမြီးတိုတိုနဲ့ ဟောက်လိုက်တယ်။ မမြရီဟာ သူတွယ်လိုက်တဲ့အတွက် သူ့လင်တော်မောင် ဘေးအောင့်သွားတာကို သိပ်သဘောကျတယ်။ အဲဒါကြောင့် မမြရီဟာ ကုလားထိုင်ပေါ်မှာ ရယ်ပြီး ထလာတယ်။ ကိုနုအနားကို ရောက်တဲ့အခါ လက်ညှိုးနဲ့ ကိုနုရဲ့ပါးကို ထိုးပြီး ကိုရွှေနု ရှင့်ဟာက တရားရဲ့လား။ ကိုယ်ကသူများကို တွယ်ရတုန်းကတော့ ဟဲဟဲဟဲဟဲနဲ့ မျက်နှာကြီးကို ရွှင်နေတာပဲ။ သူများက ပြန်တွယ်တာကို ခံရတော့ ရှူးရှူးရှားရှားနဲ့ မျက်လုံးကြီးကို ပြူးနေတာပဲလို့ ပြောပြီးမှ ပက်လက်ကုလားထိုင်ပေါ်မှာ ပြန်အိပ်နေတယ်။ မမြရီပြောတာ မှန်နေတဲ့အတွက် ကိုနုလည်း ဘာမှ မပြောတော့ပါဘူး။ စာဆက်ရေးနေလိုက်တယ်။

ကိုနုဟာ မမြရီနဲ့ အိမ်ထောင်ကျစနှစ်မှာ တနှစ်လုံး အတူတူနေရတယ်။ နောက်တနှစ် ပန်းတနော်ကျောင်းမှာ ပြန်ပြီး အလုပ်လုပ်တဲ့အခါ အတူတူနေရတယ်။ ကိုနု ဥပဒေတန်းကို တက်တဲ့အခါ သူတို့နှစ်ဦးဟာ တနှစ်လုံး အတူတူ မနေရတော့ဘူး။ ကိုနုဟာ တက္ကသိုလ်က ပြန်လာတဲ့ အခါလောက်မှာသာ ခဏလောက်တွေ့ရတယ်။ တက္ကသိုလ်ကထွက်ပြီး ကိုနုဟာ သူ့သူငယ်ချင်း နှစ်ယောက်ဖြစ်တဲ့ ကိုလှဖေ၊ ကိုထွန်းအုံတို့နဲ့ အတူတူ အမျိုးသားတက္ကသိုလ်တခု ထူထောင်ဖို့ ကြိုးစားနေတဲ့အခါ အကြောင်းမညီညွတ်တဲ့အတွက် ကိုနုဟာ မမြရီကို သူ့ဆီမှာ ခေါ်မထားနိုင်ဘူး။ တချိန်မှာတော့ ကိုနုဟာ မမြရီဆီကို ခဏပြန်လာတယ်။ ရန်ကုန်ကို ပြန်ခါနီးတဲ့အခါ မမြရီက သူလည်း လိုက်ချင်တယ်လို့ ပြောတယ်။

"နောက်တော့ခေါ်ပါမယ်ကွယ်။"

"အခုဘာဖြစ်လို့ မခေါ်နိုင်တာလဲ?။"

အမျိုးသားတက္ကသိုလ်မှာ အလုပ်လုပ်တာ တလ (၄၀)ဘဲရတယ်။ အဲဒီ (၄၀)ထဲက ကျောက်မြောင်းက အိမ်ခန်းကလေး တခုကို တလ(၁၀)နဲ့ ငှားရတယ်။ ကျန်တဲ့ (၃၀)ကို ကိုလှဖေရယ်၊ ကိုထွန်းအုံရယ်၊ ငါရယ် လောက်အောင် သုံးရတယ်။ အလုပ်ဟာ မြို့မကျောင်းမှာ လုပ်ရတယ်။ ဒို့မှာ ခရီးစရိတ်မရှိလို့ နေ့တိုင်း အသွားအပြန် (၈)မိုင်လောက် ကုန်းကြောင်း လျှောက်ရတယ်။ ငွေ (၃၀)နဲ့ဆိုတော့ ဒို့ဟာ နေ့တိုင်းထမင်းမစားနိုင်ဘူး။ လမ်းဘေး ကုလားဆိုင်က ဘယာကျော်နဲ့ အာလူးသုပ်ကို ဝယ်စားနေရတယ်။ တခါတခါ ထမင်းကို အင်မတန်စားချင်မှ တခါနှစ်ခါလောက် ဝယ်စားတယ်။ အဲဒီတော့ ဒီဆင်းရဲဒုက္ခကို မမြရီ ခံနိုင်မှာ မဟုတ်ဘူး။

“ကျမလည်း ဘယာကျော်သုပ်ကို စားနိုင်ပါတယ်။”

“မဖြစ်ပါဘူးကွာ။”

“ဖြစ်ပါတယ်။ ကျမလိုက်ခဲ့မယ်။ အိမ်ထောင်ပြုတယ်ဆိုတာ အတူတူနေချင်လို့ ပြုတာပဲ။ အခုလို တခြားစီ မနေချင်ဘူး။”

သူတို့နှစ်ဦး ရန်ကုန်မှာ နေဖို့အတွက် မမြရီရဲ့ မိဘများဆီက ငွေတောင်းဖို့ဆိုတာ ကိုနုက မူအားဖြင့် သဘောမတူဘူး။ အဲဒါကြောင့် အကြောင်းညီညွတ်တာနဲ့ တပြိုင်နက် ချက်ချင်း လာခေါ်မယ်ဆိုပြီး ကိုနုဟာ မမြရီကို ထားပစ်ခဲ့ရတယ်။

ဘယာကျော်သုပ်ရဲ့ ဒဏ်ကို မမြရီ မခံနိုင်ပါဘူးလို့ မမြရီနဲ့ တွေ့တုန်းက ကိုနု ပြောခဲ့ဖူးတယ် မဟုတ်လား။ တနေ့မဟုတ် တလမဟုတ် အတော်ကြာလာတော့ ကိုနုတို့လည်း ဒီ ဘယာကျော်သုပ်ရဲ့ ဒဏ်ကို မခံနိုင်တော့ပါဘူး။ အဲဒီအချိန်ကျတော့ သူတို့ရဲ့ ကုသိုလ်ကလေးကလည်း နဲနဲနာလံထလာတယ်။ စာ–နယ်–ဇင်းတွေထဲမှာ ဆောင်းပါး နည်းနည်းပါးပါး ရေးရလို့ တလမှာ ဝင်ငွေ သုံးလေးဆယ်လောက် တိုးလာတယ်ထင်တယ်။ အဲဒါကြောင့် အိမ်မှာ ထမင်းချက်စားဖို့ သူတို့သုံးဦး တိုင်ပင်ပြီး စက်မီးဖိုတလုံး၊ ဟင်းချက်ဖို့ သံဒယ်အိုးတလုံး၊ ထမင်းချက်ဖို့ သတ္တုအိုးတလုံး၊ ပဲကနဲနဲ၊ ဆန်ကနဲနဲ၊ ဘဲဥကနဲနဲ ဝယ်ကြတယ်။ အဲဒီ ပထမနေ့မှာပဲ ကိုလှဖေဟာ ထမင်းချက်ပြီး ဘဲဥကျော်ဖို့အတွက် သံဒယ်အိုးထဲမှာ ဆီသတ်နေတုန်း စက်မီးဖိုက မီးထတောက်တာ ဒယ်အိုးထဲက ဆီကို တက်လောက်တယ်။ မီးတောက်တွေဟာ တဝုန်းဝုန်းဖြစ်ပြီး မီးဖိုချောင်ကလေးရဲ့ ခေါင်မိုးကို လောင်တော့မယ်။ အဲဒီတော့မှ စက်မီးဖိုနဲ့ ဒယ်အိုးကို ဒုတ်တချောင်းနဲ့ အိမ်အပြင်ဖက် ကပြာကယာ ကလော်ထုတ်ပစ်လိုက်ရတယ်။

နောက်တနေ့ကျတော့ မမြရီ လိုက်လာဖို့ ကိုနု မှာလိုက်တယ်။ မမြရီ ချက်ချင်းရောက်လာတာပဲ။ ဒါပေမဲ့ ကြာရှည်မနေနိုင်ရှာပါဘူး။ အပြင်းအထန် ဖျားတဲ့အတွက် ဆေးကုပြီး သူ့မိဘတွေဆီကို ပြန်ပို့လိုက်ရတယ်။

နောက်မကြာခင် ကိုနုဟာ နဂါးနီစာအုပ်အသင်းကို ထောင်တယ်။ အဲဒီအသင်းက ကိုနုဟာ တလ(၈၀)ရတယ်။ အဲဒါကြောင့် သူ့ကတိအတိုင်း ကိုနုဟာ မမြရီကို ခေါ်လိုက်တယ်။

မမြရီဟာ ကိုနုနဲ့ အိမ်ထောင်ကျတာ အနှစ်လေးဆယ် ကျော်လာပြီ။ အဲဒီ အနှစ်လေးဆယ်ကျော်အတွင်း မမြရီဟာ ၁၉၃၆ခု တက္ကသိုလ်သပိတ်မှာ ကိုနု ခေါင်းဆောင်တာကိုလည်း တွေ့ခဲ့ရဖူးပြီ။

အဲဒီနောက် အမျိုးသားတက္ကသိုလ်မှာ ကိုနု အလုပ်ဝင်လုပ်နေတာကိုလည်း တွေ့ခဲ့ရဖူးပြီ။ အဲဒီနောက် နဂါးနီစာအုပ်အသင်း ထောင်တာကိုလည်း တွေ့ခဲ့ရဖူးပြီ။ အဲဒီနောက် ဒို့ဗမာအစည်းအရုံးထဲ ဝင်ပြီး သခင်ဖြစ်လာတာကိုလည်း တွေ့ခဲ့ရဖူးပြီ။ အဲဒီနောက် သခင်နု ထောင်(၂)နှစ် ကျသွားတာကိုလည်း မမြရီ တွေ့ခဲ့ရဖူးပြီ။

သခင်နုဟာ ဖဆပလမှာ ရှေးဦးစွာ ဒုတိယဥက္ကဋ္ဌ။ အဲဒီနောက် ဥက္ကဋ္ဌ လုပ်ခဲ့တာကိုလည်း တွေ့ခဲ့ရဖူးပြီ။ ဝန်ကြီးချုပ် လုပ်ခဲ့တာကိုလည်း တွေ့ခဲ့ရဖူးပြီ။ နှစ်ကြိမ်တိုင် အာဏာသိမ်း ခံခဲ့ရတာကိုလည်း တွေ့ခဲ့ရဖူးပြီ။ ဒုတိယအကြိမ် အာဏာသိမ်းပြီး၊ လေးနှစ်ကျော် ငါးနှစ်နီးပါး အချုပ်ခံခဲ့ရတာကိုလည်း တွေ့ခဲ့ရဖူးပြီ။ အဲဒီနောက် အာဏာရှင်တွေကို ဦးနု ပြန်တိုက်နေတာကိုလည်း တွေ့ခဲ့ရဖူးပြီ။ အဲဒီ အနှစ်လေးဆယ်အတွင်းမှာ အခုပြောခဲ့တဲ့ အဖြစ်အပျက် မျိုးစုံကို တွေ့ခဲ့ရပေတဲ့ မမြရီဟာ ကိုနု ဘာတွေလုပ်နေသလဲ တခါမှ မမေးခဲ့ဘူး။ ကိုနု ခေါ်ရာနောက် တကောက်ကောက်နဲ့ လိုက်။ ထမင်းကောင်း ဟင်းကောင်းတွေကို သူတတ်သရွေ့ မှတ်သရွေ့ သူ့လင်တော်မောင်ကို သူကိုယ်တိုင် ထမင်းကောင်း ဟင်းကောင်းချက်ပြီး ဘယ်လောက်ကျွေးချင်တယ် ဆိုတာကို သဘောပေါက်နိုင်အောင် သာဓကကလေးတခုကို ဖော်ပြရအုံးမယ်။

ရန်ကုန်မှာ တခုခု လှုပ်လှုပ်ရှရှဖြစ်တိုင်း ရှေးဦးစွား အဖမ်းခံကြရတဲ့ “လူဆိုး”တွေထဲမှာ သခင်နုဟာ အမြဲတန်းပါတယ်။ ဒီလို အချုပ်ခံနေရတဲ့ ရက်အတောအတွင်း ဒီလူတွေဆီကို အပြင်ဖက်က ထမင်းပို့ချင်ရင် ပို့နိုင်တယ်။ အဲဒီလို အချုပ်ခံနေရတဲ့ ရက်တွေ အတောအတွင်း မမြရီဟာ ထမင်းဟင်းတွေ ကျကျနန ကောင်းကောင်းမွန်မွန် ချက်ပြီး ထောင်ထဲမှာ သူ့ကိုကိုနု ကောင်းကောင်းမွန်မွန် စားရအောင် သူကိုယ်တိုင် နေ့တိုင်းလာပို့တယ်။ တခါမှာတော့ သူ့မှာ ကိုယ်ဝန်ရှိနေပြီ အဲဒါကြောင့် ထမင်းလာမပို့နဲ့လို့ သခင်နုက တားမြစ်တာ မရဘူး။ လွတ်လာတဲ့နေ့အထိ သူကိုယ်တိုင် နေ့တိုင်းလာပို့နေတာပဲ။

ဒုတိယအကြိမ် အာဏာသိမ်းခံရပြီး ငါးနှစ်နီးပါး အချုပ်ခံနေရာက လွတ်မြောက်လာတဲ့အခါ သူ့ ဝါသနာအတိုင်း မမြရီဟာ သူ့ကိုကိုနု ကြိုက်တတ်တဲ့ ဟင်းမျိုးစုံကို စီမံပြီး ကျွေးရှာပါတယ်။ ဒါပေမဲ့ ဦးနုဟာ ရှေးက တခါမှမရစဖူး သွေးအားတိုးရောဂါကို ထောင်ထဲကရလာပြီး မစားချင်မသောက်ချင် ဖြစ်နေတယ်။ ထမင်းဟင်းတွေကို မြင်ရင် အံချင်သလိုလိုတောင် ဖြစ်နေတာကို မြင်ရတဲ့အတွက် ဒေါ်မြရီဟာ စိတ်မကောင်းဖြစ်ပြီး မျက်ရည်ကျခဲ့ရသေးတယ်။

(ဂ)

(အခန်း (က)ပြီးတော့ (ဂ)ကို တန်းရောက်သွားသည်။ စာမကျော်ပါ။ အခန်းနံပါတ်သာ ကျော်သွားခြင်း ဖြစ်သည်။)

ကိုနုဟာ ပရိတ်ကို မှန်မှန်ရွတ်လာရင်းက သာသနာပြုချင်တဲ့ စိတ်တွေ သူ့မှာ တဖြေးဖြေး ဖြစ်ပေါ်လာတယ်။ အဲဒီစိတ်တွေ ပေါ်လာတဲ့အတွက် ကာမရာဂ စပ်ယှက်ရမှာကိုပင် ရှက်စပြုလာတယ်။ အဲဒါကြောင့် အဗြဟ္မစရိယ သိက္ခာပုဒ်ကို တသက်လုံး စောင့်ထိန်းတော့မယ်ဆိုတဲ့ အကြံအစည်တောင် တခါတုန်းက ကိုနုမှာ

ဖြစ်ခဲ့ဖူးသေးတယ်။ ဒါပေမဲ့ ဒီလို အဓိဋ္ဌာန် လုပ်နိုင်လောက်အောင် သူရဲ့ ပါရမီဟာ မရင့်သန်သေးတဲ့အတွက် အဓိဋ္ဌာန်လုပ်ဘို့ ကိစ္စကို ကိုနု ရွှေ့ဆိုင်းခဲ့ရတယ်လို့ ရှေ့အခန်း တခန်းမှာတုန်းက ဖော်ပြခဲ့တာ စာဖတ်သူများ မှတ်မိပါလိမ့်မယ်။ ၁၉၄၈–ခုနှစ် ဇန်နဝါရီလထဲမှာ လွတ်လပ်ရေးရပြီးတဲ့အခါ ဒီပါရမီဟာ အတော်ကလေး ရင့်သန်လာပြီ ထင်တယ်။ ဇူလိုင်လ အလယ်လောက်ကို ရောက်တဲ့အခါ အခုလို အဓိဋ္ဌာန် လုပ်ချင်တဲ့အကြောင်း ကိုနုက မမြရီကို ပြောပြတယ်။ အဲဒီအခါ မမြရီက ကိုကိုနုရယ် ယောကျ်ားက မယားယူတာ၊ မိန်းမက လင်ယူတာ ဒီကိစ္စအတွက်ကြောင့်ပဲ။ ဒါပေမဲ့ ကိုကိုနုမှာ ဒီအဓိဋ္ဌာန် လုပ်ချင်တဲ့ဆန္ဒ ပြင်းပြင်းပြပြ ရှိနေတယ်ဆိုရင် လုပ်ပါ။ ကျမ ပါရမီဖြည့်ပါမယ်လို့ ပြန်ပြောတယ်။

မြတ်စွာဘုရား လက်ထက်တော်တုန်းက ဝိသာခဆိုတဲ့ ရာဇဂြိုဟ် နေပြည်တော်က သူဌေးတဦးဟာ တနေ့ကျတော့ မြတ်စွာဘုရားရဲ့ တရားတော်ကို နာနေတုန်း အနာဂါမိမဂ်ဉာဏ်ကို ရပြီး အာနာဂါမ် ဖြစ်သွားတယ်။ အနာဂါမိမဂ်ဉာဏ်ကို ရတဲ့ ပုဂ္ဂိုလ်တွေမှာ ကာမရာဂစိတ်ဟာ အမြစ်ပါ ပြုတ်ထွက်သွားတဲ့အတွက် အနာဂါမ်တွေဟာ ဘယ်မိန်းမနဲ့မှ ကာမရာဂစပ်ယှက်လို့ မဖြစ်တော့ဘူး။ အဲဒီတော့ ဒီအိမ်မှာနေပြီး ညီမလေးက အကိုကြီးကို စောင့်ရှောက်သလို မင်းဟာ ငါ့ကို စောင့်ရှောက်ပါ။ ဒါပေမယ့် မင်းဟာ ငယ်သေးတဲ့အတွက် အိမ်ထောင်ပြုချင်သေးတယ် ဆိုရင်လည်း မင်းကြိုက်ရာနဲ့ အိမ်ထောင်ပြုပြီး ဒီအိမ်မှာပဲ နေနိုင်ပါတယ်။ ဒီမှာ မနေချင်ဘူးဆိုရင်လည်း ငါ့ဥစ္စာပစ္စည်းတွေကိုယူပြီး မင်းကြိုက်ရာကို သွားနိုင်ပါတယ်လို့ ဝိသာခသူဌေးကြီးက ဓမ္မဒိန္နာကို ပြောပြတယ်။ အဲဒါကို ဦးနုက ဖတ်ထားဘူးတယ်။ ဦးနုဟာ အနာဂါမ် မဟုတ်ပါဘူး။ အနာဂါမိမဂ်တောင် မရသေးပါဘူး။ ဒါပေမဲ့ ဝိသာခက ဓမ္မဒိန္နာကို ပြောတဲ့စကားတွေဟာ သူ့စိတ်ထဲမှာ စွဲနေတယ်။ အဲဒါကြောင့် အဗြဟ္မစရိယာကို တသက်လုံး ရှောင်ကြဉ်ပါမယ်လို့ အဓိဋ္ဌာန်ပြုပြီးတဲ့အခါ မမြရီ ငါအဓိဋ္ဌာန် လုပ်ပြီးပြီ။ အဲဒီတော့ ဒီအချိန်ကစပြီး မင်းဟာ ငါ့ကို အစ်ကိုကြီးလိုပဲ သဘောထားတော့၊ ငါကလည်းမင်းကို ညီမလေးလိုပဲ သဘောထားတော့မယ်။ မင်းဟာ ငယ်သေးတဲ့အတွက် နောက်အိမ်ထောင်ပြုချင်ရင် ငါခွင့်ပြုတယ်။ နောက်အိမ်ထောင်ပြုပြီး ဒီအိမ်မှာပဲ နေလိုကနေနိုင်တယ်။ တခြားကို သွားချင်တယ်ဆိုလည်း သွားနိုင်တယ်လို့ ဦးနုက ဒေါ်မြရီကို ပြောတဲ့အခါ ဒေါ်မြရီဟာ ဘာမှပြန်မပြောဘူး။ မျက်ရည်တွေကျနေတယ်။ အဲဒီနေ့မှာပဲ ဦးနုဟာ ခေါင်းရင်းက အိမ်ကလေးကို အိမ်ကြီးပေါ်က ပြောင်းဆင်းသွားတယ်။

ဦးနုဟာ ဒီလို အဓိဋ္ဌာန်လုပ်ပြီး အတူနေရာက တခြားကို ပြောင်းဆင်းသွားတဲ့ဒဏ်ကို မမြရီ မခံနိုင်ဘူး။ ဒီလိုလုပ်လိုက်တာဟာ သူ့စိတ်ကို အတော်ထိခိုက်သွားတယ်။ အဲဒါကြောင့် တဖြေးဖြေး မစားနိုင် မသောက်နိုင် ဖြစ်လာပြီး

သုံးလလောက်ကြာတဲ့အခါ လူထူပေးမှ အိပ်ယာပေါ်က ထနိုင်တဲ့ အခြေအနေကို ရောက်သွားတယ်။ တိတ်တိတ်ဆိတ်ဆိတ် နားအေးပါးအေးနေရာမှာ ဒေါ်မြရီကို ထားရမယ်လို့ ဆရာဝန်က အကြံပေးတဲ့အတွက် ဝန်ကြီးချုပ်ဦးနုဟာ ဒေါ်မြရီကို တိတ်ဆိတ်တဲ့ အိမ်တအိမ် ပြောင်းထားရတယ်။ အစမှာ ဒေါ်မြရီကို မိသားစု ကြည့်ရှုစောင့်ရှောက်နေကျ ဆရာဝန်က ကုသတယ်။ ကုသရင်း တခြား အစားအသောက်ဆိုတာတော့ မပြောနဲ့တော့ ဆေးကိုတောင် မသောက်နိုင်တော့ဘူး။ ဆေးသောက်တိုင်း အံထုတ်ပစ်နေတဲ့ အခြေအနေကို ရောက်လာတဲ့အခါ ဆရာဝန်လည်း လန့်လာတယ်ထင်တယ်။ ဆေးရုံကြီးက ပထမဆရာဝန်ကြီးကို သူကိုယ်တိုင် ခေါ်လာတယ်။ ဆရာဝန်နှစ်ယောက်စလုံးက ဒေါ်မြရီရဲ့ ရောဂါကို နလုံးရောဂါလို့ အမည်တပ်ပြီး အစွမ်းကုန် ကုကြပါတယ်။ ကုလို့ မရဘူး။ သူတို့ကုနေရင်း ဇွန်းသံ၊ ပန်းကန်သံကလေးတွေကို ကြားတာတောင် ဒေါ်မြရီဟာ လန့်ပြီး တကိုယ်လုံး တုန်နေတဲ့အထိ ရောက်လာတယ်။ တနေ့ကျတော့ ဒေါ်မြရီဟာ မျက်ရည်တွေကျပြီး သူသေမှာပဲ။ သူ့အိမ်ကို ပြန်ပြောင်းပေးပါလို့ ဦးနုကို ပြောတယ်။ ဦးနုလည်း ချက်ချင်း ပြန်ပြောင်းပေးတယ်။ အိမ်ပြန်ရောက်တဲ့အခါ ဦးနုက ဆရာဝန်တွေရဲ့ ဆေးတွေကို ဖြတ်လိုက်တော့။ သူကုပေးမယ်လို့ ဒေါ်မြရီကို ပြောတယ်။ ဒေါ်မြရီလည်း ဘာမှ မပြောဘူး။ ဦးနုကို မျက်လုံးပြူးပြီး ကြည့်နေတယ်။ အဲဒီအခါ ဦးနုက ဆရာဝန်တွေဟာ ဒေါ်မြရီကို အစွမ်းကုန် ကုပြီးပြီ။ ဒီလိုကုနေရင်း သက်သာတယ်မရှိဘူး။ ရောဂါဟာ တနေ့တခြား တိုးလာတာ ဒေါ်မြရီကိုယ်တိုင်က သေတော့မှာပဲလို့ အားလျှော့တဲ့ အခြေအနေကိုတောင် ရောက်လာပြီ။ ဒီလို အခြေအနေမျိုးမှာ ဒေါ်မြရီဟာ ရတနာသုံးပါးကိုသာ အားကိုးရတော့မှာပဲ။ အဲဒီတော့ သမားကုက ဘုရားကုကို ပြောင်းပြီး ဒေါ်မြရီကို ကုပါရစေလို့ ဦးနုက မေတ္တာရပ်တယ်။ ဒေါ်မြရီလည်း ဘာမှမပြောဘူး။ ဦးနုကိုသာ စိုက်ကြည့်နေတာပဲ။ အဲဒီအခါ သူတို့ အိမ်ထောင်ကျကာစတုန်းက လှိုင်ဘုံးရွာမှာနေတဲ့ သူငယ်ချင်းတစ်ယောက်ဆီကို အလည်သွား သင်္ဘောပေါ်မှာ မမြရီ အပြင်းဖျားပြီး တကိုယ်လုံး တုန်နေတယ်။ အဲဒီတုန်းက ဆေးဆိုလို့ ဘာဆေးမှမပါဘူး။ အဲဒါကြောင့် ဦးနုဟာ ရေတခွက်ကို ရှေ့မှာထား ပရိတ်ရွတ်ပြီး အဲဒီပရိတ်ရေကို တိုက်တာ ဒေါ်မြရီဟာ ယူပစ်လိုက်သလို ချက်ချင်းပျောက်သွားတာ မှတ်မိသေးလားလို့ ဦးနုကမေးတယ်။ ဒေါ်မြရီက ခေါင်းငြိမ့်ပြတယ်။ အဲဒီတော့ အခုလဲ ဘုရားကု ကုချင်တယ်လို့ ပြောတဲ့အခါ  ဒေါ်မြရီက သဘောတူတဲ့အနေနဲ့ ခေါင်းငြိမ့်ပြပြန်တယ်။ အဲဒီသဘော တူညီချက်ကို ရတာနဲ့တပြိုင်နက် လူမမာကို လာတော့ကြည့်ပါ၊ ဒါပေမဲ့ ဘာဆေးမှ မတိုက်ပါနဲ့၊ ဘာဆေးမှ မထိုးပါနဲ့လို့ ဆရာဝန်တွေကို တယ်လီဖုန်းနဲ့ အကြောင်းကြားခိုင်းလိုက်တယ်။ အဲဒီနောက် ဒေါ်မြရီကို ပရိတ်ရေ ကြိုးစားပြီး တိုက်ရတယ်။ ဒါပေမဲ့ သူ့ယုံကြည်မှုကိုရအောင် ဆေးတခုခုကိုလည်း တိုက်ရမယ်လို့ ဦးနု စိတ်ကူးမိတယ်။ ဆေးတခုခု တိုက်ရမယ်ဆိုရင် ဘယ်နည်းနဲ့မှ ဥပါဒ်မဖြစ်နိုင်တဲ့

ဆေးကိုတိုက်ရမယ်။ ဘယ်ဆေးကို တိုက်ရပါ့မလဲလို့ ဦးနုဆက်ပြီး စဉ်းစားတဲ့အခါ တက္ကသိုလ်မှာ သူလေဖြတ်တုန်းက သူသောက်ခဲ့ဖူးတဲ့ ဘိုင်ဆူရေးတက် မက်ဂနီးရှား (ပြက္ကမအေနိ ပြောညချင်ေ) ဆေးမှုန့်ကို ဦးနု ပြေးပြီး သတိရတယ်။ အဲဒါကြောင့် ဒီဆေးမှုန့်ကို ချက်ချင်းဝယ်။ သူ့ ဘုရားခန်းထဲဝင်။ ဆေးဖူးနဲ့ ရေတဖန်ခွက်ကို ရှေ့မှာချပြီး ပရိတ်ရွတ်တာပဲ။ အဲဒီနောက် ဆေးမှုန့်ကို သူကိုယ်တိုင် ရေနွေးနဲ့ဖျော် အံမထွက်အောင် ဒေါ်မြရီရဲ့ ပါးစပ်ထဲကို တစက်စီ သူကိုယ်တိုင် ချပေးတယ်။ နာရီဝက်လောက် ကြာတဲ့အခါ တခြားလူမကူပဲ ဒေါ်မြရီဟာ သူ့ဟာသူ ထိုင်နိုင် ထနိုင်တယ်။ အိပ်ခန်းထဲမှာ နဲနဲလမ်းလျှောက်နိုင်တယ်။ နောက်တလလောက် ကြာတဲ့အခါ အိမ်ထဲက အိမ်ပြင်ထွက်ပြီး မိတ်ဆွေတွေဆီကို အလည်သွားနိုင်တယ်။

နောက်နှစ်ရက်လောက် ကြာတဲ့အခါ ထမင်းအတူတူ စားနေရင်း မမြရီဆေးကုခ ငွေကို ဘယ်လောက်ပေးမလဲလို့ ဦးနုက ရယ်ပြီးမေးလိုက်တယ်။ ဘယ်လောက်ပေးရမလဲလို့ ဒေါ်မြရီက ပြန်မေးတယ်။ ငါလိုချင်သလောက် ပေးမလားလို့ ဦးနုက ထပ်မေးပြန်တယ်။ ပေးနိုင်ပါတယ်လို့ မမြရီက ဖြေတယ်။ ငါများများ မလိုချင်ပါဘူး။ နောက်ကို ငါအော်တဲ့အခါ စိတ်မကောင်းပါဘူးဆိုတဲ့ ကတိကိုပဲ ငါလိုချင်တယ်။ ပေးမလားလို့ ဦးနုက မေးပြန်တယ်။ ဒါတော့ မရဘူးဆရာလို့ ဒေါ်မြရီက ပြန်ဖြေတယ်။

(ဃ)

မေထုန်မှီဝဲတာကို အသက်ထက်ဆုံး ရှောင်ကြဉ်ပါ့မယ်ဆိုတဲ့ အဓိဋ္ဌာန်ကို လုပ်ပြီးတဲ့နောက် ပြဿနာကလေး သုံးလေးခုလောက်ကို ဦးနု ရင်ဆိုင်ရသေးတယ်။ ဗုဒ္ဓတရားတော်အရ မေထုန်မှီဝဲခြင်းကို ရှောင်ကြဉ်တဲ့ ပုဂ္ဂိုလ်တဦးဟာ တကယ်မှီဝဲတာကိုသာမက မေထုန်နဲ့ ပတ်သက်တာ မှန်သမျှကို စိတ်ထဲမှာတောင် မကြံစည် မစဉ်းစားရဘူး။ မေထုန်မှီဝဲတာကို မေထုတ်ကြီးလို့ ခေါ်တယ်။ မေထုန်နဲ့ ပတ်သက်သမျှ စဉ်းစားတာ၊ ကြံစည်တာ၊ စိတ်ကူးတာ၊ မိန်းမတဦးကို ကိုင်တာ၊ ဖက်တာ၊ နမ်းတာတွေကို မေထုန်ငယ်လို့ ခေါ်တယ်။ အဲဒါကြောင့် နိုင်ငံခြား အမျိုးသမီးတဦးဦးနဲ့ တွေ့တဲ့အခါ လက်ဆွဲနှုတ်ဆက်ရမလား။ အလွန်ရင်းနှီးတဲ့ အမျိုးသမီးတဦးက ရင်းနှီးတဲ့အနေနဲ့ သူ့ပါးကိုနမ်းရင် သူတို့ရဲ့ ထုံးတမ်းစဉ်လာအတိုင်း ပြန်နမ်းရမလား။ နိုင်ငံခြားတွေကို ဧည့်သည်အဖြစ်နဲ့ သွားတဲ့အခါ ရံဖန်ရံခါ ကပွဲတွေကို တက်ရတယ်။ အမျိုးသမီး တယောက်ယောက်က ဦးနုဆီကို လာပြီး ကချင်တယ်ဆိုရင် ကရမလား။ ဘာလုပ်ရမလဲဆိုတဲ့ ပြဿနာကလေးတွေကို ဦးနုဟာ အတော်ကြာကြာ မဖြေနိုင်ပဲ ဖြစ်နေတယ်။ ခြောက်လလောက်ကြာတော့မှ နိုင်ငံခြားသားတွေနဲ့ တွေ့တဲ့အခါ သူတို့ရဲ့ ထုံးတမ်းစဉ်လာအတိုင်း လက်ဆွဲနှုတ်ဆက်ရမှာပဲ။ သူတို့မှာ ထုံးစံရှိပေမယ့် ပါးကို

နမ်းတဲ့အခါကျတော့ ပြန်နမ်းလို့ မဖြစ်ဘူး။ ကပွဲတွေကို ရှောင်နိုင်သမျှရှောင်။ မရှောင်နိုင်လို့ တက်ရရင် ကိုယ်ကတော့ သွားမခေါ်နဲ့။ သူတို့က လာခေါ်ရင် ထုံးစံအတိုင်း က၊ ဒါပေမဲ့ ကနေရင်း စီးဖြန်းနေရမယ်။ အစရှိသဖြင့် ဦးနုဟာ သူ့ကိုယ်သူ အဆုံးအဖြတ်ပေးထားရတယ်။

(င)

ဦးနုနဲ့ ဒေါ်မြရီတို့မှာ စန်းစန်း၊ သောင်းထိုက်၊ မောင်အောင်၊ သန်းသန်း၊ ချိုချို ဆိုပြီး အစဉ်အတိုင်း သားသမီးငါးယောက်ရှိတယ်။ စန်းစန်းဟာ သားမဟုတ်ပဲ သမီးဖြစ်နေတာ ဦးနုနဲ့ ဒေါ်မြရီတို့ အင်မတန် ကံကောင်းတယ်။ ဒီ စန်းစန်းဆိုတဲ့ နံမယ်ဟာ မိဘတွေက သူ့ကို ပေးလိုက်တဲ့ နံမယ်မဟုတ်ဘူး။ သူငယ်ငယ်တုန်းက အင်မတန်ကြမ်းတဲ့ ရုပ်ရှင်မင်းသမီး စန်းစန်းဆိုတာ ရှိတယ်။ အဲဒီ ရုပ်ရှင်မင်းသမီးကြမ်းရဲ့ နံမယ်ကို သူ့ဟာသူ ယူပြီး မှည့်ပေးတဲ့ နံမယ်ဖြစ်တယ်။

စန်းစန်းဟာ (၂)နှစ်သမီး အရွယ်လောက် ရောက်လာတော့ ကိုနုနဲ့ မမြရီဟာ မိတ်ဆွေတွေ အိမ်ကို အလည်သွားတဲ့အခါ တခါနှစ်ခါလောက် စန်းစန်းကိုလည်း ခေါ်သွားတယ်။ စန်းစန်းဟာ အိမ်မှာဆိုရင် နွားနို့ကိုပဲ သောက်တယ်။ သူ့အဘက အလိုလိုက်တဲ့အနေနဲ့ စန်းစန်းကို သူသောက်နေတဲ့ ကော်ဖီတိုက်ရင် ခါးတယ်ဆိုပြီး မသောက်ဘူး။ ဒါပေမဲ့ မိတ်ဆွေတွေအိမ်မှာ ကိုနုနဲ့ မမြရီတို့အတွက် ကော်ဖီယူလာရင် နှစ်ပန်းကန်လုံး သူ့ရှေ့ကို ဆွဲယူပြီး သူ အကုန်သောက်ပစ်တယ်။ သူ့အဖေနဲ့ အမေ ဘယ်လိုပြောလို့မှ မရဘူး။ တကြိမ်မှာတော့ မိတ်ဆွေတယောက်ရဲ့ အိမ်မှာ မိတ်ဆွေရဲ့ သမီးလေးကို ပုခက်ထဲမှာ လွှဲပြီး သိပ်နေတယ်။ စန်းစန်းဟာ သူ့အမေပေါ်က အတင်းဆင်းပြီး ပုခက်ဆီကို သွားတယ်။ ပုခက်လွှဲနေတာကို အရပ်ခိုင်း၊ အဲဒီအထဲက ခလေးကို အတင်းဆွဲချပြီး ပုခက်ထဲမှာ သူဝင်အိပ်နေတယ်။ ဒီလို ရမ်းကားတာတွေ များလာတော့ သူ့မိဘတွေက အိမ်လည်သွားရင် သူတို့သမီးကို ခေါ်မသွားရဲတော့ဘူး။

တခါမှာတော့ ကိုနုဟာ တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌဖြစ်နေတုန်း တက္ကသိုလ်သမဂ္ဂက ကြီးမှူးကျင်းပတဲ့ အားကစားပြိုင်ပွဲမှာ မမြရီကိုယ်တိုင် ဆုပေးစေချင်တယ်လို့ အလုပ်အမှုဆောင်အဖွဲ့က ပြောတာနဲ့ ကိုနုဟာ မမြရီကို ရန်ကုန်လိုက်လာဘို့ မှာလိုက်တယ်။ ရန်ကုန်ကို ရောက်တဲ့အခါ မမြရီနဲ့ သမီးစန်းစန်းတို့ဟာ မိတ်ဆွေ ကိုခန့်၊ မစောရင်တို့အိမ်မှာ တည်းခိုကြတယ်။ ကိုခန့်တို့မှာ စန်းစန်းနဲ့ရွယ်တူ သားကလေးတယောက်ရှိတယ်။ မစောရင်ဟာ စန်းစန်းကစားဘို့ဆိုပြီး သူ့သားကလေးရဲ့ ကစားစရာတွေကို တဝက်ခွဲပေးတယ်။ စန်းစန်း မကျေနပ်ဘူး။ လူကြီးတွေအနားမှာ မရှိတဲ့အခါ မစောရင်ရဲ့ သားကလေးဆီက ကစားစရာအားလုံးကို လုယူပြီး ကစားစရာ ခြောက်လုံးပြူးနဲ့ ရိုက်လိုက်တာ ထိပ်မှာ ဖူးယောင်သွားတယ်။

နောက်တစ်နှစ်ကျတော့ စန်းစန်းဟာ သုံးနှစ်ကျော်ကျော်လောက် ရှိသွားပြီ။ သူတို့ သားအမိ ရန်ကုန်ကို အလည်လာကြတဲ့အခါ ကိုနုက ရုပ်ရှင်ကြည့်ရအောင် သွားတယ်။ ရုပ်ရှင်ရုံထဲမှာ ထိုင်လို့ နှစ်မိနစ်လောက် ရှိတဲ့အခါ စန်းစန်းက အပြင်ထွက်ချင်တယ်လို့ ပူဆာတယ်။ အဲဒါကြောင့် ကိုနုဟာ စန်းစန်းကိုချီပြီး ရုံအပြင်ဖက်ကို ထွက်ရတယ်။ အပြင်ဖက်ကို ရောက်တဲ့အခါ အထဲကို ဝင်ချင်တယ်လို့ စန်းစန်း ပူဆာပြန်တယ်။ အထဲရောက်တဲ့အခါ ဘိလပ်ရည် သောက်ချင်တယ်လို့ ပြောတာကြောင့် ဘိလပ်ရည်တပုလင်း ဝယ်တိုက်ရတယ်။ တကြိုက်လောက် သောက်ပြီး မသောက်ချင်ဘူးလို့ ပြောတယ်။ အဲဒီနောက် နှစ်မိနစ်လောက် ကြာတဲ့အခါ အပြင်ထွက်ချင်တယ်လို့ ပူဆာပြန်တယ်။ အပြင်ရောက်တဲ့အခါ အထဲဝင်ချင်ပြန်တယ်။ အထဲမှာလည်း ငြိမ်ငြိမ်မနေဘူး။ ဘိလပ်ရည် သောက်ချင်ပြန်တယ် ဆိုတာနဲ့ တပုလင်း ဝယ်တိုက်ရပြန်တယ်။ တကြိုက်လောက်သောက်ပြီး ရှေးကလိုပဲ မသောက်ပြန်ဘူး။ အပြင်ထွက်ချင်တယ်လို့ ပူဆာပြန်တယ်။ ရုပ်ရှင်ကလည်း ပြနေပြီ။ ခဏခဏ ဝင်လိုက်ထွက်လိုက် လုပ်နေတဲ့အတွက် တခြားပရိသတ်တွေကို အနှောက်အယှက် ဖြစ်နေပြီ။ ကိုနုရော မမြရီပါ သူတို့ရဲ့ သမီးဆိုးကို အများကြီး ဝိုင်းပြီးချော့ကြပါတယ်။ မရဘူး။ ချော့ရင်း အပြင်ထွက်ချင်တယ်ဆိုပြီး အော်ဟစ်ငိုတာ တရုံလုံး ဆူညံနေတာပဲ။ ကိုနုလည်း စိတ်မရှည်တော့ဘူး။ ကဲ လာဟာဆိုပြီး သမီးကို ဒေါသနဲ့ အပြင်ကို ထုတ်သွားတယ်။ ကိုနုဟာ ဘာလုပ်မယ်ဆိုတာ ချက်ဆိုရင် နားခွက်က မီးတောက်နေတဲ့ မမြရီဟာ ကောင်းကောင်းသိတယ်။ အဲဒါကြောင့် သူ့ယောကျ်ားနောက်က သူပါ ကပ်လိုက်လာတယ်။ ရုံဝကို ရောက်တာနဲ့ တပြိုင်နက် ကိုနုဟာ သူ့သမီးတင်ပါးကို လက်ဝါးနဲ့ တအားလွှဲရိုက်၊ မမြရီကလည်း ကိုနုလက်ကို အတင်းဝင်ဆွဲ၊ သူ့လက်ကို ဆွဲရမလားလို့ ကိုနုလည်း မမြရီကိုငေါက်၊ မမြရီကလည်း ငိုသံပါကြီးနဲ့ သူ့သမီးကို မရိုက်နဲ့လို့ အတင်းအော်နေလိုက်ကြတာ ရုပ်ရှင်ရုံဝမှာ ဆူညံသွားတာပဲ။

နောက်တနှစ်ကျတော့ စန်းစန်းဟာ လေးနှစ်ကျော်ကျော် ရှိသွားပြီ။ တနေ့မှာ မော်လမြိုင်ကျွန်းက မမြရီ ရေးလိုက်တဲ့ စာတစောင်ကို ရန်ကုန်မှာ ကိုနုဖတ်ရတယ်။ အဲဒီစာထဲမှာ စန်းစန်းဟာ အရင်တုန်းကထက် အများကြီး ဆိုးနေပြီ။ တနေ့က ဆိုးလွန်းလို့ စန်းစန်းကို မမြရီက ကြိမ်လုံးနဲ့ရိုက်တယ်။ စန်းစန်းက ပြန်ဆဲတယ်။ သူ့အမေလက်ထဲက ကြိမ်လုံးကို အတင်းလုယူပြီး အမေကို ပြန်ရိုက်တယ်ဆိုတာတွေ ပါလာတယ်။ ဒီစာကို ဖတ်ပြီးတော့ သူ့သမီးစန်းစန်းဟာ ဆိုးတော့ဆိုးတာပဲ ဒါပေမဲ့ ဒီလေးနှစ်ကျော်ကျော် ငါးနှစ်သမီးလေးက လက်ထဲကကြိမ်လုံးကို အတင်းလုပြီး သူ့အမေကို ပြန်ရိုက်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလားလို့ ကိုနု သံသယဖြစ်နေတယ်။ အဲဒါကြောင့် သူ့သမီးဟာ ဒါလောက်မဆိုးပါဘူးကွယ်လို့ ကိုနု စာပြန်ရေးလိုက်တယ်။

နောက်တပတ်လောက် ကြာတဲ့အခါ ကိုကိုနုရဲ့ သမီးဟာ ဘယ်လောက်ဆိုးဝါးနေတယ်ဆိုတာ ကိုယ်တိုင်လာကြည့်ပါလို့ မမြရီ ရေးလိုက်တဲ့စာကို ကိုနု ဖတ်ရတယ်။ နောက်ခြောက်လလောက် ရှိတဲ့အခါ အားလပ်ခွင့်ရတာနဲ့ ကိုနု မော်လမြိုင်ကျွန်းကို လိုက်သွားတယ်။ ရုပ်ရှင်ရုံရှေ့မှာ သူ့အဖေက သူ့ကိုရိုက်ထားတာ စန်းစန်း မမေ့သေးဘူး။ အဲဒါကြောင့် သူ့သမီးကို တွေ့တွေ့ခြင်း ကိုနုက ကောက်ချီတဲ့အခါ စန်းစန်း မလိုက်ဘူး။ သူ့အဖေကို တွန်းပစ်လိုက်တယ်။ ကိုနုက လာပါအုံးသမီးရယ်လို့ ခေါ်တဲ့အခါမှာလည်း မလာဘူးလို့ ပြန်ဖြေတယ်။ ဒီလိုဆိုရင် ဖေဖေရန်ကုန်ကို ပြန်တော့မယ်လို့ ကိုနုကပြောတဲ့အခါ ပြန်တော့လို့ စန်းစန်းက ပြန်ငေါက်တယ်။

စန်းစန်းဟာ အဲဒီအချိန်မှာ မော်လမြိုင်ကျွန်းအိမ်နားက ဆရာတွေကျောင်းမှာ နေတယ်။ ညနေကျောင်းက ပြန်လာတဲ့အခါ စန်းစန်းဟာ သူ့စာအုပ် လွယ်အိတ်ကလေးကို အိမ်ထဲမှာထားပြီး အိမ်အပြင်ဖက်ကို ကပျာကယာ ပြန်ထွက်သွားတယ်။ ကိုနုဟာ သူ့သမီးဘာလုပ်မလဲလို့ အိမ်ထဲက အသာကြည့်နေတယ်။ စန်းစန်းနဲ့ ရွယ်တူ ကျောင်းသူကလေး နှစ်ယောက်ဟာ ရေခဲပေါက်စီကို စားရင်း စန်းစန်းရှေ့ကို ရောက်လာတာနဲ့ တပြိုင်နက် အင်မတန် လက်မြန်တဲ့ စန်းစန်းဟာ သူ့အနားကပ်နေတဲ့ ကျောင်းသူကလေးရဲ့ လက်ထဲက ရေခဲပေါက်စီကို အတင်းလုယူလိုက်တယ်။ အဲဒီကျောင်းသူကလေးက သူ့ရေခဲပေါက်စီကို ပြန်လုတဲ့အခါ စန်းစန်းဟာ အဲဒီကျောင်းသူလေးရဲ့ နားကို အတင်းဖက်ကိုက်ထားတယ်။ ကိုနု ဆင်းသွားပြီး စန်းစန်းရဲ့ ပါးစပ်ကို တအားညှစ်လိုက်တော့မှ အကိုက်လွှတ်လိုက်တယ်။ အကိုက်ခံရတဲ့ ကျောင်းသူကလေးဟာ နာလွန်းလို့ အော်လိုက်တာ ငယ်သံကိုပါယူတာပဲ။ အိမ်ထဲဝင်လာတဲ့အခါ တံခါးဝမှာ မမြရီက ကိုကိုနု ရှင့်သမီး သိပ်ဆိုးတယ်ဆိုတာ ယုံပြီလားလို့ ဆီးမေးတယ်။ ကိုနုလည်း သမီးအတွက် စိတ်ရှုပ်လွန်းလို့ ထင်ပါရဲ့။ မမြရီမေးတာကို ပြန်မဖြေနိုင်ဘူး။ ခေါင်းငြိမ့်ပြလိုက်တယ်။

ဦးနု ဝန်ကြီးချုပ်ဖြစ်လာတဲ့ အချိန်မှာ စန်းစန်းဟာ (၁၂)နှစ်ကျော်ကျော်လောက် ရှိနေပြီ။ တနေ့မှာ ဝန်ကြီးချုပ် ဦးနုဟာ ရောင်စုံသူပုန်တွေ အကြောင်းကို ဝန်ကြီးတချို့နဲ့ ဆွေးနွေးနေတုန်း အိမ်အပေါ်ထပ်က ကိုကိုနုရေ လာပါဦး၊ ကိုကိုနုရေ လာပါဦးလို့ ငယ်သံပါအောင် ဟစ်အော်နေတဲ့အသံကို ဦးနုကြားလိုက်ရတယ်။ ဗြုန်းခနဲဆိုတော့ အိမ်ပေါ်မှာ သူပုန်တွေ ဝင်စီးနေပြီလို့ ဦးနုတွေးမိပြီး အတင်းပြေးတက်သွားတယ်။ အပေါ်ရောက်တဲ့အခါ မမြရီရဲ့ လက်ကို စန်းစန်းက တအားဖက်ကိုက်ထားတာ တွေ့ရတယ်။ ဦးနုက စန်းစန်းရဲ့ ပါးစပ်ကို တအားညှစ်တော့မှ လွှတ်လိုက်တယ်။ ဦးနု အနားမှမရှိရင် မမြရီဟာ သမီးစန်းစန်းကို

ရိုက်ဖို့မပြောနဲ့၊ မျက်နှာထားနဲ့ မကြိမ်းရဲဘူး။ ဒါပေမယ့် အရွယ်ရောက်လာတဲ့ အခါကျတော့ စန်းစန်းဟာ ငယ်ငယ်တုန်းကလို မဟုတ်တော့ပါဘူး။ အတော် လိမ္မာလာပါတယ်။

အသက် ၁၆နှစ်ကျော်ကျော်လောက် ဖြစ်လာတဲ့အခါ ဦးနုဟာ သူ့သမီးစန်းစန်းကို တရားအားထုတ်ရအောင် သာသနာ့ရိပ်သာကို ပို့လိုက်တယ်။
တရားအားထုတ်ပြီးတဲ့အခါ အဖေနဲ့အမေကို အထူး ရိုသေကိုင်းရှိုင်းလာတယ်။
သူ့အမေကို ပြန်ဆဲ၊ ပြန်ရိုက်တိုင်း ဦးနုက သူ့ကို ရိုက်တဲ့အတွက် စန်းစန်းဟာ ငယ်ငယ်တုန်းက သူ့အဖေပေါ်မှာ ရန်ငြိုးဖွဲ့တယ်။ သူ့အဖေခေါ်လို့ ဘယ်တော့မှ မရဘူး။ သာသနာ့ရိပ်သာက ထွက်လာတဲ့အခါ ဒီလို ရန်ငြိုးဖွဲ့တာတွေ မရှိတော့ဘူး။ အဖေ့ပေါ်မှာ အများကြီး ခင်ခင်မင်မင် ဖြစ်လာတာကို ဦးနု တွေ့ရတယ်။
အမေကိုလည်း အထူးပြုစုတယ်။

စန်းစန်းဟာ အင်မတန် ကုသိုလ်ကောင်းတယ်။ အိမ်ထောင်ကျတဲ့အခါ သဘောကောင်း စိတ်ထားမြင့်မြတ် သည်းခံတတ်တဲ့ သူငယ်တယောက်နဲ့ အိမ်ထောင်ကျတယ်။

## ရှေးကောလိပ်နှင့် ခေတ်တက္ကသိုလ်

အကယ်၍ ကျွန်ုပ်သည် ကောလိပ်ကျောင်း၌ လေးနှစ်ခန့်နေခဲ့ရဘူးသည် ဆိုပါစို့။ (ကျွန်ုပ်ဆည်းပူးထားခဲ့သည့် ဗဟုသုတများကို ထောက်ထားသောအား ဖြင့်) ယခုထက်ပိုပြီး တတ်ကောင်းမှ တတ်ပေလိမ့်မည်။ (ဤအကြောင်းကို မောင်ရီနှင့် ကိုဝင့်မော်တို့ကလည်း ထုတ်ဖော်ဝန်ခံပြီးဖြစ်ရာ ကိုဝင့်မော်ကမူ သူ၏ အထက်အရာရှိထံသို့ တင်ပို့ရမည့် အရေးကြီးသော စာမျိုးကို ကျွန်ုပ်အားပင် ရေးခိုင်းဘူးပါသည်။) သို့ဖြစ်လျှင်ကောလိပ်ကျောင်း နေဘူးခြင်းအားဖြင့် ကျွန်ုပ်အဖို့ မည်သို့သော အကျိုးကျေးဇူးထူးထူးခြားခြား ဖြစ်ပေါ်နိုင်ဖွယ်ရာ ရှိပါသနည်း။ ရှိသည်၊ အများကြီးရှိသည်ဟု ကျွန်ုပ်သဘောပေါက်လာသည်။ ကျွန်ုပ်၏လက်ရှိချို့ငဲ့ချက်မှာ ကောလိပ်ကျောင်း၏ ‘လေ’(ဗအာသျစ့နမန)ကို လေးနှစ်လောက် မရှုခဲ့ရခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း သက်တူရွယ်တူ ဘီအေများနှင့် ယှဉ်လိုက်လျှင် ကျွန်ုပ်ဦးခေါင်းလျှိုးမိခြင်း ဖြစ်၏။ ငါသည် သူတို့ကဲ့သို့ ကောလိပ်၌ မနေခဲ့ရ၍ ညံ့သည်ဟု ကိုယ့်ဟာကိုယ် သတိရနေသောကြောင့် မဟုတ်၊ ကောလိပ် ‘လေ’ (ပတ်ဝန်းကျင်)နှင့် မထိတွေ့ခဲ့ ရသည့် အတွက်ကြောင့် ပြေပြေပြစ်ပြစ် ဟန်ပန်မျိုး (နျေပ ညြေညနမျ) မရှိပဲ ‘ခပ်ထောင့်ထောင့်’ ဖြစ်နေရခြင်းကို ဆိုလိုသည်။
ကောလိပ်ကျောင်း၌ လေးနှစ်နေဘူးသော လူတိုင်းသည် ပြေပြေပြစ်ပြစ်

ဖြစ်လာတော့သည်ဟု ဆိုလိုခြင်းကားမဟုတ်၊ သို့သော် မနေရမီကထက် တိုးတက်လာခြင်းရှိသည်ကို ကျွန်ုပ်ကြိမ်ဖန်များစွာ လေ့လာတွေ့ရှိရသည်။

ဤအကြောင်းကိုသိလျှင် ကိုယ့်ကိုယ်ကို ပြုပြင်ယူနိုင်သည် မဟုတ်ပါလောဟု မေးဖွယ်ရာရှိ၏။ မဖြစ်နိုင်ဟု ကျွန်ုပ်က အဖြေပေးလိုသည်။ ဥပမာ ဆေးရည်မစိမ်ခဲ့ရသော သားရေစိမ်းသည် ဘယ်တော့မှ နူးနူးနပ်နပ်မရှိပဲ ကျုပ်ဆတ်ဆတ် ဖြစ်ရမည်ကဲ့သို့ပင် ကောလိပ်ကျောင်း၏ အဆောက်အအုံသည် လည်းကောင်း၊ မြက်ခင်းနှင့်တကွ မြေယာကွက်လပ်များသည်လည်းကောင်း၊ ဆရာများ၏ အမူအရာသည်လည်းကောင်း၊ အောက်တန်းကျောင်းသားများထက် (အနည်းနှင့်အများ) သပ်သပ်ရပ်ရပ် ရှိသူအချင်းအချင်း ဆက်ဆံကြရခြင်းသည် လည်းကောင်း၊ မိမိတို့တတွေသည် သာမန်အရပ်သားများထက်သာသည်ဟူသော စိတ်ထားမျိုး အခါခပ်သိမ်းရှိနေကြခြင်းသည်လည်းကောင်း ငယ်ရွယ်သူများအဖို့ ရာ၌ စိတ်ကြီးဝင်ခြင်း (ကောင်းသော အဓိပ္ပာယ်နှင့်သုံးသည်။) ဖြစ်စေနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ (ဤခေတ် တက္ကသိုလ် ကျောင်းသူကျောင်းသားများသည် 'သောကောရောကော' ဖြစ်နေသောကြောင့် ဦးထွန်းရှိန်နှင့် ဦးကွန်းကဲ့သို့သော ရှေးရန်ကုန်ကောလိပ်ကျောင်းသားများလို ဤကိစ္စတွင် မမှီတော့ပဲ ရှိချင်ရှိမည်။ သို့ရာတွင် သာမန်အရပ်သူအရပ်သားများထက်မူကား သာလျက်ပင်ရှိသည့်ကို ကျွန်ုပ်တွေ့ရသည်။) ကျွန်ုပ်အဖို့ရာ၌ ဤချို့ငဲ့ချက်ကြောင့် 'ဦးခေါင်းလျှိုး' ချင်သောစိတ်ဓာတ် (ည်နမငသမငအေပ ဃသာစူနထ) ဝင်လာသည်ဟု ဆိုလိုပါသည်။ ဦးခေါင်းမလျှိုးပဲ ဦးခေါင်းထောင်ခြင်းသည် ဟန်ကြီးပန်ကြီးလုပ် ခြင်းနှင့် မရောထွေးစေဖို့ သတိပြုစေလိုသည်။ ဟန်ကြီးပန်ကြီး လုပ်ခြင်းသည် မကောင်း၊ ဦးခေါင်းထောင်ခြင်းသည် ကောင်းသည်ဟု ဆိုလိုပါသည်။

## သာစုခေါ်ရခြင်း

ထိုညတွင်မှ ကျွန်ုပ်သည် မည်သည့်နည်းနှင့်မျှ ပြန်၍ မရနိုင်တော့သည့် အခွင့်အရေး ဆုံးရှုံးမှုကိုလိုက်လှဲစွာ နမြောမိပါတော့သည်။ သို့သော် ကောလိပ်ကျောင်း မနေနိုင်ခြင်းမှာ ကျွန်ုပ်၏အပြစ်မဟုတ်၊ အတိတ်ကံ၏ ညံ့ဖျင်းမှုဖြစ်သည်ဟု ဆုံးဖြတ်လိုက်သဖြင့် ဝမ်းနည်းလောက်အောင် မရှိပါ။ အတိတ်ကံကိုချပြီး ဝမ်းနည်းခြင်းသည် ကျွန်ုပ်၏ဝါသနာမဟုတ်ပါ။ ထို့ကြောင့်လည်း ကျွန်ုပ်သည် အခြားလူများထက်လူလားမြောက်ကတည်းက စိတ်ဆင်းရဲမှု နည်းခဲ့ပါသည်။ တွေးပြီးဆွေးခြင်းဟူ၍ အလွန်နည်းခြင်းကိုဆိုလိုပါ သည်။ ထိုစဉ်က ကျွန်ုပ်သည် ဒုတိယအိမ်ထောင်နှင့် သားကလေးတယောက် ရခဲ့ပြီဖြစ်ရာ၊

ငှင်းကိုမည်သည့်နည်းမဆိုတက္ကသိုလ်သို့ ပို့ဖြစ်အောင်ပို့ပြီး ၄င်း၏ တိုးတက်မှုများကို စောင့်ကြည့်လေ့လာမည်ဟူ၍ပင် ဆုံးဖြတ်ခဲ့၏။ သို့ရာတွင် ကျွန်ုပ်၏အိမ်ထောင်ရေးအဆင်မပြေမှုကြောင့် သားကလေးမှာ ၁၀တန်းနှင့် အလုပ်လုပ်ရပြီး (၁၉၅၆ ခုနှစ်တွင် ဖဆပလအစိုးရက ကျွန်ုပ်အား ထောင်ထဲပို့ထားစဉ်) ဘဝဇာတ်သိမ်းသွားရှာလေပြီ။ ဤခေတ်၌တက္ကသိုလ်တွင် လေးနှစ်မျှ နေခွင့်ရကြသော ကျောင်းသူကျောင်းသားများ (အတန်းအောင်သည် ဖြစ်စေ မအောင်သည်ဖြစ်စေ) ကျွန်ုပ်တို့သားအဖထက် ကံထူးချွန်ကြပါပေသည်ဟု သာခုခေါ်လိုက်ရပါသည်။

## ကျွန်ုပ်၏အားကိုး

ဦးထွန်းရှိန်နှင့်မတွေ့မီ အထက်ပါအကြောင်းများကို မစဉ်းစားရသေးသောအခါကမူကား ငါကြိုးစားလျှင်သာနိုင်သည်၊ အနည်းဆုံး တူနိုင်သည်။ ငါ့၌ သူတပါးထက် မညံ့သော ဉာဏ်ရှိသည်စသည်ဖြင့် အထင်ရောက်ခဲ့၏။ ချာလ်စ်ဒစ်ကင်း၏ မျှော်တလင့်လင့် (ႇမနအေ နထေစနခအအေငသည္ဈ) ဝတ္ထုကြီး၌ပစ်ပ်သည် ပန်းပဲသမားလင်မယားနှင့် ကြီးပြင်းခဲ့ရ၍ ခပ်ငယ်ငယ်ကပင် ပညာသင်ပေးပြီး (ႇနညအူနာညေ) လူကုံထံ အတန်းအစားဖြစ်အောင် သွန်သင်ပေးခဲ့ရာ အထိုက်အလျောက် ထမြောက်အောင် မြင်ပါ၏။ သို့သော်ငယ်ရွယ်နုနယ်စဉ်ကတည်းက သွန်သင်ပေးခြင်း ဖြစ်လျက်နှင့်လည်း တက္ကသိုလ်ကျောင်းထွက်တယောက်ကို မမှီနိုင်ကြောင်းတွေ့ရသည်။ တက္ကသိုလ်ကျောင်းကြီးများသည် လူငယ်များ၏ အမူအရာနှင့် စိတ်နေသဘောထားကို ပြုပြင်ခွင့် အများဆုံးရသော ဌာနကြီးများ ဖြစ်ကြသည့်အလျောက် (ႇသသိ မြန္နိငညါ)၏ တန်ဖိုးကိုနားလည်အောင် လုပ်ကြပြီးလျှင် ကျောင်းသူ ကျောင်းသားတို့အား ကိုယ်စီကိုယ်ငှ အများဆုံး ခံယူရရှိကြဖို့တိုက်တွန်းလိုက်ရသည်။ ကျွန်ုပ်အဖို့ရာ၌မူကား အထက်ပါ နည်းအတိုင်း သဘောပေါက်လာသဖြင့် မိမိနှင့်မဆိုင်ကြောင်း နားလည်သော အချိန်မှစ၍ လူမှုဆက်ဆံရေး ဆိုင်ရာတွင်ပြောင်မြောက်ဖို့ မကြိုးစားတော့ပဲ စိတ်ကူးဉာဏ်နှင့် ကလောင်ကိုသာ အားကိုးရပါတော့သည်။

## နှမတယောက်အကြောင်း

ဤနေရာ၌ ကျွန်ုပ်၏မွေးပေါက်ဖော်များ အကြောင်းကို ညှပ်၍ ဖော်ပြရပေဦး မည်။ မောင်နှမ ရှစ်ယောက်မွေးသည့်အနက် ငါးယောက်မှာ ငယ်စဉ်ကပင် သေဆုံးကြ၍

နှမတယောက်နှင့် ညီတယောက်မျှသာ ကြီးပြင်းအောင် အသက်ရှင်ကြ၏။
ကျွန်ုပ်၏မှတ်တမ်းအစလောက်၌ နှမကလေးအား အလွန်ကြင်နာ၍
သူ့အတွက်ကြောင့်ပင် မိခင်ဖခင်များအပေါ်တွင် အပြစ်တင်ချင်သော
စိတ်မျိုးဖြစ်ပေါ်ခဲ့ဘူးကြောင်းရေးသားဖော်ပြခဲ့ဘူးရာ အရွယ်မရောက်တရောက်
အချိန်မှစ၍ တဦးနှင့်တဦး ခပ်အေးအေးဖြစ်သွားခဲ့ကြရ ပါတော့သည်။
ဤသို့ဖြစ်ရခြင်းမှာ မြန်မာလူမျိုး မောင်နှင့်နှမတို့၏ နေထိုင်ကြပုံ ထုံးစံကြောင့်
ဖြစ်သည်ဟု ကျွန်ုပ်မြင်မိ၏။ များစွာသော မြန်မာလူမျိုးတို့၏ထုံးစံမှာ
မောင်နှင့်နှမဆိုလျှင် အပျိုလူပျိုအရွယ်သို့ ရောက်ကြသောအချိန်မှစ၍
အရောတဝင်မနေကြတော့ပဲ ခပ်မှန်မှန် ခပ်တန်းတန်း နေတတ်ကြသည့်
အစဉ်အလာရှိ၏။ တဦး၏အခက်အခဲကလေးများ၊ ပြဿနာလေးများကို တဦးအား
တင်ပြကာ ဆွေးနွေးတိုင်ပင်ကြဖို့ ဝေးစွ၊ အရောတဝင်ပင် မနေကြတော့ပဲ
မပြောမပြီးသော စကားမျှလောက်သာ ပြောကြဆိုကြ လေတော့သည်။ ဤထုံးစံ၏
ကောင်းခြင်းဆိုးခြင်းကို ကျွန်ုပ်မဝေဖန်လို။ သို့ရာတွင် တယောက်နှင့်တယောက်
ရင်းနှီးမှုလျော့ပါးခြင်းကားအမှန်ဖြစ်၏။ ရင်းနှီးမှုနည်းပါးလျှင် ခင်မင်မှု
လျော့ပါးခြင်းသည် အရိပ်သဖွယ်လိုက်လာရတတ်ပါသည်။ တဦးနှင့်တဦး မကြာခဏ
စကားပြောခွင့်ရ၍ ပြဿနာကလေးများကို အပြန်အလှန် ဆွေးနွေးတိုင်
ပင်ခွင့်ရခြင်းကဲ့သို့ လူနှင့်လူချင်းခင်မင်မှုဖြစ်စေသော အခြင်းအရာသည်
ခပ်ရှားရှားရှိလိမ့်မည်ထင်၏။ (သံယောဇဉ်တရား၏ကောင်းခြင်းဆိုးခြင်းကိုအပထား
၍) မကြာခဏ တိုင်ပင်ဆွေးနွေးခွင့်ရသူ အချင်းချင်းကို ခဏခဏသတိရတတ်ခြင်းမှာ
ကိုယ်တွေ့ဖြစ်ကြလိမ့်မည် ထင်ပေရာ ခဏခဏ သတိရခြင်းသည်ပင် ခင်မင်ခြင်းကို
ဖြစ်စေနိုင်ပေသည်။ ကျွန်ုပ်တင်ပြလိုခြင်းမှာ ကျွန်ုပ်တို့မောင်နှမသည်
တအိမ်တည်းတွင် အတူတကွနေကြသော်လည်း (အထက်ပါ မြန်မာထုံးစံကြောင့်)
ကြီးပြင်းလာကြလေလေ ခင်မင်မှု လျော့ပါးလေလေ ဖြစ်လာကြလေသည်။

သဘောကွဲလွဲမှု၊ သဘောတူညီမှုဟူ၍ ရှိသည်မဟုတ်။ အလိုအလျောက် ခပ်အေးအေး
ဖြစ်လာကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်ပထမ အိမ်ထောင်ပြုသောအချိန်၌ မိဘများမှာ
စီးပွားရေး အခြေအနေယိုင်လျက်ရှိ၍ နှမကလေးသည် အပျိုအရွယ်ကလေး
ဖြစ်နေပါလျက် ကျွန်ုပ်သည် ဝတ်ချင်စားချင်လုပချင်တတ် သော နှမကလေးအား
မထောက်ထားပဲ 'ဖိုးကျန်ရစ်'ဟု လူအများက ခေါ်ကြမည့် အရေးတခုတည်းကိုသာ
အရေးတကြီး ဂရုစိုက်ကာ အပြေးအလွှားအိမ်ထောင်ပြု လိုက်ခြင်းမှာ ကျွန်ုပ်အဖို့
'အမဲကွက်'တခုဖြစ်သည်ဟု ကြိမ်ဖန်များစွာသတိရပါသည်။ အကယ်၍
ငယ်စဉ်ကကြင်နာခဲ့သည့်အတိုင်း သဘောထားနိုင်ခဲ့ပါမူ ယုတ်စွအဆုံးနှမကလေး
အိမ်ထောင်ကျသည် တိုင်အောင်ဖြစ်စေ၊ မိဘများ၏ စီးပွားရေးအခြေအနေ
မတ်လာသည် တိုင်အောင်ဖြစ်စေ စောင့်ဆိုင်းလိမ့်မည်ဟု ယုံကြည်ပါသည်။

ဤနေရာ၌ နမကလေးအား မိဘများ၏ ရှေ့မှထား၍ရေးသားရခြင်းမှာ ကျွန်ုပ်အိမ်ထောင်ပြု သောအချိန်၌ နမသည် ဆေးပြင်းလိပ်ထောင်ခြင်းအားဖြင့် မိဘများ၏ တာဝန်ကို ရွက်ခဲ့ရသောကြောင့် ဖြစ်ပါသည်။ နမကလေးမှာ ၁၉၂၉ ခုနှစ် (၃၆နှစ်အရွယ်) တွင် ကွယ်လွန်၍ သားသမီး ၆ယောက်ကျန်ရစ်ခဲ့သည်။

## ညီနှင့်တူများ

ကျွန်ုပ်၏နမအောက်တွင် ညီတယောက်ရှိသေး၏။ ညီမှာမူ ကျွန်ုပ်အိမ်ထောင်ပြုသော အချိန်တွင်မိဘများနှင့်မနေပဲ ကျွန်ုပ်နှင့်အတူ လိုက်၍နေရာ ထိုစဉ်က ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်ခင်မင်ကြပုံမှာ မည်သည့် ညီအစ်ကိုနှင့်မျှ မတူပုံကို မိဘနှစ်ပါးတို့က ဝမ်းသာအားရနှင့် တပြောပြောရှိရှာကြ ၏။ ကျွန်ုပ်သည် ညီကလေးအား ကျောင်းထားပေးရန် တာဝန်ယူသော်လည်း (သုံးတန်းမျှသာရောက်သည်။) ကျွန်ုပ်တောလိုက်စာရေးဖြစ်စဉ်က တယောက်နှင့် တယောက် မခွဲချင်ကြသည်နှင့် ကျွန်ုပ်တို့နယ်လှည့်ရာသို့ စရိတ်အကုန်ခံပြီး ခေါ်သွားလေ့ရှိ၏။ ထို့နောက် သူရိယတိုက်သို့ ကျွန်ုပ်ရောက်သောအခါတွင်လည်း ကျွန်ုပ်နှင့်ပင် အတူနေထိုင်လျက်ရှိရာ အင်္ဂလိပ်စာကို ကျွန်ုပ်ပင်သင်ပေး၍ ဖတ်သင့်ဖတ်ထိုက်သော အင်္ဂလိပ်စာအုပ်မျိုးကို ဖတ်စေခြင်းအားဖြင့် အင်္ဂလိပ်လို အရေးအသားတွင် ကျွန်ုပ်ကို မမီသော်လည်း ပြောရေးဆိုစရှိခြင်း၌မူ ကျွန်ုပ်ထက်ပင် သာပါသေးသည်။

ညီတော်မောင်ကား ကျွန်ုပ်ကဲ့သို့မျှ တက္ကသိုလ်ဝင်တန်း မအောင်သော်လည်း ‘ဦးခေါင်းလျှိုး’ခြင်းမရှိ၊ တက္ကသိုလ်များ နေရာဘူးလျှင် ကြောင်ကို ‘အတောင်တပ်’ပေးသကဲ့သို့ ဖြစ်သွားလိမ့်မည်ထင်၏။ နမက မွေးခဲ့သည့် တူတယောက်မှာလည်း ညီတော်မောင်ကဲ့သို့ပင် ‘ဦးခေါင်းထောင်’ သူတယောက်ဖြစ်လေရာ မန္တလေးမြို့တွင် လျှမ်းလျှမ်းတောက်ဆိုလောက်သည့် အခြေအနေမျိုးသို့ ရောက်ခဲ့၏။ (ရာထူးကိုဆိုလိုခြင်းမဟုတ်၊ ‘တွင်ကျယ်’ခြင်းကို ဆိုလိုခြင်းဖြစ်သည်။) သူတို့နှစ်ယောက်သည် တက္ကသိုလ်အနီးသို့ပင် မရောက်ခဲ့ကြ ရောက်ဖို့လည်းမလိုဟူ၍ သူတို့ကိုယ်သူတို့ (မျက်စိကန်းတစ္ဆေမကြောက်) ထင်ကောင်းထင်ကြပေမည်။ သို့ရာတွင် ကျွန်ုပ်၏မျက်စိ၌ကား တက္ကသိုလ်ကျောင်းသား၏ စိတ်ဓာတ်နှင့် ဟန်ပန်အမူအရာ မျိုး (ဏသချန)ဖြည့်စွက်ပေးလိုက်ရလျှင် အများကြီးတက်ဖို့ ရှိသေးသည်ဟု မြင်မိပါသည်။ ၎င်းညီမှာ ကျွန်ုပ်၏တဦးတည်းကျန်ရှိသော မွေးပေါက်ဖော်ဖြစ်ပါတော့သည်။ ညီကမွေးသည့် တူတယောက်မှာ

ကျွန်ုပ်နှင့်စိတ်သဘောထားခပ်ဆင်ဆင်ရှိသည်ဆိုကာ သူ့အဖေက ကျေနပ်ပုံမရသော်လည်း တကယ်တမ်းသိလျှင် လေးနှစ်နေခဲ့ဘူးသည့်အတွက်ကြောင့် ကျွန်ုပ်ထက်သာသောအချက်အလက်များရှိခြင်းကို ကျွန်ုပ်မြင်နိုင်ပါသည်။

## စိတ်လေလွင့်ခြင်း

ကျွန်ုပ်၏မှတ်တမ်းကို အချိန်ကာလအားဖြင့် ရှေ့သို့ကျော်လွှားခြင်း၊ အတွေးအခေါ်များကိုဖော်ပြခြင်း အဖြစ်အပျက်အနေအားဖြင့် နံဘေးသို့ချော်ထွက်ခြင်း စသည်တို့ကို ဤနေရာတွင် ရပ်တန့်၍ ၁၉၁၄ခုနှစ်သို့ ပြန်ဆင်းကာ ဆက်လက်ဖော်ပြပါတော့မည်။ ထိုအချိန်တွင် ကျွန်ုပ်သည် လယ်ယာစိုက်ပျိုးရေးဘက်ဆိုင်ရာဒုဝန်ကြီး၏ တောလိုက်စာရေးအဖြစ်နှင့် အမှုထမ်းလျက်ရှိရာ ဝန်ကြီးက စိုက်၍ဆပ်သည့် အကြွေးမှာလည်း ကျေလုနီးပါပြီ။ (တရာကျော်လောက် ကျန်တော့သည်ထင်၏။) အထက်ပိုင်းတွင် အရိပ်အမြွက်ဖော်ပြခဲ့ဘူးသည့်အတိုင်း (ကျွန်ုပ်၏ဇာတာအရ) အလုပ်အကိုင်ပြောင်းလဲဖို့ အချိန်ဆိုက်ရောက်လာသည့် လက္ခဏာရှိ၏။ နယ်လှည့်ရသောအလုပ်ကို 'အီတီတီ'ဖြစ်လာသည့်အပြင် ဇနီးသည် (ပထမအိမ်ထောင်)နှင့်လည်းတကျက်ကျက်ဖြစ်စပြုလာ၏။ သူဆိုးသည်ငါဆိုးသည်ဟု မဝေဖန်လိုတော့ပါ။ သို့သော် ကျွန်ုပ်၏လေလွင့်ချင်သောအပြစ်က များလိမ့်မည်ဟု ဝန်ခံဖို့ အသင့်ရှိပါသည်။ နောက်ဆုံး၌ ဇနီးသည်က ၎င်း၏ဖခင်ရှိသည့်ရေနံချောင်းမြို့သို့ သမီးကလေးနှင့် အလည်အပတ်သွားချင်သည်ဟု ပြောရာတွင် ကျွန်ုပ်ကဝမ်းမြောက်စွာခွင့်ပြုလိုက်လေ၏။ ထိုအချိန်တွင် ကျွန်ုပ်မှာ ဘဝင်မြင့်ရောဂါ ပျောက်ခဲ့ပြီဖြစ်သော်လည်း စိတ်သည်အကြောင်းမဲ့လေလွင့်လျက်ရှိ၏။ စံဒေဝီကား ထိုစဉ်ကရှိပါသေးသည်။ သို့သော် သူ့ကိုသတိရ၍မဟုတ်၊ မည်သူ့အားမျှလည်း ပိုးပန်းချင်သောစိတ်မျိုးပေါ်လာသည်မဟုတ်၊ အိမ်၌မနေချင်ပဲ အလကားလည်ပတ်နေချင်၏။ နယ်သို့မထွက်ရသောရက်များတွင် ရုံးသို့အလုပ်သွား၍ ဝတ်ကျေဝတ်ကုန်လုပ်ခဲ့ပြီးနောက် ရုံးမှပြန်လာသောအခါ သူငယ်ချင်းများ၏အိမ်တွင် ဤတည ထိုတည အိပ်လေ့ရှိ၏။ တခါတရံတွင် ဘိလိယက်ခုံ၌ မိုးလင်းခြင်းများလည်းပါသေး၏။ မိဘများမှုကား ဝက်လက်သို့ရောက်သွားကြပြန်လေပြီ။ တခါတရံတွင်အိမ်ထောင်ကျလျက်ရှိပြီဖြစ်သော နှမ၏အိမ်၌ တညတလေအိပ်၏။ ထိုရက်များတွင် ကျွန်ုပ်သည် ပဲ့တက်မပါသောလှေကဲ့သို့ ပင်လယ်ထဲတွင် လှိုင်းလေပုတ်ခတ်တိုင်း မျောချင်ရာသို့ မျောပါလျက်ရှိ၏။ လောက၌ ကျွန်ုပ်အဖို့ မည်သည့်ရည်ရွယ်ချက်မျှ မရှိ၊ ရပ်တန့်စဉ်းစားခြင်းလည်းမရှိ၊ လုပ်ချင်ရာလုပ်၍ ဖြစ်ချင်ရာဖြစ်နေတော့၏။ သို့ဆိုသော်လည်း ဆိုးဆိုးရွားရွား အလုပ်မျိုးကား မပါ။ စာဖတ်ချင်လျှင်

မိုးလင်းအောင် ဖတ်နေတတ်သေး၏။ ထိုအချိန်တွင် ကျွန်ုပ်နှင့် အလွန်ခင်မင်အကျွမ်းဝင်သည့် ကိုခင်မောင်တင့်တို့ လင်မယားသည် အခွင့်ယူ၍ ဟသ်ာတမြို့သို့ဆင်းသွားရာ မယားသေဆုံး၍ ကိုခင်မောင်တင့်အလုပ်ထွက်လိုက်လေ၏။ အကယ်၍ငင်းတို့လင်မယားရှိနေခဲ့ပါမူ ကျွန်ုပ်သည် သူတို့အိမ်၌ စတည်းချလိမ့်မည်ထင်၏။ ကျွန်ုပ်သည် ဇေဒင်မေးတတ်၍ မေးကြည့်ခဲ့လျှင် အသက်တာ၏လမ်းဆုံလမ်းခွသို့ ရောက်နေသဖြင့် သတိပြုရမည်ဟု ဟောကောင်းဟောလိမ့်မည် ထင်သည်။ ဤကာလအပိုင်းအခြားကဲ့သို့ ကျွန်ုပ်အဖို့ရာ၌ အဓိပ္ပါယ်မရှိသော အချိန်သည် တခါဘူးမျှ မကြုံခဲ့ရဘူးပါ။ စိတ်ညစ်ခြင်း၊ ပျော်ခြင်း၊ တောင့်တခြင်း၊ အလျဉ်းမရှိပဲ ဗလာသက်သက် လေလွင့်နေခြင်းပင်ဖြစ်လေသည်။